ဓမ္မဒူတ အရှင်ပညာဇောတ

ဗုဒ္ဓသာသနဝိသိဋ္ဌဒီယဘာဏက

သာသနဓဇသိရီပဝရဓမ္မာစရိယ

အဘိသိရီပဝရသာသနာလင်္ကာရဒီယနိကာယဓရ

အဂ္ဂမဟာဓမ္မကထိကပိဋကတ္တယပါရဂူ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ရေးသားတော်မူအပ်သော

# ဗုဒ္ဓ ဓမ္မ

## ပြဿနာများပေါင်းချုပ်

### ဒုတိယတွဲ

## Problems in Buddha Dhamma - 2



"ဓမ္မစကား၊ နေ့တိုင်းကြားက၊
စိတ်ထားဖွေးလက်၊ သိဉာဏ်တက်၏"

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်ကာလ**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယအကြိမ်)

**မျက်နှာဖုံးအပြင်အဆင်**

ညာဏ်လင်းထက်

**ပုံနှိပ်သူ**

ဖြိုးဝေလျှံ ပုံနှိပ်တိုက်

ဒေါ်ယဉ်ယဉ်မွန်

ဆန်စက်အပိုပစ္စည်း စက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊

စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဆုပြည့်စုံထွန်းစာပေ

ဒေါ်ခင်မာရွှေ (ယာယီ - ၁၇၇၃)

အမှတ် - ၅၀၈/၅၁၂၊ (၂ - ခ)၊ ပထမထပ်၊

သရဖီကွန်ဒို၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀၀၀ ကျပ်

# ဗုဒ္ဓဓမ္မပြဿနာများ

## ဒုတိယတွဲ

# PROBLEMS IN BUDDHA DHAMMA

## ဓမ္မဒူတ အရှင်ပညာဇောတ

ဖြန့်ချိရေး

သုဖြည့်စုံထွန်းစာပေ

အမှတ် – ၅၀၀ / ၅၁၂။ (၂ – ၁)၊ ပထမထပ်၊ သုရစ်တွန်နီ

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း – ၃၀၃၆၆၄၊ ၃၀၆၀၃၃



တောင်စွန်းမြို့ ဓမ္မဒူတတောရကျောင်းတိုက် ပဓာနနာယက ဆရာတော်
ဝိသိဋ္ဌဒီဃဘာဏက သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
အဂ္ဂမဟာ ဓမ္မကထိက ပိဋကတ္တယပါရဂူ ဘဒ္ဒန္တပညာဇောတ





ဓမ္မဒူတအရှင်ပညာဇောတ

ငယ်စဉ်က ပုံတော်







ရွှေဥမင် ဆရာတော်ဘုရားကြီးအား ဂါဝရပြုနေစဉ်



မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ အကြည်ညိုခံယူနေစဉ်



**ပေါက်စေတီဆရာတော်ကြီးနှင့် ဓမ္မဒူတကမ္မဋ္ဌာနာစရိယ ဆရာတော်များ**

အရှင်ဉာဏဝရ၊ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ပေါက်စေတီဆရာတော်ကြီး၊ အရှင်ဉာဏုတ္တရ၊ အရှင်သီလာစာရ၊

နောက်တန်း-အရှင်ပညာဝရ၊ အရှင်ဝိမလ၊ အရှင်ကေသဝ၊ အရှင်ဆေကိန္ဒ၊

အရှင်ကောသလ္လ၊ အရှင်ပညိဿရ၊ အရှင်အာစိဏ္ဏ



မဏိဒေယျ သီလရှင်စာသင်တိုက် ပဓာန ဆရာကြီးများ

ဒေါ်ပညေသီ၊ ဒေါ်ဝဏီရာ၊ ဒေါ်သုခေသီ၊ ဒေါ်ဇယေသီ

# မာတိကာ


| အကြောင်းအရာ | | တမျက် |
|---|---|---|
| ၁။ | တို့တော့ အောက်ကြည့်ပြီး ပြေးရတုန်းပဲ | ၉ |
| ၂။ | တရားပွဲတွေ များလိုက်တာ<br>ဘယ်တရား နာရမှန်းတောင် မသိ ဖြစ်နေပြီဘုရား | ၁၃ |
| ၃။ | လူသာစုခေါ် နတ်သာစုခေါ် | ၁၉ |
| ၄။ | သီလညှိုးတယ်.ဆိုတာ ဘယ်လိုပါလဲဘုရား | ၂၆ |
| ၅။ | ကုသိုလ်.လုပ်ကာမှ အဆင့်ကျလို့တဲ့ဘုရား | ၃၀ |
| ၆။ | လူကို ဘုန်းကြီးက ဦးချ.ကောင်းပါသလားဘုရား | ၃၆ |
| ၇။ | ဓမ္မကထိက.ဆိုတာ သွားကျိုးတတ်တယ် | ၄၄ |
| ၈။ | တေဒဂ်.ဆိုတာ ဘွဲ့ထူးမဟုတ် | ၄၇ |
| ၉။ | မေတ္တာသုတ် ရွတ်ပါဦးလား | ၅၀ |
| ၁၀။ | တရားပွဲမှ ပြဿနာပေါ်ခြင်း | ၅၆ |
| ၁၁။ | သံဃိက.လိုက်တတ်တယ် | ၆၀ |
| ၁၂။ | အရှင်ဘုရား အံ့သြစရာကြီးပါလားဘုရား | ၆၇ |
| ၁၃။ | ဓမ္မကထိက.ကလည်း တယ်ရှိုးတာပဲ | ၇၁ |
| ၁၄။ | ကိုယ်ထောင်တဲ့ လှေကား ကိုယ်မဖျက်ဆီးနဲ့ | ၇၇ |
| ၁၅။ | သောတာပန်ရဟန်း လှထွက်ပါသေးသလား | ၈၁ |
| ၁၆။ | အရက်သောက်ခြင်း ဘုရားမကြိုက် | ၈၂ |

| | | |
|---|---|---|
| ၁၇။ | နိုးသူစားပြကြီးငါးမျိုး ပြောပြပေးပါဘုရား | ၉၉ |
| ၁၈။ | မနော့ချမ်းသာအောင် ကျင့်သုံးနေပါတယ်ဘုရား | ၁၀၆ |
| ၁၉။ | သူရသသတီမယ်တော်ကြီးက ပိဋကတ်သုံးပုံ စောင့်ပါသလား | ၁၁၀ |
| ၂၀။ | ဘယ်လို လှူရပ့ါမလဲဘုရား | ၁၁၆ |
| ၂၁။ | သုခဝေဒနာပဲ ရှမယ်ဘုရား | ၁၂၃ |
| ၂၂။ | ကျောက်ဆင်းတုကိုယ်တော်သား ကျနေတာပဲ | ၁၃၁ |
| ၂၃။ | ဘယ် မသာ့က အကျက်လဲ | ၁၃၇ |
| ၂၄။ | အရှင်ဘုရား မပြောင်းပါနဲ့ဘုရား | ၁၄၄ |
| ၂၅။ | ဝိဇ္ဇာ့ဆိုတာ ရှိပါသလားဘုရား | ၁၄၈ |
| ၂၆။ | ပါဠိ မရွတ်ပါနဲ့ဘုရား | ၁၅၇ |
| ၂၇။ | လူစုတဲ့သဘောလောက်ပဲ တွေ့ရတယ် | ၁၆၂ |
| ၂၈။ | ရုပ်သံ့နာမ်သံကြား နိဗ္ဗာန်နား နီး | ၁၆၉ |
| ၂၉။ | မလိုချင်တော့ ဘယ့်နယ်လုပ်မလဲ | ၁၇၅ |
| ၃၀။ | တပည့်တော်တို့ အကုသိုလ်တွေ ကုန်သွားပြီဘုရား | ၁၈၃ |
| ၃၁။ | ဝေဒနာတွေ ရေမျှောခဲ့တယ်ဘုရား | ၁၈၈ |
| ၃၂။ | ကျေးရူးရှင်ကြီး၏ နောက်ဆုံးခရီး | ၁၉၅ |
| ၃၃။ | သက်သတ်လွတ် မစားရဘူးပေါ့ | ၂၀၁ |
| ၃၄။ | သဘောရိုးနဲ့လား တိုက်တာလား | ၂၀၆ |
| ၃၅။ | ကိစ္စ့ပြီးနေပြီ မှတ်လို့ | ၂၁၄ |
| ၃၆။ | နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာ ရှိပါသလားဘုရား | ၂၁၉ |
| ၃၇။ | နင့်ဆရာတရားမျိုး မှတ်လို့လား | ၂၂၇ |
| ၃၈။ | ကိုယ့်ဂုဏ် ကိုယ်ဖော် မသူတော်တဲ့ | ၂၃၃ |
| ၃၉။ | သူခိုး့သူခိုး အော်ကောင်းပါသလား | ၂၄၁ |
| ၄၀။ | မသာ့တစ်ခေါက် ကျောင်း့ဆယ်ခေါက် | ၂၄၇ |
| ၄၁။ | အရှင်ဘုရားကော မပြောင်းသေးဘူးလား | ၂၅၅ |
| ၄၂။ | မလွန်လွန်းဘူးလားတဲ့ဘုရား | ၂၆၁ |
| ၄၃။ | မျက်နှာကိုက ပြုံးစိပြုံးစိနဲ့ | ၂၆၈ |
| ၄၄။ | အတ္တစွဲ မကြီးလွန်းဘူးလားဘုရား | ၂၇၈ |
| ၄၅။ | ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ် | ၂၈၄ |
| ၄၆။ | သမီးလေးတွေက ဆိုးရင်လည်း့အကောင်းသား | ၂၉၀ |
| ၄၇။ | စကားဖြ ခွန်း လှူဒ္ဒထွန်း | ၂၉၆ |

၄၈။ ဝိန်းမဘဝမှ ယောက်ျားဘဝ ရောက်ကြောင်းတရား သိချင်ပါတယ်ဘုရား ၃၀၄
၄၉။ ရဟန်းက လူကို တောင်းပန်ကောင်းပါသလား ၃၁၁
၅၀။ ရှင်ဥပဂုတ်ဖောင် မျှောရတာ ဘယ်လိုအကျိုး ရှိပါသလဲ ၃၂၃
၅၁။ ဘုန်းကြီးကြွလာ မယ်တော်ပုန်းရ ၃၂၈
၅၂။ ယောက်ျား ဖြတ်၍ ဝိန်းမ ယုတ်သလော ၃၃၆
၅၃။ ပြုံးတာနဲ့ ရယ်တာ ဘယ်လို ထူးပါသလဲဘုရား ၃၄၀
၅၄။ ဘယ်သူ့ကို ကိုးကွယ်ရပါ့မလဲ ၃၄၈
၅၅။ ကုသိုလ်တွေ ပြုလုပ်နေပါလျက် အဘယ့်ကြောင့် ဒုက္ခတွေ့ရပါသလဲ ၃၅၃
၅၆။ ဘုန်းကြီးဟောတဲ့တရား မှားတယ် ၃၆၆
၅၇။ ကံတရားဟာ သိပ်ဆန်းကြယ်ပါတယ်ဘုရား ၃၇၂
၅၈။ အတုတွေက အတုရောင်ပါတဲ့ ၃၇၉
၅၉။ မြက်ကို နောက်ပြန် နုတ်ပြီး နောက်ပြန် ပစ်ရတယ်လို့ ပြောကြပါတယ် ၃၈၇
၆၀။ သစ်သီး ပေးကောင်းပါသလား ၃၉၂
၆၁။ လူဆိုးဗိုလ်ကြီး ဆိုတာ ငါပါလား ၃၉၉
၆၂။ စေတီရင်ပြင်ပေါ် ဖိနပ် စီးသင့် မစီးသင့် ၄၀၄
၆၃။ လူသုံးမျိုး တွေ့ရှိရပါသည်ဘုရား ၄၁၃
၆၄။ အသုဘရေမှု သံဃာများ ကြွကောင်းပါသလား ၄၁၇
၆၅။ သိမ်သမိုင်းကို သိချင်ပါတယ်ဘုရား ၄၂၇
၆၆။ သောကပရိဒေဝတွေ လျှလိုက်ပြီဘုရား ၄၃၄
၆၇။ တရားက ငယ် နားက ကျယ် ၄၃၉
၆၈။ အမြင့်ပေါ်က နေ၍ တရားနာကောင်းပါသလား ၄၄၈
၆၉။ မင်းက နိုး လှူတော့ တို့ကလည်း နိုး စားရတာပေါ့ ၄၅၆
၇၀။ အရှင်ဘုရားရဲ့ ကောင်းသော လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေဘုရား ၄၆၂
၇၁။ သိမ်ဒကာဟာ သေတတ်တယ်ဆိုဘုရား ၄၇၃
၇၂။ ကုသိုလ်ကောင်းမှု အတူတူ မပြုရပါ၊ ၄၈၆
နောင်ဘဝတွင် အတူတူဖြစ်နိုင်ပါသလားဘုရား
၇၃။ လူများ ဝိနည်းတရားကို လေ့လာသင့်ပါသလား ၄၉၅
၇၄။ ရဟန်းတော်များ ဘုရားကို ရွေးချက ဘယ်အပြစ်ရှိသလဲ ၅၀၄
၇၅။ နတော့ ချစ်ရာ ရောက်ပါသလားဘုရား ၅၁၅
၇၆။ ယခုတော့ နောင်တ များစွာလည်း ရပါပြီဘုရား ၅၂၉
၇၇။ ဒုက္ခရစရိယာ မကျင့်ဘဲ ဘုရား ဖြစ်နိုင်ပါသလား ၅၃၇

| | | |
|---|---|---|
| ၇၈။ | ကိုယ့်အမေးနဲ့ ကိုယ့်အဖြေ မှန်ပါရဲ့လားဘုရား | ၅၅၁ |
| ၇၉။ | ရဟန္တာပုဂ္ဂိုလ်ဟာ အိပ်မက်.မြင်မက်ပါသေးသလား | ၅၅၉ |
| ၈၀။ | ရှိခိုး.ဆိုသည့် အဘယ်နည်း | ၅၆၉ |
| ၈၁။ | ရှင်ဥပဂုတ်ရဲ့ ပုံတော်ဟာ စာပေထဲမှာ ဘယ်လိုရှိပါသလဲ | ၅၇၈ |
| ၈၂။ | ကောက်ညှင်း၊ အုန်း၊ ငှက်ပျော စသည်များကို နတ်များ စားနိုင်ပါသလား | ၅၈၄ |
| ၈၃။ | ဘာကြောင့် ရတနာ.ခေါ်ပါသလဲ | ၅၉၅ |
| ၈၄။ | သီလရှင်ဝတ်မှ တရား ရနိုင်ပါသလား | ၆၀၂ |
| ၈၅။ | နတ် "မ" ပြဿနာ ＝ ဦးရှင်ကြီးဟာ ရေငန်ပိုင် ဟုတ်ပါသလား | ၆၁၁ |
| ၈၆။ | ရဟန္တာများ ပရိနိဗ္ဗာန်စံသောအခါ ဓာတ်တော်များ ကြွင်းကျန်ပါသလား | ၆၁၉ |

# တို့တော့ အောက်ကြည့်ပြီး ပြေးရတုန်းပဲ

(၁၀၄)

အပါယ်သို့ တစ်ကြိမ်ကျရောက်၍ သွားကြသောသူ အသိန်းအသောင်းတွင်မှ တစ်ယောက်တလေမျှသာ လူ့ပြည်သို့ ပြန်သူ ရှိကြ၏၊ ထို့ကြောင့် "လူ့အဖြစ် ရခဲသည်" ဟူ၍လည်း ဟောတော်မူလေသည်၊

မေတ္တေယျမြတ်စွာဘုရားသည်လည်း ယခု အန္တရကပ်ကုန်၍ နောက် အန္တရဆုတ်ကပ်တွင် လူတို့အသက် တစ်သိန်းတမ်း၌ ပွင့်တော်မူလိမ့်မည်၊ အနှစ် နှစ်သိန်း သုံးသိန်းမျှသာ သာသနာတော် တည်ထွန်း၍ ကွယ်လိမ့်မည်၊

အနှစ် နှစ်သိန်း သုံးသိန်းဆိုသော ကာလသည် ငရဲဘုံ၌ တစ်ဘဝ နှစ်ဘဝစာမျှသာ ရှိနေ၏၊ မေတ္တေယျမြတ်စွာဘုရား သာသနာတော် ကွယ်သည့်နောက် ဤကမ္ဘာမှ ပွင့်လာရန် ဘုရား.မရှိပြီ၊

ဤကမ္ဘာကုန်လျှင်လည်း သုညကမ္ဘာတွေ များစွာရှိလာ၍ မှောင်တောကြီးအတိ သွားလိမ့်မည်၊ ယခုအခါ ငါတို့ ဘုရားသာသနာတော်တွင် လူ့အဖြစ် ရှင်အဖြစ်ကို ရကြကုန်သော သူတို့မှာ နောက်ဘုရား သာသနာတော်နှင့် အလွန် အခွင့်သင့်လျော်ကြကုန်ပေ၏၊ အလွန် စခန်းဆိုက် တိုက်ကြကုန်၏၊

လူ့အဖြစ်ကို ရကြသော်လည်း ရင်းနှီးရန် လက်ရှိဘုရား သာသနာနှင့် ကျွတ်လွတ်ရန် နောက်ဘုရားသာသနာ နီးလှစွာကို အလွန်ကြုံကြိုက်ခဲလှ၏၊ ယခု ကြုံကြိုက်ကြရပေကုန်၏၊

ယခု သာသနာ၌ပြုသော ဒါန. သီလ. ဘာဝနာ ကုသိုလ်ကြောင့် ယခုဘဝမှ စုတေ၍ သာသနာတည်ထွန်းရာ လူ့မျိုးမှာ ဖြစ်ရလျှင် ကုသိုလ်ပါရမီတရား ပွားများခွင့် ရကြပြန်လိမ့်မည်၊

အထက်စတုမဟာရာဇ်နတ်ဘုံမှာ ဖြစ်ရလျှင်လည်း မြတ်စွာဘုရား သားတော်စစ် ဖြစ်ကြပေကုန်သော သောတာပန်၊ သကဒါဂါမ် အရိယာသူမြတ်တို့၏ အလယ်၌ဖြစ်၍ ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူး၊ သံဃာဂုဏ်ကျေးဇူး၊ နက်နဲသော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော တရားစကားတို့ကို ကြားနာရ၍ နေကြရလိမ့်မည်၊

တာဝတိံသာ.မှာ ဖြစ်လျှင်လည်း ထို့အတူပင်၊ ထိုနတ်ပြည်တို့၌လည်း ယခုအခါ ဘုရားသာသနာ စည်ကားဆဲ စည်ကားတုန်းပေတည်း၊ အစိုးရဖြစ်သော နတ်မင်းကြီး သိကြားမင်းကြီးတို့ကလည်း ဘုရားသားတော်အစစ် အရိယာတို့ပေတည်း၊

ယခုအခါ စတုမဟာရာဇ် နတ်ပြည်မှာ ဘုရားပရိနိဗ္ဗာန်စံ၍ ရက်ပိုင်းမျှသာ ရှိသေးသည်။ တာဝတိံသာမှာလည်း ထို့အတူ ရက်ပိုင်းမျှသာ ရှိသေးသည်။ ယခုအခါ ဘုရားသာသနာ နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာ ထွန်းကားဆဲ ထွန်းကားတုန်း ဖြစ်သည်။

ဘုရားလက်ထက်တော်၌ရှိကြသော သာဝတ္ထိပြည်သူ၊ ရာဇဂြိုဟ်ပြည်သူ အစရှိကုန်သော များလှစွာကုန်သော မဇ္ဈိမတိုင်းသူ တိုင်းသား ဘုရားသားတော် သမီးတော်အစစ် ဖြစ်ကြပေကုန်သော သူတို့သည် ယခုအခါ စတုမဟာရာဇ် နတ်ဘုံမှာ အပြည့်၊ တာဝတိံသာ ယာမာ တုသိတာ အပြည့်ရှိနေကြကုန်သည်။

မေတ္တေယျဘုရားအလောင်းတော်သည်လည်း တုသိတာမှာ ရှိသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ် နှစ်ဆယ်ကျော်ခန့်အတွင်းမှာ ဖြစ်ကြကုန်သော မဇ္ဈိမတိုင်းသူ တိုင်းသား ဘုရားသားတော် သမီးတော်တို့သည်လည်း ယခု နတ်ပြည်မှာ အပြည့်ရှိကြသည်။

ထို့နောက် သီဟိုဠ်သို့ သာသနာတော် ရောက်၍ သီဟိုဠ်မှ ဖြစ်ကြကုန်သော ဘုရားသားတော် သမီးတော်အစစ်တို့သည်လည်း ယခု နတ်ပြည်မှာ အပြည့်ရှိကြကုန်သည်။

ယခုဘဝမှ စုတေ၍ နတ်ပြည်သို့ ရောက်ကြလျှင် နတ်ပြည်ရှိ ဘုရားသားတော် သမီးတော် အစစ်တို့နှင့် ပေါင်းဖော်ကြရလျက် သူတို့ကို ကြည်ညိုအားကျ၍ အဆုံးအမကို ခံယူကာ သောတာပန် သကဒါဂါမိ ဖြစ်နိုင်၏။

ယင်းသို့ပင် မဖြစ်ရသော်လည်း ယခုဘဝ၌ ပြုကြရသော ဒါန, သီလ, ဘာဝနာ ကုသိုလ်တို့ကြောင့် နတ်ပြည်မှသည် လူ့ပြည်၊ လူ့ပြည်မှသည် နတ်ပြည် ဆက်ကာ,ဆက်ကာဖြစ်၍ မေတ္တေယျဘုရားသာသနာတော်နှင့် တွေ့ကြုံ၍ အတုမရှိသော ဘုရားရှင်၏ အနန္တဘုန်းတန်ခိုးတော်တို့ကို ကိုယ်တိုင်ဒိဋ္ဌ ဖူးမြင်ကြရ၍ အကျွတ်တရား ရကြလိမ့်မည်။

ယင်းသို့ အကျွတ်တရား ရရေးအတွက် ယခုဘဝတွင် အပါယ်လေးပါးမှ လွတ်ရေး၊ ကျွတ်ရေးကို အရိုးကြေကြေ အရေခန်းခန်း မသေွတမ်း နောက်မဆုတ်ဘဲ အားထုတ်သင့်သည် မဟုတ်ပါလော။ အားထုတ်သူ အများမှ ဆရာတော်ကြီး တစ်ပါးကိုမူ ထူးခြားစွာ ဖူးတွေ့ခဲ့ရပါ၏။

တစ်ချိန်သော နွေရာသီတစ်လတွင်ဖြစ်၏။ မိမိသည် မြို့တစ်မြို့တွင် တရားဟောနေခိုက် ဖြစ်၏။ ယင်းမြို့တွင် နာမည်ကျော် တောရဆရာတော်ကြီးတစ်ပါး ရှိ၏။ မိမိသည် ဝါသနာပါသူပီပီ ယင်းဆရာတော်ထံသို့ သွား၏။

ရောက်သော် ဆရာတော်ကြီးကို ရှိခိုးဦးချ၍ ထိုင်ကာ စကားပြော၏။ ဆရာတော်ကြီးမှာ အသက် (၈၀) ရှိပြီး ၂ မိုင်ကျော် ၃ မိုင်ခရီးကို ဆွမ်းခံဆဲ ဖြစ်၏။ ကြည်ညိုလှသဖြင့် မိမိက မေးလျှောက်၏။

"ဆရာတော်ဘုရား၊ တရားအားထုတ်ရတာ ကျေနပ်နှစ်သိမ့်ပါပြီလား ဘုရား"

"ဒို့တော့ အောက်ကြည့်ပြီး ပြေးရတုန်းပဲ ရှိသေးတယ်၊ အားရတယ်လို့ မရှိသေးပါဘူး"

မိမိမှာ အဖြေကို ရုတ်တရက် နားမလည်နိုင်။ သို့နှင့် ပြန်လည်လျှောက်ထားရသည်။

"ဆရာတော်ဘုရား၊ အောက်ကြည့်ပြေးရတုန်းဆိုတာ ဘယ်လိုပါလဲဘုရား"

"အောက်ဆိုတာ အပါယ်လေးဘုံပေါ့၊ အဲဒီ အပါယ်လေးဘုံကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် အပါယ်နဲ့ ခြောက်ပြီး ကျင့်ဆဲ အားထုတ်ဆဲကို ပြေးရတုန်းလို့ ဆိုတာပေါ့"

"အပါယ်နဲ့ ဘယ်လိုခြောက်ပါသလဲ ဘုရား"

"ဆွမ်းခံသွားတဲ့အခါ ပြန်တဲ့အခါ ပူတယ်မဟုတ်လား"

"မှန်ပါ၊ ပူပါတယ်ဘုရား"

"အဲဒီအခါ နင်ဟာ ဒီဝနေပူကလေးမျှ ကြောက်ပြီး ထွင်းစံရမည်ဆိုတဲ့ ဘုရားစကား နားမထောင်ရင်အပါယ်ကျလိမ့်မည်၊ အပါယ်ကျလျှင် ဒီအပူထက် အဆပေါင်း များစွာပူတဲ့ အပူကို ခံရလိမ့်မည်လို့ ဆောက်ကြည့်ပြီး ထွင်းခံကြွတယ်"

"မှန်ပါ ဘုရား"

"ပြီးတော့ အစုလို လူဖြစ်ဖိုက် သာသနာနှင့် ကြုံဖိုက်တာ၊ သာသနာ့တာဝန် ထမ်းဆောင်ရတာ၊ ဘာမှ ပင်ပန်းတာ မဟုတ်ဘူး၊ ဘဝများစွာက ကာမ‌တာဝန်တွေ ထမ်းရတာလောက် မပင်ပန်းပါဘူးလို့လည်း ကြည့်တယ်"

"မှန်ပါ ဘုရား"

"တစ်ထပ်တည်း စားနေရလို့ ဆာတဲ့အခါ ပြိတ္တာဘုံမှာ ဖြစ်ခဲ့ရတုန်းက မစားရတဲ့ ဘဝတွေ အများကြီးပဲ၊ ယခု ဆာတယ်ဆိုတာ ခဏလေးပဲ၊ တော်တော်ကြာ စားရမှာ၊ မစားရတာမှ မဟုတ်ဘဲလို့ ဆောက်ကြည့်တယ်"

"မှန်ပါ ဘုရား"

မိမိမှာ ဆရာတော်ကြီး ပြောဟောနေစဉ် ရက်တောင်‌လာမိ၏၊ အဘယ့်ကြောင့် ဆိုသော် အသက်ရှစ်ဆယ်ကျော် ဆရာတော်ကြီး ခြေလျင် ထွင်းခံသွားပြန်နေသည်၊ မြို့မှ တောရကျောင်းသို့ ခြေလျင်မလာဘဲ ကားနှင့် လာမိရက်သားဖြစ်နေလို့ပင် ဖြစ်ပါသည်၊ ဆရာတော်ကြီးသည် ဆက်၍ မိန့်ကြား၏၊

"အားထုတ်ကြနော်၊ မပေါ့ကြနဲ့"

"မှန်ပါ ဘုရား"

"ဒို့တော့ တရား မဟောနိုင်၊ တရား မပြနိုင်သေးဘူး"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"ခက်တယ်၊ လူတွေက တော်တော်ကြာ ရဟန္တာလုပ်ကြမှာ၊ အဲဒါ မခံနိုင်ဘူး"

မှန်ပေသည်၊ တရားပြဆရာ၊ နာမည်ကြီးလာ၊ ပရိသတ်များလာလျှင် ရဟန္တာဟု ဝိုင်းသမုတ်ကြ၏၊ ကြောက်စရာ ခေတ်ကြီးပါတကား၊

"ဆရာတော် ဘယ်တရားကို အဓိကထားပြီး ကျင့်ပါသလဲဘုရား"

"သီလတရား အဓိက‌ထားပြီး ကျင့်တယ်၊ သီလ‌ရှိက သမာဓိ‌ရမယ်၊ သမာဓိ‌ရှိက မဂ်ဖိုလ်ပညာရမယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ကိုယ့်ကိုယ်ကို ရဟန္တာမဟုတ်ဘဲနဲ့ သူများတွေက ရဟန္တာလုပ်တာ ငြိမ်ခံနေရင် သီလရှိပါဦးမလား"

"မရှိတော့ပါဘုရား"

"သီလ‌မရှိရင် သမာဓိကော ရနိုင်ပါ့မလား"

"မရနိုင်ပါ ဘုရား"

"သမာဓိမှ မရရင်လည်း မဂ်ဖိုလ်‌ဘယ်မှာရတော့မှာလဲ"

"မှန်ပါ၊ မရနိုင်ပါဘုရား"

"အဲဒီလို ကိုယ့်ကိုယ်ကိုယ် ရဟန္တာလို့ အထင်ကြီး ကျေနပ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို ဆရာလုပ်မိရင် မြန်မြန် ခွာရမယ်"

"မှန်ပါ ဘုရား"

"မခွာရင် သူလုပ်သလို လိုက်လုပ်ရော၊ အဲဒါ အပါယ်ကျဖို့ပဲ"

"မှန်ပါ ဘုရား"

"ဆရာဆိုတော့ သူ့ထံက နည်းတော့ ယူရတယ်၊ သူ့ကျေးဇူးရှိလို့ ကျေးဇူးတော့လည်း ဆပ်ရတယ်၊ ဒါပေမဲ့ ဆရာနဲ့တော့ မြန်မြန်ခွာရမယ်၊ ဆရာလုပ်တိုင်း လိုက်ပြီး မလုပ်မိစေနဲ့"

"မှန်ပါ ဘုရား"

ဆရာတော်ကြီး၏ အဆုံးအမမှာ တိကျလှသည်။ ပြတ်သားလှသည်။ ရဟန္တာ အမည်ခံများနေသော ဤခေတ်တွင် အထူးသတိထား လိုက်နာသင့်၏။ ဆရာတော်ကြီးသည် ဆက်မိန့်ပြန်၏။

"ဒို့ဆရာတော်ဟာ ရဟန္တာအမည်ခံပဲ၊ အတူနေကြည့်တော့ ပေါ်လာတယ်၊ ရဟန္တာ.မဟုတ်မှန်း သိလာတယ်၊ သိကတည်းက ခွာခဲ့တယ်၊ အနားမကပ်တော့ဘူး"

"မှန်ပါ ဘုရား"

"ကျေးဇူးတော့ သိပါတယ်၊ ခဏခဏလည်း အမှတ်ရပါတယ်၊ ဆရာပြုလို့လည်း ဒီလောက် အားထုတ်တတ်တာပဲ"

"မှန်ပါ ဘုရား"

"တချို့ ကိုယ့်ဆရာ မဟုတ်မှန်းသိတဲ့အခါမှာ မခွာဘူး၊ လူမသိအောင် ဖုံးပြီး ဆက်ပြီးတော့ သူကပါ ရဟန္တာလုပ် ညာတတ်သေးတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဆရာရော တပည့်ပါ နစ်နာတာပေါ့"

"မှန်ပါ ဘုရား"

"ဒါမျိုး မလုပ်သင့်ဘူး၊ ဆရာကို တပည့်က သတိပေးနိုင်ရင် ပေး၊ မပေးနိုင်ရင် ပေးလို့မရရင် ဆရာ့ထံမှ ခွာရမယ်၊ အားမနာနဲ့"

"မှန်ပါ ဘုရား"

ဆရာတော်ကြီးထံမှောက် ရောက်ရခြင်းကား ကျေးဇူးများလှ၏။ ရှိထားသော သံဝေဂစိတ်များ တိုးတက်ပွားများလာ၏။ တရားသံဝေဂ ရမိတော့၏။

- ✦ ဆရာသည်ကား၊ ကျေးဇူးများ။ ပြစ်မှားရှောင်ပါလေ။
- ✦ ဆရာမှားလျှင်၊ တပည့်မြင်၊ ဆောလျင် ရှောင်ခွာလေ။
- ✦ ဆရာမှားရော၊ တပည့်ပါ၊ မှားတာရှောင်နိုင်စေ။
- ✦ ဥပတိဿ၊ ကောလိတ၊ ယူကြပမာလေ။

# တရားပွဲတွေ များလိုက်တာ ဘယ်တရား နာရမှန်းတောင် မသိ ဖြစ်နေပြီဘုရား

(၁၀၅)

"သူတစ်ပါးအကျိုးကို မပြုသောသူ၏ အဖို့ရာမှာ မိမိအကျိုးသည် မရှိနိုင်၊ တကယ်ကို မရှိနိုင်၊ ဤစကားသည် မှန်၏၊ တစ်ဖန်လည်း မှန်၏၊ ဤသို့ လက်ရုံးလက်မောင်းကို နှိုးမြှောက်၍ဆိုလော့"

"ဤသို့ ကဝိထိုထို ပုဂ္ဂိုလ်ကျော်တို့ ဆိုတော်မူကြခြင်းကြောင့် သူတော်ကောင်း မှန် သမျှတို့သည် သူတစ်ပါး၏ အကျိုးကိုသာလျှင် အဦးထား ပြုထိုက်စွာ၏၊ သူတစ်ပါး၏ အကျိုးကို ပြည့်စုံစေအပ်သည်ရှိသော်ကား မိမိအကျိုးသည် ပြည့်စုံသည်သာလျှင် မည်၏"

မိမိသည် အထက်ပါ သာရတ္ထဝိလာသိနီ အမည်ရှိသော ပဋ္ဌိကာဋီကာကျမ်းလာ အရှင်သံယရက္ခိတ မဟာသာမိထေရ်၏ အမှာစကား အရပ်ရပ်ကို အထပ်ထပ် ဖတ်နေ၏၊ ထိုစဉ် ဒကာတစ်ယောက် ရောက်လာပြီးလျှင် ရှိခိုးလျှောက်ထားသည်၊

"ဆရာတော်ဘုရား ဒီနှစ် တရားပွဲတွေကလည်း များလိုက်တာ၊ တပည့်တော်တို့တော့ ဘယ်တရား နာရမှန်းတောင်မသိ ဖြစ်နေပြီဘုရား"

မိမိ ဖတ်လက်စ.စာကို အသာဘေးချထားပြီး "အင်း" ဟု တစ်ချက်အသံထွက်လိုက်မိသည်၊ ပြီးတော့ ထိုဒကာဆီသို့ မျက်နှာမူလိုက်သည်၊ သက်နှင်းအခြေအနေကို ပြင်လိုက်သည်၊ ပြီးတော့ ပြောလိုက်သည်၊

"မှန်တဲ့တရား ရွေးနာပေါ့ ဒကာကြီးရဲ့"

"အဲဒီ မှန်တဲ့တရားကို အရွေးခက်နေတာပဲ ဘုရား"

"ဘာခက်ရမှာလဲ၊ ဘုရားဟောထားတဲ့ "ဓမ္မ.အဓမ္မ" "တရား.မတရား" သို့မဟုတ် အမှန်၊ အမှား ခွဲပြချက်တွေ ရှိနေတာပဲဟာ"

"အဲဒါကို တပည့်တော်တို့က မသိလို့ ခက်နေတာပေါ့ဘုရား"

"ဘာမှ မခက်နဲ့၊ မသိတာ သိအောင်လုပ်ရင် သိမှာပေါ့၊ သိရင် မခက်တော့ဘူး"

"ဒါဖြင့် အဲဒီ ဓမ္မ. အဓမ္မ ခွဲပုံကို တပည့်တော်အား အကျဉ်းချုပ်မျှ မိန့်ကြားပါဘုရား"

"လာသေးတယ်၊ ဒကာကြီးဉစ္စာကလည်း သိလည်း သိချင်တယ်၊ ပြီးတော့ အကျဉ်းချုပ်ကလေးတဲ့"

"တပည့်တော်က အရှင်ဘုရား အားနာလို့ပါဘုရား"

"အားနာရင် နဂိုက ဘာဖြစ်လို့လာလဲ၊ မလာဘဲ နေပါလား၊ လာပြီးမှ အားနာတာ ဘာအဓိပ္ပာယ်ရှိသေးလဲ"

"ဒါဖြင့်လည်း အမိန့်ရှိပါဘုရား"

"တစ်ချိန်က ရဟန်းတော်တွေဟာ သူမှား ငါမှန် အငြင်းပွားကြတယ် ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"အဲဒီအခါ တရားစစ်သူကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာ အရှင်မြတ်က "မြတ်စွာဘုရား၊ သူ့မှား ငါ့မှန် ခိုက်ရန်ဖြစ်ပွား ရဟန်းများ ရောက်လာပါတယ်ဘုရား၊ တပည့်တော် အဲဒီရဟန်းတွေအပေါ်ဝယ် အဘယ်ကဲ့သို့ ပြုကျင့်ရပါမလဲဘုရား" လို့ လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က "ချစ်သား သာရိပုတ္တ၊ ထိုသို့ဖြစ်လျှင် သင်ချစ်သားသည် တရားလမ်း အတိုင်းတည်လေလော့" လို့ မိန့်တော်မူတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဒကာကြီးလည်း တရားလမ်းအတိုင်း တည်ပေတော့ပေါ့ ဟုတ်လား"

"မှန်ပါ၊ အဲဒီတရားလမ်းအတိုင်း တည်ဖို့က ခက်နေတာပေါ့ဘုရား၊ ဘယ်လိုတရားလမ်းအတိုင်း တည်ရပါ့မလဲ ဘုရား"

"အင်း... အင်း...ဟုတ်ပြီ၊ ရှင်သာရိပုတ္တ အရှင်မြတ်ကလည်း "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဘုရားတပည့် တော်သည် တရားသည် မတရားသည်ကို အဘယ်သို့ သိရပါမည်နည်း" လို့ လျှောက်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဘုရားရှင်က "ချစ်သား သာရိပုတ္တ (၁၈)ပါးသော အကြောင်းတို့ဖြင့် အဓမ္မဝါဒီ ပုဂ္ဂိုလ်ကို သိရမည်" လို့ဟော ပြီး (၁၈)ပါးသော အကြောင်းတို့ကို ဟောပြတယ်"

"မှန်ပါ ဘုရား"

"အဲဒီ (၁၈)ပါးက ဘာတွေလဲဆိုတော့ -

၁။ တရားမဟုတ်သည်ကို တရားဟု ပြ၏။

၂။ တရားကို တရားမဟုတ်ဟု ပြ၏။

၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြ၏။

၄။ ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြ၏။

၅။ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟု ပြ၏။

၆။ မြတ်စွာဘုရား ဟောပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်၏ဟု ပြ၏။

၇။ မြတ်စွာဘုရား မလေ့ကျင့်အပ်သည်ကို မြတ်စွာဘုရား လေ့ကျင့်အပ်၏ဟု ပြ၏။

၈။ ျမတ္စြာဘုရား ေလ့က်င့္အပ္သည္ကို ျမတ္စြာဘုရား မေလ့က်င့္အပ္ဟု ျပ၏၊

၉။ ျမတ္စြာဘုရား မပညတ္အပ္သည္ကို ျမတ္စြာဘုရား ပညတ္အပ္၏ဟု ျပ၏၊

၁၀။ ျမတ္စြာဘုရား ပညတ္အပ္သည္ကို ျမတ္စြာဘုရား မပညတ္အပ္၏ဟု ျပ၏၊

၁၁။ အာပတ္မသင့္သည္ကို အာပတ္သင့္၏ဟု ျပ၏၊

၁၂။ အာပတ္သင့္သည္ကို အာပတ္မသင့္ဟု ျပ၏၊

၁၃။ ေပါ့ေသာ အာပတ္ကို ေလးေသာ အာပတ္ဟု ျပ၏၊

၁၄။ ေလးေသာ အာပတ္ကို ေပါ့ေသာ အာပတ္ဟု ျပ၏၊

၁၅။ အႂကြင္းရွိေသာ အာပတ္ကို အႂကြင္းမရွိေသာ အာပတ္ဟု ျပ၏၊

၁၆။ အႂကြင္းမရွိေသာ အာပတ္ကို အႂကြင္းရွိေသာ အာပတ္ဟု ျပ၏၊

၁၇။ ရုန္႔ရင္းၾကမ္းတမ္းေသာ အာပတ္ကို မရုန္႔ရင္း မၾကမ္းတမ္းေသာ အာပတ္ဟု ျပ၏၊

၁၈။ မရုန္႔ရင္း မၾကမ္းတမ္းေသာ အာပတ္ကို ရုန္႔ရင္းၾကမ္းတမ္းေသာ အာပတ္ဟု ျပ၏၊

အဲဒီ (၁၈)ပါးပဲ ဒကာႀကီး၊ အဲဒီ (၁၈)ပါးကို ေသေသခ်ာခ်ာ မွတ္ထားေနာ္"

"မွန္ပါ ဘုရား"

"ၿပီးေတာ့ ဓမၼဝါဒီ (၁၈)ပါးကို ဘုရားရွင္ ဘယ္လိုေဟာလည္းဆိုေတာ့ "ခ်စ္သား သာရိပုတၱ (၁၈)ပါးေသာ အေၾကာင္း ဝတၳဳတို႔ျဖင့္ ဓမၼဝါဒီပုဂၢိဳလ္ကို သိရမည္"လို႔ အမိန္႔ရွိတယ္"

"မွန္ပါ ဘုရား"

"အဲဒီ (၁၈)ပါးက ဘာေတြလည္းဆိုေတာ့ -

၁။ တရားမဟုတ္သည္ကို တရားမဟုတ္ဟု ျပ၏၊

၂။ တရားဟုတ္သည္ကို တရားဟုတ္၏ဟု ျပ၏၊

၃။ ဝိနည္းမဟုတ္သည္ကို ဝိနည္းမဟုတ္ဟု ျပ၏၊

၄။ ဝိနည္းဟုတ္သည္ကို ဝိနည္းဟုတ္၏ဟု ျပ၏၊

၅။ ျမတ္စြာဘုရား မေဟာအပ္ မေျပာအပ္သည္ကို ျမတ္စြာဘုရား မေဟာအပ္ မေျပာအပ္၏ဟု ျပ၏၊

၆။ ျမတ္စြာဘုရား ေဟာေျပာအပ္သည္ကို ျမတ္စြာဘုရား ေဟာအပ္ ေျပာအပ္၏ဟု ျပ၏၊

၇။ ျမတ္စြာဘုရား မေလ့က်င့္အပ္သည္ကို ျမတ္စြာဘုရား မေလ့က်င့္အပ္၏ဟု ျပ၏၊

၈။ ျမတ္စြာဘုရား ေလ့က်င့္အပ္သည္ကို ျမတ္စြာဘုရား ေလ့က်င့္အပ္၏ဟု ျပ၏၊

၉။ ျမတ္စြာဘုရား မပညတ္အပ္သည္ကို ျမတ္စြာဘုရား မပညတ္အပ္၏ဟု ျပ၏၊

၁၀။ ျမတ္စြာဘုရား ပညတ္အပ္သည္ကို ျမတ္စြာဘုရား ပညတ္အပ္၏ဟု ျပ၏၊

၁၁။ အာပတ္.မသင့္သည္ကို အာပတ္.မသင့္၏ဟု ျပ၏၊

၁၂။ အာပတ္.သင့္သည္ကို အာပတ္.သင့္၏ဟု ျပ၏၊

၁၃။ ေပါ့ေသာ အာပတ္ကို ေပါ့ေသာအာပတ္ဟု ျပ၏၊

၁၄။ ေလးေသာ အာပတ္ကို ေလးေသာအာပတ္ဟု ျပ၏၊

၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသောအာပတ်ဟု ပြ၏။

၁၆။ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသောအာပတ်ဟု ပြ၏။

၁၇။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသောအာပတ်ဟု ပြ၏။

၁၈။ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသောအာပတ်ဟု ပြ၏။

အဲဒီ (၁၈)ပါးပဲ ဒကာကြီး၊ အဲဒီ (၁၈)ပါးကို သေသေချာချာ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"အဲဒီမှာ ဓမ္မ. အဓမ္မ တရားဟုတ်သည် မဟုတ်သည်ကို သိဖို့ မလိုဘူးလား"

"လိုပါတယ်ဘုရား"

"အင်း...မလိုဘူးလား ဆိုကာမှ လိုပါတယ်ဘုရားတဲ့"

"တပည့်တော်လည်း လျှောက်မလို့ပဲဘုရား"

"သုတ္တန်နည်းအားဖြင့် ကုသိုလ်ကမ္မပထတရား (၁၀)ပါးဟာ ဓမ္မတရားပဲ၊ အကုသိုလ်ကမ္မပထတရား (၁၀)ပါးဟာ အဓမ္မတရားပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီအတူပဲ သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး စသော ဗောဓိပက္ခိယတရား (၃၇)ပါးတို့လည်းပဲ ဓမ္မတရားပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ ဓမ္မတရားတွေကို သတိပဋ္ဌာန် ၃ ပါး၊ သမ္မပ္ပဓာန် ၃ ပါး သည်ဆိုက မဟုတ်မမှန်တဲ့ တရားအစု မည်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဥပါဒါန် ၄ ပါး၊ နီဝရဏ ၅ ပါး၊ အနုသယ ၇ ပါး၊ မိစ္ဆာဒိဋ္ဌိတရား ၈ ပါး ယင်းသို့ စတဲ့ မကောင်းတဲ့တရားအစုဟာလည်း အဓမ္မ - မတရားပဲ"

"မှန်ပါ ဘုရား"

"အဲဒီ ပြောခဲ့တဲ့ အဓမ္မ - မတရားအစုတို့အနက် တစ်ခုခုကို ယူပြီးတော့ "ဒီ အဓမ္မ - မတရား ကို ဓမ္မတရားလို့ ပြကြ. ပြောကြကုန်အံ့၊ ယင်းသို့ ပြကြ ပြောကြသည်ရှိသော် ငါတို့အဖို့ရာ ဆရာ၏ အမျိုးကိုအမှီပြု၍ အထက်တန်း ကျခြင်း ဖြစ်မည့်အပြင် ငါတို့ကိုယ်တိုင်လည်း လောက၌ ထင်ရှားကြပေလိမ့်မည်" လို့ တိုင်ပင် ညီညွတ်ကြပြီးတော့ အဲဒီ အဓမ္မ - မတရားအစုကို "ဒီဟာ ဓမ္မတရား" လို့ ပြောဆိုလို့ရှိရင် "တရားမဟုတ်သည်ကို တရားဟုတ်၏" ဟု ပြသည် မည်တယ်"

"မှန်ပါ ဘုရား"

"အဲဒီအတူပဲ၊ ဓမ္မတရားအစုတို့အနက်မှ တစ်ခုခုကို ယူပြီးတော့ "ဒီတရားသည် အဓမ္မတည်း" လို့ ပြောဆိုကြလျှင် "တရားဟုတ်သည်ကို တရားမဟုတ်" ဟု ပြသည် မည်တယ်"

"မှန်ပါ ဘုရား"

"ဝိနည်းပရိယာယ်အားဖြင့် ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒကပြု၍ အောက်မေ့စေ၍ ဝန်ခံသည့်အတိုင်း ပြုအပ်သော ကံဟာ ဓမ္မကံပဲ"

"မှန်ပါ ဘုရား"

"မဟုတ်မမှန်သော ဝတ္ထုဖြင့် စောလည်း မစောဒနာဘဲ အောက်မေ့လည်း မအောက်မေ့စေဘဲ ဝန်ခံချက် မရရှိဘဲ ပြု အပ်တဲ့ကံဟာ အဓမ္မကံပဲ"

"မှန်ပါ ဘုရား"

"အဓမ္မကံကို ဓမ္မကံလို့ ပြောကြားရင် "တရားမဟုတ်သည်ကို တရားအဟုတ်"လို့ ပြောကြားတယ် ပြတယ် မည်တယ်"

"မှန်ပါ ဘုရား"

"သုတ္တန်အားဖြင့် ရာဂ. ဒေါသ. မောဟ ကို ပယ်ဖျောက်ခြင်း၊ သီလသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တီသံဝရ၊ ဝီရိယ သံဝရ တည်းဟူသော သံဝရ (၅)ပါး၊ တဒင်္ဂပဟာန် စတဲ့ ပဟာန် (၅)ပါး၊ ရာဂ. ဒေါသ. မောဟ ညက်ဖြင့် ဆင်ခြင်ခြင်း၊ အဲဒီတရားအစုဟာ ဝိနယပဲ၊ ဝိနည်းပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီမှ အပြန်အားဖြင့် ရာဂ စသည်ကို မပယ်ဖျောက်ခြင်း၊ မစောင့်စည်းခြင်း၊ မဆင်ခြင်ခြင်း၊ ဒီတရားအစုဟာ အဝိနယ ပဲ၊ ဝိနည်း မဟုတ်ဘူးပေါ့နော်"

"မှန်ပါ ဘုရား၊ ဒီလိုဆိုတော့ ညှသံ၊ ခရာသံ၊ တာသံ၊ ဆွဲကာ ငင်ကာ ချွဲကာ ပြစ်ကာ ရှိက်ကာ ငင်ကာ ဟောရင် ကိုယ့် အသံလည်း ကိုယ်ရာဂဖြစ်၊ နာသူတွေလည်း ရာဂဖြစ် ဆိုတော့ ဘယ်ကလာ ဝိနည်းနဲ့ ညီပါ့မလဲဘုရား"

"အင်းပေါ့ ဘယ်ညီမလဲ၊ အဲဒီလို ဝိနည်းနဲ့ မညီအောင်ဟောတဲ့ ဓမ္မကထိကရဲ့တရားကို နာရင် ဟောရင် အပြစ် (၅)မျိုး ဖြစ်တယ်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"အပြစ် (၅)မျိုးက ဘာလဲဆိုတော့ -

၁။ မိမိကိုယ်တိုင် မိမိအသံ၌ ပြန်ပြီးတပ်မက်နှစ်သက်တဲ့ တဏှာရာဂ ဖြစ်တယ်၊

၂။ တရားနာသူတွေလည်း အဲဒီလို သီချင်းသံနဲ့ ဟောတဲ့ တရားသံပေါ်မှာ သာယာတပ်မက်တဲ့ တဏှာရာဂ ဖြစ်တယ်၊

၃။ ပညာရှိ သူတော်ကောင်းတွေရဲ့ အကဲ့ရဲ့ ခံရတတ်တယ်၊

၄။ တရားဟောသူဟာ အဲဒီအသံကို ပြုပြင်နေရတာနဲ့ သမာဓိတရား ပျက်ပြားတယ်၊

၅။ နောင်လာ နောင်သားတွေလည်း ဒီလိုပဲ တရားဟောရပါလားဆိုပြီး သံနေ သံထားနဲ့ ချွဲကာ ပြစ်ကာ ဟော ခြင်းဖြင့် အတုလိုက်တတ်တယ်၊

တဲ့ အဲဒီ အပြစ် (၅)မျိုး ဖြစ်တယ်၊ ကဲ ... ကောင်းသေးလား"

"မကောင်းပါဘုရား"

"ယခု များနေတဲ့ တရားပွဲတွေမှာ ယခုပြောခဲ့တဲ့ ဓမ္မဝိနယတွေနဲ့ ညီ ဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီ ဓမ္မဝိနယတွေနဲ့ မညီညွတ်ဘဲ အဓမ္မအဝိနယ ဖြစ်မယ်ဆိုရင် ဒီတရားမျိုးဟာ မနာသင့်ဘူး မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒီတော့ တရားပွဲတွေ များတာဟာ ယခုလိုပြောတဲ့ ဓမ္မဝိနယနဲ့ ညီတဲ့ တရားပွဲတွေ များဖို့လိုတယ်၊ အဓမ္မ အဝိနယဖြစ်တဲ့ တရားပွဲတွေ များရင် မကောင်းဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အရေးကြီးတာက ဒကာကြီးတို့ ဒကာ ဒကာမတွေဘက်က ယခုလို ဓမ္မဝိနယလည်း သိထားရမယ်၊ အဓမ္မအဝိနယလည်း သိထားရမယ်၊ အဲဒီလို သိထားမှသာ ရှောင်နိုင်မယ်၊ လိုက်နာမှတ်သား နာကြားနိုင်မယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလိုသာ ဒကာ ဒကာမတွေက ဓမ္မဝိနယနဲ့ မညီလို့ မနာရင် ဟောတဲ့ဓမ္မကထိက ဘယ်ဟောလို့ဖြစ်တော့မလဲ"

"မှန်ပါ ဘုရား"

"မှန်ရင် ပြန်ပေတော့၊ ပြည့်စုံပါပြီ"

- ✦ တရား, မတရား ဤနှစ်ပါး ခွဲခြားသိရမည်။
- ✦ ဝိနည်းမညီ ဝိနည်းညီ နှစ်လီသိရမည်။
- ✦ မတရား ရှောင် တရားအောင် မှတ်ဆောင်ဟောရမည်။
- ✦ ဝိနည်းမညီ ရှောင်ရမည် အညီဟောရမည်။

# လူသာစုခေါ်-နတ်သာစုခေါ်

(၁၀၆)

"အလွန်မြတ်သော အရဟတ္တဖိုလ်စိတ်ရှိသော မမေ့မလျော့ အပြစ်ကင်းသော တရားတို့ကို အားထုတ်လေ့ရှိသော အရဟတ္တမဂ်ဉာဏ်၏အကြောင်း သိက္ခာသုံးပါးတို့၌ ကျင့်ပြီးသော ရာဂ စသည်တို့၏ငြိမ်းခြင်းဖြင့် ငြိမ်းပြီးသော အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော ရဟန္တာအား ဇ္ဈာရုံ ကွေကွင်းခြင်း စသည်ကြောင့် ဖြစ်သော စိုးရိမ်ခြင်းတို့ မဖြစ်ကြကုန်"

(ဓမ္မပဒ)

အို . . . စာရှုသူ၊ ဤအထက်ပါ ဂါထာစာသားကို အထင်မသေးပါနှင့်။ ဤဂါထာကား "ကေဒါန" ဘွဲ့မည်ရသည့် ရဟန္တာအရှင်မြတ်တစ်ပါးသည် တစ်ပါးတည်းသာလျှင် တောအုပ်တစ်ခု၌ သီတင်းသုံးတော်မူစဉ် ရွတ်ပွားသော ဥဒါန်းဂါထာတော် ဖြစ်၏။

ယင်းဥဒါန်းဂါထာတော်ကို ရဟန္တာအရှင်မြတ်က ဥဒါန်းအဖြစ် ရွတ်ပွားတိုင်း နတ်တွေက သာစုခေါ်၏။ ယင်းသို့ဖြင့် ယင်းဂါထာသည် နတ်သာစုခေါ်ဂါထာ ဖြစ်၏။

"သူရော့.ကိုယ်ပါ အများသတ္တဝါတို့သည် ကိုယ့်အမြင်နှင့်ကိုယ်တော့ ကောင်းအောင်ဆိုပြီး ပြုလုပ်. ပြောဆို. ကြံစည်နေကြသူများဖြစ်ပေသည်"

သို့သော် လူသာစုခေါ် - နတ်သာစုခေါ်ကောင်းအောင်ဖြစ်ဖို့တော့ မလွယ်ကူလှပေ မိမိသည် ခဏခဏ စဉ်းစားမိသည်။ ယင်းသို့ စဉ်းစားမိတိုင်း ဘယ်အလုပ်ပဲ လုပ်လုပ် လူနတ်သာစုခေါ်ထိုက်အောင် လုပ်မှ တော်မည်ဟုလည်း စဉ်းစားမိသည်။

မိမိသာ စဉ်းစားသလား ထင်မှတ်သည်။ မိမိကဲ့သို့ပင် စဉ်းစားသူလည်း ရှိပေသေးသည်။

တစ်ချိန်က ဖြစ်ခဲ့၏။ အမှတ်မထင် ဒကာတစ်ဦးနှင့် စကားလက်ဆုံကျရာမှ ယင်းဒကာက လျှောက်၏။

"အရှင်ဘုရား၊ "လူသာစုခေါ် - နတ်သာစုခေါ်"လို့ ပြောလေ့.ပြောထ ရှိကြပါတယ်ဘုရား၊ လူသာစုခေါ်တာတော့ဟုတ်ပါပြီဘုရား၊ နတ်သာစုခေါ်တာက ဘယ်လိုပါလဲဘုရား"

"နေပါဦး ဒကာကြီး၊ လူသာစုခေါ်တာတော့ သိပါပြီ၊ နတ်သာစုခေါ်တာ မသိလို့မေးပါတယ် ဒီလိုလား"

"မှန်ပါ ဘုရား"

"ကဲ ... လူသာစုခေါ်ကို ဒကာကြီးက ဘယ်လိုသိလဲ ပြောစမ်းပါဦး"

"လူတွေက အမျှဝေတဲ့အခါ သာဓု. သာဓု. သာဓု ခေါ်တာ လူသာစုခေါ်ပေါ့ဘုရား"

"ဟင် ... ဒကာကြီးဥစ္စာကလည်း မဟုတ်သေးပါဘူးနဲ့တူတယ်"

"နို ... ဘယ်လိုလဲဘုရား"

"ဒကာကြီးပြောသလိုဆိုရင် ဒီက လူတစ်ယောက်က ကုသိုလ်ပြုပြီး အမျှဝေတဲ့အခါ လူသာမက နတ်တွေကပါ သာဓုခေါ်တော့ တစ်ခါတည်း လူသာစုခေါ် နတ်သာစုခေါ် ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဟုတ်တာပေါ့ဘုရား၊ ဒါဆို တစ်ခါတည်းနဲ့ လူသာစုခေါ် နတ်သာစုခေါ် ဖြစ်သွားတာပေါ့"

"ကဲ ... ဒါဖြင့် တရားဟောဘုန်းကြီးတွေ တရားဟောတဲ့အခါ "သတည်း" လို့ ချတဲ့အခါလည်း သာဓုမခေါ်ကြဘူးလား"

"မှန်ပါ၊ ခေါ်ကြပါတယ်ဘုရား"

"အဲဒါလည်း လူနတ်သာစုခေါ်တာပဲလား"

"ဒကာကြီး အလုပ်တိုင်း လူသာစုခေါ် နတ်သာစုခေါ် မဖြစ်သလို အမျှဝေတိုင်း၊ တရားဟောတဲ့အခါ သတည်းချတိုင်း လူသာစုခေါ် နတ်သာစုခေါ် မဖြစ်တာတွေ အများကြီး ရှိတယ်"

"အမိန့်ရှိပါဘုရား"

"တရားဟောတဲ့အခါ နတ်သာစုခေါ်တဲ့ အကြောင်းတစ်ခု ပြောပြမယ်နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ် တစ်ချိန်ကပေါ့၊ ကေဒါနထေရ် ဆိုတဲ့ ထေရ် တစ်ပါး ရှိတယ်"

"မှန်ပါ ဘုရား"

"အဲဒီထေရ်ဟာ ရဟန္တာထေရ်ပဲ၊ အဲဒီ ရဟန္တာအရှင်မြတ်ဟာ ဥပုသ်နေ့မှာဆိုရင် သူကိုယ်တိုင်ပဲ တရားနာဖို့ ဖိတ်လိုက်တယ်တဲ့"

"မှန်ပါ ဘုရား"

"ဖိတ်ပြီးတော့ ဂါထာ တစ်ဂါထာကို ဟောတယ်၊ အဲဒီအခါ နတ်တွေရဲ့ကောင်းချီးနမော် သာဓုခေါ်သံဟာ မြေပြိုကွဲမတတ် ဖြစ်သတဲ့"

"မှန်ပါ ဘုရား"

"အဲဒါ နတ်သာစုခေါ်ပေါ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီလို နတ်သာစုခေါ်တဲ့ အကြောင်းတွေ အများကြီး ရှိသေးတယ်"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား"

"အမိန့်ရှိလို့ မဖြစ်သေးဘူး၊ နတ်သာစု မခေါ်တဲ့ အကြောင်းကို ဆက်ပြောရဦးမယ်"

"မှန်ပါ ပြောပါဘုရား"

"အဲဒီလို နတ်သာဓု ခေါ်နိုင်စွမ်းအောင် တရားဟောနိုင်တဲ့ ကေ့ဒါထေရ်ရှိရာသို့ အခြံအရံ ငါးရာစီရှိတဲ့ ပိဋကတ်သုံးပုံဆောင် ထေရ်နှစ်ပါးဟာ ဥပုသ်နေ့တစ်နေ့မှာ ရောက်လာသတဲ့ ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"အဲဒီလို ကြွလာတာကို ကေ့ဒါနထေရ်က မြင်တော့ ရွှင်လန်းနှစ်သက်တဲ့ စိတ်ထားနှင့် "အရှင်ဘုရားတို့ ဒီအရပ်သို့ ကြွလာတော်မူသဖြင့် ကောင်းသောအမှုကို ပြုအပ်ပေ၏၊ ယနေ့ တပည့်တော်တို့သည် အရှင်မြတ်ဘုရားတို့၏ တရားတော်ကို နာကြားရကုန်တော့အံ့" လို့ လျှောက်ထားသတဲ့"

"မှန်ပါ ဘုရား"

"အဲဒီအခါ အရှင်မြတ်တွေက "ငါ့ရှင် ဒီအရပ်မှာ တရားတော်ကို နာကြားလိုသူတို့ ရှိပါကုန်သလော" လို့ မေးတယ်"

"မှန်ပါ ဘုရား"

"ဒါက မေးစရာပေါ့၊ လူသူမနီးတဲ့ တောကြီးထဲမှာကိုနော်"

"မှန်ပါ ဘုရား"

"အဲဒီလို မေးတော့ ကေ့ဒါန ရဟန္တာအရှင်မြတ်က "အရှင်ဘုရားတို့၊ ဒီအရပ်မှာ တရားတော်ကို နာလိုသူတို့ ရှိကြပါသည်ဘုရား၊ ဒီတောအုပ်ဟာ တရားနာသောနေ့၌ နတ်တို့ရဲ့ ကောင်းချီးပေးသောအသံဖြင့် တစ်ခဲနက် ပွဲတင်ထပ်သော အသံရှိပါသည်ဘုရား" လို့ လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"အဲဒီလို လျှောက်ထားတော့ ပိဋကတ်သုံးပုံဆောင် ထေရ်နှစ်ပါးအနက် ထေရ်တစ်ပါးက တရားဟောတာပေါ့နော်"

"မှန်ပါ ဘုရား"

"တစ်ပါးသော ပိဋကတ်သုံးပုံဆောင် ထေရ်ကလည်း အနက်အဓိပ္ပာယ် ချဲ့ထွင်ပြီး ဟောပြောတယ်"

"မှန်ပါ ဘုရား"

"အဲဒါ တစ်ယောက်သော နတ်မျှ ကောင်းချီးနမော် သာဓု မခေါ်ဘူးတဲ့"

"မှန်ပါ ဘုရား"

"ဒါဖြင့် တရားတိုင်း နတ်သာဓုမခေါ်ဘူးဆိုတာ ဒီဝတ္ထုကြောင်းဖြင့် မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"အဲဒီလို နတ်တွေက ကောင်းချီးနမော် သာဓုခေါ်တယ်ပြောပြီး ယခု မခေါ်တော့ တရားဟောတဲ့ အရှင်မြတ်နှစ်ပါးက "ငါ့ရှင် သင်ကား တရားဟောသောနေ့၌ ဒီတောအုပ်ထဲက နတ်တွေဟာ ကျယ်စွာသောအသံဖြင့် ကောင်းချီးနမော် သာဓုခေါ်တယ်လို့ ပြောတယ်၊ အဲဒီ ကောင်းချီးနမော် သာဓုခေါ်တဲ့အသံဟာ ဘယ်လိုအသံလဲ" လို့ မေးတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီတော့ တောနေဖြစ်တဲ့ ကေ့ဒါန ရဟန္တာအရှင်မြတ်က "အရှင်ဘုရားတို့ တစ်ပါးသော နေ့တို့မှာတော့ တပည့်တော် တရားဟောတဲ့အခါ နတ်တို့ ကောင်းချီးနမော် သာဓုခေါ်သံဟာ တစ်ပြိုင်နက် ပွဲတင်ထပ်သည်သာ ဖြစ်ပါတယ်ဘုရား၊ ယနေ့နတ်တွေ ကောင်းချီးနမော် သာဓုမခေါ်ခြင်းသည် အကြောင်းဘယ်လိုလဲဆိုတာ မလျှောက်ထားတတ်ပါဘုရား" လို့ လျှောက်ထားသတဲ့"

"မှန်ပါ ဘုရား"

"အဲဒီလို လျှောက်တော့ ပိဋကတ်သုံးပုံဆောင် ထေရ်နှစ်ပါးက "ငါ့ရှင် ဒီလိုဆိုရင် သင် တရားဟောပါဦး" လို့ မိန့်ကြားလိုက်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဇကုဒါန တောနေအရှင်မြတ်က "မှန်ပါ ဘုရား" လို့ဝန်ခံပြီး ယပ်ကိုကိုင်ကာ တရားဟောပလ္လင်မှာ ဟောနေကျ ဂါထာကိုပဲ ဟောသတဲ့"

"မှန်ပါ ဘုရား"

"အဲဒီအခါ နတ်တွေက ကျယ်စွာသောအသံဖြင့် ကောင်းချီးနမော် သာဓုခေါ်ကြတယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီအခါ ပိဋကတ်သုံးပုံဆောင် ထေရ်နှစ်ပါးရဲ့အခြံအရံ တပည့်များက "ဒီတောအုပ်၌ နေတဲ့ နတ်တွေဟာ မျက်နှာကြည့်လျက် ဆွမ်းကို လှူကြတယ်၊ ပိဋကတ်သုံးပုံဆောင်ကုန်သော ရဟန်းတို့သည် ဒီမျှလောက်သော တရားကို ဟောကြားကြပါကုန်လျက် တစ်စုံတစ်ခု ချီးမွမ်းသော စကားကိုမျှလည်း မပြောဆိုမူ၍ ဒီမျှလောက်သော မထေရ်အိုကြီးသည် ဂါထာလေး တစ်ဂါထာကို ဟောတဲ့အခါကျမှ ကျယ်စွာသောအသံဖြင့် ကောင်းချီးနမော် သာဓုခေါ်တယ်" လို့ ကဲ့ရဲ့ကြသတဲ့ ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"အဲဒီလိုနဲ့ အဲဒီ ရဟန်းတော်တွေလည်း တောထဲမှာ ကိစ္စပြီးတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်း ပြန်ကြွတာပေါ့နော်"

"မှန်ပါ ဘုရား"

"ဇေတဝန်ကျောင်း ရောက်တယ်ဆိုရင်ပဲ မကျေနပ်တဲ့ ရဟန်းတော်တွေဟာ တောထဲမှာ ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"အဲဒီလို လျှောက်ထားတော့ တရားမင်းဘုရင် ဘုရားရှင်က -

"ချစ်သားရဟန်းတို့၊ ငါသည် များစွာ သင်လည်း သင်၊ ဟောလည်း ဟောသော ထိုရဟန်းကို "တရားဆောင်သော = ဓမ္မဓရ" ဟူ၍ ဟောတော်မမူ၊ ချစ်သားရဟန်းတို့၊ တစ်ခုသော ဂါထာကိုသာ သင်ယူ၍ သစ္စာတရားတို့ကို ထိုးထွင်း၍သိသော ရဟန်းကိုသာ "တရားဆောင်သော = ဓမ္မဓရ" ဟူ၍ ဟောတော်မူ၏"

လို့ ဟောလိုက်တယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီလို ဟောပြီးတော့ ဘယ်လို ဆက်ဟောသလဲဆိုတော့ -

"ရဟန်းတို့၊ အကြင်မျှလောက်သော သင်ကြားခြင်းဆောင်ထားခြင်းစသော အကြောင်းဖြင့် များစွာ ဟောပြောတတ်၏။ ထိုမျှလောက်သော ဟောပြောတတ်ကာမျှဖြင့် တရားကိုဆောင်သူ "ဓမ္မဓရ" မဖြစ်နိုင်ဘူး" တဲ့၊ အဲဒီလို ဟောတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"တရားကို ဆောင်သူမဟုတ်ရင် ဘာဟုတ်သလဲဆိုတော့ အနှယ်အဆက် မပျက်အောင် စောင့်ရှောက်သူသာ ဟုတ်သတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"အေး... ခုခေတ်မှာလည်း တရားဟောပုဂ္ဂိုလ်တွေ မိုလိုပေါက်နေတာပဲ၊ တရားပွဲတွေလည်း မိုလိုပေါက်နေတာပဲ၊ တချို့က ဓမ္မကထိကတွေ ဖောင်းပွကုန်ပြီတဲ့ ပြောကြတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"တရားကို ဆောင်.မဆောင် ဓမ္မဓရ ဟုတ်.မဟုတ် ကြည့်သာ နာကြပေတော့နော်"

"မှန်ပါ ဘုရား"

"ကဲ... ဘုရားဟောတာ ဆက်ကြဦးစို့၊ ဘုရားရှင်က အဲဒီရဟန်းတော်တွေကို -

"ရဟန်းတို့၊ အကြင် သူ သည်ကား အနည်းငယ်မျှသော တရားစကားကို သာ ကြားနာရ၍ သစ္စာလေးပါးတရားကို နာမကာယဖြင့် ထိုးထွင်းသိမြင်၏" တဲ့"

"မှန်ပါ ဘုရား"

"ဆိုလိုတာက အနည်းငယ်မျှ နာကြားရတဲ့ တရားကို လျော်စွာကျင့်သဖြင့် ဒုက္ခ စသည်ကို သိပြီးတော့ သစ္စာလေးပါး သိသွားတယ်လို့ ဆိုလိုတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ပြီးတော့ ဘယ်လိုဆက်ဟောသလဲဆိုတော့ -

"ရဟန်းတို့ အကြင်သူသည် တရားကို မမေ့မလျော့" တဲ့"

"မှန်ပါ ဘုရား"

"ဒါက ဘာကို ဆိုလိုတာလဲဆိုတော့ လုံ့လကြီးကုတ် အားထုတ်လျက် "ယနေ့ ယနေ့ပင်" ဟု မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိပြီး တရားမမေ့သူကို ဆိုတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ဘုရားရှင်က ဆက်ပြီးတော့ -

"ရဟန်းတို့ အဲဒီသူ နှစ်ယောက်သည် စင်စစ် တရားဆောင်သူ "ဓမ္မဓရ" မည်တယ်" လို့ မိန့်တော်မူတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒါဖြင့် ဒေသနာတော်ကို ပြန်ချုပ်ကြည့်စို့နော်"

"မှန်ပါ ဘုရား"

"၁။ များစွာ သင်ကြား ဟောကြားကာမျှဖြင့် တရားဆောင်သူ "ဓမ္မဓရ" မဟုတ်၊

၂။ အနည်းငယ်မျှ သင်ကြား ဟောကြားပြီး သစ္စာလေးပါး သိသူသည် "ဓမ္မဓရ" ဟုတ်တယ်၊

၃။ တရားကို မမေ့ မလျော့သူသည်လည်း "ဓမ္မဓရ ဟုတ်တယ်" လို့ အချုပ်မှတ်နော်"

"မှန်ပါ ဘုရား"

"အရှင်ဘုရား၊ တရားမမေ့သူဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲဘုရား"

"အေး…အဲဒါ မေးဖို့ကောင်းတယ် ဒကာကြီး၊ မေးတာလည်း ကောင်းတယ်"

"မှန်ပါ ဘုရား၊ အမိန့်ရှိပါဦး"

"အာရုံငါးပါး ကာမဂုဏ်တရား လိုက်စားအားကြီးသူဟာ တရားမေ့သူတဲ့ ဒကာကြီး"

"ဒါဖြင့် အရှင်ဘုရား၊ တရားဟောတဲ့အခါ ကိုယ့်အသံကိုယ် သာယာပြီး အသံလုပ်ဟောရင် တရားမေ့နေပြီပေါ့ ဘုရား။ နာတဲ့လူကလည်း ဒီအသံကို မက်ပြီး နာနေရင် တရားမေ့နေပြီပေါ့ ဘုရား"

"အင်းပေါ့"

"ဒါကြောင့် တရားပွဲတွေ များသော်လည်း တရားမရကြတာပဲ ဘုရား"

"သဘောပေါက်ပြီလား"

"မှန်ပါ၊ ပေါက်ပါပြီ ဘုရား"

"ဒါဖြင့် တရားဟောတဲ့အခါ လူသာဓုခေါ် နတ်သာဓုခေါ်ဖြစ်အောင် ဟောရမယ်ဆိုတာ သဘောပေါက်ပြီလား"

"မှန်ပါ၊ပေါက်ပါပြီ ဘုရား"

"ဒါဖြင့် နာတဲ့အခါကော"

"လူသာဓုခေါ်. နတ်သာဓုခေါ် ဖြစ်အောင် နာရပါမယ်ဘုရား"

"လူကြားကောင်း တရားနာ တာမျိုး ဆိုရင် လူသာဓုခေါ် နတ်သာဓုခေါ် ဖြစ်ပါ့မလား"

"မဖြစ်ပါဘုရား"

"ဒါဖြင့် လူကြားကောင်း တရားဟော ကော"

"လူသာဓုခေါ် နတ်သာဓုခေါ် မဖြစ်နိုင်ပါဘုရား"

"အေး…ဒီခေတ်မှာ လူကြားကောင်း တရားဟောနဲ့ လူကြားကောင်း တရာနာတွေသာ များနေပါသေးတယ်၊ အဲဒါ လူသာဓုခေါ် နတ်သာဓုခေါ် အဆင့်ရောက်အောင် ကြိုးစားဖို့ အများကြီး လိုသေးတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ…တော်ကြဦးစို့"

"နေပါဦးဘုရား၊ နတ်သာဓုခေါ်တဲ့ ဂါထာတော်ကို ရွတ်ပြပါဦးဘုရား"

"ဘာလဲ ဒကာကြီးက စမ်းကြည့်မလို့လား"

"မဟုတ်ပါဘုရား"

"မစမ်းနဲ့၊ တရားမရှိရင် နတ်က သာဓုခေါ်မှာ မဟုတ်ဘူး၊ လူကတော့ "သတည်း" ချရင် သာဓုခေါ်တယ်"

"မှန်ပါ အမိန့်ရှိပါဘုရား"

အဝိစေတသော အပ္ပမဇ္ဇတော၊

မုနိနော မောနပထေသု သိက္ခတော။

သောကာ န ဘဝန္တိ တာဒိနော၊

ဥပသန္တဿ သဒါ သတီမတော။

"အဲဒါပဲ ဒကာကြီး၊ အဲဒါ နတ်သာစုခေါ်တဲ့ ဂါထာပဲ"

"အရှင်ဘုရား အနက်ပြပေးပါဦးဘုရား"

"လာ.လာသေးတော့တယ်၊ ခုနက ဂါထာ၊ ခုတော့ တစ်ခါအနက်တဲ့"

"သည်းခံပါဘုရား"

"အင်း... ခုတော့ သည်းခံ.ရတော့မပေါ့၊ ပြီးနေမှပဲ၊ ကဲ... မှတ်ထား၊ အနက်က ဘာတဲ့လဲ -

"အဓိစေတသော = အလွန်မြတ်သော အရဟတ္တဖိုလ်စိတ် ရှိထသော၊ အပ္ပမဇ္ဇတော = မမေ့မလျော့ အပြစ်ကင်းသော တရားတို့ကို အားထုတ်လေ့ ရှိထသော၊ မောနပထေသု = အရဟတ္တမဂ်ဉာဏ်၏အကြောင်း သိက္ခာသုံးပါးတို့၌၊ သိက္ခတော = ကျင့်ပြီးထသော၊ တာဒိနော = တာဒိဂုဏ်နှင့် ပြည့်စုံထသော၊ ဥပသန္တဿ = ရာဂ စသည်တို့၏ ငြိမ်းခြင်းဖြင့် ငြိမ်းပြီးထသော၊ သဒါ = အခါခပ်သိမ်း၊ သတိမတော = သတိနှင့် ပြည့်စုံထသော၊ မုနိနော = ရဟန္တာအား၊ ဝါ - ရဟန္တာ၏ ကိုယ်တွင်း၌၊ သောကာ = ဏှဒ္ဓာရှဲ ကြွေကွင်းခြင်း စသည်ကြောင့် ဖြစ်သော စိုးရိမ်ခြင်း သောကတို့သည်၊ နဘဝန္တိ = မဖြစ်ကြကုန်" တဲ့၊ ကဲ... ပြီးရောပေါ့"

"မှန်ပါ ဘုရား"

✦ လူနတ်နမော် သာစုခေါ် အကျော်ဖြစ်ပါစေ။

✦ လူနတ်မကြိုက် အများလိုက် အမိုက်ရှောင်ပါလေ။

✦ နည်းဟော.များဟော တရားသဘော ထင်သောကိုယ်မှာ ရှိပါစေ။

✦ နည်းနာ.များနာ တရားဟာ ထင်စွာကိုယ်မှာ ရှိပါစေ။

# သီလညှိုးတယ်ဆိုတာ ဘယ်လိုဟာပါလဲဘုရား

(၁၀၇)

“ပဋ္ဌသီဥပုသ်၊ မယုတ်အားကြိုး
ဤကျင့်ရိုးကား၊ ကောင်းကျိုးကုသိုလ်
မကောင်းလိုတည့်၊ နေ့ကိုစောင့်က
နေ့ဖို့ရ၏၊ ညလည်းထို့တူ
မှတ်လေမူလော့၊ ဆယ်ဆူသီလ
နိယာမလည်း၊ ကာလပိုင်းခြား
နေ့ရက်အားဖြင့်၊ မများမှန်လှ
စောင့်အပ်စွရှင့်”

(မယဒေဝ)

ဘုရားရှင်၏ သာသနာတော်သည် သီလ, သမာဓိ, ပညာ ဟူ၍ သုံးပါးသာ ရှိ၏။ ယင်းတွင် သီလကား သာသနာတော်၏ အစသာ ဖြစ်၏။ သာသနာ၏ အစဖြစ်သော သီလအကြောင်းမျှ မသိရှိ၍ သီလ မဖြည့်နိုင်ပါလျှင် သမာဓိပညာသည် အသို့နည်း။

မှန်၏။ သီလအကြောင်း သိသင့်၏။ သီလလည်း ဖြည့်သင့်၏။ ယင်းသို့ သိသင့်၍ သိချင်သူတစ်ယောက်နှင့် တစ်ခါက တွေ့ခဲ့၍ သူက မေး၏။

“အရှင်ဘုရား သီလ ပျက်တာတော့ သိလွယ်ပါတယ်ဘုရား၊ သီလညှိုးတယ်ဆိုတာ ဘယ်လိုပါလဲ ဘုရား”

“အင်း... ခက်ခက်ပဲ ဒကာကြီး”

“ဘာဖြစ်လို့ပါလဲ ဘုရား”

"မပျက်အောင်စောင့်ဖို့ လွယ်တယ်၊ မညှိုးအောင် စောင့်ဖို့က မလွယ်ဘူး ဒကာကြီး"

"မလွယ်ပုံ သိပါရစေဘုရား"

"ပုထုဇဉ် လူ ရှင် ရဟန်းတို့ရဲ့သီလဟာ အညှိုးလွတ်ဖို့ မလွယ်ဘူး ဒကာကြီး"

"အမိန့်ရှိပါဘုရား"

"မေထုံငယ် (၇)ပါးဆိုတာ ရှိတယ်ဒကာကြီး၊ ဘာတွေလဲဆိုတော့ -

၁။ မိန်းမရဲ့ အနင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်း

၂။ မိန်းမနှင့်တကွ ရယ်ရွှင်ဖွယ်တွေ ကျီစယ်ပြောဆို သာယာခြင်း

၃။ မိန်းမနှင့် မျက်နှာချင်းဆိုင်ပြီး စိမ်းစိမ်းကြည့်ခိုက် ကြည့်ရှုသာယာခြင်း

၄။ မိန်းမ၏အသံကို အနီးအဝေးက ကြား၍ သာယာခြင်း

၅။ ရှေးရှေးသောအခါက မိန်းမနှင့် ပျော်ပါးဖူးသည်ကို အမှတ်ရ၍ တအောက်မေ့မေ့ သာယာခြင်း

၆။ သူတစ်ပါးကို မိန်းမနှင့် ပျော်ပါး၍နေတာကို မြင်၍ကြား၍ သာယာခြင်း

၇။ နတ်သား နတ်သမီး ဖြစ်ပြီး ခံစား.စံစားလို့တဲ့ စိတ်ထားနဲ့ သီလစောင့်ခြင်း

အဲဒီ ၇ ပါးကို မေထုံငယ် ခေါ်တယ် ဒကာကြီး၊ အဲဒီ ၇ ပါးတွင် တစ်ပါးပါးနှင့် စွန်းငြိရင် သီလညှိုးတယ် ဒကာကြီး"

"မလွယ်ပါလား ဘုရား"

"ဒါကြောင့် အလုပ်ပျက်ခံပြီး တစ်နေ့တစ်ရက်မျှ စောင့်ထိန်းရတဲ့ သီလကို အဲဒီ ၇ ပါးသော ညှိုးနွမ်းခြင်းမှ ကင်းလွတ်စင်ကြယ်ဖို့ရာ ဥပုသ်နေ့မှာ ထမင်းစောစောစား သီလခံယူပြီး တစ်နေ့လုံး မာတုဂါမတို့နှင့် မတွေ့ရ မမြင်ရ အသံစကားကိုမျှ မကြားရသော နေရာတွေမှာ နေဖို့သင့်တယ်နော်"

"မှန်ပါ၊ မြတ်စွာဘုရားက ဒါကြောင့် တောကို ညွှန်းတာပဲဘုရား၊ အခု အဓိပ္ပာယ်ပေါက်တယ်ဘုရား"

"အင်း...အဲဒီအဓိပ္ပာယ် မသိတဲ့ ဓမ္မကထိက တစ်ပါးက တောထဲနေတိုင်း တရားရရင် တောထဲက မျောက်တွေ တရားရကုန်ရောပေါ့တဲ့ ဒကာကြီး"

"တော်တော်ဆိုးတဲ့ ဓမ္မကထိကဘုရား"

"ဆိုးမှာပေါ့၊ ကဲ...ထားပါ၊ သီလညှိုးနွမ်းကြောင်းတွေ အများကြီး ရှိသေးတယ်၊ ဘာတွေလဲဆိုတော့ -

၁။ အမျက်ထွက်ခြင်း

၂။ ရန်ငြိုးဖွဲ့ခြင်း

၃။ သူ့ကျေးဇူးကို ချေဖျက်ခြင်း

၄။ သူတစ်ပါး အညံ့အဖျင်း ဖြစ်အောင် ပြုခြင်း

၅။ သူတစ်ပါးကို မနာလိုခြင်း

၆။ ဝန်တို စေးနဲခြင်း

၇။ မိမိ၌ရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း

၈။ မိမိ၌ မရှိတဲ့ဂုဏ်ကို အရှိပြု၍ ပြခြင်း

၉။ ကိုင်းညွတ်ထိုက်သူကို မကိုင်းညွတ်ခြင်း

၁၀။ မာန ကြီးခြင်း

၁၁။ အလွန်မာန ကြီးခြင်း

၁၂။ မာန်ယစ်ခြင်း

၁၃။ မေ့လျော့ကြောင်း ဖြစ်တဲ့ အဖျင်းအပျော် ရယ်စရာတွေ ပြောခြင်း

၁၄။ မိမိဘက်ကို အမြတ်အသား ပြုခြင်း

၁၅။ သူတစ်ပါးဘက်ကို အယုတ်အညံ့ ပြုခြင်း

၁၆။ သူတစ်ပါးကို မျက်မှောက်ကဲ့ရဲ့ ခြင်း

၁၇။ သူတစ်ပါးကို မျက်ကွယ် ကဲ့ရဲ့ ခြင်း

စသည့်ဖြင့် သီလညှိုးရန်၊ ဥပုသ်ညှိုးရန် တရားတွေ အများကြီးပဲ ဒကာကြီး"

"အဲဒါတွေက တပည့်တော်တို့နှင့်သာ ဆိုင်ပါသလား၊ အရှင်ဘုရားတို့နှင့်ကော မဆိုင်ဘူးလားဘုရား"

"ဆိုင်တာပေါ့၊ သီလစောင့်တယ်ဆိုမှ အားလုံးပေါ့"

"မလွယ်ပါလားဘုရား"

"ပြီးတော့ ရှိသေးတယ်၊ အကြောင်းမရှိဘဲ နေလွဲ ကွမ်းစား၊ ဆေးငုံ၊ ဆေးသောက်မှု ဟာလည်း သာယာတဲ့ ကိလေသာမို့ ဝိကာလဘောဇနေသိက္ခာပုဒ် ညှိုးတယ်"

"နို့ ... တချို့က ဆေးသောက်တာတော့ အပြစ်ကြီးတစ်ခု လုပ်နေကြပါလားဘုရား"

"ငုံတာက အဖတ်တွေရော၊ အရည်တွေရော ဆိုတော့ ပိုပြီးတောင် မဆိုးဘူးလား၊ သောက်တာက အငွေ့ရယ်"

"ဆိုးပါတယ်ဘုရား"

"ရှိသေးတယ်၊ ဆိုးတာတွေ အများကြီးပဲ၊ ဘာတဲ့လဲ -

၁။ မိမိအကျင့်ကို သူတစ်ပါးတို့ သိကြားစေဖို့ ထင်ရှားစေလိုခြင်း

၂။ မကောင်းတဲ့ အဝတ်အစား အခင်းအခြုံ အရုံတို့၌ ရောင့်ရဲခြင်း မပြုဘဲ အဝတ်အစားကောင်း၊ အခင်း အခြုံ အရုံ ဖဲမွေ့ယာ ကမ္ဗလာကော်ဇော စသော အိပ်ရာနေရာကောင်းတို့ကို သာယာခြင်း

၃။ သိက္ခာပုဒ် အပျက်အငြိ လွတ်ရုံမျှ အားရပြီးတော့ ထို့ထက်အလွန် ခြိုးခြံမှု မရှိခြင်း

၄။ အပေါင်းအဖော်နှင့် မွေ့လျော်ခြင်း

၅။ သူတော်ကောင်းတရားမှ အလွတ်ဖြစ်သော စကား၌ မွေ့လျော်ခြင်း

စသည်တို့ဟာလည်း သီလညှိုးနွမ်းကြောင်းတွေပဲ ဒကာကြီး"

"ဒါလည်း လူကော ရဟန်းကော အတူတူပဲလား ဘုရား"

"ရဟန်းသီလ လူသီလ အတူတူပေါ့ ဒကာကြီး"

"သီလတောင် မလွယ်ပါလားဘုရား"

"ရဟန်းတော်လည်း ပြောခဲ့ပြီးတဲ့ တရားတွေ မလွတ်ရင် ညှိုးတာပဲ ဒကာကြီး"

"ဖြူစင်တဲ့ သီလဆိုတာ မလွယ်ပါလားဘုရား"

"ယခုပြောဆိုခဲ့တဲ့ တရားတွေကင်းမှ ဖြူစင်တဲ့သီလ မညှိုးနွမ်းတဲ့သီလ ဖြစ်မယ် ဒကာကြီး"

"ဒါကြောင့် ဘုရားရှင်က တစ်ယောက်တည်းနေဖို့ တောနေဖို့ ချီးမွမ်းတာလို့ တပည့်တော် အခုမှ အဓိပ္ပာယ်ပေါက်တယ်ဘုရား။ မြို့မှာ ရွာမှာ သီလတောင် မလွယ်ပါဘုရား"

"သီလဆိုတာ နိဗ္ဗာန်ရဲ့ တံခါးပေါက်ပဲ၊ သီလပြည့်ရင် နိဗ္ဗာန်တစ်လှမ်းပဲ"

"ဒါဖြင့် နိဗ္ဗာန်ရဖို့ သီလ အရေးကြီးတယ်လားဘုရား"

"ကြီးတာပေါ့ ဒကာကြီး၊ ခက်တယ်၊ ဒကာကြီးတို့ကလည်း တရားနာတာတောင် ဂုဏ်ထူးတွေ ပြောပြမှ၊ အသံသာသာနဲ့ ချွဲပြောမှ၊ ရယ်စရာတွေ ပြောမှ ကြိုက်တယ်ဆိုတော့ ဟောသူ့နာသူ သီလတွေ ညှိုးပျက်မှ ကြိုက်တယ်ဆိုတဲ့အဓိပ္ပာယ် ရောက်မကုန်ဘူးလား"

"မှန်ပါ၊ ဒီအဓိပ္ပာယ် ရောက်နေပါတယ်ဘုရား"

"ပညာရှိတွေ သိတယ်၊ ကဲ့ရဲ့တယ်၊ ဒါမျိုး မကြိုက်နဲ့နော်၊ နိဗ္ဗာန်မင်္ဂလိုလ်နဲ့ အဝေးကြီးနော်"

"မှန်ပါ ဘုရား"

"ကဲ ... တော်ကြစို့"

✦ သီလပြည့်က နိဗ္ဗာန ရောက်ရမြန်မကြာ။

✦ နိဗ္ဗာန်လိုချင် သီလပင် ဖြူစင်စောင့်ကြပါ။

✦ သီလ.မဖြူ နိဗ္ဗာန်မှု ရယူဝေးလှပါ။

📖

# ကုသိုလ်လုပ်ကာမှ အဆင့်ကျလို့တဲ့ဘုရား

(၁၀၈)

တစ်ချိန်သော နေ့ကာလက ဖြစ်၏။ မိမိသည် တစ်နေရာတွင် အနားယူ၍ စာရေးနေသည်။ မိမိ၏အယူအဆမှာ အလုပ်တစ်ခုမှ အလုပ်တစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းသည်ပင် အနားယူခြင်းဟု ယူဆ၏။

သီးခြား ဘာမျှမလုပ်မကိုင် အနားယူခြင်းမျိုးကိုမူ မိမိ မနေတတ်။ တစ်ချိန်က မိမိသည် ဘာမျှမလုပ်မကိုင် အေးအေး အနားယူမည်ဟု အနားယူကြည့်ရာ စိတ်တွေ လေးလာသည်။

သို့ဖြင့် မိမိသည် ယခုအခါမှာတော့ အနားယူသည်မှာ အလုပ်တစ်ခုမှ အလုပ်တစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းပဲဟု ယူဆကာ အလုပ်ပြောင်းရွှေ့၍သာ အနားယူပါသည်။

မိမိ၏ ပင်တိုင်အလုပ်မှာ စာချ ဖြစ်၏။ အကြားကာလ အအားကာလတွင် တရားဟော တရားပြပေး၏။ စာရေး၏။ မိမိအတွက်မူ ညဦးပိုင်းနှင့် နံနက်ပိုင်းကို အချိန်ယူထား၏။ ယင်းအချိန်တွင် သီးခြားအချိန်အဖြစ် ယူထား၏။

ယင်းသို့ဖြင့် အချိန်ကို ဖယားချ၍ သုံးရသော မိမိသည် စာချ၊ တရားဟော၊ တရားပြ အလုပ်များမှ အအားယူ အနားယူ၍ စာရေးနေ၏။

မိမိသည် စာရေးသည့်အခါတွင် ဆွမ်းခံ ဆွမ်းစားချိန်မှ တစ်ပါး အချိန်ပြည့် စာရေး၏။ ညနေလေးနာရီမှ ရေချိုး၊ လမ်းလျှောက်သည်။

ယင်းအချိန်တွင် မိမိထံသို့ မိမိ၏ စာဖတ်ပရိသတ်များ၊ တရားနာပရိသတ်များ ရောက်လာတတ်၏။ တစ်နေ့ညနေ ဖြစ်၏။ လာနေကျ ရင်းနှီးသူ ဒကာတစ်ဦးနှင့် မမြင်ဖူးသော လူစိမ်းဒကာတစ်ယောက် ရောက်လာသည်။

အသီးသီး နေရာယူ ရှိခိုးပြီးသော် ရင်းနှီးသူဒကာက လူစိမ်းဒကာဘက်သို့ လှည့်ကာ မိမိနှင့် မိတ်ဆက်ပေးသည်။

"သူက (...) ပါဘုရား၊ ဒီ (...) က စခန်းမှူးပါ ဘုရား၊ ဆရာတော့် စာအုပ်တွေလည်း ဖတ်ဖူးပါတယ်၊ တရားလည်း နာဖူးပါတယ်"

ထိုအခါ မိမိသည် ယင်းဒကာဘက်သို့ လှည့်ကာ စကားပြောရဲအောင် စကား စ,ပေးလိုက်သည်။

"တရားနာတဲ့အလေ့၊ စာဖတ်တဲ့အလေ့ ရှိတာ တော်တော်ကြာပြီလား"

ဗုဒ္ဓဘာသနာဝင်တို့သည် အများအားဖြင့် တရားနာလေ့၊ စာဖတ်လေ့ ရှိသူ ရှားပါးသည်။ အထူးသဖြင့် လ၀.စားများမှာ ပို၍ရှားပါးသည်။ သို့ကြောင့် မိမိက မေးခြင်း ဖြစ်သည်။

"မှန်ပါ၊ မကြာသေးပါဘုရား"

"သူက နဂိုက လူဆိုးဘုရား"

မိမိနှင့် ရင်းနှီးသူက ယင်းလူစိမ်းဒကာ ပြောအပြီးတွင် ဝင်ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါ ဒကာက ပြောသည်။

"သူပြောတဲ့အတိုင်းပါပဲ ဘုရား။ တပည့်တော်ဟာ တစ်ချိန်က တော်တော်ဆိုးပါတယ်"

"ကဲ . . . ယခုတော့ ဘယ်လိုကောင်းသွားလဲ ပြောစမ်းပါဦး၊ ဦးပဉ္စင်းတို့က တရားဟောဆရာ၊ စာရေးဆရာဆိုတော့ မှတ်ရ သားရ သာဓကေ ပြုရတာပေါ့"

"တပည့်တော်တို့ အမှုထမ်းဘ၀ဆိုတော့ တရားနဲ့ ဝေးခဲ့ပါတယ်ဘုရား"

"အင်း"

"အထူးသဖြင့် ရဲဆိုတော့ ပိုပြီးတော့ တရားနဲ့ဝေးပါတယ်ဘုရား"

"အင်း"

"တစ်ခါက တရားပွဲတစ်ပွဲမှာ လုံခြုံရေးတာဝန်ကျတာနဲ့ လုံခြုံရေးတာဝန်ယူရင်း တရားသံကို အမှတ်မထင် နားဝင်သွားပါတယ်ဘုရား"

"အင်း . . . ဘယ်လိုတရားသံလဲ၊ ပြောစမ်းပါဦး"

"တရားဟောဆရာတော်က တိရစ္ဆာန်တွေပုံပြပြီး "ဒကာ ဒကာမတို့၊ အိမ်အောက်တွေမှာ ရှိနေတဲ့ တိရစ္ဆာန်တွေဟာ တရားနာရမှန်း၊ ဒါနပြုရမှန်း၊ သီလဆောက်တည်ရမှန်း၊ တရားအားထုတ်ရမှန်း သိလား" လို့ မေးတယ်ဘုရား"

"အင်း"

"ဒီတော့ ပရိသတ်က "မသိပါ ဘုရား" လို့ ဖြေတယ်ဘုရား"

"အင်း"

"ဒီတော့ ဆရာတော်က "အဲဒီ တိရစ္ဆာန်တွေဟာ အိပ်ရမှန်း၊ စားရမှန်း၊ ပျော်ပါးရမှန်း၊ ကာမဂုဏ်ခံစားရမှန်းတော့ မသိဘူးလား" လို့ မေးတော့ "သိပါတယ် ဘုရား" လို့ ပရိသတ်က ဖြေပါတယ်ဘုရား"

"အင်း"

"ဒါန၊ သီလ၊ ဘာဝနာ ပြုရမှန်းတော့ မသိ၊ အိပ်. စား. ပျော်ပါး. ကာမဂုဏ်ခံစားမှုလောက်သာ သိတဲ့လူဟာ အိမ်ပေါ် အိမ်အောက်က တိရစ္ဆာန်တွေနဲ့ ဘာထူးသေးလဲလို့ ဆရာတော်က မေးတော့ ပရိသတ်က "မထူးပါ ဘုရား" လို့ ဖြေတယ်ဘုရား"

"အင်း"

- "အဲဒီ မေး.ဖြေသံလည်းကြားရော တပည့်တော်ဟာ တော်တော်ပဲ ထိတ်လန့်သံဝေဂ ရသွားပါတယ်ဘုရား၊ ကြက်သီးမွေးညှင်းလည်း ထ.ပါတယ်ဘုရား"

"အင်း . . . သူတော်ကောင်းတရား ဓာတ်ခံပါသူအဖို့ သံဝေဂ.ဖြစ်လောက်၊ ကြက်သီး ထ.လောက်ပါတယ်"

"အဲဒါနဲ့ တပည့်တော် ဆုံးဖြတ်ချက် ချတယ်ဘုရား၊ ငါတော့ ဒီလိုနေလို့ မဖြစ်တော့ဘူး၊ ငါ့ဘဝဟာ ဘာမှ အာမခံချက်မရှိသေးဘူးလို့ ဆိုပြီး လမ်းစဉ်ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်ဘုရား"

"အင်း . . . ဘယ်လိုပြောင်းလဲ"

"အရက်မသောက်တော့ဘူး၊ ဒါန. သီလ လိုက်စားမယ်၊ ဘုရားရှိခိုး ပုတီးစိပ်မယ် ဆိုပြီး ကောင်းမှုကုသိုလ်တွေ နိုင်သလောက် ကြိုးစားလုပ်ပါတယ်ဘုရား"

"အင်း"

"အဲဒါ သူက "ကုသိုလ်လုပ်ကာမှ အဆင့်ဟျလို့"တဲ့ ဘုရား၊ ဆရာတော့် လျှောက်ချင်လို့ တပည့်တော် ခေါ်တာနဲ့ လိုက်လာခဲ့ရပါတယ်ဘုရား"

မိမိနှင့် ရင်းနှီးသူ ဒကာက ဝင်ပြောခြင်း ဖြစ်သည်။ ထိုအခါ မိမိက ပြောလိုက်သည်။

"အင်း . . . ဟုတ်တာပေါ့၊ မေးစရာပေါ့၊ ကုသိုလ်မလုပ်ခင်က အဟုတ်သား၊ ကုသိုလ်လုပ်ကာမှ ရာထူးကျတယ်ဆိုတော့ မေးစရာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုအဖြစ်မျိုးနဲ့ ပတ်သက်လို့ စကားတစ်ခု ရှိတယ်၊ အဲဒါ ကြားရရင် ရှင်းသွားပါလိမ့်မယ်"

"အမိန့်ရှိပါဘုရား၊ အဲဒါမျိုး ကြားချင်လို့ပဲ ဆရာတော်ဆီကို လာခဲ့တာပါဘုရား"

"ဇောမိပင်ပျိုးတော့ ပေါင်ကျိုး.ရ၊ ဇောမိကိုင်း ချိုးတော့ ရွှေအိုး.ရ ဆိုတဲ့ အဲဒီစကား ကြားဖူးလား"

"မကြားဖူးပါဘုရား"

"စကား အဆန်းနော်"

"မှန်ပါဘုရား၊ စိတ်ဝင်စားစရာပဲ"

"အဓိပ္ပာယ်များစွာ သက်ရောက်တဲ့ စကား"

"မှန်ပါ ဘုရား"

"ဇောမိပင် ဆိုတာဟာ ဘုရားရှင်ရဲ့ကိုယ်စားတော်ပဲ၊ ဘုရားရှင်ကို ရည်မှန်းပြီး "ဥဒ္ဒိဿစေတီ"အဖြစ် ကိုးကွယ်ပူဇော်ထိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အေး . . . ဒီတော့ ဇောမိပင် ပျိုးတယ်ဆိုတာ ဇောမိပင် စိုက်တာပဲမဟုတ်လား၊ ဇောမိပင် စိုက်တယ်ဆိုတာ "ဥဒ္ဒိဿစေတီ"တည်ထားကိုးကွယ်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဇောမိပင် ပျိုးတော့ ပေါင်ကျိုး.ရ ဆိုတော့ ဘုရားရှင်ရဲ့ "ဥဒ္ဒိဿစေတီ"တည်ထားကိုးကွယ်ကာမှ ပေါင်ကျိုးရတယ် ဆိုတဲ့ အဓိပ္ပာယ် ရောက်မသွားဘူးလား"

"ရောက်သွားပါတယ် ဘုရား"

"ဒကာကြီးအဖြစ်နဲ့ တူ.မနေဘူးလား"

"တူ.နေပါတယ် ဘုရား"

"ဒီတော့ ကုသိုလ်တရားတွေအပေါ်မှာ သံသယ ဖြစ်မလာဘူးလား"

"မှန်ပါ၊ သံသယဖြစ်လို့ လာပြီးမေးလျှောက်ပါတယ် ဘုရား၊ သံသယကင်းအောင် ရှင်းပြပါဘုရား"

"ဇောမိပင်ပျိုးလို့ ပေါင်ကျိုးရတဲ့ လူဟာ ဘာကြောင့် ပေါင်ကျိုးလည်း ဆိုတော့ ဒီလို . . . ၊ တကယ်လို့ သူဟာ ဇောမိပင် ပျိုးခြင်းဆိုတဲ့ ဥဒ္ဒိဿစေတီ တည်ထားကိုးကွယ်မှု မပြုမိရင် သေကို သေမှာနော်"

"မှန်ပါ ဘုရား"

"ယခုတော့ တေမိပင်ပျိုးခြင်းဆိုတဲ့ ဥဒ္ဒိဿစေတီ ကည်ထားကိုးကွယ်မှု ကုသိုလ်ပြုလိုက်တော့ ကြီးသောအမှု ငယ်၊ ငယ်သောအမှု ပပျောက် ဆိုတာလို သေမလောက်ကြီးတဲ့ မကောင်းကျိုးဒုက္ခဟာ ပေါင်ကျိုးရုံလောက် ငယ်.မသွားဘူးလား"

"မှန်ပါ၊ ငယ်သွားပါတယ်ဘုရား"

"ဒီမှာလည်း အဲဒီအတူပေါ့၊ ဒကာကြီးဟာ ကုသိုလ်မှုတွေသာ မပြုမိဘဲ ခုအထိသာနေမိရင် သေတောင် သေနိုင်တယ်၊ ခုတော့ ကုသိုလ်ပြုမိလို့ သေမယ့်ဒုက္ခဟာ မသေဘဲ ရာထူးကျရုံလောက် ကျတာပဲလို့ မှတ်ပြီး ကုသိုလ် ဆက်ပြီးကြိုးစားပါ"

"မှန်ပါ ဘုရား"

ထိုအခါ ရင်းနှီးသူဒကာက မေးလျှောက်ရာ -

"တေမိပင်ကိုင်းချိုးတော့ ရွှေအိုးရ" ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပါဦး ဆရာတော်ဘုရား"

"တေမိကိုင်း "ဥဒ္ဒိဿစေတီ" ဆိုတာတော့ အမှတ်သတိ ရှိထားနော်"

"မှန်ပါ ဘုရား"

"ဒီတော့ တေမိကိုင်း ချိုးတယ်ဆိုတာ "ဥဒ္ဒိဿစေတီ" ကို ဖျက်ဆီးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဥဒ္ဒိဿစေတီ ဖျက်တယ်ဆိုတော့ ကုသိုလ်လား၊ အကုသိုလ်လား"

"အကုသိုလ်ပါဘုရား"

"အကုသိုလ်ဆိုတော့ ကောင်းကျိုး ပေးမလား၊ မကောင်းကျိုး ပေးမလား"

"မကောင်းကျိုး ပေးမှာပါဘုရား"

"မကောင်းကျိုး ပေးရမှာ မပေးဘဲ ရွှေအိုးရတယ်ဆိုတော့ ကောင်းကျိုး ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ် ဘုရား"

"အမှန်က အဲဒါ ဆိုးကျိုးပဲ"

"အဲဒီလူဟာ အင်မတန် ကုသိုလ်ကြီးတဲ့လူ၊ ရွှေတွေ သုံး.မကုန် စွဲ.မကုန် ရမယ့်လူ"

"မှန်ပါ ဘုရား"

"အဲဒါ တေမိကိုင်းချိုးတဲ့ အကုသိုလ် သွားလုပ်မိတော့ ရွှေတွေ သုံးစွဲမကုန်ရမယ့် အကျိုးမှ ရွှေအိုး တစ်လုံးလောက်သာ ရတဲ့အကျိုးသို့ ပြောင်းသွားတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ကုသိုလ်ဟာ အစွမ်းသတ္တိ ရှိသလို အကုသိုလ်ဟာလည်း အစွမ်းသတ္တိ မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ကုသိုလ်အစွမ်းသတ္တိ လိုချင်လား၊ အကုသိုလ်အစွမ်းသတ္တိ လိုချင်လား"

"ကုသိုလ်အစွမ်းသတ္တိ လိုချင်ပါတယ်ဘုရား"

"ကုသိုလ်အစွမ်းသတ္တိ လိုချင်ရင် ကုသိုလ်ကောင်းမှု ကြိုးစားပြုပေါ့နော်"

"မှန်ပါ ဘုရား"

"ကုသိုလ် အကုသိုလ် အကျိုးမပေးသေးခင်တော့ ကုသိုလ် အကုသိုလ်ရဲ့ သတ္တိဟာ မသိသာသေးဘူး၊ အကျိုးပေးပြီဆိုတော့ သိသာတယ်"

"ရှင်းပါဦး ဘုရား"

"အကုသိုလ်ဟာ အကြောင်းကံပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အကျိုးပေးရင် ကေန်မုချကို မကောင်းကျိုး ပေးရမှာပဲနော်"

"မှန်ပါ ဘုရား"

"ဒါဖြင့် ယခုမျက်မှောက်ဘဝမှာ အကုသိုလ်ကို လုပ်ကိုင်နေပြီး ကောင်းကျိုးရနေသူဟာ ဘယ်လိုလဲလို့ မေးစရာ မရှိလာဘူးလား"

"ရှိပါတယ် ဘုရား"

"အေး…အကုသိုလ်ပြုလုပ်ပြီးကောင်းကျိုးရနေတယ်ဆိုတာ ယခု မျက်မှောက်ပြုလုပ်တဲ့ အကုသိုလ်ကံက ကောင်းကျိုးပေးနေတာမဟုတ်ဘူး၊ အတိတ်က ပြုလုပ်ခဲ့တဲ့ကုသိုလ်သတ္တိက ပေးနေတာ၊ ယခုပြုတဲ့ အကုသိုလ်ကံက ပေးရင် မကောင်းကျိုးပဲ ပေးရမှာပဲ၊ ကောင်းကျိုး မပေးဘူးနော်"

"မှန်ပါ ဘုရား"

"အေး…ဒီလိုပဲ၊ ကုသိုလ်ဆိုတာလည်း အကြောင်းကံပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အကျိုးပေးရင် ကေန်မုချကို ကောင်းကျိုးပေးရမှာပဲနော်"

"မှန်ပါ ဘုရား"

"ဒါဖြင့် ယခုမျက်မှောက်ဘဝမှာ ကုသိုလ်ကံ ပြုလုပ်နေပြီး မကောင်းကျိုး ရနေသူဟာ ဘယ်လိုလဲလို့ မေးစရာ မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"အေး…ကုသိုလ်ပြုလုပ်ပြီး မကောင်းကျိုး ရနေတယ်ဆိုတာ ယခု မျက်မှောက်ပြုအပ်တဲ့ ကုသိုလ်ကံက မကောင်းကျိုး ပေးနေတာ မဟုတ်ဘူး၊ အတိတ်က ပြုလုပ်ခဲ့တဲ့ အကုသိုလ်သတ္တိက ပေးနေတာ၊ ယခုပြုတဲ့ ကုသိုလ်ကံက ပေးရင်တော့ ကောင်းကျိုးပဲ ပေးရမှာပေါ့၊ မကောင်းကျိုး မပေးရဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒါကို နားရှင်းရဲ့လား"

"ရှင်းပါတယ် ဘုရား"

"ထပ်ရှင်းရရင် ယခု အလှူလှူတယ်၊ တစ်ရာ ကုန်သွားတယ် ဆိုပါတော့၊ အဲဒီအလှူက အကျိုးမပေးသေးတော့ တစ်ရာ ကုန်သွားတယ်ဆိုတဲ့ ဆိုးကျိုးပဲ မတွေ့ရဘူးလား"

"တွေ့ရပါတယ် ဘုရား"

"အေး… သူများဥစ္စာကို သွားပြီး ခိုးတယ်ဆိုပါတော့၊ အဲဒီအကျိုးပေးရင် မကောင်းကျိုးပဲ၊ ယခု မပေးသေးတော့ ပစ္စည်းဥစ္စာရခြင်းဆိုတဲ့ ကောင်းကျိုးကိုပဲ မတွေ့နေဘူးလား"

"တွေ့နေပါတယ် ဘုရား"

"အဲဒါ ပင်ရင်းကုသိုလ်ကံ အကုသိုလ်ကံတွေ အကျိုးပေးခွင့် မရသေးခင်တော့ ဒီအတိုင်းပဲနော်၊ ကုသိုလ် လုပ်ရက်ကနဲ့ မကောင်းကျိုး တွေ့ချင်တွေ့မယ်၊ အကုသိုလ် လုပ်ရက်ကနဲ့ ကောင်းကျိုးတွေ့ချင်တွေ့မယ်"

"မှန်ပါ ဘုရား"

"ပင်ရင်း ကုသိုလ်၊ အကုသိုလ်တွေ အကျိုးပေးရင်တော့ ကုသိုလ်ကံက ကောင်းကျိုးပဲ ပေးရမှာပဲ၊ အကုသိုလ်ကံက လည်း မကောင်းကျိုးပဲ ပေးရမှာပဲနော်"

"မှန်ပါ ဘုရား"

"ကုသိုလ်အကျိုး အကုသိုလ်အကျိုးကို သဘောပေါက်ပြီလား"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

"အင်း... ဦးပဥ္စင်း အလွတ်ပြောနေတာ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်ဟောတဲ့ ပါဠိတော်ကို မြန်မာပြန်ပြီး ပြမယ်၊ မှတ်ထားပါ"

"မကောင်းမှု အကုသိုလ်ကံ ပြုလုပ်ထားသူသည်လည်း ယင်းအကုသိုလ် အကျိုးမပေးသေးခင် ကောင်းကျိုးချမ်းသာကို တွေ့မြင်ရသေး၏"

"မကောင်းမှု အကုသိုလ်ကံ အကျိုးပေးသောအခါ၌မူ မကောင်းမှု အကုသိုလ်ကံ ပြုလုပ်သောသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏"

"ကောင်းမှုကုသိုလ်ကံ ပြုလုပ်ထားသူသည်လည်း ယင်းကုသိုလ် အကျိုးမပေးသေးခင် မကောင်းကျိုးကို တွေ့မြင်ရသေး၏"

"ကောင်းမှုကုသိုလ်ကံ အကျိုးပေးသောအခါ၌မူ ကောင်းမှုကုသိုလ်ကံကို ပြုသောသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏"

တဲ့၊ အဲဒါ ဓမ္မပဒပါဠိတော် ဘုရားရှင်ဟောတဲ့ အတိုင်းကို ဘာသာပြန်တာပဲနော်"

"မှန်ပါ ဘုရား"

"ဒီတော့ လူ့ရယ်လို့ဖြစ်လာရင် ကုသိုလ်ရဲ့ကောင်းကျိုး၊ အကုသိုလ်ရဲ့မကောင်းကျိုး ဒီလောက်တော့ သက်ဝင်ယုံကြည်မှု ရှိအောင် လေ့လာလိုက်စားထားဖို့ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"အဲဒီလောက်မှ သက်ဝင်ယုံကြည်မှု မရှိရင် ဒကာကြီးနာခဲ့ရတဲ့ တရားလိုပဲ အိမ်ပေါ် အိမ်အောက်မှာ ရှိနေတဲ့ တိရစ္ဆာန်နဲ့ ထူးဦးမလား"

"မထူးပါ ဘုရား"

"လူဖြစ်ပြီးတော့ တိရစ္ဆာန်နဲ့ တူရတယ်ဆိုတော့ မကောင်းတော့ဘူးနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် မတူသည့်အားလျော်စွာ ထူးခြားအောင်သာ ကြိုးစားပါ၊ ကဲ... တော်ကြစို့"

✦ လူနဲ့ တိရစ္ဆာန် ခြားနားဟန် နှစ်တန့်သိရမည်၊

✦ အိပ်. စား. ကာမ သိရုံမျှ မှတ်ကြလူမပီ၊

✦ အကုသိုလ်.ပယ် ကုသိုလ်.ဆွယ် တကယ်လူပီသည်၊

✦ လူမပီက အပါယ်ကျ ဒုက္ခမလွတ်ပြီ၊

✦ လူပီလေက ချမ်းသာရ ရောက်ရနိဗ္ဗာန်ဆီ၊

# လူကို ဘုန်းကြီးက ဦးချ,ကောင်းပါသလားဘုရား

(၁၀၉)

"အပြစ်,မဟုတ်သည်၌ အပြစ်ဟု အယူ,ရှိကြကုန်၍ အပြစ်,ဟုတ်သည်၌လည်း အပြစ်,မဟုတ်ဟု ယူလေ့ရှိကုန်သော မှားသော အယူ,ရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏"

"အပြစ်,ကို အပြစ်,ဟု၊ အပြစ်,မဟုတ်သည်ကို အပြစ်,မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသော အယူ,ရှိကြကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏"

(ဓမ္မပဒ)

အထက်ပါ ဓမ္မပဒ,လာ တရားတော်ကို လေ့လာကြည့်လျှင် သတ္တဝါနှစ်မျိုးကို တွေ့နိုင်သည်။ ဒုဂ္ဂတိသို့ ရောက်ရမည့် သတ္တဝါ၊ သုဂတိသို့ ရောက်ရမည့်သတ္တဝါဟု သတ္တဝါနှစ်မျိုးပင် ဖြစ်၏။

အမှန်စင်စစ် လူတိုင်း၊ သတ္တဝါတိုင်းပင် သုဂတိဘဝသို့သာ ရောက်ချင်ပါသည်။ ဒုဂ္ဂတိဘဝသို့ မရောက်ချင်ကြပါ၊ မရောက်လိုကြပါ။ သို့ပါလျက် အဘယ့်ကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ကြရသနည်း၊ အဖြေ,ရှာသင့်၏။

အဖြေကား သိသူအတွက် ရှင်းလို့,လင်းလို့၊ ရှင်းလင်းလို့ပင်။ သို့တမူ မသိသူအတွက်ကား ခက်လို့နက်လို့ဖြစ်ကောင်းဖြစ်ပေမည်။

အမှန်စင်စစ် ခက်ရန်မဟုတ်ပေ။ မိမိတို့ သွားရမည့် ဘဝလမ်းကြောင်းအတွက် အကောင်းဖြစ်ရန် စိစစ်သင့်၏။ စုံစမ်းသင့်၏။ သို့မဟုတ်ဘဲ ထင်ရာလုပ်က မြုပ်တတ်သည်၊ ဒုဂ္ဂတိသို့ ရောက်ရတတ်သည်။

မှန်၏။ တစ်ချိန်က မိမိကြုံခဲ့၏။ မြို့တစ်မြို့တွင် တရားဟောနေစဉ်က ဖြစ်၏။ ဒကာ ဒကာမတစ်စု ရောက်လာပြီး ဦးချလျှောက်ထား၏။

"ဦးပဉ္စင်းဘုရား၊ လူကို ဘုန်းကြီးက ဦးချ,ကောင်းပါသလား ဘုရား"

"ကပ်သီးကပ်သပ်၊ ဘယ်,ဘုန်းကြီးကများ ဘယ်ကလူကို ဦးချလို့ လာမေးနေလဲ မသိပါဘူး"

"တပည့်တော်တို့ တွေ့လို့ မြင်လို့ မေးလျှောက်တာပါဘုရား"

"ယောက်ျားကို ရှိခိုးတာလား၊ မိန်းမကို ရှိခိုးတာလား"

"ယောက်ျားကို ရှိခိုးတာပါ ဘုရား"

"အင်း... မိန်းမ ရှိခိုးတယ်ဆို ယခု "မိန်းမရှိခိုး သွားမကျိုး" လို့ ပြောမလို့၊ ယောက်ျားဆိုတော့ အပြောခက်နေတော့တယ်"

"ဦးပဉ္စင်းကလည်း ပြောရော့မယ်"

"ဘာပြောရော့မယ်လဲ၊ သူများဖြင့် ကောင်းကောင်းပဲ နေရတယ်မရှိဘူး၊ ပြဿနာတွေကို ရှုပ်လို့ပဲ"

"တစ်ခါတလေ ကြုံတုန်း ဆုံတုန်း မေးရပါတယ်ဘုရား၊ အဖြေ ပေးပါဦးဘုရား"

"ကျယ်ကျယ်ဝန်းဝန်း နားထောင်နိုင်ပါ့မလား"

"နားထောင်နိုင်ပါတယ်ဘုရား"

"အေး... နားထောင်နိုင်လျှင် ရှင်းပြမယ်"

"မှန်ပါ၊ ရှင်းပါဘုရား"

"တစ်ချိန်က ဘုရားရှင်ဟာ ဝေသာလီပြည်မှ သာဝတ္ထိပြည်ဘက်သို့ သံဃာအများနဲ့ ဒေသစာရီကြွချီသွားတယ်"

"မှန်ပါ ဘုရား"

"အဲဒီ ရဟန်း သံဃာအများမှာ ဆဗ္ဗဂ္ဂီ ရဟန်းဆိုးတွေနဲ့ သူတို့ရဲ့တပည့်တွေလည်း ပါတယ်"

"မှန်ပါ ဘုရား"

"အဲဒီ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေရဲ့တပည့်တွေက ဘုရားအမှူးရှိတဲ့ သံဃာအများရဲ့ရှေးက သွားပြီး "ဒီကျောင်းနေရာဟာ ငါတို့ ဥပဇ္ဈာယ်ဆရာအတွက် ဒီကျောင်းနေရာဟာ ငါတို့အတွက်" လို့ ဆိုပြီး ကျောင်း. အိပ်ရာ. နေရာ တို့ကို ဦးထားကြတယ်"

"မှန်ပါ ဘုရား"

"တရားစစ်သူကြီး ရှင်သာရိပုတ္တရာက ဘုရားအမှူးရှိတဲ့ သံဃာတွေရဲ့နောက်မှ လိုက်ရတဲ့အတွက် ကျောင်းအိပ်ရာနေရာ မရတော့ဘူးပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ ရှင်သာရိပုတ္တရာ အရှင်မြတ်ကလည်း လျော်သလို သစ်ပင်ရင်းမှာ သီတင်းသုံးနေတာပေါ့"

"မှန်ပါ ဘုရား"

"ဘုရားရှင်က မိုးသောက်ယံမှာ ထတော်မူပြီး ချောင်းဟန့်တော့ ရှင်သာရိပုတ္တရာကလည်း ပြန်ပြီး ချောင်းဟန့်တယ်ပေါ့"

"မှန်ပါ ဘုရား"

"အဲဒါ မှတ်ထား၊ သာသနာတော်ရဲ့ ယဉ်ကျေးမှုတစ်ခုပဲ၊ မမြင်ရတဲ့ နေရာမှာ တစ်ပါးက ချောင်းဟန့်ရင် တစ်ပါးက ရှိမှန်းသိအောင် ပြန်ပြီး ချောင်းဟန့်ရတယ်"

"မှန်ပါ ဘုရား"

"အဲဒီလို ရှင်သာရိပုတ္တရာက ချောင်းပြန်ဟန့်တော့ ဘုရားရှင်က "ဘယ်သူလဲ" လို့ မေးတယ်"

"မှန်ပါ ဘုရား"

"ရှင်သာရိပုတ္တရာ အရှင်မြတ်က "တပည့်တော် သာရိပုတ္တရာပါ ဘုရား" လို့ ဖြေတယ်"

"မှန်ပါ ဘုရား"

"အဲဒီ ဖြေပုံလည်း မှတ်ထား၊ တချို့က မှောင်ကြီးမည်းမည်းထဲမှာ "ဘယ်သူလဲ" လို့ မေးရင် "တပည့်တော်ပါ" လို့ ဖြေတယ်၊ ဘယ်တပည့်တော်လဲလို့ သိနိုင်မလဲ၊ တပည့်တော်တွေက အများကြီးပဲဟာ"

"မှန်ပါ ဘုရား"

"တချို့လည်း တံခါးပိတ်ထားတဲ့အခါ အပြင်က ချောင်းဟန့် သို့မဟုတ် တံခါးခေါက်တယ်၊ အထဲက "ဘယ်သူလဲ" မေးတော့ "တပည့်တော်ပါ" လို့ ဖြေတတ်တယ်၊ အဲဒီလို မဖြေရဘူး၊ ရှင်သာရိပုတ္တ ဖြေသလို ကိုယ့်နာမည် ထည့်ဖြေရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီတော့ ဘုရားရှင်က "သာရိပုတ္တ အဘယ်ကြောင့် သင်သည် ဒီနေရာမှာ နေရသနည်း" လို့ မိန့်တော်မူတော့ ရှင်သာရိပုတ္တက အကြောင်းစုံ လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"အဲဒီအခါမှာ ဘုရားရှင်က ရဟန်းသံဃာတွေကို စည်းဝေးစေပြီး -

"ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်တို့သည် ဘုရားအမှူးရှိတဲ့ သံဃာတွေရဲ့ ရှေ့မှ ရှေ့မှ သွားတဲ့ပြီး ဒီကျောင်း ဒီနေရာဟာ ငါတို့ ဥပဇ္ဈာယ်ဆရာအတွက်၊ ဒီကျောင်း ဒီနေရာဟာ ငါတို့အတွက်လို့ ကျောင်းအိပ်ရာ နေရာတွေ ဦးထားတယ် ဆိုတာ မှန်သလား"

လို့ မေးတော်မူတယ်"

"မှန်ပါ ဘုရား"

"မေးတော့ မှန်တဲ့အတိုင်းပဲ "မှန်ပါတယ် ဘုရား" လို့ လျှောက်ထားရတာပေါ့"

"မှန်ပါ ဘုရား"

"အဲဒီအခါမှာ ဘုရားရှင်က အဲဒီရဟန်းတွေကို ကဲ့ရဲ့တော်မူတယ် -

"ရဟန်းတို့ အဲဒီ မဂ်ဖိုလ်မမီး အချည်းနှီးသော ရဟန်းယောကျ်ားတွေဟာ ဘုရားအမှူးရှိတဲ့ သံဃာတွေရဲ့ ရှေ့မှ သွားတဲ့ကုန်၍ ဒီကျောင်း. ဒီနေရာဟာ ငါတို့ ဥပဇ္ဈာယ်ဆရာအတွက်၊ ဒီကျောင်း.ဒီနေရာဟာ ငါတို့အတွက်လို့ အဘယ့်ကြောင့် ကျောင်းအိပ်ရာ နေရာကို ဆည်းပူးဘိသနည်း"

"ရဟန်းတို့၊ ဒီရဟန်းတွေ ပြုမိတဲ့ ဒီအမှုဟာ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်းငှာ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေခြင်းငှာ မဖြစ်နိုင်ပေ"

"ရဟန်းတို့ အမှန်စင်စစ် အဲဒီရဟန်းတွေရဲ့ အဲဒီအမှုဟာ မကြည်ညိုသေးသော သူတို့ကို မကြည်ညိုစေခြင်းငှာ၊ ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှာ ဖြစ်ပေ၏"

လို့ ကဲ့ရဲ့တော်မူတယ်"

"မှန်ပါ ဘုရား"

"ကဲ . . . ဘုရားကဲ့ရဲ့ခံရတော့ ကောင်းသေးလား"

"မကောင်းတော့ပါ ဘုရား"

"မည်သူ ကဲ့ရဲ့ ကဲ့ရဲ့ ဘုရား မကဲ့ရဲ့အောင် နေဖို့နှင့်၊ မည်သူမှ မချီးမွမ်း.မချီးမွမ်း ဘုရား ချီးမွမ်းဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ် ဘုရား"

"အဲ . . . ဘုရားရှင်ဟာ အဲဒီလို ကဲ့ရဲ့ ပြစ်တင်ပြီးတော့ -

၁။ ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း
၂။ သူတစ်ပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း
၃။ အလိုကြီးခြင်း
၄။ မရောင့်ရဲနိုင်ခြင်း
၅။ အပေါင်းအဖော်၌ မက်မောခြင်း
၆။ ပျင်းရိခြင်း

တို့ရဲ့ကျေးဇူးမဲ့စကားကို မိန့်ကြားတော်မူပြီးလျှင် များစွာသောအကြောင်းဖြင့် -

၁။ ကိုယ်တိုင်ပြုစုမွေးမြူ လွယ်ခြင်း
၂။ သူတစ်ပါးတို့က ပြုစုလွယ် မွေးမြူလွယ်ခြင်း
၃။ အလိုနည်းခြင်း
၄။ ရောင့်ရဲလွယ်ခြင်း
၅။ ကိလေသာကို စောင့်စားစေခြင်း
၆။ ကိလေသာကို ခါထုတ်ခြင်း
၇။ ကြည်ညိုဖွယ် ရှိခြင်း
၈။ ကိလေသာကို မဆည်းပူးခြင်း
၉။ ဝီရိယဖြင့် အားထုတ်ခြင်း

တို့ရဲ့ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ယင်းအဖြစ်အပျက်နှင့် လျော်လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို မေးတော်မူတယ် -

"ရဟန်းတို့ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို အဘယ်သူသည် ရထိုက်သနည်း" တဲ့"

"မှန်ပါ ဘုရား"

"အဲဒီအခါမှာ ရဟန်းတွေက သူ့အထင်နှင့်သူ အမျိုးမျိုး ဘယ်လိုဖြေကြသလဲဆိုတော့ -

၁။ မြတ်စွာဘုရား မင်းမျိုးမှ ရဟန်းပြုသူဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၂။ မြတ်စွာဘုရား ပုဏ္ဏားမျိုးမှ ရဟန်းပြုသူဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၃။ မြတ်စွာဘုရား သူကြွယ်မျိုးမှ ရဟန်းပြုသူဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၄။ မြတ်စွာဘုရား သုတ္တန်ဆောင်ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၅။ မြတ်စွာဘုရား ဝိနည်းဆောင်ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၆။ မြတ်စွာဘုရား ဓမ္မကထိကရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၇။ မြတ်စွာဘုရား ပထမဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၈။ မြတ်စွာဘုရား ဒုတိယဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၉။ မြတ်စွာဘုရား တတိယဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၁၀။ မြတ်စွာဘုရား စတုတ္ထဈာန်ရ ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။
၁၁။ မြတ်စွာဘုရား သောတာပန် ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။

၁၂။ မြတ်စွာဘုရား သကဒါဂါမ် ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။

၁၃။ မြတ်စွာဘုရား အနာဂါမ် ရဟန်းဟာ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။

၁၄။ မြတ်စွာဘုရား ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။

၁၅။ မြတ်စွာဘုရား ဝိဇ္ဇာသုံးပါးရ ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။

၁၆။ မြတ်စွာဘုရားအဘိညာဉ်၆ ပါးရ ရဟန္တာသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ရထိုက်ပါ၏။

လို့ တစ်ပါး တစ်မျိုး အမျိုးမျိုး လျှောက်ထားကြတယ်"

"မှန်ပါ ဘုရား"

## ခါ, မျောက်, ဆင်

"အဲဒီအခါမှာ ဘုရားရှင်က ရဟန်းတွေကို -

"ရဟန်းတို့၊ ရှေး၌ဖြစ်သည်မှာ ဟိမဝန္တာအရပ်ဝယ် ပညောင်ပင်ကြီး တစ်ပင်ရှိတယ်၊ အဲဒီ ပညောင်ပင်ကြီးကို အမှီပြုပြီး "ခါ, မျောက်, ဆင်" ဆိုတဲ့ အဆွေခင်ပွန်း သုံးဦးတို့ နေကြတယ်"

"ရဟန်းတို့ အဲဒီ အဆွေခင်ပွန်း သုံးဦးတို့ဟာ အချင်းချင်း မရိုသေ၊ မကိုင်းညွတ်ဘဲ အသက်မွေးခြင်း လည်း သဘောမတူကုန်ဘဲ နေကြတယ်"

"ရဟန်းတို့၊ အဲဒီလို နေကြရာမှ တစ်ချိန်မှာ အဲဒီအဆွေခင်ပွန်းတို့မှာ -

"ငါတို့တွင် အသက်အကြီးဆုံးသူကို သိရမူ ကောင်းပေ၏။ ယင်းကို ငါတို့ ရိုသေကုန်ရာ၏။ လေးစား ကုန်ရာ၏။ မြတ်နိုးကုန်ရာ၏။ ထိုသူရဲ့အဆုံးအမ၌လည်း တည်ကုန်ရာ၏ လို့ အကြံအစည် ဖြစ်တယ်"

"ရဟန်းတို့၊ အဲဒီအခါမှာ ခါနှင့် မျောက်တို့က ဆင်ကို "အဆွေ သင်သည် အဘယ်ရှေးဟောင်း အကြောင်း အရာကို မှတ်မိပါသနည်း" မေးကြတယ်"

"ဒီတော့ ဆင်က "အဆွေတို့ ကျွန်ုပ် ငယ်စဉ်အခါ၌ ဒီပညောင်ပင်ကို ပေါင်ကြား၌ ထားကာ ကျော်လွှား သွားပါတယ်၊ အညွန့်အဖျားဟာ ကျွန်ုပ်၏ ဝမ်းဗိုက်မျှ ထိပါတယ်၊ အဆွေတို့ အကျွန်ုပ်အား အဲဒီရှေးဟောင်း အကြောင်းအရာကို သိပါတယ်၊ မှတ်မိပါတယ်" လို့ ပြောတယ်"

"ရဟန်းတို့၊ အဲဒီအခါမှာ ခါနှင့် ဆင်တို့က မျောက်ကို "အဆွေ သင်သည် အဘယ်ရှေးဟောင်း အကြောင်းအရာကို မှတ်မိပါသလဲ" လို့ မေးကြပြန်တယ်"

"ဒီတော့ မျောက်က "အဆွေတို့ ကျွန်ုပ်ငယ်စဉ်က မြေမှာထိုင်ပြီးတော့ ဒီပညောင်ပင်ရဲ့အညွန့်အဖျားကို စားရပါတယ်၊ အဆွေတို့ ကျွန်ုပ်ဟာ အဲဒီ ရှေးဟောင်းအကြောင်းအရာကို မှတ်မိပါတယ်" လို့ ပြောတယ်"

"ရဟန်းတို့၊ အဲဒီအခါ မျောက်နှင့် ဆင်တို့က ခါကို "အဆွေ သင်သည် အဘယ်ရှေးဟောင်း အကြောင်း အရာကို မှတ်မိပါသလဲ" လို့ မေးကြတယ်"

"ဒီတော့ ခါက အဆွေတို့၊ ဤမည်တဲ့အရပ်မှာ ပညောင်ပင်ကြီး ရှိပါတယ်၊ အကျွန်ုပ်ဟာ အဲဒီအရပ် မှာ အသီးကို စားပြီး ဒီအရပ်မှာ ကျင်ကြီးစွန့်ပါတယ်၊ အဲဒီ ကျင်ကြီးမှာ ပါတဲ့ အသီးရဲ့မျိုးစေ့ကြောင့် ဒီပညောင်ပင် ဟာ ပေါက်ပါတယ်၊ အဆွေတို့၊ အကျွန်ုပ်ဟာ အဲဒီ ရှေးဟောင်းအကြောင်းအရာကို မှတ်မိပါတယ်" လို့ ပြောတယ်"

"ရဟန်းတို့၊ ထိုအခါ မျောက်နှင့် ဆင်တို့က ခါကို "အဆွေ၊ သင်ဟာ အကျွန်ုပ်တို့ထက် အသက်ကြီးသူ ဖြစ်ပါတယ်၊ အသင့်ကို အကျွန်ုပ်တို့ ရိုသေပါကုန်အံ့၊ လေးစားပါကုန်အံ့၊ မြတ်နိုးပါကုန်အံ့၊ ပူဇော်ပါကုန်အံ့၊ အကျွန်ုပ်တို့ဟာ အသင်၏ အဆုံးအမ၌ တည်ပါကုန်အံ့" လို့ ပြောဆိုကြတယ်"

"ရဟန်းတို့၊ အဲဒီအခါ ခါဟာ မျောက်နှင့် ဆင်တို့ကို ငါးပါးသီလတို့၌ တည်စေတယ်၊ ကိုယ်တိုင်လည်း ငါးပါးသီလ၌တည်ပြီး ကျင့်တယ်၊ သူတို့အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူ အသက်မွေးခြင်းရှိရကား၊ ချမ်းသာစွာနေလျက် သေသည်ရှိသော် နတ်ပြည်သို့ ရောက်ကြတယ်"

"ရဟန်းတို့၊ တရား၌ လိမ္မာ၍ ကြီးသူကို ရိုသေသော သူတို့သည် မျက်မှောက်ဘဝ၌လည်း ချီးမွမ်းခံရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း ကောင်းရာသုဂတိသို့ ရောက်ရကုန်၏ ဟူသော ဒီ ခါတို့ အကျင့်မည်တဲ့ အကျင့်မြတ်ဟာ ဖြစ်၏"

"ရဟန်းတို့၊ ယင်းတိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည်ပင်လျှင် အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူ အသက်မွေးခြင်း ရှိလျက် နေကုန်သေးတယ်"

"ရဟန်းတို့၊ ယင်းသို့ ကောင်းစွာဟောအပ်သော ဓမ္မဝိနယ သာသနာတော်မှာ ရဟန်းပြုကြပါလျက် အချင်းချင်း မရိုမသေ မကိုင်းမညွတ် သဘောတူ အသက်မမွေးဘဲ နေကြခြင်းဟာ တင့်တယ်ပါမည်လော"

## ရှိခိုး့ထိုက် – မရှိခိုး့ထိုက်

"ရဟန်းတို့ သီတင်းကြီး အစဉ်အတိုင်း ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ နေရာဦး၊ ရေဦး၊ ဆွမ်းဦး တို့ကို ခွင့်ပြု၏"

"ရဟန်းတို့ သံဃာ့ပစ္စည်း သီတင်းကြီး အစဉ်အတိုင်း မတားမြစ်အပ်၊ တားမြစ်အပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" အဲဒီလို မိန့်ကြားတယ်"

"မှန်ပါ ဘုရား"

"ခုမှပဲ ရှိခိုးတာ ရောက်တော့တယ်၊ ပြောလိုက်ရတာ မောရောပဲ"

"မမောပါနဲ့ဦး ဘုရား၊ အဲဒီထဲမှာ သီတင်းကြီး အစဉ်အတိုင်းဆိုတာ ဘယ်လိုပါလဲဘုရား"

"ဝါ့ကြီး၊ ဝါ့ငယ်ကို ပြောတာ၊ ကြီးတဲ့ရဟန်းကို ငယ်တဲ့ရဟန်း၊ ဝါငယ်တဲ့ရဟန်းက ရှိခိုးရမယ် စသည် ပြောတာပေါ့"

"အမယ်၊ ခုခေတ်တောထွက် ကိုယ်တော်ကြီးတွေက ခေါင်းရင်းကမှ တက်ထိုင်တာဘုရား"

"အင်းပေါ့၊ ဦးပဥ္စင်းတို့လည်း တစ်ခါတစ်ခါ ဆရာတော်မှတ်လို့ ရှိခိုးမိတယ်"

"သူတို့က မပြောဘူးလား"

"မပြောဘူး၊ ငြိမ်ခံနေတယ်"

"တော်တော်ဆိုးတဲ့ ကိုယ်တော်ကြီးတွေပဲ ဘုရား"

"အင်း... နောက်တော့ ခဏခဏ တောထွက်ကြီးတွေနဲ့ မှားတာနဲ့ ဆရာတော်ကြီးတွေတောင် ရှိမခိုးမိဖြစ်တယ်"

"မှန်ပါ ဘုရား"

"ခက်တာက ရှိခိုးသင့်တဲ့ပုဂ္ဂိုလ် ရှိမခိုးလည်း အပြစ်ဖြစ်တယ်၊ ရှိမခိုးသင့်တဲ့ပုဂ္ဂိုလ် ရှိခိုးလည်း အပြစ်ဖြစ်တယ်"

"ဦးပဥ္စင်းဘုရား၊ ရှိမခိုးသင့်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်ရှိပါသလဲဘုရား"

"အမယ်လေး အများကြီးပဲ၊ ရဟန်းတွေက ရှိမခိုးထိုက်တာကို ပြောတာနော်၊ လူတွေအနေနဲ့ မပြောထားပါဘူး၊ အဲဒါမှတ်ထား -

၁။ ရွာတွင်း၌ ဝင်တဲ့ ရဟန်း
၂။ လမ်း၌ ရောက်နေတဲ့ ရဟန်း
၃။ အမှောင်၌ ရောက်နေတဲ့ ရဟန်း
၄။ ရှိခိုး ဝပ်ချသည်ကို နှလုံးမသွင်းတဲ့ ရဟန်း
၅။ အိပ်ပျော်နေတဲ့ ရဟန်း
၆။ ယာဂုသောက်နေတဲ့ ရဟန်း
၇။ ဆွမ်းယူရာ အရပ်၌ ရဟန်း
၈။ တစ်ဖက်ရန်သူ၌ အလည်သွားတဲ့ ဝိသဘာဂရဟန်း
၉။ တစ်ပါးသော အာရုံ၌ စိတ်ဝင်စားခိုက်ရဟန်း
၁၀။ ကိုယ်လုံးတီးရဟန်း
၁၁။ ခဲဖွယ်ကို ခဲစားဆဲရဟန်း
၁၂။ ဘောဇဉ်ကို စားဆဲရဟန်း
၁၃။ ကျင်ကြီးစွန့်နေသော ရဟန်း
၁၄။ ကျင်ငယ်စွန့်နေသော ရဟန်း
၁၅။ အာပတ်ကို အာပတ်ဟု မရှုခြင်း၊ အာပတ်ကို မကုစားခြင်း၊ မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ကြောင်း ဥက္ခေပနိယကံ အပြုခံရသည့် ဥက္ခိတ္တက ရဟန်း
၁၆။ သီတင်းငယ် ရဟန်း
၁၇။ လူသာမဏေ
၁၈။ မိမိနှင့် အယူမတူသော အဓမ္မဝါဒီဘက်သားလည်းဖြစ်သော နာနာသံဝါသက အဓမ္မဝါဒီ သီတင်းကြီး
၁၉။ မိန်းမ
၂၀။ ပဏ္ဍုတ်
၂၁။ ပရိဝါသ်နေသောရဟန်း
၂၂။ အရင်းသို့ ငင်ထိုက်သောရဟန်း
၂၃။ မာနတ်ပေးခြင်းငှာ ထိုက်သောရဟန်း
၂၄။ မာနတ်ကျင့်ဆဲ ရဟန်း
၂၅။ အဗ္ဘာန်ထိုက်သော ရဟန်း

အဲဒီ ပုဂ္ဂိုလ်တွေကို ရဟန်းတွေဟာ ရှိမခိုးထိုက်ဘူး"

"ဒီလိုဆိုတော့ လူကို ရဟန်းတွေက ရှိမခိုးထိုက်ဘူးပေါ့ဘုရား"

"ဘယ် ရှိခိုးထိုက်မလဲ၊ တချို့ယောကျ်ားတောင် မဟုတ်ဘူး၊ မိန်းမ ရှိခိုးတဲ့ ရဟန်းတောင် ရှိသတဲ့"

"ဘုန်းကြီးတွေကလည်း ဒါလေးမှ မသိဘူးလားဘုရား"

"မသိဆို သိအောင်မှ မလုပ်တော့ ဘယ်သိမလဲ၊ ဒီတော့ အပြစ်ရှိတာ အပြစ်ရှိမှန်း မသိဘူး၊ အပြစ်ရှိမှန်း မသိတော့ ပြုလုပ်တယ်"

"မှန်ပါ ဘုရား"

"အပြစ်မရှိတာကျတော့ အပြစ်ရှိတယ် ထင်ပြီး ရှောင်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ သေလည်း သေရော ဒုဂ္ဂတိဘဝ ရောက်ကုန်ရောပေါ့"

"သနားစရာပဲ ဘုရား"

"အေး... အဲဒီသနားစရာထဲ ကိုယ်မပါစေနဲ့"

"မှန်ပါ ဘုရား"

"ကဲ... ရှိမခိုးကောင်း ရှိခိုးကောင်း သဘောပေါက်ပြီလား"

"ပေါက်ပါပြီဘုရား"

"ကဲ . . . ပေါက်ရင် သူ့ဒနေရာနှင့်လျော်အောင် ကြည့်ရှိခိုးပေါ့နော်၊ ရှိခိုးနည်းတွေ ဗုဒ္ဓဓမ္မပြဿနာ (၂) ဖတ်ရတယ် မဟုတ်လား"

"မှန်ပါ ဖတ်ရပါတယ်ဘုရား"

"ကဲ...ဖတ်ရရင် တော်ကြစို့"

✦ ရှိခိုးထိုက်သူ မထိုက်သူ ခွဲယူသိပါလေ၊

✦ ရှိမခိုးထိုက် ရှိခိုးထိုက် အမိုက်မည်လေပါ၊

✦ ရှိခိုးထိုက်သူ မရှိခိုးမူ၊ ထိုသူ့အမိုက်သာ၊

✦ ရှိခိုးထိုက်လည်း တွေ့ရာထဲ ရှောင်ပဲရှိခိုးတာ၊

✦ နေရာကိုကြည့် ဌာနသိ ကြည့်၍ရှိခိုးပါ၊

🕮

# ဓမ္မကထိက ဆိုတာ သွားကျိုးတတ်တယ်

## (၁၁၀)

- အကုသိုလ်မှာ မုသာဝါဒ၊ ကုသိုလ်မှာကား သစ္စဝါစာ လေးဆုံးသာတည်း။
- သစ္စာဘောက်လုန် မတော်မှန်က ဘေးဒဏ်ရောက်ကာ ပျက်တတ်စွာ၏။
- သစ္စာနှုတ်သီး မန္တာန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏။

ယင်းသို့ စသည်ဖြင့် မုသားအကုသိုလ်နှင့် သစ္စာကုသိုလ်တို့၏ အပြစ်အကျိုးတို့ကို အမျိုးမျိုး မော်ကွန်းထိုးခဲ့ကြ၏။ ယင်း မုသားနှင့် သစ္စာကား အရှေ့နှင့် အနောက် တောင်နှင့် မြောက်ကဲ့သို့ တစ်ခုနှင့် တစ်ခု ဝေးကွာလှ၏။ ဆက်စပ်၍ မရ။

မှန်၏။ မုသား အကုသိုလ်ဖြစ်သော် သစ္စာကုသိုလ် ပျက်၏။ သစ္စာကုသိုလ်ဖြစ်သော် မုသားအကုသိုလ် မဖြစ်နိုင်။ ယင်းသို့ဖြင့် ယင်းနှစ်ပါးသည် ဆိုင်၍ မရပေ။

"မသူတော်မှာ သစ္စာ မကြိုက်၊ မုသား လိုက်၏" အရ သစ္စာ မကြိုက် မုသား လိုက်သော် မသူတော် ဖြစ်မည်။ သူတော်ကောင်း မဖြစ်နိုင်။ သစ္စာနှင့် မုသား ဝေးကွာသလို သူတော်နှင့် မသူတော်လည်း ဝေးကွာ၏။ စပ်ဟပ်၍ မရနိုင်ပေ။ သို့ဖြစ်၍ မိမိကိုယ်ကို မိမိ ဝေခွဲဖို့သင့်၏။

အဘယ်သို့ ဝေခွဲမည်နည်း။ ငါသည် သစ္စာ မကြိုက် မုသား လိုက်သော မသူတော် လုပ်မည်လော၊ သို့မဟုတ် မုသား မကြိုက် သစ္စာလိုက်သော သူတော်ကောင်း လုပ်မည်လော။ ယင်းသို့ ဝေခွဲရမည် ဖြစ်၏။

ဝေခွဲခဲ့သူ တစ်ဦးနှင့် မိမိသည် ကြုံခဲ့ရ၏။ တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့ ကြီးတစ်မြို့တွင် တရားဟောနေခိုက် ဖြစ်၏။ ယင်းမြို့တွင် တရားဟောနေသော မိမိမိတ်ဆွေ ဓမ္မကထိက တစ်ပါးနှင့် မိမိ သွားတွေ့ဆုံသည်။ မိတ်ဆွေမှာ မိမိထက် ကြီး၏။

ရောက်တယ်ဆိုလျှင် မိမိသည် အရိုအသေရှိခိုး၍ ထိုင်၏။ မိတ်ဆွေသည် နှုတ်ခွန်းဆက်၍ စကားပြော၏။ ယင်းသို့နှင့် တရားဟောသည့်အကြောင်း ရောက်လာသည်။ ထိုအခါ မိတ်ဆွေက ပြောပြ၏။

"ကိုယ်တော့်ကို မှတ်စရာတစ်ခု ပြောရဦးမယ်"

"မှန်ပါ၊ ပြောပါဘုရား၊ မှတ်ရတာပေါ့"

"တစ်နေ့က (.....) ဆရာတော်ကြီး သွားဖူးတယ်"

"မှန်ပါ ဘုရား"

"သွားဖူးတော့ ဆရာတော်ကြီးက "အေး၊ တရားဟောတယ်ဆိုတာ အင်မတန်ကောင်းတဲ့ အလုပ်ကွယ့်" တဲ့"

"မှန်ပါ ဘုရား"

"အကောင်းထဲမှာ အဆိုး.မပါစေနဲ့တဲ့"

"ဒါ... မှန်တာပေါ့ ဘုရား၊ အကောင်းထဲ အဆိုးပါလျှင် ဘယ်ကောင်းတော့မလဲဘုရား"

"ပြီးတော့ ဆရာတော်ကြီးက မေးတယ်ဘုရား"

"ဘယ်လို မေးပါလဲဘုရား"

"အကောင်းထဲမှာ အဆိုး.မပါစေနဲ့ဆိုတာ မောင်ပဥ္စင်းသိလားတဲ့"

"တင်ပါဘုရား"

"ဒီလိုဆိုတော့ ဘယ်ဖြေရဲတော့မလဲဘုရား၊ အဆိုးတွေက အများကြီးဆိုတော့ ဘယ်အဆိုးမှန်းမှ မသိတာဘဲဟာ"

"မှန်ပါ၊ ဟုတ်တာပေါ့ဘုရား"

"ဒါနဲ့ တပည့်တော်က မသိပါဘုရားလို့ ဖြေလိုက်တယ် ကိုယ်တော်ရေ"

"ဒီတော့ ဆရာတော်ကြီးက ဘယ်လို အမိန့်ရှိလိုက်ပါလဲဘုရား"

"ဆရာတော်ကြီးကလား၊ မောင်ပဥ္စင်း တရားဟောတဲ့အခါမှာ မုသား.မပါစေနဲ့တဲ့ ဘုရား"

"အင်း...ဟုတ်တာပေါ့ ဘုရား၊ တရားဟောပါတယ်ဆိုမှ မုသား.ပါရင် တရားဘယ်ဟုတ်တော့မလဲ၊ မတရားဖြစ်သွားမှာပေါ့၊ ဒီတော့ အကောင်းထဲ အဆိုးပါသွားတာပေါ့ဘုရား"

"ဒီတော့ တပည့်တော် စဉ်းစားတယ်ဘုရား"

"ဘယ်လို စဉ်းစားပါလဲ ဘုရား"

"အင်း ... ဒို့ ဓမ္မကထိကတွေ သူများတွေသာ လိုက်လိုက်ပြီး ဆရာလုပ် ဟောနေတာ၊ တစ်ခါတလေ ခုလို ကိုယ့်ကို ဆရာလုပ် ဟောမယ့် ဆရာတော်ကြီးတွေရဲ့တရားကိုလည်း နာသင့်တယ်လို့ စဉ်းစားမိတယ်ဘုရား"

"ဟုတ်တာပေါ့ဘုရား၊ ဓမ္မကထိကဆိုတာ သူများကိုတော့ ပါဏာတိပါတက ဘယ်လို အပြစ်ကြီးတယ်၊ မုသားက ဘယ်လို အပြစ်ကြီးတယ် စသည်ဖြင့် ပြောဟောနေပေမဲ့ ကိုယ့်ဘက်ကျတော့ ပရိသတ် သဘောကျအောင် မဟုတ်တာကို လုပ်ကြံပြောတတ်တယ်ဘုရား"

"ဒါကြောင့် ဆရာတော်ကြီးက သတိပေးတာပေါ့ဘုရား"

"တပည့်တော်ကိုလည်း ဗေဒင်ဆရာကြီး တစ်ယောက်က ပြောဖူးတယ်ဘုရား"

"ကဲ ... ပြောစမ်းပါဘုရား၊ ဘယ်လိုပြောလဲ၊ မှတ်ရပြန်တာပေါ့"

"အရှင်ဘုရားတို့ တရားဟောဆရာနဲ့ တပည့်တော်တို့ ဗေဒင်ဆရာနဲ့ အတူတူပဲတဲ့"

"တင်ပါဘုရား"

"အရှင်ဘုရားတို့လည်း ပရိသတ် အခြေကြည့်ပြီး ဟောရတော့ ဟုတ်တာလည်း ပါ၊ မဟုတ်တာလည်း ပါ တဲ့ ဘုရား"

"တင်ပါဘုရား"

"တပည့်တော်တို့ ဗေဒင်ဆရာလည်း မေးသူမျက်နှာကြည့်ပြီး ဟုတ်တာရော၊ မဟုတ်တာရော ပြောရတာပဲတဲ့ ဘုရား"

"တင်ပါဘုရား"

"ဒါကြောင့် ဗေဒင်ဆရာတို့ တရားဟောဆရာတို့ ဆိုတာ သွားအရင်ကျိုးတတ်တယ်၊ တပည့်တော် ကြည့်ပါလား၊ သွားတွေ မရှိတော့ဘူးတဲ့ ဘုရား"

"ဒါကြောင့် တရားဟောတာ ပါဠိတော်လာအတိုင်း ဟောတာဟာ အကောင်းဆုံးပဲ ဘုရား၊ မုသားပါစရာ မလိုဘူး၊ မကြိုက်လည်း ကိုယ်နှင့် မဆိုင်ဘူး၊ ဘုရားဟောအတိုင်း ဟောတာပဲ"

"ဒါဖြင့် အရှင်ဘုရားနှင့် တပည့်တော်တို့ အကောင်းဆုံးလမ်းပဲ သွားကြပါစို့ ဘုရား၊ ပါဠိတော်ပဲ ဟောကြစို့ဘုရား"

✦ တရားဟောကြား မှားမုသား ရှောင်ရှားဝေးဝေးသာ။

✦ မုသား‌ပြောကြား ဟောခဲ့ငြား သွားများကျိုးတတ်ပါ။

📖

# ဇေတဒဂ်.ဆိုတာ ဘွဲ့ထူးမဟုတ်

## (၁၁၁)

အချိန်ကား ဆောင်းအကုန် နွေဦးသို့ ကူးချိန်ဖြစ်သည်။ ရာသီမှာ မပူလွန်း မအေးလွန်းသော ရာသီဖြစ်သည်။ မိမိမှာ တစ်မြို့မှ တစ်ရွာ၊ တစ်ရွာမှ တစ်မြို့ စသည် လှူးလာတုံ့ပြန် အဖန်ဖန် လှည့်လည်၍ တရားဟောနေချိန် ဖြစ်သည်။ မိမိသည် သွားလာလှည့်လည်၍ နေစဉ် ရောက်ရာကြုံရာတွင် စာဖတ်လေ့ ရှိသည့်အလျောက် တစ်နေရာ အရောက်တွင် -

"သောက်စားတုံလစ်၊ ဆွမ်းဆီ ရစ်၍၊ နွမ်းညစ် မျက်နှာ၊ ရှုရာ ဟောက်ဟက်၊ ခင်းနီးထက်ဝယ်၊ မျဉ်းစက် မွေ့ဖလျာ်၊ ပျော်တစင်းစင်း၊ နီးတုံလျင်းလည်း၊ အပျင်းခိုခို၊ ကိုယ်တလွန့်လွန့်၊ ဆန့်တငင်ငင်၊ ဘယ်တင်ညာပြောင်း၊ တောင်စောင်း မြောက်လှူး၊ မူးတူးရမ်းတမ်း၊ သမ်းတဝေဝေ၊ မပြေအိပ်မှုန်၊ အုံ့တမှိန်းမှိန်း၊ ကိုယ်လက် ဖိန်းလျက်၊ ဝိတက် ဖောက်ပြား၊ ကြိုးတကြားမျှ မပွား ဘာဝနာ၊ ဆိတ်ညံရာရှင့်ပညာသတိ၊ ရှိနိုင်လှစေ၊ စိတ်မသွေနင့်"

ဆိုသည့် ဇနကပျို့လာ စာပိုဒ်ကလေးကို ဖတ်ပြီး စဉ်းစားနေစဉ် ဒကာ ဒကာမတစ်စု ရောက်ရှိလာပြီး ရှိခိုးလျှောက်ထားကြသည်။

"ဦးပဥ္စင်း ကြားပြီးပြီလား ဘုရား"

"ဘာကြားပြီးပြီလားလို့ မေးတာလဲ၊ စကားကလည်း အစ.မရှိ အဆုံး.မရှိနဲ့"

"အမယ်လေး ဦးပဥ္စင်းရယ်၊ တပည့်တော်တို့ တရား.သွားနာပါတယ်၊ တရားဟောတဲ့ ဘုန်းကြီးကလည်း သူများအကြောင်းတွေ မကောင်း.ပြောလိုက်တာ၊ တပည့်တော်တို့ဖြင့် မျက်နှာပူလိုက်တာ"

"အောင်မယ် . . . အောင်မယ် . . .၊ ပြောတဲ့ တရားဟောဘုန်းကြီးက အရှက်မရှိလို့ လူတွေအများကြားထဲ သူများအကြောင်း မကောင်းပြောရဲတာ မျက်နှာမပူဘဲ ဒကာမကြီးတွေက မျက်နှာပူရသေးလား"

"တရားဟောတဲ့ ဘုန်းကြီးကတော့ ဒေါသဇောနဲ့ ပြောနေလို့ ပူရမှန်း ရှက်ရမှန်း မသိဘူးလား မသိပါဘုရား၊ တပည့်တော်တို့ကတော့ တရားနာမယ်ဆိုပြီး အအေးဓာတ်နဲ့ သွားတော့ အေးနေလို့လား မသိပါဘုရား၊ အပူဒေါသနဲ့ တွေ့တော့ ပူမှန်း သိတယ်ဘုရား"

"အင်း…ဒီပရိသတ်မျိုးတော့ ဟောသူထက် နာသူ အဆင့်မြင့်တဲ့ ပရိသတ်လို့ ဆိုရမှာပဲ"

"ဘာဖြစ်လို့လဲဘုရား"

"ဘာဖြစ်လို့ရမှာလဲ၊ ဒကာမကြီးတွေက အေးအေးသွားပြီး အအေးဓာတ်နဲ့ တရားနာရမှန်း သိပြီး အအေးတရားကို နာမယ်ဆိုပြီး တရားမှတ်လို့ နာတယ်ဆိုတော့ အဆင့်မြင့်တယ်ပေါ့"

"ဦးပဉ္ဇင်း သာသနာနဲ့ ဓမ္မအကြောင်း တပည့်တော်တို့ ပြောပြပါဘုရား"

"မောရတဲ့အထဲ တရားပြောနိုင်းနေပြန်ပြီ၊ အဲဒီအကြောင်းတွေ ဗုဒ္ဓဓမ္မပြဿနာများ (၁)(၂)မှာ သူများတွေ မေးလို့ ပြောထားပြီးပြီ"

"ဒါဖြင့် ခု မပြောတော့ဘူးလားဘုရား"

"မပြောတော့ဘူး၊ ဒါနဲ့ နေပါဦး၊ ခုနက အစကမေးတဲ့ "ကြားပြီးပြီလား" ဆိုတာ ဘာတဲ့၊ ပြောစမ်းပါဦး"

"ဩော်…ဟုတ်တယ်ဘုရား၊ ဟုတ်တယ်ဘုရား၊ တပည့်တော်တို့ အဲဒါ လျှောက်ချင်လို့ လာတာဘုရား"

"ဒီမှာ ဦးပဉ္ဇင်းက မယူသင့်တဲ့ ဘာဘွဲ့ထူးများ ယူထားလို့လဲ "ဝိသိဋ္ဌ ဒီယဘာဏကနှင့် သိရိပဝရဓမ္မာစရိယ" ဆိုတာ အစိုးရ အသိအမှတ်ပြု ဘွဲ့တံဆိပ်တွေပဲဟာ"

"ကဲ…ရှင်းပါဘုရား၊ "တေဒဂ်" အကြောင်း"

"တေဒဂ်ဆိုတာ "တေဒဂ္ဂ" ဆိုတဲ့ ပါဠိကို အလွယ်အားဖြင့် "တေဒဂ်" လို့ ခေါ်တာလို့ မှတ်ထား၊ တေဒဂ် သို့မဟုတ် "တေဒဂ္ဂ" မှာ "တေ" တစ်ပုဒ်၊ "အဂ္ဂ" တစ်ပုဒ်လို့ နှစ်ပုဒ်ရှိတယ်၊ "တေ" ကို ဒီဟာ သို့မဟုတ် ဒီလူ လို့ပြန်ပြီးတော့ "အဂ္ဂ" ကို အမြတ်ဆုံးလို့ပြန်တယ်၊ ပေါင်းလိုက်တော့ "တေဒဂ္ဂ" ဒီဟာအမြတ်ဆုံး၊ သို့မဟုတ် "ဒီလူ အမြတ်ဆုံး" လို့ပြန်ရတယ်၊ ဒီတော့ "တေဒဂ်" ဆိုတာ "ဒီဟာ အမြတ်ဆုံး၊ ဒီလူ အမြတ်ဆုံး" လို့ အဓိပ္ပာယ်ရတယ်၊ အဓိပ္ပာယ် မပြည့်စုံသေးဘူး"

"ဘယ်လိုမှ အဓိပ္ပာယ်ပြည့်စုံပါလဲဘုရား"

"ကဲ…မှတ်ထား၊ နားလည်အောင် ပြောရရင် ရှင်သာရိပုတ္တ အရှင်မြတ်ကနေ ပြောမယ်နော်"

"မှန်ပါ၊ ပြောပါဘုရား"

"ဘုရားရှင်ဟာ တစ်ချိန်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူစဉ် -

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော = ရဟန်းတို့၊ ဉာဏ်ပညာ ကြီးကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် သာရိပုတ္တသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏"

လို့ ရှင်သာရိပုတ္တကို "ပညာကြီးသောအရာ၌ အသာဆုံး" လို့ "ပညာတေဒဂ်" ပေးတော်မူတယ်၊ အဲဒီလို ရှေးက ဂုဏ်ထူးတစ်ခုခုနဲ့ တွဲဖက်ရမှ တေဒဂ် အဓိပ္ပာယ် ရှိသွားတယ်၊ ဘွဲ့ထူး ဖြစ်သွားတယ်"

"ရှင်မဟာမောဂ္ဂလာန်က "ဣဒ္ဓိမန္တ တေဒဂ်" ပဲ၊ "တန်ခိုး ဣဒ္ဓိပါဒ်အသာဆုံး" ပေါ့၊ ရှင်မဟာကဿပက "ဓုတင်ဆောင် တေဒဂ်" ပေါ့၊ ဒီတော့ တေဒဂ်ထက် အဲဒီရှေ့ကရှိတဲ့ ဂုဏ်ထူးပုဒ်က အရေးကြီးတယ်၊ အဲဒီနှစ်ပုဒ်ကို စပ်မှလည်း အဓိပ္ပာယ် ရှိတယ်၊ ဘွဲ့ထူး ဖြစ်သွားတယ်၊ တေဒဂ်တစ်ခုတည်းလည်း ဘွဲ့ထူးမဟုတ်ဘူး၊ နှစ်ခုပေါင်းမှ ဘွဲ့ထူးဖြစ်တယ်။

"ကျမ်းဂန်ဆိုတာ ပေတံတို့၊ မျဉ်းကြိုး၊ မျဉ်းကြောင်း တို့ပဲ၊ အဲဒါနှင့် မညီရင် လက်မခံနှင့် ဟုတ်လား"

"မှန်ပါ ဘုရား"

"အင်း…ပြောရင်းနဲ့ သတိရလို့ ပါရမီတော်ခန်း ပျို့လေးတစ်ပုဒ် ရွတ်ပြဦးမယ်၊ ဘာတဲ့လဲ…

"ပညာမျက်စိ အမြင်ရှိနှင့် မသိမကြား သူမိုက်အားလျှင် နှစ်ပါးမိန့်ဘွယ် ဆိုရေးကျယ်၏၊ ထိုဝယ်တထည် ပညာသည်အား စီးပွားမိုးတယ် ကြယ်လန်းမတန် တွင်ကျယ်လွန်၏၊ အပဏ္ဍိတ တာလလူမိုက် သူတို့ဌကား ရောင်မြိုက်ပညာ မထွန်းပါ၍ ယုတ်မာကျိုးနည်း အပြစ်သည်း၏" တဲ့၊ အဲဒီ ပျို့ရဲ့အဓိပ္ပာယ်ဟာ မမှန်ဘူးလား"

"မှန်ပါတယ်ဘုရား"

"အဲဒီအတိုင်းပဲ လူမိုက်နဲ့ လူလိမ္မာ နှစ်လမ်းသွားပဲ၊ လမ်းဆုံးရောက်တော့ သိလိမ့်မယ်၊ ဦးပဉ္ဇင်းတော့ ဘယ်တော့မှ တရားပွဲမှာ ဒီလို လူမိုက်ပြော.ပြောလိမ့်မယ်လို့ မထင်ပါနဲ့၊ ဘယ်တော့မှ မပြောဘူး"

"မှန်ပါ၊ ဒါနဲ့ မေးပါရစေဘုရား"

"ကဲ...ကဲ...မေးမေး...ဘာများလဲ"

"ဦးပဉ္ဇင်းဘုရားက ဘာဖြစ်လို့ "တေဒဂ် - အရှင်ပညာဇောတ" လို့ ဒီ "တေဒဂ်" ကို ထည့်ရတာလဲ"

"အဲဒါက ဒီလို၊ ဦးပဉ္ဇင်းနဲ့ စာရေးဆရာကြီး ဦးသော်ဇင်နဲ့ တစ်ချိန်က တောင်ကြီးမြို့ကို သွားကြတယ်၊ ဟိုရောက်တော့ ဆရာကြီးက တေဒဂ်ဝတ္ထုတွေကို အဟောခိုင်းတယ်၊ ဦးပဉ္ဇင်းလည်း ငြင်းမရတော့ အကျဉ်းချုပ်ပြီး (၁၄)ရက်တိုင်တိုင် ဟောပေးလိုက်တယ်၊

"အဲဒီဝတ္ထုတွေ ဟောနေစဉ် သံဝေဂ ဖြစ်တယ်၊ နောက် အဲဒီကလည်းပြီးရော သပိတ်အိုင်တောရသို့ ပြောင်းရွှေ့ခဲ့တယ်၊ အဲ...ဆရာကြီး ဦးသော်ဇင်က တေဒဂ်ဝတ္ထုတွေကို ကြိုးစွမှ ကူးပြီး "တေဒဂ်ဝတ္ထု" ဆိုပြီး စာအုပ်ထုတ်တယ်၊

"စာအုပ်ထွက်တော့ "အရှင်ပညာဇောတ" သည်တေဒဂ်ဝတ္ထုများကိုဟောကြားပြီးလျှင် သပိတ်အိုင်တောရသို့သပိတ်တစ်လုံး သုံးထည်သောသင်္ကန်းနှင့် တောထွက်သွားလေပြီ" လို့ စာအုပ်တွေ သတင်းစာတွေမှာ ရေးတယ်၊

"ဒီတော့ ပရိသတ်က "တေဒဂ်ကိုယ်တော်" "တေဒဂ်အရှင်ပညာဇောတ" လို့ ခေါ်ကြတယ်၊ သိကြတယ်၊ နောက် ဦးပဉ္ဇင်းကိုယ်တိုင် ဒါနဝတ္ထု စတဲ့ စာအုပ်တွေ ရေးတော့ ကလောင်နာမည် လိုလာတယ်၊ ဒါနဲ့ တေဒဂ်ဝတ္ထုကလည်း (၂)ကြိမ်တိုင်တိုင် ထွက်ပြီး အများသိ၊ "တေဒဂ် - အရှင်ပညာဇောတ" လို့ပဲ ကလောင်နာမည် ထည့်မယ်ဆိုပြီး ထည့်လိုက်တယ်"

"ဒါဖြင့် "တေဒဂ် - အရှင်ပညာဇောတ" ဆိုတာ ကလောင်နာမည်ပေါ့နော်"

"အင်းပေါ့"

"ရှင်းပါပြီဘုရား"

"ကဲ...နားကြဦးစို့..."

✦ သူများပြစ်များ မတရား ပြောကြားရှောင်သင့်သည်၊

✦ ကိုယ့်အပြစ်ပင် ကိုယ်တွင်တွင် ဆင်ခြင်ကြည့်သင့်သည်၊

✦ မတရားဟော တရားဟော သဘောကွဲသင့်သည်၊

✦ မတရားသာ ဟောလေပါ ရိပ်သာမဟုတ်ပြီ၊

✦ ရိပ်သာဆိုတာ အေးရမှာ အေးတာဟောရမည်၊

✦ အေးတာဆိုတာ တရားသာ ယုတ်မာမဟုတ်ပြီ၊

# မေတ္တာသုတ် ရွတ်ပါဦးလား

(၁၁၂)

တစ်ချိန်သော နွေကာလ ဖြစ်ခဲ့၏။ မိမိသည် ရွာကြီးတစ်ရွာတွင် တရားဟော၏။ တရားမှာ မေတ္တာသုတ်ပင် ဖြစ်၏။ ဟောပုံအခြင်းအရာမှာ -

"မေတ္တာနာမ အတ္တတော အဒေါသော"

မေတ္တာနာမ = မေတ္တာမည်သည်ကား၊ အတ္တတော = အဆီအနှစ်သာ အကာမဖက် သက်သက်သော အနှစ်အသား တရားကိုယ်အားဖြင့်၊ အဒေါသော = သတ္တဝါအများ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာစေလိုသော အဒေါသစေတသိက်ပင်တည်း စသည်ဖြင့် မေတ္တာရဲ့အနက်သဘောတွေ ရှင်းပြ၏။

ထို့နောက် မေတ္တာမပွားသင့်တဲ့ ပုဂ္ဂိုလ်၊ မေတ္တာ စပြီးတော့ မပွားသင့်တဲ့ ပုဂ္ဂိုလ်၊ မေတ္တာပွားတဲ့အခါ အစဉ်အတိုင်း ပွားသင့်ပုံ စသည် ရှင်းပြပြီး လင်္ကာကို ဆိုခိုင်းသည်၊

၁။ လိင်မတူရာ သေသူမှာ မေတ္တာမပွားရ

၂။ မုန်းသူတဖြာ လွန်ချစ်မှာ မေတ္တာမစရ

၃။ လယ်လူတဖြာ ရန်သူမှာ မေတ္တာမစရ

၄။ မိမိစခါ ချစ်သူမှာ စပါစဉ်တိုင်းပ

၅။ ပို၍ချစ်သူ ကိုယ့်ရန်သူ ပွားယူစဉ်တိုင်းပ

လိင်မတူသူမှာ ရာဂဖြစ်တတ်လို့ မပွားရတာ၊ သေသူကို မပွားရတာ၊ သေသူကို ပွားလျှင် ဥပစာရဈာန် အပ္ပနာဈာန် မရနိုင်လို့ မပွားရတာ။

မုန်းသူကိုမေတ္တာစပြီးပွားလျှင် ဒေါသဖြစ်လာတတ်လို့မပွားတာ၊ အလွန်ချစ်သူကိုမေတ္တာစပွားလျှင် သောကစသည် ဖြစ်လာတတ်၍ မပွားရတာ။

မမုန်း မချစ် အလယ်အလတ်စား ပုဂ္ဂိုလ်ကို မိမိက ချစ်မြတ်နိုးမှု မရှိရကား ချစ်မြတ်နိုးသူ အရာထားရန် ခက်၍ မပွားမစရတာ၊ ရန်သူမှာတော့ ဒေါသဖြစ်လာတတ်၍ မေတ္တာစမပွားရတာ။

"ငါသည် ရန်ကင်းပါစေ၊ ဆင်းရဲကင်းပါစေ" စသည်ဖြင့် မိမိကိုယ်ကို အဦးစကာ မေတ္တာပွားရ၏။

မိမိကိုယ်ကို ပွားခြင်းမှာ ရှာန်ရဖို့ မဖြစ်နိုင်သော်လည်း ငါ ချမ်းသာချင်သလို ငါ မဆင်းရဲသလို အခြားသတ္တဝါတွေ ချမ်းသာလိုကြ ဆင်းရဲကင်းလိုကြသည်ဟု မိမိကိုယ်ကို သက်သေထားကာ အခြားသတ္တဝါများအပေါ်မှာ အကျိုးလိုလားမှု ဖြစ်လာတတ်၍ မိမိကိုယ်ကို စတင်ပွားခြင်းဖြစ်သည်။

ထို့နောက် မိမိ ချစ်ခင်လေးစားအပ်သော ဆရာ စသည်တို့ကို ဤသူတော်ကောင်းသည် ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ စသည်ဖြင့် မေတ္တာပွားရသည်။

ယင်းသို့ ဆရာစသည်တို့၌ ပွားများအပ်သော မေတ္တာ အလေ့အလာများ အားရှိလာသောအခါ အလွန်ချစ်ခင်သော သူ မမုန်းမချစ် အလယ်အလတ် ပုဂ္ဂိုလ်နှင့် ရန်သူများကို ပြောင်းပြီး ပွားရမည် စသည်ဖြင့် မိမိသည် ပြောပြ၏။

တစ်ဖန် မေတ္တာသုတ်ကို ရွတ်၍ မေတ္တာသုတ်အတိုင်း ပွားပုံ သို့မဟုတ် မေတ္တာသုတ် လာသည့်အတိုင်း လက်နှင့်ပွား ချင်လျှင် ပွားနိုင်ပုံကို ပြောပြ၏။

## သဗ္ဗသင်္ဂါဟိကမေတ္တာ

- ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ဘယာဘေးမှ ဝေးပါစေ၊

"အဲဒီမေတ္တာပို့ဟာ သတ္တဝါအားလုံးကိုတစ်ခွန်းတည်းဖြင့် နှံအောင်ပို့တဲ့ မေတ္တာပို့ပဲ၊ ပါဠိလို "သဗ္ဗသင်္ဂါဟိကမေတ္တာ" လို့ခေါ်တယ် ပြီးတော့ -

## ဒုကဘာဝနာမေတ္တာ

- လန့်တတ် မလန့်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- ဘဝဇာတ်သိမ်း မသိမ်းများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- သမ္ဘဝေ - ပဝတ္တိ နှစ်ရှိများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊

"အဲဒီလိုလည်း ပွားနိုင်တယ်၊ အဲဒါက သတ္တဝါအားလုံးကို နှစ်ပုံပုံပြီး ကုန်အောင်ပွားတဲ့ မေတ္တာပဲ၊ ပါဠိလိုကတော့ - ဒုက ဘာဝနာ မေတ္တာ" တဲ့ ပြီးတော့ -

## တိကဘာဝနာမေတ္တာ

- ရှည် တို လယ်လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- ကြီး ငယ် လယ်လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊
- ဝိုင်း သေး လယ်လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ၊

"အဲဒီလိုလည်း ပွားနိုင်တယ်၊ အဲဒီလိုပွားတာက သတ္တဝါအားလုံးကို သုံးပုံပုံပြီး ကုန်အောင်ပွားတဲ့ မေတ္တာတဲ့၊ ပါဠိလို ကတော့ "တိကဘာဝနာ မေတ္တာ" တဲ့၊

## ဟိတူပသံဟာရမေတ္တာ

"အဲဒီ ယခုပြောခဲ့တဲ့ "သဗ္ဗသင်္ဂါဟိကမေတ္တာ၊ ဒုကဘာဝနာမေတ္တာ၊ တိကဘာဝနာမေတ္တာ" တို့ဟာ သတ္တဝါတွေရဲ့ အကျိုးကို လိုလားပြီးတော့ ပွားတဲ့ မေတ္တာတွေ ဖြစ်ခြင်းကြောင့် အဲဒီ မေတ္တာ (၃)မျိုးကို အကျိုးလိုလား မေတ္တာလို့ခေါ်တယ်။ ပါဠိလိုကတော့ "ဟိတူပသံဟာရမေတ္တာ" တဲ့။ ပြီးတော့ -

## အဟိတာပနယနမေတ္တာ

- တစ်ယောက်သောသူကား တစ်ယောက်အား လှည့်စားအပြု ကင်းပါစေ။
- တစ်ရပ်ရပ်တွင် တစ်ယောက်မြင် မာန်ဝင်ထေမဲ့ ကင်းပါစေ။
- ကိုယ်နှုတ်စိတ်ထင့် ဒေါသဖြင့် ပြုကျင့် ဆင်းရဲကင်းပါစေ။

"အဲဒီလိုလည်း ပွားနိုင်တယ်၊ အဲဒီလိုပွားတာက သတ္တဝါတွေရဲ့အကျိုးမဲ့ကို ပယ်ရှားတဲ့ မေတ္တာတဲ့၊ ပါဠိလိုက "အဟိတာပနယနမေတ္တာ" လို့ ခေါ်တယ်" စသည်ဖြင့် မိမိသည် မေတ္တာပွားပုံကို ဟောပြ၏။

ယင်းသို့ ဟောပြောပြီးလျှင် မေတ္တာပွားခြင်းဟာ များစွာ အကျိုးကြီးကြောင်း၊ အဲဒီအကျိုးတွေထဲမှ မေတ္တာပွားကျိုး (၁၁)မျိုးကို ပြောပြမည်၊ ဘာတဲ့လဲ -

၁။ ချမ်းသာစွာ အိပ်ရတယ်

၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရတယ်

၃။ ယုတ်မာဆိုးရွားသော အိပ်မက်များကို မမြင်မက်ရဘူး

၄။ လူတွေ ချစ်ခင်တယ်

၅။ နတ်တွေ ချစ်ခင်တယ်

၆။ နတ်တွေ စောင့်ရှောက်တယ်

၇။ မီးမလောင်ဘူး၊ အဆိပ် မသင့်ဘူး၊ လက်နက် မစူးရှဘူး

၈။ စိတ်တည်ကြည်တယ်

၉။ မျက်နှာအဆင်းကြည်လင်တယ်

၁၀။ မတွေဝေဘဲ သေရတယ်

၁၁။ ဒီဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ထိုးထွင်း၍ မရခဲ့သော် ဗြဟ္မာပြည်သို့ လားရတယ်

လို့ အဲဒီအကျိုး (၁၁)မျိုး ရတယ် စသည်ဖြင့် မေတ္တာအကျိုးကို ပြပေးလိုက်၏။

## အကျိုးပြလင်္ကာ

"အဲဒီမေတ္တာအကျိုး (၁၁)မျိုးကို လင်္ကာနဲ့ မှတ်ချင်ရင် ဒီလိုမှတ်ထား -

၁။ အိပ်ရချမ်းသာ

၂။ ချမ်းသာစွာနိုး

၃။ အိပ်မက်ဆိုးပျောက်

၄။ စောင့်ရှောက်နတ်များ ရင်ဝယ်သားသို့

၅။ လူများလည်းခင်

၆။ နတ်လည်းခင်၏

၇။ မီးလျှင်မပူ အဆိပ်ဟူလည်း ထိုတူပြေပျောက် လက်နက်ရောက်လည်း မပေါက်မဝင် ပြီးသာလျှင်တည်း

၈။ အစဉ်စိတ်တည်

၉။ မျက်နှာကြည်၍

၁၀။ သေသည်ကာလ မတွေရရှင်

၁၁။ သေကပြဟ္မာ ပြည်သို့သာလျှင် လားရာဆယ့်တစ်မျိုး

ဤအကျိုးသည် တန်ခိုးမေတ္တာပွားမှုတည်း လို့ မေတ္တာအကျိုးပြလင်္ကာ သင်ပြလိုက်၏။ ယင်းသို့ စသည်ဖြင့် မေတ္တာသုတ်ကို ဟောကာ တရားပွဲကို နိဂုံးသတ်လိုက်၏။

အချိန်သည် လူကို မစောင့်၊ တပြောင်းလဲတည်း ပြောင်းလဲနေ၏။ ရက်မှ လ၊ လမှ နှစ်သို့ ရွေလျက် ရွေလျက် ရှိ၏။ မိမိသည် ဗုဒ္ဓ၏ ဓမ္မတို့ကို စဉ်းစားနေမိ၏။

"လမ်းခရီး အားလုံးတို့တွင် အင်္ဂါရှစ်ပါး ရှိသော လမ်းခရီးသည် အမြတ်ဆုံး ဖြစ်၏။ သစ္စာအားလုံးတို့တွင် အရိယသစ္စာလေးပါးသည် အမြတ်ဆုံးဖြစ်၏။ သဘောတရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏။အခြေနှစ်ချောင်းရှိ သတ္တဝါအပေါင်းတို့တွင် မျက်စိငါးပါး ရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်၏"

"ဤအင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည်သာလျှင် ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက် ခရီးမှန် ဖြစ်၏။ ဤလမ်းခရီးမှ တစ်ပါးသော ခရီးသည် မရှိတော့ပြီ။ ထို့ကြောင့် သင်တို့သည် ဤခရီးမှန်ကိုသာ သွားကြကုန်လော့၊ ဤခရီးမှန်သည် မာရ်မင်း မဖြစ်နိုင်သော လမ်းခရီးတည်း"

"သင်တို့သည် ဤမဂ်ဟူသော လမ်းခရီးအမှန်သို့ သွားကြကုန်သည် ရှိသော် ဆင်းရဲအဆုံးကို ပြုရကုန်လတ္တံ့၊ ငါသည် ရာဂ စသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်ဟူသော လမ်းမှန်ကို ညွှန်ကြားအပ်ပြီ"

"သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှဖြစ်ကုန်၏။ ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏"

"အင်း...လမ်းစဉ်ကတော့ ရှင်းနေတာပဲ၊ လမ်းအတိုင်း လျှောက်ဖို့ကတော့ ဒို့တာဝန်တဲ့၊ လမ်းလျှောက်နည်း ဟောဖို့က ဘုရားရှင်တို့ တာဝန်တဲ့၊ ရှင်းနေတာပဲ၊ သူ့တာဝန်နဲ့ ကိုယ့်တာဝန်"

ထိုစဉ် ဒကာမကြီးတစ်ယောက် ရောက်လာသဖြင့် စဉ်းစားခန်း ရပ်သွားသည်။ ဒကာမကြီးသည် ရှိခိုးပြီးလျှောက်သည်။_

"ဦးပဥ္စင်းဘုရား၊ ကျန်းမာပါရဲ့လား"

"အင်း...ကျန်းမာပါတယ်"

"တပည့်တော်တို့တော့ တစ်နေ့ တစ်နေ့ အိမ်မှာ ဦးပဥ္စင်းအကြောင်းပဲ ပြောပြောနေတယ်"

"ဘာတွေများ ပြောနေရလဲ"

"ဩော်...ဦးပဥ္စင်း တရားဟောတဲ့ အကြောင်းတွေပါ၊ တခြား မပြောပါဘူး"

"တရားဟောတာ တိုတောင်းတောင်းနဲ့၊ ပြတ်ပြတ်တောက်တောက်နဲ့ ဒီလိုလား"

"မဟုတ်ပါဘူး၊ ဦးပဥ္စင်းကလည်း"

"ဒါဖြင့် ဘယ်လိုလဲ ပြောစမ်းပါဦး"

"မောင် (.....)ရယ်၊ သူ့ လက်တွေ့ တွေ့တာလေး တပည့်တော်တို့ ပြောတယ်ဘုရား"

"အင်း... ဘယ်လိုပြောလဲ၊ ပြောစမ်းပါဦး"

"မောင် (.....) က ဦးပဥ္စင်း မေတ္တာသုတ်ဟောပြီးကတည်းက မေတ္တာကို ကြိုးစားပို့တယ်တဲ့ဘုရား"

"အင်း...ဟုတ်ပြီ၊ ဒါဆို ဟောရကျိုး နပ်တာပေါ့နော်"

"နပ်ရုံ ဘယ်ကမလဲ ဦးပဥ္စင်းရဲ့"

"ဒါဖြင့် ဘယ်လိုလဲ ပြောပါဦး"

"သူ အဲဒီလို မေတ္တာပို့တော့ အကျိုးထူးရသတဲ့ ဦးပဥ္စင်းရဲ့"

"အင်း... ဘယ်လိုအကျိုးထူး ရသလဲ"

"ဒီနှစ် လယ်တွေ ပိုးကျတယ်မဟုတ်လား ဦးပဥ္စင်း"

"အင်း... ကျတာပေါ့"

"မောင် (.....)နှင့် လယ်ချင်း ယှဉ်နေတဲ့လယ် မောင် (.....)ရော ပိုးကျတာပေါ့ဘုရား"

"အင်း...အတူတူ ပိုးကျတာပေါ့"

"မောင် (.....)လယ်ဘေးက လယ်ရှင်ကတော့ ပိုးသတ်ဆေးတွေ ဖျန်းသတဲ့ဘုရား"

"အင်း... ပိုးသတ်ဆေး ဖျန်းတော့ ပိုးကျ ရပ်သွားရောပေါ့နော်"

"ဘယ်ရပ်မလဲ ဦးပဥ္စင်းရဲ့၊ ပိုတောင် ဆိုးသတဲ့ဘုရား"

"အင်း...အင်း..."

"မောင် (.....)ကတော့ ပိုးသတ်ဆေး မဖျန်းဘဲ ဦးပဥ္စင်း ဟောတဲ့အတိုင်း မေတ္တာပို့သတဲ့ ဘုရား"

"အင်း...အင်း..."

"မေတ္တာပို့ပြီးတော့ "နင်တို့လည်း ဝအောင်စား၊ ငါတို့ဖို့လည်း ချန်ထားဦး" လို့ ပြောသတဲ့ဘုရား"

"အင်း...အင်း..."

"အဲဒီလို မေတ္တာပို့တော့ မောင် (.....)လယ်က ပိုးတွေဟာ လျော့နည်းသွားတယ်တဲ့ ဘုရား၊ ဘေးကလယ်ထက် အများကြီး သက်သာပါသတဲ့ဘုရား"

"အင်း...အင်း..."

"အဲဒါနဲ့ ဘေးက လယ်ရှင်က မေးသတဲ့ဘုရား"

"အင်း...အင်း..."

"ခင်ဗျားလယ်က ပိုးသတ်ဆေးလည်း မဖျန်းဘဲနဲ့ ပိုးကျ သက်သာတယ်၊ ကျွန်တော့် လယ်ကတော့ ပိုးသတ်ဆေး ဖျန်းပါရက်နဲ့ ပိုးကျ မသက်သာဘူး၊ ခင်ဗျား ဘာလုပ်သလဲလို့ မေးသတဲ့"

"အင်းပေါ့၊ ဒါ...မေးစရာပေါ့"

"အဲဒီလိုမေးတော့ မောင် (.....)က ကျွန်တော်တော့ မေတ္တာပွားတယ်ဗျာ လို့ ပြောလိုက်သတဲ့ ဘုရား"

"အင်း...အင်း..."

"နောက် လယ်တော့ ရိတ်ပြီး ကောက်လှိုင်းတွေ ပုံတဲ့အခါမှာ မိုးရွာတယ်ဘုရား"

"အင်း...အင်း..."

"ဒီတော့ ဘေးကလယ်သမား ကောက်လှိုင်းတွေရော မောင် (.....)ကောက်လှိုင်းတွေရော စိုကုန်တာပေါ့ဘုရား"

"အင်းပေါ့၊ မိုးရွာတာပဲ မစိုဘဲရှိပါ့မလား"

"ဒီတော့ ဘေးက လယ်သမားက ဦး (.....)"မေတ္တာသုတ် ရွတ်ပါဦးလား" လို့ ပြောသတဲ့ဘုရား"

"ဟဲ...ဟဲ...လူများ တယ်ခက်တာပဲနော်၊ သူ့နေရာနဲ့သူ အထောက်ကို မသိကြဘူး၊ ပိုးကျတာသာ မေတ္တာပွားလို့ ရမှာပေါ့၊ မိုးရွာတာကျတော့ ဘယ်ကလာ မေတ္တာပွားလို့ ရမလဲ"

"မှန်ပါ ဘုရား"

"ဘုရားဟောတဲ့ တရားတော်တွေဟာ သူ့နေရာနဲ့သူ အသုံးအများကြီးပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီတရားတော်ကို နေရာတကျ အသုံးချတတ်ရင် ယခုရော နောင်ပါ အကျိုးမများဘူးလား"

"များပါတယ်ဘုရား"

"များတာတွေ လက်တွေ့ပဲ မဟုတ်လား"

"မှန်ပါ၊ လက်တွေ့ပါဘုရား"

"အင်း... ဒါဆိုရင် ဆက်ကြိုးစားဖို့ပေါ့ ဟုတ်လား"

"မှန်ပါဘုရား၊ တပည့်တော်တို့လည်း အိမ်မှာ အားရင် ဒီတရားကြောင်းပဲ ပြောဆိုဆွေးနွေးပြီး နိုင်သမျှ ကျင့်ကြံနေကြပါတယ်ဘုရား"

"အင်း...အင်း..."

"အရင်တုန်းကဆိုရင် အားအားရှိ အိမ်လည်တယ်ဘုရား"

"အင်း...အင်း..."

"ခုတော့ အားအားရှိ တရားစကားပဲ ပြောဆိုဆွေးနွေးကြတယ်၊ ဦးပဥ္စင်းအကြောင်းပဲ ပြောဆိုနေကြပါတယ်ဘုရား"

"အင်း...အင်း...အကျိုးသိမှတော့ အကျိုးရှိအောင်သာ ဆက်ပြီး ကြိုးစားလို့ ဦးပဥ္စင်းက မှာလိုက်တဲ့အကြောင်းကို ဦး (.....)ကို ပြောနော်"

"မှန်ပါ ဘုရား"

✦ မေတ္တာလက်နက် လွန်ထက်မြက် အချက်ကျကျပွားနိုင်စေ၊

✦ - တုတ်.ဓားစွဲကိုင် လက်နက်ပြိုင် မနိုင်မေတ္တာနိုင်သလေ၊

✦ မေတ္တာရွှေမိုး ရွာသွန်းဖြိုး သောက်ချိုးနေ့စဉ် နေ့တိုင်းပေ၊

🕮

# တရားပွဲမှ ပြဿနာပေါ်ခြင်း

## (၁၁၃)

နွေရာသီ တစ်လတွင် ဖြစ်၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟောခိုက် ဖြစ်သည်။ ယင်းတွင် မိမိမိတ်ဆွေ ဓမ္မကထိက တစ်ပါးနှင့် အတူဆုံမိသည်။ ထိုအခါ မိတ်ဆွေက ပြောသည်။

"ကဲ ... ပြဿနာဆရာကြီးရဲ့ အဲဒီပြဿနာလည်း ရေးပါဦး၊ ရေးဖို့ကောင်းတဲ့ ပြဿနာပဲ"

"ဘယ်လိုပြဿနာလဲ၊ အရင်းမရှိ အဖျားမရှိနဲ့၊ ဘယ်လို ရေးရမှာလဲ"

"ဟောဒီမှာ အောင်လံမြို့က ပြဿနာပေါ့"

မိတ်ဆွေသည် ပြောပြောပေးပေးပင် မိမိလက်ထဲသို့ ပုံနှိပ်စာရွက် နှစ်ရွက် ကမ်းလိုက်သည်။

မိမိသည် ဖတ်ကြည့်သည်။

"အောင်လံမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌ နယ်လှည့်ဓမ္မကထိကနှင့် တရားပွဲကျင်းပသော ပုဂ္ဂိုလ်တို့ လိုက်နာရန် စည်းမျဉ်းရေးဆွဲရခြင်း၏ အကြောင်းနှင့် နယ်လှည့်ဓမ္မကထိကနှင့် တရားပွဲကျင်းပသော ပုဂ္ဂိုလ်တို့ လိုက်နာရမည့် စည်းမျဉ်းဥပဒေသ"

အကြောင်းအရာ။ ။ အောင်လံမြို့ သိမ်ကုန်းဓမ္မာရုံ၌ သာသနာ့ဟိတ အသင်းကြီး၏ကိုယ်စားဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က သံဃာတော်များကို ပင့်၍ တင်ပြလျှောက်ထားခြင်း -

"သံဃာတော်အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်များ၏ အောင်လံမြို့သို့ ရောက်လာကြသော ဓမ္မကထိက အချို့တို့သည် မြတ်စွာဘုရား၏ ဗုဒ္ဓဘာသာတရားတော်များကို ဟောပြောကြရာ၌ မြတ်စွာဘုရား၏ ချမှတ်ပညတ်ထားတော်မူခဲ့သော ဓမ္မဝိနယတို့ကို မလိုက်နာမလေးစား ဆန့်ကျင်ချိုးဖောက်လျက် ဗုဒ္ဓသာသနာတော်ကြီးကို ထိခိုက်ညစ်နွမ်း မေးမှိန်စေအောင် သဘင်သည်များကဲ့သို့ ဟစ်အော်၍သီဆိုခြင်း။

ရှိက်ကာ.ငင်ကာ ငိုကြွေးခြင်း၊ ကိုယ်လက်အင်္ဂါ လှုပ်ရှားပြသခြင်း၊ ရဟန်းတို့နှင့် မအပ်စပ်သော မိမိကိုယ်မှာ ဝတ်ရုံထားသော ဧကသီ သင်္ကန်း၏ အောက်စ(၂)စတို့ကို လက်နှစ်ဘက်တို့ဖြင့် ဖြန့်၍ကိုင်လျက် ငွေဆွမ်းခံခြင်း၊ သပိတ်ဖြင့် ငွေဆွမ်းခံခြင်း၊ နှုတ်ပါးစပ်ဖြင့်လည်း လောင်းချင် လှူချင်လာအောင် အမျိုးမျိုး ဖြားယောင်း

လှည့်ပတ်ကာ ပြောဆိုအလှူခံခြင်း စသည်တို့ကို ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သူရဟန်းရှင်လူမှန် သမျှ မကြားဝံ့ မနာသာ စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်ဘုရား။

"ထိုအကြောင်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်မှ ဗုဒ္ဓသာသနာတော်ကြီးသန့်ရှင်း၍ အရှည်တည်တံ့ ခိုင်မြဲနိုင်မည့်အဖြစ်ကို သိသာထင်ရှားအောင် မိန့်ကြားပါမည့်အကြောင်း ရှိသေလေးစားစွာဖြင့် လျှောက်ထားပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား"

မိမိသည် ဤမျှအထိ ဖတ်ပြီးသော် သဘောကျလှ၍ ချီးမွမ်းစကား ပြောကြားလိုက်သည်။

"တကယ်တော်တဲ့ ဒကာတွေပဲ၊ ဒီလို ဒကာတွေ မြို့တိုင်းမှာ ရှိသင့်တယ်နော်"

"ဒကာတွင် ဘယ်ကမလဲ၊ တရားကလည်း လိုသေးတယ်"

"အင်း ... ဟုတ်တာပေါ့၊ ဆရာ့ဒကာ ညီမှ ဖြစ်တာပေါ့၊ အောင်လံက ဆရာ့ဒကာ ညီတယ်နော်"

"ကဲ ... သူတို့ အဖွဲ့ဖွဲ့ပြီး ရေးဆွဲတဲ့ စည်းမျဉ်းဥပဒေကို ဖတ်စမ်းပါဦး"

"အောင်လံမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌ တရားဟောမည့်ပုဂ္ဂိုလ်များ လိုက်နာရမည့် စည်းမျဉ်း -

၁။ တရားဟောမည့် ပုဂ္ဂိုလ်သည် -

(က) အစဉ်အတိုင်းဖြစ်သော တရားစကား (အနုပုဗ္ဗိကထာ)ကို ငါပြောဟောမည်။

(ခ) အကျိုးအားလျော်သော အကြောင်းကိုပြလျက် တရားစကား ငါပြောဟောမည်။

(ဂ) အစဉ်သနားခြင်းကို အစွဲပြု၍ တရားကို ငါပြောဟောမည်။

(ဃ) ဆွမ်း စသော အာမိသကို မငဲ့ကွက်သောစိတ် ရှိသည်ဖြစ်၍ တရားစကားကို ငါဟောမည်။

(င) မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မထိပါး မပုတ်ခတ်မူ၍ တရားစကားကို ငါပြောဟောမည်။

"ဤသို့ နှလုံးသွင်းလျက် (ဤငါးမျိုးသော တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍)တရားဓမ္မ ပြောဟောရမည်။ (အံ - ၂ - ၁၆၂ နာကို ထောက်ရှုသည်)

၂။ "ရဟန်းတို့ ရှည်စွာသော သီချင်းသံဖြင့် တရားတော်ကို မသီဆို၊ မပြောဟောအပ်၊ သီဆိုဟောပြောသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" ဟူသော ဗုဒ္ဓ၏အာဏာ ပညတ်တော်ကို တော်လှန်၍ သဘင်သည်တို့ကဲ့သို့ သီချင်းဆိုကာ၊ ငိုကာ မပြောဟောရ" (ဝိနယပိဋက - စူဠဝဂ္ဂပါဠိ ၂၄၃နာကို ထောက်ရှုသည်)

၃။ "ရဟန်းသည် ရွှေငွေကို ကိုယ်တိုင် ခံယူအံ့၊ သို့မဟုတ် ကပ္ပိယကို ခံယူစေအံ့၊ အလှူရှင်တို့က အပ်နှံလှူဒါန်းအပ်သော ရွှေငွေတို့ကို သာယာအံ့၊ ထိုရွှေငွေသည် စွန့်ပစ်ထိုက်၍ ရဟန်းလည်း ပါစိတ်အာပတ်သင့်၏" ဟူ၍ ပညတ်တော်မူအပ်သော ဗုဒ္ဓ၏ အာဏာတော်ကို နာခံသူ ဖြစ်ရမည်။

(ဘိက္ခုပါတိမောက် နိဿဂ္ဂိပါစိတ်၊ ရူပိယသိက္ခာပုဒ်ကို ထောက်ရှုသည်)

၄။ ရွှေငွေကို သံဃာဂိုဏ်း ပုဂ္ဂိုလ် စေတီ နဝကမ္မ တို့၏ အကျိုးငှာ ရဟန်းကိုယ်တိုင် မကောက်ခံသင့်၊ သူတစ်ပါးကိုလည်း မကောက်ခံစေသင့်၊ ကောက်ခံသော ရဟန်း၊ ကောက်ခံစေသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ ဤသို့ ရတနာသိက္ခာပုဒ် အဖွင့်၌ လာသော ပညတ်ဥပဒေကို လိုက်နာသူ ဖြစ်ရမည်။

(ကင်္ခါအဋ္ဌကထာ ရတနဝဂ်၊ ရတနာသိက္ခာပုဒ်အဖွင့် ၂၆၆ နှာကို ထောက်မှီသည်)

မှတ်ချက် ။ ။ ဘုရား, တရား, စေတီ အားနှင့် ကျောင်းအား တတန် နဝကမ် ပယ်ရန် ခွင့်မရှိ ဟူ၍ ဝိနယ သံခိပ်၌ ဆိုသောကြောင့် ရဟန်း၏ ပယောဂ မပါ ဒကာ၏စေတနာအလျောက် ဘုရား စသည်တို့ကို သမ္မဒါန်ထား၍ "ဗုဒ္ဓဿ ဒေမ, ဓမ္မဿ ဒေမ, စေတိယဿ ဒေမ, ဝိဟာရဿ ဒေမ, နဝကမ္မဿ ဒေမ" ဤသို့ ဘုရား တရား စေတီ ကျောင်း ပြာသာဒ် နဝကမ္မအမှုတို့ကို သုံးသပ်၍ လှူခဲ့လျှင် ပယ်ခွင့် မရှိ၍ဤစည်းမျဉ်း၌ အကျုံးမဝင် ဟု မှတ်ပါ။

၅။ မည်သည့် ရဟန်းမဆို သက်န်း စသော ပစ္စည်းတို့ကို ငဲ့ကွက်သောစိတ် မရှိမူ၍ စင်ကြယ်သော စိတ်ထားဖြင့် တရားဓမ္မ ဟောပြောရမည်။ (နိဒါနဝဂ္ဂ ကဿပသံယုတ်၊ စန္ဒူပမသုတ် ၄ဝ၂ နှာကို ထောက်မှီသည်)

"တယ်ကောင်းတဲ့ စည်းမျဉ်းဥပဒေပါလား"

မိမိသည် စည်းမျဉ်းဥပဒေကို ဖတ်ပြီးသောအခါ သဘောကျလှ၍ မိတ်ဆွေအား ပြောလိုက်ခြင်း ဖြစ်သည်။

"အဲဒီစည်းမျဉ်း ဥပဒေသနဲ့သာ အညီဟောရလျှင် ဓမ္မကထိက ရှားတာပေါ့"

မိတ်ဆွေက ပြန်လည်ပြောခြင်း ဖြစ်သည်။ ထိုအခါ မိမိက ပြန်မေးသည်။

"နို့ ... ခုလည်း ဓမ္မကထိက ရှားသားပဲ"

"ခု ... ဘယ်ရှားမလဲ၊ ဓမ္မကထိကတွေ ဖောင်းပွနေလို့"

"ငွေကြေး ဖောင်းပွတာသာ ကြားဖူးပါတယ်၊ ဓမ္မကထိက ဖောင်းပွတာ မကြားဖူးပါဘူး"

"ယခု ကြားဖူးပြီ မဟုတ်လား၊ ယခု အဲဒီလို ဓမ္မကထိက ဖောင်းပွလို့ ဥပဒေရေးဆွဲရတာပေါ့၊ ကဲ ... စည်းမျဉ်းဥပဒေကို ဆက်ဖတ်ပါဦး -"

တာဝန်ယူ၍ တရားပွဲကျင်းပလိုသော အဖွဲ့သို့မဟုတ် ပုဂ္ဂိုလ်တို့ လိုက်နာရမည့် စည်းမျဉ်း -

၁။ အောင်လံမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌ တရားဟောရန် အကြောင်းအမျိုးမျိုးဖြင့် ဓမ္မကထိက ပုဂ္ဂိုလ်တစ်ပါးပါး ရောက်လာခဲ့သော် တာဝန်ခံပြုလုပ်၍ တရားပွဲကျင်းပလိုသောအဖွဲ့ကဖြစ်စေ၊ သို့မဟုတ်ပုဂ္ဂိုလ်ကဖြစ်စေ တရားဟောခွင့်ပြုရန် ဓမ္မကထိကစိစစ်ရေးအဖွဲ့သို့ လာရောက်လျှောက်ထားသောအခါ အထက်ပါ ဓမ္မကထိက စည်းမျဉ်းများ အတိုင်း ဓမ္မကထိကအား လိုက်နာစေမည်ဟု တာဝန်ခံ လက်မှတ်ရေးထိုးရမည်။

၂။ တရားပွဲကျင်းပလိုသောအဖွဲ့သို့မဟုတ် ပုဂ္ဂိုလ်တို့သည် ဓမ္မကထိက စိစစ်ရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ကို ရပြီးသောအခါ ငြိမ်ဝပ်ပိပြားရေးကို ရှေးရှု၍ မြို့နယ် ငြိမ်သက်ပိပြားရေးကို ... ပြည်သူ့ကောင်စီ၏ ခွင့်ပြုချက်ကို ရယူပြီးမှသာ တရားပွဲ ကျင်းပရမည်။ မရက မကျင်းပရ။

၃။ တရားဟောခွင့် ရပြီးသော ဓမ္မကထိက ပုဂ္ဂိုလ်နှင့် တာဝန်ခံ လက်မှတ်ရေးထိုးသူတို့သည် အထက်ပါ စည်းမျဉ်းတစ်ခုခုကို ဖောက်ဖျက် ကျူးလွန်ခဲ့သော် တရားဟောခွင့်ပြုထားသော အမိန့်ကို ရုပ်သိမ်း ရုပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူကြရမည်။

၄။ တာဝန်ခံလက်မှတ် ရေးထိုးသောအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တို့သည် တရားဟောခွင့်ပြုထားသော အမိန့် ရုပ်သိမ်းရုပ်စဲပြီးသည်ကို သိပါလျက် ဆက်လက်၍ တရားဟောပြောစေခဲ့သော်လည်းကောင်း၊ သို့မဟုတ် ဓမ္မကထိက စိစစ်ရေးအဖွဲ့ထံ ခွင့်မပန်ဘဲ မိမိသဘောအားဖြင့်သာ တရားပွဲ ကျင်းပရာ၌ တရားဟော ဓမ္မကထိကသည် ဓမ္မဝိနယနှင့်အညီ ရေးဆွဲထားသော အထက်ပါ စည်းမျဉ်းတစ်ခုခု ဖောက်ဖျက်ကျူးလွန် ဟောပြောစေခဲ့သော်လည်းကောင်း၊

"ယင်းတရားပွဲကို တာဝန်ယူ ပြုလုပ်သော အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တို့အား ဗုဒ္ဓ၏ သာသနာတော်ကို ဆုတ်ယုတ်ကွယ်ပအောင် အားထုတ်ပြုလုပ်သော သာသနပစ္စတ္ထိက = သာသနာ၏ ရန်သူများအဖြစ် သတ်မှတ်၍ ဓမ္မဝိနယနှင့်အညီ သံဃာ၏အရေးယူခြင်းကို ခံရမည်။

"တယ်ကောင်းတဲ့ စည်းမျဉ်းဥပဒေပဲနော်၊ ဒီလိုအဖွဲ့တွေ စည်းမျဉ်းတွေ မြို့တိုင်း ရွာတိုင်းမှာ ရှိသင့်တယ်နော်"

မိမိသည် ဖတ်ပြီးသောအခါ မိတ်ဆွေအား လှမ်း၍ ပြောလိုက်ခြင်းဖြစ်၏။ ထိုအခါ မိတ်ဆွေက ပြန်ပြောသည်။

"အမြို့ မြို့ အရွာရွာ ပြန့်နှံ့စေချင်တဲ့ ဆန္ဒကြောင့် အရှင်ဘုရားဖို့ သက်သက်ယူခဲ့တာပဲ၊ ပြန့်အောင် အရှင်ဘုရားပဲ ဖြန့်ပေါ့"

"ဖြန့်ဆို ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ထဲမှာပဲ ထည့်ပြီး ဖြန့်ရမှာပေါ့"

"ဖြန့်ပေါ့၊ ဒါလည်း ဗုဒ္ဓရဲ့ဓမ္မအကြောင်းပြုပြီး ပေါ်လာတဲ့ ပြဿနာ ဗုဒ္ဓဓမ္မပြဿနာပဲဟာ"

"ကဲ ... ဒါဖြင့် ဒီစာရွက် တပည့်တော် ပေး၊ သိမ်းထားမယ်၊ နောက် စာရေးချိန်ကျတော့ ထည့်ရေးတာပေါ့နော်"

"အရှင်ဘုရားသဘောပဲ"

ယင်းသို့ဖြင့် ပြောဆိုဆွေးနွေးပြီး မိမိနှင့် မိတ်ဆွေတို့ လူချင်းခွဲလိုက်သည်။

✦ ဓမ္မကထိက စိစစ်ရ ဘယ်ကကောင်းပါတော့မည်နည်း။

✦ မစိစစ်ရန် တရားမှန် နိဗ္ဗာန်မှန်းကာ ဟောသင့်တည်း။

✦ အများမငဲ့ ဘုရားငဲ့ မှန်တဲ့တိုင်းသာ ဟောသင့်တည်း။

✦ တရားမငဲ့ အများငဲ့ မှားတဲ့ဟာတွေ ပါမည်တည်း။

# သံဃိက.လိုက်တတ်တယ်

## (၁၁၄)

"ဝိနယောနာမ သာသနဿ အာယု = ဝိနည်းပိဋကတ်သည် သာသနာတော်၏ အသက်ဖြစ်၏"

"ဝိနယေ ဌိတေ သာသနံ ဌိတံ = ဝိနည်းပိဋကတ်သည် လဇ္ဇီသူမွန်တို့ သန္တာန်၌ တည်လျှင် သာသနာတော်သည် မကွယ်မပျောက်ဘဲ ခိုင်မြဲတည်တံ့နေ၏"

ယင်းသို့ အဋ္ဌကထာဆရာတို့ မိန့်တော်မူကြသည့် အားလျော်စွာ ဝိနည်းပိဋကတ်သည် သာသနာတော်တစ်ရပ်လုံး၏ အသက်ပင် ဖြစ်ရကား ဝိနည်းကို ဆောင်ထားသော လဇ္ဇီသူမွန်သည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို မကွယ်ပအောင် စောင့်ရှောက်ရာ ရောက်ပေသည်။

ဝိနည်းပိဋကတ်တော်သည် ဘုရားရှင် တစ်ဆူဆူ ပွင့်တော်မူလာမှ ပေါ်ထွန်းသော တရားတော် ဖြစ်၏။ ယင်းတရားတော်ဖြင့် ဟောဖော်ညွှန်ပြအပ်သော အနက်အသားမှာ ရဟန်းတော်များ ကျင့်ဖို့ရာ အဓိသီလသိက္ခာ ဖြစ်၏။

ယင်းသီလသည် လူတို့ စောင့်ထိန်းရိုးဖြစ်သော ငါးပါးသီလ ရှစ်ပါးသီလတို့ထက် အရေအတွက်အားဖြင့်လည်း သာလွန်၏။ ပါဏာတိပါတဝိရတီ သီလချင်းအတူတူ ဖြစ်စေကာမူ ရဟန်းတော်များ၏ သီလသည် သာလွန်၍ စောင့်ထိန်းရ၏။

ပါဏာတိပါတအမှု မပြုမီ အဖော်ရှာခြင်း၊ လက်နက်ရှာခြင်း၊ သတ်ဖို့သွားခြင်း ကိစ္စတို့၌ ခြေလှမ်းတိုင်းမှာ အာပတ်အပြစ်ကို ပညတ်တော်မူ၏။ ထို့ကြောင့် ဝိနည်းပိဋကတ်ပညတ်တော်မူအပ်သော သီလကို "အဓိသီလ" ဟု ခေါ်ရသည်။

ယင်းအဓိသီလကို မကျိုး မပေါက် မပြောက်မကြားအောင် စောင့်ရှောက်နေသော ရဟန်းတော်သည် ယင်းအဓိသီလ၏ ကျိုးပေါက်ခြင်း ဟူသော ဒုစရိုက်မှ ရှက်၏။

ဥပမာ - အမျိုးသားတစ်ယောက်သည် အပေါက်အပြဲ အစုတ်အပြတ် အဝတ်ကို ဝတ်ရမည်မှ ရှက်သကဲ့သို့ ဖြစ်၏။ ယင်းသို့ အဓိသီလ သိက္ခာပျက်ခြင်းမှ ရှက်သော ပုဂ္ဂိုလ်ကို "လဇ္ဇီပုဂ္ဂိုလ်" ဟု ခေါ်ရ၏။

ဝိနည်းပိဋကတ် ကျွမ်းကျင်သော လဇ္ဇီသူတော်စင်သည် ဝိနည်းတော်လာ သိက္ခာပုဒ် အဖြာဖြာကို ကောင်းစွာ နားလည်၏။

နားလည်သည့်အတိုင်းထိုသိက္ခာပုဒ်သီလတော်များကိုကိုယ်တိုင်လည်းစောင့်ရှောက်၍မိမိ၏ပရိသတ်တို့ကိုလည်း စောင့်ရှောက်စေ၏။ ဝိနည်းတော်လာ ကံကြီး ကံငယ် အသွယ်သွယ်ကိုလည်း မိမိပရိသတ်အား နားလည်အောင် သင်ပြ၏။

ထိုလဇ္ဇီတပည့် အဆက်ဆက်သည် နောင်အခါ၌ လဇ္ဇီဆရာ အဆက်ဆက်ဖြစ်ရစ်ကာ သာသနာတော်ကို မကွယ် မပျောက်အောင် ဆက်လက် စောင့်ရှောက်၏။

ယင်းသို့ အဆက်ဆက် စောင့်ရှောက်မှုကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ကြာရှည်စွာ တည်တံ့နိုင်တော့၏။

ထို့ကြောင့် "အနာဂတေ သာသနံ လဇ္ဇီ. ရက္ခိဿတိ. လဇ္ဇီ ရက္ခိဿတိ" ဟု ရှေးထေရ်မြတ်တို့ ကြွေးကြော်တော်မူ ခဲ့ကြပေသည်။

"လဇ္ဇီသူမွန် သီလဝန်"ဖြစ်ရခြင်းသည် သာသနာတော်ကို အရှည်တည်တံ့အောင် ဆောင်နိုင်ရုံသာမက သံသရာရေး ကို တွေးလိုက်လျှင် အပါယ်ဘေးမှ လွတ်ဖို့ရန် သေချာသောကြောင့် -

၁။ ရဟန်းဘဝ၌ နလုံးမသာမယာ မဖြစ်ရဘဲ "အဝိပ္ပဋိသာရ = နလုံးသာရွှင်မှု" ဖြစ်ရ၏။

၂။ ယင်း နလုံးသာရွှင်မှုကြောင့် "ပါမောဇ္ဇ = အနည်းငယ် ဝမ်းမြောက်မှု၊ နုသောပီတိ" လည်း ဖြစ်ရ၏။

၃။ ယင်း ပါမောဇ္ဇကြောင့် ဝမ်းသာရွှင်ပြမှုဟူသော အားကြီးသော ပီတိလည်း ဖြစ်ရ၏။

၄။ ယင်း ပီတိကြောင့် ကိုယ်စိတ်နှစ်ပါး၏ အေးမြခြင်းဟူသော "ပဿဒ္ဓိ" လည်း ဖြစ်ရ၏။

၅။ ယင်း ပဿဒ္ဓိကြောင့် ကိုယ်စိတ်နှစ်ဝ ချမ်းမြခြင်းဟူသော "သုခ" လည်း ဖြစ်ရ၏။

၆။ ယင်း သုခကြောင့် ကိုယ်စိတ်နှစ်ဝ ချမ်းမြခြင်းဟူသော "သုခ" လည်း ဖြစ်ရ၏။

၇။ ယင်း သုခကြောင့် စိတ်သည် ဟိုအာရုံ သည်အာရုံ အဖုံဖုံသို့ မသွားတော့ဘဲ တရားအာရုံ၌သာ တည်ကြည် သော "သမာဓိ" လည်း ဖြစ်ရ၏။

၈။ ယင်း သမာဓိကြောင့် မိမိ၏ ရုပ်နာမ် ခန္ဓာဝယ် ဟုတ်မှန်စွာသိသော "ယထာဘူတ ဉာဏဒဿနဉာဏ်" လည်း ဖြစ်ရ၏။

၉။ ယင်း ယထာဘူတဉာဏ် ရင့်သန်လာသောအခါ ဝဋ်ဒုက္ခတွင် ငြီးငွေ့သော "နိဗ္ဗိဒါဉာဏ်" လည်း ဖြစ်ပေါ် လာ၏။

၁၀။ ယင်း နိဗ္ဗိဒါဉာဏ် ရင့်သန်လာသောအခါ "မဂ်ဉာဏ်. ဖိုလ်ဉာဏ်. ပစ္စဝေက္ခဏာဉာဏ်" တို့သည် အဆင့်ဆင့် ဖြစ်ပေါ်လာ၏။

ယင်းသို့ သီလသည် အထက်မဂ်ဖိုလ်သို့တိုင်အောင် ရနိုင်ရကား သီလကို သီလလောက်မျှသာဟု မယူဆဘဲ မဂ်ဖိုလ် ၏ အကြောင်းတရားဟု ယူဆကာ ဝမ်းမြောက်ဝမ်းသာ စောင့်ထိန်းသင့်ပါသည်။

ယင်းသို့ သီလသည် အကျိုးများသဖြင့် လဇ္ဇီပုဂ္ဂိုလ်ဖြစ်လိုသော အမျိုးသားသည် ဝိနည်းပိဋကတ်တော်လာ သိက္ခာ သီလတို့ကို မသိ.သိအောင် ကြိုးစားရပေလိမ့်မည်။

- ဝိနည်း ပိဋကတ်တော်လာ သိက္ခာသီလတို့ကို မသိသော အမျိုးသားသည် အဘယ်သို့သောနည်းဖြင့် မိမိ၏ အဓိ သီလကို ပြည့်စုံအောင် စောင့်နိုင်လိမ့်မည်နည်း။

ဥပမာ - နွားပေါင်းများစွာကို ပိုင်သော နွားသူဌေးသည် မိမိသားကို "နွားတွေ မပျောက်အောင် စောင့်ရှောက်ထိန်း သိမ်းပါ" ဟု တိုက်တွန်းသောအခါ နွားသူဌေး၏ သားကလေးသည် နွားအရေအတွက်ကိုလည်းကောင်း၊ နွားတို့၏ ဖြူနီ ကြောင်ကြားစသော ပုံသဏ္ဌာန်အဆင်းကိုလည်းကောင်း မသိပါမူ အဘယ်မှာ နွားတွေကို မပျောက်အောင် စောင့်ရှောက် ထိန်းကျောင်းပါမည်နည်း။

နွားတွေကို စောင့်ရှောက်ရမည့် နွားသူဌေး၏ သားကလေးသည် နွားနှင့်ဆိုင်ရာကို သိဖို့ အရေးကြီးသကဲ့သို့ အဓိက သီလကို စောင့်ရှောက်ရာတွင် ဗုဒ္ဓမြတ်စွာ၏ သားရတနာဖြစ်သော လဋ္ဌိရဟန်းတော်များသည် သီလသိက္ခာတို့၏ ဆိုင်ရာ အကြောင်းကို ကောင်းကောင်းသိဖို့ အရေးကြီးလှပေ၏။

ယင်းသို့ အရေးကြီးသည်ကို အရေးမကြီးသလို နေခဲ့သော် သိစရာတွေကို မသိတော့။ မသိသော် ထင်ရာမြင်ရာ လုပ်တတ်၏။ ယင်းသို့လုပ်သော် အပြစ်ကြီး၏။

တစ်ချိန်က ဖြစ်ခဲ့၏။ သာဝတ္ထိပြည်အနီး ရွာငယ်ကျောင်းနေ ရဟန်းတို့သည် အာဂန္တုရဟန်းတွေအတွက် ကျောင်းအိပ် ရာနေရာခင်းရသည့်အတွက် အနှောင့်အယှက် ဖြစ်ရကား -

"ငါ့ရှင်တို့၊ ယခုအခါ ငါတို့သည် အာဂန္တု ရဟန်း၊ ခရီးသွားရဟန်းတို့အတွက် ကျောင်းအိပ်ရာနေရာ ခင်းရသဖြင့် အနှောင့်အယှက် ဖြစ်ကုန်၏။ ငါ့ရှင်တို့ ယခုအခါ ငါတို့သည် သံဃိက ကျောင်းအိပ်ရာ. နေရာ အလုံးစုံကို ရဟန်းတစ်ပါးအား ပေးကုန်အံ့၊ ထိုရဟန်း၏ ပစ္စည်းကို သုံးဆောင်ကုန်အံ့" ဟု ကြံစည်ပြီးလျှင် သံဃိကကျောင်း၊ အိပ်ရာ၊ နေရာ အလုံးစုံကို ရဟန်းတစ်ပါးအား ပေးလိုက်ကုန်၏။ အာဂန္တု ရဟန်းတော်တို့သည် ထိုရဟန်းတို့ကို "ငါ့ရှင်တို့ ငါတို့အတွက် ကျောင်းအိပ်ရာ နေရာကို ခင်းကုန်လော့" ပြောဆိုကုန်၏"

ထိုအခါ အာဂန္တု ရဟန်းတော်တို့အား "ငါ့ရှင်တို့ သင်တို့အဖို့ သံဃိကကျောင်း. အိပ်ရာ. နေရာတို့ကို အကျွန်ုပ်တို့ ရဟန်းတစ်ပါးအား အလုံးစုံပေးပြီးပြီ" ဟု ပြော၏။

ထိုအခါ အာဂန္တုရဟန်းတော်တို့က "ငါ့ရှင်တို့ သင်တို့သည် သံဃိကကျောင်း. အိပ်ရာ. နေရာတို့ကို စွန့်ကြသလော" ဟု မေး၏။ ရဟန်းတွေကလည်း "မှန်ပေ၏" ဟု လျှောက်ထား၏။ ယင်းအကြောင်းကို အာဂန္တုရဟန်းတော်တို့သည် ဘုရားရှင် အား လျှောက်၏။

ဘုရားရှင်သည် ထိုရဟန်းတော်တွေကို အမျိုးမျိုး ကဲ့ရဲ့ပြီးလျှင် တရားစကားကို မိန့်ကြားကာ ဤသို့ ဟောတော်မူ၏။

"ရဟန်းတို့ -

၁။ အရံ. အရံရာ (ခြံ. ခြံရာ)

၂။ ကျောင်း. ကျောင်းရာ

၃။ ညောင်စောင်း. အင်းပျဉ်. ဖုံ. ခေါင်းအုံး

၄။ ကြေးအိုကြီး၊ ကြေးအိုးစရည်း၊ ကြေးအင်တွဲ၊ ကြေးဖျဉ်း၊ ပဲခွပ်၊ ပုဆိန်၊ ဓားမ၊ ပေါက်တူး၊ ဆောက်

၅။ နွယ်.ဝါး၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ မြက်မြေညက်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ

ဤငါးမျိုးသော ဘဏ္ဍာပစ္စည်းတို့ကို သံဃာသည်လည်းကောင်း၊ ဂိုဏ်းသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်း ကောင်း မစွန့်ထိုက်ကုန်၊ စွန့်သော် စွန့်သည် မမည်၊ စွန့်သောရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်၏" ဟု မိန့်တော်မူ၏။

ယင်းသို့ဖြင့် မိမိကျင့်ရမည့် သီလသိက္ခာကို မသိ၍ ကျူးလွန်မိ၏။ ယင်း လွန်ကျူးပြစ်သည် ကြီး၏။ ယင်းအပြစ် သင့် မှာကို ရဟန်းရှင်လူတို့ ကြောက်ကြ၏။ ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်တွေ မဆိုထားနှင့် ဘာသာခြားများပင် ကြောက်ကြ၏။

တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် တောရကျောင်းတစ်ကျောင်းတွင် နေစဉ် တစ်နေ့သော နေ့ခင်းတွင် ဒကာတစ်ယောက် ရောက်လာပြီးလျှင် ရှိခိုးကာ အလ္လာပသလ္လာပ ပြောဆိုနေ၏။

ယင်းသို့ ပြောဆိုနေရင်း သံဃိက.ပစ္စည်းအကြောင်း ရောက်သွားသည်၊ ထိုအခါ ဒကာကြီးက ပြောသည်။

"ကုလားတွေလည်း သံဃိကပစ္စည်းတော့ သိပ်ကြောက်တယ်ဘုရား"

"ဟုတ်လား"

"ဟုတ်တယ်ဘုရား"

"ဘယ်လိုလဲ ပြောစမ်းပါဦး"

"တပည့်တော်တို့ ခေါင်းရင်းအိမ်က ကုလားအိမ်ပေါ့ ဘုရား"

"အင်း"

"အိမ်ရှင်ကုလားကြီးက သူ့သားကို တီးတိုးတီးတိုးနဲ့ ဆုံးမနေတယ်"

"အင်း"

"တပည့်တော်က ဘာတွေများ ပြောနေသလဲလို့ အသာနားထောင်နေတယ်ဘုရား"

"အင်း"

"မင်း သံဃိကပစ္စည်းတွေ သွားမလုပ်နဲ့နော်၊ သံဃိက.လိုက်တတ်တယ်လို့ ဆုံးမသံ ကြားလိုက်တယ်ဘုရား"

"အင်း"

"သူ့သားကလည်း ကျွန်တော် သံဃိကပစ္စည်းတွေ မလုပ်ပါဘူးလို့ ပြန်ပြောသံ ကြားတယ်ဘုရား"

ထိုအချိန်မှာ ကျောင်းကန်ဘုရားတွေမှ ဘုရားပုထိုး ခေါင်းလောင်း စသည်တွေကို ခိုးယူကာ နိုင်ငံခြားတိုင်းပြည်များသို့ ရောင်းချနေချိန် ဖြစ်သည်။

"အင်း"

"သံဃိကပစ္စည်းဆိုတာ သိပ်ထိခိုက်တယ်ကွ တဲ့ ဘုရား"

"အင်း"

"သူတို့ ဆုံးမလို့လည်း ပြီးတော့ တပည့်တော် သိချင်တာနဲ့ အဲဒီကုလားအိမ်ဘက် ကူးသွားတယ်ဘုရား"

"အင်း"

"ဟိုရောက်တော့ တပည့်တော်က ခုန ဆုံးမတဲ့အကြောင်း ကြားသမျှပြောပြပြီး ကုလားကို မေးကြည့်တယ်ဘုရား"

"အင်း"

"ဘယ်လိုလဲ၊ မင်းတို့ကုလားတွေမှာလည်း သံဃိက အယူရှိသလားလို့ မေးကြည့်တယ် ဘုရား"

"အင်း"

"ဒီတော့ သူက ရှိတာပေါ့တဲ့ ဘုရား"

"အင်း"

"ကျောင်းကန်ဘုရားက ပစ္စည်းတွေဟာ သံဃိကတွေပဲတဲ့၊ အဲဒီ သံဃိကပစ္စည်းတွေ ယူမိရင် ပျက်စီးတတ်တယ်တဲ့ ဘုရား"

"ဟုတ်သားပဲ၊ မြန်မာတွေလည်း ကျောင်းကန်ဘုရား ပစ္စည်းကို သိပ်ပြီးကြောက်ကြတယ် မဟုတ်လား၊ အပ်ဝင်ပုဆိန်ထွက် ဆိုပြီးတော့"

"မှန်ပါ၊ မြန်မာတွေ ကြောက်တာတော့ ထားပါတော့ဘုရား၊ သူတို့ ကုလားတွေက သံဃိကပစ္စည်းကို ကြောက်တာ တပည့်တော် အံ့ဩလို့ပါဘုရား"

"ဪ အဲဒီကုလားဟာ သူကိုယ်တိုင် အဲဒီသံဃိကပစ္စည်းကြောင့် ပျက်စီးတာကို ကြုံခဲ့ဖူးလို့ ယုံကြည်ပြီး သူ့သားကို ဆုံးမတာ ဖြစ်မှာပေါ့"

"မှန်ပါ၊ ဒီလိုပဲ ဖြစ်မယ်ဘုရား"

"ဒီ သံဃိကပစ္စည်းဖြစ်တဲ့ မဝေဖန်ကောင်းတဲ့ ဂရုဘဏ်တွေဟာ နိုးယူသုံးစွဲတာ မပြောနဲ့၊ တရားသဖြင့် သံဃာတွေ သုံးစွဲတာတောင် မနည်း သတိထားရတယ်"

"မှန်ပါ ဘုရား"

"သံဃာအား လှူအပ်သည်လည်းဖြစ်စေ၊ သံဃာလယ်မြေ၌လည်း ပေါ်ပေါက်ဖြစ်ထွန်းသည်လည်းဖြစ်စေ၊ သံဃာကလည်း ပစ္စလက္ခတ် မထားဘဲ စောင့်ရှောက်ထားအပ်မယ် ဆိုရင် အဲဒီပစ္စည်းမျိုးဟာ သံဃိကပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီ သံဃိက ဖြစ်တဲ့ မဝေဖန်ကောင်းတဲ့ ပစ္စည်းကို ဝေဖန်မယ်ဆိုရင် ဝေဖန်ရာ မရောက်ဘူးတဲ့"

"မှန်ပါ ဘုရား"

"ရသူတို့ မပိုင်ဘူးပေါ့၊ သံဃာသာ ပိုင်တယ်ပေါ့၊ သံဃိကသာ ဖြစ်တယ်ပေါ့"

"မှန်ပါ ဘုရား"

"လျှော်မျှင်၊ အုန်းဆံ၊ ဝါး စသည်တို့ကို သံဃိကကိစ္စ ငြမ်းဝါးပြုလုပ်၍ စေတီတော်ရဲ့ အလုပ်ကိစ္စမှာ အသုံးပြုပြီးလို့ ပိုနေတဲ့အခါ ပုဂ္ဂလိကအဖြစ်နဲ့ ဝေဖန်ကောင်းသတဲ့ ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"တောင်ဝှေး၊ ဆီကျည်တောက်၊ ထီးရိုး၊ ထီးခရိုင်နဲ့ ဝါးခြမ်းစိတ် ဖိနပ်ချိတ်စရာတုတ် ဤမျှလောက်သော ဝါးကိုလည်း ဝေဖန်ကောင်းသတဲ့နော်"

"မှန်ပါ ဘုရား"

"ဂရုဘဏ်ဖြင့် ဂရုဘဏ်ကိုလည်း လဲကောင်းတယ်၊ ထာဝရဘဏ္ဍာကိုလည်း လဲကောင်းတယ်တဲ့"

"မှန်ပါ ဘုရား"

"သံဃိကဘက်က ထာဝရမဟုတ်တဲ့ ဂရုဘဏ်နဲ့ ထာဝရဂရုဘဏ်ကို လဲကောင်းတယ် ဆိုတော့ သံဃိကဘက်က မရှုံးစေရဘူးပေါ့နော်"

"မှန်ပါ ဘုရား"

"ထာဝရဖြစ်တဲ့ ဘဏ္ဍာဖြင့်တော့ ထာဝရဖြစ်တဲ့ ဘဏ္ဍာကိုသာ လဲကောင်းတယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီလို လဲရာမှာလည်း သံဃိကကျောင်းဟာ ရွာအတွင်းမှာ ရောက်နေပြီး သံဃာအား ကျေးဇူးမများရင် သံဃာအား ကျေးဇူးများတဲ့ ကျောင်းနှင့်လည်း ကပ်နေတဲ့ လူ့အိမ်နဲ့ လဲကောင်းတယ်တဲ့"

"မှန်ပါ ဘုရား"

"သံဃိကခြံဟာ ကျောင်းတိုက်နဲ့ ဝေးနေပြီးတော့ သစ်ပင်တစ်ထောင် ရှိစေကာမူ သစ်ပင်ငါးရာလောက်မျှ အကျိုး မခံစားရ၊ လူတို့ရဲ့ခြံကား သစ်ပင်ငါးရာသာ ရှိတယ်၊ သို့မဟုတ် ကျောင်းနှင့် နီးတဲ့အတွက် စောင့်ရှောက်ဖို့ လွယ်ရကား အကျိုး များရင် သံဃာခြံနှင့် လူ့ခြံ လဲကောင်းတယ်တဲ့"

"မှန်ပါ ဘုရား"

"သံဃိကဖြစ်တဲ့ နွယ် ဝါး စသည်ကို မိမိရဲ့ ကိစ္စအတွက် ယူပြီးတော့ သုံးစွဲတဲ့ရဟန်းဟာ တိုးပွားအောင် ပြုမှုဖြင့် သုံးစွဲရမယ်"

"မှန်ပါ ဘုရား"

"ယင်းသို့ တိုးပွားအောင် မပြုဘဲ သံဃိကဖြစ်တဲ့ ကြိမ်၊ နွယ်၊ ဝါး တို့ကို သက်နှံးတန်း စသည်လုပ်ဖို့ရန် ယူပြီးတော့ သုံးစွဲရင် တခြားကျောင်းသို့ ပြောင်းသွားတဲ့အခါ သံဃိကကျောင်းမှာ ထားခဲ့ရမယ်"

"မှန်ပါ ဘုရား"

"ကဲ . . . ဒကာကြီး၊ သံဃိက ပစ္စည်းက လျှောက်မလိုက်ဘူးလား"

"မှန်ပါ၊ လိုက်ပါတယ်ဘုရား"

"အေး . . . ဒါကြောင့် ဟိုကုလားကြီးက သံဃိက.လိုက်တတ်တယ် ပြောတာပေါ့"

"မှန်ပါ ဘုရား"

"သံဃိကပစ္စည်း ကုလားတွေတောင် ကြောက်တယ်၊ မြန်မာတွေက မကြောက်တာ အံ့ပါရဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ . . . ကဲ . . . လင်္ကာလေးတစ်ပုဒ် ကြည့်"

* သံဃာပိုင်ခြား ပစ္စည်းများ သုံးစားရှောင်ကြဉ်ပါ။
* မရှောင်ကြဉ်က သံဃိက လိုက်ပရောက်တတ်ရာ၊
* သံဃိကလိုက် ထိုလူမိုက် ထိခိုက်ပျက်စီးမှာ၊

ကဲ . . . ကြောက်စရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"ဝတ္ထုလေးတစ်ခု ပြကြစို့၊ သံဃာ. ကျောင်း. ဘုရားနှင့် စပ်သည့်ပစ္စည်းရပ်ကို မထိုက်မလျော် သုံးမိတဲ့အတွက် အလွန်အပြစ်ကြီးကြောင်းပြတဲ့ ဝတ္ထုပေါ့နော်"

"မှန်ပါ၊ ပြပါဘုရား"

"ကဿပဘုရားရှင် လက်ထက်တော်အခါကပေါ့၊ ကျီးကန်းတစ်ကောင်ဟာ ရဟန်းသံဃာတွေရဲ့ သပိတ်ထဲမှ ဆွမ်းကို သုံးကြိမ်တိုင်တိုင် ခံတွင်းပြည့်အောင် ယူစားမိတဲ့အတွက် အဝီစိငရဲမှာ ခံရပြီးမှ ဂိဇ္ဈကုဋ်တောင်မှာ ကျီးပြိတ္တာ ဖြစ်ပြီး ကြီးစွာသောဆင်းရဲကို ခံရတဲ့အကြောင်း အဲဒီ ကျီးပြိတ္တာက ရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"အဲဒါ သံဃိကလိုက်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နောက် မယဒေဝလင်္ကာမှာ လာတဲ့ လင်္ကာကို ရွတ်ပြမယ် သေသေချာချာ မှတ်ထား -

"သံဃသန္တက၊ ဂဏိကဟု၊ ထိုမျှအပြား၊ ပစ္စည်းများကို၊ ဝေခြားမပြု၊ သိမ်းစုဝှက်ထား၊ သုံးစားကိုသာ၊ ဝန်တိုစွာဖြင့်၊ လာဘမစ္ဆေ၊ ကံညစ်တေကြောင့်၊ သေသော် ပေတ၊ ယက္ခတသီး၊ စပါးကြီးပြိတ္တာ၊ ဖြစ်ယုတ်မာ၏" တဲ့။

"သံဃသန္တကဆိုတာ ဘာကိုခေါ်တာလဲဘုရား"

"သံဃသန္တကဆိုတာ ပါဠိလိုပေါ့၊ မြန်မာလိုကတော့ သံဃပစ္စည်းတဲ့"

"မှန်ပါဘုရား၊ ဂဏိကကောဘုရား"

"ဂဏိကဆိုတာလည်း ပါဠိပဲ၊ မြန်မာလိုကတော့ ဂိုဏ်းအပေါင်း အများပိုင်ပစ္စည်းပေါ့၊ ခုခေတ်လိုဆို လူတွေအတွက် သမဝါယမ ပစ္စည်းမျိုးလိုပေါ့"

"မှန်ပါ ဘုရား"

"လာဘာမစ္ဆေဆိုတာကကော ဘုရား"

"လာဘာမစ္ဆေဆိုတာက လာဘာမစ္ဆရိယဆိုတဲ့ ပါဠိကို ချောအောင် ရေးထားတာ၊ လာဘ်လာဘအပေါ်မှာ ဝန်တိုတယ်၊ နမြောတယ်လို့ ဆိုလိုတယ်"

"မှန်ပါ ဘုရား"

"သေသော် ပေတ. ယက္ခတသီး ဆိုတာကကော ဘုရား"

"သေတဲ့အခါ ပေတ - ပြိတ္တာ ဖြစ်တတ်တယ်၊ ယက္ခ - ဘီလူး ဖြစ်တတ်တယ် ဆိုတာပေါ့"

"ရှင်းပါပြီဘုရား"

"ကဲ... သံယာကလိုက်တာ သဘောပေါက်ပြီးလား"

"ပေါက်ပါပြီဘုရား"

"ကဲ... ပေါက်ရင် တော်ရောပေါ့"

✦ သံဃာပစ္စည်း သုံးစားပြီး စပါးကြီး ဖြစ်တတ်သည်။

✦ ပြိတ္တာတဖြာ ဘီလူးပါ ဖြစ်ခါဆင်းရဲသည်။

✦ ထို့ကြောင့်သံဃာ လာဘ်လာဘ ရှောင်ကြ ရှားရမည်။

# အရှင်ဘုရား အံ့ဩစရာကြီးပါလားဘုရား

(၁၁၅)

"ဖွင့်လှစ်သသော မြတ်ရှင်စောတို့ "ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ" မွေ့သိမ်နက်ဘိ ပါဠိထင်ရှား ဟော မြွက်ကြားတိုင်း တရားမထောင့် အမှန်စောင့်က စောင့်သည့်တရား စောင့်သူအားကို မမှားဆတ်ဆတ် စောင့်သတတ်တည်း"

(မဃဒေဝ)

အထက်ပါ မဃဒေဝလင်္ကာကို အပြန်ပြန် အလှန်လှန် ဖတ်ရှုကြည့်ပါလျှင် အဓိပ္ပာယ်မှာ ထင်လင်းစွာ ပေါ်လျက်ရှိပါလိမ့်မည်။ ရှင်းစရာ မလိုပါ။ သာဓကပဲ ပြစရာလိုမည် ထင်ပါသည်။

သို့ဖြစ်၍ သာဓကပဲ ပြပါမည်။ တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် တောရတစ်ခုတွင် ဝါဆိုမည့် ဝါတွင်းဥပုသ်နေ့တိုင်း ဥပုသ်သည်တို့အား တရားဟောပေး၏။

မိမိသခ်မ်းကျောင်းသို့ အသက် (၆၀)ကျော် ဒကာကြီးတစ်ယောက်သည် နေ့စဉ် နေ့စဉ် တရားလာအားထုတ်၏။ တစ်နေ့ မိမိနှင့် ဒကာကြီး စကားပြော၏။

"ဒကာကြီးမှာ နှစ်ယောက်တည်းလည်းဆိုတယ်၊ လယ်သမားလည်း ဆိုတယ်၊ ဥပုသ်စောင့်လည်း မပျက်၊ တရားနာလည်း မပျက်ပါလား၊ ဘယ်လိုလုပ် ဥပုသ်စောင့်လဲ"

"တပည့်တော်က အကြံထုတ် ဉာဏ်ထုတ် လုံ့လထုတ်စောင့်ပါတယ်ဘုရား"

"ဘယ်လို အကြံဉာဏ် လုံ့လထုတ်သလဲ"

"တပည့်တော် ဥပုသ်စောင့်ချင်တော့ တောဖိတ်နေ့မှာ မြက်တစ်ထုံး ပိုရိတ်တယ် ဘုရား၊ မြို့ဖိတ်နေ့မှာ မြက်တစ်ထုံး ပိုရိတ်တယ်ဘုရား၊ မြက်နှစ်ထုံးဆိုတော့ နွားတစ်ရှဉ်း ဝ.တာပေါ့ဘုရား"

"အင်း...အင်း..."

"ဥပုသ်နေ့ကျတော့ ကျောင်းလာကာနီး မြက်ထည့်ခဲ့တယ် ဘုရား"

"အင်း…အင်း…"

"ပြီးတော့ အိမ်ကအမယ်ကြီးလည်း မှာခဲ့၊ အိမ်နီးချင်းလည်း မှာခဲ့တယ်ဘုရား၊ မြက်ထည့်ပေးဖို့"

"အင်း…အင်း…"

"သူတို့ကလည်း အဲဒီလောက်တော့ ကူညီကြပါတယ်ဘုရား၊ ပင်ပန်းတာမှ မဟုတ်ဘဲဟာ"

"အင်း…အင်း…"

"အဲဒီလို ဉာဏ်ထုတ် ဝီရိယထုတ်ပြီး ဥပုသ်စောင့်ပါတယ်ဘုရား၊ နို့မဟုတ်ရင် နွားတစ်ဖက်နဲ့ဆိုတော့ ဘယ်စောင့်နိုင်မလဲဘုရား၊ နွားစာက ခက်တာကိုး၊ ခုတော့ ထည့်ကျွေးရုံတော့ ဖြစ်တာပေါ့ဘုရား"

"အင်း…ဟုတ်တာပေါ့၊ တကယ်ကုသိုလ်ယူချင်ရင် မအားတာကို အားအောင် ဒီလိုပဲ စောစောရက်တွေက အချိန်ပိုအလုပ်လုပ်ရင် အားနိုင်တာပေါ့နော်"

"မှန်ပါ၊ အားနိုင်တာပေါ့ဘုရား၊ တပည့်တော်လို လူတွေ အများကြီးပဲ၊ မအားလို့ ဆိုပြီး ဘယ်မှာ ဥပုသ်စောင့်နိုင်ကြလို့လဲ ဘုရား"

"အင်း…ဟုတ်တယ်"

"ကိုယ်က အားချင်မှ အားတာ ဘုရား၊ မအားချင်ရင် ဘယ်တော့မှ မအားဘူး"

"နို့…နေပါဦး ဒကာကြီးရဲ့ ဒကာမကြီးကကော တရား ဝါသနာမပါဘူးလား၊ ဥပုသ်စောင့်တာလဲ မတွေ့ပါလား"

"ဝါသနာ ပါပါတယ်ဘုရား"

"နို့…ဘာဖြစ်လို့ ဥပုသ်မစောင့်၊ တရား အားမထုတ်၊ တရား မနာတာလဲ"

"သူက ဒုက္ခိတ ဖြစ်နေတယ်ဘုရား"

"ဘယ်လို ဖြစ်နေလဲ"

"သူ့ခြေထောက်တွေ မကွေးနိုင်ဘူးဘုရား၊ တန်းတန်းကြီး ဖြစ်နေတယ်"

"ဘာရောဂါလဲ"

"ဘာရောဂါမှန်း မသိပါဘုရား၊ ဗိန္ဒောဓာတ် ပယောဂနတ် စုံလို့ပါပဲ ဘုရား၊ နည်းအမျိုးမျိုးနဲ့ ကုတာ မပျောက်ပါဘူးဘုရား"

"ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်ကျော်ကျော် ရှိသွားပြီဘုရား"

"ဟ - တော်တော်ကြာသွားပြီပဲ"

"မှန်ပါ၊ ခုတော့ လက်လျှော့ထားလိုက်ပါတယ်ဘုရား"

"အို…ဘယ်လက်လျှော့ရမှာလဲ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲဘုရား"

"ဦးပဥ္စင်းတို့ ဘုရားတရားတော်က ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်၊ ဒုက္ခပျောက်စေတတ်တယ် မဟုတ်လား ဒကာကြီး"

"မှန်ပါ ဘုရား"

"ဦးပဥ္စင်း အဲဒီအကြောင်း ဟောပြီးပါပြီ"

"မှန်ပါ၊ ဟောပြီးပါပြီ ဘုရား"

"အဲဒီမှာ ဒီတရားတော်ကို နာကြားအားထုတ်ရင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ပျောက်မယ်လို့ ဘုရားကိုယ်တိုင် အာမခံထားတာ ရှိတယ်မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ် ဘုရား"

"ဒီတော့ ဒကာမကြီးကို အဲဒီအကြောင်း ပြောပြပြီး ဥပုသ်နေ့ကျရင် တရားအားထုတ်ခိုင်း၊ တရားနာခိုင်း"

"သူက ထိုင်မှ မထိုင်နိုင်တာ ခက်တယ်ဘုရား"

"အို ... မထိုင်နိုင်လို့ မထိုင်တာက အပြစ်မရှိပါဘူး၊ ထိုင်နိုင်ရက်နဲ့ မရှိမသေထိုင်မှ အပြစ်ရှိတာ"

"ဒီလိုဆို ဘယ့်နယ်လုပ်မလဲ ဘုရား"

"အို ... ဘယ့်နယ်လုပ်ရမလဲ၊ ခေါ်လာပြီး နိုင်သလို နေပစေ၊ တရားသာ အားထုတ်ပါစေ၊ နာပါစေ ဟုတ်လား"

" "မှန်ပါ ဘုရား"

"တရားတော့ သူ့ကို ဝေဒနာ ကမ္မဋ္ဌာန်းပဲ ဟောပြနော်"

"ဘယ်လို ဟောမလဲဘုရား"

"ကျောင်းရောက်လို့ သူများတွေ ထိုင်တဲ့အခါမှာ ကိုယ့်ဘာသာကိုယ် ထိုင်သာသလို ထိုင်ပြီးတော့ နာတဲ့နေရာကို သေသေချာချာ ဉာဏ်နဲ့စိုက်ကြည့်ပြီး ဘာကြောင့် နာလဲ၊ ဘယ်သူ နာတာလဲ၊ ဘယ်လို နာလဲ၊ နာတာ ဘယ်သူလဲ စသည်ဖြင့် လူတစ်ယောက်က လူမမာတစ်ယောက်ကို မေးသလို မေး၊ ဉာဏ်နဲ့ ကြည့်နေပါစေနော်"

"မှန်ပါ ဘုရား"

"ပျောက်ချင်တဲ့စိတ်လည်း မထားရဘူး၊ မပျောက်ရကောင်းလားလို့လည်း စိတ်မညစ်ရဘူး၊ နာ.သဘောကို သိအောင်သာ ကြည့်ခိုင်း ရှုခိုင်း ဟုတ်လား"

"မှန်ပါ ဘုရား"

ယင်းသို့ စသည်ဖြင့် မိမိသည် ဒကာကြီးအား ဝေဒနာကမ္မဋ္ဌာန်း ရှုနည်းကို သင်ပေးလိုက်သည်။ ဒကာကြီးလည်း ဝမ်းသာအားရ ပြန်သွားသည်။ ဥပုသ်နေ့ ရောက်ပြီ၊ မိမိလည်း အမှတ်မထားမိ၊ ဥပုသ်ထွက်သော် ရောက်နေကျအချိန်ထက် စော၍ ဒကာကြီး ရောက်လာသည်။ မျက်နှာလည်း ရွှင်လို့၊ သို့နှင့် မိမိက မေးလိုက်သည်။

"ဒကာကြီး၊ ဒီကနေ့ လာတာ စောလှချည်လား"

"မှန်ပါ အရှင်ဘုရား၊ လျှောက်ထားစရာ ရှိတာနဲ့ စောစောပဲ လာခဲ့ပါတယ်ဘုရား"

"ကဲ ... ဘာလျှောက်ထားစရာရှိလဲ၊ လျှောက်စမ်းပါဦး"

"အရှင်ဘုရား၊ အံ့ဩစရာကြီးပါလား ဘုရား"

"ဘာအံ့ဩစရာလဲ ဒကာကြီးရဲ့၊ အရင်းမရှိ အဖျားမရှိ တုံးတိတိနဲ့"

- "တပည့်တော်ဒကာမကြီးရဲ့ဝေဒနာ ပျောက်သွားပြီဘုရား"

"ဘယ်လိုလုပ် ပျောက်သွားတာလဲ"

"အရှင်ဘုရားဟောတဲ့တရား တပည့်တော်က သူ့. ပြန်ပြီး ဟောတော့ သူက သဘောကျပြီး ဥပုသ်နေ့က လိုက်လာတယ်ဘုရား"

"အင်း ... ဦးပဋ္ဌင်းလည်း မတွေ့ပါလား"

"အရှင်ဘုရားနဲ့ ဘေးတိုက်ဖြစ်နေတာကိုးဘုရား"

"အင်း...အင်း..."

"အရှင်ဘုရား အမိန့်ရှိသလိုပဲ ဝေဒနာရဲ့သဘောကို သိအောင်ရှုပွားရင်းနဲ့ ဝေဒနာဟာ လျှော့ကျ ပျောက်ကင်းသွားပါသတဲ့ ဘုရား"

"ဒါဖြင့် ခု ထိုင်နိုင်ပြီပေါ့"

"မှန်ပါ...ခုတော့ ထိုင်နိုင်, ထနိုင်၊ ကွေးနိုင် ဆန့်နိုင်တာပါပဲဘုရား"

"အင်း...အင်း..."

"အံ့ဩစရာပဲ ဘုရား၊ သုံးနှစ်ကျော်ကျော် ကုမရလို့ ပစ်ထားတဲ့ဝေဒနာ တရားအားထုတ်တာနဲ့ ပျောက်သွားတာ ယုံနိုင်စရာတောင် မရှိပါဘုရား"

"တရားစောင့်တဲ့လူကို တရားက ပြန်စောင့်တယ်ဆိုတာ ဒါပဲပေါ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ကောင်းစွာ အားထုတ်အပ်တဲ့ တရားဟာ ချမ်းသာကို ဆောင်တယ်ဆိုတာလည်း ဒါပဲပေါ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"တရားကို နည်းမှန် လမ်းမှန် အားထုတ်ရင် ချမ်းသာရမယ်၊ ဒုက္ခ မတွေ့ရဘူး၊ ဒုက္ခတွေ့ပါတယ်ဆိုရင် အားထုတ်ပုံ မမှန်သေးလို့ဘဲလို့ ဦးပဥ္စင်း ခဏခဏ ပြောတယ်မဟုတ်လား"

"မှန်ပါ ပြောပါတယ်ဘုရား"

"ဒါ...ဘုရားဟောတရားတော်အရ ပြောတာပါ၊ ဦးပဥ္စင်း ကိုယ်ပိုင်စကား မဟုတ်ပါဘူး၊ ဒါကြောင့် တရားအားထုတ်ရင် သုခ,မရချင်သာ ရှိရမယ်၊ ဒုက္ခတော့ မတွေ့ရဘူးလို့ မှတ်ထားနော် ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီတော့ တရားအားထုတ်တဲ့အခါ ဒုက္ခတွေ့ရင် အရှုံးတွက်ပဲ၊ သုခတွေ့ရင် အမြတ်ပဲ၊ သုခလည်း မတွေ့၊ ဒုက္ခလည်း မတွေ့ရင် အရင်းတိုင်းပဲပေါ့ ဟုတ်လား"

"မှန်ပါ ဘုရား"

"ဒီတော့ နည်းမှန် လမ်းမှန် အားထုတ်ရင် ဒုက္ခမတွေ့ရဘူး၊ သုခတွေ့ရမယ်၊ အမြတ်ထွက်မယ်၊ ကဲ... ဆက်သာကြိုးစားအားထုတ်ပေတော့ ဒကာကြီး"

"မှန်ပါ ဘုရား"

✦ တရားကျင့်က ခုဘဝ မှုချချမ်းသာမည်။

✦ မချမ်းသာက နည်းမကျ ရှောင်ကြဉ်ဝေးဝေးဆီ။

✦ တရား မတရား ဤနှစ်ပါး ခွဲခြားသင့်လေပြီ။

# မေ့ကထိက.ကလည်း တယ်ရိုးတာပဲ

## (၁၁၆)

လောကတွင် အလုပ်တွေ အများအပြား ရှိသည်။ ယင်းတွင် တရားဟောသောအလုပ်သည် မွန်မြတ်သော အလုပ်တစ်ခုအဖြစ် ပါဝင်၏။ ယင်းအလုပ်ကို မွန်မွန်မြတ်မြတ်လုပ်သော် "ပင့်ရာလိုက်၊ ထားရာနေ၊ ကျွေးတာစား၊ ခိုင်းတာလုပ်" စသည် စသည် လုပ်ရသဖြင့် မွန်မြတ်သော်လည်း သက်သာသောအလုပ်တစ်ခုတော့ မဟုတ်ပါ။ ပင်ပန်းလှပါသည်။

ပန်းပါသည်။ တရားဟောသောအလုပ်သည် ပရိယတ္တိလုပ်ငန်းဖြစ်၍ ပထမ မိမိကိုယ်တိုင် သင်အံကျက်မှတ်ရ၍ ပင်ပန်းပါသည်။ ဒုတိယ သူတစ်ပါးတွေကို ဟောပြောရန် စဉ်းစားရ၊ ဟောရန် သွားရ ဟောရ စသည်ဖြင့် ပင်ပန်းပါသည်။

ယင်းတွင် ပထမ မိမိကိုယ်တိုင် ကျမ်းဂန်တတ်ဖြစ်အောင် သင်အံလေ့ကျက်ရသည်မှာ သက်သာလွယ်ကူသော ကိစ္စတစ်ခု မဟုတ်ပါ။ လွန်စွာ လုံ့လဝီရိယရှိပြီး သဒ္ဓါ ဆန္ဒ ရှေ့သွားပြု၍ -

| | | | | |
|---|---|---|---|---|
| သု | = | 'သုဏေယျ | = | နာကြားရာ၏ |
| စိ | = | စိန္တေယျ | = | ကြံစည်ရာ၏ |
| ပု | = | ပုစ္ဆေယျ | = | မေးမြန်းရာ၏ |
| ဘာ | = | ဘာသေယျ | = | ပြောဆိုရာ၏ |
| ဝိ | = | ဝိဝရေယျ | = | ဖွင့်ဆိုရာ၏ |
| လိ | = | လိက္ခေယျ | = | ရေးရာ၏ |
| သိ | = | သိက္ခေယျ | = | လေ့ကျင့်သင်ကြားရာ၏ |
| ဓာ | = | ဓာရေယျ | = | ဆောင်ထားရာ၏ |

လို့ ဆိုတဲ့ အက္ခရာ (၈)လုံးကို စွဲသုံးမှသာလျှင် စာတတ်သူ တစ်ဆူ ဖြစ်ပေါ်လာနိုင်သည်။ သို့မဟုတ်က မဖြစ်ပေါ်လာနိုင်။

ယင်းသို့ မဖြစ်ပေါ်နိုင်သည်ကို ရည်ရွယ်၍ ဦးပေါ်ဦး လျှောက်ထုံးတွင် ဤသို့ လင်္ကာသံပေါက် သီကုံးထားသည်ကို တွေ့ရသည်။

၁။ စာတတ်လက္ခဏာ မှတ်စရာ သုံးဖြာဒုလ္လဘ

၂။ ကျော်နင်းနိုင်ဘိ ပညာရှိ ကဝိမှတ်ကုန်ကြ

တစ်ဖန် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်တွင် မန်လည်ဆရာတော်ဘုရားကြီးက ဤသို့တစ်ဖန် ဒုလ္လဘသဘာဝကို ဖော်ပြပြန်သည်။

၁။ ပညာသုတ၊ မရသေးစွာ၊ ကျမ်းဂန်စာကို၊ နှုတ်မှာအမြဲ ဆောင်နိုင်ခဲ၏။

၂။ နှုတ်ထဲလေ့လေ့၊ တတ်နိုင်၍လည်း၊ မမေ့မှတ်စွဲ၊ ဆောင်နိုင်ခဲ၏။

၃။ ဝမ်းထဲအကယ်၊ ဆောင်မှတ်လွယ်လည်း၊ မိဗ္ဗာယ်အနက်၊ ဝက်ဝက်ဝေခွဲ၊ သိနိုင်ခဲ၏။

"ထို ခဲသုံးဖြာ၊ လွန်မြောက်ပါမှ၊ ပညာရှိမြတ်၊ ကဝိထွတ်ဟု၊ မချွတ်မုန်ရာ၊ မိန့်စဉ်လာ၏" တဲ့။ ဒုလ္လဘသုံးပါးကို လွန်မြောက်နိုင်မှ ကျမ်းတတ်ပညာရှိဖြစ်နိုင်သည်။ ယင်းသုံးမျိုးကို လွန်မြောက်ဖို့မှာ ခဲယဉ်းလှ၏။ ပင်ပန်းလှ၏။

ယင်းသို့ ခဲယဉ်းပင်ပန်းစွာနှင့် ဒုလ္လဘသုံးမျိုးကို လွန်ရန် သင်အံကျက်မှတ်နေရသော စာသင်သားတို့သည် -

၁။ ရခဲ မေ့ခဲသော စာသင်သား

၂။ ရလွယ် မေ့ခဲသော စာသင်သား

၃။ ရခဲ မေ့လွယ်သော စာသင်သား

၄။ ရလွယ် မေ့လွယ်သော စာသင်သား

ဟူ၍ စာသင်သား လေးမျိုး ရှိလေသည်။

သို့ဖြစ်၍ စာတတ်တစ်ဆူ ဖြစ်ဖို့မှာ မလွယ်ကူ ခဲယဉ်းလှ၏။ ယင်းခဲယဉ်းမှုတွေကို လွန်ပြီး စာတတ်ဖြစ်အောင် -

၁။ ရှာဖွေတွေ့အောင် နှုတ်မှာဆောင် ထို့နောင် မမေ့ရ။

၂။ အတက်နည်းစေ အံသည်းစေ မြဲစေ စာပြန်ပ။

ဟူသော သံပေါက်လင်္ကာများနှင့် ကြိုးစားသင်အံကျက်မှတ်သော် စာတတ်တစ်ဆူ ဖြစ်လာနိုင်သည်။

မိမိသည် ယင်းသို့ ခဲယဉ်းမှုဒုလ္လဘတွေကို လွန်နိုင်သမျှ လွန်ခဲ့ပြီး ယခုအခါ ပရိယတ္တိနယ်မြေမှ ပဋိပတ္တိနယ်မြေသို့ ခရီးဆက်ရင်း ပရိယတ္တိခေါ် တရားဟောပြောမှု ပြုလုပ်နေသည်။ ယင်းတွင် ခဲယဉ်းမှုတွေ ကြုံရပြန်သည်။ မှန်၏။ တရားနာ ပုဂ္ဂိုလ်တို့သည် -

၁။ ရုပ်ကိုသာ ပမာနထား၍ နာသူ ရူပပမာဏပုဂ္ဂိုလ်

၂။ အသံကိုသာ ပမာနထား၍ နာသူ သဒ္ဒပမာဏပုဂ္ဂိုလ်

၃။ တရားကိုသာ ပမာနထား၍ နာသူ ဓမ္မပမာဏပုဂ္ဂိုလ်

စသည်ဖြင့် ပုဂ္ဂိုလ်တွေ များစွာရှိ၏။ ယင်းသို့ များစွာသော ပုဂ္ဂိုလ်တွေ နားလည်သဘောပေါက်ရန် ဟောရသည့် ကိစ္စလုပ်ငန်းမှာလည်း မလွယ်ကူလှ၊ ခဲယဉ်းလှပါ၏။

ယင်းသို့ စသည်ဖြင့် ခဲယဉ်းမှုအမျိုးမျိုးကို မိမိသည် အမျိုးမျိုးပင် ကြုံခဲ့ရ၏။ တစ်ချိန်သော နေ့ကာလ တရားပွဲတစ်ပွဲမှ အပြန်တွင် မိမိ၏ အဖော်ရဟန်းက ပြော၏။

"ဘုန်းကြီးကို (.....)ကျောင်း ဘုန်းကြီးက ပြောတယ်၊ ဓမ္မကထိက.ကလည်း တယ်ရိုးတာပဲ တဲ့"

"အင်း...ဟုတ်တယ်၊ တရားမဟောခင် ကျောင်းပေါ်ရောက်စက မဟုတ်လား"

"အဲဒီတုန်းကလည်း ပြောတယ်"

"အင်း…အဲဒါ ဘာကို ရည်ရွယ်ပြောတာလဲ မသိဘူး၊ ဒကာ ဒကာမတွေ ရှိနေရာ ဒကာ ဒကာမတွေကို စကားမပြောဘဲ သူနဲ့ပဲ စကားပြောနေလို့လား မသိဘူး"

မိမိတို့ ကျောင်းပေါ်ရောက်သော် ဒကာ ဒကာမများ ရှိနေသည်။ မိမိတို့သည် ကျောင်းဘုန်းကြီးအား ရှိခိုးပြီး ဒကာ ဒကာမများကို ကျောခိုင်းကာ ဘုန်းကြီးနှင့် စကားပြောနေ၏။ ဒကာ ဒကာမများကို စကားမပြောပါ။

"ဟုတ်မလား မသိဘူး၊ သူက ဒကာ ဒကာမများကို စကားပြောတဲ့ ဘုန်းကြီးနဲ့ တူတယ်၊ ခုဘုန်းကြီးက ဒကာ ဒကာမတွေနဲ့ စကားမပြောဘဲ သူနဲ့သာ ပြောနေတော့ ဒီဓမ္မကထိက တယ်ရိုးတဲ့ ဓမ္မကထိကလို့ ပြောတာနဲ့ တူတယ်"

"အင်း…စင်စစ်တော့ ရိုးတယ်ဆိုတာ အ,တာပါပဲ၊ ဒီဓမ္မကထိက တယ်အ,တယ်ရိုးတာပဲ ပြောတာပေါ့နော်"

"မှန်ပါ ဘုရား"

"အ,တယ်ပြောပြော ရိုးတယ်ပြောပြော သံဃာနင့်လူ နှစ်ဦးမှာ တပည့်တော်တော့ သံဃာပဲ ဦးစားပေး စကားပြောရမှာပေါ့၊ လူသက်သက်ဆိုရင်တော့ လူနဲ့ပဲ ပြောရမှာပေါ့ မဟုတ်လား"

"တချို့က သံဃာနဲ့လူ နှစ်ဦးမှာ လူကို ဦးစားပေးတယ်ဘုရား"

"အင်း…ဒါကြောင့်များ တယ်ရိုးတာပဲ ပြောတာလား မသိဘူး"

"ဒါလည်း ဟုတ်မယ်ဘုရား"

"ဒါလည်း ဟုတ်မယ်ဆိုတော့ ပြီးတော့ ဘာကလည်း ဟုတ်သေးလဲ"

"ဘာက ဟုတ်သေးလဲဆို…ဘုန်းကြီးတရားဟောနေတော့ သူနဲ့ တပည့်တော်နဲ့ နာနေတုန်းကလည်း သေသေချာချာ ကြည့်ပြီး "ဒီ ဓမ္မကထိက,ကလည်း တယ်ရိုးတာပဲ" လို့ တစ်ခါပြောသေးတယ်ဘုရား"

"အင်း… ဒါကတော့ မလှုပ်မရှက် ငြိမ်ငြိမ်သက်သက်နဲ့ ဣန္ဒြေရရနဲ့ ရယ်စရာ မောစရာ မပါဘဲ ဟောလို့ ပြောတာလား"

"မလျှောက်တတ်ပါဘူးဘုရား၊ တပည့်တော်တော့ ပြန်ပြောလိုက်တယ်ဘုရား"

"ဘယ်လို ပြန်ပြောလိုက်သလဲ"

"ဘုန်းကြီး၊ ဓမ္မကထိကဆိုတာ ရိုးမှ ကောင်းတယ်လို့"

"နို့…ဟုတ်သားပဲ၊ နာမည်ကိုက ဓမ္မကထိကတဲ့၊ တရားဟောသူတဲ့၊ တရားဟောသူဆိုတာ တရားအတိုင်းနေ၊ တရားအတိုင်း ဟော၊ တရားအတိုင်း အပြော၊ တရားအတိုင်း ဆက်ဆံရင် ရိုးရိုးပဲ နေထိုင်ဟောပြော ဆက်ဆံရမယ် မဟုတ်လား"

"ဟုတ်တာပေါ့ဘုရား၊ သူက ဘယ်လိုဓမ္မကထိက တွေ့ထားလို့ ဘယ်လိုဟာ ကြိုက်နေမှန်းမှ မသိဘဲ"

"အင်း… အင်း… ဓမ္မကထိကတွေကလည်း အမျိုးမျိုး ရှိနေတာကိုး၊ အကြိုက်အကြိုက်ကလည်း အမျိုးမျိုး ရှိနေတာပေါ့"

"ဘုန်းကြီး အဲဒီဓမ္မကထိက အမျိုးမျိုးတွေ ပြောပြစမ်းပါဘုရား"

"မူလပဏ္ဏာသ အဋ္ဌကထာဆရာကြီး မဟာဂေါသိင်္ဂသုတ် အဖွင့်မှာ ဓမ္မကထိက (၄) မျိုးကို ဒီလိုပြထားတယ် -

၁။ လျင်လျင်မြန်မြန် စုန်ကျော်၍ ဟောတတ်သော "ဝေါစ ပမာ ကထိက" တဲ့၊ ဖွတ်ပမာ ဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

၂။ တိုးချီတစ်ခါ ကျယ်ချီတစ်လှည့် နေးချီတစ်ခါ မြန်ချီတစ်လှည့် ဟောတတ်သော "ပေတင္ဂ ဓမ္မကထိက" တဲ့၊ ပြိတ္တာမီးပမာ ဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

၃။ ကြောက်ကြောက်ရွံ့ရွံ့ ငြီးငွေ့ဖွယ်ကောင်းမြည်တမ်းလျက် ဟောတတ်သော "ဂိလာနုပမာ ဓမ္မကထိက" တဲ့၊ လူနာပမာဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

၄။ မကြောက်မရွံ့ သန့်ရှင်းပီသစွာ ခရားမှ ရေလွှတ်သလို ဟောတတ်သော "နဒီသောတုပမာ ဓမ္မကထိက" တဲ့၊ မြစ်ရေယာဉ်ပမာ ဓမ္မကထိကပေါ့၊ တစ်မျိုးပေါ့။

အဲဒီလို…အဲဒီလို စသည်ဖြင့် ဓမ္မကထိကတွေ အမျိုးမျိုး ရှိတာပေါ့၊ ယခု ဒီလေးမျိုးထဲမှာ နောက်ဆုံး "နဒီသောတုပမာ ဓမ္မကထိက" ဟာ အကောင်းဆုံးပဲ၊ အဲဒါပဲ အတုခိုးဟောရမယ်၊ တပည့်တော်တော့ အဲဒါပဲ နှစ်သက်တယ်"

"နို…နေပါဦးဘုရား၊ သီချင်းဆိုတဲ့ ဓမ္မကထိကတွေဟာ အဲဒီ (၄) မျိုးထဲမှာ ဘယ်အထဲမှာ ပါပါ့မလဲဘုရား"

"အင်း…သီချင်းဆိုတယ်ဆိုတာ ငြီးငွေ့ခြင်း၊ ငိုခြင်းပဲတဲ့၊ ဒီတော့ ဂိလာနုပမာ ဓမ္မကထိကထဲ ပါမှာပေါ့"

"အင်း…ဘုန်းကြီးဟောတာ အဲဒီလို မဟုတ်လို့လား မသိဘူး"

"တပည့်တော်တော့ ဒါမျိုး မလုပ်နိုင်ဘူး၊ ကုသိုလ်မရဘဲ ငရဲကြီးမှာ"

"ဘာဖြစ်လို့လဲဘုရား"

"မှတ်ထား "ဓမ္မဂီတ = တရားသီချင်းရယ်၊ ဂီတဓမ္မ = သီချင်းတရားရယ်" လို့ နှစ်မျိုး ရှိတယ်"

"အကျယ်ရှင်းပါဦးဘုရား"

"အေး…အဲဒီနှစ်မျိုးကို ဟောသူအချို့ရော၊ နာသူ တော်တော်များများပါ နားလည်ဟန် မတူဘူး"

"မှန်ပါ ဘုရား"

"အဲဒီ နှစ်မျိုးမှာ "ဓမ္မဂီတ" ဆိုတာက တရားကို သံတို့သံရှည်နဲ့ တိုးတစ်ခါ ကျယ်တစ်လှည့် နေးတစ်ခါ မြန်တစ်ချီနဲ့ သီချင်းဆိုသလို ရွှဲနွဲ့ဟောတာမျိုးကို ဓမ္မဂီတလို့ခေါ်တယ်"

"မှန်ပါ ဘုရား"

"အဲဒါမျိုးကို ဟောတဲ့လူကလည်း မဟောကောင်းဘူး၊ နာတဲ့လူကလည်း မနာကောင်းဘူး"

"ဘာဖြစ်လို့ပါလဲဘုရား"

"ဘာဖြစ်လို့ရမှာလဲ၊ အဲဒါမျိုး နာတော့ အဲဒီအသံပေါ်မှာ ဟောသူရော နာသူပါ မျောပြီး နေတော့တယ်၊ သံဝေဂတွေ သတိတွေ ဉာဏ်တွေ မဖြစ်ပေါ်ဘဲ တဏှာရာဂသာလျှင် တိုးပွားစေတတ်လို့ မဟောကောင်း မနာကောင်းဘူး"

"မှန်ပါ ဘုရား"

"အမှန်က တရားနာတယ် ဟောတယ်ဆိုတာ မဖြစ်သေးတဲ့ သတိသံဝေဂ၊ ဉာဏ်တွေဖြစ်ပေါ်အောင် တဏှာရာဂတွေ လျော့သွားအောင် ကုန်အောင် နာရ ဟောရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

" ခုတော့ ဘာနဲ့ တူသလဲဆိုတော့ ချဉ်သီးစားမိလို့ ငန်းဖျားကြီး ဖျားနေတဲ့ လူမမာကို ဆရာက ဆေးကုတည်ရာမရအောင် နောက်တစ်ခါ ရှောက်ရည်တိုက်တော့ ခေါင်းငိုက်စိုက်နဲ့ သေပွဲဝင်သလိုပေါ့"

"မှန်ပါ ဘုရား"

"ပုထုဇဉ်တွေဆိုတာ တဏှာ ရာဂ ငန်းဖျားကြီး ဖျားနေတဲ့ လူမမာတွေပဲ၊ သီချင်းသံ ရှောက်ရည်တိုက်တော့ တရားပွဲကနေ အပါယ်သို့ ခေါင်းငိုက်စိုက် ဆရာရော ဒကာပါ ကျမှာပေါ့၊ အဲဒါမျိုး တပည့်တော်လည်း မလုပ်ဘူး၊ အရှင်ဘုရားလည်း ဘယ်တော့မှ မလုပ်နဲ့"

"မှန်ပါ ဘုရား"

"ရိုးတယ်ပြောပြော၊ အ.တယ်ပြောပြော လုပ်ကိုမလုပ်နဲ့နော်"

"မှန်ပါ ဘုရား"

"ဓမ္မဂီတကတော့ ရှင်းပါပြီ၊ "ဂီတဓမ္မ" ကို ရှင်းပါဦးဘုရား"

"ဂီတဓမ္မဆိုတာ သံဝေဂနှင့်စပ်ယှဉ်ပြီး ဆိုလွယ်ရွတ်လွယ် သီကုံးထားတဲ့ ဓအာင်ခြင်းရှစ်ပါးတို့ သမ္မုဒ္ဒေတို့လို သီချင်းမျိုးကို ခေါ်တယ်"

"မှန်ပါ ဘုရား"

" အဲဒါမျိုးကို ကြားတဲ့အခါ သတိသံဝေဂတရား. ဉာဏ်တရားတွေ ဖြစ်ပွားပြီး တရားရစေနိုင်လို့ နားထောင်နိုင် ဆိုနိုင်တယ်လို့ ဆိုတယ်"

"မှန်ပါ ဘုရား"

"အဲဒါမျိုးက နားထောင်တုန်းက သီချင်းအနေနဲ့ နားထောင်ရင်း တရားဆီ ရောက်သွားပြီး သံဝေဂဖြစ်တာ တရားရနိုင်တယ်"

"မှန်ပါ ဘုရား"

"ဓမ္မဂီတ တရားကို သီချင်းဆန်ဆန် ဟောတာက ဟောသူရော နာသူပါ တရားအနေနဲ့ဟောရင်း နာရင်း တရားပျောက်ပြီး သီချင်းဘက် ပါသွားကာ တဏှာ၊ ရာဂတိုးပွားပြီး အပါယ်ကျတတ်တယ်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဘုန်းကြီးတွေမှာ သံရှည်ဆွဲပြီး ဟောရင် ဟောတိုင်း ဟောတိုင်း၊ အခွန်းတိုင်း အခွန်းတိုင်း အာပတ်သင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် အဲဒီလို သီချင်းဆန်ဆန် ဟောတာမျိုး ဟောသူ.နာသူ တရားမရလို့ ဘုရားက -

"မဂ်ဖိုလ်မမှီး အချည်းနှီးသော ယောက်ျား၊ သင်သည် ရဟန်းကောင်း ရဟန်းမြတ်တို့ မပြုကျင့်အပ်သော အကျင့်ကို ပြုကျင့်ဘိ၏။ ရှည်သော သီချင်းသံဖြင့် ဟောခြင်းမျိုးသည် ရဟန်းကောင်းတို့အား မအပ်၊ ရဟန်းတို့၏ အမူအရာလည်း မဟုတ်၊ အဘယ်ကြောင့် သင်သည် သီချင်းသံဖြင့် ဟောကြားဘိသနည်း။ မိုက်မဲသည့်ရဟန်း သင့်ရဲ့ဟောပုံပြောပုံ အလုံးစုံသည် ကာမဂုဏ်ခံစားနေတဲ့ သာမန်လူတန်းစားတွေနဲ့ ဘာများ ထူးခြားသေးလဲ၊ လူတွေလည်း သင့်လိုပဲ သီဆိုသည် မဟုတ်လော" စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချထားသည်ကို ဝိနည်းပါဠိတော်မှာ တွေ့ရတယ်၊ ဘုရားရှင်ဟောထားတယ်၊ မိန့်မှာထားတယ်"

"မှန်ပါ ဘုရား"

" ဂီတဓမ္မ = သီချင်းတရား" နှင့် "ဓမ္မဂီတ = တရားသီချင်း" နှစ်ခုကို သေသေချာချာ ကွဲအောင် မှတ်နော်၊ မကွဲလို့ မဖြစ်ဘူး၊ အဲဒီမှာ ဘုန်းကြီးတွေ အနေနဲ့ကတော့ ဓမ္မဂီတရော ဂီတဓမ္မပါ သီချင်းလို အသံရှည်ဆွဲရင် အာပတ်သင့်မယ်၊ မဆိုကောင်း မဟောကောင်းဘူးလို့ မှတ်ထား"

"မှန်ပါ ဘုရား"

"ဒီတော့ အဲဒါမျိုး မပါလို့ ရိုးတယ်ပြောတာ ပြောပါစေ၊ ကောင်းတာပေါ့"

"မှန်ပါဘုရား"

"တရားဆိုတာ ပညာရှိကြိုက်၊ အနည်းကြိုက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အများကြိုက်တာက တရားမဟုတ်ပါဘူး၊ ခုနကလို သီချင်းသံလို ဟောမှကြိုက်တာ၊ အဲဒီအများကြိုက် နောက်လိုက်ရင် ကယ်တင်ရာ မရောက်ဘဲနှင့် နစ်ရာရောက်မှာပေါ့၊ ဒီတော့ "မကယ်ချင်ရင်နေပါ၊ မနစ်တော့ မနစ်ပါနဲ့" ဟုတ်လား"

"မှန်ပါဘုရား"

"ကဲ ... ဒါဖြင့် တော်ကြပါစို့"

✦ တရားဟောရာ ရိုးရိုးသာ ဟောတာကောင်းလေ၏။

✦ ဆန်းဆန်းဟောက အပယ်ကျ ဒုက္ခကြီးလေ၏။

✦ ဒုက္ခလွတ်ရန် ရိုးသံမှန် ဟောရန်သင့်လေ၏။

# ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့

## (၁၁၇)

"ကောင်းဆိုးစစ်၍ ကျိုးပြစ်ရှုမျှော် သိမြင်မျှော်လော့ သူတော်မဟုတ် သူယုတ်တို့၌ တစ်ခိုက်မျှဖြင့်
ပေါင်းမိသင့်က စိန်နှင့် သံပုရာ အဆိပ်စာသို့ မိစ္ဆာတိမ်းပါး ယူဖောက်ပြား၍ တရားမလျော် မှားယွင်းချော်၏"

"သူတော်သူစင် ပညာရှင်တို့ မိန့်ကြားစကား တစ်ခွန်းကြားက ပတ္တမြားဆန်ကျိုး အဖိုးပြည့်တန် ကေန်
မုချ တစ်လုံးရဖို့ နဠဖိုးမွန် ကျိုးကဲလွန်၏"

အထက်ပါမဃဒေဝလင်္ကာကား မှန်လှ၏။ အဖန်ဖန်ဖတ်၍ အဖန်ဖန်စဉ်းစားကာ မှန်လှ၏။ မှန်လှ၏ဟု အဖန်ဖန်ပင် လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေ၏။

အဘယ်ကြောင့်ဆိုသော် တစ်ချိန်သော နေ့ကာလ ဖြစ်၏။ မိမိသည် မြို့တစ်မြို့တွင် တရားဟော၏။ တစ်နေ့ နေ့လယ်တွင် ယင်းမြို့ကို ဆွမ်းခံရွာပြု၍ တောရဆောက်တည်နေသော တောရထေရ်ကျော် ဆရာတော်တစ်ပါးထံသို့ သွားရောက်ဖူးမြော်သည်။

ရောက်တယ်ဆိုလျှင် တောရကျောင်းမှာ တိတ်ဆိတ်ငြိမ်သက် ကြက်သီးထဖွယ်ပင် ဖြစ်တော့၏။ ဆရာတော်ကား တရားနှလုံးသွင်းနေသည်။

မိမိတို့သည် ဆရာတော်ကို ဖူးမြော်လိုသည်။ ဩဝါဒစကား နာကြားလိုသည်။ သို့နှင့် အပြင်မှ ချောင်းဟန့်လိုက်သည်။ အထဲမှ အသံမကြား၊ နှစ်ခါ သုံးခါ ဆက်၍ချောင်းဟန့်တော့မှ အတွင်းမှ ချောင်းဟန့်သံ တစ်ချက် ကြားရသည်။

- ထိုအခါ မိမိတို့မှာ စကားမှ မဟရဲဘဲ ငြိမ်သက်စွာနှင့် အတွင်းသို့ပင် နားစွင့်နေရသည်။ အတွင်းမှ သက်ပြင်းသံ ကြားပြီး မကြာမီ ဆရာတော်သည် အတွင်းမှ အပြင်သို့ ကြွလာသည်။

ဆရာတော်မှာ ကြည်လင်၏။ သပ္ပာယ်၏။ ရိုးသားတည်ကြည်သောအသွင်ကို ဆောင်လျက်ရှိ၏။ ခပ်ကုတ်ကုတ် ကလေး ထိုင်ကာမေး၏ -

"ဘယ်က ကြွလာကြပါသလဲ"

"တပည့်တော်တို့ (.....)တောရကျောင်းကပါဘုရား၊ ယခု ဒီမြို့မှာ တရားလာဟောပါတယ်ဘုရား"

"အေး... အေး... ကောင်းတယ်၊ ကောင်းတယ်"

"ရောက်တဲ့အခိုက် တပည့်တော်တို့ကို ဆုံးမဩဝါဒ ပေးသနားပါဘုရား"

"ဆုံးမဩဝါဒကတော့ ဘာအထူးပေးစရာ လိုမှာလဲ၊ "ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့"ဒါပဲပေါ့" ဆရာတော်မှာ စကားပြောလျှင် ခပ်ပြတ်ပြတ်ပင် ဟန်ဆောင်မှုမပါ ပွင့်လင်းလှ၏။

"ကိုယ်ထောင်တဲ့လှေကား ကိုယ်မဖျက်ဆီးနဲ့ ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က ဘယ်လိုပါလဲဘုရား"

"ရဟန်းဝတ်တယ်ဆိုတာ နိဗ္ဗာန်သွားမယ်ဆိုပြီး သီလလှေကား ထောင်လာခဲ့တာမဟုတ်လား"

"မှန်ပါ ဘုရား"

"မပြုသင့်တာ ပြုရင် သီလ.မပျက်ဘူးလား"

"ပျက်ပါတယ်ဘုရား"

"ပြုသင့်တာ မပြုရင်ကော သီလ.မပျက်ဘူးလား"

"ပျက်ပါတယ်ဘုရား"

"သီလ.ပျက်တယ်ဆိုရင် အကုသိုလ်ဖြစ်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ကိုယ်ထောင်တဲ့ သီလလှေကား ကိုယ်ဖျက်ရာ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"အေး... ခုခေတ် ရဟန်းတော်တွေဟာ ကိုယ်ထောင်တဲ့ သီလလှေကား ကိုယ်ဖျက်ဆီးနေကြတာ များတယ်"

"မှန်ပါဘုရား၊ များပါတယ်"

"တို့တော့ ဒီဘဝမှာပဲ တရားရအောင် ခဲမယ်ဆိုပြီး သီလလှေကားထောင်ပြီး ကြိုးစားနေတာပဲ"

"မှန်ပါ ဘုရား"

"ဒီဘဝ.မရလို့ လူ့.ပြည်များ ပြန်လာပြီးတော့ လူဖြစ်မှာ သိပ်ပြီးတော့ ကြောက်တယ်"

"ခေတ်အနေနဲ့ကြည့်ရင် ကြောက်စရာပါဘုရား"

"လူတွေဘက်ကလည်း လူ့သီလတွေ ချို့တဲ့ကုန်ပြီ"

"မှန်ပါ ဘုရား"

"ရဟန်းတွေဘက်ကလည်း ရဟန်းသီလတွေ ချို့တဲ့ကုန်ပြီ"

"မှန်ပါ ဘုရား"

"နောက်တစ်ခါ လူဖြစ်ရင် သီလမရှိတဲ့ လူတွေဝမ်းထဲမှာ ပဋိသန္ဓေနေပြီး သီလမရှိတဲ့ ရဟန်းတွေထံမှာ ရှင်ပြုရဟန်းခံရမယ်ဆိုတော့ ကြောက်စရာမကောင်းဘူးလား"

"ကြောက်စရာပါဘုရား"

"အပါယ်ကျရမှာထက် ကြောက်စရာကောင်းတယ်"

"မှန်ပါ ဘုရား"

"အဲဒီ သီလမရှိတဲ့ ရဟန်းတွေထံမှာ တပည့်ခံရမှာဆိုတော့ အပါယ်မှာ ကြာမယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကြောက်စရာအလွန်ကောင်းတယ်နော်၊ မပေါ့နဲ့၊ ကြိုးစားအားထုတ်ကြ၊ သူများကို တရားဟောရတာ လွယ်တယ်၊ ကိုယ်ဟောတဲ့တရားအတိုင်း နေဖို့ရာ ခက်တယ်"

"မှန်ပါ ဘုရား"

"ကိုယ်ဟောတဲ့ တရားအတိုင်း ကိုယ်နေရင်လည်း သူများတွေကို နည်းနည်းဟောပြီး ကိုယ်က များများကျင့်ဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...အဲဒါ သတိထား၊ သူများ နည်းနည်းဟော၊ ကိုယ် များများကျင့် ဒါပဲ"

"မှန်ပါ ဘုရား"

"ရဟန်းတွေဟာ ကျင့်စရာတွေ အများကြီး သိသားပဲ၊ မကျင့်တာတွေ များတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မကျင့်ရင်အကျိုးမရဘဲ အပြစ်တွေပဲဖြစ်မှာ၊ ဒီတော့ အကျိုးယူမလား၊ အပြစ်ယူမလားဆိုတာ ကိုယ့်ဘာသာ စဉ်းစားပြီးလုပ်ပေါ့"

"မှန်ပါ ဘုရား"

"သူများတွေတော့ ဒါနလောက်၊ သီလလောက်၊ သမထလောက်နဲ့ တင်းတိမ်မနေနဲ့၊ ဘာဝနာတရားကို ကြိုးစားလို့ ဟောကြတယ်မဟုတ်လား"

"မှန်ပါ ဟောကြပါတယ်ဘုရား"

"အဲဒီ ဟောသူ သွားကြည့်ရင် သူ့မှာ သီလလောက်တောင် သိပ်မရှိတာ များတယ်နော်"

"မှန်ပါ ဘုရား"

"သတိကြပ်ကြပ်ထားပါ"

"မှန်ပါ ဘုရား"

မိမိတို့သည် ဆရာတော်ကြီးက ဆုံးမစကားများကို နာကြား၍ မဝကြပါ၊ သို့သော် ဆရာတော်ကြီး၏အချိန်ကို လုမယူချင်သည်နှင့် နာကြားမဝဘဲသာ ပြန်ခဲ့ကြရပါသည်၊

မိမိတောရသို့ ရောက်သော် မိတ်ဆွေတစ်ပါးနှင့် ယင်းတောရသို့ သွား၍ ဆရာတော်ကြီး ဖူးမြော်ကြောင်းအစုံပြောပြ၏၊ ထိုအခါ မိတ်ဆွေများက ပြောပြ၏၊

"အရှင်ဘုရားတို့ ကံကောင်းတာပေါ့"

"ဘာဖြစ်လို့လဲ"

"တပည့်တော်တို့ တစ်ခါတုန်းက တောရတစ်ခုက အပြန် မြို့ပေါ်ရှိ ရိပ်သာဆရာတော်ကြီးတစ်ပါး သွားဖူးမြော်တာ မဆုံးမတဲ့အပြင် မာန်လိုက် ထန်လိုက်တာ စိတ်ကိုကုန်ရော"

"ဟင်...ဘာဖြစ်လို့ မာန်တာလဲ"

"ဆရာတော်ကြီးက သူ့လိုပဲ ပရိသတ်အသိုင်းအဝိုင်းနဲ့ နေစေချင်တယ်နဲ့ တူပါတယ်"

"ဩော်...ခက်ပဲ ခက်ရချည့်သေးရဲ့"

"အဲဒီလို ဆရာတော်ကြီးတွေ သွားဖူးမြော်ရတာ စိတ်မကြည်ဘူး၊ ယခု အရှင်ဘုရား စိတ်ကြည်တယ် မဟုတ်လား"

"ဟာ…စိတ်သိပ်ကြည်တာပေါ့၊ ဝမ်းသာမဆုံးပေါ့၊ ကိုယ့်ရဲ့တောစိတ်ကလေးတွေလည်း မပျောက်သွားဘူး၊ နောက်လည်း သွားဖူးချင်သေးတယ်"

"အဲဒါ စာထဲမှာပါတဲ့ "မနောဘာဝနီယရဟန်း" စိတ်နှလုံးပွားစေတတ်တဲ့ ရဟန်းပေါ့"

"မှန်ပါ ဘုရား"

"တပည့်တော်တို့ကျတော့ စိတ်နှလုံး တွန့်ဆုတ်သွားတယ်၊ စိတ်နှလုံး မပွားဘူး၊ နောက်လည်း အဲဒီဆရာတော်ကြီးဆီ မသွားချင်တော့ဘူး"

သာသနာတော် ရှေ့ဘယ်သို့နည်း။

✦ ဩဝါဒစကား ပောာမိန့်ကြား စိတ်များကြည်လှပါ။

✦ အပြစ်ပြောကြား မာန်ထန်ပြား စိတ်များ နောက်လှပါ။

🕮

# သောတာပန်ရဟန်း လူထွက်ပါသေးသလား

## (၁၁၈)

"မြေကြီးထဲတွင် ဝင်မိုတည်နေသော လွန်စွာမြဲခိုင် တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယသစ္စာတို့ကို သိမြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူသည်"

"သောတာပန်သံဃာ၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်မှာလည်း ထူးမြတ်လှပါပေ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း"

ဘုရားရှင်လက်ထက်တော်အခါက သောတာပန်ပုဂ္ဂိုလ် အများအပြား ရှိခဲ့ရာ သောတာပန်အဖြစ်ကို ကိုယ်တွေ့ကြုံသူများလည်း ရှိခဲ့၏၊ ဘယ်သူ သောတာပန်ပဲဟု အကြားအရ သိနေရသူလည်း ရှိ၏၊ သောတာပန်အဖြစ်မှာ လူအများ၏အကြားအတွေ့အားဖြင့် ထင်ရှားခဲ့ရာ ထိုသို့ ထင်ရှား လူသိများသော သောတာပန်သံဃာတွင် ဂုဏ်ဖြင့် သစ္စာပြုဟန်ကို ပြတော်မူလို၍ အထက်ပါစကားကို ဗုဒ္ဓရှင်တော် မိန့်တော်မူသည်၊

### သစ္စာသိမြင်ပုံ

အရိယသစ္စာကို သိရာတွင် "အနုဗောဓသိ = လောကီဉာဏ်ဖြင့် သိမှု၊ ပဋိဝေဓသိ = မဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်မှု" ဟု အသိ နှစ်မျိုးရှိရာ ဤတွင် ပဋိဝေဓအသိခေါ် မဂ်ဉာဏ်အသိကို လို၍ "မဂ်ဉာဏ်ဖြင့် သက်ဝင်သိ၏" ဟု ဆို၏၊

¯ မဂ္ဂဘာဝနာဟူသည် မိမိသန္တာန်၌ မဂ်ကို ဖြစ်စေခြင်းတည်း၊ ထိုမဂ်ကား ပုဗ္ဗဘာဂဝိပဿနာတွင်လည်း ဖြစ်လျက်ရှိရာ ၎င်းမှာ အရိယမဂ် ဆိုက်ရောက်ရေးအတွက် ဖြစ်၏၊

သို့ဖြစ်ရာ မဂ္ဂဘာဝနာကား အရိယမဂ် ဆိုက်ရောက်သောအခါ အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ရတော့၏၊ ဒုက္ခကိုပိုင်းခြားသိမှု၊ ပရိညာကိစ္စလည်း ဝိပဿနာ၌ ရှိနေလျက်ပင်၊ သို့သော် အပြီးတိုင်မရောက်သေး၊ သိမှုမပြီးသေး၊ မဂ်အခိုက်၌ကား အပြီးတိုင် ထွင်းဖောက်ကာ အရှင်းလင်းဆုံးအခြေသို့ ရောက်ခဲ့ရ၏၊

ထို့အတူ ဝိပဿနာအခိုက်ကပင် အစဉ်ဖြစ်နေသော သမုဒယသစ္စာကို ပယ်ခြင်းကိစ္စလည်း မင်္ဂကျမှ ပြည့်ဝခြင်းသို့ ရောက်၏။

ထို့ကြောင့်ပင် မဂ္ဂသည် နိဗ္ဗာန်ကို အာရုံပြုသော်လည်း အခြားသစ္စာများကို တစ်ချက်တည်း ဖောက်ထွင်းသိမြင်မှု ပြီးတော့သည်။

ဤတွင် နိဗ္ဗာန်ကိုသိသည်မှာ "အာရမ္မဏ = အာရုံပြုသောအားဖြင့် သိသော" အသိမျိုးတည်း။ ဒုက္ခ စသည်ကို သိသော အသိကား "အသမ္မောဟ = တွေဝေမှု မရှိ သိပြီးရှင်းလင်းပြီး ဖြစ်နေသော" အသိမျိုး ဖြစ်သည်။ ဤအချက်၌ ဆီမီးဥပမာဖြင့် ပြ၏။ ဆီမီးသည် -

၁။ မီးစာကို လောင်စေခြင်း

၂။ အမှောင်ကို ဖျောက်ခြင်း

၃။ အလင်းကို ပြခြင်း

၄။ ဆီကို ခန်းစေခြင်း ဤလေးချက်ကို တစ်ပြိုင်တည်း ပြသကဲ့သို့ မဂ်သည်လည်း -

၁။ ဒုက္ခကို သိခြင်း

၂။ သမုဒယကို ပယ်ခြင်း

၃။ မဂ္ဂကို ပွားခြင်း

၄။ နိရောဓကို မျက်မှောက်ပြုခြင်း ဟူသော ကိစ္စလေးချက် တစ်ပြိုင်နက်တည်း ပြီးစေ၏။

## တံခါးတိုင်နှင့် တူပုံ

မဂ်ဖြင့် ကိစ္စလေးချက်ကို ကိုယ်တွေ့ပိုင်လျက်ရှိသော အရိယာ၌ မဂ်ဖြင့် နိဗ္ဗာန်ကို ဆိုက်တွေ့ရခြင်း၊ "အခါမလင့် အကျိုးပေးသော = အကာလိကမဂ်" ၏ဂုဏ်အရ အရိယာဖိုလ်ကို ပိုင်နိုင်ခဲ့ခြင်း၊ ထိုသို့ "ကိုယ်တွေ့ = သန္ဒိဋ္ဌိကမဂ်ဖိုလ်များ" အရ "ငါမဂ်ဖိုလ် ရပေပြီ" ဟု "ပစ္စတ္တံဝေဒိတဗ္ဗ" အရ မိမိကိုယ်တိုင် သိရသောကြောင့် ထိုအရိယာမှာ "အပရပ္ပစ္စယ = ဘုရားမှ တစ်ပါး အခြား အားထားယုံကြည်ဖွယ် မရှိသူ" "ဝေသာရဇ္ဇပ္ပတ္တ = ယုံမှားအမျိုးမျိုးဖြင့် စိုးရွံ့နေရသော ဘဝမှ ယုံမှားကင်း၍ ရဲတင်းသူ" အဖြစ် ရောက်ခဲ့ရာ ထိုပုဂ္ဂိုလ်များမှ အခြားအယူအဆ တစ်ပါးတို့ကြောင့် အဘယ်မှာ လှုပ်ရှားယိမ်းယိုင်ပါတော့မည်နည်း။

အလွန်ခိုင်ခံ့စွာ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ မလှုပ်ရှားစေနိုင်သကဲ့သို့ ထိုသောတာပန်ပုဂ္ဂိုလ်ကို ဘယ်လိုအယူမှား တိတ္ထိအယူအဆမျိုးကမျှ မလှုပ်ရှားစေနိုင်၊ မိမိအမြင်မှ ရွေ့ရှားတိမ်းပါးအောင် မည်သူမျှ မတတ်နိုင်တော့ပေ။ မှန်၏။ ဘုရားရှင်လည်း ဟော၏။

> "နက်သော တွင်းရှိ၍ မရွေ့ပါး မလှုပ်ရှား ကောင်းမွန်မြဲနိုင်အောင် စိုက်ထားအပ်သော တံခါးတိုင်ကို အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာတို့မှ လေပြင်းမုန်တိုင်းများ မလှုပ်ရှားစေနိုင်ရာ၊ အကြောင်းမှာ တွင်းကလည်း နက်၊ ကောင်းမွန်ခိုင်မြဲအောင်လည်း စိုက်ထားအပ်သောကြောင့် ဖြစ်၏"
>
> "ထို့အတူ သမဏဗြာဟ္မဏအမည်ခံ အကြင်ပုဂ္ဂိုလ်တို့သည် ဒုက္ခ. သမုဒယ. မဂ္ဂ. နိရောဓ ဟူသော အမှန်တရား သစ္စာလေးပါးတို့ကို သိကြ၏။ ထိုသစ္စာတို့ကို သိမြင်ပြီးသောကြောင့်ပင် ထိုသမဏ ဗြာဟ္မဏတို့မှာ ဤသူ တရားထူး သိမြင်သူပဲဟု ဘုရားမှတစ်ပါး အခြားသူ၏ မျက်နှာကို မော်မကြည့်ကြတော့ပေ"

(သံယုတ်ပါဠိတော်)

ဤစကားဖြင့် သစ္စာမမြင် ပုထုဇဉ်တို့နှင့် သစ္စာသိမြင်သူတို့ ဆန့်ကျင်ဘက်အဖြစ်ကို ပြ၏။ ပုထုဇဉ်တို့ကား ဆရာအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်တတ်ကြကုန်၏။ ဤဆရာက တစ်မျိုးပြောလျှင် လက်ခံ၍ ဆရာတင်တတ်၏၊ အခြားဆရာတစ်ယောက်က တစ်မျိုးပြောပြန်လျှင် သက်ဝင်ယုံကြည်တတ်ပြန်၏။

ယင်းသို့ ဆရာအမျိုးမျိုး အယူအဖုံဖုံ ပြောင်းနိုင်၏။ ဤသို့ ဖြစ်ရသည်မှာ သစ္စာမမြင်၍ အတည်ပြု ဆုံးဖြတ်နိုင်ဖွယ်တရားမတွေ့သောကြောင့်တည်း။ အတည်ပြု ဆုံးဖြတ်နိုင်လောက်အောင် ကိုယ်တွေ့သစ္စာတရားမျိုး ရှိပြီး သောတာပန်တို့ကို မည်သူတစ်ယောက်မျှ သွေးဆောင် ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ လှည့်စားခြင်း တို့ဖြင့် ထိုဆုံးဖြတ်ချက်ကို ပျောက်ပျက်အောင် ပြုခြင်းငှာ မတတ်နိုင်ပေ။

## ဖြားယောင်း သွေးဆောင် မရ

အခါတစ်ပါးမြတ်စွာဘုရား တရားဟောနေစဉ်ပရိသတ်အစွန်မှ တရားနာနေသော "သုပ္ပဗုဒ္ဓ" လူနာတစ်ယောက်သည် သောတာပန် ဖြစ်လေ၏။ တရားပွဲပြီး ပရိသတ်စဲသောအခါ မိမိရသော ဂုဏ်ကို ဘုရားရှင်အား လျှောက်ထားရန် အလာတွင် သိကြားမင်းက စုံစမ်းလို၍ ကောင်းကင်မှ နေပြီးလျှင် -

"သုပ္ပဗုဒ္ဓ" သင်ကား ဆင်းရဲလှ၏၊ သင့်ကို ငါ မကုန်နိုင်အောင် များပြောင်သော ဥစ္စာပစ္စည်းတွေကို ပေးမည်၊ သင်ကသာ ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်၊ ဘုရား တရား သံဃာ တို့ကို အလိုမရှိဟု ပြောရမည်" ဟု ဆို၏။

ထိုအခါ "သင်ဘယ်သူနည်း" ဟု သုပ္ပဗုဒ္ဓက မေး၏။ မိမိ သိကြားမင်းဖြစ်ကြောင်း ပြောသော် -

"အရှက်မရှိသော သိကြားမိုက် သင့်ကို ငါ စကားပင် ဖက်မပြောထိုက်၊ သင်ကား ငါ့ကို လူဆင်းရဲဆို၏၊ ငါ့မှာ သဒ္ဓါ. သီလ. သုတ. စာဂ. ပညာ. ဟိရိဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်းဥစ္စာ ရတနာတွေ ရှိနေ၍ ငါကား လူချမ်းသာဖြစ်၏" ဟု ဆို၏။ သိကြားမင်းကလည်း ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော် ဘုရားရှင်က -

"သိကြားမင်း သင်ကဲ့သို့ သိကြားအရာ အထောင်မက သုပ္ပဗုဒ္ဓ ဘုရားမဟုတ် စသည် ပြောဆိုခိုင်း၍ ရမည်မဟုတ်ကြောင်း" မိန့်တော်မူသည်။ သုပ္ပဗုဒ္ဓလည်း ဘုရားရှင်ထံ မိမိရရှိသော အရိယာဂုဏ်ထူးကို လျှောက်ထားပြီး ပြန်အလာတွင် သားသည်အမေ နွားမ.က ဝှေ့သတ်၍ သေလွန်ကာ နတ်ပြည်ရောက်ရလေသည်။

(ဓမ္မပဒ)

## ခြောက်၍ မရ

ဘာရဒွါဇအနွယ် ပုဏ္ဏားတစ်ယောက်၌ ဓနဉ္စာနီ အမည်ရှိသည့် ပုဏ္ဏေးမ ရှိ၏။ ပုဏ္ဏားကြီးကား အယူမှား ပုဏ္ဏားများကို ကြည်ညို၍ ပုဏ္ဏေးမကား ဘုရားတပည့် သောတာပန်တည်း။ ပုဏ္ဏားကြီးက အယူမှားပုဏ္ဏားများကို ထမင်းကျွေးသောအခါ မစ္ဆရိယ မရှိသော ပုဏ္ဏေးမက ပြုစုတတ်သော်လည်း ပုဏ္ဏေးမ ဘုရားအမှူးရှိသော သံဃာများအား ဆွမ်းကပ်သောအခါမှ ပုဏ္ဏားကြီးသည် မစ္ဆရိယ ရှိရကား အိမ်မှ ရှောင်ပြေးတတ်၏။

တစ်နေ့ ပုဏ္ဏားကြီးသည် အယူမှား ပုဏ္ဏားငါးရာ ထမင်းစား ဖိတ်လာပြီးနောက် ပုဏ္ဏေးမကို ပြော၏။

"အို ... ရှင်မ နက်ဖြန် ပုဏ္ဏားငါးရာ ထမင်းသုံးဆောင်ချိန် ကြွလာကြလိမ့်မည်၊ ရှင်မကား ထိုင်ရင်း ရပ်ရင်း ဖြစ်စေ ချောင်းဆိုး ချေဆတ်သောအခါ ဖြစ်စေ "နမောဗုဒ္ဓဿ" ဟု ရဟန်းဂေါတမအား ရှိခိုးလေ့ရှိ၏။ နက်ဖြန်

တစ်နေ့တော့ ဤရှိခိုးမှု မပြုပါနှင့်၊ ဤအသံကို ကြားလျှင် ပုဏ္ဏားတွေ စိတ်မချမ်းသာကြ၊ ငါနှင့် ပုဏ္ဏားတွေကို ကွဲအောင် မလုပ်ပါနှင့်"

ဟု ဆို၏။ ထိုအခါ ဓနဉ္စာနီပုဏ္ဏေးမက -

"အို . . . ရှင့်ပုဏ္ဏားတွေပဲ ကွဲကွဲ၊ နတ်ပြဟ္မာတွေနှင့်ပဲ ကွဲကွဲ ကျွန်မတော့ ဆရာဘုရားကို သတိရလျှင် "နမောဗုဒ္ဓဿ" လို့ ရှိမခိုးဘဲ မနေနိုင်"

လို့ ငြင်းဆန်၏။ ထိုအခါ ပုဏ္ဏားကြီးက -

"အို . . . ရှင်မ အိမ်ခြေတစ်ရာရှိသော ရွာမှာ ရွာတံခါးကိုပင် ပိတ်နိုင်သေးလျက် လက်နှစ်ချောင်းမျှနှင့် ပိတ်ရသော ပါးစပ်ကလေးကို ထမင်းစားချိန်အတွင်းမျှ မပိတ်နိုင်ဘူးလား"

စသည်ဖြင့် အမျိုးမျိုး ပြောသော်လည်း ပုဏ္ဏေးမကြီးက ငြင်းဆန်မြဲ ငြင်းဆန်နေသဖြင့် ခေါင်းရင်းမှ သန်လျက်ကို ယူပြီး -

"ဟေ့...ရှင်မ၊ ရဟန်းဦးပြည်းကတုံးကို "နမောဗုဒ္ဓဿ" လို့ ရှိခိုးရင် ဟောဒီသန်လျက်ဖြင့် ခြေဖျားမှ ခေါင်းအထိ နုပ်နုပ်ပါအောင် စဉ်းပစ်မည်"

ဟု ခြိမ်းခြောက်၏။ ဘုရားတပည့်မ အရိယာမည်သည်မှာ ဘုရားနှင့် စပ်လာလျှင် တုန်လှုပ်မြဲ မဟုတ်သည့်အတိုင်း -

"အို...ပုဏ္ဏားကြီး၊ ကျွန်မ၏အင်္ဂါကြီးငယ်ကို ဖြတ်လိုဖြတ်၊ သတ်လိုလျှင် သတ်ပါတော့၊ ဘုရားအဆုံးအမကို မပယ်နိုင်၊ ဘုရားနှင့် ကင်း၍မနေနိုင်"

ဟု ဆိုသော် ပုဏ္ဏားလည်း ဘာမျှ မတတ်နိုင်တော့ဘဲ "မင်းထင်ရာ လုပ်တော့" ဟု လက်လျှော့ရလေသည်။

(သံယုတ်ပါဠိ)

## လှည့်စားမရ

သူရမ္ဗဋ္ဌကား တိတ္ထိတို့၏ တပည့်ဒကာ ဖြစ်၏။ သူရမ္ဗဋ္ဌ၏ သောတာပန်ဖြစ်ရန် မြင်တော်မူသော ဗုဒ္ဓသည် ဆွမ်းခံကြွလာ၏။ သူရမ္ဗဋ္ဌလည်း ဗုဒ္ဓအား အိမ်ထဲသို့ပင့်၍ ဆွမ်းကပ်၏။ ဗုဒ္ဓသည် သူ့အား တရားဟော၏။ သူကား သောတာပန် ဖြစ်သွား၏။

ဗုဒ္ဓ ပြန်ကြွ၏။ ထိုအခါ မာရ်နတ်က သူရမ္ဗဋ္ဌ၏ မိမိနယ်မှ လွတ်.မလွတ် စုံစမ်းလို၍ ဘုရားနှင့်တူအောင် ဖန်ဆင်းပြီးလျှင် သူရမ္ဗဋ္ဌ၏ အိမ်တံခါးသို့ ရောက်လာ၏။ သူရမ္ဗဋ္ဌသည် ဘုရားရှင် ပြန်ကြွလာသည်ဟူသော အမှတ်ဖြင့် ချဉ်းကပ်ကာ ကြွလာခြင်းအကြောင်းကို လျှောက်လေသော် ဘုရားအယောင်ဆောင်သော မာရ်နတ်က -

"သူရမ္ဗဋ္ဌ ငါတရားဟောခဲ့စဉ်က တရားတစ်ခုကို သတိမထား အမှတ်မဲ့ ဟောခဲ့မိသည်၊ ခန္ဓာငါးပါးလုံးကို အနိစ္စ. ဒုက္ခ. အနတ္တ ဟု ဟောခဲ့မိ၏၊ သို့သော် ခန္ဓာတွေအကုန်လုံး သည်သဘောချည်း မဟုတ်၊ မပျက်မစဲ နိုင်မြဲသော ခန္ဓာတချို့ရှိသေးသည်"

ဟု ဆို၏။ ကိုယ်တွေ့တရား မရှိသူဆိုလျှင် ဘုရားပဲဟု အတည်ပြု၍ မာရ်နတ်စကားကို လက်ခံလိုက်မည်သာ ဖြစ်၏။ တရားကိုယ်တွေ့.ဖြစ်ပြီး ယုံကြည်ဆုံးဖြတ်ပြီး ဖြစ်နေသော သူရမ္ဗဋ္ဌကား ဤအချက်ကို လက်မခံနိုင်၊ ထို့ကြောင့် စဉ်းစားသည်မှာ -

"ဤစကားသည် အလွန်ဝန်လေးသော စကားဖြစ်၏၊ ဘုရားတို့မည်သည် အမှတ်တမဲ့ ဟောမှုမရှိနိုင်၊ ဘုရားရှင်၏ ဆန္ဒကျင်ဖက်မှာ မာရ်နတ်ဖြစ်၍ ဤသူသည် မာရ်နတ် ဖြစ်ရမည်"

ဟု စဉ်းစားပြီးလျှင်

"သင် မာရ်နတ် မဟုတ်လော"

ဟု ဆို၏၊ မာရ်နတ်လည်း မကွယ်မဝှက်သာ၊ ဟုတ်ကြောင်း ဝန်ခံရ၏၊ ထိုအခါ သူရမ္ဗဋ္ဌက -

"အို ... မာရ်နတ်၊ သင်လိုမာရ်နတ်မျိုး အရာအထောင် လာဖျက်သော်လည်း ငါ၏သဒ္ဓါကို လှုပ်ရှားစေနိုင်မည်မဟုတ်၊ မဟာဂေါတမ ဘုရားရှင်သည် "သဗ္ဗေသင်္ခါရာ၊ အနိစ္စာ" ကို ကြားရုံမျှ မဟုတ်၊ ကိုယ်တွေ့သိသည် အထိ ဖြစ်အောင် ဟောကြားခဲ့ပြီး ဖြစ်ရာ သင် လှည့်စား၍ ရမည်မဟုတ်၊ ငါ့အိမ်တံခါးမှာ မနေနှင့်တော့"

ဟု နှင်သော် မာရ်နတ်လည်း ကွယ်လေ၏၊ အကြောင်းကို ဘုရားရှင်အား လျှောက်ထားလေသော် ဤအကြောင်း အတ္ထုပ္ပတ္တိအရပင် သူရမ္ဗဋ္ဌအား "အဝေစ္စပသန္နာနံ = မတုန်မလှုပ် သက်ဝင်ကြည်ညိုသူများတွင် အထူးချွန်ဆုံးပုဂ္ဂိုလ်" အရာဖြင့် ချီးကျူးတော်မူသည်။

(အင်္ဂုတ္တိုရ်ပါဠိ)

## သောတာပတ္တိယင်္ဂ

သောတာပန်ပုဂ္ဂိုလ်သည် တရားကို ကိုယ်တွေ့ဖြစ်၍ တရား၌ အတည်ပြု ဆုံးဖြတ်နိုင်ခြင်းကြောင့်ပင် -

၁။ ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း

၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း

၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း

၄။ အရိယကန္တသီလ = ငါးပါးသီလနှင့် ပြည့်စုံခြင်း

ဤတရားလေးပါး၎င်း၌ ထင်ရှားခဲ့သည်၊ ၎င်းလေးပါးသည် မဂ်ဖြင့်ပြီးသောကြောင့် "သောတာပတ္တိယင်္ဂ = သောတာပတ္တိမဂ်၏ အစိတ်အပိုင်း" ဟု ဆို၏၊ ဤတရားလေးပါးကို "ဓမ္မာဒါသ = တရားမှန်" ဟုလည်း ဟောခဲ့၏။

လောကတွင် မှန်ကိုကြည့်သော် မိမိ၏ အခြင်းအရာ ပုံပန်းကို ဖြစ်နေသည့်အတိုင်း အမှန် သိမြင်သကဲ့သို့ ဤတရားမှန်ဖြင့် "ငါ အပါယ်မလားတော့ပြီ၊ မဂ်ဟူသော နိယာမဖြင့် မြဲပြီ၊ အထက်မဂ်သာ ရဖို့ရှိတော့သည်" ဟု သိနိုင်၏။ ထို့ပြင် -

၁။ သပ္ပုရိသသံသေဝ = သူတော်ကောင်းတို့ဖြင့် ပေါင်းခြင်း

၂။ သဒ္ဓမ္မဿဝန = သူတော်ကောင်းတရား နာခြင်း

၃။ ယောနိသော မနသိကာရ = သင့်တင့်ကောင်းမွန်အောင် စိတ်ထားခြင်း

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိ = မဂ်ဖိုလ်ဓမ္မအားလျော်သော အကျင့်ကို ကျင့်ခြင်း ဟု လာသော သောတာပတ္တိယင်္ဂ တရားလေးပါး ရှိသေး၏၊ ထိုသောတာပတ္တိယင်္ဂတရား လေးပါးကား သောတာပတ္တိမဂ် ရရန် ရှေ့အဖို့က ပြည့်စုံစေရမည့် အကြောင်းအင်္ဂါများတည်း။

သာသနာတော်၌ အတည်ပြုဆုံးဖြတ်နိုင်၍ မည်သူမျှ မလှည့်စားနိုင်အောင် ခိုင်မာသော ထောက်တည်ရာ ရနေသော သောတာပန်၏ ဤဂုဏ်ရည်ကား အများ လိုလားနှစ်သက်ဖွယ်ဖြစ်၍ ထိုဂုဏ်ရှင်မှာ နှစ်သက်ဖွယ် ရတနာအစစ် ဖြစ်ရပေသည်။

"နက်နဲသော ဉာဏ်တော်ရှင် သဗ္ဗညုမြတ်စွာဘုရား အကောင်းဆုံး ဟောကြားတော်မူအပ်သော အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ ထင်ရှားသိတော်မူကြသော သတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက် ဘဝကို ယူရိုးမရှိတော့ပေ"

"သောတာပန် သံဃာ၏ ရတနာဟု သိနိုင်ဖွယ် ဤဂုဏ်တော်သည်လည်း ထူးခြားမြတ်လှပါသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ"

သစ္စာလေးပါးကို သာမန်ပုဂ္ဂိုလ်တို့၏ ပကတိဉာဏ်ဖြင့် ထွင်းဖောက် သိမြင်ရေးမှာ အလွန်ဝေးကွာလျက် မထောက်မမီနိုင်အောင် နက်နဲလှ၏။ ပဋိပတ်လမ်းစဉ်ဖြင့် လိုက်သူတို့သာ သိနိုင်၏။

ယင်းပဋိပတ်လမ်းစဉ်ကို လိုက်၍ သစ္စာတို့ကို သိရသောအခါ အလွန်နက်နဲလှပါတကား၊ အလွန် မြင်နိုင်ခဲအောင် သိမ်မွေ့လှပါတကား၊ အလွန်ငြိမ်သက် မွန်မြတ်လှပါတကား၊ စိတ်ကူးဉာဏ်ဖြင့် သက်ဝင်ရန် မဖြစ်နိုင်သော တရားပါတကား၊ လမ်းမှန်အတိုင်း ကျင့်သူ ပညာရှင်များသာ သိနိုင်သော တရားပါတကားဟု နားလည်လာတော့သည်၊

"ရဟန်းတို့ . . . သစ္စာလေးပါး အမှန်တရားတို့ကို မသိခြင်းကြောင့် ငါဘုရားရော သင်တို့ပါ ရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးလွှားခဲ့ရပြီ"

ဟူသောဘုရားမိန့်ခွန်းတော်အရ သစ္စာလေးပါး မသိခြင်းမှာ သံသရာရှည်ခြင်း အကြောင်းဖြစ်၍ သစ္စာကို သိခြင်းမှာ သံသရာ ပြတ်စဲကြောင်းဖြစ်သည်မှာ သိသာလှပေ၏။

သစ္စာသိရန် ကြိုးပမ်းသော ယောဂီ၏ ဝိပဿနာသည် ကိလေသာတို့ကို ပယ်လျက်ရှိနေ၏။ ကိလေသာများသာမက ခန္ဓာ အဘိသင်္ခါရတို့ကိုပါ စွန့်ပယ်သည်သာဖြစ်၏။ ယင်းသို့ ဝိပဿနာက ကိလေသာသင်္ခါရတို့ကို အစဉ်မပြတ် ပယ်စွာပေးလျက်ရှိသောကြောင့်ပင် မဂ်သို့အရောက်မှာ ထိုကိလေသာ သင်္ခါရတို့ကို အကောင်းဆုံး အရှင်းဆုံး ဖြတ်တောက်ပယ်စွာနိုင်ခြင်းသို့ ရောက်ရတော့သည်၊

သို့ဖြစ်ရာ သောတာပတ္တိမဂ်ဖြင့် အဘိသင်္ခါရ ဝိညာဏ်ခေါ် ကမ္မဝိညာဏ် ချုပ်ငြိမ်းခြင်းကြောင့် ခုနစ်ဘဝ အလွန်ထား၍ သံသရာ၌ ရုပ်နာမ်တို့၏ ဖြစ်ခွင့်မရှိတော့ပြီ၊

သောတာပန်ကား မဂ်ဖိုလ်နိဗ္ဗာန်ရပြီး မြင်ပြီးဖြစ်၏၊ သတ္တဇီဝသညာ ပျောက်၍ ဓာတ်သဘောလည်း ပိုင်နိုင်စွာ သိပြီးဖြစ်၏၊ ဘယ - အာဒီနဝ စသော ဉာဏ်များဖြင့် သင်္ခါရတို့၌ ဆန့်ကျင်ငြီးငွေ့သော ဉာဏ်များလည်း ဖြစ်ခဲ့ဖူး၏။

ဤသို့စသော လက်စကလေးများကြောင့်ပင် သောတာပန်သည် ကာမရာဂ မကွာသေး၍ လူ့စည်းစိမ် နတ်စည်းစိမ်များဖြင့် မေ့လျော့နေစေကာမူ ထိုလက်စကလေးများကို ပြန်ဖော်လိုသောအခါ လွယ်ကူစွာပင် ဖော်နိုင်တော့၏။

ရပြီး.စာ မေ့နေ၍ ပြန်ကျက်သောအခါ လွယ်သကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ရှာန် လျော့ကွယ်ပခဲ့သူမှာ ပြန်အားထုတ်လျှင် အလွယ်ပင် ရသကဲ့သို့လည်းကောင်း မှတ်အပ်၏။

ခုနစ်ဘဝမြောက်၍ ရဟန္တာ မဖြစ်မီ အမှတ်တမဲ့ ဓား.စသည်ဖြင့် ခုတ်သတ်၍ ရုတ်တရက် သေရစေကာမူ ထိုမျှတို တောင်းလှသော ကာလကလေးအတွင်းမှာပင် ရဟန္တာ ဖြစ်ရ၏။ ရဟန္တာ မဖြစ်ဘဲ သေရိုးထုံးစံ မရှိ၊ (ဉာဏဝိဘင်းအဋ္ဌကထာ)

ဤ၌ ရှစ်ခုမြောက်ဘဝကို မယူ.ဆိုသည်မှာ သောတာပန်တို့တွင် အညံ့ဆုံး သတ္တက္ခတ္တုပရမ သောတာပန်ကို ရည်သည်၊ သောတာပန် ဖြစ်ပြီးနောက် အထက်မဂ်ရ မြန်.မမြန်မှာ သဒ္ဓါပညာစသော ဣန္ဒြေများ ထက်.မထက်ကို အစွဲပြု၍ ဖြစ်၏။

၁။ ထက်မြက်သော ဣန္ဒြေရှိသော သောတာပန်မှာ တစ်ဘဝ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်၏၊ ၎င်းကို "ဧကဗီဇီ = တစ်ခုသော ပဋိသန္ဓေ မျိုးစေ့ရှိသော သောတာပန်" ဟု ဆို၏၊

၂။ နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေသော သောတာပန်ကား အလတ်စား ဣန္ဒြေရှိသူ ဖြစ်၏၊ ၎င်းကို "ကောလံကောလ = အမျိုးကောင်းတစ်ခုမှအမျိုးကောင်းတစ်ခုသို့ရောက်တတ်သောသောတာပန်" ဟု ဆို၏၊

၃။ ခုနစ်ဘဝ ပဋိသန္ဓေနေသော သောတာပန်ကား နုံသော ဣန္ဒြေရှိသူတည်း၊ ၎င်းကို "သတ္တက္ခတ္တုပရမ = ခုနစ်ကြိမ်အလွန် ပဋိသန္ဓေရှိသူ သောတာပန်" ဟု ခေါ်ရ၏၊

ပုထုဇဉ် သံသရာကား အဆုံးမရှိ၊ ဘယ်သောအခါ ဆုံးမည်ဟုလည်း အကန်အသတ် မရှိ၊ သံသရာရှည်သည်နှင့်အမျှ အပါယ်ဘေးဒုက္ခ ဇာတိ, ဇရာ, မရဏ စသော ဒုက္ခများကို ကြီးမားများပြားစွာ ခံရပေဦးမည်၊

သို့ဖြစ်၍ ခုနစ်ဘဝနှင့် သံသရာဒုက္ခ လက်စသိမ်းကာ အငြိမ်းကြီးငြိမ်းရမည့် ဤသောတာပန်၏ ဂုဏ်ပင်မည်မျှ နှစ်သက်အားရဖွယ် ဖြစ်သည်မှာ ထင်ရှားလှပေသည်၊ ထို့ကြောင့် ထိုနှစ်သက်ဖွယ်ဂုဏ်ရှင် သောတာပန်မှာ ရတနာ ဖြစ်ရပေသည်၊

"သောတာပန် ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ် ဝိစိကိစ္ဆာ - သီလဗ္ဗတပရာမာသတရား သုံးပါးနှင့် အချို့ကိလေသာများကို ပယ်ရှားအပ်ပြီး ဖြစ်သည်"

"ထို သောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံတို့မှလည်း လွတ်မြောက်ရပေပြီ၊ အဘိဌာန ခေါ် ရှန့်ရင်းသော အကြောင်းစု အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်ပေ"

"သောတာပန်သံဃာ၌ ရတနာ၏ အဖြစ်၊ ဤနှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်၊ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ"

ကိလေသာဝဋ် ရှိနေသေးလျှင် သံသရာဒုက္ခခေါ် ဝိပါကဝဋ်ကား ရှိမြဲ ရှိနေဦးမည်ဖြစ်ရာ ကိလေသာတို့မှာ ဒုက္ခဖြစ်ကြောင်း များသာတည်း၊ ထိုကိလေသာဝဋ်ကို ဖြတ်တောက်နိုင်သူမှာ သံသရာဒုက္ခတို့မှ ကင်းလွတ်ရပေတော့သည်၊

ထို့ကြောင့်ပင် ကိလေသာဝဋ် အလုံးစုံကုန်ပြီးသော ရဟန္တာတို့၌ ဝိပါကဝဋ်မှာ နောင်အခါ မဖြစ်ပေါ်ရတော့ဘဲ ငြိမ်းစဲခြင်းသို့ ရောက်ရသည်၊

သောတာပန်၌ကား ကိလေသာမကုန်သေး၍ ဘဝနှင့် မကင်းရသေးစေကာမူ အပါယ်သို့လားစေတတ်သော ကိလေသာမှန်သမျှ ကုန်ပြီးဖြစ်၍ ကျန်သောကိလေသာတို့၌လည်း အပါယ်သို့ ကျစေတတ်သော အစွမ်းသတ္တိ မရှိတော့ပြီ၊

အပါယ်သို့ လားစေတတ်သော ကိလေသာတွေ ဖြတ်တောက်နိုင်သဖြင့် ရအပ်သော ဂုဏ်ထူးတစ်မျိုး အကျိုးတစ်ရပ်ပင်၊ အပါယ်လေးပါး မလားရုံသာမက လူ့ဘဝ၌လည်း နိမ့်ကျသိမ်ငယ်သော အမျိုး၌လည်း မဖြစ်ရတော့ဘဲ အထက်တန်းကျသော အမျိုးကောင်းသားတို့၌သာ ဖြစ်ရတော့သည်၊

ကိလေသာထုထည်အားကြီးသော ပုထုဇဉ်တို့၌ အပါယ်လေးပါးကား အိမ်ပမာ ဖြစ်၏၊ ထို့ကြောင့် ကိလေသာအချို့ကို ပယ်နိုင်၍ အပါယ်မှ လွတ်ရသော သောတာပန်တို့၏ ဂုဏ်မှာ နှစ်သက်ဖွယ်သာဖြစ်ရာ ဂုဏ်ရှင်သောတာပန်မှာ ရတနာအဖြစ် ချီးကျူးအပ်တော့သည်၊

ကိလေသာဖြစ်လျှင် ကံဖြစ်မြဲတည်း၊ ကံဖြစ်လျှင်လည်း အကျိုးရုပ်နာမ်ဟူသော ဝိပါက ဖြစ်ရမြဲသာတည်း၊ သို့ဖြစ်လျှင် ကမ္မဝဋ်ကား ဝိပါကဝဋ်၏ မူလအခြေခံဖြစ်၏၊ ဝိပါကဝဋ် ကင်းလွတ်ရေးဝယ် ထိုကမ္မဝဋ်ကို ပယ်ရှားနိုင်ခြင်းကို ဂုဏ်ယူဖွယ် အဖြစ် တင်ပြလို၍ -

| | | | |
|---|---|---|---|
| ၁။ | မာတုဃာတက | = | အမိသတ်ခြင်း |
| ၂။ | ပိတုဃာတက | = | အဖသတ်ခြင်း |
| ၃။ | အရဟန္တဃာတက | = | ရဟန္တာသတ်ခြင်း |
| ၄။ | လောဟိတုပ္ပာဒက | = | ဘုရားအား သွေးထွက်အောင်ပြုခြင်း |
| ၅။ | သံဃဘေဒက | = | သံဃာကွဲအောင်ပြုခြင်း |
| ၆။ | အညသတ္ထာရုဒ္ဒေသ | = | ဘုရားမှတစ်ပါး အခြားဆရာကို ညွှန်ခြင်း |

ဟူသော "အဘိဌာန = ခြောက်ပါး" တို့ကို ပြုပြင်ခြင်းကား မထိုက် မိန့်တော်မူသည်။

သောတာပန်ကား ပါဏာတိပါတ စသော ကံငါးပါးကိုပင် မပြုသူဖြစ်၍ ပုရွက်ဆိတ်၊ ပိုးရွ၊ ခြပုန်း မျှကိုပင် သတ်ရိုး မဟုတ်။ ဤ အဘိဌာနခေါ်ကံကြီးများကို ပြုဖို့အရေးကား ဝေးပေစွ။

သို့ပါလျက် အဘိဌာနခေါ် ဤကံကြီးများကို မပြုဆိုသည်မှာ ပုထုဇဉ်အဖြစ်ကို ကဲ့ရဲ့ရှုတ်ချလို၍ ဖြစ်သည်။ ပုထုဇဉ် အဖြစ်မှာ ကဲ့ရဲ့ဖွယ်ဖြစ်လျှင် ထိုအပြစ်မှ ကျွတ်လွတ်ခဲ့ရသော အရိယာအဖြစ်ကား ချီးမွမ်းဖွယ်အတိဟု ဂုဏ်တင်ပြီး ဖြစ်တော့ သည်။

ပုထုဇဉ်အဖြစ်ကား အလွန်အပြစ်ကြီးလှ၏။ မာတုဃာတက စသော အနန္တရိယကံကြီးတို့ကိုပင် ပြုနိုင်၏။ သောတာ ပန်ကား မဂ်ဖြင့် ပယ်ပြီးဖြစ်ရာ လွန်စွာသန့်ရှင်း အပြစ်ကင်းသော ဘဝအဖြစ် လိုလားဖွယ် ဖြစ်တော့သည်။

ဤ၌ မပြုထိုက်ဆိုသဖြင့် အဘယ်အခါမှ ပြုမည့်သူ မဟုတ်ကြောင်း သိစေ၏။ ထို့ကြောင့် ဘဝတစ်ပါး၌ပင် မပြုတော့၊ သောတာပန်ပုဂ္ဂိုလ်သည် နောင်ဘဝတစ်ပါး၌ မိမိ သောတာပန်အဖြစ်သို့ ရောက်ရှိသည်ကို မသိစေကာမူ မဂ်၏ "မပြောင်းမလွဲ တည်မြဲသော = နိယာမ" သဘောအရပင် အဘိဌာန ခြောက်ပါးကိုလည်း မပြု၊ ပကတိ ပါဏာတိပါတ စသော ကံငါးပါးနှင့် အညသတ္ထာ ရုဒ္ဒေသဟူသော ဤခြောက်ပါးသော ဌာနတို့ကိုလည်း မပြုတော့။

အချို့သော ကလေးသူငယ်များမှာ သူ့အသက်ကို သတ်ရန် အလွန်မလိုလား ရှောင်ရှားတတ်ကြ၏။ သူတစ်ပါးဥစ္စာ ကို ခိုးရန်လည်း မလိုလား မပြုလုပ်ကြ၊ စားရန် ငါးသေ ငါးရှင် ရောနှောလျှင် ငါးရှင်ကို ဘေးမဲ့လွှတ်၍ ငါးသေကိုသာ ရွေးယူတတ် ၏။ အရိယာသာဝကပဲဟု တွေးယူရလောက်အောင် အခြေရှိနေတတ်၏။

ထို့ကြောင့် "ဤအချက်နှင့် အရိယာသာဝက ဖြစ်သော ရွာသားကလေးငယ်များ၏ ငါးသေကိုသာ ရွေးယူခြင်း စသည်မှာ သက်သေဖြစ်သည်" ဟု အဋ္ဌကထာဆိုသည်။

> "သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသော ပြစ်မှု ကို လွန်ကျူးမိစေကာမူ ထိုသောတာပန်မှာ ထိုပြုမိသော ပြစ်မှုကို ကွယ်ကာဖုံးဝှက်သူ မဖြစ်နိုင်ပေ"
>
> "မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီးသော အရိယာသောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူအပ်ပေ၏"
>
> "သောတာပန် သံဃာ၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ"

သောတာပန်ပုဂ္ဂိုလ်ကား "အဘိဌာန ခြောက်ပါး" ကိုသာ မပြုထိုက်သည် မဟုတ်သေး၊ အနည်းငယ်မျှ မပြောပလောက် သော ပြစ်မှုကလေးများကိုပင် ပြုမိသော်လည်း ထိုပြစ်မှုကို ဖုံးကွယ်ခြင်းငှာ မထိုက်တော့ပေ။

"မေ့မေ့လျော့လျော့ နေတတ်သူ သောတာပန်ပင် ဖြစ်စေ အပြစ်ကို ဖုံးကွယ်ထိန်ဝှက်မှု မပြုတော့သည်မှာ သာမန်ပုထုဇဉ်များနှင့် မတူ ထူးခြားသော ဂုဏ်တစ်ရပ်ပင်"

အချို့သော မကောင်းမှုမှ ရက်တတ်သော၊ ဘုရားရှင်အပေါ်မှာ ကြည်ညိုသဒ္ဓါ ကြီးမား၊ ဘုရားအမိန့်တော်ကို ရိုသေလေးစားတတ်သော သူတော်ကောင်း ပုထုဇဉ်ရဟန်းများပင် ဘုရားရှင်က မအပ်ဟု ပညတ်ထားသော သိက္ခာပုဒ်တော်များကို သိလျက်နှင့်ကား လွန်ကျူးမှု မပြုတော့ပေ၊ သောတာပန်ရဟန်းမှာ ဆိုဖွယ်ရာမရှိ၊

ဤအချက်ကိုရည်၍ "ငါဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်အပ်၏၊ ထိုသိက္ခာပုဒ်ကို ငါ့တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်ပင် မကျူးလွန်ကြ" ဟု ဟောတော်မူသည်၊

"လောကဍ္ဍ အပြစ်ရှိသော လောကဝဇ္ဇ၊ ပညတ်တော်အတွက် အပြစ်ရှိသော ပဏ္ဏတ္တိဝဇ္ဇဟု သိက္ခာပုဒ် နှစ်မျိုးရှိရာ ပါဏာတိပါတ စသောအမှုသည် လောကဍ္ဍလည်း အပြစ်ရှိ၏၊ ကျူးလွန်သော ရဟန်းသည်လည်း ပညတ် ဖြစ်ရောက်၏၊ ထိုသိက္ခာမျိုးကို လောကဝဇ္ဇသိက္ခာပုဒ်ဟု ဆို၏၊ ထိုလောကဝဇ္ဇ သိက္ခာပုဒ်မျိုးကို သောတာပန်ပုဂ္ဂိုလ်များ မည်သည့်အခါမှ မကျူးလွန်ကြ"

သစ်ပင်ဖြတ်ခြင်း စသောအမှုဍ္ဍ လောကပြစ် မရှိ၊ ပညတ်တော်အတွက်သာ အပြစ်သင့်ရ၏၊ လူသာမကော မိန်းမတို့နှင့် တစ်မိုးတစ်ရံတည်းသော ကျောင်း၊ အိမ်ဍ္ဍ အတူတကွ အိပ်ခြင်း စသော လဟုက အာပတ်မျိုးမှာ စိတ်မပါဘဲ သင့်သော အစိတ္တကအာပတ်လည်း ရှိရာ ထိုအာပတ်မျိုးကား ပညတ်တော်ကို နားမလည်မှုကြောင့် အချို့ရဟန္တာများပင် သင့်တတ်သေး၍ ထိုကဲ့သို့သော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ဍ္ဍကား သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် သင့်တတ်သေး၏"

"ထိုကဲ့သို့ဖြစ်တတ်သော အပြစ်မျိုးကို ရည်၍ "သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့် ဖြစ်စေ မကောင်းသောပြစ်မှုကို လွန်ကျူးမိစေကာမူ" ဟု ဟောတော်မူသည်"

"ဤဍ္ဍ ကိုယ်ဖြင့် လူသာမကော မိန်းမများနှင့် တစ်မိုးတစ်ရံတည်း အိပ်ခြင်းစသည် မကောင်းမှု ပြုမိတတ်သေး၏၊ (မသိဘဲ)

နှုတ်ဖြင့် သမ္ဖပ္ပလာပ ဖရုသဝါစာ စသည်များကို ပြောမိတတ်သေး၏၊ စိတ်ဖြင့် လောဘ ဒေါသ ဖြစ်ခြင်း၊ ရွှေငွေ သာယာခြင်း စသော မကောင်းမှု ပြုမိတတ်သေး၏၊

"ပုထုဇဉ်များကား အပြစ်ရောက်သော်လည်း အချို့မိမိအပြစ်ကို ဖုံးကွယ်ထိန်ဝှက်ထားတတ်၏၊ ဤကား ပုထုဇဉ်၏ မရိုးဖြောင့်မှုပင်တည်း"

"ဖြောင့်မှန်သော = ဥဇုပ္ပဋိပန္နဂုဏ်" ရပြီး သောတာပန်ပုဂ္ဂိုလ်များဍ္ဍကား ထိုသို့ မရိုးမဖြောင့်မှုမျိုး မရှိတော့၊ မိမိ မသိသဖြင့် ပြုမိသော အမှု "မအပ်.မပြုထိုက်" ဟု သိလျှင် သီတင်းသုံးဖော်များထံ မိမိအပြစ်ကို ဖော်ပြကုစားတတ်၏၊ နောက်ထပ် မကျူးလွန်တော့ပြီဟုလည်း စောင့်စည်းတတ်၏"

"နိဗ္ဗာန်ကို မြင်ပြီး ရပြီး သောတာပန်၏ ထိုသို့ မဖုံးကွယ်ထိုက်သူ အဖြစ်ကို ဘုရားရှင်ဟောတော်မူ၍ ထိုဘုရားစကားတော်အရ မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို သိနိုင်ပေသည်"

"မိမိသည် သောတာပန်၏ ဂုဏ်ရည်တွေ အများအပြား ဖော်ပြနေသည်မှာ အခြားကြောင့်မဟုတ်၊ မိမိကိုယ်ကို သောတာပန် ဟုတ်.မဟုတ်၊ သောတာပန်ဟု ပြောဆိုသူများကိုလည်း သောတာပန် ဟုတ်.မဟုတ် ချိန်ဆနိုင်ရန်နှင့် မိမိအား မေးထားသော ပြဿနာများကို ဖြေရန်ဖြစ်ပါသည်၊

စာရှုသူသည် သောတာပန် ဂုဏ်ရည်များကို အထပ်ထပ် ဖတ်ရှုပြီးလျှင် သောတာပန် အစစ်ဖြစ်အောင် ကြိုးစားပါလေ၊ သောတာပန် အတုများကိုလည်း ရှောင်ရှားပါလေ။

မိမိကို သောတာပန်အတုနှင့် တွေ့သူ ဒကာတစ်ဦးက တစ်ချိန်သော နွေကာလက မြို့ကြီးတစ်မြို့တွင် တရားဟောစဉ် မေးခဲ့ဖူး၏ -

"အရှင်ဘုရား သောတာပန်ရဟန်း လူထွက်ပါသေးသလား"

"လူမထွက်တော့ဘူး ဒကာကြီး"

"အကိုးသာဓကေ ပြပါဦးဘုရား"

"လူမထွက်တော့ဘူးဆို ပြီးတာပါပဲ၊ အကိုးသာဓကလေး ဘာလေးနဲ့ ရှုပ်လိုက်တာ"

"မရှုပ်ပါနဲ့ ဘုရား၊ အကိုးသာဓကက သိရတော့ ခိုင်လုံတာပေါ့"

"အကိုးသာဓက,ကတော့ ဟိမဟာဝဂ္ဂ သံယုတ် ပါဠိတော် ဗလကရဏီယဝဂ် နဒီသုတ်အရ ပြောတယ်လို့ အကိုးသာဓက မှတ်ထား"

"အဲဒီသုတ်မှာ ဘယ်လိုဆိုပါလဲဘုရား"

"လာလာသေးတော့တယ်၊ အကိုးပြပြီးတော့လည်း ဘယ်လိုဆိုပါသေးလဲတဲ့"

"အဲဒါလေး နည်းနည်းတော့ ပြောပြပါဘုရား"

"...အဲဒီ သုတ္တန်မှာ သောတာပန်ရဟန်းကို မင်း စတဲ့ပုဂ္ဂိုလ်တွေက အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ပြပြီး လူထွက်ဖို့ တိုက်ရိုက်ဖိတ်ကြားသော်လည်း သောတာပန်ရဟန်းဟာ လူ မထွက်တော့ဘူးတဲ့"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လည်း ဆိုတော့ သောတာပန်ရဟန်းရဲ့ စိတ်ဟာ ရှည်စွာသော ကာလပတ်လုံး ဆိတ်ငြိမ်ခြင်း၌ ညွတ်ကိုင်းရှိုင်းသောကြောင့် သောတာပန်ရဟန်းဟာ လူထွက်လိမ့်မည် ဆိုတဲ့အကြောင်း မရှိဘူးတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီလိုဆို ဒီခေတ်မှာ တရားပြဆရာတော်တွေ တရားဟော ဆရာတော်တွေ လူထွက်တာ သောတာပန် မဟုတ်လို့ ပေါ့ ဘုရား"

"အင်းပေါ့၊ သောတာပန်ရဟန်းဟာ ဘယ်လူထွက်တော့မလဲ"

"မှန်ပါ ဘုရား"

"သောတာပန် ရဟန်းဟာ လူ မထွက်ရုံတင် မကသေးဘူး၊ ရှိသေးတယ်၊ ဂုဏ်ထူးတစ်ခု"

"အမိန့် ရှိပါဦးဘုရား"

"သောတာပတ္တိမဂ် ဆိုတဲ့ လောကုတ္တရာတရားကို ထိုးထွင်းသိမြင်ထားတဲ့ သောတာပန်ရဟန်းဟာ "မေထုနံ ပဋိသေဝိဿာမိ = မေထုန်မှီဝဲပါအံ့" မေထုန်မှီဝဲချင်တဲ့ စိတ်မျှတောင် မဖြစ်ဘူးတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒါကတော့ လူသောတာပန်နှင့် ရဟန်းသောတာပန် ထူးခြားချက်လို့လည်း ဆိုနိုင်တယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"လူသောတာပန်က အိမ်ထောင်ပြုသေးတယ်၊ ရဟန်းသောတာပန် အိမ်ထောင်ပြုဖို့ မဆိုထားနှင့် လူလည်း မထွက်ဘူး၊ မေထုန်မှီဝဲလိုတဲ့ စိတ်လည်း မဖြစ်ဘူးတဲ့"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့ မေထုန်မှီဝဲလိုတဲ့ စိတ်မျှတောင် မဖြစ်တာလည်းဆိုတော့ ရထားတဲ့ သောတာပတ္တိမဂ်တရားက အချင်းခပ်သိမ်း မပျက်စီးနိုင်တဲ့တရား ဖြစ်နေလို့တဲ့"

"မှန်ပါ ဘုရား"

"အဲဒါက ဝိမတိဋ္ဌိကာရဲ့အဆိုလို့ အကိုးသာဓကကို မှတ်ထား"

"မှန်ပါ ဘုရား"

"သောတာပန်ရဲ့အကျိုးတွေက ကြီးလေတော့ သောတာပန်ဖြစ်အောင်လည်း ကြိုးစားနော်"

"မှန်ပါ ဘုရား"

"ဒီခေတ်မှာ သောတာပန်အမည်ခံပြီး ကျောင်းတွေ လှု၊ ရိပ်သာတွေ လှု၊ ချိတ်ဝိတ် စသည်တွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"ဝေးဝေးရှောင်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ အတွင်းဝင်ကြည့်၊ အတွင်းမှာ စီးပွားရေးပြဿနာတွေ ရှုပ်လို့နော်"

"မှန်ပါ ဘုရား"

"ဝေးဝေးရှောင်နော်"

"မှန်ပါ ဘုရား"

"ကဲ ... တော်ကြစို့ ..."

သူတစ်ပါးတို့၏ မလျော်သော အပြစ် အနာ အဆာ တို့ကို မကြည့်ရှုရာ၊ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှု ပြု မပြု ကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု ပြု မပြု ကိုသာလျှင် ကြည့်ရှုရာ၏။

✦ သောတာပန်အား ဂုဏ်ရည်များ များပြားလှသည်သာ၊

✦ သောတာပန်စစ် အမြန်ဖြစ် စင်စစ်ကြိုးစားပါ၊

✦ သောတာပန်သာ ဖြစ်သောခါ သိမှာကိုယ့်ကိုသာ၊

# အရက်သောက်ခြင်း ဘုရား့မကြိုက်

(၁၁၉)

"မူးယစ်စေတတ်သော စိမ်၍ ချက်၍ပြုအပ်သော အရက်အမျိုးမျိုး မစိမ့်မချက်ဘဲ အလျဉ်းဖြင့် ပြင်းလာသော ဓနိရည် ထန်းရည် စသည်နှင့် မူးယစ်စေတတ်သော ဘိန်းဖြူ ဘိန်းမည်း၊ ဆေးခြောက် စသော အရာအားလုံးကို မေ့လျော့စေတတ်သည့်အတွက် ပါဠိလို "မဇ္ဇ" ဟု ခေါ်၏"

"သောက်စား သေစာ အခါမဲ့လှည့် ပွဲကြည့်လောင်းစား ဆိုးရွားမိတ်ဆက် အပျင်းဖက်သော် ယွင်းပျက်ဥစ္စာ ကုန်ကြောင်းသာ ခြောက်ဖြာ ဝေးဝေးရှောင်" အရ -

၁။ အရက်သေစာ သောက်စားခြင်း

၂။ ည့အချိန်မဲ့ လျှောက်သွားခြင်း

၃။ ပွဲလမ်းသဘင် ကြည့်ရှုခြင်း

၄။ လောင်းကစားခြင်း

၅။ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းခြင်း

၆။ ပျင်းရိခြင်း ဤခြောက်ပါးသည် ဥစ္စာပျက်စီးခြင်းအကြောင်း ဘုရားရှင် ဟောတော်မူခဲ့သည်။ ယင်းဒေသနာတော်အရ အရက်သောက်ခြင်း စသည် သည် ဥစ္စာပျက်စီးကြောင်း ဟု သိရသည်။

ထို့ပြင် အရက် စသည် သောက်စားခြင်းကြောင့် အပြစ်ခြောက်ပါး ဖြစ်နိုင်ကြောင်းကိုလည်း ဘုရားရှင် ဟောတော်မူခဲ့၏။ ထိုအပြစ်ခြောက်ပါးကား -

"ဥစ္စာဆုံးပါး ခိုက်ရန်ပွားခဲ့ နာဖျားခြင်းကြောင်း မကောင်းသတင်း တွင်းအင်္ဂါလှန် ပညာဉာဏ်လည်း အားနည်းအောင်ပြု ဤခြောက်ခု သောက်မှု သေရည်ပြစ်" အရ -

၁။ ဥစ္စာကုန်ခန်း ပျက်စီးခြင်း

၂။ ခိုက်ရန်ပွားများခြင်း

၃။ ရောဂါအမျိုးမျိုး ဖြစ်စေတတ်ခြင်း
၄။ ဂုဏ်သရေမဲ့ ကျော်စောမှုခြင်းကို ဖြစ်စေတတ်ခြင်း
၅။ လျှို့ဝှက်ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများ လှစ်ပြတတ်ခြင်း
၆။ ပညာဉာဏ်ကို အားနည်းအောင် ပြုတတ်ခြင်း

ဟူသော အပြစ်ခြောက်ပါးတို့ ဖြစ်လေသည်။

## ဥစ္စာပျက်စီးခြင်း

မူးယစ်နေသော အရက်သမားမှာ မိမိပစ္စည်း မိမိ ကာကွယ်စောင့်ရှောက်ရမှန်း မသိ ဖြစ်နေရာ ခိုးသူ လုယက်ခံရခြင်းစသည်ဖြင့် ပစ္စည်းကုန်တတ်၏။ ပကတိစိတ်များ မရှိဘဲ ပြောင်းလဲဖောက်ပြန်နေသူဖြစ်ရာ ပင်ကိုယ်က နမြောတတ်သူဖြစ်စေကာမူ နမြောရမှန်း မသိ၊ အသုံးအဖြုန်း ခွဲခြားတတ်သူ ဖြစ်စေကာမူ အသုံးမပြု အဖြုန်းသာ ပြုတော့၏။

အရက်သမားသည် အရက်သာမက အခြား အပျော်အပါး လောင်းကစား စသည်လည်း ဖက်တတ်ရာ အရက်ဖိုးကုန်ရုံသာမက အခြားကုန်ဖွယ်ရာတွေ များပြားလာ၍ ဥစ္စာတွေ ကုန်တော့၏။

ရှေးက ဘုရားအလောင်း သူဌေးကြီးသည် ကုသိုလ်တွေ ပြု၍ သိကြားမင်းအဖြစ် ရောက်ခဲ့၏။ ကျန်ရစ်သော သူဌေးကြီး၏ တစ်ဦးသော သားမှာ အရက်သမားဖြစ်ကာ ဥစ္စာတွေ အမျိုးမျိုးဖြုန်းရာ နောက်ဆုံး ရှိသမျှ ကုဋေလေးဆယ် ကုန်၍ ခွက်လက်စွဲကာ တောင်းစားရသော ဘဝသို့ ရောက်ရ၏။

ထိုအခါ အဖဖြစ်ဖူးသော သိကြားမင်းက အလိုခပ်သိမ်း ပေးတတ်သော အိုးကို ပေးအပ်ပြီး "ဤအိုး မကွဲသမျှ ပစ္စည်း မကုန်နိုင်၊ မင်း သတိထား" လို့ မှာကြားပြီး ပြန်သွားလေ၏။

ထိုအခါမှ စ၍ အရက်ပြန်သောက်ပြီး ဖြုန်းတီးလေရာ တစ်နေ့သောအခါ အရက်မူးမူးနှင့် အိုးကို မြှောက်မြှောက်ဖမ်းနေရင်း လွတ်ကျကာ အိုး ကွဲလေတော့၏။

ထိုအခါမှ စ၍ ပြန်လည်တောင်းစားရသောဘဝ ရောက်ကာ နောက်ဆုံးတွင် သူတကာ အိမ်နံရံမှီလျက် ကိုးကွယ်ရာမဲ့ သေဆုံးရရှာတော့၏။ (ဇာတ်အဋ္ဌကထာ)

## ခိုက်ရန်ပွားခြင်း

အရက်မူးသမားကား အရူးတစ်မျိုးပင် ဖြစ်၏။ ပါဠိလိုသော် "သုရုမ္မတ္တက" ခေါ်၏။ "အရက်ရူး" ဟု မြန်မာပြန်ရ၏။ မှန်၏။ အရက်သောက်သူသည် ဒုစရိုက်အမျိုးမျိုးကို ဖြစ်စေတတ်သော ဆိုးရွားသောသူ ဖြစ်၏။

အင်္ဂုတ္တရပါဠိတော်၌ အရက်သောက်မှုကို ကြိမ်ဖန်များစွာ ထပ်တလဲလဲ ပြုသူသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာဘဝသို့ ရောက်ရကြောင်း၊ အရက်သောက်ခြင်း၏ အပေါ့ဆုံးအပြစ်မှာ အရူးအနှမ်း ဖြစ်တတ်ကြောင်း ဟောတော်မူ၏။

အရူးမည်သည် သူတစ်ပါးအား ဆဲရေးတတ် ရိုက်ပုတ်တတ်သကဲ့သို့ အမူးသမားလည်း ပင်ကိုယ်က ယဉ်ကျေးသူဖြစ်စေကာမူ မူးသောအခါ၌ ကိုယ်နှုတ်နှစ်ပါးဖြင့် ရမ်းကားတတ်သူ ဖြစ်တော့၏။

ထို့ကြောင့် ပြန်လှန်ပြီး အရိုက်ခံရခြင်း၊ အဆဲခံရခြင်း စသည်ဖြင့် ရန်များလှသည့်ပြင် မင်းပြစ် မင်းဒဏ်လည်း ခံရတတ်၍ အပြစ်များလှပေသည်။

## ရောဂါဖြစ်ကြောင်း

အရက်သောက် များလျှင် ရောဂါအမျိုးမျိုး ဖြစ်တတ်ကြောင်း ယခုခေတ် ဆေးဘက်ပညာရှင်များက ဤသို့ ဖော်ပြကြသည်။ အရက်သည် -

၁။ နွေဥတု၌ တင်ကူး၍ အပူမိစေတတ်၏

၂။ မျက်စိမြင်ခြင်းကို ချွတ်ယွင်းစေတတ်၏

၃။ အရွယ်မရောက်မီ အိုမင်းစေတတ်၏

၄။ အစာကြေခြင်းကို ချွတ်ယွင်းစေတတ်၏

၅။ ကျောက်ကပ်ကို ဥပါဒ်ပေးတတ်၏

၆။ အသည်း ကျွဲပုခုံးနာနှင့် ကျောက်ကပ်ရှိ ရောဂါတို့ကို ဖြစ်စေတတ်၏

၇။ ရူးသွပ်ရောဂါ

၈။ ဆီးရောဂါ

၉။ လေနာရောဂါ

၁၀။ ပန်းသေ ပန်းညှိုးရောဂါတို့ကို ဖြစ်ပွားစေတတ်၏

၁၁။ ရောဂါတစ်ခုခု ရရှိလာခဲ့သော် အရက်အရှိန်ကြောင့် ကုသ၍ ရနိုင်ခဲသည်

ဟု ဖော်ပြကြသည်။

အချို့က တော်ရုံလောက်လျှင် ဆေးဖြစ်သည်ဟု ဆင်ခြေပေးကြ၏။ သိပ္ပံပညာရှင်တို့က ဆို၏။ သွေးနီဥကလေးတို့သည် အောက်ဆီဂျင်ဓာတ်ကို အသားမျှင်များသို့ ပို့ဆောင်ပေး၏။ ကောင်းစွာ ကျန်းမာနေခြင်းမှာ ၎င်းသွေးနီဥကလေးများ သန်စွမ်းနေခြင်းမျှသာ ဖြစ်၏။ အရက်သည်ကား ယင်းသွေးနီဥကလေးများ၏ သန်စွမ်းနေမှုကို အဆများစွာ ယုတ်လျော့သွားစေ၏ လို့ ဆို၏။

ယင်းသို့ဆိုသော် "ကျန်းမာရေးအတွက် သောက်ရပါသည်" ဆိုသူများအတွက် ကျန်းမာရေး ရ,မရ စဉ်းစားသင့်ပေ၏။ တစ်ဖန် တော်ရုံနဲ့ အားရသူ ရှားလှ၏။

မှန်၏။ ရသတဏှာအောက် ဆိုးရွားယုတ်ညံ့သောအရာ မရှိဟု အဋ္ဌကထာလာတိုင်း ဘေးမမြင်ရအောင် စွဲသည့်အခါ အားရတင်းတိမ်သည်ဟု မရှိဘဲ အလွန်အကျွံ ဖြစ်လာမြဲတည်း။

တိကနိပါတ် အင်္ဂုတ္တိုရ်၌ ဒိပ်မှု. အရက်သောက်မှု မေထုန်မှုများကို မရောင့်ရဲ တင်းမတိမ်နိုင်သော အချက်များအဖြစ် ဟောတော်မူခဲ့၏။

အချို့မှာ ရောဂါအခြေအနေ မလှ၍ ဆေးဆရာက အရက်ဖြတ်ရန် ပြောသော်လည်း မဖြတ်နိုင်ဘဲ အသက်နှင့်လဲ၍ သေသည်အထိ အရက်စွဲသွားသည်မှာ ရသတဏှာ၏ ဆိုးရွားပုံပင် ဖြစ်သည်။

ရှေးက ဗာရာဏသီပြည်၌ ငါးပါးသီလ စောင့်ထိန်းသော "သောတ္တိယ" အမျိုးဟု ရှိရာ ထိုအမျိုး၌ တစ်ဦးတည်းသောသားသည် ဗေဒင်သုံးပုံ တစ်ဖက်ကမ်းအထိ တတ်မြောက်သော ပညာရှိတစ်ယောက် ဖြစ်၏။

သူကား အရက်သမားများ၏ ပရိယာယ်ဖြင့် လှည့်ပတ်ဖြားယောင်းချက်အရ အရက်စွဲသွားရာ ဖခင်က အမျိုးပျက်မည့် အရေး စီးပွားပျက်မည့်အရေး စသည်ဖြင့် အရေးအမျိုးမျိုး ပြ၍ တားမြစ်သော်လည်း တားမြစ်မရပေ။

နောက်ဆုံး အရက်မဖြတ်လျှင် နင်ထုတ်မည် ပြောသော်လည်း မရ၊ ပြောမရသည့်အဆုံးတွင် ဖခင်က သားကို ရုံးခေါ် သွားကာ သားအဖြစ်မှ စွန့်လွှတ်လျက် နင်ထုတ်လိုက်လေ၏။ နောက်အခါ တောင်းစားရသောဘဝ ရောက်ကာ ကိုးကွယ်ရာမဲ့ သေသွားရလေ၏။ (ဇာတ်အဋ္ဌကထာ)

## အကျော်အစော မဲ့ခြင်း

အရက်မူးသမား မပြုနိုင်သော မပြုရက်သော အရာဟူ၍ မရှိ၊ အရက်သောက်မှုကား အားလုံး ဒုစရိုက်စု အမှုအပြစ်တို့၏ ဖြစ်ကြောင်း အခြေခံမကောင်းမှု ဖြစ်၏။

ယင်းအရက်ရှိန်ကြောင့် ကျေးဇူးကြီးလှသော မိဘ. ဆရာသမားတို့ကိုပင် ရိုက်နိုင် သတ်နိုင်၏။ အလွန်ချစ်လှစွာသော ဇနီး သားသမီးတို့ကိုပင် ရိုက်နှက် သတ်ဖြတ်နိုင်၏။

အရက်သမားကား မကောင်းသော အပြုအပြောမှန်သမျှ ပြုနိုင်ပြောနိုင်သည့်ချည်းပင် ဖြစ်၏။

ရှေးက အသားမပါလျှင် မစားတတ်သော အရက်သမားဘုရင်တစ်ပါးမှာ မူးရူးနေစဉ် အသားမရကြောင်း လျှောက်ထားသော စားတော်ချက်အား မိမိရင်ခွင်၌ရှိသော သားတော်လေးကို လည်လိမ်သတ်ကာ ချက်ပြုတ်ရန် ပစ်ပေးလိုက်၏။

နောက်တစ်နေ့ အမူးပြေ၍ သတိရသောအခါ နောင်တ.အကြီးအကျယ်ရကာ ယူကြုံးမရ ဖြစ်ရ၏။

(ဇာတ်အဋ္ဌကထာ)

ထို့ကြောင့် အရက်သမားမည်သည် လူကဲ့ရဲ့ခံရခြင်း မင်းဒဏ်သင့်ရခြင်း စသည်ဖြင့် မကောင်းသတင်းသာ ထွက်ရလေသည်။

## ဖုံးသင့်သော အင်္ဂါများကို လှစ်ပြတတ်ခြင်း

ဂုဏ်သရေရှိသူများမှာ လူရှေ့သူရှေ့၌ အင်္ကျီပုဆိုး စသည်ဖြင့် ဖုံးသင့်သော ကိုယ်အင်္ဂါတို့ကို ဖုံးလျက် သွားလာနေထိုင်တတ်ကြ၏။ အရက်သမားကား လှစ်မပြဝံ့သော အင်္ဂါမရှိ၊ မကောင်းမှုများ၏ အကာအကွယ်မှာ အရှက်အကြောက်ဖြစ်ရာ အရက်မူးနေသူ၌ အရှက်အကြောက်မှာ ဗလာဖြစ်နေ၍ ယင်း၌ ရှက်ဖွယ်အမှုဟူ မရှိတော့ချေ။

သာမန်ပုဂ္ဂိုလ် မဆိုထားနှင့် အရှင်သာဂတလို ပုထုဇဉ်ရှုန်အဘိညာဉ်ရ တန်ခိုးကြီးအရှင်ကိုပင် အရက်က အရှက်အကြောက် မရှိအောင် ပြုနိုင်၏။

ဗုဒ္ဓရှင်တော်သည် စေတီယတိုင်း၌ ဒေသစာရီလှည့်လည်တော်မူစဉ် "ဘဒ္ဒဝတိကာ" မည်သောရွာသို့ကြွတော်မူလေရာ ထိုရွာအနီး သရက်ပင်ဆိပ်၌ နဂါးကြီးတစ်ကောင် ရှိလေသည်။

နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေ၊ လယ်သမားတွေ၊ ခရီးသွားတွေက ဗုဒ္ဓရှင်တော်ကို ဘဒ္ဒဝတိကာသို့ ကြွတော်မူသည်ကို မြင်ကြ၍ ဘဒ္ဒဝတိကာရွာရောက်လျှင် သရက်ပင်ဆိပ်သို့ မကြွဖို့ရန်၊ ထိုသရက်ပင်ဆိပ်မှာ အဆိပ်ပြင်းထန်သောနဂါးကြီး ရှိကြောင်းကို လျှောက်ထားကြလေ၏။

ဗုဒ္ဓရှင်တော်က ဘာမှပြန်၍ မိန့်တော်မမူဘဲ ဆိတ်ဆိတ်ပင် နေတော်မူကာ ဘဒ္ဒဝတိကာသို့ ကြွရောက်သီတင်းသုံးတော်မူလေသည်။

ထိုအခါ နောက်ပါ သံဃာတော်အများတွင် အပါအဝင်ဖြစ်သော အရှင်သာဂတသည် သရက်ပင်ဆိပ်ဝယ် ရသေ့၏ ကျောင်းသင်္ခမ်းဝင်း၌ နဂါးကြီး ရှိကြောင်းကို သိပါလျက် ထိုကျောင်းဝင်းသို့ ကြွ၍ နဂါးကြီးနေရာ မီးတင်းကုတ်သို့ ဝင်ပြီးလျှင် ကမ္မဋ္ဌာန်းအာရုံယူကာ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေလေ၏။

နဂါးကြီးသည် အရှင်သာဂတကို မြင်လျှင်မြင်ခြင်း ပြင်းထန်သော ဒေါသဖြစ်၍ နဂါး၏ အခိုးအငွေ့များကို လွှတ်လေ၏။ အရှင်သာဂတလည်း သူ့ထက်သာအောင် ဈာန်အဘိညာဉ် အစွမ်းဖြင့် အခိုးအငွေ့တွေကို ပြန်၍လွှတ်၏။

နဂါးကြီးသည်သူ့ဂုဏ် အပျက်မခံနိုင်ဘဲမီးတောက်မီးလျှံတွေကိုတောက်လာစေ၏။ အရှင်သာဂတလည်းမီးတောက်မီးလျှံဖြစ်အောင် သမာပတ်.ဝင်စားပြန်၏။ ထိုနည်းဖြင့် နဂါးကြီး အစွမ်းတုံး၍ အရှုံးပေးမှ အရှင်သာဂတလည်း ဘဒ္ဒဝတိကာရွာသို့ ကြွတော်မူလေ၏။

အရှင်သာဂတ၏ နဂါးကြီးနှင့် တန်ခိုးပြိုင်၍ နိုင်လာကြောင်း သတင်းသည် ကောသမ္ဗီမြို့တိုင်အောင် ချက်ချင်းပြန့်နှံ့သွားလေ၏။

ဗုဒ္ဓရှင်တော်လည်း ဘဒ္ဒဝတိကာရွာ၌ သီတင်းသုံးတော်မူပြီးနောက် ကောသမ္ဗီပြည်သို့ ကြွတော်မူပေရာ ကြည်ညိုရင်းစွဲ ဖြစ်ကြသော ဥပါသကာကြီးတို့သည် အရှင်သာဂတကို ကြည်ညိုအားကျလှ၍ -

"အရှင်ဘုရား၊ ဘာကိုရဖို့ ခဲယဉ်းပါသနည်း၊ ဘာကို နှစ်သက်တော်မူပါသနည်း၊ အရှင်ဘုရားတို့အတွက် ဘာကို စီမံပေးရမည်နည်း" ဟု လျှောက်၏။

ထိုအခါ အရှင်သာဂတ ဘာမျှ မပြောဘဲနေစဉ် ဆဗ္ဗဂ္ဂီရဟန်းတွေက ဝင်ရောက်၍ ပြောကြသည်မှာ -

"ဥပါသကာတို့ ခိုကလေးများ ခြေထောက်အသွေးရောင်ကဲ့သို့ နီနေသော အရက်အကြည်သည် ရဟန်းများမှာ ရလည်း ရခဲ၏၊ နှစ်လည်း နှစ်သက်၏၊ ထိုအရက်ကို စီမံကြပါလား" ဟု ပြောကြလေ၏။

မူလကပင် သဒ္ဓါတရားကောင်းလှသော ဥပါသကာတို့သည် ထိုအရက်ကို အိမ်တိုင်းစေ့ ကပ်လှူကြလေ၏။ အရှင်သာဂတလည်း သောက်၍ အရက်မူးကာ ယိုင်တိယိုင်တိုင်နှင့် ဆွမ်းခံပြန်လာခဲ့ရာ မြို့တံခါးပေါက်အရောက်မှာ ထိုးလဲပါတော့သည်။

ဘုရားရှင်သည် ရဟန်းများနှင့်အတူ ဆွမ်းခံပြန်လာတော်မူသောအခါ လဲ.နေသော အရှင်သာဂတကို တွေ့ရ၍ "သာဂတကို ဆွဲခေါ်ခဲ့ကြ" ဟု မိန့်တော်မူလေသည်။

ရဟန်းတော်များသည် ဘုရားရှင်၏ မိန့်ကြားချက်အရ အရှင်သာဂတကို တွဲယူခဲ့၍ ကျောင်းတိုက်သို့ ရောက်သောအခါ ဘုရားရှင်ဘက်သို့ ဦးခေါင်းထား၍ ချထားကြလေသည်။

အရှင်သာဂတသည် ပြောင်းပြန်ပြန်လျက် ဘုရားဘက်သို့ ခြေလှည့်၍ အိပ်ပြန်လေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်က ရဟန်းများကို မေးတော်မူသည်မှာ -

"ရဟန်းတို့ သာဂတသည် ရှေးတုန်းက ငါဘုရားအပေါ်၌ ရိုသေကျိုးနွံခြင်း ရှိသည်မဟုတ်လော"

"မှန်ပါ ဘုရား"

"ယခုတော့ ရိုသေကျိုးနွံမှု ရှိသေးရဲ့လား"

"မရိုသေ မကျိုးနွံတော့ပါ ဘုရား"

"သာဂတသည် သရက်ပင်ဆိပ်က နဂါးကြီးနှင့် တန်ခိုးပြိုင်ခဲ့ဖူးသည် မဟုတ်လား"

"မှန်ပါ ဘုရား"

"ယခု နဂါးကြီးနှင့် ပြိုင်နိုင်ဦးမှာလား"

"မပြိုင်နိုင်တော့ပါဘုရား"

"ရဟန်းတို့ အကြင်အရက်ကို သောက်မိ၍ သညာကင်းသူ သတိလစ်သူ ဖြစ်ရတယ်၊ ထိုအရက်ကို သောက်ထိုက်ပါ့မလား"

"မသောက်ထိုက်ပါ ဘုရား"

"ရဟန်းတို့ သာဂတရဲ့အရက်သောက်မှုသည် ရဟန်းများနှင့် မလျော်ပတ်၊ မအပ်စပ်သောအမှု ဖြစ်၏၊ လူအများ အကြည်ညိုပျက်စရာ ဖြစ်၏" သို့ဖြစ်၍ "သေရည်အရက်ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ် သင့်စေ" ဟူသော ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

အရှင်သာဂတသည် နဂါးကြီးနှင့် တန်ခိုးပြိုင်စဉ်က လောကီဈာန်အားလုံး အပြီးအဆုံး ရရှိတင်မက တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်လောက်အောင် အဘိညာဉ်ပါ ရနေသောပုဂ္ဂိုလ်ပေတည်း။

ထိုဈာန်အဘိညာဉ်များသည် သေရည်အရက် ဝင်သည်နှင့်တစ်ပြိုင်နက် အလိုလို ပျောက်ကွယ်ကြလေပြီ၊ သေရည်အရက်ကား ဤမျှလောက်ပင် ကုသိုလ်တရားများကို မေ့လျော့ပျက်ပြား၍ ဖုံးသင့်သောအဂါများကို လှစ်ပြလေသည်။

## ပညာ.အားနည်းအောင် ပြုတတ်ခြင်း

ပညာဟူသည် သတိ သညာတို့နှင့် တွဲလျက်သိရှိ၊ သညာကင်းနေသော အရက်မူးသမား၌ သတိကောင်းကောင်း မရှိတော့ရာ ပညာလည်း အားနည်းရတော့၏။ အရှင်သာဂတ အသိဉာဏ်ကင်းမဲ့လျက် မရှက်မကြောက် မရှိမသေ ဖြစ်ရသည်ကိုပင် ထောက်ထားသင့်လေသည်။

ထို့ကြောင့် ရှေးခေတ် ယခုခေတ် ဘယ်ခေတ် ဘယ်အခါမှ ပညာရှိသူတော်ကောင်းများ မလိုလားဘဲ ရှောင်ရှားခဲ့ စက်ဆုပ်ခဲ့သော အရက်သေစာကို အခါခပ်သိမ်း ရှောင်ထိုက်ပေသည်။

ယင်းသို့ အပြစ်ဒေါသ အာဒီနဝ များလှ၍ ရှောင်ရှားထိုက်သော အရက်ရှောင်သူ ဒကာတစ်ယောက်နှင့် မိမိ တွေ့ဆုံခဲ့၏။ တစ်ချိန်သော နေ့ကာလက ဖြစ်ခဲ့၏။ မိမိသည် တောရကျောင်းတစ်ကျောင်းတွင် နေစဉ် တစ်နေ့သ၌ ဒကာတစ်ယောက် ရောက်လာ၏။

ရှိခိုးဦးချပြီး ထိုင်ကာ မိမိနှင့် တရားဓမ္မအကြောင်း ဆွေးနွေးပြောကြားနေစဉ် အရက်အကြောင်း ရောက်သွားသည်၊ ထိုအခါ ဒကာကြီးက သူ့ကို အရက်သမားထင်မှာ စိုး၍ထင့် -

"တပည့်တော် အရက်မသောက်ဘူးဘုရား"

ဟု မိမိအား ကြိုတင်လျှောက်ထားသည်။

ထိုအခါ မိမိက -

"ဘယ်လိုများ အရက်ရဲ့ အပြစ် ဒေါသ အာဒီနဝ ကိုမြင်လို့ အရက်မသောက်တာလဲ ဒကာကြီး"

- ဟု မေးသည်။ ထိုအခါ ဒကာကြီးက ပြောသည် -

"တပည့်တော်တို့ ငယ်ဆရာက ဆုံးမလို့ ဘုရား"

"ဆရာက တယ်ဆုံးမကောင်းပါလား၊ ဘယ်လိုများ အရက်မသောက်အောင် ဆုံးမထားသလဲ"

"တစ်နေ့ တပည့်တော်ကို မေးတယ်ဘုရား"

"အင်း... ဘယ်လို မေးသလဲ"

"ဟော့ကောင် အရက်သောက်တာ ဘုရားကြိုက်သလားတဲ့ ဘုရား"

"အင်း…ဒကာကြီးက ဘယ်လိုဖြေသလဲ"

"တပည့်တော်က မကြိုက်ပါဘုရားလို့ ဖြေလိုက်တယ်ဘုရား"

"ဒီတော့ ဆရာတော်က အေး…ဘုရားမကြိုက်တဲ့ အရက်သောက်တဲ့သူဟာ ငရဲကျမယ့် လူမိုက်ပေါ့တဲ့ ဘုရား"

"ဟုတ်တာပေါ့ အရက်အပြစ်တွေက များတာကိုး၊ ဒီတော့ ငရဲကျမှာပေါ့"

"မှန်ပါ ဘုရား"

"ဒကာကြီးဟာ ဆရာကောင်း သမားကောင်းနဲ့ တွေ့ပြီး အရက်သမား မဖြစ်တာ သိပ်ကံကောင်းတယ်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဘုရားရှင်ကလည်း မိတ်ကောင်း ဆွေကောင်း ဆရာကောင်း အရေးကြီးကြောင်း များစွာ ဟောတာပေါ့"

"မှန်ပါ ဘုရား"

"မိတ်ကောင်း ဆွေကောင်း ဆရာသမားကောင်း လက်မလွှတ်နဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ တော်ကြစို့…"

✧ အရက်သမားဟာ လောကမှာ လွန်စွာမိုက်လေသည်။

✧ အမိုက်ဘဝ လွတ်လိုက ရှောင်ကြအရက်ရည်။

# ခိုးသူခားပြကြီး ငါးမျိုး ပြောပြပေးပါဘုရား

## (၁၂၀)

လောက၌ နေရသမျှ လျှင် အမှန်ပင် တွေ့ကြုံရမည့် သဘောများ ဖြစ်၍ "လောကဓံတရား" ဟု ခေါ်သော တရားရှစ်ပါး ရှိ၏။ ယင်းတို့ကား -

| | | | |
|---|---|---|---|
| ၁။ | လာဘ | = | လာဘ်ရခြင်း |
| ၂။ | အလာဘ | = | လာဘ်မရခြင်း |
| ၃။ | ယသ | = | အခြွေအရံ ပေါ်များခြင်း |
| ၄။ | အယသ | = | အခြွေအရံ မရှိခြင်း |
| ၅။ | နိန္ဒာ | = | ကဲ့ရဲ့ခံရခြင်း |
| ၆။ | ပသံသာ | = | ချီးမွမ်းခံရခြင်း |
| ၇။ | သုခ | = | ချမ်းသာခြင်း |
| ၈။ | ဒုက္ခ | = | ဆင်းရဲခြင်း တို့တည်း။ |

ဤတရားရှစ်ပါးကား တစ်လှည့်စီ လှည့်၍ ဖြစ်လေ့ရှိ၏။ ဘုရားသော်မှ မလွတ်ကင်း၊ ဘုရားရှင်မှာ တစ်ခါတရံ မကုန်ခန်းနိုင်အောင် လာဘ်ပေါ်များပါ၏။ တစ်ရံတခါမှု ရှားရှားပါးပါးနှင့် ကြုံရ၏။

ဝေရဉ္ဇာပြည်တွင် ဝါကပ်တော်မူစဉ်က မုယောဆွမ်းကြမ်းကို ဘုဉ်းပေးတော်မူ၏။ တစ်ချိန်က ကေနဥပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် လူတွေအား မာရ်နတ် လှည့်ဖျားထားမှုကြောင့် ဆွမ်းလောင်းရန် အမှတ်မရ ဖြစ်နေ၍ သပိတ်ချည်းသက်သက်ဖြင့် ထွက်ခွာတော်မူခဲ့ရ၏။

နတ်လူ ပြဟ္မာ သတ္တဝါများစွာတို့၏ အတုမဲ့ ချီးမွမ်းသံကို ခံယူရသော်လည်း စိဉ္စမာဏဝိကာရဲ့ စွပ်စွဲခံရခြင်း၊ သုန္ဒရီရဲ့စွပ်စွဲခံရခြင်း စသည်ကို အကြောင်းပြု၍ မလိုလားသူများ ကဲ့ရဲ့မှုကိုလည်း ခံတော်မူရ၏။

ဖလသမာပတ်ချမ်းသာ နိရောဓသမာပတ်ချမ်းသာ ဟူသော ချမ်းသာအတိနှင့် ကြုံရသော ရှင်တော်မြတ်မှာ တစ်ခါတရံ ခါးတော် နာခြင်း၊ ဝမ်းတော် လားခြင်း စသော ဒုက္ခနှင့် ကြုံတော်မူရ၏။

ဘုရားသော်မှ တွေ့ကြုံရသော ထိုသဘောများမှာ ဘယ်သူမဆို ကြုံရမည်သာ ဖြစ်သောကြောင့် "လောက၏ တရား၊ လောကရှိနေသမျှ ဆုတ်ဖယ်ရှောင်သွားခြင်းမရှိ ဖြစ်နေမည့် တရားများ" ဟု ဆိုရမည်။

## ရဟန္တာ၏ စိတ်

ဤ၌ လောကဓံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏ စိတ်သာ၊ အခြားသူ၏စိတ် မဟုတ်ဟု အဋ္ဌကထာဖွင့်ပြ၏။ အကောင်းဆုံး အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ ဖွင့်ပြခြင်း ဖြစ်သည်။

ရဟန္တာ အရှင်မြတ်တို့မှာ ကောင်းသောအာရုံ၊ မကောင်းသောအာရုံ ကြုံတွေ့သောအခါ ကောင်းသောအာရုံကို မကောင်း အာရုံအဖြစ်၊ မကောင်းသောအာရုံကို ကောင်းသောအာရုံအဖြစ် မိမိလိုသလို ပြောင်းလွှဲရှုနိုင်အောင် စိတ်ကို အစိုးရသည့် တာဒိဂုဏ်နှင့် ပြည့်စုံကြသည်ဖြစ်ရာ ကျောက်တောင်ကြီးသည် လေတို့ကြောင့် မလှုပ်ရှားသကဲ့သို့ ထို့အတူ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားခြင်း မရှိသော ပညာရှိများအဖြစ် ဘုရားရှင်၏ ချီးကျူးခြင်း ခံရ၏။

## အခြားပုဂ္ဂိုလ်များ

ရဟန္တာမှတစ်ပါး အခြား အရိယာပုထုဇဉ်များ၌လည်း ဒုတိယ ထိုက်သင့်သလောက် ရနိုင်သည်သာ ဖြစ်၏။ ပုထုဇဉ်နှင့် အရိယာသာဝက လောကဓံ ကြုံကြရာ၌ ကွဲပြားခြားနားပုံ ဘုရားရှင်က လောကသုတ်၌ ဟောထားတော်မူ၏။

ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမရှိသည်အဖြစ် ဆင်းရဲသည်၏အဖြစ် ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်၏အဖြစ်ကို မဆင်ခြင်တတ်။ ထို့ကြောင့် သူ့စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။

အကောင်းလောကဓံနှင့် ကြုံရသောအခါ ထိုလောကဓံအလိုက် လိုက်ပျော်တတ်၏။ အဆိုးလောကဓံ အလိုက်လိုက် စိတ်ဆင်းရဲရ၏။

အရိယာသာဝကကား လောကဓံ၏ "အနိစ္စ = ပျက်စီးတတ်သော သဘော" "ဒုက္ခ = ဆင်းရဲတတ်သော သဘော" များကို စဉ်းစားဆင်ခြင်တတ်၏။

ထိုသို့ ဆင်ခြင်တတ်သောကြောင့် လောကဓံက သူ၏စိတ်ကို မလွှမ်းမိုးနိုင်၊ အကောင်းနှင့် ကြုံလည်း အကောင်းအလိုက် ပျော်လွန်းမှု မရှိ။ အဆိုးနှင့်ကြုံရသော်လည်း အဆိုးကို ဆန့်ကျင်၍ စိတ်ဆိုးမှု၊ စိတ်ဆင်းရဲမှု မရှိ။

ဤ၌ အရိယာသာဝကကိုသာ လောကဓံ မတုန်လှုပ်သူအဖြစ် ဟောခဲ့၏။ သို့သော် လုံးဝ မစဉ်းစားတတ်သော ပုထုဇဉ်ကိုသာ ဆိုခြင်းဖြစ်ရာ အရိယာကို မမီစေကာမူ အချို့ပုထုဇဉ်များ၌ တရားသဘော ဆင်ခြင်စဉ်းစားမှု ရှိတတ်၍ အထိုက်အလျောက် လောကဓံကို ခံနိုင်ရည်ရှိသူများကိုလည်း တွေ့နိုင်သည်။

## စဉ်းစားတတ်သူများ

"ဘုရားဟော "ကမ္မဿကာ" သဘောကား လောကဓံကြောင့် မတုန်လှုပ်ရန် ဖြေဆေးသဖွယ် ဖြစ်၏။ ဗုဒ္ဓသာသနာဝင်များ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကမ္မဿကာ" ပေါ့၊ ကံ့အတိုင်းပေါ့၊ ကံကို ဘယ်သူ လွန်နိုင်တာမှတ်လို့ စသော အတွေးများဖြင့် အချို့သူတို့ စိတ်ကို နှိမ်လေ့ရှိကြ၏။

ယင်းသို့ နိမ်လေ့ရှိ၍ကြာသော် စိတ်တတ်များ ရင့်ကျက်လာရ၏။ အဆိုးလောကဓံနှင့် တွေ့သော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံနှင့် ကြုံရသောအခါ၌လည်း "ကံရှိတုန်းသာ ကံကုန်လျှင် ပျက်မှာပဲ" ဟူသော အတွေးကြောင့် မော်ခြင်း၊ ပျော်ခြင်း မရှိတတ်။

ဆိုခဲ့ပြီး အရိယာတို့ အနိစ္စ - ပျက်တတ်သောသဘောကို တွေးတတ်သကဲ့သို့ အချို့မှာ အနိစ္စ. ဒုက္ခ. အနတ္တ သဘော တွေးတောစဉ်းစားခြင်းဖြင့်လည်း ဖြေလေ့ရှိကြ၏။ "အားလုံး အနိစ္စချည်းပဲ ဘယ်မှာ မြဲမှာလဲ၊ ကိုယ် အစိုးရတာမှ မဟုတ်ဘဲ၊ သူ့သဘောအတိုင်း ဖြစ်ကြတာပဲ" စသော အတွေးများဖြင့် စိတ်ကို နိမ်လေ့ရှိကြ၏။

ယင်းသို့ နိမ်ဖန်များသော် ပို၍ ခံနိုင်ရည်ရှိလာ၏။ အကောင်းတွေ့လည်း ပျော်မဆုံး၊ မော်မဆုံး မရှိလှ၊ အဆိုးတွေ့လည်း စိတ်သက်သာရာ ရ၍ တုန်လှုပ်မှု မရှိကြ။

## မင်္ဂလာ. အမင်္ဂလာ

"ဘုရားသော်မှ မလွန်နိုင်ဘဲ တို့တစ်တွေ ဘာပြောစရာ ရှိမလဲ" ဟူသော အတွေးမျိုးဖြင့်လည်း အချို့ဖြေကြ၏။ ဤသို့ စသည်ဖြင့် ဖြေစရာ တရားသဘောဖြင့် တွေးတောဆင်ခြင်၍ လောကဓံ၏ဒဏ်ကို ခံနိုင်ရည် ရှိလာ၏။

ယင်းသို့ တရားသဘောဖြင့် ဖြေနိုင်၍ ပကတိအခြေဣန္ဒြေမပျက်ခြင်းမှာ မင်္ဂလာပင်ဖြစ်၏။ အကောင်းလောကဓံနှင့် တွေ့ရသော် တကြွကြွ တမော်မော် ပျော်မဆုံးဖြစ်ခြင်းမှာ ဣန္ဒြေပျက်ခြင်း၊ ဖောက်ပြန်ခြင်း ဖြစ်၍ တုန်လှုပ်ခြင်းပင်။ ထို့ကြောင့် မင်္ဂလာ မဖြစ်၊ အဆိုးနှင့် ကြုံရ၍ စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းညှိုးငယ်နေခြင်းတို့မှာ ဆိုဖွယ်ရာ မရှိ အမင်္ဂလာသာပါပေ။

## ကဲ့ရဲ့ ချီးမွမ်းခြင်း

အချို့ လာဘ်မရခြင်း စသော လောကဓံကို အတော်အတန် ခံနိုင်ရည်ရှိသူပင် ကဲ့ရဲ့ ခြင်း၊ ချီးမွမ်းခြင်းကြောင့်ကား မတုန်ဘဲ မနေနိုင် ဖြစ်ရ၏။ အချို့သူတစ်ပါး အကဲ့ရဲ့ခံရသောအခါ "အို ... ချီးမွမ်းကဲ့ရဲ့ ခုနစ်ရက်ပေါ့၊ ဘာ အရေးစိုက်စရာရှိလဲ" ဟု ဂရုမထားဘဲ နေနိုင်ကြ၏။

ဤစကားမှာ ဘုရားဟောအရပင် ဖြစ်၏။ ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်အများအပြား ရဟန်းပြုခဲ့၏။ ထိုအခါ လူအများက ကဲ့ရဲ့ကြ၏။

ထိုအကြောင်း ရဟန်းများ လျှောက်ထားသောအခါ ဘုရားရှင်က "ရဟန်းတို့ ... ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေလိမ့် မည် မဟုတ်၊ ခုနစ်ရက်သာ ရှိနေလိမ့်မည်" ဟု မိန့်တော်မူ၏။

## အတုလ ဥပါသကာ

အတုလ ဥပါသကာက ဘုရားရှင်အား မိမိ တရားနာလာကြောင်း လျှောက်၏။ "တရားနာ ပြီးပြီလော" ဟု မေးတော် မူသော် "မြတ်စွာဘုရား ရှင်ရေဝတထံ သွားရာ ရှင်ရေဝတက စကားမပြော၊ ရှင်သာရိပုတ္တရာက အဘိဓမ္မာတရားတွေ အများ ကြီး ဟောသည်၊ အရှင်အာနန္ဒာကတော့ တရားနည်းနည်းလေး ဟောလိုက်သည်၊ ယင်းသို့ဖြင့် ထိုအရှင်တွေကို စိတ်ဆိုးပြီး ဘုရားရှင်ထံ ရောက်လာကြောင်း" လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က -

"အတုလ... လောက၌ ဘုရင်ကိုလည်း အချို့ကဲ့ရဲ့ကြ၊ ချီးမွမ်းကြ၊ ငါဘုရားကိုပင် ကဲ့ရဲ့သူ ကဲ့ရဲ့ကြ၊ ချီးမွမ်းသူ ချီးမွမ်းကြ၏။ လူမိုက်တို့ ကဲ့ရဲ့သည်မှာ လိုရင်းမဟုတ်၊ ပညာရှိများ မကဲ့ရဲ့ ချီးမွမ်းခံရအောင် ဂရုစိုက်ရမည်"

"ဤကဲ့ရဲ့ခြင်းမှာ ယခုခေတ်ပေါ် တရားသဘောမဟုတ်၊ ရှေးလက်ဟောင်း သဘောတရားဖြစ်၏။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြ၏။ စကားများသူကိုလည်း ကဲ့ရဲ့ကြ၏။ နှုင်းချိန်ပြောတတ်သူကိုလည်း ကဲ့ရဲ့ကြ၏"

"လောက၌ အကဲ့ရဲ့ မခံရသူ မရှိ။ တကယ် အကဲ့ရဲ့ ခံရသူ တကယ် အချီးမွမ်းခံရသူဟု ရှေးကလည်း မရှိဘူး၊ နောင်လည်း ရှိမည်မဟုတ်။ ယခုလည်း မရှိ" ဟု ဟောတော်မူ၏။ (ဓမ္မပဒ)

## ခံနိုင်ရည်ရှိသော ရဟန်း

ရှေးက ရဟန်းတစ်ပါး အိမ်တစ်အိမ်၌ ဆွမ်းခံရင်း ထိုအိမ်နှင့် အကျွမ်းတဝင် ဖြစ်နေ၏။ နောင်အခါ တရားအားထုတ်၍ ရဟန္တာဖြစ်၏။ ထိုအိမ်၌ ထိုအရှင် ဝင်ထွက်သွားလာသည်ကို မြင်ရသော နတ်တစ်ဦးက ထိုရဟန်း ပျက်စီးမှု မလိုလား၊ အကျိုးကိုသာ လိုလားသည်ဖြစ်၍ ထိုအိမ်က အိမ်ရှင်မယောင် ဆောင်ကာ ရဟန်းထံသွား၍ -

"အရှင်ဘုရား... မြစ်ဆိပ်, မြို့ဝ, လမ်းမ, သဘင်နေရာတိုင်းတွင်ပင် အရှင်ဘုရားနှင့် တပည့်တော်မ အကြောင်း ဘာလိုလို ပြောဆိုနေကြပါသည်" ဟု လျှောက်ထား၏။

ရဟန်းတော်က ပြန်လည် အမိန့်ရှိသည်မှာ -

"ဆန့်ကျင်ဘက် ပဲ့တင်ခတ်လာသော အသံတို့ကား အများအပြားပင်၊ ရဟန်းမည်သည်မှာ ထိုအသံကို ခံနိုင်ရည် ရှိရသည်၊ ထိုအသံကြောင့် ညစ်နွမ်းခြင်း မဖြစ်နိုင်၊ တောထဲ၌ လေတိုက်တိုင်း လန့်သော သမင်ပမာ အသံကို လန့်နေသော ရဟန်းကို စိတ်ပေါ့သွတ်သူဟု ဆိုကြကုန်၏၊ ထိုရဟန်းမျိုးကား အကျင့် မပြည့်စုံနိုင်" ဟု မိန့်တော်မူလိုက်၏။

## လောကဓံ မခံနိုင်က အကျင့်ပျက်ရ

ဤရဟန်း၏တရားမှာ ကဲ့ရဲ့ခံရ၍ ကိုယ်မှာ ဘာမှ မဖြစ်၊ ကဲ့ရဲ့သံ လန့်နေလျှင် အလုပ်ပျက်ရုံသာဟု စဉ်းစားရန် ဖြစ်၏။ မည်သည့် လောကဓံနှင့် ကြုံကြုံ မတုန်လှုပ်ဖို့ အရေးကြီးသည်။ တုန်လှုပ်က လောကဓံ ထွက်ပေါက်ရှာကာ အကျင့်ပျက်တတ်သည်။

ယင်းသို့ အကျင့်ပျက်တတ်ပုံကို မိမိအား အမေးခံရသော ပြဿနာဖြေရင်းနှင့်ပင် ရှင်းလင်းသွားပါလိမ့်မည်။ တစ်ချိန်သော နွေကာလက ဖြစ်၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟော၏။ နေ့လည်တွင် ဒကာတစ်ယောက် ရောက်လာ လျှောက်ထား၏။

"အရှင်ဘုရား သာသနာတော်မှာ ခိုးသူ ဓားပြကြီး ငါးမျိုးရှိတယ်လို့ ပြောသံ ကြားဖူးပါတယ်ဘုရား၊ အဲဒီ ခိုးသူ ဓားပြကြီးငါးမျိုး ပြောပြပေးပါဘုရား"

"ဘယ်က... ဘယ်ကများ ကတ်သီးကတ်သတ် ကြားလဲ မသိပါဘူး၊ ဒီဒကာကြီးနှယ်"

"ဒီလိုပဲ နားစွန် နားဖျား ကြားဖူးတာပါပဲဘုရား"

"ဒါဖြင့် စတော့ နားစွန်ကနေ နားရင်းမှာ ကြားချင်လို့ လာမေးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် နားရင်းနှင့် ထောင်ပေတော့"

"မှန်ပါ၊ ထောင်ပါ့မယ်ဘုရား"

"ဘုရားရှင်လက်ထက်က ရဟန်းအများက ဝဇ္ဇီတိုင်း ဝဂ္ဂုမုဒါမြစ်ကမ်းမှာ သီတင်းသုံးကြတယ်၊ အဲဒီအချိန်က ဝဇ္ဇီတိုင်းမှာလည်း ဝတ်မွတ်ခေါင်းပါးတဲ့ဘေး သင့်နေတယ်၊ ဆွမ်းခံလို့ မရကြဘူးပေါ့၊ လာဘ်မရတဲ့ လောကဓံ ကြုံနေတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို လာဘ်မရတဲ့ လောကဓံ ကြုံတော့ ရဟန်းတွေ စုဝေးပြီး လာဘ်မရတဲ့လောကဓံ ထွက်ပေါက်ရရေး တိုင်ပင်ကြတယ် ...

"ငါတို့သည် အဘယ်သို့သောနည်းဖြင့် ညီညွတ်ဝမ်းမြောက်ကုန်သည် ဖြစ်၍ ဆန့်ကျင်ဘက်စကား မပြောကြားကုန်ဘဲ ချမ်းသာစွာ ဝါလပတ်လုံး နေရပါကုန်အံ့နည်း၊ ဆွမ်းဖြင့်လည်း မပင်ပန်းဘဲ နေရပါကုန်အံ့နည်း"

အဲဒီလို တိုင်ပင်တော့ ကိုယ့်အယူနဲ့ကိုယ် အသီးသီး အကြံဉာဏ်ပေးကြတယ်၊

၁။ ငါရှင်တို့ ငါတို့ လူတို့၏ အမှုကြီးငယ်ကို ဆောင်ရွက်ပေးကြကုန်စို့

၂။ ငါ့ရှင်တို့ ငါတို့ လူတို့၏ တမန်သည် အမှုကို ဆောင်ကြကုန်စို့

၃။ ငါ့ရှင်တို့ ငါတို့ "မည်သည့်ကိုယ်တော်ဟာ ဈာန်ရပုဂ္ဂိုလ် ဖြစ်တယ်၊ မည်သည့်ပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်တယ်၊ မည်သည့်ကိုယ်တော်ကမူ ရဟန္တာ ဖြစ်တယ်" စသည်ဖြင့် တစ်ပါး၏ဂုဏ်ကို တစ်ပါးက လူတို့အား ပြောကြားကြစို့" လို့ အသီးသီး အကြံဉာဏ်ပေးတယ်" အဲဒီလို နောက်ဆုံးနည်းကို အားလုံး သဘောတူပြီးတော့ မိမိတို့မှာ မရှိသောဂုဏ်ကို လူတို့အား ကြွားဝါပြီးတော့ ပြောကြားကြတယ်တဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီလို ပြောတော့ လူတွေက လွန်စွာ ကြည်ညိုကြသဖြင့် မိမိတို့ မစားရက်၊ မသောက်ရက် သားသမီး. မိဘတို့ကိုမျှ မကျွေးရက်သော အစားအစာများ လှူဒါန်းကြသတဲ့"

"မှန်ပါ ဘုရား"

"လာဘ်ယူတဲ့ လောကဓံထွက်ပေါက် ရှာလိုက်တော့ လာဘ်ရတဲ့ လောကဓံနဲ့ ပြုံးမနေကြဘူးလား"

"ပြုံးနေကြပါတယ်ဘုရား"

"သီတင်းကျွတ်လျှင် ဘုရားရှင်ထံ အဖူးအမြော် လာရိုးထုံးစံ ရှိသည့်အတိုင်း အဲဒီရဟန်းတွေဟာ ဘုရားရှင်ထံ လာကြတော့ ဘုရားရှင်က သိတော်မူလျက်နှင့် စကားစ.ရအောင် "သင်တို့ ဝါတွင်း၌ ချမ်းသာစွာ နေခဲ့ကြရဲ့လား၊ ဆွမ်းကိစ္စလည်း မပင်ပန်းဘဲ မျှတကြရဲ့လား" လို့ မေးတော်မူတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ရဟန်းတွေက ချမ်းသာစွာ နေခဲ့ရကြောင်း စသည် လျှောက်ထားတာပေါ့နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်ကလည်း ဘယ်ပုံဘယ်နည်း နေလို့ ချမ်းသာစွာ နေခဲ့ရသလဲ စသည် မေးမြန်းတာပေါ့၊ ဒီတော့ ရဟန်းတော်တွေက သူတို့အကြံအစည်အားလုံး သူတို့ပြောပုံတွေကို ဘုရားရှင်ထံ လျှောက်ထားတာပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဘုရားရှင်က ဒီရဟန်းတော်တွေကို...

"ရဟန်းတို့ သင်တို့အလုပ်ဟာ ရဟန်းများနှင့် မလျော်သော အလုပ်ဖြစ်သည်၊ အလွန်ထက်သော သားလှီးဓားဖြင့် ဗိုက်ကို ဖြတ်လှီးလိုက်ရတာက တစ်ဘဝသာ အသက်သေ၍ နောင်အရှည် ငရဲ မကျနိုင်သဖြင့် ကောင်းသေး၏၊ သက်သာသေး၏"

"ဝမ်းရေးအတွက်ကြောင့် မဟုတ်မမှန် လုပ်ကြံညာဖြန်း၍ မိမိဂုဏ်ကို ပြောမှ ရသော အစားအစာကို စားရခြင်းကြောင့်ကား သေလျှင် အပါယ်သို့ ရောက်ဖွယ်ရာ ရှိသဖြင့် မကောင်းမြတ်ချေ"

လို့ ကဲ့ရဲ့တော်မူပြီးလျှင် သူခိုးဓားပြ ငါးမျိုးကို ဆက်လက် ဟောပြတော်မူတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ရဟန်းတို့ ဤသာသနာ၌ ခိုးသူဓားပြကြီး ငါးယောက်တို့သည် ထင်ရှားရှိကုန်၏...

၁။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် "ငါသည် ရာထောင်များစွာ တပည့်ပရိသတ်များခြံရံလျက် ရွာနိဂုံး မင်းနေပြည်များသို့ လှည့်လည်ကာ ဒကာ ဒကာမတို့၏ အရိုအသေ မြတ်နိုးပူဇော်မှုကို ဘယ်တော့များ ခံရပါ့မလဲ" ဟု ကြံစည်ပြီးတော့ ယင်းကဲ့သို့ အရိုအသေ မြတ်နိုးပူဇော်ခံရအောင် ကြိုးစားအားထုတ်သဖြင့် အရိုအသေမြတ်နိုးပူဇော်ခံရတယ်"

"အဲဒီ ရဟန်းဟာ သာသနာတော် ကြီးပွားရေး သတ္တဝါအများတို့ အကျိုးစီးပွားရေးကို မရည်ရွယ်ဘဲ သာသနာတော်ကို မှီပြီး မိမိ ကြီးပွားရေးကိုသာ တွေး၍ ရှေးရှု၍ အားထုတ်သော ပထမသူခိုး ဓားပြကြီးပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

"သာသနာတော် ကြီးပွားရေးနှင့် ပုဂ္ဂိုလ်ကြီးပွားရေး အဖွဲ့အစည်း ကြီးပွားရေးကိုတော့ ခွဲသိနော်"

"မှန်ပါ ဘုရား"

၂။ ရဟန်းတို့ ယုတ်မာသော ရဟန်းတစ်ပါးသည် "ဘုရားရှင်ဟောကြားအပ်သော တရားတော်ကို သင်ကြားပြီးတော့ မိမိ၏ ကိုယ်ပိုင်ဥစ္စာ ပြုလုပ်ကာ သူကိုယ်တိုင် ကြံစည်၍ သိသကဲ့သို့ သူပိုင်နည်းလုပ်ကာ ပြော၍ ဟော၍ တရားတော်ကို ခိုးယူ၏။ အဲဒီရဟန်းဟာ ဒုတိယ ခိုးသူဓားပြကြီးပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

၃။ ရဟန်းတို့ယုတ်မာသောရဟန်းတစ်ပါးသည်စင်ကြယ်စွာမြတ်သောအကျင့်ကိုကျင့်နေသောရဟန်းတော်ကို မမြတ်သောအကျင့်ဖြင့် စွပ်စွဲကာ သီလ မရှိဘူးလို့ ပြောတယ်၊ အဲဒီရဟန်းဟာ တတိယ ခိုးသူဓားပြကြီးပဲတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

၄။ ရဟန်းတို့ယုတ်မာသောရဟန်းတစ်ပါးသည် သံဃိကပစ္စည်းဖြစ်သော ကျောင်း၊ ညောင်စောင်း၊ ခေါင်းအုံး စသည်တို့ကို လူတို့အား ပေးတယ်၊ အဲဒီရဟန်းဟာ စတုတ္ထခိုးသူဓားပြကြီးပဲ"

"မှန်ပါ ဘုရား"

၅။ ရဟန်းတို့ ယုတ်မာသောရဟန်းတစ်ပါးသည် မိမိမှာ မရှိသော ဈာန်မဂ်ဖိုလ်တရားကို ရှိဟန်ဆောင်၍ လူတို့အား ပြောဆို၏။ "ထိုရဟန်းကား တစ်ယောက်နှစ်ယောက်မက တစ်လောကလုံးကို လိမ်ရာကျသောကြောင့် အကြီးကျယ်ဆုံး သူခိုးဓားပြကြီးတည်း" တဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ကဲ ... ဒကာကြီး သိချင်တဲ့ သာသနာတော်မှာ အကျော်ဖြစ်တဲ့ ခိုးသူဓားပြကြီး ငါးမျိုး သိရပြီမဟုတ်လား"

"မှန်ပါ၊ သိရပါပြီ ဘုရား"

"ဘာ့ကြောင့် သူခိုး ဖြစ်ရတာလဲဆိုရင် အဆိုးလောကဓံ မခံနိုင်လို့ အကောင်းလောကဓံနဲ့ ကြုံချင်လို့ ဖြစ်ရတာတွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ အဆိုးလောကဓံ ကြုံကြုံ မဖြုံမှ မတုန်မှ ခိုးသူဓားပြဘဝမှ လွတ်မယ်၊ ဒါ့ကြောင့် လောကဓံကြုံ၊ မတုန်လှုပ် အောင်ကြိုးစားပါနော်"

"မှန်ပါ ဘုရား"

"ကဲ ... တော်ကြစို့"

✦ ကောင်းဆိုးတရား တွေ့ကြုံငြား သတိထားနိုင်စေ။

✦ သတိမထား မေ့၍သွား ခိုးသားဖြစ်နိုင်ပေ။

✦ ခိုးသားဖြစ်က အပါယ်ကျ ဒုက္ခဖြစ်မည်လေ။

# မနော့ချမ်းသာအောင် ကျင့်သုံးနေပါတယ်ဘုရား

(၁၂၁)

အချိန်ကားတိတ်ဆိတ်ငြိမ်သက်သောအချိန် ဖြစ်၏။ တောတွင်းတွင် ပို၍ငြိမ်သက်တိတ်ဆိတ်လှ၏။ သီတင်းကျွတ်ခါနီး ဖြစ်၍ တောမှာ သာယာစ အချိန် ဖြစ်၏။

မိုးအားနည်း၍ နေရောင်များသောဘက်သို့ ရောက်လာသဖြင့် ရေသံလည်း နည်း၍ လာချေပြီ။ စိုစွတ်သည့် အခြေအနေမှ ခြောက်သွေ့တဲ့ဘက်သို့ ရောက်လာချေပြီ။

မိမိမှာမူ ပူသည်၊ အေးသည်၊ စိုသည်၊ ခြောက်သည် ပမာဏ မပြုနိုင်။ တောရကျောင်းတွင် ရှိနိုက် မှီခိုအားထားနေသူ စာသင်သားများအား စာချပေးရန်နှင့် ချဉ်းကပ်လာသူ ဒကာ ဒကာမများအား တရားဟော တရားပြရန် တာဝန်ရှိသည်။ တရားကျင့်ရေးလည်း တာဝန်ရှိနေ၏။

သူ့တာဝန် ကိုယ့်တာဝန်ဟု တာဝန်နှစ်ရပ် ရှိရာ ကိုယ့်တာဝန် မကျေမှာ အလွန်စိုးရိမ်သည်။ တာဝန်ကျေအောင် ထမ်းဆောင်ရသော မိမိအဖို့ အားချိန် နားချိန်ဟူ၍ မရှိပါ။

တစ်နေ့ညနေ စာဝါ ချပြီးချိန်ဖြစ်၏။ ဖျော်ရည်ကပ်ရန် ကျောင်းဒကာများ ရောက်လာသည်။ ဖျော်ရည်ကပ်ပြီးလျှင် မိမိထံ လာသော စာများကို ကပ်သည်။

မိမိသည် စာများ ဖတ်သောအခါ လက်ရေးမသိ ဘယ်ကလာမှန်း မသိသော စာကို အလျင်ဖတ်လေ့ ရှိသည်။ သို့ဖြင့် စာအိတ်အများမှ တစ်အိတ်ကို ဖောက်ဖတ်လိုက်သည် ...

၁၅-၁၀-၇၈

အရှင်မြတ်ဘုရား

"ရှိသေစွာ စာရေးလျှောက်ထားပါသည်ဘုရား၊ တပည့်တော် တရားရှုပွားရင်း အိပ်ပါသည်ဘုရား၊ နှစ်နာရီလောက် နိုးတာနဲ့ တစ်ပြိုင်နက် တပည့်တော် တစ်ကိုယ်လုံးမှာ ညင်ညင်သာသာလေးပဲဘုရား။

အပ်ချစရာ မရှိအောင် တဖြတ်ဖြတ် တလှုပ်လှုပ် တညိမ့်ညိမ့် တသဲသဲ တစ်ကိုယ်လုံး ဖြစ်ပျက်နေတာတွေ့ရပါတယ်ဘုရား။

"သတိထား ချုပ်တော့မယ်"လို့အသိကလေးဖြစ်လာပါတယ်ဘုရား၊ ရပ်သွားလိုက်ပြန်ဖြစ်လိုက်နဲ့ သုံးချိန်ဖြစ်ပါတယ်ဘုရား။

ယခုလည်း ဆက်လက် ကြိုးစားနေပါတယ်ဘုရား၊ ဟိုစခန်းရက်ကဆိုရင် သမာဓိမြဲအောင် အားထုတ်ရတာ ဟန်ကျပါတယ်ဘုရား။

အာစိ.ထည့်ထားသလိုပါပဲ၊ အရှင်မြတ်ရဲ့ မေတ္တာစေတနာတော်ကြောင့် တရားမြဲသူတွေ များကြပါတယ်ဘုရား၊ တရားအနှစ်တွေချည်းပဲ ဟောလို့ တရားတော်တန်ဖိုးလည်း မဖြတ်နိုင်ပါဘုရား၊

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး"ကဲ့သို့ အရာရာမှာ ပလွှားဟန်ဆောင်ခြင်းမရှိ ကင်းစင်ရင် အရာရာမှာ အောင်မြင်ပြီး ချမ်းသာမယ်လို့လည်း သဘောပေါက်လာပါတယ်ဘုရား"

တစ်နေ့ တပည့်တော် စကြံလျှောက်ရင်း တရားရှုပွားပါတယ်ဘုရား၊ သတ်တော့မည့် နွားကြီး နွားသတ်ရုံဆွဲသွားတော့၊ သေခါနီးသလို တစ်လှမ်းချင်း တစ်လှမ်းချင်းနဲ့ တရားရှုပွားတော့ အလိုလို သေရွာသွားရတော့ မလိုထင်လာပြီး "ဟင်...ဟုတ်ပါလား၊ လှမ်းနေတဲ့တစ်လှမ်းတစ်လှမ်းဟာ လှမ်းတိုင်းလှမ်းတိုင်းသေရွာသို့ သွားနေပါပေါ့လား၊ မိနစ်စက္ကန့်မခြား သေရွာနှင့် နီးနေပါပြီလား"လို့ သဘောပေါက်ပါတယ်ဘုရား။

အရှင်မြတ်ထံ စာရေးလျှောက်ထားရတာ ကြောက်တော့ ကြောက်ပါတယ်ဘုရား၊ အကြောက်စွန့်၍ ရေးလျှောက်ရတာပါ။

လောကီထဲမှာ လူတွေနှင့် ပြောဆိုဆက်ဆံပါသော်လည်း သူတော်စင် အရှင်မြတ်များရဲ့ အတုမှီ၍ အတုယူ၍-

"ရေမရှိ မြစ်လယ်ခေါင်၊ ထင်းမရှိ တောသုံးထောင်"ပါဘုရား။

မနောချမ်းသာအောင် ကျင့်သုံးနေပါတယ်ဘုရား၊ အရှင်မြတ်ရဲ့ သာဝကအရှင်မြတ် သွန်သင်ပြသဆုံးမသော တရားစကားများကို အမြဲနာယူလျက်ပါဘုရား။

ဆုံးမဩဝါဒ များများပေးပါဘုရား၊ ဆုံးမဩဝါဒ များများရပါစေလို့ ဆုတောင်းပါတယ်ဘုရား၊ နိဗ္ဗာန်ရမယ်ဆိုလျှင် ဆုံးမ.ရုံမက ဝဋ်ဒုက္ခ ခန္ဓာကိုယ်ကိုပင် စွန့်ပယ်ရန် အသင့်ပါဘုရား။

"ပွင့်လင်းစွာ ဆက်ဆံခြင်းဟာ ယဉ်ကျေးမှုတစ်ရပ်"လို့ သတ်မှတ်ပါတယ်ဘုရား၊ ဆုံးမဩဝါဒခံယူပါတယ်ဘုရား၊ ဆရာတော်အရှင်မြတ်ရဲ့အမိန့်ကို ဘယ်အခါမှ မလွန်ဆန်ပါဘုရား၊ အမြင်မှန်ရရန် စာနဲ့ရေး၍ မြန်မြန်ဆုံးမပါဘုရား။

"နာမ်ဓာတ်မှာ ဉာဏ်ကပ်"ပါမှ တပည့်တော်တို့ အထွတ်အမြတ် ကိုးကွယ်တော်မူတဲ့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူး၊ အရှင်မြတ်တို့ရဲ့ တရားမေတ္တာ ဂုဏ်ကျေးဇူးတို့ဟာ အထူးပဲ ပေါ်လွင်စေပါတယ်ဘုရား။

တရားနာယူရတာလည်း မြတ်နိုးပါတယ်ဘုရား၊ တပည့်တော်ထံ ဆုံးမ.စကား၊ တပည့်တော်နှင့်တွေ့တဲ့ အခါမှာလည်း ဆိုဆုံးမစရာလေးတွေ ရှိရင် ဆုံးမတော်မူပါဘုရား။

ကျန်းမာ ချမ်းသာစွာနှင့် သာသနာတော်အကျိုး၊ လောကအကျိုးကို သယ်ပိုးတော်မူနိုင်ပါစေဘုရား"

သတိမလွတ် ကြိုးစားလျက်

ကျန်းမာစွာနှင့်

(......)

မိမိမှာစာဖတ်ပြီးသော်စဉ်းစားနေသည်။အတန်ကြာသော်ရှေ့တွင်ရှိနေသောကျောင်းဒကာများကမေးလျှောက်တော့မှ စဉ်းစားခန်း ပြတ်သွားသည်။

"ဘုန်းဘုန်း စာဖတ်တာလည်း အကြာကြီးပဲ၊ စဉ်းစားနေတာလည်း အကြာကြီး၊ စာထဲ ဘာတွေများ ပါလဲဘုရား"

"စာက စိတ်ချမ်းသာစရာတွေ ပါတယ်၊ သူများတွေ ဖတ်ကြည့်ရင်လည်း အတုယူစရာ အားကျစရာလည်း ကောင်းတယ်"

"ဒီလိုဆို တပည့်တော်တို့လည်း အဲဒီစာ ပေးဖတ်ပါလားဘုရား၊ အတုခိုးရအောင်ပေါ့ ဘုရား"

"နေဦး၊ နေဦး၊ ဒီစာက သိမ်းထားရမယ့် စာပဲ၊ ဦးပဉ္ဇင်းက စာတွေဖတ်ပြီး သိမ်းထားရမယ့် စာ.ဆိုရင် သေသေချာချာ သိမ်းထားတယ်၊ သိမ်းမထားရမယ့် စာ.ဆိုရင် ဆုတ်ဖြဲပစ်လိုက်တာပဲ၊ သိမ်းထား ရှုပ်တာပဲပေါ့၊ ဒီစာကတော့ မှတ်မှတ်ရရ သိမ်းထားပြီးနောက် ပြန်စာရေးတော့မှ ပြန်စာနဲ့ တွဲဖတ်နော်"

"မှန်ပါဘုရား၊ ဘယ်တော့ ဘုန်းဘုန်း ပြန်စာရေးမလဲ ဘုရား"

"နောက် အားတော့မှပေါ့"

"ဒီလိုဆိုတော့ ဟိုစာရှင်ကလည်း ပြန်စာကို အကြာကြီးမျှော်ပြီး ဖတ်ရမှာပေါ့ဘုရား"

"အင်းပေါ့၊ တချို့စာများ (၂)နှစ်၊ (၃)နှစ်တောင် ကြာတယ်"

"ဟိုက မေ့တောင် မေ့မှာပဲနော် ဘုန်းဘုန်း"

"မေ့လည်း ဘယ်တတ်နိုင်မှာလဲ၊ အားမှ မအားတာဘဲ"

ယင်းသို့ဖြင့် နေ့ကို ရက်စား၊ ရက်အား လမျို၍ နှစ်သို့ ချဉ်းခဲ့ပြီ။ တစ်နေ့ နေ့ခင်းအားလပ်ခိုက်တွင် စာကို ပြန်ဖတ်ကာ ပြန်စာကို ရေးရတော့၏။

သို့

(.....)

ပြန်ကြားသိစေလိုက်ပါသည်...

ဆုံးမစာ လိုလား၍ ပြန်စာမျှော်ပြီး ထည့်လိုက်တော့ ပြန်စာကို မျှော်နေမည်တော့ ထင်ပါသည်။ သို့သော် ဦးပဉ္ဇင်းမှာလည်း အပြင်ထွက်၍ တရားဟောရ၍ မအားပါ။

ကိုယ့်နေရာ ကိုယ်ပြန်ရောက်တော့လည်း နွေဘက်က ပျက်ကွက်ခဲ့တာတွေ ထေမိအောင် စာသင်သားများအား စာချရ၊ ဥပုသ်နေ့များတွင်လည်း တရားဟော တရားပြနှင့် မအားလပ်၍ စာမပြန်နိုင်ခဲ့ပါ။

တရားရှုပွားရင်း အိပ်လို့ တရားပေါ်ပုံကို သိရတော့ ဝမ်းသာပါသည်။ "သတိထားချုပ်တော့မယ်" လို့ ပေါ်လာတဲ့ အသိကလေးကလည်း သိပ်ပြီးတော့ ကောင်းပါသည်။

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး" ကဲ့သို့ ဥပမာတင်ပြီး တရားသဘောပေါက်တာဟာလည်း အလွန်တရာ တန်ဖိုးရှိပါတယ်၊ တရားဟာ အမြဲလည်း ရှုပွားနေမယ်၊ မှန်လည်း မှန်ကန်မယ်ဆိုရင် ယခုလို ဥပမာမျိုးတွေ ထင်ဟပ်လာပြီး အသိအမြင်တွေ တိုးတက်လာပါတယ်။ အသိအမြင်တွေကို တိုးတက်လာလျှင်လည်း အမူအကျင့်ဆိုးတွေ ပျောက်ပျောက်သွားပြီး အမူအကျင့်ကောင်းတွေ ပေါ်ပေါ်လာပါတယ်။ အဲဒါဟာတရားရဲ့ ကျေးဇူးတရားရဲ့ သတ္တိပဲ။

စကြံလျှောက်ရင်း ထင်တဲ့ နွားသတ်ရုံပို့မယ့် နွားကြီးပမာ ထင်လာတာဟာလည်း အလွန်တရာ ကောင်းပါတယ်။ အမှန်စင်စစ် သတ္တဝါတွေသာ သေရွာနှင့် တစ်ချိန်ထက်တစ်ချိန် နီးနီးနေပါတယ်။

အဲဒီလို သေရှာနှင့် နီးနေမှန်း သိတော့မှလဲ တရားက မြဲမြဲမြံမြံ မလွတ်တမ်း ကြိုးစားမှာပေါ့။ ကြိုးလဲ ကြိုးစားပေါ့။ ကိုယ့်သေဘေးဟာလည်း အမှန်စင်စစ်တော့ နီးလှပါတယ်။

တွေးပြီးတော့ ကြောက်မနေပါနဲ့။ အကျိုးရှိတဲ့ စာတွေ ရေးလျှောက်တာတော့ ရေးလျှောက်ပါ။ ဖတ်ရကျိုး၊ ပြန်ဖြေရကျိုး နပ်ပါတယ်။ ကျန်းမာ ချမ်းသာကြောင်း စာတွေတော့ မရေးနဲ့၊ မဖတ်ချင်ဘူး။ အချိန်နမြောတယ်။

သူတော်စင် အရှင်မြတ်များ အတုယူပြီး "ရေမရှိ မြစ်လယ်ခေါင်၊ ထင်းမရှိ တောသုံးတောင်" ပမာပြပြီး နေထိုင်ပုံကို ဖော်ပြလို့ သဘောကျလှပါတယ်။ ရှပ္ပားနေရင်း ဒီလိုဖြစ်တာဟာလည်း သာဓကတစ်ရပ်ပေါ့။

"မနော ချမ်းသာအောင် ကျင့်သုံးနေထိုင်တယ်" ဆိုတဲ့ စာကို ဖတ်ရတော့ ဝမ်းသာပါတယ်။ အများတွေလည်း သိရအောင်ဆိုပြီး အချိန်အားမှ စာပြန်ရတော့ ပြန်စာတော့ နောက်ကျတယ်ပေါ့။ ဒါပေမဲ့ ပြည့်ပြည့်စုံစုံလည်း ရေးရ၊ အများလည်း သိရတော့ နောက်ကျရကျိုး နပ်ပါတယ်နော်။

ဆုံးမဩဝါဒ များများပေးပါဆိုတော့ ဘုရားရှင်ရဲ့ သားတော် ရှင်ရာဟုလာကို သတိရပါတယ်။ ရှင်ရာဟုလာဟာ နေ့စဉ်နေ့စဉ်ပဲ သဲတွေကိုဆုပ်ဆုပ်ပြီး "ငါသည် ယနေ့ ဘုရားရှင်ထံမှ ဒီသဲနှင့်အမျှ အဆုံးအမဩဝါဒတွေ ရပါမူကား ကောင်းလေစွ"

"ငါ၏ဥပဇ္ဈာယ်ဆရာမြတ်ထံမှ အဆုံးအမဩဝါဒတွေ ဒီသဲနှင့်အမျှ ရပါမူကား ကောင်းလေစွ" လို့ သဲဆုပ်မျှ၊ သဲဆုပ်မျှ တစ်ပါး တစ်ပါးထံမှ အဆုံးအမဩဝါဒတွေ လိုလားပါသတဲ့။

တချို့က ဆုံးမဩဝါဒပေးတာကို နားပူနားဆာ လုပ်တယ်၊ မန်တယ် ထင်တယ်။ ခချိန်မရလို့ တိုတို တောင်းတောင်းပြောတာ ဆုံးမတာပဲ၊ မန်တာ မဟုတ်ပါဘူး။

အမြင်မှန် ရနေပြီပဲ။ ဆက်လက်ပြီး တိုးတက်ရန် သတိဝီရိယ၊ ပညာတရား လက်ကိုင်ထားပြီး ဆက်လက်ကြိုးစားပေါ့။ စာရေးဖို့အချိန်က ရှားရှားပါးပါးမို့ သည်းခံပါ။

"နာမ်ဓာတ်မှာ ဉာဏ်ကပ်ပါမှ" ဘုရားရှင် ဂုဏ်ကျေးဇူး၊ ဆရာ့ ဂုဏ်ကျေးဇူး အထူးပေါ်လွင်စေတယ် ဆိုတဲ့ အသိတစ်လုံး ရတာဟာ အင်မတန် တန်ဖိုးရှိပါတယ်။ အဲဒီလို အသိဉာဏ်မျိုးရရန် ဆက်လက်ပြီး ကြိုးစားပါ။

ဟောခဲ့ပြီးတဲ့ တရားတွေပဲ အပြန်ပြန် အထပ်ထပ် နာယူပြီး ဆက်လက်ကျင့်သုံးပါတော့။ အဲဒီတရားတော်တွေဟာ ဗုဒ္ဓရဲ့ အဆုံးအမတွေပဲ။ ဦးပဥ္စင်း အဆုံးအမတွေထက် အဖိုးတန်ပါတယ်။

တရားပွဲချိန်ရောက်တော့ နောက်ထပ် အဆုံးအမတွေ ဟောရတာပေါ့။ အဲဒီတော့မှပဲ အဆုံးအမတွေ နာယူပါတော့။ ယခုတော့ ဤမျှနှင့်ပဲ ကျေနပ်ပါတော့။

ကျန်းမာပါစေသော်

ကျန်းမာစွာနှင့်

တေဒဂ် - အရှင်ပညာဇောတ

✦ တရားအရသာ ခံစားကာ နေတာကောင်းလှသည်။

✦ တရားလိုလား မတရား ရှောင်ရှားကောင်းလှသည်။

✦ ဆုံးမစကား မြဲလိုလား ကျင့်အားသန်ရမည်။

✦ ကျင့်အားသန်က နိဗ္ဗာန ရောက်ရမကြာမီ။

# သူရဿတီမယ်တော်ကြီးက

# ပိဋကတ်သုံးပုံ စောင့်ပါသလား

(၁၂၂)

နတ်ပြည်၊ ဗြဟ္မာ့ပြည်များ ထင်ရှားရှိပါသည်။ ယင်းနတ်ပြည်၊ ဗြဟ္မာ့ပြည်များသို့ ဘုရားရှင် ကြွတော်မူကြောင်းလည်း ကျမ်းဂန်တွင် အထင်အရှား ရှိပါသည်။ ဘုရားရှင်မှတစ်ပါး ရှင်မဟာမောဂ္ဂလာန် စသော တန်ခိုးကြီး ရဟန္တာများ နတ်ပြည် ကြွတော်မူကြောင်းလည်း ကျမ်းဂန်များတွင် အထင်အရှား ရှိပါသည်။

တစ်ဖန် နတ်များ, ဗြဟ္မာများ၊ ရံခါ တစ်ဦးချင်း, ရံခါ အများစုဝေးပြီး ဘုရားရှင်ထံ လာရောက်ဖူးမြော်ကြောင်း၊ တရားလာရောက်နာကြောင်း၊ ပြဿနာ လာရောက်မေးလျှောက်ကြောင်း များလည်း ကျမ်းဂန်များတွင် အထင်အရှား ရှိပါသည်။

မှန်ပါသည်။ ဘုရားရှင်လက်ထက်တော်အခါက ကျွတ်တန်းဝင်ကြသူများတွင် လူသားထဲမှ လူများမှာ နည်းပါးလှပါ၏။ နတ် ဗြဟ္မာများမှာ မရေမတွက်နိုင်လောက်အောင် ကျွတ်တန်းဝင်ကြ၏။

ဓမ္မစကြာ၊ မင်္ဂလသုတ်၊ မဟာသမယသုတ် စသော သုတ္တန်များကို ဟောသောအခါ တစ်သောင်းသော စကြဝဠာမှ နတ် ဗြဟ္မာများ လာရောက် တရားနာယူခဲ့ရာ တရားထူးရကြသော နတ် ဗြဟ္မာများမှာ မရေမတွက်နိုင်လောက်အောင် များပြားလှ၏။

နတ် ဗြဟ္မာများမှာ ဘုရားရှင်တရားတော်ကို လွန်စွာလေးစား၍ နာကြားကြရန် မျှော်လင့်ငံ့စားလျက်ရှိကြောင်း ကျမ်းဂန်များအရ သိရ၏။

နတ်များ၏ အကူအညီ အစောင့်အရှောက်ကို ရလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် နတ်များကို ဖိတ်ကြ၏။ နတ်များကို ကိုးကွယ်ကြ၏။

နတ်မှာ နတ်ကောင်း နတ်ဆိုး နှစ်မျိုးရှိပေသည်။ အချို့သော ကပ်ရောဂါများ အန္တရာယ်များ၌ နတ်ဆိုးများ၏ ပယောဂများလည်း ပါဝင်တတ်၏။

ယင်းသို့ နတ်ဆိုးများ ပါဝင်ရာ၌ နတ်ကောင်းများ လာလျှင် နတ်ဆိုးများ ပြေးရှောင်တတ်၍ အန္တရာယ်ကင်းခြင်း စသော အကျိုးပြီးရေး၌ နတ်ကောင်းများ လာရောက်ရေးကို လိုလားအပ်သည်။ သို့ဖြစ်၍ မင်္ဂလာအခါဦးများ၌ နတ်များကို ဖိတ်ကြားခြင်း အစဉ်အလာတစ်ခု ဖြစ်ရသည်။

ယင်းသို့ ဖိတ်ကြားရာ၌ မိမိတို့ ယုံကြည်သော ကိုးကွယ်သော နတ်များကို ဖိတ်ကြသည်။ ဤတွင် နတ်အဓိပ္ပာယ်ကို အနည်းငယ် ရှင်းလိုသည်။

လောက၌ ကိုးကွယ်အားထားရာဟု မှီခိုကပ်ရောက်အပ်သော ပုဂ္ဂိုလ်များကို "ဒေဝ = နတ်" ဟု ဆိုအပ်ပေသည်။ ထို့ကြောင့် "ဥပပတ္တိနတ်" ခေါ် နတ်ပြဟ္မာများသာမက လူအများ အားထားကိုးစားရာ မင်း၊ ရဟန္တာများကိုပင် "သမ္မုတိနတ်၊ ဝိသုဒ္ဓိနတ်" ဟု ခေါ်ရခြင်းဖြစ်၏။

ဘုရားရှင်လည်း သတ္တဝါတို့၏ ကိုးကွယ်ရာအဖြစ် မှီခိုချဉ်းကပ်အပ်သောကြောင့် "ဒေဝ = နတ်" ပင်ဖြစ်သည်။ သို့သော် သာမန် "ဒေဝ = နတ်" မျှမဟုတ်၊ သမ္မုတိနတ်၊ ဥပပတ္တိနတ် မှန်သမျှတို့၏ အားထားကိုးကွယ်ရာ ဖြစ်၍ "နတ်မှန်သမျှတို့၏ နတ်၊ နတ်တို့ထက် နတ်" ဟု ဆိုအပ်ပေသည်။

ယင်းသို့ဆိုသော် နတ်ဆိုတာ မရှိသလောဟု မေးသော် ရှိ၏ဟု ဖြေရမည်။ သို့သော် ယင်းနတ်များနှင့် ပတ်သက်၍ ယနေ့ ဗုဒ္ဓသာသနာဝင်လောကတွင် ရေပန်းစားနေသော နတ်တစ်ပါး ရှိ၏။

ယင်းနတ်ကား တခြားမဟုတ်၊ သူရဿတီမယ်တော်ကြီးပင်ဖြစ်၏။ ယင်း သူရဿတီမယ်တော်ကြီးကို ဗုဒ္ဓသာသနာဝင်လောကတွင် လူအများသာမက အချို့ရဟန်းများပင် ကိုးကွယ်နေကြသည်။

ယင်းကို အချို့က ဟုတ်.မဟုတ်၊ မှန်.မမှန်၊ အကျိုး ရှိ.မရှိ သိလိုကြသည်။ သိလိုသော်လည်း အချို့မှာ မမေးမြန်းတတ်၍ မမေးကြသဖြင့် သိခွင့်မရကြ။ အချို့ မေးမြန်းတတ်၍ မေးသဖြင့် သိရသော်လည်း မိမိတစ်ဦးသာ သိရသည်။ မိမိမှတစ်ပါး အခြားသူများ ကျယ်ပြန့်စွာ မသိရပေ။

ယင်း သူရဿတီမယ်တော်ကြီး ပြဿနာကို မိမိအား တစ်ချိန်က ဒကာတစ်ယောက်က မေးခဲ့ဖူး၏။ မိမိလည်း ဖြေခဲ့၏။ သို့သော် အဖြေအဖြစ် မရောက်လာ၊ ယခုမှ သိရန် လိုလားသူများအတွက် ပြန်လည်ဖော်ပြပါအံ့။

တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် ဓမ္မသဘင် ခရီးစဉ်အတိုင်း လှည့်လည်နေချိန် မြို့ကြီးတစ်မြို့ရောက်ခိုက် ဖြစ်၏။ တစ်နေ့ နေ့လယ်တွင် ဒကာတစ်ယောက် ရောက်လာပြီး ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား၊ သူရဿတီမယ်တော်ကြီးက ပိဋကတ်သုံးပုံ စောင့်ပါသလား ဘုရား"

"အင်း... အဲဒါမှ ဖြေရခက်တယ်"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"အဲဒီ သူရဿတီနတ်သမီး၊ သူရဿတီမယ်တော် အယူအဆတွေက သိပ်ရှုပ်တယ် ဒကာကြီး"

"ရှင်းနိုင်ရင် ရှင်းပေးပါဘုရား"

"ရှင်းတော့ ရှင်းမယ်၊ ရှင်းရင်း ရှုပ်ခြင်း. ရှင်းရင်း ရှုပ်ခြင်း ဖြစ်ရင်တော့ မတတ်နိုင်ဘူးနော်"

"မှန်ပါဘုရား၊ ဖြေသာ ဖြေပါဘုရား၊ သူ့ပင်ရင်းက ရှုပ်လို့ ရှုပ်တာတော့ ဘယ်တတ်နိုင်ပါ့မလဲဘုရား၊ သဘာဝပေါ်ရင် တော်ပါပြီဘုရား"

"ကဲ... ဒါဖြင့် ရှင်းမယ်နော်"

"မှန်ပါ၊ ရှင်းပါဘုရား"

"ရှင်းဆိုရင် အစကတည်းက ရှုပ်မယ်၊ သူရဿတီဆိုတာ ပင်ရင်းနာမည် မဟုတ်ဘူး"

"ဟင်... သူရဿတီ မဟုတ်ရင် ဘယ်သူပါလဲဘုရား"

"သရဿဝတီတဲ့၊ ဆရတ်ဝတီတဲ့၊ ဒီနတ်သမီးက ပြဟ္မဏဝါဒမှာ လာတဲ့ နတ်သမီးပါ"

"အစကတည်းက ပြဟ္မဏဝါဒနတ်ဆိုတော့ ဗုဒ္ဓဘာသာနတ် မဟုတ်ဘူးပေါ့ဘုရား"

"အင်း..."

"ဆက်ရှင်းပါဦးဘုရား"

"သတသသတီတဲ့၊ ဆရတ်ဝတီ ဆိုတာ watery = ရေရှိသောအရာ "မြစ်" အဓိပ္ပာယ် ရတယ်"

"ဒီလိုဆိုတော့ "သူရဿတီ" ဆိုတာ နတ်သမီး မဟုတ်ဘူး၊ မြစ် ပေါ့ ဘုရား"

"အင်း... သူတို့ ပြဟ္မဏတို့ရဲ့ ဝေဒကျမ်းများမှာ " သူရဿတီ" ဆိုတာ မြစ်ရဲ့အမည်ပဲ၊ နောက်ပိုင်းကျတော့ မြစ်နဲ့ နတ်သမီး နှစ်မျိုးလုံးအတွက် သူရဿတီဆိုတဲ့အမည်ကို သုံးစွဲလာကြတယ်"

"ဒီမြစ်က ဘယ်မှာ ရှိပါသလဲဘုရား"

"ဟို အိန္ဒိယပြည် အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်မှာ ရှိတယ် ဒကာကြီး"

"မှန်ပါ ဆက်ရှင်းပါဘုရား"

"အဲဒီမြစ်ကို အဲဒီဒေသသားတွေက ယခုခေတ်တိုင်အောင် "ဆရဆွတီ" လို့ ခေါ်ကြသေးတယ်"

"ယခုခေတ်မှာ ဂင်္ဂါမြစ်ကို ဟိန္ဒူလူမျိုးများ အထွတ်အမြတ် ထားကြသလို ရှေးက အရိယာန်လူမျိုးတွေက အဲဒီ "သရဿတီမြစ်" ကို အလေးအမြတ်ပြုကြတယ်"

"အမှန်က မြစ်ဆိုတာ ရေရှားပါးတဲ့ အရပ်ဒေသတွေမှာ လူတို့ရဲ့အသက်သွေးခဲပဲ၊ ဒီတော့ "သရဿတီမြစ်" ရဲ့ ကြည်လင်သန့်ရှင်းသော၊ ဖြူစင်သော၊ မြေသြဇာကောင်းစေတဲ့ ရေကို ကြည့်ပြီးတော့ မြစ်ရေကိုပေးတဲ့ မြစ်ကို စိတ်ကူးနဲ့ ဖန်တီးပြီး ကျေးဇူးတင်ကြတယ်၊ နတ်အဖြစ်နဲ့ ပူဇော်ပသကြတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အေး... အဲဒီ သရဿတီမြစ်ကမ်းတစ်လျှောက်မှာ နေထိုင်ကြတဲ့ ရှေးက အရိယာန်လူမျိုးတွေက မြစ်ရေကို ရေ အဖြစ်မျှလို့ သူတို့က မမြင်ကြဘူးတဲ့"

"သူတို့က ဘယ်လိုမြင်ကြပါသလဲဘုရား"

"သူတို့ကလား၊ မြစ်ရေဟာ ကြည်လင်တယ်၊ အညစ်အကြေး ဆေးကြောသုတ်သင်တတ်တယ်၊ အဲဒီလို ဂုဏ်ကျေးဇူးများကို နတ်သမီးက ပြုလုပ်ပေးတယ်လို့ ထင်ကြတယ်၊ အမှန်စင်စစ်က ရေ၏သတ္တိပဲနော်"

"မှန်ပါ ဘုရား"

"မြစ်ရေဟာ သတ္တဝါတွေကို အသက်ရှင်သန်အောင် အကျိုးပြုတယ်၊ သီးပင်.ပွင့်ပင်.စားသုံးပင်တွေဟာ ရေကို အမှီ ပြုပြီးတော့ ဖြစ်ထွန်းကြတယ်၊ ဒါဟာ သဘာဝပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ဆေးပင်၊ ဝါးပင်တွေက လူတွေရဲ့အသက်ကို ရှင်သန်စေတယ်ဆိုတာလဲ သဘာဝပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး... အဲဒီသဘာဝအားလုံးကို မြစ်စောင့်နတ်သမီးက ပေးတယ်လို့ အဲဒီအရိယာန်လူမျိုးတွေက ထင်မြင်ယူဆ တယ်၊ သူတို့ အယူအဆပေါ့နော်"

" မှန်ပါ ဘုရား"

"ဒီတော့ သူတို့က နလုံးအေးတဲ့ မသေ.ဆေးကို သရဿတီနတ်သမီးလို့ ဂုဏ်တင်ကြတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"တချို့က မန္တရများမှာ သိန္ဓုမြစ်၊ ယမုနာမြစ် စသော အခြားမြစ်များနှင့်အတူ သရဿတီမြစ်ကို ချီးမွမ်းဂုဏ်ပြုထားတာကိုလည်း တွေ့ရသေးတယ်"

"ဒီလိုဆိုတော့ သရဿတီဆိုတာ မြစ်ပေါ့နော်"

"အင်းပေါ့၊ အဲဒီမြစ် စီးဆင်းပုံကို တခမ်းတနား ဖွဲ့ထားတာတွေ ရှိသေးတယ်"

"ဘယ်လိုဖွဲ့ပါသလဲဘုရား"

"ဟို . . . ဟိမဝန္တာတောင်မှ စပြီး တောင်ခေါင်းတွေကို ဖြတ်ပြီးတော့ စီးဆင်းတယ်၊ အချို့တောင်ကုန်း၊ တောင်ပူစာ၊ တောင်ထွတ်တွေကို ဖြတ်ပြီးတော့ စီးဆင်းတယ်၊ တဂျုံးဂျုံး တဝုန်းဝုန်း မြည်ဟီးပြီးတော့ ကြီးမားတဲ့အသံကို ပြုပြီးတော့ ဒလဟော စီးဆင်းတယ်၊ အမှိုက်သရိုက် အညစ်အကြေးတွေကို သယ်ဆောင်ရှင်းလင်းတယ် စသည်ဖြင့် ဖွဲ့နွဲ့ကြတယ်"

"ဒါကတော့ မြစ်တိုင်းရဲ့သဘာဝပဲ ဘုရား"

"အေး . . . အဲဒါ သူတို့ကတော့" Divine = နတ်သမီးရဲ့တန်ခိုးအရှိန်အဝါတွေ "အဖြစ်ဖြင့် စိတ်ကူးကြတယ်၊ နတ်သမီးကို "တိုင်တည်ဆုတောင်းခြင်း = Propitiation "ပြုကြတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အေး . . . မြစ်ရေတွေ လျော့နည်းလာတာကို တွေ့ရတဲ့အခါကျတော့လည်း မယ်တော်ရဲ့ နို့ချိုများကို မတွန့်တိုပါမယ့်အကြောင်း ဆုတောင်းကြသတဲ့"

"မှန်ပါ ဘုရား"

"တချို့သူတွေ မြစ်နဲ့ အင်မတန်ဝေးကွာတဲ့ ဒေသသို့ လွင့်ပါးထွက်ခွာသွားကြတာကို မြင်ရတဲ့အခါ မယ်တော်သရဿတီ ထံပါးမှ ဝေးလံတဲ့ ဒေသများသို့ မနှင်ပါမယ့်အကြောင်း ဆုတောင်းကြသတဲ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ နွေရာသီမှ မိုးရာသီသို့ ရာသီပြောင်းခါနီး လှိုင်းတံပိုး သည်းထန်စွာနဲ့ စီးဆင်းလာတာကို မြင်ရပြန်တော့ သရဿတီ နတ်သမီးရဲ့နို့အုံများ ကြီးထွားလာပုံ၊ အဲဒီနို့အုံများမှ စီးကျလာတဲ့ နို့ရေများက အလုံးစုံသော ကြီးပွားတိုးတက်ခြင်းကို ပေးပုံများကိုလည်း သူတို့ရဲ့ကျမ်းများမှာ တခမ်းတနား ဆိုထားသေးတယ်"

"မှန်ပါ ဘုရား"

"ပြီးတော့ မီးဟာ ရေမှ ပေါက်ဖွားတယ်၊ ရေဟာ မီးရဲ့ ပေါက်ဖွားရာ ဖြစ်တယ်၊ မီးကို ရေက ပေါက်ဖွားစေတဲ့အချက်ကို အစွဲပြုပြီးတော့ သရဿတီကို မိခင်လို့ သုံးနှုန်းထားပြန်တယ်"

"အမျိုးမျိုးပါလားဘုရား"

- "အင်း . . . ရံခါ မြစ်တို့ရဲ့ မိခင်၊ ရံခါကျတော့ မြစ်တို့ရဲ့ အမကြီး အဖြစ်လည်း ခေါ်ဝေါ်ထားကြသေးတယ်လို့မှတ်"

"မှန်ပါ ဘုရား"

"တချို့သော ဝေဒကျမ်းရဲ့ အကိုင်းအခက်ဖြစ်တဲ့ အဆွယ်အပွားကျမ်းများကြတော့ "သာရဿတ" မည်တဲ့ စစ်သားကြီးရဲ့ဇနီးအဖြစ် ဆိုသည်ကိုလည်း တွေ့ရသေးတယ်"

"ဟင် . . . ရှုပ်လို့ပါလား"

"ရှုပ်တယ်၊ ပြီးတော့ စကားနတ်သမီး၊ နတ်စောင့်နတ်သမီး၊ သရဿတီတဲ့"

"တပည့်တော်က အဲဒီအချက်ကို နားစွန်နားဖျား ယူတာနဲ့ တူပါတယ်ဘုရား"

"အင်း... ဟုတ်မှာပါ၊ တချို့လူတွေက ဘာမှ စဉ်းစားတာမဟုတ်ဘူး၊ ရမ်းပြီးတော့ ယုံတာပဲ"

"မှန်ပါ ဘုရား"

"တချို့နေရာတွေ ကျပြန်တော့ လူသားတို့အား အသိဉာဏ်နဲ့ ရဲစွမ်းသတ္တိပေးကြောင်းလည်း ဆိုပြန်တယ်"

"များလှပါလား ဘုရား"

"တချို့သောနေရာကျတော့ နတ်တို့ရဲ့ဇနီးမယားအဖြစ်လည်း တွေ့ရပြန်တယ်"

"အမျိုးတွေ များလှပါလားဘုရား"

"ရှိသေးတယ်၊ တချို့နေရာတွေကျတော့ ပြဟ္မာမင်းကြီးရဲ့ဇနီးမယားအဖြစ်လည်း ဆိုပြန်တယ်၊ တချို့နေရာတွေကျတော့ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့အခါ ပြဟ္မာကြီးရဲ့ အဖော်အဖက် ဇနီးမယားအဖြစ် ဆိုပြန်တယ်"

"တပည့်တော်တော့ ဘာကို ယုံရမှန်း မသိတော့ပါဘုရား"

"မသိ ဖြစ်မနေနဲ့၊ ရှိသေးတယ်"

"အမိန့်ရှိပါဦး ဘုရား"

"တချို့နေရာကျတော့ သိကြားမင်းရဲ့ နတ်မိဖုရားအဖြစ် ဆိုထားပြန်တယ်နော်"

"မှန်ပါ ဘုရား"

"စကားနတ်သမီး၊ ပြဟ္မာမင်းကြီးရဲ့ ကြင်ယာ၊ အသိဉာဏ်နဲ့ နှုတ်ရေးကြွယ်မှုကို ပေးတတ်တယ် ဆိုတာတွေကတော့ ခပ်များများ တွေ့ရတယ်နော်"

"မှန်ပါ ဘုရား"

"တချို့နေရာတွေကျတော့ သရဿတီ နတ်သမီးဟာ သေးသွယ်တဲ့ကိုယ်ထည် ရှိပြီး ညို့မှာတ်.အပြည့်ရှိပြီးတော့ လှပတဲ့ ပြဟ္မာမင်းကြီးရဲ့ သမီးကညာလို့ ဆိုပြန်တယ်"

"ဇနီးနဲ့ သမီးဆိုတော့ ကွာလှချည်လားဘုရား"

"ဒါကတော့ အရှိ၊ အတွေ့ပြောရတော့ ကိုယ့်သဘောနဲ့ကိုယ်ပဲ ဆုံးဖြတ်ပေ့ါ"

"မှန်ပါ ဘုရား"

"ကဲ ...ရှေ့မှာ အများကြီးရှိသေးတယ်၊ ပြောရဦးမလား၊ တော်ရတော့မလား"

"တော်ပါတော့ဘုရား၊ တပည့်တော် မေးလျှောက်တဲ့ ပြဿနာကိုပဲ ဖြေပါတော့ဘုရား"

"ဘာဖြေစရာလိုသေးလဲ၊ ကိုယ့်ဘာသာကိုယ်ပဲ အဖြေထုတ်ပေ့ါ"

"ဘယ်လို အဖြေထုတ်မလဲဘုရား၊ တပည့်တော်မှ အဖြေမထုတ်တတ်ဘဲဟာ"

"ယခု သူရဿတီအကြောင်း ပြောခဲ့တယ်၊ တိတိကျကျ ရေရေရာရာ ရှိရဲ့လား"

"မရှိပါဘုရား"

"အေး . . . နတ်သမီးက မရေရာတော့ မရေရာတဲ့နတ်သမီးက ဘုရားဟော ပိဋကတ်သုံးပုံကို စောင့်တယ်ဆိုတာ ယုတ္တိရှိပ့ါမလား"

"ယုတ္တိမရှိပါဘုရား"

"ပြီးတော့ ခုနက ပြောခဲ့တဲ့အထဲမှာလည်း ပိဋကတ်သုံးပုံ စောင့်တယ်ဆိုတာ အရိပ်အမြွက်တောင် ပါရဲ့လား"

"မပါ,ပါဘုရား"

"အမှန်က ဘုရားရှင်ရဲ့ပိဋကတ်သုံးပုံကို မပျောက်မပျက်အောင် စောင့်ရှောက်နေတာက ပရိယတ်ဝန်ဆောင် သံဃာတော်တွေပါ၊ သူရဿတီမယ်တော် မဟုတ်ပါဘူးနော်"

"မှန်ပါ ဘုရား"

"သူရဿတီမယ်တော်နဲ့ ပတ်သက်လို့လည်း ဘုရားရှင်ရဲ့ ပိဋကတ်တော်ထဲမှာ လုံးဝ မပါပါဘူး၊ ဒီတော့ ပိဋကတ်သုံးပုံစောင့် ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"အမှန်ကတော့ သူတို့ရဲ့ဝေဒကျမ်းထဲမှာကိုက စကားနတ်သမီးလောက်ပဲ ဆိုထားတော့ ဝေဒခေါ်ဗေဒင်သုံးပုံစောင့် နတ်သမီးဆိုရင်တော့ ဖြစ်ကောင်းဖြစ်မယ်"

"ဘာဖြစ်လို့ပါလဲဘုရား"

"ဩော် . . . ဗေဒင်ဟောတော့ စကားနဲ့ ဟောရတော့ ဗေဒင်သုံးပုံစောင့်ဆိုရင် ဖြစ်နိုင်တယ် ပြောတာပေါ့၊ တကယ်တော့ နတ်သမီးအယူအဆကိုက မရေရာတော့ ဗေဒင်သုံးပုံစောင့် နတ်သမီးလည်း မဖြစ်နိုင်ပါဘူး"

"မှန်ပါ ဘုရား"

"ကဲ . . . တော်ရောပေါ့"

"ဦးတင်ပါတယ်ဘုရား"

✦ နတ်ဟု ဆိုလျှင်၊ လူပြိန်းတွင်၊ အထင်ကြီးကြသည်၊

✦ ကိုယ်ထင်ကြီးပြား၊ နတ်အများ၊ သိထားဖို့လိုသည်၊

✦ မသိဘဲလျှင်၊ ရမ်း၍ထင်၊ ပါစင်လွဲတော့သည်၊

✦ မလွဲမှားချင်၊ ကြိုကြိုတင်၊ ဆင်ခြင်သိရမည်။

# ဘယ်လိုလှူရပါ့မလဲဘုရား

## (၁၂၃)

### အပြစ်ခြောက်ပါး

မူးယစ်စေတတ်သော စိမ်၍ ချက်၍ ပြုအပ်သော အရက်အမျိုးမျိုး၊ မစိမ်ဘဲ မချက်ဘဲ အလျဉ်ဖြင့် ပြင်းလာသော ထန်းရည် စသော အရည်များနှင့် မူးယစ်စေတတ်သော ဘိန်း စသည်များကို ပါဠိလို "မဇ္ဇ" ဟု ခေါ်၏။

ယင်းသဘောရှိသော မူးယစ်စေတတ်သော သေရည် အရက် ဘိန်း စသည်ကို သောက်ခြင်း ရှူခြင်းကြောင့် -

၁။ ဥစ္စာကုန်ခန်း ပျက်စီးခြင်း

၂။ ခိုက်ရန် ဖြစ်ပွားခြင်း

၃။ ရောဂါအမျိုးမျိုး ဖြစ်စေတတ်ခြင်း

၄။ ဂုဏ်သရေမဲ့၊ ကျော်စောမဲ့ကို ဖြစ်စေတတ်ခြင်း

၅။ လျှို့ဝှက် ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများကို လှစ်ပြတတ်ခြင်း

၆။ ပညာဉာဏ်ကို အားနည်းအောင်ပြုတတ်ခြင်း

ဟူ၍ အပြစ်ခြောက်ပါး ဖြစ်နိုင်ကြောင်းကို ဘုရားရှင် ဟောတော်မူ၏။

ယင်းတို့ကို သတိမမူသူအချို့က အရက်သောက်ခြင်းကို အပြစ်မရှိဟု သာမန်ပေါ့ပေါ့ပဲ ယူဆကာ သောက်စားမြဲ သောက်စားနေကြ၏။ တချို့တော့လည်း အပြစ်ရှိမှန်း သိ၏။ သို့သော် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြောင့် သောက်နေရသည် လည်း ရှိ၏။

လူ့လောကထဲ၌ နေရပါက ပတ်ဝန်းကျင်ကို လွန်ဆန်၍ မရနိုင်ပါ။ ပတ်ဝန်းကျင် ရှိရမည်။ ပတ်ဝန်းကျင်ကို ငဲ့ရမည်။ ပတ်ဝန်းကျင်ကို အရွဲ့မတိုက်ရ။ ပတ်ဝန်းကျင်ကို အရွဲ့တိုက်သော် ပတ်ဝန်းကျင်က ပြန်လှန်ပြီး ဒဏ်ခတ်မည်။

သို့ဖြစ်၍ ပတ်ဝန်းကျင်ကို မလွန်ဆန်ရ၊ သို့သော် မိမိက ပတ်ဝန်းကျင်နောက် လိုက်မည်လော၊ မိမိနောက်သို့ ပါအောင် ပတ်ဝန်းကျင်ကို ဆွဲဆောင်မည်လော ယင်းနှစ်ချက်ကိုမူ စဉ်းစားရပေမည်။

မှန်၏။ ပတ်ဝန်းကျင်သည် ကောင်းသောပတ်ဝန်းကျင် ရှိသလို၊ မကောင်းသော ပတ်ဝန်းကျင်လည်း ရှိ၏။ ကောင်းသောပတ်ဝန်းကျင်နောက်သို့ မိမိလိုက်ပါ၍ ပတ်ဝန်းကျင်နှင့် လျော်အောင် နေရမည်။ ယင်းသို့နေသော် ပတ်ဝန်းကျင်နှင့် အဆင်ပြေ၍ ပတ်ဝန်းကျင်၏ အကူအညီရပြီး ကိုယ်စိတ်ချမ်းသာမှုကို ရမည်။

မကောင်းသော ပတ်ဝန်းကျင်ကိုမူ ကိုယ့်နောက်သို့ ပါအောင် ဆွဲဆောင်၍ ကိုယ့်အလိုကျ ဖြစ်အောင် ပြုပြင်ပြီး ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင် နေရမည်။ ကိုယ့်အလိုကျ ဆွဲဆောင်မရသော် မကောင်းသော ပတ်ဝန်းကျင်နောက်သို့ မလိုက်ဘဲ ပတ်ဝန်းကျင်ကို တောင်းပန်၍ ပတ်ဝန်းကျင်နှင့် "ကိုယ်ပေါင်း စိတ်ခွာ" နေလျက် ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင် ပေါင်းရမည်။

## ပတ်ဝန်းကျင် ကြောက်သူ

တစ်နေ့ ဖြစ်၏။ ယင်းတစ်နေ့ကိုတော့ မိမိတစ်သက်တွင် မေ့မရသော နေ့တစ်နေ့အဖြစ်နှင့် မှတ်တမ်းတင်ရပေမည်။ အဘယ်လိုနေ့မို့ မေ့မရသောနေ့ အဖြစ်နှင့် မှတ်တမ်းတင်ရမလဲဟု စာရှုသူက သိချင်လှပေမည်။ အမှန်စင်စစ် သိလည်း သိထိုက်တဲ့ တစ်နေ့ပင် ဖြစ်ပါသည်။

ထိုနေ့ကား သာသနာတော်နှစ် ၂၅၂၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ပင် ဖြစ်ပါသည်။ ခရစ်နှစ် ၁၉၇၉ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ပြည်ထောင်စုအလံ သယ်ယူပွဲကြီး ခြိမ့်ခြိမ့်သဲ ချီတက်ကျင်းပနေဆဲအချိန် ဖြစ်၏။ ထိုနေ့ ထိုအချိန်မှာ မိမိသည် ဓမ္မဒေသနာခရီးသည် အဖြစ်နှင့် ခရီးသွားရန် ပြင်ဆင်နေချိန် ဖြစ်သည်။

ပြင်ဆင်ပြီးသော် သင်္ဘောသို့ ဆင်းခဲ့ရ၏။ သင်္ဘောမှာ ဧရာဝတီတိုင်းမြို့တော်ဆီသို့ ခုတ်မောင်းမည့်သင်္ဘော ဖြစ်၏၊ ထိုနေ့သင်္ဘောမှာ "ဗန္ဓုလ" ဖြစ်၏။ သင်္ဘောပေါ် ရောက်သော် အိပ်ခန်းတွင် ပစ္စည်းများကို ချပြီး လိုက်ပို့သူများနှင့် စကားပြောနေသည်။

ထိုစဉ် ဒကာကြီးတစ်ယောက်နှင့် ဒကာငယ်တစ်ယောက် ရောက်လာသည်။ ရှိခိုးဦးချပြီးသော် ဒကာကြီးက ဒကာငယ်နှင့် မိမိအား မိတ်ဆက်ပြီးသော် ထွက်ခွာသွားသည်။ မိမိနှင့် ဒကာငယ်မှာ စကားလက်ဆုံ ကျနေ၏။

"တပည့်တော်ကို ဆုံးမပါဘုရား"

ဒကာငယ်မှာ စကားပြောရည်မွန်စွာနှင့် သူ့ကို ဆုံးမဖို့ လျှောက်ထားနေသည်။

"အေး...ဟုတ်ပြီ၊ အဆုံးအမခံယူဖို့ လိုလားသူတစ်ယောက်အဖို့ ကြီးပွားချမ်းသာဖို့ အကြောင်းများစွာ ရှိပါတယ်"

"တပည့်တော်ဟာ သောက်စားမှုမှတစ်ပါး အခြားအားလုံး ကောင်းပါတယ်ဘုရား"

"အေး...သောက်စားမှုမှတစ်ပါး အခြားအားလုံးကောင်းတယ်ဆိုတော့ သောက်စားမှုဟာ မကောင်းဘူးလို့ မင်းသိတယ် မဟုတ်လား"

"မှန်ပါ၊ သိပါတယ်ဘုရား"

"မကောင်းမှန်းသိရဲ့နဲ့ ဘာဖြစ်လို့သောက်လဲ"

"ပတ်ဝန်းကျင်ကတိုက်လို့ သောက်ရပါတယ်ဘုရား၊ တပည့်တော်တို့က အလုပ်သဘောအရ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်နေရတော့ သူတို့တိုက်တာ သောက်ရပါတယ်ဘုရား"

"ဩော်...ဒါက လွယ်ပါတယ်"

"ဘယ်လို လွယ်ပါလဲ ဘုရား"

"ကိုယ်က တိုက်ရတာမှ မဟုတ်ဘဲ၊ သူတို့က တိုက်ရတာပဲ၊ ကိုယ်မသောက်ခြင်းကြောင့် သူတို့မှာ ဘာမှလဲ ထိခိုက်မသွားတဲ့အပြင် အကုန်တောင် သက်သာသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ သူတို့ကို တောင်းပန်ပေါ့၊ တခြားနည်းနဲ့ သူတို့ကို အကူအညီပေးပေါ့၊ တခြားနည်းနဲ့ အလိုလိုက်ပေါ့၊ ဒီတော့ ပတ်ဝန်းကျင်ကို အရှဲ့မတိုက်ပါဘူး၊ ပတ်ဝန်းကျင်ကရော ကိုယ့်ကို အရှဲ့မတိုက်ပါဘူးနော်"

"မှန်ပါ ဘုရား"

"တပည့်တော်ကို ဆုံးမပါဘုရား၊ တပည့်တော်ဟာ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာထဲ ပြောင်းလာတာ မကြာသေးပါဘုရား"

"သြော် ... ဒီလိုလား၊ ဒီလိုဆိုတော့ မင်းအကြောင်းကို ငါသိချင်တယ်၊ ဘယ်သူက ဆွဲဆောင်လို့ မင်း ဗုဒ္ဓဘာသာထဲ ရောက်လာတာလဲ"

"ဘယ်သူကမှ မဆွဲဆောင်ပါဘုရား၊ တပည့်တော်နဲ့ အဖော်တစ်ယောက်ပါဘုရား၊ တပည့်တော်က ခရစ်ယာန်၊ တပည့်တော်အဖော်က မွတ်ဆလင်ပါဘုရား"

"အေး ... ခရစ်ယာန်နဲ့ မွတ်ဆလင် ဘယ်လိုဖြစ်လာသလဲ၊ ပြောစမ်းပါဦး"

"တပည့်တော်တို့နှစ်ယောက် (.....) ကျောင်းမှာ ပုတီးစိပ်ပါတယ်ဘုရား"

"ပုတီးစိပ်တော့ ဘာကို စိပ်သလဲ"

"အရဟံဂုဏ်တော်ကို စိပ်ပါတယ်ဘုရား"

"အေး ... ကဲ၊ ဆက်ပြောပါဦး၊ အရဟံဂုဏ်တော်ကို စိပ်တော့ ဘယ်လိုဖြစ်လဲ"

"တပည့်တော်စိတ်တွေ တည်ငြိမ်ချမ်းသာမှုတွေ ဖြစ်လာပါတယ်ဘုရား"

"အေး ..."

"အဲဒီလို စိတ်တည်ငြိမ်ချမ်းသာမှုမျိုး တစ်ခါမှ မရဘူးပါဘုရား"

"အေး ..."

"အဲဒါနဲ့ အဲဒီနောက်ပိုင်း တပည့်တော်မိတ်ဆွေကလည်း သူ့မွတ်ဆလင်ဘာသာ စွန့်၊ တပည့်တော်ကလည်း ခရစ်ယာန်ဘာသာ စွန့်ပြီး ဗုဒ္ဓဘာသာထဲ ဝင်လိုက်ပါတယ်ဘုရား"

"အေး ... အေး၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ တို့ဘုရားရှင်ရဲ့ တရားတော်တွေက ကိုယ်တိုင်သိမြင်ထိုက်တဲ့ "သန္ဒိဋ္ဌိက" တရားတွေပဲ၊ သူတစ်ပါးအပြောနဲ့ ယုံကြည်လက်ခံရမယ့် တရားတွေ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ယခု မင်းတို့ကို ဘယ်သူကမှ ဗုဒ္ဓဘာသာထဲ ဝင်ဖို့ ပစ္စည်းရေး၊ လူမှုရေး စသည် အကူအညီပေးပြီး ဆွဲဆောင်တာ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"တရားတော်ရဲ့ ကောင်းသောတရားတော်အဖြစ်၊ အပြစ်ကင်း၍ ငြိမ်းချမ်းသောတရားတော်အဖြစ် ကိုယ်တိုင်သိလို့ ကိုယ်တိုင်မြင်၍ ဗုဒ္ဓဘာသာထဲ ဝင်တာပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ ... အရက်သောက်တာ မင်းတို့ ခရစ်ယာန် ဘာသာမှာလည်း အပြစ်မရှိဘူးလား"

"အပြစ်ရှိပါတယ်ဘုရား"

"ဒါဖြင့် မင်း အခု ဗုဒ္ဓဘာသာထဲ ဝင်လာပြီး ဗုဒ္ဓဘာသာမှာလည်း အပြစ်ရှိတဲ့အရက်ကို ဆက်သောက်နေတော့ မင်းအဖို့ ဘာများထူးသေးလဲ"

"ပုတီးစိပ်တာတစ်ခုပဲ ထူးပါတယ်ဘုရား"

"ပုတီးစိပ်တာကလည်း မင်းဖို့ ဘာနဲ့ တူနေလဲဆိုတော့ "လက်နဲ့ရေး ခြေနဲ့ဖျက်" ဆိုတာလို ဖြစ်နေပြီ"

"ဘယ်လိုပါလဲဘုရား"

"ပုတီးစိပ်တယ်ဆိုတာက လက်နဲ့ရေးတာနဲ့ တူတယ်၊ အရက်သောက်တာက ခြေနဲ့ဖျက်တာနဲ့ တူတယ်"

"အရက်သောက်တာ ဗုဒ္ဓဘာသာမှာ ဘယ်လိုအပြစ်တွေ ပြထားပါသလဲဘုရား"

## ဥစ္စာပျက်စီးခြင်း

"အပြစ်တွေကတော့ အများကြီးပဲ ပြထားတယ်၊ ကဲ ... ငါမေးမယ်၊ မင်းကြိုက်သလို ဖြေနော်၊ မူးမေ့နေတဲ့ အရက်သမားဟာ ကိုယ့်ပစ္စည်းကို ကိုယ်ကာကွယ်စောင့်ရှောက်ရမှန်း မသိ ဖြစ်နေတော့ ခိုးသူ လုယက်ခြင်း စသည်ဖြင့် ပစ္စည်းတွေ မကုန်ဘူးလား၊ ကုန်သလား"

"ကုန်ပါတယ်ဘုရား"

"အရက်သောက်ထားတော့ သွေးတွေကြွပြီး ပကတိစိတ်ကောင်းတွေ ပျောက်ပြီး ဖောက်ပြန်နေတော့ နဂိုက နမြောတတ်သူတောင်မှ အရက်သောက်ထားခိုက် နမြောရမှန်း သိသေးရဲ့လား"

"မသိတော့ပါဘုရား"

"အေး ... မသိတော့ "အသုံးနဲ့ အဖြုန်း" ခွဲခြားမသိတော့ဘဲ "အသုံးမပြု အဖြုန်းသာပြု" တော့ ဥစ္စာပစ္စည်းတွေ များစွာ မပြုန်းကုန်ဘူးလား"

"ပြုန်းကုန်ပါတယ်ဘုရား"

"ပြီးတော့ အရက်သမားမှာ အခြား အပျော်အပါး လောင်းကစားတွေလည်း ပါမလာဘူးလား"

"ပါလာပါတယ်ဘုရား"

"ဒီတော့ အရက်ကို အကြောင်းပြုပြီးတော့ ဥစ္စာစီးပွားတွေ များစွာ မပျက်စီးဘူးလား"

"ပျက်စီးပါတယ်ဘုရား"

## ခိုက်ရန်ပွားခြင်း

"ပုထုဇဉ်ဆိုတာ အမှန်က အရူးပဲ၊ အဲဒီ အရက်သမားဟာ ပုထုဇဉ်အရူးထဲမှာ အဆိုးဆုံး အရူးပဲ၊ အရက်ကို ကြိမ်ဖန်များစွာ သောက်စားရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝ ရောက်ရတယ်၊ အရက်ရဲ့ အပေါ့ဆုံးအပြစ်က အရူးနဲ့ အနမ်းဖြစ်တတ်တယ်လို့ အင်္ဂုတ္တရနိပါတ်အဂုံတ္တိုရ်မှာ ဟောထားတယ်နော်"

"မှန်ပါ ဘုရား"

"အရက်ရှုးဟာ သူတစ်ပါးကို ဆဲရေးတတ်တယ်၊ ရိုက်ပုတ်တတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး . . . ဒီတော့ အရက်မူးသမားဟာ ပင်ကိုယ်က ယဉ်ကျေးလိမ္မာသူ ဖြစ်စေဦးတော့ မူးတဲ့အခါ ကိုယ်နဲ့ နှုတ်နဲ့ ထိပါးရမ်းကားတတ်တဲ့အတွက် ပြန်ပြီးတော့ အရိုက်ခံရ၊ အဆဲခံရ စသည်ဖြစ်တော့ ခိုက်ရန် မများဘူးလား"

"များပါတယ်ဘုရား"

"ခိုက်ရန်များတော့ ကျိုးပဲ့ခြင်း၊ ပစ္စည်းကုန်ခြင်း၊ မင်းပြစ် မင်းဒဏ် ခံရခြင်း စသည့်အပြစ်တွေ မများဘူးလား"

"များပါတယ်ဘုရား"

## ရောဂါဖြစ်ကြောင်း

"ပြီးတော့ အရက်သောက်များရင် ရောဂါအမျိုးမျိုး ဖြစ်တတ်ကြောင်းကိုလည်း ဆေးပညာရှင်တွေက ဆေးကျမ်းတွေမှာ ဖော်ပြထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အိပ်မှု၊ အရက်သောက်မှု၊ မေထုန်မှီဝဲမှုများကို မရောင့်ရဲ မတင်းတိမ်နိုင်တဲ့ အရာများဖြစ်ကြောင်းကို ဘုရားရှင်က လည်း တိကနိပါတ်အင်္ဂုတ္တိုရ်မှာ ဟောထားတယ်နော်"

"မှန်ပါ ဘုရား"

## အကျော်အစော မဲ့ခြင်း

"အရက်သမားဟာ အရက်မူးပြီဆိုတော့ သူမပြုနိုင်တဲ့ မပြုရက်တဲ့ အမှုဆိုတာ မရှိတော့ဘူးတဲ့၊ ဒီတော့ အရက်သောက်မှုဟာ မကောင်းမှုဒုစရိုက်အားလုံးတို့ရဲ့ ဖြစ်ကြောင်း အခြေခံမကောင်းမှု မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ အရက်သမားဟာ ကျေးဇူးရှင်မိဘတွေ၊ ဆရာသမားတွေကိုလည်း ဆဲဆိုရိုက်နှက် သတ်ဖြတ်နိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ အလွန်ချစ်လှစွာသော ဇနီးမယားနဲ့ သားသမီးတွေကိုလည်း ဆဲဆိုရိုက်နှက် သတ်ဖြတ်နိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အရက်သမားဟာ အရက်အရှိန်အဝါနဲ့ မကောင်းတာမှန်သမျှ ပြုရဲတယ်၊ ပြောရဲတယ်၊ ကြံရဲတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို မကောင်းပြု၊ မကောင်းပြော၊ မကောင်းကြံ ကြံတဲ့ အရက်သမား လူကဲ့ရဲ့ခံရခြင်း၊ မင်းဒဏ် ခံရခြင်း စသည်ဖြင့် မကောင်းတဲ့ သတင်းပဲ မထွက်ဘူးလား"

"ထွက်ပါတယ်ဘုရား"

## ဖုံးထားဖော်ပြ

"ဝဋ်သဘေရှိသူများဟာ လူ့ရေ့သူရေ့မှာ အကျီ၊ ပုဆိုး စသည်ဖြင့် ဖုံးထားသင့်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ဖုံးထားပြီး လုံလုံခြုံခြုံ သွားလာနေထိုင်တတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အရက်သမားကတော့ သူ မဖော်ပြဖို့၊ သူ မဖော်ပြရဲတဲ့ အင်္ဂါဆိုတာ မရှိ၊ အကောင်းကို အဆိုးထင်၊ အဆိုးကိုတော့ အကောင်းထင်ပြီး ဖုံးထားတာတွေ ဖော်ပြရဲတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လူကောင်း သူကောင်းတွေရဲ့ အကာအကွယ်ဆိုတာ အရှက်အကြောက်ပဲ၊ အရက်မူးနေတဲ့သူမှာ အရှက်အကြောက် မရှိဖြစ်နေတော့ သူ့မှာ ရှက်မှုဆိုတာ ရှိဦးမလား"

"မရှိတော့ပါဘုရား"

"ကဲ ... မရှက်ခြင်းရဲ့အကြောင်းက ဘာလဲ၊ အရက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## ပညာနည်းအောင် ပြုတတ်ခြင်း

"ပညာဆိုသည်မှာ သတိတရား၊ သညာတရားနဲ့ တွဲလျက် ရှိပေသည်၊ သညာ့ကင်းနေသည့် အရက်သမားအဖို့ သတိကောင်းကောင်းလည်း ရှိပါဦးမလား"

"မရှိတော့ပါ ဘုရား"

"သတိနဲ့ သညာ့မရှိတော့ အသိပညာလည်း အားနည်းမသွားဘူးလား"

"အားနည်းသွားပါတယ်ဘုရား"

"ဒါဖြင့် အရက်ကို သောက်သင့်လား၊ မသောက်သင့်ဘူးလား"

"မသောက်သင့်ပါဘုရား"

"အေး ... အဲဒီလို အပြစ်ရှိမှန်းလည်း ကိုယ်တိုင်သိနေတဲ့ အရက်ကို ကိုယ့်ဘာသာကိုယ်လည်း မသောက်သင့်ဘူး၊ ပတ်ဝန်းကျင်ငဲ့လည်း မသောက်သင့်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး ... မင်း ပုတီးစိပ်ခြင်းဆိုတဲ့ လက်နဲ့ရေးမှုတွေကို အရက်သောက်ခြင်းဆိုတဲ့ ယခုပြတဲ့ အပြစ်၊ ခြေနဲ့ဖျက်မှုတွေက ဖျက်တော့ မင်းမှာ အကျိုးရသင့်သလောက် မရတော့ဘူးပေါ့၊ ဒီတော့ မင်း အရက် မဖြတ်သင့်ဘူးလား"

- "ဖြတ်သင့်ပါတယ်ဘုရား၊ တပည့်တော် အရက်လှူချင်လာပါပြီ ဘုရား၊ ဘယ်ကို လှူရပါ့မလဲဘုရား"

"အေး ... လှူ ... လှူ သိပ်ကောင်းတယ်၊ လှူလိုက်ရင် မင်း ပတ်ဝန်းကျင်ကို "လှူထားလို့ မသောက်ပါရစေနဲ့" လို့ ပိုကောင်းသွားတယ်၊ ဒီတော့ လှူပါ၊ ငါတိုက်တွန်းတယ်"

"မှန်ပါ၊ လှူပါ့မယ်ဘုရား"

"ကဲ ... ဒါဖြင့် လက်အုပ်ချီ ငါချပေးမယ်၊ မင်းလိုက်ပြီးတော့ ဆိုပေါ့"

"အရှင်ဘုရား . . . တပည့်တော်သည် မျက်မှောက်မျက်ကွယ် နှစ်သွယ်နှစ်ဝ အပြစ်တွေ များလှသော အရက်ကို ယနေ့မှစ၍ မသောက်တော့ပါဘုရား၊ အရက်သောက်မှုကို အရှင်ဘုရားအား လှူဒါန်းလိုက်ပါသည် ဘုရား၊ တပည့်တော် အရက်သောက်မှုကို စွန့်လှူလိုက်ရတဲ့ ကောင်းမှုကံကြောင့် တပည့်တော်ရဲ့ကောင်းသော လိုအင်ဆန္ဒ အဝဝ မြန်မကြာ ပြည့်စုံရပါစေသား အရှင်ဘုရား၊ ကဲ . . . ဦးချ၊ ဒါဆိုရင် မင်းရဲ့အရက်သောက်မှုကို စွန့်လှူဒါန်းမှု ကိစ္စ ပြီးသွားပြီနော်"

"မှန်ပါ ဘုရား"

လူငယ်မှာ သွက်လက်ရွှင်ပြလာသည်၊ ကြည်လင်လာသည်၊ အေးငြိမ်းလာသည်။

"အေး . . . ဒီလိုလှူတော့ မင်း ပတ်ဝန်းကျင်ကို လှူထားလို့ မသောက်ပါရစေနဲ့လို့ တောင်းပန်ရင်လည်း ပတ်ဝန်းကျင်က ခွင့်လွှတ်နိုင်ပါတယ်နော်"

"မှန်ပါ ဘုရား"

"ဗန္ဒာမိ" သဘော်ကား ထွက်ခါနီးပြီ၊ လူငယ်လည်း ဦးချပြန်သွားပြီ။ မိမိအခန်းတွင် မိမိနှင့် မိမိကပ္ပိယ နှစ်ဦးသာ ကျန်ရစ်ခဲ့သည်။ မိမိ ဘာလုပ်မည်လဲ။

စာရှုသူက သိချင်ကောင်း သိချင်ပေမည်။ မိမိလည်း စိတ်တွေရွှင်ပျ ပီတိသောမနဿတွေဖြစ်ရသည်။ တစ်ယောက်တည်းသော တရားနာပရိသတ်ကို ဟောလိုက်ရသည်မှာ အရာတစ်ထောင် တစ်သောင်းမကသော ပရိသတ်ကို ဟောရသည်ထက် ဝမ်းမြောက်ရွှင်ပျလှပါသဖြင့် လူငယ့်အကြောင်းကို မှတ်တမ်းတင်စဉ်မှာ သဘော်ထွက်ခွာပါသတည်း။

✦ အရက်သေစာ၊ သောက်သူမှာ၊ ဉစ္စာကုန်ခန်းသည်။

✦ အရက်သေစာ၊ သောက်သူမှာ၊ ခိုက်ရန်များပြားသည်။

✦ အရက်သေစာ၊ သောက်သူမှာ၊ ရောဂါများပြားသည်။

✦ အရက်သေစာ၊ သောက်သူမှာ၊ ရှိန်ဝါမဲ့ရသည်။

✦ အရက်သေစာ၊ သောက်သူမှာ၊ အင်္ဂါလှစ်ပြသည်။

✦ အရက်သေစာ၊ သောက်သူမှာ၊ ပညာနည်းရသည်။

✦ ထို့ကြောင့်သေချာ၊ အရက်ဟာ၊ သောက်တာမသင့်သည်။

📖

# သုခဝေဒနာပဲ ရှာမယ်ဘုရား

(၁၂၄)

ချမ်းသာသုခ၊ တစ်ခုမျှဋ်၊
လောကအထု၊ အကုန်စုၐ်၊
ပုပုရှုရှု၊ မြင်သမျှလည်း၊
သုခဘို့ချည်း၊ လုံ့လသည်းၐ်၊ (လယ်တီ)

ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသုခကိုသာ အလိုရှိကြကုန်ၐ်၊ ချမ်းသာသုခကိုသာ တရှာတည်း ရှာ၍ နေကြကုန်ၐ်၊ ချမ်းသာသုခကို အလိုမရှိသော သတ္တဝါဟူ၍ မရှိပေ။

အယုတ်အားဖြင့် ပိုးရွ ခြပုန်းတို့သည်ပင် ဖြစ်သော်လည်း ချမ်းသာသုခကိုသာ အလိုရှိကြကုန်ၐ်၊ ချမ်းသာသုခကိုသာ ရှာမှီးကြကုန်ၐ်၊ ခပ်သိမ်းသောသတ္တဝါတို့ၐ် အလိုဆန္ဒကိစ္စအမှုသည် ချမ်းသာသုခတစ်ခုမျှဋ် ဆုံမိကြၐ်၊

ရေသတ္တဝါ ကုန်းသတ္တဝါ၊ ကောင်းကင်သတ္တဝါ အားလုံးတို့သည် နေ့နေ့ညည၊ တရုံးရုံးတရွရွ တကြွကြွ လှုပ်ရှားကြ၊ အားထုတ်ကြ၊ ကြောင့်ကြစိုက်ကြ၊ အပြင်းအထန် အပင်ပန်းခံကြ ရသမျှသည်လည်း ချမ်းသာသုခ ရဖို့ချည်းသာ ဖြစ်ၐ်၊

အယုတ်အားဖြင့် မိမိကိုယ်ကို သေစေလို၍ အဆိပ်ဆေးကို မျိုသောသူ၊ ကြိုးဆွဲချသောသူ၊ ရေထဲသို့ ခုန်ချသောသူ၊ လက်နက်နှင့် သတ်သောသူတို့သည်လည်း "သေမှ အေးမည်၊ သေမှ ချမ်းသာမည်" ဟု ချမ်းသာကို လို၍ ပြုမှုပင်ဖြစ်သည်။

သို့ဖြစ်၍ "ချမ်းသာသုခ၊ တစ်ခုမျှဋ်၊ လောကအထု၊ အကုန်စုၐ်၊ ပုပုရှုရှု၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လုံ့လသည်းၐ်" ဆိုသော စကားနှစ်ရပ်ဖြင့် ယင်း "ခံစားမှု ဝေဒယိတ" ဓာတ်ကြီးသည် ခပ်သိမ်းသော လူ. နတ်. ဗြဟ္မာ သတ္တဝါတို့ၐ် ကိုးကွယ်ရာလဲလျောင်းရာ ဖြစ်ၐ်၊ အကြီးအကဲ အချုပ်အခြာ ဖြစ်ၐ်၊

အချည်းသူမြတ်၊ ပရမတ်ကို
ချန်လှပ်ထား၍၊ အများလောက
ရှိသမျှကို၊ ဒုက္ခပွားမှု
များစွာပြသည်၊ သုခဝေဒနာ စွမ်းရည်တည်း။ (လယ်တီဆရာတော်)

ပရမတ္ထအရိယာ ဖြစ်သော သူတို့ကို ချန်လှပ်ထား၍ ခပ်သိမ်းသော ပုထုဇဉ်သတ္တဝါတို့ကို အနမတဂ္ဂ သံသရာနှင့် အမျှ ဒုက္ခပွားအောင် ပြု၍နေသည်ကား အခြားတရားမဟုတ်။ ဤချမ်းသာမှု ဝေဒနာဓာတ်ကြီး၏ အတတ်ပင်ဖြစ်တော့သည်။

အဘယ်သို့လျှင် သုခဝေဒနာဓာတ်ကြီးက ဒုက္ခပွားအောင် ပြုသနည်း။ ဤသုခဝေဒနာဓာတ်ကြီးသည် ဒွါရ ခြောက်ပါးတို့၌ "ကောင်းသောအတွေ့-ဣဋ္ဌဖဿ" ထင်လင်း ရှိခိုက်၌သာ မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်၍ နေနိုင်၏။ "ကောင်းသောအတွေ့-ဣဋ္ဌဖဿ" ချုပ်ကွယ်လျှင် ချုပ်ကွယ်လေ၏။

ကောင်းသော အတွေ့-ဣဋ္ဌဖဿသည်လည်း မကောင်းသော ဣဋ္ဌာရုံနှင့် ပူးပေါင်းတွေ့ယှက် ဆက်ဆံရောနှောမှု ထင်လင်းရှိခိုက်၌သာ ဒွါရခြောက်ပါးမှ ဖြစ်ပေါ်နေနိုင်၏။

ဣဋ္ဌာရုံနှင့် တွေ့လုံးရောယှက်မှု ကင်းကွာပြန်လျှင် ကင်းကွာဆဲခဏမှာ ချုပ်ပျောက်လေ၏။

ဣဋ္ဌာရုံဟူသည်မှာလည်း မမြဲသောအနိစ္စတရား ဖြစ်၏။ မကြာမီ ဖောက်ပြန်ဆုတ်ယုတ် ကုန်ဆုံးသော တရားစု ဖြစ်၏။

ဣဋ္ဌာရုံ ကုန်ပြန်လျှင် "ထိတွေ့မှု ဖဿ" ကုန်ပြန်၏။ ဖဿကုန်ပြန်လျှင် သုခဝေဒနာ ကုန်ပြန်၏။

သုခဝေဒနာကို အလိုရှိပြန်လျှင် ဣဋ္ဌာရုံကို တစ်ဖန် ရှာရပြန်၏။ အစမထင်သော အနမတဂ္ဂ သံသရာတစ်ခွင်မှာ သုခဝေဒနာကို ခင်တွယ်သည့်အတွက် ဣဋ္ဌာရုံရှာမှုနှင့် တပန်းတည်း ပန်း၍ နေကြ၏။

ဥပမာဆိုသော် အလွန်တရာ ပူပြင်းလှသော နွေအခါ၌ ကိုယ်အင်္ဂါကို အေးမြစေသော သုခဝေဒယိတဓာတ်ကို အလွန်တရာပင် အလိုရှိကြ၏။

ယင်းသုခဝေဒယိတ ဓာတ်သည်လည်း ကိုယ့်သန္တာန်မှာ "ချမ်းသာသောအတွေ့-သုခသမ္ဖဿဓာတ်" ဖြစ်ပေါ်သော အခါမှ ဖြစ်ပေါ်နိုင်ပေသည်။

"ချမ်းသာသောအတွေ့-သုခသမ္ဖဿဓာတ်" သည်လည်း အပြင်အပ ဗဟိဒ္ဓက အေးမြသော လေ၊ အေးမြသော ရေကိုယ်၌ ထိခိုက်လုံးထွေး၍ နေဆဲအခါမှ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်နိုင်ပေသည်။

"ကိုယ်မှာ ထိခိုက်သော လေအေး၊ ရေအေး ဟူသော ဣဋ္ဌာရုံသည်လည်း ကိုယ်သန္တာန်မှာ အမြဲတည်နေနိုင်သော နိစ္စတရား မဟုတ်။ ကိုယ်သန္တာန်၌ ထိကာမတ္တနှင့် ခဏချင်း ခဏချင်း ကုန်ဆုံးကွယ်ပျောက်သော အနိစ္စတရားသာ ဖြစ်၏။

ထို့ကြောင့် အသစ်အသစ်သော လေ၊ အသစ်အသစ်သော ရေထပ်မနား ထိ၍ တိုက်၍ နေပါမှ "ချမ်းသာသောအတွေ့-သုခသမ္ဖဿ" ထပ်မနား ဖြစ်ပေါ်ပြီး "ချမ်းသာခံစားမှု - သုခဝေဒနာ" အစဉ် ဖြစ်ပွားနေနိုင်၏။ ထိခိုက်သော လေ၊ ရေ ပြတ်စဲ ပျောက်ဆုံးပြန်လျှင် "ချမ်းသာသောအတွေ့-သုခဖဿ" "ချမ်းသာသောခံစားမှု - သုခဝေဒနာ" ပျောက်ဆုံးပြန်၏။

ယင်းသုခဝေဒနာခေါ်သော ဝေဒယိတဓာတ်ကြီးသည်လည်း သုခဖဿဓာတ် ပေါ်ရှိမှ ပေါ်နိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်၏။

ယင်း လေ, ယင်း ရေအစုသည်လည်း ယပ်လေ ခပ်ပေးသူ၊ ရေကို ခပ်ဆောင်သူ ရှိပါမှ ရှိနိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်၏။

ယင်းသို့ ပဋိစ္စသမုပ္ပါဒ်မျိုးချည်း ဖြစ်၍ ယပ်လေနှင့်စပ်သော သုခဝေဒယိတဓာတ်ကို ခင်မင်နှစ်သက် ငြိတွယ်သော သူမှာ ယပ်လေခတ်မှုနှင့်စပ်သော ဒုက္ခသည် အပြီးကပ်လျက် စွပ်လျက် ငြိလျက်ပါ၍ နေ၏။

ထို့အတူပင် ရေနှင့်စပ်သော သုခဝေဒယိတဓာတ်ကို ခင်မင်နှစ်သက် ငြိကပ်တွယ်တာသော သူသည်လည်း ရေမှုနှင့် စပ်သော ဒုက္ခသည် အမြဲ စွပ်လျက် ကပ်လျက် ငြိလျက် နေ၏။

## စပ်ဟပ်ချက်

တစ်ထောင့်ငါးရာ ကိလေသာတို့ဖြင့်လည်းကောင်း၊ ရာဂမီး.ဒေါသမီး အစရှိသော (၁၁)ပါးသော မီးတို့ဖြင့်လည်း ကောင်း အလွန်အိုက်ပူ၍ နေသော အစမထင်သော သံသရာကြီးသည် နွေရာသီကြီးနှင့် တူ၏။

"ချမ်းသာသောအတွေ့- သုခသမ္ဖဿ ၆ ပါး" နှင့် "ချမ်းသာခံစားမှု = သုခဝေဒယိတဓာတ် ၆ ပါး" သည် နွေအခါ၌ လေ၊ ရေနှင့်စပ်၍ဖြစ်ရသော သုခသမ္ဖဿ၊ သုခဝေဒနာနှင့် တူ၏။

ဘုံ၊ ဗိမာန်၊ စည်းစိမ်၊ ဥစ္စာ၊ သား၊ မယား စသော လူ့ချမ်းသာ အဆောက်အအုံ၊ နတ်ချမ်းသာ အဆောက်အအုံ၊ ဗြဟ္မာ့ရုံ အစုသည် နွေအခါ၌ ယပ်လေအဆောက်အအုံ၊ ရေအဆောက်အအုံစုနှင့် တူ၏။

## ဒုက္ခပွားအောင် ပြု၏

ယခုရှိနေကြသော လူနတ်ပြဟ္မာ ပုထုဇဉ်သတ္တဝါတို့သည် ယင်းသုခဝေဒနာကို နှစ်သက်ခင်မင် တွယ်တာမက်မော ကြကုန်၏။

ယင်းသုခဝေဒနာသည် ခင်မင်နှစ်သက် တွယ်တာမက်မောသော သူတို့ကို အဘယ်သို့လျှင် အမြဲတမ်း ဆင်းရဲဒုက္ခ ပွားများအောင် ပြုသနည်း။

ဤနေရာတွင် မီးပူဇော်သော ပုဏ္ဏားဥပမာဖြင့် ပြဆိုပေအံ့။ ပုဏ္ဏားတို့၌ အယူမှားကြီးတစ်ခု ရှိ၏။ ယင်းကား အဘယ် နည်း။

ပုဏ္ဏားတို့၌ သူငယ်ယောကျ်ား မွေးဖွားသောအခါ "ဖွားဘက်မီး" ယူ၍ မသေရအောင် မိဘတို့က မွေးမြူ၍ ထားကြ ရ၏။ ထိုဖွားဘက်မီးကို မသေရအောင် တစ်သက်လုံး ကျွေးမွေးပူဇော်နိုင်လျှင် သေသည်၏ အခြားမဲ့၌ ပြဟ္မာ့ပြည်သို့ သွားရ၏ ဟု မှားသောအယူ ရှိ၏။

ထိုသူငယ် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ "သားမယားယူ၍ လူလုပ်မည်လော၊ မီးပူဇော်၍ ပြဟ္မာ့ပြည်သို့ သွား မည်လော" ဟု မေး၍ "မီးပူဇော်မည်" ဆိုလျှင် မီးကိုရိယာစုနှင့်တကွ မီးကိုအပ်၍ ရသေ့ပရိက္ခရာအသွင်နှင့် မီးကို လုပ်ကျွေးစေ ၏။ အနှစ်သာရရှိသော ထင်းသစ်သားပေါ်များရာ၌ နေ၍ လုပ်ကျွေး၏။ ထောပတ်၊ ဆီဦး စသော မီးကြိုက်သော အကောင်း အမွန် ရသမျှ မီးကို ကျွေးရ၏။ အကောင်းအမွန် ကျွေးရလျှင် အကျိုး အထူးကြီးသည်ဟု အယူရှိ၏။

အမှန်စင်စစ် မီးမည်သည် ပဋိစ္စသမုပ္ပါဒ်ပင် ဖြစ်သည်။ အဘယ်သို့လျှင် မီးသည် ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်သနည်း။

မီးစာထင်း ရှိပါမှ မီးစာထင်းကို စွဲ၍ဖြစ်ပေါ်နိုင်သည်။ တည်နေနိုင်သည်။ မီးစာထင်း လျော့ပါးလျှင် လျော့ပါး၏။ မီးစာ ထင်း ကုန်လျှင် ကုန်၏။ မီးစာထင်းနှင့် ကင်း၍ မျက်တောင်တစ်ခတ်မျှ မတည်နိုင်ပေ။ ဤသည်ကား မီး၏ ပဋိစ္စသဘောတည်း။

မီးစာထင်းမည်သည်လည်း မီးထဲသို့ ကျလျှင် ခဏမစဲ တရဲရဲ ကုန်ခန်းကုန်ဆုံးခြင်း အနိစ္စသဘော အလွန်မြန်၏။ တစ်နေ့တစ်နေ့အဖို့တွင် ထင်းများ များစွာကုန်ခန်း၏။

ထို့ကြောင့် ထိုမီးသည် မီးကိုအကောင်းထင်သော အမှားအယူကို မစွန့်သမျှကာလပတ်လုံး ထိုပုဏ္ဏားကို မီးစာထင်းမှုကိစ္စနှင့် ဒုက္ခက အမြဲနှိပ်စက်၏။

မိုးအတွက် လေအတွက် ထင်းပျက်ရန် မီးသေရန်အမှုနှင့် အမြဲနှိပ်စက်၏။ ထမ်းဆောင်သယ်ပိုးမှုနှင့် အမြဲနှိပ်စက်၏။

ပူအိုက်ခါ၌ ပူမှု၊ အိုက်မှုနှင့် အမြဲနှိပ်စက်၏။ ကိုယ်လွတ်လက်လွတ် မသွားသာ မနေသာ၊ ကျဉ်းမြောင်းကျပ်တည်းမှုနှင့် အမြဲနှိပ်စက်၏။

စုတေပြန်လျှင်လည်း ထိုအယူမှားအတွက် အပါယ်သို့ သွားရသည် များ၏။

## စပ်ဟပ်ချက်

တစ်ယောက်တစ်ယောက်သော ပုထုဇဉ် သတ္တဝါတို့၏ ခန္ဓာကိုယ်၌ -

၁။ စက္ခုအကြည်နှင့်တကွ မျက်လုံးအိမ်နှစ်ခုသည် မီးအိုးခင်းကြီး နှစ်ခုနှင့် တူ၏။

၂။ သောတအကြည်နှင့်တကွ နားအိမ်နှစ်ခုသည် မီးအိုးခင်းကြီး နှစ်ခုနှင့် တူ၏။

၃။ ဃာနအကြည်နှင့်တကွ နှာခေါင်းအိမ်နှစ်ခုသည် မီးအိုးခင်းကြီး နှစ်ခုနှင့် တူ၏။

၄။ ဇိဝှာအကြည်နှင့်တကွ လျှာတစ်ခုလုံးသည် မီးအိုးခင်းကြီး တစ်ခုနှင့် တူ၏။

၅။ ကာယအကြည်နှင့်တကွ ကိုယ်အင်္ဂါအားလုံးသည် မီးအိုးခင်းကြီး တစ်ခုနှင့် တူ၏။

၆။ မနောအကြည်နှင့်တကွ ဟဒယနှလုံးအိမ် တစ်ခုလုံးသည် မီးအိုးခင်းကြီး တစ်ခုနှင့် တူ၏

✦ ဖဿ ၆ ပါးသည် မီးမွှတ်သော ပြောင်း ၆ ခု၊ မီးပြင်သော ယောက်မ ၆ ခုနှင့် တူ၏။

✦ သုခဝေဒယိတဓာတ် ၆ ပါးသည် မီးတောက် ၆ မျိုးနှင့် တူ၏။

## ထင်းပုံ ထင်းစု

လူလောက နတ်လောကတို့၌ ရှိသမျှသော ဘုံ၊ ဗိမာန်၊ ရွှေ ငွေ ရတနာ လယ်ယာ မိုးမြေ၊ လှည်း၊ လှေ၊ ဆင်၊ မြင်း၊ သစ်ပင်၊ ခြွေရံ၊ ဝတ်စားတန်ဆာ အစရှိသော အလုံးစုံတို့ကို ၆ ပုံ ၆ စု ပြုသည်ရှိသော် တစ်စုသည် စက္ခုမီး တောက်ဖို့ရန် ရသော ထင်းပုံ ထင်းစု ဖြစ်၏။

အကြွင်းငါးခုကိုလည်း အကြွင်းမီးတောက် ငါးခုနှင့် ဝေဖန်ပြီးတော့ သိပါလေ။

## ခြောက်မျိုး မွေးရ၏

ထိုပုဏ္ဏားမှာ မီးတစ်မျိုးကိုသာ မွေးမြူရ၏။ ဤသတ္တဝါမှာ မီးတောက် ၆ မျိုး၊ မီးအိုးခင်းကြီး ငယ် ၆ ခု ကို မွေးမြူကြရ၏။

ထိုမီး၏ အနိစ္စမှု၊ ပဋိစ္စသမုပ္ပါဒ်မှုထက် ဝေဒနာမီးတောက် ၆ ပါး၏ အနိစ္စမှု၊ ပဋိစ္စသမုပ္ပါဒ်မှုသည် အလွန်ကြီးကျယ်လှ၏။

ယခု မျက်မြင်လောက၌ ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့ နေ့နေ့ညည အုံးအုံးတက် ကြွက်ကြွက်ဆူ သွားလာ၊ ရပ်ထိုင်၊ လုပ်ကိုင်ရှာဖွေမှု ကြီးကျယ်ပုံကို မြင်ကြလျှင် မီးတောက် ၆ ပါးအတွက် မီးစာထင်းမှုအလုပ် အဘယ်မျှ ကြီးကျယ်ကျပ်တည်းသည်ဟု မြင်နိုင်ရာ၏။

မိမိတို့ ကျင်လည်၍လာခဲ့သော အစမထင် သံသရာဘဝ အဆက်ဆက်ကို ဤနည်းအတိုင်း မြင်နိုင်ရာ၏။

## ဆင်းရပါလျက် ရှိ၏

မီးပူဖော်သော ပုဂ္ဂိုလ်သည် ထိုမီးကို သာယာသော မှားသောအယူကို မစွန့်သမျှကာလပတ်လုံး သွားလေရာ၊ နေလေရာ မီးနှင့်စပ်သော ဒုက္ခစက်ကွင်းကြီး အပြီးထက်ကြပ် စွပ်လျက် ပါလေဘိသကဲ့သို့ ပုထုဇဉ်သတ္တဝါတို့မှာလည်း ထိုဝေဒနာကို ငါ ဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိကို မစွန့်သမျှ အစမထင် သံသရာကာလပတ်လုံး ရောက်လေရာရာ ဘဝ၌ ဒုက္ခစက်ကွင်းကြီး အပြီးစွပ်လျက် ပါ၍နေ၏။

အဘယ်ဒုက္ခများနည်း ဆိုသော် တစ်ခု တစ်ခုသော ဖြစ်ရာဘဝ၌ ထိုဝေဒနာမီးတောက် ၆ ပါးနှင့် အသက်တမ်းစေ့ နေရအောင် အာရုံ၊ ဝတ္ထု၊ မီးစာ၊ ဆင်းရဲဒုက္ခ နောင်ဘဝမှာ ထင်းမီးစာ ပြည့်စုံစွာရခြင်းငှာ ရှေးရှေးဘဝက တင်ကူး၍ ပြုကြရသော -

၁။ ဒါနမှု ဒုက္ခကြီး

၂။ သီလမှု ဒုက္ခကြီး

၃။ ကသိုဏ်းပြဗ္ဗဝိဟာရ ဘာဝနာမှု ဒုက္ခကြီး

ဤဒုက္ခမှုတို့သည် ဖြစ်လေရာရာ စွပ်လျက်ပါကုန်၏။

ထို ဒါနမှုဒုက္ခ၊ သီလမှုဒုက္ခ၊ ဘာဝနာမှုဒုက္ခစုကို မပြုပြန်လျှင် သုခ ၆ ပါးမှ လွတ်၍ အပါယ်ဘဝ ဒုက္ခကြီး ၆ ပါးသို့ မြောရလေ၏။

ထိုပုဂ္ဂိုလ်သည် ထိုအယူမှားကို စွန့်၍ ထိုမီး လက်လွတ်သောအခါမှ မီးစာထင်းမှုဒုက္ခ ငြိမ်းလေ၏။

ထို့အတူ ဝေဒနာမီးတောက် ၆ ပါး၌ စွဲလမ်းတွယ်တာသော တဏှာဒိဋ္ဌိကို စွန့်နိုင်သောအခါမှ သံသရာဒုက္ခစက်ကွင်းကြီး ကျွတ်လွတ်၏။

သံသရာဒုက္ခစက်ကွင်းကြီး ကျွတ်ရန်၊ လွတ်ရန် သတ္တဝါအများသည် လိုလားတောင့်တကြ၏။ တောင့်တကြသည့်အလျောက် ကျွတ်လွတ်ရန်လည်း နည်းအမျိုးမျိုးဖြင့် ကြိုးစားကြ၏။ သို့သော် အချို့ အချို့တို့၏ ကြိုးစားမှုမှာ မကျွတ်မလွတ်သည့်အပြင် ဒုက္ခစက်ကွင်း ဆင်းမိလျက်. နင်းမိလျက် ဖြစ်နေကြပါသည်။

ယင်းသည်ကား အဘယ်ကြောင့် ဖြစ်သနည်း။ ကျွတ်လွတ်အောင် မကျင့်ကြံမိ ရှေးဦးစွာ သိရမည့် ရှေးဦးသိ သုတမယဉာဏ် မမှန်သောကြောင့် ဖြစ်၏။

မှန်၏။ သုတမယဉာဏ် မှန်ကန်သူများကား ယင်းသို့ မဖြစ်နိုင်ပါ။ တရားရသည် မရသည်မှာ မိမိရဲ့ကံ.ဉာဏ်.ဝီရိယအပေါ်မှာ မူတည်သည်။ သို့သော် တရားနှင့်တွေ့.ပြီး အမှားလမ်းသို့တော့ မလျှောက်မိတာ အမှန်ပင်ဖြစ်သည်။

အမှားလမ်းသို့တော့ မလျှောက်မိဘဲ အမှန်လမ်းသို့ လျှောက်မည့် လူငယ်တစ်ဦးနှင့် တွေ့ရ၏။ အချိန်မှာ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မြို့ကြီးတစ်မြို့တွင် (၁၀)ရက်စခန်း တရားပြစဉ်က ဖြစ်ခဲ့၏။

တရားပြ၍ လေးငါးရက် အရတွင် ယောဂီသစ် လူငယ်တစ်ဦး တိုးလာသည်။ အသစ်ဆိုသော်လည်း ပုံကို ကြည့်ရသည်မှာ ယောဂီဟောင်းနှင့် တူနေသည်။ သို့နှင့် မိမိက မေးကြည့်မိသည်။

"မင်း တရားအားထုတ်ဖူးသလား"

"အားမထုတ်ဖူးသေးပါဘုရား"

"မင်းကြည့်ရတာ အားထုတ်ဖူးတဲ့ ယောဂီဟောင်းနဲ့ တူနေလို့ မေးကြည့်တာ"

"တပည့်တော် တရားတော့ တော်တော်နာဖူးပါတယ်ဘုရား၊ ဒါပေမဲ့ အားထုတ်တဲ့အဆင့်တော့ မရောက်သေးပါဘုရား"

"အင်း...ယခု အားထုတ်တဲ့အဆင့် ရောက်လာပြန်တော့လည်း တစ်ဝက်တစ်ပြက်မှပါလား၊ ဘယ်လို ဘယ်လို စိတ်ကူးနဲ့ ရောက်လာတာလဲ"

"ယခုလည်းပဲ ပထမတော့ အားထုတ်ဖို့ ရည်ရွယ်ချက် မရှိပါဘုရား၊ တရားဟောချိန်လောက်မှသာ တရားနာရုံ သက်သက်လောက်ပဲ သဘောထားပါတယ်ဘုရား"

"အင်း...နာရုံမှ အားထုတ်တဲ့အဆင့် ရောက်သွားတာ ဘယ်လိုသံဝေဂဉာဏ် ရရှိသွားလို့လဲ"

"တပည့်တော်က "ငါငယ်ပါသေးတယ်၊ ယခုတော့ နာရုံလောက်ပဲ နာဦးမယ်၊ နောက်မှ အားထုတ်တာပေါ့" လို့ ယူဆပြီး နေပါတယ်ဘုရား"

"အင်း"

"အရှင်ဘုရားက ရပ်ပြစ်ရှစ်ပါးတရား ဟောလိုက်တော့မှ တပည့်တော် သံဝေဂ တော်တော်ဖြစ်သွားပါတယ်ဘုရား"

"အင်း"

"ယခု နာလိုက် ကြားလိုက်ရတော့မှ သဘောပေါက် သံဝေဂဖြစ်သွားပြီး "နာရုံသက်သက်နဲ့တော့ မဖြစ်သေးပါဘူး၊ အားထုတ်ဦးမှပဲ" လို့ ဆုံးဖြတ်ချက်ချပြီး အားထုတ်ပါတယ်ဘုရား"

"အားထုတ်တော့ သဘောပေါက်ရဲ့လား"

"ပေါက်သင့်သလောက် ပေါက်ပါတယ်ဘုရား"

"အေး...မိမိက သူများတွေရဲ့နောက်မှ အားထုတ်ရတာဆိုတော့ သူများတွေထက် ကြိုးစားမှ တော်ရုံကျမယ်နော်"

"မှန်ပါ၊ ကြိုးစားပါ့မယ်ဘုရား"

"အားထုတ်ပုံ အားထုတ်နည်းနဲ့ ပတ်သက်ပြီး မသိရင် မရှင်းလင်းရင် အချိန်မရွေး လာပြီးမေးနော်၊ အားမနာနဲ့ မကြောက်နဲ့"

"မှန်ပါ ဘုရား"

"သံသယတင်းလင်းနဲ့ အားထုတ်နေရင် ဘယ်တော့မှ မရဘူး၊ တချို့က မမေးနဲ့၊ ခိုင်းတဲ့အတိုင်း လုပ်၊ နောက်တော့ သံသယတွေ ပြေလည်သွားလိမ့်မယ်လို့ ယူဆပြီး အတင်းအားထုတ်ခိုင်းတယ်၊ မရဘူးလားဆိုတော့ ရတော့ ရပါတယ်၊ ကြာမှ ရပါတယ်၊ ပင်ပန်းဆင်းရဲပြီးမှ ရပါတယ်၊ တရားဟာ အားထုတ်ပုံ မှန်ကန်ရင် မပင်ပန်းပါဘူး"

"တပည့်တော် ဝေဒနာနုပဿနာကို အားထုတ်တဲ့အခါ သုခဝေဒနာကို ရှုပွားအားထုတ်လို့ မဖြစ်ဘူးလားဘုရား"

"ဖြစ်တာပေါ့၊ ဘုရားရှင်က ဘယ်ဟာမှ အားထုတ်ရမယ်လို့ သတ်မှတ်ချက်ထားပြီး အားမထုတ်ခိုင်းပါဘူး၊ ကြိုက်ရာ အားထုတ်နိုင်အောင် သတ္တဝါအကြိုက် လိုက်ပြီး နည်းအမျိုးမျိုး ဟောပေးထားတာပဲဟာ"

"ဒီလိုဆို တပည့်တော် သုခဝေဒနာပဲ ရှမယ်ဘုရား၊ ဖြစ်ပါ့မလား"

"ဖြစ်တာပေါ့၊ နေပါဦး၊ မေးပါရစေ၊ မင်းက ဘာဖြစ်လို့ သုခဝေဒနာကို ရှုချင်တာလဲ၊ ပြောစမ်းပါဦး၊ အကြောင်းကို"

"သတ္တဝါတိုင်း ဒုက္ခကို ကြောက်ကြပါတယ်ဘုရား၊ ဒုက္ခကို မလိုလားကြပါ၊ ဒုက္ခကို ရှောင်ရှားကြပါတယ်"

"အင်း"

"သုခကို လိုလားတောင့်တကြပါတယ်၊ တစ်နေ့တစ်နေ့ သတ္တဝါတွေဟာ သုခရရေးကိုပဲ ကြိုးစားနေကြပါတယ် ဘုရား"

"အင်း"

"အဲဒီ သုခအတွက်နဲ့ပဲ သတ္တဝါတွေဟာ ဒုက္ခရောက်နေကြရပါတယ်ဘုရား"

"အင်း"

"သုခကို သဘောပေါက်အောင်ရှုထားတော့ သုခရဲ့ဒဏ်ကို တပည့်တော် ခံနိုင်ရည်ရှိမယ်လို့ ထင်ပါတယ်ဘုရား"

"အင်း"

"အများအားဖြင့် တပည့်တော် တွေ့ရသလောက်ဟာ ဒုက္ခဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည် ရှိသော်လည်း သုခဒဏ်ချက်နဲ့ ကျတော့ လန်ကျတာပဲ တွေ့ပါတယ်ဘုရား"

"အင်း"

"အဲဒီတော့ အကျ့နာပါတယ်ဘုရား"

"အင်း"

"သုခဝေဒနာ ရှုမယ်ဆိုတော့ မင်း ရှုပွားအားထုတ်နည်းကို သိပြီးပြီလား"

"မှန်ပါ၊ အရှင်ဘုရား ဟိုတစ်နေ့က ဟောပြပြီးတော့ တပည့်တော် လက်တွေ့စမ်းသပ်အားထုတ်ကြည့်ပါတယ် ဘုရား"

"အင်း"

"အားထုတ်ကြည့်တော့ တပည့်တော် အားထုတ်တတ်ပါတယ်ဘုရား"

"ဝေဒနာက ကမ္မဋ္ဌာန်းထဲမှာ အခက်ဆုံးပဲ၊ တချို့ဝေဒနာဆိုပြီး အားထုတ်တယ်၊ ဝေဒနာ မဟုတ်ဘူး၊ ဓာတ်တွေ ဖြစ်နေတယ်၊ အာရုံလွဲနေတာပေါ့၊ မင်း သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်ဘုရား"

"ဘယ်လိုပေါက်လဲ၊ ရှင်းပြစမ်းပါဦး"

"ဝေဒနာဆိုတာက ခံစားမှုသဘောတရား သက်သက်ကလေးပါဘုရား"

- "ဘယ်လို ခံစားမှုသဘောသက်သက်ကလေးလဲ"

"ဥပမာဆိုပါတော့ဘုရား၊ လေပြေလေညှင်းကလေး တိုက်ခိုက်တော့ အေးသွားတယ်၊ အေးတာက တေဇောဓာတ် ပါဘုရား၊ အေးသဘောကလေးကို ခံစားတာ.သဘောကျ အားရတာက ဝေဒနာပါဘုရား"

"အင်း"

"သူတစ်ပါးတွေက တပည့်တော်ကို ချီးမွမ်းတဲ့အခါ သဘောကျသွားတာဟာလဲ ဝေဒနာပါ ဘုရား"

"အင်း"

"အဲဒီ ဝေဒနာမျိုးပဲ တပည့်တော် ရှုပ့်မယ်ဘုရား၊ အဲဒီဒက်ာ ခံနိုင်ရင် တပည့်တော် အကျိုးရှိမယ် ထင်ပါတယ်ဘုရား"

"အေး ... ဟုတ်ပြီ၊ ရှု ရှု၊ မင်းပြောတာ ဟို ... လယ်တီဆရာတော်ဘုရားကြီးရဲ့ "ပဋိစ္စသမုပ္ပါဒ်လင်္ကာ" နဲ့လဲ ကိုက်ညီတယ်"

"ဒါဖြင့် တပည့်တော်အယူအဆ မှန်တယ်ပေါ့ဘုရား"

"မှန်တာပေါ့"

"တပည့်တော် ဝမ်းသာလိုက်တာဘုရား"

✦ ဝေဒနာမူ၊ ယူမတူ၊ အမှုကွဲတတ်သည်။

✦ ဝေဒနာရှုက၊ သဘာဝ၊ ကျနသိရမည်။

✦ ဝေဒနာဆို၊ နာတာကို၊ ထိုထိုယူကြသည်။

✦ ခံစားတာဟာ၊ ဝေဒနာ၊ သေချာသိရမည်။

✦ ကောင်းဆိုးခံစား၊ နှစ်မျိုးပြား၊ သိနားလည်ရမည်။

# ကျောက်ဆင်းတုကိုယ်တော်သား ကျနေတာပဲ

(၁၂၅)

ဝမ်းမြောက်ဝမ်းသာ၊ ဤလူ့ရွာဝယ်
ကျွမ်းဝင်ရာညွတ်၊ ကြိုက်ရာနတ်နှင့်
မမှတ်ဂုဏ်ဝါ၊ ထူးမရှာဘူး
ကြည်ညိုရာမြတ်၊ ချစ်ရာတတ်၏
ဆတ်ဆတ်ကေန်၊ မှန်သည်မရှိ
လူ့ထုံးသိလော့။
လောကီလူတမ်း၊ လူ့နှုတ်ခမ်းကား
ချီးမွမ်းကဲ့ရဲ့ ဖြစ်တတ်ခဲ့ရှင့်။
ပြစ်ဖွဲ့ကြည်ညို၊ ပြောကြဆိုလည်း
ပြောဆိုသူနှင့်၊ နှိုင်းကာချင့်တည့်။
ယခင်ထိုသူ၊ ယုတ်မြတ်ဟူလည်း
အယူတူမျှ၊ ကြည်ညိုကြ၏။

အို...စာရှုသူ၊ အထက်ပါလင်္ကာလေးများကို အပြန်ပြန်အထပ်ထပ် ဖတ်ရှုစမ်းပါဘီ။ ဖတ်ရှုပြီးလျှင် သဘောသဘာဝကို အပြန်ပြန် အထပ်ထပ် စဉ်းစားစမ်းပါဘီ။

ယင်းလင်္ကာလေးများကို အပြန်ပြန် အထပ်ထပ် ဖတ်ရှုပြီးလျှင် အပြန်ပြန်အထပ်ထပ် စဉ်းစားသော် လောကသဘောလူတို့သဘောသည် လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ အကွင်းသား အရှင်းသား ပေါ်လွင်ထင်ရှား လာပါလိမ့်မည်။

ယင်းသို့လောကသဘော၊ လူတို့သဘော အကွင်းသား အရှင်းသား ပေါ်လာသော် "လူတို့သဘောဟာ ဒီလိုရှိပါလား" လို့ သိသဖြင့် စာရှုသူအား လူတို့သဘောနှင့် ပတ်သက်ပြီး ဝမ်းမြောက်မှု ဝမ်းနည်းမှု မဖြစ်နိုင်တော့ပြီ၊ ပုထုဇဉ်သဘာဝ ဖြစ်သော်လည်း ဖြစ်ကြော မရှည်တော့ဘဲ ဖြေဆည်နိုင်ပြီ။

လူတို့သဘာဝ သိအောင်၊ မိမိစိတ်ကို ဖြေဆည်နိုင်အောင် လေ့ကျင့်ရေးသည် အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသဘောမျိုးနှင့် မိမိနှင့် ခဏခဏ တွေ့ရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

မှန်၏။ မိမိလည်း ယင်းသဘောမျိုးနှင့် ခဏခဏ တွေ့ခဲ့ရပါ၏။ ယင်းအတွေ့များထဲမှ အကြောရှည်သော တွေ့မှုတစ်ခုကို ဖော်ပြပါမည်။

တစ်ချိန်က ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့ငယ်တစ်မြို့တွင် တရားဟော၏။ တရားပွဲမှာ အလှူပွဲ ဖြစ်၏။ အလှူရှင်မှာ မြို့ကြီးတစ်မြို့မှ ဖြစ်၏။

မိမိမှာ အလှူကျင်းပရာနှင့် အလှမ်းကွာသော လူရှင်းသော ကျောင်းငယ်တစ်ခုတွင် တစ်ပါးတည်း တည်းခိုနေသည်။ အလှူနေ့တွင် မိမိထံသို့ အလှူလာသူများ အတက်အဆင်း အဝင်အထွက် အသွားအလာမှာ မပြတ်လှပါ။

အစုလိုက် အစုလိုက် ဝင်ထွက်သွားလာသူများအား မိမိသည် စကား မပြောမိလိုက်သည်လည်း ရှိပါလိမ့်မည်။ မိမိမှုကား အမှတ်မထားမိပါ။

အလှူပြီးသော နောက်နေ့တွင် မိမိထံသို့ မိမိနှင့် ရင်းနှီးသူ ဒကာမကြီးငယ်တစ်စု ရောက်လာပြီးလျှင် ရှိခိုးဦးချကာ ထိုင်ကြသည်။ စကားပြောကြသည်။ ယင်းမှ တစ်ယောက်က မေးလျှောက်သည်။

"ဆရာတော်ထံ မနေ့က (.....) တို့ လာပါသလားဘုရား"

"လာလား၊ မလာလား မသိဘူး၊ လူတွေတော့ တော်တော်များများ လာတယ်၊ သူ့အုပ်စု သူ့အုပ်စုနဲ့ပဲ"

"လာတယ်ဘုရား၊ ဆရာတော်ဘုရားကို စကားမပြောလို့တဲ့ စကားတစ်ခုတောင် ဖြစ်နေတယ်"

"ဘယ်လို စကားဖြစ်နေလဲ ပြောစမ်းပါဦး"

"တို့က စာရေးဆရာ ဘုန်းကြီး၊ တရားဟောဘုန်းကြီးလို့ ပြောတာနဲ့ သွားဖူးပါတယ်၊ "ကျောက်ဆင်းတုကိုယ်တော်သားကျနေတာပဲ"၊ စကားလည်း တစ်လုံးမှ မပြောဘူးတဲ့ ဘုရား"

"အဲဒါ ဘာဖြစ်လဲ"

"တပည့်တော်တို့ ကြားခဲ့တယ် ဆရာတော်ဘုရား"

"ကတ်သီးကတ်သတ် ဘယ်လိုကနေ ဘယ်လိုကြားရတာလဲ"

"တပည့်တော်တို့က သူတို့နဲ့ အခန်းချင်းကပ်နေတာဘုရား၊ သူတို့ ဆရာတော်ဘုရားထံ လာတာလဲ မသိပါဘူး၊ နောက်အဲဒီ အသံကြားတော့မှ ထွက်ကြည့်တော့ သူတို့သွားလို့ ပြန်လာမှန်း သိတယ်"

"ကဲ ...အဲဒီလိုဆို သိတော့ ဘာဖြစ်လဲ၊ ကျောက်ဆင်းတုကိုယ်တော်နဲ့ တူတယ်ဆိုတာပဲ ဘာနာစရာ ရှိလို့လဲ၊ အဆင့်အတန်းတောင် မြင့်သွားသေးတယ်"

"ဘယ်ကောင်းမလဲ ဘုရား၊ ကိုယ့်ဆီ ညည့်သည်လာတာ ကိုယ်က စကားမပြောလို့ ကဲ့ရဲ့ခံရတာ"

"မျက်နှာကြီး စကားမပြောမိလို့ ကဲ့ရဲ့ခံရတာ ကိစ္စမရှိပါဘူး၊ မျက်နှာငယ် စကားမပြောလို့ ကဲ့ရဲ့ခံရတာမှ ခက်တယ်"

"ဘာဖြစ်လို့လဲ ဘုရား"

"မျက်နှာငယ် စကားမပြောမိလို့ ကဲ့ရဲ့တော့ သူ့အပြစ်ရှိမှာပေါ့၊ သူက "တို့က မျက်နှာမရှိလို့ စကားမပြောတာ" လို့ အထင်မှားမှာကို၊ မျက်နှာကြီးကတော့ အထင်မမှားဘူး"

"ဘယ်လိုထင်မလဲ ဘုရား"

"ဒီဘုန်းကြီး တယ် အ.တဲ့ ဘုန်းကြီးလို့ ထင်ချင်ထင်မယ်၊ ဒီဘုန်းကြီး ဟိတ်ဟန်ကြီးတယ်လို့ ထင်ချင်ထင်မယ်၊ ဒါပဲ"

"စ ကျောက်ဆင်းတု ကိုယ်တော်ကျနေတာပဲဆိုတာက ဘယ်လိုပါလဲဘုရား"

"အဲဒါက ဟိတ်ဟန်ကြီးတယ်လို့ ထင်တဲ့အထင်ထဲ ပါမှာပေါ့"

"ဆရာတော်ဘုရားကလည်း ကိုယ့်ဆီလာတာပဲ စကားလေး ဘာလေး ပြောမှပေါ့ဘုရား"

"အပြောက လွယ်တယ်၊ စကားပြောရတာ ဘယ်လောက်ခက်လဲ၊ တရားသာ နစ်နာရီ သုံးနာရီ ဟောလိုက်ချင်တယ်၊ စကားကို လေးငါးမိနစ်လောက် ပြောရမှာ သိပ်တာဝန်ကြီးတယ်"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"တရားဟောတာက ဘုရားတရားတွေ ရှိနေတော့ ဘုရားရှင် ဟောတဲ့အတိုင်း ဟောပေးလိုက်ရင် ပြီးတာပဲ၊ စကားကတော့ မပြီးဘူး၊ အလိုက်အထိုက်ကြည့်ပြောရတာ မလွယ်ဘူး၊ သူ့အကြိုက်လည်း ကိုယ်က မလိုက်နိုင်၊ ကိုယ့်အကြိုက်လည်း သူက မလိုက်နိုင်နဲ့ ခက်တယ်၊ ဝါသနာမပါဘူး"

"ခက်တာနဲ့၊ ဝါသနာ မပါတာနဲ့ မပြောတော့ အကဲ့ရဲ့ခံရတာပေါ့ ဘုရား"

"ဘုန်းကြီးက စကားပြောတဲ့ လူနဲ့သာ စကားပြောတတ်တာ၊ စကားမပြောတဲ့လူနဲ့ စကားမပြောတတ်ဘူး၊ သူတို့က စပြီးတော့ မပြောတော့ ကိုယ်ကလည်း မပြောတတ်ဘူး၊ အဲဒီလို နှစ်ဦး မပြောဘဲ နေပြန်တော့လည်း အနေရခက် မျက်နှာပူတယ်၊ ပိုပြီးတော့ မပြောတတ်တော့ဘူး၊ အဲဒါနဲ့ မပြောဘဲနေလိုက်တာ ကဲ့ရဲ့ခံရတာပေါ့"

"ဒီတော့ ဘယ်ကောင်းမလဲ ဆရာတော်ဘုရား"

"ဒါကတော့ ခုမှ မဟုတ်တာဘဲ၊ ရှေးကလဲ ရှိတာပဲဟာ"

"အမိန့်ရှိပါဦးဘုရား၊ ရှေးက ဘယ်လိုရှိလာတယ်ဆိုတာကို တပည့်တော်တို့ သိရအောင်"

## အတုလဉပါသကာ

"ဟို ဘုရားရှင်လက်ထက်တော်အခါက သာဝတ္ထိပြည်မှာ ဉပါသကာငါးရာ အခြံအရံရှိတဲ့ အတုလဉပါသကာ ဆိုတာရှိတယ်"

"မှန်ပါ ဘုရား"

"အဲဒီ အတုလဉပါသကာဟာ တစ်နေ့ သူ့အခြံအရံ ဉပါသကာငါးရာနဲ့ အတူတကွ ရှင်ရေဝတထံ သွားပြီး ရှိခိုးထိုင်နေကြတယ်"

"မှန်ပါ ဘုရား"

"ရှင်ရေဝတက ဆိတ်ငြိမ်ရာအရပ်မှာ မွေ့လျော်တယ်၊ ခြင်္သေ့ကဲ့သို့ တစ်ပါးတည်း ကေစာရီ သီတင်းသုံးတယ်၊ ဒါကြောင့် အတုလဉပါသကာနဲ့ ဘာတစ်ခွန်းမျှ စကားမပြောလိုက်ဘူး"

"ဆရာတော် ဟိုဒကာမကြီးတွေ စကားမပြောသလိုပေါ့နော်"

"ဆိုပါတော့၊ အဲဒီလို မပြောတော့ အဲဒီ အတုလဥပါသကာက "ဒီကိုယ်တော်ဟာ စကားကလေး တစ်ခွန်းတောင် ပြောဖော်မရဘူး" ဆိုပြီး စိတ်ဆိုးပြန်သွားသတဲ့"

"မှန်ပါ ဘုရား"

"ပြန်ပြီးတော့ အရှင်သာရိပုတ္တရာထံ သွားတယ်၊ အရှင်သာရိပုတ္တရာက အကြောင်းမေးတော့ သူကလဲ မထိန်မချန် ပြန်ပြီး လျှောက်တယ်၊ တရားလဲ ဟောဖို့လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"အရှင်သာရိပုတ္တရာက ကဲ ဒါဖြင့် ထိုင်လို့ ဆိုပြီးတော့ အဘိဓမ္မာတရားတွေ များစွာဟောလိုက်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ အတုလဥပါသကာက "အဘိဓမ္မာတရားဆိုတာ အလွန်သိမ်မွေ့နက်နဲတယ်၊ အရှင်သာရိပုတ္တရာက လည်း အဘိဓမ္မာတရားတွေ များစွာဟောတယ်၊ ငါတို့အား ဒီအဘိဓမ္မာတရားတွေဖြင့် ဘာအကျိုးရှိအံ့နည်း" လို့ ကဲ့ရဲ့ ပြီးတော့ စိတ်ဆိုး ထ.ပြန်သွားတယ်"

"မှန်ပါ ဘုရား"

"အရှင်အာနန္ဒာထံ ရောက်တော့ အရှင်အာနန္ဒာကလည်း မေးတယ်၊ အကျိုးအကြောင်းပေါ့၊ အဲ အတုလဥပါသကာ ကလည်းရှင်ရေဝတအပေါ်အလိုမကျခဲ့ပုံ၊ ရှင်သာရိပုတ္တရာအပေါ်အလိုမကျ၊ အလုံးစုံ လျှောက်ထားတယ်၊ လျှောက်ထားပြီးအရှင်အာနန္ဒာအား တရားဟောဖို့ တောင်းပန်တယ်"

"မှန်ပါ ဘုရား"

"အရှင်အာနန္ဒာက ဒီလိုဆို ထိုင်ကြလို့ မိန့်တော်မူပြီးတော့ သူတို့ သိလွယ်၊ မှတ်လွယ်အောင် အနည်းငယ်သော တရားကို အပို.အလို မရှိ ဟောပေးလိုက်တယ်"

"မှန်ပါ ဘုရား"

"ဟောပေးလိုက်တော့ အရှင်အာနန္ဒာကိုလည်း စိတ်ဆိုးပြီးတော့ ဘုရားထံ သွားပြန်တယ်"

"တယ်ဆိုးတဲ့ ဒကာကြီးပါလားဘုရား၊ သူ စိတ်မဆိုးတဲ့ ဘုန်းကြီးပဲ မရှိတော့ပါလား"

"အင်း...ဒါကြောင့် ပြောတာပေါ့၊ "ကဲ့ရဲ့ချီးမွမ်း အဆန်းမဟုတ်" တဲ့၊ မှတ်ထား၊ နေ့တိုင်းတွေ့ရတဲ့ အရိုးတရား၊ မတုန်လှုပ်နဲ့"

"မှန်ပါ၊ ဆက်အမိန့်ရှိပါဦးဘုရား"

"ဘုရားထံ ရောက်တော့ ရှိခိုးပြီး ထိုင်နေတယ်၊ ဘုရားရှင်က ဘာကိစ္စလာတာလဲ မေးတော့၊ တရားနာရန် လာပါတယ် ဘုရားလို့ လျှောက်ထားတယ်၊ ဒီတော့ ဘုရားရှင်က နာခဲ့ရလားလို့ မေးတော့ နာခဲ့ရကြောင်း လျှောက်ထားပြီး ရှင်ရေဝတမှအစ အရှင်အာနန္ဒာ အဆုံး၊ အကုန်လုံး လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဘုရားရှင်က အဲဒီ အတုလဥပါသကာရဲ့စကားကို နားထောင်ပြီးတော့ -

"အတုလ ဒီကဲ့ရဲ့တဲ့ သဘောဟာ ရှေးကာလမှ စတင်ခဲ့တဲ့ အလေ့အလာ သဘောတရားပါ၊ ယခုမှ ပေါ်လာတဲ့ ခေတ်ပေါ်တရား မဟုတ်ပါဘူး"

"တိတ်တိတ်နေတဲ့ လူကိုလည်း ကဲ့ရဲ့တာပဲ၊ များစွာပြောတဲ့ လူကိုလည်း ကဲ့ရဲ့တာပဲ၊ နှိုင်းချိန်ပြောတဲ့ လူကိုလည်း ကဲ့ရဲ့တာပဲ၊ စင်စစ် လုံးဝ ကဲ့ရဲ့ခံရတဲ့ လူရယ်လို့ မရှိပါဘူး၊ လုံးဝ ချီးမွမ်းခံရတဲ့ လူရယ်လို့ မရှိပါဘူး"

"မင်းကို အချို့က ချီးမွမ်းကြတယ်၊ အချို့က ကဲ့ရဲ့ကြတယ်၊ မဟာပထဝီမြေကြီးကိုလည်း အချို့က ကဲ့ရဲ့ကြတယ်၊ အချို့က ချီးမွမ်းကြတယ်၊ လ.နေ တို့ကိုလည်း အချို့က ချီးမွမ်းကြတယ်၊ အချို့က ကဲ့ရဲ့ကြတယ်"

"ကောင်းကင် စသည်ကိုလည်း အချို့က ကဲ့ရဲ့ ကြတယ်၊ အချို့က ချီးမွမ်းကြတယ်၊ ပရိသတ်လေးပါး အလယ်ဝယ် တင့်တယ်သပ္ပါယ်စွာ တရားဟောနေတဲ့ တရားမင်းဘုရင် ဘုရားရှင်ကိုလည်း အချို့က ကဲ့ရဲ့ကြတယ်၊ အချို့က ချီးမွမ်းကြတယ်"

"မှန်ပါတယ် အတုလ၊ လူမိုက်တွေရဲ့ ကဲ့ရဲ့ ခြင်း. ချီးမွမ်းခြင်းဟာ ပမာဏ မဟုတ်ပါဘူး၊ ကြောင်းကျိုး မြင်သိ ပညာရှိပုဂ္ဂိုလ်ကတော့ စိစစ်ပြီးတော့ ကဲ့ရဲ့သင့်က ကဲ့ရဲ့တယ်၊ စိစစ်ပြီးတော့ ချီးမွမ်းသင့်က ချီးမွမ်းတယ်"

လို့ မိန့်တော်မူလိုက်တယ်၊ ပြီးတော့ ဂါထာစကားနဲ့လည်း တရားဟောလိုက်တယ်၊ အဲဒီတရားစကား အဆုံးမှာ ဥပါသကာ ငါးရာဟာ သောတာပန် ဖြစ်သွားတယ်နော်"

"မှန်ပါ ဘုရား"

"ယခုလည်း "ကျောက်ဆင်းတုကိုယ်တော်သား ကျနေတာပဲ" ဆိုတဲ့အကြောင်း လျှောက်လို့ ရှင်းပြတဲ့စကား နားထောင်ရတဲ့သူတွေ သောတာပန်ပဲ ဖြစ်သွားသလား၊ ထပ်ပြီးပဲ ကဲ့ရဲ့စကား ပြောကြားဦးမလားတော့ မသိဘူး၊ အဲဒီ အတုလ ဥပါသကာကို ဟောကြားချက်ကို မဃဒေဝလင်္ကာမှာ ဒီလို လင်္ကာသီကုံးထားတယ်"

"ခပဲထွေပြား၊ ဤလူများ၌၊ စကားနည်းသူ၊ ထိုသည့်လူကို၊ မတူလူချင်း၊ နှုတ်ဟင်းလင်းနင့်၊ ခံတွင်းမဟုံ၊ လျှာမဲ့ငါးယောင်၊ အယောင်တုံ့ချက်၊ မငက်ငက်ဟု၊ အမျက်စောင်းမဲ့၊ ဆိုကဲ့ရဲ့၏"

"ကျယ်ဘွဲ့စကား၊ များလှအားလည်း၊ ဖွားဖွားသွက်သွက်၊ အမြုပ်ထွက်အောင်၊ ထန်းရွက်လေခတ်၊ တတင့်တင့်ဟု၊ ရေရွတ်မဲ့မဲ့၊ ဆိုကဲ့ရဲ့၏"

"နှိုင်းရှဲ့သောအား၊ စကားမပြည်၊ တိုရှည်သင့်ရုံ၊ ပြောပါတုံ့လည်း၊ နိတုံ့နိကွဲ၊ ရွေပေးရသို့၊ မျှတအကယ်၊ ကုန်နိုးဖွယ်ဟု၊ လူဝယ်နှုတ်ရှဲ့၊ ဆိုကဲ့ရဲ့၏၊ ပြစ်ဘွဲ့ဆိုတင်း၊ ကဲ့ရဲ့ ခြင်းမှ၊ လွတ်ကင်းသသူ၊ မရှိဟူရှင့်"

တဲ့၊ ကဲ ... အကဲ့ရဲ့လွတ်တဲ့လူ လောကမှာ ရှိသေးရဲ့လား၊ မရှိတော့ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ တကယ်အချီးမွမ်း ခံချင်ပါတယ်ဆိုရင် ပညာရှိ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကို ခံရအောင် ကြိုးစားရမယ်နော်"

"မှန်ပါ ဘုရား"

- "အကဲ့ရဲ့ခံရမှာ ကြောက်ပါတယ်ဆိုရင်လည်း ပညာရှိသူတော်ကောင်းတွေရဲ့ ဉာဏ်ပညာနဲ့ စိစစ်ပြီးတော့ ကဲ့ရဲ့ ထိုက်လို့ ကဲ့ရဲ့ခံရတာကို ကြောက်ရမယ်နော်"

"မှန်ပါ ဘုရား"

"သာမန် သူလို ကိုယ်လို လူတွေက သူတို့သဘောနဲ့ တိုက်ဆိုင်လို့ ချီးမွမ်း၊ မတိုက်ဆိုင်လို့ ကဲ့ရဲ့တာက ပမာန မဟုတ်ပါဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကဲ့ရဲ့ ချီးမွမ်းမှုနဲ့ ပတ်သက်ပြီးတော့ မယာဒေဝလင်္ကာမှာ လင်္ကာသီထားတာ ရှိသေးတယ်၊ ဘာတဲ့လဲ…

"တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့"

"ရှေ့နောက် မဆ၊ လူ့ဗာလတို့၊ ဂုဏဒေါသ၊ နှစ်ဝကျိုးပြစ်၊ စိစစ်မြော်မြင်၊ မဆင်ခြင်ဘူး၊ ဆိုချင်မက်မော၊ ဆိုလျှင်ဇောဖြင့်၊ သဘောအလိုက်၊ တုတ်နှင့်ရိုက်သို့၊ သူမိုက်ချီးမွမ်း၊ ဂုဏ်နာန္တမ်း၏"

တဲ့၊ ကဲ…သဘောပေါက်လား၊ သဘောပေါက်အောင်လည်း စဉ်းစား၊ ကဲ့ရဲ့ ချီးမွမ်း သဘောပေါက်လို့ ခံနိုင်ရည် ရှိရင် လောကထဲမှာ နေရတာ အများကြီး ချမ်းသာမယ်နော်"

"မှန်ပါ ဘုရား"

"ကဲ့ရဲ့ ချီးမွမ်း သဘောမပေါက်လို့ "ဆုတ်နစ်မှု၊ ဝမ်းမြောက်မှုတွေ" ဖြစ်နေရင်လည်း လောကထဲမှာ နေရတာ အမြဲ ဆင်းရဲနေရမယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ကိုယ်ကလည်း လောကထဲက မထွက်နိုင်သေးတဲ့အတူတူ၊ လောကထဲမှာ နေရသေးတဲ့ အတူတူတော့ လောကထဲမှာ ချမ်းသာအောင် နေပေါ့နော်"

"မှန်ပါ ဘုရား"

"ဘုန်းကြီးအတွက်တော့ ဘာမှ မပူနဲ့၊ အဲဒီ ချီးမွမ်းကဲ့ရဲ့နှစ်ခုက အမြဲကြုံနေတော့ ကျင့်သားရနေပြီ"

"မှန်ပါ ဘုရား"

"ကဲ…တော်သေးပြီ"

✦ မုန်းချစ်နှစ်တန်၊ လူတို့ဌာန်ဝယ်၊ အမှန်သဘော၊ မရှိသောရှင့်။ (မယာဒေဝ)

✦ လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်း ပြော၏။ (မယာဒေဝ)

✦ ပညာမဲ့ထ၊ ဗာလလူကို၊ ချီးမွမ်းဆိုသော်၊ ထိုလူဗာလ၊ ကဲ့ရဲ့ကလည်း၊ မုချပဏ္ဍိ၊ အမှတ်သိရှင့်။ (မယာဒေဝ)

✦ မှတ်ဘိအဟုတ်၊ လူအစုတ်၌၊ သူယုတ်သဘော၊ ဓာတ်မနော၌၊ မြတ်သောသူကို၊ မကြည်ညိုဘူး၊ အလိုစက္ကဝါ၊ ဝေးကြကွာ၏။ (မယာဒေဝ)

📖

# ဘယ်မသာ.က အကျက်လဲ

## (၁၂၆)

သရဏဂုံသည် နေ့ရက်အပိုင်းအခြားနှင့် မှန်းထား၍ ခံယူတည်ဆောက်ရသော အရာမျိုးမဟုတ်။ နေ့ရက် အပိုင်းအခြားနှင့် ခံယူတည်ဆောက်၍လည်း မရ။

အသက်ထက်ဆုံး ပြု၍ ဆောက်တည်ခံယူရသော အရာမျိုး ဖြစ်ပေသည်။ အသက်ထက်ဆုံးပြု၍ ခံယူဆောက်တည်မှ ရ၏။

ထို့ကြောင့် သိက္ခာပုဒ်တို့၌သာလျှင် ပိုင်းခြားသော နေ့ရက်ကို လွန်လျှင် ပျက်မှုဟူ၍ အသီးအခြား ရှိသည်။ သရဏဂုံ၌မူ ပိုင်းခြားသော နေ့ရက်ကို လွန်၍ ပျက်မှု ဟူ၍ မရှိ။ သေလွန်မှသာ ပျက်မှုဟူ၍ ရှိသည်။

မှန်၏။ သရဏဂုံမူ၌ ကျူးလွန်မှုမည်သည် ဗုဒ္ဓသာသနာတော်ကို စွန့်၍ တစ်ခြားဘာသာသို့ ပြောင်းရွှေ့ ခြင်းတစ်ပါးသာ ရှိ၏။

တစ်ကြိမ် ဆောက်တည်၍ထားသော သရဏဂုံမည်သည် မသေမီအတွင်း၌ဗုဒ္ဓဘုရား၊ ဗုဒ္ဓဘုရား၏တရား၊ ဗုဒ္ဓဘုရား၏ တပည့်သား သံဃာ၊ ဗုဒ္ဓသာသနာတော်ကို မကိုးကွယ်လိုပြီဟု ဗုဒ္ဓသာသနာကို စွန့်၍ တစ်ခြားဘာသာကို ပြောင်းရွှေ့မှပင် သရဏဂုံ ပျက်တော့သည်။

ထို့ကြောင့် သရဏဂုံမည်သည် တစ်ကြိမ်ခံယူဆောက်တည်ပြီးနောက် ဗုဒ္ဓသာသနာတော်ကို မစွန့်သမျှ ကာလပတ်လုံး အမြဲတည်၏။

- အခါခါ ခံယူဆောက်တည်မှုကိစ္စ မရှိပြီ။ သို့သော်လည်း အခါခါ ခံယူဆောက်တည်မှုသည် ကုသိုလ်တရား အသစ်အသစ် ပွင့်လင်းမှု ဖြစ်၏။

ထို့ကြောင့် ယခုကာလ၌ လူတို့သည် သရဏဂုံကိုလည်း သီလနှင့်အတူ အခါခါ ခံယူဆောက်တည်ကြကုန်၏။ သို့သော် သိရမည်မှာ ငါးပါးသီလကဲ့သို့ ကျူးလွန်မိခဲ့သော် ပျက်စီးခဲ့သော်ဟု မိမိကိုယ်ကို မိမိ စိတ်မချသာရှိ၍ အခါခါ ခံယူဆောက်တည်ကြရကုန်သည် မဟုတ်။ ဥပုသ်သီလကဲ့သို့ ယခင်က ခံယူဆောက်တည်သော နေ့ရက် အပိုင်းအခြားကို လွန်၍ ငြိမ်းခဲ့ပြီဟု အခါခါ ခံယူဆောက်တည်ကြကုန်သည်လည်း မဟုတ်ဟု သိပါ။

ဤ၌ ကိုးကွယ်ရာပြုမှု နှစ်ပါး ခြားနားပုံကို သိသင့်၏။ လောက၌ ကိုးကွယ်ရာ ပြုမှုမည်သည် -

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာပြုမှု တစ်မျိုး

၂။ အထူးကုသိုလ် ဖြစ်ပွားရန်ကိစ္စနှင့် ကိုးကွယ်ရာပြုမှု တစ်မျိုးဟူ၍ ကိုးကွယ်ရာပြုမှု နှစ်မျိုး ရှိ၏။ ယင်းနှစ်မျိုး ခြားနားပုံကို သိသင့်၏။ ခြားနားပုံကား -

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာ ပြုမှုဆိုသည်ကား သက်တော်ထင်ရှား ရှိတော်မူသော ဗုဒ္ဓဘုရားရှင်ကို လည်းကောင်း၊ မဂ် လေးတန်၊ ဖိုလ် လေးတန်၊ နိဗ္ဗာန် ပရိယတ် ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်း ကောင်း၊ သီလဝန်၊ ဂုဏဝန်၊ ကလျာဏပုထုဇဉ် ရဟန်းသံဃာနှင့်တကွ ရှစ်ယောက်သော အရိယာသံဃာတော်မြတ်တို့ကို လည်းကောင်း အသက်ထက်ဆုံး နိစ္စအားဖြင့် ယခုဘဝ၌ မိမိကိုးကွယ်ရာဟု ခံယူဆောက်တည်၍ ကိုးကွယ်မှုသည် သရဏဂုံ ကိစ္စနှင့် ကိုးကွယ်ရာပြုမှု မည်သည်။

၂။ စေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတု တည်ဆောက်၍ ကိုးကွယ်မှု၊ မိမိတို့ ကြည်ညိုလေးမြတ်ရာ ဂိုဏ်း၊ သံဃာ၊ ပုဂ္ဂိုလ်ကို မိမိတို့ဆိုင်ရာ ဆရာသမား ပြုလုပ်၍ အသီးသီး ကိုးကွယ်ကြမှုများသည် အထူးကုသိုလ်ပွားရန် ကိုးကွယ်မှု မည်၏။

ယင်းနှစ်မျိုးတို့တွင် -

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာပြုမှုသည် ဗုဒ္ဓသာသနာဝင် မှန်ကြသူ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါခပ်သိမ်း တစ်ထပ်တည်း တူမျှကြ၏။ ဘယ်သူ၏ ကိုးကွယ်ရာက ယုတ်ညံ့သည်၊ ဘယ်သူ၏ ကိုးကွယ်ရာက မြင့်မြတ်သည် ဟူ၍ မရှိကြ။

၂။ အထူးကုသိုလ် ဖြစ်ပွားရန် ကိစ္စနှင့် ကိုးကွယ်ရာပြုကြမှု၌ကား ဘယ်သူ၏ကိုးကွယ်ရာက ယုတ်ညံ့သည်၊ ဘယ်သူ၏ ကိုးကွယ်ရာက မြင့်မြတ်သည် ဟူ၍ အထူးထူး အထွေထွေ ရှိကြ၏။

အထူးကုသိုလ် ဖြစ်ပွားရန်ကိစ္စနှင့် ကိုးကွယ်ရာ ပြုကြမှုသည်ကား သရဏဂုံကိစ္စမျိုး မဟုတ်။ ဤကဲ့သို့ ကိုးကွယ်မှု နှင့် သရဏဂုံကိစ္စ ပြီးစီးသည်လည်း မဟုတ်၊ သရဏဂုံကိစ္စကို ညစ်နွမ်းစေတတ်၊ ပျက်စီးစေတတ်သည်လည်း မဟုတ်။ ထို့ ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာ၌ -

> "ဤ သရဏဂုံသို့ ကပ်ပြီးသောသူအား တစ်ပါးသော ဘိက္ခုသံဃာ၌လည်းကောင်း၊ ဘိက္ခုနီ သံဃာ၌ လည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာ၌လည်းကောင်း၊ စတုဝဂ္ဂ စသည် အပြားရှိသောသမ္မုတိသံဃာ၌လည်း ကောင်း၊ ဗုဒ္ဓဘုရားရှင်ကို ရည်စူး၍ ပဗ္ဗဇိတအဖြစ်သို့ ရောက်သော သိက္ခမာန်. သာမဏေ သီတင်းသည်ရသေ့ပရိ ဗိုဇ်တို့၌လည်းကောင်း ရှိခိုးခြင်း စသည်ကို ပြုခြင်းကြောင့် ခံယူဆောက်တည်၍ ထားအပ်သော ပကတိ သရဏဂုံ သည် ပျက်စီးခြင်း၊ ညစ်နွမ်းခြင်း မရှိ"

ဤအဋ္ဌကထာပါဌ်ဖြင့် ပကတိ သရဏဂုံကိစ္စနှင့် အထူးကိုးကွယ်မှု ကိစ္စနှစ်ပါး၏ ကွဲပြားခြားနားမှုသည် အလွန်ထင် ရှား၏။

အထူးကိုးကွယ်မှု တစ်မျိုးဖြစ်၍ ရဟန်းသံဃာ၌ ရှိခိုးမှု စသည်ကိုပင် သရဏဂုံပျက်ကြောင်း မဟုတ်ဟု ကွက်ခြား၍ မိန့်ဆိုရလေသည်၊

မျက်မှောက် ပစ္စုပ္ပန် အကျိုးစီးပွားအတွက်နှင့် မင်းစိုးရာဇာကို ရှိခိုးမှု၊ မိရိုးဖလာ နတ်တို့ကို ရှိခိုးမှု စသည်တို့သည် လည်း ထို့အတူ သရဏဂုံပျက်ကြောင်း မဟုတ်ကုန်၊

သရဏဂုံ ခံယူဆောက်တည်မှုမည်သည် တစ်ဦးတစ်ယောက်သော ရဟန်း၏ အထံ၌သော်လည်းကောင်း၊ နှစ်ပါး သုံးပါးသော ဂိုဏ်း၏ အထံ၌သော်လည်းကောင်း၊ လေးပါး ငါးပါးသော သံဃာ၏ အထံ၌သော်လည်းကောင်း တစ်ကြိမ်တစ်ခါ ခံယူတည်ဆောက်သည် ရှိသော် အသက်ထက်ဆုံး ခံယူတည်ဆောက်မှု ပြီးသည်သာလျှင် ဖြစ်၏။

ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားဘာသာဖြစ်သော ကိုးကွယ်ရာ ဘာသာတစ်ပါးသို့ မပြောင်းသည် ရှိသော် ထပ်မံ၍ အဖန်ဖန် အခါခါ ခံယူဆောက်တည်ဖွယ် ကိစ္စမရှိပေ။

ယင်းသို့ တစ်ကြိမ်တစ်ခါ ခံယူဆောက်တည်မှုကို ပြုပြီးသည်နောက်၌ ယခုကာလ၌ကဲ့သို့ သီလနှင့်အတူ အဖန်ဖန် ထပ်၍ ခံယူဆောက်တည်မှုတို့၌ကား ဘယ်ပုဂ္ဂိုလ်အထံ၌ ခံယူဆောက်တည်ရမည်ဟူ၍ ဆိုဖွယ်ကိစ္စ မရှိ။ ကုသိုလ်အသစ် အသစ် ပွင့်လင်းရုံမျှ ခံယူဆောက်တည်ရသော အရာမျိုး ဖြစ်၍ နှုတ်မြွက်မှုပြုလျှင် ကုသိုလ်အသစ်အသစ် ပွင့်လင်းမှု မြောက်တော့သည်သာ။

ယခုအခါ၌ သာသနာပိုင် သာသနာပြု ဆရာတော်ကြီး၏ အထံမှာပင် ခံယူဆောက်တည်သော်လည်း ထိုဆရာတော်ကြီးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောအမှု မဟုတ်။ ဆရာတော်ကြီးကို ရှေးရှုပြု၍ တိုင်တည်ရုံမျှ သွန်သင်၍ ပေးစေရုံမျှသာ ဖြစ်သည်။ သရဏဂုံမှာမှုကား နှုတ်မြွက်မှုနှင့် ပြီးစီးလေသည်။

နှစ်ပါး သုံးပါးသော ဂိုဏ်း၏အထံမှာ ခံယူရာ၌လည်းကောင်း၊ လေးပါး ငါးပါးအစရှိသော သံဃာ၏အထံမှာ ခံယူရာ၌ လည်းကောင်း ထိုဂိုဏ်းသံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည် မဟုတ်။ ဂိုဏ်းသံဃာတို့ကို ရှေးရှုပြု၍ တိုင်တည်ရုံမျှ သွန်သင်၍ ပေးစေရုံမျှသာ ဖြစ်သည်။ သရဏဂုံမှုကား နှုတ်မြွက်ရုံမျှနှင့် ပြီးစီးလေသည်။

မှန်၏။ သရဏဂုံပေးသည်၊ သီလပေးသည် ဟူသော စကားမျိုး၌ သွန်သင်၍ ပေးမှုကိုသာ ဆိုလိုရင်းဖြစ်သည်။

သာသနာပိုင် ဆရာတော်ကြီးပင် ဖြစ်သော်လည်း ဤသူ၌ သရဏဂုံတည်စေ၊ သီလတည်စေဟု အစိုးရမှုနှင့် ပေးနိုင်သော အမှုမျိုးမဟုတ်။ ခံယူဆောက်တည်သူ၏ ကိုယ်. နှုတ်. နှလုံးသည်သာ ပေးနိုင်လေသည်။ ဝစီဝေဒ နှုတ်မြွက်ဆိုမှုသည်သာ ပဓာန ဖြစ်လေသည်။ ဘယ်ပုဂ္ဂိုလ်၏ အထံမှာ ခံယူသော်လည်း နှုတ်မြွက်ခြင်း ဝစီဝေဒအဟွက်သာ သရဏဂုံ သီလ ရကြသည်၊ ထိုပုဂ္ဂိုလ်၏ ပေးမှုနှင့် ရကြသည်မဟုတ်ပေ၊

ယနေ့ ဗုဒ္ဓသာသနာဝင် လောကတွင် ယင်း သရဏဂုံအကြောင်းကို မသိသူ အတော်များများ ရှိပါသည်။ မသိဘဲနှင့် ယင်း သရဏဂုံအပေါ်မှာ အလေးသွားပြီး ထားတာလည်း ရှိပေသေး၏။

တစ်ချိန်က ဖြစ်ခဲ့၏။ ရွာတစ်ရွာတွင် ဒကာကြီးတစ်ယောက်က လျှောက်၏။ ဒကာကြီးမှာ သာသနာတော်ကို လွန်စွာ ကြည်ညိုသူ ဒကာကြီး ဖြစ်၏။

"အရှင်ဘုရား၊ တပည့်တော်ကို သူများတွေက ပြောကြတယ်ဘုရား"

"အင်း... ဘယ်လိုပြောလဲ"

"ခင်ဗျား ဘုန်းကြီးကိုးကွယ်ထားတဲ့၊ တော်တော်ကြာ သေတဲ့အခါ ဘုန်းကြီးမပါရင် အစိမ်းသေ ဖြစ်နေလိမ့်မယ်တဲ့ ဘုရား"

"နို့ - ဒကာကြီးက ဘုန်းကြီး မကိုးကွယ်ဘူးလား"

- "တပည့်တော်က တကယ့် သီလ. သမာဓိ. ပညာ ရှိတဲ့ (.....) ဆရာတော်ကြီးကို ကိုးကွယ်ပါတယ်ဘုရား"

"နို့ - အဲဒါဆို ဘုန်းကြီးကိုးကွယ်သားပဲ၊ ဘာဖြစ်လို့ သူတို့က ဒီလိုပြောရတာလဲ"

"အဲဒီ တပည့်တော်ကိုးကွယ်တဲ့ (.....) ဆရာတော်ကြီးက သာရေး၊ နာရေး မလိုက်ဘူးဘုရား"

"အင်း... ဒီတော့ ဘာဖြစ်လဲ"

"အဲဒီ (.....) ဆရာတော်ကြီးက သာရေး နာရေး မလိုက်တော့ တပည့်တော်သေရင် ဘုန်းကြီး မပါတော့ အစိမ်းသေ လို့ သူတို့ ပြောလိုတာပါ ဘုရား"

"နို - ဒကာကြီးက သာရေး နာရေး လိုက်တဲ့ ဒကာကြီးတို့ရွာက အများကိုးကွယ်တဲ့ ဘုန်းကြီးကို မကိုးကွယ်ဘူးလား"

"အဲဒီ သူတို့ကိုးကွယ်တဲ့ ဘုန်းကြီးတော့ တပည့်တော် မကိုးကွယ်ပါ ဘုရား၊ အဲဒီလို မကိုးကွယ်လို့လည်း သူတို့ ပြောတာပါဘုရား"

"ဘာဖြစ်လို့ ဒကာကြီးက အဲဒီ အများကိုးကွယ်တဲ့ ဘုန်းကြီးကို မကိုးကွယ်ရတာလဲ"

"အရှင်ဘုရား၊ ကိုးကွယ်တယ်ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ပါဘုရား၊ အဲဒီ ဘုန်းကြီးမှာက ကိုးကွယ်နိုင်လောက်တဲ့ သီလ. သမာဓိ. ပညာ မှ မရှိတာ၊ တပည့်တော်က ဘာသွားပြီး ကိုး.လို့ ဘာသွားပြီး ကွယ်.ရမလဲ ဘုရား"

"အင်း…အဲဒါလည်းအရေးကြီးတယ် "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး" ဆိုတာမျိုး ဖြစ်နေတတ်တယ်နော်"

"မှန်ပါဘုရား၊ တပည့်တော် အဲဒါ သိပ်ပြီးတော့ ကြောက်ပါတယ်ဘုရား၊ လူတွေဟာ ဘဝလမ်းညွှန်၊သံသရာလမ်းညွှန်အနေနဲ့ ကိုးကွယ်တဲ့အခါမှာ ကိုးကွယ်ရာ မရွေးတတ်ဘူး၊ ရမ်း.ကိုးကွယ်တာပဲ၊ သူတို့လို မရမ်းတဲ့လူကို သူတို့က ပြောသေးတယ် ဘုရား"

"ဟုတ်တယ်၊ ဒီလောကမှာ ဘုရား. တရား. သံဃာ ဟူ၍ သတ္တဝါတို့ အထွတ်အထိပ်ထား၍ ကိုးကွယ်ဆည်းကပ်ယုံကြည်အပ်သော ရတနာသုံးပါး ရှိတယ် မဟုတ်လား"

"မှန်ပါ ရှိပါတယ်ဘုရား"

"တခြား ဟိုဟာ ဒီဟာ မဆိုထားနဲ့၊ အဲဒီ ရတနာဟူ၍ ခေါ်ဝေါ်သမုတ်အပ်တဲ့အတိုင်း ကောင်းမွန်လှပြီ မြတ်နိုးအပ်လှပြီ အားကိုးအပ်လှပြီ ရယ်လို့ စိတ်မချသာသေးဘူးနော်"

"မှန်ပါဘုရား၊ စိတ်မချသာပါဘုရား"

"ဥပမာ စိန်. မြ. ပတ္တမြား စတဲ့ ရတနာများကို လောကလူများက အထွတ်အထိပ် အမြတ်တနိုး သုံးစွဲကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို သုံးပေမဲ့ ရတနာရဲ့ သဘော၊ ရတနာရဲ့ အမှန်အစစ် အဖိုး ထိုက်.မထိုက်ကို မသိတတ်တဲ့ လူတို့ရဲ့ လက်ထဲသို့ ရောက်သွားရင် အဖိုး မထိုက်မတန်၊ အမျိုး မစစ် မမှန်တဲ့ ရတနာများကိုပင်သော်လည်း အဆင့်ဆင့် ပြောစကားနဲ့ တကယ်ပင် ရတနာကောင်း ရတနာစစ် ထင်မြင်မှတ်မှား၍ အားကိုးအားထား သုံးစွဲကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီရတနာရဲ့အကြောင်းကို ကောင်းစွာနားလည်သိရှိတဲ့သူနဲ့တွေ့တော့ ရတနာစစ်မဟုတ်ကြောင်း၊ ရတနာမျိုးမမှန်ကြောင်း၊ အဖိုးမတန်ကြောင်းပြောမှ မိမိတို့ဉာဏ်ပညာနည်းပါး၍ ရတနာမှားရကြောင်း သိရတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး ဒီတော့ သံသရာရေးနဲ့ စပ်ဆိုင်တဲ့ လောကုတ္တရာ ရတနာများကို မဆိုထားဘိ၊ လောကီမျက်မှောက် ခဏခေတ္တနှင့်သာ စပ်ဆိုင်တဲ့ စိန်. မြ. ပတ္တမြားရတနာ သာမညများကိုမှသော်လည်း အမျိုးမှန် အဖိုးတန်သည်၊ သုံးစွဲခြင်းငှာ သင့်သည်. မသင့်သည်ဟူ၍ သိရှိခြင်းငှာ ထိုက်သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း... ခေတ်စေတ္တသုံး ရတနာတောင်မှ ဒီလောက် စိစစ်ရသေးရင် ဘ၀လမ်းညွှန်၊ သံသရာလမ်းညွှန်အနေနဲ့ ကိုးကွယ်ရမယ့် ဘုရား. တရား. သံဃာ ဟူသော လောကုတ္တရာရတနာများရဲ့ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန် အဖြစ်ကိုမူကား သာ၍သာ၍ပင် စိစစ်ထိုက်တယ်။ အရေးတကြီး အမှန်အကန် နေရာတကျ သိသင့် သိထိုက်တယ် မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ - ဘုရားများ၊ တရားများ၊ သံဃာများဟု ဆိုအပ်တဲ့ ကိုးကွယ်ရာ ရတနာသုံးပါး အများကြီးတွေကို အကောင်းအမွန် အမှန်အကန်ထင်၍ ကိုးကွယ်မြတ်နိုး အားကိုးဆည်းကပ်၍ နေပါလျှင် ရတနာအတုတွေကို ဝတ်ဆင်၍ နေတဲ့သူအား ရတနာအမျိုးမျိုးကို သိရှိပြီး ရတနာစစ် ရတနာအမှန်ကို နားလည်တဲ့ ပညာရှိတို့ မြင်ရင် ကဲ့ရဲ့ရှုတ်ချဖွယ် ဖြစ်မယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး - လောကမျက်မှောက်မှာ ပညာရှိတို့ရဲ့ ကဲ့ရဲ့ဖွယ်ရောက်တဲ့အပြင် သံသရာတစ်ခွင်လုံးမှာလည်း ရှုံးခြင်းကြီး ရှုံးခြင်းနှင့် တွေ့ကြုံရတတ်တယ်နော်"

"မှန်ပါ ဘုရား"

"ဦးပဥ္စင်းတို့ ဗုဒ္ဓဘုရားရှင်ကတော့ ဘုရားမှန်ပဲ၊ အဲဒီ ဘုရားမှန်ရဲ့တရားတော်ဟာလည်း တရားမှန်ပဲ။ အဲဒီ ဘုရားမှန် တရားမှန်ကို သိအောင် ပြောပြပေးဖို့ သံဃာစစ် သံဃာမှန်ကို ကိုးကွယ်ဖို့ အရေးမကြီးဘူးလား"

"အလွန်အရေးကြီးပါတယ်ဘုရား၊ တပည့်တော်က ဒါကြောင့် ( ..... ) ဆရာတော်ကြီးကို ကိုးကွယ်တာပေါ့ဘုရား၊ အဲဒါ မသိတဲ့ ရွာသားတွေက ရွာကဘုန်းကြီး မကိုးကွယ်လို့ တပည့်တော်သေရင် ဘုန်းကြီးက မကြွတော့ ဘုန်းကြီးမပါလို့ အစိမ်းသေ ဖြစ်မယ်လို့ သူတို့က ပြောကြတယ်ဘုရား"

"ဘုန်းကြီး မပါတာနဲ့ အစိမ်းသေနဲ့ ဘာဆိုင်လဲ"

"မှန်ပါ၊ တပည့်တော်လည်း ဒီလောက် နားမလည်တဲ့ လူတွေကို ရှင်းမပြချင်တာနဲ့ "ဘယ် မသာ.က အကျက်လဲ" လို့ ပြောလိုက်တယ်ဘုရား"

"အင်း - ကောင်းတယ်၊ ကောင်းတယ်။ မသာ.ပါဆိုမှပဲ အစိမ်းသေ၊ အကျက်သေ ရှိရသေးလား၊ အကုန်လုံး အစိမ်းသေချည်းပဲပေါ့"

"မှန်ပါ ဘုရား"

"သူတို့ပြောလိုတာက ဘုန်းကြီးမပါတော့ သရဏဂုံမတင်ရလို့ အစိမ်းသေ ပြောတာနဲ့ တူပါတယ်"

"မှန်ပါ ဘုရား"

## လူသေ သရဏဂုံတင်ခြင်း

"သရဏဂုံက အသက်ပျောက်တာနဲ့ တစ်ပြိုင်နက် နဂိုက တည်ပြီးသား သရဏဂုံတောင် ပျက်သွားပြီပဲ၊ ဘယ်လိုလုပ်ပြီး သရဏဂုံတင်မလဲ"

"မှန်ပါ ဘုရား"

"ပြီးတော့ သရဏဂုံဆိုတာ နှုတ်မြွက်ဆိုမှ သရဏဂုံမြောက်တယ်၊ သရဏဂုံ ရရှိတယ်၊ အသေကောင် အသုဘ မသာကြီးက နှုတ်မြွက်ပြီးတော့ သရဏဂုံ ခံယူဆောက်တည်နိုင်ပါ့မလား"

"မဆောက်တည် မခံယူနိုင်တော့ပါဘုရား"

"ဒါဖြင့် ဘုန်းကြီးပါတော့ကော ဒီအသုဘ မသာကောင်အတွက် ဘာအကျိုးထူးမှာလဲ"

"အကျိုးမထူးပါဘုရား"

"သရဏဂုံဆိုတာ အသက်ရှိစဉ်မှာသာ မြဲမြဲအောင် မပျက်အောင် မညှိုးအောင် လုံခြုံအောင် ဆောက်တည်ခံယူထားရမှာ၊ သေရင် ပျက်ပြီ ဘယ်မှာ အသေကောင်ကို သရဏဂုံတင်လို့ ရမလဲ"

"မှန်ပါ ဘုရား"

"ဒီတော့ သူတို့ သံဃာကိုးကွယ်တာက အသက်ရှိစဉ်အတွင်းမှာ ဘဝလမ်းညွှန်အနေနဲ့ သံသရာလမ်းညွှန်အနေနဲ့ တစ်သက်တာလုံး မသိတာကို သိအောင်၊ အမှားကို အမှန်ဖြစ်အောင် ဆုံးမညွှန်ကြားဖို့ ကိုးကွယ်တာမဟုတ်ဘဲ သေကာမှ သရဏဂုံ တင်ပြီး အသုဘချဖို့ သံဃာကိုးကွယ်တဲ့ အဓိပ္ပာယ်ရောက်မသွားဘူးလား"

"မှန်ပါ၊ ရောက်သွားပါတယ်ဘုရား"

"အေး - အသက်ရှိစဉ်က သံဃာအများတွေကို ကိုးကွယ်ပြီး သေကာမှ သံဃာပါတော့ အဲဒီသံဃာကပါ အများတစ်ခါ ဖြစ်ရင် နှစ်ခါများတောင် မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အရေးကြီးတာက အသက်ရှိစဉ် ဘဝလမ်းညွှန် သံဃာစစ် သံဃာမှန် သံဃာကောင်းတွေကို ကိုးကွယ်ထားဖို့ အရေးကြီးတယ်၊ အဲဒီလို ကိုးကွယ်ထားရင် သရဏဂုံလည်း မြဲတယ်၊ သေလို့ သံဃာ မပါလဲ ကိစ္စမရှိဘူးနော်"

"မှန်ပါ ဘုရား"

"ဒီခေတ်အနေနဲ့ သံဃာ သံဃာနဲ့ အရမ်းမကိုးကွယ်နဲ့၊ သံဃာဟာ သရဏဂုံထိုက်တဲ့ သံဃာ၊ သရဏဂုံမထိုက်တဲ့ သံဃာလို့ နှစ်မျိုးရှိတယ်"

"အမိန့်ရှိပါဘုရား"

"ခန္ဓာတရား၊ အာယတနတရား၊ ဓာတ်တရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ဗောဓိပက္ခိယတရား အဲဒီတရားတွေကို ခွဲခြမ်းစိတ်ဖြာပြီးတော့ သိတတ်တဲ့ ဉာဏ်မျက်စိ မရှိတဲ့ ရဟန်းသံဃာဟာ ဝါ (၆၀)ပင် ရသော်လည်း အကန်းအန္ဓပဲ၊ အဲဒီသံဃာကို ကိုးကွယ်လို့ သရဏဂုံမရဘူး၊ အဲဒီသံဃာဟာ သရဏဂုံ မထိုက်ဘူး၊ အဲဒီ ခန္ဓာတရား စသည်တို့မှာ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်တဲ့ ဉာဏ်မျက်စိနဲ့ ပြည့်စုံတဲ့ ရဟန်းသံဃာသည်သာ ကောင်းတဲ့ ကလျာဏပုဂ္ဂိုလ်ဖြစ်လို့ သရဏဂုံထိုက်တယ်၊ အဲဒီကဲ့သို့သော ရဟန်းသံဃာကို ကိုးကွယ်မှ သရဏဂုံ ရတယ်နော်"

"ဒီလိုဆို တပည့်တော်တို့ရွာက လူတွေ ဘယ်သရဏဂုံရမလဲ ဘုရား"

"ဘာဖြစ်လို့လဲ"

"ဘုန်းကြီးကလည်း စာလည်း မတတ်၊ အကျင့်ကလည်း မကောင်း ဆိုတော့ ဝါကြီးတာပဲ ရှိတာ၊ ခန္ဓာတရား စသည် မှာလည်း ဘာမှ မသိ၊ ဒါကြောင့် တပည့်တော်က မကိုးကွယ်တာပါ ဘုရား၊ ရွာသားတွေတော့ အခက်ပဲဘုရား၊ သူတို့က တပည့် တော်ကို ပြောတယ်၊ ခုလိုဆို သူတို့ကို တပည့်တော်က ပြောရမှာ၊ သူတို့အတွက် တပည့်တော် ပူရမှာပေါ့ဘုရား"

"အင်း - ခက်ပါတယ်ဒကာကြီးရာ၊ လူတွေဟာ အင်မတန် ပေါ့ကြပါတယ်"

"မှန်ပါ ဘုရား"

"အမှန်က ဘုရားရဲ့ ကောင်းမွန်မှန်ကန်သော ဘုရားအဖြစ်၊ တရားတော်ရဲ့ ကောင်းမွန်မှန်ကန်သော တရားတော်အဖြစ်၊ သံဃာရဲ့ကောင်းမွန်မှန်ကန်သော သံဃာတော်အဖြစ်ကို မိမိအသက်ရှိစဉ်၊ အချိန်ရှိစဉ် အရေးတကြီး စောစောစီးစီး ရှေးဦး မဆွ နေရာတကျ သိသင့် သိထိုက်တယ်၊ သိပြီးတော့ တကယ်လည်း ဆည်းကပ်ကိုးကွယ်ထားရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်နှင့် တွေ့ဆုံကြုံကြိုက်လို့ ပြည့်စုံကောင်းမွန်တဲ့ သာသနာတော်ကို ကြည်ညို ဆည်းကပ်ရပါလျှင်လည်း လောကီအကျိုး လောကုတ္တရာအကျိုးတွေဟာ ပြည့်စုံပြီး မိမိတို့ မျှော်လင့်ရည်ရွယ်တိုင်းသော အကျိုးကို ခံစားရမယ်နော်"

"မှန်ပါ ဘုရား"

"ကဲ – အချုပ်ပြောပြမယ်၊ ဘဝလမ်းညွှန် သံသရာလမ်းညွှန်အနေနဲ့ ကိုးကွယ်ဆည်းကပ်မယ်ဆိုရင် သရဏဂုံထိုက်တဲ့ သီလ, သမာဓိ, ပညာ ဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ သံဃာကို ကိုးကွယ်ဆည်းကပ်နော်"

"မှန်ပါ ဘုရား"

"ဘေးကြောက်လို့၊ ရန်ကြောက်လို့၊ အန္တရာယ်ကြောက်လို့၊ စီးပွားချမ်းသာ ရချင်လို့ ကိုးကွယ်တယ်ဆိုရင် ကိုးကွယ်ချင်တာ ကိုးကွယ်ပေါ့ ဟုတ်လား"

"မှန်ပါဘုရား၊ တကယ်လည်း အဲဒီ ရတနာသုံးပါး အစစ်အမှန်မှတစ်ပါး တစ်ခြားဟာတွေက ခုနက အကျိုးတွေ ပေးနိုင်ပါ့မလားဘုရား"

"တကယ်တော့ မပေးနိုင်ပါဘူး၊ အထောက်အပံ့လောက်တော့ ရမှာပေါ့"

"ဒါဖြင့် မကိုးကွယ်တာပဲ ကောင်းပါတယ်ဘုရား၊ ရတနာစစ် ရတနာမှန်တွေရဲ့တန်ဖိုး လျော့သွားတာပေါ့ ဘုရား"

✦ သရဏဂုံ၊ ကိုယ်လုံးခြုံ၊ မျိုးစုံဘေးလုံသည်။

✦ သက်ရှိစဉ်သာ၊ လုံစေပါ၊ သေခါပျက်တော့သည်။

✦ သေပြီးကာမှ၊ ပြန်တင်က၊ မရဖြစ်တော့သည်။

✦ မသေခင်သာ၊ ကိုးကွယ်ပါ၊ သေခါမလိုပြီ။

✦ မသေခင်ပယ်၊ သေမှတွယ်၊ ကျိုးတယ်မရှိပြီ။

# အရှင်ဘုရား မပြောင်းပါနဲ့ဘုရား

(၁၂၇)

ပြောင်းခြင်းသည် အမျိုးမျိုးရှိ၏။ အကောင်းမှ အဆိုးသို့ ပြောင်းခြင်း၊ အဆိုးမှ အကောင်းသို့ ပြောင်းခြင်း၊ ရုပ်ပြောင်းခြင်း၊ စိတ်ပြောင်းခြင်း စသည် အမျိုးမျိုး ရှိ၏။

ယင်းသို့ အမျိုးမျိုးရှိသော်လည်း ရုပ်ပြောင်း၊ စိတ်ပြောင်း နှစ်မျိုးထဲသို့ အကုန်ဝင်ပါသည်။ ယင်းနှစ်မျိုးတွင်လည်း တစ်မျိုးပြောင်းသော် တစ်မျိုးပြောင်းပြန်၏။

မှန်၏။ ပုဂ္ဂိုလ်တစ်ယောက်သည် ရုပ်ဝတ္ထုတိုးတက်ပြောင်းလဲမှုကို အကြောင်းပြု၍ စိတ်ပြောင်းတတ်သည်။ ယင်းသို့ အပြောင်းသည် အရှိတိုင်းသော အခြေအနေမှ ဘဝင်မြင့်သော အခြေအနေသို့ ရွေ့လျော ပြောင်းလဲသွားသဖြင့် အကောင်းမှ မကောင်းတဲ့ဘက်သို့ ပြောင်းသွားခြင်းမျိုး ဖြစ်သည်။ ယင်းသို့ ပြောင်းနည်းမျိုးမှာ မကောင်းပါ။ မပြောင်းသင့်ပါ။

တချို့ပြောင်းနည်းမှာ ရှိပြီးသား ရုပ်ဝတ္ထုများ ပျက်စီးရွေ့လျောသွားခြင်းကြောင့် ပြောင်းလဲသွားပြန်သည်။ ယင်းသို့ အပြောင်းအလဲမှာ ဆင်းရဲလေလေ သံဝေဂရသဘောနှင့် ပြောင်းလဲသွားလျှင် အဆိုးထဲမှ အကောင်းရ၍ ကောင်းသော ပြောင်းခြင်းဟူ၍ပင် ဆိုရပါမည်။

သို့မဟုတ်ဘဲ ရုပ်ဝတ္ထုတွေ ရွေ့လျောပျက်စီးခြင်းကြောင့် စိတ်ဓာတ်တွေပါ ရွေ့လျောပျက်စီးကာ အကောင်းစိတ်ဓာတ်မှ မကောင်းတဲ့စိတ်ဓာတ်ဘက်သို့ ပြောင်းလဲသွားပါမူ အဆိုးထဲမှ အဆိုးပဲ ထပ်ရ၍ နစ်နာလှပါသည်။

ယင်းအတူပဲ ပညာမတတ်ခင်နှင့် ပညာတတ်ပြီး၊ ရာထူးမရှိခင်နှင့် ရာထူးရှိပြီး၊ ရှိပြီးသားရာထူး စသည်များ ကျဆင်းသွားချိန်နှင့် ရာထူး စသည် တည်နေချိန် ယင်းတို့မှာ တူညီပါသလား၊ ပြောင်းလဲပါသလား။

ပြောင်းလဲရာတွင် အကောင်းပြောင်းလား၊ အဆိုးပြောင်းလား။ အကောင်းထဲမှ အဆိုးပြောင်းလား၊ အဆိုးထဲမှ အကောင်းပြောင်းလား။ ယင်းသို့ စသည် သိဖို့မှာ မလွယ်ကူလှပါ။ သို့သော်လည်း အခြေအနေကို ထိန်းထားနိုင်ဖို့မှာ ပိုပြီးတော့ မလွယ်ကူလှပါ။

မှန်ပါသည်။ အများစုသည် အတ္တလွှမ်းကဲသည်။ အတ္တသမားသည် ယင်းအတ္တကိုသာ ကြည့်သည်။ အတ္တကိုကြည့်သူ အတ္တဆန်သူသည် အကောင်းမှ မကောင်းသို့ အပြောင်းများပါသည်။ အဆိုးမှ အဆိုးထဲသို့သာ အပြောင်းများပါသည်။

ယင်းကို သိသူမြင်သူအချို့က တိုးတက်လာသူ၊ မိမိတို့နှင့် ဆက်စပ်နေသူအချို့ကို သတိပေးတတ်သည်။ မပြောင်းလဲဖို့ မူလအခြေအနေအတိုင်း ဆက်လက်ကျင့်သုံးဖို့။

ယင်းကို မိမိသည် တစ်ဆင့်စကားဖြင့် ကြားရ၍ ဝမ်းသာလှသည်။ ကိုယ်တိုင်မြင်တွေ့ရ၍ ပို၍ ဝမ်းသာသည်။

အချိန်ကား ဗိတောက်တွေ ရွှေရည်လူးသော တန်ခူးလဖြစ်သည်။ ငုပန်းဝါဝါတို့ဖြင့် ထူးလှ၏။ မြန်မာ့သဘာဝ ထူးခြားသော အတာရေသဘင်လ ဖြစ်၏။

မြန်မာ့ရိုးရာ ဓလေ့ထုံးစံအရ နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ရောက်ရန် ရက်ပိုင်းမျှသာ လိုတော့သောအချိန်၊ အတာသင်္ကြန်ချိန် ဖြစ်၏။

နှစ်ဟောင်းမှသည် နှစ်သစ်သို့ ပြောင်းမည့်အချိန် ဖြစ်သည်။ ယင်းသို့ ပြောင်းခြင်းကို အကောင်းဘက်သို့ ပြောင်းခြင်းဟူ၍ ဆိုမည်လော၊ သို့မဟုတ် အဆိုးသို့ပြောင်းခြင်း ဟူ၍ ဆိုမည်လော။

နှစ်ပြောင်းအရဆိုလျှင်မူ အသက်တစ်နှစ် ကြီးသွား၍ နေဖို့ရန် တစ်နှစ်နည်းသွားပြီ။ သေဖို့ရန် တစ်နှစ်နီးသွားသော ကြောင့် မကောင်းသော ပြောင်းခြင်းဟူ၍ ဆိုရပါမည်။

တစ်ဖန် စိတ်ပြောင်းအရဆိုသော် အသက်ကြီးသော်လည်း သို့မဟုတ် နှစ်ပြောင်းသွားသော်လည်း စိတ်မပြောင်းဘဲ နေမူ ယင်းအပြောင်းသည် မကောင်းသော အပြောင်းပဲ ဆိုရပါမည်။

အတာရေသဘင်တွေ အကြိမ်ကြိမ်နွှဲခဲ့ပြီ။ နှစ်သစ်တွေလည်း အကြိမ်ကြိမ် ပြောင်းခဲ့ပြီ။ ယင်းအပြောင်းနှင့်အတူ စိတ်ဆိုးမှ စိတ်ကောင်းသို့သာ ပြောင်းလွဲ့ ပြောင်းလွဲသွားပါမူ ခေတ်သည် ကောင်းသထက် ကောင်းလာမည်ဖြစ်၏။

ယခုမူ ကောင်းပါ၏လော။ ကောင်းသည် ဆိုးသည်ဟု မိမိ မဆုံးဖြတ်လို။ တရှုသူတို့၏ အသိအမြင်ဖြင့် သာ ဆုံးဖြတ်ပါ။

ယင်းသို့ အကြိမ်ကြိမ်ပြောင်းနေသော အတာသင်္ကြန်အချိန်တွင် ဖြစ်၏။ မိမိမှာလည်း ဟိုပြောင်း ဒီရွှေ့ ရွှေ့နေချိန် ဖြစ်၏။

ကားတစ်စင်းနှင့် လူးလာခေါက်တုံ့ သွားနေရချိန် ဖြစ်၏။ ထိုစဉ် မိမိသည် "အရှင်ဘုရား မပြောင်းပါနဲ့ဘုရား" ဆိုသည့် သတိပေးစကားတစ်ခု ဝင်လာ သတိရလာသည်။

ယင်းစကားမှာ အဘယ်မှ စတင်ဖြစ်ပေါ်လာသနည်း။ အတိတ်တစ်ချိန်က ဖြစ်ခဲ့သည်။ ပုဂ္ဂိုလ်ကျော်တစ်ဦး ဘွဲ့ထူးကြီး တစ်ခု ဆွတ်ခူးချိန်က ဖြစ်၏။

သတိပေးသူမှာလည်း အထွတ်အထိပ် ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်၏။ အထွတ်အထိပ်ပုဂ္ဂိုလ်မှာ ပုဂ္ဂိုလ်ကျော်အား ဘွဲ့ထူး ကြီးပေးရသည့် ပုဂ္ဂိုလ်ဖြစ်၏။

ပုဂ္ဂိုလ်ကျော်အား ဘွဲ့ထူးကြီး ပေးအပ်ပြီးသောအခါ အထွတ်အထိပ်ပုဂ္ဂိုလ်က လက်အုပ်ချီမိုး ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား၊ ယခု ဒီဘွဲ့ထူးကြီးကို ရတာ အစပဲ ရှိပါသေးတယ် ဘုရား၊ နောင်အခါမှာ ဒီဘွဲ့ထူးကို အကြောင်းပြုပြီး အရှင်ဘုရား ဘုန်း.ကြီးစရာ များစွာ ရှိပါသေးတယ်ဘုရား၊ အရှင်ဘုရား ဘုန်း.ကြီးသော်လည်း ယခုအခြေအနေမှ မပြောင်းပါနဲ့ ဘုရား"

စကားမှာ လှပ၏။ ယဉ်ကျေး၏။ မေတ္တာအပြည့်အဝနှင့် ပြောသောစကား၊ လျှောက်ထားသော စကား၊ သတိပေးသော စကား ဖြစ်၏။

အထွတ်အထိပ်ပုဂ္ဂိုလ်ကြီးက ပုဂ္ဂိုလ်ကျော်အား မေတ္တာစေတနာ အပြည့်အဝနှင့် သတိပေးစကား လျှောက်ထားလိုက်၏။ ပုဂ္ဂိုလ်ကျော်က ဘယ်သို့ စကားတုံ့ ပေးမည်နည်း။

မျက်နှာထား မှုန်တေတေနှင့် တုံကိုဘာဝေ ဆိတ်ဆိတ်နေမည်လား။ ကိုယ် ခက်တရော် စိတ်ကြမ်းထော်နှင့် အော်မြည်လေမည်လား၊ သို့မဟုတ် အသံကလေး ခပ်အုပ်အုပ်နဲ့ မလှုပ်တလှုပ် မပွင့်တပွင့် ပြန်လည်မြွက်ကြားမည်လား စာရှုသူက ထင်ကောင်းထင်မည်။

စင်စစ်တော့ ယင်းသို့ မဟုတ်ပါ။ ပုဂ္ဂိုလ်ကျော်က မျက်နှာရွှင်ပျ ကြည်သာလှသော အသံတော်နှင့် တည်ကြည်ငြိမ်သက်စွာ မိန့်ကြား ပြန်ကြားလိုက်သည်မှာ -

"ဒကာကြီး ယခုအခြေအနေမှ ဘယ်တော့မှ မပြောင်းပါ" တဲ့။

အို - စာရှုသူ၊ ယင်းပြန်လည်မိန့်ကြား ဖြေကြားချက်ကို ကြားရလျှင် လျှောက်ထားသူမှာ အဘယ်မျှ ဝမ်းသာမည်နည်း ဆိုတာ စာရှုသူ စဉ်းစားသာ ကြည့်ပါတော့။

အနီးအနားမှ ကြားရသူ အများကလည်း အဘယ်မျှ ဝမ်းသာမည်နည်း။ သို့သော် ယင်းတို့၏ ဝမ်းသာခြင်းကား ခရီး မဆုံးသေးသော ဝမ်းသာခြင်း ဖြစ်၍ သံသယနှင့် ဝမ်းသာခြင်းမျိုး ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

အဘယ်သို့လျှင် သံသယနှင့် ဝမ်းသာခြင်းမျိုး ဖြစ်ပါသနည်း။ အဘယ်သို့ ခရီး မဆုံးသေးသနည်း။ မှန်၏။ မေးဖို့ လို၏။ သိရန် သင့်၏။

သံသရာခရီး သွားရမည့် ကန္တာရကြီးကို မဆိုထားဘိ၊ လက်ရှိ မျက်မှောက်ခရီးပင်လျှင် သွားရမည်မှာ ရှည်ဝေးလှ၏။ မသေမချင်း သွားရမည် ဖြစ်၏။

ယင်းသို့ မသေမီအတွင်း ခရီးသွားနေစဉ် ခရီးတစ်လျှောက်တွင် အကောင်းမှ အဆိုးသို့၊ အဆိုးမှ အကောင်းသို့ ပြောင်းလဲဖောက်ပြန်သွားနိုင်သည် မဟုတ်ပါလား။

ပုဂ္ဂိုလ်ကျော်၏ သွားရန်ခရီးကလည်း အများကြီး အရှည်ကြီး ကျန်သေးသည် မဟုတ်ပါလော။ ယင်းသို့ ကျန်နေသေးသော၊ မိမိလည်း မပိုင်ဆိုင်သော အနာဂတ်ခရီးအတွက် အာမခံတာ ခံယူသော်လည်း သံသယနှင့် ဝမ်းသာခြင်းမျိုး ဖြစ်သူတို့ အတွက် အဆိုး မဆိုသင့်ပါပေ။

ယနေ့ မျက်မှောက်တွင် မိမိတို့အမြင်တွင် အထူးပင် လှုပ်ရှားပြောင်းလဲ ဖောက်ပြန်နေတာကို မိမိတို့ တွေ့နေရသည် မဟုတ်ပါလော။

သို့တမှု ပုဂ္ဂိုလ်ကျော်၏ ဟိုစဉ်က အနာဂတ်ခရီးသည် ယနေ့မျက်မှောက်ခရီး ဖြစ်ခဲ့ပြီ။ ပုဂ္ဂိုလ်ကျော်၏ ဘဝအခြေအနေ စိတ်နေ စိတ်ထား ခံယူချက်တို့မှာ ဆံခြည်တစ်မျှင်မျှ ပြောင်းလဲအံ့ မထင်။

အများက စံတင်ရသော ပုဂ္ဂိုလ်ကျော်အဖြစ် ဆက်လက်၍ ရပ်တည်ဆဲပင်။ ရှေ့သို့လည်း ဆက်လက်၍ ဆက်လက်၍ ရပ်တည်ဦးမည်ပင်။

ယင်းသို့ ရှေးနှင့် ယခု အမူမကွဲ တစ်မူတည်း ရပ်တည်နေသော ပုဂ္ဂိုလ်ကျော်ကို မိမိ၏ မျက်မှောက် မျက်မြင်အနေဖြင့် ဤတစ်ပါးမျှသာ စံတင်၍ မြင်ရချေသေးသည်။

တန်ခူးလခါ သင်္ကြန်ကား အကြိမ်ကြိမ်ပြောင်းခဲ့ပြီ။ သို့သော် ပုဂ္ဂိုလ်ကျော်က ရှေးနှင့် ယခု တစ်မူမခြား အတူသွား လျက်ပင်။

ဝိတောက်တွေ အကြိမ်ကြိမ် ရွှေရည်လူးခဲ့ပြီ၊ ငုပန်းဝါလည်း အဖြာဖြာ လှိုင်ခဲ့ပြီ၊ နှစ်သစ်တွေလည်း အကြိမ်ကြိမ် ပြောင်းခဲ့ပြီ၊ သို့သော် ပုဂ္ဂိုလ်ကျော်ကား ရှေးနှင့်မခြား ပြောင်းမသွားဘဲ ကျောက်သားပမာ ငြိမ်သက်စွာပင်၊

အို - အတာသင်္ကြန်၊ သင်ကား ပြောင်းခြင်းသဘာဝမို့ အကြိမ်ကြိမ် ပြောင်းခဲ့ပြီ၊ သင်နှင့်အတူ သက်ရှိ သက်မဲ့အားလုံး ကိုလည်း အိုမင်း ဆွေးမြေ့ခြင်းသို့ ဆွဲဆောင်ပြောင်းလဲခဲ့ပြီ၊

အို - အတာသင်္ကြန်၊ သင့်စွမ်းအားကားကြီးမားပါဘိ၊ သို့သော် အသင်အတာသင်္ကြန်သည် ပုဂ္ဂိုလ်ကျော်၏ မူလအနေ အထားမှ ဖောက်ပြားသွားအောင် တစ်ရွေးသားမျှ ပြောင်းလဲစွမ်းဆောင်ခြင်းငှာ မစွမ်းပါပေ၊

အို - အတာသင်္ကြန်၊ သင့်အပြောင်းကား နှစ်ဟောင်းမှ နှစ်သစ်ပြောင်းသည် ဆိုသော်လည်း အကောင်းမှ အဆိုးသို့ ပြောင်းခြင်းပင် မဟုတ်လော၊

အို - အတာသင်္ကြန်၊ သင့်အပြောင်းကား ပုဂ္ဂိုလ်ကျော်၏ တစ်သမတ်တည်းထားအပ်သော စိတ်ဓာတ်ကိုကား မပြောင်း လဲနိုင်ပါပေ၊

ဤကား ၁၃၄၀ ပြည့်နှစ်မှ ၁၃၄၁ ခုနှစ်သို့ ကူးပြောင်းမည့် အတာသင်္ကြန်အတွင်း ဒေသနာခရီးသည်အဖြစ် ကား တစ်စင်းနှင့် ပြေးလွှားရင်း ပြန်လည်၍ ကြားယောင် မြင်ယောင်လာသော အတိတ်ဖြစ်ရပ် ဗုဒ္ဓဓမ္မ ပြဿနာတစ်ရပ်ပင် ဖြစ်ပါ သတည်း။

✦ သူရော ကိုယ်ပါ၊ အမြဲသာ၊ ပြောင်းကာ နေကြသည်၊

✦ မကောင်းမှသည်၊ အကောင်းဆီ၊ သင်သည် ပြောင်းရမည်၊

✦ အကောင်းမှသည်၊ မကောင်းဆီ၊ ပြောင်းသည် ရှောင်ရမည်၊

✦ ကောင်းနေပါက၊ ကောင်းဘဝ၊ ကျနရပ်ရမည်၊

✦ ကောင်းသထက်သာ၊ ကောင်းအောင်သာ၊ ရှေ့ကာပြောင်းရမည်၊

# ဝိဇ္ဇာ ဆိုတာ ရှိပါသလားဘုရား

(၁၂၈)

"ဝိဇ္ဇာ" ဟူသော အသံကို ကြားလျှင် အများစုသည် အလွန်တရာ စိတ်ဝင်စားကြသည်။ သို့သော် ယင်းစိတ်ဝင်စားသူ အများစုသည် ဝိဇ္ဇာဆိုတာ ဘယ်လိုလူကို ခေါ်တာလဲ၊ ဝိဇ္ဇာရဲ့ကျင့်စဉ်တွေက ဘာလဲ၊ ဝိဇ္ဇာရဲ့အစွမ်းသတ္တိတွေက ဘယ်လောက်ရှိလဲ စသည်ဖြင့် အမေးပုစ္ဆာ ပြဿနာထုတ်ကြည့်သော် "မသိပါ၊ မသိပါ" ဟူ၍ အဖြေထွက်မည့်သူသာ များပါမည်။

ယင်းသို့ များသော်လည်း ယင်းအများစုသည် မိမိတို့ မသိသည့် ဝိဇ္ဇာကို ဘယ်လိုထင်မှတ် ယုံကြည်နေသနည်း ဆိုသော် " ဝိဇ္ဇာဇော်ဂျီတွေကို သူတစ်ပါးတို့ နိပ်စက်ညှဉ်းဆဲလို့ မရနိုင်၊ မြေလျှိုး မိုးပျံ သိဒ္ဓိတန်ခိုး အမျိုးမျိုးရှိ၍ လိုတရသော လူစွမ်းကောင်းများ ဖြစ်သည်" ဟု ထင်မှတ်ကြသည်။

အမှန်က ယင်းသို့ မဟုတ်ပါ။ ဝိဇ္ဇာဟူသော အသုံးကို သူ့နေရာနှင့်သူ သုံးတတ်ဖို့ လိုပါသည်။ သိဖို့လည်း လိုပါသည်။ ယခုခေတ် အများခေါ် သက်ဆိုင်ရာအတတ်ပညာတွေမှာ သူများတွေထက် တော်သူကို ဝိဇ္ဇာဘွဲ့ထူးတပ်ကာ "ဗေဒင် ဝိဇ္ဇာ၊ ဆေး ဝိဇ္ဇာ၊ အပြေး ဝိဇ္ဇာ၊ ခြင်း ဝိဇ္ဇာ၊ ဘောလုံး ဝိဇ္ဇာ" ဟူ၍ ခေါ်ကြသည်။

တစ်ဖန် သူများတွေထက် လုပ်ရပ်ထူးနေသော အဘိုးကြီး အမယ်ကြီးတွေကို သာမန်လူတန်းစားတွေက "ထွက်ရပ်ပေါက် ဆရာကြီး၊ အထက်ဆရာကြီး၊ ဘိုးဘိုးကြီး၊ ဘဘကြီး၊ အဖေကြီး၊ အမေကြီး" စသည်ဖြင့် ခေါ်ဝေါ်ကာ မြှောက်တင်ကိုးကွယ်ကြ၏။

ယင်းသို့ ခေါ်ဝေါ်ကာ မြှောက်တင်ကိုးကွယ်သော်လည်း ယင်းလူစုတို့သည် မိမိတို့ မြှောက်တင်ကိုးကွယ်သူ၏ သမိုင်းကြောင်းကို ဘယ်မျှလောက် သိရှိပြီး နားလည်ပြီး ကိုးကွယ်ပါသနည်း။

"ထွက်ရပ်ပေါက် ဆရာကြီး" ဟု ဆို၏။ အဘယ်အရပ်မှ ထွက်ပြီး အဘယ်အရပ်သို့ ပေါက်သွားသနည်း။ သို့မဟုတ် အဘယ်အရပ်မှ အဘယ်အရပ်သို့ ထွက်သွားသနည်း။ ထွက်ရပ်ပေါက်သူ ရောက်သွားရာအရပ်မှာ ဘယ်လိုနေထိုင်စားသောက်ရသလဲ စသည် မေးကြည့်သော် မသိပါဟူ၍ပင် ပြောမည် ဖြစ်၏။

"အထက်ဆရာကြီး" ဟူ၍ ဆိုထိ၊ ဘယ်သူ့ရဲ့ အထက်လဲ၊ ဘယ်လောက် အထက်ကျသလဲ၊ အဲဒီ အထက်ဆရာက ဘယ်မှာနေလဲ၊ သူက ဘယ်လိုအမျိုးအစားလဲ၊ သူ့သတ္တိ ဘယ်လောက်ရှိလဲ၊ သူ့ကျင့်စဉ်တွေက ဘာတွေလဲ စသည် မေးကြည့်သော် မသိပါဟူ၍ပင် ပြောကြမည်ဖြစ်၏။

သို့ဖြစ်၍ ယင်းတို့ရဲ့အကြောင်းကို သိရှိချင်သူတို့ မေးလျှောက်သဖြင့် မိမိ လက်လှမ်းမီသမျှ အချုပ်ဖော်ပြပါမည်။

## ဝိဇ္ဇာ့မျိုးစုံ

ဗေဒင် ဝိဇ္ဇာ၊ သို့မဟုတ် ဗေဒင် ဝိဇ္ဇာဓိုရ် ဟူသည် သာမ၊ ယဇု၊ ဣရု၊ အာတဗ္ဗဏ ဟူသော ဗေဒင်ကျမ်းများကို ကမ်းတစ်ဖက်ရောက် ကျွမ်းကျင်တတ်မြောက်သူကို ဗေဒင်ဝိဇ္ဇာဓိုရ်ဟု ခေါ်သည်။

မန္တာန် ဝိဇ္ဇာဓိုရ် ဟူသည်မှာ ဗေဒင်ကျမ်းမှ တစ်ပါးသော နှုတ်မှုပညာ၊ လက်မှုပညာ စသော ပညာရပ်များကို တတ်ကျွမ်းသူများကို ခေါ်သည်။

တစ်ဖုံဆိုသော် မန္တာန်ဖြင့် မန်းမှုတ်၍ မန္တာန်ရွတ်ဆို၍ ကောင်းကင်ပျံ ကိုယ်ပျောက် စသည်ဖြင့် စွမ်းနိုင်သူကို မန္တာန် ဝိဇ္ဇာဓိုရ်ဟု ခေါ်သည်။

တစ်ဖန်ဆိုသော် စူဠဂန္ဓာရီ ဝိဇ္ဇာဓိုရ် ဟူ၍လည်း ရှိသည်။ ယင်းသည် ကောင်းကင်သို့ ပျံသန်းနိုင်သော အစွမ်းသတ္တိ ရှိသည်။ သူတစ်ပါးတို့၏ အကြံအစည်ကိုလည်း သိသည်။ သို့သော် ယင်း စူဠဂန္ဓာရီ ဝိဇ္ဇာဓိုရ်များသည် ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်သာဝကများ အပါအဝင်ဖြစ်သော "အရိယာ ဝိဇ္ဇာဓိုရ်" များလောက် အစွမ်းသတ္တိ မရှိပါ။

ယခုခေတ် အချို့သောသူများက စူဠဂန္ဓာရီဝိဇ္ဇာ ဟူသည် လောကီ ဝိဇ္ဇာ၊ မဟာဂန္ဓာရီ ဝိဇ္ဇာ ဟူသည် လောကုတ္တရာ ဝိဇ္ဇာ အရိယာဝိဇ္ဇာ ဟူ၍ ထင်မှတ်ကြသည်။

အမှန်စင်စစ် မဟုတ်ပါ။ ယင်းသို့ ခေါ်ဝေါ်ပြောဆိုနေခြင်းဖြင့် ယင်းတို့သည် ယောင်ဝါးဝါးနှင့် ဝိဇ္ဇာလမ်းသွားနေသူများ မိမိတို့ကိုယ် မိမိတို့ ဘာမှန်း မသိသူများဟု ဆိုစရာသာ ရှိပါတော့သည်။

ယင်းသို့ ဆိုသော် ဘာမှန်းမသိသူ၊ ယောင်ဝါးဝါးနှင့် ဝိဇ္ဇာလမ်း သွားနေသူအား ယုံကြည်ကိုးစား အားထားသူကို တော့ အဘယ်သို့ ခေါ်ပါမည်နည်း။ ယင်းကိုတော့ စာရှုသူများကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ အမည်တပ်ပါတော့။

မိမိတို့ ရှင်းပြလိုသည်မှာတော့ ဂန္ဓာရီဝိဇ္ဇာအကြောင်း သိကောင်းစရာပင် ဖြစ်ပါသည်။

## ဂန္ဓာရီဝိဇ္ဇာ

ဂန္ဓာရ အမည်ရှိတဲ့ ရသေ့သည် စီရင်အပ်သော မန္တာန်အတတ်ကို တတ်သူကို ဂန္ဓာရီဝိဇ္ဇာ ဟူ၍ ခေါ်သည်။ တစ်နည်းဆိုသော် ဂန္ဓာရတိုင်း၌ဖြစ်သော မန္တာန်အတတ်ကို တတ်သူကို ဂန္ဓာရီဝိဇ္ဇာ ဟူ၍ ခေါ်သည်။

ယင်း ဂန္ဓာရီဝိဇ္ဇာသည် စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာ ဟူ၍ နှစ်မျိုးရှိသည်။ ဂန္ဓာရီဝိဇ္ဇာဟူ၍ သာမည အသုံးပြုလျှင် စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ နှစ်မျိုးလုံးနှင့် သက်ဆိုင်သည်။

ယင်းသို့ဆိုသော် စူဠ နှင့် မဟာ ဘယ်သို့ ခွဲမည်နည်း။

၁။ သုံးနှစ်ကျော်က သေခဲ့ပြီးသော သတ္တဝါ၏ဖြစ်ရာ ဘုံဌာနကို သိသော အတတ်ပညာသည် စူဠဂန္ဓာရီ ဝိဇ္ဇာမည်၏။

၂။ သေခဲ့ပြီးသော သတ္တဝါ၏ဖြစ်ရာ ဘုံဌာနကိုလည်း သိဖို့ထက် အလွန်လည်းသိသော အတတ်ပညာ သည် မဟာဂန္ဓာရီ ဝိဇ္ဇာမည်၏။

ယင်း စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ ဝိဇ္ဇာမိုရ်များသည် အရိယာဝိဇ္ဇာမိုရ်များ ရှိရာ အရပ်၌ မိမိတို့ အတတ်ပညာများ အသုံးချ၍ မရ၊ အစွမ်း မထက်၊ ပျက်တတ်ပါသည်။

## ပိလိန္ဒဝစ္ဆဝိဇ္ဇာ

သာဓကပြရသော် ဗုဒ္ဓလက်ထက်တော်အခါက သာဝတ္ထိပြည်သား ပိလိန္ဒဝစ္ဆ အမည်ရှိ ဂန္ဓာရီဝိဇ္ဇာမိုရ် တစ်ယောက်ရှိသည်။ သူသည် ကောင်းကင်သို့လည်း ပျံတက်သွားလာနိုင်၏။ သူတစ်ပါးတို့၏ စိတ်ကိုလည်း သိသည်။ အရိယာဝိဇ္ဇာမိုရ်ဖြစ်သော ဂေါတမဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူသောအခါ၌ကား ယင်း ပိလိန္ဒဝစ္ဆ ဝိဇ္ဇာမိုရ်၏ အတတ်ပညာများသည် အစွမ်းအစ မရှိ ဖြစ်နေပေသည်။ ထိုအခါ သူက စဉ်းစားသည် -

"အရိယာဝိဇ္ဇာမိုရ်များ ရှိရာအရပ်၌ ဂန္ဓာရီဝိဇ္ဇာမိုရ် အတတ်ပညာများသည် အစွမ်းမထက်၊ ပျက်တတ်၏။ ငါ့ရဲ့ ဂန္ဓာရီဝိဇ္ဇာအတတ်များ အစွမ်း မထက် သုံးမရ ဖြစ်ရသည်ကား ဧကန်မုချ အရိယာဝိဇ္ဇာတစ်ဦးဦး ရောက်နေသောကြောင့် ဖြစ်ရမည်။ ယခုလောလောဆယ်၌လည်း ရှင်တော်ဂေါတမသည် ရာဇဂြိုဟ်ပြည်သို့ ရောက်နေပေ၏။ ဧကန်စင်စစ် ရှင်ဂေါတမသည် အရိယာဝိဇ္ဇာမိုရ် ဖြစ်ပေလိမ့်မည်"

ယင်းသို့ စဉ်းစားပြီး ရှင်တော်ဂေါတမသည် အမှန်မုချ အရိယာဝိဇ္ဇာမိုရ် ဖြစ်ရမည်ဟု ဆုံးဖြတ်ကာ ဘုရားရှင်ထံသို့ သွားရောက်ကာ အတတ်ပညာ သင်ပေးရန် တောင်းပန်ရလေသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းပြုစေပြီး တရားပြ တရားအားထုတ်စေရာ မကြာမီပင် အာသဝေါကင်းကွာ အရိယာဝိဇ္ဇာမိုရ် ဖြစ်သွားသည်။

အို - စာရှုသူ၊ ယင်းကို အဖန်ဖန် စဉ်းစားကြည့်ပါဘိ။ ဂန္ဓာရီဝိဇ္ဇာလမ်းသည် သာသနာပတွင် အရိယာဝိဇ္ဇာလမ်းစဉ် မရှိ၍သာ လိုက်စားရသော မရှိသုံးလမ်းစဉ် မဟုတ်ပါလော။

ယခုအခါကား သာသနာတွင်းဖြစ်သည်။ စာရှုသူ လိုက်စားချင်တာက အရိယာဝိဇ္ဇာလမ်း မဟုတ်ပါလား။ သို့သော် မိမိကိုယ်ကို မိမိ ဆန်းစစ်ကြည့်ပါဘိ။ ငါသည် ဂန္ဓာရီဝိဇ္ဇာလမ်း လိုက်စားနေသူလော၊ အရိယာဝိဇ္ဇာလမ်း လိုက်စားနေသူလော။

သာသနာတွင်း အရိယာဝိဇ္ဇာလမ်းတွေ အထင်အရှား ရှိနေပါလျက်နဲ့ သာသနာပသို့ ညွှန်းကာ ဂန္ဓာရီဝိဇ္ဇာလမ်းသို့ လိုက်စားနေပါလျှင် စာရှုသူ လိုချင် ရောက်ချင် ဖြစ်ချင်သော အရိယာဝိဇ္ဇာဖြစ်ဖို့ နီးသလော၊ ဝေးသလော၊ တိုသလော၊ ရှည်သလော၊ ကြာသလော၊ မြန်သလော စဉ်းစားပါဘိ။

တစ်ဖန်ဆိုသော် ဝိဇ္ဇာမိုရ်အကြောင်းကို အတိအကျ ဘာမှန်းမသိသူအချို့က ဝိဇ္ဇာမိုရ်ဆိုလျှင် တကယ့်တန်ခိုးရှင် ကယ်တင်ရှင်အနေ ထင်မှတ်ကြပေသည်။ လူစွမ်းကောင်း သူတော်ကောင်း ထင်မှတ်နေကြတတ်ကြပါသည်။

## ကြာခိုသော ဝိဇ္ဇာမိုရ်

ယင်းသို့ ဟုတ်မဟုတ် သမုဂ္ဂဇာတ်လာ ဝိဇ္ဇာမိုရ်အကြောင်း ပြောပြပါမည်။ အခါတစ်ပါး တာနောယက္ခဘီလူးသည် လူသားမိန်းမငယ်နှင့် ပေါင်းသင်းနေထိုင်၏။

အလွန်တရာ ချစ်ခင်လှ၍ ရွှေကြုတ်ထဲ ထည့်ပြီး ယင်းရွှေကြုတ်ကို ဝမ်းတွင်း၌ မျိုသွင်းကာ စောင့်ရှောက်ထားသည်။

ယင်းအကြောင်းကို သိသော ဂန္ဓာရီဝိဇ္ဇာမိုရ်တစ်ယောက်က ယင်းကြုတ်အတွင်းသို့ တန်ခိုးဖြင့် ဝင်ရောက်ကာ ကြုတ်အတွင်းရှိ မိန်းမငယ်နှင့် ချစ်တင်း နီးနှောနေလေသည်။

ယင်းသို့ ဂန္ဓာရီဝိဇ္ဇာမိုရ်၏ သူများမယားကြာခိုမှုကို သိသော အဘိညာဉ်ရ ရဟန်းတစ်ပါးက ပြောဆိုသောအခါ ဘီလူးကြီး ကြွတ်ကို ထွေးအံ့ပြီး ဖွင့်ကြည့်သောအခါ ဂန္ဓာရီဝိဇ္ဇာမိုရ်သည် ရဟန်းနှင့် ဘီလူးတို့ကြည့်နေစဉ်ပင် ကောင်းကင်သို့ ပျံတက်သွားလေသည်။

## ဇဋိလဖခင် ဝိဇ္ဇာမိုရ်

ၿငင်းပြင် ဇဋိလသူဌေးကြီး၏ ဖခင် ဝိဇ္ဇာမိုရ်အကြောင်းကို ပြောပြပါဦးမည်။

တာရာကာသီပြည် သူဌေးကြီးတစ်ဦး၌ အလွန်ချောမောလှပသော သမီးငယ်တစ်ယောက် ရှိသည်။ အရွယ်ရောက်လတ်သော် စုနစ်ထပ်ရှိ တိုက်အပေါ်ဆုံးထပ်သို့ တင်ကာ အစောင့်အရှောက်နှင့် ထားသည်။

တစ်နေ့သော် ကောင်းကင်ပျံ ဂန္ဓာရီဝိဇ္ဇာမိုရ်တစ်ယောက်က တွေ့ရှိပြီး ချစ်ကြိုက်သောကြောင့် ဝင်ရောက် ပေါင်းဖော်လေရာ ကိုယ်ဝန် ရှိလာ၏။ ဖွားမြင်ပြီးမြောက် ကြီးပြင်းခြင်းသို့ ရောက်သောအခါ ကျော်ကြားလှသော ဇဋိလသူဌေးကြီး ဖြစ်လာသည်။

သူဌေးဖြစ်သည်မှာ ဖခင်ဝိဇ္ဇာမိုရ်က မ.စ၍ မဟုတ်ပါ။ ရှေးကပြုခဲ့တဲ့ အတိတ်ကုသိုလ်ကံနှင့် ပစ္စုပ္ပန် ကံ.ဉာဏ်.ဝီရိယ ကြောင့်ပင် သူဌေးဖြစ်ပါသည်။

## ကြာကူလီ ဝိဇ္ဇာ

ဝိဇ္ဇာရေဇာတ်လာ ဝိဇ္ဇာအကြောင်း ပြောပြပါဦးမည်။ တာရာကာသီပြည်၌ ဝိဇ္ဇာမိုရ်တစ်ယောက် ရှိပါသည်။ ယင်း ဝိဇ္ဇာမိုရ်သည် မိမိတန်ခိုးဖြင့် ညဥ့်အခါတွင် တာရာကာသီပြည့်ရှင် ဘုရင်ကြီး၏ မိဖုရားကြီးကို သွား၍ ပြစ်မှားကျူးလွန်လေ့ ရှိသည်။

နေ့အခါ၌မူ ရဟန်းအသွင် ဝတ်ဆင်ပြီး သချိုင်းကုန်းသို့ သွားကာ နေ့.ကို ရှိခိုး၍ ခြေတစ်ဖက်ဖြင့်သာ ရပ်လျက်နေသည်။

ယင်းအကြောင်းကို ဘုရင်ကြီးအား ဖွင့်ဟ.ပြောကြားလျှင် ဘုရင်ကြီးသည် မိဖုရားကြီးနှင့် တိုင်ပင်၍ ဝိဇ္ဇာမိုရ်ကို မှတ်မိအောင် အမှတ်အသားလုပ်၍ နံနက်လင်းသောအခါ အမှုထမ်းတို့အား ရှာဖွေစေရာ သချိုင်းကုန်း၌ တွေ့ရလေသည်။

မင်းချင်းတို့က ဝိုင်း၍ ဖမ်းမည်ပြုသောအခါ ကောင်းကင်ပျံတက်၍ လွတ်ထွက်သွားလေသည်။

အို – စာရှုသူ၊ ယင်းတို့ကို ထောက်သော် ဂန္ဓာရီဝိဇ္ဇာဆိုတာ ရှိပါသည်။ မရှိ မဟုတ်ပါ။ တန်ခိုးလည်း ရှိပါသည်။

သို့သော် ယင်းသို့ တန်ခိုးရှိ၍ မိုးပျံနိုင်သော ဂန္ဓာရီ ဝိဇ္ဇာမိုရ်တို့သည် ရိုးရိုးလူများကဲ့သို့ပင် ချစ်ကြိုက်ခြင်း သံယောဇဉ် မကင်းကြောင်း၊ သူတစ်ပါး သမီးပျိုများ ချစ်တင်းနှီးနှော ပျော်ပါးကာ ထားခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

_ လွတ်လပ်သော သူတစ်ပါး သမီးပျိုနှင့် နှီးနှောပျော်ပါးတာကို ခွင့်လွှတ်နိုင်ဦးတော့၊ သူတစ်ပါး မယားကို မတော်မတရား ပြစ်မှားကျူးလွန်တာကိုတော့ အဘယ်သို့ ခွင့်လွှတ်နိုင်ပါအံ့နည်း။

ယင်းသို့ဖြင့် ပိဋကတ်စာပေတွင် ဂန္ဓာရီဝိဇ္ဇာမိုရ်များအကြောင်း ယင်းသို့ပင် လာရှိသည်ကို တွေ့ရတော့ "ဝိဇ္ဇာဆိုတာ ရှိပါသလား" ဆိုတဲ့ အမေးအရ ရှိပါသည်ဟုပင် ဖြေပါမည်။

သို့သော် ကျမ်းဂန်တွင် ဝိဇ္ဇာမိုရ်တို့ရဲ့ ကာယ်တင်ပုံ၊ မ.စပုံကိုတော့ မတွေ့ရပါ။ အထက်ဖော်ပြပါ ကြာခိုဇာတ်လမ်းတွေသာ တွေ့ရပါသည်။

ယနေ့ မျက်မှောက်ခေတ် ဝိဇ္ဇာဓိုရ်စခန်း၊ ဝိဇ္ဇာဓိုရ်လမ်း သွားနေသူများကော အဘယ်သို့နည်း။ မ.စ ကယ်တင် သတင်း ကြားရပါသလော။ လိမ်ညာသတင်း၊ ကြာခိုသတင်း ကြားရပါသလော။ မိမိ ပြောစရာမလိုပါ။ စာရှုသူတို့ရဲ့ အကြားအမြင်ပင် ဖြစ်ပါသည်။

အို - စာရှုသူ၊ ယင်း ဂန္ဓာရီ ဝိဇ္ဇာဓိုရ်လမ်းထက် အဆင့်မြင့်သော လောကီဝိဇ္ဇာလမ်း ဆိုသည် ရှိပါသေးသည်။ ယင်းကား ရှာန်အဘိညာဉ်လမ်း ဖြစ်ပါသည်။

အချုပ်ပြရသော် ရူပဈာန် လေးပါး၊ အရူပဈာန် လေးပါးကို သမာပတ်ရှစ်ပါးဟု ခေါ်ပါသည်။

၁။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သည့် "ဣဒ္ဓိဝိဓအဘိညာဉ်"

၂။ နတ်တို့၏ နားကဲ့သို့ အဝေး.အနီး အတိုး.အကျယ် အသံအမျိုးမျိုးကို ကြားနိုင်သည့် "ဒိဗ္ဗသောတ အဘိညာဉ်"

၃။ နတ်တို့၏ မျက်စိကဲ့သို့ အဝေး.အနီး အကြီး.အသေး ရုပ်ရုံအမျိုးမျိုးကို မြင်နိုင်သည့် "ဒိဗ္ဗစက္ခု အဘိညာဉ်"

၄။ သူတစ်ပါးတို့ တွေးတောကြံစည်သမျှ စိတ်များကို သိနိုင်သည့် "ပရစိတ္တဝိဇာနနအဘိညာဉ်"

၅။ ရှေးရှေး ဘဝပေါင်းများစွာ လွန်ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်သိနိုင်သည့် "ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်"

ဟူ၍ အဘိညာဉ် ငါးပါး ရှိပါသည်။

ယင်း သမာပတ်ရှစ်ပါး၊ အဘိညာဉ် ငါးပါးကို လောကီဝိဇ္ဇာဟု ခေါ်ပါသည်။

ယင်းလောကီဝိဇ္ဇာ ပိုင်ဆိုင်ရရှိသူများကို လောကီ ဝိဇ္ဇာဓိုရ်ဟု ခေါ်ပါသည်။ ယင်း လောကီ ဝိဇ္ဇာဓိုရ်များကား ဂန္ဓာရီ ဝိဇ္ဇာဓိုရ်များထက် အလွန်တရာ တန်ခိုးကြီးမားလှပါသည်။

ယင်း လောကီ ဝိဇ္ဇာဓိုရ်များသည် ဂန္ဓာရီ ဝိဇ္ဇာဓိုရ်များကဲ့သို့ သူများ မယားကြာခိုခြင်း စသည် မပြုလုပ်တော့ပါ။

ယင်း လောကီဝိဇ္ဇာဓိုရ်များသည် ကာမတဏှာကိုလည်း ပယ်ခွာ၊ ဒေါသကိုလည်း ပယ်ခွာထားရကား အလွန်တရာ သိမ်မွေ့နူးညံ့လှပါသည်။ မကြမ်းတမ်း မယုတ်မာပါ။

ရှင်းရှင်းပြောရသော် ဂန္ဓာရီ ဝိဇ္ဇာလမ်းသည် အောက်လမ်းဖြစ်၍ ကြမ်းတမ်းယုတ်မာသည်။ အလှည့်အပတ် အလိမ် အညာ များသည်။ ယင်းသို့ ကြမ်းတမ်းယုတ်မာသော လှည့်ပတ်လိမ်ညာနိုင်မှ အစွမ်းထက်သည်။

လောကီ ဝိဇ္ဇာလမ်းသည် အထက်လမ်းဖြစ်၍ သိမ်မွေ့နူးညံ့သည်။ မလှည့်ပတ် မလိမ်မညာ ရိုးဖြောင့်သည်။ သိမ်မွေ့ နူးညံ့ ရိုးဖြောင့်နိုင်မှ တန်ခိုးရှိသည်။ အစွမ်းထက်သည်။ အစွမ်းရှိသည်။

ယနေ့ မျက်မှောက်ခေတ်တွင် ခေတ်စားနေသော ဝိဇ္ဇာအမည်ခံ ဂိုဏ်းအဖွဲ့အသင်း ပုဂ္ဂိုလ်များသည် ဂန္ဓာရီ ဝိဇ္ဇာလား၊ လောကီ ဝိဇ္ဇာလား၊ သို့မဟုတ် အထက်လမ်းလား၊ အောက်လမ်းလား၊ အထက်ဆရာလား၊ အောက်ဆရာလား ဆိုတာ ခွဲခြား၍ လေ့လာနိုင်ပါစေ၊ လေ့လာနိုင်လောက်ပါပေပြီ။

အထက်ဆရာဖြစ်သော လောကီ ဝိဇ္ဇာများသည် အရိယာဝိဇ္ဇာများတစ်မှု ငြိမ်သက်တည်ကြည်၍ ကိုယ်ကျင့်သီလ ကောင်းကြ၍ တန်ခိုးအမျိုးမျိုး ရှိပေသည်။ ယင်းတို့ကား -

၁။ အဝေးကို အနီး ဖြစ်စေနိုင်ခြင်း

၂။ အနီးကို အဝေး ဖြစ်စေနိုင်ခြင်း

၃။ အများကို အနည်း ဖြစ်စေနိုင်ခြင်း

၄။ အနည်းကို အများ ဖြစ်စေနိုင်ခြင်း

၅။ အရသာ မရှိသည်ကို ရှိစေနိုင်ခြင်း

၆။ အဝေးမှ အဆင်းကို မြင်နိုင်ခြင်း

၇။ အဝေးမှ အသံကို ကြားနိုင်ခြင်း

၈။ သူတစ်ပါးစိတ်ကူးကို သိနိုင်ခြင်း

၉။ ကိုယ်ထင်ရှားပြ၍ မြေးနေးစွာ ပြဟ္မာ့ပြည်သို့ သွားနိုင်ခြင်း

၁၀။ ကိုယ်ပျောင်ဖျောက်၍ လျင်မြန်စွာ ပြဟ္မာ့ပြည်သို့ သွားနိုင်ခြင်း

၁၁။ ပြဟ္မာပင်လျှင် ခွဲခြားမသိနိုင်အောင် မိမိ၏ ရုပ်ပွားပြုနိုင်ခြင်း

၁၂။ ပြဟ္မာ၏ရှေ့၌ ရုပ်ပွားကို တရားဟောစေခြင်း၊ အမေး အဖြေ ပြုစေခြင်း

၁၃။ ပြဟ္မာပင် အံ့သြလောက်အောင် ရုပ်ပွားကို တန်ခိုးပြစေနိုင်ခြင်း

၁၄။ မိမိကဲ့သို့ပင် ရုပ်ပွားကို ပြဟ္မာနှင့် တရားဆွေးနွေးစေနိုင်ခြင်း

ယင်းသို့ဖြင့် (၁၄) မျိုးကို အကျဉ်းချုပ် ဖော်ပြပါရှိပါသည်။

လောကီဝိဇ္ဇာ အတတ်ပညာများကား ဗုဒ္ဓသာသနာတော်၌ သီလ, သမာဓိ, ပညာ ဟူသော သင်ယူလေ့လာရမည့် တရားသုံးမျိုးတို့တွင် သမာဓိတရား ဖြစ်သည်။

သမထ၊ ဝိပဿနာ ဟု လုပ်ငန်းနှစ်မျိုးတွင် သမထလုပ်ငန်းမျိုး ဖြစ်သည်။ ထို့ကြောင့် ယင်း လောကီဝိဇ္ဇာ အတတ်ပညာတို့ကို ဗုဒ္ဓသာသနာတော်တွင်း အရိယာဝိဇ္ဇာများလည်း လေ့လာသုံးစွဲတော်မူကြသည်။

မှန်ပေသည်။ ယင်းလောကီဝိဇ္ဇာတို့သည်ကား ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝက တို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့ ရအပ် ရောက်အပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး တို့၌ အတွင်းဝင်ကုန်၏။

ယင်းသို့ကြောင့်ပင် ယင်း လောကီဝိဇ္ဇာများအကြောင်းကို ဤသာသနာတော်တွင်း၌ ဟောကြားတော်မူအပ်သော တရားဒေသနာ စာပေကျမ်းဂန်တို့၌ များစွာပင် အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ပေသည်။

ဤမျှလောက်ဆိုလျှင် စာရှုသူသည် ဂန္ဓာရီဝိဇ္ဇာနှင့် လောကီဝိဇ္ဇာ ကွဲပြားလောက်ပါပြီ။ သို့ ကွဲပြားသော် ယနေ့မျက်မှောက်ခေတ်တွင် ခေတ်စားနေသော ဝိဇ္ဇာလမ်းများကို အဘယ်ထဲသို့ ထည့်မည်နည်း။

ခေတ်ဝိဇ္ဇာလမ်းများသည် သီလ, သမာဓိ, ပညာကို အခြေမခံ၊ မန္တာန် စသည်၊ အင်းအိုင် စသည်တို့ကို အခြေခံရကား ဂန္ဓာရီဝိဇ္ဇာ သာသနာပညွန်း လမ်းစဉ်၊ သာသနာတွင်းမှ သာသနာပဆီသို့ ဆွဲထုတ်သောလမ်းစဉ်၊ သာသနာပြု အမည်ခံသော်လည်း သာသနာပြု မဟုတ်၊ အချို့မှာ သာသနာဖျက်သာ ဖြစ်ကြောင်း သိသာနိုင်ပါသည်။

ဤမျှဖြင့် စာရှုသူသည် ဂန္ဓာရီဝိဇ္ဇာနှင့် လောကီဝိဇ္ဇာအကြောင်း ပြတ်သားစွာ သိသွားပါပြီ။ သိလောက်ပါပြီ။ ယခု ဆက်လက်ပြီး အရိယာဝိဇ္ဇာအကြောင်း ရှင်းပြပါမည်။

## အရိယာဝိဇ္ဇာ

အရိယာဝိဇ္ဇာကို ပွားများသော ဘာဝနာအားဖြင့် ခွဲခြား၍ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ ဟူ၍လည်းကောင်း၊ အကြောင်းနှင့် အကျိုးအားဖြင့်လည်းကောင်း ခွဲခြား၍ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာ ဟူ၍ ခွဲခြားရပေမည်။

ထိုတွင် မဂ္ဂဝိဇ္ဇာ ဟူသည် မဂ်ဉာဏ်လေးပါးကို စွဲ၍ မဂ္ဂဝိဇ္ဇာမိုရ်ရဲ့ လေးမျိုး ဖြစ်လာသည်။ ဖလဝိဇ္ဇာမှာလည်း ဖိုလ်ဉာဏ် လေးပါးကို စွဲ၍ ဖိုလ်ဝိဇ္ဇာမိုရ် လေးမျိုး ဖြစ်လာသည်။

အရိယာဝိဇ္ဇာမိုရ်အဖြစ် အစွမ်းသတ္တိကို ဖော်ပြရာ၌မူ မဂ်နှင့် ဖိုလ်မှာ အကြောင်းနှင့် အကျိုးသာ ကွာခြား၍ သဘော ချင်းညီသောကြောင့်လည်းကောင်း၊ မဂ်ဝိဇ္ဇာမိုရ် အခိုက်အတန့် သက်တမ်းမှာ စိတ္တက္ခဏ တစ်ချက်။ မျက်စိတစ်မှိတ်၏ အပုံကုဋေတစ်သိန်းမှ တစ်ပုံမျှလောက်သာ အချိန်ကာလအားဖြင့် တည်နေသည်။

ထို့နောက် ဖိုလ်ဝိဇ္ဇာမိုရ်အဖြစ် ကူးပြောင်းသွားသောကြောင့် မှတ်သားလွယ်ကူစေရန် မဂ်ဝိဇ္ဇာမိုရ်တို့ကို မိမိဆိုင်ရာ ဖိုလ်ဝိဇ္ဇာမိုရ်၌ ပေါင်းလိုက်လျှင် -

၁။ သောတာပန် ဝိဇ္ဇာမိုရ်

၂။ သကဒါဂါမ် ဝိဇ္ဇာမိုရ်

၃။ အနာဂါမ် ဝိဇ္ဇာမိုရ်

၄။ ရဟန္တာ ဝိဇ္ဇာမိုရ်

ဟူ၍ အရိယာ ဝိဇ္ဇာမိုရ် လေးမျိုးမျှသာ ဖြစ်တော့သည်။ ယင်းတွင် အဆင့်အနိမ့်ဆုံး သောတာပန်ဝိဇ္ဇာမိုရ်၏ စိတ် သန္တာန်သည်ပင် လူသာမန်တို့နှင့် နှိုင်းယှဉ်မရအောင် အလွန်မြင့်မြတ် ဖြူစင်လှပေသည်။

သောတာပန် ဝိဇ္ဇာမိုရ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မိမိပြုလုပ်အပ်သည့် ကံတရားနှင့် ယင်းကံတရား ၏ အကျိုးကို ဟုတ်ပါသလော၊ ရှိပါသလောဟု ယုံမှားသံသယ မဖြစ်ချေ။ တကယ်ဟုတ်သည်၊ ရှိသည်ဟု တစ်ထစ်ချ ဆုံးဖြတ် ယုံကြည်လေတော့သည်။

လောက၌ တကယ်အထင်အရှားရှိ၍ သဘောယုတ္တိ မှန်ကန်သော အတွေးအခေါ် အယူအဆကိုသာ လက်ခံယုံကြည် တော့သည်။ မှားယွင်းသော အတွေးအခေါ်အယူအဆတို့ကို လက်မခံတော့ချေ။

သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ မဟုတ်မမှန် လိမ်ညာခြင်း၊ သူတစ်ပါးသား မယားကို ကျူးလွန်ခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်း တို့ကိုလည်း မပြုလုပ်ပေ။

သောတာပန် ဝိဇ္ဇာမိုရ်သည် ချစ်ခင်လိုလားမှုကြောင့်ဖြစ်စေ၊ မလိုမုန်းတီးမှုကြောင့်ဖြစ်စေ၊ အားနာကြောက်ရွံ့မှုကြောင့် ဖြစ်စေ၊ မသိနားမလည်မှုကြောင့် ဖြစ်စေ၊ မပြုထိုက် မပြောထိုက်သည့် အဂတိတရား လေးပါးကို ပြုလုပ်ခြင်း မရှိ၊ ပြောဆိုခြင်း မရှိတော့ပေ။

သောတာပန် ဝိဇ္ဇာမိုရ်သည် မိမိပိုင် ပစ္စည်းဥစ္စာ အတတ်ပညာများကိုလည်း သူတစ်ပါးအား မပေးနိုင်ဘဲ စေးနည်းဝန်တို ခြင်း မဖြစ်ပေ။

သူတစ်ပါး ကောင်းစားသည်ကိုလည်း မနာလို မရှုစိတ် မဖြစ်ပေ။

သောတာပန် ဝိဇ္ဇာမိုရ်သည် လောက၌ ရှိရှိသမျှ သက်ရှိသက်မဲ့ အရာဝတ္ထုအစုစုတို့၌ ချုပ်ပျောက်ပျက်စီး၍ မမြဲသော သဘောရှိသည်ကို မချုပ်ပျောက် မပျက်စီး အမြဲတည်နေ၏ဟု လည်းကောင်း၊ အနှစ်အသား မရှိသည်ကို အနှစ်အသား ရှိ၏ဟု လည်းကောင်း ယူဆခြင်းလည်း မရှိတော့ချေ။

လောက၌ ရှိရှိသမျှ သက်ရှိသက်မဲ့ အပေါ်၌ ရွံရှာစက်ဆုပ်ဖွယ် ဖြစ်နေပါလျက် လှပတင့်တယ် ချစ်စဖွယ်ဖြစ်သည်ဟု လည်းကောင်း ဆင်းရဲဒုက္ခ ဖြစ်နေပါလျက် ချမ်းသာသုခ ဖြစ်နေပါသည်ဟုလည်းကောင်း စွဲလမ်းယူဆခြင်းလည်း မရှိတော့ ချေ။

ဤကား အရိယာ ဝိဇ္ဇာမိဂ်လေးမျိုးတွင် အောက်ဆုံးဝိဇ္ဇာမဂ်ကလေးဖြစ်သော သောတာပန် ဝိဇ္ဇာမဂ်ရ၏ စိတ်ဓာတ်သည် ပင် ရိုးရိုးသာမန်လူတို့ထက် အဆပေါင်းများစွာ မြင့်မြတ်ပုံ ဖြစ်သည်။

ဒုတိယအဆင့်ဖြစ်သော သကဒါဂါမ် အရိယာ ဝိဇ္ဇာမဂ်ရသည်ကား သောတာပန် ဝိဇ္ဇာမဂ်ရ မပယ်မရှင်းနိုင်သည့် ကာမ ရာဂ၊ ဗျာပါဒ အကြမ်းစားတွေကို ထပ်၍ ပယ်သတ်နိုင်ပေသည်။

တတိယအဆင့်ဖြစ်သော အနာဂါမ်အရိယာ ဝိဇ္ဇာမဂ်ရသည် လောကီလူသားတို့ ကောင်းမြတ်သည်ဟု ယူဆမက်မော နေကြသည့် ရုပ်, အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အထိ ဟူသော ကာမဂုဏ်တရား အာရုံငါးပါးတို့၌ တွယ်တာတပ်မက် ခြင်း ကင်းပြတ်လေပြီ။

စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဝမ်းနည်းခြင်း၊ ရန်ညှိုးထားခြင်း စသော ဒေါသဆိုင်ရာ နာမ်တရား၏ အညစ်အကြေးများ ကင်းစင်ပေပြီ။

မိမိကိုယ်ပေါ်၌ပင် လုပ်သင့် လုပ်ထိုက်သည်ကို မလုပ်မိ၍ တွေးတောပူပန်ခြင်း၊ မလုပ်သင့် မလုပ်ထိုက်သည်ကို လုပ်မိ၍ တွေးတောပူပန်ခြင်း သဘောများ မရှိတော့ပြီ။

အခြံအရံ မရှိခြင်း၊ လာဘ် မရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲဒုက္ခ ရောက်ခြင်းတို့ကြောင့် စိတ်ဆိုး ဝမ်းနည်းခြင်း မဖြစ်တော့ ချေ။

မတင့်တယ် မလှပဘဲ တင့်တယ်လှပသည်ဟု ဖောက်ပြန်စွာ မှတ်ထင်ခြင်း၊ သိမြင်ခြင်း မရှိတော့၊ အမှန်အတိုင်းသာ မှတ်ထင်သိမြင်တော့သည်။

ချစ်ခင် သင့်မြတ်နေသူများကို မသင့်မမြတ်ဖြစ်၍ ကွဲပြားအောင် ရန်တိုက်ပေးမှု မပြုလုပ်သင့်သည့်အပြင် သူတစ်ပါး နားမခံသာအောင် ကြမ်းတမ်းယုတ်မာသည့် စကားကို ပြောဆိုခြင်း၊ ဆဲရေးခြင်း မပြုလုပ်တော့ပေ၊ အခြားသူများ ပျက်စီးနစ်နာ အောင်ကိုမူ ပြုလုပ်ရန် မဆိုထားဘဲ စိတ်မှာပင် မကြံစည်ချေ။

ရဟန္တာ အရိယာ ဝိဇ္ဇာမိဂ်ရသည် နာမ်ပိုင်းဆိုင်ရာ အညစ်အကြေးဟူသမျှ အကုန်အစင် ပယ်ရှင်းအပ်လေပြီ။

အလွန်သိမ်မွေ့သော အမှန်တရား မသိခြင်း၊ ဗြဟ္မာဘဝကို တပ်မက်ခြင်း၊ မိမိကိုယ်ကို မိမိ အထင်ကြီး၍ ထောင်လွှား တက်ကြွခြင်း၊ စိတ်မတည်ကြည် ပျံ့လွင့်ခြင်း၊ စိတ်ထိုင်းမှိုင်းခြင်း၊ အိပ်ငိုက်ခြင်း၊ မကောင်းသည့်အရာ၌ မရှက်ခြင်း၊ မလန့်ခြင်း ဟူသော နာမ်ပိုင်းဆိုင်ရာ အညစ်အကြေးများကို အကြွင်းမဲ့ ပယ်ရှားနိုင်ပေသည်။

အကျိုးမဲ့ အရှုတ်အနောက် ပြောခြင်း၊ မတော်မလျော် မှားယွင်းစွာ ကြိုးစားအားထုတ်ခြင်းတို့မှလည်း ကင်းလွတ်လေ ပြီ၊ လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်းတို့၌ သာယာမှု မရှိပြီ၊

ဆင်းရဲဒုက္ခ သဘောတရားကို ချမ်းသာသုခဟု ဖောက်ပြန်သော မှတ်ထင်သိမြင်မှုလည်း မရှိပြီ၊ မတော်မသင့်သော အားဖြင့် သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်ခြင်းလည်း ကင်းပြီ၊

ရုပ်ခန္ဓာကိုယ်ကြီး၌ မည်မျှပင် ဆင်းရဲမှု ဖြစ်နေစေကာမူ စိတ်မချမ်းသာမှု စသည့် ဆင်းရဲခြင်း အနည်းငယ်မျှ မရှိတော့ ပေ၊ မိမိစိတ်ကို လိုသလို ထားနိုင်သည့် စွမ်းအင်ကို ပိုင်ဆိုင်နေပြီ ဖြစ်သောကြောင့် -

၁။ စက်ဆုပ်ရွံရှာဖွယ် အာရုံကို စက်ဆုပ်ရွံရှာဖွယ် မဟုတ်ဟုလည်းကောင်း

၂။ စက်ဆုပ်ရွံရှာဖွယ် မဟုတ်သည့် အာရုံကို စက်ဆုပ်ရွံရှာဖွယ် အသုဘဟုလည်းကောင်း

၃။ ကောင်းသည့်အာရုံ၊ ဆိုးသည့်အာရုံတို့ကို တွေ့ ကြုံရာ၌ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း မပြုလျစ်လျူရှု၍ လည်းကောင်း စိတ်ကို ပြုပြင်ထားနိုင်ပေသည်။

ဤကား အဆင့်ဆင့်သော အရိယာ ဝိဇ္ဇာမိုရ်တို့၏ သဘောသဘာဝ ဖြစ်သည်။

အို - စာရှုသူ၊ ဤမျှသော စကားအစဉ်ဖြင့် "ဝိဇ္ဇာဆိုတာ ရှိပါသလား" ဆိုတဲ့ မေးခွန်းကို ဖြေရာ အချုပ်အားဖြင့် -

၁။ ဂန္ဓာရီဝိဇ္ဇာ

၂။ လောကီဝိဇ္ဇာ

၃။ အရိယာဝိဇ္ဇာ

ဟူ၍ သုံးမျိုးခွဲ၍ ဖြေဆိုပြီးမြောက်ပေပြီ။ စာရှုသူသည် အဘယ်ဝိဇ္ဇာလမ်းစဉ်သို့ လိုက်နာနေသနည်း။ လမ်းစဉ်မှားနေက အမှန်သို့၊ မှန်နေက ပန်းတိုင်သို့ အမြန်ရောက် တက်လှမ်းရေးသည် အလွန်အရေးကြီးလှပါသတည်း။

- ✦ ဝိဇ္ဇာဆိုတာ၊ အပြောသာ၊ သိတာနည်းလှသည်။
- ✦ ဝိဇ္ဇာအပြား၊ ဘယ်နှစ်ပါး၊ သိထားရပေမည်။
- ✦ ပယ်ရန်ဝိဇ္ဇာ၊ လိုက်ဝိဇ္ဇာ၊ နှစ်ဖြာကွဲရမည်။
- ✦ ပယ်ရန်ကို တွယ်၊ လိုက်ရန် ပယ်၊ အပါယ်ရောက်တော့မည်။
- ✦ ပယ်ရန်ကို ပယ်၊ လိုက်ရန် တွယ်၊ အေးဖွယ်ရောက်တော့မည်။

# ပါဠိ မရွတ်ပါနဲ့ဘုရား

(၁၂၉)

ကိုယ်တွင်းရောဂါ၊ ဝေဒနာလည်း
ဆရာကောင်းနှင့်၊ ဆေးကောင်းတွေ့မှ
ချမ်းသာရ၏၊ မုချမှန်စွာ
ဟူစပါရှင့်၊ မိစ္ဆာဒိဋ္ဌိ
ယူဘိယွင်းချော်၊ အပါယ်ဖော်တည့်။

သူတော်မဟုတ်၊ သူယုတ်တို့အား
ထိပါးရောယှက်၊ မိတ်ဖက်ဘယ်ခါ
မပြုရာဘူး။

ပညာရှိပေါင်း၊ သူတော်ကောင်းနှင့်
အကြောင်းသင့်မျှ၊ ပေါင်းမိကြ၍
သဒ္ဓမ္မသဝန၊ ကြားနာရမှ
ဝါဒသမ္မာ၊ တည်နိုင်စွာရှင့်။

ကြားနာသုတ၊ မြတ်ဆန္ဒကို
သားလှုရတနာ၊ မြမကဲ့နှင့်...။

တောထွက်ခါနီးတွင် သားကြီးသြရသအား ခေါ်၍ ဆုံးမဟန်ကို ရေးထားသော မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာ ဖြစ်သည်။ လင်္ကာ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ပေါ်လွင်ထင်ရှားလှသည်။

ပညာရှိသူတော်ကောင်းနှင့် ပေါင်းမိ၍ သူတော်ကောင်းတရားကို နာရမှသာ မှန်ကန်တဲ့ အယူဝါဒမှာ တည်နိုင်မယ်။ သို့အတွက် သားကြီးဩရသဟာ သူတော်ကောင်းတရား နာကြားမှုကို မကျွာမကင်းပါနဲ့၊ အမြဲနာကြားပါဟု တိုက်တွန်းမှာကြားသည်။

မှန်ပါသည်။ သူတော်ကောင်းတရား နာကြားမှုသည် အရေးကြီးလှပါသည်။ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါအရှင်မှတစ်ပါး သာဝက အားလုံးမှာ သူတော်ကောင်းတရား နာကြားရမှသာ မှန်ကန်သော အမြင်ရှိ၍ သူတော်ကောင်း ဖြစ်နိုင်မည် မဟုတ်လော။

သို့ဖြစ်၍ နိဗ္ဗာန်ရောက်ရေးအတွက် ပထမအရေးကြီးဆုံးမှာ တရားနာမှုပင် မဟုတ်ပါလော။ တရားနာမှု နောက်မှသာ အားထုတ်မှု ဖြစ်ပါသည်။ တရားနာမှု မှန်မှသာ တရားအားထုတ်မှု မှန်ပါမည်။ တရားနာမှု မမှန်ပါလျှင် တရားအားထုတ်မှု မမှန်နိုင်ပါ။

ယင်းသို့ဆိုသော် အယူဝါဒ အမှန်အကန်သို့ မသက်ရောက်နိုင်တော့ပါ။ အယူဝါဒ မမှန်ကန်သော် ပြုသမျှ ပြောသမျှ ကြံသမျှတွေဟာ ဒုက္ခရောက်ဖို့တွေသာ ဖြစ်ပါတော့မည်။ အယူဝါဒ မှန်ကန်သော် ပြုသမျှ ပြောသမျှ ကြံသမျှတွေ သုခရောက်ဖို့သာ ဖြစ်ပါတော့မည်။

ယင်းသို့ သုခရောက်ရေး၊ ဒုက္ခရောက်ရေး၏ ရှေ့တွင် ဘာရှိပါသလဲ။ အယူဝါဒ အမှန်.အမှား ရှိပါသည်။ ယင်း အယူဝါဒ အမှန်.အမှား ၏ ရှေ့တွင် ဘာရှိသလဲ။ တရားနာမှု ရှိပါသည်။

ယင်းတရားနာမှုသည် အရေးကြီးလှ၏။ တရားမှားကို နာမိသော် အယူမှားမည်။ တရားမှန်ကို နာပါမှ အယူမှန်မည်။ သို့ဖြစ်၍ အမှား.အမှန်တရားဖြင့် ကန့်သတ်နေသည်ကို သတိပြုရမည်။

ယခုခေတ်တွင် တရားတွေ ပေါ်နေသည်။ ပေါ နေသည်။ အကောင်းတွေလော၊ အဆိုးတွေလော၊ အမှားတွေလော၊ အမှန်တွေလော ဝေခွဲနိုင်သူ ရှိသလို မဝေခွဲနိုင်သူတွေလည်း ရှိပေသည်။

အမှား.အမှန်၊ အကောင်း.အဆိုးကို မဝေခွဲနိုင်သူအဖို့ အမှန်နည်းပါး အမှားများမည်သာ ဖြစ်သလို အကောင်းနည်းပါး အဆိုးများမည်သာ ဖြစ်ပါသည်။

တရားဟော မေ့ကထိကတွေ အများကြီးပင်၍ တရားတွေ နာကြားကြသည်။ ဟောသူတွေ များသလောက် ဟောပုံဟောနည်းလည်း အမျိုးမျိုးဖြစ်သည်။ အချို့က အသံကို ဦးစားပေး၍ ဟောသည်။ ကြိုက်သူလည်း များသည်။ ဘာကို ကြိုက်တာလဲ။

အချို့က ရယ်စရာ ဦးစားပေး၍ ဟောသည်။ ကြိုက်သူလည်း များသည်။ ဘာကို ကြိုက်တာလဲ။ အချို့က အဆို.အငို ဦးစားပေး၍ ဟောကြသည်။ ကြိုက်သူလည်း များကြသည်။ ဘာကို ကြိုက်တာလဲ။

အချို့က ပါဠိပါဠ်သား ဦးစားပေး၍ ဟောကြသည်။ ကြိုက်ကြသည်။ ဘာကို ကြိုက်တာလဲ။

ယင်းသို့ စသည်ဖြင့် ဟောသူ အမျိုးမျိုး၊ တရား အမျိုးမျိုး၊ နာသူ အမျိုးမျိုး၊ အကြိုက် အမျိုးမျိုး ရှိနေရာ အဘယ်သို့ လိုက်၍ ဟောမည်နည်း။

## မိမိကိုယ်တွေ့

မိမိကိုယ်တွေ့ အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။ မိမိသည် တရားဟောရာ၌ တိပိဋကရေ မေ့ဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်၏ ဟောနည်းကို သဘောကျသည်။

သို့ဖြစ်၍ မိမိသည် ပါဠိတော်ဟောစဉ် ဟောသည်။ ဆရာတော်ဘုရားကြီးမှာ မည်သို့တွေ့မည် မပြောတတ်သော်လည်း မိမိမှ တစ်နေရာတွင် တရားဟောခိုက် ဒကာတစ်ယောက်၏ လျှောက်ထားချက်နှင့် တွေ့ရ၏။

"အရှင်ဘုရား၊ တရားဟောတဲ့အခါ ပါဠိတွေက သိပ်များတယ်ဘုရား၊ အရှင်ဘုရားလည်း မော၊ တပည့်တော်တို့လည်း နားမလည်ပါ ဘုရား။ အရှင်ဘုရား မြန်မာလိုရှင်းပြတာ သိပ်ရှင်းပါတယ်ဘုရား၊ ပါဠိ မရွတ်ပါနဲ့ဘုရား၊ အဲဒီလို မြန်မာလိုပဲ ရှင်းပြပါဘုရား"

"အင်း - ပါဠိတော်ရွတ်တာက ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်တဲ့သဘောလည်း ပါတယ် ဒကာကြီး၊ ပြီးတော့ အလွန်တရာ ကြားနာရခဲယဉ်းလှတဲ့ ပါဠိတော် နာရတော့ ဒကာကြီးတို့ နား.မှာ အမြတ်ဆုံးသော နာကြားခြင်း "သဝနာနုတ္တရိယ" ဖြစ်စေချင်လို့ပဲ ဒကာကြီး"

"မှန်ပါ၊ ကောင်းတော့ ကောင်းပါတယ်၊ နားမလည် ဖြစ်နေပါတယ်ဘုရား"

"အင်း - ခက်တော့ အခက်သား ဒကာကြီးရဲ့ ပါဠိ မပါပြန်တော့လည်း ခက်တယ်၊ ပါပြန်တော့လည်း ခက်တယ်၊ ဘယ်အခက်လိုက်မလဲ"

"ပါဠိ မပါတော့ လူနည်းစုက မကြိုက်မှာပါ ဘုရား၊ ပါဠိ ပါတော့ လူများစု မကြိုက်မှာပါဘုရား၊ အရှင်ဘုရား ကြည့်သာ ဟောပါဘုရား"

"အင်း - ဒီလိုဆိုရင် လယ်တီဆရာတော်ဘုရားကြီးလို ဟောမှနဲ့ တူတယ်"

"ဘယ်လို၊ ဘာလဲဘုရား"

"ဟို ၁၂၇၀ - ပြည့်နှစ်လောက်က လယ်တီဆရာတော်ဘုရားကြီးဟာ ပုသိမ်မြို့သို့ ကြွရောက်ပြီး တရားဟောတော်မူတယ်တဲ့"

"မှန်ပါ ဘုရား"

"ဆရာတော်ဘုရားကြီးက ကျမ်းရေးတော့လည်း မြန်မာလို အရေးများတယ်၊ တရားဟောတော့လည်း မြန်မာလိုပဲ အဟောများတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ပါဠိမှ ကြိုက်တဲ့ ပုဂ္ဂိုလ်အချို့က မကြိုက်တော့ မကြိုက်တဲ့အသံ ထွက်ဟန်တူပါတယ်"

"မှန်ပါ ဘုရား"

"အဲဒီအသံကို လယ်တီဆရာတော်ဘုရားကြီး ပြန်ကြားတော့ တစ်ညတွင် ဆရာတော်ဘုရားကြီးက တရားဟောတော်မူရင်း အင်စပက်တော် မောင်ကျော်စံအား မိန့်ကြားတော်မူတယ် -

"မောင်ကျော်စံရေ - မင်းတို့ ပုသိမ်မြို့သူ မြို့သား လူအများတို့က တီးတိုးပြောဆိုကြတဲ့ စကားအချက်က - သည်လိုတဲ့ကွဲ့"

"လယ်တီဆရာတော် ဟောပြောတဲ့ တရားကလည်း ပါဠိ တစ်တိုတစ်စ တစ်ပုဒ်တစ်ဂါထာမျှ မပါဘဲ မြန်မာစကားပြေသက်သက်နဲ့ ဆား.မပါတဲ့ ဟင်းလို ပေါ့ပျက်ပျက် ရှိလှချေရဲ့လို့ ပြစ်တင်စကား ကဲ့ရဲ့သံများကို ကြားရတယ်ကွယ့်၊ သို့အတွက် သည်နေ့ ညဥ့်တရားပွဲမှာ ပါဠိ ထည့်ပြီး ဟောရလိမ့်ဦးမယ်၊ ကိုင်း - နားထောင်ကြကွယ့်"

"ဟေတုပစ္စယော - အဲဒါ ပါဠိကွဲ့၊ နားလည်ကြရဲ့လား၊ အဲဒီပါဠိက ပဋ္ဌာန်းပါဠိတော်ကြီးမှာ အစ.ဖြစ်တဲ့ အခြေခံပါဠိတော်ကွယ့်"

"တို့မြန်မာလူမျိုးတွေ ခက်နေတာက ကိုယ် နားမလည်တဲ့၊ ကိုယ် မပိုင်တဲ့ ပါဠိများကို ရွတ်ဆို မြိုင်မြိုင် ဆိုင်ဆိုင် လှိုင်လှိုင်ကြီး ဟောပြောတဲ့ ပုဂ္ဂိုလ်များကိုမှ လူတော်လူကောင်း လူတတ် လူမြတ် လူသမတ် လို့ ပင့်မြှောက် ချီးကျူးကြပေတယ်"

"တို့မြန်မာလူမျိုးမှာ မြန်မာလို တိကျမှန်ကန်စွာ ပြန်ဆိုပြီး မြန်မာ့နားမှာ ကွက်ကွက်ကွင်းကွင်းထင်းခနဲ ထင်းခနဲ ဝင်းခနဲ ရှင်းခနဲ မြင်လုံးထွားအောင် မြန်မာဆန်ဆန် ဘာသာပြန်ကိန်းကြီး လိုနေတယ်ကွယ့်"

"ပဋ္ဌာန်း (၂၄)ကျမ်းကို နှုတ်ငုံဆောင်ပြီး ဟောကြားလို့ နာတဲ့သူက နာသော်လည်း အနက်အဓိပ္ပာယ် မြန်မာပြန်ကိန်းကြီး ချက်မပိုင်ရင် ဟောသူ နာသူမှာ ကုသိုလ်တော့ဖြင့် ရပါရဲ့၊ ဓမ္မရသ - တရားအရသာ၊ ဓမ္မသဘာဝ - တရားသဘော ကိုတော့ ရယူခံစားနိုင်တဲ့ အခြေအနေ မဆိုက်ဘူးကွယ့်"

"လွန်စွာရခဲတဲ့ တွေ့ ကြုံနိုင်ခဲတဲ့ ဘုရားသာသနာတော်ကြီးနဲ့ တွေ့ ကြုံရတဲ့အခါမှာ ဟောမှုပြောမှု နာမှု ကြားမှု ဝတ်ကျေတန်းကျေ ကုသိုလ်ရရုံမျှ တင်းတိမ်ရောင့်ရဲ မနေကြနဲ့ကွယ့် မောင်ကျော်စံရဲ့"

"ထိုကုသိုလ်မျိုးထက် အဆင့်အတန်းမြင့်တဲ့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ ဘေးဆိုးကြီးကို တွန်း လှန်ဖြိုဖျက်ပြီး အနတ္တသမ္မာဒိဋ္ဌိ မဂ္ဂင်ဝိဇ္ဇာဉာဏ် အမြင်သန့်မှသာလျှင် အပါယ်ဘေးမှ စိတ်ချရတယ်ကွယ့်"

"တို့မြန်မာလူမျိုးမှာ ခက်နေတာက တစ်ခုကျန်သေးတယ်၊ ကျမ်းစာရေးတော့မယ်၊ ကျမ်းစာပြုစီရင်တော့ မယ်ဆိုရင် ဗီရိုတွေရှိသမျှ၊ စာတိုက်တွေ ရှိသမျှ ပေစာထုပ်တွေ၊ ကျမ်းစာအုပ်တွေ ထုတ်လိုက်တာ ပိုးဟပ်တို့၊ အိမ် မြှောင်တို့တောင် ကောင်းကောင်း မနေရဘူး"

"ပေစာ၊ ဘုတ်အုပ်တွေ ထုတ်ပြီး ရှေ့ကထား၊ "ထို့ကြောင့် ပါဠိတော်က သည်လိုဆိုတယ်၊ အဋ္ဌကထာက၊ ဋီကာက၊ ယောဇနာက၊ နိဿယ၊ အာစရိယဝါဒက သည်လိုဆိုတယ်" မိမိရေးတဲ့ ကျမ်းစာအုပ်မှာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ နိဿယ၊ အာစရိယဝါဒ၊ ပါဠိအကိုးအကား၊ အထောက်အထားတွေ မြိုင်မြိုင်နဲ့ ကျမ်းစာအုပ်များကို ရေးသားစီရင်ကြတယ်"

"စာကြည့်ပရိသတ်တွေကလည်း "ပါဠိတော်တွေ စုံပါပေရဲ့၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ နိဿယ စုံပါပေရဲ့ နှံ့စပ်ပါပေရဲ့ ဂန္ထန္တရ ဗဟုသုတတွေ များပါပေရဲ့" လို့ ချီးကျူးစကား ပြောကြားကြပေတယ်"

"ကျမ်းပြုဆရာကလည်း လူကြိုက်များတဲ့ ပါဠိအကိုးအကား ပြိုင်ဆိုင်မှုတွေကိုသာ ဂရုစိုက်ကာ ရေးရ တာကြောင့် ပါဠိတတ်ကျွမ်းတဲ့ ရဟန်းတော်တွေရဲ့ဘောင်မှာသာ ခေါင်းပေါင်းစ ထောင်ကြပါပေတယ်"

"ပါဠိ အကိုးအကားများလို့ လူသာမန်တို့ မဖတ်နိုင်ဘဲ ခက်ခဲနက်နဲမှုသာ ကျမ်းပြုဆရာ ဂုဏ် ထင်ပေါ်ကြ သဖြင့် ပါဠိ အကိုးအကားများစွာဖြင့် ထုတ်ဆောင်ကြရသောကြောင့် ပါဠိ မကျွမ်းကျင်ကြသော မြန်မာလူမျိုးများ မှာ "ဓမ္မရသ - တရားအရသာ" များကို မခံစားကြရဘဲ ကုသိုလ်ရရုံလောက်မျှနဲ့သာ တစ်ဘဝပြီးဆုံးသွားကြရ လေတော့တယ်"

"ငါတို့ မန္တလေး စံကျောင်းတိုက်မှာ နေစဉ် ဤအခက်အခဲကြီးတွေကို ကျော်လွှန်နိုင်အောင် ငါစာတတ် လျှင် မြန်မာလူမျိုးများအတွက် မြန်မာပြန်ဆိုမှု လုပ်ငန်းစဉ်ကြီးများကို တွင်ကျယ်စွာ လုပ်မယ်လို့ မြန်မာစကား အပြောအဆို တတ်သိလိမ္မာကြတဲ့ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၊ လူပညာရှိ၊ စာတတ်၊ ပေတတ်၊ စကားတတ် ဦးဖားတို့ ထံ သီတင်းနေ့တိုင်း ဝတ်ထားပြီး မြန်မာစကား လေ့လာပြောကြားမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်ခဲ့တယ်"

"ငါတို့သဘောက "ကျမ်းပြုဆရာ ဂုဏ် မထင်ပေါ်ချင်နေပါစေ၊ ကျမ်းစာ ကြည့်ရှုကြတဲ့ စာကြည့် ပရိသတ်တွေ ကွက်ကွက်ကွင်းကွင်း ထင်းခနဲ လင်းခနဲ ဝင်းခနဲ အသိအလိမ္မာ ဉာဏ်ရှင်များမှုကိုသာ ပဓာနထား၍ ရေးသားတဲ့ ကျမ်းစာတွေ များရမယ်"

"ပါဠိ အကိုးအကားများမှာ မထည့်လျှင် မဖြစ်မှသာ ထည့်တယ်၊ ပါဠိ ပါဌ်သား နည်းနိုင်သမျှ နည်းအောင် ဂရုစိုက်ပြီး ရေးတယ်၊ သို့သော် ပါဠိတော် စည်းမျဉ်း၊ ဓမ္မစည်းမျဉ်း အလွတ်ရေးတာမဟုတ်၊ စည်းမျဉ်းကိုက်ညီအောင် ရေးတယ်"

"အချို့က တို့ကျမ်းစာအုပ်တွေ ပါဠိ ပါဌ်သား မပါဘူး၊ ပေါ့ပျက်ပျက် ရှိလှတယ်လို့ ကဲ့ရဲ့ကြတယ်"

"တို့က မြန်မာလူမျိုးများအတွက် ရေးတာ၊ ပါဠိလူများအတွက် ရေးတာ မဟုတ်ဘူးလို့ ပြောလိုက်ရတယ် ကွယ့် မောင်ကျော်စံရဲ့"

စသည်ဖြင့် အဲဒီလို မိန့်ကြားတော်မူတယ်၊ ဒါဖြင့် ဒီနေ့ည ဦးပဥ္စင်းတို့ ပါဠိမပါ မြန်မာသက်သက်ပဲ ဟောမှန့် တူတယ်နော်"

"မှန်ပါ၊ ပါဠိတော့လည်း ပါပေ့ါဘုရား၊ ဒါပေမဲ့ နည်းနည်းပေ့ါ"

အို - စာရှုသူ၊ မိမိသည် တရားဟောရာတွင် ယင်းသို့ တွေ့သော်လည်း စာရေးရာတွင်မူ ပါဠိ မပါလို့ ဆိုသူနှင့် တွေ့ပြန်၏၊ ပါဠိ ထည့်မိလို့ အခက်တွေ့သူနှင့် တစ်ခါ တွေ့ပြန်၏။

ယင်းသို့ဖြင့် မိမိသည် တရားဟောလျှင် ပါဠိ ပါသော်လည်း စာရေးလျှင် ပါဠိ မပါတော့ပါ။ ပါဠိမှာ နားနဲ့ထောင်၍ နားလည်သော်လည်း မျက်စိနှင့်ဖတ်၍ မတတ်သူအဖို့ အခက်တွေ့၍ ချန်ခဲ့ပါသတည်း။

✦ တရားဟောရာ၊ ပါဠိ ပါ၊ မပါ ရှိကြသည်။

✦ ပါဠိ မပါ၊ ပါဠိ ပါ၊ နှစ်ဖြာ ကြိုက်မညီ။

✦ ပါဠိ မပါ၊ လူနှစ်ဖြာ၊ သေချာနားလည်သည်၊

✦ ပါဠိ ပါရာ၊ အချို့မှာ၊ သေချာမလည်ပြီ။

✦ နားလည်လေမှ၊ အကျိုးရ၊ ဟောရကျိုးနပ်သည်။

# လူစုတဲ့သဘောလောက်ပဲ တွေ့ရတယ်

(၁၃၀)

"သာသနာပြု"ဟူသော အမည်သည် ကောင်း၏၊ အလွန်ကောင်း၏၊ မွန်မြတ်လှ၏၊ အလွန်မွန်မြတ်လှ၏၊ သို့သော် ယင်းကောင်းသော၊ မွန်မြတ်သော အမည်နှင့် လိုက်လျောညီအောင်၊ ညီမျှတန်းတူအောင် ပြုလုပ်ဆောင်ရွက်ဖို့ရန်ကား မလွယ်ကူလှချေ၊

မှန်၏၊ သူများကို မေတ္တာထား၍ သနားလှပါသည်ဆိုကာ သာသနာပြုသူသည် မိမိတွင် အလျင် သာသနာတည်ရမည် ဖြစ်၏၊ သာသနာတည်နေသူတွင် ကိုယ်၏ငြိမ်သက်မှု၊ နှုတ်၏ငြိမ်သက်မှု၊ စိတ်၏ငြိမ်သက်မှု ရှိရမည် ဖြစ်၏၊

ယင်းသို့ ကိုယ်, နှုတ်, နလုံး သုံးပါးလုံး ငြိမ်သက်တည်ကြည်၍ ကျင့်ကြံမှု ရှိသူ ဖြစ်ရမည်၊ အပြစ်ကင်း၍ သန့်ရှင်းစွာ ဟောပြောနိုင်မှု စသည် ပြည့်စုံရမည် ဖြစ်၏၊ သို့ မပြည့်စုံက သာသနာအပြုခံ ပုဂ္ဂိုလ်များသည် စိတ်ပျက်သွားတတ်သည်၊

မှန်၏၊ သာသနာပြုသူနှင့် သာသနာအပြုခံ နှစ်မျိုးတွင် သာသနာပြုခံသူမှာ အသစ်အသစ်ကို တိုး၍တိုး၍ ရှာဖွေသူ ဖြစ်၏၊ ယင်းသို့အသစ်အသစ်ကို တိုး၍တိုး၍ ရှာဖွေသူသည် မူလရှိပြီး အယူအဆဟောင်း၊ အစွဲဟောင်း၊ ဘာသာဝါဒအဟောင်းများကို စွန့်ပြီး အသစ်အသစ် စုံစမ်းကာ ရှာဖွေဝင်ရောက်လာခြင်း ဖြစ်၏၊

ယင်းအချက်ကို သာသနာပြုသူသည် မမေ့ရန် အထူးသဖြင့် သတိပြုနေရမည်၊ သတိ ရှိနေရမည် ဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ အသစ်အသစ် ရှာဖွေသူသည် ရပ်မနေ၊ ဆက်လက်၍ ဝင်လာစ အယူဝါဒကို ရှာဖွေသည်၊ စုံစမ်းလေ့လာသည်၊ သို့ စုံစမ်း ရှာဖွေလျှင် အစုံစမ်း ခံနိုင်ရမည်၊ ဖွင့်ဖော်ပြရမည်၊ သို့ကြောင့် သာသနာပြုသူသည် သာသနာပြုခံရသူ၏ အစုံစမ်း ခံနိုင်ရည်ရှိသူ ဖြစ်ရမည် ဖြစ်၏၊

အစုံစမ်း မခံနိုင် ဖွင့်ဖော်မပြနိုင်သော် အသစ်အသစ်ကို ရှာဖွေသူသည် စိတ်ပျက်သွားတတ်သည်၊ ယင်းသို့ ဖြစ်ခြင်းသည် သာသနာပြု အမည်ခံသူ၏ ပျော့ကွက် ညံ့ကွက် ဟာကွက်ပင် ဖြစ်၏၊

ယနေ့ မြန်မာပြည်တွင် ပရိယတ်မဖက် ပဋိပတ် သက်သက်ဖြင့် သာသနာပြုအမည်ခံ အဖွဲ့အစည်းတွေ ရိပ်သာတွေ များစွာ ရှိပေသည်၊ သို့ များစွာရှိသော်လည်း စုံစမ်းလေ့လာသူတို့ ချဉ်းကပ်၍ ခဏမျှ စုံစမ်းလေ့လာလျှင်ပင် အစုံစမ်း မခံနိုင်သော

အခြေသို့ ရောက်ရှိရသော အဖွဲ့အစည်း ရိပ်သာတွေသာ များလျက် ရှိပါသေးသည်။ အစုံစမ်း ခံနိုင်သော အဆင့်မှာ မပြောပလောက်အောင် နည်းပါးလျက် ရှိပါသေး၏။

သို့ဖြစ်၍ ပဋိပတ်သာသနာပြု အမည်ခံသူတို့သည် အသစ်အသစ် လေ့လာ၍ ဝင်လာသူတို့၏ အစုံစမ်း ခံနိုင်ရန် မိမိတို့၏ လက်ရှိအခြေအနေ၊ လက်ရှိ အောင်မြင်မှုမှုလောက်နှင့် တင်းတိမ်အားရမနေဘဲ ဆက်လက်၍ အရည်အချင်းကို မြှင့်သင့်၏။

ယင်းသို့ ကြိုးစားရာ၌ အဆောက်အအုံ ကောင်းအောင်၊ အဆောက်အအုံ များအောင်၊ လူစည်ကား အသင်းအဖွဲ့များအောင် ကြိုးစားမှုမျိုးကို မဆိုလိုပါ။

ဆိုလိုသည်မှာ မိမိတို့ပြုနေတဲ့ပဋိပတ် သာသနာပြု နည်းလမ်းကိုအစုံစမ်း အရှာဖွေ ခံနိုင်ရေးကိုကြိုးစားရမည်၊ တစ်ဖန် မိမိတို့ကိုလည်း ပဋိပတ် အကျင့်မြတ်ရှိသူတွေ ဟုတ်.မဟုတ် အစုံစမ်း အရှာဖွေ ခံနိုင်ရည်ရှိအောင် ကြိုးစားရမည် ဖြစ်၏။

မှန်၏၊ ပဋိပတ်အကျင့်မြတ်ကို ဖွင့်ဖော်ဟောပြ သာသနာပြုသူတို့တွင် ယင်းပဋိပတ် အကျင့်မြတ်ကို ပါးစပ်ဖျား၊ နှုတ်ဖျား၊ လျှာဖျားမျှနှင့် မပြောဟောဘဲ မိမိ၏ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို လေ့လာကြည့်ခံမှုနှင့် မိမိတို့ဌာနသို့ ခဏခေတ္တ လေ့လာကြည့်ခံမှုနှင့် ခဏခေတ္တဆွေးနွေးကြည့်ခံမှုနှင့် ကျေနပ်လောက်အောင် ကြိုးစားသင့်၏။

အဘယ့်ကြောင့်ဆိုသော် ခဏခေတ္တမျှမြင်တွေ့စုံစမ်း လေ့လာရုံမျှ မခံနိုင်သူတွင် ကြာရှည်လေ့လာ စုံစမ်းရှာဖွေနိုင်လောက်သော အရည်အသွေး အရည်အချင်း ရှိပါအံ့နည်း ဟူ၍ ဆုံးဖြတ်ကာ ထွက်ခွာသွားမည်သာ ဖြစ်သောကြောင့် ဖြစ်၏။

မှန်၏၊ တစ်ချိန်က ကြုံခဲ့၏။

မိမိသည် ဒေသနာခရီးသည်အဖြစ်နှင့် ခရီးသွားခိုက် ဖြစ်၏။ ခေတ်ပညာရှိ ခေတ်အမြင်ရှိ ပညာရှိ လူကြီးလူကောင်း တစ်ယောက်နှင့် တစ်နေရာတွင် ဆုံမိ၏၊ စကား စပ်မိ၏။ အပြောအဆို ဖြစ်၏။

"မောင်ပဋ္ဌင်း ဘယ်မှာသီတင်းသုံးပါသလဲ"

"(.....)ကျောင်းမှာ သီတင်းသုံးပါတယ်"

"ဘာတွေ လုပ်ကိုင်နေပါသလဲ မောင်ပဋ္ဌင်း"

ဒကာကြီးမှာ အလွတ်နေတတ်သူ မဟုတ်၊ အမြဲပင် အလုပ်တစ်ခုခုကို လုပ်ကိုင်နေတတ်သူ လေ့လာနေတတ်သူ ခေတ်အမြင် ရှိသူဖြစ်၏။ သူကား အလုပ်မရှိ အလကားနေသူကိုလည်း ကျေနပ်သူ မဟုတ်ပေ။ သို့နှင့် မိမိက မိမိလုပ်နေသည့် အလုပ်မှန်ကို ဖွင့်ဖော်ပြောပြလိုက်သည်။

"ဦးပဋ္ဌင်း တရားအားထုတ်နေတယ် ဒကာကြီး"

"အို - မောင်ပဋ္ဌင်းကလဲ ပရိယတ်စာပေတွေ ကြိုးစားထားပြီးပါလျက်နှင့် စာတော့ မပို့ချဘဲ မဟုတ်တရုတ် ဘရုတ် သုက္ခနှင့် တရားအားထုတ်နေရလား မောင်ပဋ္ဌင်းရဲ့"

"ဒကာကြီးကလည်း ပြောရက်လိုက်တာ၊ တရားအားထုတ်တာဟာ ဘယ့်နယ် မဟုတ်တရုတ် ဘရုတ်သုက္ခရမှာလဲ၊ ဦးပဋ္ဌင်းတို့ သာသနာတော်မှာ ပရိယတ်ရယ်၊ ပဋိပတ်ရယ်လို့ လုပ်ငန်းနှစ်မျိုးပဲ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ် မောင်ပဋ္ဌင်း"

"ဒီတော့ ပရိယတ်သင်ပြီးရင် ပဋိပတ်အကျင့်မြတ်ကိုပဲ ပဋိဝေဓပေါက်အောင် ကျင့်ကြံအားထုတ်ရမယ် မဟုတ်လား"

"ကျင့်တော့ ကျင့်ရမှာပေါ့ မောင်ပဋ္ဌင်းရဲ့ ဒါပေမဲ့ ခုခေတ် မြို့ထဲ၊ ရွာထဲမှာ ဖွင့်ထားတဲ့ အတော်များများသော ရိပ်သာတွေဟာ သိပ်ဟုတ်တာ မဟုတ်သေးဘူး"

"ဘာဖြစ်လို့ သိပ်မဟုတ်တာလဲ၊ ဘာကို ကြည့်ပြောတာလဲ၊ ကဲ - ပြောစမ်းပါဦး၊ အကြောင်းကို"

"တရားပြဌာန်းရိပ်သာအချို့က တရားပြဆရာ၊ တရားဟောဆရာတော်တော်များများဟာ အဟောအပြောနှင့် အလုပ်နှင့် မညီတာတွေ များစွာတွေ့ရတယ် မောင်ပဍ္ဍင်းရဲ့"

"ဘယ်လိုတွေ့ရလဲ ပြောစမ်းပါဦး"

"သူတို့ရဲ့နေတာ ထိုင်တာ ဟောတာ ပြောတာတွေဟာ ပရိယတ် စာသင်တိုက်က ပရိယတ်သက်သက် အားထုတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလောက်တောင် ကြည်ညိုဖွယ် မဆောင်တာတွေ၊ မမှန်ကန်တာတွေ တွေ့ရတယ်"

"ဘယ်လိုတွေ့ရမလဲ ပြောစမ်းပါဦး ဒကာကြီးရဲ့"

"တချို့ရိပ်သာက ဓမ္မကထိကတွေဟာ အသံကလေးဆွဲကာ ချွဲကာချွဲကာ၊ ဂုဏ်တွေ ဖော်ကာ၊ သူများအကြောင်း မကောင်းပြော၊ ကိုယ့်အကြောင်းကို အကောင်းပြောနှင့် ဟောတာ ပြောတာတွေ တွေ့ရတယ် မောင်ပဍ္ဍင်းရဲ့"

"ဒါက တချို့တလေပဲ ဒကာကြီးရဲ့"

"တချို့တလေ မလုပ်နဲ့ မောင်ပဍ္ဍင်းရဲ့ တော်တော်များတယ်"

"ကဲ - များတယ်ပဲ ထားပါဦး၊ အသံကလေးဆွဲ၊ အချွဲကလေးနှင့် ဂုဏ်ဖော်ဟောတော့ ပရိသတ် မစွဲမက်ဘူးလား"

"အဲဒါကြောင့် ခက်တာပေါ့ မောင်ပဍ္ဍင်းရဲ့"

"ဘာခက်တာလဲ ပြောစမ်းပါဦး"

"တရားဟောတာ ဘာအတွက်ဟောတာလဲ မောင်ပဍ္ဍင်း"

"အစွဲပြုတ်အောင် ဟောရတာပေါ့"

"တရားနာတာလဲ ဘာအတွက် နာတာလဲ မောင်ပဍ္ဍင်း"

"အစွဲပြုတ်အောင် နာရတာပေါ့"

"ကဲ - ခုတော့ အသံကလေးဆွဲကာ၊ ချွဲကာ၊ ဂုဏ်ဖော်ကာ ဟောတော့ ကိုယ့်အသံ ကိုယ်ပြန်ပြီးတော့ မစွဲနေဖူးလား"

"ဒါတော့ ဘယ်သိမလဲ ဒကာကြီးရဲ့"

"ဘယ်သိမလဲ မလုပ်ပါနဲ့ မောင်ပဍ္ဍင်းရဲ့ မောင်ပဍ္ဍင်းလည်း "ဒီပုတ်ထဲက ဒီ ပဲ" မို့ ဒီလိုပြောတာလား"

"အမယ်၊ မဟုတ်ရပါဘူး ဒကာကြီးရဲ့"

"အသံဆွဲတယ်၊ ချွဲတယ်ဆိုတာ ကိုယ့်ဂုဏ် ကိုယ်ဖော်တယ်ဆိုတာ မစွဲမက်ဘဲ ဆွဲနိုင် ချွဲနိုင် ဂုဏ်ဖော်နိုင်ပါ့မလား၊ မောင်ပဍ္ဍင်း ရိုးရိုးဖြေနော်"

"ဆွဲရင် ချွဲရင် ဂုဏ်ဖော်ရင်တော့ သာယာစွဲမက်လို့ပေါ့ ဒကာကြီးရဲ့"

"တစ်ခါဆွဲရင် အာပတ်တစ်ချက် မသင့်ဘူးလား၊ သင့်သလား မောင်ပဍ္ဍင်း"

"သင့်တာပေါ့ ဒကာကြီး"

"ဒါဖြင့် အသံဆွဲ၊ ချွဲ၊ ဂုဏ်ဖော်ဟောတဲ့ တရားပြဆရာ၊ တရားဟောဆရာတွေ တရားတစ်ပွဲမှာ အာပတ် ဘယ်လောက် သင့်ပါမလဲ မောင်ပဍ္ဍင်း"

"တရားတစ်ပွဲမှာ တစ်နာရီ နှစ်နာရီ အချိန်ကြာတော့ အာပတ် တစ်ရာ နှစ်ရာတော့ သင့်မှာပေါ့"

"ဒီတော့ ဒီတရားပြဆရာ၊ တရားဟောဆရာမှာ ဘုရားရှင်ရဲ့ ဝိနည်းတရားတော် တည်သေးရဲ့လား မောင်ပဍ္ဍင်းရဲ့"

"အင်း - ပြောရမှာ ခက်တယ် ဒကာကြီးရဲ့"

"မခက်ပါနဲ့ မောင်ပဍ္ဍင်းရဲ့ တပည့်တော် ယခု ဆွေးနွေးနေတာ ပုဂ္ဂိုလ်ရေးအရ ဆွေးနွေးနေတာ မဟုတ်ပါဘူး၊ သာသနာရေးအရ သာသနာ့မျက်နှာကြည့်ပြီး ဆွေးနွေးနေတာပါ"

"ဦးပဥ္စင်းလည်း ဒါကြောင့် နားထောင်နေတာပေါ့"

"ဒီလိုဆို မောင်ပဥ္စင်း ဖြေပါလား"

"ဖြေဆို ဒကာကြီးကလဲ အဖြေထွက်နေပြီဟာ ဘာဖြေစရာ လိုသေးလဲ"

" မောင်ပဥ္စင်းကလဲ ဝေ့လည်ကြောင်ပတ်နဲ့"

"ဘယ့်နယ် ဝေ့လည်ကြောင်ပတ်ရမှာလဲ ဒကာကြီးရဲ့"

"တပည့်တော် မေးတယ်၊ အဲဒီလို အသံဆွဲ ခွဲပြီး ဂုဏ်ဖော်ဟောတဲ့ တရားပြဆရာ၊ တရားဟောဆရာမှာ ဝိနည်း တည်. မတည်လေ"

"အဲဒါတော့ အဲဒါနှင့် ပတ်သက်တဲ့ ဝိနည်း ဘယ်တည်တော့မလဲ"

"ဝိနယော ဣတေ သာသနံ ဌိတံ" တဲ့၊ ဝိနည်း မတည်ရင် ဘယ်မှာလာပြီး သာသနာ တည်မှာလဲ"

"သူမှာမှ သာသနာ မတည်ဘဲနှင့် သူများလိုက်ပြီး သာသနာပြုလို့ ရမှာလား မောင်ပဥ္စင်းရဲ့"

"ရလို့ပဲ လိုက်ပြီး သာသနာပြုနေတာ တစ်ပုံကြီးပဲ၊ ဒကာကြီးအတွေ့ မဟုတ်လား"

"အဲဒါတွေက သာသနာပြုနေတာ မဟုတ်ဘူး မောင်ပဥ္စင်းရဲ့"

"သာသနာမပြုလို့ ဘာလုပ်နေတာလဲ ဒကာကြီးရဲ့"

"သာသနာပြုတာ မဟုတ်ဘူး၊ လှူစုနေတာ၊ သူတို့အလုပ်မှာ လှူစုတဲ့ သဘောလောက်ပဲ တွေ့ရတယ်"

"လင်းစမ်းပါဦး ဒကာကြီးဥစ္စာကို ၊ ရှုပ်ကုန်ပါပြီ"

"မရှုပ်ပါနဲ့ မောင်ပဥ္စင်းရဲ့ အရှင်းကြီးပါ"

"ဘယ်လို ရှင်းလဲ"

"သာသနာပြုတယ်ဆိုတာ ကိုယ့်မှာ အလျင် သာသနာတည်အောင် ပြု၊ ပြီးတော့ သူများကို သာသနာတည်အောင် ပြု၊ အဲဒါမှ သာသနာပြုတာပေါ့"

"နို့ - ခုလဲ အဲဒီလို မဟုတ်ဘူးလား"

"ခုက ဒီလိုမဟုတ်ဘူး၊ အချွဲတွေ၊ အဆွဲတွေနဲ့ မက်လုံးပေးပြီး ပရိသတ်ရဲ့ သဒ္ဓါမှန်တွေ ဖျက်ပြီး ကိုယ့်ဘက်ပါအောင် ကိုယ့်အုပ်စု ကြီးထွားအောင်၊ ကြီးပွားအောင် လှူစုတဲ့ သဘောလောက်ပဲ တွေ့ရတယ်"

"အ င်း - ဒကာကြီးပြောမှပဲ လင်းတော့တယ်၊ ရှင်းတော့တယ်၊ ခက်တယ် ဒကာကြီးရယ်၊ လူများစုကလည်း အဲဒါမှ သဘောကျတယ်၊ အကောင်းထင်တယ်၊ အမှန်ထင်တယ်၊ ဒီတော့ ဘယ့်နယ်လုပ်မလဲ၊ ပရိသတ်က လက်ခံနေတော့ ပရိသတ် လိုချင်သူတွေဟာ ပရိသတ်အကြိုက် လိုက်နေရတာနဲ့ တူပါတယ်"

"အဲဒါမှ ခက်တာပေါ့ မောင်ပဥ္စင်းရဲ့ ကိုယ့်ကိုယ်ကို ဘာမှန်းမသိဘူးဆိုတာ အဲဒါမျိုးကို ပြောတာပေါ့"

"ဘယ်လိုလဲ ပြောစမ်းပါဦး ဒကာကြီးရဲ့"

## ဓမ္မဝိဟာရီသုတ်

"ဟို - ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်မှာ ဓမ္မဝိဟာရီသုတ် ဆိုတာ နှစ်သုတ်တောင် ရှိတယ်မဟုတ်လား မောင်ပဥ္စင်း"

"အင်း - ရှိတာပေါ့"

"အဲဒီ နှစ်သုတ်မှာ တစ်သုတ်နဲ့ ထောက်ပြမယ်နော် မောင်ပဥ္စင်း"

"ထောက်ပြစမ်းပါဦး"

"အခါတစ်ပါးမှာ ရဟန်းတော်တစ်ပါးဟာ ဘုရားရှင်ထံမှောက်သို့ ချဉ်းကပ်ပြီး ရှိခိုးလျှောက်ထားတယ်"

"အင်း - ဘယ်လိုလျှောက်ထားလဲ"

"မြတ်စွာဘုရား "တရားနှင့် နေလေ့ရှိသူ၊ တရားနှင့် နေလေ့ရှိသူ" ဟု ဆိုပါ၏၊ မြတ်စွာဘုရား "အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်ပါသနည်း" လို့ လျှောက်ထားတယ်"

"အင်း - အဲဒီလို လျှောက်တော့ ဘုရားက ဘယ်လို ဖြေလဲ"

"ရဟန်း၊ ဒီသာသနာတော်မှာ ရဟန်းဟာ တရားကို သင်ယူတယ်၊ တရားတော်ကို သင်ယူခြင်းနဲ့ပဲ နေ့ကို ကုန်စေတယ်၊ တစ်ယောက်တည်းတည်း ကိန်းအောင်းနေထိုင်မှုကို စွန့်လွှတ်တယ်၊ မိမိရဲ့အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းချမ်းမှုကို မကြိုးစားဘူး၊ ရဟန်း အဲဒီ ရဟန်းမျိုးကို "သင်ကြားမှု ပရိယတ်များသူ" ဟုသာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်တဲ့ မောင်ပဥ္စင်းရဲ့ ဒီလိုဟောတယ်"

"ဒီလိုဟောတော့ ဘာဖြစ်လဲ ဆက်ပါဦး"

"ဒီလိုဟောတော့ ခုနက အဆွဲတွေ၊ အချွဲတွေ ဂုဏ်ဖော်ဝါကြွား၊ ဆွေမျိုးစပ် ဟောကြားတဲ့ ပဋိပတ် သာသနာပြုအမည်ခံသူတွေဟာ မိမိရဲ့ အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းချမ်းမှု မရှိဘူး၊ ငြိမ်းချမ်းအောင်လည်း မကြိုးစားဘူးဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်"

"ထင်ရှားရုံတင် ဘယ်ဟုတ်မလဲ၊ သူ့မှာ ပရိယတ်မျှ ဟောတတ်ရုံမျှသာ ရှိတယ်၊ အားကိုးအားထားလောက်တဲ့ ပဋိပတ်အကျင့်မြတ် မရှိသေးဘူးဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်"

"ဒီတော့ အပြောအဟောကား ပဋိပတ်အကျင့်မြတ်၊ အလုပ်ကား ပရိယတ်မျှသာလို့ ကိုယ့်ကိုယ်ကို ဘာမှန်းမသိသူ ဖြစ်မနေဘူးလား"

"အင်း - ဒီအတိုင်းဆို ဖြစ်နေတာပေါ့ ဒကာကြီးရဲ့"

" မောင်ပဥ္စင်း အဲဒီလို မဖြစ်စေနဲ့၊ အဲဒီအထဲ မပါစေနဲ့နော်"

"စိတ်သာချ၊ မပါစေရ၊ မဖြစ်စေရပါဘူး၊ ကဲ - ပြောစမ်းပါဦး ဆက်ပြီးတော့"

"ဆက်တော့ ဘုရားရှင်က "ရဟန်း၊ နောက်တစ်မျိုးက ရဟန်းဟာ ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ဟောတယ်၊ အဲဒီရဟန်းဟာ တရားကို သူတစ်ပါးတို့အား သိစေခြင်းဖြင့် နေ့ကို ကုန်လွန်စေတယ်၊ တစ်ယောက်ထီးတည်း ကိန်းအောင်းမှုကို စွန့်လွှတ်တယ်၊ မိမိရဲ့ အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို မကြိုးစားဘူး၊ ရဟန်း အဲဒီရဟန်းကို "သိစေခြင်းများသူ" ဟူ၍သာ ဆိုအပ်၏။ တရားနဲ့ နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်တဲ့။ အဲဒီလို ဆက်ပြီးဟောတယ် မောင်ပဥ္စင်းရဲ့"

"ကဲ - အဓိပ္ပာယ်လင်းပါဦး"

"လင်းဆို ဒီမှာ သူတစ်ပါးသာ နားလည်အောင် အကျယ်ဆောင်ပြီး ဟောတတ်သူ သိစေခြင်းများသူတဲ့၊ တရားနဲ့ နေလေ့ရှိသူ မဟုတ်သေးဘူးတဲ့"

"အင်း - ဒီလိုဆိုတော့ အလုပ်နဲ့ အပြောအဟောနဲ့ ဟပ်မိဖို့ အရေးကြီးတယ်ပေါ့နော်"

"အရေးကြီးတာပေါ့ မောင်ပဥ္စင်းရယ်၊ ယခုခေတ်မှာ ပိုပြီး အရေးကြီးလာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြောတိုင်းယုံတဲ့ခေတ် ဖြစ်နေလို့"

"ကဲ - နောက်တစ်မျိုး ဆက်ပါဦး"

"နောက်တစ်မျိုးက "ရဟန်း၊ နောက်တစ်မျိုးကားရဟန်းဟာကြားနာအပ်၊ သင်ယူအပ်ပြီးတိုင်းသောတရားကိုအကျယ်အားဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့် နေ့ကို ကုန်လွန်စေတယ်၊ တစ်ယောက်ထီးတည်း ကိန်းအောင်းမှုကို စွန့်လွှတ်တယ်၊ မိမိရဲ့အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို မကြိုးစားဘူး၊ ရဟန်း၊ အဲဒီရဟန်းကို "ရွတ်အံသရဇ္ဈာယ်ခြင်းများသူ" ဟူ၍သာ ဆိုအပ်၏။ တရားနဲ့ နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်"တဲ့၊ မောင်ပဋ္ဌင်းရဲ့ အဲဒီလို ဟောတယ်"

"အင်း - ဒီလို ရွတ်အံသရဇ္ဈာယ်ခြင်း များသူက သပ်သပ်၊ တရားနဲ့နေလေ့ရှိသူက သပ်သပ် ဆိုတာ ပေါ်လွင်သွားပြီပေါ့နော်"

"ပေါ်တာပေါ့ မောင်ပဋ္ဌင်းရဲ့"

"ပေါ်ရင် ရှေ့ဆက်ရှင်းပါဦး"

"ရှေ့ဆက်ရှင်းတော့ "ရဟန်း၊ နောက်တစ်မျိုးကား ရဟန်းဟာ ကြားနာအပ်၊ သင်ယူအပ်ပြီးသော တရားကို စိတ်နဲ့ကြံတယ်၊ သုံးသပ်တယ်၊ စိတ်နဲ့ အဖန်ဖန် ရှုတယ်၊ အဲဒီရဟန်းဟာအဲဒီတရားကြံစည်မှုဝိတက်တို့နဲ့သာ နေ့ကိုကုန်လွန်စေတယ်၊ မိမိရဲ့အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို မကြိုးစားဘူး၊ ရဟန်း၊ အဲဒီရဟန်းကို "ကြံစည်ခြင်း ဝိတက်များသူ" ဟူ၍သာ ဆိုအပ်တယ်၊ တရားနဲ့ နေလေ့ရှိသူဟူ၍ကား မဆိုအပ်"တဲ့ မောင်ပဋ္ဌင်းရဲ့"

"အင်း - ဒီမှာလည်း တရားနဲ့နေလေ့ရှိသူက သပ်သပ်၊ ကြံစည်ခြင်း ဝိတက်များသူက တစ်ဖုံဆိုတာ ရှင်းနေတာပဲနော်"

"ရှင်းနေတာပေါ့ မောင်ပဋ္ဌင်းရဲ့ ဒါကြောင့် ကိုယ့်ကိုယ်ကို ဘာလို့ သိဖို့ဆိုတာ အရေးကြီးတယ် ပြောတာပေါ့"

"အင်း - လောကထဲမှာ သိစရာတွေကလည်း များလိုက်တာ၊ ဆက်ပြီးရှင်းပါဦး"

"ဆက်ရှင်းဆို "ရဟန်း၊ နောက်တစ်မျိုးကားဒီသာသနာတော်မှာရဟန်းဟာ တရားကို သင်ယူတယ်၊ အဲဒီရဟန်းဟာ အဲဒီတရားတော်ကို သင်ယူခြင်းနဲ့ပဲ နေ့ကို ကုန်လွန်စေတယ်၊ တစ်ယောက်ထီးတည်း ကိန်းအောင်းမှုကို မစွန့်လွှတ်၊ မိမိရဲ့အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို ကြိုးစားတယ်၊ ရဟန်းအဲဒီရဟန်းကို "တရားနဲ့ နေလေ့ရှိသူ"ဖြစ်တယ်လို့ ဟောတယ် မောင်ပဋ္ဌင်းရဲ့"

"အင်း - ဒါဖြင့် တရားနဲ့ နေလေ့ရှိသူဆိုတာ ရှာမှ ရှားပေါ့နော်"

"ရှာမှ ရှားပေါ့ မောင်ပဋ္ဌင်းရဲ့ အဲဒီ ရှားတဲ့အထဲ မောင်ပဋ္ဌင်း ပါနိုင်အောင်ကြိုးစားပါ၊ တပည့်တော် ရှာကြည့်တာတော့

၁။ သင်ကြားခြင်း များသူ

၂။ သူတစ်ပါးတို့အား သိစေခြင်း များသူ

၃။ ရွတ်အံသရဇ္ဈာယ်ခြင်း များသူ

၄။ ကြံစည်ခြင်း ဝိတက်များသူတို့သာ အတွေ့အကြုံများပါတယ် မောင်ပဋ္ဌင်းရယ်၊ သာသနာတော်အတွက် အားမရသေးပါဘူး"

"ဒီအတိုင်းဆိုတော့ ဘယ်မှာ အားရစရာ ရှိသေးလို့လဲ၊ ကဲ - အားရရ၊ အား မရရ ရှေ့ဆက်ပါဦး"

"ရှေ့ဆက်ပါဆိုတော့ ဘုရားရှင်က အဲဒီ ငါးမျိုး ဟောပြီးတော့ "ရဟန်း၊ ဤသို့ဆိုလျှင် ငါသည် -

၁။ သင်ကြားခြင်း များသူကို ဟောပြီးပြီ

၂။ သူတစ်ပါးတို့အား သိစေခြင်း များသူကို ဟောပြီးပြီ

၃။ ရွတ်အံ သရဇ္ဈာယ်ခြင်း များသူကို ဟောပြီးပြီ

၄။ ကြံစည်ခြင်း ဝိတက်များသူကို ဟောပြီးပြီ

၅။ တရားနဲ့ နေလေ့ရှိသူကို ဟောပြီးပြီ"

"ရဟန်း၊ အစီးအပွားကို ရှာလေ့ရှိ၍ သနားစောင့်ရှောက်တတ်သည့် ဆရာဖြစ်သော ငါသည် သင်တို့အား သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ သင်တို့အတွက် ပြုဖွယ်ကို ပြုပြီးပြီ"

"ရဟန်း ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာ အရပ်တို့ပင်တည်း"

"ရဟန်း သင်တို့သည် ကပ်၍ ရှုကြည့်ကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောင်အခါမှ "အားမထုတ်လိုက်ရလေခြင်း" ဟုနောင်တပူပန်ခြင်းမဖြစ်စေကြကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏အဆုံးအမပင်တည်း" တဲ့မောင်ပဥ္စင်းရဲ့ ဘုရားရှင်က ဟောတယ်"

"အင်း - ဟောတော့ ဘာဖြစ်လဲ"

"ဟောတော့ ဘာဖြစ်ရမလဲ မောင်ပဥ္စင်းရဲ့ အဟောအပြောနဲ့ အလုပ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် တရားနဲ့ နေလေ့ရှိသူဖြစ်အောင် အားထုတ်ဦး၊ အားထုတ်ဖို့ရာ နေရာတွေ ညွှန်ပြထားတာ သတိပြုဖို့ပေါ့"

"နို့ - ခုခေတ်ကလည်း တောထွက်စရာ မလိုဘူး၊ တောထဲနေတိုင်း တရားရရင် မျောက်တွေ ရကုန်ရောပေါ့ စသည်နဲ့ တရားပြ ဆရာအချို့ ရိပ်သာအချို့က ပြောဟောကုန်ပါရောလား"

"အဲဒါကြောင့် ခက်တာပေါ့ မောင်ပဥ္စင်းရဲ့ ကိုယ်က မြို့ရွာက မခွာနိုင်တော့ ကိုယ့်ဟာမှ ကောင်းတယ်ထင်အောင် တောတို့၊ သစ်ပင်တို့၊ ဆိတ်ငြိမ်ရာတို့ကို အပြစ်ပြောရတော့တာပေါ့"

"ဒီတော့ ဘုရားဟော တရားတွေကို ဖျက်ဆီးရာ၊ ပုတ်ခတ်ရာ မရောက်ကုန်ဘူးလား"

"ရောက်ကုန်တာပေါ့ မောင်ပဥ္စင်းရဲ့"

"ခက်ကုန်ပြီ ဒကာကြီး၊ တစ်ဖက်ကလည်း ဘုရားဟော တရားနဲ့အညီတဲ့၊ တစ်ဖက်ကလည်း ဘုရားဟောကိုပဲ မျက်ကွယ်ပြုပြီး ပယ်နေတယ်၊ ဒီတော့ မှန်မမှန်၊ ဟုတ်မဟုတ် အစဉ်းစားရ ကျပ်နေတယ်"

" မောင်ပဥ္စင်း ဘာမှ စဉ်းစားမနေနဲ့ ပရိသတ်ကို အားပေး၊ သံဃာမွေး၊ စာချနေ၊ သာသနာ အရှည်တည်တံ့မယ်"

"အင်း - ယခုတော့ အဲဒါကို သဘောပေါက်သင့်သလောက် ပေါက်လို့ သံဃာလည်း မွေးထားတယ်၊ စာလည်း ချပေးတယ်၊ အဓိကတော့ စာချမှုပဲ၊ စာလည်း ရေးတယ်၊ တရားလည်း ဟောပေးတယ်၊ တရားလည်း ပြပေးတယ်"

" မောင်ပဥ္စင်းက စုံလုချည်လား"

"အဓိက တစ်နံပါတ်ကတော့ စာချပါပဲ၊ နှစ်နံပါတ်က စာရေးတယ်၊ သုံးနံပါတ်က ကျောင်းမှာ ဥပုသ်နေ့တိုင်း တရားဟော၊ တရားပြပေးတယ်"

"ဩော် - ဒီလိုလား၊ ဒီလိုဆို ကောင်းပါတယ်၊ ဒီသာသနာတော်ဟာ ရဟန်းတွေကြောင့် တည်နေတာပါ၊ ဒါကြောင့် ရဟန်း စုပါ၊ လူ မစုပါနဲ့ မောင်ပဥ္စင်း"

"သဘောပေါက်ပါပြီ၊ တော်လည်း တော်လောက်ပါပြီ"

"ဦးတင်ပါတယ် မောင်ပဥ္စင်း"

✦ သာသနာပြု၊ လူရှာစု၊ နှစ်ခုကွဲပါစေ။

✦ လူစုတာဟာ၊ သာသနာ၊ ပြုရာမရောက်ပေ။

✦ သာသနာပြု၊ သံဃာစု၊ ပြုစုစောင့်ရှောက်နေ။

✦ အမြတ်ဖူးရ၊ မြတ်ပြုရ၊ ရကြံအမြတ်တွေ။

# ရုပ်သံနာမ်သံကြား နိဗ္ဗာန်နားနီး

## (၁၃၁)

ကမ္ဘာကုန်လုံး၊ ကျဉ်းချုံးသောခါ
ရုပ်နာမ်ကိုထား၊ တခြားမပါ
သိတတ်ညွှတ်တတ်၊ ခေါ်မှတ်နာမ်သာ
မသိတတ်၊ ရုပ်မှတ်ဖောက်ပြန်တာ။

ရုပ်ကတခြား၊ နာမ်ကားတဖြာ
အကြောင်းပြုလို့၊ ပေါင်းစုမှီရာ
ချင်းချင်းမှီရ၊ ယှဉ်ကြမကွာ
နာမ်ကသွား၊ ရုပ်များပါရရှာ။

နာမ်ကြောင်းရုပ်ကျိုး၊ တစ်မျိုးမှတ်ပါ
ရုပ်ကြောင်းနာမ်ကျိုး၊ ခေါ်ရိုးတစ်ဖြာ
ကြောင်းကျိုးနှစ်ရပ်၊ ဆက်စပ်နေတာ
သတိထား၊ ရှုပွားရှင်းအောင်သာ။

လောကိုလူစီး၊ ခရီးမြစ်ညာ
လှော်ခတ်ကုန်ဘိ၊ သွားသည့်ပမာ
ရုပ်ကိုမှီကြား၊ နာမ်များဖြစ်လာ
နာမ်မှီစွဲ၊ ရုပ်လည်းဖြစ်ရပါ။

ရုပ်ကိုလေ့ထား၊ လော့်သားနာမ်သာ
ဉာဏ်တရားကား၊ စီးသွားသူပါ
ရုပ်နာမ်အရှိ၊ မှန်သိဉာဏ်လာ
ငြီးငွေ့ပြင်း၊ လိုကင်းမဂ်ဉာဏ်လာ။ ။

တရားကို တကယ်လက်တွေ့အားထုတ်သော ယောဂီများအတွက် အထူးလိုအပ်သော လင်္ကာများ ဖြစ်၏။ မှန်၏။ ယောဂီသည် တရားအားထုတ်သောအခါ သုတမယဉာဏ်အနေနဲ့ ယင်းလင်္ကာများအရ ရုပ်နာမ်သဘောကို သိထားရပါမည်။

ထို့နောက် သုတမယဉာဏ်ကို အစဉ်မှီးပြီး စိန္တာမယဉာဏ်နဲ့ ကြံစည်စဉ်းစားပြီး တကယ်သိ၊ အဟုတ်သိ၊ ခန္ဓာသိ ဖြစ်အောင် ဘာဝနာမယဉာဏ်နဲ့ ရှုပွားအားထုတ်ရပါမည်။

ယင်းသို့ သုတမယသိ၊ စိန္တာမယသိ၊ ဘာဝနာမယသိနဲ့ ရုပ်နာမ်ကို သိမှ အကျိုးတရား အဘယ်မျှ ကြီးပါမည်နည်း။ အလွန်တရာ ကြီးမည်သာတည်း။

မှန်၏။ တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် ဓမ္မဒေသနာခရီးသည် အဖြစ်နှင့် လှည့်လည်စဉ်က ဖြစ်၏။ ရွာတစ်ရွာတွင် တရားဟော၏။ ညနေဘက်တွင် ဒကာ ဒကာမများနှင့် တရားစကား ပြောနေ၏။

"တရားဆိုတာ အင်မတန် နာကြားရခဲတယ်၊ နာရတုန်းကြိုးစားနာ၊ နာကြားတဲ့အဆင့်မှ အားထုတ်တဲ့အဆင့် ရောက်ရင် ပိုပြီး အကျိုးများတယ်နော်"

"မှန်ပါ ဘုရား"

"စကားပုံ တစ်ခုရှိတယ်၊ အင်မတန် မှတ်သားစရာကောင်းတယ်၊ အားရှိစရာလည်း ကောင်းတယ်"

"အမိန့်ရှိပါဦးဘုရား"

"အင်း - စကားပုံက ဘာတဲ့လဲ၊ "လှိုင်းသံ လေသံကြား ပင်လယ်နားနီး၊ ရုပ်သံ နာမ်သံကြား နိဗ္ဗာန်နားနီး" တဲ့"

"မှန်ပါ ဘုရား"

"ပင်လယ်ဆိုတော့ လှိုင်းတွေ လေတွေက အမြဲရှိနေတယ်၊ ဒီတော့ လှိုင်းသံကြားပြီ လေသံကြားပြီဆိုရင် တို့လေ့ဟာ ပင်လယ်နား ရောက်ပြီ၊ ပင်လယ်နား နီးပြီလို့ သိရတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုပဲ၊ သတ္တဝါတွေဟာ အများအားဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ပတ်သက်တဲ့ စကားတွေပဲ အပြောမများဘူးလား"

"များပါတယ်ဘုရား"

"အပြောများတော့ အကြားလည်း များတာပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ သတ္တဝါတွေဟာ ဒီ အာရုံငါးပါး ကာမဂုဏ်တရားတွေ ပြောရတာလည်း ပျော်တယ်၊ နားထောင်ရတာလည်း ပျော်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဘဝပေါင်းများစွာ၊ ကမ္ဘာပေါင်းများစွာမှာ ဒီ အာရုံငါးပါး ကာမဂုဏ်တရားအတွက်ပဲ အချိန်ကုန်ခံပြီး လုံ့လကြိုးကုတ် အားထုတ်ပြီး နေကြရလို့တဲ့နော်"

"မှန်ပါ ဘုရား"

"အဲ - ခုလို ဘုရားသာသနာနဲ့ ကြုံပြီး တရားနာဖို့ဆိုတော့ တယ်မပျော်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နားထောင်နေကျ မဟုတ်လို့တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ တရားမှာလည်း ရယ်စရာ၊ မောစရာ ဝတ္ထုဇာတ်လမ်း တရားတွေ နာနိုင်သော်လည်း ရုပ်. နာမ်. ပရမတ် တရားတွေကျတော့ နာဖို့ခက်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ခက်တဲ့ ရုပ်. နာမ်. ပရမတ် တရားတွေ နာနိုင်ရင် နိဗ္ဗာန်နား နီးပြီလို့ ဆိုလိုတယ်နော်"

"မှန်ပါ ဘုရား"

"ဒါ သာဓကမရှိဘဲ ပြောနေတာ မဟုတ်ဘူး၊ သာဓကနဲ့ ပြောနေတာ"

"အမိန့်ရှိပါဘုရား"

"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူခိုက် တစ်ချိန်က တကယ်ဖြစ်ခဲ့တဲ့ အကြောင်း အတ္ထုပ္ပတ္တိကို ပြောပြမယ်နော်"

"မှန်ပါ ဘုရား"

ပဉ္စဂ္ဂဒါယက

"သာဝတ္ထိပြည်မှာ "ပဉ္စဂ္ဂဒါယကပုဏ္ဏား" ဆိုတဲ့ ပုဏ္ဏားတစ်ယောက် ရှိတယ်။ အဲဒီပုဏ္ဏားကို ဘာဖြစ်လို့ "ပဉ္စဂ္ဂဒါယက" ခေါ်လဲ ဆိုတော့ "အဦးငါးပါးကို လှူလို့" တဲ့နော်"

"မှန်ပါ ဘုရား"

"ဘယ်လို အဦးငါးပါးလဲ ဆိုတော့ လယ်ဦး၊ စပါးပုံဦး၊ ကျီဦး၊ အိုးဦး၊ စားဦး ဆိုတဲ့ အဦးငါးပါးကို လှူလို့ ပဉ္စဂ္ဂဒါယက ခေါ်သတဲ့နော်"

"မှန်ပါ ဘုရား"

"အဲ - တစ်နေ့သ၌ ဘုရားရှင်ဟာ သတ္တလောကကို ဗုဒ္ဓရဲ့မျက်လုံးတော် အစုံနဲ့ ကြည့်ရှုတော်မူတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒါကတော့ ကြည့်နေကျပါ။ ဒီတစ်နေ့မှ ကြည့်တာမဟုတ်ပါဘူး၊ ယခုပြောတာက ဒီပုဏ္ဏားကို ကြည့်တဲ့နေ့ကို ပြောတာနော်"

"မှန်ပါ ဘုရား"

"အဲ ကြည့်တော့ ပုဏ္ဏားဇနီးမောင်နံတို့ သောတာပတ္တိမဂ် ရမည့်အကြောင်း ဉပနိဿယ ရေစက်ကောင်းမှုကို မြင်တော်မူသတဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို မြင်တော်မူတော့ ဘုရားရှင်ဟာ စောစောစီးစီးကပင် ကိုယ်လက်သုတ်သင်ပြီး ဂန္ဓကုဋိ ကျောင်းတော်တွင်း ဝင်တော်မူသတဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီနေ့မှာ ရဟန်းတော်များ ဆွမ်းခံချိန်သို့ ရောက်တဲ့အခါ စုရုံးပြီး ဂန္ဓကုဋိကျောင်းတော်သို့ကြွလာကြတယ်၊ ဂန္ဓကုဋိကျောင်းတော် တံခါး ပိတ်မြဲ ပိတ်ထားတာ မြင်ကြတော့ -

"အင်း - ဒီကနေ့တော့ ဘုရားရှင်ဟာ အကြောင်းထူး ရှိတော်မူလို့ တစ်ပါးတည်းသာ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူတယ်လို့"

လို့ သိရှိကြကာ ဂန္ဓကုဋိကျောင်းတော်ကို လက်ယာရစ်လှည့်ပြီး အရိုအသေပြုကာ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူကြသတဲ့နော်"

"မှန်ပါ ဘုရား"

"အဲ - ဘုရားရှင်ဟာ ပုဏ္ဏား ထမင်းစားချိန် ရောက်တဲ့အခါ ကျောင်းတော်မှ ထွက်ကြွတော်မူကာ သာဝတ္ထိပြည်တွင်း ဆွမ်းခံကြွတော်မူသတဲ့နော်"

"မှန်ပါ ဘုရား"

"သာဝတ္ထိ ပြည်သူ ပြည်သားတွေကလည်း ဘုရားရှင် တစ်ပါးတည်း မြို့တွင်းသို့ ကြွဝင်တော်မူလာတာကို မြင်ရလို့ ရှိရင် -

"အင်း - ယနေ့တော့ ဧကန်ပင် ဘုရားရှင်ဟာ ချီးမြှောက်တော်မူရမယ့် သတ္တဝါတစ်ဦးတော့ ရှိလေပြီ၊ ဒါကြောင့် ဘုရားရှင်ဟာ မြို့တွင်းသို့ တစ်ပါးတည်းသာ ကြွဝင်တော်မူလာခြင်း ဖြစ်တယ်"

လို့ သိရှိကြပြီး ဘုရားရှင်ကို ပင့်ဖို့ရန် တစ်ဦး တစ်ယောက်မျှ မလာရောက်ကြဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်လည်း ကြွတော်မူတော့ ပုဏ္ဏားကြီးရဲ့အိမ်တံခါးဝသို့ ရောက်ပြီး ဆွမ်းရပ်တော်မူတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီအချိန်ဟာ ပုဏ္ဏားကြီး ထမင်းပွဲမှာ ထမင်းထိုင်စားနေဆဲ ဖြစ်တယ်၊ အိမ်တွင်း မျက်နှာလှည့်ပြီး စားနေတယ်၊ ပုဏ္ဏေးမကြီးက အိမ်ပြင် မျက်နှာလှည့်ပြီး ပုဏ္ဏားကြီးကို ယပ်ခတ်ပေးနေတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ယပ်ခတ်ပေးနေတဲ့ ပုဏ္ဏေးမကြီးဟာ ဘုရားရှင်ကို မြင်တော့ စဉ်းစားတယ်၊ ဘယ်လို စဉ်းစားလဲဆိုတော့ -

"ဒီပုဏ္ဏားကြီးဟာ ဘုရားရှင်ကို တကယ်လို့မြင်သွားပါရင် ထမင်းပွဲကို ယူဆောင်ပြီးတော့ ခဲဖွယ်ဘောဇဉ် အားလုံးကို လှူဒါန်းလိုက်လိမ့်မယ်၊ အဲဒီလို လှူဒါန်းလိုက်ရင် ငါပြန်ပြီးတော့ ချက်ရလိမ့်မည်"

ကြံစည်စဉ်းစားပြီး မကြည်ညိုခြင်း, ဝန်တိုခြင်းဖြစ်ပြီးတော့ ပုဏ္ဏားကြီး ဘုရားရှင်ကို မမြင်နိုင်အောင် ယပ်နဲ့ ကွယ်ထားသတဲ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဘုရားရှင်ကို မျက်စိကလေး မှေးကာ အမူအရာနဲ့ "ကန်တော့ဆွမ်းပါ ဘုရား" လို့ ကန်တော့ဆွမ်း လောင်းသတဲ့နော်"

"မှန်ပါ ဘုရား"

"ပုဏ္ဏေးမကြီးက အမူအရာနဲ့ ဆွမ်းလောင်းတော့ ဘုရားရှင်ကလည်း အမူအရာနဲ့ ခေါင်းခါပြီး "ငါ မကြွဘူး" လို့ ပြောသတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ပုဏ္ဏေးမကြီးက သဘောကျလို့ ရယ်သတဲ့၊ အဲဒီအချိန်မှာ ဘုရားရှင်ကလည်း ရောင်ခြည်တော် လွှတ်သတဲ့ နော်"

"မှန်ပါ ဘုရား"

"ပုဏ္ဏေးမကြီးလည်း ရယ်၊ ရောင်ခြည်တော်လည်း တွေ့တော့ "ဒီအရာကား အဘယ်နည်း" လို့ ကြည့်လိုက်တော့ အိမ်တံခါးဝမှာ ဆွမ်းရပ်နေတဲ့ ဗုဒ္ဓကို မြင်သတဲ့၊ ဒီတော့ ပုဏ္ဏားကြီးက "ရှင်မ၊ သင် ငါ့ကို ဖျက်ဆီးတယ်၊ မင်းသား အိမ်တံခါးလာပြီးတော့ ရပ်နေရက်ကနဲ့ ငါ့ကို မပြောတဲ့အတွက် ဝန်လေးတဲ့ အလုပ်ကို လုပ်တယ်" လို့ ပြောသတဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ပြောပြီးတော့ စားဆဲ ထမင်းပွဲကို ယူပြီးတော့ "အရှင်ဂေါတမ အကျွန်ုပ်ဟာ ငါးဌာနတို့၌ အမြတ်ကို လှူပြီးမှသာ စားပါတယ်၊ ဒီထမင်းပွဲမှ ဒီဘက်တစ်ဝက်သာ စားရပါသေးတယ်၊ ဟိုဘက်တစ်ဝက်က မစားရသေးပါ၊ အဲဒီ တစ်ဝက်ကို အလှူခံတော်မူပါ" လို့ လျှောက်တယ်၊ ဒီတော့ ဘုရားရှင်က -

"ပုဏ္ဏား အကြွင်းအကျန်တွေ ငါ အလိုမရှိဘူး" လို့ မပြောဘဲနဲ့

၁။ ပုဏ္ဏား၊ အဦးအမြတ်လည်း ငါ့အား လျောက်ပတ်တယ်

၂။ တစ်ဝက်ကျန်တာလည်း ငါ့အား လျောက်ပတ်တယ်

၃။ နောက်ဆုံး တစ်လုတ်စာ ဆွမ်းလည်း ငါ့အား လျောက်ပတ်တယ်၊ ပုဏ္ဏား ငါတို့ဟာ သူတစ်ပါးတွေကို မှီပြီးတော့ အသက်မွေးနေရသူတွေ ဖြစ်တယ်"

လို့ အမိန့်တော် ရှိလိုက်သတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ပုဏ္ဏားကြီး ဝမ်းသာအားရ ဖြစ်ပြီး လှူလိုက်တယ်၊ ဗုဒ္ဓက ဘုဉ်းပေးပြီးတဲ့အခါ တရားဟောတယ်၊ ဘယ်လိုဟောလဲ -

"ပုဏ္ဏား၊ ငါတို့ဟာ သူတစ်ပါးမှီ၍ အသက်မွေးနေသူတွေပဲ၊ အဦးမှ ရတယ်၊ အလယ်မှ ရတယ်၊ အကြွင်းအကျန်မှ ရတယ်လို့ ဝမ်းသာမှု၊ ထောင်လွှားမှုတွေ မဖြစ်ပါဘူး၊ အဲဒီလို ဝမ်းသာ ဝမ်းနည်း မဖြစ်သူကို ပညာရှိတို့က "မုနိ" လို့ ခေါ်တယ်"

လို့ ဗုဒ္ဓက တရားဟောတယ်၊ ဒီတော့ ပုဏ္ဏားကြီးမှာ ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပြီး ပြဿနာ မေးလျှောက်တယ်၊ ဘယ်လိုမေးလဲဆိုတော့ -

"အရှင်ဂေါတမ၊ အရှင်ဂေါတမတို့ဟာ မိမိရဲ့တပည့်သာဝကတွေကို "ဘိက္ခု" လို့ ခေါ်ပါတယ်၊ အဘယ်မျှလောက် အကြောင်းအရာဖြင့် "ဘိက္ခု" မည်ပါသလဲ"

လျှောက်ထားတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က -

"ဒီပုဏ္ဏားတွေမှာ အဘယ်သို့ သဘောရှိတဲ့ တရားစကားနဲ့ လျောက်ပတ်မလဲ"

လို့ ကြည့်တော်မူတယ်၊ ကြည့်တော်မူတော့ -

"ဒီ ပုဏ္ဏားဇနီးမောင်နှံ နှစ်ယောက်ဟာ ကဿပဘုရားရှင် လက်ထက်တော်အခါက "နာမ်ရုပ်" လို့ ပြောဆိုသူတို့ အထံမှ "နာမ်ရုပ်" ဆိုတဲ့ စကားသံကို ကြားခဲ့ဖူးတယ်၊ ဒါကြောင့် သူတို့ကို နာမ်ရုပ်ကို မလွတ်ဘဲ တရားဟောသင့်တယ်"

လို့ ကြည့်တော်မူပြီးတော့ သူတို့ဇနီးမောင်နှံကို နာမ်ရုပ်သံ ပါသော တရားတော်ကို ဒီလို ဟောတော်မူတယ် -

"ပုဏ္ဏား၊ အမှတ်မထင် အကြင်သူရဲ့ သန္တာန်မှာ အလုံးစုံသော နာမ်ရုပ်တရား နှစ်ပါး၌ ငါ့ဥစ္စာ၊ ငါလို့ တဏှာဒိဋ္ဌိနဲ့ မစွဲငြိဘူး၊ နာမ်ရုပ်နှစ်ပါး ချုပ်ပျောက်သွားလို့လည်းပဲ စိုးရိမ်ပူဆွေးခြင်းအလျဉ်းမရှိဘူး၊ အဲဒီသူကို စင်စစ် ဘိက္ခုလို့ ငါ ဟောအပ်တယ်"

လို့ ဘုရားရှင်က ဟောတော်မူတယ်၊ အဲဒီတရားတော်အဆုံးမှာ ပုဏ္ဏားကြီး ဇနီးမောင်နှံနှစ်ယောက် အနာဂါမ် ဖြစ်သွားတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ - ရုပ်နာမ်သံကြား - နိဗ္ဗာန်နားနီး ဆိုတာ မမှန်ဘူးလား"

"မှန်ပါ ဘုရား"

"ယခု ဒကာ ဒကာမကြီးတွေတော့ ရုပ်နာမ်တရားတွေလည်း နာနိုင်တယ်၊ အားလည်း ထုတ်နိုင်တယ်ဆိုတော့ အများကြီး အဆင့်များပါတယ်၊ သာပါတယ်၊ ပါရမီ ပါပါတယ်နော်"

"မှန်ပါ ဘုရား"

"အားထုတ်လို့ မရသော်လည်း မပူနဲ့နော်၊ နောင်အခါမှာ ရဖို့ မသေချာဘူးလား"

"သေချာပါတယ်ဘုရား"

"သေချာရင် ကဲ - နာလည်း နာ၊ အားလည်း အားထုတ်ကြပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ - တော်သေးပြီ"

✦ တံလျှပ်အလား၊ ရေးသားရေမှာ
နေရောင်ထိရောက်၊ နှင်းပေါက်ပမာ
အပ်ဖျားမုံညင်း၊ တင်ခြင်းတူတာ
ဖြစ်ပျက်ချုပ်၊ နာမ်ရုပ်သဘာဝ။

✦ မရှိရာမှ၊ ဖြစ်ကြလျှင်စွာ
မရှိရာသို့၊ မြန်းလို့ချုပ်ရှာ
ကောင်းကင်တစ်ခေတ်၊ လျှပ်စစ်ပမာ
ဖြစ်ပျက်ချုပ်၊ နာမ်ရုပ်သဘာဝ။

# မလိုချင်တော့ ဘယ့်နယ်လုပ်မလဲ

(၁၃၂)

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် မြတ်၏၊ မယုတ်မာ၊

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ပညာကို ရနိုင်၏၊ တခြား လူမိုက်ထံမှ ပညာကို မရနိုင်၊

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ပူဆွေးသူတို့၏ အလယ်၌ မပူဆွေးရ၊

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ဆွေမျိုးတို့၏ အလယ်၌ တင့်တယ်၏၊

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် သတ္တဝါတို့သည် ကောင်းသောလားရာ သုဂတိသို့ ရောက်ရကုန်၏၊

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် သတ္တဝါတို့သည် အမြဲမပြတ် ချမ်းသာစွာ တည်နေရကုန်၏၊

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏၊

ယင်းသို့ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရကျိုး သူတော်ကောင်းတရား သိရကျိုး ကို ဘုရားရှင်သည် သဗ္ဗိသုတ်တွင် ဟောတော်မူခဲ့၏၊

သဗ္ဗိသုတ်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် ကိန်းအောင်းတော်မူခိုက် ကောသလမင်းကြီးသည် ဘုရားရှင်ထံ သွားရောက်ပြီး ရှိခိုးလျှောက်၏ -

"မြတ်စွာဘုရား၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ဖြစ်၍ တစ်ယောက်တည်းနေသော တပည့်တော်အား ဤသို့လျှင် စိတ်အကြံ ထင်ရှားဖြစ်ပါသည် -

"ဘုရားရှင်သည် တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏။ ကောင်းစွာ ဟောတော်မူအပ်သော ထို တရားတော်သည်လည်း ကောင်းသော အဆွေခင်ပွန်းရှိသော သူအားသာ ဖြစ်၏။ ကောင်းသော အပေါင်းအဖော်ရှိသော သူအားသာ ဖြစ်၏။ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော သူအားသာဖြစ်၏။ ယုတ်မာသော အဆွေခင်ပွန်းရှိသော သူအား မဖြစ်။ ယုတ်မာသော အပေါင်းအဖော်ရှိသောသူအား မဖြစ်။ ယုတ်မာသော သူတို့၌ ညွတ်သောစိတ် ရှိသောသူအား မဖြစ်"

ယင်းသို့ ကောသလမင်းကြီး လျှောက်ထားသည်ရှိသော် ဘုရားရှင်သည် ကောသလမင်းကြီးအား -

"မင်းကြီး သင့်အကြံသည် သင်ကြံစည်တိုင်း မှန်၏"

ဟု မိန့်တော်မူပြီးလျှင် တစ်ခါက ရှင်အာနန္ဒာ လျှောက်ထားချက်ကို မိန့်တော်မူ၏။

"မင်းကြီး တစ်ခါက ရှင်အာနန္ဒသည် ငါ့အား ဤသို့ လျှောက်ထား၏ -

"မြတ်စွာဘုရား၊ ကောင်းသောအဆွေခင်ပွန်း ရှိသော သူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသောသူ၏ အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော သူ၏အဖြစ်သည် မြတ်သော မဂ်အကျင့်၏ ထက်ဝက်ကို ပြီးစေနိုင်ပါ၏"

"မင်းကြီး ယင်းသို့ ရှင်အာနန္ဒ လျှောက်သည်ရှိသော် ငါဘုရားရှင်သည် ရှင်အာနန္ဒအား ဤသို့ မိန့်ကြားတော်မူ၏ -

"အာနန္ဒ၊ ယင်းသို့ မဆိုလင့်၊ အာနန္ဒ ကောင်းသော အဆွေခင်ပွန်းရှိသော သူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသော သူ၏အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော သူ၏အဖြစ်သည် မြတ်သော မဂ်အကျင့် အားလုံးကို ပြီးစေနိုင်၏"

"အာနန္ဒ၊ ကောင်းသောအဆွေခင်ပွန်းရှိသော၊ ကောင်းသောအပေါင်းအဖော်ရှိသော သူတို့၌ညွတ်သော စိတ်ရှိသောသူအား မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွားလတ္တံ့၊ ကြိမ်ဖန်များစွာ ပြုလတ္တံ့ဟူသော ယင်း အကျိုးကို မချွတ် ရလိမ့်မယ်လို့ မျှော်လင့်အပ်တယ်"

"အာနန္ဒ၊ ဒီသာသနာတော်မှာ ရဟန်းဟာ ဆိတ်ငြိမ်မှု ဝိဝေကကို မှီသော၊ ရာဂကင်းခြင်း ချုပ်ခြင်းကို မှီသော ကိလေသာစွန့်ရာ နိဗ္ဗာန်သို့ ညွတ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွား၏"

"အာနန္ဒ၊ ယင်းသို့လျှင် ကောင်းသော အဆွေခင်ပွန်းရှိသော၊ ကောင်းသော အပေါင်းအဖော်ရှိသော သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော ရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွားများ၏၊ ကြိမ်ဖန်များစွာ ပြု၏"

"အာနန္ဒ၊ ကောင်းသောအဆွေခင်ပွန်းရှိသောသူ၏အဖြစ်၊ ကောင်းသောအပေါင်းအဖော်ရှိသောသူ အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသောသူ၏ အဖြစ်သည် မြတ်သော မဂ်အကျင့်အားလုံးကိုပင် ပြီးစေနိုင်၏"

"အာနန္ဒ၊ မှန်၏။ အဆွေခင်ပွန်းကောင်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းမှ လွတ်ကုန်၏"

"မင်းကြီး၊ ယင်းသို့ အလုံးစုံသော မြတ်သော မဂ်အကျင့်ကိုလည်း ကောင်းသောအဆွေခင်ပွန်းကို မှီ၍ ရသည်၏ အဖြစ်ကြောင့် သင်သည် ဒီလိုကျင့်ရမယ် -

"ငါဟာ ကောင်းသော အဆွေခင်ပွန်း ရှိသူ၊ ကောင်းသော အပေါင်းအဖော် ရှိသူ၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသူ ဖြစ်အံ့"

ဟု ကျင့်ရမည်ဟု ဘုရားရှင်သည် ကောသလမင်းကြီးအား မိတ်ကောင်း ဆွေကောင်း သူတော်ကောင်း အရေးကြီးပုံကို မိန့်ကြားတော်မူ၏။

ယင်းသို့ စသည်ဖြင့် ဘုရားရှင်သည် မိတ်ကောင်းဆွေကောင်း အကြောင်းတွေ ဟောကြားချက်များစွာ ရှိပါ၏၊ သို့သော် မိမိသည် သူတစ်ပါး၏ မိတ်ကောင်းအဖြစ် ရပ်တည်နိုင်သူ၊ သူတစ်ပါးကို မိမိအတွက် မိတ်ကောင်းအဖြစ် ရှာဖွေသူမှာ ရှာမှ ရှားလှ၏။

## သူလိုလူ - ရှာမှ ရှား

ရှာမှ ရှား တစ်ယောက်နှင့် တစ်ချိန်က တွေ့ခဲ့၏၊ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏၊ မိမိသည် မြို့ကြီးတစ်မြို့တွင် ဆယ်ရက်စခန်း တရားပြနေခိုက် ဖြစ်၏၊ တစ်နေ့ ညနေတွင် ဒကာမ သုံးလေးယောက် ရောက်လာပြီး ရှိခိုး၍ ထိုင်ပြီးသော် တစ်ယောက်က လျှောက်၏။

"အရှင်ဘုရား တပည့်တော်မ လျှောက်ထားပါရစေ ဘုရား"

"အင်း - ဘာလျှောက်ထားချင်လို့လဲ"

"တပည့်တော်မတို့ ကိုးကွယ်တဲ့ ဘုန်းကြီးအကြောင်းကို လျှောက်ထားချင်လို့ပါ ဘုရား"

"ဘယ်လို လျှောက်ထားချင်လဲ"

"တပည့်တော်မတို့ ကိုးကွယ်တဲ့ ဘုန်းကြီးက သိပ်ပြီး အပူအပင်ကြီး၊ သိပ်ပြီး လောဘကြီးတာပဲ ဘုရား"

"အင်း - ဘုန်းကြီး လောဘကြီးတာ ဘုန်းကြီးရှေ့လာပြီး လျှောက်နေတာမှ ခက်တာ"

"မခက်ပါနဲ့ဘုရား၊ တပည့်တော်မတို့ ဘုန်းကြီးက သူ့ထက် သူများတွေ ဘုန်းကြီးသွားမှာ၊ သာသွားမှာလည်း သိပ်စိုးရိမ်တယ် ဘုရား၊ တပည့်တော်မက အဲဒီ တပည့်တော်မတို့ မြို့မှာ တရားပွဲတွေ ကျင်းပချင်တယ်ဘုရား၊ ဘုန်းကြီးက လက်မခံချင်ဘူး၊ သူများတွေ သူ့ဆီမှာလာပြီး အုပ်စိုးသွားမှာ သိပ်စိုးတယ် ဘုရား၊ သူ့ဒကာ ဒကာမတွေ သူများနောက် ပါသွားမှာ သိပ်စိုးတယ် ဘုရား၊ သူက သူ့နယ်မှာ အားလုံးဟာ သူ့ ဩဇာခံ သူ့တပည့်တွေသာ ဖြစ်စေချင်တယ်ဘုရား၊ ကျောင်းတွေကိုလည်း နယ်ချဲ့တယ်ဘုရား၊ သူများကျောင်းတွေ သူ့တပည့်တွေ ထား၊ သူ့ကျောင်းဖြစ်အောင် လုပ်တယ်ဘုရား၊ အဲဒီ သူ့တပည့်တွေ၊ သူ့လက်အောက်ခံကျောင်းက တပည့် ဒကာ ဒကာမတွေရဲ့ပူဇော်မှု လှူဒါန်းမှုကိုလည်း သိပ်လိုလားတယ် သာယာတယ်ဘုရား"

"အင်း - ဒီလိုဆိုတော့ အခက်သားပဲ"

"ဒီပြင်ဟာတွေ ဖြစ်တာတော့ ထားပါဘုရား၊ သူကိုယ်တိုင်လည်း တရားဟောမပြ၊ သူများတွေ လာဟောတာလည်း လက်မခံ၊ မကြိုက်မနှစ်သက်တော့ မြို့သူ မြို့သား နယ်သူနယ်သားတွေ အသိဉာဏ် တုံးကုန်တာပေါ့ဘုရား"

"နို့ - အဲဒါ ဒကာမကြီးက တရားဟောပါလား"

"တပည့်တော်မက တရားတော့ မဟောပါဘူး ဘုရား၊ လျှောက်တော့ လျှောက်ထားပါတယ်"

"ဘယ်လို လျှောက်ထားလဲ"

"အပူအပင် မကြီးဖို့၊ တရားအားထုတ်ဖို့ပေါ့ ဘုရား"

"အင်း - ဒီတော့ ဘာပြန်ပြောသလဲ"

"ငါ တရားအားထုတ်လို့ရှိရင် ဒီကျောင်း၊ ဒီကာ၊ ဒီပစ္စည်းတွေ "မလိုချင်တော့ ဘယ့်နယ်လုပ်မလဲ" လို့ ပြောပါတယ် ဘုရား"

"ဒီတော့ ဒကာမကြီးက ဘာပြန်လျှောက်လဲ"

"အရှင်ဘုရား မလိုချင်ရင် ကောင်းတာပေါ့ဘုရား၊ လိုချင်ရင် အပါယ်ကျမှာပေါ့ ဘုရား၊ တပည့်တော်မတို့တောင်မှ မလိုချင်အောင် အားထုတ်နေတာပဲ၊ အရှင်ဘုရားက သူများတွေ မလိုချင်လို့ စွန့်လှူထားတဲ့ ပစ္စည်းတွေ ဘာဖြစ်လို့ လိုချင်နေဦးမှာလဲ စသည်ဖြင့် လျှောက်ထားပါတယ်ဘုရား"

"အမယ် - ဘယ်ဆိုးလို့လဲ၊ ဓမ္မကထိက က"

"အရှင်ဘုရား အဲဒီလျှောက်ထားတာ တပည့်တော်မ ငရဲကြီးမလား ဘုရား"

"အကျိုးလိုလားတဲ့ တကယ့်စေတနာ မေတ္တာနဲ့ လျှောက်ထားတာပဲ၊ ငရဲ မကြီးပါဘူး"

"တပည့်တော်မတော့ ဘာရယ် ညာရယ် မသိပါဘူး၊ ကိုယ်လျှောက်ထားချင်တာတွေ အကုန်လျှောက်တာပဲ ဘုရား၊ အရှင်ဘုရား၊ တပည့်တော်မလည်း ခွင့်လွှတ်ပါဘုရား၊ တပည့်တော်မက ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံတတ်ပါတယ်ဘုရား၊ လျှောက်ထားတတ်ပါတယ်ဘုရား"

"အင်း - လျှောက်ထား၊ ဘာတွေ လျှောက်ထားဦးမလဲ"

"အရှင်ဘုရားတော့ တပည့်တော်မ မလျှောက်ထားချင်ပါဘူး၊ တပည့်တော်မတို့ ဘုန်းကြီးကိုပဲ လျှောက်ထားချင်ပါတယ် ဘုရား"

"ဘာဖြစ်လို့လဲ"

"သူ ကျွတ်သွားအောင်ပေါ့ ဘုရား"

"ခက်တာပဲ၊ ဘုန်းကြီးဝတ်တာက သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ဖို့ နိဗ္ဗာန် မြန်မြန်ရောက်ချင်လို့ပဲ"

"မှန်ပါ ဘုရား"

"ဒါကြောင့် ရှေးက အမျိုးကောင်းသားတွေဟာ ကိုယ့်မှာရှိတဲ့ သုံးစွဲမကုန်နိုင်တဲ့ ပစ္စည်းတွေ စွန့်၊ သားမယား၊ ဆွေမျိုး အသိုင်းအဝိုင်းတွေ အကုန်စွန့်ပြီး သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းနှင့် တရားအားထုတ်ကြတယ်နော်"

"မှန်ပါ ဘုရား"

"ခုတော့ ဘုန်းကြီးဝတ်ကာမှ ပစ္စည်း စု၊ ဒကာ ဒကာမ စု၊ ကျောင်း စု နဲ့ ဆိုတော့ အပါယ်ရိက္ခာယူတာနဲ့ တူမနေဘူးလား"

"မှန်ပါ၊ တူနေပါတယ် ဘုရား"

"သူများတွေတော့ ဟောလိုက်တာ၊ ဒါတွေဟာ သေရင် ကိုယ့်နောက်ပါမှာတွေ မဟုတ်ဘူး၊ အကုန်ထားခဲ့ရမှာ၊ မမက်မောနဲ့၊ မတွယ်တာနဲ့၊ စွန့်ပစ်နဲ့၊ ပြီးတော့ ဒကာ ဒကာမတွေ မလိုချင်လို့ စွန့်ပစ်တာတွေ ကိုယ်က ကောက်သိမ်းပြီး မခွဲနိုင် မခွာရက် ဆိုတော့ ကောင်းဦးမလား"

"မကောင်းတော့ပါ ဘုရား"

"နောက်တစ်ခါ ဒကာမကြီး ဘုန်းကြီးနဲ့တွေ့ရင် ဒီတရားကို ဟောပေး"

"ဘယ်တရားလဲ ဘုရား၊ တပည့်တော်မက အဟုတ်ကို ဟောပေးမှာ ဘုရား"

"ရဟန်းတို့၊ ဥပမာကား - တံငါသည်ဟာ အစာတပ်ထားတဲ့ ငါးများချိတ်ကို ရေနက်တဲ့ အိုင်ထဲပစ်ချလိုက်တဲ့အခါ အစာကို မြင်သော၊ အစာမင်သော ငါးသည် ထိုငါးမျှားချိတ်ကို မျိုရာ၏"

"ရဟန်းတို့၊ တံငါသည်ရဲ့ ငါးမျှားချိတ်ကို မျိုမိသော ထိုငါးဟာ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်၏။ တံငါသည်ရဲ့အလိုရှိတိုင်း ပြုနိုင်သည့် အဖြစ်သို့ ရောက်၏"

"ရဟန်းတို့၊ "တံငါသည်" ဟူသော ဤအမည်သည် ယုတ်ညံ့သော ကိလေသာမာရ်၏ အမည်တည်း။ ရဟန်းတို့ "ငါးမျှားချိတ်" ဟူသော အမည်သည် လာဘ်ပူဇော်သက္ကာ အကျော်အစော၏ အမည်တည်း"

"ရဟန်းတို့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို သာယာသူ အလိုရှိသူ မည်သည့်ရဟန်းကို မဆို ကိလေသာမာရ်၏ ငါးမျှားချိတ်ကို မျိုသည်ဖြစ်၍ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်သူ၊ ယုတ်မာသော ကိလေသာမာရ်၏ အလိုရှိတိုင်း ပြုနိုင်သည့်အဖြစ်သို့ ရောက်သူ ရဟန်းဟူ၍ဆိုအပ်၏"

"ရဟန်းတို့၊ စင်စစ်လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ဤသို့ ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းတမ်း၏။ အတုမရှိမှု၍ ယောဂ၏ ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏"

"ရဟန်းတို့၊ ဥပမာသော်ကား ရှည်သော အမွေးရှိသော သိုးသည် ဆူးချုံသို့ ဝင်ရာ၏။ ထိုသိုးသည် ထိုထိုအရပ်၌ ငြိရာ၏။ စွဲယူရာ၏။ နှောင်ဖွဲ့ရာ၏။ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်ရာ၏"

"ရဟန်းတို့၊ အဲဒီအတူပဲ ဒီသာသနာတော်မှာ အချို့သော ရဟန်းဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်သည့် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ နံနက်အခါ၌ ကောင်းစွာဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ဆွမ်းခံဝင်၏"

"အဲဒီ ရဟန်းဟာ ထိုထိုအရပ်၌ ကပ်ငြိ၏။ စွဲယူ၏။ နှောင်ဖွဲ့၏။ ဆင်းရဲပျက်စီးခြင်းသို့ ရောက်၏။ ရဟန်းတို့၊ ယင်းသို့လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန်၏။ ထက်မြက်ကြမ်းတမ်း၏၊ အတုမရှိမှု၍ ယောဂရဲ့ ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းရဲ့ အန္တရာယ်ကို ပြုတတ်တယ်"

"ရဟန်းတို့၊ ဥပမာသော်ကား ကျင်ကြီးကိုစားသော မစင်ပိုးသည် ကျင်ကြီးဖြင့် ပြည့်နှက်၏။ ယင်းပိုးရဲ့ ရှေ့မှာလည်း ကျင်ကြီးပုံကြီး ရှိတယ်၊ ယင်းကျင်ကြီးစားသော မစင်ပိုးဟာ ယင်းကျင်ကြီးဖြင့် တစ်ပါးသော မစင်ပိုးတွေကို ငါဟာ ကျင်ကြီးစားတယ်၊ ကျင်ကြီးနဲ့ ပြည့်နှက်နေတယ်၊ ငါ့ရဲ့ရှေ့မှာလည်း ကျင်ကြီးပုံကြီး ရှိတယ်လို့ မထေမဲ့မြင် ပြုရာတယ်"

"ရဟန်းတို့၊ အဲဒီအတူပဲ ဒီသာသာနာတော်မှာ အချို့သောရဟန်းဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်သည့် သိမ်းကျုံးယူငင်အပ်သည့် စိတ်ရှိသည်ဖြစ်၍ နံနက်အခါမှာ ကောင်းစွာ ဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာနိဂုံးသို့ ဆွမ်းခံဝင်တယ်"

"အဲဒီ ရဟန်းဟာ အဲဒီ ရွာနိဂုံးမှာ အလိုရှိတိုင်း ဆွမ်းစားပြီးလည်း ဖြစ်တယ်၊ နက်ဖြန် စားရန်အတွက် ဖိတ်အပ်ပြီးတဲ့ ဆွမ်းလည်း ရှိတယ်၊ သပိတ်ပြည့်တဲ့ဆွမ်းလည်း ရှိတယ်"

"အဲဒီရဟန်းဟာ ကျောင်းအရံသို့ သွားပြီးတော့ ရဟန်းအပေါင်းအလယ်မှာ ကြုံးဝါးတယ်၊ "ငါဟာ ဆွမ်းကို အလိုရှိတိုင်း စားပြီးပြီ၊ နက်ဖြန် စားရန်အတွက် ဖိတ်ထားတဲ့ ဆွမ်းလည်း ရှိသေးတယ်၊ သပိတ်ပြည့်တဲ့ ဆွမ်းလည်းရှိတယ်၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကိုလည်း ရတယ်" ငါမှ တစ်ပါးကုန်သော ဒီရဟန်း

တွေဟာနည်းတဲ့ဘုန်းကံ၊ နည်းတဲ့တန်ခိုး ရှိကုန်တယ်၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ကို မရကုန်လို့ ကြုံးဝါးတယ်"

"အဲဒီရဟန်းဟာ အဲဒီလောက် ပူဇော်သက္ကာ အကျော်အစောဖြင့် နှိပ်စက်အပ်၊ သိမ်းကျုံး ယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်၍ သီလရှိကြတဲ့ တခြား ရဟန်းတွေကို မထေမဲ့မြင် ပြုတယ်"

"ရဟန်းတို့၊ ယင်းသို့ မုတ်ထင်ခြင်း၊ မထေမဲ့မြင်ပြုခြင်းဟာ အဲဒီ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောက်ျား အား ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး အစီးအပွား မရှိခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်တယ်"

"ရဟန်းတို့၊ ညဥ့်၏ မိုးသောက်ချိန်မှာ ညည်းညူသော မြေခွေးအိုရဲ့အသံကို ကြားကြကုန်သလော"

"မြတ်စွာဘုရား ကြားဖူးကြပါကုန်၏"

"ရဟန်းတို့၊ အဲဒီ မြေခွေးအိုဟာ ဝဲနာရောဂါဖြင့် တွေ့ထိအပ်သည် ဖြစ်၍ တွင်းသို့ ရောက်သော်လည်း မမွေ့လျော်၊ သစ်ပင်ရင်း လွင်တီးခေါင် ရောက်သော်လည်း မပျော်မွေ့ သွားလေ ရပ်လေ ထိုင်လေ အိပ်လေရာရာ အရပ် တိုင်းမှာ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ရတယ်"

"ရဟန်းတို့၊ အဲဒီအတူပဲ ဒီသာသနာတော်မှာ အချို့သော ရဟန်းဟာ လာဘ်ပူဇော်သက္ကာ အကျော် အစောဖြင့် နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်ရကား ဆိတ်ငြိမ်ရာအရပ်သို့ ရောက်သော်လည်း မမွေ့လျော်၊ သစ်ပင်ရင်း လွင်တီးခေါင်သို့ ရောက်သော်လည်း မမွေ့လျော်၊ သွားလေ ရပ်လေ ထိုင်လေ အိပ်လေရာရာ အရပ်တိုင်း၌ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ရတယ်"

"ကဲ - အဲဒီတရားတွေ ဟောပေးပေတော့၊ အဲဒါ ဘုရားဟောတဲ့ တရားတော်တွေပဲ"

"အရှင်ဘုရား၊ ဗုဒ္ဓဓမ္မပြဿနာထဲ ထည့်ရေးပါဘုရား၊ တပည့်တော် စာအုပ်ကြည့်ဟောပေးမယ်ဘုရား"

"ဒီ လာဘ်ပူဇော်သက္ကာ အကျော်အစောဆိုတာ သိပ်ပြီးတော့ ကြောက်စရာကောင်းတယ်၊ လာဘ်ပူဇော်သက္ကာ အကျော်အစောဟာ "မိုးကြိုးစက်" နဲ့လည်း တူတယ်၊ "မြှား" နဲ့လည်း တူတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ လာဘ်ပူဇော်သက္ကာ အကျော်အစော ရခြင်း၊ မရခြင်းနှင့် ရခြင်း,မရခြင်းနှစ်ပါးစုံ နှိပ်စက်အပ်၊ သိမ်းကျုံးယူငင် တဲ့ စိတ်ရှိသည် ဖြစ်ရကား ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက် ချမ်းသာကင်းတဲ့ မကောင်းတဲ့လားရာ ပျက်စီးကျရောက် ရာ၌ ဖြစ်တဲ့ ငရဲမှာဖြစ်တဲ့ အချို့သော ပုဂ္ဂိုလ်ကို ငါ မြင်ရတယ်လို့ ဘုရားရှင် ဟောထားတာလည်း ရှိသေးတယ်"

"မှန်ပါ ဘုရား"

" လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်တဲ့အတွက် သိလျက် ချွတ်ယွင်းဖောက်ပြန် မမှန်ကန်တဲ့ စကားကို ပြောဆိုနေတာကိုလည်း ငါ တွေ့မြင်ရတယ်လို့ ဗုဒ္ဓ ဟောတယ်နော်"

"မှန်ပါ ဘုရား"

"ရဟန်းတို့၊ ဖနပ်ဒိမြို့ရွာ၌ ကောင်းခြင်းငါးရပ် ပြည့်စုံလတ်တဲ့ မိန်းမမြတ် တစ်ယောက်ဟာ ရဟန်းတစ်ပါး ရဲ့စိတ်ကို သိမ်းကျုံးယူငင် မတည်နိုင်သော်လည်း လာဘ်ပူဇော်သက္ကာ အကျော်အစောဟာ ယင်းရဟန်းရဲ့စိတ် ကို သိမ်းကျုံးယူငင်၍ တည်နိုင်တယ်"

လို့ ဘုရားရှင် ဟောထားတာလည်း ရှိသေးတယ်နော်"

"မှန်ပါ ဘုရား"

"ရဟန်းတို့၊ လာဘ်ပူဇော်သက္ကာ အကျော်အစောရဲ့ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိတဲ့ ရဟန်းပုဏ္ဏားဟူသမျှတို့ကို ရဟန်းတို့၌ ရဟန်းဟု မသမုတ်အပ်ကုန်၊ ပုဏ္ဏားတို့၌ ပုဏ္ဏားဟု မသမုတ်အပ်ကုန်"

"ရဟန်းတို့၊ ထိုအရှင်တွေဟာ ရဟန်းဖြစ်ကျိုးကိုလည်းကောင်း၊ ပုဏ္ဏားဖြစ်ကျိုးကိုလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်ပြီးတော့ မနေရကုန်" လို့ ဘုရားရှင်ဟောထားတာလည်း ရှိသေးတယ်၊ ကြောက်စရာ မကောင်းဘူးလား"

"ကြောက်စရာကောင်းပါတယ် ဘုရား"

"ရှိသေးတယ်၊ ဒီ လာဘ်ပူဇော်သက္ကာ အကျော်အစောတွေ ကြောက်စရာကောင်းပုံတွေ၊ ဘုရားဟောထားတာ"

"အမိန့်ရှိပါဦး ဘုရား"

"အာနန္ဒ၊ လာဘ်ပူဇော်သက္ကာ အကျော်အစောကို မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိလျက်နိဗ္ဗာန်သို့စေလွှတ်အပ်တဲ့စိတ်ရှိသည်ဖြစ်၍နေတဲ့ရဟန္တာပုဂ္ဂိုလ်သည်ရအပ်.ရောက်အပ်ကုန်သောမျက်မှောက်ဘဝ၌ ချမ်းသာစွာနေမှု ဖလသမာပတ်တို့၏ အန္တရာယ်ပြုရန် ဖြစ်၏ဟူ၍ ငါဆို၏" လို့ ဘုရားရှင် ဟောတော်မူတယ်၊ ရဟန္တာတောင် အန္တရာယ်ပြုသေးရင် ပုထုဇဉ်ဆိုတာ ပိုပြီး အန္တရာယ် မပြုဘူးလား"

"ပြုပါတယ် ဘုရား"

"ဒေဝဒတ်ဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်၍ သံဃာသင်းခွဲတာတဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဒေဝဒတ်ဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိတဲ့ ဒေဝဒတ်အား ကုသိုလ်အရင်းမူလ ပြတ်ခြင်းသို့ ရောက်ခဲ့ပြီတဲ့၊ သိပ်ကြောက်စရာ ကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"စင်စစ်အားဖြင့် ငှက်ပျောသီးသည် ငှက်ပျောပင်ကို သတ်သကဲ့သို့၊ ဝါးသီးသည် ဝါးပင်ကို သတ်သကဲ့သို့၊ ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့၊ အဿတရီမြင်းမ၏ကိုယ်ဝန်သည် မြင်းမကို သတ်သကဲ့သို့ ထို့အတူ လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ယောက်ျားယုတ်ကို သတ်၏" လို့ ဘုရားရှင် မိန့်ကြားထားတာလည်း ရှိသေးတယ်၊ ကြောက်စရာပဲ မဟုတ်လား"

"မှန်ပါ၊ ကြောက်စရာပါဘုရား"

"မမေ့မလျော့ နေလေ့ရှိသော၊ အရှိအသေပြုထိုက်သော အကြင်ရဟန္တာပုဂ္ဂိုလ်ရဲ့သမာဓိဟာ လာဘ်ပူဇော်သက္ကာ ရခြင်းကြောင့်လည်းကောင်း၊ ပူဇော်သက္ကာ မရခြင်းကြောင့်လည်းကောင်း၊ နှစ်ပါးစုံသော အကြောင်းကြောင့်လည်းကောင်း မတုန်လှုပ်"

"မကောင်းမှုကို ဖုတ်ကြည်းတတ်သော၊ အမြဲမပြတ် ပြုလေ့ရှိသော သိမ်မွေ့သော အရဟတ္တမဂ်ဉာဏ်ဖြင့် ကောင်းစွာ ရှုတတ်သော ဥပါဒါန်တို့၏ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်သော ထိုပုဂ္ဂိုလ်တို့ကို သူတော်ကောင်းဟု ဆိုအပ်ကုန်၏"

တဲ့၊ အဲဒါ ဘုရားရှင်ရဲ့မိန့်တော်မူချက်ပါပဲ၊ အဲဒါတွေ မှတ်ထားပြီး ဟောပေတော့နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဒီသာသနာတော်မှာ ဒီလို ကျင့်ရမယ်၊ ဖြစ်ပေါ်လာတဲ့ လာဘ်ပူဇော်သက္ကာ အကျော်အစောကိုစွန့်ကုန်အံ့၊ဖြစ်ပေါ်လာတဲ့လာဘ်ပူဇော်သက္ကာအကျော်အစောသည်လည်းငါတို့ရဲ့ကုသိုလ်စိတ်ကိုသိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့" လို့ အဲဒီလို သင်တို့ ကျင့်ရမယ်လို့ ဗုဒ္ဓ ဟောတယ်နော်"

"မှန်ပါ ဘုရား"

"ဒကာမကြီး ဘုန်းကြီး ပြောင်းပြန်ဖြစ်နေတယ်၊ အဲဒါ တည့်ပေးလိုက်ပေ့၊ ကဲ - တော်ပြီ"

"ဦးတင်ပါတယ်ဘုရား"

✦ လာဘ်လာဘကို၊ မက်မောလို၊ ကုသိုလ်မရပြီ။

✦ ကျော်စောလိုလား၊ ဘေးရန်များ၊ တရားမရပြီ။

✦ ခြွေရံလိုလား၊ တဏှာပွား၊ ဘေးများတွေ့ရမည်။

✦ လာဘ်ကျော်စောပယ်၊ ခြွေရံပယ်၊ အေးဖွယ်ရလေပြီ။

# တပည့်တော် အကုသိုလ်တွေ ကုန်သွားပြီဘုရား

(၁၃၃)

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ ဟူသော သုဂတိ (၂၇)ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါ အသင်္ချေကျ ထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ (၂၇)ဘုံတို့၌ သတ္တဝါတွေ ကုန်လေရာ၏၊ အပါယ်လေးပါးရှိ သတ္တဝါကား မကုန်လေရာ၊ ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးကျယ်လှ၏၊

(ဘာဝနာဒီပနီ)

အဘယ်ကြောင့် ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးလှသနည်း၊

ယင်းကို ဘုရားရှင် ဟောတော်မူသော "နခသိခသုတ်" နှင့် "ကာဏကစ္ဆပေါပမသုတ်" တရားဒေသနာတို့ဖြင့် ဖြေဆိုရာ၏၊

## နခသိခသုတ်

ဘုရားရှင်သည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူပြီးလျှင် ရဟန်းတော်တို့ကို မေးတော်မူ၏၊

"ရဟန်းတော်များ၊ အိုချစ်သားတို့၊ ဒီ မဟာပထဝီ မြေကြီးပေါ်ရှိ မြေမှုန့်နဲ့ ငါရဲ့ဒီလက်သည်းပေါ်ရှိ မြေမှုန့် ဟာ အဘယ်မြေမှုန့်က များသလဲ"

လို့ မေးတော်မူတယ်၊ ဒီတော့ ရဟန်းတော်တွေက ပြန်ပြီးဖြေကြတယ်၊ ဘယ်လိုဖြေလဲဆိုတော့ -

"မြတ်စွာဘုရား လက်သည်းတော်ပေါ်ရှိ မြေမှုန့်ဟာ အလွန်တရာမှ နည်းပါးလှပါတယ်၊ မဟာပထဝီ မြေမှုန့်တွေကား အလွန်တရာ များလှပါတယ်"

လို့ ဖြေကြားကြတယ်၊ အဲဒီလို ဖြေတော့ ဘုရားရှင်က ရဟန်းတော်တွေကို ဒီလို မိန့်တော်မူပြန်တယ် -

"ရဟန်းတော်များ အိုချစ်သားတို့၊ အဲဒီအတူပဲ တစ်နေ့တစ်နေ့မှာ သေဆုံးကြတဲ့ သတ္တဝါတွေထဲမှာ သုဂတိ ဘုံသို့ ရောက်ကြတဲ့ သတ္တဝါတွေဟာ ငါရဲ့လက်သည်းပေါ်ရှိ မြေမှုန့်ကဲ့သို့ အလွန်တရာ နည်းလှပါတယ်၊အပါယ်

လေးဘုံသို့ ရောက်ကြတဲ့ သတ္တဝါတွေကတော့ မဟာပထဝီမြေကြီးရှိ မြေမှုန်တွေကဲ့သို့ အလွန်တရာများလှပါတယ်"

ဟူ၍ ဟောတော်မူတယ်။ ယင်းသို့ အကုသိုလ်များ၏ အပါယ်ကျမှုများ၊ ကုသိုလ်နည်းပါး၍ သုဂတိဘုံ အရောက်နည်းပါးပုံကို မိမိတို့ သန္တာန်တွင် အစဉ်မပြတ် ဖြစ်နေတဲ့ စိတ်အစဉ်ကို အကဲခတ်ကြည့်မှ သိနိုင်မည်။

(နခသိခသုတ်)

## ကာဏကစ္ဆပေါပမသုတ်

ဘုရားရှင်သည် တစ်နေ့သ၌ ရဟန်းတော်များကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏ -

"ရဟန်းတော်များ အိုချစ်သားတို့၊ မဟာသမုဒ္ဒရာထဲမှာ မျက်စိနှစ်ဖက် အစုံပျက်သော လိပ်ငယ်တစ်ကောင် ရှိတယ်၊ အဲဒီ လိပ်ငယ်ဟာ မဟာသမုဒ္ဒရာရေအတွင်းမှာပဲ ရောက်မိရောက်ရာ သွားလာနေတယ်၊ အနှစ်တစ်ရာမှ တစ်ခါ၊ အနှစ်တစ်ထောင်မှ တစ်ခါ ရေပေါ်သို့ ပေါ်လာတယ်"

"ရဟန်းတော်များ အိုချစ်သားတို့၊ အဲဒီ မဟာသမုဒ္ဒရာထဲမှာပဲ အပေါက်တစ်ခုသာ ရှိတဲ့ ထမ်းပိုးငယ်တစ်ခုလည်း ရှိတယ်၊ အဲဒီထမ်းပိုးကလည်း လေဆောင်ရာ၊ လှိုင်းဆောင်ရာ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ မျောပါလွင့်ပါပြီးတော့နေတယ်"

"ရဟန်းတော်များ အိုချစ်သားတို့၊ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်မှ တစ်ခါသာ ပေါ်လာတဲ့ အဲဒီလိပ်ကန်းရဲ့ဦးခေါင်းနဲ့ ထမ်းပိုးငယ်အပေါက်ဟာ စွပ်မိနိုင်ရာသော အခွင့်ရှိသလော"

လို့ ဘုရားရှင်က မိန့်တော်မူ၊ မေးတော်မူတော့ ရဟန်းတော်တွေက ဒီလိုဖြေတယ် -

"မြတ်စွာဘုရား၊ စွပ်မိနိုင်ရာသော အခွင့် မရှိပါ။ သို့သော်လည်း ကပ်ကမ္ဘာမည်သည်မှာ အလွန်တရာရှည်ကြာလှသည်ဖြစ်၍ လိပ်ငယ်သည်လည်း မသေမပျောက်ပါမူ ထမ်းပိုးငယ်လည်း မပုပ်မဆွေးပါမူ တစ်ခါတရံ စွပ်မိနိုင်ရာသော အခွင့်ရှိပါတယ်ဘုရား"

ဟူ၍ ရဟန်းတော်တွေက ဘုရားရှင်အား ပြန်လည်ဖြေကြား လျှောက်ထားကြကုန်၏။ ထိုအခါဘုရားရှင်က ရဟန်းတော်တွေကို ဤသို့ မိန့်တော်မူ၏။

"ရဟန်းတော်များ အိုချစ်သားတို့၊ မျက်စိ နှစ်ဖက် အစုံပျက်နေသော လိပ်ငယ်နဲ့ ထမ်းပိုးငယ် စွပ်မိရာသော အခွင့်ဟာ အလွန်တရာ လွယ်လှပါသေးတယ်"

"ဟောဒီ သုဂတိဘုံဘဝမှ အပါယ်ဘုံဘဝသို့ တစ်ကြိမ်တစ်ခါ ကျရောက်လေတဲ့ သူရဲ့ ဟောဒီ သုဂတိဘုံဘဝသို့ တစ်ဖန် ပြန်ရောက်လာရန် အခွင့်ဟာ အဲဒါထက် အဆအရာမက အဆတစ်ထောင်မက ခဲယဉ်းလှပါတယ်"

"ရဟန်းတော်များ အို ချစ်သားတို့၊ အဲဒါ ဘာကြောင့် လည်း ဆိုတော့ တရားကို ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းဆိုတဲ့ "သုစရိုက်မှုမျိုး" ရယ်လို့ အပါယ်ဘုံမှာ မရှိ"

"အပါယ်ဘုံမှာ နိုင်ရာနိုင်ရာ သတ်ဖြတ်ပြီးတော့ ညှဉ်းဆဲ၍ စားသောက်ခြင်း အစရှိတဲ့ ဒုစရိုက်မှုတွေသာရှိတယ်။ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း အပါယ်ဘုံမှာ မသိကြဘူး၊ အသက်ရှည်သမျှကာလပတ်လုံး ဒုစရိုက်မှု၊ ဒုက္ခမှုတွေနဲ့သာ နေကြရတယ်"

"အဲဒါကြောင့် တစ်ဘဝထက် တစ်ဘဝ မြုပ်၍ မြုပ်၍သာ သွားကြရတယ်။ နစ်၍ နစ်၍သာ သွားကြရတယ်"

"အဲဒါကြောင့် အဲဒီ မျက်စိနှစ်ဖက် အစုံပျက်နေတဲ့ လိပ်ငယ်နဲ့ ထမ်းပိုးငယ်စွပ်မိမှုထက် ဒီသုဂတိဘုံဘဝမှ အပါယ်ဘုံဘဝသို့ တစ်ကြိမ်ကျလေသောသူရဲ့ ဒီသုဂတိဘုံဘဝသို့ ပြန်လာရန် အခွင့်ဟာ အဆအရာမက အဆအထောင်မက ခဲယဉ်းလှတယ်"

လို့ ဘုရားရှင်ဟောတော်မူတယ်။ ဒီသုတ်ဟာ ကာဏကစ္ဆပေါပမသုတ်တဲ့။

ဒီသုတ်မှာ အပါယ်ဘုံဘဝမှာ တစ်ဘဝထက် တစ်ဘဝ ဝန်လေး ဝန်လေးပြီးသွားတဲ့ အကုသိုလ် အသစ်အသစ်တွေအတွက်နဲ့ တစ်ဘဝထက် တစ်ဘဝ မြုပ်မြုပ်ပြီးတော့သွားတဲ့အတွက် သုဂတိဘုံဘဝသို့ တစ်ဖန်ပြန်လာခွင့် ခဲယဉ်းမှုကို ဘုရားဟောတော်မူထားသည်။

သို့ဖြစ်၍ မိမိသည် မိမိနှင့် နီးစပ်သူများအား သုဂတိဘုံဘဝမှာ ကြုံကြိုက်ရသည့်အခိုက် ဒါန. သီလ. ဘာဝနာ စသော ကုသိုလ်တရားတွေကို ပြုလုပ်စေလိုသည်။ ပြုလုပ်စေလိုသည့်အတွက် နည်းအမျိုးမျိုးနှင့် ဟောပေးသည်။

အထူးသဖြင့် မိမိသည် ကလေးသူငယ်များအား သူတို့ နားလည်နိုင်သည့် စကားကို သုံးနှုန်းကာ ကုသိုလ်လုပ်ရေး အထူးအလေးပေး၍ ဟောပြောပြသည်။ ယင်းသို့ ဟောပြောမှုနှင့် ပတ်သက်၍ တစ်ခါက ပြဿနာကြုံခဲ့၏။ ပြဿနာမှာ အကော်အကပ် ပြဿနာတော့ မဟုတ်ပါ။ ပြောတတ်သောသူက ပြော၍ဖြစ်သင့်သော ပြဿနာပင် ဖြစ်ပါသည်။

ပြဿနာကား အဘယ်နည်း။ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိနှင့် မိတ်ဆွေတစ်စု၊ ဆရာတော်တစ်စုသည် တောရကျောင်း တစ်ကျောင်းတွင် သိမ်သမုတ်ရန်ကိစ္စ ဆောင်ရွက်နေခိုက် ဖြစ်၏။

ယင်းတောရမှာ မိမိနေခဲ့သော တောရဖြစ်၍ တောရလာ ဒကာ ဒကာမတွေနှင့် မိမိမှာ ရင်းနှီး၏။ သူတို့အား တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ရေးကို တိုက်တွန်းဟောကြားပေး၏။

အထူးသဖြင့် မိမိတပည့်ငယ် သုံးလေးယောက်တို့အား မိမိက ဟောပေး၏ -

"နင်တို့တစ်တွေမှာ လူငယ်တွေဆိုတော့ ကုသိုလ်က အင်မတန် အဖြစ်နည်းတယ်၊ အကုသိုလ်တွေသာ အဖြစ်များတယ်၊ အကုသိုလ်များ ကုသိုလ်နည်းတော့ မကောင်းကျိုးများ ကောင်းကျိုးနည်းမယ်"

"လိုချင်တာ ရချင်တာက ကောင်းကျိုးချမ်းသာ၊ လုပ်နေတာ ဖြစ်နေတာတွေက မကောင်းကျိုး ဒုက္ခဖြစ်ကြောင်းတွေ ဆိုတော့ ကောင်းကျိုးချမ်းသာရဖို့ မလွယ်ဘူး"

"ယခု ဒီတောရကျောင်းမှာ သိမ်သမုတ်ပွဲ ကျင်းပနေတယ်၊ သိမ်ကုသိုလ်ဆိုတာ အလွန်တရာ အကျိုးကြီးတယ်၊ သိမ်ဟာ သာသနာတော်ရဲ့ အသက်ပဲ"

- "ဒီ သိမ်ဟာ သာသနာတော် တည်သမျှ တည်မယ်၊ သာသနာတော်လည်း ဒီသိမ်တွေ တည်သမျှတည်တာပဲ၊ သိမ်.မရှိရင် ရဟန်းသံဃာတွေလည်း မရှိနိုင်တော့ သာသနာတော်လည်း မရှိတော့ဘူး"

"သာသနာတော်ရဲ့အညစ်အကြေးတွေလည်း ဒီလို သိမ်ထဲမှာပဲ ဆေးကြောသုတ်သင်ရတယ်၊ ဒီတော့ သိမ်ကုသိုလ်ဟာ အလွန်တရာ အကျိုးကြီးတယ်"

စသည်ဖြင့် မိမိသည် မိမိတပည့်ငယ်များအား ဟောကြားပြီး ဝေယျာဝစ္စစသော ကုသိုလ်များကို ပြုလုပ်ရန် တိုက်တွန်း၏။

"နင်တို့မှာ အကုသိုလ်တွေ မများဘူးလား"

"များပါတယ်ဘုရား"

"အေး - အဲဒီ အကုသိုလ်တွေကို ကုသိုလ်ကမှ နိုင်တယ်၊ ဒါကို မယဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီး က ဒီလို လင်္ကာသီထားတယ် -

"အကုသလ၊ ကုသလဟု၊ ဓမ္မအရိုး၊ ထိုနှစ်မျိုးတို့၊ ကောင်းဆိုးအလို၊ အကုသိုလ်ထက်၊ ကုသိုလ်ကကြီး၊ နိုမ်းရာစစ်၊ ကုသိုလ်ဖြစ်၏"

"မိုက်ညစ်ဆိုးသူ၊ မကောင်းမှုဖြင့်၊ လူဟူသရွေ့၊ ဒုက္ခတွေ့သော်၊ သိမ်မွေ့ကောင်းစွာ၊ ကုသိုလ်မှာလျှင်၊ ချမ်းသာရကြောင်း၊ ကျင့်ရာရှောင်းရှင့်"တဲ့။

ဒုက္ခဆင်းရဲဆိုတာ အကုသိုလ်ရဲ့အကျိုးတွေပဲ။ အဲဒီ အကုသိုလ် အကျိုးတွေရှင် အကုသိုလ်ကို နိုင်တယ်ဆိုတဲ့ ကုသိုလ်ကို လုပ်ရမယ် စသည်ဖြင့် မိမိသည် ဟောပေးလိုက်၏။

မိမိကားကိုယ့်အလုပ်နှင့်ကိုယ်၊ သူတို့ကို သတိမမူမိ။ သူတို့ ကုသိုလ်လုပ်နေသလော၊ ဆော့ကစားနေသလား သတိ မထားမိ၊ မကြည့်မိပါ။

တစ်နေ့ နေ့လယ်ခင်း မိမိနှင့် မိမိမိတ်ဆွေတစ်ပါးတို့ သစ်ပင်တစ်ပင်အောက်တွင် တရားစကား ဆွေးနွေးပြော ကြားစဉ် ထိုတပည့်ငယ် သုံးလေးယောက် အပြေးအလွှားရောက်လာပြီး ဦးချကာ တစ်ယောက်က အားရပါးရ လျှောက် ထားလိုက်သည် -

"ဘုန်းဘုန်းဘုရား "တပည့်တော် အကုသိုလ်တွေ ကုန်သွားပြီဘုရား"

မိမိမှာ ဘာမှ မပြောမိ။ မိမိနှင့် စကားပြောနေသူ အရှင်က ကောက်ကာငင်ကာ ပြောလိုက်သည်။

"ဟေ - နင်တို့ ဒီလိုဆို ရဟန္တာတွေ ဖြစ်သွားပြီပေါ့" တဲ့။

သူတို့လည်း ကြောင်သွားသည်။ ထိုအရှင်က ဆက်မေးသည်။

"နင်တို့ ဘာတွေလုပ်လို့ အကုသိုလ်တွေ ကုန်သွားတာလဲ"

"တပည့်တော်တို့ သိမ်အတွက် ဝေယျာဝစ္စ ကုသိုလ်တွေ အများကြီး လုပ်ပေးတယ်ဘုရား"

သူတို့မျက်နှာတွေမှာ လန်းဆန်းနေသည်။ ရွှင်ပျသွက်လက်နေသည်။ သို့နှင့် သူတို့နှင့် စကားပြတ်ရန် မိမိက ကြား ဝင်လိုက်သည်။

"တပည့်တော်က တိုက်တွန်းထားလို့ သူတို့ ကုသိုလ်လုပ်ပြီး အားရပါးရ လာလျှောက်တာဘုရား"

"ဩော် - ဒီလိုလား၊ မသိပါဘူး၊ အကုသိုလ်တွေ ကုန်သွားပြီဆိုတော့ ရဟန္တာမှ အကုသိုလ်ကုန်တော့ ရဟန္တာဖြစ်သွား ပြီးပေါ့လို့ အမှတ်တမဲ့ပဲ ပြောလိုက်တာပဲ"

"သူတို့ကို တပည့်တော်က အကုသိုလ်ကို ကုသိုလ်က နိုင်တယ်၊ နင်တို့ အကုသိုလ်တွေ များနေတယ်၊ အကုသိုလ်ကို နိုင်တဲ့ အကျိုးကြီးတဲ့ သိမ်ကုသိုလ် လုပ်လို့ တိုက်တွန်းတာနဲ့ ဝေယျာဝစ္စ ဝိုင်းလုပ်ပြီး လာလျှောက်တာဘုရား"

ထိုအခါမှ မိမိနှင့် စကားပြောနေသူ အရှင်က သဘောပေါက်သွားကာ

"အေး - ကောင်းတယ်၊ ကောင်းတယ်၊ ထပ်ပြီး ကုသိုလ်တွေ လုပ်ဦးနော်" ဟု ပြောလိုက်သည်။

"မှန်ပါဘုရား"

ဟု လျှောက်ထားကာ တပည့်ငယ်များသည် ရှိခိုးပြီး ဝေယျာဝစ္စလုပ်ငန်းများ လုပ်ရန် ပြန်သွားကြသည်။

မိမိနှင့် မိတ်ဆွေအရှင်မှ သူတို့အကြောင်းကို ဆက်လက်၍ ဆွေးနွေးခဲ့၏။ မိမိကပြောသည် -

"ကလေးတွေဆိုတာ သူတို့ နားလည်နိုင်တဲ့ အသုံးအနှုန်းနဲ့ သာယာဖြည်းညင်း နားသွင်းပြောပြမှ သဘောပေါက် နားလည်ပြီး ကုသိုလ်ရေး ဝါသနာပါမှာ၊ နားမလည်နိုင်တဲ့ အသုံးအနှုန်းတွေကို သုံးနှုန်းပြောဆိုတော့ သူတို့ နားမလည်ကြရင် ဘယ်ကုသိုလ်လုပ်မလဲ"

"ဟုတ်တာပေါ့"

"ပြီးတော့ ကလေးတွေ ကုသိုလ်ရေး လုပ်ခိုင်းတဲ့နေရာမှာ သူတို့ လုပ်နိုင်စွမ်းရှိတဲ့ သူတို့နိုင်တဲ့ သူတို့ပျော်တဲ့ ကုသိုလ်ရေးကို အလျင်လုပ်ခိုင်းတာ ကောင်းတယ်"

"အင်း - ဟုတ်တယ်"

"သဗ္ဗ အကုသလ် အစောဂမနီယံ၊ သဗ္ဗ ကုသလ် ဥဒ္ဒဂ်မနီယံ = အလုံးစုံသော အကုသိုလ် ဟူသမျှဟာ အောက်သို့ စုန်ဖို့ချည်း ဖြစ်တယ်၊ အလုံးစုံသော ကုသိုလ်ဟူသမျှဟာ အထက်သို့ ဆန်ဖို့ချည်းပဲ ဖြစ်တယ်ဆိုတဲ့ သလ္လေခသုတ်အတိုင်း သူတို့လေးတွေ အထက်ဆန်ရေးအတွက် ဒီလိုပဲ နည်းပြပြီး သိမ်းသွင်းရတာပဲ"

"အင်းပေါ့"

"အစမထင်တဲ့ သံသရာတစ်ခွင်မှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေမှာ သူတော်ကောင်းတရား၊ ကုသိုလ်တရားနဲ့ ပြည့်စုံစွာ ဖြစ်ရတဲ့ ဘဝဆိုတာ အင်မတန် နည်းပါးတော့ နည်းပါးတာကို များအောင် ဒီလိုပဲ တွန်းပေးရတာပဲ မဟုတ်လား"

"ဟုတ်တာပေါ့"

"ဒီလို လူ့ဘုံလို သုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်သွားရင် အဲဒီအပါယ်ဘုံမှာ အဆင့်ဆင့်ဖြစ်ပွားပြီး သွားတဲ့ အကုသိုလ်ကံ ကံသစ်တွေအတွက် ဒီ သုဂတိဘုံသို့ ပြန်ရဖို့ဟာ အင်မတန် ခဲယဉ်းတယ် မဟုတ်လား"

"ဟုတ်တာပေါ့"

"အပါယ်လေးဘုံဆိုတာ ဝင်ပေါက်သာ ရှိတယ်၊ ထွက်ပေါက် မရှိတဲ့၊ ကျပေါက်သာ ရှိတယ်၊ ထွက်ပေါက် မရှိတဲ့၊ မြုပ်ပေါက်သာ ရှိတယ်၊ ပေါ်ပေါက် မရှိတဲ့၊ စုန်ပေါက်သာ ရှိတယ်၊ ဆန်ပေါက် မရှိတဲ့ လယ်တီဆရာတော်ဘုရားကြီးက "ဘာဝနာ ဒီပနီ"မှာ ရေးထားတယ်၊ ကြောက်စရာကြီးနော်"

"အင်း - သတ္တဝါတွေကတော့ မသိတော့ မကြောက်ဘူးပေါ့"

"ကဲ - တော်ကြဦးစို့၊ ညောင်းပြီ"

✦ ကုသိုလ်တရား၊ အစားစား၊ ကြိုးစားပြုသင့်သည်၊

✦ အကုသိုလ်များ၊ အစားစား၊ ကြိုးစားရှောင်သင့်သည်၊

✦ အကုသိုလ်မွေ့၊ ကုသိုလ်တွေ့၊ ရှောင်၍သွားတတ်သည်၊

✦ အကုသိုလ်တွယ်၊ ကုသိုလ်ပယ်၊ အလွယ်လုပ်တတ်သည်၊

✦ အကုသိုလ်ပယ်၊ ကုသိုလ်တွယ်၊ တကယ်လုပ်ရမည်၊

## ဝေဒနာတွေ ရေမျှောခဲ့တယ်ဘုရား

(၁၃၄)

ကိုယ်ကျိုးသာ ကျင့်သူ၊ သူတစ်ပါးအကျိုးသာ ကျင့်သူ၊ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံး ကျင့်သူ၊ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံး မကျင့်သူ ဟူ၍ ပုဂ္ဂိုလ် လေးမျိုး ရှိ၏။ ထိုတွင် -

၁။ ကိုယ့်ကျိုးသာ ကျင့်သူမှာ ဥစ္စာ စသည် ပြည့်စုံချင် ပြည့်စုံမည် ဖြစ်သော်လည်း စိတ်ချမ်းသာ ပျော်ရွှင်မှုကား အပြည့်အဝ ရလိမ့်မည်မဟုတ်။

၂။ သူ့ကျိုးသာ ကျင့်သူ၌ မိမိအကျိုးအတွက် သောက ဖြစ်ရတတ်သေး၏။

၃။ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံး ကျင့်သူမှာ သောကဝေး၍ အေးချမ်းသောသူ ဖြစ်၏။

၄။ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံး မကျင့်သူမှာ လောက၌ ဆုံးရှုံးသောသူတစ်ယောက် ဖြစ်၏။

အများအကျိုး အစဉ်ဆောင်သူမှာ အများ၏ ချစ်ခင်လေးစား အရေးထားခြင်း ခံရသည့်အပြင် မိမိ၏ ထိုကောင်းမှုများကိုမြင်တွေ့ရတိုင်း စိတ်ကြည်နူး၍ရွှင်မြူးချမ်းသာကာ ပျော်ရွှင်လျက် ရှိ၏။ ဘေးကင်းရန်ကင်း စိတ်ချမ်းသာခြင်းဖြင့် အစဉ်အမြတ်ထွက်လျက် ရှိ၏။

တစ်ရပ်တစ်ရွာ တစ်မြို့လုံး ထိုလူမျိုးတွေ များလျှင် ထိုအရပ်မှာ အစဉ် သာယာအေးချမ်း ရွှင်လန်းပျော်မွေ့ဖွယ်ရာသာ ဖြစ်၏။

ထိုအရပ်မျိုး၌ လူလူချင်း မေတ္တာဖြင့် ဖွဲ့လျက်ရှိရာ ကွဲပြားမှု မရှိ။ တစ်သားတည်း ညီညွတ်စည်းလုံးလျက်သာ ရှိမည်ဖြစ်၍ "အပြစ်မရှိသောအလုပ်" မှာ ရပ်ရွာ စည်ပင်သာယာရေး၊ လူလူချင်း စည်းလုံးညီညွတ်ရေး၊ ကုသိုလ် အမြဲဖြစ်ရေးအတွက် လေးလေးနက်နက် လိုက်နာသင့်သော ကုသိုလ်မှု ဖြစ်ပေသည်။

မိမိသည် ယင်းကုသိုလ်မှုကို ဝါသနာပါသည်။ ဝါသနာအလျောက် အလုပ်လုပ်ရာ မိမိမှာ အအား မရှိ၊ အနား မရှိပါ။ မိမိ တောရကျောင်းတွင် ရှိနေလျှင် စာချ၊ စာရေး၊ တရားဟော၊ တရားပြရင်းနှင့် အချိန်ကုန်သည်။ အပြင်ထွက်လျှင် တရားဟော၊ တရားပြ၊ စာကြည့်ရင်းနှင့် အချိန်ကုန်သည်။ ရံခါမှ စာရေးသည်။ ယင်းသို့ဖြင့် မိမိမှာ အအား မရှိ၊ အနား မရှိပါ။ အလုပ်တစ်ခုမှ အလုပ်တစ်ခု ပြောင်းလုပ်ခြင်းသည်ပင် မိမိအတွက် အအားအနား ဖြစ်တော့၏။

ယင်းသို့ ကျင်လည်နေသော မိမိသည် တစ်ခုသော ဝါတွင်းကာလက တစ်ခုသော မှတ်စရာနှင့် ကြုံခဲ့ရ၏။ ဝါတွင်းဖြစ်၍ မိုးက ရံခါ ရွာ၍ ရံခါမှ မရွာဘဲ အုံ့နေသည်။ ရံခါမှ နေ့သာလျက် ရှိသည်။ နေရာကား တောင်ပေါ်တောရကျောင်းလေးတွင် ဖြစ်၏။

စာချရင်းတရားဟောတရားပြရင်း အချိန်ကို အသုံးပြုနေရိန် ဖြစ်၏။ တစ်နေ့ညနေဘက်တွင် ယောဂီများအား တရားစစ်၏။ ယောဂီ ဒကာမကြီးတစ်ယောက်အား မေးသည်။

"ကဲ - ပြောစမ်းပါဦး၊ ဒီနေ့ တရားအားထုတ်ရတာ ဘယ်လိုလဲ"

"ဒီနေ့ အားထုတ်ရတာ ကောင်းပါတယ်ဘုရား၊ တပည့်တော် တရားအားထုတ်ရအောင် လာတော့ ဟိုရင်ကွဲဇရပ်က ချောင်းကလေး ရောက်တော့ "ဝေဒနာတွေ ရေမျှောခဲ့တယ်ဘုရား"

"ဘယ်က ဝေဒနာတွေ ရေမျှောခဲ့တာလဲ"

"တပည့်တော် နေ့တိုင်းနေ့တိုင်း တရားအားထုတ်တော့ အကြောတက် ကိုက်ခဲနဲ့ ဝေဒနာတွေ နေ့တိုင်းတွေ့နေတော့ ဆင်းရဲတာနဲ့ ဝေဒနာတွေကို "နေရစ်တော့ ချောင်းထဲမှာ" ဆိုပြီး မျှောခဲ့တယ် ဘုရား"

"အင်း - မျှောခဲ့တော့ ဝေဒနာတွေ မျောသွားတာ တွေ့ရလား"

"ဘယ်တွေ့ရမလဲ ဘုရား"

"ဒီနေ့ကော အားထုတ်တော့ ဝေဒနာတွေ တွေ့သေးလား"

"တွေ့ပါတယ်ဘုရား"

"ရေမမျှောဘူးပေါ့"

"မမျှောပါဘုရား"

"အကုသိုလ် ကုန်အောင် ရေချိုးတဲ့ ပုဏ္ဏားတွေလို ဖြစ်နေဦးမယ်၊ မျှောတုန်းက အကုသိုလ် မျှောတယ်၊ အကုသိုလ် မျှောရရင် ကုသိုလ်လည်း ပါသွားမှာပေါ့လို့ စောဒနာခံရတယ်၊ ယခုလည်း ဒကာမကြီး မျှောတုန်းက ဒုက္ခဝေဒနာသာ မျှောတာနဲ့ တူပါတယ်၊ ဒုက္ခဝေဒနာသာ ရေမျှောလို့ရရင် သုခဝေဒနာပါ မျှောလို့ရမှာပေါ့၊ ဒီတော့ ဒကာမကြီးမှာ ဝေဒနာတွေ ကုန်ရောပေါ့လို့ မေးစရာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ကုန်ပြီလား၊ ဝေဒနာတွေ"

"မကုန်ပါဘုရား"

"ဒကာမကြီးက ဒုက္ခဝေဒနာတွေ ရေမျှောတော့ သုခဝေဒနာတွေ ရမယ်မျှော်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## သုခဝေဒနာ ရှုပုံ

"အမှန်က ဒီလိုမဟုတ်ဘူး၊ ဒုက္ခဝေဒနာတော့ ရေမျှော၊ သုခ ဝေဒနာတော့ မျှော်၊ မဖြစ်ရဘူး၊ ဝေဒနာရှုတဲ့သူဟာ ဘယ် ဝေဒနာပေါ်ပေါ် သူ့သဘောကို သိအောင် ရှုရမယ်"

"ဝေဒနာကို ရေပွက်နှင့်တူစွာ ရှုရမယ် ဆိုတဲ့အတိုင်း ဝေဒနာကို ရေပွက်နှင့်တူစွာ မြင်အောင်ရှုရမယ်၊ ရေကန်အပြင်မှာ မိုးရွာတဲ့အခါ သူ့ရေပေါက်နဲ့ သူ့ရေပွက်နဲ့ ဖြစ်ပေါ် ချုပ်ပျက်နေတာကို မြင်ရသလို မိမိကိုယ်သန္တာန်မှာ အာရုံနဲ့ ဝတ္ထု အစုစုတို့ တွေ့ကြုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ ဝေဒနာရဲ့အဖြစ်အပျက်ကို မြင်အောင် ရှုရမယ်"

"ဘယ်လို ရှုကြည့်ရမလဲ၊ ဆိုပါတော့ ပူအိုက်တဲ့အခါ မိမိရဲ့ကျောပြင်ပေါ် ရေလောင်းလိုက်မယ်ဆိုရင် အေးမြတဲ့ သုခဝေဒနာတွေ ဖြစ်ပေါ်လာမယ်၊ အဲဒီ သုခ ဝေဒနာတွေဟာ ရှေးက ရှိနေတာ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ရှေးက ရှိနေတဲ့ သုခဝေဒနာတွေ ဖြစ်ခဲ့ရင် ရေမလောင်းမီကလည်း အေးနေရမယ်၊ ဒီလိုလည်း အေးမနေဘူးနော်"

"မှန်ပါ ဘုရား"

"ကဲ - ဒီတော့ ရေလောင်းလိုက်တဲ့အခါမှာ အသစ်ဖြစ်ပေါ်လာတဲ့ အေးမြတဲ့ သုခဝေဒနာပဲ ဖြစ်ပေါ်ပြီး နောက်လည်း မြဲမနေဘဲ ချုပ်ပျောက်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ သဘောကို မြင်အောင် ရှုရမယ်၊ အဲဒီလို ရှုကြည့်တဲ့အခါ သုခဝေဒနာဟာ ကျောထဲမှာ အမြဲတည်နေတာ မဟုတ်ဘူး၊ ရေနဲ့ ထိတွေ့တဲ့အခါမှ ရေပွက်တွေကဲ့သို့ အသစ်ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားပါလားလို့ ဉာဏ်နှင့် မြင်ရမယ်နော်"

"မှန်ပါ ဘုရား"

## နေပူမှ နေရိပ်

"နေပူမှ လာပြီးတော့ နေရိပ်တွင်း ဝင်လိုက်တဲ့အခါ လူတစ်ကောင်လုံးမှာ အေးမြတဲ့ သုခဝေဒနာတွေ ဖြစ်ပေါ်လာတယ်၊ ဒီဝေဒနာဟာနေရိပ်ထဲရောက်မှဖြစ်ပေါ်လာကြတယ်၊ ဒီသုခဝေဒနာဟာကိုယ်ထဲမှာအမြဲတည်နေတာမဟုတ်ဘူး၊ အရိပ်ထဲ ဝင်လိုက်တဲ့အခါမှ ရေပွက်တွေလို အသစ်ဖြစ်ပေါ်ပြီး ချုပ်ပျက်သွားကြတယ်လို့ ဖြစ်ပေါ်ချုပ်ပျက်ကိုမြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါ ဘုရား"

## မီးလှုံ ယပ်ခတ်

"အဲဒီလိုပဲ ချမ်းအေးလှလို့ မီးလှုံလိုက်တဲ့အခါ နွေးတဲ့ သုခဝေဒနာတွေ ဖြစ်ပေါ်လာကြတယ်၊ အဲဒီ သုခဝေဒနာဟာ ရှေးက ရှိနေကြတာတွေ မဟုတ်ဘူး၊ မီးလှုံလိုက်တဲ့အခါမှ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်နေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မြင်အောင် ရှုကြည့်ရမယ်၊ ပြီးတော့ ပူအိုက်လို့ ယပ်ခတ်လိုက်တဲ့အခါ အေးတဲ့သုခဝေဒနာဟာ ရှေးက ရှိနေကြတာတွေ မဟုတ်ဘူး၊ ယပ်ခတ်လိုက်တဲ့အခါမှ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်နေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## အကုန်ကြည့်

"အဲဒါလည်း မြင်အောင်ကြည့်ရမယ်၊ အဲဒီမှတစ်ပါး အဝတ်၊ အခြုံ၊ အရုံ၊ အခင်း အမျိုးမျိုးတွေနဲ့ ထိတွေ့ရာ၊ လူအချင်းချင်း ထိတွေ့ရာ၊ ဗဟိဒ္ဓ အပြင်ပ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတွေနဲ့ ထိတွေ့ရာ၊ အတွင်းဓာတ်သားချင်း ထိတွေ့ရာ၊ မိမိသန္တာန်မှာ ဖြစ်ပေါ်လာကြတဲ့ သုခဝေဒနာတွေကိုလည်း မြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါ ဘုရား"

"လွယ်တယ်လို့တော့ မအောက်မေ့နဲ့၊ မြင်အောင်ရှုဖို့တော့ ခက်တယ်၊ မြင်ခဲတယ်၊ သိလုံးကိုလည်း မြင်လုံး မလုပ်နဲ့ဦးနော်၊ သိလုံး သပ်သပ်၊ မြင်လုံးက သပ်သပ်နော်"

"မှန်ပါ ဘုရား"

## ဒုက္ခဝေဒနာ ရှုပုံ

"ကဲ - ယခုဆိုရင် သုခဝေဒနာရှုပုံကို အကြမ်းဖျင်း ပြောပြပြီးပြီ၊ ယခု ဒကာမကြီး ကြောက်တဲ့ ဒုက္ခဝေဒနာ ရှုပုံ ပြောပြမယ်၊ သေသေချာချာ နားထောင်ပါ၊ အရေးကြီးပါတယ်"

"မိမိကျောပြင်ကို ရိုက်လိုက်တဲ့အခါ နာကျင်တဲ့ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်၊ အဲဒီဒုက္ခဝေဒနာဟာ ရှေးက ရှိပြီးနေကြတာ မဟုတ်ဘူး၊ ရိုက်လိုက်တဲ့အခါမှ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်နေကြတယ်၊ အဲဒီ ဖြစ်ပေါ် ချုပ်ပျက်ကို မြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါ ဘုရား"

"နေပူထဲ သွားတဲ့အခါ ပူလောင်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတယ်၊ နွေဥတုအခါ ပူအိုက်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတယ်၊ ဆောင်းဥတုအခါ ချမ်းအေးတဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတယ်၊ အဲဒီဒုက္ခဝေနာတွေဟာ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ်ချုပ်ပျက်နေကြတယ်၊ အဲဒီ ဖြစ်ပေါ် ချုပ်ပျက်ကို မြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါ ဘုရား"

"အနာရောဂါ ဖြစ်တဲ့အခါ ညောင်းညာကိုက်ခဲ ယားနာ စသည်တွေဟာ အတွင်းဓာတ်သားချင်း ထိခိုက်လို့ ဖြစ်ပေါ်လာကြတဲ့ ဒုက္ခဝေဒနာတွေပဲ၊ အဲဒီ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတဲ့အခါ ဒီ ဒုက္ခဝေဒနာဟာ ရှေးရှေးက ရှိနေကြတာ မဟုတ်ဘူး၊ ယခုမှ အတွင်းဓာတ်သားချင်း ထိခိုက်ပြီးတော့ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်နေကြတာလို့ အဲဒီ ဒုက္ခဝေဒနာတွေရဲ့ ဖြစ်ပေါ် ချုပ်ပျက်ကို မြင်အောင်ကြည့်နော်"

"မှန်ပါ ဘုရား"

"မိမိသန္တာန်မှာ အဲဒီလို ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာကြတဲ့အခါ ဒီ ဒုက္ခဝေဒနာတွေဟာ "ထိတွေ့မှု - ဖဿ" ကြောင့် ယခုမှ အသစ်ဖြစ်ပေါ်လာကြတဲ့ တရားတွေသာ ဖြစ်တယ်၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်ပြီးသွားကြတယ်၊ "ငါ မဟုတ်၊ ကိုယ် မဟုတ်၊ သူတစ်ပါးတွေသာ ဖြစ်ကြတယ်၊ ဒါကြောင့်မို့ ငါယားတာမဟုတ်၊ ငါနာတာမဟုတ်၊ ငါ အခံခက်တာမဟုတ်၊ ငါဆင်းရဲတာ မဟုတ်၊ ဒုက္ခဝေဒနာ အမှုတွေသာ ဖြစ်တယ်" လို့ ယင်းသို့မြင်အောင် ရှုရမယ်နော်၊ ရေမမျှောရဘူး၊ ရေမျှောရင် သုခဝေဒနာတွေပါ ပါသွားလိမ့်မယ်"

"မှန်ပါ ဘုရား"

## ဥပေက္ခာဝေဒနာ ရှုပုံ

"ကဲ - ယခုဆိုရင် သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ရှုပုံကို အကြမ်းဖျင်း ပြောပြပြီးပြီ၊ ယခု ဥပေက္ခာဝေဒနာ ရှုပုံကို ပြောပြမယ်၊ ပြောပြမယ်ဆိုပေမဲ့ ဥပေက္ခာဝေဒနာက မထင်ရှားတဲ့အတွက် မြင်ခဲတယ်နော်"

. "ဒါကြောင့် မြင်ခဲတဲ့ ဥပေက္ခာဝေဒနာ ရှုနည်းကို ပြတဲ့အခါ အဲဒီ ဥပေက္ခာဝေဒနာနဲ့ အတူတကွ ဖြစ်တဲ့ စိတ်ဝိညာဏ်ကို ပဓာနထားပြီးတော့ ရှုရမယ်နော်"

"မှန်ပါ ဘုရား"

"ဘယ်လိုလဲဆိုတော့ ဥပေက္ခာဝေဒနာနဲ့ အတူဖြစ်တဲ့ စိတ်ဝိညာဏ်ကား -

၁။ မြင်သိစိတ် = စက္ခုဝိညာဏ်

၂။ ကြားသိစိတ် = သောတဝိညာဏ်

၃။ နံ့သိစိတ် = ဃာနဝိညာဏ်

၄။ စားသိစိတ် = ဇိဝှာဝိညာဏ်

ဒီ ဝိညာဏ် လေးပါး တို့ပဲ၊ ဥပေက္ခာ ဝေဒနာရဲ့အဖြစ်အပျက်ကို မြင်ချင်ရင် ဥပေက္ခာဝေဒနာနဲ့ ဖြစ်တူ ပျက်တူဖြစ်တဲ့ အဲဒီ ဝိညာဏ်လေးပါးရဲ့အဖြစ်အပျက် ကြည့်၊ ဝိညာဏ်လေးပါးရဲ့အဖြစ်အပျက်ကို မြင်ရင် ဥပေက္ခာဝေဒနာရဲ့အဖြစ်အပျက်ကိုလည်း မြင်မယ်နော်"

"မှန်ပါ ဘုရား"

## စေတသိက သုခဝေဒနာ ရှုပုံ

"မိမိရဲ့စိတ်မနောမှာ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့ ကောင်းတဲ့ ဣဋ္ဌဝတ္ထုတွေ တွေ့ကြုံတဲ့အခါ စိတ်နှလုံး ရွှင်လန်းမှု စိတ်နှလုံး ချမ်းသာမှုဟာ "စေတသိကသုခဝေဒနာ" ပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ စေတသိက သုခဝေဒနာဟာ မနောဝိညာဏ်နဲ့အတူ ဖြစ်တဲ့ တရားဖြစ်လို့ ဖြစ်ရာအရပ်ကို မနောဝိညာဏ်နဲ့ အတူ မှတ်ရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ခြင်း ဖြစ်လာတဲ့အခါ "ဒီ စေတသိက သုခဝေဒနာဟာ ရှေးက ရှိနေတာမဟုတ်၊ ယခုမှ ဖြစ်ပေါ်လာတဲ့ တရားဖြစ်တယ်၊ ဖြစ်ပေါ်ပြီးနောက်လည်း ချုပ်ပျောက်သွားတယ်၊ ငါနဲ့ မဆိုင်၊ ငါပိုင် မဟုတ်တဲ့ တရားသာ ဖြစ်တယ်" လို့ မြင်အောင် ရှုရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ စေတသိက သုခဝေဒနာဟာ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့ ကောင်းတဲ့ ဣဋ္ဌဝတ္ထု တွေ့ ကြုံတဲ့အခါ ရေပွက်ကဲ့သို့ ဖြစ်ပေါ်ချုပ်ပျောက်ပြီးတော့ နေတယ်၊ အမြဲ တည်နေတဲ့တရား မဟုတ်ဘူး၊ တွေ့ကြုံဆဲအခါမှာ ဖြစ်ပေါ်လာတဲ့ အရှင်မရှိတဲ့ တရားသာ ဖြစ်တယ်၊ ဒါကြောင့်မို့ "ငါ ရွှင်လန်းတာ မဟုတ်၊ ငါ ချမ်းသာတာ မဟုတ်၊ စေတသိက သုခဝေဒနာ အမှုသာဖြစ်တယ်" လို့ အဲဒီလို မြင်အောင် ရှုရမယ်နော်"

"မှန်ပါ ဘုရား"

## စေတသိက ဒုက္ခဝေဒနာ ရှုပုံ

"မိမိရဲ့စိတ်မနောမှာ မကောင်းတဲ့ အနိဋ္ဌာရုံနဲ့ မကောင်းတဲ့ အနိဋ္ဌဝတ္ထုတွေ တွေ့ကြုံကြတဲ့အခါ စိတ်နှလုံး မချမ်းသာခြင်း၊ စိတ်ပင်ပန်းခြင်းအမှုဟာ "စေတသိက ဒုက္ခဝေဒနာ" ပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီစေတသိက ဒုက္ခဝေဒနာဟာ မနောဝိညာဏ်နဲ့ အတူဖြစ်တဲ့ တရားဖြစ်လို့ ဖြစ်ရာအရပ်ကို မနောဝိညာဏ်နဲ့အတူ မှတ်ရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ စိတ်နှလုံး မချမ်းမြေ့ခြင်း၊ စိတ်မချမ်းသာခြင်း ဖြစ်လာတဲ့အခါ "ဒီ စေတသိက ဒုက္ခဝေဒနာဟာ ရှေးက ရှိနေတာ မဟုတ်၊ ယခုမှ ဖြစ်ပေါ်လာတဲ့ တရားဖြစ်တယ်၊ ဖြစ်ပေါ်ပြီးနောက်လည်း ချုပ်ပျောက်သွားတယ်၊ ငါနဲ့ မဆိုင်၊ ငါပိုင် မဟုတ်တဲ့ တရားသာ ဖြစ်တယ်" လို့ မြင်အောင်ရှုရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ စေတသိက ဒုက္ခဝေဒနာဟာ မကောင်းတဲ့ အနိဋ္ဌာရုံနဲ့ မကောင်းတဲ့ အနိဋ္ဌဝတ္ထုတွေ့ကြုံတဲ့အခါ ရေပွက်ကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်ပြီးတော့ နေတယ်၊ အမြဲတည်နေတဲ့ တရားမဟုတ်ဘူး၊ တွေ့ကြုံတဲ့အခါမှ ဖြစ်ပေါ်လာတဲ့ အရှင်မရှိတဲ့ တရားသာ ဖြစ်တယ်၊ ဒါကြောင့်မို့ "ငါ စိတ်နလုံး မရွှင်လန်းတာ မဟုတ်၊ ငါ မချမ်းသာတာ မဟုတ်၊ စေတသိက ဒုက္ခဝေဒနာအမှုသာ ဖြစ်တယ်" လို့ မြင်အောင် ရှုရမယ်နော်"

"မှန်ပါ ဘုရား"

## ဥပေက္ခာဝေဒနာ ရှုပုံ

ဥပေက္ခာဝေဒနာကို မြင်သာအောင် မနောဝိညာဏ်ရှုပုံကို ရှုရမယ်၊ ဒီတော့ ဥပေက္ခာရှုပုံကို မနောဝိညာဏ် ရှုပုံအတိုင်း ပြောပြမယ်၊ မနောဝိညာဏ်ကို အစဉ်မှီးပြီး ဥပေက္ခာဝေဒနာကို ရှုပေါ့နော်"

"မှန်ပါ ဘုရား"

"မနောဒွါရ မနောအကြည်ကို စွဲပြီးတော့ ဖြစ်တဲ့အတွက် မနောဝိညာဏ် ခေါ်တယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ မနောဝိညာဏ်ဟာ ဟဒယခေါ်တဲ့ နလုံးဘူးထဲမှာ အမြဲရှိနေတာ မဟုတ်ဘူး၊ ရေကန်ပေါ်မှာ ငှက်တွေ ပျံဝဲနေတဲ့ အခါ ရေနဲ့ငှက် နှစ်ပါးစုံကို အစွဲပြုပြီးတော့ ရေအပြင်မှာ ငှက်အရိပ်ထင်လာတယ်၊ အဲဒီအတူ မနောအကြည်မှာ ဓမ္မာရုံ ထင်လာတဲ့အခါ မနောနဲ့ ဓမ္မာရုံ နှစ်ပါးစုံကို စွဲပြီးတော့ မနောဝိညာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒါကြောင့် ဗုဒ္ဓက ဒီလို ဟောတော်မူတယ်"

"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ = မနောအကြည်နဲ့ ဓမ္မာရုံ တို့ကို အစွဲပြုပြီးတော့ မနောဝိညာဏ် ဖြစ်ပေါ်လာတယ်"

"အဲဒီ မနောအကြည်ဆိုတာ ဘဝင်စိတ်ပဲ၊ အဲဒီ ဘဝင်စိတ်ဟာ နလုံးဘူးလိုက်တွင်းမှာ နလုံးသွေးလိုက်မှာ တည်နေတဲ့ ဟဒယဝတ္ထုရုပ်ကို မှီပြီးတော့ ဖြစ်နေတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဘဝင်စိတ် ဖြစ်ပြီးတော့ နေတဲ့အခါ ဘာမှန်းမသိတော့ဘူး၊ လောကမှာ "အိပ်ပျော်နေတယ်၊ မေ့နေတယ်" လို့ ခေါ်ကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ မနောအကြည်မှာ ဓမ္မာရုံ ထင်လာတဲ့အခါ အဲဒီ ဘဝင်စိတ် ပြတ်ပြီးတော့ ဒီဓမ္မာရုံကို သိတဲ့ မနောဝိညာဏ်တွေဟာ အဲဒီ ဟဒယရုပ်ဝတ္ထုကို မှီပြီးတော့ ဖြစ်ပေါ်လာကြတယ်နော်"

"မှန်ပါ ဘုရား"

"ဒီမှာ ဓမ္မာရုံဆိုတာကလည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ပဉ္စာရုံမှာ ကြွင်းတဲ့ သခ်တ၊ အသခ်တ၊ ပညတ်အကုန် အလုံးစုံသော အာရုံတွေကို ဓမ္မာရုံ ခေါ်တယ်လို့လည်း မှတ်ထားဦးနော်"

"မှန်ပါ ဘုရား"

"အဲ - မနောအကြည်မှာ ဓမ္မာရုံ ထင်လာမှုဟာ အလွန်တရာ များတယ်၊ မြင်ခဲ့ပြီး၊ ကြားခဲ့ပြီး၊ နံခဲ့ပြီး၊ စားခဲ့ပြီး၊ တွေ့ခဲ့ပြီး၊ သိခဲ့ပြီးတဲ့ အာရုံတွေလည်း ထင်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဓမ္မာရုံတွေ ထင်လာတဲ့အခါ အဲဒီ ဓမ္မာရုံတွေကို သိတဲ့ မနောဝိညာဏ်စိတ်တွေ ဖြစ်ပေါ်လာကြတယ်၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားကြတယ်နော်"

"မှန်ပါ ဘုရား"

"မနောဝိညာဏ်နဲ့အတူ ဖြစ်ပေါ် ချုပ်ပျက်တဲ့ ဥပေက္ခာဝေဒနာကို မြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါ ဝေဒနာရှုပုံကို အကြမ်းဖျင်း ပြောပြတာ၊ ကဲ - အဲဒီ ဝေဒနာတွေထဲက ဘယ်ဝေဒနာကို ဒကာမကြီး ရေမျှောခဲ့လဲ"

"တပည့်တော်က ဒုက္ခဝေဒနာတစ်ခုတည်း သိတော့ ဒုက္ခဝေဒနာပဲ မျှောခဲ့ပါတယ်ဘုရား"

"မျောလား"

"မမျောပါ ဘုရား"

"အေး - နောက် အဲဒီလို မလုပ်နဲ့နော်၊ နောက်မှ ဝေဒနာ ရှုပွားပုံ သီးခြား ဟောပေးမယ်၊ ယခု ဒကာမကြီးတွေကို ကာယာနုပဿနာပဲ ပေးထားတာ၊ ဝေဒနာနုပဿနာ မပေးရသေးဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဒီတော့ ဘယ်ဝေဒနာကို ရှုတတ်ဦးမလဲ၊ အမှန်က ဝေဒနာနုပဿနာဟာ အရှုခက်ပါတယ်၊ ယခုပြောခဲ့တာဟာ အကြမ်းဖျင်းပဲ ရှိပါသေးတယ်၊ တချို့ ဝေဒနာနုပဿနာ ရှုသာ ရှုတယ်၊ အဲဒီလောက်တောင် နားမလည်တာတွေ အများကြီးပဲ၊ ကဲ - တစ်ယောက်ရှင်းရတာ မောပြီ၊ ဒီနေ့ တော်ကြစို့"

- ✦ ဝေဒနာရှုပွား၊ ယောဂီများ၊ သိထားသေချာ ဝေဒနာ။
- ✦ ဝေဒနာမသိ၊ များရှုကြည့်၊ အသိလွဲမြင်မှာ။
- ✦ အသိမြင်လွဲ၊ အယူလွဲ၊ ပါယ်ထဲရောက်လေမှာ။
- ✦ တရားရှုတာ၊ အပါယ်ရွာ၊ လွတ်ဖို့ရှုကြတာ။
- ✦ ပါယ်မလွတ်ဘဲ၊ အပါယ်ထဲ၊ ရောက်လွဲမကောင်းပါ။
- ✦ ထို့ကြောင့်သေချာ၊ ဝေဒနာ၊ သိကာရှုကြပါ။

# ကျေးဇူးရှင်ကြီး၏ နောက်ဆုံးခရီး

(၁၃၅)

အချိန်ကား ၁၃၃၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် အချိန်ဖြစ်သည်။ မိမိသည် မြို့ကြီးတစ်မြို့ရှိ ဓမ္မရိပ်သာတစ်ခုတွင် ဓမ္မခရီး သွားနေသည်။ တစ်နေ့ ဒကာတစ်ယောက် ရောက်လာသည်။ ရှိခိုးဦးချပြီးလျှင် သတင်းစကား လျှောက်ထားသည် -

"အရှင် ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားပြီတဲ့ ဘုရား"

"ဘာပြောတယ် ဒကာကြီး"

မိမိမှာ လျှောက်ထားသော ဒကာကြီးရဲ့စကားကို နားရှိ၍သာ ကြားရသော်လည်း ဟုတ်မှ ဟုတ်ပါလေစဟု ယုံမှားသံသယ ဖြစ်ခဲ့သည်။ တုန်လှုပ်ချောက်ချားသွားခဲ့သည်၊ နပြောတသ ယူကျုံးမရ ဖြစ်ခဲ့ရသည်။ လွမ်းဆွတ် တသမိခဲ့သည်။ သို့နှင့် မိမိသည် ဒကာကြီးအား အထိတ်တလန့်ပင် ပြန်မေးလိုက်မိသည်။

"တပည့်တော်လည်း တိတိကျကျတော့ မသိရသေးပါဘုရား၊ ညက မြန်မာ့အသံက အသံလွှင့်သလိုလို ပြောတာပဲ ဘုရား"

လွဲစေ ပယ်စေ၊ မဟုတ်ပါစေနဲ့။ မိမိမှာ မအေးသော စိတ်နှလုံး မငြိမ်သက်သော စိတ်နှလုံးဖြင့် မပြုံးနိုင်ဘဲ ကြိတ်၍သာ ဆုတောင်းမိပါသည်။

"ဒကာကြီးရယ် မြို့ထဲ လှည့်ပတ်ပြီး သတင်းစာလေး ဘာလေး ရှာကြည့်စမ်းပါဦး၊ ပြီးတော့ကာ အကျိုးအကြောင်း ဦးပဥ္စင်းလည်း လာပြောပြပါဦး"

"မှန်ပါ ဘုရား"

နောက်နေ့တွင် ဒကာကြီးသည် သတင်းစာတစ်စောင် ကိုင်လာသည်။ သူ့အမူအရာလည်း မရွှင်ပျ။ သတင်းစာကို ကပ်ပြီးမှ ရှိခိုးကာ ထိုင်သည်။ မိမိလည်း အရိပ်အကဲဖြင့် ဟုတ်မှန်ကြောင်း သိပြီး စိတ်မချမ်းမြေ့စွာနှင့် သတင်းကို ရှာဖတ်ရတော့သည်။

"၁၃၃၉ ခုနှစ်၊ နတ်တော်လဆုတ် (၂)ရက်၊ (၂၇ - ၁၂ - ၇၇)နေ့ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော် ပျံလွန်တော်မူခြင်း"

မိမိ၏ မျက်လုံးအစုံမှာ ပြာဝေသွားသည်။ စိတ်အစဉ်လည်း မရှင်ပြတော့။ မိမိသည် တရားကျင့်သုံးနေသူ ဖြစ်သော်လည်း ဤသတင်းအတွက်မူ တရားပျက်ခဲ့ရ ဖြစ်ခဲ့ရသည်။

သာသနာတော် အတွက်ရော၊ ကမ္ဘာအတွက်ပါ အစားရှာမရသော ဆုံးရှုံးခြင်းအတွက် မိမိနှင့်အတူ ဒီသတင်းကြားရသူ အားလုံး ကြိမ်မီးအုံးသို့ မပြုံးရှင်နိုင် ငေးမှိုင်နေကြမည်ကိုလည်း မြင်ယောင်မိသည်။

မိမိငယ်စဉ်ကာလ ကိုရင်ဘဝက နေထိုင်ခဲ့သော အမရပူရမဟာဂန္ဓာရုံတိုက်နှင့် ဆရာတော်ဘုရား၏ မျက်နှာတော်၊ လွန်ခဲ့သော တစ်နှစ်ကျော်ကျော်က ရောက်ခဲ့ရသော ကျောင်းတိုက်နှင့် ဆရာတော်ဘုရား၏ မျက်နှာတော်တို့မှာ အကွင်းသားအကွက်သား ပေါ်လာသည်။

မိမိအမြင်တွင်မူ ဆရာတော် မပျံလွန်တော်မူသေးပါ။ ရှိဆဲပင် ဖြစ်ပါသည်။ ဆရာတော်သည် ပြုံးလို့ ရွှင်လို့ စာပေပို့ချလို့ ဆုံးမသြဝါဒပေးလို့။

ဟုတ်ပါလေရဲ့လား။ ဆရာတော်ဘုရား ပျံ့ လွန်တော်မူသွားတာ။ ဒီသတင်းကို မကြေနပ်ပါ။ မိမိ ဘာဖြစ်နေသနည်း။ ကယောင်ချောက်ချား ဖြစ်နေသလော။

အချိန်ကား မြန်လှ၏။ ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဆရာတော်ဘုရား၏ တပည့် ဒကာ ဒကာမများသည် မသာယာလှသော မျက်နှာများနှင့် ဆရာတော်ဘုရား၏ ရုပ်ကလာပ်အတွက် ပကာသန မလွှမ်းစေဘဲ ဓမ္မသံဝေဂအစွမ်းဖြင့် အေးချမ်းငြိမ်သက်စွာ ဆောင်ရွက်ကြရန် သံဃအမှုဆောင်အဖွဲ့နှင့် ဒကာ ဒကာမများဘက်မှ ရုပ်ကလာပ်နကော်မတီ ဖွဲ့စည်းရပေပြီ။

## ဘုန်းကြီးသေ ရှာကြေ

ဘုန်းကြီးသေ ရှာကြေ ဆိုသည့် စကားပုံပင် ဖြစ်ခဲ့သည်မဟုတ်ပါလော။ သက်တော်ရှိစဉ်ကမူ အနားကပ်ချင်မှ ကပ်သော်လည်း ဂရုတစိုက်ပြုချင်မှပြုသော်လည်း လှူဒါန်းသမှုပြုချင်မှပြုသော်လည်း သေသည့်အခါမှ ရှိသမျှ အိတ်သွန်ဖာမှောက် လှူကြသည်။

ယင်းသို့ အိတ်သွန်ဖာမှောက် ကြီးကျယ်ခမ်းနားစွာ အကုန်အကျခံခြင်းကား ကုသိုလ်ရရေးလော၊ ငရဲစီးပွားလော၊ ကျေးဇူးရှင်အား ပူဇော်ခြင်းလော၊ ပွဲလမ်းသဘင် အပျော်အရွှင်များကို အားပေးခြင်းလော။ မကွဲပြားကြပေ။

ကျေးဇူးရှင်ဆရာတော်ကား ယင်းတို့ကို လုံးဝမကြိုက်။ ယင်းအကြောင်းကို အနာဂတ်သာသနာရေး စာအုပ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

သို့ဖြစ်၍ ဆရာကောင်းတပည့်ဖြစ်သည့် ကျန်ရစ်သူ တပည့်သံဃာ၊ လူ ဒကာ ဒကာမတို့သည် သံဝေဂ မျက်နှာထားများဖြင့် ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို မူလ သီတင်းသုံးတော်မူသည့် ကျောင်းကလေးမှ ပင့်ဆောင်၍ ဦးသောင်းညက် - ဒေါ်ခင်လှ တို့၏ တိုက်ကျောင်းကြီးပေါ်သို့ ရွှေ့ပြောင်းပူဇော်ခဲ့ကြသည်။ ပကာသနလွှမ်းသော အခမ်းအနား ဘာမျှမပါ။ တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝတရား ရှေ့ထားလျက်သာ။

ရွှေ့ပြောင်းထားသော စံကျောင်းတော်ကိုလည်း တစ်စုံတရာ ပကာသန ခြယ်လှယ်ထားခြင်း လုံးဝမရှိပါ။ ပကတိကျောင်းအတိုင်းပင်။ ရုပ်ကလာပ်တော် သီတင်းသုံးသည့် ခုတင်ကိုလည်း မည်သည့် မွမ်းမံပြင်ဆင်မှုမျိုးမှ မပါပါ။

ရုပ်ကလာပ်တော်ကိုလည်း မည်သည့် မွမ်းမံပြင်ဆင်မှုမျိုးမှ မပါဘဲ ရိုးရိုးသင်္ကန်းဖြင့်သာ တင်လွှမ်းထားပါသည်။

ရုပ်ကလာပ်တော် ခေါင်းရင်းဘက်တွင် ရွှေထီးလေးစင်းနှင့် ထီးဖြူတော် လေးစင်းကို သွယ်တန်းစိုက်ထူထားပါသည်။ ရုပ်ကလာပ်တော် ထောင့်လေးထောင့်တွင် တပည့်ရှင်ငယ် ရဟန်းငယ်များသည် သူ့နေရာနှင့်သူ အလှည့်ကျ ရုပ်တည်နေကာ လက်အုပ်ချီမိုးလျက် တိတ်ဆိတ်ငြိမ်သက်စွာ နေ့စဉ် ဂါရဝပြု၍ နေကြပါသည်။

ဘုရားရှင်၏ ရုပ်ကလာပ်တော် ပူဇော်သည့်ထုံးကို မြင်ယောင်လာပါသည်။ ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော် ခေါင်းရင်းတွင် ဆရာတော်ဘုရား၏ ရုပ်ပုံတော်နှင့် ဆရာတော်ဘုရား ပြုစုတော်မူခဲ့သည့် ကျမ်းစာများကို ကြည်ညိုဖွယ်စွာ ဖူးတွေ့ရပါသည်။

ဆရာတော်ဘုရား၏ အလိုတော်ကျ ဆရာတော်ဘုရား၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးခြင်းသည် ဆရာတော်ဘုရားကို တရားတော်ဖြင့် ပူဇော်ခြင်းပင် မဟုတ်ပါလော။

ဘုရားရှင်လည်း ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးမှာ နတ်အများ၏ အတီးအမှုတ် စသော ပစ္စယ အာမိသတွေနှင့် ပူဇော်မှုကို အကြောင်းပြုပြီး ရှင်အာနန္ဒ လျှောက်ထားချက်အရ မိန့်ကြားခဲ့သည် မဟုတ်ပါလော -

"အာနန္ဒ၊ ဤမျှသော ပစ္စည်း အာမိသတွေနဲ့ ပူဇော်ကာမျှဖြင့် ငါဘုရားအား လေးစားသမှု မြတ်နိုးကော်ရော် ပူဇော်ရာမည်သည် မဟုတ်။ အာနန္ဒ၊ ငါဘုရားဟောကြားတဲ့အတိုင်း လောကုတ္တရာတရား ကိုးပါးအား လျော်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်မှသာလျှင် ငါဘုရားအား မြတ်နိုးကော်ရော် ပူဇော်ရာ ရောက်တယ်"

ယခု ဆရာတော်ဘုရား၏ တပည့်သံဃာနှင့် ဒကာ ဒကာမများသည် ဆရာတော်ဘုရားအား လေးစားမြတ်နိုး ရှိခိုးကော်ရော် ပူဇော်လျက် ရှိကြပါသည်။ ဆရာတော်ဘုရားသည် အချည်းနှီးသော အလဟဿဖြုန်းတီးမှုနှင့် အလုပ်ပိုခြင်း၊ ချဲ့ထွင်ခြင်းမျိုးကို ရွံရှာစက်ဆုပ်တော်မူလေ့ရှိပါသည်။

သို့အတွက် ဆရာတော်ဘုရား၏ ရှာပနတွင် ဖြုန်းတီးမှုနှင့် အလုပ်ပိုများ မပါဝင်စေဘဲ ကုန်သင့်မှ ကုန်ကျရန်၊ အကျိုးရှိသည့် အလုပ်ကိုသာ လုပ်ရန် သံဃာအမှုဆောင်အဖွဲ့သည် အစဉ်တစိုက် အလေးဂရုပြု စီမံကြသည်။

ရုပ်ကလာပ်တော်ထည့်သွင်းရန် ခေါင်းစပ်ခြင်း၊ မီးသင်္ဂြိုဟ်ရန် "ကြက်ရှေခံ" ပြုလုပ်ခြင်း၊ ရုပ်ကလာပ်တော်ပင့်ဆောင်ရာ လမ်းတစ်လျှောက် ရှင်းလင်းစီမံခြင်းများ ပြုလုပ်နေကြချိန်တွင် ညစဉ် ညစဉ် နိုင်ငံကျော် ဆရာတော်များ၏ တရားပွဲများဖြင့် ကျင်းပကာ အပူမီးကြွနေသော တပည့် ဒကာ ဒကာမများအား တရားချလျက် ရှိပါ၏။

ယင်းသို့ ဆရာတော်ဘုရား၏ ရှာပနတွင် တရားပွဲများ ကျင်းပ၍ တရားတော်များ နာကြားနေခြင်းသည် ဆရာတော်ဘုရားအား ဓမ္မပူဇာ တရားတော်ဖြင့် ပူဇော်ခြင်းပင် မဟုတ်ပါလော။

ငိုချင်းသည်တွေ ငှားကာ အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေနဲ့ အရိုအသေ ကင်းမဲ့စွာ ပျော်ပါးသောက်စားခြင်းသာ ပူဇော်ခြင်းလော၊ ဗုဒ္ဓ၏ ဩဝါဒကို ဆန့်ကျင်ခြင်းလော။

ဆရာတော်ဘုရား၏ ရှာပနတွင်ကား တိတ်ဆိတ်ငြိမ်သက်လှ၏။ သံဝေဂ ပြည့်ဝလှ၏။

ရှာပနအတွင်း ကျောင်းရှိ သံဃာငါးရာကျော်နှင့် ရောက်လာသည့် ဧည့်ပရိသတ်တို့အား အချိုးတကျ လှူဒါန်းကျွေးမွေးသည်။ ကျွေးမွေးလှူဒါန်းသမျှလည်း ဆရာတော်ဘုရားအား ရည်ညွှန်းသည်။

၁၃၃၉ ခု၊ နတ်တော်လဆုတ် ၂ ရက်နေ့ ပျံလွန်တော်မူသော ဆရာတော်ဘုရား၏ ရှာပနကို အချိန်ကုန် ငွေကုန် လူပန်းမဖြစ်စေဘဲ နတ်တော်လဆုတ် (၈) ရက်နေ့ (၁၁ း ၃၀) နာရီအချိန် ရှာပနအခမ်းအနားကို မန္တလေးတိုင်း သာသနာရေးအရာရှိ ဦးလှတင်က စတင်ဖွင့်လှစ်လိုက်ပါသည်။

မပင့်ဖိတ်ဘဲနှင့် ရောက်လာသော ပရိသတ်ထုကြီးမှာ ကြီးကျယ်များပြား စည်ကားပြွတ်ခဲနေသည်။ စံကျောင်းတော်နှင့်တကွ စံကျောင်းပတ်ဝန်းကျင်တွင် နေရာယူကြကာ အခမ်းအနား၌ ရွတ်ဖတ်သည့် ဂါထာများ၊ စာတမ်းများ ဆုံးမဩဝါဒ တရားများကို ငြိမ်သက်စွာ နာကြားကြည်ညိုကြသည်။

ပရိသတ်ကြီး ကြီးကျယ်များပြား ပြွတ်ခဲနေသော်လည်း ဆရာတော်ဘုရားအား ရိုသေသဖြင့် ဂါရဝ ရှေ့ထားကြ၍ တိတ်ဆိတ်ငြိမ်သက်လှ၏။ အပ်ကျသံပင် ကြားနိုင်လောက်၏။

တိတ်ဆိတ်ငြိမ်သက်မှု ဝိဝေကတရားကို လိုလားတော်မူသော ဆရာတော်ဘုရားအား တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝ ပြုခြင်းသည် ဆရာတော်ဘုရားအား အထူးပင် လေးစားကော်ရော် ပူဇော်ရာရောက်သည် မဟုတ်ပါလော။

ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် တွဲဖက်သာသနာပိုင်ဆရာတော်ကြီးများ၊ အဘ္ဘုပ္ပတ္တိ ဖတ်ကြားရန်၊ သံဝေဂဂါထာများကို ရွတ်ဖတ်ပူဇော်ရန် တာဝန်ကျ ပုဂ္ဂိုလ်များကလည်း အစီအစဉ်အတိုင်း ကြည်ညိုဖွယ်ရာ ဆောင်ရွက် ရွတ်ဆိုတော်မူကြသည်။

နေ့လည် (၁) ချက်တီး အချိန်တွင် ဈာပနအခမ်းအနားပြီးဆုံးသည်နှင့် စံကျောင်းအတွင်းရှိ ဒကာ ဒကာမများ၊ သီလရှင်များ၊ သံဃာတော်များသည် တိတ်ဆိတ်ငြိမ်သက်စွာပင် စံကျောင်းတော်မှ ထွက်ခွာကြသည်။

ရုပ်ကလာပ်တော် ပင့်ဆောင်မည့် လမ်းတစ်လျှောက်တွင် လမ်း၏ ဝဲယာတို့မှ မတ်တပ်ရပ် လက်အုပ်ချီကာ စီတန်း နေရာယူကြသည်။

ထိုစဉ်အခါမှ ဆရာတော်ဘုရား၏ သက်န်းတင်လွှမ်းလျက် စံပယ်တော်မူနေသည့် ရုပ်ကလာပ်တော်ကို ဈာပနအကျိုးတော်ဆောင် ဆရာတော်များက ကျွန်းခေါင်းသို့ သွင်းယူကာ စံကျောင်းတော်မှ ပင့်ဆောင်ခဲ့ကြသည်။

ထို့နောက် အက္ခရာစဉ်အလိုက် က.မှ သ.အထိ (၁၂)ပါးစီ သတ်မှတ်ပေးထားသော သံဃာတော်များအဖွဲ့က အလှည့်ကျ ထမ်းဆောင်၍ သယ်ယူခဲ့ပါသည်။

ရွှေထီးလေးလက်နှင့် ထီးဖြူတော်လေးစင်း ဆောင်းမိုးထားသော ရုပ်ကလာပ်တော်ရှေ့မှ နာယက ဆရာတော်များနှင့် သံဃာတော်များ၊ ရုပ်ကလာပ်တော်၏ နောက်မှ ဒကာ ဒကာမများ လိုက်လံပို့ဆောင်ကြပါသည်။

ဆရာတော်ဘုရားအား ရိုသေလေးစား ဂါရဝတရား ရှေ့ဝယ်ထား၍ ကားယာဉ်၊ ရထားယာဉ်များ မစီး၊ ခြေလျင်ခရီးဖြင့်သာ လိုက်ပါပို့ဆောင်ကြပါသည်။

ဆရာဘုရား သီတင်းသုံးတော်မူခဲ့ရာ မဟာဂန္ဓာရုံ ကျောင်းတိုက်ကို ပတ်၍ အနောက်ဘက်မှ တောင်ဘက်၊ တောင်ဘက်မှ အရှေ့ဘက်ပတ်၍ တောင်သမန် အင်းစောင်းအတိုင်း ပင့်ဆောင်လာရာ နေ့လည် (၂း၀၀) နာရီအချိန်တွင် မီးသင်္ဂြိုဟ်ရန် သတ်မှတ်ထားသည့် နေရာသို့ ရုပ်ကလာပ်တော် ရောက်လာသည်။

ဈာပန ပြုချမည့်နေရာသည် ဆရာတော်ဘုရား သက်တော်ရှိစဉ်က အမြဲတမ်း သီတင်းသုံးတော်မူခဲ့သည့် ပြခန်းဆောင်၏ အရှေ့ဘက်တည့်တည့် (၃၆) ပေ ကွာ အရပ်တွင် သတ်မှတ်ထားပါသည်။

ဈာပနအကျိုးတော်ဆောင် ဆရာတော်များနှင့် တာဝန်ပေးထားသည့် သံဃာတော်များက ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို ရာဇမတ်ကာထားသည့် "ကြက်ချေးခံ" ပေါ်သို့ ပို့ဆောင်လိုက်ကြသည်။

မီးသင်္ဂြိုဟ်ရန် မန္တီးဆော်ရဘဲ ယူဆောင်လာကြသော နံ့သာဖြူ ကရမက်၊ သနပ်ခါး စသော နံ့သာတုံးများမှာ ဂုံနီအိတ် (၁၂)လုံးမျှ ရှိပါသည်။

ရုပ်ကလာပ်တော် မီးသင်္ဂြိုဟ်ရေးနှင့် ဦးစီးညွှန်ကြားပေးသည့် ဆရာဝန် မောင်ကျော်စိန်က ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်၌ ဖဲသက်နန်းကို နောက်ဆုံးလွှမ်းတင် ပူဇော်လိုက်ပါသည်။ လေးဘက်လေးတန်မှ ရဟန်းရှင်၊ သီလရှင်နှင့် ဒကာ ဒကာမ ပရိသတ်ကြီးက ရုပ်ကလာပ်တော်ကို တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝပြု ဖူးမြော်ရင်း -

"သဗ္ဗညုမည်၊ ဉာဏ်တော်တည်သည့်
ရွှေရည်ရုပ်ဝါ၊ ကိုယ်ခန္ဓာလည်း
စွန့်ကာပစ်ရ၊ ဤလောကဝယ်
ကာယအားလုံး၊ ပစ်ရထုံးသည်
နလုံးမရှင်ဖွယ်တကား"

ဟု သံဝေဂစိတ်ဖြင့် သောကမီးကို တားဆီးဖြေသိမ့်လျက် ညှိုးလျော မျက်နှာများဖြင့် ရပ်တည်နေကြပါသည်။

ရုပ်ကလာပ်တော်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ တပည့်များက လက်ယာရစ် တစ်ပတ် လှည့်ကာ ရုပ်ကလာပ်တော်ကို ဂါရဝပြုပြီးနောက်ပိုင်းတွင် အသင့်ကိုင်ဆောင်ထားသည့် မီးတုတ်များဖြင့် ဆရာတော်ဘုရား ၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ကြသည်။

ရေမွှေး၊ နံ့သာဖြူ၊ ကရမက်၊ သနပ်ခါး၊ အမွှေးတိုင် စသော နံ့သာမျိုးစုံဖြင့် ထုံမွှမ်းပူဇော် မီးသင်္ဂြိုဟ်လိုက်ကြရာ ည(၉) နာရီ အချိန်တွင်မှ ရုပ်ကလာပ်တော် ပြာကျ၍ ခန္ဓာဝန် တစ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူပါသည်။

ထိုအခါ ရှင်တော်ဗုဒ္ဓ၏ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး ရှင်အာနန္ဒာအား မိန့်ကြားချက် တရားစကား ပေါ်လာသည်။

"ချစ်သား အာနန္ဒ၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ငါဘုရားရှင်ရဲ့ သုတ်၊ ဝိနည်း၊ အဘိ ဓမ္မာ တရားတို့သည် သင်တို့ရဲ့ဆရာ ဘုရားဖြစ်လိမ့်မည်"

ယနေ့ ငါတို့ရဲ့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ခန္ဓာဝန် တစ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းသွားပေပြီ။ သို့သော် ဆရာ တော်ဘုရား၏ တရားဓမ္မ ဆုံးမသြဝါဒ ပရိယတ် ကျမ်းစာများသည် ရဟန်းရှင်လူ ပြည်သူတို့၏ အသိဉာဏ်အလင်းအား အမြဲ တမ်း ထွန်းလင်းပြောင်ပ ဝင်းဝင်းကြွလျက် ဆရာတော်ဘုရား၏ သီလ. သမာဓိ. ပညာဂုဏ် ရနံ့တို့သည်လည်း ထာဝစဉ် သင်း ပျံ့ပျံ့ ထုံကြိုင်လှိုင်၍ လှိုင်၍ နေပေလိမ့်မည်သာ ဖြစ်ပါသည်။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားသည် တပည့်တော်၏ ကျေးဇူးရှင်ကြီး ဖြစ်ပါ၏။ ယနေ့ ဆရာတော်ဘုရား တစ်ဘဝအတွက် နောက်ဆုံးခရီး ဖြစ်ပါ၏"

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား၏ နောက်ဆုံးခရီးတွင် တပည့်တော် အဓိဋ္ဌာန်ပြုပါ၏"

"ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိစဉ်က "ငါတော့ အလုပ် မလုပ်နိုင်ဘဲနဲ့ အသက်ရှည်ပြီး မနေချင်ဘူး၊ အလုပ် လုပ်ရင်းနဲ့သာ အသက်ရှည်ချင်တယ်" လို့ ခဏ ခဏ မိန့်ကြားခဲ့ပါ၏"

"ဆရာတော်ဘုရား၊ တပည့်တော်သည် သာသနာတော်အတွက် အလုပ် လုပ်ရင်းနဲ့ အသက်ရှည်ပါမည်။ သာသနာ တော်အတွက် အလုပ် မလုပ်ဘဲနဲ့ အသက်မရှည်လိုပါ" လို့ အဓိဋ္ဌာန်ပြုပါ၏"

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိစဉ်က "လောကနှင့် သာသနာအတွက် ခေတ်ပြိုင် စာပေ များကို ရေးရမည်" ဟု မိန့်ကြားခဲ့ပါ၏။ ယနေ့ တပည့်တော်သည် ရေးဆဲ ဖြစ်ပါ၏။ ရှေ့ကိုလည်း အသက်ခန္ဓာ မြဲနေသမျှ ရေးပါ မည်ဟု အဓိဋ္ဌာန် ပြုပါ၏"

" ဆရာတော်ဘုရား၊ ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိစဉ်က ပရိယတ်၊ ပဋိပတ် စွယ်စုံရသော ရဟန်းငယ် ရှင်ငယ်တို့ကို ပြုစုပျိုးထောင်ရန် ညွှန်ကြားတော်မူခဲ့၏။ ယင်းလုပ်ငန်းကို ဇောက်ချ၍ လုပ်လျက်ရှိပါပြီ။ ဆက်လက်၍ လုပ်ရန်လည်း ဆောက်တည်ပါ၏"

" ဆရာတော်ဘုရား၊ ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က "တို့သာသနာတော်အတွက် ဘက်စုံအလုပ်လုပ်ရမယ်" လို့ မိန့်ကြားတော်မူခဲ့ပါသည်။ ယနေ့ တပည့်တော်သည် သာသနာတော်အတွက် စာလည်း ရေး၊ စာလည်း ချ၊ တရားလည်း ဟော၊ တရားလည်းပြ၊ ကိုယ်တိုင်လည်း ကောင်းအောင်နေပြလျက် ရှိနေပါပြီ။ ရှေ့လည်းပဲ အသက်ထက်ဆုံး ကျင့်သုံးပါမည်ဟု အဓိဋ္ဌာန် ပြုပါ၏"

" ဆရာတော်ဘုရား၊ ဆရာတော်ဘုရား သက်တော်ထင်ရှား ရှိစဉ်က "မင်းတို့ တရားလည်း ဟောရမယ်၊ ဒါပေမဲ့ ဆွယ်ပြီးတော့ စပ်ပြီးတော့ ဘယ်တော့မှ မဟောရ၊ ဟောဖို့ရန် ပင့်လျှောက်မှသာ ဟောရမည်" ဟု မိန့်ကြားခဲ့၏။ ယနေ့ တပည့်တော် တရားလည်းဟောနေပါပြီ၊ သို့သော် ဆွယ်၍လည်းမဟောပါ၊ စပ်၍လည်းမဟောပါ၊ ပင့်လျှောက်မှသာ ဟောပေးပါသည်။ ရှေးလည်း ယင်းသို့သာ ကျင့်သုံးပါမည်ဟု အဓိဋ္ဌာန် ပါသည်"

" ဆရာတော်ဘုရား၊ ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က "မင်းတို့ တရားဟောတဲ့အခါ၊ သရုပ်ပျက်၊ သဘင်သံ၊ ဂီတသံ၊ သံရှည်ဆွဲကာ ဘယ်တော့မှ မဟောကြနဲ့၊ အဲဒီလိုတော့ဖြင့် မဟောတာ ကောင်းတယ်" ဟု မိန့်ကြားတော်မူခဲ့၏။ ယနေ့ တရားဟောတဲ့အခါ ဒီဃ၊ ရဿ၊ ဂရု၊ လဟု ပီပြင်ရုံသာ ရွတ်ဆိုဟောပြောပါသည်။ ရှေ့လည်း ယင်းသို့သာ ကျင့်သုံးပါမည် အဓိဋ္ဌာန်ပါသည်"

" ဆရာတော်ဘုရား၊ တပည့်တော်သည် ဆရာဘုရား၏ ကောင်းသော ဆရာဘုရား၊ ဆရာသမား၏ ကောင်းသော ဆရာသမား၏ တပည့်ဖြစ်သည့်အလျောက် ကောင်းသော ဆရာဘုရား၊ ဆရာသမား၏ ကောင်းသော ဓမ္မတွေကို မဖောက်မဖျက်ဘဲ မိမိကြောင့် ဆရာဘုရား၊ ဆရာသမား ဂုဏ်မတက်သော်လည်း မိမိအတွက်ကြောင့်ဖြင့် ဆရာဘုရား၊ ဆရာသမား ဂုဏ်မပျက်ရန် အသက်နှင့်ခန္ဓာ မြဲသမျှ ကျင့်သုံးပါမည်ဟု နိဂုံးချုပ် အဓိဋ္ဌာန် ပြုလိုက်ပါသည် ဆရာတော်ဘုရား"

" ဆရာတော်ဘုရား ရောက်ရာဘဝက သာသနာတော်အတွက် ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ပတ္ထနာပြုပါ၏ ဆရာတော်ဘုရား"

✦ မသေခင်လေ၊ သင်တို့တွေ၊ ဘာတွေလုပ်မလဲ။

✦ လာဘ်သပ်ပကာ၊ ကျော်စောတာ၊ ဘယ်ခါမလွဲပျက်ရမြဲ။

✦ ချမ်းသာ.ဆင်းရဲ၊ ထို့တူပဲ၊ မလွှဲပျက်ရမြဲ။

✦ သေရမည်မှာ၊ မလွဲပါ၊ သေချာအမှန်မြဲ။

✦ ကုသိုလ်ဖြင့်သာ၊ ဘဝတာ၊ သေချာမွမ်းထုံသဲ၊

# သက်သတ်လွတ် မစားရဘူးပေါ့

## (၁၃၆)

"အလုပ်အလွေး ပြုအပ်သော အစားအစာ = ကဗဠီကာရ အာဟာရ" ၌ အသိဉာဏ် အခွင့်အပြီးတိုင် ပိုင်သည်ရှိသော "ကာမ၌ စွဲကပ်မှု = ကာမရာဂ" ၌လည်း အသိဉာဏ် အခွင့်အပြီးတိုင် ပိုင်လေတော့သည်။

ကာမရာဂ၌ အသိဉာဏ် အခွင့်အပြီးတိုင် ပိုင်သည်ရှိသော် ကာမ (၁၁) ဘုံ၌ ပဋိသန္ဓေ တစ်ဖန်နေဖွယ် ကိစ္စ မရှိပြီ၊ ဖြဟ္မာ့ပြည်သို့ သွားဖို့သာ ရှိတော့သည်။

အစာစားသော သတ္တဝါများသည် နေ့စဉ်မှန်မှန် အစာကို စားနေကြ၏၊ အချို့က အသားလွတ် စား၏၊ တချို့က အသား စား၏၊ အစားအနေနဲ့ ကြည့်မှု အတူတူသာ ဖြစ်၏။

သို့ဖြစ်၍ အသားအစားအစာ၊ အသားလွတ်အစားအစာ ဟူ၍ မခွဲခြားဘဲ သာမန်အစားအစာ ဟူ၍ ကြည့်ပါ၊ ရှုပါ၊ အဘယ်သို့ ကြည့်ရ၊ ရှုရမည်နည်း၊

မိမိတို့ နေ့စဉ် စားသောက်နေသော အစာအာဟာရ မျိုးစုံ၌ ရအောင် ရှာမှီးရမှု ဒုက္ခကြီးကျယ်ပုံကို ကြည့်ရ ရှုရ ကြည့် ရှုရမည်၊ သိရမည်၊

အချုပ်ဆိုသော် အစာစား သတ္တဝါ မှန်သမျှတို့၌ အစာရှာဖွေ အသက်မွေးမြူရမှု ကြီးကျယ်ပုံကို ကြည်ရ ရှုရ ကြည့်ရှု ရမည်၊ သိရမည်၊

မြေနေ သတ္တဝါ၊ ရေနေ သတ္တဝါ၊ ကောင်းကင်နေ သတ္တဝါ အားလုံးတို့မှာ အိပ်သောအချိန်အခါကို ချန်လှပ်၍ ကျန်သော အချိန်အခါတွေမှာ အစာအာဟာရရှာဖွေရေးကိစ္စနှင့် အသက်ရှည်သမျှ နေ့နေ့ညည ကြောင့်ကြစိုက်ကြ အားထုတ်ကြရသော အချိန်အခါတွေကို သိမြင်ကြသဖြင့် အသက်မွေးမှု ဒုက္ခကြီးကျယ်ပုံ ကျပ်တည်းပုံကို သိမြင် ရှုပွားပြီး စားနိုင်ရာ၏။

လူတို့၌ အသက်မွေးမှုအတွက်နှင့် ပစ္စည်းဥစ္စာ ရှာဖွေခန်းမှာ တွေ့ကြုံရသော ဘေးဥပါဒ် အဆုံးအပိုင်းအခြား မရှိ များပြားလှစွာ၏။

ဤဇမ္ဗူဒိပ်ကျွန်း မြေအပြင်မှာ ဘေးအန္တရာယ် တွေ့ ကြုံ၍ သေဆုံးကြရသော ကုန်းသတ္တဝါသည် မရေမတွက်နိုင် အဆုံးအပိုင်းအခြား မရှိ များပြားလှစွာ၏။

မြစ်ကြီး ငါးသွယ်၊ မြစ်ငယ် ငါးရာ၊ မဟာသမုဒ္ဒရာ စသော ရေသတ္တဝါတို့မှာ ဆိုဖွယ်ရာ မရှိပြီ။

ကောင်းကင်နေ သတ္တဝါများလည်း သွားလာပျံသန်းရှာဖွေရင်း သေကြေကြသည်မှာ မရေမတွက်သာပြီ။

အသက်မွေးရန်အတွက် ပစ္စည်းဥစ္စာ၊ အစာ အာဟာရကို လိုချင်တောင့်တမှုနှင့် မပြတ်မစဲ အမြဲဖြစ်ပွားကြရသော လောဘ မီး. ဒေါသ မီး. မောဟ မီး၊ ပစ္စည်းဥစ္စာ အစာ အာဟာရကို ရရှိလေအောင် ရှာဖွေအားထုတ်မှုနှင့် ဖြစ်ပွားကြသော လောဘ မီး. ဒေါသ မီး. မောဟ မီး၊ ရှာကြံလုပ်ဆောင်ပါလျက် အခွင့်မပေးအရေးမလှ၍ဖြစ်ပွားကြသော လောဘ မီး. ဒေါသ မီး. မောဟ မီး၊ အခွင့်ပေး၍ ရရှိသဖြင့် စောင့်ရှောက်မှု ထိန်းသိမ်းမှု စသည်တို့နှင့် ဖြစ်ပွားကြသော လောဘ မီး. ဒေါသ မီး.မောဟ မီး၊ ဤမီးတို့ကို တွေ့ရှိသိမြင်အောင် ရှုပွားကြရမည်။

အသက်မွေးမှုကဲ့သို့ကြီးကြယ်သော မကောင်းသော အကျင့်ဒုစရိုက်နယ်ပယ်ကြီး မည်သည် လောက၌ တစ်စုံတစ်ခု မျှ မရှိ။

သူ့အသက် သတ်မှု ဒုစရိုက်၊ သူ့ဥစ္စာခိုးမှု ဒုစရိုက်တွေမှာ အစာအာဟာရ ရှာဖွေအသက်မွေးမှုအတွက် အကြီးကျယ် ဆုံးတွေ ဖြစ်ပေ၏။

မြေနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေသတ္တဝါတို့သည် သူ့အသက်သတ်မှုဒုစရိုက် မကျူးလွန်သော သတ္တဝါ နည်းပါး၍ ကျူးလွန်သော သတ္တဝါသာ များပြား၏။ ယင်းသို့ ကျူးလွန်သည်မှာ အစာအာဟာရအတွက် ဖြစ်၏။

ယင်းအတူပင် အစာအာဟာရအတွက် ခိုးမှုဒုစရိုက်၊ မုသားပြောမှု ဒုစရိုက် စသော များပြားလှစွာသော ဒုစရိုက်တွေ ကို ကျူးလွန်နေရသည်မှာ အစာအာဟာရအတွက် ဖြစ်၏။ ယင်းတို့ကို သိရှိရမည် ဖြစ်၏။

ယင်းသို့ အစာအာဟာရအတွက် သတ်မှု၊ ခိုးမှု၊ မုသားပြောမှု စသော နေ့စဉ်ပြုလုပ်နေကြရသည့် ဒုစရိုက်မှု စက်ကြီး သည် အစာအာဟာရမှုနှင့် မိမိအတွင်းသို့ ပါဝင်သမျှသော မြေကြီးပေါ်ရှိ သတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေ သတ္တဝါတွေ ကို နေ့စဉ် နေ့တိုင်း အပါယ်ငရဲသို့ အတွင်သာလျှင် ပစ်ချ၍ နေလေ၏။ ယင်းကို သိအောင် ရှုကြည့်ရမည်။

အပါယ်လေးဘုံ၌ ရှိသမျှသော သတ္တဝါတွေကို အသိန်း၊ အသန်း၊ အကုဋေ ပုံစုသော်လည်း တစ်ပါးသော အမှုခွင့်နှင့် အပါယ်ဘုံသို့ ကျရောက်သော သတ္တဝါမျိုးသည် တစ်ပုံ တစ်စုစာမျှ မရှိလေရာ။

အစာအာဟာရမှု အသက်မွေးမှုနှင့် ကျရောက်သော သတ္တဝါတို့သည်သာ အများကြီး များလေရာကုန်၏။

ထို့ကြောင့် စကြဝဠာအနန္တ၊ ကမ္ဘာအနန္တမှာပင် အပါယ်လေးဘုံ ရှိနေရသည်ကား အစာအာဟာရအတွက် ခံရသော ဒုက္ခစက်ကြီး ငါးရပ်ဖြစ်၏။

အစာ စားသောက်ပြီးသောအခါ၌ ကျင်ကြီး ကျင်ငယ် စွန့်ရမှုဒုက္ခ၊ မျက်ချေးကျမှု၊ မျက်ချေး၊ နှပ်၊ တံတွေး၊ ချွဲသလိပ် စသော စက်ဆုပ်ဖွယ်သော အစုတို့ကို စမ်းပွက်ရေယဉ်ကဲ့သို့ အစဉ်အမြဲ ပွားမှုဒုက္ခတို့ကို သိမြင်အောင် ရှုပွားစားသောက်ရ မည်။

အစားအစာ မျိုပြီး၍ ဝမ်းတွင်းသို့ ရောက်သောအခါ၌ တစ်ကိုယ်လုံးကို ပျံ့နှံ့သဖြင့် အတွင်းသန္တာန်တစ်ကိုယ်လုံး အညှီအပုပ်၊ အနံ့အစော်ချည်း ဖြစ်၍ကုန်ရတော့သည့် ဒုက္ခတို့ကို မြင်အောင် ရှုပွားစားသောက်ရမည် ဖြစ်၏။

အာဟာရ၏ အစွမ်းကြောင့် ဖြစ်ပွားသော အနာမျိုး၊ ရောဂါမျိုးတို့ကို ခံစားရသကဲ့သို့ သိမြင်အောင် ရှုပွားစားသောက် ရမည်။

အနာရောဂါအတွက် မျက်စိအင်္ဂါ ပျက်စီးရသော ဒုက္ခ၊ နားအင်္ဂါ ပျက်စီးရသော ဒုက္ခ၊ နှာအမျိုးမျိုး ဖြစ်ပွားသောဒုက္ခ၊ ပန်းနာအမျိုးမျိုး ဖြစ်ပွားသော ဒုက္ခ စသော ဒုက္ခအမျိုးမျိုး၊ ထိုထိုရောဂါတို့နှင့် သေဆုံးကြရသော ဒုက္ခတို့ကို မြင်အောင် သိအောင် ရှုပွားစားသောက်ရမည် ဖြစ်၏။

ဝမ်း၌ အစာအာဟာရ မရှိသောသူတို့အား လောဘ စသော တစ်ထောင့်ငါးရာ ကိလေသာမီးတို့သည် ထက်သန်စွာ ထကြွတောက်ပွားခြင်းငှာ မတတ်နိုင်ကြကုန်။

ဝမ်း၌အစာအာဟာရတောင့်တင်းပြည့်ဝသောအခါမှ လောဘ စသော တစ်ထောင့်ငါးရာ ကိလေသာမီးတို့ ထက်သန်စွာ ထကြွ တောက်ပွားနိုင်ကြကုန်၏။

နတ်ပြည် ၆ ထပ်ရှိ နတ်မင်း၊ သိကြားမင်းတို့ပင် ဖြစ်သော်လည်း ဝမ်း၌ အစာအာဟာရ မရှိကြပါလျှင် နတ်မိဖုရားတို့နှင့် ခံစားမှု၊ စံစားမှု၊ ပျော်ပါးမှု၊ ရွှင်မြူးမှုတို့ကို ပြုလိုသော လောဘ မရှိနိုင်ကြကုန်။

ဝမ်း၌ အစာအာဟာရ ရှိသည်နှင့် တစ်ပြိုင်နက် တစ်ထောင့်ငါးရာ ကိလေသာမီးတို့သည် ထက်သန်စွာ တောက်ပွားနိုင်ကုန်၏။ လောဘကိလေသာမှု၊ ဒေါသကိလေသာမှု၊ မောဟကိလေသာမှု စသည်တို့ကို စိတ်ဖြင့် ကြံစည်နိုင်ကြကုန်၏။ နှုတ်ဖြင့် ပြောဆိုနိုင်ကြကုန်၏။ ကိုယ်ဖြင့် ပြုကျင့်လိုက်စားနိုင်ကြကုန်၏။

ယင်းတို့ကား စားသောက်မျိုဝါးအပ်သော အစာအာဟာရ၌ သိမြင် ရှုပွားအပ်သော ကိလေသာ ပွားများမှု ဒုက္ခစက်ကြီးဖြစ်၏။

စစ်တိုက်ခြင်း၊ တံငါ၊ မုဆိုး၊ သူခိုး၊ ဓားပြအမှုတို့ကို ပြုလုပ်ခြင်း၊ တိရစ္ဆာန်သတ္တဝါမျိုး ဖြစ်၍ သူတစ်ပါးကို ကိုက်ခဲညှဉ်းပန်းခြင်း အစရှိသော လောက၌ ထင်ကြ မြင်ကြသမျှသော ဒုစရိုက် (၁၀)ပါး၌ ပွားများခြင်း၊ ဒုစရိုက် ဒုက္ခတို့သည် စားသောက်ဝါးမျိုအပ်သော အစာအာဟာရ၌ သိမြင် ရှုပွားအပ်သော ဒုစရိုက်စက်ကြီး ဖြစ်သည်။

ထို ဒုစရိုက်စက်ကြီးသည် အစာအာဟာရအမှုနှင့် မိမိအတွင်းသို့ ပါဝင်သမျှသော မြေပေါ်ရှိ သတ္တဝါ၊ ရေနေ သတ္တဝါ၊ ကောင်းကင်နေ သတ္တဝါတို့ကို နေ့စဉ် နေ့တိုင်း အပါယ်ငရဲသို့ အတွင်ပစ်ချလေ၏။

အပါယ်လေးဘုံ၌ ရှိသမျှသော သတ္တဝါတို့အဖို့ အသိန်း၊ အသန်း၊ အကုဋေ ပုံစုသော်လည်း တစ်ပါးသော အခွင့်နှင့် အပါယ်သို့ ကျရောက်သော သတ္တဝါမျိုးသည် တစ်ပုံတစ်စုစာမျှ မရှိလေရာ။

အစာအာဟာရအမှု၊ အသက်မွေးမှုနှင့် ကျရောက်သော သတ္တဝါတို့သည်သာ အများကြီး များလေကုန်ရာ၏။

ထို့ကြောင့် စကြဝဠာအနန္တ၊ ကမ္ဘာအနန္တမှာပင် အပါယ်လေးဘုံ ရှိနေရသည်ကား အစာအာဟာရမှု၊ အသက်မွေးမှု ဒုစရိုက်စက်ကြီး၏ အတတ်ပေတည်း။

ဤကား စားသောက်မျိုဝါးအပ်သော အစာအာဟာရ သိမြင်ရှုပွားအပ်သော အကျိုးဝိပါက် ဒုက္ခစက်ကြီးတည်း။

မိမိသည် ယင်းသဘောတို့ကို သိစေရန် ဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ်ကို ရေးသားခဲ့၏။

သို့သော် ပညာနည်းသူ အချို့လူတို့က ယင်းသို့ မသိကြ၊ စာအုပ်ဖတ်ပါရက်ကနဲ့ စာသဘောကို မသိကြ၊ မသိသူအချို့က "ဒီလိုဆို သက်သတ်လွတ် မစားရဘူးပေါ့" တဲ့။

ယင်းသို့ ပြောကြသည်။ အမှန်စင်စစ် ယင်းတို့သည် စာမတတ်သူ၊ စာမဖတ်တတ်သူ တို့သာ ဖြစ်ပါသည်။ တစ်နည်းပြောရသော် တစ်ဖက်သတ် အစွဲအလမ်းသက်သက်နဲ့ ဖတ်သူတို့သာ ဖြစ်ကုန်၏။

ထိုသူတို့၏ ဉာဏ်မျက်စိကို ပုဂ္ဂိုလ်စွဲ၊ သက်သတ်လွတ်စွဲ တိမ်သလ္လာ စွဲကပ်ခံနေရသော သူများသာ ဖြစ်ချေ၏။ ယင်းတို့သည် ဘယ်တော့မှ အမှန်ကို မြင်နိုင်မည့်သူတွေ မဟုတ်ကြကုန်။

တချို့က "ဒီကိုယ်တော် အသားငါး တော်တော်ကြိုက်တယ်နဲ့ တူတယ်" လို့ ပြောကြသည်။

အမှန်စင်စစ် ယင်းသို့ မဟုတ်ပါ။ မိမိကိုယ်တိုင် မသိ မလိမ္မာခင် ရှေးယခင်က သက်သတ်လွတ်ကို နစ်နစ်တိုင်တိုင် စားခဲ့ဖူးပါသည်။

နောက်ပိုင်းတွင်လည်း (၄၉)ရက်၊ (၄၅)ရက်၊ (၂၇)ရက်၊ (၉)ရက်၊ (၇)ရက် စသည် အလီလီ သက်သတ်လွတ် စားခဲ့ဖူးပါသည်။

သက်သတ်လွတ် မစားခင် ရှေးယခင်ကလည်း ကုန်းသတ္တဝါသား ရှောင်ရှားခဲ့ပါသည်။ ယခုလည်း အသားငါးများကို မစား.မဖြစ်သည့် အခါမှသာ စားပါသည်။ မကြိုက်လှပါ။

နောက်ပိုင်းတွင် ဗုဒ္ဓ၏ တရားစစ် တရားမှန်များကို သိသည့်အခါ ဗုဒ္ဓသည်သက်သတ်လွတ် မလွတ်ကို အဓိကအားဖြင့် မဟောကြား၊ သက်သတ်လွတ် မလွတ်သော အစာအာဟာရ၏ သဘောကို သိဖို့သာ ဟောကြားကြောင်း တိကျစွာ သိရသည့်အခါတွင် မိမိ သက်သတ်လွတ် မစားတော့ပါ။

နောက်ပိုင်းတွင် ဆွမ်းခံစားသော မိမိအဖို့ "သန္တုဋ္ဌိ ပရမံ ဓနံ = ရသမျှနှင့် ရောင့်ရဲခြင်းသည် အမြတ်ဥစ္စာ" ဆိုတဲ့ ဗုဒ္ဓဟော ဒေသနာအရ ရသမျှနှင့် ရောင့်ရဲသဖြင့် ကုန်းသတ္တဝါလည်း မရှောင်ခဲ့ပါ။ ရသမျှနှင့် ရောင့်ရဲပါသည်။

မိမိ သက်သတ်လွတ်စားစဉ် ရှေးယခင်က ရံခါ ဆွမ်းစား.ပါသွားရသည်။ အိမ်က လူတွေက မသိ။ မိမိမှာ ဖြစ်သလို စားနိုင်၍ စားသော်လည်း အိမ်သူအိမ်သားတွေ သိသွားသောအခါ စိတ်မကောင်း ဖြစ်ကြရ၏။ ဒုက္ခ ပွားကြရ၏။

ဗုဒ္ဓဘုရား တပည့်ဖြစ်သည့် မိမိသည် ဗုဒ္ဓစကား နားမထောင်သလို ဖြစ်နေသည်။ ဗုဒ္ဓက ရသမျှနှင့် ရောင့်ရဲဖို့ ဟောခဲ့၏။ သက်သတ်လွတ်တွေ့.သက်သတ်လွတ်စား၊ သားငါးတွေ့.သားငါးစား၊ အစာအာဟာရ သဘောသိအောင် ရှုပွားစား၊ ယင်းသို့ ဟောကြားသည်။

တချို့က စောင်းချိတ်ရေးသည်ဟု ပြောကြသည်။ မိမိသည် မစောင်း မချိတ်ပါ။ ဗုဒ္ဓဟော အာမဂန္ဓသုတ္တန်ကို မူထားပြီး ဟောကြားရေးသားခြင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓဟောတိုင်း ရေးပါလျက် စောင်းချိတ်ပါသည်ဆိုလျှင် ဗုဒ္ဓကို ဘယ်သို့ ပြောရမည်နည်း။

အမှန်မှာ ယင်း ဗုဒ္ဓသက်သတ်လွတ် ရေးရခြင်းသည် မိမိအတွက် တင်ခဲ့သည့် ကြွေးကို ဆပ်ခြင်းပင် ဖြစ်ပါသည်။

မိမိတွင် အဘယ်ကဲ့သို့ ကြွေးတင်သနည်း။ အစာအာဟာရ၏ သဘောသွား မသိခင် ရှေးယခင်က သက်သတ်လွတ် စားခဲ့စဉ်က "မိမိသာလျှင် အကျင့်ကောင်း၊ သူများတွေ အကျင့်မကောင်း" ထင်ခဲ့ပါ၏၊ မစားသူတွေကိုလည်း တိုက်တွန်းခဲ့ပါ၏၊ စာရှုသူတွေကိုလည်း ကိုယ်တိုင် ကဲ့ရဲ့ခဲ့ပါ၏။

ယင်းသို့ စသည်ဖြင့် မိမိသည် သက်သတ်လွတ်နှင့် ပတ်သက်၍ မိမိကိုယ်ကို မိမိ မြှောက်ကာ သူတစ်ပါးကို နှိမ့်ချခဲ့ပါ၏။

သက်သတ်လွတ်အကျင့် ကျင့်လျှင် ကိစ္စပြီးရော ထင်ခဲ့ပါ၏။

ယခုအခါ ယင်းသဘာဝ အားလုံးတို့ကို သိမြင်ပါသဖြင့် နောက်တုန်းက ပြုခဲ့၊ ပြောခဲ့သမျှ၊ ဖြစ်ပွားခဲ့သမျှ၊ ထင်မှားခဲ့သမျှ အပြစ်တွေ ကြေစေရောဆိုတဲ့ သဘောနဲ့ ရေးသားခြင်း ဖြစ်ပါသည်။

မိမိ မိုက်မှားစဉ်ကကဲ့သို့ မိုက်မှားလျက်ရှိသူများကိုလည်း မျက်စိမြင် နားကြားပင် ဖြစ်ပါသည်။ ယင်းတို့သည် မိမိကဲ့သို့ အမြင်မှန်ရပါစေ ဆိုတဲ့ သဘောနဲ့ ရေးသားခြင်း ဖြစ်ပါသည်။

ယင်းသို့ဆိုတော့ သက်သတ်လွတ် မစားရဘူးပေါ့လို့ မထင်လိုက်ပါနဲ့။ စားပါ။ စားနိုင်ပါသည်။ သို့သော် သက်သတ်လွတ် စားရုံသက်သက်နဲ့ နတ်ရွာလည်း မရောက်၊ နိဗ္ဗာန်လည်း မရောက်၊ အပါယ်ဘေးလည်း မကင်းဝေး၊ ကိလေသာလည်း မစင်ကြယ်ဟုတော့ သိပါ။

သက်သတ်လွတ်လည်း အစာအာဟာရပဲ ဖြစ်၍ ယင်းအစာအာဟာရ၏ သဘောကို သိအောင် ရှုပွားစားသောက်မှ အကျိုးရှိမည်၊ မရှုမပွားဘဲ စားသောက်သော် ဒုစရိုက်တရား၊ ကိလေသာတရားတွေ ပွားပြီး အပါယ်လေးပါး လားမည်ဟု သိပြီး စားပါ။

တချို့က မလွန်လွန်းဘူးလားဟု ဆိုလာသည်။ ဗုဒ္ဓဟောတဲ့အတိုင်းကို မိမိက ဖောက်သည်ချထားရုံမျှ ဖြစ်၍ မလွန်လွန်းပါ။

အကယ်တိ လွန်ပါသည်ဆိုလျှင် ဗုဒ္ဓသည် ယင်းဒေသနာတော်ကို အဘယ့်ကြောင့် ဟောသနည်း၊ ကျွတ်တမ်းဝင်မည့် ဝေနေယျကို ကြည့်၍ ဟောထားသောကြောင့်ဟု ယူဆပါ။

မှန်ပါသည်။ ဒေသနာတော်သည် နှစ်မျိုးသွားပါသည်။ အချို့မှာ အကျိုးရသွားပါသည်။ အချို့မှာ ယင်းဒေသနာတော် အတွက်ပင် ဗုဒ္ဓအပေါ်မှာ အာဃာတ.ထား ရန်ငြိုးပွားခဲ့ပါသည်။

ယနေ့ မိမိ၏ ဗုဒ္ဓ၏ သက်သတ်လွတ် ဒေသနာတော်နှင့် ပတ်သက်၍လည်း ယင်းသို့ပင် ဖြစ်ပါသည်။ အချို့မှာ အမှန် အကန်သို့ ရောက်သွား၍ မိမိအား ကျေးဇူးတင်ကြပါသည်။

အချို့မှာမူ စောင်းသည်၊ မြောင်းသည်၊ လွန်လွန်းသည် စသည်ဖြင့် အငြိုးပွားကာ အကုသိုလ်များကြသည်။ မိမိအနေ နှင့်မူ ဘာတတ်နိုင်မည်နည်း။ ဒေသနာ၏ သဘာဝမို့ ဥပေက္ခာ သဘောထားရပါမည်။

အို - စာရှုသူ၊ စာရှုသူသည် ဗုဒ္ဓ၏ သက်သတ်လွတ်အတွက် အမျက်ထွက်နေသူ ဖြစ်အံ့၊ စာရှုသူတွင် ရှိနေသော အရောင်ခြယ်ထားသည့် အစွဲတရား မျက်မှန်စိမ်းကြီးကို ဖယ်ရှားကာ ပြန်လည်၍ တစ်ခေါက်ဖတ်ကြည့်ပါ။

ထိုအခါ စာရှုသူသည် အမှန်သဘာဝကို ယထာဘူတကျကျ သိမြင်၍ လမ်းမှန်ပေါ်သို့ ခြေချနိုင်ပါလိမ့်မည်။ လမ်းမှန် ပေါ်ရောက်၍ သွားပါမှ နိဗ္ဗာန်ရောက်မည် မဟုတ်ပါလော။

အို - စာရှုသူ၊ စာရှုသူသည် အမှန်လိုလားသူ ဖြစ်အံ့၊ အစွဲအလမ်း မထားရာ၊ အစွဲအလမ်းထားလျှင် စာရှုသူအတွက် နောင့်ယှက်ခံရသော နိဗ္ဗာန်လမ်းအတွက် အတားအဆီး ခံထားရသော သူပင် ဖြစ်တော့သည်။

အို - စာရှုသူ၊ အမှန်မတွေ့သေးခင် မှားတာတော့ ဓမ္မတာပါပဲ၊ အမှန်တွေ့ခါမှ အမှားကို မစွာနိုင်၊ အမှားမှန်းလည်း မသိ လျှင်တော့ နစ်တော့မည်။

မိမိသည် ဤစာတွေ ရေးနေခြင်းသည် ကျောင်းတိုက်ကြီးပွားရေး မပါ.ပါ။ နာမည်ကျော်ကြားရေးလည်း မပါ.ပါ။ လာဘ် လာဘများ၊ အသင်းအဖွဲ့ကြီးပွားရေးလည်း မမျှော်ပါ။ မျှော်ရင်လည်း ဤစာမျိုး မရေးပါဟု စာရှုသူ သိပါ။

စင်စစ်မူ စစ်မှန်သော သာသနာတော်ကို စစ်မှန်စွာ သိပြီး ကြည်ညိုတတ်လျှင် ကြည်ညိုတတ်သူတို့ အကျိုးရ ရေးသက်သက်သာ ဖြစ်ပါသတည်း။

✦ စာအုပ်ဖတ်ပြီး၊ စွဲတရား၊ ပယ်ရှားဖတ်လေပါ။
✦ အစွဲငုံထား၊ စာဖတ်ပြီး၊ မှန်မှားမသိပါ။
✦ မှန်မှားမသိ၊ ဖတ်ကျိုးကြည့်၊ မရှိသေသေချာ၊
✦ မှန်မှားသိမှ၊ အကျိုးရ၊ မှားက ပယ်လေပါ။
✦ အမှန်ယူက၊ နိဗ္ဗာန၊ ရောက်ရမြန်မကြာ။

# သဘောရိုးနဲ့လား တိုက်တာလား

## (၁၃၇)

ကျင့်ကြံအားထုတ်မှုဟု ဆိုအပ်သော ပဋိပတ်ကိစ္စတွင် တရားပေါင်းများကို အပင်ပန်း အဆင်းရဲခံ၍ ကျင့်ဆောင်အားထုတ်နေရန် ကိစ္စမရှိပါ။

တရားတစ်ခုခုကို ပရိညာကိစ္စပေါက်၍ ပိုင်ပိုင်နိုင်နိုင်ရှိအောင် ကျင့်ကြံအားထုတ်လျှင် ကိစ္စပြီးနိုင်ကြောင်းကို သိအပ်၏။ ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် သိမှုကို ပရိညာ ဆိုသည်။ ထို ပရိညာသည် -

၁။ ဉာတပရိညာ

၂။ တီရဏပရိညာ

၃။ ပဟာနပရိညာ

အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် -

၁။ ဖဿပထဝီအစရှိကုန်သောရုပ်နာမ်တရားတို့၏တွေ့ထိမှုခက်မာမှုစသောသဘောလက္ခဏာရင်းတို့ကိုပိုင်ပိုင်နိုင်နိုင် မြင်စွမ်းနိုင်ခြင်းသည် "ဉာတပရိညာ" မည်၏။

၂။ ထိုပရမတ္ထသဘောတရားတို့၏မမြဲမှုအနိစ္စ၊ဆင်းရဲမှုဒုက္ခ၊အနှစ်သာရအတ္တမရှိ၍ကိုယ်ဟုစွဲလမ်းစရာမရှိမှုအနတ္တ၊ ယင်း လက္ခဏာသုံးချက်ကို ပိုင်ပိုင်နိုင်နိုင် သိစွမ်းနိုင်ခြင်းသည် "တီရဏပရိညာ" မည်၏။

၃။ ထို ပရမတ္ထတရားအစု၌ သာယာစွဲလမ်းမှု တဏှာကို အကြွင်းမဲ့ ပိုင်ပိုင်နိုင်နိုင် ပယ်စွမ်းနိုင်ခြင်းသည် "ပဟာနပရိညာ" မည်၏။

တစ်ခု တစ်ခုသော တရား၌ ပရိညာ သုံးချက်တို့ဖြင့် ပိုင်နိုင်လျှင် ပဋိပတ္တိတရားကိစ္စ ပြီးစီးနိုင်၏။

ထို့ပြင်လည်း "အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဍာတိ" စသည်ဖြင့် ဟောတော်မူသောအတိုင်း "အနိစ္စသညာ" တစ်လုံးကို ပိုင်နိုင်စွာ ပွားများနိုင်ကလည်း အနတ္တသည် အလိုလိုပြီးစီး၍ ကိစ္စတုံးနိုင်၏။

ဤသို့ဆိုလျှင် မြတ်စွာဘုရားသည် တပည့်သား သာဝကတို့အား ပဋိပတ်ကျင့်လမ်းတွင် ပင်ပန်းဆင်းရဲခြင်း၊ နှောင့်နှေးကြာမြင့်ခြင်း မရှိစေဘဲ လွယ်ကူချမ်းသာ လျင်မြန်စွာနှင့် သာဝကဏ် ပြည့်စုံခြင်းဖြစ်နိုင်ရန် နည်းလမ်းတို့ကို ပြဋ္ဌာန်းတော်မူခဲ့သည်။ သာသနာတော်၌ -

၁။ သမထ လမ်းစဉ်မှစ၍ အထက်ဝိပဿနာလမ်းသို့ တက်သော "သမထယာနိကပုဂ္ဂိုလ်"

၂။ သမထလမ်းသို့ မလိုက်ဘဲ ဝိပဿနာလမ်းသို့ လိုက်သော "ဝိပဿနာယာနိကပုဂ္ဂိုလ်"

ဟူ၍ နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် -

၁။ အကြင်ပုဂ္ဂိုလ်သည်ကျန်းမာသန်စွမ်းခြင်းစသောကာယဗလကိုယ်အင်အားနှင့်လည်းပြည့်စုံ၏၊ ပညာဉာဏ်ဖြင့်လည်း ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်း အစရှိသော သမထ အလုပ်စခန်းကို တည်ထောင်၍ ဈာန် အဘိညာဉ်တို့ကို ပြည့်စုံစွာ ဖြစ်ပွားစေ၏။ သမထလမ်း အဆုံးတိုင်မှ ဝိပဿနာအလုပ်စခန်းကို တည်ထောင်၍ မဂ်ဖိုလ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်သည် "သမထယာနိကပုဂ္ဂိုလ်" မည်၏။

၂။ အကြင်ပုဂ္ဂိုလ်သည်ကား ကာယဗလ မရှိ၊ ကိုယ်စွမ်း နည်းပါး၏၊ ကိုယ်စွမ်းပင် ရှိပါသော်လည်း သမထအလုပ်စခန်းကိုကြာမြင့်ဖင့်နွဲ့သည်ဟူ၍ထင်မြင်၏။ ထိုပုဂ္ဂိုလ်သည် သမထ အလုပ်စခန်းကို မတည်ထောင်ဘဲ ဝိပဿနာအလုပ်စခန်း သက်သက်ကိုသာလျှင် ဖွင့်၍အားထုတ်ကြိုးစားပြီးလျှင် မဂ်ဖိုလ်သို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် "ဝိပဿနာယာနိကပုဂ္ဂိုလ်" မည်၏။

ထို့ကြောင့် ယခုခေတ် အခါ၌လည်း အချိန်ဖင့်နွဲ့ ကြာမြင့်သည်ကို အလိုမရှိဘဲ အလုပ်ကျဉ်းကျဉ်းနှင့် ကိစ္စပြီးစီးလိုသော ပုဂ္ဂိုလ်သည် သမထလမ်းစခန်းသို့ မလိုက်ဘဲ ပထဝီ၊ ဖဿ အစရှိသော တရားတစ်ခုခု၌ ပရိညာကိစ္စသုံးပါး ထူထောင်ဖွင့်လှစ်၍ အားထုတ်ကြိုးစားရာ၏။

တစ်ခုခုသော တရားအချက်၌ ပရိညာကိစ္စသုံးပါး ထူထောင် ထမြောက်ပါလျှင် ထိုမှအထက်၌ ပြုလုပ်ဖွယ်ကိစ္စ မရှိဘဲ ပဓာနအလုပ် ပြီးစီးခြင်းသို့ ရောက်လေ၏။

ဝိပဿနာလမ်းသက်သက်သို့လိုက်သဖြင့် မဂ်ဖိုလ်ကို ရရှိသော ပုဂ္ဂိုလ်သည် ဈာန်အဘိညာဉ်တည်းဟူသော လောကီ တန်ခိုးများ ခြောက်ခန်းသောကြောင့် "သုက္ခဝိပဿကပုဂ္ဂိုလ်" မည်၏။

သို့ရာတွင် ဈာန်အဘိညာဉ်တို့၌ အတိတ်ဘဝတို့က ရင်းနှီးထုံမွမ်းခဲ့သော ပါရမီအဆောက်အအုံ တတ်ခံရှိသောသူတို့မှာ ဝိပဿနာလမ်းသက်သက်နှင့် မဂ်ကို တက်သောအခါ များလည်း အလိုလိုပါရှိ၍ လာတတ်၏။ ထိုဈာန်မျိုးကို "မဂ္ဂသိဒ္ဓဈာန်" ခေါ်သည်။ ရှင်အာနန္ဒာနှင့် စူဠပန္ထ ကတို့ ရရှိသော ဈာန်ကဲ့သို့တည်း။

မဂ်ကိုရသည့်အချိန် အာနုဘော်ကြောင့် တမင် အားမထုတ်ရဘဲ အလိုလို ဖြစ်ပေါ်ရရှိပြီးစီးလာသော ဈာန်ကို မဂ္ဂသိဒ္ဓိဈာန် ဆိုသည်။

ဤကား ဘုရားရှင် ဟောကြား နည်းပေးအပ်သော ပဋိပတ်တရားတော်၏ ကောင်းမြတ်မှန်ကန်သော ကောင်းသော တရားဖြစ်သောကြောင့် တစ်စုံတစ်ခုသော တရား၌ ပရိညာသုံးပါး ပေါက်ရောက်အောင် ပြုလုပ်ကြိုးစားနိုင်သည် ရှိသော် မျက်မှောက် ပစ္စက္ခဘဝ၌ပင်လျှင် ကိလေသာ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ကိလေသာအလုံးစုံကိုလည်းကောင်းငြိမ်းစဲစေ၍ တပည့်သာဝကတို့၏ သာဝကဂုဏ်နှင့် ပြည့်စုံစေနိုင်ကြောင်းကို ပြဆိုသော စကားရပ်ဖြစ်သည်။ အကြင်သာသနာ၌ -

၁။ ကိုးကွယ် အားထားရာဖြစ်သော ဘုရား၏ ဘုရားကောင်း ဘုရားမှန် ဖြစ်ခြင်း။

၂။ ကျင့်ဆောင်အပ်သော တရားတော်၏ တရားကောင်း တရားမှန် ဖြစ်ခြင်း။

၃။ မြတ်စွာဘုရား၏ တပည့်သား သာဝကများ၏ သာဝကဂုဏ်နှင့် ပြည့်စုံ၍ တပည့်ကောင်း တပည့်မှန် ဖြစ်ခြင်း။

ဤသုံးပါးသော အချက်ကြီးများနှင့် ပြည့်စုံ၏။

ယင်းသို့ ဘုရား၏ ကောင်းသောဘုရား ဖြစ်ခြင်း၊ တရားတော်၏ ကောင်းသောတရားတော် ဖြစ်ခြင်း၊ တပည့်သား သာဝက၏ ကောင်းသောတပည့်သား သာဝက အဖြစ်ဟု ဆိုအပ်သော အချက်သုံးပါးနှင့် ပြည့်စုံသော သာသနာတော်သည် ကောင်းမွန်မှန်ကန်သော သာသနာတော် မည်၏။

ယင်းသာသနာတော်သို့ သက်ဝင်ခိုလှုံကြကုန်သော သူတို့သည် မိမိတို့ ရည်မှန်းမျှော်လင့်အပ်သော မျက်မှောက် ပစ္စုပ္ပန် အကျိုးတို့ကို ရရှိစေနိုင်ကုန်၏။

သာသနာတော်သို့ သက်ဝင်ယုံကြည်ခြင်း၏ အကျိုးသည် ထင်မှန်းသောအတိုင်း ပေါက်ရောက်၏။

ဘုရားကောင်း ဘုရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံလျှင် နိဗ္ဗာန်တိုင်အောင်သော အကျိုးထူးများကို ခံစား ရ၏။

တရားကောင်း တရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံပြီးလျှင် ထိုတရားတော် နည်းလမ်းအတိုင်း ကျင့်ဆောင် သည် ရှိသော် ထို့အတူ ကြီးစွာသော အကျိုးကို ခံစားရ၏။

သာဝကတို့ ပြည့်စုံသင့် ပြည့်စုံထိုက်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော သာဝက အမွန်အမြတ်၊ သံဃာ အမွန် အမြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံလျှင် ကြီးစွာသော အကျိုးထူးကို ရရှိစေနိုင်၏။

ယင်းကဲ့သို့ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်တို့နှင့် ပြည့်စုံသော သာသနာတော်ကို အလွန်ကြုံကြိုက်ခဲလှ၏။

ဘုရားပွင့်ရန် ခဲယဉ်းခြင်း = ဗုဒ္ဓုပ္ပါဒဒုလ္လဘာ စသော ဒုလ္လဘငါးချက်ကို ဤကဲ့သို့ မြင့်မြတ်သော သာသနာတော်တွင်း မှာမှ တွေ့ကြုံ တိုက်ဆိုင်ခွင့်ကို ရရှိလေသည်။

ဤသို့ ဖြောင့်မှန်မြင့်မြတ်သော သာသနာမှတစ်ပါး အခြားသာသနာ၌ ထို ဒုလ္လဘ ငါးချက်ကို တစ်စုံတစ်ခုမျှ မရရှိ နိုင်ချေ။

ထူးမြတ်လှစွာသော သာသနာတော်၏ ပြည့်စုံခြင်း၊ ခေတ်ကောင်းကြီးနှင့် တွေ့ကြုံသည့်အခါ အထက်တန်းကျ မြင့်မားလှသော တရားတော်ကြီးများကို အား.မထုတ်ဘဲ ရှိစေကာမူ ရတနာသုံးပါးဂုဏ်ကို ယုံယုံကြည်ကြည် သက်ဝင်၍ ကိုး ကွယ်ရာအမှတ်ဖြင့် ဆည်းကပ်အားထားလျှင်ပင် ကြီးမြတ်ဖွံ့ဖြိုးသော အကျိုးထူးကို ရရှိစေနိုင်၏။

ဥပမာဆိုသော် နေပူထီးတည်းအရိပ်မဲ့သော လွင်ပြင်ကြီးအတွင်း၌သာ အပူတပြင်းလျှောက်သွားနေရသော သူသည် အသီးအပွင့် အမျိုးမျိုးနှင့် ပြည့်စုံသော အေးမြချမ်းသာသည့် ဥယျာဉ်ကြီးအတွင်းသို့ ဆိုက်ရောက်လေရာ အသီးအပွင့်တို့ကို မသုံးဆောင်ရစေကာမူ အေးမြချမ်းသာသော အရိပ်အာဝါသကို ခိုလှုံရကာမျှနှင့် အပူအပင်ပျောက်ကင်း၍ အေးမြချမ်းသာခြင်း ကို ရရှိသကဲ့သို့တည်း။

ဤသို့ ဥပမာ ဥပမေယျ စပ်ဟပ်ပြရသော် -

၁။ နေပူထိုးတည်း လွင်ပြင်ကြီးနှင့် သာသနာမှန်နှင့် ကင်းသော သာသနာပနှင့် တူ၏။

၂။ အေးမြသာယာသော ဥယျာဉ်ကြီးနှင့် မှန်ကန်ကောင်းမွန်သော သာသနာနှင့် တူ၏။

၃။ အေးမြသော အရိပ်အာဝါသနှင့် သရဏဂုံ သုံးပါးနှင့် တူ၏။

၄။ ကောင်းမြတ်သော အပွင့်အသီးတို့နှင့် ထိုသာသနာတော်ကို မှီ၍ ရရှိနိုင်သော ရှာန်. အဘိညာဉ်. မဂ်. ဖိုလ် တရားတို့ တူကုန်၏။

၅။ လွင်ပြင်ကြီး၌ ဆင်းရဲပင်ပန်းစွာ သွားလာနေနိုက်ဖြစ်သော သူနှင့် သာသနာတော်ကောင်း၊ သာသနာတော်မှန်ကို မတွေ့ရဘဲ သံသရာတစ်ခွင်မှာ မှောက်မှောက်မှားမှား ကျင်လည်နေရသူနှင့် တူ၏။

၆။ ဥယျာဉ်ကြီးသို့ ရောက်၍ အရိပ်ကို ခိုလှုံသဖြင့် အေးမြချမ်းသာခြင်းနှင့် သာသနာတော်ကောင်း၊ သာသနာတော်မှန်သို့ ဝင်ရောက်၍ သရဏဂုံသုံးပါး ခံယူဆောက်တည်ခြင်း တူ၏။

အဆိုပါ ဥပမာ၌ ဥယျာဉ်ကြီးသို့ ဝင်၍ အရိပ်၌ နားနေပြီးလျှင် အပွင့်အသီးတို့ကို မရ.ရကြောင်း ကောင်းသော ဝီရိယတို့ဖြင့် ဆွတ်ချူပြီးလျှင် ထူးမြတ်လွန်ကဲသော အပွင့်အသီးတို့ကို သုံးဆောင်ရပြန်လေ၏။

အပွင့်အသီးတို့ကို ရအောင် ဆွတ်ချူသော ဝီရိယနှင့် သမထအလုပ်၊ ဝိပဿနာအလုပ်ကို အားထုတ်မှု ပဓာနဝီရိယ တူ၏။

အပွင့်အသီးတို့ကို သုံးဆောင်ရခြင်းနှင့် ရှာန်. အဘိညာဉ်. မဂ်. ဖိုလ် တို့ကို ရရှိခံစားခြင်း တူ၏။

ယခုလက်ငင်း မိမိတို့ တွေ့ကြုံ၍နေကြသော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် ဘုရားကောင်း ဘုရားမှန်၊ တရားကောင်းတရားမှန်၊ တပည့်ကောင်းတပည့်မှန် သံဃာတော်တို့နှင့် ပြည့်စုံသော သာသနာတော်ကောင်း၊ သာသနာတော်မှန်ကြီး အစစ်ဖြစ်ပေ၏။

ထိုသာသနာတော်ကောင်း၊ သာသနာတော်မှန်ကြီး အတွင်းသို့ သက်ဝင်ခိုလှုံလျက် ရှိနေကြကုန်သော သူအပေါင်းတို့သည် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် -

၁။ ငါတို့ ကိုးကွယ်ရာဖြစ်သော ဘုရားသည် အဘယ်ကဲ့သို့ ဘုရားကောင်း၊ ဘုရားမှန် ဖြစ်ပါသနည်း။

၂။ ငါတို့ ကိုးကွယ်အားထားအပ်သော တရားတော်သည် အဘယ်ကဲ့သို့ တရားတော်ကောင်း၊ တရားတော်မှန် ဖြစ်ပါသနည်း။

၃။ ငါတို့ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များသည် အဘယ်သို့လျှင် သာဝကကောင်း၊ သာဝကမှန် ဖြစ်ပါသနည်း။

ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်ခိုက် ယင်းသို့ မသိ.သိအောင် စုံစမ်းဆင်ခြင်ပြီးလျှင် ရတနာသုံးပါးဂုဏ်ကို ကျကျနန ထိထိရောက်ရောက် ယုံကြည်စွာနှင့် ဆည်းကပ်၍ သီလ. သမာဓိ. ပညာ သိက္ခာသုံးပါး အကျင့်တရားများ အမြဲမပြတ် ကိုယ်ဝယ် တည်စေရာ၏။

မတည်သေးသောသူများကို တည်အောင် သာသနာတော်၏ ကောင်းခြင်းဂုဏ်ကို ပြ၍ တည်စေရာ၏။

တည်ပြီးသောသူများလည်း သာသနာတော်၏ ကောင်းခြင်းဂုဏ်ကို သိ၍ အတိုင်းထက်အလွန် တည်စေရာ၏။

ယင်းသို့သော ရည်ရွယ်ချက်နှင့် မိမိသည် ဓမ္မဒေသနာခရီးသည်အဖြစ် လှည့်လည်ရင်း ကြုံကြိုက်ခဲ့ရသော ရှောင်ရှားစရာ ဖြစ်သော ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော ပြဿနာများ၊ လိုက်နာစရာ ဖြစ်သော ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော ပြဿနာများကို တင်ပြခဲ့ရာ အမှတ် (၅) သို့ပင် ရောက်ရှေပြီ။

ယင်းပြဿနာများကို ဖတ်ရှု၍ အကောင်းဘက်သို့ ရောက်လာသူ အတော်များများကိုလည်း မိမိကိုယ်တိုင် တွေ့ခဲ့ရပြီး တစ်ဆင့်ကြားလည်း သိခဲ့ရပြီ။

ဆက်လက်ရေးသားပါရန် အကြံပေးလွှာ၊ တိုက်တွန်းလွှာများ၊ ပြဿနာများလည်း ရပါသည်။ ယင်းသည့်အကြားမှ ပြဿနာတစ်ခုလည်း ရပါသေးသည်။

ယင်းကား အသို့နည်း။ တစ်ချိန်သော ဆောင်းကာလ ဖြစ်၏။ ဓမ္မဒေသနာခရီး လှည့်လည်စဉ်က မိတ်ဆွေတစ်ဦးနှင့် ကြုံ၏။ ထိုအခါ သူက အားရဝမ်းသာ ပြောဆိုမေးမြန်း၏။

"မောင်ပညာဇောတ၊ မင်းကို တချို့က မေးကြတယ်"

"အင်း - ဘယ်လိုမေးလဲ၊ အမိန့်ရှိပါဦးဘုရား"

"မင်း စာတွေရေးနေတာဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးနေတာလဲတဲ့"

"ဩော် - ဒါလား၊ တပည့်တော်က ဘာများလဲလို့၊ လန့်တောင် သွားတယ်"

"အေး - အေး၊ မင်းသဘောထား ပြောပြစမ်းပါဦး"

"အဲဒီ မေးတဲ့လူကို တပည့်တော်ဆီ လွှတ်ပေးလိုက်ရင် တပည့်တော်နဲ့ မေးဖြေရရင် တစ်ခါတည်းပြဿနာပြေလည်သွားမှာပဲ၊ ခုတော့ ဘုန်းကြီးကတစ်ဆင့် ဆိုတော့ ပြေလည်ပါ့မလားဘုရား"

"ပြေလည်ပါတယ်ကွာ၊ မေးတဲ့လူက မင်းနဲ့တွေ့ပြီး မမေးရဲလို့တဲ့"

"ဘာဖြစ်လို့ မမေးရဲရတာလဲ ဘုရား"

"တော်တော်ကြာ စာအုပ်ထဲ ပါလာမှာစိုးလို့တဲ့"

"ဩော် - မကြောက်သင့်တာ ကြုံကြောက်နေတယ်၊ တပည့်တော်က သာသနာရေးနဲ့ မပတ်သက်တဲ့ သာသနာတော်လည်း ကျေးဇူးမများတာဆို ရေးပါ၊ တောင်းပန်တောင်မှ မရေးပါဘူး"

"အေး - အေး၊ ကောင်းတယ်၊ ကောင်းတယ်၊ ငါလည်း မင်းစာတွေ သဘောကျတယ်၊ အဲဒီ မေးတဲ့လူလည်း သဘောကျတာပါပဲ"

"ဒါဖြင့် မေးတဲ့လူက တပည့်တော်ရဲ့သဘောထား ရည်ရွယ်ချက် မသိသေးလို့ သိချင်တယ်ပေါ့နော်"

"အင်း - အင်း၊ ရှင်းစမ်းပါဦး၊ လင်းစမ်းပါဦး"

"အမှန်က အဲဒီပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ အသင်းအဖွဲ့စိတ် ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်နဲ့တူတယ်ဘုရား"

"ဟ - ဆိုလှချည်လား၊ ဘာဖြစ်လို့လဲ"

"အစွဲဖက်တော့ မိမိတို့အသင်းအဖွဲ့ပုဂ္ဂိုလ်ရေးနဲ့ ပတ်သက်သော အချက်အလက်တွေ တွေ့ရင် ဒါဟာ တို့စောင်းရေးတာပဲဆိုတော့ သဘောမှန်သို့ ရောက်ပါဦးမလား"

"ဘယ်ရောက်တော့မလဲ"

"အမှန်က စာရေးဆရာရဲ့ ရည်ရွယ်ချက် သဘောထားခံယူချက်ကို သိချင်ရင် အဲဒီ စာရေးဆရာ ရေးတဲ့ စာအုပ်ရဲ့ နိဒါန်းကို ကြည့်ရမယ်ဘုရား"

"အေး - အေး၊ ပြောစမ်းပါဦး"

"စာအုပ်တစ်အုပ်ရဲ့နိဒါန်းဆိုတာ စာရေးဆရာရဲ့သဘောထားကို ဖော်ပြထားတာပဲ ဘုရား၊ ပြီးတော့ စာအုပ်နဲ့ တဖတ်ပရိသတ်နဲ့လည်း မိတ်ဆက်ပြထားတာပဲ ဘုရား"

"အေး - အေး၊ ဟုတ်တာပေါ့"

"ကဲ - သူ့အမေးကို တပည့်တော် ဖြေရရင် သာသနာတော်ကို အသရေဖျက်စေမည့် အကြောင်းအရာများကို ကာကွယ်တဲ့သဘောနဲ့ ရေးပါတယ်"

"အေး - အေး၊ ကောင်းတယ်၊ ကောင်းတယ်"

"ပြီးတော့ သာသနာတော်ကို အသရေတက်စေမယ့် အကြောင်းအရာများကို ရေးတယ်"

"အေး - ငါလည်း သဘောကျတယ်"

"ကဲ - ဒီလောက်ဆိုရင် တပည့်တော်ရဲ့ခံယူချက်သဘောထား မပေါ်ဘူးလား ဘုရား"

"ပေါ်ပါတယ်၊ သူ့အမေး တစ်ခုရှိသေးတယ်၊ ကဲ - အဲဒါလည်း မင်းဖြေပါဦး"

"အမိန့်ရှိပါဘုရား၊ ဖြေပါ့မယ်"

"သဘောရိုးနဲ့ လား၊ တိုက်တာ လား တဲ့"

"ရှင်းပါဦးဘုရား၊ ပြဿနာက ကျဉ်းနေပါတယ်၊ တပည့်တော် မလင်းတော့ မရှင်းတတ်ပါ ဘုရား"

"ဩော် - မင်း စာရေးနေတာဟာ သဘောရိုးနဲ့ ရေးတာလား၊ တိုက်ခိုက်နေတာလား တဲ့"

"ဩော် - ဩော်၊ မေးမှ မေးတတ်ပလေနော်၊ အဲဒါ ပုဂ္ဂိုလ်ရေးသိပ်ဆန်တဲ့ မေးခွန်းပဲ၊ တရားရေး မဆန်ဘူး"

"ကဲ - ကဲ၊ ဘာပဲဆန်ဆန် မင်းသဘောထားသာ အတိအကျ ဖြေပါ"

"တင်ပါ၊ ဖြေပါ့မယ်၊ တပည့်တော်ဟာ အတိုက်အခိုက် ဝါသနာ မပါ,ပါ ဘုရား"

"ဒါဖြင့် မင်းရေးနေတာ တိုက်တာမဟုတ်ဘူးပေါ့"

"ဘုန်းကြီးကလည်း ဇီးကွက်၊ ဇီးကွက်ပါဆို ဘာငှက်လဲ မေးနေရပြန်ပြီ"

"မင်းက တစ်ခါတည်း တိုက်တယ်ဆို တိုက်တယ်၊ မတိုက်ဘူးဆို မတိုက်ဘူးမှ မပြောတာ၊ ငါက ဘယ်သိမလဲ"

"တပည့်တော် စာရေးနေတာ မည်သူ့ကိုမျှ တိုက်ခိုက်လိုတဲ့ စိတ်ထားနဲ့ ရေးတာ မဟုတ်ပါဘုရား၊ ပြုပြင်ရေးသဘောနဲ့သာ ရေးနေပါတယ်ဘုရား"

"အင်း - အင်း၊ ကောင်းတယ်၊ ကောင်းတယ်"

"ဓမ္မဒေသနာခရီး လှည့်လည်ရင်း တွေ့ကြုံခဲ့တဲ့ ဗုဒ္ဓဓမ္မ ပြဿနာများကို ပုဂ္ဂိုလ်ရေး မဖက်၊ သာသနာရေးသက်သက်နဲ့ ရေးပါတယ်ဘုရား"

"အင်း - အင်း"

"တပည့်တော်တို့ ဗုဒ္ဓဟာ သိက္ခာပုဒ်တွေကို ပညတ်တဲ့နေရာမှာ ဘုန်းကြီး သတိထားမိရဲ့လား"

"ဘယ်လို သတိထားမိရတာလဲ"

"အများဆုံးသော သိက္ခာပုဒ်တွေဟာ လူ့ ရှင့် ရဟန်းတွေ ကဲ့ရဲ့လို့ ပညတ်ရတဲ့ သိက္ခာပုဒ်တွေ မဟုတ်လားဘုရား"

"အေး – အေး၊ ဟုတ်တာပေါ့"

"အဲဒီလို လူ့ ရှင့် ရဟန်းတွေက အမြင်မတော်၊ အကြားမတော်လို့ ကဲ့ရဲ့တော့ ကဲ့ရဲ့တဲ့အသံဟာ ဗုဒ္ဓထံတော် ရောက်သွားတယ်မဟုတ်လား ဘုရား"

"အေးပေါ့ကွ၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ဗုဒ္ဓထံတော်ပါး ရောက်သွားတာပေါ့"

"အဲဒီလို ရောက်သွားတော့ ဗုဒ္ဓက ရဟန်းတော်တွေကို ခေါ်တော်မူပြီး နောက် ဒါမျိုး မလုပ်ရ၊ မပြောရ ဆိုတဲ့ သဘောနဲ့ သိက္ခာပုဒ်တွေ ပညတ်လိုက်တော့ အဲဒီ ကဲ့ရဲ့သူတွေဟာ ကဲ့ရဲ့စရာ အခွင့်မရတော့ဘဲ သာသနာတော်ကို ကြည်ညိုသွားရော မဟုတ်လား ဘုရား"

"အေးပေါ့"

"အဲဒီလို ပညတ်လိုက်တော့ အဲဒီ ကဲ့ရဲ့သူတွေဟာ ကဲ့ရဲ့စရာ အခွင့်မရတော့ဘဲ သာသနာတော်ကို ကြည်ညိုသွားရော မဟုတ်လား"

"အေး ကြည်ညိုသွားတာပေါ့"

"ကြည်ညိုသွားတော့ သာသနာတော် စည်ပင်ပြန့်ပွား အရှည်တည်တံ့တာပေါ့၊ တပည့်တော်ရဲ့ သဘောကလည်း အဲဒီလိုပါပဲ ဘုရား"

"အေး – မင်းသဘော အကုန်ပြောပြစမ်း"

"တပည့်တော်က ရောက်ရာအရပ်က ကဲ့ရဲ့သံတွေ၊ ချီးမွမ်းသံတွေ အကုန်မှတ်လာတယ်ဘုရား၊ အဲဒီလို မှတ်လာပြီး ပုဂ္ဂိုလ်ရေး မဖက်၊ သာသနာရေးသက်သက် သဘောနဲ့ အဲဒီ ကဲ့ရဲ့ ချီးမွမ်းသံတွေကို အများသိအောင် ဗုဒ္ဓဓမ္မပြဿနာထဲမှာ ရေးထည့်လိုက်ပါတယ်ဘုရား"

"အေး – အေး၊ ပြောသာပြောပါ"

"ရေးတဲ့သဘောက သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ကဲ့ရဲ့သံ ကြားက ဒါမျိုး တို့ မလုပ်သင့်၊ မပြောသင့်၊ မဟောသင့်ဘူးဆိုပြီး ရှောင်ပါလျှင် အဲဒီ ကဲ့ရဲ့သူတွေ အခွင့်မရတော့ဘဲ ကြည်ညိုသူအဖြစ် ရောက်လာစေရန် ဆိုတဲ့ သဘောနဲ့ ရေးတာပါဘုရား"

"အေး – မင်းသဘောထားဒီအတိုင်းသာဆိုရင် သိပ်ကောင်းတယ်၊ ဒီသဘောနဲ့ ဆိုရင် ရေးကွ၊ သာသနာတော်အတွက် ကောင်းခြင်းတစ်ရပ်ပဲ"

"မှန်ပါဘုရား၊ ပြီးတော့ ချီးမွမ်းသံတွေ ကြားရရင် ဒီအသံမျိုးပဲ အမြဲတမ်း ကြားရအောင် ဒီအပြု၊ ဒီအပြောမျိုး၊ ဒီအဟောမျိုးပဲ ပြုမှ ပြောမှ ဟောမှ ဆိုပြီး ပြု့ ပြော့ ဟောပါလျှင် အတိုင်းထက်အလွန် သာသနာတော် ကြည်ညိုစေလိုတဲ့ ဆန္ဒနဲ့ ရေးပါတယ် ဘုရား"

"အေး – ကောင်းတယ်ကွ၊ ငါကတော့ မင်းသဘောကို သိပါတယ်ကွ၊ ဒါကြောင့် မင်းကိုလည်း ငါ တရားဟောပင့်တာပေါ့၊ ခု ငါမေးတာက အမေးရှင်တွေ သဘောပေါက်စေချင်လို့ မေးရတာပဲ"

"မှန်ပါ၊ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်ရဲ့သဘောထားကို တပည့်တော်ရဲ့ဗုဒ္ဓဝမ္မပြဿနာများရဲ့နိဒါန်းတွေမှာလည်း ပါအောင် ဖော်ပြထားပါတယ်ဘုရား၊ ခုလို မေးသဖြင့် ဖော်ပြရလို့လည်း တပည့်တော် ကျေနပ်ပါတယ်ဘုရား"

"ဒီတော့အချုပ်ပဲ ဖြေပါရစေတော့ဘုရား၊ ဘုန်းကြီးကို မှောင်ခိုပြီး အမေးခိုင်းတဲ့အမေးရှင်တွေကို ဘုန်းကြီးက အလင်းရောင်ထဲက နေပြီး ဖြေလိုက်ပါတော့ဘုရား"

"အေး - အေး၊ ဘယ်လိုဖြေရမလဲ၊ ပြော - ပြော"

"တေဒင်္ဂအရှင် ပညာဇောတ.ဟာ ပုဂ္ဂိုလ်အစွဲ မထား၊ အသင်းအဖွဲ့အစွဲ မထား၊ ပုဂ္ဂိုလ်ကြီးပွားရေး၊ အသင်းအဖွဲ့ ကြီးပွားရေး မပါ၊ ဘယ်သူ့ကိုမှလည်း မတိုက်ခိုက်၊ ဘယ်အသင်းအဖွဲ့ကိုမှလည်း မပုတ်ခတ်ဘဲ စစ်မှန်သော ဗုဒ္ဓသာသနာတော်ကို အများစု ကြည်ညိုလာအောင် ကြည်ညိုတတ်အောင် သာသနာ့ အညစ်အကြေးတွေ ဆေးလျှော်၍ သာသနာ့အလင်းရောင် ပေးသောအားဖြင့် သဘောရိုးနဲ့သာ စာများ ရေးနေကြောင်းနှင့် ဘယ်သူ့ကိုမျှ မတိုက်ခိုက်ကြောင်း ပြောပြလိုက်ပါဘုရား"

"အေး - ငါ ပြောလိုက်မယ်"

- ✦ သွားတဲ့အခါ၊ ကိုယ့်လမ်းသာ၊ မှန်စွာသွားပါလေ၊
- ✦ လမ်းကောင်းဖယ်ရှား၊ လမ်းမှားသွား၊ ရှောင်ရှားနိုင်ပါစေ၊
- ✦ လမ်းမှားသွားက၊ ဘေးတွေ့ရ၊ ဒုက္ခရောက်မည်လေ၊
- ✦ လမ်းဖြတ်သူအား၊ လမ်းမှန်သွား၊ ကျော်သွားနင်းမည်ပေ၊
- ✦ ကျော်နင်းခံရ၊ ထိုဒုက္ခ၊ ကိုယ်ကမှားလို့ ခံရပေ၊
- ✦ ကိုယ်၏အမှား၊ ကိုယ်ပြင်သွား၊ နောက်များ မနင်းပေ၊
- ✦ မနင်းခံရ၊ ချမ်းသာလှ၊ ရောက်ရနိဗ္ဗာန်ပြည်၊

🕮

# ကိစ္စပြီးနေပြီ မှတ်လို့

(၁၃၈)

လူတို့သဘော၊ မနောဖြူစင်
ကောင်းသောသူနှင့်၊ ပေါင်းဖက်သင့်က
ကောင်းကျင့်ကောင်းမှု၊ မကောင်းသူနှင့်
အတူပေါင်းမှု၊ မကောင်းတုကို
လိုက်ပြုတတ်စွ။
ဤလောက၌၊ တံငါအိမ်ပါး
တံငါလားဟု၊ ဆိုပြောမှန်ဘိ
ယွင်းမရှိတိ။
တစ်မိဝမ်းအောင်း၊ ရသေ့ကျောင်းနှင့်
ဆိုးတောင်းယုတ်မာ၊ ခိုးသူရွာသို့
ရောက်ရှာကြကုန်၊ သုဝနှစ်ကောင်
ကျေးညီနောင်တို့၊ တစ်ကောင်မှာသော်
သူတော်အလေ့၊ သိမ်မွေ့လိမ္မာ
တစ်ကောင်မှာမူ၊ ဝါစာဖရုပ်
ကြမ်းကြုတ်စရိုက်၊ ရုန့်ရင်းမိုက်ရှင့်။

အို – စာရှုသူ၊ အထက်ဖော်ပြပါ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာကို အပြန်အလှန် ဖတ်ရှု စဉ်းစားစမ်းပါဘိ။

ယင်းလက်ဘကို အပြန်အလှန် ဖတ်ရှုစဉ်းစားသော် လောကတွင် လူနှစ်မျိုးသာရှိကြောင်းကို အကွင်းသားအထင်းသား အရှင်းသား ပေါ်လာပါမည်။ လူနှစ်မျိုးကား -

၁။ ပညာရှိသူတော်ကောင်းနှင့် ပေါင်းနေသူ

၂။ လူမိုက်နှင့် ပေါင်းသင်းနေထိုင်သူ ဟူ၍ လူနှစ်မျိုးပင် ဖြစ်ပါသည်။ ယင်းနှစ်မျိုးတွင် မိမိသည် အဘယ်အမျိုး၌ ပါဝင်သလဲဟု မိမိကိုယ် မိမိ ဆန်းစစ်ကြည့်ရှုပါဘိ။

အို - တရှုသူ၊ ယင်းသို့ မိမိကိုယ် မိမိ ဆန်းစစ်ခြင်းသည် မိမိဘဝရဲ့တိုးတက်မှုအစကို တွေ့ခြင်းလို့ပဲ မှတ်ယူပါ။ ယင်းသို့ တိုးတက်မှုအစကို တွေ့ပါလျှင် တိုးတက်မှုအလယ်နှင့် အဆုံးကို မကြာမီရောက်ပါတော့မည်။

သို့ဖြစ်၍ အသင် တရှုသူသည် မိမိရဲ့ အသိုင်းအဝိုင်း ပတ်ဝန်းကျင်အပေါ် လောကရေးကို မငဲ့ကွက်ဘဲ ဉာဏ်ပညာ မျက်စိအမှန်နှင့် အမှန်ကို မြင်အောင် ရှုကြည့်ဆန်းစစ်စမ်းပါဘိ။

"ငါ့ အပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေသဟာ၊ မြတ်ဆရာတွေဟာ ငါ့ရဲ့အကျိုးကို တကယ်လိုလားတဲ့သူ တွေ ဟုတ်ပါရဲ့လား၊ ငါ့အတွက် အထောက်အကူ ပြုနိုင်သူတွေ ဟုတ်ပါရဲ့လား၊ မကောင်းပယ်ရှား ကောင်းတာ ညွှန်ကြားနိုင်သူတွေ ဟုတ်ပါရဲ့လား"

စသည် စသည် ဆန်းစစ်ပါဘိ။ ယင်းသို့ ဆန်းစစ်ကြည့်ရှုလို့ သဘောသဘာဝ အမှန်ကို တွေ့မြင်သော် အမြန်ရှောင်ခွာနိုင်အောင် ကြိုးစားရမည်။ ဘယ်သို့ သဘောအမှန်ကို တွေ့မည်နည်း။

"မိမိ အပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေသဟာ၊ မြတ်ဆရာတွေဟာ မိမိကို မကောင်းခွင့်ပြု ကောင်းခွင့်ပြု၊ မကောင်းချီးမွမ်း ကောင်းချီးမွမ်း"

စသည် ပြုနေပါမှ မိမိအတွက် အရှုံးထွက်ဖို့ ရှိတော့သည်။ အပေါင်းအသင်း မိုဝဲထိုက်သူ မဟုတ်တော့ပြီ။ ရှောင်ရှားရမည်။ ယင်းသို့မဟုတ်ဘဲ -

"မိမိ အပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေသဟာ၊ မြတ်ဆရာတွေဟာ မိမိကို မကောင်းမှုအတွက် တားမြစ်ကန့်ကွက်တယ်။ မကောင်းမှုအတွက် ကဲ့ရဲ့ရှုတ်ချမယ်၊ ကောင်းမှုကို ညွှန်ကြားမယ်၊ ကောင်းမှုအတွက်ချီးမွမ်းမယ်"

စသည် တွေ့မြင်သိရှိရပါလျှင် မိမိအတွက် လိုအပ်ချက်တွေ ရနိုင်သော မိမိ ဆည်းကပ်ထိုက်သော မိတ်ဆွေသဟာ မြတ်ဆရာဟူ၍ မှတ်ယူကာ ဆည်းကပ်ရပါမည်။

ယင်းကဲ့သို့ မိတ်ဆွေသဟာ မြတ်ဆရာမျိုးကိုမှ နှင်ထုတ်သော်လည်း မခွဲမခွာ အမြဲသာလျှင် မှီဝဲဆည်းကပ်ရမည်။

သို့သော် အချို့ကား ထိုသို့ မဟုတ်ပါ။ မကောင်းမှန်း သိသော်လည်း ကျေးဇူးတရား ကြီးလှပါ၏ဆိုကာ မခွဲခွာနိုင်ဘဲ မိမိဘဝကို အနစ်နာခံသွားကြ၏။

ယင်းသို့ကား မဖြစ်သင့်ပါ။ ဖြစ်သင့်သည်မှာ ကျေးဇူးကို တစ်နည်းတစ်လမ်းနဲ့ ဆပ်ပါ။ ကျေးဇူးဆပ်ခြင်းနှင့် ပေါင်းသင်းယှဉ်တွဲနေထိုင်ခြင်းသည် မသက်ဆိုင်ပါ။

မှန်၏၊ ကျေးဇူးတရားကြီးမား၏၊ ကျေးဇူးတုံ့ပြန် ဆပ်သင့်၏၊ ဆပ်ရမည်၊ သို့သော် မကောင်းသူကိုတော့ ရှောင်ခွာခဲ့ရမည်။ မိမိရဲ့သဘာဝလည်း အမှန်သိရမည်။ ယင်းသို့ သိသူကား ရှားတော့ ရှားပါ၏။

ယင်းအရှားထဲမှ တစ်ယောက်ကို တွေ့ရပါ၏။ သူကား တရားယောဂီတစ်ယောက်ပင် ဖြစ်၏။ သူကား တရားကောင်းလှ၏။ သို့သော် တရားကား ရှေ့သို့ မတက် ဖြစ်နေ၏။ ယင်းသို့ တရားကောင်းလျက် ရှေ့မတက်ခြင်းသည် အခက်ဖြစ်၏။

ဘာ့ကြောင့် မတက်သနည်း။ အဖြေကို သူ မသိရှာခဲ့။ ယင်းသို့သော ယောဂီများအား တရားပြရေး၊ တရားဟောရေးသည် အရေးကြီးလှ၏။ နိမ်ဟောလို့လည်း မရပါ။ မြှောက်ဟော၍လည်း မဖြစ်ပါ။ သူ့အဖြစ်သနစ် ပေါ်လွင်အောင် ဟောပြမှ ရပါမည်။

တစ်နေ့ တရားပွဲအပြီးတွင် ပြုံးရွှင်စွာနှင့် ရောက်လာသည်။ ရှိခိုး လျှောက်သည်။

"တပည့်တော်က အမြဲတမ်း အကြည်ဓာတ်ကလေးတွေ့ပြီး ချမ်းသာနေတော့ ကိစ္စပြီးနေပြီ မှတ်လို့"

"ယခု မပြီးသေးဘူးလား"

"ဘယ်ပြီးဦးမလဲ ဘုရား"

"ဘယ်လိုသိ၊ ဘယ်လိုမြင်သွားလို့လဲ"

"တရားနာလိုက်တော့" ရှေ့အများကြီး လိုသေးပါလား" လို့ဆိုပြီး သတိ,ဝီရိယ စိုက်ပြီး ရှုပွားတော့လည်း တရားတက်သွားပါတယ်၊ ရှေ့ကထက်လည်း ချမ်းသာပါတယ်"

"ကိစ္စ ပြီးပြီလား"

"မပြီးသေးပါဘုရား"

"အေး - တရားအားထုတ်လို့ တရားကောင်းလာတဲ့အခါ ကိုယ့်သဘာဝ အမှန်သိဖို့ အလွန်အရေးကြီးလှပါတယ်၊ မသိလျှင် တရားရပြီ ထင်မှတ်လျက် ရပ်နေတတ်ပါတယ်"

"မှန်ပါတယ်ဘုရား"

"အဲဒီအခါမှာ မိမိဆရာနဲ့ပဲ အားရတင်းတိမ်နေပါက နစ်နာမယ်၊ ဆရားသမားရှာ၊ နည်းလမ်းရှာ၊ တရားနာ ပြောင်းပေးရမယ်နော်"

"မှန်ပါ ဘုရား၊ တပည့်တော် ကိစ္စပြီးနေပြီလို့ မှတ်နေတာ၊ တရားနာရလို့ သိတာပေါ့ဘုရား"

"အင်း - အဲဒီလို တရားရပြီလို့ မှတ်ထင်မှုနဲ့ ပတ်သက်ပြီး သိထိုက်တဲ့ အချက်တွေကို လယ်တီဆရာတော်ဘုရားကြီးက ကျောက်စာ ထုခဲ့တယ်၊ အဲဒီကျောက်စာ ဖတ်ကြည့်စမ်း"

"ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာဝင် ကျောက်စာတော်"

"လယ်တီဆရာတော်ဘုရားကြီး သဲတော သိမ်တောင်တိုက်၌ သီတင်းသုံးနိုက် ဖြစ်သည်။ မိတ္ထီလာမြို့ ရေလယ်ဆရာတော်ဦးအာဒိစ္စ၊ စွန်းလွန်းဦးကဝိနှင့်တရားအားထုတ်ဖက်ဦးဝိစာရနှင့်စွန်းလွန်းစက်စာရေးကြီးဦးဘစ်တို့ ဆရာတော်ထံရောက်လာ လျှောက်ကြ၏။ ထိုအခါ ဦးဘစ်က ဆရာတော်အား အောက်ပါအတိုင်း လျှောက်ထားသည်။

"ဆရာတော်ဘုရား၊ ဘုရားတပည့်တော်သည် သေကျွဲတောင် ဦးတိလောက၏ ပဋ္ဌာနဝေဒနိယ ကျမ်းလာ ကသိုဏ်းအားထုတ်နည်းများကို အားထုတ်ရာ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်များကို ကောင်းစွာ ရရှိပါသည်။ အပ္ပနာရျာန်သမာဓိ ဖြစ်ပါသည်။

"ထို့နောက် ဆရာတော်၏ အနတ္တ ဒီပနီကျမ်းလာ ဝေဒနာကမ္မဋ္ဌာန်း နည်းအတိုင်း ဝိပဿနာတက်ရာ ရုပ်စန္ဒာကြီးမှာနမ်းများကို အိုးကင်း၌ ထည့်၍ လှော်သကဲ့သို့ တဖျစ်ဖျစ် ပျက်နေသည်ကို ဉာဏ်မှာ မြင်ပါသည် ဘုရား၊ ထို့နောက် ဉာဏ်စဉ်အတိုင်း တက်၍ ရုပ်နာမ် အနိစ္စသဘောများကို ကောင်းစွာ ထင်မြင်မိပါသည် စသည်ဖြင့် မဂ်ဖော ဖိုလ်ဖောကျပုံအထိ ပြည့်စုံစွာလျှောက်ထားရာ ဆရာတော်ဘုရားကြီးက သာဓု သုံးကြိမ်ခေါ်တော်မူပါသည်။

"ထို့နောက် ဆရာတော်ဘုရားကြီးက "အင်း၊ ငါ၏တပည့်များ နောက်ကို မဂ်ရသည်၊ ဖိုလ်ရသည်ဟု မည်သူ့ကိုမျှ မပြောကြနှင့်၊ ဧရာဝတီမြစ်ရိုးတစ်လျှောက် ပြည်၊ ရွှေတောင်၊ ညောင်တုန်း စသောမြို့များတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာတွေ အလွန်ပေါများနေကြောင်း လျှောက်ထားကြသည်။

"ဆုံးဖြတ်ပေးဖို့ လျှောက်လွှာတွေလည်း ငါ့ထံမှာ အများကြီးပဲ၊ မည်သူ သောတာပန် ဖြစ်ပြီ၊ ရဟန္တာ ဖြစ်ပြီဟု မှုချ မဆုံးဖြတ်ကြနှင့်၊ အနုသယသဘောသတ္တိမှာ လွန်စွာ သိမ်မွေ့သည်ဖြစ်၍ မဂ်ဖြင့် ပယ်.မပယ် လွန်စွာ သိနိုင်ခဲသည်။

"ယောဂီတစ်ဦးသည် ပါရမီလည်း ရှိ၊ သက်စွန့်ကြိုးစား ရုပ်နာမ်ဓမ္မ သဘာဝအမှန်ကို ဉာဏ်ဝမှာ ထင်မြင်သည် ဖြစ်စေဦး၊ တစ်ခါ တစ်ခါ ရုပ်နာမ်ချုပ်ငြိမ်းသကဲ့သို့ ဖြစ်၍ အေးငြိမ်းမှုကို တွေ့ရှိခံစားရတတ်သည်။

"ထိုအခါ ယောဂီ၏စိတ်မှာ ဝီတိက္ကမပရိယုဋ္ဌာန ကိလေသာတို့သည် ကြမ်းတမ်းသော အမူအရာ မပေါ်ဘဲ ငုပ်ကွယ်နေတတ်သည်။ ထိုအခါ ဆရာက တကယ် မဂ်ဖိုလ်ထင်၍ ဆုံးဖြတ်မှားတတ်သည်။

"ဆရာက စာနှင့် ကိုက်ကြည့်၍ ညီညွတ်သည် ထင်လျှင် သာဓု သုံးကြိမ်ခေါ်၍ ဖိုလ်ငါးပါး ညီမျှအောင်ထား၍ ရှေ့သို့ဆက်လက်အားထုတ်ရန် တိုက်တွန်းပေးရမည်။

"ဥပမာအားဖြင့် ခက်လက် ရွက်ညွန့်တို့ဖြင့် စည်ပင်နေသော မဟာဗောဓိပင်ကြီးမှာ မြင်ရတိုင်း ကြည်နူးဖွယ် ဖြစ်သည်။ တစ်စုံတစ်ယောက်က ချိုးဖဲ့လျှင် လွန်စွာ အားနည်းသွား၍ ရုတ်တရက် ပြန်၍ မစည်ပင်နိုင်။

"ထို့အတူ ယောဂီသည် မဟာဗောဓိပင်ကြီးနှင့် တူသည်။ မဂ်ညွန့်၊ ဖိုလ်ညွန့်တွေ ဝေဆာနေသည်။ မဂ်.ဖိုလ် မဟုတ်ဘဲလျက် မဂ်.ဖိုလ် ထင်မှတ်၍ ဆုံးဖြတ်ပေးသူသည် မဟာဗောဓိပင်မှ မဂ်ညွန့် ဖိုလ်ညွန့်တွေကို ချိုးဖျက်သူနှင့် တူတော့သည်။

"တပည့်ကလည်း ငါ သောတာပန် ဖြစ်ပြီဟု ဟိန်းချ၍ တစ်စခန်း အမောနားနေတတ်သည်။ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ သောတာပန်အဖြစ်နှင့် ကာမရာဂ အနုသယ ဓာတ်ငုပ်တွေ ပေါ်ပေါက်သောင်းကျန်း၍ ခံစားနေတတ်သည်။

"ယခုဘဝမှာပင် တကယ် မဂ်ဖိုလ် ရထိုက်သူဖြစ်ပါလျက်နှင့် ဆရာက အဆုံးအဖြတ်ပေး၍ စိတ်ချနေသောကြောင့်ရှေ့သို့ အားထုတ်လိုမှု ရပ်စဲသွားတတ်သည်။

"တပည့်မှာလည်း အကျိုးယုတ်၏၊ ဆရာမှာလည်း မဂ်ညွှန့် ဖိုလ်ညွှန့် ချိုးပစ်ရာရောက်သည်၊ နှစ်ဦးနှစ်ဝ အကျိုးယုတ်သည်၊

"တကယ် အရိယာထင်မှတ်၍ ဆုံးဖြတ်ပြီးသည့် နောက်တွင်လည်း အနုသယဓာတ်ငုပ်ပေါ်မပေါ်ကံသုံးပါး သောင်းကျန်းမှု ရှိ၊ မရှိကို အနည်းဆုံး (၇) နှစ် စောင့်ကြည့်ရမည်၊ ကြပ်ကြပ် သတိရှိကြလေ"

ဟု မိန့်တော်မူလေသည်၊

မဂ်ညွှန့် ဖိုလ်ညွှန့် ချိုးပစ်ရာ ရောက်သည်၊ နှစ်ဦးနှစ်ဝ အကျိုးယုတ်သည်၊

ဤကား ပဋိပတ္တိ သာသနာဝင်တွင် ဂိုဏ်းဂဏမရွေး အမြဲစိုက်ထောင်ထားရမည့် ကျောက်စာတော်ကြီးပေတကား၊

"အရှင်ဘုရား ဖတ်ပြီးပြီဘုရား"

"ဖတ်ပြီးတော့ သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"ကိစ္စပြီးနေပြီ မှတ်လို့ ဆိုပြီး ရပ်နေဦးမယ်လား"

"မရပ်တော့ပါ ဘုရား၊ ဆက်ကြိုးစားနေပါပြီ"

"အေး - ကြိုးစား၊ ကြိုးစား၊ ရပ်နေသူတွေလည်း သနားပေါ့နော်"

"မှန်ပါ ဘုရား"

✦ မဂ်ဖိုလ်မရ၊ မဂ်ဖိုလ်ရ၊ ကျန သိရမည်၊

✦ မရမဂ်ဖိုလ်၊ ရသည်ဆို၊ လူထိုလွဲတတ်သည်၊

✦ လွဲချော်ပါက၊ ခုဘဝ၊ အရန္နာတတ်သည်၊

✦ ဆရာသမားကောင်း၊ တရားကောင်း၊ ရွှေပြောင်းပေးရမည်၊

✦ မပြောင်းလွဲကြ၊ မှားနေက၊ ဒုက္ခများတော့သည်၊

# နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာ ရှိပါသလားဘုရား

## (၁၃၉)

ဗုဒ္ဓဘာသာဝင် ဗုဒ္ဓဝါဒီတို့၏ ပန်းတိုင်ကား နိဗ္ဗာန်ပင် ဖြစ်၏။ ယင်းနိဗ္ဗာန်ကို မဂ်ဉာဏ်ရသော အရိယာပုဂ္ဂိုလ်များ မျက်မှောက်ပြုအပ်၊ တိုက်ရိုက်မြင်အပ်၏။

မှန်၏။ နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သည်။ မဂ်ဖိုလ် မရသော ပုထုဇဉ်တွေမှာ နိဗ္ဗာန်ကို တိုက်ရိုက် အာရုံ မပြုနိုင်။

နိဗ္ဗာန်ကိုရည်မှန်း၍ဆုတောင်းရာ၊ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရာ စသည်တို့၌ အနုမောဒနာအားဖြင့် ရော်ရမ်း မှန်းဆလျက် နိဗ္ဗာန်၏ ငြိမ်းအေးပုံကို အခြင်းအရာ အာကာရ ပညတ်လောက်ကိုသာ အာရုံပြုနိုင်လေသည်။

ချဲ့ဦးအံ့ - ကမ္ဘာလောက၌ရှိသမျှ ပုထုဇဉ်သေက္ခတွေသည် တဏှာ၏ ဆက်သွယ်မှုကြောင့် အရာရာ၌ အဆက်မပြတ်နိုင်ဘဲ ရှိကြ၏။ သတ္တဝါတို့၏ သန္တာန်ဝယ် သံသရာကို ချဲ့ထွင်တတ်သည့်အတွက် "ပပဉ္စ" အမည်ရသော တရားတို့သည် "တဏှာ. မာန. ဒိဋ္ဌိ" ဟု သုံးမျိုး ရှိ၏။

ချဲ့ ဦးအံ့ - ယင်းတွင် "သက္ကာယဒိဋ္ဌိ" ခေါ်သော "ဒိဋ္ဌိ" သည် ခန္ဓာငါးပါးအပေါ်၌ အထည်ကိုယ် အမာခံ အနှစ်သာရဟူသော အတ္တသည် ဧကန်ရှိ၏ဟု စွဲလမ်း၏။

"မာန" က ထိုအတ္တကိုပင် "ငါ. ငါ" ဟု မှတ်ထင်၏။ "ငါ မြတ်သည်၊ ငါ တတ်သည်" ဟု အထင်အမြင် ကြီး၏။

ယင်း ဒိဋ္ဌိ. မာန အရင်းခံမှုကြောင့် မိမိ၏ ရုပ်နာမ်တရားတွေကို အားရပါးရ တဏှာဖြင့် စွဲလမ်း၏။

"အတ္တသမံ ပေမံ နတ္ထိ" ဟူသည်နှင့် အညီ မိမိထက်ပို၍ မည်သူ့ကိုမျှ မချစ်နိုင်ကြပေ။ မိမိကို ချစ်ခင်မှုကြောင့် မိမိအား ကျေးဇူးပြုနေသူ၊ သို့မဟုတ် မိမိအား ကျေးဇူးပြုလိမ့်မည်ဟု ထင်ရသူတို့အပေါ်မှာ မခွဲနိုင် မခွာရက်အောင် စွဲမက်ဆက်သွယ်ရပြန်တော့၏။

မိမိကိုယ်နှင့်တကွ အဆက်အသွယ် ဟူသမျှတို့အပေါ်မှ မခွဲနိုင် မခွာရက်အောင် ရာသက်ပန် တည်နေပြီးနောက် စုတေခါနီးသို့ ရောက်သည့်အခါ တွယ်တာဖွယ်အဖုံဖုံ၌ အာရုံကြော မပြတ်တပြတ်မှာပင် တဏှာနသယက ဘဝအသစ်ကို ရော်ရမ်း ယှက်မြှေးလျက် ဆက်ပေးပြန်လေ၏။

ယင်းကဲ့သို့တဏှာနှသယည္ဆန်ပြတတ်သည့်ဘဝ၌ရောက်၍မျှမကြာခင်ဘဝနိကန္တိကလောဘဇောခေါ်သောတဏှာက ရခါစ အတ္တဘောကို မက်မောတွယ်တာပြီးလျှင် ယခင်နည်းတူ ဘဝသစ် ထူထောင်လေတော့၏။

ယင်းကဲ့သို့ တဏှာက အရာရာဝယ် ဆက်သွယ်နေမှုမှာလည်း ဒိဋ္ဌိနှင့် မာနတို့က အားပေးအားမြှောက် ထောက်ပံ့ကူညီနေသည့်အတွက်ကြောင့် ဖြစ်ရကား ဤတရားသုံးပါးသည် သံသရာချဲ့ထွင်ရာ၌ လေးလေးနက်နက် ဆောင်ရွက်လျက်ရှိသော တရားဆိုးများပေတည်း။

ရုပ်. နာမ်. ခန္ဓာ၏ ချုပ်ငြိမ်းရာ လွန်စွာအေးမြသော ဓာတ်တစ်မျိုးမှာ အခါခပ်သိမ်း အရောင်ယှက်၍ တလက်လက်တောက်ပသကဲ့သို့ အလွန့်အလွန် မြင့်မြတ်ရကား အပုပ်အစပ်၌ နားလေ့ရှိသော ယင်ကောင်သည် အလျှံတရဲရဲ သံတွေခဲ၏ အပါး၌ မကပ်၊ မနားဝံ့သကဲ့သို့၊ ထိုကဲ့သို့ အလွန့်အလွန် မြင့်မြတ်သော အသခ်တဓာတ် နိဗ္ဗာန်တရားမြတ်၌ တဏှာဟူသော အယုတ်တမာတရားလည်း မနား.မကပ်ဝံ့တော့ပြီ၊ ထို့ကြောင့် နိဗ္ဗာန်ကို တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး ထွက်မြောက်သော တရားဟု မိန့်ဆိုလေသည်။

ယင်းနိဗ္ဗာန်သည် ငြိမ်းအေးသည့် သန္တိသဘော လက္ခဏာရှိ၏ဟု ဆိုခဲ့ပြီ၊ ထို သန္တိသဘောအားဖြင့် နိဗ္ဗာန်တစ်မျိုးတည်းသာ ရှိ၏။

ဤ၌ "နိဗ္ဗာန်တစ်မျိုးတည်းသာ ရှိ၏" ဟူသော စကားအရ အရိယာပုဂ္ဂိုလ် ဟူသမျှ၏ နိဗ္ဗာန်သည် အများဆိုင် ပစ္စည်းတစ်ခုကဲ့သို့ တစ်ပါးတည်းသာ ရှိသည်ဟု မှတ်မှားတတ်သည်။

ထိုကဲ့သို့ဆိုလိုရင်း မဟုတ်ပေ။ စိတ်မှန်လျှင် အာရုံကို သိခြင်းတစ်မျိုးသာ ရှိသကဲ့သို့ နိဗ္ဗာန်မှန်လျှင် သန္တိသဘော တစ်မျိုးသာ ရှိသည်ဟု ဆိုလိုသည်။

မှန်၏။ ပုဂ္ဂိုလ်တိုင်း၌ ကိုယ့်စိတ်နှင့်ကိုယ် ရှိသကဲ့သို့ အရိယာပုဂ္ဂိုလ်တိုင်းမှာလည်း ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် ရှိကြသည်။

ယင်းသို့ ငြိမ်းအေးသည့် သန္တိသဘောအားဖြင့် တစ်မျိုးတည်း ရှိသော်လည်း -

၁။ ဒိဋ္ဌဓမ္မနိဗ္ဗာန်

၂။ သမ္ပရာယိကနိဗ္ဗာန်

ဟူ၍ နှစ်မျိုး ကွဲပြား၏။ ယင်းနှစ်မျိုးတွင်

၁။ ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာနဓာတ်။

၂။ သမ္ပရာယိကနိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာနဓာတ်ဟု ခေါ်သည်။

## ရှင်းပြချက်

သတ္တာဝါတို့သန္တာန်ဝယ် မှုတည်သသဘောအားဖြင့် အမြဲရှိနေသော တရားကား ဘဝင်ကိုစွတပ်သော ဝိပါက်ဝိညာဏ်နှင့် ကမ္မဇရုပ်များ ဖြစ်ပေ၏။ ထိုအကျိုးများကို စီမံလိုက်သော ကံက "ငါ့ဥစ္စာ၊ ငါ့အကျိုး" ဟု စွဲယူ၏။ ကိလေသာတို့က "ငါ၏ အာရုံပြုရာတရား" ဟု စွဲမှတ်လျက် အာရုံပြု၏။

ထို့ကြောင့် ဝိပါက် ဝိညာဏ်နှင့် ကမ္မဇရုပ်ကို "ဉပါဒိ" ဟု ခေါ်ဆိုလေသည်။ တစ်နည်းဆိုသော် တဏှာဒိဋ္ဌိတို့က အာရုံပြုသောအားဖြင့် စွဲယူအပ်သော ဉပါဒါနက္ခန္ဓာငါးပါးကို "ဉပါဒိ" ဟု ခေါ်သည်။

"အနမတဂ္ဂ သံသရာဝယ် ဝိပါက် ကမ္မဇရုပ်များသည် ကိလေသာတို့နှင့် ထွေးရောယှက်တင် လာခဲ့ရာ မဂ်တရားက ကိလေသာတွေကို ပယ်သတ်လိုက်သည့်အခါ ကြွင်းကျန်ရစ်သော ဝိပါက် ကမ္မဇရုပ်ကို "ဥပါဒိသေသ" ဟု ခေါ်သည်၊ တစ်နည်း ဆိုသော် ရဟန္တာအရှင်မြတ်၏ ခန္ဓာငါးပါးကို ခန္ဓာကိုယ်တစ်ခုလုံးကို "ဥပါဒိသေသ" ဟု ခေါ်သည်၊

"သဟ ဥပါဒိသေသန ဝတ္တတီတိ သဥပါဒိသေသာ = အကြင် နိဗ္ဗာနဓာတ်သည် ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်ခန္ဓာ ကမ္မဇရုပ်နှင့်တကွ ဖြစ်တတ်၏၊ ထို့ကြောင့် "သဥဒိပါဒိသေသ" မည်၏၊

ဤ၌ "ဝိပါက်ခန္ဓာ၊ ကမ္မဇရုပ်တို့နှင့် တကွဖြစ်သည်" ဟု ဆိုသော်လည်း စိတ်နှင့် စေတသိက် တကွဖြစ်သကဲ့သို့ မဟုတ်ပေ၊ အဟုတ်ကား ကြွင်းကျန်ရစ်သော ဝိပါက်ကမ္မဇရုပ်များဖြင့် နိဗ္ဗာန်ကို မှတ်သားရသောကြောင့် နိဗ္ဗာန်က မှတ်သားအပ်သော "လက္ချ" ဝိပါက် ကမ္မဇရုပ်များက မှတ်သားကြောင်း "လက္ခဏ" ဖြစ်၍ "လက္ချ - လက္ခဏ" အားဖြင့်တကွ ဖြစ်သည်ဟု မှတ်ပါ၊

"ပရိနိဗ္ဗာန် စံတဲ့အခါ ယင်းကဲ့သို့ ဝိပါက်ကမ္မဇရုပ် မရှိသောကြောင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်" ဟု အမည် ရလေသည်၊

ယင်းသို့လျှင် ကြွင်းကျန်သော ဝိပါက်ကမ္မဇရုပ်တို့ ရှိခြင်း မရှိခြင်းအားဖြင့် မှတ်သားကြောင်းလက္ခဏာက နှစ်မျိုးပြား သည့်အတွက် အကြောင်း "လက္ခဏ" ၏ "သဥပါဒိသေသာ အနုပါဒိသေသာ" ဟူသော အမည်ကို မှတ်သားအပ်သော အကျိုး လက္ချပေါ်၌ တင်စား၏၊ ကာရဏူပစာရအားဖြင့် "သဥပါဒိသေသ နိဗ္ဗာနဓာတ်၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်" ဟု နှစ်မျိုး ကွဲပြား ရလေသည်၊

နိဗ္ဗာန်လိုလား အမျိုးကောင်းသားသမီးတို့သည် နိဗ္ဗာန်အကြောင်း သိကောင်းသည်၊ တတ်ကောင်းသည်၊ သို့ဖြစ်၍ နိဗ္ဗာန်အကြောင်းကို လေ့လာသင့်သည်၊ သို့ လေ့လာသူကား ရှာမှ ရှားထဲက ဖြစ်၏၊ ယင်းသို့ ရှာမှ ရှားထဲက တစ်ယောက်နှင့် တွေ့ခဲ့ရ၏၊ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏၊ မိမိသည် ဒေသနာခရီး လှည့်လည်ရင်း မြို့ကြီးတစ်မြို့တွင် တရားဓမ္မ ဟောပြောပြသခိုက် ဖြစ်၏၊ ထိုစဉ် လူငယ်တစ်ယောက် ရောက်ရှိလာသည်၊ ရှိခိုးပြီးလျှင် စကား စ,လာသည်၊

"တေဒင် အရှင်ပညာဇောတဆိုတာ အရှင်ဘုရားပါလား ဘုရား"

"အင်း - ဟုတ်တယ်"

"အရှင်ဘုရားရေးတဲ့ စာအုပ်တွေ ဖတ်ရကတည်းက ဖူးချင်နေတာ ကြာပါပြီဘုရား၊ ယခုမှပဲ ဖူးရသဖြင့် အာသာဆန္ဒ ပြည့်ဝပါတယ်"

"အင်း"

မိမိမှာ ဖူးချင်ပါသည် ဆိုသူများနှင့် တွေ့ဆုံပြီး အဖူးမြော်ခံရမှာ ပျက်နာပူလှသည်၊ အနေအထိုင် ခက်လှသည်၊ သို့ဖြစ်၍ မြန်မြန်ပြန်ပါစေဟုပဲ ဆုတောင်းမိသည်၊ သို့သော် ယခု လူငယ်မှာ ဆုတောင်းသော်လည်း ပြန်ပုံမရသော မိမိအတွက် ဆုတောင်းမပြည့် လူငယ်ဖြစ်ဟန်ရှိသည်၊

"အရှင်ဘုရား တပည့်တော် ပြဿနာ မေးလျှောက်ပါရစေဘုရား"

"အင်း - ထင်သည့်အတိုင်းပင် ဖြစ်ရုံမျှမက ပြဿနာပင် မေးချေပြီ၊ အဘယ်မျှ ရှည်ဦးမည် မသိ၊ အားလပ်ချိန်လေး တော့ ကုန်ဆုံးတော့မည်" ဟု စဉ်းစားမိသည်၊

"ဘာများ မေးချင်လို့လဲ၊ မသိတာတွေ မေးနေမှ အခက်ပဲ"

"အရှင်ဘုရား သိနိုင်ပါတယ်ဘုရား"

"ကဲ - သိနိုင်ရင် မေးစမ်းပါဦး၊ ဘာတွေလဲ၊ ဘယ်နှစ်မျိုး မေးမှာလဲ"

"ပြဿနာကတော့ တိုစိတိုစိနဲ့ သုံးလေးမျိုးလောက် ရှိမှာပါဘုရား"

"နိဗ္ဗာန်ပြဿနာများလား"

"မှန်ပါ ဘုရား၊ အဲဒါလည်း ပါ,ပါတယ်ဘုရား"

"အဲဒါမှ ခက်တယ်"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"ကျယ်ဝန်းလို့ပါ"

"အတိုချုပ်ပေါ့ဘုရား"

"ကဲ - ကဲ၊ ဘယ်လိုလဲ ပြဿနာက"

"နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာ ရှိပါသလား ဘုရား"

"မရှိဘူး"

"အကြောင်းပြပါဦး ဘုရား"

"နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာ ရှိတယ်ဆိုရင် အမေမွေးကတည်းက နိဗ္ဗာန် ရနေမှ ဘာလုပ်စရာ လိုသေးလဲ"

"နို - ယခုလည်း ဘယ်လိုမှ မလုပ်ဘဲနဲ့ ရနေမယ်လို့ တချို့က ပြောပါလား ဘုရား"

"တချို့ဆိုတဲ့ စကားကို မပြောပါနဲ့၊ မင်းသိချင်တာ မေးပါ၊ တော်တော်ကြာ အဖြေမှာ သူများတွေ၊ အဲဒီ တချို့တွေ သူတို့ကို စောင်းတယ်၊ ထိခိုက်တယ် ပြောဦးမယ်"

"အရှင်ဘုရား အပြောခံရတယ်နဲ့ တူပါတယ် ဘုရား"

"ခံရတာပေါ့၊ ယခုလို အမေးရှိလို့ ဖြေရတာပေါ့၊ သူတို့အချင်းချင်း ပြောလို့ ဖြစ်လာတဲ့ ပြဿနာမျိုး၊ ကိုယ်ကမေးလို့ ဖြစ်လာတဲ့ ပြဿနာမျိုး စတဲ့ ပြဿနာတွေကို ရေးတော့ "အနာပေါ် တုတ်ကျ" သူ အချို့က ပြောကြတယ်"

"ဒါကတော့ဘုရား အနာပေါ် တုတ်ကျလို့ နာတာတော့ ဘယ်တတ်နိုင်မလဲဘုရား၊ မနာချင်ရင် အနာပျောက်အောင် လုပ်ဖို့ပဲ ရှိတာပေါ့"

"အေး - အေး၊ မင်းလိုသိရင်တော့ အကောင်းသားပဲပေါ့၊ မင်းလိုမှ မသိတတ်လို့ ခက်နေတာပေါ့"

"ဘာသာရေးနယ်မှာ တပည့်တော်ဟာ အညံ့စားပါဘုရား၊ တပည့်တော်ဟာ ယခုမှ ဘာသာရေး လိုက်စားပါတယ် ဘုရား၊လိုက်စားခါစ တပည့်တော်တောင် သိသေးရင် တပည့်တော်ထက် ဘာသာရေး ဝါရင့်နေတဲ့သူတွေဟာ သိဖို့ကောင်းပါတယ်ဘုရား"

"သိဖို့ကောင်းပေမဲ့ မသိတာက ခက်တယ်"

"တင်ပါဘုရား၊ ပြဿနာ ဆက်ပါရစေဘုရား"

"ကဲ - ဆက်ပေါ့"

"နိဗ္ဗာန်ဟာ အငြိမ်းဓာတ်မို့ ငြိမ်းအောင်လုပ်စရာ လိုပါသေးသလား ဘုရား"

"နိဗ္ဗာန်က အငြိမ်းဓာတ်မို့ အငြိမ်းဓာတ် နိဗ္ဗာန်ကို ကိုယ်က ဘာမှ လုပ်စရာမလိုဘူး"

"မလိုရင် နဂိုအတိုင်းနေ၊ အသာနေ ဒီလိုလားဘုရား"

"ဒီလိုဆို လူတိုင်း နိဗ္ဗာန်ရနေပြီပေါ့၊ ဗုဒ္ဓသာသနာမှတစ်ပါး တခြားသော ဘာသာဝင်တွေလည်း နိဗ္ဗာန်ရကုန်မှာပေါ့၊ တိရစ္ဆာန်တွေတောင် ရကုန်မှာပေါ့၊ ဒီလိုတော့ ဘယ်ဟုတ်မလဲ"

"နို - ဘယ်လိုပါလဲ ဘုရား"

" နိဗ္ဗာန်ရဲ့ဓာတ်သဘောကတော့ အအေးအငြိမ်းမို့ အအေးအငြိမ်းလို့ ပြောရတာပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ အအေးအငြိမ်း နိဗ္ဗာန်ကို မိမိမှာ ကိလေသာ မငြိမ်းအေးဘဲနဲ့ အာရုံပြုနိုင်ပါ့မလား"

"ရှင်းပါဦးဘုရား"

"မင်းက ပူပူဆူဆူသမားဆိုတော့ အေးအေးဆေးဆေးသမားနှင့် အတူနေလို့ ဖြစ်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"အေး - အဲဒီသဘောပဲ၊ အငြိမ်းဓာတ် နိဗ္ဗာန်ကို ကိလေသာ မငြိမ်းသူတွေ အာရုံပြုလို့ မရဘူး၊ ကိလေသာ ထကြွသောင်းကျန်းနေသူတွေ ကပ်လို့မရဘူး"

"ဒီလိုဆိုရင် အငြိမ်းဓာတ် နိဗ္ဗာန်ကို လိုချင်ရင် ရချင်ရင် ကိုယ့်မှာ ကိလေသာငြိမ်းအောင် လုပ်ရမယ်ပေါ့ဘုရား"

"အင်းပေါ့"

"နို - လောဘ. ဒေါသ စတဲ့ ကိလေသာတွေကလည်း နဂိုကမှ မရှိတော့ ငြိမ်းနေပြီးသားမို့ ငြိမ်းအောင် ထပ်လုပ်စရာလိုသေးလားဘုရား"

"နဂိုက မရှိသော်လည်း ဖြစ်ဖို့ အကြောင်းဆုံလာရင် မင်းမှာ မဖြစ်ဘူးလား၊ ဖြစ်မှာလား"

"ဒါကတော့ ဖြစ်မှာပေါ့ဘုရား"

"ဖြစ်ရင် မငြိမ်းဘူးပေါ့၊ ငြိမ်းရင်လည်း မဖြစ်ဘူးပေါ့"

"ဒီလိုဆိုတော့ ဘုရားရဟန္တာများဟာ ကိလေသာငြိမ်းလို့ မဖြစ်တော့တာပေါ့ဘုရား"

"အေးပေါ့၊ ငြိမ်းလို့ မဖြစ်တာပေါ့၊ မင်းတို့ ငါတို့မှာတော့ ကိလေသာ မငြိမ်းသေးလို့ ဖြစ်နေတာပေါ့"

"ဒါဖြင့် ကိလေသာငြိမ်းအောင် ဘာလုပ်ရပါ့မလဲဘုရား"

"ကိလေသာငြိမ်းအောင် မဂ္ဂဘာဝနာကို ပွားရမယ်"

"မဂ္ဂဘာဝနာ ပွားတယ်ဆိုတာ ဘာမှ မလုပ်ဘဲနဲ့ နေတာလို့ ဆိုကြပါတယ်ဘုရား၊ ဟုတ်ပါသလား"

"မင်းပဲ မင်းစကား ပြန်စဉ်းစားကြည့်၊ "မဂ္ဂဘာဝနာပွား" မဂ္ဂ = တဲ့၊ ဘာဝနာ = တဲ့၊ ပွား = တဲ့၊ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီမှာ မြန်မာလို ရှင်းနေတယ်"

"ဘယ်လိုပါလဲ ဘုရား"

"ပွား ဆိုတဲ့ စကားပေါ့၊ "ပွား" ဆိုတာ များအောင်လုပ်တာကွ"

"တင်ပါ၊ သဘောပေါက်ပါပြီ ဘုရား"

"ဘယ်လို သဘောပေါက်လဲ၊ ဘာမှမလုပ်ဘဲ နေတာကို မဂ္ဂဘာဝနာပွားတယ်၊ ပွားပြီးလို့ သဘောပေါက်တာလား"

"မဟုတ်ပါဘုရား၊ ဒီလိုဆိုရင် အရှင်ဘုရားအစကပြောခဲ့သလို အမေမွေးကတည်းက နိဗ္ဗာန်ရသလို ဘာသာခြားတွေပါ၊ ကလေးတွေ၊ ခွေးတွေပါ နိဗ္ဗာန်ရသလို ဖြစ်သွားမှာပေါ့ ဘုရား"

"ဒါဖြင့် ဘယ်လိုလဲ ပြောစမ်းပါဦး"

"မဂ္ဂဘာဝနာကို အများကြီးဖြစ်အောင် ပွားများရပါမယ်ဘုရား"

"ပွားများတော့ ဘာဖြစ်မလဲ"

"ပွားများတော့ သိပါမယ်ဘုရား"

"သိတော့ ဘာဖြစ်မလဲ"

"သိတော့ ငြိမ်းပါလိမ့်မယ်ဘုရား"

"ငြိမ်းတော့ ဘာဖြစ်မလဲ"

"ငြိမ်းတော့ အငြိမ်းဓာတ် နိဗ္ဗာန်ကို ရပါမယ်ဘုရား"

"အေး - ဟုတ်ပြီ၊ မင်း တော်တော် သဘောပေါက်လွယ်တယ်၊ ပိုပြီး သဘောပေါက်အောင် ထပ်ပြီး ရှင်းပြမယ်"

"ရှင်းပါဘုရား"

" နိဗ္ဗာန်ဟာ အငြိမ်းဓာတ်ဆိုတာ မင်း လက်ခံပြီးသားနော်"

"မှန်ပါ၊ လက်ခံပြီးသားပါဘုရား"

"အဲဒီ အငြိမ်းဓာတ် နိဗ္ဗာန်ကို ကိလေသာ မငြိမ်းသူ အာရုံမပြုနိုင်ဘူး၊ မရောက်နိုင်. မရနိုင်ဘူး ဆိုတာလည်း မင်း လက်ခံတယ်နော်"

"မှန်ပါ၊ လက်ခံပါတယ်ဘုရား"

"ဒါဖြင့် အဲဒီ ကိလေသာက ဘယ်သူ့မှာ ငြိမ်းလဲ"

"သိတဲ့သူမှာ ငြိမ်းပါတယ်ဘုရား"

"အေး - အေး၊ ဟုတ်ပြီ၊ ငါလိုချင်တဲ့ အဖြေကလည်း အဲဒါပဲ"

"ရှင်းပါဦးဘုရား"

"ဟို - သစ္စသံယုတ်တို့၊ မဂ္ဂသံယုတ်တို့မှာ ဗုဒ္ဓဟောထားတဲ့ သုတ္တန်တွေ များစွာရှိပါတယ်၊ ဘာတဲ့လဲ"

"ရဟန်းတို့၊ သိသောသူ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ငါဘုရား ဟောတော်မူ၏။ မသိသောသူအား မမြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောကြားတော်မမူ" လို့ ဟောထားတဲ့ သုတ္တန်တစ်ခု မှတ်ထားနော်"

"မှန်ပါ ဘုရား၊ မှတ်ထားပါမယ်ဘုရား"

"သိသောသူ၊ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောသလိုပဲ သိသောသူ မြင်သောသူအား ကိလေသာ ကုန်ခြင်း၊ သံယောဇဉ် ကုန်ခြင်းကိုလည်း ဗုဒ္ဓ ဟောတော်မူတယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား၊ မှတ်ထားပါ့မယ်ဘုရား"

"ကဲ - ဒီတော့ အဲဒီမှာ အမေးတစ်ချက် ဝင်ရမယ်"

"ဘယ်လို ဝင်ရမလဲဘုရား"

"ဘာကို သိသောသူအား မြင်သောသူအား၊ ဘယ်လိုသိသော မြင်သောသူအား အာသဝေါတွေ ကိလေသာတွေ သံယောဇဉ်တွေ ကုန်ခြင်း ခန်းခြင်းကို ဟောတော်မူပါသလဲလို့ အမေးတစ်ချက် ဝင်စရာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ရှိတော့ အမေး ဝင်မလား၊ မဝင်ဘူးလား"

"ဝင်ပါ့မယ်ဘုရား"

"အဲဒါ ငါပြောနေတာ၊ ငါ့အာဘော်နဲ့ ငါပြောနေတာ မဟုတ်ဘူး၊ ဗုဒ္ဓရဲ့ သစ္စသံယုတ်ပါဠိတော်၊ မဂ္ဂသံယုတ်ပါဠိတော်တွေကို ပြောနေတာနော်"

"မှန်ပါ ဘုရား"

"ကဲ - ဝင်တော့ ဗုဒ္ဓကပဲ မေးပြီး ဖြေတယ်၊ ဘယ်လိုဖြေလဲဆိုတော့ -

"ရဟန်းတို့၊ မျက်စိကို အနိစ္စလို့ သိသောသူ မြင်သူသောသူအား အာသဝေါတရား ကုန်ခြင်းကို ငါဘုရား ဟောတော်မူ၏။ မသိသောသူ မမြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောကြားတော်မမူ"

တဲ့၊ အဲဒီလို ဖြေတယ်၊ ကဲ - အဖြေ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား"

"အဲဒီအတူပဲ နားကို အနိစ္စလို့ သိသောသူ၊ မြင်သောသူ၊ နှာခေါင်းကို၊ လျှာကို၊ ကိုယ်ကို၊ စိတ်ကို အနိစ္စလို့ သိသောသူ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောတယ်၊ မသိသူ မမြင်သူအား မဟောဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီအတူပဲ ရုပ်ကို အနိစ္စလို့ သိသောသူ မြင်သောသူအား ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဏ်ကို၊ အဆင်းကို၊ အသံကို၊ အနံ့ကို၊ အရသာကို၊ အတွေ့အထိကို၊ သဘောတရားကို အနိစ္စလို့ သိသောသူ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောတယ်၊ မသိသောသူ မမြင်သောသူအား မဟောဘူးနော်"

"မှန်ပါ ဘုရား"

"အာသဝေါတရားတို့ ကုန်ခြင်းကို ဟောသလိုပဲ သံယောဇဉ် ကိလေသာတို့ ကုန်ခြင်းကိုလည်း ဟောတယ်နော်"

"မှန်ပါ ဘုရား"

"အနိစ္စကို သိသောသူ မြင်သောသူအား ဆိုသလိုပဲ ဒုက္ခကို သိသောသူ မြင်သောသူအား၊ အနတ္တကို သိသောသူ မြင်သောသူအား အာသဝေါတို့ ကိလေသာတို့ သံယောဇဉ်တို့ ကုန်ခြင်းကို ဟောတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို သိတယ်ဆိုတာ အသာနေလို့ သိတာလား၊ သိအောင် သတိ. ဝီရိယ. ပညာနဲ့ ရှုပွားလို့ သိတာလား"

"ရှုပွားလို့ သိရတာပါဘုရား"

"မရှုပွားဘဲ အသာနေလို့ သိတယ်ဆိုရင် သတိ. ဝီရိယ. ပညာတို့ရဲ့တန်ဖိုး ဘာရှိဦးမလဲ"

"မရှိတော့ပါဘုရား"

"မလုပ်ရဆိုတဲ့ အကိရိယဝါဒီဒိဋ္ဌိလည်း ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"ဗုဒ္ဓကလည်း မလုပ်ရလို့ ပြောပါတယ်၊ ဘာတွေ မလုပ်ရလို့ ပြောလည်းဆိုတော့ ကာယကံအကုသိုလ်တွေ၊ ဝစီကံအကုသိုလ်တွေ၊ မနောကံ အကုသိုလ်တွေကိုတော့ မလုပ်ရလို့ ဗုဒ္ဓ ဟောတယ်နော်"

"မှန်ပါ ဘုရား"

"ကာယကံ ကုသိုလ်၊ ဝစီကံ ကုသိုလ်၊ မနောကံ ကုသိုလ်တွေကိုတော့ ဗုဒ္ဓက လုပ်လို့ ဟောတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဗုဒ္ဓက အကုသိုလ်ကို မလုပ်ရဘူးလို့ ဟောတယ်၊ ကုသိုလ်ကို လုပ်ရမယ်လို့ ဟောတယ်နော်"

"မှန်ပါ ဘုရား"

"တန်ဖိုးပေးမှ တန်ရာကို ရတယ် နိဗ္ဗာန်လိုချင်ရင် မဂ်ဖိုလ် ရမှ၊ မဂ်ဖိုလ် ရချင်ရင် ဝိပဿနာတရားကို သတိ. ဝီရိယ. ပညာ လက်ကိုင်ထားပြီး မိမိရဲ့ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို သိအောင် မြင်အောင် ရှုပွားမှ ရမယ်နော်"

"မှန်ပါ ဘုရား"

"သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"အေး - မင်း သိထားဖို့က မလုပ်ရတဲ့ အကိရိယဆိုတာ အကုသိုလ်၊ လုပ်ရတဲ့ ကိရိယဆိုတာ ကုသိုလ်လို့ သေသေချာချာ သိထားပါ"

"မှန်ပါ ဘုရား"

"အေး - မင်းတို့ လူ့ဘဝမှာ တစ်ဘဝ တစ်နပ်စာ ချမ်းသာရေးတောင်မှ အသာနေ၊ ဘာမှ မလုပ်ဘဲနဲ့ မချမ်းသာနိုင်ရင် အထွတ်အမြတ် နိဗ္ဗာန်ချမ်းသာ ဆိုတာတော့ ဘာမှ မလုပ်ဘဲနဲ့ အသာနေရုံနဲ့ သတိ. ဝီရိယ. ပညာ အသုံးမချဘဲနဲ့ မရဘူးလို့သာ မှတ်ပါ"

"ကဲ - တော်သေးပြီ"

✦ နိဗ္ဗာန်လိုချင်၊ မဂ္ဂင်ယာဉ်၊ တွင်တွင်စီးရမည်။

✦ မဂ္ဂင်မပွား၊ နိဗ္ဗာန်နား၊ လားလားမသိပြီ။

✦ အကုသိုလ်မှန်၊ မပြုရန်၊ အမှန်ဟောခဲ့သည်။

✦ ကုသိုလ်မှန်က၊ ပြုလုပ်ကြ၊ ဗုဒ္ဓဟောခဲ့သည်။

✦ မပြုရမှု၊ ပြုရမှု၊ ခွဲရှု သိသင့်သည်။

# နင့်ဆရာတရားမျိုး မှတ်လို့လား

(၁၄၀)

ဗုဒ္ဓသည် ယထာဘူတဉာဏ် ရရေးအတွက် ဆရာကောင်း ဆရာမြတ်ကို ရှာရမည်ဟု အကြိမ်ကြိမ် ဟောထားတော်မူခဲ့၏။

သို့ဖြစ်၍ ယထာဘူတဉာဏ်ကို ရရန်လိုလားသော အမျိုးကောင်း သားသမီးတို့သည် ဆရာကောင်း ဆရာမြတ်ကို ဦးစွာ ရှာရမည် ဖြစ်၏။

ဆရာကောင်း ဆရာမြတ်ကို ရှာလိုသူ၊ ရှာသူသည် ယင်း ဆရာကောင်း ဆရာမြတ်၏ ဆန့်ကျင်ဘက် ဆရာယုတ် မိတ်ဆွေယုတ်ကို သိဖို့ လိုသည်။

မှန်၏။ လောကသည် အစုံ့အစုံနေသော လောကဖြစ်သည်။ အကောင်းရှိက အဆိုးရှိသည်။ အမြတ်ရှိက အယုတ်ရှိသည်။ ဆရာကောင်း ဆရာမြတ် ရှိသလို ဆရာညံ့ ဆရာယုတ်လည်း ရှိသည်။

သို့ဖြစ်၍ ဆရာကောင်း ဆရာမြတ်ကို ရှာလိုသူသည် ဆရာဆိုး၊ ဆရာယုတ်ကို သိဖို့ လိုသည်။ သို့မှသာ အယုတ်နှင့် အမြတ်၊ အဆိုးနှင့် အကောင်းကို ခွဲခြားပြီး သိမည်ဖြစ်သည်။

ဆရာဆိုး ဆရာယုတ်၊ မိတ်ဆိုး မိတ်ယုတ်ကား အသို့နည်းဆိုသော် -

၁။ ယုံကြည်မှုသဒ္ဓါတရား မရှိ

၂။ အကျင့်သီလ မရှိ

၃။ အကြားအမြင် ဗဟုသုတ မရှိ

၄။ ဝန်တိုတယ်

၅။ ပညာ မရှိ ယင်းအင်္ဂါငါးချက်နှင့် ပြည့်စုံသောသူသည် ဆရာဆိုး ဆရာယုတ်၊ မိတ်ဆိုး မိတ်ယုတ်ပင် ဖြစ်၏။

ယင်း မိတ်ဆိုး မိတ်ယုတ်၊ ဆရာဆိုး ဆရာယုတ်ကို မှီဝဲခြင်း၊ အမြဲမှီဝဲခြင်း၊ ကောင်းစွာမှီဝဲခြင်း၊ ချဉ်းကပ်ခြင်း၊ ကောင်းစွာ ချဉ်းကပ်ခြင်း၊ ညွှတ်ကိုင်းခြင်းကို မိတ်ဆိုး မိတ်ယုတ်၊ ဆရာဆိုး ဆရာယုတ်တို့၌ ပေါင်းသင်းခြင်းလို့ ခေါ်သည်။

ချဲ့ဦးအံ့၊ မိမိ ဆည်းကပ်သည့် ဆရာသည် ဘုရား တရား သံဃာကို တကယ်ယုံကြည်သည့် သဒ္ဓါတရား ရှိ,မရှိ သိရမည်။ ကံ,ကံ၏ အကျိုးကို ယုံကြည်,မယုံကြည် သိရမည်။ မယုံကြည်လျှင် ဆရာယုတ်ဟု မှတ်ပါ။

ရဟန်းဆိုလျှင် ရဟန်းသီလ ရှိ,မရှိ၊ လူဆိုလျှင် လူနှင့်စပ်သွယ်တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလ စသည် ရှိ,မရှိ သိရမည်။ ဒါန သီလထက် သာလွန်သော ဝိပဿနာတရားပြသဟောကြားသူသည် သီလမျှ မရှိလျှင် အကျင့်ဖောက်ပြန်နေလျှင် ဆရာယုတ်ဟူ၍ မှတ်ပါ။

ဘုရားဟော ပါဠိတော် စသည်တွေကို ပြည့်စုံလုံလောက်အောင် မလေ့လာ မသင်ကြား မနာကြားဘူးခြင်း၊ သမာဓိ ပညာစခန်းကို ကိုယ်တွေ့,ဉာဏ်တွေ့ မရှိလျှင် ဗဟုသုတ မရှိသူ ဖြစ်၏။

အချို့မှာ မိမိကိုယ်တိုင် ကျမ်းဂန် ဗဟုသုတ၊ အကျင့်ဗဟုသုတ ဘာမှ မရှိပေ။ သို့သော် ယင်းတို့က ပြောကြ၏။ "ဆရာမှားစေနဲ့" တဲ့။ ယင်းသည် ဆရာကောင်းလော၊ ဆရာကောင်း မဟုတ်လော၊ စင်စစ်တော့ ဆရာယုတ်ပင် ဖြစ်၏။

## ဝန်တိုခြင်း ငါးမျိုး

ဝန်တိုခြင်းဆိုတာ ငါးမျိုး ရှိသည်။ အကျဉ်းပြရသော် -

၁။ အရိပ်အာဝါသ၊ ကျောင်းဇရပ် စသည်နှင့် စပ်ပြီး ဝန်တိုခြင်း၊ မိမိထက် သာသူများ မနေစေလိုခြင်းကို ဝန်တိုသည်ဟု ခေါ်သည်။

၂။ ဒကာ ဒကာမများနှင့် စပ်ပြီး ဝန်တိုခြင်း၊ ဤ၌ မိမိ ဒကာ ဒကာမများ တခြားရဟန်းများ ကျောင်းများ ကိုးကွယ်မှာစိုးရိမ်ခြင်းကို ဝန်တိုသည်ဟု ခေါ်သည်။

၃။ လာဘ်လာဘ ပစ္စည်းပစ္စယနှင့် ပတ်သက်ပြီး မိမိသာ ရချင်တယ်၊ သူတစ်ပါး မရစေချင်ဘူး၊ ရပြီးသားလည်း ကိုယ်သာ သုံးချင်တယ်၊ သူတစ်ပါး မပေးချင်၊ လာဘ်နှင့်ပတ်သက်ပြီး ဝန်တိုတာပါပဲ။

၄။ ချီးမွမ်းဖွယ်နှင့် ဝန်တိုခြင်း၊ သူတစ်ပါးကို ချီးမွမ်းတာ မကြိုက်ဘူး၊ မချီးမွမ်းနိုင်ဘူး။

၅။ တရားဓမ္မနှင့်ပတ်သက်ပြီးဝန်တိုခြင်း၊ သူတစ်ပါးကိုယ့်လောက် မတတ်သိစေချင်ဘူး၊ သူတစ်ပါး သိသွား တတ်သွားမှာ စိုးခြင်းဟူ၍ ဝန်တိုခြင်း ငါးမျိုးရှိသည်။ ယင်းတွင် တရားပြ ဆရာတွေ အများဆုံးဖြစ်တတ်သော ဝန်တိုမှုမှာ ကိုယ့်အခြေအရံ ပရိသတ် ကိုယ့်ဒကာ ဒကာမတွေ သူတစ်ပါးထံ ရောက်သွားမှာကို စိုးရိမ်မှု ဖြစ်၏။ ယင်းတရားရှိရင် ဆရာယုတ်ပဲ။

အကြားအမြင်နှင့် စပ်သွယ်ပြီး သုတမယ ပညာလည်း မရှိဘူး၊ ကြံစည်စဉ်းစားမှု စိန္တာမယ ပညာလည်း မရှိဘူး၊ ပွားများ အားထုတ်မှု ဘာဝနာမယ ပညာလည်း မရှိဘူးဆိုရင် ပညာရှိသူ မဟုတ်ဘူး၊ ဆရာယုတ်ပဲ။

ယခု ပြောပြ ဖော်ပြခဲ့သော အင်္ဂါတွေနှင့် ပြည့်စုံသော ဆရာယုတ်ကို မမှီဝဲရ၊ မပေါင်းသင်းရပါ။ ပေါင်းသင်းသော် ယင်းဆရာယုတ် အယူတွေ မိမိတွင် ကူးစက်ပါလိမ့်မည်။

မှန်၏။ ဆရာယုတ်က ဘုရားတရားကို မယုံကြည်တဲ့အတွက် ဘုရား တရားကို မယုံကြည်အောင် ဟောပြောသည့် အခါ မိမိတို့လည်း မယုံကြည်သည့်ဘက်သို့ ပါသွားနိုင်ပါသည်။

ကံ,ကံ၏အကျိုး မယုံကြည်သူ ဆရာယုတ်ကလည်း "ကုသိုလ်ပြုဖို့ မလိုဘူး၊ အကုသိုလ်လည်း ရှောင်ဖို့ မလိုဘူး" စသည် ပြောသဖြင့် မိမိတို့လည်း အတုလိုက်ပြီး ယင်းသို့ ပြုပြောတတ်ပါသည်။

သီလ မရှိတဲ့ဆရာ၊ နှုတ်ကြမ်း အာကြမ်းတဲ့ ဆရာကို မှီဝဲဆည်းကပ်ရင် မိမိလည်း ဆရာ့အလေ့ အတုယူပြီး သီလ မရှိသူ၊ နှုတ်ကြမ်း အာကြမ်း ဖြစ်တတ်သည်။

အကြားအမြင် ဗဟုသုတ မရှိတဲ့ ဆရာယုတ်ဟာ အကြားအမြင် ဗဟုသုတကို မရှိသေတတ်ပါ။ မိမိက စာမတတ်တော့ စာတတ်တဲ့သူတွေကို မရှိုးမြှောက်ချင်ပါ။ အပြစ်ပြောတတ်ပါသည်။ စာတတ်ဖို့ မလိုတော့သလို စာပဲ ပိုနေတော့သလို ပြောတတ်ပါသည်။

တရားအားထုတ်တဲ့အခါ စာကပဲ ခံနေတော့သလိုလို ပြောဆိုတတ်ပါသည်။ ယင်းဆရာသည် ဆရာယုတ်ပင် ဖြစ်၏၊ ဆရာကောင်း မဟုတ်ပေ။

ယင်းသို့သော ဆရာယုတ် ဆရာဆိုးကို မမှီဝဲသင့်ပေ။ မှီဝဲသော် ယင်းဆရာယုတ်၏ အတုတွေ အတတ်တွေ မိမိတွင် စွဲကပ်သော် အကျိုးယုတ်ပါလိမ့်မည်။

ဝန်တိုတဲ့ ဆရာယုတ်၊ မိတ်ဆွေယုတ်က မိမိ၏ တပည့်တွေ၊ သို့မဟုတ် မိမိမိတ်ဆွေတွေ မိမိတို့ဆရာ မိမိတို့ကျောင်းမှ တစ်ပါး တခြားလှူတာကို ပိတ်ပင်တတ်သည်။

မိမိတို့အသိုင်းအဝိုင်း၊ တပည့်တပန်း၊ မိတ်ဆွေ သင်္ဂဟများ တခြားသူထံ ရောက်သွားမှာ၊ တခြားကျောင်း ကိုးကွယ်သွားမှာ စိုးရိမ်သည်။ ရောက်မသွားအောင် ပိတ်ပင်သည်။ တားဆီးသည်။ ကိုယ့်ဆီလာအောင် ဆွယ်တရား ဟောသည်။ ယင်းသို့ မိတ်ဆွေယုတ်ကို ရှောင်ရမည်။ ဆရာယုတ်ကို မပေါင်းရ။

သို့ဖြစ်၍ ယောဂီသူတော်စင်သည် ဤသို့ ကျင့်ရမည်၊ ဆောက်တည်ရမည် -

"တစ်ပါးသော သူတို့သည် ယုတ်သောဆရာ၊ ယုတ်သောမိတ်ဆွေ ရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ဤအရာမှာတော့ ငါတို့သည် ကောင်းမြတ်သော မိတ်ဆွေ၊ ကောင်းမြတ်သောဆရာ ရှိကုန်သည် ဖြစ်ကုန်အံ့"

လို့ သလ္လေခသုတ် မှာဗုဒ္ဓ ဟောထားပါသည်။

သို့ဖြစ်၍ တရားအားထုတ်လိုသော ယောဂီ၊ တရားအားထုတ်နေသော ယောဂီသည် မိမိကို တရားပြတဲ့ ဆရာ၏ ကောင်း.ဆိုး ကို သတိပြု၍ ကြည့်ရှုရမည်။ သတိပြုကြည့်ရှုသော် ဆရာဆိုးဟု သိက ဖဲခွာ၊ ဆရာကောင်းဟု သိက ဆက်လက် မှီဝဲရမည်။

ဆရာဆိုးမှန်း သိလျက် အစွဲအလမ်းကြီးပြီး မိဘဘိုးဘွားက ကိုးကွယ်တဲ့ ဆရာ၊ ကိုယ့်ကျောင်းက ဘုန်းကြီးမို့ မခွဲနိုင်၊ မခွာနိုင်၊ မစွန့်ရက်၊ မစွန့်နိုင်လျှင် မိမိတို့ပဲ နစ်နာမည်။

အများစုသည် ဆရာဆိုး ဆရာကောင်း မခွဲခြားတတ်ကြပေ။ ခွဲခြားတတ်သည့် ဉာဏ်ပညာလည်း မရှိပေ၊ ရှိသူကား အလွန်ရှား၏၊ ယင်းသို့ ရှားသူတွေထဲမှ ရှားရှားပါးပါး တစ်ယောက်နှင့် တွေ့ရ၏။

## ရှာမှ ရှားသူ

တစ်ချိန်သော ဆောင်းကာလက ဖြစ်၏၊ မိမိသည် မြို့ကြီးတစ်မြို့တွင် ဆယ်ရက်စခန်း တရားပြနေသည်။ တစ်နေ့ ညနေတွင် ယောဂီသုံးလေးယောက် ရောက်ရှိလာပြီး ရှိခိုးဦးချ ထိုင်နေကြသည်။

မိမိသည် ယောဂီများအား သီးခြားလာ၍ အကြောင်းထူးရှိလို့ ထင်၍ မေးသည်။

"ဘယ်လိုလဲ တရားအားထုတ်ရတာ ထူးခြားမှု ရှိရဲ့လား"

"ရှိပါတယ်ဘုရား"

ယောဂီ သုံးလေးယောက်မှ တစ်ယောက်က ဖြေလိုက်ခြင်း ဖြစ်၏။

"တရားအားထုတ်ရတာ ပင်ပန်းဆင်းရဲသေးလား"

"မပင်ပန်း မဆင်းရဲပါ ဘုရား"

"အင်း - တရားဆိုတာ ဘုရားကိုယ်တိုင် ဟောထားတာရှိသားပဲ၊ ကိုယ်ဆင်းရဲမှု - ဒုက္ခ၊ စိတ်ဆင်းရဲမှု - ဒေါမနဿတွေ ချုပ်လိမ့်မယ်လို့ ဟောထားတာပဲ၊ ဒီတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်အောင် အားထုတ်နော်"

"မှန်ပါဘုရား၊ ဒီမှာတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်လို့ တရားလည်း တိုးတက်ပါတယ်ဘုရား"

"ဒီမှာတော့ တိုးတက်တယ်ဆိုတော့ ဘယ်မှာ မတိုးတက်လဲ"

"တပည့်တော် ဒီမှာ အားမထုတ်ခင်က ဟို (.....) ရိပ်သာမှာ အားထုတ်ပါတယ် ဘုရား"

ယောဂီပြောသော ရိပ်သာမှာ ထိုမြို့တွင် ထင်ရှားသော ရိပ်သာတစ်ခု ဖြစ်၏။

"အင်း - အားထုတ်တော့ ဘယ်လိုအကျိုးထူးလဲ ပြောစမ်းပါဦး"

"တရားပြဆရာက ဒေါသသိပ်ကြီးတယ်ဘုရား"

"အို - တရားပြဆိုတာ မယဉ်ကျေးတဲ့သူကို ယဉ်ကျေးအောင် တရားပြရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နို့ - ဘယ့်နှယ် ကိုယ် မယဉ်ကျေးတဲ့အကြောင်း ယောဂီတွေ သိသွားအောင် ရိုင်းတဲ့ မိုက်တဲ့ ဒေါသကို ထုတ်ပြရတာလဲ"

"မှန်ပါဘုရား၊ အဲဒီ တရားပြဆရာက ဒေါသကြီးပြတာတော့ နာမည်ကြီးပါပဲ ဘုရား"

"အို - ဘယ့်နှယ် တရားပြဆရာကလဲ၊ ဒေါသကြီးတဲ့လူကို ဒေါသ မကြီးအောင် တရားပြရမှာ ဘယ့်နှယ့် ကိုယ့်ဒေါသကို ယောဂီတွေကို ကြီးပြရလဲ"

"မှန်ပါ၊ ယောဂီတွေ သိပ်ကြောက်ရပါတယ်ဘုရား"

"ဒေါသဆိုတော့ တရားလား၊ မတရားလား"

"မတရားပါ ဘုရား"

"ဒါဖြင့် အဲဒီဆရာဟာ တရားပြဆရာ မဟုတ်ဘူး၊ မတရားပြဆရာပဲ"

"မှန်ပါ၊ ဒီအတိုင်း ဖြစ်နေပါပြီဘုရား"

"မတရားတာ ပယ်ရမှာလား၊ ထုတ်ပြရမှာလား"

"ပယ်ရမှာပါ ဘုရား"

"အေး - ပယ်ရမယ့် ဒေါသကို ထုတ်ပြသင့်၊ မပြသင့် ဘယ့်နှယ်လဲ"

"မပြသင့်ပါ ဘုရား"

"အေး - မှတ်ထား"

"မှန်ပါ၊ သူ့ဘာသာသူ ဒေါသကို ထုတ်ပြတာတော့ တပည့်တော် ခံနိုင်ပါတယ် ဘုရား"

"ဒါဖြင့် ဘာတော့ မခံနိုင်လဲ"

"ဆရာသမားကို ထိခိုက်တော့ မခံနိုင်ပါဘုရား"

"ဆရာသမားကို ဘယ်လို ထိခိုက်လဲ"

"တရားစစ်ရင်းနဲ့ တပည့်တော် တရားအစစ်ခံတာ မကျေနပ်တော့ တရားပြဆရာက ဒေါသကြီးပြီး "တို့တရားက နင့်ဆရာတရားမျိုး မှတ်လို့လား" လို့ ပြောပါတယ်ဘုရား"

"အင်း"

"ဒီတော့ တပည့်တော်လည်း မခံနိုင်တာနဲ့ ပြန်ပြီးပြောပါတယ် ဘုရား"

"အို - ဘာဖြစ်လို့ ပြန်ပြောရမလဲ"

"သူက တောထွက်ကြီးဘုရား"

"အို - တောထွက်ကြီးတော့ ဘာဖြစ်လဲ"

"တောထွက်ကြီးက တရားပြတယ်ဆိုပြီး ဒေါသလည်း ကြီးသေးတယ်၊ သူတစ်ပါးဆရာလည်း ထိခိုက်သေးတယ်ဆိုတော့ ဘယ်ခံနိုင်မလဲဘုရား"

"အင်း"

"ဒါနဲ့ တပည့်တော်က ပြန်ပြော၊ သူက ပြန်ပြောနဲ့ အဲဒီပြဿနာ ဆရာတော်ဆီ ရောက်သွားပါတယ် ဘုရား"

"အင်း"

"တပည့်တော်ကလည်း တရား ဆက်အားမထုတ်တော့ဘူး၊ ပြန်တော့မယ်လို့ ဆရာတော်ကို လျှောက်ပါတယ်ဘုရား"

"အင်း"

"ဆရာတော်က ကောင်းရှာပါတယ်ဘုရား၊ ဆက်အားထုတ်ဖို့ တရားဟောပါတယ်"

"အင်း"

"ဒါနဲ့ တပည့်တော်လည်း သူ့ ဒေါသကြီးတာက သူ့အပြစ်နဲ့ သူ၊ ဒီက ရိပ်သာဆရာတော်နှင့် တပည့်တော် ဆရာတော်တို့ ဂုဏ်မထိခိုက်စေချင်တာနဲ့ ဆက်ပြီးတော့ အားထုတ်ပါတယ် ဘုရား"

"အင်း"

"နောက်တော့လည်း ပြန်ချော့တယ်ဘုရား"

"အင်း"

"တပည့်တော်လည်း စိတ်မှာ အခုအခံ ဖြစ်ထားတော့ တရား မတိုးတက်တော့ပါဘုရား"

"အင်းပေါ့၊ တရားဆိုတာ မတရားဝင်လာရင် ပျောက်ရော၊ မရတော့ မပေါ်တော့ဘူးပေါ့နော်"

"မှန်ပါ ဘုရား"

"တပည့်တော်လည်း မတရားကို ဖယ်ပြီး ဆက်ပြီးအားထုတ်သော်လည်း "နင့်ဆရာတရားမျိုး မှတ်လို့လား" လို့ ဆိုတာက ဝင်ဝင်လာတယ်ဘုရား"

"အင်း"

"တောထွက်ကြီးက တပည့်တော်ဆရာလည်း သေသေချာချာ မသိဘဲနဲ့ တပည့်တော်ဆရာရဲ့တရားလည်း သေသေချာချာ မသိဘဲနဲ့ ပြောတော့ မခံနိုင်တာကို ဖျောက်လို့မရဘူး ဘုရား"

"အင်း"

"သူက စာမတတ် ပေမတတ်၊ ဒေါသကြီးတယ်၊ တပည့်တော်ဆရာက စာတတ် ပေတတ် ဒေါသမကြီးဘူး၊ အကျင့်ကောင်းတယ်"

"အင်း"

"ဒီတော့ တပည့်တော်က ဘယ်ခံနိုင်မလဲဘုရား"

"အင်း"

"အဲဒါနဲ့ ဆက်လက်အားထုတ်တော့လည်း မရတော့တဲ့အတူ ထွက်မယ်ဆိုပြီး တရားထွက်လိုက်ပါတယ်ဘုရား"

"အင်း - အင်း၊ တရားကတော့ သူ့တရား ကိုယ့်တရားဆိုတာ မရှိပါဘူး၊ ဘုရားတရားချည်းပဲ မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"အေး - ခုတော့ ဆရာယုတ် ဆရာဖျင်းတွေကြောင့် သူ့တရား ကိုယ့်တရားလုပ်ပြီး သူ့ပုတ်ခတ် ကိုယ့်ပုတ်ခတ်နဲ့ အကုသိုလ်တွေ ဖြစ်ကုန်ကြတာပေါ့"

"မှန်ပါဘုရား"

"တရားကတော့ ဘုရားတရားတွေမို့ အမှန်တွေပဲနော်"

"မှန်ပါ ဘုရား"

"ဆရာဖျင်း ဆရာယုတ်တွေကြောင့် ဘုရားတရားတော် နာမည် ပျက်နေပြီနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဆရာဖျင်း ဆရာယုတ်ကြောင့် တရားတော့ အားမထုတ်ဘဲ မနေပါနဲ့၊ တရားလည်း စိတ်မပျက်ပါနဲ့၊ တစ်နေရာရွှေ့ပြီး အားထုတ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ - တော်သေးပြီ"

✧ ကိုယ့်အတွက်များ၊ မြတ်တရား၊ ပျက်ပြားရှောင်ပါလေ။

✧ တရားပြလျှင်၊ ကိုယ့်မှာပင်၊ အလျှင်တရား တည်ပါစေ။

✧ ကိုယ့်မှာရှိရ၊ ယုတ်ဒေါသ၊ အပြရှောင်ပါလေ။

✧ အယုတ်ဒေါသ၊ ရှိလေက၊ ယုတ်ရဆရာပေ။

✧ ဆရာယုတ်မြင်၊ သူတော်စင်၊ အလျှင်ရှောင်ပါလေ။

# ကိုယ့်ဂုဏ်,ကိုယ်ဖော် မသူတော်တဲ့

(၁၄၁)

ယနေ့ မျက်မှောက်လောက မျက်မှောက်ခေတ်ကို ကြည့်ပါ။ တရားပွဲတွေ ခေတ်စားနေတာကို တွေ့ရမည် ဖြစ်၏။ တရားပွဲတွေ ခေတ်စားသလောက် တရားဟောသူလည်း များပြားလှ၏။ တရားနာသူတွေလည်း များပြားလှ၏။

ယင်းသို့ တရားပွဲ များခြင်း၊ ဟောသူ နာသူ များလာခြင်းသည် ကောင်း၏။ အလွန်ကောင်း၏။ သို့သော် များလာလျှင် ယင်းအများတွင် မကောင်းတာတွေ ပါလာမြဲ ဖြစ်လာသည်။

အဘယ်သို့ မကောင်း ပါလာသနည်း။ တစ်နေ့ ဒကာတစ်ယောက်နှင့် တွေ့၏။ ယင်းဒကာသည် ရိုးသားစွာနှင့် တရားပွဲ ဖြစ်မြောက်ရေး ဆောင်ရွက်နေသူတစ်ယောက် ဖြစ်၏။

ယင်းဒကာနှင့် တရားပွဲများအကြောင်း စပ်မိရာမှ ယင်းဒကာက ပြောလာသည်။

"အရှင်ဘုရား၊ တရားပွဲတွေ ခေတ်စားလာတော့ ဒီအထဲမှာ မရိုးသားမှုတွေ ပါလာပါတယ်ဘုရား"

"အို - တရားပွဲထဲ ဘယ်လို မရိုးသားမှုတွေ ပါလာသလဲ"

"တရားပွဲတွေက ငွေရမှန်း သိတော့ တချို့က တရားပွဲနဲ့ ငွေရှာတယ်ဘုရား"

"အင်း - အဲဒါမှ အခက်ပဲ"

"ဒီတော့ ငွေရအောင် ရာနိုင်တဲ့ ဓမ္မကထိကကို ပင့်ပြီးတော့ တရားပွဲ ကျင်းပကြတယ်ဘုရား"

"ဒီလိုဆိုတော့ တရားနာချင်တာမှ မဟုတ်တာ၊ ငွေလိုချင်တာပဲ၊ ပရိသတ်လည်း တရားပေးချင်လို့မှ မဟုတ်တာလို့၊ ပရိသတ်ထဲက ငွေလိုချင်လို့ပဲဟာ"

"မှန်ပါ ဘုရား"

"ဒါကတော့ ရည်ရွယ်ချက် မကောင်းဘူး ဒကာကြီး၊ ဒီလိုတရားပွဲမျိုး ကျင်းပလို့တော့ ဘာကုသိုလ်မှလည်း ရမှာ မဟုတ်ဘူး"

"တချို့ဓမ္မကထိက တွေကလည်း ဒကာ ဒကာမတွေကို မြှောက်ပင့် ချီးမွမ်း ဆွေမျိုးစပ်ဟောတယ် ဘုရား"

"ဘယ်လို ဆွေမျိုးစပ်လဲ"

"ပရိသတ်ကို ကိုယ့်ဘက်ပါအောင် အသံကလေး ချွဲချွဲနဲ့ဘုရား"

"အင်း"

"မိ.ပေါင်း၊ ဖ.ပေါင်း၊ ဆွေ.ပေါင်း၊ မျိုး.ပေါင်း၊ အစ်ကို.ပေါင်း၊ အစ်မ.ပေါင်း၊ ညီ.ပေါင်း၊ ညီမ.ပေါင်း စသည်နဲ့ ဘုရား"

"အင်း"

"တပည့်တော်တို့ကတော့ ဒါကို သိပြီဘုရား"

"ဘယ်လိုသိလဲ"

"ပရိသတ်ကို ဆွေမျိုးစပ်ပြီး လာဘ်လာဘချူပြီ ပရိသတ်ဆွဲပြီလို့ သိတယ်ဘုရား"

"အင်း"

"ပြီးတော့ ကိုယ့်ဘက်ကလည်း ဂုဏ်သတင်းတွေ ဖော်တယ်ဘုရား"

"အင်း"

"ပြီးတော့ သူများအပြစ်တွေလည်း ပြောတယ်ဘုရား"

"အင်း - အင်း၊ ဒီလိုဆိုတော့ ဟို မဃဒေဝလင်္ကာကြီးနဲ့ ညီနေပါပေ့လား"

ရှင်ဆိုးရှင်ညစ်၊ ရဟန်းဖြစ်လည်း
စင်စစ်ယုတ်မာ၊ ပါမိစ္ဆာဖြင့်
ဒကာလူဗိုလ်၊ ချီးမွမ်းဆိုနှင့်
ထိုထိုဖြင့်ပည်း၊ ပစ္စည်းလာဘ်ကို
တောင့်တလို၏။
လိုသည့်ရမ္မက်၊ ကြံဝိတက်ကြောင့်
အုတ်ကျက်အုန်းအင်း၊ ကြော်ငြာလျှင်း၍
သတင်းပေးကာ၊ ဒေသစာဖြင့်
မြို့ ရွာဇနပိုဒ်၊ နယ်တိုက်တိုက်ကို
လိုက်၍ဖျက်ဆီး၊ ခိုးသူကြီးသို့
ရံသီးများစွာ၊ ပရိဝါနှင့်
မလိမ္မာသူ၊ ရှင်လူဗာလ
အပ္ပသုတ၊ မိန်းမယောက်ျား
သူတို့အားလျှင်၊ လှည့်ဖြားသမှု
သက်မွေးပြု၏။ တဲ့။

"အရှင်ဘုရား သိပ်မှန်တာပဲဘုရား၊ ယနေ့ခေတ်နဲ့ အဲဒီ လင်္ကာနဲ့ သိပ်ညီတာပဲ ဘုရား"

"အင်း"

"ကြော်ငြာတွေ အထပ်ထပ်၊ အသံချဲ့စက် ရေ့နောက် ဝဲယာတွေနဲ့ ဘုရား"

"အင်း"

"ဂုဏ်သတင်းတွေကို အုံကျင်းဖွဲ့ပြီး ပြောကြ၊ ကြော်ငြာကြတယ် ဘုရား"

"ဒါက သူများက ဖော်တာပဲဟာ၊ သူ့ဘာသာသူ ဖော်ရင်တော့ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်တဲ့"

"သူများက ဖော်လည်း ဘယ်ကောင်းမလဲဘုရား၊ ကွယ်ရာမှာဆိုတော့ တော်သေးတာပေါ့၊ ကိုယ့်ရှေ့တည့်တည့်ကြီးမှာဟာ"

"အင်း"

"ပြီးတော့ ဝိပဿနာဆိုပြီး တဟားဟားနဲ့ဘုရား"

"အင်း"

"ပြီးတော့ ကိုယ်သာ အကောင်း၊ ကိုယ့်နည်းသာ အကောင်းလို့ ရှိုးမွမ်းသေးတယ် ဘုရား"

"ဒါကတော့ တရားမယှဉ်သေးတဲ့ ပုထုဇဉ်တွေရဲ့သဘာဝပဲဟာ"

"ကိုယ့်ဂုဏ်ကိုယ်ဖော်၊ ကိုယ်နည်း ကိုယ်ရှိုးမွမ်းတာကတော့ ထားပေါ့ဘုရား၊ "မပြည့်တဲ့အိုး ဘောင်ဘင်ခတ်တယ်" လို့ ခွင့်လွှတ်နိုင်သော်လည်း သူများနည်း ပုတ်ခတ်၊ သူများတွေ ပုတ်ခတ်တာတော့ မကောင်းဘူးဘုရား"

"ဒါကလည်း ဘာမှ ဒကာကြီး စိတ်မပျက်နဲ့၊ မဃဒေဝလင်္ကာနဲ့ အညီပဲ"

ရှင်တုရှင်ဝါ၊ မဟာစောရ
ရှင်ဓားပြတို့၊ ပါပကျင့်မျိုး
အလိုဆိုးဖြင့်၊ အကျိုးမဟဲ့
မိုက်သင်းဖွဲ့၍၊ ငရဲစီးပွား
ရှာသောလားသို့၊ တရား တရား
တဟားဟားနှင့်၊ ပြစ်များပြောဟုံ့
တောင်နယ်ပုံ၏။ တဲ့"

"အရှင်ဘုရား၊ ယနေ့ခေတ် အဖြစ်အပျက်တွေကလည်း ရှေးက စာပေတွေနဲ့ တစ်ထပ်တည်း ကိုက်ညီနေပါလားဘုရား"

"ကိုက်ညီဆိုရင် မြော်မြင်ဉာဏ်ရှိတဲ့ ဆရာတော်ကြီးပဲ၊ ပြီးတော့ ဘုရားဟော ကျမ်းဂန်တွေ ကြည့်ရေးထားတော့ မှန်တာပေါ့"

"မှန်ပါ ဘုရား"

"တချို့က ထင်တာက သူများအပြစ်တွေ ပြောတော့ ကိုယ့်ဂုဏ်တက်လာမယ် ထင်တယ်၊ ဘယ်တော့မှ မတက်ဘူး ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီအကြောင်းလည်း မယဒေဝလင်္ကာမှာ လင်္ကာရှိတယ်၊ ဘာတဲ့လဲ လင်္ကာက -

သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏

ယွင်းဖောက်အလို၊ ဝန်မတိုနှင့်

သူ့ကိုဂုဏ်နိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏။

စည်းစိမ်အရာ၊ သူချမ်းသာ၌

ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့

သူ့ကိုစောင့်မှ၊ သူက ကိုယ့်ကို

ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏။ တဲ့"

"ဒီလင်္ကာကလည်း တယ်မှန်ပါလားဘုရား။ ဒီလင်္ကာတွေ အပြစ်ပြောတဲ့ ဓမ္မကထိကတွေ မရဘူးနဲ့ တူပါတယ်"

"ရတော့ ရမှာပေါ့ ဒကာကြီးရဲ့"

"ရရင် ဘာဖြစ်လို့ တရားဟောပါဆိုမှ သူများအပြစ်တွေ လျှောက်ပြောရတာလဲ ဘုရား"

"အဲဒါ သူ့တရား သူ မကြားလို့ပေါ့ ဒကာကြီးရ၊ သူ့တရား သူ ကြားရင် ဘယ်ဒီလို ဖြစ်မလဲ"

"ဒါဖြင့် တရားဟောတဲ့ ဓမ္မကထိက.က တရား ရှိ.မရှိ ဟောတဲ့ တရားသံနဲ့ ညှိကြည့် သိနိုင်တာပေါ့နော် ဘုရား"

"သိနိုင်တာပေါ့ ဒကာကြီးရဲ့"

"ယနေ့ တပည့်တော်တို့ တွေ့ရသလောက် ဓမ္မကထိက သုံးမျိုး သုံးစားလောက် တွေ့ရတယ်ဘုရား"

"အင်း - ဒကာကြီးကတော့ တရားပွဲနယ်ထဲ ဘယ်လောက်ကျင်လည်နေလဲ မသိဘူး၊ တော်တော်သိပါလား"

"မှန်ပါ၊ တပည့်တော် တရားပွဲတွေလည်း ကျင်းပတယ်ဘုရား။ နာလည်း နာပါတယ်ဘုရား"

"အင်း"

"ခုတော့ အတွေ့အကြုံတွေ ရင့်ကျက်လာတော့ သိလာပါတယ်ဘုရား"

"ကဲ - ဘယ်လိုလဲ၊ ပြောစမ်းပါဦး၊ ဓမ္မကထိက သုံးမျိုး သုံးစားက ဘာတွေလဲ"

## ဓမ္မကထိက သုံးမျိုး

၁။ ပါဠိတော်ဟောစဉ် ဓမ္မကထိက ဘုရား

၂။ ဝိပဿနာဟော ဓမ္မကထိက ဘုရား

၃။ ယပ်လှဲဟော ဓမ္မကထိက ဘုရား"

"အင်း - အင်း၊ ဒကာကြီးပြောမှပဲ သတိရမိတယ်၊ ဒကာကြီးက ဘယ်ဓမ္မကထိက ကြိုက်လဲ"

"အားလုံး သူ့နည်းသူ့ဟန်နဲ့ ကောင်းကြတာချည်းပါပဲ ဘုရား"

"အင်း"

"ပါဠိတော်ဟောစဉ် ဓမ္မကထိကတွေကလည်း ပါဠိတော်ကြီးတွေ ရွတ်ရွတ်ပြီးတော့ ဟောနေလိုက်တာ ကြည်ညို စရာပဲ၊ ဘုရားနဲ့ တွေ့နေရသလိုပဲ စိတ်ထဲမှာ ဖြစ်မိပါတယ်ဘုရား"

"အင်း"

"တပည့်တော်တို့တော့ ပါဠိတော်တွေ နာနာနေရတော့ သဘောပေါက်တယ်ဘုရား။ ပါဠိတော်ဟောစဉ်က တရားရှိးတယ်၊ အပြစ်အနာအဆာ မပါဘူးဘုရား"

"နို - ဘယ်ကဆန်းလဲ၊ အပြစ်အနာအဆာပါလဲ"

"ယခု ဝိပဿနာဟော ဓမ္မကထိက အချို့ဟာ ဝိပဿနာ မဆန်တော့ဘူးဘုရား"

"ဘယ်လို ဆန်ကုန်လဲ"

"အဆွဲအငင်တွေနဲ့ ရင်ကော့မော့ကြွားပြီး ငါလိုလူ ဇမ္ဗူမှာမရှိသယောင် မာန်တဝင့်ဝင့်နဲ့ ဘုရား"

"အင်း"

"ဟိတ်ဟန်ကလည်း ပြဇာတ်လို၊ ရုပ်ရှင်လိုလို ဘုရား"

"ဟင် - ဘယ့်နှယ် ဝိပဿနာပါဆို၊ ပြဇာတ်လို ရုပ်ရှင်လို ဖြစ်ရတာလဲ"

"တွေ့ရ၊ မြင်ရ၊ ကြားရ၊ နာရတာတွေ လျှောက်တာပဲဘုရား"

"အင်း - ဒီလိုဆိုရင်တော့ ဗုဒ္ဓရဲ့ ဝိပဿနာတရားတွေဟာ အပြစ်ပြော၊ အပြစ်ပြု မာန်ထောင်လွှားတဲ့ ဝိပဿနာ ဓမ္မကထိက အချို့ကြောင့် ပညာရှိတွေလက်ထဲ မရောက်မှာ စိုးရိမ်ရတယ်"

"မှန်ပါဘုရား၊ တချို့ပြောသံကို တပည့်တော်တို့ နားဆတ်ဆတ်နဲ့ကို ကြားရပါတယ်ဘုရား၊ "ဒါလား ဝိပဿနာတရား" တဲ့ ဘုရား"

"ဟုတ်တာပေ့ါ၊ ပြောစရာပေ့ါ၊ ဝိပဿနာတရား ဟောရတာက ဘာတဲ့လဲ အကျိုးက -

## ဝိပဿနာ ရကျိုး

၁။ အကုသိုလ်တွေ၊ ကိလေသာတွေ စင်ကြယ်ရန်

၂။ စိုးရိမ်ရတဲ့ သောက၊ ငိုကြွေးရတဲ့ ပရိဒေဝတွေ လွန်မြောက်ရန်

၃။ ကိုယ်ဆင်းရဲဒုက္ခ၊ စိတ်ဆင်းရဲ ဒေါမနဿတွေ ချုပ်ရန်

၄။ အရိယမဂ် ရရန်

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တဲ့။

အဲဒီအကျိုးတွေ ရဖို့ ဝိပဿနာတရား ဟောရ၊ နာရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ယခုတော့ ဘယ့်နှယ်လဲ၊ တရားဟောတဲ့ ဝိပဿနာဓမ္မကထိက.ကလည်း မာန်မာနတကြီး၊ ဒေါမနဿ ဒေါသတကြီးနဲ့ ဆိုတော့ ပရိသတ်အလယ်ခေါင်မှာ ကိုယ့်အထုပ် ကိုယ်ဖြည်ပြတာနဲ့ တူနေတာပေါ့"

"မှန်ပါ ဘုရား"

"ဒီလိုဆိုတော့ တရားပြဆရာဟာ ကုသိုလ်တရား မပြဘဲ၊ အကုသိုလ်တရားပြတဲ့ မတရားပြဆရာ ဖြစ်မှာပေ့ါနော်"

"မှန်ပါ ဘုရား"

"အင်း - ဒီနေ့ခေတ် ပရိသတ်က ပြောတိုင်းယုံ ပရိသတ် မဟုတ်တော့ဘူးဆိုတာကို တရားဟောတဲ့ ဓမ္မကထိကတိုင်း သိဖို့ လိုလာပြီ၊ ယနေ့ ပရိသတ်က -

ခံတွင်းနှုတ်ဆော့၊ ကျင့်သွမ်းသော့လျက်
တမော့ကြွားကြွား၊ တလွှားလွှားနှင့်
တရားဟောယောင်၊ ချို့ရှင်ပြောင်လည်း
တောင်တောင်မြောက်မြောက်
ပင့်မြောက်ချနိပ်၊ ရောင်ရိပ်ဝဲရစ်
လာဘ်ကိုညှစ်လျက်၊ ဗလစ် - ဗလစ်
နှုတ်မထစ်ဘဲ၊ မဆစ်မဆိတ်
မတိတ်အသံ၊ တညံညံဖြင့်
တရံမစဲ၊ ဘွာစီကြဲ၍
နှုတ်ရဲလျှာရှု၊ တချို့ကမူ
မာနတောင်နီး၊ တက်ဘိစီး၍
ထေရ်ကြီးဝါကြီး၊ သိက္ခာကြီးအား
ခရီးလမ်းကြား၊ တွေ့ကြုံငြားလည်း
လေးစားမဲ့ဘိ၊ အတိမာနီ
မချီလက်အုပ်၊ မတုပ်မကွ
ဦးမချဘူး" တဲ့။

အဲဒီကဲ့သို့သော စာပေတွေကို ဖတ်ရှုထားတဲ့ ပရိသတ်တွေ များနေတယ်၊ ပရိသတ်တွေမှာ တရားအမျိုးမျိုး နာထားရတော့ အသိအမြင် အမျိုးမျိုး ရှိတယ်၊ တိုးတက်နေတယ်"

"မှန်ပါ ဘုရား"

"အဲဒါကို တရားဟောတဲ့ ဓမ္မကထိကတွေ သတိမူသင့်တယ်၊ အထူးသဖြင့် ဝိပဿနာဓမ္မကထိကတွေ ပိုပြီး သတိမူသင့်တယ်"

"မှန်ပါ ဘုရား"

"သတိမမူလို့ နှုတ်မစောင့်စည်းရင် အဲဒီလို ဓမ္မကထိကမျိုးကို ပညာရှိတဲ့ ပရိသတ်တွေက ဘယ်လို မြင်လာမလဲ ဆိုတော့ -

တပွဲထွက်ဝင်၊ ငါ့ပြင်မရှိ
ဟူဘိဝါဝင့်၊ မလျော်ကျင့်၏
သမင့်အလား၊ တောသစ်ကျားနှင့်
တောသားတို့သွင်၊ ဘယ်ကျိုးထင်လိမ့်။

"အဲဒီလို ထင်မြင်လာလိမ့်မယ်၊ ထင်မြင်နေသံလည်း ကြားရတယ်၊ အဲဒါကို အချိန်မီ သိရှိပြီး ဇက်ကြိုးသတ်ဖို့ တော်ရုံတွင်မက လွန်ပင် လွန်နေပါပြီနော်"

"မှန်ပါ ဘုရား၊ ရှေးပညာရှိတွေရဲ့စာပေတွေဟာ တယ်ပြီး တန်ဖိုးရှိပါလား ဘုရား"

“ဟုတ်တယ် ဒကာကြီး၊ ဒီ မယဒေဝလင်္ကာမှာ လိုချင်တာ ရှာသုံး အကုန်တွေ့ပဲ၊ တန်ဖိုးသိပ်ရှိတာပဲ”

“ပြီးတော့ ယနေ့ တပည့်တော်တို့ တွေ့နေရတာက တရားပွဲချင်းလည်း ပြိုင်တယ်ဘုရား၊ ဓမ္မကထိကချင်းလည်း ပြိုင်တယ် ဘုရား”

“အဲဒါမှ ခက်တာ ဒကာကြီး”

“အမိန့်ရှိပါ ဘုရား”

“တရားက ပြိုင်ဖို့ မဟုတ်ဘူး၊ အသိဉာဏ်ပေးဖို့၊ ပြိုင်ဆိုင် အနိုင်လုနေတဲ့ သူတွေကို ငြိမ်းအေးဖို့ တရားဟောပေးတာ၊ တရားပွဲကျင်းပရတာ မဟုတ်လား”

“အမှန်ကတော့ ဒီအတိုင်းပါပဲဘုရား”

“စု ဘယ်လိုဖြစ်လို့လဲ”

“သူတို့အဖွဲ့က ဒီနေရာ တရားပွဲချရင် တို့အဖွဲ့က ဒီနေရာမှာ တရားပွဲချမယ်၊ သူတို့က ဒီဓမ္မကထိက ပင့်ရင် တို့က ဟို ဓမ္မကထိက ပင့်မယ် စသည်ဖြင့် ကျင်းပကြတယ်ဘုရား”

“အင်း”

“ဆိုင်းဘုတ်တင်ရေး ကြိုးစားကြတယ်ဘုရား၊ ပြီးတော့ ပရိသတ်ချင်း ပြိုင်ကြတယ်ဘုရား”

“အင်း – အင်း၊ အဲဒါလည်း ဟို မယဒေဝလင်္ကာနဲ့ ညီလွန်းလို့ ရွတ်ပြဦးမယ်”

ဒကာ ဒကာမ၊ ဒုပ္ပညတို့
မြှောက်ကြွအံ့လှည့်၊ ကူညီဖြည့်လျက်
သူ၏ဆရာ၊ ငါ့ဆရာဟု
တဏှာရေယှက်၊ မာနတက်၍
သူ့ဘက်ငါ့ဘက်၊ တီလက်ဆော်ရိုက်
နွားနယ်တိုက်သို့၊ အမိုက်ပွဲခံ
ပါပဂံဖြင့်၊ အုန်းည်ဝိုင်းညာ
ပြုကြံခါဝယ်၊ ဆရာကြွက်ဖျင်း
ပညာကင်းတို့၊ အတင်းစောင်၍
နွားနယ်ငွေ့၏”  တဲ့၊

“တယ် နာစရာကောင်းပါလား ဘုရား၊ တော်တော် အလင်္ကာမြောက်တဲ့ လင်္ကာပဲဘုရား၊ ယနေ့ခေတ်များ လှမ်းကြည့်ပြီး ရေးထားတာလား မသိဘူးဘုရား”

“အင်း”

“ အမှန်က သူ့နည်းသူ့ဟန်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်နိုင်သလို နိုင်ရာဘက်က သာသနာပြုကြတာပဲဘုရား၊ သာသနာဖျက်ရာ မရောက်ဘဲ ပြုရာရောက်ဖို့ မဟုတ်လားဘုရား”

“အင်း”

“အချင်းချင်း နီးနှောပြီး မတည့်တာ တည့်အောင် ပြုပြင်ပေးဖို့ မဟုတ်လားဘုရား”

"အင်း"

"ခုတော့ ခက်တယ်ဘုရား"

"ဘာမှ ခက်မနေနဲ့ ဒကာကြီး၊ ကိုယ့်မှုသာ မများစေနဲ့၊ ကိုယ့်ဓမ္မကထိကတွေလည်း မများစေနဲ့၊ သတိပေး၊ ကဲ - တော်ကြစို့"

✧ မိမိတရား၊ မိမိအား ရှေ့ထားဟောရမည်။

✧ ကိုယ့်ရဲ့တရား၊ ကိုယ်မကြား၊ ပင်းနားစောင်းတီးမည်။ (နားပင်း စောင်းတီးသည်)

✧ နားပင်းစောင်းဟာ ၊ သူများသာ၊ ကိုယ့်မှာ မကြားပြီ။

# သူခိုး . . . သူခိုး အော်ကောင်းပါသလား

(၁၄၂)

မိမိတို့နှင့် သက်ဆိုင်သော မည်သည့်ကိစ္စမဆို ကျွမ်းကျွမ်းကျင်ကျင် သိတတ်လိမ္မာထားဖို့ လိုအပ်ပေသည်။ ယင်းသို့ ကျွမ်းကျင်စွာ တတ်သိလိမ္မာ မရှိက အကျိုးမယုတ်သင့်ဘဲ အကျိုးယုတ်ရပေသည်။

လောကထဲမှာ နေသူများအဖို့လည်း သိစရာ မှတ်စရာ တတ်စရာတွေ များလှ၏။ "များလွန်းလှတယ်၊ တို့ မနိုင်ဘူး" ယင်းသို့ ဆင်ခြေပေးကာ ရှောင်ရှားနေပါက မိမိတို့ အကျိုးယုတ်မည်သာ ဖြစ်၏။

သိမှတ်စရာ တတ်စရာအများ သိမှတ်သင့် တတ်သင့်သော်လည်း မနိုင်ပါက မိမိနှင့် စပ်ဆိုင်သော သိမှတ်စရာ တတ်စရာကိုမူ ကျွမ်းကျင်စွာ သိမှတ်ထား တတ်ထားဖို့ လိုပေသည်။

ယင်းသို့ သိမှတ်ထား တတ်ထားလိုသောသူ ရှိသလို၊ မိမိနှင့် ဘာမှ မဆိုင်သလို နေသူများလည်း ရှိသည်။ ယင်းနှစ်မျိုးတွင် သိမှတ်ထား တတ်ထားလိုသူ တစ်ဦးနှင့် တွေ့ရ၏။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် နွေရာသီ တရားပွဲများ အပြီး အနားယူစာရေးနေချိန် ဖြစ်၏။ ရဟန်းတော်တစ်ပါးက မေးသည် –

"ညဥ့်အခါ သူခိုးလာပြီး ပရိက္ခရာ ဘဏ္ဍာများကို ခိုးယူနေသည်ကို မြင်လျှင် လူအများ ကြားလောက်အောင် သူခိုး. သူခိုး အော်ကောင်းပါသလား"

"အင်း – အဲဒီအမေးဟာ သိပ်ပြီးတော့ မေးဖို့ကောင်းတဲ့ အမေးပဲနော်"

"နို့ – မေးဖို့ကောင်းလို့ မေးတာပဲ၊ အဲဒါဖြေ၊ ပြီးတော့ ဗုဒ္ဓဓမ္မပြဿနာထဲမှာ ထည့်စမ်းပါ"

"အမယ်လေး ဖြေဆိုဖို့ မလွယ်ပါလား၊ စာကြည့်ရဦးမှာပေါ့"

"အေးလေ၊ ကြည့်ပြီးတော့ ဖြေတာပေါ့"

"အများအားဖြင့် တစ်ဆင့်စကားနဲ့ သူခိုး. သူခိုး မအော်ကောင်းဘူးလို့ မှတ်ထားကြတယ်"

"အေး – ဒါကြောင့် သူခိုး ခိုးရင် ရဟန်းသံဃာတွေက မအော်ဘဲနေတော့ သူခိုးတွေက အတင့်ရဲပြီး ခိုးနေတာပေါ့"

"မှန်ပါ၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဖြေရမှာကတော့ ပေါ့ပေါ့ဖြေလို့ မရဘူးဘုရား၊ ဝိနည်းရေးနဲ့ ပတ်သက်နေတဲ့အတွက် လေးလေးနက်နက် ဖြေရမယ့်ကိစ္စ ဖြစ်နေတယ်"

"အေး - လေးလေးနက်နက်ပဲ ဖြေပေါ့"

"ဖြေဆို အဲဒီအဆုံးအဖြတ်ကို လယ်တီဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားတာ ရှိတယ်မဟုတ်လား"

"ရှိတယ်"

"ဒါဆိုရင် ပြီးနေတာပဲ၊ တပည့်တော်က ဘာဖြေစရာ လိုသေးလဲ"

"လိုတာပေါ့၊ လယ်တီဆရာတော်ဘုရားကြီး အဖြေက ပြီးခဲ့ပြီ၊ ယခုဆို မေ့ကုန်ကြပြီ၊ ယခုက တပည့်တော်အမေး၊ အရှင်ဘုရားက အဲဒီ လယ်တီဆရာတော်ဘုရားကြီး အဖြေကို ကြည့်ပြီး တစ်ခါဖြေဦးပေါ့"

"အဲဒီ အဆုံးအဖြတ်ကို လယ်တီဆရာတော်ဘုရားကြီး သာသနာဝိသောဓနီကျမ်း ဒုတိယတွဲထဲမှာ ဆုံးဖြတ်ထားတယ် မဟုတ်လား"

"အင်း - ဟုတ်တယ်"

"ကဲ - ဒါဖြင့် အဲဒီအဆုံးအဖြတ်ပဲ ကြည့်ပြီးတော့ ဖြေကြည့်ရအောင်၊ ဟောဒီမှာ တွေ့ပြီ၊ ကဲ - နားထောင်နော်၊ ဖတ်ပြမယ် -

၁။ သူခိုး. သူခိုး အော်တဲ့နေရာမှာ အဲဒီသူခိုးကို ပစ်ခတ်ဖမ်းဆီးစေလိုတဲ့အတွက် ကြော်ငြာတဲ့သဘောနဲ့ အော်ခြင်းက တစ်မျိုး။

၂။ အဲဒီစိတ်မျိုးတော့ မရှိဘူး၊ ပကတိသက်သက် ကြောက်လန့်တဲ့စိတ်နဲ့ အော်တာက တစ်မျိုး

၃။ ခိုးယူသွားတဲ့ ပစ္စည်းဥစ္စာ ပရိက္ခရာ ဘဏ္ဍာတွေကို ပြန်ပြီးတော့ ချထားစေလိုတဲ့ သဘောနဲ့ အော်ခြင်းက တစ်မျိုးတဲ့၊

ဟိုမှာတော့ (၂+၃)ကို ပေါင်းပြီးတော့ တစ်မျိုးတည်း ပြထားပါတယ်၊ တပည့်တော်က ခွဲပြီးတော့ ဖတ်ပြတာပဲ"

"ကဲ - ရှင်းရင်ပြီးတာပဲ၊ အကျယ်ဆက်ပြီးတော့ ရှင်းပြပါဦး"

"အဲဒီ သုံးမျိုးမှာ ခိုးသူကို ပစ်ခတ်ဖမ်းဆီးစေလိုစိတ်နဲ့ ဟစ်အော်ကြော်ငြာခဲ့ရင် အမှုသည် တင်းလင်းရှိ၍ အမည်နာမကို မထုတ်ဖော်သော်လည်း ရည်ညွှန်းတဲ့ အရာရောက်တယ်၊ ဖမ်းဆီးပြီး ခိုးသူကို ဒဏ်ခတ်ခဲ့သော် ဟစ်အော်ကြော်ငြာသူ ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်လို့ အဋ္ဌကထာမှာ လာရှိတယ်"

"နေပါဦး၊ ခုနက စကားထဲမှာ "ရည်ညွှန်းတဲ့ အရာမြောက်တယ်" ဆိုတဲ့ စကားကို ရှင်းပြပါဦး"

"အော်တာက ပါဠိလို "ဩဒိဿ" ကို မြန်မာလို တိုက်ရိုက်ပြန်ပြောလိုက်တာပါ"

"အဓိပ္ပာယ်လင်းစမ်းပါဦး"

"ခိုးသူရဲ့ နာမည်ကို ထုတ်ဖော်ပြီးတော့ "မည်သူခိုးပါသည်၊ မည်သူခိုးယူသည်ကို ငါမြင်သည်" လို့ ပြောကြားခြင်း၊ သက်သေခံခြင်းမျိုးကို "ဩဒိဿ - ရည်ညွှန်း" တဲ့ အရာမြောက်တယ်လို့ ဆိုပါတယ်၊ အဲဒီ ဩဒိဿဟာ ရဟန်းတော်တွေမှာ မအပ်ပါဘူး"

"ဩဒိဿရှိရင် အနောဒိဿ ရှိရမယ်၊ အဲဒီ အနောဒိဿ ရှင်းပြပါဦး"

"အနောဒိဿဆိုတာက ခိုးသူရဲ့ နာမည်ကို မထုတ်ဖော်ဘဲ "ငါတို့ကျောင်းမှာ မည်သည့်ညက သူခိုး ခိုးပါသည်၊ ဓားပြတိုက်ပါသည်၊ မည်သည့်ပစ္စည်းများ ပါသွားပါသည်၊ အဲဒီပစ္စည်းများကို ပြန်ပြီးတော့ ရအောင် ထောက်လှမ်းရှာကြံ၊

တောင်းခံပြီးတော့ ပေးကြပါ" လို့ တိုင်ကြား ပြောကြားခြင်းဟာ "မရည်ညွှန်းတဲ့ အနောဒိဿ" ပေါ့၊ အဲဒီ အနောဒိဿတော့ အပ်တယ်"

"ကဲ - ဩဒိဿ ရည်ညွှန်းမအပ်ပုံ ရှင်းပါဦး"

"ရည်ညွှန်း - ဩဒိဿ မအပ်ဆိုတာကတော့ ရဟန်းတော်က ခိုးသူရဲ့ နာမည်ကို ထုတ်ဖော်ဟစ်အော် ပြောကြားတဲ့ အတွက် အစိုးရသူတို့က အဲဒီ သူခိုးကို ခိုးရာပါပစ္စည်း၊ ထိုက်ရာ တန်ဖိုးမျှမက မိုက်ပြစ်ဒဏ် ငွေရှမယ်၊ ဒဏ်တပ်မယ်ဆိုရင် ပြောကြားဟစ်အော်တဲ့ ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်"

"ဘဏ္ဍာစားထိုက်ပုံကို ရှင်းပြပါဦး"

"ဘဏ္ဍာစားထိုက်တယ်ဆိုတာက ဘဏ္ဍာစား ပြန်ပေးရတာကို ဆိုပါတယ်၊ ဘယ်လိုလဲဆိုတော့ ယူမိတဲ့ အထည် ပစ္စည်းအတိုင်း ရှိသေးရင် အဲဒီ အထည်ပစ္စည်းကို ပြန်ပေးခြင်းဟာလည်း ဘဏ္ဍာစား ပေးခြင်းပဲ"

"အင်း"

"သို့မဟုတ် ယူမိတဲ့ပစ္စည်းဟာ သုံးစွဲလို့ ကုန်ခဲ့သော် အဲဒီပစ္စည်းမျိုး ပေးခြင်းဟာလည်း ဘဏ္ဍာစားပေးခြင်းပဲ"

"အင်း"

"သို့မဟုတ် အဲဒီပစ္စည်းမျိုးကို မပေးဘဲ ထိုက်ရာ တန်ဖိုးကြေးငွေ ပေးခြင်းဟာလည်း ဘဏ္ဍာစားပေးခြင်းပဲ"

"အင်း"

"ပစ္စည်းဥစ္စာကို ယူမှုမဟုတ်ဘဲ သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို ဖျက်ဆီးမှုမျိုးဖြစ်ခဲ့ရင် အဲဒီ ပျက်စီးတဲ့ ပစ္စည်းကို အစားပေးခြင်း၊ သို့မဟုတ်ဘဲ ထိုက်ရာတန်ဖိုး ပေးခြင်းဟာလည်း ဘဏ္ဍာစားပေးတာပဲ"

"အင်း"

"အဲဒီလို ပေးရခြင်းမျိုးများကိုလည်း "လျော်ကြေး လျော်ဒဏ်" လို့ပင် ခေါ်ရတယ်၊ "ဒဏ်" လို့ပင် ခေါ်သော်လည်း မင်းပြစ်မင်းဒဏ် မိုက်ပြစ်မိုက်ဒဏ် ပေးခြင်းမျိုး စကားမျိုး မဟုတ်၊ အစားပေးရိုး၊ လမ်းရိုး လမ်းမှန် ဓမ္မကံသဘောမျိုးတဲ့"

"မရည်ညွှန်းတဲ့ အနောဒိဿ အပ်ပုံကို ရှင်းပြပါဦး"

"မရည်ညွှန်းတဲ့ အနောဒိဿ အပ်တယ်ဆိုတာက ရဟန်းတော်က ခိုးသူ တိုက်သူကို ဖျက်ဆီးသူကို အမည်နာမ ထုတ်ဖော်ပြီးတော့ "မည်သူ မည်ဝါ ခိုးပါ တိုက်ပါ ဖျက်ဆီးပါသည်" ဟု မပြောတဲ့အတွက် အဲဒီ ဖျက်ဆီးသူတွေကို အစိုးရက ငွေဒဏ်တပ်သော်လည်း ပြောကြားသူရဟန်းတော်မှာ ဘဏ္ဍာစားထိုက်မှု မရှိဘူးလို့ အဋ္ဌကထာမှာ လာရှိပါတယ်"

"အင်း"

"ကဲ - အချုပ်ရှင်းပြမယ်၊ မိမိပစ္စည်းများကို သူခိုး ခိုးယူနေတာကို မြင်တဲ့အခါ အဲဒီသူခိုးမှာ အကျိုးမဲ့ အမှု - အပြစ် ဖြစ်စေလိုတဲ့စိတ်နှင့် "သူခိုးဟဲ့ - သူခိုးဟဲ့" လို့ ဟစ်အော်ကြော်ငြာတာတော့ မအပ်ဘူး၊ အဲဒီလို အော်လို့ သိသူတို့က ပြစ်မှုလုပ်လို့ သူခိုးမှာ ငွေဒဏ်ထိခဲ့သော် ဟစ်အော်သူ ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်လို့ အဋ္ဌကထာမှာ ပြတယ်"

"အင်း"

"သက်သက် ကြောက်လန့်တဲ့စိတ်နဲ့ "သူခိုး. သူခိုး" လို့ အော်မယ်၊ သို့မဟုတ် ပစ္စည်းဥစ္စာများကို ပါမသွားစေချင်လို့ "သူခိုး. သူခိုး" လို့ အော်ဟစ်ကြော်ငြာခဲ့ရင် သူခိုးမှာ ဒဏ်ထိသော်လည်း ဟစ်အော်သော ရဟန်းမှာ ဘဏ္ဍာစား မထိုက်ဘူးလို့ ဋီကာတို့က ဆိုထားပါတယ်"

"အင်း"

"ပြီးတော့ အဆိုတစ်ခု ရှိသေးတယ်၊ ဘယ်လိုလဲဆိုတော့ ဒဏ်တပ်နိုင်တဲ့ သူ့ရဲ့အထံမှာ ခိုးသူရဲ့နာမည်ကို ထုတ်ဖော်ပြောကြားရာ၌သာ ဘဏ္ဍာစားထိုက်တယ်တဲ့"

"အင်း"

"ဒဏ်မတပ်နိုင်တဲ့ ရဟန်း၊ သာမဏေ၊ ကျောင်းသား၊ အရာမ်စောင့် စသည်တို့ရဲ့ရှေ့မှောက်မှာ "မည်သူဟာ သူခိုးပဲ၊ မည်သူ၏ဥစ္စာကို ခိုးတာဟာ သူပဲ" လို့ ပြောကြားတယ်၊ အဲဒီ ပြောကြားသံကို ကြားသူတွေက အစိုးရထံမှာ တစ်ဆင့်တိုင်တန်းပြောကြားလို့ ခိုးသူမှာ ဒဏ်ထိသော်လည်း ပြောကြားသူမှာ ဘဏ္ဍာစား မထိုက်ဘူးတဲ့"

"အင်း"

"ဘာ့ကြောင့်လဲဆိုတော့ မိမိပြောကြားတဲ့ သူတွေက တပ်သော ဒဏ်လည်းမဟုတ်၊ ပြီးတော့ ဒဏ်တပ်နိုင်တဲ့ အစိုးရအား ဟစ်အော်ပြောကြားခြင်းလည်း မဟုတ်သောကြောင့်တဲ့ ဋီကာက ဆိုတယ်"

"အင်း - အဲဒါ ရှင်းတယ်"

"ပြီးတော့ ပိုရှင်းတာ ရှိသေးတယ်၊ ရည်ညွှန်းတဲ့ ဩဒိဿပင် ဖြစ်သော်လည်း အစိုးရသူသည် မိမိရဲ့စကားကို နားထောင်သူဖြစ်ပေလို့ "မည်သူမည်ဝါဟာ ငါ့ရဲ့ပစ္စည်းတွေကို ခိုးယူသွားတယ်၊ ရအောင် တောင်းယူပေးပါ၊ အဲဒီ သူခိုးကိုတော့ ဒဏ်မတပ်ပါနဲ့" လို့ ပြောခဲ့သော် အပြစ်မရှိလို့ အဋ္ဌကထာမှာ ဆိုတယ်"

"ဒီမှာ ရှင်းချက်ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့ ခိုးရာပါ ပစ္စည်းများကိုပင်ဖြစ်စေ၊ အဲဒီပစ္စည်းများကို သုံးစွဲလို့ကုန်သွားတဲ့အတွက် ထိုက်ရာတန်ဖိုး လျော်ကြေးကိုဖြစ်စေ တောင်းယူပေးရင် ရရာကိုပဲ ယူရမယ်တဲ့"

"အစိုးရက တောင်းတဲ့အခါမှာလည်း အသာတကြည်နဲ့ မပေးတဲ့အတွက် ခြိမ်းခြောက်တောင်းယူသော်လည်း ကောင်း၊ ချုပ်နှောင်၍သော်လည်းကောင်း တောင်းယူသော်လည်း ရဟန်းတော်မှာ အပြစ်မရှိဘူးတဲ့"

"အင်း"

"ပြီးတော့ အချုပ်ထောင်အတွက်နဲ့ အသွားအလာ စရိတ်ကုန်ကျမယ်၊ ဝတ်ကြေးပဏ္ဏာ ကုန်ကျမယ်ဖြစ်သော်လည်း ရဟန်းတော်မှာ ဘဏ္ဍာစား မထိုက်ဘူးတဲ့"

"ခိုးသူက "ငါ မခိုးဘူး"၊ တရားခွင်ပြီး တွေ့ရှိပြီးတော့ ရှေ့နေငှားခ စသည် တရားစရိတ် ကုန်ကျသော်လည်း ရဟန်းတော်မှာ ဘဏ္ဍာစား မထိုက်ဘူးတဲ့"

"ပြီးတော့ ဒီနေရာမှာ "မိမိစကားကို နားထောင်တဲ့ အစိုးရအား ပြောကြားအပ်တယ်လို့ ဆိုတဲ့ စကားဟာ အလျော်အားဖြင့် ဆိုတဲ့ စကားတဲ့"

"အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့ "ဒီအမှုအတွက်နဲ့ ဒီလူကို ဒဏ်မတပ်ပါနဲ့" လို့ ဒဏ်တပ်မှုကို တားမြစ်ချက် ပါခဲ့သော် မိမိစကားကို နားမထောင်မည့်သူကိုပင် ပြောကြားသော်လည်း အပြစ်မရှိတဲ့၊ ခိုးသူကို ဒဏ်တပ်သော်လည်း ရဟန်းတော်မှာ ဘဏ္ဍာစား မထိုက်ဘူးတဲ့၊ ဋီကာက ဖွင့်တယ်"

"ဒီနေရာမှာ ဒဏ်ဆိုတဲ့ အဓိပ္ပာယ်က တစ်မျိုးပဲ၊ ဘယ်လိုလဲဆိုတော့ ခိုးရာပါပစ္စည်း ဖျက်ဆီးရာပါပစ္စည်းများအတွက် ထိုက်ရာတန်ဖိုး လျော်ကြေး လျော်ဒဏ်ကို ဆိုတာမဟုတ်ဘူးတဲ့၊ အဲဒီ လျော်ကြေး လျော်ဒဏ် ဆိုတာကတော့ ဘဏ္ဍာစား အတိုင်းပင် ဖြစ်တယ်တဲ့၊ ဒီတော့ အပိုအမိုဖြစ်တဲ့ မင်းပြစ်မင်းဒဏ်ကိုသာ ယူရမယ်တဲ့"

"သူတစ်ပါးရဲ့ပစ္စည်းကို ခိုးယူနေတာကို ရဟန်းတစ်ပါးက ဒိဋ္ဌတွေ့မြင်လို့ ကိုယ်တိုင်ရုံးလိုက်ပြီး "ငါ မြင်တယ်၊ မှန်တယ်၊ ဒါပေမဲ့ ဒီအမှုအတွက် ဒဏ်မတပ်ပါနဲ့"လို့ ပြောဆိုပြီးတော့ ဥစ္စာရှင်အား ပြန်ပေးရမှာလည်း သက်သေခံသူ ရဟန်းမှာ အပြစ်မရှိဘူးတဲ့"

"အင်း - ရှင်းပါတယ်"

"အင်း - အဲဒါကို လောကမှာ အချို့က ဥစ္စာရှင်ရဟန်းမှာသာ အပြစ်မရှိတာ၊ ဥစ္စာရှင် မဟုတ်တဲ့ သက်သေခံရဟန်း အဲဒီအမှုအတွက် ဥစ္စာရှင်နှင့် တိုင်ပင်ဖက်ပြုသောရဟန်း၊ နှုတ်ပေးသွန်သင်မှုပြုမိသော ရဟန်းများမှာ အပြစ်ရှိတယ်လို့ ထင်ကြတယ်"

"ပြီးတော့ ခိုးသူမှာ ခိုးယူမိတဲ့ ပစ္စည်းများကို ပစ္စည်းရှင်များပြန်ပေးရတဲ့အတွက်မှာပင် ထိုရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်လို့ မှတ်ယူထားကြတယ်"

"ဟုတ်တယ်၊ ဒီအတိုင်းပဲ ထင်နေကြတယ်"

"တချို့က ဝိနည်းဓမ္မကံနဲ့ လျော်ညီစွာ တရားခံပုဂ္ဂိုလ်မှာ ဘဏ္ဍာစားထိုက်သည်ဟု သိ၍ ပစ္စည်းရှင်အား အဲဒီပစ္စည်းကို ပြန်ပေးစေ၊ သို့မဟုတ် အဲဒီ ပစ္စည်းတန်ဖိုး ပေးလျော်စေလို့ ဆုံးဖြတ်ကြရာ၌ တရားခံသည် မပေးလိုဘဲနဲ့ ပေးရသည်ဖြစ်ခဲ့သော် စီရင်တဲ့သူတွေမှာ ဘဏ္ဍာစားထိုက်တယ်လို့ ထင်မှတ်ကြတယ်"

"အင်း - အဲဒါလည်း အဲဒီအတိုင်းပဲ ထင်ကြတာပဲ"

"တချို့ကလည်း ညအခါ သူတစ်ပါးပစ္စည်းကို သူခိုး ခိုးနေတာကို ပစ္စည်းရှင်မဟုတ်တဲ့ ရဟန်းတစ်ပါးက မြင်သော်လည်း မဟစ်အော်ကောင်း၊ ဟစ်အော်တဲ့အတွက် အဲဒီပစ္စည်းများကို ချပြီးပြေးခဲ့သော် ဟစ်အော်သောရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်တဲ့"

"အင်း - အဲဒါလည်း ပြောကြတာပဲ"

"အကြောင်းပြက ဘာလဲဆိုတော့ ဟစ်အော်တဲ့ရဟန်းဟာ ပစ္စည်းရှင် မဟုတ်သောကြောင့်တဲ့၊ ပြီးတော့ ခိုးသူလက်သို့ ရောက်ပြီးတဲ့ ဝတ္ထုပစ္စည်းဟာ သူခိုးဥစ္စာ ဖြစ်သောကြောင့်လို့ ပြောဆိုကြတယ်"

"အင်း - အဲဒါ အများဆုံးပဲ ပြောတာပေါ့၊ အဲဒါပဲ ဖြေစေချင်တာပဲ"

"လယ်တီဆရာတော်ဘုရားကြီးက အဲဒီ အလုံးစုံဟာ ဉာဏ်မနိုင်တဲ့သူတွေရဲ့ယူဆချက်များတဲ့"

"အင်း"

"လောကမှာ ဥစ္စာရှင် သိမ်းပိုက်လျက်ရှိနေတဲ့ သူတစ်ပါးပစ္စည်းကို ပစ္စည်းရှင်အား မပြောဘဲနဲ့ ခဏမျှယူပြီးတော့ အသုံးပြုရာ၌လည်းကောင်း၊ ပစ္စည်းရှင်အား ပြောကြား ငှားရမ်း၍အသုံးပြုရာ၌လည်းကောင်း၊ အဖိုးအခနှင့် ငှားရမ်း၍အသုံးပြုရာ၌လည်းကောင်း၊ မိမိဥစ္စာမှတ်၍ ယူမိ သုံးမိကြရာမှာလည်းကောင်း၊ ပစ္စည်းရှင် အလိုရှိလျှင် ပြန်ပြီးတော့ ပေးမြဲပဲ၊ ပျောက်ပျက်ခဲ့သော် ဘဏ္ဍာစားပေးမြဲပဲ၊ ထိုက်ရာတန်ဖိုး ပေးလျော်မြဲဆိုတဲ့ တရားဟာ ကမ္ဘာ့ထုံးစံ တရားမှန် တရားဖြောင့်ကြီးပဲ၊ ခိုးလိုတဲ့ယူရာမှာ ဆိုဖွယ်ရာ မရှိဘူး၊ ပစ္စည်းရှင် အလိုရှိလျှင် ပြန်ပြီးတော့ပေးရမြဲ ဘဏ္ဍာစားပေးရမြဲ ထိုက်ရာတန်ဖိုး လျော်ကြေးပေးရမြဲ လမ်းမှန်လမ်းရိုးကြီးပဲ တဲ့"

"အင်း - အဲဒါက ပိုရှင်းတယ်"

"အဲဒါထက် ရှင်းတာရှိသေးတယ်၊ ဘာတဲ့လဲ၊ ပစ္စည်းရှင် မဟုတ်သော်လည်း လမ်းရိုးလမ်းမှန်ကြီးအတိုင်း ပစ္စည်းရှင်မှာ မဆုံးပါစေခြင်းငှာ သက်သေခံ ရဟန်းတို့အမှုအတွက်နဲ့ တိုင်ပင်ဖက်ပြုတဲ့ ရဟန်း၊ နှုတ်ပေး သွန်သင်တဲ့ရဟန်း၊ ပြန်၍ပေး

စေ ဘဏ္ဍာစားပေးစေလို့ စီရင်တဲ့ ဝိနည်းမိုရ်ဆရာ အဲဒီသူတွေမှာ လမ်းရိုးလမ်းမှန်ကြီးအတိုင်း ပြုလုပ်ကြသည်ဖြစ်၍ အပြစ်ဆိုရန် မရှိဘူးတဲ့"

"မြတ်စွာဘုရားကလည်း ဝိနည်းတော်မှာ အာဏာဒေသနာတော် ဖြစ်သည်နှင့်အညီ သူတစ်ပါးပစ္စည်းကို ယူမှုမှာ အမှုအားလျော်စွာ အပြစ်အာပတ် တင်လောက်ရာ၌ အာပတ်ကြီးငယ် ပညတ်တော်မူတာဟာ မြတ်စွာဘုရားရဲ့အာဏာအရာဖြစ်တယ်မဟုတ်လား"

"အင်း"

"ဘဏ္ဍာစားထိုက်မှုမျိုးမှာတော့ မြတ်စွာဘုရား အထူးပညတ်ရတာ မဟုတ်ဘူး၊ ရှေးကမ္ဘာ လမ်းရိုးကြီးအတိုင်း ဟောတော်မူတယ်၊ ဘဏ္ဍာစားထိုက်လျက် မပေးဘဲ နေရာမှာ တစ်ဖန် အပြစ်အာပတ် ထင်တော်မူပြန်တယ်"

"ကဲ - ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ၊ တော်ပါတော့နော်"

✦ ဝိနည်းအရာ၊ ကျင့်စရာ၊ သေချာသိသင့်သည်။

✦ လိုက်နာစရာ၊ ရှောင်စရာ၊ နှစ်ဖြာသိသင့်သည်။

✦ နှစ်ဖြာသိမှ၊ အချက်ကျ၊ ကျနကျင့်နိုင်မည်။

✦ ကျနသိမှ၊ နိဗ္ဗာန၊ ရောက်ရမြန်လေမည်။

# မသာ့တစ်ခေါက် ကျောင်း့ဆယ်ခေါက်

(၁၄၃)

တရားတော်သည် အလင်းရောင်ဖြစ်၏၊ အမှားသည် အမိုက်မှောင်ဖြစ်၏၊ ယင်းအမှားတည်းဟူသော အမိုက်မှောင်ကို မည်သူသည် ပယ်ဖျောက် ဖျက်ဆီးခြင်းငှာ စွမ်းဆောင်ပါသနည်း။

အမေးကား မေးသင့်သော အမေး့ဖြစ်၏၊ မေးသင့်၍ မေးပြီ၊ အဖြေကား အသို့နည်း၊ အမှားတည်းဟူသော အမိုက်မှောင် အမိုက်တိုက်ကို တိုက်ဖျက်ပယ်လွှင့်နိုင်သော လက်သည့်ကား တရားတော်မှတစ်ပါး အခြားမရှိပြီ၊ သို့ဖြစ်၍ အမှားတည်းဟူသော အမိုက်မှောင် အမိုက်တိုက်ကို တရားတည်းဟူသော အလင်းရောင်ဖြင့် ပယ်ဖျောက်ဖျက်ဆီးခြင်းငှာ စွမ်းဆောင်နိုင်ပါသည်။

မှန်၏၊ တရားတည်းဟူသော အလင်းရောင်သည် သတ္တဝါများ၏ ဉာဏ်အတွင်းသို့ ဝင်ရောက်ကာ အမှောင်ပယ်ဖျောက်အလင်းရောင် ရောက်စေခဲ့လေသည်။

တရားတော်တည်းဟူသော အလင်းရောင်သာ မရရှိခဲ့သော် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများသည် အမှောင်အတိ လွှမ်းမိုးခြင်း ခံရ၍ သတ္တဝါများ၏ အခြေအနေသည် အောက်တန်းစား တိရစ္ဆာန်တို့၏ အဆင့်အတန်းမျိုးဖြင့်သာ နေမည်ဖြစ်၏။

တရားအလင်းရောင် မရခဲ့သော် အကြောင်းအကျိုးကို မဝေခွဲနိုင်၊ အကောင်းအဆိုးကို မချင့်ချိန် မစဉ်းစားနိုင်၊ ယင်းသို့ဖြစ်သော် သတ္တဝါများသည် ထင်ရာမြင်ရာ စည်းလွတ်ကမ်းလွတ် စည်းကမ်းလွတ် ပြုလုပ်ပေလိမ့်မည်။

ယင်းသို့ စည်းကမ်းလွတ်ပြုလုပ်သော် သတ္တဝါသည် ဒုက္ခပင်လယ်အတွင်းသို့ တစ်ဖန်ပြန်၍ ဝင်ရချေဦးမည် မဟုတ်ပါလော။

ဒုက္ခပင်လယ်ဝေသော် သတ္တဝါသည် အလိုမပြည့်ခြင်း၊ တပ်မက်ခြင်း၊ စွဲလမ်းခြင်းတည်းဟူသော အပူသောကတွေ ရောက်ရပြန်၏၊ ယင်းအပူသောကကို မည်သူ အေးအောင် ပြုစွမ်းနိုင်ပါမည်နည်း။

ယင်းအပူကိုလည်း တရားသည်သာလျှင် အေးမြစေအောင် ပြုစွမ်းဆောင်နိုင်ပါ၏။

တရားသည် ကြီးမားလေးလံလှစွာသော သတ္တဝါအများ ကမ္ဘာသူ ကမ္ဘာသားတို့၏ ဒုက္ခပင်လယ် ကျယ်ထက်ကျယ်ကို ပယ်ဖျက်ခြင်းငှာ စွမ်းနိုင်သော အင်အားရှိ၏။

တရားသည်ဒုက္ခပင်လယ်ကျယ်ထက်ကျယ်၏ရေသောက်မြစ်ကိုထက်လှစွာသောဓားပမာလျင်မြန်စွာဖြတ်တောက်ပစ်နိုင်သော သတ္တိထူး ရှိ၏။

တရားသည် အရှိန်အဝါပြင်းထန်၍ ထက်မြက်လှစွာသော မိုးကြိုးစက်ကဲ့သို့ အမှားဆိုင် အမှားခဲကို တစ်ချက်တည်းနှင့် ဖောက်ခွဲနိုင်၏။

တရားသည်ပြင်းထန်လှစွာသော တောမီးကြီးကဲ့သို့ ခြောက်သွေ့နေသော အမှားတောကို ပြောင်စင်အောင် လောင်ကျွမ်း၍ပြာ.ကျစေနိုင်သော သတ္တိရှိ၏။

တရားတော်သည် အမှားရေယာဉ်ကို ကူးသန်းဖြတ်ကျော်နိုင်ရန် ခိုင်ခံ့လှစွာသော မဟာတံတားကြီးနှင့် တူလှပေ၏။

တရားတော်သည် သတ္တဝါများ၏ အသိဉာဏ်တည်းဟူသော ပဒုမ္မာကြာပန်းကို ကားကားစွင့်စွင့် ကျက်သရေတင့်အောင် ပွင့်လင်းစေနိုင်သော အရောင်နှင့်လည်း တူလှပေ၏။

အချုပ်ဆိုရသော် တရားတော်သည် မည်သူမည်ဝါ၊ မည်သည့်အာဏာရှင်မှ ပယ်ဖျောက် ဖျက်ဆီးခြင်းငှာ မစွမ်းဆောင်နိုင်သော အမှားမှောင် အမှားအမိုက်တိုက်ကို ကျူပင်ခုတ်က ကျူငုတ်ပါမကျန် အရင်းအမြစ်မှ လှန်ပြန်၍ ခုတ်ထွင်သုတ်သင်နိုင်သော အစွမ်းသတ္တိ ရှိလေသည်။

မိမိသည် ယင်းတရားတော်တို့ကို မသိသေးသူများ သိအောင်၊ သိသူများ သိသထက် သိအောင် ဆိုသည့်သဘောနှင့် ဗုဒ္ဓဓမ္မပြဿနာများ အမည်ဖြင့် ရေးသားခဲ့ရာ ယခုအခါ အမှတ်(၅) သို့ပင် ရောက်ရှိချေပြီ။

ယင်း ဗုဒ္ဓဓမ္မပြဿနာများမှာ အမှားပယ်ရှင်း အမှန်လင်းစေရန် ပြဿနာများကို အများအားဖြင့် တင်ပြခဲ့၏။ ယင်းကို ဖတ်ရသူ အများစုမှာ အမှားပယ်ရှင်း အမှန်လင်းကြ၏။

အမှန်လင်းသူ အချို့က မိမိထံသို့ ကိုယ်တိုင်လာ၍ ဆွေးနွေးကြ၏။ အချို့က တစ်ဆင့် ဆွေးနွေးကြ၏။ အချို့က စာပေဖြင့် ဆွေးနွေးကြ၏။ အချို့က စာပေဖြင့် မေးမြန်းကြ၏။ ဤ၌ စာပေဖြင့် ဆွေးနွေးမေးမြန်းသော လူငယ်တစ်ယောက်၏ စာကို ဖော်ပြပါမည်။

ရန်ကုန်ဆေးရုံကြီး

၁၀ - ၁၀ - ၇၇

တေဒင်္ဂအရှင်ပညာဇောတ

ရိုသေစွာဖြင့် လျှောက်ထား မေးမြန်းအပ်ပါသည်။ ဆရာတော်ဘုရား။

တပည့်တော်သည် ဘာသာရေး စာပေများကို အတော်အတန် လေ့လာဖတ်ရှုသော လူငယ်တစ်ဦး ဖြစ်ပါသည်။

စာအုပ်ကောင်းများကိုသာ ရွေးချယ် ဖတ်ရှုတတ်သော စိတ်ရှိသည်နှင့်အညီ ယခု ဆရာတော်ဘုရား ရေးသားတော်မူသော ဗုဒ္ဓဓမ္မပြဿနာ အမှတ် (၂) ကို ဖတ်ရှုမိပါသည်။

အတွဲ (၂) သည် ဗုဒ္ဓဘာသာဝင်များအတွက် မရှိမဖြစ် သိအပ်သော အကြောင်းအရာများပင် ဖြစ်ပါသည်။

ထို့အတူ အတွဲ (၁) နှင့် ဒါနဝတ္ထု၊ သီလဝတ္ထု၊ ဘာဝနာဝတ္ထုများကိုပါ ဖတ်ရှုလိုပါသည်။ လုံးဝဝယ်ယူ၍ မရပါ။

ဆရာတော်ဘုရား၏အတွေးအခေါ်အားလုံးသည် ဓမ္မဓိဋ္ဌာန်ကျသော၊ ခေတ်မီသောအမှန်တရားများသာ ဖြစ်ပါသဖြင့် တပည့်တော်တို့ လူငယ်များအတွက် ဘာသာရေးအသိပညာ ပြည့်ဝစေပါသည်။ ပြောင်မြောက်စေပါသည်ဘုရား။

ထို့ကြောင့်ပင် မကုန်နိုင်အောင် များပြားလှတဲ့ ဗုဒ္ဓဝမ္မပြဿနာများကို ဆက်လက်ဖြေကြားပြီး စာအုပ်အဖြစ် ထုတ်ဝေမှု ပြုရန် လျှောက်ထားပါသည် ဘုရား။

တပည့်တော် သိရှိလိုသော နားမလည်သည့် မေးခွန်းအချို့ကိုလည်း အမှတ် (၃)တွင် ထည့်သွင်း ဖြေကြားပေးပါရန် လျှောက်ထားပါသည် ဘုရား။

ယခင်ထွက်ပြီး စာအုပ်များတွင် ပါရှိပြီး ဖြစ်နေပါက မည်သည့်စာအုပ်တွင် ပါရှိကြောင်း ကရုဏာထားသောအားဖြင့် ပြန်ကြားပေးစေလိုပါသည် ဘုရား။

မေးခွန်း(၁)။ အမှတ်(၂)စာအုပ် စာမျက်နှာ (၄၂၂,၄၂၃)မှာ အသုဘ ဆိုင်းထည့်ခြင်းကြောင့် အကျိုး မများပုံ တွေ့ရှိရပါသည်။ သို့ရာတွင် သေဆုံးတဲ့အခါ ချက်ချင်း သက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းနှင့် ပတ်သက်၍ မတွေ့ရပါ။

ပရိဒေဝသောကမီး လောင်နေချိန်မို့ သက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းသည် အကျိုး များ.မများ၊ ဆက်လက် လုပ်သင့်.မလုပ်သင့်၊ မည်သည့်ခေတ်က စတင်လုပ်ခဲ့သည်။ ဘုရားရှင်လက်ထက်တော်က မည်သို့မည်ပုံ လုပ်ခဲ့သည်ကို သိလိုပါသည်။

စာမျက်နှာ (၃၄၁)တွင် သေလွန်ပြီးသူကို တရားနာဖိတ်ခြင်းကို တွေ့ရပါသည်။ မည်သို့ မည်ပုံ ဖိတ်ရပုံကိုလည်း ဖြေကြားစေလိုပါသည်။

မေးခွန်း(၂)။ အလှူဒါန လုပ်ရာတွင် ရေစက်ချခြင်း၏ ရည်ရွယ်ချက် အကျိုးသက်ရောက်ပုံ စတင်ခဲ့သည့် ကာလကိုလည်း သိလိုပါသည်ဘုရား။

မေးခွန်း(၃)။ ယနေ့ လူ့ရပ်ခွင်တွင် ကိုးဆူကပ်ခြင်းသည် တော်တော်များများ တွေ့ကြုံရပါသည်။ ၎င်းသည် လူမှုရေးအရ ကိုးဆူကပ် ဖြိုးဟ်စာကျွေးခြင်းလော၊ ဘာသာရေးအရ လုပ်ခြင်းလော၊ ဘုရားရှင်လက်ထက်က ရှိ.မရှိ၊ ဆက်လက်ပြီး လက်ခံကျင့်သုံးရန် သင့်.မသင့်၊ အကျိုး များ.မများ သိလိုပါသည် ဘုရား။

မေးခွန်း(၄)။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက် ဆိုသည့် စကား၏ အဓိပ္ပာယ်နှင့် မည်သို့ အကျိုးများ ရစေရန် ဘယ်ကဲ့သို့ စိတ်မျိုးဖြင့် မသာ.ပို့ရပါမည်လဲ။

မေးခွန်း(၅)။ ကထိန်သင်္ကန်း ကပ်လှူရာတွင် ဆင်းရဲနွမ်းပါးသော ရဟန်းသံဃာများကိုသာ လှူရန် ပညတ်ချက် ထားသည်ဟု သိရပါသည်။ ယနေ့ အလှူများသည် ချမ်းသာတောင့်တင်းသော နာမည်ကြီး ဆရာတော်ကြီးများကိုသာ ကထိန်သင်္ကန်း ကပ်လှူနေကြောင်းတွေ့ရပါသည်။ ၎င်းအလှူမျိုးသည် အကျိုး များ.မများ၊ ခေတ္တ ပစ္စည်းစွန့်ပြီး အလှူခံပစ္စည်းကို အလှူခံခြင်းမှာ ဗုဒ္ဓသာသနာတော်ကို လှည့်စားရာ မကျပါသလော သိလိုပါသည်။

အရှင်ဘုရားထံမှ တိကျမှန်ကန်သော အဖြေများကို စောင့်မျှော်နေပါသည် ဘုရား။

ရိုသေစွာနှင့်

ရှင်လန်းချမ်းမြေ့ပါစေ။

(.......)

သို့
(........)

ကျန်းမာရေးဆရာများအဆောင်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
၂၈-၄-၇၉

ပြန်ကြားသိစေပါသည်။

(........)ရဲ့ပေးစာ ရရှိတဲ့အချိန်တွင် ဗုဒ္ဓဓမ္မပြဿနာများ (၃)မှာ ရေးပြီးဖြစ်နေသဖြင့် (........)ရဲ့မေးခွန်းများကို (၃)တွင် ထည့်သွင်းဖြေကြားခြင်း မပြုနိုင်ခဲ့ပါ။

တစ်ဖန် အမှတ်(၄)တွင် ထည့်သွင်းဖြေကြားရန် ဖြစ်သော်လည်း အမှတ်(၄)ရေးသားသော အခါတွင် (........)ရဲ့စာမှာ တစ်နေရာတွင် ကျန်နေ၍ ထည့်သွင်း မရေးသားနိုင်ခဲ့ပါ။

ယခု အမှတ်(၅)ကို ရေးမည်ဆိုတဲ့အခါမှာတော့ (........)ရဲ့စာကို သွားလေရာသို့ လျှောက်ပြီးတော့ ယူသွားရပါတယ်။

အကြောင်းကတော့ စာရေးတယ်ဆိုတာ စာရွက်နဲ့ ဖောင်တိန်ရှိတိုင်း စာရေးလို့ မဖြစ်တဲ့အတွက်ပါပဲ။ စိတ်ကူးပေါက်တုန်း၊ စိတ်ရွှင်လန်းတုန်း ရေးမှ ဖြစ်တဲ့အတွက် သွားလေရာ လျှောက်ယူပြီး သင့်လျော်တဲ့နေရာမှာ ရေးဖို့ပါပဲ။ (၄)တုန်းက မယူမိလို့ ကျန်ခဲ့တာ ယခုတစ်ခါ မကျန်အောင်ပေါ့။

(........)တို့လို ပါဠိစာပေ မကျွမ်းကျင်သူတွေ၊ ပါဠိစာပေ ကျွမ်းကျင်သော်လည်း ကြည့်ရှုနိုင်ခွင့် မရရှိသူတွေ အလွယ်တကူနဲ့ သာသနာရေး သိပါစေဆိုတဲ့ သဘောနဲ့ ဓမ္မဒေသနာခရီး လှည့်လည်ရင်း တွေ့ကြုံခဲ့ရသော ပြဿနာအများမှ သင့်လျော်တဲ့ ပြဿနာတွေကို တင်ပြခဲ့ရာ ယခုအခါ (၅)သို့ပင် ရောက်ပါပြီ။ နောက်လည်း (၆-၇)စသည်ဖြင့် ဆက်ပြီးတော့ ရေးဦးမှာပါပဲ။

## မေးခွန်း (၁)အဖြေ

"ကဲ - မေးခွန်း (၁)ကို ဖြေကြည့်ရအောင်။ အသုဘ ဆိုင်းထည့်ခြင်းကြောင့် အကျိုးမများပုံ တွေ့ရှိပြီး သေဆုံးတဲ့အခါ ချက်ချင်း သက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းနှင့် ပတ်သက်၍ မတွေ့ရတာကတော့ အမေးရှိ၍ ဖြေရသဖြင့် မေးသလောက်ပဲ ဖြေထားလို့ မတွေ့ရတာလို့ပဲ မှတ်ပါ။

ပရိဒေဝ၊ သောကမီး လောင်နေချိန်မှ သက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းဟာ အကျိုး များ.မများနှင့် ပတ်သက်၍ ဖြေရလျှင် သောကပရိဒေဝမီးဆိုတာ အကုသိုလ်တွေပါ။ အကုသိုလ်ဖြစ်နေချိန် ကုသိုလ်ဖြစ်အောင် လုပ်ရတော့ လုပ်သလောက် အကျိုးမရဘူးပေါ့။ ရသင့်သလောက်တော့ ရတာပေါ့။

ရှင်းရှင်းပြောရရင် ပကတိ စိတ်ကြည်လင် သဒ္ဓါစေတနာ ထက်သန်တဲ့အခါမှာ လုပ်သလောက်တော့ မရဘူးပေါ့။ သို့မရသော်လည်း အသက်ပျောက်တဲ့သူမှာ တကယ်လို့များ ဆွမ်းသွတ်လို့ ကျွတ်လွတ်နိုင်တဲ့ဘဝမျိုး ရောက်သွားရင် အမြန်ကျွတ်လွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သွတ်ခြင်းပါပဲ။

အဲဒီလို ကျွတ်လွတ်အောင် သွတ်နိုင်ရင်တော့ အကျိုးများပါတယ်။ ယခုခေတ်လို သောကပရိဒေဝမီး တောက်သထက်.တောက်အောင် ဆိုင်းတွေ ဗုံတွေနဲ့ ဆိုရင်တော့ အကျိုးမများပါ။

ဆက်လက် လုပ်သင့်.မလုပ်သင့်ဆိုတဲ့ ပြဿနာကို ဖြေရရင် အကျိုးများများ အကျိုးရှိရှိရရှိအောင် လုပ်နိုင်လျှင် ဆက်လက် လုပ်သင့်ပါသည်။ အကျိုး မများ အကျိုး မရှိ လုပ်မယ်ဆိုရင်တော့ အသက်ပျောက်တဲ့လူ လည်း ကျွတ်မှာ မဟုတ်တော့ မလုပ်တာပဲ ကောင်းပါသည်။

ဘုရားရှင်လက်ထက်က သက်ပျောက်ဆွမ်းသွတ်တယ်လို့ သီးခြား မတွေ့ရပါ။ သေသူကို ရည်မှန်းပြီး လှူဒါန်း အမျှဝေတာတော့ တွေ့ရပါတယ်။

အဲဒီလို သေသူကို ရည်မှန်းပြီး အမျှဝေတဲ့အခါမှာ ယခုခေတ်လို ပကာသနတွေ ခြံရံပြီး အပူသောကမီး တွေ ပွားစေရန် ဆိုင်းဗုံတွေ မပါ.ပါ။

မြင့်မြတ်တဲ့ အလှူခံ ရဟန်း သံဃာတော်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဆိုတဲ့ ပစ္စည်းတွေကို သေသူ ရည်မှန်းပြီး လှူဒါန်းကာ အမျှဝေလိုက်တာပဲ တွေ့ရပါသည်။

ယင်းသို့ ပြုလုပ်သဖြင့် ကျွတ်လွတ်သွားတာလည်း တွေ့ရပါသည်။ သို့ဖြစ်၍ ယင်းသို့ ပကာသနမဖက်ဘဲ ဆိုင်းဗုံ စသည်တွေလည်း မပါစေဘဲ အပူသောကမီး ငြိမ်းအေးတဲ့အခါမှာ ပြုလုပ်လျှင် ကောင်းပါသည်။

သေလွန်ပြီးသူကို တရားနာဖိတ်ခြင်းနှင့် ပတ်သက်၍ ဖြေရလျှင်တော့ သေသူရဲ့ မူလ လူ့ဘဝကနာမည် ကို ခေါ်ပြီး ဥပမာ "မောင်ဖြူ မင်းအတွက်ရည်မှန်း လှူဒါန်းအမျှဝေမလို့၊ လာရောက်ပြီး သရဏဂုံသီလယူပါ၊ တရားနာပါ၊ အမျှဝေတဲ့အခါ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်လှည့်ပါ" လို့ မိမိတို့ ကုသိုလ်ပြုရာ အရပ်က ပင် ဖိတ်ရပါမည်။ သေတဲ့သူ မြှုပ်ထားသည့် သုသာန်သွားပြီး ဖိတ်စရာ မလိုပါ။ဖိတ်လျှင်လည်း မများနိုင်ပါ။

ဤမျှလောက်ဆိုလျှင် မေးခွန်း(၁)အတွက် ပြေလည်လောက်ပါပြီ။ ယခု အမှတ်(၂)မေးခွန်းကို ဖြေရအောင်။

## မေးခွန်း (၂) အဖြေ

အလှူဒါန လုပ်ရာတွင် ရေစက်ချခြင်း ရည်ရွယ်ချက် အကျိုးသက်ရောက်ပုံ စတင်ခဲ့သည့် ကာလ နှင့် ပတ်သက်၍ ဖြေရလျှင်တော့ ဒါနဝတ္ထုမှာ ကြည့်ပါလို့ ညွှန်ကြားလိုက်ပါသည်။

အကျိုးသက်ရောက်တာကတော့ ယခုခေတ်လို ရေစက်ချအမျှဝေလျှင် ပရိသတ်အများ သာဓု အနုမောဒနာ ခေါ်ရတော့ အကျိုးများပါသည်။

စတင်ခဲ့သည့် ကာလကတော့ ရှေးရှေးခေတ်ကာလတွေတည်းက စခဲ့ပါသည်။ သို့သော် ရှေးရှေးက ရေစက်ချနှင့် ယခုရေစက်ချမှာ မတူပါ။ ရှေးရှေးက ရေစက်ချရာမှာ အလှူခံပုဂ္ဂိုလ်လက်ထဲသို့ ရေသွန်ချလိုက်ပြီး လှူဖွယ်ပစ္စည်းများကို အလှူခံအား လှူလိုက်ပါသည်။

ယခုခေတ် ရေစက်ချမှာတော့ မျက်မြင်အတိုင်းပင် ဖြစ်ပါသည်။ ယင်းအကြောင်းလည်း "ဗုဒ္ဓသက်သတ် လွတ်" တွင် ရှင်းထားပါသည်။ ယင်းတွင် ဖတ်ရှုပါ။

## မေးခွန်း (၃) အဖြေ

ဘုရားကိုးဆူ ကပ်ခြင်းနှင့် ပတ်သက်၍ အမေးရှိ၍ ဗုဒ္ဓဓမ္မပြဿနာများ (၄)တွင် ဖြေထားပြီး ဖြစ်ပါ သည်။ ယင်းကို ဖတ်ရှုကြည့်ပါလျှင် (.......)ရဲ့အမေးပုစ္ဆာတွေအားလုံး ပြေလည်သွားပါလိမ့်မည်။ သို့ပါ၍ ဤတွင် ယင်းအမေးကို မဖြေလိုက်ပါ ဖြေပြီးဟု မှတ်ပါ။

## မေးခွန်း (၄) အဖြေ

"မသာ.တစ်ခေါက် ကျောင်း.ဆယ်ခေါက်" ဆိုသည်မှာ မသာ.တစ်ခေါက် သွားသည့် ကုသိုလ်နှင့် ကျောင်း. ဆယ်ခေါက်သွားသည့် ကုသိုလ် တူညီတယ်လို့ ဆိုလိုတဲ့ အဓိပ္ပာယ်ပါပဲ။

တစ်နည်းပြောရရင် မသာသို့ တစ်ခေါက်သွားလို့ရတဲ့ သံဝေဂနဲ့ ကျောင်းသို့ ဆယ်ခေါက်သွားလို့ရတဲ့ သံဝေဂ တူညီတယ်လို့ ဆိုလိုတဲ့ အဓိပ္ပာယ်ပါပဲ။

သဘောကတော့ ဒီလိုပါ။ ကျောင်းသို့ ရောက်တဲ့အခါ ဆရာတော် သံဃာတော်တွေက တရားဟောလို့ တရားနာရတဲ့အခါ ကုသိုလ်တွေ ရပါတယ်။ သံဝေဂတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အားနည်းတတ်ပါတယ်။ အရ နည်းတတ်ပါတယ်။ ဒီတော့ ဆယ်ခေါက်သွားမှ နည်းနည်းပဲ ရတယ်ပေါ့။

မသာတစ်ခေါက် သွားတဲ့အခါမှာတော့ ကိုယ့်လိုလူ တစ်ယောက်က သေပြီး ပုပ်ပွ အသုံးမကျတဲ့ ဘဝ ရောက်သွားတာကို မျက်မြင်ကိုယ်တွေ့ ဖြစ်တော့ "ငါလည်း တစ်နေ့ကျ သူ့လိုပဲ ဖြစ်ရမှာပဲ" လို့ သေသူရဲ့ အသုဘ သဘောကို မိမိကိုယ်ပေါ် တင်ကြည့်လိုက်တော့ မိမိကိုယ်ရဲ့ တန်ဖိုးမရှိပုံ၊ အသုဘဖြစ်ပုံ၊ မသာဖြစ်ပုံကို မြင်လာမယ်၊ သိလာမယ်ပေါ့။

အဲဒီလို မြင်သိလာခြင်းဟာ ကျောင်းဆယ်ခေါက်သွားလို့ ရတဲ့ ကုသိုလ် သံဝေဂနဲ့ တူတယ်ဆိုတဲ့ သဘောပြောတာပဲ။

ဒီတော့ အကျိုးများများ ရစေရန် သေသူ အသုဘရဲ့ သဘာဝကို မိမိကိုယ်ပေါ်သို့ တင်ပြီးတော့ ရှုပွားပြီး အသုဘပို့ပါ။ မသာသွားပါ။ အဲဒီလို မသာရဲ့ သဘာဝကို ကိုယ်ပေါ်တင်လိုက်တော့ ကိုယ့်ကိုယ်ကြီးအသုံးမကျပုံ မြင်တဲ့အခါ ဒီကိုယ်အတွက် တွယ်တာမှုတွေ ကင်းလာမယ်။ တွယ်တာမှု ကင်းတော့ ဒီကိုယ်အတွက် အကုသိုလ်ပြု ပြီး အသက်မမွေးတော့ဘူးပေါ့။ ကုသိုလ်ပဲ ရှာတော့မယ်ပေါ့။

မသာသွားတတ်ရင် အဲဒီလို အကုသိုလ်ကြောက် ကုသိုလ်ရောက်ပြီး အကျိုးရှိလို့ မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်လို့ ဆိုတာလို့ သဘောပေါက်ပြီး အဲဒီလို ဖြစ်အောင် နလုံးသွင်းပြီး ပို့ပါ။

သို့သော် ဒီခေတ်အနေနဲ့ကတော့ အသုဘကို သုဘလုပ်ပြီး တန်ဆာဆင်ချတော့ ပို့သူတွေကလည်း ပွဲနေပွဲထိုင်သွားတာကျနေတာပဲ။ ကျော့လို့ မော့လို့ဆိုတော့ အသုဘသဘော မထင်ဘဲ ကုသိုလ်လည်း မဝင်ဘဲ လှစည်ကားတဲ့ အသုဘ၊ အဆင်အပြင်လှတဲ့ အသုဘတွေ့လျှင် ဒီလိုဆို ငါတောင် သေချင်သေးတယ် ဖြစ်တတ်ပါတယ်။ အဲဒီလို အသုဘပို့နည်းကား မသာတစ်ခေါက် သွားနည်းကားကတော့ ဆယ်ခေါက်သွားလည်း မထူးပါ။

အမှန်ကတော့ မတင့်တယ်တဲ့ အသုဘကို မတင့်တယ်တဲ့ အသုဘသဘောအတိုင်း ချခြင်းက လူအများကို ကုသိုလ်ပွားစေပါတယ်။ မေ့လျော့ခြင်း ကင်းစေပါတယ်။

အသုဘကို သုဘလုပ်ပြီးချတော့လူတစ်ယောက်လုံး ဆုံးထားရတဲ့အထဲမှာ ထပ်ပြီး ပကာသနတွေ လွှမ်းရတော့ နှစ်ထပ်ကွမ်း ဆုံးရပါတယ်။ ပစ္စည်းလည်းဆုံး၊ လူလည်းဆုံးပေါ့။

ဒီခေတ်မှာ (.......)တို့လို အသိဉာဏ် ရှေ့သွားရှိတဲ့ လူငယ်တွေ များစွာလိုလာပါတယ်။ မိမိစာရေးတဲ့ ရည်ရွယ်ချက်မှာလည်း (.......)တို့လို ခေတ်အမြင်ရှိသူတွေအတွက် ခေတ်ပြင်စာပဲ ရေးတာပါပဲ။ ရှေ့လည်း ဆက်လက်ပြီး ရေးပါဦးမယ်။

## မေးခွန်း (၅) အဖြေ

ကထိန်သင်္ကန်း ကပ်လှူရာမှာ ဆင်းရဲနွမ်းပါးသော ရဟန်းသံဃာများကိုသာ လှူရန် ပညတ်ထားသည်ဟု သိချက်ကတော့ တစ်ဝက်မှန် တစ်ဝက် မမှန်ပါပဲ။

အဲဒီအကြောင်းကို မဖြေကြားမီ ကထိန်ရဲ့အဓိပ္ပာယ်ကို အဦးအစ ပြောပြပါမယ်။

၁။ ငါးပါးသော အာနိသင်တို့ကို သီမင္ဂကသံဃာ အတွင်း၌ပြုခြင်းငှာ စွမ်းနိုင်၍မြဲမြံနိုင်ခဲ့တည်တံ့တဲ့ အနက်သဘော သတ္တိရှိသည်၏ အဖြစ်ကြောင့် ကထိန်လို့ ခေါ်ပါတယ်။

၂။ တစ်မျိုးပြောရရင် ငါးပါးသော အာနိသင်တွေကို သီမင္ဂက သံဃာအတွင်းမှ အပသို့သွားခြင်းငှာ မပေးဘဲ သိမ်းပိုက်နိုင်၍မြဲမြံနိုင်ခဲ့ တည်တံ့တဲ့ အနက်သဘော သတ္တိရှိသည်၏ အဖြစ်ကြောင့် ကထိန်လို့ ခေါ်ပါတယ်။

၃။ တစ်နည်းပြောရရင် ကောင်းမွန်လှစွာ ရသ ဩဇာနှင့် ပြည့်စုံသော မြေပြင်အရပ်၌ မစိုက်မပျိုးဘဲ မြဲမြံစည်ကားစွာ အလိုအလျောက် ပေါက်ရောက်လာသော သစ်ပင်ကြီးကဲ့သို့ မချို့ပြည့်စုံစွာ အနာမန္တ စသည် ငါးအင် အာနိသင်တို့ဖြင့် စည်ပင်တည်တံ့ ခိုင်ခံ့မြဲမြံသော အနက်သဘောကြောင့် ကထိန်လို့ ခေါ်ပါတယ်။

ဒီလောက်ဆိုရင် ကထိန်သဘော ပေါက်လောက်ပြီပေါ့နော်။ ရှင်းရှင်းပြောရရင် ကထိန်ခင်းတာ ချမ်းသာတဲ့ ကျောင်းပဲ ဖြစ်ဖြစ်၊ ဆင်းရဲတဲ့ ကျောင်းပဲ ဖြစ်ဖြစ် အဲဒီကျောင်းထဲမှာ ရှိနေတဲ့ သံဃာတော်တွေမှာ ကထိန်အကျိုး အာနိသံသငါးပါး ရစေချင်လို့ ခင်းရတယ်လို့ မှတ်ပါ။

ဒီတော့ ကထိန်သင်္ကန်းဟာ ဆင်းရဲရဲ ချမ်းသာသာ တစ်ကျောင်းလုံးရှိ သံဃာအားလုံးကို ရည်မှန်းခင်းရတယ်လို့ မှတ်ပါ။

အဲဒီလို ဒကာ ဒကာမတွေက တစ်ကျောင်းလုံးရှိ သံဃာအားလုံးကို ရည်မှန်းပြီးတော့ လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းကိုမှ အဲဒီကျောင်းတိုက်မှာရှိတဲ့ သင်္ကန်းဆင်းရဲနွမ်းပါးတဲ့ ရဟန်းကို အဲဒီ ကထိန်သင်္ကန်း ပေးရပါတယ်။

တကယ် ကထိန်ခင်းတာကတော့ သင်္ကန်းတစ်ထည်တည်းနဲ့သာ ခင်းတာပါပဲ။ ကျန်တဲ့ သင်္ကန်းတွေက အဲဒီ ကထိန်သင်္ကန်းရဲ့အကျိုးသင်္ကန်းတွေ ဖြစ်ပါတယ်။

အဲဒီသင်္ကန်းနဲ့ ကထိန်ခင်းလိုက်တော့ အားလုံး ကျောင်းရှိသံဃာ အားလုံးမှာ -

### ကထိန်အာနိသင် ငါးပါး

၁။ ဘောဇဉ်ဖြင့် ပင့်ဖိတ်သည်ကို လက်ခံထားသော ရဟန်းဟာ ထင်ရှားရှိတဲ့ ရဟန်းတစ်ပါးထံ မပန်မကြားဘဲ ချမ်းသာစွာ တစ်ပါးသော ဒါယကာအိမ်သို့ သွားလာသဖြင့် အာပတ်မသင့်ခြင်းဆိုတဲ့ အကျိုး။

၂။ အမည်ဖြင့် အဓိဋ္ဌာန်တင်ထားသော တိစီဝရိက်သင်္ကန်းတို့ကို အရပ်တစ်ပါး သွားလေရာရာ မဆောင်မယူ လွယ်ကူလိုရာ ကိုယ်ချည်းသာလျှင် ချမ်းသာစွာ သွားလာတော်မူသဖြင့် အာပတ်မသင့်ခြင်းဆိုတဲ့ အကျိုး။

၃။ မှားသော ဖိတ်ခြင်း၊ မအပ်မစပ်သော ဖိတ်ခြင်းဖြင့် ဖိတ်အပ်သော ဂဏဘောဇဉ်ကို လေးပါး ထက်အလွန် တစ်ပါးတည်းခံ၍ စားရခြင်း၌ အပြစ်ကင်းခွင့်ရ အာပတ်မသင့်ခြင်းဆိုတဲ့ အကျိုး။

၄။ ငါးလအတွင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အလိုရှိတိုင်း ရသမျှ သင်္ကန်းတို့ကို သိမ်းမြန်းသုံးဆောင်တော်မူရသဖြင့် အာပတ်မသင့်ခြင်း အကျိုး။

၅။ ကထိန်ခင်းရာ တိုက်တာအတွင်း၌ အချင်းခပ်သိမ်း ဖြစ်သမျှ သံဃိက သင်္ကန်းတို့ကို ကထိန်ခင်းအပ်၊ အရှင်မြတ်တို့သာ ဆက်လက်သိမ်းမြဲ အလုံးစုံ ရထိုက်တော်မူခြင်းဆိုတဲ့ အကျိုး။

အဲဒီ အကျိုးအာနိသံသ ငါးပါးရပါတယ်။ အဓိကတော့ အဲဒီ အကျိုးငါးပါး ရစေချင်လို့ ကထိန်ခင်းတာလို့ မှတ်ပါ။

(……)အဲဒီကထိန်နဲ့ ပတ်သက်တဲ့ ဝေါဟာရတွေတော့ နားလည်ချင်မှ နားလည်ပါမည်။ နားလည်အောင်ရှင်းရရင်လည်း သိပ်ရှည်သွားမှာစိုးလို့ မရှင်းနိုင်ပါ။ နီးစပ်ရာ ရဟန်းသံဃာတွေထံမှာ တစ်ဆင့်ထပ်မေးပါ။

ခေတ္တပစ္စည်းစွန့်ပြီး အလှူခံပစ္စည်းကို အလှူခံခြင်းသဘောကိုတော့ တကယ့်ဝိနည်းကျင့်ဝတ်နှင့်အညီ နေတော်မူကြတဲ့ သာသနာတော်ကို ချစ်မြတ်နိုးသူ ရဟန်းသံဃာတော်ကောင်းတွေဟာ လုပ်လေ့လုပ်ထ ရှိတာကို မတွေ့ရပါ။

စွန့်တယ်ဆိုတာ ခေတ္တစွန့်လျှင်လည်း အစွန့် မမြောက်ပါ။ အပြီးအာသာပြတ် အာလယပြတ်စွန့်မှ အစွန့်မြောက်ပါသည်။ အာလယပြတ် အပြီးစွန့်လျှင်လည်း ကိုယ်ပြန်ပြီး အလှူမခံတော့ပါ။

ယင်းကိုထောက်လျှင် ဗုဒ္ဓသာသနာတော်ကို လှည့်စားရာ ကျ,မကျ (……)ကိုယ်တိုင် သိနိုင်လောက်ပါပြီ။

(……)အမေးတွေက တစ်ခုချင်းကို တော်တော်ကျယ်ကျယ်ဖြေဖို့ ကောင်းပါတယ်။ ဒါပေမဲ့ ပြဿနာက (၅)ခုတောင်ဆိုတော့ ဒီမျှပဲ အကျဉ်းချုပ် ဖြေပါရစေတော့။

မရှင်းလင်းသေးတဲ့ တခြားရှိသေးရင်လည်း မေးနိုင်ပါတယ်။ အများလည်း အကျိုးများ သာသနာတော်လည်း အကျိုးများပါလျှင် ဖြေပါမည်။

ကျန်းမာချမ်းသာစွာနှင့် တိကျမှန်ကန်သော သာသနာရေးကို အားပေးချီးမြှောက်နိုင်ပါစေသော်။

ကျန်းမာချမ်းသာစွာနှင့်
ဓေဒဂ်အရှင်ပညာဇောတ
ဓမ္မဒူတတောရ
တောင်စွန်းမြို့ ဘီးလင်းမြို့နယ်
မွန်ပြည်နယ်

✦ မသိတာကို၊ သိအောင်ဆို၊ ထိုထိုမေးရမည်။
✦ မမေးမမြန်း၊ ပညာကန်း၊ မေးမြန်းပညာစည်။
✦ မမေးမြန်းငြား၊ ပညာရှား၊ အမှားပြုတော့မည်။
✦ အမှားပြုက၊ အပါယ်ကျ၊ ဒုက္ခများတော့မည်။
✦ မေးမြန်းသိက၊ မှန်ပြုရ၊ သုခပွားတော့မည်။

# အရှင်ဘုရားကော မပြောင်းသေးဘူးလား

(၁၄၄)

"အဆင်းသာရှိ၍ အနံ့မရှိသော၊ တင့်တယ်လှပသော ပေါက်ပွင့် စသော ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော ဘုရားတရား၊ ဘုရားစကားတော်သည် မလိုက်နာ မကျင့်ကြံသူအား အကျိုးကို မဆောင်နိုင်"

(ဓမ္မပဒ)

"အဆင်း အနံ့ ပြည့်စုံ၍ တင့်တယ်လှပသော စံပယ်၊ စကား စသော ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော ဘုရားတရား ဘုရားစကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏"

(ဓမ္မပဒ)

အထက်ဖော်ပြပါတရားဂါထာတော်ကို အဖန်ဖန် ဖတ်ရှု၍ စဉ်းစားကြည့်ပါလျှင် အဓိပ္ပာယ်မှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတော့သည်။ ရှင်းစရာပင် မလိုပါ။

## ပရိယတ်သမား

ယင်းသို့ ကျင့်ကြံသူအား အကျိုးကို တကယ်ဆောင်သော ဗုဒ္ဓတရားတော်တွေကို စည်ပင်ပြန့်ပွား အကျိုးများရန် လုပ်ငန်းမှာ "ပရိယတ်လုပ်ငန်း" ပင် ဖြစ်၏။

ယင်းပရိယတ်လုပ်ငန်းမှာအရာကျယ်၏။ ယင်းကို အရင်းအမြစ်ကျကျ သိဖို့လို၏။ ပရိယတ်တွင် ကျက်.မှတ်.နာကြား. ဟောကြား. သင်အံ ပို့ချမှု စသည်ဖြင့် အခန်းအပိုင်း အရပ်ရပ် ပါဝင်လျက် ရှိ၏။

ယင်းအရပ်ရပ်ကို ခေတ်အနေနဲ့ ခွဲလိုက်သည် ရှိသော် "သင်ပရိယတ်၊ ဟောပရိယတ်" ဟူ၍ နှစ်ပိုင်း ခွဲနိုင်သည်။ ယင်းနှစ်ပိုင်းတွင် ပါဝင်သူအားလုံးသည် ပရိယတ်သမားတွေပင် ဖြစ်သည်။

၄။ ငါးလအတွင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အလိုရှိတိုင်း ရသမျှ သင်္ကန်းတို့ကို သိမ်းမြန်းသုံးဆောင်တော်မူရသဖြင့် အာပတ်မသင့်ခြင်း အကျိုး။

၅။ ကထိန်ခင်းရာ တိုက်တာအတွင်း၌ အချင်းခပ်သိမ်း ဖြစ်သမျှ သံဃိက သင်္ကန်းတို့ကို ကထိန်ခင်းအပ်၊ အရှင်မြတ်တို့သာ ဆက်လက်သိမ်းမြဲ အလုံးစုံ ရထိုက်တော်မူခြင်းဆိုတဲ့ အကျိုး။

အဲဒီ အကျိုးအာနိသံသ ငါးပါးရပါတယ်။ အဓိကတော့ အဲဒီ အကျိုးငါးပါး ရစေချင်လို့ ကထိန်ခင်းတာလို့ မှတ်ပါ။

(......)အဲဒီကထိန်နဲ့ ပတ်သက်တဲ့ ဝေါဟာရတွေတော့ နားလည်ချင်မှ နားလည်ပါမည်။ နားလည်အောင်ရှင်းရရင်လည်း သိပ်ရှည်သွားမှာစိုးလို့ မရှင်းနိုင်ပါ။ နီးစပ်ရာ ရဟန်းသံဃာတွေထံမှာ တစ်ဆင့်ထပ်မေးပါ။

ခေတ္တပစ္စည်းစွန့်ပြီး အလှူခံပစ္စည်းကို အလှူခံခြင်းသဘောကိုတော့ တကယ့်ဝိနည်းကျင့်ဝတ်နှင့်အညီ နေတော်မူကြတဲ့ သာသနာတော်ကို ချစ်မြတ်နိုးသူ ရဟန်းသံဃာတော်ကောင်းတွေဟာ လုပ်လေ့လုပ်ထ ရှိတာကို မတွေ့ရပါ။

စွန့်တယ်ဆိုတာ ခေတ္တစွန့်လျှင်လည်း အစွန့် မမြောက်ပါ။ အပြီးအသာသပြတ် အာလယပြတ်စွန့်မှ အစွန့်မြောက်ပါသည်။ အာလယပြတ် အပြီးစွန့်လျှင်လည်း ကိုယ်ပြန်ပြီး အလှူမခံတော့ပါ။

ယင်းကိုထောက်လျှင် ဗုဒ္ဓသာသနာတော်ကို လှည့်စားရာ ကျ,မကျ (......)ကိုယ်တိုင် သိနိုင်လောက်ပါပြီ။

(......)အမေးတွေက တစ်ခုချင်းကို တော်တော်ကျယ်ကျယ်ဖြေဖို့ ကောင်းပါတယ်။ ဒါပေမဲ့ ပြဿနာက (၅)ခုတောင်ဆိုတော့ ဒီမျှပဲ အကျဉ်းချုပ် ဖြေပါရစေတော့။

မရှင်းလင်းသေးတဲ့ တခြားရှိသေးရင်လည်း မေးနိုင်ပါတယ်။ အများလည်း အကျိုးများ သာသနာတော်လည်း အကျိုးများပါလျှင် ဖြေပါမည်။

ကျန်းမာချမ်းသာစွာနှင့် တိကျမှန်ကန်သော သာသနာရေးကို အားပေးချီးမြှောက်နိုင်ပါစေသော်။

ကျန်းမာချမ်းသာစွာနှင့်<br>
ဇေတဒ်အရှင်ပညာဇောတ<br>
ဓမ္မဒူတတောရ<br>
တောင်စွန်းမြို့ ဘီးလင်းမြို့နယ်<br>
မွန်ပြည်နယ်

✦ မသိတာကို၊ သိအောင်ဆို၊ ထိုထိုမေးရမည်။
✦ မမေးမမြန်း၊ ပညာကန်း၊ မေးမြန်းပညာစည်။
✦ မမေးမြန်းဘြား၊ ပညာရှား၊ အမှားပြုတော့မည်။
✦ အမှားပြုက၊ အပါယ်ကျ၊ ဒုက္ခများတော့မည်။
✦ မေးမြန်းသိက၊ မှန်ပြုရ၊ သုခပွားတော့မည်။

# အရှင်ဘုရားကော မပြောင်းသေးဘူးလား

(၁၄၄)

"အဆင်းသာရှိ၍ အနံ့မရှိသော၊ တင့်တယ်လှပသော ပေါက်ပွင့် စသော ပန်းသည် ပန်ဆင်သူအား အနံ့ တည်းဟူသော အကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော ဘုရားတရား၊ ဘုရား စကားတော်သည် မလိုက်နာ မကျင့်ကြံသူအား အကျိုးကို မဆောင်နိုင်"

(ဓမ္မပဒ)

"အဆင်း အနံ့ ပြည့်စုံ၍ တင့်တယ်လှပသော စံပယ်၊ စကား စသော ပန်းသည် ပန်ဆင်သူအား အနံ့တည်း ဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော ဘုရားတရား ဘုရားစကားတော် သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏"

(ဓမ္မပဒ)

အထက်ဖော်ပြပါ တရားဂါထာတော်ကို အဖန်ဖန် ဖတ်ရှု၍ စဉ်းစားကြည့်ပါလျှင် အဓိပ္ပာယ်မှာ လယ်ပြင်မှာ ဆင်သွား သလို ထင်ရှားလှပါတော့သည်။ ရှင်းစရာပင် မလိုပါ။

## ပရိယတ်သမား

ယင်းသို့ ကျင့်ကြံသူအား အကျိုးကို တကယ်ဆောင်သော ဗုဒ္ဓတရားတော်တွေကို စည်ပင်ပြန့်ပွား အကျိုးများရန် လုပ်ငန်းမှာ "ပရိယတ်လုပ်ငန်း" ပင် ဖြစ်၏။

ယင်းပရိယတ်လုပ်ငန်းမှာ အရာကျယ်၏။ ယင်းကို အရင်းအမြစ်ကျကျ သိဖို့လို၏။ ပရိယတ်တွင် ကျက်.မှတ်.နာကြား. ဟောကြား. သင်အံ ပို့ချမှု စသည်ဖြင့် အခန်းအပိုင်း အရပ်ရပ် ပါဝင်လျက် ရှိ၏။

ယင်းအရပ်ရပ်ကို ခေတ်အနေနဲ့ ခွဲလိုက်သည် ရှိသော် "သင်ပရိယတ်၊ ဟောပရိယတ်" ဟူ၍ နှစ်ပိုင်း ခွဲနိုင်သည်။ ယင်းနှစ်ပိုင်းတွင် ပါဝင်သူအားလုံးသည် ပရိယတ်သမားတွေပင် ဖြစ်သည်။

## ဒွန်တွဲနေသည်

ပရိယတ်သမားသည်ပရိယတ်လုပ်ငန်းကိုဇောက်ချ၍သင်စဉ်ဟောစဉ်မှာလည်းပရိယတ်ကလာတဲ့အတိုင်း အကျင့်ပဋိပတ် ပါရမည်ဖြစ်သည်။ ပရိယတ်တခြား၊ ပဋိပတ်တခြား ဒီလိုသဘောထားရန် မဟုတ်ပေ။

ပရိယတ်နှင့် ပဋိပတ် ခွဲခြားလို့လည်း မရပေ။ နှစ်ခုမှာ ဒွန်တွဲနေ၏။ မှန်၏။ ပရိယတ်ကို သင်နေစဉ် ဟောနေစဉ် သူ့တွင် သီလ ရှိနေ၏။ သမာဓိ ရှိနေ၏။ လောကီဝိပဿနာပညာလည်း ရှိသင့်သလောက် ရှိနေ၏။

သို့ဖြစ်၍ သင်အံပို့ချ ဟောပြောပြသနေသော ပရိယတ်သမားကို "ပဋိပတ်အကျင့် မရှိသူ" ဟူ၍ မပြောသင့်ပါ။ မစွပ်စွဲသင့်ပါ။

## ပဋိပတ်သမား

တစ်ဖန် ပဋိပတ်သက်သက် လုပ်နေပါသည်ဟု ပဋိပတ်သမား အမည်ခံသူတွင်လည်း ပရိယတ် ရှိနေပါသည်။ သူလည်း ပရိယတ်နှင့် မကင်းချေ။ ပရိယတ်ကို ဖယ်ထား၍မရပေ။ ပဋိပတ်သမားသည် ယင်းပဋိပတ်ကို ပရိယတ်နှင့် ဆက်သွယ်ယူရသည်။

မှန်၏။ မိမိ၏ အကျင့် ပဋိပတ်ကို ပဋိပတ်သက်သက်ဖြင့် ကျယ်ပြန့်အောင် မပြနိုင်။ ပရိယတ်နှင့်မှ ကျယ်ပြန့်အောင် ပြနိုင်သည်။

## ဒွန်တွဲနေသည်

တစ်ဖန် ပဋိပတ်နှင့် ပရိယတ်သည်လည်း ဒွန်တွဲနေသည်။ တစ်ခုနှင့်တစ်ခု ကင်း၍ မရပါ။ ခွဲလည်း မခွဲသွားပါနှင့်။ ရှေ့သွားနောက်လိုက်သာ ကွာပါသည်။

အသို့ကွာသနည်း။ ပရိယတ်သမားသည်ပရိယတ်ကိုဇောက်ချဆောင်ရွက်နေခိုက်ပရိယတ်အားကောင်း၍ပရိယတ်ရှေ့သွားဖြစ်၏။ ပဋိပတ်အားနည်းတတ်သည်။ ပဋိပတ် လုံးဝမပါတော့ မဟုတ်ချေ။

ယင်းအတူပင် ပဋိပတ်သမားသည် ပဋိပတ်ကို ဇောက်ချဆောင်ရွက်နေခိုက် ပဋိပတ်အားကောင်း၍ ပဋိပတ် ရှေ့သွားဖြစ်၏။ ပရိယတ် အားနည်းတတ်သည်။ ပရိယတ် လုံးဝ မပါတော့ မဟုတ်ချေ။ ပါသည်သာ ဖြစ်၏။

## မပယ်သင့်

ယင်းသို့ ပရိယတ်နှင့် ပဋိပတ်သည် အချင်းချင်း အညမညအနေဖြင့် ကျေးဇူးပြုနေရကား တစ်ခုခု လွန်ကဲပြီး တစ်ခုခုကို မပယ်သင့်ပေ။ ပယ်လျှင်လည်း မိမိလုပ်ငန်းသည် မှန်ကန်နိုင်မည်လော။ မမှန်ကန်နိုင်ပေ။

ပရိယတ်နှင့် ပဋိပတ် နှစ်ခုမှာ ဒွန်တွဲနေသည့်အလျောက် နှစ်ခုလုံး လွန်ကဲပါမူကား "အချိုမှာ သကာလောင်း" ဘိသကဲ့သို့ သာ၍ သာ၍ မကောင်းပါလော။ ကောင်းလှတော့သည်သာ။

## အကဲ့ရဲ့ ခံရတတ်သည်

ကောင်းအောင်လည်း ကြိုးစားသင့်၏။ သို့မဟုတ်က ဉာဏ်မျက်စိ အမြင်ရှိသူတို့၏ အဝေဖန် ခံရမည်။ အကဲ့ရဲ့ ခံရတတ်သည်။ မိမိ၏ လုပ်ငန်းလည်း မအောင်မြင်ပေ။ ယင်းစကားကို မိမိသည် သာဓကမရှိ ရေးသားသည်မဟုတ်ပေ။ သာဓကနှင့် ရေးသားခြင်း ဖြစ်သည်။ သာဓကကားအဘယ်နည်း။

တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် ဆယ်ရက်စခန်း တရားပြနေသည်။

တစ်နေ့ညနေ အားလပ်ချိန်တွင် ဒကာ ဒကာမ ကြီးငယ်တစ်စု ရောက်လာပြီး ရှိခိုး ထိုင်ကြသည်။ ရောက်လာသူများမှာ ရှေးယခင်က ရင်းနှီးပြီးသူများ ဖြစ်ကြ၏။ ပြောရဲ ဆိုရဲသူများ ဖြစ်ကြ၏။

တရားဓမ္မရေးများ ပြောဆိုကြသည်။ မေးကြလျှောက်ကြသည်။ ယင်းသို့မေးလျှောက်ရင်းမှ ဒကာမကြီးတစ်ယောက်က မေးလျှောက်သည်။

"သူများတွေတော့ ပြောင်းကုန်ပြီ၊ အရှင်ဘုရားကော မပြောင်းသေးဘူးလား"

"သူများတွေဆိုတာ ဘယ်သူတွေလဲ၊ သူတို့က ဘယ်ပြောင်းလဲ၊ ဘုန်းကြီးကလည်း ဘယ်ပြောင်းရမလဲ"

မိမိမှာ မေးမြန်းလျှောက်ထားသူ ဒကာမကြီး၏ အမေးကို မရှင်းလင်းသဖြင့် ယင်းသို့ပင် ပြန်မေးလိုက်သည်။

"သူများတွေဆိုတာ တပည့်တော်တို့ တွေ့ရတဲ့ ဓမ္မကထိကအချို့ ပြောတာပါဘုရား"

"အင်း - ဓမ္မကထိကအချို့ဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

"ဓမ္မကထိကအချို့ဟာ ဟို - ဟောခါစတုန်းကတော့ အတော်သားဘုရား၊ ဟောလို့ လူကြိုက်များလာ၊ ဘုန်းကြီးလာပြီဆိုရင် ပြောင်းသွားရောဘုရား"

"ဘယ်ပြောင်းသွားလဲ"

မိမိမှာ ဒကာမကြီးထံမှ စကားလိုချင်သည်နှင့် စကားတောင်းလိုက်ခြင်းဖြစ်သည်။

"ပြောင်းသွားဆိုတာ ရှေးက သွားသလို မသွားနိုင်တော့ဘူး၊ ရှေးက စားသလိုလည်း မစားနိုင်တော့ဘူး၊ ရှေးက ထားသလိုလည်း မနေနိုင်ဘူး၊ ရှင်းရှင်းပြောရရင် ဘဝင်ကိုင်လာတယ် ပေါ့ဘုရား"

"ဩော် - အသက်ကကြီးလာတော့ အစားအသောက်၊ အနေအထိုင်၊ အသွားအလာတွေဟာ ဘယ်ကလာ ရှေးကနဲ့ တူနိုင်တော့မှာလဲ၊ ပြောင်းရတော့တာပေါ့"

"ယခုပြောင်းတာက အသက်ကြီးလို့ ပြောင်းတာမျိုး မဟုတ်ဘူးဘုရား၊ ဘုန်းကြီးလာလို့ ဘဝင်ကိုင်ပြီး ပြောင်းတဲ့ အပြောင်းမျိုးဘုရား"

## မကျင့်တတ်ဘူး

"အင်း - ရှိမှာပေါ့၊ တချို့တချို့ ဓမ္မကထိကတွေဟာ သူများတွေ ဟောဖို့ ပြောဖို့လောက်သာ အမြဲတမ်း ဂရုစိုက်တတ်တယ်၊ ပရိသတ်ကြိုက်နှစ်သက်ရေး အလေးပေးပြီး စဉ်းစားတတ်ပါတယ်၊ ပရိသတ်ကြိုက်ရင် ပြီးရော၊ ဟောတတ်တယ်။ မိမိအတွက် မိမိဟောတဲ့ တရားတော်ထဲက ကျင့်ကွက်ကို ရှာပြီး မကျင့်တတ်ဘူးတဲ့"

"အဲဒီလို ဟောစဉ်ကတည်းက အများကြိုက်၊ အများအတွက် ဟောလို့ အများကြိုက်ပြီး ဘုန်းကြီး၊ လာဘ်ပေါ်လာတဲ့ အခါ အဲဒီ ဓမ္မကထိကဟာ ဘဝင်ကိုင်ပြီး ပြောင်းသွားတတ်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီစကားအရဆိုရင် တရားတော်ကို တရားတော်အတိုင်း ရိုးရိုးသားသား ဟောသူသည်ပင် မိမိဟောတိုင်း မကျင့်နိုင်ရင် တစ်နေ့ ဒီလိုပဲ ဘဝင်ကိုင်ပြီး ပြောင်းမသွားနိုင်ဘူးလား"

"ပြောင်းသွားနိုင်ပါတယ်ဘုရား"

"ဒါဖြင့် တရားတော်ကို တရားတော်အတိုင်း မဟောဘဲ ပရိသတ်ကြိုက်အောင်ဆိုပြီး အဆိုတွေ၊ အငိုတွေ၊ သံသေး သံကြီး၊ သံနိမ့် သံမြင့်၊ သံတို သံရှည်တွေနဲ့ ဟောတဲ့သူဆိုရင် ပိုပြီးတော့ ဘဝင်ကိုင်ပြီး ပြောင်းမသွားဘူးလား"

"ပိုပြီး ပြောင်းသွားမှာပါ ဘုရား"

"အဲဒါကြောင့် ဘုရားရှင်က ဟောကြားတော်မူခဲ့တာပေါ့"

"ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သောအကျင့်၌ တည်စေရ၏။ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏။ ပညာရှိသူသည် သူတစ်ပါး ကဲ့ရဲ့ခြင်းဖြင့် မညစ်ညူးစေရာ" တဲ့။ (ဓမ္မပဒ)

"ဒါတွင်မကဘူး ပြီးတော့ ရှိသေးတယ်၊ ဘုရားရှင် ဟောထားတာ တစ်မျိုးပေါ့၊ ဘယ်လိုလဲဆိုတော့ -

"သူတစ်ပါးကို ဆုံးမသော နည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွာတကား" တဲ့။ (ဓမ္မပဒ)

"အဲဒီတရားတော်အတိုင်း ကျင့်သုံးပြီး ဟောပြောနေထိုင်ရင် ဘယ်တော့မှ မပြောင်းလဲဘူး၊ အေး - ကိုယ်ဟောတဲ့တရား ကိုယ်မကျင့်သုံးရင်တော့ ပြောင်းလဲမှာ အမှန်ပဲနော်"

"မှန်ပါ ဘုရား"

"အေး - အဲဒါမျိုးဟာ ဘာနဲ့တူသလဲဆိုတော့ ဟိုသုသာန်မှာ စောင့်နေရတဲ့ "အသုဘရာဇာ" နဲ့ တူသတဲ့"

"ဘယ်လို တူပါသလဲဘုရား"

"ဟို - သုသာန်ထဲမှာစောင့်နေတဲ့ "အသုဘရာဇာ" တွေဟာ သူတို့ထံ အသုဘအလောင်းကောင်တွေရောက်လာရေး၊ အဖိုးအခ ထိုက်ထိုက်တန်တန် ရရေးကိုသာ နေ့စဉ်နေ့စဉ် စဉ်းစားပြီး အသုဘပဲ မျှော်နေသတဲ့"

"မှန်ပါ ဘုရား"

"တကယ်ဆိုရင် မိမိတို့ထံ ရောက်လာတဲ့ အသေကောင် အသုဘကို ကြည့်ပြီးတော့ မိမိကိုယ်မိမိ -

"ဒီ သူ့သေကောင်ဟာ မတင့်တယ်သကဲ့သို့ သာလျှင် ဒီအသေကောင်အတူပဲ ဒီအသက်ရှင်နေတဲ့ ငါ့ကိုယ်လည်း မတင့်မတယ် အသုဘသာတည်း။ အဝတ်အစားပြုပြင် တန်ဆာဆင်ခြင်းဖြင့် ဖုံးလွှမ်းထားအပ်သည့်အတွက်သာ ယင်းသို့ အသုဘအဖြစ်ဟာ မထင်မရှား ဖြစ်နေသည်"

"ပင်ကိုယ်ပကတိ သဘောအားဖြင့် ဒီငါ့ကိုယ်ဟာ စိုစွတ်တဲ့ အရေထူနဲ့ မြှေးယှက်ထားအပ်တယ်၊ အရေပါးနဲ့ ဖုံးလွှမ်းထားကာ အသား၊ အကြော၊ အရိုးတို့ရဲ့ အပေါင်းအစုသာ ဖြစ်တယ်"

"ဒီ ငါ့ကိုယ်ဟာ နံစော်ညှီလှောင်း မကောင်းတဲ့အနံ့ ရှိတယ်၊ မစင်မကြယ် အပုပ်အတိသာ ဖြစ်တယ်၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ အရပ်နဲ့ တူတယ်၊ ဒီကိုယ်ကို ပညာမျက်စိ အမြင်ရှိကြတဲ့ သူတော်ကောင်းတွေ ကဲ့ရဲ့အပ်တယ်၊ လူမိုက်တွေသာ ဒီကိုယ်ကို လွန်စွာနှစ်သက်အပ်တယ်"

စသည် စသည်ဖြင့် အသုဘ ဘာဝနာပွားရင် အသုဘရာဇာအတွက် အခွင့်ကောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး - ခုတော့ အသုဘဘာဝနာတရား ပွားများသင့်ပါရက်ကနဲ့ မပွားများဘဲ ဘဝင်မြင့် အထင်ကြီးပြီး ပြောင်းလဲသွားတတ်သတဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို အသုဘအလောင်းကောင်တွေ ကြည့်ပြီး အသုဘဘာဝနာ မထင်မြင်ရင်လည်း သေဘေးကို အဖန်ဖန် အမှတ်ရတဲ့ မရဏာနုဿတိ ထင်သင့်တယ်၊ ဘယ်လို ထင်သင့်သလဲဆိုတော့ -

| | | | |
|---|---|---|---|
| ၁။ | အဒ္ဓုဝံ မေ ဇီဝိတံ | = | ငါ့ရဲ့အသက်သည် မမြဲပါတကား။ |
| ၂။ | ဓုဝံ မေ မရဏံ | = | ငါ့ရဲ့သေခြင်းဟာ မြဲပါတကား။ |
| ၃။ | အဝဿံ မယာ မရိတဗ္ဗမေဝ | = | ငါဟာ မချွတ်ဧကန် အမှန်အားဖြင့် သေရမှာပါတကား။ |

၄။ မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ့ရဲ့အသက်ဟာ သေခြင်းလျှင် အဆုံးရှိချေ၏ တကား။

၅။ ဇီဝိတမေဝ အနိယတံ = အသက်ရှင်ခြင်းသည်သာလျှင် မမြဲပါတကား။

၆။ မရဏံ နိယတံ = သေခြင်းကတော့ မြဲပါတကား။

"အဲဒီလို၊ အဲဒီလို စသည်ဖြင့် မရဏာနုဿတိ ဘာဝနာတရား ပွားများသင့်တယ်၊ ပွားများဖို့ အခွင့်ကောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း - ခုတော့ အသုဘဘာဝနာလည်း မပွားများ၊ မရဏာနုဿတိ ဘာဝနာလည်း မပွားများဘဲ အဖိုးအခရေးကို မက်မောပြီးတော့ သူ့ဘဝနဲ့ သူ့လုပ်ရပ်ဟာ မကပ်ဘဲနဲ့ နောက်ပိုင်းကျတော့ ပြောင်းလဲသွားတတ်တယ်နော်"

"မှန်ပါ ဘုရား"

"ကဲ - ဒီမှာလည်း မှတ်ထားဦး၊ အများသုံးက "သုဘရာဇာ" တဲ့၊ "အ" ပျောက်နေတယ်နော်"

"မှန်ပါ ဘုရား"

"အမှန်က "သုဘရာဇာ" မဟုတ်ဘူး၊ "အသုဘရာဇာ" မှ ဟုတ်တယ်၊ မှန်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ "အသုဘ" အပေါ်မှာ မင်းမူနေလို့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရှိသေးတယ်၊ ကိုယ်လုပ်နေတဲ့ အလုပ်တခြား၊ ဖြစ်နေတာ တခြား၊ ပုဂ္ဂိုလ်တစ်မျိုး၊ သူက ဘယ်သူလည်း ဆိုတော့ "ဘုရားထုသူ"၊ တစ်နည်းပြောရရင် "ကျောက်ဆစ်သမား" ပေါ့၊ အဲ - သူလည်း ပြောင်းတာပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ ဘုရားထုတဲ့ ကျောက်ဆစ်သမားဟာလည်း ဘုရားတွေကို ထုလုပ်နေပေတဲ့ ဘုရားကို မရိုမသေ မလေးမစား လုပ်တတ်တယ်တဲ့၊ ရိုသေလေးစားရမှန်း မသိဘူးတဲ့၊ "ဘုရားဆိုတာ တို့က ဖြစ်တာပဲ" ဆိုပြီး မရိုသေ မလေးစားတတ်ဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"တကယ်ဆိုတော့ အဲဒီဘုရားထုသူ ကျောက်ဆစ်သမားဟာ ဘုရားထုနေရင်း -

၁။ ကိလေသာ ရန်သူတို့ကို သတ်တော်မူတတ်သော မြတ်စွာဘုရားပါတကား။

၂။ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူပြီးသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၅။ လောကသုံးပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၆။ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ား တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၇။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ သစ္စာလေးပါး သိတော်မူသော မြတ်စွာဘုရားပါတကား။

၉။ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရားပါတကား။

"ယင်းသို့ စသည်ဖြင့် ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ပွားများပြီး ဗုဒ္ဓါနုဿတိဘာဝနာတရား ထင်သင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## ပြောင်းလဲတတ်သူ ၃ မျိုး

"ကဲ - ဒီတော့ ဘုရားထုတဲ့သူလည်း ကိုယ့်အလုပ်နဲ့ လိုက်လျောညီစွာ မလုပ်ရင် ပြောင်းလဲမသွားဘူးလား"

"ပြောင်းလဲသွားပါတယ်ဘုရား"

"ကဲ - ဒီမှာ အချုပ်ပြောမယ်၊ ပြောင်းလဲတတ်သူ သုံးမျိုးက ဘာတွေလည်းဆိုတော့ -

၁။ တရားဟောသူဟာ ကိုယ့်တရားကို မလေးစားရင် ပြောင်းလဲတတ်တယ်၊

၂။ အသုဘရာဇာဟာလည်း ကိုယ်ကိုင်နေရတဲ့ အသုဘကိုယ်မထင်ရင် ပြောင်းလဲတတ်တယ်၊

၃။ ဘုရားထုသူအားလည်း ကိုယ်ထုလုပ်နေတဲ့ ဘုရားကို ကိုယ်မရှိသေရင် ပြောင်းလဲတတ်တယ်နော်၊ အဲဒီဟာ ပြောင်းလဲတတ်သူ သုံးမျိုးပဲ၊ အလုပ်အကိုင် လိုက်ပြီးတော့ နှလုံးသွင်းရင်တော့ မပြောင်းလဲဘူးပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ - ပြောင်းလဲတတ်သူ သုံးမျိုးကို သိသွားပြီမဟုတ်လား"

"မှန်ပါ သိပါပြီဘုရား"

"သိရင် ဘယ်လိုဝေဖန် ဆွေးနွေးချင်သေးလဲ"

"ဒီလိုဆိုတော့ ဝေဖန်ဆွေးနွေးစရာ မလိုတော့ပါဘုရား၊ အရှင်ဘုရားသာ မပြောင်းလဲပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့ရတော့မှာပဲ ဘုရား"

"စိတ်ချ ဒကာမကြီး၊ ဘယ်တော့မှ မပြောင်းလဲဘူး ဒကာမကြီး၊ ရှေးနဲ့ ခု၊ ခုနဲ့ နောင် တူရစေမယ်"

"ဝမ်းသာပါတယ်ဘုရား"

"ကဲ - ဒါဖြင့် တော်ကြပြီးစို့"

"သူတစ်ပါးတို့၏ အပြစ်ကို မြင်လွယ်၏။ မိမိ၏ အပြစ်ကိုကား မြင်နိုင်ခဲ၏။ ထိုသူသည် ဖွဲကို လှင့်သကဲ့သို့ သူတစ်ပါးတို့ရဲ့အပြစ်ကို လှင့်၏။ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို သစ်ရွက်စသည်ဖြင့် ဖုံးလွှမ်းသကဲ့သို့ မိမိရဲ့အပြစ်ကိုမူကား ဖုံးလွှမ်း၏"

(ဓမ္မပဒ)

- ✦ မိမိဟောကြား၊ မြတ်တရား၊ ကိုယ့်အားအလျင် တည်စေသော်။
- ✦ ကိုယ့်တရားသံ၊ ကိုယ်နားခံ၊ ပြန်လှန်ကြားစေသော်။
- ✦ သူများသာကြား၊ ကိုယ်မကြား၊ တရားဝေးမည်နော်။
- ✦ တရားဝေးပါး၊ အပါယ်သွား၊ ကြောက်အားသန်စေသော်။

# မလွန်လွန်းဘူးလားတဲ့ ဘုရား

(၁၄၅)

ကောင်းဆိုးစစ်၍၊ ကျိုးပြစ်ရှုမျှော်
သိမြင်မြော်လော့၊ သူတော်မဟုတ်
သူယုတ်တို့၌၊ တစ်ခိုက်မျှဖြင့်
ပေါင်းမိသင့်က၊ စိန်နှင့်သံပုရာ
အဆိပ်စာသို့၊ မိစ္ဆာတိမ်းပါး
ယှဖောက်ပြား၍၊ တရားမလျော်
မှားယွင်းချော်၏။

သူတော်သူစင်၊ ပညာရှင်တို့
မိန့်ကျင်စကား၊ တစ်ခွန်းကြားက
ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်
ကေန်မှချ၊ တစ်လုံးရသို့
နှလုံးမှန်၊ ကျိုးကဲလွန်၏။

(မဃဒေဝ)

"အို - စာရှုသူ၊ အထက်ပါမဃဒေဝလင်္ကာ စကားကလေးကို ရှုကြည့်စမ်းပါဘိ။ အမှားနှင့် အမှန်၊ အကျိုးရှိနှင့် အကျိုးမဲ့ ဖြစ်တတ်တဲ့သဘောရဲ့အဓိကမှာ ဘာလဲ၊ ယင်းကို အဖြူနှင့်အမည်း ကွဲသလို ကွဲအောင် ရှုကြည့်တတ်ဖို့ လိုပါသည်။

ယင်းသို့ အဖြူနှင့်အမည်း၊ အမှားနှင့် အမှန်၊ အကျိုးရှိနှင့် အကျိုးမဲ့ ကို ဝေဖန်ဆန်းစစ်သွားရာ၌မှ ပုဂ္ဂိုလ်ရေးသဘော၊ ဂိုဏ်းဂဏရေးသဘော၊ ဝါဒရေးသဘောတွေ မပါစေရပါ၊ မှားသော် ပုဂ္ဂိုလ်ရေး၊ ဂိုဏ်းဂဏရေး၊ ဝါဒရေးကို ငုံ့ကွက်သဖြင့် မမှန်ကန်နိုင်ပါ၊ အမှန်သို့ ရောက်အောင် မဝေဖန် မဆန်းစစ်နိုင်တော့ပါ။

မှန်ပါသည်။ တစ်ချိန်သောအခါက ဖြစ်ပါ၏။ ထိုအချိန်မှာ မိမိရဲ့ဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ် ထွက်ပြီးစ အချိန်ပင် ဖြစ်ပါသည်။

ယင်းဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ်ကို ဖတ်ရှုရ၍ အမြင်မှန်ရသွားသူ အများက အားရကြ၊ နှစ်သက်ကြ၊ ကျေနပ်ကြသောအချိန် ဖြစ်ပါ၏။

အချို့မှာ ယင်းစာအုပ်မှအစ မဖတ်ရသေးသော ကျန်စာအုပ်များပါ ပြန်ဖတ်ပြီး ဘ၀အခြေအနေ ပြောင်းသွားသူများလည်း တွေ့ရပါသည်။

မိမိထံသို့ ဗုဒ္ဓ၏ သက်သတ်လွတ် ရေးသားထားသည်မှာ အလယ်ဗဟိုမှ တိကျစွာ ရေးသားထား၍ ကောင်းလှပါသည်ဟု စာများလည်း ရောက်လာပါသည်။

ယင်းသို့ အကောင်းဘက်မှ အမျိုးမျိုး လာနေချိန်တွင် အဆိုးဘက်မှလည်း လာပါသည်။ တစ်ညနေတွင် ရင်းနှီးသူ ဒကာမကြီးနှစ်ယောက်နှင့် အဖော်များ ရောက်လာလျှောက်ထားသည်။

"ဘုန်းဘုန်း၊ တပည့်တော်တို့ (.....)ရောက်ခဲ့တယ်ဘုရား"

"ဩော် - ဟုတ်လား"

"ဆရာတော်ကလည်း စကားတွေ တော်တော်ပြောတယ်ဘုရား၊ စကားစပ်မိတော့ ဘုန်းဘုန်းအကြောင်း ရောက်သွားတယ်ဘုရား"

"ဘာတွေရောက်သွားလဲ ပြောစမ်းပါဦး"

"ဘုန်းဘုန်းကို မတွေ့ဘူးပေမဲ့ စာအုပ်တွေ ဖတ်ရလို့ ကြည်ညိုပါတယ်တဲ့၊ ပထမစာအုပ်တွေတော့ အတော်သဘောကျတယ်တဲ့၊ ယခု ဗုဒ္ဓသက်သတ်လွတ် စာအုပ်ကတော့ မလွန်လွန်းဘူးလားတဲ့ဘုရား၊ မေးတယ်"

"ဒါကတော့ သူလည်း စာတတ် ပေတတ်ပဲ၊ ကျမ်းဂန်အရ အမှန်အကန် အကုန်ရေးထားတာပဲဟာ၊ မှန်လွန်းအားကြီးလို့ လမ်းလွဲသူအချို့အား သွားထိလို့ ပြောတာနဲ့ တူပါတယ်"

"တပည့်တော်တို့ မသိပါဘုရား၊ "ဇောတဒ်အရှင်ပညာဇောတနဲ့ ရင်းနှီးလား၊ လျှောက်ရဲလား" လို့ မေးလို့ တပည့်တော်တို့က ရင်းနှီးပါတယ်၊ လျှောက်ရဲပါတယ်လို့ ပြန်လျှောက်တော့ "မလွန်လွန်းဘူးလား" လို့ မေးလျှောက်ပါတဲ့ဘုရား၊ ဒါကြောင့် လျှောက်ပါတယ်ဘုရာ"

## စကား ၆ ခွန်း

"အင်း - ဒါဖြင့် ဒီနေရာမှာ စကား ၆ ခွန်း ပြောပြမယ်၊ မှတ်ထား၊ အဲဒီ စကား ၆ ခွန်းမှာ ၄ ခွန်းကို ပယ်၊ နှစ်ခွန်းကိုသာ ဘုရားရှင်တို့ ပြောတယ်ဆိုတာလဲ မှတ်ထား၊ စကား ၆ ခွန်းက ဘာတွေလဲဆိုတော့ -

၁။ ဟုတ်လည်း မဟုတ်၊ သူလည်း မနာလို၊ အကျိုးမရှိတဲ့ စကားတဲ့။

၂။ ဟုတ်ကား ဟုတ်တယ်၊ သူကား မနာလိုဘူး၊ အကျိုးလည်း မရှိတဲ့ စကားတဲ့။

၃။ ဟုတ်လည်းမဟုတ်၊ အကျိုးလည်း မရှိ၊ သူကား နာလိုတဲ့ စကားတဲ့။

၄။ ဟုတ်လည်း ဟုတ်တယ်၊ သူလည်း နာလိုတယ်၊ အကျိုးကား မရှိတဲ့ စကားတဲ့။

အဲဒီ စကား ၄ ခွန်းကို ဘုရားရှင်တို့ တစ်သက်လုံး မသုံးဘဲနဲ့ အမြဲရှောင်ကြဉ်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ - ဘုရားရှင်တို့ တစ်သက်လုံး သုံးနှုန်းပြောဆိုတဲ့ စကားနှစ်ခွန်းက ဘာတွေလဲဆိုတော့ -

၁။ ဟုတ်လည်း ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်၊ သူကား မနာလိုတဲ့ စကားတဲ့၊

၂။ ဟုတ်ကား ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်၊ သူလည်း နာလိုတဲ့ စကားတဲ့၊

"အဲဒီ - စကားနှစ်ခွန်းကို ဘုရားရှင်ပြောတယ်၊ ဒါကြောင့် "စကား၆ခွန်း၊ လှ၃ထွန်း၊ လေးခွန်းကို ပယ်၊ နှစ်ခွန်းတယ်" လို့ ဆိုကြတာပေါ့၊ ယခု ဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ်ဟာ လေးခွန်းပယ်ပြီး နှစ်ခွန်းတယ်ထားတာပဲ"

"ရေးထားတာတွေက ဟုတ်လည်း ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်၊ ဒါပေမဲ့ အချို့သောသူကား မနာလိုကြပါဘူး၊ ဟုတ်ကား ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်၊ အများစုက နာလိုကြပါတယ်၊ အဲဒီနှစ်ခုမှာ အချို့ ကြည့်မှာလား၊ အများကြည့်မှာလား"

"အမှန်ချည်းပဲဆိုတော့ အများပဲ ကြည့်ရမှာပေါ့ဘုရား"

"နောက်မှ အဲဒီဆရာတော်နှင့်တွေ့တဲ့အခါ သဘောသဘာဝ ရှင်းပြရလျှင် သဘောပေါက်သွားမှာပါ၊ ယခုတော့ ရှိစေဦးတော့"

"မှန်ပါ ဘုရား"

ယင်းသို့ဖြင့် အချိန်တွေ ကုန်ခဲ့သည်။ နွေရာသီ ဓမ္မဒေသနာခရီးသည် အဖြစ်နှင့် လှည့်လည်စဉ် တစ်နေရာတွင် ရင်းနှီးသူ ဒကာတစ်ယောက်နှင့် စာအုပ်အကြောင်း ဆွေးနွေးရာမှ ဗုဒ္ဓ၏ သက်သတ်လွတ် စာအုပ်အကြောင်း ရောက်သွားပြန်သည်။

ဒကာကြီးက ဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ်ကို ချီးမွမ်းပြီး လယ်တီဆရာတော်ဘုရားကြီး မီးလွတ်စား သက်သတ်လွတ်စား ရသေ့တွေအားလုံး ဆုံးမတဲ့စာကို ဖတ်ရကြောင်း၊ အရှင်ဘုရား ဖတ်ရလားဟု မေးလျှောက်လျှင် အမှတ်တမဲ့ ဖြစ်ကြောင်း ပြောသောအခါ သူ၏ မှတ်စုကို ပြပါသည်။ မိမိမှာ ညလည်းဖြစ်၊ သူ့လက်ရေးကလည်း ရုပ်၍ သွက်လက်စွာ မဖတ်နိုင်ပါ။ ထိုအခါ ဒကာကြီးက သူ့မှတ်စု သူပြန်ယူပြီး ဖတ်ပြပါသည်၊

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၆၀ ပြည့်နှစ်၊ သေကျှတောင် ဦးတိလောက၏ ပင့်လျှောက်ချက်အရ ကျိုက်ထိုသို့ ကြွတော်မူ၏။

သေကျှတောင်၌ တန်ဆောင်မုန်း၊ နတ်တော် နှစ်လခန့် ကြာ၏။ ထို၌ နေစဉ် တိုက်ကျောင်းကြီးများ၌ မနေ၊ သစ်ခက်တဲ၌ပင် အချိန်ပြည့် ရှုပွားနေတော်မူ၏။

ဆရာတော်ဘုရားကြီးသည် နတ်တော်လဆန်း ၄ ရက်နေ့တွင် ဘီးလင်းမြို့သို့ ကြွ၍ ကုသိနာရုံဘုရားကို ဖူးမြော်တော်မူသည်၊ ထိုဘုရား၌ ညအိပ် နားနေတော်မူရာ ထိုဘုရား၌ နေကြသော ရသေ့ သုံးလေးဦးလည်း ဆရာတော်အား လာရောက်ကန်တော့ကာ အလ္လာပ သလ္လာပ စကားများ လျှောက်ထား ဆွေးနွေးကြသည်၊ ထိုတွင် ခေါင်းဆောင်ရသေ့က -

"ဆရာတော်ဘုရားကို ဖူးတွေ့ရတာ အလွန်ဝမ်းမြောက်ပါတယ်၊ တပည့်တော်လည်း ရသေ့ပြုတာ ဆယ်နှစ်ရှိပါပြီ၊ သတ္တဝါတွေ ကိုယ်ကျင့်တရား ပျက်ပြီး ကပ်ဒုက္ခတွေ ဆိုက်ရောက်နေတာ အလွန်သနားစရာ ဖြစ်လို့ ယခု (၁၀၈)ရက် သက်သတ်လွတ်စားပြီးလို့ (၄၅)ရက် မီးလွတ် စားနေပါတယ်၊ နေ့စဉ်သီလ. သစ္စာ. မေတ္တာပွားပြီး အဓိဋ္ဌာန်ထားကာ အာနာပါနတရား အားထုတ်ပါတယ်၊ ရောက်တဲ့အခါ တပည့်တော်များကိုလည်း ဆုံးမပါဘုရား" ဟု လျှောက်ထား၏။

## အကျင့်မှန်သော်လည်း ပန်းတိုင်လွဲ

"အေး - ကောင်းပေတယ်၊ သတ္တဝါတွေ ကယ်ဖို့ အထူးလုပ်နေတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ကုန်းပေါ် အရင်ရောက်အောင် ကယ်တင်ကူးမြောက်ပြီးမှ နစ်နေတဲ့ လူကို ကယ်နိုင်တာ၊ ခုလို ကိုယ့်တရားကိုယ် အားထုတ်နေတာဟာ သတ္တဝါတွေကို ကယ်နေတာပဲ"

"ဒါပေမဲ့ နည်းလမ်း အခြေခံမှန်ဖို့ လိုတယ်၊ ဒကာရသေ့ပြောတဲ့ သီလ, သစ္စာ အစရှိတဲ့ တရားတွေဟာ အခြေခံပတာန ပါရမီတရားကောင်းကြီးတွေပဲ၊ အမည်တူသော်လည်း အစစ်အမှန်ဖြစ်ဖို့ မလွယ်ဘူး"

"အစစ်အမှန် ဖြစ်စေဦးတော့၊ တောင့်တချက် ပဏိဟိတ မမှန်ရင်လည်း အကျိုးမများဘူး၊ ပဏိဟိတဆိုတာ ရည်ရွယ်မှန်းထားတာကို ခေါ်တယ်၊ နိဗ္ဗာန်ကို ရည်ရွယ်ပြီး လုပ်မှသာ ကောင်းသော တောင့်တချက် သမ္မာပဏိဟိတ ဖြစ်ပြီး ဒုက္ခခံရကျိုး သာသနာတော်နှင့် တွေ့ရကျိုးနပ်တယ်"

"သတ္တဝါတွေအတွက်ဟု ဆို၍ မြင့်မြတ်တဲ့ သဘောလက္ခဏာ ဆောင်စေကာမူ ဝဋ်၌ မွေ့ပျော်သော ဝဋ္ဋာဘိရတ လောကီယနယ်၌သာ တစ်စုံတစ်ခုသော တန်ခိုးထူးဖြင့် ငြိတွယ်စေပြီး ဝဋ်နွယ် ရှည်စေမယ့်သီလ, သစ္စာ, မေတ္တာ အဓိဋ္ဌာန်နဲ့ အာနာပါနတွေ ဖြစ်နေလျှင် ဝဋ်ဘဝ ကူးမြောက်ကြောင်း ပါရမီဆိုတဲ့ စကားနဲ့ တခြားစီ ဖြစ်တယ်၊ အသံမျှသာ တူတယ် ဦးရသေ့၊ အစွမ်းထက်လှတဲ့ ဝရဇိန်လက်နက်ကို မုဆိုးလိုက်ရုံမျှ သုံးသလို ဖြစ်နေတယ်"

"အင်း - အဲဒီ စကားအသုံးလေးဟာ သိပ်ကောင်းတယ်နော်၊ နားလည်တဲ့သူဆိုရင်တော့ အဲဒီစကား တစ်ခုလောက်နဲ့ပဲ အစွဲ့ကျွတ်လောက်တယ်"

"မှန်ပါ ဘုရား"

"ကဲ - ကဲ - ဆက်ဖတ်ပါဦး"

"သက်သတ်လွတ် မီးလွတ်စားတဲ့အကျင့်လည်း သာသနာတော်ကျင့်ထုံး မဟုတ်၊ သီလကအစ သမာဓိ အဆုံး ဒါတွေ အားလုံးဟာ "စရဏ" ပဲ၊ ဒီ စရဏ မမှန်ရင် ဝိဇ္ဇာဉာဏ် မရနိုင်ဘူး၊ ဒီ စရဏပါရမီ မှန်မှန်နဲ့ သက်စွန့်ကြိုးပမ်း ကမ္မဋ္ဌာန်း အားထုတ်သူများပင်လျှင် နိဗ္ဗာန်ကို လိုချင်ကာမတ္တနဲ့ မရနိုင်ဘူး၊ "ပဟိတတ္တော" နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် အမြဲရှိနေရမယ်လို့ ဟောတော်မူတာ ဒီဘဝနဲ့ ဒီအလုပ်ပဲလို့ တစ်ခါတည်း ဇုတ်ရိုက်ထားတာကို ပဟိတတ္တ ခေါ်တာပဲ"

"တတ်လုံး ဝါသနာသန့်တဲ့ ပုဂ္ဂိုလ်ဟာ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ရှိနေသလို ရှိရမယ်ကွယ့်၊ အခြေပါဒ စရဏကလည်း မခိုင်မာ၊ ရည်ရွယ်မှန်းထားချက်ကလည်း သမ္မာပဏိဟိတ မဖြစ်၊ ပဟိတတ္တစိတ်လည်း မစွဲမြဲလျှင် မည်သို့ပင် ခြိုးခြံခေါင်းပါးစွာ အနစ် အရှာ၊ အထောင် ကျင့်ကြံသော်လည်း ပဋိဝေဓ သို့ မဆိုက်ရောက်နိုင်ဘူး"

"ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ သာသနာတော်ရိုးရာ စားဝတ်နေ ခြိုးခြံတာတွေပင်လျှင် တဒင် ပဟာန်မျှသာ ဖြစ်၍ ဥပါဒါန် လွန်မြောက်နိုင်သော အလုပ်မျိုး မဟုတ်၊ တောချုံပုတ်ကို ခုတ်ထွင်ခြင်းသည် အသစ် တစ်ဖန် စည်ပင်ရန် ဖြစ်သလို နောက်ဘဝအတွက် ဥပါဒါန်ချုံပုတ်ကြီး ပိုပြီး စည်ကားရန် ပြုသလို ဖြစ်နေတယ်"

ဟု မိန့်တော်မူသည်။

## ဝိဇ္ဇာမဂ္ဂဒီပနီ ဖွင့်ဆိုရခြင်း

ဆရာတော် အမိန့်ရှိသည်ကို အထူးစိတ်ဝင်စားစွာ နာယူနေသော ရခေသ့ဆရာက -

"ဆရာတော်အမိန့်ရှိတော်မူလိုရင်းကို တပည့်တော် ကောင်းစွာ သဘောကျ ကျေနပ်ပါသည်ဘုရား၊ အမှန် အတိုင်းဝန်ခံရပါလျှင် အသက်ထောင်နှင့်ချီ၍ သတ္တဝါတွေကို ကယ်တင်ရင်းအရိယာဖြစ်တဲ့ ဝိဇ္ဇာကြီးများကို အားကျ နေမိပါသည်ဘုရား"

ဟု ဖွင့်ဟ၍ ရိုးသားစွာ ဝန်ခံလျှောက်ထား၏၊ ဆရာတော်က -

"အင်း - အသက်ထောင်ချီပြီး ရှည်တဲ့နည်းကတော့ သာသနာပြင်ပမှာလည်း ရှိနိုင်တယ်၊ သာသနာ တော်မှာလည်း ဣဒ္ဓိပါဒ်ဆိုတာ ရှိတယ်၊ ဒါပေမဲ့ သစ္စာလေးပါးကို မြင်ကြတဲ့ အရိယာသူတော်ကောင်းကြီးတွေဟာ တစ်ရက်နေရရင် တစ်ရက် ဒုက္ခခံရတာပဲလို့ မြင်တော်မူကြလို့ ပရိနိဗ္ဗာန် ဝင်စံရတာကိုပဲ အလွန်ဝမ်းသာလှေ့ရှိကြ တယ်၊ အသက်ရှည်တာကို လိုလားတော်မမူကြဘူး"

"ဆံခြည်မျှင်ဟာ လက်ဝါးပေါ်မှာကပ်နေရင် မသိသာပေမဲ့လို့ မျက်စိထဲဝင်ရင် အလွန်သိသာသလို ပုထုဇဉ် နှင့် အရိယာတွေဟာ သခါရဒုက္ခကို မြင်ရမှာသည်မျှမက ကွာခြားတယ်"

"အသက်ရှည်ချင်တဲ့ ဝါဒ၊ အရိမေတ္တေယျအထိ အချိန်ဆွဲတဲ့ ဝါဒဟာလည်း မမှန်ကန်ဘူး"

"အရိယာ ဝိဇ္ဇာဆိုတာလည်း ဝေါဟာရ တူပေမဲ့ ဝိဇ္ဇာ. ဇော်ဂျီတွေလမ်းစဉ်နဲ့ ဖြစ်နိုင်တာမျိုးမဟုတ်ဘူး၊ ဝိလိန္နဝစ္စနဲ့ တခြားစီပါ၊ မယောင်နဲ့"

"အင်းနဲ့၊ ဆေးနဲ့၊ ဓာတ်နဲ့ ထွက်ကြတဲ့ ဝိဇ္ဇာကြီးတွေ လောကမှာ အရိယာဖြစ်ဖို့ဆိုတာ အလွန်မအပ်စပ်တဲ့ စကားပဲ၊ ဒါပေမဲ့ သူတို့ကိုယ် သူတို့ အရိယာလို့ အထင်ခံလိုကြတယ်၊ ဒါသည်ပင် အရိယာလို့ ထင်နေတာလည်း ဖြစ်နိုင်တယ်၊ ကမ္မဋ္ဌာန်းတွေလည်း ဟောတတ်ကြတယ်၊ သမထလောက်ပဲ သူတို့လိုချင်တယ်၊ သံသရာထွက်မှာ ကို ကိုယ်တိုင်လည်း ကြောက်တယ်၊ သူများ ထွက်မှာလည်း မလိုလားကြဘူး"

"စင်စစ်တော့ ဦးရခေသ့၊ မြတ်စွာဘုရားရှင်ရဲ့ အနတ္တသာသနာတော်ကြီးကို မှေးမှိန်အောင် သတ္တဝါတွေ အကြိုက် ဇန်းပြပြီ ဆွဲဆောင်နေကြတာ အတ္တဝါဒကြီးပဲ"

"အင်း - အဲဒီအချက်ဟာ အလွန်တရာ မှတ်ထိုက်တဲ့ အချက်ပဲနော်၊ အမှန်ကို လိုချင်တဲ့ ရိုးသားသူသာ ဖြစ်ရင် ဒီ အချက်နဲ့ လိုင်းပြောင်းနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ကဲ - ဆက်ဖတ်ပြစမ်းပါဦး"

"အရိယာဝိဇ္ဇာဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုသာ ခေါ်တယ်၊ တကယ့်သီလကို အခြေခံမှသာ ရတာ၊ တန်ခိုး ပြတဲ့နေရာမှာ ဆင်တူရိုးမှား ရှိသော်လည်း အခြေခံကအစ လုံးဝ မတူကြဘူး"

"အတ္တဝါဒပါဒါန်ကြီးတန်းလန်းနဲ့နေကြရတဲ့လူတိုင်းအသက်ရှည်တန်ခိုးပြတဲ့ "လောကာယတ = သံသရာ နယ်ချဲ့" လမ်းစဉ်များကြီးကို ပရိယတ် အသိဉာဏ်နည်းလျှင် နည်းသလောက် အားကိုးမှားမိရှာကြတယ်"

ဟု ဟောပြတော်မူသည်၊ ဆရာတော်က

"လောကာယတ တန်ခိုးရှင်အချို့သည် တစ်စုံတစ်ခုသော ရောဂါ၊ ဘေးအန္တရာယ်ကို ဦးစွာဖန်တီး၍ ကယ်တင်ရှင်လုပ်ပြီး ဆွဲဆောင်တတ်ပုံ"

စသည်တို့ကို ပွင့်ပွင့်လင်းလင်းကြီး ရှင်းပြတော်မူသည်။ လောကီဝိဇ္ဇာ အမျိုးမျိုးနှင့် အရိယာဝိဇ္ဇာခြားနားပုံကို လည်း ရှင်းပြတော်မူ၏။ ပတ္တမြားတောင်ကို ရောက်ပြီးခါမှ ဖိုခနောက်ကို မကောက်မှားရန် ဆုံးမ၍ အကြည်ဓာတ် ခြောက်ပါးကို ဟောတော်မူသည်။

ထိုအခါမှ စ၍ ရသေ့ဆရာတော်များသည် လှည့်စားသော အာရုံနိမိတ်၊ အိပ်မက်၊ အထင် ဝိပလ္လာသများ ကင်းစင်လျက်မဂ္ဂင်လမ်းမပေါ်သို့ပြန်လည်တက်ရောက်လာကြလေတော့၏။ ဂန္ဓာရီဝိဇ္ဇာကြီးတို့ယခုအခါတွင်လည်း အသိ နောင်တဖြစ်ရှာကြ၊ ဉာဏ်နည်းပါးသူတို့သည် အလွန်တရာ မြင့်မြတ်လှစွာသော သာသနာတော်ကြီးနှင့် တွေ့ခဲ့တွေ့ ကြုံရပါလျက် မပြောပလောက်သော တန်ခိုးထူး အနည်းငယ်မျှဖြင့် လမ်းခုလပ်၌ ဘဝခါး ပြတ်ကြ ရရှာ၏။

အချို့ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးများသည် "ဝိဇ္ဇာကို အားမကိုးကြနဲ့၊ မ,မနိုင်ဘူး" ဟုလေသံပစ်ကာ အထင် ကြီးအောင် တန်ခိုးပြလျက် နောက်ဆုံး သူတို့ဝါဒဘက်သို့သာ ဆွဲဆောင်သွားကြ၏။ သို့ရာတွင် ရိုးဖြောင့်ဖြူစင်၍ ဗဟုသုတ အမြင်ကြီးမားကြသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး တော်တော်များများကမူ "ငါတို့ကို အားမကျနဲ့၊ သူများ ကို ကယ်တင်ကာ အရိယာအဖြစ်နဲ့ နိဗ္ဗာန်ဝင်ရမယ် ထင်ပြီး ဂန္ဓာရီလမ်း လိုက်ခဲ့မိတာ မှားကုန်ပြီ၊ ထားရာနေ၊ စေ ရာသွား၊ ခိုင်းတာ လုပ်နေရသည်၊ မင်းတို့ မမှားကြလေနဲ့" ဟု နောင်တကြီးစွာ၊ ကရုဏာကြီးစွာဖြင့် ပွင့်ပွင့်လင်းလင်း ကြီး ပြောဆိုနေကြသည်ကို မကြာခဏ ကြားနေကြရသည်။ကျေးဇူးတင်ထိုက်ပေစွ။

ကမ္ဘာ့အရိုးစွဲ အတ္တဝါဒကြီးနှင့် ယင်းကို အမာခံထားသော မဟာယာန ဝိဇ္ဇာရေကြီးတွေကား ကြောက် ဖွယ်ကောင်းပေစွ။ သတိပြုကြပါလေ သူတော်ကောင်းတွေတို့။

ထို့ကြောင့် "အရိယာဝိဇ္ဇာမဂ္ဂ အလင်းပြကျမ်း" ကို ရေးသားတော်မူသော သိမ်တောင်ဆည်တောရ ဆရာ တော်ဘုရားကြီးက -

"ကောက်ကျစ်စဉ်းလဲသော လောကီဝိဇ္ဇာမိုရ်ကြီးများသည် သူတို့၏ရုပ်ပြောင်းရုပ်လွှဲ တန်ခိုးအမျိုးမျိုးပြ၍ နဂါးကို ဂဠုန်သုတ်သကဲ့သို့ အုံပြုတ်အောင် စုပ်ယူနေကြသည်"

"အရိယာဝိဇ္ဇာ အစစ် မဖြစ်ကြသေးသည့်အတွက် စိတ္တဝိပလ္လာသ ဖုံးအုပ်နေကြသောကြောင့် ခံနေကြ ရပေသည်။ သို့အတွက် အရိယာဝိဇ္ဇာအစစ် သောတာပန် စသည်ဖြစ်အောင် အားထုတ်ကြကုန်သူတော်ကောင်း အပေါင်းတို့"

ဟု အစစ် အတုကို ခွဲခြားနိုင်သော ကိုယ်တွေ့ပညာကြီးမားသော ကရုဏာဖြင့် သတိပေးတော်မူခဲ့၏။

"ကဲ - မကောင်းဘူးလား ဘုရား"

"အင်း - သိပ်ကောင်းတယ်၊ အဲဒီ ရှင်းပြချက်နဲ့ စာမယ်ဆိုရင် ဗုဒ္ဓ၏ သက်သတ်လွတ် ရှင်းပြချက်ဟာ နည်းတောင် မနည်းဘူးလား"

"နည်းတာပေါ့ဘုရား"

"အင်း - သတ္တဝါတစ်ယောက် အမှန်ရဖို့ဆိုတာ တကယ်တော့ လွယ်တဲ့ကိစ္စ မဟုတ်ဘူးနော်"

"ဘယ်လွယ်ပါ့မလဲ ဘုရား"

"ဟိုငှ သည်ငှ၊ ဆရာငှ ပတ်ဝန်းကျင်ငှနဲ့ အဲဒီလို အငှ အစွဲတွေ ရှိနေသမျှ အမြင်မှန် ရဖို့လည်း မလွယ်ဘူး၊ အကျွတ်တမ်းဝင်ဖို့လည်း မလွယ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဦးပဥ္စင်းရေးတဲ့ ဗုဒ္ဓ၏ သက်သတ်လွတ်ဟာ ဗုဒ္ဓရဲ့ဟောကြားချက်အတိုင်း အခြေခံမူထားပြီး တခြားဟောကြားချက်တွေ အကုန်သွင်းပြီး ဟောထားရေးထားတော့ စုံနေတာပေါ့၊ ဒီတော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ရှင်းပြချက်နဲ့ အံဝင်ခွင်ကျသွားတာပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ - တော်ပြီ၊ ဒကာကြီး ဖတ်ပြတဲ့ မှတ်စုတွေ အကုန်ထည့်ရေးလိုက်မယ်နော်"

"မှန်ပါ ဘုရား"

✦ စာဖတ်သည့်အခါ၊ စွဲစရာ၊ ဖယ်ခွာဖတ်ရမည်၊

✦ စာမှန်မမှန်၊ ချင့်ဝေဖန်၊ လယ်ဉာဏ်ရှိရမည်၊

✦ လယ်ဉာဏ်မရှိ၊ အစွန်းငြိ၊ အသိလွဲတော့သည်၊

✦ အသိလွဲက၊ ပြစ်ထ - န၊ ကောက်ကြလေတော့သည်၊

✦ အပြစ်ကောက်က၊ စာဖတ်ရ၊ ကျိုးမှ လွဲတော့သည်၊

# မျက်နှာကိုက ပြုံးစိ့ပြုံးစိနဲ့

## (၁၄၆)

အနမတဂ္ဂသံသရာ ဘဝများစွာ ကမ္ဘာအနန္တ ကျင်လည်ခဲ့ရသဖြင့် သုခကား ဘယ်မျှ၊ ဒုက္ခကား ဘယ်လောက်ဟု ဘဝဖုံးလွှမ်း၍ မသိရတော့ပေ။ ယခု မျက်မှောက်ဘဝ ကျင်လည်ရသည်မှာမူ သုခနှင့် ဒုက္ခ ဤနှစ်ဝတွင် ဒုက္ခကား့များ သုခ့ရှား လှတော့၏။

မှန်၏။ မိမိဘဝ၏ လက်ရှိအခြေအနေမှာ ပုံစံအမျိုးမျိုးနှင့် ကျင်လည်နေရ၏။ စာချဆရာအဖြစ်နှင့် တဝ၊ တရားပြဆရာ အဖြစ်နှင့် တစ်သွယ်၊ တရားဟောဆရာအဖြစ်နှင့် တစ်မျိုး၊ စာရေးဆရာအဖြစ်နှင့် တစ်ဖုံ ဘဝစုံလှ၏။ ကျရာ သာသနာ့တာဝန် ကို ထမ်းဆောင်၍ သံသရာခရီးလမ်းကို မမောမပန်း လျှောက်နေရ၏။

ဓမ္မဒေသနာခရီးသည်အဖြစ်နှင့် ခရီးသွားနေရစဉ် တစ်နေ့ဖြစ်ခဲ့၏။ မိမိမှာ တစ်မြို့မှ ဓမ္မဒေသနာကိစ္စ ပြီး၍ တစ်မြို့သို့ ခရီးဆက်ရန် ပြင်ဆင်နေချိန် ဖြစ်၏။

ဒကာ ဒကာမ ကြီးငယ်တစ်စု ရောက်လာပြီး ရှိခိုးလျှောက်ထားကြသည်။

"ဘုန်းဘုန်းဘုရား တပည့်တော်တို့တော့ အဆာမပြေဖြစ် ကျန်ရစ်ခဲ့ပါတယ် ဘုရား၊ ဒီနှစ်ထဲ တရားပွဲရက် ပြန်မရရင် လည်း ရှေ့နှစ်ခါတော့ အနည်းဆုံး (၇)ရက်လောက် ပေးပါဘုရား"

"အမယ်လေး၊ (၇)ရက်တောင် များလှချည်လား၊ ယခုတောင် ရက်တွေမပေးနိုင်လို့ လျှော့ပေးနေရတာ၊ ရှေ့နှစ်ခါ ဒါထက် လျှော့ဖို့ပဲ ရှိတာပဲ"

"တခြားနေရာတွေ လျှော့ချင် လျှော့ပါဘုရား၊ တပည့်တော်တို့ နေရာတော့ မလျှော့ပါနှင့် ဘုရား"

မိမိမှာ ဤလိုအသံမျိုး၊ ဤလိုလျှောက်ထားမှုမျိုးကို ကြားရဖန်များ၍ မဆန်းလှချေ။ သို့တစ်မူ ယခုအခါမှာ ဆန်းသလိုလို ဖြစ်၏။ လျှောက်ထားသူမှာ တကယ့်ကိုပင် တရားအဆာမပြေသူများ ဖြစ်နေ၍ ဖြစ်သည်။

သို့သော် မိမိအနေနှင့် ဒီနှစ်ထဲလည်း နောက်ထပ် ပြန်ဟောပေးစရာ ရက်မရှိ။ ရှေ့နှစ်ဆိုတာလည်း ဝေးသေးသည်။ မလာသေးသော အနာဂတ်ကို အနာဂတ်အဖြစ်နဲ့ပဲ ထားတာကောင်းသည်။ သို့နှင့် မိမိက ပြောလိုက်သည်။

"အေးလေ၊ ရှေ့နှစ်အတွက် ရှေ့နှစ်ကျတော့ စိစဉ်တာပေါ့ဟုတ်လား၊ ကဲ - ဒီနှစ်တော့ ဟိုမှာ ကားလည်း ရောက်နေပြီ ခရီးဆက်ကြဦးစို့"

"မှန်ပါဘုရား၊ ဘုန်းဘုန်း ကျန်းမာ ချမ်းသာစွာနဲ့ သာသနာပြုနိုင်ပါစေလို့ တပည့်တော်တို့ ဆုတောင်းပါတယ်ဘုရား"

မိမိတို့ ကားပေါ်ရောက်လျှင် ကားထွက်တော့သည်။ မကြာမီ ဘူတာရောက်တော့သည်။ ဘူတာရောက်လျှင် ဒီနေ့ ရထား နောက်ကျမည်ဟု ကြားရတော့၏။

ဓမ္မဒေသနာ ခရီးသည်အဖြစ်နှင့် နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ တစ်ရက်တစ်ပြန် အဖန်ဖန် သွားနေရသူအဖို့ ဤလို ရထားနောက်ကျမှုမျိုးနှင့်လည်း အကြိမ်ကြိမ် ကြုံခဲ့ရပေပြီ။

ဓမ္မဒေသနာ ခရီးသည်ဖြစ်သော မိမိအဖို့ ရံခါ လမ်းကြမ်းမှာ နင်ရ၍ ရံခါ လမ်းချောနှင့် မြန်းခဲ့ရ၏။ ရံခါမှာတော့ လမ်း ကောက်နှင့် တိုး၍ ရံခါမှာမူ လမ်းဖြောင့်နှင့် လျှိုးခဲ့ရ၏။ ရံခါမူ ဆင်းရဲနှင့် ကြုံခဲ့ရ၍ ရံခါမူ ချမ်းသာနှင့် ဆုံခဲ့ရ၏။ ရံခါမူ မြန်၍ ရံခါမူ နှေးခဲ့ရ၏။

ယနေ့ကား နှေးချေပြီ၊ အသို့ တတ်နိုင်အံ့နည်း၊ မိမိ မပိုင်သော အနတ္တမဟုတ်ပါလား၊ ရထားကား လာချေပြီ၊ ခါတိုင်း အချိန်ထက် နှစ်နာရီကျော် နောက်ကျ၏။ လောင်စာဆီ အခက်အခဲကြောင့် ရထားတစ်စင်း ပျက်၍ နှစ်စင်းတ တစ်စင်းထဲ တင်လာရသည်တဲ့။

ရထားကား ထွက်ချေပြီ၊ အမြန်ဖြစ်သော်လည်း နှေးခဲ့ရတော့၏။ ထွက်ချိန်လည်း နောက်ကျ၏၊ ရပ်ချိန်လည်း ကြာ သဖြင့် ရောက်ချိန်မှာ များစွာနောက်ကျတော့၏။

အထိုင်များခဲ့ရသော မိမိအဖို့ တည်းခိုရာဌာနသို့ရောက်သော် တုံးလုံးပက်လက်ဖြစ်တော့၏။ ရောက်လာသူ ဧည့်သည် များကိုလည်း တုံးလုံးပက်လက်ကပင် စကားပြောနိုင်တော့၏။

ထိုအချိန်တွင် မိမိ ကပ္ပိယက စာတစ်စောင် လာကပ်၏။ မိမိမှာ မဖတ်ချင်၊ မဖတ်နိုင်သဖြင့် "ဘယ်က စာလဲ၊ အရေး မကြီးရင် နောက်မှ ဖတ်ပါရစေ" ဟု ပြောကာ တုံးလုံးပက်လက်ပင် နေရတော့၏။ တရားဟောရန် အချိန်မှာလည်း တစ်နာရီသာ သာမျှ လိုတော့၍ ဤမျှလောက်တော့ နားမှ ဖြစ်မည်။

ထိုနေ့ည တရားပွဲပြီး၍ နောက်နေ့နံနက်မှ စာကို ဖတ်ဖြစ်တော့၏။ စာမှာ ပြဿနာတွေ ပါနေ၍ ကိုရင်တစ်ပါးခေါ် ကာ ဖတ်ခိုင်းပြီး ပြဿနာရှင် အနေထား၍ ပြဿနာကို ဖြေရှင်းရ၏။

"ကိုရင် လာစမ်းပါဦး၊ ဟောဒီစာ ဖတ်ပြစမ်းပါဦး၊ ပြီးတော့ အဲဒီ စာထဲက ကိုရင်သိချင်တာလည်း မေးနော်၊ အဖြေထုတ် ရအောင်"

ကိုရင်မှာ စာကို ဖတ်တော့သည် -

၁၈ - ၁ - ၇၉

ဦးပဥ္စင်းဘုရား -

တပည့်တော် စာရေးလျှောက်ထားပါရစေဘုရား၊ ဦးပဥ္စင်း တပည့်တော်တို့ ( ..... ) ကို တရားဟော မကြွမီက တပည့်တော်မှာ အပြင်းအထန် စိတ်သောက ရောက်ပြီး စိတ်ညစ်နေပါတယ်ဘုရား။

"ဘုန်းဘုန်း သူက ဘာဖြစ်လို့ စိတ်သောက ရောက်ပြီး စိတ်ညစ်နေရတာလဲ ဘုရား"

"အို - ကိုရင်ကလည်း စာမှ မဖတ်ရသေးဘူး၊ ပြဿနာက မေးလာပြီ"

"နို့ - ဘုန်းဘုန်းက စာထဲက သိချင်တာမေးဆို ဘုရား"

"အေး - အေး၊ ရှေ့ကျတော့ သူ့အကြောင်းက သူ့ဘာသာသူ ပါလာလိမ့်မယ်၊ ဆက်ဖတ်စမ်းပါဦး"

" ဦးပဥ္စင်းရဲ့စာအုပ်တွေကိုလည်း ပြန်ဖတ်ပါတယ်၊ တရားလည်း အားထုတ်ပါတယ်၊ စာဖတ်တဲ့အခိုက် တရားအားထုတ်တဲ့ ခဏပဲ စိတ်ညစ်ပြေပြီး ခဏကြာရင် စိတ်ကို ထိန်းလို့မရဖြစ်ပြီး ဒုက္ခရောက်နေပါတယ်ဘုရား"

"ဘုန်းဘုန်းဘုရား၊ သူ့ဒုက္ခကလည်း တယ်ပြီးကြီးပါလားဘုရား"

"အဲဒါ ကိုရင် မကြောက်ဘူးလား၊ ဒုက္ခရောက်မှာကို"

"ကြောက်ပါတယ်ဘုရား"

"ဒုက္ခကြောက်ရင် ဒုက္ခရောက်ကြောင်းတွေ မလုပ်နဲ့နော်"

"မှန်ပါ၊ မလုပ်ပါဘုရား၊ ဘုန်းဘုန်း ဒီလိုဆိုရင် သူ ဒုက္ခရောက်နေတာ ဒုက္ခရောက်ကြောင်းတွေ လုပ်လို့ပေါ့ နော် ဘုန်းဘုန်း"

"ဒါကတော့ ဘယ်သိမလဲ၊ ကဲ - ဆက်ဖတ်ပြပါဦး"

" ဦးပဥ္စင်းလည်း တရားဟောကြွလာရော အလယ်ညဟောတဲ့ တရားလေ၊ ဦးပဥ္စင်းက တပည့်တော်မှာ ဖြစ်နေတဲ့ဖြစ်ရပ်တွေနဲ့ တပည့်တော်မေးမယ့် မေးခွန်းတွေကို ကြိုတင်သိထားပြီး ပြောဆိုဖြေကြားဟောကြားသလို ထင်ပါရဲ့ ဦးပဥ္စင်းရယ်"

"ဘုန်းဘုန်း၊ သူ့မေးခွန်းတွေကလည်း ဘာလဲဟင်၊ သူ့ ဖြစ်ရပ်တွေကလည်း ဘာတွေလဲ"

"ဟ - ဘယ်သိမလဲ ကိုရင်ရဲ့ သူ့စာမှ မဆုံးသေးတာ၊ ဆုံးတော့ ပါမှာပေါ့"

"ဘုန်းဘုန်းကလည်း သူမမေးခင်ကြိုတင် တရားဟောသလို တပည့်တော်ကိုလည်း ကြိုတင်ပြောလိုက်ရင်ပြီးတာပဲ"

"ငါက သိလို့ ဟောတာ ဖြေတာမှ မဟုတ်တာ၊ တိုက်ဆိုင်လို့ ဖြစ်သွားတာပဲဟာ"

"ဘုန်းဘုန်းကလည်း မပြောချင်တာနဲ့"

"နောက် မပြောဘဲ သိလိမ့်မယ်၊ ဆက်ပြီး ဖတ်ပြစမ်းပါဦး"

"ကိုယ့်ဖြစ်ရပ်တွေနဲ့ တရားနဲ့ ကိုက်နေတော့ စိတ်တွေ ကြည်ပြီး ညစ်တာ နောက်တာတွေ ပျောက်ပြီး အိပ်ချင်စိတ်ဆိုတာ ရှာလို့တောင် မရတော့ပါ ဘုရား"

"တရားကျေးဇူး သိပ်ကြီးမားတာပဲနော် ဘုန်းဘုန်း၊ တရားနာတာနဲ့ စိတ်ညစ် စိတ်နောက်တွေ ပျောက်ကုန်တယ်"

"အေးပေါ့၊ ဘုရားရှင်ရဲ့တရားတော်တွေဟာ ဒုက္ခပျောက်ဆေးတွေပဲ၊ တရားနာတယ်ဆိုတာ ဒုက္ခပျောက်ဆေး သောက်တာပဲ"

"ဒါဖြင့် ဘုန်းဘုန်းက ဆေးဆရာပေါ့"

"ငါက ဆရာမဟုတ်ဘူး၊ ဆရာက ဘုရားရှင်ပါ၊ ဘုရားရှင်ရဲ့ဆေးကို ငါက တိုက်ပေးရတာပါ၊ ကဲ - ကဲ ဖတ်ပြစမ်း ပါဦး"

"ပြီးတော့ အလိုက်သိစွာနဲ့ ဦးပဥ္စင်းက တရားတွေကို ကက်ဆက်ကတစ်ဆင့် ကူးခိုင်းတော့ ပိုပြီးကျေးဇူးတင်ရပါ တယ်ဘုရား"

"ကက်ဆက်ကို နည်းနည်းလေးဖွင့်လိုက် ကူးလိုက် လုပ်ရတော့ ဖွင့်နေတုန်း စိတ်ညစ်တဲ့ကိစ္စကို တွေးနေ မိရင် ဘာဟောလိုက်မှန်း မသိတာနဲ့ ပြန်ပတ်ပြီး ဖွင့်ရတော့ အထပ်ထပ် နာရတာပေါ့ ဘုရား"

"အချိန်ကြာပြီး ကူးမပြီးမှာလည်း စိုးရတော့ စိတ်ညစ်တာကို လက်မခံနိုင်တော့ပါ ဘုရား"

"ဒါပေမဲ့ တစ်ခါတစ်ခါကျတော့ ကက်ဆက်ကလေးကို ရပ်ပြီး စိတ်ညစ်ကို လက်ခံမိပါသေးတယ်"

"စိတ်ညစ်တာ တယ်ဆိုးပါလားနော်၊ ဘုန်းဘုန်းတရား ကူးတုန်းတောင် ဝင်လာတယ်"

"အေး - ကိုရင်လည်း အဲဒါ နမူနာယူပြီး စိတ်မညစ်အောင် နေနော်"

"မှန်ပါ နေပါ့မယ်ဘုရား"

"ကဲ - နေရင် ဆက်ဖတ်ဦး"

"ဦးပဉ္ဇင်း ဘုရား၊ တရားဘက်ကို ဂရုစိုက်လေ အဲဒီ စိတ်ညစ်မှုက ဝင်လာလေပဲ ဘုရား၊ တပည့်တော်က လက်ခံထားတော့ အိမ်သားလို ဖြစ်နေပါတယ်"

"အဲဒါကို တပည့်တော်က နှင်ထုတ်ပြီး တရားစည်းသည်ကို ပြောင်းရွှေ့လက်ခံတော့ သူက ရင်းနှီးမှုနဲ့ တစ်ခါတစ်ခါ လှည့်ပြီး ဝင်ဝင်လာပါသေးတယ်ဘုရား"

"နောက်တော့ ရင်းနှီးလွန်းနေတဲ့ စိတ်ညစ်မှု စိတ်သောက ရောက်မှုလေးတွေ အလစ်အလစ် ဝင်လာတာကို နှင်ထုတ်ရတာဟာ ပျော်စရာဖြစ်လာပါတယ် ဘုရား"

"ဘုန်းဘုန်း၊ စိတ်ညစ်မှု လက်ခံတယ်ဆိုတာ ဘယ်လိုပါလဲဘုရား၊ နှင်ထုတ်တယ်ဆိုတာ ဘယ်လိုပါလဲ ဘုရား"

"လက်ခံတယ်ဆိုတာ စိတ်ညစ်စရာ အာရုံကို ပြုရင် စိတ်ညစ်မှု ဖြစ်လာတော့ လက်ခံရာ ကျတာပေါ့၊ စိတ်ညစ်စရာ အာရုံကို အာရုံမပြုဘဲ တရားကို အာရုံပြုတော့ စိတ်ညစ်မှု ထွက်သွားတော့ နှင်ထုတ်တယ် ဆိုတာပေါ့၊ ကဲ - ဆက်ဖတ်ပါဦး"

"ဦးပဉ္ဇင်း တရားဟော မကြွခင်တုန်းကတော့ သူတို့တစ်တွေနဲ့ ပျော်နေတော့ တပည့်တော်မှာ ဘာအလုပ်မှ မလုပ်ချင်ဘဲနဲ့ အိပ်နေတာသာ များပြီး လေးလေးလံလံ ဖြစ်နေပါတယ်ဘုရား"

"ယခုတော့ ဦးပဉ္ဇင်းက တပည့်တော်ရဲ့ စိတ်ညစ်တွေကို ဖယ်ရှားသွားလို့ တပည့်တော်မှာဖြင့် ကြည်လင်ပြီး ပေါ့ပါးနေပါပြီ ဘုရား"

"ဘုန်းဘုန်းက သူ့စိတ်ညစ်တွေကို ဘယ်လို ဖယ်ရှားပါလဲ ဘုရား"

"ဩော် - ဒါက တင်စားပြီး ရေးတာပါ၊ တရားဟောတာကိုပဲ ဖယ်ရှားတယ် ပြောတာပေါ့"

"ဒါဖြင့် တရားနာရင် စိတ်ညစ် ပျောက်တာပေါ့နော် ဘုန်းဘုန်း"

"အေး - ပျောက်တာပေါ့၊ ကဲ - ဆက်ဖတ်စမ်းပါဦး"

"ဦးပဉ္ဇင်းကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်သောအားဖြင့် တရားပွဲ ပြီးတဲ့နေ့က စပြီး ညမှာ ရှစ်ပါးသီလ ယူပြီး နေ့မှာ "ကောမာရီဗြဟ္မစရိယသီလ" ကို ယူပါတယ်ဘုရား"

"ပန်း၊ ရေချမ်းနဲ့ ဆီမီးလည်း ညတိုင်း ကပ်လှူပါတယ်ဘုရား၊ တရားလည်း မပြတ် အားထုတ်ပါတယ် ဘုရား၊ သမ္မုဒ္ဒေ ဘုရားရှိခိုးလည်း သက်စေ့ ရှိခိုးပါတယ်ဘုရား"

"ယခု ပြုလုပ်ခဲ့တဲ့ အလုပ်တွေ ပျက်ကွက်ခဲ့ရင် ဦးပဉ္ဇင်း ပြောတဲ့အတိုင်း ဒုက္ခတွေမှာ သေရျာပါတယ် ဘုရား"

"တကယ်တော့ တရားအားထုတ်တယ်ဆိုတာ ကုသိုလ်နဲ့ အကုသိုလ် စစ်တိုက်နေတာမို့ ပျော်စရာပါပဲ ဘုရား"

"ဦးပဉ္ဇင်းဘုရား၊ စိတ်ကြည်လင်သွားပေမဲ့ မေးစရာ ပေါ်လာတာတော့ မေးပါရစေ ဘုရား -

၁။ "တရားအားထုတ်တဲ့အခါ ကြည်လင်အေးချမ်းမှုတွေ တွေ့တဲ့အတွက် စိတ်ညစ်တဲ့အခါမှာ တရားကို တောင့်တ,ရင်းနဲ့ စိတ်ညစ်နေမှု၊

၂။ တရားအရသာတွေ ခံစားဖူးပါသော်လည်း တရားကို ဖယ်ရှားပြီး အင်း - အင်း နဲ့ အော်ညည်းပြီး စိတ်ညစ်နေမှုလို့ စိတ်ညစ်မှု နှစ်မျိုးကို တွေ့နေရပါတယ်ဘုရား။ အဲဒီ နှစ်မျိုးဟာ ဘာတွေ ကွာခြားနေလို့ စိတ်ညစ်ပုံ မတူပါသလဲ ဘုရား"

"ဘုန်းဘုန်း ဒီမှာ အမေး,ရောက်လာပြီ ဘုရား၊ ဖြေပါတော့"

"ဒါက လွယ်ပါတယ်၊ အမေးဟာ နှစ်ခုဆိုပေမဲ့ တစ်ခုတည်းပါပဲ"

"ဘယ်လို တစ်ခုတည်းပါလဲဘုရား"

"တရားအားထုတ်တဲ့အခါ ကြည်လင်မှု အေးချမ်းမှု တွေ့ထားတယ်ဆိုတာလည်း တရားအရသာ ခံစားဖူးထားတာပဲ မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"စိတ်ညစ်တဲ့အခါ ဒီတရားကိုပြန်ပြီး နှလုံးသွင်းရမှာ၊ နှလုံးမသွင်းဘဲ အလိုလိုကြည်လင်အေးချမ်းမှုတွေ ပေါ်လာမလားလို့ ချမ်းသာမှုကို မျှော်လင့်တောင့်တ,နေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တောင့်တ,တိုင်း ပေါ်မလာတော့ ပိုပြီးတော့ စိတ်ညစ်လာမယ်၊ တရားပေါ်မှာလည်း သံသယ,ဖြစ်လာမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တရားအရသာ ခံစားဖူးပါသော်လည်း တရားကို ဖယ်ရှားပြီး ဆိုတာကတော့ ရှင်းနေတယ်၊ တရားအရသာကို ခံစားနိုင်အောင် တရားကို ပြန်ပြီး နှလုံးသွင်းရမှာ မသွင်းဘဲနဲ့ စိတ်ညစ်မှုကို အရသာတစ်ခု ထင်ပြီး အင်း - အင်းနဲ့ အော်ညည်းပြီး စိတ်ညစ်ခံနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"စင်စစ်တော့ နှစ်ခုလုံး တရား ဖယ်ထားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တစ်ခုက တရားဖယ်ပြီး အလိုလို ချမ်းသာ ပေါ်မလားလို့ တရားကို အချောင် တောင့်တ,တာနော်"

"မှန်ပါဘုရား"

"နောက်တစ်ခုကတော့ ရန်သူကို နိုင်နင်းတဲ့ လက်နက်ရှိပါလျက်နဲ့ လက်နက်အသုံးမပြုဘဲ လက်နက်ချ အရှုံးပေးပြီး ရှုံးခါမှ ညည်းသူပမာပဲပေါ့နော်"

"မှန်ပါဘုရား"

"စင်စစ်တော့ နှစ်မျိုးလုံး တရားအားမကိုးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ စိတ်ညစ်ပျောက်ချင်ရင် စိတ်ညစ်စရာ အာရုံကို အာရုံမပြုဘဲ မူလက ရခဲ့ဖူးတဲ့ တရားအာရုံကို ပြန်ပြီး အာရုံပြုရင် စိတ်ညစ်လည်း ပျောက်မယ်၊ ချမ်းသာလည်း ပေါ်လာမယ်နော်"

“မှန်ပါဘုရား”

“တရား ဖယ်ထားပြီး တောင့်တရှံသက်သက် ညည်းနေရှံသက်သက်နဲ့တော့ စိတ်ညစ်ပျောက်ပြီး ချမ်းသာ မရောက်ဘူးနော်၊ ကဲ - ရှေ့ဆက်ပါဦး”

“နောက်တစ်ခုက တပည့်တော် ကုသိုလ်ကောင်းမှုတွေကို ပြုပြီး သီလဆောက်တည်နေတော့ စိတ်ကြည်လင်ပြီး လုပ်ငန်းခွင် ပျော်ရွှင်နေပါတယ်ဘုရား”

“ကောင်းမှုတွေ ပြုလုပ်ထားတော့ မျက်နှာက ပြုံးသလို ဖြစ်နေတာနဲ့ တူပါတယ်ဘုရား၊ (အမေရိကန်ဘာသာရေးပါရဂူကြီး ပြောသလိုပေါ့ ဘုရား)”

“အဲဒီတော့ တပည့်တော်ကို သီလမစောင့်တဲ့ သူငယ်ချင်းတချို့က မျက်နှာကိုက ပြုံးစိပြုံးစိနဲ့ အဲဒါကြောင့်ခက်နေတာလို့ အပြောခံရပါတယ်ဘုရား”

“အဲဒါ ဘာပြုလို့ ပြောတာလည်းဘုရား၊ တပည့်တော် သူတို့ကို ဘယ်လိုပြန်ပြောရမှာလည်း ဘုရား”

“ဘုန်းဘုန်း ဒီမှာ အမေးတစ်ချက် လာပြန်ပြီ၊ ဘယ်လိုဖြေမှာလဲ”

“မင်း ဖြေကြည့်စမ်း”

“တပည့်တော်မှ မဖြေတတ်တာ ဘုန်းဘုန်းကလဲ”

“ကဲ - ဒါဖြင့် နားထောင်၊ သူ့ကို ပြောတာက သူနဲ့အတူနေ သူငယ်ချင်းတွေက ပြောတာမဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“လူဆိုတာ သိပ်ခက်တာပဲ၊ အခွင့်အရေးကို သိပ်လိုချင်တယ်၊ ဒါပေမဲ့ အရည်အချင်းတော့ ရှိအောင် မလုပ်ချင်ဘူး၊ အရည်အချင်း မရှိတော့ အခွင့်အရေး ရဦးမလား”

“မရပါဘုရား”

“ကိုယ့်မှာ အခွင့်အရေး မရတော့ သူများမှာ ရတာကို ကျေနပ်သေးလား”

“မကျေနပ်တော့ပါဘုရား”

“မကျေနပ်တော့ တောင်ပြော မြောက်ပြော ပြောရောမဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“ဒီတော့ အရည်အချင်း ရှိတဲ့လူဟာ အခွင့်အရေး ရတဲ့လူဟာ အရည်အချင်း မရှိ အခွင့်အရေး မရသူတွေရဲ့အပြောအဆိုကို ခံရရော မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အဲဒါဟာ ဓမ္မတာပဲ”

“မှန်ပါဘုရား”

“အမှန်က သူ့မှာ ဘာဖြစ်လို့ဒီအခွင့်အရေးရတာလည်းလို့အကြောင်းရှာပြီး ကိုယ်လည်းအဲဒီအကြောင်းပြည့်စုံအောင်ဖြည့်လို့ အရည်အချင်း ရှိလာရင် သူရတဲ့ အခွင့်အရေးမျိုး မရဘူးလား”

“ရပါတယ်ဘုရား”

“ဒီတော့ သူလည်းကောင်း ကိုယ်လည်းကောင်း၊ နှစ်ဦးစလုံး ကောင်းမသွားဘူးလား”

“ကောင်းသွားပါတယ်ဘုရား”

"ဒီတော့ ကိုယ်ကောင်းတာဟာ သူ့ကို အားကျ အတုယူလို့ ကောင်းတာဖြစ်တော့ သူ့ကို ကျေးဇူးတောင် မတင်ရဘူးလား"

"တင်ရပါတယ်ဘုရား"

" ခုလို အပြစ်ပြောတော့ ကိုယ့်မှာ အကုသိုလ် တက်ရုံမှတစ်ပါး ဘာအခွင့်အရေးတွေ ရသေးလဲ"

"ဘာအခွင့်အရေးမှ မရပါဘုရား"

"အဲဒီလို ပြောတဲ့လူကို ဘာပြန်ပြောရဦးမလဲ"

"မလျှောက်တတ်ပါဘုရား"

"ဘာမှလည်း ပြန်မပြောနဲ့၊ သူ့အပေါ်လည်း မေတ္တာလည်း မပျက်နဲ့၊ သူပြောခြင်းကြောင့်လည်း ကိုယ့်ရဲ့အမူအကျင့်၊ အရည်အချင်းကိုလည်း မဖျက်လိုက်နဲ့၊ သူ့အပေါ်မှာ ပိုပြီး မေတ္တာထား၊ ကိုယ့် အမူအကျင့်၊ အရည်အချင်းကိုလည်း ပိုပြီး မြှင့်တင်ပေး ဟုတ်လား"

"မှန်ပါဘုရား"

"ကဲ - ရှည်တောင်သွားပြီ၊ ဆက်ပြီးတော့ ဖတ်ပြစမ်းပါဦး"

"နောက်တစ်ခုက တပည့်တော်က မေတ္တာမပျက်ဘဲနဲ့ တပည့်တော်ကို မနာလိုတွေ ဖြစ်နေကြပါတယ်ဘုရား၊ တပည့်တော်ကို မေတ္တာပျက်ကြောင်း သိတော့ တပည့်တော်လည်း မေတ္တာပို့ပါတယ်ဘုရား"

"ဒါပေမဲ့ သူတို့က တပည့်တော်ရဲ့ပညာမှာရော အဝတ်အစား အနေအထိုင်ကိုပါ အစစ အရာရာ အပြစ်ပြောပြီး ပြိုင်ဆိုင်နေပါတယ်ဘုရား"

"သူတို့တစ်တွေနဲ့ ဆက်ဆံလို့ ပြေလည်အောင် ဘယ်လိုကောင်းမှုတွေကို ပြုရပါ့မလဲဘုရား"

"တပည့်တော် နောက်နောက်က ဘာတွေ လုပ်ခဲ့လို့ ပြိုင်သူ ဆိုင်သူ မနာလိုသူတွေ များနေပါလဲ ဘုရား"

"ဘုန်းဘုန်း အမေးတွေ အများကြီးပဲ ဘုရား၊ ဖြေပါဦးဘုရား"

"အေး - ဖြေတာပေါ့"

"တပည့်တော်လည်း သိချင်လာတယ် ဘုန်းဘုန်း"

"အေး - ငါက တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်အောင် မင်းကိုခေါ်ပြီး ဖတ်ခိုင်းတာပဲ၊ ခုတော့ နှစ်ချက်ပြတ်တာပေါ့"

"မှန်ပါဘုရား"

"သူ့ကို သူ့သူငယ်ချင်းတွေက မေတ္တာပျက်မှန်း သိတော့ သူက မေတ္တာပို့တယ်နော်"

"မှန်ပါဘုရား"

"ဒါဟာ အင်မတန်မှန်ကန်တဲ့ လမ်းစဉ်ပါ၊ ဒါပေမဲ့ ကိုယ်ပို့တဲ့ မေတ္တာက ကိုယ့်မှာ အပူကင်းပြီး သန့်ရှင်းတဲ့ မေတ္တာဖြစ်ဖို့ အရေးကြီးပါတယ်၊ ကိုယ့်အပေါ် မေတ္တာပြန်ရှိလာစေချင်လို့ ပို့တာမျိုးလည်း မဖြစ်စေရဘူးနော်"

"မှန်ပါဘုရား"

"သူတို့ အမြင်မှန်ရပြီး အပြစ်မရှိ ကိုယ်စိတ်ချမ်းသာစွာနဲ့ လောကီလောကုတ် အကျိုးတရား တိုးပွားစေရေးကို ရှေးရှုပြီး ဖြူစင်တဲ့ မေတ္တာမျိုး ဖြစ်ရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို စိတ်က မနောကံ မေတ္တာထားပြီး ကိုယ်ကလည်း သူတို့အပေါ်မှာ ပြုရမယ့် လုပ်ငန်းတွေကို ကာယကံမေတ္တာထားပြီး ပြုလုပ်ပေးပါ၊ နှုတ်က ဝစီကံမေတ္တာထားပြီး ပြောဆိုပေးပါနော်"

"မှန်ပါဘုရား"

"အဲဒီ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ကုသိုလ်ပဲ ပြုလုပ်ပေါ့နော်"

"မှန်ပါဘုရား"

"နောက်နောက်က ဘာတွေလုပ်ခဲ့လို့လည်း ဆိုတာတော့ အတိအကျက ဘုရားမှ သိမှာပေါ့နော်၊ အခုတော့ မှန်းဆပြောရရင် နောက်နောက်က သူများတွေကို ပြိုင်ခဲ့ ဆိုင်ခဲ့လို့ ယခုအခါမှာ ကိုယ့်ကိုပြိုင်သူ ဆိုင်သူတွေ မနာလိုသူတွေများနေတာလို့ ဖြေရမှာပဲနော်"

"မှန်ပါဘုရား"

"ကဲ - ရှေ့ဆက်ပြီး ဖတ်စမ်းပါဦး"

"နောက်တစ်ခုက တပည့်တော် ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပြီး အများကောင်းကျိုးအတွက် ၅ - လတာမျှ ဆောင်ရွက်ခဲ့ပါတယ်ဘုရား၊ အကောင်းထင်သူ ရှိသလောက် အပြစ်ပြောသူတွေ များနေပါတယ်ဘုရား"

"သက်သတ်လွတ်ကို ဦးစားပေးပြီး ဥပုသ်ရက်ရှည် စောင့်တတ်တဲ့ အလေ့ရှိသူတွေပါ ဘုရား"

"အနုပညာတွေ ထူးချွန်ပြီး အပျော်အပါး လိုက်စားကြသူတွေပါ ဘုရား၊ တပည့်တော် ရောက်သွားကာမှ တစ်သက်လုံးက ဥပုသ်မစောင့်တာတွေ ဝါတွင်းမှာ လိုက်စောင့်ကြပါတယ်ဘုရား"

"အဲဒီလူတွေထဲက တချို့က တပည့်တော်ရဲ့ လမ်းညွှန်မှုတွေကို ထိခိုက်အပြစ်ပြောလာကြပါတယ်ဘုရား၊ အဲဒါမျိုးတွေ နှောင်ကြိုးခဲ့ရင် ဘယ်လိုဆောင်ရွက်ပါ့မလဲ ဘုရား"

"ကဲ - ဘုန်းဘုန်း၊ အမေးတွေ အများကြီးပဲ လာပြန်ပြီ၊ ဖြေပါဦး ဘုန်းဘုန်း"

"အေး - အေး၊ ဖြေရတာပေါ့၊ လောကမှာ ကောင်းတဲ့သူ ရှိသလို မကောင်းတဲ့လူလည်း ရှိတယ်ဆိုတာတော့ မျက်ခြည်မပြတ် သတိချပ်ဖို့ လိုတယ်နော်"

"မှန်ပါဘုရား"

"ကောင်းတဲ့ လူတွေဟာ သူတို့အတူ ကောင်းသူတွေကို ကူညီဖို့၊ စောင်မဖို့၊ ချီးမွမ်းဖို့ အဆင်သင့် ဖြစ်သော်လည်း မကောင်းသူတွေကလည်း မိမိအတူ မကောင်းသူတွေကိုရော မိမိထက် ကောင်းသူတွေကိုပါ ကဲ့ရဲ့ဖို့၊ စောင်းမြောင်းဖို့၊ တိုက်ခိုက်ဖို့ အဆင်သင့်ပဲ ဆိုတာကို မမေ့နဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ကောင်းတာကို ပြုကျင့်ပါရက်နဲ့ မကောင်းတဲ့သူတွေရဲ့ တိုက်ခိုက်ခံရတာတော့ မှုစရာ မလိုပါဘူးနော်၊ မမှုတာမို့လို့ပေါ့"

"မှန်လှပါဘုရား"

"ကြောက်ရမှာ၊ အမှုထားအလေးပြုရမှာက မကောင်းတာ ဆောင်ရွက်မိလို့ ပညာရှိ သူတော်ကောင်းတွေရဲ့ ပြစ်တင်ရှုတ်ချ ခံရမှာကိုပဲ ကြောက်ရမှာပဲ၊ ပညာမရှိတဲ့လူကတော့ အဲဒီလို မကောင်းတာလည်း ချီးမွမ်းချင် ချီးမွမ်းနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ နောင်အခါမှာ အဲဒါမျိုး ကြုံရင် "တောင်ကြီးလို့ လေတိုက်ခံရတာပဲ" လို့ သဘောထား၊ "သူတို့ထက်သာလို့ အပြောခံရတာပဲ" လို့ သဘောထား၊ ကိုယ့်အမူအကျင့်ကို တိုးပြီးတော့ ဖြည့်ကျင့်ပါ၊ သူများပြောတာနဲ့ ရှောင်သွားမယ်၊ အမူအကျင့်ဖျက်လိုက်မယ်ဆိုရင် ရှောင်စရာမြေလည်း မလောက်ဘူး၊ လူကောင်းသူကောင်း တစ်ယောက်လည်း ဘယ်တော့မှ မဖြစ်တော့ဘူးနော်"

"မှန်ပါဘုရား"

"ကဲ - ရှေ့ဆက်ဖတ်ပါဦး၊ မဆုံးသေးဘူးလား"

"နောက်ထပ် သိချင်တာက သီလရှင် မဝတ်နိုင်တဲ့အတူတူ ဒီပညာတွေ တတ်ထားတော့ ဒီလိုပဲ တစ်နယ်တကျေးကို ထွက်ရမှာတော့ သေချာပါတယ်ဘုရား၊ ထွက်ရတဲ့အခါမှာ တွေ့တဲ့အရပ်က လူတွေနဲ့ သင့်အောင် ပေါင်းနိုင်ဖို့နဲ့ သတိထားပြုပြင်ရမှာကို လမ်းညွှန်ပေးပြပါဦး ဘုရား"

"ယခုချက်ချင်း စာမပြန်နိုင်ရင်လည်း တရားပွဲတွေ ပြီးတော့ စာ ဆက်ဆက်ပြန်ပေးပါဘုရား၊ ပြန်စာကို စောင့်မျှော်လျက် -

တပည့်တော်

(......)

"ဘုန်းဘုန်း စာတော့ ဆုံးသွားပြီ၊ တော်တော် စာရေးတတ်တယ်၊ မေးလည်း မေးတတ်တယ်နော်၊ သူက ဘာပညာတွေ တတ်ထားလို့လဲ ဘုန်းဘုန်း"

"တက္ကသိုလ်ပညာတွေ တတ်ထားတယ်"

"ဒါကြောင့် စာရေးတတ်၊ မေးတတ်တာပေါ့နော် ဘုန်းဘုန်း"

"အင်းပေါ့၊ မင်းလည်း စာရေးတတ်၊ မေးတတ်အောင် ကြိုးစားနော်"

"မှန်ပါဘုရား၊ ကြိုးစားပါမယ်၊ သူမေးတာလည်း ဖြေပါဦး ဘုန်းဘုန်းဘုရား"

"အေး - မင်းလည်းမှတ်ထား၊ ရောက်ရာအရပ်မှာ တွေ့တဲ့သူနဲ့ သင့်အောင်ပေါင်းနိုင်ဖို့က သိပ်ပြီးတော့ အရေးကြီးပါတယ်၊ သင့်အောင် မပေါင်းနိုင်ရင် အမြဲတမ်း ကိုယ်စိတ် ဆင်းရဲနဲ့ ကြုံရမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဒီနေရာမှာ ငါ အမြဲတမ်း ကျင့်သုံးတဲ့ အကျင့်လမ်းကြောင်းတစ်ခု ပြောပြမယ် -

"လူတိုင်းဟာ ကိုယ့်ဟာကိုယ်တော့ ကောင်းတယ်ထင်ပြီး ပြုမူလုပ်ကိုင်နေခြင်း ဖြစ်သည်"

"အဲဒီ အကျင့်လမ်းကြောင်းပဲ၊ ဒီတော့ ကိုယ့်ကို သူ့ဘက်က နေထားပြီးတော့ ကြည့်စမ်း၊ ကြည့်တော့ သူလုပ်တာဟာ မှန်တယ်လို့ မသိမြင်ဘူးလား၊ သိမြင်မလား"

"သိမြင်ပါမယ်ဘုရား"

"ဒီတော့ သူ့ကို သူ့အနေတော့ အကောင်းလို့ထင်ပြီး လုပ်နေတာပဲလို့ သိလိုက်၍ ငါ့အနေနဲ့သာ မကောင်းဖြစ်နေတာပဲလို့ သိလိုက်ရင် ခွင့်လွှတ်လို့ မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အဲဒီလို ခွင့်လွှတ်ရင် သူနဲ့ပတ်သက်ပြီး ကိုယ့်မှာ ပြဿနာ ပေါ်ဦးမလား"

"မပေါ်တော့ပါဘုရား"

"ခဏတော့ မပြေလည်ဘူး၊ နောက် လိုပ်ပတ်လည်လာရင် ပြေလည်လာလိမ့်မယ်၊ အဲဒီ ရန်သူဟာ ကိုယ့်ရဲ့မိတ်ဆွေ၊ ကိုယ့်ရဲ့နောက်လိုက် ဖြစ်လာလိမ့်မယ်၊ အဲဒီလိုသာ အရာရာမှာ သူများအပေါ် ခွင့်လွှတ်ဖို့ ကြိုးစား၊ ရောက်ရာအရပ်မှာ တွေ့တဲ့သူနဲ့ သင့်လိမ့်မယ်နော်"

"မှန်ပါ ဘုရား"

"ကဲ - ဒီလောက်ဆို တော်လောက်ပါပြီ၊ ဖြေရတာလည်း မောပြီ"

"မှန်ပါ ဘုရား"

✦ အရာရာပင်၊ သူများတွင်၊ ပြစ်မြင်ခွင့်လွှတ်လေ၊
✦ ကိုယ်မှုကျင့်လည်း၊ အစဉ်ပဲ၊ စွဲမြဲ ကျင့်ပါလေ၊
✦ မလိုသူတွက်၊ ကိုယ်ကျင့်ပျက်၊ အမျက်ရှောင်ပါလေ၊
✦ တိုက်ခံတွေ့လေ၊ ကျင့်မြဲစေ၊ တိုးလေအမြဲပေ၊

# အတ္တစွဲ,မကြီးလွန်းဘူးလား ဘုရား

(၁၄၇)

ငါနှင့်မဆိုင် ငါပိုင်မဟုတ် နာမ်ရုပ်နှစ်ခု ဓာတ်စုဓာတ်ခဲကြီးကို ငါပဲ ကိုယ်ပဲ အထင်လွဲလျက် အနည်းနည်း မှောက်မှား၍ သက္ကာယတရားကြီး ရှိနေသည့်အတွက် အေးဘက်သို့ မကူး၊ အရှူးအသွင် ဘုံသုံးခွင်မှာ ကျင်လည်မျောပါး၍ ရဟတ်ချားကဲ့သို့ ပြေးသွားကာ နေကြရကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေ အို. နာ. သေ.ရေး ဒုက္ခဘေးတို့သည် ခဏမစဲ အမြဲနှိပ်စက်အပ်ကုန်သော ရုပ်ခဲ နာမ်ခဲကြီးတွေသာ ဖြစ်ကြကုန်၏။

ရုပ်နာမ်မှတစ်ပါး သတ္တဝါဟူ၍ မရှိ။ သတ္တဝါဟူသည် ရုပ်နာမ်နှစ်ခု အစုအခဲကြီးသာ ဖြစ်၏။ ရုပ်နာမ်တို့သည် ပဋိသန္ဓေနေရသည့် ဘေး၊ အို ဘေး၊ နာ ဘေး၊ သေ ဘေး စသော ဘေးအပေါင်းတို့ နှိပ်စက်အပ်ကုန်သော တရားအစုတို့သာ ဖြစ်ကြကုန်သည် ဖြစ်၍ စင်စစ်အားဖြင့် ဒုက္ခခဲကြီး၊ ဒုက္ခအစုကြီးသာ ဖြစ်ကြကုန်၏။

ရုပ်နာမ်တရားတို့သည် ချမ်းသာမဖက် သက်သက်သော ဒုက္ခတရား သဘောတွေသာ ဖြစ်၏။ ဒုက္ခမှ တစ်ပါးသော တရားသဘောသည်ဖြစ်ပေါ်လာသည်ဟူ၍ မရှိ။ ချုပ်ပျက်၍ သွားသည်ဟူ၍ မရှိ။ ဒုက္ခတရားသည်သာလျှင် ဖြစ်ပေါ်လာပြီး ဒုက္ခတရားသည်သာလျှင် တည်၏။ ဒုက္ခတရားသည်သာလျှင် ချုပ်ပျက်၏။ ထို့ကြောင့် ဗုဒ္ဓက ဟောတ၏။

"လောက၌ စင်စစ်ကေန် အမှန်အားဖြင့် ဒုက္ခတရားသည်သာလျှင် ဖြစ်ပေါ်လာ၏။ ဒုက္ခတရားသည်သာလျှင် တည်၏။ ပျက်လည်းပျက်၏။ ဒုက္ခတရားကိုကြဉ်ထား၍ တစ်စုံတစ်ခုသော တရားသဘောမည်သည် မဖြစ်၊ ဒုက္ခတရားမှ တစ်ပါးသော တရားသဘောမည်သည် မပျက်မချုပ်ပြီ"

(သံယုတ်)

ရုပ်နာမ်တရား ဖြစ်ပေါ်လာလျှင် ပဋိသန္ဓေနေရခြင်း ဇာတိမီး၊ အိုရခြင်း ဇရာမီး၊ သေရခြင်း မရဏမီး သုံးပါးသည် အမြဲတမ်း ပါ၍ ပါ၍ နေသောကြောင့် ရုပ်နာမ်နှစ်ပါးတို့ ဖြစ်တိုင်း ဖြစ်တိုင်း တိုမီးသုံးပါးတို့သည် အမြဲ လောင်၍ လောင်၍ လိုက်ကုန်၏။

သို့ဖြစ်၍ ရုပ်စု နာမ်ပုံဖြစ်သော အလုံးစုံသော သတ္တဝါတို့သည် မီးစာတုံးကြီး မီးလောင်ဒုတ်ကြီးတွေသာဖြစ်ကြကုန်၏။

မီးသေ၍ မနေအောင် ထင်းအမှိုက်စသော မီးစာတို့ကို အမြဲစောင့်လျက် ထည့်၍ နေရဘိသကဲ့သို့ ရုပ်သစ် နာမ်သစ်တွေ အသစ်အသစ် ဖြစ်ပေါ်၍ အစဉ်မပြတ် တည်၍နေအောင် အားထုတ်၍ နေကြရကုန်၏။

လောက၌ စားမှု သောက်မှု အမျိုးမျိုးတို့သည် မီးထည့်မှုတွေသာ ဖြစ်ကြကုန်၏။ အိပ်မှု, ထိုင်မှု, ဝတ်မှု, မြဲမှု စသော အမှုတို့သည်လည်း မီးထည့်မှုတွေသာဖြစ်ကြကုန်၏။

ခန္ဓာကိုယ်ကြီးကို ပြုပြင်ဖို့ရာ အစာအာဟာရ စသည်တို့ကို ရှာနေမှုတို့သည် ထင်းရှာမှုတွေသာ ဖြစ်ကုန်၏။

နောင်သံသရာဖြစ်ဖို့ရန် ဒါန, သီလ စသော ကုသိုလ်ပြုမှုတို့သည်လည်း မီးထည့်မှုတွေသာဖြစ်ကြကုန်၏။ အကုသိုလ်ပြုမှုတို့သည်လည်း မီးထည့်မှုတွေသာ ဖြစ်ကြကုန်၏။

ယင်းတို့ကို မြင်ဖို့ရာ အလွန်တရာ ခဲယဉ်းလှပါပေ၏။ မြင်အောင် ကြည့်ပါလေ၊ မီးစာတုံးကြီးဖြစ်သော စာတ်ခဲကြီးကို "ငါပဲ၊ သူပဲ" ဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိကြီး ရှိနေသည့်အတွက်ကြောင့် ဓာတ်အမှုတွေကို ကိုယ်မှု မှတ်ထင်၍ ထိုမီးထည့်မှု ထင်းရှာမှုတွေကို ချမ်းသာကြီးတစ်ခု ပြုလုပ်၍ နေကြရကုန်၏။

"ငါသွားသည်၊ ငါလာသည်၊ ငါကြားသည်၊ ငါမြင်သည်၊ ကိုယ်ခံစားသည်၊ ကိုယ်သုံးဆောင်သည်" ဟူသော အနေနှင့် ကိုယ်ခံစားဖို့ ကိုယ်သုံးဆောင်ဖို့ရန် အထည်ဝတ္ထုအစုစုတို့ကို သူ့ထက်ငါ အားကျ၍ အမျိုးမျိုး ခဲကြ၊ မဲကြ ဆည်းပူးကြရကုန်၏။

သို့အတွက် အကုသိုလ်ကံတွေ အမျိုးမျိုး ဖြစ်ပွား၍ နေကြလေကုန်၏။ ဆင်းရဲဒုက္ခတွေ များစွာဖြစ်ပွား၍ နေကြလေကုန်၏။

ယင်းကဲ့သို့ ပစ္စုပ္ပန်၊ သံသရာ နစ်ဖြာသောအရေးမှာ အေးဖွယ်မရှိ၊ အတိဒုက္ခဖြစ်၍ နေကြကုန်သော အမှုတို့သည် သက္ကာယဒိဋ္ဌိလျှင် အရင်းအမြစ် ဖြစ်ကြပေကုန်၏။

သို့ဖြစ်၍ ဝဋ်ဒုက္ခ၏ အရင်းမူလဖြစ်သော သက္ကာယဒိဋ္ဌိကြီးကို မပယ်မဖြတ်မူ၍ ပစ္စုပ္ပန် သံသရာ ချမ်းသာအောင် ပြုလုပ်ကြသော်လည်း ချမ်းသာကို မရ၊ ဘေးဒုက္ခတွေကိုသာ ရကြကုန်သည်ဖြစ်၍ ချမ်းသာနှင့် ဝေးကွာ၍ ပဋိသန္ဓေနေရသည့် ဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးတို့ နှိပ်စက်အပ်သော ဒုက္ခကောင်ကြီးတွေသာ ဖြစ်၍ နေကြကုန်၏။

သို့ဖြစ်၍ အပါယ်ဘေးမှ ကင်းဝေးအောင် ပုညကိရိယာ ကုသလာကို အခါခါပြု၍ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် အတွင်စုံခုန်၍ ကန်၍ ပြေးကြကုန်သော်လည်း "သူခိုးရှိရာ ဝန်ထုပ်ဝန်ပိုးထမ်း၍ ပြေးသောသူ" နှင့် တူကြကုန်၏။

မှန်၏။ ပုညကိရိယာ ကုသိုလ်အတွက်နှင့် လူ့ချမ်းသာ နတ်ချမ်းသာတို့ကို ရကြကုန်သော်လည်း ခေတ္တမျှသာဖြစ်ကြကုန်၏။

ဥပမာသော် အကိုင်းအခက်တို့ကို ခုတ်ဖြတ်၍ထားသော သစ်ပင်သည် အမြစ်မပြတ်ခဲ့လျှင် နောက်ထပ်တစ်ဖန် ပေါက်ရောက်ပြန်သကဲ့သို့ ထို့အတူ လောကီချမ်းသာတို့ကို ရကြကုန်သော်လည်း လောဘတည်းဟူသော အမြစ် မပြတ်ခဲ့လျှင် ပဋိသန္ဓေ အစရှိသော ဆင်းရဲတို့သည် အဖန်တလဲလဲ ဖြစ်ကြရလေကုန်၏။ ထို့ကြောင့် ဗုဒ္ဓက ဟောတော်မူ၏ -

> "အမြစ်မှာ ဥပါဒ် မရှိ၊ မြဲမြံခိုင်ခံ့သည် ရှိသော် အခက်အလက်ကို ဖြတ်အပ်သော်လည်း သစ်ပင်သည် တစ်ဖန် ပြန်လည်ပေါက်ရောက် စည်ကားပြန်သကဲ့သို့ ထို့အတူပင် တဏှာအနုသယ မပြတ်သည်ရှိသော် ဤပဋိသန္ဓေ အစရှိသော ဆင်းရဲသည် အဖန်တလဲလဲ ဖြစ်ရလေ၏" (ဓမ္မပဒ)
>
> "ပဋိသန္ဓေနေခြင်း အစရှိကုန်သော ဝဋ်ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကို အလိုရှိကြကုန်သော သူတော်ကောင်းတို့သည် -
>
> "မူလံ ပညာယ ဆိန္ဒထ = တဏှာတည်းဟူသော အမြစ်ကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့"

ဟူ၍ ဗုဒ္ဓဟောသည်နှင့်အညီ သံသရာဝဋ်ဒုက္ခ၏ အမြစ်မူလ လောဘ၊ သက္ကာယဒိဋ္ဌိကြီးကို ဝိပဿနာနည်းဖြင့် ရှင်းလင်းသုတ်သင် ခုတ်ထွင်၍ မဂ်ပညာဖြင့် မြန်စွာ ဖြတ်တောက်၍ ပစ်ကုန်ရာ၏။

သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီး ငုတ်တုတ်နှင့် ရှာန်ရပုဂ္ဂိုလ်ကြီးဖြစ်၍ ယနေ့ ကောင်းကင်မှာ တဝဲဝဲ ပျံ၍နေသော်လည်း နက်ဖြန်ခါ အဝီစိမှာ ကားရားကြီး ကျနိုင်လေ၏။

ယနေ့ သီလစင်ကြယ်သော သီလဝိသုဒ္ဓိပုဂ္ဂိုလ်ကြီး ဖြစ်၍နေသော်လည်း နက်ဖြန်ခါ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်ကြီး ဖြစ်နိုင်လေ၏။

ယခုဘဝမှာ ပညာရှိပုဂ္ဂိုလ်ကြီး ဖြစ်၍နေသော်လည်း နောင်ဘဝမှာ ပညာမိုက်ကန်းသည့် အန္ဓဗာလပုဂ္ဂိုလ်ကြီး ဖြစ်နိုင်လေ၏။

ယနေ့ သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီး အပြီးတိုင် ပြတ်ခဲ့ပါလျှင် ယနေ့ အပါယ်တံခါးပိတ်လေတော့၏။ ထို့ကြောင့် ဗုဒ္ဓက ဟောတော်မူ၏ -

"သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို ပယ်ဖြတ်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည် အပယ်လေးပါးတို့မှလည်း ကျွတ်လွတ်လေ၏" (ရတနသုတ်)

သို့ဖြစ်၍ အပါယ်ဘေးမှ ကင်းဝေးလိုသော ပုဂ္ဂိုလ်တို့သည် သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီးကို အလျင်အမြန် ပြတ်တဲ့အောင် အားထုတ်ထိုက်လေကုန်၏။

ဦးခေါင်းမှာ မီးလောင်၊ ရင်ဝမှာ လှံစူးနေသော ယောက်ျားသည် တစ်ပါးသော အမှုကိစ္စကို မပြုသာဘဲ အလျင်အမြန် အပန်းတကြီး လောင်သောမီးကို ငြိမ်းသတ်လိုဘိသကဲ့သို့ စူးနေသော လှံကို နုတ်လိုဘိသကဲ့သို့ ယခု ဘုရားသာသနာနှင့် ကြုံကြိုက်သည့်အခါ သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီးကို အပြီးတိုင် ပြတ်တဲ့အောင်ကိုသာ အရေးတကြီး အားထုတ်ဖို့ရာ သင့်မြတ်လှလေတော့သည်။ ထို့ကြောင့် ဗုဒ္ဓကလည်း ဟောတော်မူ၏ -

"အသွားနှစ်ဖက် မြမြထက်သော လှံကြီး ရေမျို ရင်ဝမှာ တန်းလန်းကြီး စူးနေသောသူသည် လှံနုတ်ရေးကိုသာ ကြိုးစားနေဘိသကဲ့သို့လည်းကောင်း၊ ဦးခေါင်းတစ်ခုလုံး မီးတောက်လောင် ခံနေရသောသူသည် မီးငြိမ်းရေးကိုသာ ကြိုးစားနေသကဲ့သို့လည်းကောင်း သံသရာဘေး၊ အပါယ်ဘေးကို မျှော်တွေးမြင်သူ ရှင် လူ ရဟန်းသည် သက္ကာယဒိဋ္ဌိကို ပယ်ဖျက်ခြင်းငှာ မမေ့မလျော့ မပေါ့ဘဲ မြဲသော သတိရှိသည်ဖြစ်၍ ဝိပဿနာအလုပ်ကို နောက်မဆုတ်ဘဲ အမြဲအားထုတ်ရာ၏" (သံယုတ်)

ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ကြုံကြိုက်သည့်အခါ အရေးတကြီး ပြုလုပ်ရမည်ဖြစ်သော အလုပ်မှာ သက္ကာယဒိဋ္ဌိ ပယ်ဖြတ်မှု ဝိပဿနာအလုပ်ပင် ဖြစ်၏။

ယင်း ဝိပဿနာအလုပ်ကို ယခုအခါ လုပ်ဖို့ရန် တိုက်တွန်းဟောပြောသူတွေ များလှပါ၏။ သို့သော် သက္ကာယဒိဋ္ဌိ ကွာနိုင်သော ဝိပဿနာတရားများမှာ နည်းပါးလှပြီး ကရွတ်ကင်းလျှောက် ပြီးပျောက်တရားတွေသာ ဟောလေ့ပြောလေ့ ရှိကြကုန်၏။

ဝိပဿနာတရားကိုတော့ ဟောပါ၏။ သို့သော် ကိုယ်ဟောသော ဝိပဿနာတရားမှာပင် ကိုယ်ပြန်ပြီး ငါတို့နည်း၊ ငါတို့တရားအနေနှင့် သက္ကာယဒိဋ္ဌိ အစွဲတရားတွေ ဖြစ်ပွားလျက် နေကြသူတွေ များနေသည်။

ယင်းသို့ ဟောသူ ပြသူတို့က "ငါတို့နည်း၊ ငါတို့တရား" အနေနှင့် အစွဲတန်းလန်းနှင့် ပြသော ဟောသော တရားကို အားထုတ်သော ယောဂီတွေမှာလည်း "ငါတို့နည်း၊ ငါတို့တရား၊ ငါတို့ဆရာ" ဟူသော သက္ကာယဒိဋ္ဌိ အစွဲတရားများ ပွားလျက် များလျက် ဖြစ်တော့၏။

ယင်းကို မမြင်သူက မမြင်သော်လည်း မြင်သောသူက မြင်၏။

တစ်ချိန်သော နေ့ကာလဖြစ်၏။ မိမိသည် ဓမ္မဒေသနာခရီးသည် အဖြစ်နှင့် ခရီးသွားဆဲ ဖြစ်၏။ မိမိနှင့် မိမိကပ္ပိယ၊ အခြားခရီးသည် တစ်ဦးနှင့် သုံးဦးတို့မှာ ဧရာဝတီမြစ်လယ်ဝယ် သင်္ဘောငယ်ဦးခန်းတွင် ဆုံမိကြ၏။

မိမိမှာ ခရီးသွားသောအခါတွင် မထင်မရှား အညတရပဲ သွားလေ့ရှိပါသည်။ မိမိကိုယ်ကို မည်သူမည်ဝါဟု မသိစေပါ။ ယင်းသို့ သွားရခြင်းဟာ ချမ်းသာသည်ဟု ထင်ပါသည်၊ သို့ဖြစ်၍ မိမိတို့နှင့် ဆုံမိနေသော ခရီးသည်မှာ မိမိကို မည်သူမည်ဝါဟူ၍ မသိပါ။

မိမိသည် အချိန်အားခိုက် စာကြည့်နေသည်၊ မည်သူနှင့်မျှ စကားမပြော၊ အတန်ကြာသော် မိမိကပ္ပိယနှင့် ခရီးသည် ဒကာကြီးသည် တီးတိုးတီးတိုး စကားပြောသံ ကြားသည်၊ အသံမှာ မကွဲပြားပါ။

သူတို့နှစ်ဦး တီးတိုးပြော၍ ပြီးပြီးနောက် မကြာမီ ခရီးသည်ဒကာကြီးမှာ လက်အုပ်ချီကာ မိမိဘက်သို့ ဦးတည်လာတော့သည်၊ မေးလျှောက်သည်၊ စကားပြောသည်၊ စကားမှာ ဓမ္မရေးစကားများဖြစ်သည်၊ စုံလင်သည်၊ အလေးပေးဆွေးနွေးသော စကားမှာ ဝါဒစွဲစကား ဖြစ်သည်၊ ဒကာကြီးက မေးလျှောက်သည် -

"အရှင်ဘုရား ဘယ်ဂိုဏ်းကပါလဲဘုရား"

"ဘယ်လိုဂိုဏ်းကို ပြောတာလဲ ဒကာကြီး၊ ရွှေကျင်, ဒွါရ, သုဓမ္မာ, ငှက်တွင်း ဒီလိုဂိုဏ်းကို ပြောတာလား"

"မဟုတ်ပါဘုရား"

"ဒါဖြင့် ဘယ်လိုဂိုဏ်းလဲ"

"အခုခေတ်ပေါ်နေတဲ့ ဝိပဿနာဂိုဏ်းတွေထဲက ဘယ်ဂိုဏ်းလဲ မေးတာပါဘုရား"

"သြော် - ဒီလိုလား၊ အင်း - ခုခေတ်ပေါ်နေတဲ့ ဝိပဿနာဂိုဏ်းတွေထဲမှာတော့ ဘယ်ဂိုဏ်းထဲမှ မပါဘူး၊ ဘယ်ဂိုဏ်းထဲကမှ မဟုတ်ဘူး"

"ဒါဖြင့် အရှင်ဘုရား တရားပြတော့ ဘယ်နည်းနဲ့ ပြပါသလဲ ဘုရား"

"ဘုရားရှင်ဟောတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာန်သုတ္တန်နည်းတွေနဲ့ ပြပါတယ်"

"တပည့်တော် ကြားချင်တာက အဲဒီအသံမျိုး ကြားချင်ပါတယ် ဘုရား"

"နို့ - ခု ကြားချင်တဲ့အသံမျိုး ကြားရပြီ မဟုတ်လား"

"ဒီအသံမျိုးက ဒီတစ်ခါပဲ ကြားရသလို ဖြစ်နေပါတယ် ဘုရား"

"ဒါဖြင့် ဘယ်လို မကြားချင်တဲ့ အသံတွေ ကြားနေရလဲ၊ ပြောစမ်းပါဦး၊ ဗဟုသုတအဖြစ်ပေါ့"

"ခုတော့ဘုရား၊ ဘုရားပျောက်ပြီး သူ့နည်း ငါ့နည်းတွေ ဖြစ်ကုန်ပြီဘုရား"

"အင်း"

"သူ့နည်း ငါ့နည်းဖြစ်တော့ သူ့နည်းကောင်းတယ်၊ ငါ့နည်းကောင်းတယ်နဲ့ အပြိုင်တွေ ဖြစ်လာတယ်ဘုရား"

"အင်း"

"ဒီတော့ ဆရာချင်းလည်း ပြိုင်၊ နည်းချင်းလည်း ပြိုင်၊ သူ့နည်းပုတ်ခတ်၊ ငါ့နည်း ပုတ်ခတ်နဲ့ ပြိုင်ဆိုင်မှု ပုတ်ခတ်မှုတွေ ဖြစ်လာပါတယ်ဘုရား"

"အင်း"

"တရားဟောတယ်၊ တရားပြတယ်၊ တရားအားထုတ်တယ်ဆိုတာ အတ္တဒိဋ္ဌိ အစွဲပြုတ်အောင် အားထုတ်ရတာ မဟုတ်လား ဘုရား"

"အင်းပေါ့"

"ယခုတော့ အတ္တစွဲ မကြီးလွန်းဘူးလား ဘုရား"

"ဘယ်လို ဖြစ်လို့လဲ"

"ဘုရားတရားလည်း ငါ့တရား.ငါ့နည်း လုပ်တယ်၊ ငါ့တရား ငါ့နည်းလုပ် ပြတယ်၊ ငါ့တရား ငါ့နည်း ကောင်းတယ်ပြော တယ်၊ ဒါတွေဟာ ဆရာ့ထံကလာတဲ့ အတ္တစွဲသံတွေ မဟုတ်လားဘုရား"

"အင်း"

"ဆရာကိုယ်တိုင်က အဲဒီလို အတ္တစွဲကြီးတော့ တပည့်တွေကလည်း ကျွန်မတို့ ဆရာ၊ ကျွန်တော်တို့ ဆရာရဲ့နည်းကို လာအားထုတ်ကြည့်စမ်းပါ၊ သိပ်ကောင်းတာပဲ စသည်ဖြင့် အတ္တစွဲသံတွေ ထွက်မလာဘူးလား ဘုရား"

"အင်း"

" ဒီတော့ ဝိပဿနာတရားပြ ဆရာနှစ်ဦး ဆုံရင် တည့်စရာအကြောင်း မရှိတော့ပါ ဘုရား"

"အင်း"

"ဆရာနှစ်ဦးဆုံလို့ တည့်စရာအကြောင်း မရှိသလို တပည့် ယောဂီနှစ်ယောက်လည်း ဆုံမရတော့ပါဘုရား"

"အင်း"

"အဲဒါတွေဟာ ဘုရားနည်းကို ငါ့နည်း လုပ်ရာမှ ပေါ်လာတဲ့ အတ္တစွဲ ပြဿနာတွေပဲ ဘုရား"

"အင်း"

"အတ္တစွဲပြုတ်အောင် အားထုတ်ကာမှ အတ္တစွဲတွေ ကြီးလွန်းလာတယ်ဆိုတော့ တပည့်တော်က အဲဒီဆရာတွေပြတဲ့ တရားကို သံသယ ဖြစ်လာတယ် ဘုရား"

"တရားတော့ သံသယမဖြစ်ပါနဲ့၊ တရားကတော့ ဘုရားတရားမို့ အမှန်ပါပဲ၊ ဆရာမှာသာ တကယ့်စစ်မှန်တဲ့ တရား မတည်သေးလို့ အတ္တစွဲကြီး အသံတွေ ထွက်နေသေးတယ်လို့ မှတ်ပါ"

"ဒီလိုဆိုရင်တော့ တော်သေးတာပေါ့ ဘုရား"

"ဒီလိုပဲ မှတ်ရမှာပဲ"

"ယခုတော့ တောရော မြို့ပါ ဝိပဿနာတွေ ခေတ်စားပါတယ်ဘုရား၊ ဒါပေမဲ့ မငြိမ်းချမ်းတဲ့ အတ္တစွဲ ဝိပဿနာတွေ များနေလို့ ဝိပဿနာဆို ခပ်လန့်လန့် ဖြစ်နေရပါတယ်ဘုရား"

"ဝိပဿနာကို မလန့်ပါနဲ့၊ ဝိပဿနာတရားဟာ သာသနာတွင်းတရားပဲ၊ အားထုတ်ရမယ့် တရားပဲ၊ အားထုတ်ပါ"

"ဆည်းကပ်ရမယ့် ဆရာ ရှားနေတယ်ဘုရား၊ တပည့်တော် တွေ့ရသလောက်တော့ အတ္တစွဲ ပြုတ်တဲ့ လေသံပါတဲ့ ဆရာကို မတွေ့ရသလောက် ဖြစ်နေပါတယ်ဘုရား"

"အင်း - ဒီလောက်တောင်ပဲလား"

"တပည့်တော်ပြောတာ နည်းတောင် နည်းပါသေးတယ်ဘုရား၊ တရားပွဲ သွားနားကြည့်မှ ဒီ့ထက်ဆိုးတာ တွေ့ရ၊ ကြား ရပါဦးမယ် ဘုရား"

"ဒါတော့ မသိဘူး"

"အရှင်ဘုရားက "မဟာသတိပဋ္ဌာန်သုတ္တန်" လာတဲ့နည်းတွေနဲ့ ပြတယ်ဆိုတော့ ငါ့နည်း မလုပ်ဘူးလား ဘုရား"

"ခြော် - ဒကာကြီးကလည်း "ဇီးကွက်.ဇီးကွက်" အော်နေပါလျက်ကနဲ့ ဘာငှက်လဲ မေးနေရသေးလား"

"မသိလို့ပါဘုရား"

"ဦးပဥ္စင်းတို့ ဟောတဲ့အခါ မဟာသတိပဋ္ဌာန်သုတ္တန်ဆိုရင် ဒီဃနိကာယ် သုတ်မဟာဝါမှာ ပါတယ်၊ ဒီတော့ ဒီသုတ်ကို ဟောမယ်ဆိုရင် ယခု ဟောမယ့်သုတ္တန်က ဒီဃနိကာယ်သုတ်မဟာဝါ ပါဠိတော်လာ မဟာသတိပဋ္ဌာန် သုတ္တန်တရားတော်ကို ဟောမယ်လို့ ခေါင်းစဉ်တပ် ဟောတာပဲ၊ ဒီတော့ ငါ့နည်းလုပ်သေးလား"

"မလုပ်တော့ပါဘုရား"

"ပြီးတော့ အဲဒီ တရားဟောခါနီးမှာ အဲဒီတရားတော်ကို ဟောတော်မူတဲ့ ဆရာဘုရားရှင်ကို ရှိခိုးတယ်"

"တပည့်တော် ကြားရတာက ဒါမျိုးမဟုတ်ဘူးဘုရား"

"ဘယ်ဟာမျိုးလဲ"

"ကျေးဇူးရှင် (.....) ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း ဟောမယ်ဆိုပြီး ဆရာပဲ ရှိခိုးတာ၊ ဆရာပဲ ချီးကျူး ဟောတာ တွေ့ရပါတယ် ဘုရား"

"အင်း"

"တပည့်တော် တရားကို တော်တော်စိတ်ကုန်ပါတယ် ဘုရား၊ အရှင်ဘုရားနဲ့တွေ့တော့ စိတ်နည်းနည်း ဖြစ်လာပါ တယ် ဘုရား"

"ဘယ်လို ဖြစ်လာလဲ"

"ဘုရား တရားတွေ မပျောက်သေးပါလားလို့"

"အင်း"

"လျှောက်ပါရစေဘုရား၊ အရှင်ဘုရားက စာရေးဆရာဆိုတော့ တပည့်တော်နဲ့ အရှင်ဘုရားနဲ့ ဆွေးနွေးချက်ကို နိုင်ငံ သိအောင် တင်ပြပေးစေချင်ပါတယ်ဘုရား"

"အင်း"

"နိုင်ငံက သိရင် ဆရာတွေရော၊ တပည့်တွေပါ အတ္တစွဲ ပျောက်ပြီးတော့ အနတ္တဉာဏ် ပေါက်ရောက်နိုင်ကြပါလျှင် အရှင်ဘုရားနဲ့ တပည့်တော်ရဲ့ ဒီသဘောဦးခန်းကလေးက ဆွေးနွေးချက်ဟာ တန်ဖိုးရှိပါမယ်ဘုရား"

"စိတ်ချ ဒကာကြီး၊ အဆင်သင့်တဲ့အခါ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ထဲ ထည့်ရေးလိုက်မယ်"

"ကျေးဇူးပါပဲ ဘုရား"

ယင်းသို့ဖြင့် စကားဝိုင်း ပြီးဆုံးသွားသည်။

✦ ဘုရားတရား၊ ငါ့တရား၊ လုပ်မှားတတ်ကြသည်။

✦ လုပ်မှား ယူမှား၊ အဟောမှား၊ ပြောမှား ဖြစ်တော့သည်။

✦ ဆရာလွဲမှား၊ တပည့်မှား၊ ရန်များ ဖြစ်တော့သည်။

✦ တရားရှာလမ်း၊ မငြိမ်းချမ်း၊ ပူခန်း ဆိုက်တော့သည်။

✦ ယခုပွကာ၊ သေပါယ်ရွာ၊ သေချာရောက်တော့မည်။

# ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ်

(၁၄၈)

| | | |
|---|---|---|
| ၁။ "သော ဘဂဝါ ဣတိပိ အရဟံ" | = | ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း အရဟံ = မည်တော်မူပါ၏။ |
| ၂။ "သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" | = | ထိုမြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်ကန်စွာ သိတော်မူသော ဤအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ = မည်တော်မူပါပေ၏။ |
| ၃။ "သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော" | = | ထိုမြတ်စွာဘုရားသည် အသိဉာဏ် ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န = မည်တော်မူပါပေ၏။ |
| ၄။ "သော ဘဂဝါ ဣတိပိ သုဂတော" | = | ထိုမြတ်စွာဘုရားသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း သုဂတ = မည်တော်မူပါပေ၏။ |
| ၅။ "သော ဘဂဝါ ဣတိပိ လောကဝိဒူ" | = | ထိုမြတ်စွာဘုရားသည် လောကသုံးပါးကို ပိုင်းခြား၍ သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း လောကဝိဒူ = မည်တော်မူပါပေ၏။ |
| ၆။ "သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ" | = | ထိုမြတ်စွာဘုရားသည် ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ = မည်တော်မူပါပေ၏။ |

| | |
|---|---|
| ၇။ "သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ" | = ထိုမြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ = မည်တော်မူပါပေ၏။ |
| ၈။ "သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ" | = ထိုမြတ်စွာဘုရားသည် သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတစ်ပါးတို့ကို သိစေတော်မူတတ်သော ဤအကြောင်းကြောင့်လည်း ဗုဒ္ဓ = မည်ပါပေ၏။ |
| ၉။ "သော ဘဂဝါ ဣတိပိ ဘဂဝါ" | = ထိုမြတ်စွာဘုရားသည် ဘုန်းတော်ခြောက်စုံ ကျေးဇူးတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း ဘဂဝါ = မည်တော်မူပါပေ၏။ |

ပါဠိစာပေကို ဖတ်ရှုသာ ဖတ်တတ်၍မြန်မာစကားသက်သက်ကိုသာ တတ်သိသော ဗုဒ္ဓသာသနာဝင် မြန်မာသူတော်စင်သည် အထက်၌ ဖော်ပြအပ်သည့်အတိုင်း ဘုရားဂုဏ်တော် ကိုးပါးတို့ကို ပါဠိ - မြန်မာ နှစ်ဘာသာဖြင့် အရကျက်၊ နှုတ်တက်ဆောင်ပြီးလျှင် ဂုဏ်တော်တစ်ရပ်ရပ်စီအတွက် နေးလည်း မနေး၊ မြန်လည်း မမြန်လွန်းစေဘဲ နှုတ်မြွက်ရွတ်ဆိုကာ ထို ပါဠိ - မြန်မာ စကားရပ်တို့၌ ပါရှိသော မြတ်စွာဘုရား၏ "အရဟံ" အစရှိသော ဂုဏ်တော်တို့ကို ထပ်တလဲလဲ အောက်မေ့ဆင်ခြင် ပွားများရာ၏။

ယင်းသို့ ပွားများခြင်းကို ဗုဒ္ဓါနုဿတိဘာဝနာပွားများသည်ဟု ခေါ်သည်။ ဗုဒ္ဓါနုဿတိနှင့် နေသည်ဟု ခေါ်သည်။

ယင်း ဗုဒ္ဓါနုဿတိဘာဝနာသည် သာသနာတော်ကြီးနှင့် ကြုံကြိုက်တဲ့အခါမှာမှ ပွားများခွင့်ရသည့် ကမ္မဋ္ဌာန်းမြတ်ဖြစ်သည်၊

သာသနာပအခါမှာ သမထဘာဝနာ ကမ္မဋ္ဌာန်းတွေ ရှိသည်ဆိုသော်လည်း ကမ္မဋ္ဌာန်း လေးဆယ်လုံးအကုန်အစုံ မရှိနိုင်ပါပေ။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ဥပသမာနုဿတိ ဟူသော သာသနာတွင်း အနုဿတိဘာဝနာများ ရှိနိုင်ဖို့ မဆိုထားဘိ၊ ပွားများဖို့ မဆိုထားဘိ၊ အသံမျှပင် မကြားနိုင်ပါပေ။

ယခုအခါ ကြားရဖို့ပင် ခဲယဉ်းလှသော သမထကမ္မဋ္ဌာန်းတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်နိုင်ခွင့် အချိန်အခါကောင်းကြီး ရရှိလျက် ရှိပေ၏။

ယင်းသို့ အချိန်အခါကောင်းကြီးကို ရရှိသဖြင့် ယင်း ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို ပွားများ အားထုတ်သော် မည်သို့သော အကျိုးရှိသနည်း။

ဗုဒ္ဓါနုဿတိဘာဝနာကို အခါခါကြိုးကုတ် အားထုတ်သော သူတော်စင်သည် မြတ်စွာဘုရားရှင်၏ သူမတူတန် ရှိသေကျိုးနွံခြင်း ရှိသူ ဖြစ်လေ၏။

ထို့ကြောင့်ပင် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့် အလားတူစွာ သဒ္ဓါကြီးထွား ပြန့်ပြောခြင်းသို့ ရောက်၏။

ဘုရားရှင်ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သောအားဖြင့် ဘာဝနာတရား ဖြစ်ပွားသောကြောင့် သတိတရား ကြီးထွားပြန့်ပြောခြင်းသို့လည်း ရောက်၏။

ယင်းသို့ အောက်မေ့အပ်သော ဘုရားရှင်ဂုဏ်တော်တို့က အလွန်နက်နဲလှ၊ အထူးများပြားလှသောကြောင့် ပညာတရား ကြီးထွားပြန့်ပြောခြင်းသို့လည်း ရောက်၏။

ထိုသို့ အောက်မေ့အပ်သော ဘုရားရှင် ဂုဏ်တော်များကို၌က အလွန်ပြန့်ပြော ကြီးမြတ်သည့် ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းကြီးသဖွယ် ဖြစ်သောကြောင့် ကုသိုလ်တရားတိုးပွားပြန့်ပြောခြင်းသို့လည်း ရောက်ရှိလေ၏။

ဗုဒ္ဓါနုဿတိဘာဝနာ ကိုယ်၌က နှစ်သက်မှုပီတိ သမ္မောဇ္ဈင်၏ အကြောင်းဖြစ်သောကြောင့် နုသောပီတိ၊ ရင့်သောပီတိတို့ ပြန့်ပြောများပြားသူ ဖြစ်လေ၏။

ဘုရားရှင်ဂုဏ်တော်ကို အာရုံပြုသော သတိကိုယ်၌က ဘေးကြီးဘေးငယ် ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို လွှမ်းမိုးနိုင်နင်းသော တန်ခိုးသတ္တိရှိသောကြောင့် ဘေးကြီးဘေးငယ် ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို သည်းခံပယ်ဖျောက်နိုင်သူ ဖြစ်လေ၏။

ဗုဒ္ဓါနုဿတိဘာဝနာ ကိုယ်၌က ပိန်းကြာဖက်၌ ရေလိုကဲ့သို့ "သာရီရိကဒုက္ခ = ကိုယ်၌ကျရောက်သော ဆင်းရဲဒုက္ခများ" ကို ပယ်ရှားဆုတ်နှစ်စေတတ်သောကြောင့် ဒုက္ခကို သည်းခံနိုင်သောသူ ဖြစ်လေ၏။

ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလျှင် မြတ်စွာဘုရားသခင်နှင့် အတူတကွ နေထိုင်ရသည့် အမှတ်သညာကို ရရှိလေ၏။

ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်တရား၏ ဖြစ်ပွားကိန်းတည်ရာ ယင်းဗုဒ္ဓါနုဿတိဘာဝနာ ပွားများသူ၏ ကိုယ်ခန္ဓာသည် စေတီတိုက်အိမ်ကြီးကဲ့သို့ ပူဇော်အထူးကို ခံယူခြင်းငှာ ထိုက်တန်လေ၏။

ထို ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို အားထုတ်ပွားများသောသူ၏ အဖို့ရာ ထို ဘာဝနာအစွမ်းဖြင့်ပင် အခါခပ်သိမ်း ဘုရားရှင်၏ ဂုဏ်တော်များက စိတ်၌ အပြန်ပြန် အလှန်လှန် ဖြစ်ပေါ်ထင်မြင်၍ နေရကား သီလပျက်စီးရန် လွန်ကျူးအပ်သည့်လွန်ကျူးရမည့် ဝတ္ထုအာရုံနှင့် ကြုံကြိုက်ပေါင်းဆုံစေကာမူ မြတ်စွာဘုရားသခင်ကို မျက်ဝါးထင်ထင် ဖူးမြင်နေရသူ၏ သန္တာန်မှာကဲ့သို့ ဒုစရိုက်မှုမှ ရှက်ခြင်း၊ ထိတ်လန့်ခြင်းတရားကို အဖန်ဖန် ဖြစ်ပွားလေ၏။

ဤ ဗုဒ္ဓါနုဿတိ ဘာဝနာကို အခြေခံပြု၍ တည်ရာထား၍ ဝိပဿနာတရား ပွားများ အားထုတ်လျှင် မဂ်ဖိုလ်ကို အလွယ်တကူနှင့် ရောက်နိုင်ပါ၏။

ပါရမီမပြည့်စုံ မလုံလောက်သေး၍ ယခုဘဝ မဂ်ဖိုလ်ကို မရသေးလျှင်လည်း ကောင်းရာသုဂတိဘဝသို့ လားရောက်ရ၏။

ဤကား ဗုဒ္ဓါနုဿတိ ဘာဝနာ၏ အကျိုးအာနိသံသ အချို့အဝက် ဖြစ်၏။ ဤမှ တစ်ပါး များပြားသော အကျိုးတရားတွေ ရှိချေသေး၏။

တစ်နည်း -

ဗုဒ္ဓါနုဿတိဂုဏ်တော် ပွားများရကျိုး လင်္ကာ

စေတီအတူ၊ စိတ်မူတည်ကြည်
ရောက်မိနတ်ရွာ၊ တွေ့ကာသီလွယ်
မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ
ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ
ကြီးထူပညာ၊ နက်စွာထက်ရှင်
လျှင်မြန်ဆန်းကြယ်၊ ကောင်းကြွယ်စကား
ဆိုနိုင်ကြားသည်၊ ဘုရားဂုဏ်တော် ပွားကျိုးတည်း။

ဤ၌ ဗုဒ္ဓါနုဿတိ ပွားများပုံနှင့် အကျိုးတရားအချို့ကို ဖော်ပြရသည်မှာ အကြောင်းရှိ၍ဖြစ်ပါသည်။ ယင်းအကြောင်းကား အသို့နည်း။

တစ်ရံရှိသော မိုးကုန်ခါစ ဆောင်းကာလသို့ မဝင်သေးမီ ဖြစ်၏။ မိမိသည် တောရတစ်ခုမှ တောရတစ်ခုသို့ ရွှေ၏။

ရောက်ရှိသော တောရကား တောရသဘာဝ မကျလှပါ။ အနေမှာလည်း ရွာနေဆန်ဆန် နေ၍ ကျောင်းမှာလည်း ရွာကျောင်း ဆန်ဆန် ဖြစ်ပါ၏။

တောရကျောင်းဆရာတော်ကြီးမှာ အသက်ကြီးခါမှ လူ့ဘောင်ကို စွန့်ခွာ၍ ရဟန်းဘောင်သို့ ရောက်လာသော ဆရာတော်ဖြစ်၏။ သဒ္ဓါတရားမှာ အပြည့်အဝ ရှိ၏။ သို့သော် ကျင့်ကြံအားထုတ်ရေးမှာ မကျွမ်းကျင်လှပါပေ။

ဆရာတော်မှာ ရိုးသား၏၊ ပွင့်လင်း၏၊ ဖြောင့်စင်း၏၊ ဖြူစင်၏၊ ကောက်ကျစ်မှု လုံးဝ မရှိ။ မိမိသည် ဆရာတော်အား ကြည်ညိုပါ၏။ သို့သော် တောရသဘာဝ မကျလှသော ယင်းတောရတွင် မနေချင်လှပါ။

သို့ဖြစ်၍ မိမိကလည်း ယင်းတောရတွင် မနေချင်၍ တောရတစ်ခု ပြောင်းပါရန် လျှောက်ထားရ၏။ ထိုအခါ ဆရာတော် က မြွက်ကြား၏။

"အရှင်ဘုရား၊ ဒီမှာပဲ သီတင်းသုံးပါ"

"ဆရာတော်ဘုရား၊ တပည့်တော် ဒီမှာနေဖို့ရန် သပ္ပာယ မမျှတလှပါ ဘုရား"

"လိုတဲ့ သပ္ပာယကို ပြောပြပါ၊ တပည့်တော် မျှတအောင် ဖြည့်တင်းပေးပါ့မယ်"

အဲဒါမှ အခက်၊ မိမိမှာ ယင်းသို့သာ စိတ်ထဲမှ မြည်တမ်းမိပါသည်။ အသံမှ မထွက်ပါ။

"တပည့်တော်ဟာ အရှင်ဘုရား မမျှော်လင့်ဘဲ ရောက်လာတော့ အားကိုးပါတယ်"

မိမိမှာ ဘာမျှ မပြောနိုင်ပါ။

"အမှန်အတိုင်း ပြောရရင် တပည့်တော် ပရိယတ် မတတ်ကျွမ်းပါဘူး၊ သဒ္ဓါတရားရှိလို့ ရဟန်းဘောင် ဝင်ပါတယ်"

မိမိမှာ အင်း.မလှုပ်၊ အဲ.မလှုပ် ငုတ်တုတ်ပဲ ငြိမ်၍ နားထောင်နေပါသည်။

"ရဟန်းဘောင် ရောက်တယ်ဆိုရင်ပဲ အချိန်က ရှိသေးတော့ ပရိယတ် လိုက်စားပါသေးတယ်၊ ပရိယတ်အခြေခံ ကလေး ရှိတော့ တရားပြဆရာတစ်ပါးနဲ့ တွေ့တယ်၊ သူက တရားအားထုတ်ဖို့ တိုက်တွန်းတယ်၊ အတန်တန် တိုက်တွန်းတော့ တရားအားထုတ်ဖြစ်တယ်"

"တရားအားထုတ်တော့ တော်တော်ကြာတယ်ဆိုရင်ပဲ သူတို့ဌာနအနေနဲ့ တရားလမ်းဆုံးရောက်တယ်ပေါ့ဘုရား"

"ဒီတော့ တပည့်တော်က ပရိယတ် ဆက်လက်ပြီးတော့ သင်ကြားမယ်လုပ်တော့ အဲဒီ တရားပြဆရာက ပြောတယ် ဘုရား -

"အရှင်ဘုရား စာသင်တာ ဘာအတွက် သင်တာလဲ၊ ဒီတရားတွေ အားထုတ်ဖို့ သင်တာ မဟုတ်လား၊ ယခု အရှင်ဘုရား ဒီတရားတွေ အားထုတ်တတ်နေမှပဲ ဘာအတွက် နောက်ထပ် ပရိယတ်ကို သင်ယူနေဦးမှာလဲ၊ တော်ရောပေါ့၊ အရှင်ဘုရား တရားပြပေတော့၊ ရိပ်သာခွဲ တည်ထောင်ပေတော့" တဲ့။

အဲဒီလို ပြောတယ်ဘုရား၊ တပည့်တော်လည်း အဲဒီဆရာတော်ရဲ့စကားကို နားယောင်တယ်ဘုရား၊ ပြီးတော့ တပည့် တော်ရဲ့ဆရာသမားကလည်း တပည့်တော်ကို တရားတွေ ဘာတွေ အားထုတ်ပြီးပြီဆိုတော့ ပြန်ပြီးတော့ ခေါ်တယ်ဘုရား"

"တပည့်တော်ကလည်း ဆရာသမားကလည်း အခေါ်၊ တရားပြဆရာကလည်း ရိပ်သာခွဲ တည်ထောင်ဖို့ ပြောတော့ အတော်ပဲဆိုပြီး ဆရာသမားရှိရာ ပြန်လာပါတယ်ဘုရား"

"ဒီရောက်တော့ တရားပြတဲ့အခါမှာ ဆရာသမားတွေက တပည့်တော်ပြတဲ့နည်းကို လက်မခံချင်ကြပါဘုရား"

"ဘာဖြစ်လို့ လက်မခံချင်ကြတာလဲ"

"ဆရာတော်တွေက သူတို့ကိုယ်တိုင်က ပရိယတ်လည်း ကျွမ်းကျင်၊ ပဋိပတ်လည်း အားထုတ်နေကြတဲ့ ဆရာတော်တွေ ဖြစ်နေတော့ ပရိယတ် ပဋိပတ် စွယ်စုံတွေကိုးဘုရား"

"အင်း"

"ဒီတော့ တပည့်တော်ပြတဲ့ တရားနည်းကို မှားတယ်၊ မှန်တယ် မပြောဘဲ မသိချင်ယောင်ဆောင်ပြီး နေတယ်ဘုရား၊ အားမပေးဘဲ နေတယ်၊ ကန့်လည်း မကန့်ကွက်ဘူး"

"တပည့်တော်မှာ အနေခက်လိုက်တာဘုရား၊ ဘာလုပ်ရမှန်း မသိဘူး၊ တပည့်တော် ဆက်အားထုတ်တော့ တရားကလည်း ရှေ့မတက်တော့ဘူး ဘုရား"

"တရားမတက်တော့ ဘယ်စာကြည့်လို့ ဘယ်သူ့မေးပြီး ဘယ်လို ဆက်လက်အားထုတ်ရမယ်ဆိုတာ မသိတော့ဘူး ဘုရား"

"နို - မူလတရားပြဆရာတော်ဆီ ပြန်မသွားဘူးလား၊ အဲဒီဆရာ လျှောက်ထားကြည့်ပါလား"

"လျှောက်ထားကြည့်ပါတယ်ဘုရား၊ ထူးခြားတဲ့ တရားလမ်းကြောင်း ရောက်အောင် သူလည်း မစွမ်းဆောင်နိုင်ပါ ဘုရား"

"ဒါနဲ့ တပည့်တော်မှာ မူလပရိယတ် ဆရာသမားကလည်း အားမပေး၊ မယုံကြည်၊ ပဋိပတ်ဆရာသမားများကလည်း လမ်းဆုံးအရောက် မပြပေးနိုင်နဲ့ စိတ်ဒုက္ခ ရောက်နေပါတယ်ဘုရား"

"စာပြန်ပြီးတော့ သင်ဖို့ရာကလည်း အချိန်က နောက်ကျနေပြီ"

"ဒါနဲ့ မထူးတော့ဘူး ဆိုပြီး ယခု ဒီတောရလေးကို တည်ထောင်ပြီး ဆရာသမားထံမှ ခွဲထွက်ခဲ့ပါတယ်ဘုရား"

"အင်း - အဲဒီလို ဆရာသမားထံက ခွဲထွက်ပြီး စိတ်ချမ်းသာစွာနဲ့ တောရတည်ထောင်ပြီး ရိပ်သာခွဲကာ အားထုတ်တော့ တရားတိုးတက်ရဲ့လား"

"မတိုးတက်ပါဘုရား"

"အင်း - အဲဒါမှ အခက်ပေါ့နော်"

"တင်ပါ၊ ဒါနဲ့ တပည့်တော်လည်း ပရိယတ်လည်း မပိုင်နိုင်၊ ပဋိပတ်လည်း ရှေ့ဆက် မသွားတတ်၊ တရားကလည်း မတက်ဖြစ်နေတော့ "ဗုဒ္ဓါနုဿတိနဲ့ နေတော့မယ်" ဆိုပြီးတော့ အခု အရှင်ဘုရား ဖူးတွေ့ရတဲ့အတိုင်း တပည့်တော် ဘုရားတွေ လျှောက်ပင့်ပြီး ပြုပြင်မွမ်းမံထားတာပဲဘုရား"

ဟုတ်ပါသည်။ ဟိုမှ သည်မှ ကျောက်ဆင်းတုဘုရားတွေ လျှောက်ပင့်ပြီး မွမ်းမံထားသည်မှာ အများကြီး ဖြစ်ပါသည်။ မိမိမှာ ယင်းဘုရားကျောင်းတွင် နေရပါသည်။ စိတ်မလုံ ဖြစ်နေပါသည်။ သို့နှင့် မိမိက ပြောလိုက်သည်။

"ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ်ဆိုပြီးတော့ ဘာဖြစ်လို့ ဘုရားတွေ ပင့်ထားတာလဲ၊ ဗုဒ္ဓါနုဿတိ ဆိုတာက ဘုရားရှင်ရဲ့ဂုဏ်တော်တစ်ပါးကိုသော်လည်းကောင်း၊ ကိုးပါးလုံးသော်လည်းကောင်း ပွားများနေတာကို ခေါ်တာမဟုတ်လား"

"အဲဒါပေါ့ဘုရား၊ တပည့်တော်မှာ ပရိယတ္တိလည်း မကျွမ်းကျင်၊ ပဋိပတ္တိလည်း မပေါက်ရောက်တော့ အခက်တွေ့နေတာပေါ့၊ အခု အရှင်ဘုရားကြွလာတော့ သိပ်ပြီးတော့ ဝမ်းသာပါတယ်၊ အရှင်ဘုရားထံမှာ စာလည်း တက်ပါမယ်၊ တရားလည်း အားထုတ်ပါမယ်၊ ဘယ်မှ မကြွပါနဲ့ အရှင်ဘုရား"

မိမိမှာ ဘာမှ မပြောပါ၊ အာမ.လည်း မခံ၊ ပယ်.လည်း မပယ်လှန်။

"တပည့်တော် သာသနာတော်ကို တကယ်ကို ကြည်ညို၍ မိုနိုလာသူပါဘုရား၊ အရှင်ဘုရားကိုလည်း မိုနိုပါရစေဘုရား"

မိမိမှာ အပြောရ ခက်တော့သည်။ မပြော၍လည်း မဖြစ်ပေ။ သို့နှင့် မိမိက ပြောလိုက်သည်၊

"တပည့်တော် မနက်ဖြန်ခါ နေရာရွှေ့ဖို့ အားလုံး စီစဉ်ပြီးပါပြီ ဘုရား"

ထိုအခါ ဆရာတော်မှာ မျက်ရည်ကျ၏။ မျက်ရည်ရွှဲသော မျက်နှာဖြင့် ပြောပြန်သည်၊

"အရှင်ဘုရား၊ တပည့်တော် မျက်ရည်ဟာ နိုင်မာလှပါသည် ဘုရား၊ အဲဒီ နိုင်မာလှတဲ့ မျက်ရည်ဟာ အရှင်ဘုရား ကြွမယ်ဆိုတော့ ကျရပါတယ်ဘုရား"

မိမိလည်း စိတ်မကောင်းလှပါ။ သို့သော် မိမိအတွက် သပ္ပာယမဖြစ်၍ ဆက်လက်နေပါက ကျန်းမာရေး၊ တရားရေးတွေ အားလုံး ဆုတ်ယုတ်မည် ဖြစ်ပါ၍ အာမ.မခံနိုင်ပါ။

"အရှင်ဘုရား၊ တပည့်တော်ရဲ့ ကျမျက်ရည်ဟာ လောကရေး မဖက်၊ ဓမ္မရေးသက်သက်ပါ ဘုရား"

အချိန်တွေ ရွှေ့လျောခဲ့၏။ ရက်မှ လ၊ လမှ နှစ်သို့ ပြောင်းခဲ့၏။ မိမိလည်း ပြောင်းခဲ့သည်။ ဆရာတော်ကား ဘယ်စခန်းနှင့် ဘယ်လမ်းသွားနေသနည်း၊ အတိတ်ကား ကျန်ခဲ့ပြီတကား။

✦ ပရိယတ်၊ ပဋိပတ်၊ ဤနှစ်ရပ်၊ ထင်ဟပ်သိပါစေ၊

✦ နှစ်ရပ်နှစ်သွယ်၊ စပ်၍ကွယ်၊ အလွယ်ကျင့်တတ်စေ၊

✦ နှစ်သွယ်နှစ်ရပ်၊ မစပ်တတ်၊ ကျင့်ရပ်လွဲမည်လေ၊

✦ ကျင့်ရပ်လွဲက၊ ပင်ပန်းရ၊ ဒုက္ခဆင်းရဲပေ၊

✦ ယခုဆင်းရဲ၊ နောက်ငရဲ၊ မလွဲရောက်မည်ပေ၊

# သမီးလေးတွေက ဆိုး,ရင်လည်း အကောင်းသား

(၁၄၉)

ပါပတာရ၊ ယုတ်မာလှသား၊ တာလအတိ
မိုက်ခေါင်ထိတို့၊ အမိဟူသည့်၊ လူတို့ပြည်ဝယ်
နို့ရည်တိုက်ကျွေး၊ ငယ်ကမွေးလျက်
နို့ကြွေးတင်ရှဲ၊ မဆပ်တုံတည်း။

(မဃဒေဝ - ၂၄၄)

လောကတွင် သားသမီးနှင့် မိဘ,ဟူ၍ ရှိ၏။ မိဘများသည် သားသမီးများအပေါ်တွင် ဘယ်အချိန်က စ၍ ချစ်ခဲ့သနည်း။ စောင့်ရှောက်ခဲ့သနည်း။

ယင်းကို သားသမီးတိုင်း စဉ်းစားသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကို စဉ်းစား၍ သိရှိမှ မိဘကျေးဇူးကို သိရှိမည်။ ကျေးဇူးဆပ်မှုထက် ကျေးဇူးသိမှုက ပို၍ အရေးကြီးပေသည်။

မှန်၏။ ကျေးဇူးမှ မသိလျှင် အဘယ်သို့လျှင် ကျေးဇူးဆပ်နိုင်ပါအံ့နည်း။ မဆပ်နိုင်သည်သာ ဖြစ်၏။ သို့ဖြစ်၍ မိဘကျေးဇူး အထူးသိရန် အဖန်ဖန် စဉ်းစားသင့်၏။

သို့မဟုတ်က အဇာတသတ်ကဲ့သို့ ပြုပြင်၍ မရနိုင်သည့် အချိန်ရောက်မှ နောင်းကာလမှ ကျေးဇူးသိပါလျှင် အဘယ်သို့လျှင် ပြန်ဆပ်နိုင်ပါအံ့နည်း။

အဇာတသတ်သည် အဘယ်အချိန်ကျမှ မိဘကျေးဇူး သိသနည်း။ သူ၏ သားဦးရတနာ ဖွားမြင်ပါကြောင်း စာလွှာဆက်သသောအခါ သားကို မမြင်ရသေးဘဲနှင့် "သား" ဟူသော ချစ်ခြင်းသည် သူ၏ရင်တွင်းသို့ သက်ဆင်းမွှေနှောက်၏။

သား၏ရုပ်ရည်ကို ဖြူသည်,မည်းသည် မသိရသေး၊ သား၏ အင်္ဂါခြေလက် ကျိုးသည်၊ ကောင်းသည်၊ ဘာတစ်ခုမျှ မသိရသေးပေ။ ချစ်ခြင်းမေတ္တာ သီတာရေ,မှုကား အလျှံဝေလေပြီ။

ထိုအခါမှ သူသည် ထောင်သွင်းအကျဉ်းချထားသော ဖခင်ကို သတိရသည်။ "ငါ့ ဖခင်လည်း ငါ့ကို ဒီလိုပဲ ချစ်မှာပဲ" တဲ့။

ထိုအခါမှ အမတ်များအား “အမတ်တို့၊ ငါ့ဖခင်အား ထောင်အတွင်းမှ ချက်ချင်းထုတ်လော့”တဲ့၊ အမိန့် ပေး၏။

ထိုအခါအမတ်များက “ခမည်းတော်မင်းကြီး နတ်ရွာစံ ကံတော်ကုန်ကြောင်း” တလျှောက်ကို ဆက်သည်၊ အဇာတသတ်မင်းခမျာ မရှိရှာတော့ပြီ။

လူမိုက် နောက်မှ နောင်တရ၊ အသို့ တတ်နိုင်တော့အံ့နည်း၊ ငယ်ငယ်ရွယ်ရွယ်နှင့် မင်းစည်းစိမ် ခံစားချင်လို့ ခမည်းတော် သောတာပန်မင်းကြီးအား သတ်ပြီးတော့ နန်းယူတဲ့ အဇာတသတ် အဘယ်မှာလျှင် မင်းစည်းစိမ် ခံစားနိုင်တော့အံ့နည်း၊

သို့နှင့် တစ်နေ့ မိခင်ကို မေးသည်၊

“မိခင်၊ ကျွန်တော့်ကို ဖခင်ဟာ ချစ်မြတ်နိုးပါသလား”

ထိုအခါ မိခင်က ကရုဏာဒေါသောနှင့် ပြောဆိုလာသည်၊

“အို ... အဘယ့်သားမိုက်၊ အဘယ်သို့ ပြောလိုက်တာလဲ၊ သင့်ဖခင်ဟာ သင်ငယ်စဉ်က လက်မှာ ခူနာပေါက်တာ မှုလောင်လို့ ငိုနေတဲ့အတွက် သင့်လက်ကို ပါးစပ်နဲ့ ငုံထားတယ်၊

“ပါးစပ်ထဲမှာပြည်တွေပေါက်တာ အပြင်ထုတ်ရင် သင်သားမိုက် နာမှာစိုးလို့ အပြင်မထုတ်ဘဲ မျိုချတယ်၊ အဲဒီလောက် သင့်ကို သင့်ဖခင်က ချစ်တာ”

အဇာတသတ်မှာကြားရတဲ့စကားအတွက် မသက်မသာ ခံရရှာသည်၊ သို့သော် လွန်ခဲ့ပြီ၊ အဘယ်သို့လျှင် ဖခင် အစားရှာရအံ့နည်း၊ အဘယ်သို့လျှင် ဖခင်ကျေးဇူး ဆပ်ရအံ့နည်း၊

ဖခင်ကျေးဇူးကား သိပါပြီ၊ ဖခင်ကား မရှိတော့ပြီ၊ သူ ခံစားချင်လှတဲ့ မင်းစည်းစိမ်ကြီးလည်း မခံစားနိုင်တော့ပြီ၊ သူ နောင်တ ရပါပြီ၊ သို့သော် သူ၏ နောင်တ.ကား ပြုပြင်၍ မရသော နောင်တ.ဖြစ်သည်၊ သူ၏ နောင်တ.မျိုး မဖြစ်စေရန် မည်သို့ ပြုအံ့နည်း၊

အသက်ထင်ရှား မိဘများ ရှိစဉ် မိဘများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေရန် မိဘကျေးဇူးကို အထူးသိ၍ ဆပ်လေ့ရှိသူ ဖြစ်ဖို့ သင့်၏။

ယင်းသို့ သားသမီးလိမ္မာများနှင့် တွေ့ ၍ မိဘကျေးဇူး ဆပ်၍ ချမ်းသာသုခနှင့် ပြည့်စုံနေတဲ့ မိဘတို့သည် တမလွန် နောက်နောင်း နိဗ္ဗာန်တိုင် တောက်လျှောက်ကောင်းအောင် ဒါန. သီလ. ဘာဝနာ စသော ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်သင့်၏။

အားထုတ်သင့်၍ အားထုတ်သူ ဒါယိကာမကြီးတစ်ယောက်နှင့် တွေ့၏၊ တစ်ချိန်သော မိုးကာလက ဖြစ်၏၊ ဒါယိကာမကြီး.ငယ်တစ်စု တရားဌာနတစ်ခုတွင် တရားအားထုတ်ကြ၏၊

သူတို့တစ်တွေ တရားအားထုတ်၍ ရက်အတန်ကြာသော် မိမိနှင့် တွေ့၏၊ ထိုအခါ မိမိက မေး၏၊

“ဘယ့်နယ်လဲ တရားအားထုတ်တာ ချမ်းသာရဲ့လား၊ တရားအရသာ တွေ့ရဲ့လား”

“ချမ်းသာပါတယ်ဘုရား၊ တွေ့ပါတယ်ဘုရား”

အားလုံးကပင် ဖြေကြားသည်၊ သူတို့ ကြည့်ရသည်မှာလည်း ရွှင်လန်းတက်ကြွနေသည်၊ တရားချမ်းသာ၊ တရားအရသာ တွေ့ဟန် ရှိ၏၊ သို့နှင့် မိမိက ဒါယိကာမကြီးတစ်ယောက်ကို မေးသည်၊

“ဒကာမကြီး၊ ချမ်းသာရင် အိမ်မပြန်နှင့်တော့၊ ဒီမှာပဲ အဲဒီလို အမြဲအားထုတ်နေပေါ့”

“ဘယ်ဖြစ်မလဲဘုရား”

“ဘာဖြစ်လို့ မဖြစ်တာလဲ”

"အိမ်မှာ သမီးကလေးတွေက ရှိသေးတယ်ဘုရား"

"အမယ် . . . သမီးလေးတွေတဲ့၊ သမီးတွေကဖြင့် သူ့ဘာသာသူ လုပ်ကိုင်နိုင်၊ စားသောက်နိုင် အရွယ်ရောက်နေပြီပဲ ဟာ၊ ဘာပူစရာ ရှိလဲ"

"ပူစရာတော့ မရှိပါဘူးဘုရား"

"အရေးကြီးတာက အဲဒီလို ပူစရာ ပင်စရာ မရှိ၊ အကြောင့်အကြ မရှိ အားထုတ်ရမှ တရားက ကောင်းတာ"

"ကောင်းတော့ ကောင်းပါတယ်ဘုရား"

"ကောင်းရင် ပြီးတာပဲ၊ ဆက်အားထုတ်ပေါ့"

မိမိသည် ဒါယိကာမကြီးကို တရားကောင်းတုန်း မပြန်စေချင်။ အားထုတ်စေချင်သေးသည်။ သို့နှင့် ယင်းသို့ ပြောနေခြင်း ဖြစ်သည်။

"သမီးလေးတွေ ရှိသေးတယ်ဘုရား"

"အို - သမီးလေးတွေ ပစ်ထားလိုက်၊ သူတို့ဘာသာသူတို့ နေတတ်၊ ထိုင်တတ်၊ လုပ်ကိုင်စားသောက်တတ်တဲ့ဟာပဲ၊ ဘာပူစရာ ရှိလဲ"

"သမီးလေးတွေက ဆိုးရင်လည်း အကောင်းသား ဘုရား။ ပစ်ထား ရတယ်၊ အခုတော့ သမီးလေးတွေက လိမ္မာတော့ မပစ်ရက်ဘူး ဘုရား"

"အင်း . . . အဲဒါမှ ခက်တာ"

"ဘာခက်တာလဲ ဘုရား"

"ဒကာမကြီးတွေ ခက်တာပေါ့"

"ဘာဖြစ်လို့ ခက်တာလဲဘုရား"

"သားဆိုးအမေ တပေပေ တဲ့၊ သားသမီးလေးတွေက ဆိုးပြန်တော့လည်း ဆိုးလို့ စိတ်မချဘူး၊ တပေပေနဲ့ပဲ မခွဲနိုင် မခွာရက် စိတ်မချလို့ တရားအားမထုတ်နိုင်ပြန်ဘူးတဲ့"

"မှန်ပါ ဘုရား"

"သားကောင်းမိခင် တရှင်ရှင်တဲ့၊ သားသမီးလေးတွေက လိမ္မာပြန်တော့လည်း မျက်နှာတကြည့်ကြည့်၊ အရိပ်တကြည့်ကြည့်နဲ့ ကြည့်ရှုမဝလို့၊ အားမရလို့၊ စိတ်မချလို့ တရားအားမထုတ်နိုင်ပြန်ဘူးတဲ့"

"မှန်ပါ ဘုရား"

"သားသမီး မကောင်းတော့လည်း မကောင်းလို့တဲ့၊ ကောင်းတော့လည်း ကောင်းလို့တဲ့၊ ခုတော့ သမီးလေးတွေက ကောင်းတယ်၊ လိမ္မာတယ်၊ ကိုယ်အားထုတ်နေတာ မပူရအောင် စောင့်ရှောက်ပေးနေတာ အားထုတ်ပေါ့၊ ဒါပဲ သမီးလေးတွေ က ဆိုးရင် အကောင်းသားတဲ့၊ ဒါဖြင့် သမီးလေးတွေ အဆိုးခိုင်းရမလား"

"မခိုင်းပါနဲ့ ဘုရား"

"နို့ . . . ဒကာမကြီးဥစ္စာက ဆိုးရင် အကောင်းသားဆိုတော့ သမီးလေးတွေ ဆိုးမှ အားထုတ်မယ်၊ သမီးလေးတွေ စွန့်နိုင်မယ်ဆိုတဲ့ သဘောရောက်မနေဘူးလား"

"မှန်ပါ၊ ဒီလိုဖြစ်နေပါတယ်ဘုရား"

"ဒီလိုဆိုတော့ ဒကာမကြီးဥစ္စာက သားသမီးဆိုး လိုချင်တယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်မသွားဘူးလား"

"ရောက်သွားပါတယ်ဘုရား"

"လိုချင်လား သားသမီးဆိုးကို"

"မလိုချင်ပါ ဘုရား"

"မလိုချင်နဲ့၊ မလိုချင်နဲ့၊ ဒကာမကြီးက ထင်တယ်၊ သားသမီးဆိုးရင် ပစ်ပြီး တရားအားထုတ်နိုင်မယ်လို့၊ ဝေးပါသေးတယ်၊ အရပ်ထဲမှာ ကြည့်ပါလား၊ သားသမီးဆိုးနဲ့ ကြုံနေတဲ့ မိဘတွေ အရှိသားပဲ၊ ပစ်ပြီး အားထုတ်နိုင်ရဲ့လား"

"အားမထုတ်နိုင်ပါ ဘုရား"

"သားသမီးသုံးယောက်အကြောင်း ပြောပြမယ်၊ နားထောင်မလား"

"ထောင်ပါ့မယ်၊ အမိန့်ရှိပါဘုရား"

"အမိအဖတို့ထက် ဂုဏ်လွန်တဲ့ အတိဇာတသားသမီး၊ အမိအဖတို့နှင့် ဂုဏ်တူတဲ့ အနုဇာတသားသမီး၊ အမိအဖတို့ထက် ဂုဏ်ယုတ်တဲ့ အဝဇာတသားသမီးလို့ သားသမီး သုံးမျိုး ရှိတယ်နော်"

"မှန်ပါ ဘုရား"

"အမိအဖတို့ထက် ဂုဏ်လွန်တဲ့ အတိဇာတ သားသမီးဆိုတာ ဘယ်လိုလဲဆိုတော့ အဲဒီသားသမီးရဲ့ အမိအဖတွေက -

(၁) ဘုရားကို မကိုးကွယ်ဘူး
(၂) တရားတော်လည်း မကိုးကွယ်ဘူး
(၃) သံဃာတော်လည်း မကိုးကွယ်ဘူး
(၄) သူ့အသက် သတ်တယ်
(၅) သူ့ဥစ္စာ ခိုးတယ်
(၆) ကာမတို့မှာ မှားယွင်းစွာ ကျင့်တယ်
(၇) မုသား ပြောတယ်
(၈) မူးယစ်သောက်စားတယ်
(၉) သီလ မဲ့တယ်၊ ယုတ်မာတဲ့ သဘောရှိတယ်၊

အဲဒီ အမိအဖတွေရဲ့ သားသမီးကတော့ ဒီလိုမဟုတ်ဘူး -

(၁) ဘုရားရှင် ကိုးကွယ်တယ်
(၂) တရားတော်ကို ကိုးကွယ်တယ်
(၃) သံဃာတော်ကို ကိုးကွယ်တယ်
(၄) သူ့အသက်သတ်မှုမှ ရှောင်တယ်
(၅) သူ့ဥစ္စာခိုးမှုမှ ရှောင်တယ်
(၆) ကာမတို့မှာ မှားယွင်းစွာ ကျင့်မှုမှ ရှောင်တယ်
(၇) မုသားပြောဆိုမှုမှ ရှောင်တယ်
(၈) မူးယစ်သောက်စားမှုမှ ရှောင်တယ်
(၉) သီလရှိတယ်၊ ကောင်းသောသဘော ရှိတယ်

အဲဒါ အတိဇာတ သားသမီးပေါ့၊ မိဘတွေထက် သာလွန်တဲ့ သားသမီးပေါ့၊ ကဲ - ဒကာမကြီး သမီးလေးတွေ ဘယ်လောက် တော်လဲ၊ ဒကာမကြီး သူတို့အရွယ်တုန်းက ခုလို ဒါန. သီလ. ဘာဝနာမှုနဲ့ နီးစပ်ရဲ့လား"

"ဘယ်နီးစပ်မလဲ ဘုရား"

"ဒါဖြင့် ဒကာမကြီးနဲ့ သူတို့နဲ့ ဘယ်သူတော်လဲ"

"သူတို့က တော်တာပေါ့ဘုရား။ အဲဒီလို တော်လို့ ခက်နေတာပေါ့ဘုရား"

"လာပြန်ပြီ၊ အဲဒီလိုတော်မှ ကိုယ့်အတွက် အားကြိုးမာန်တက် ကြိုးစားရမှာ၊ နောက်က အလကားသက်သက် ကုန်ခဲ့တဲ့ အချိန်တွေ ပြန်ထေမိအောင် ကြိုးစားရမှာ မဟုတ်လား"

"မှန်ပါ ဘုရား"

"အနုဇာတ သားသမီးအကြောင်း ပြောပြဦးမယ်၊ အနုဇာတ သားသမီးဆိုတာက မိဘတွေက ရတနာသုံးပါး ကိုးကွယ်တယ်၊ ငါးပါးသီလ မြဲတယ်၊ သီလ ရှိတယ်၊ ကောင်းတဲ့သဘော ရှိတယ်။

"အဲဒီမိဘတွေရဲ့ သားသမီးကလည်း ရတနာသုံးပါးကို ကိုးကွယ်တယ်၊ ငါးပါးသီလ မြဲတယ်၊ သီလ ရှိတယ်၊ ကောင်းသောသဘော ရှိတယ်။

"အဲဒါ အနုဇာတ သားသမီးပေါ့၊ အနုဇာတသားသမီးဆိုတာ မိဘနှင့် အကျင့်သီလ တူမျှတဲ့ သားသမီးကို ဆိုတာနော်"

"မှန်ပါ ဘုရား"

"ဒကာမကြီးသမီးတွေ ခုအနေနဲ့ကြည့်ရင် ဒကာမကြီးနဲ့ သဒ္ဓါ သီလ စသည် မမျှဘူးလား"

"မျှပါတယ် ဘုရား"

"မျှတယ်ဆိုရင် အနုဇာတ သမီးလေးတွေပေါ့၊ ဒကာမကြီးထက် သာတယ်ဆိုရင်တော့ အတိဇာတ သမီးလေးတွေပေါ့၊ တူမျှလား၊ သာလွန်လား"

"သူတို့က တပည့်တော်ထက်တောင် သာလွန်ပါသေးတယ်ဘုရား"

"ဒါဖြင့် ဒကာမကြီးထက် သာတဲ့ အတိဇာတ သမီးလေးတွေပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါဖြင့် သမီးကောင်းမိခင် တရှင်ရှင်ပေါ့၊ အင်း . . . ရှင်ပေါ့လေ၊ အဲဒီလို ရှင်နေရင်တော့ သံသရာထဲက ထွက်ဖို့ မလွယ်ဘူး"

"ထွက်အောင်တော့လည်း လုပ်ရမှာပေါ့ဘုရား"

"ကဲ . . . ထားတော့ ထားတော့၊ အဝဇာတ သားသမီးအကြောင်း ပြောကြစို့၊ အဝဇာတ သားသမီးဆိုတာ မိဘတွေက ရတနာသုံးပါး ကိုးကွယ်တယ်၊ ငါးပါးသီလ လုံခြုံတယ်၊ သီလရှိတယ်၊ ကောင်းသောသဘောရှိတယ်"

"အဲဒီ မိဘရဲ့ သားသမီးတွေကတော့ ရတနာသုံးပါး မကိုးကွယ်ဘူး၊ ငါးပါးသီလလည်း မမြဲဘူး၊ သီလလည်း မရှိဘူး၊ ယုတ်မာတဲ့ သဘောရှိတယ်၊ အဲဒါ အဝဇာတ သားသမီးပဲ၊ ကဲ . . . အဲဒီလို သမီးလေးတွေ လိုချင်လား"

"ဒီလိုသမီးတွေတော့ မလိုချင်ပါဘုရား"

"နို့ - ဘာဖြစ်လို့ သမီးလေးတွေက ဆိုးရင်လည်း အကောင်းသားလို့ ပြောတာလဲ"

"ဒါက သူတို့ဆိုးတော့ သူတို့အပေါ် သံယောဇဉ်ပြတ်ပြီး ကျောင်းမြဲအောင် ပြောရတာပါဘုရား"

"ဘယ်ကလာ ကတ်သီးကတ်သပ်၊ ဆိုးတာနဲ့ သံယောဇဉ်ပြတ်ရမှာလဲ၊ ဆိုးတော့ ဒါသသံယောဇဉ်ပေါ့၊ သာပြီးတော့ ဆိုးမယ်၊ နားထောင် ဘုရားရှင်ဟောတာ ဆက်ပြီးဟောပြမယ် -

"ပညာရှိတို့သည် အမိအဖထက် ဂုဏ်လွန်သော အတိဇာတ သားသမီးနှင့် အမိအဖတို့နှင့် ဂုဏ်တူသော အနုဇာတ သားသမီးကို အလိုရှိကုန်၏၊ အမျိုးအနွယ်ကို ဖြတ်တောက်သော၊ အမိအဖတို့အောက် ဂုဏ်ယုတ်သော အဝဇာတ သားသမီးကို အလိုမရှိကုန်"တဲ့။

"ကဲ... သားသမီးသုံးမျိုးမှာ ပညာရှိတို့ဟာ မိဖိထက်သာတဲ့ သားသမီးနှင့် တူမျှတဲ့ သားသမီးကို အလိုရှိရမယ်တဲ့နော်၊ ယုတ်တာကို အလိုမရှိဘူးတဲ့"

"မှန်ပါ ဘုရား"

"အမယ်လေး - မနည်းဘဲဟောရတယ်၊ ကဲ... နားထောင်ဦး၊ သာလွန်တဲ့၊ တူမျှတဲ့ သားသမီးတွေရဲ့သဘောကို -

"ဤသုံးယောက်သော သားသမီးတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ ရတနာသုံးပါးကို ဆည်းကပ်ကုန်၏၊ သဒ္ဓါ၊ သီလနှင့် ပြည့်စုံကုန်၏၊ တောင်းဆိုသူတို့၏ စကားကို သိကုန်၏၊ ဝန်တိုခြင်း ကင်းကုန်သော သားသမီးတို့သည် တိမ်တိုက်မှ လွတ်တဲ့ လ.သည် တင့်တယ်သကဲ့သို့ ပရိသတ်တို့၌ တင့်တယ်ကုန်၏" တဲ့။

"ကဲ... ဒကာမကြီးမှာ အဖိုးတန် သမီးလေးတွေ ရထားတာ ဟန်ကျလို့ စိတ်ချမ်းသာစွာနဲ့ တရားကြိုးစားရင် ရဖို့ရှိတော့တာပေါ့နော်"

"မှန်ပါ ဘုရား"

"ဆက်ကြိုးစားမလား၊ ပြန်မလား"

"ပြန်တော့ ပြန်ရဦးမှာပေါ့ဘုရား"

"ဟင်... ဟောရတာ မောတာပဲ ရှိတယ်၊ ပြန်ပေတော့၊ ပြန်ပေတော့ ထောင်တွင်းကို"

✦ သားသမီးဟာ၊ လောကမှာ၊ သုံးဖြာ ရှိလေသည်။

✦ မိဘထက်သာ၊ တန်းတူတာ၊ ယုတ်တာ ဖြစ်လေသည်။

✦ သာတာ တူတာ၊ နှစ်မျိုးသာ၊ မှန်စွာလိုရမည်။

✦ ယုတ်တာကိုပ၊ မလိုရ၊ မတ.သင့်တော့သည်။

📖

# စကားခြောက်ခွန်း လှူဒွန်း

(၁၅၀)

လောကကြီး၌ သိချင်စရာတွေကား များပြားလှ၏။ လူအများတွင်လည်း သိချင်စရာတွေ၊ သိချင်တာတွေ အများကြီး ရှိ၏။

လောကကြီးတွင် ရှိနေသော သိချင်စရာအများကို သိချင်သော လူသားက သိအောင် မေးမြန်း မှတ်သားနေခြင်းသည် ပင်လျှင် ပညာသင်ကြားနေခြင်း မဟုတ်ပါလော။

ဟုတ်မှန်ပေ၏။ လောကကြီးသည် တက္ကသိုလ်ကြီး ဖြစ်၏။ သင်စရာတွေ၊ သိစရာတွေ အပြည့်အနှက် ရှိ၏။ သင်ယူချင်သူ လူအများကို လောကကြီးက အတတ်မျိုးစုံ သင်ပြပေးလျက် ရှိ၏။

ယင်းသို့ လောကတက္ကသိုလ်ကြီးမှ သင်ပြသဖြင့် အတတ်ပညာမျိုးစုံ တတ်မြောက်ကာ လောကတွင် ထည်ဝါဝင့်ကြွား နေသူတို့သည် တစ်ယောက် မက၊ တစ်ရာလည်း မက များပြားလှ၏။

အို - စာရှုသူ၊ သို့ဖြစ်၍ လောကတက္ကသိုလ်ကြီးကို အထင်မသေးလင့်။ လောကတက္ကသိုလ်မှ တတ်မြောက်လာသည့် အသိပညာရှင်၊ အတတ်ပညာရှင်ကို အထင်မသေးပါလင့်။

အချို့မှာ ကျောင်းစာ၊ ကျောင်းပညာဟူ၍ မူလတန်းပညာမျှ မတတ်ပါ။ လောကတက္ကသိုလ်က သင်ပြပို့ချချက်ကို သင်ယူ၍ အထက်တန်း သူဌေး၊ သူကြွယ်၊ ရာထူးရှင်၊ ပစ္စည်းရှင်ကြီးများ ဖြစ်နေသည်မှာ တစ်ယောက် မက တစ်ရာလည်း မက အများပင် မဟုတ်ပါလော။

သို့ပါ၍ စာရှုသူထံ ရောက်လာသော လောကတက္ကသိုလ် ကျောင်းသားဖြစ်တဲ့ သိချင်သူတစ်ယောက်က မေးမြန်း သောအားဖြင့် ပညာသင်ကြားလာလျှင် စိတ်ရှည်.လက်ရှည် အဖြေပေးပါလော့။ အကယ်၍ အဖြေမပေးနိုင်ပါက စိတ်မဆိုး အမျက်မထွက်ဘဲ မဖြေနိုင်ကြောင်း ဝန်ခံ၍ ဖြေနိုင်မည့်သူထံသို့ ညွှန်ကြားပေးသောအားဖြင့် လောကတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကို အကူအညီပေးပါ။

အို - စာရှုသူ၊ မိမိ၏ ဗုဒ္ဓမေ့ပြဿနာများသည် လောကတက္ကသိုလ် ကျောင်းသားများကို ပညာသင်ကြားပေးရာမှ ပေါ်ပေါက်လာသော အသီးအပွင့်များ ဖြစ်ပါသည်။

မိမိသည် လောကတက္ကသိုလ်တွင် ပညာသင်ကြားလျက် ရှိပြီး မိမိထံသို့ အကူအညီ တောင်းခံလာသူတို့အားလည်း ပြန်လည် သင်ကြားပေးပါသည်။

တစ်နေ့ ဖြစ်၏။ ထိုနေ့ကိုတော့ မမှတ်မိတော့ပါ။ နံနက်အချိန်၊ နေ့လည်အချိန်လား မမှတ်မိတော့ပါ။ မိမိ ဘာလုပ်နေသည်ကိုတော့ မှတ်မိပါသည်။ မိမိသည် လောကတက္ကသိုလ်တွင် ပညာသင်ယူသောအားဖြင့် စာကြည့်နေချိန် ဖြစ်၏။

ထိုအချိန်တွင် မိမိ စာကြည့်နေရာသို့ လောကတက္ကသိုလ် ကျောင်းသူနှစ်ယောက် တက်ရောက်လာသည်။ ဦးစွာ ပထမ ရှိသေစွာ ထိုင်ပြီး၊ ရှိသေစွာ ရှိခိုးဦးချပြီးတော့ တစ်ယောက်သော ကျောင်းသူက မေးလျှောက်သည်။

"ဘုန်းဘုန်းဘုရား၊ "စကား ခြောက်ခွန်း လှူဒွတ္တွန်း" လို့ စာထဲမှာ တွေ့တယ်ဘုရား၊ အဲဒီ စကား ခြောက်ခွန်းဆိုတာ ဘယ်လို စကားတွေလဲ ဘုရား"

"စကား ခြောက်ခွန်း လှူဒွတ္တွန်း ဆိုတာ လောကလူတွေ အသုံးပြုတဲ့ စကားတွေပေါ့၊ အဲဒီ စကားခြောက်ခွန်း ထဲမှာ တို့ဘုရားရှင်က နှစ်ခွန်းပဲ ပြောတယ်၊ လေးခွန်းကို မပြောဘူး၊ ပယ်တယ်"

"ဩော် . . . ဒါကြောင့်မို့ "စကားခြောက်ခွန်း၊ လှူဒွတ္တွန်း၊ လေးခွန်းကို ပယ်၊ နှစ်ခွန်း တယ်" လို့ ဆိုတာပေါ့နော် ဘုန်းဘုန်း"

"အောင်မယ် တယ်ဟုတ်ပါလား၊ မညံ့ပါလား၊ ဘယ်မှာများ တွေ့ထားလဲ မသိဘူး"

"ဒီလိုပေါ့ ဘုန်းဘုန်းရဲ့ တပည့်တော်တို့လည်းဟိုမှာ သည်မှာ ဖတ်ရင်းမှတ်ရင်းနဲ့ တွေ့လို့မှတ်ထားတာပေါ့ ဘုန်းဘုန်း၊ အဲဒီ စကားခြောက်ခွန်းဆိုတာ ဘာတွေလဲ ဘုန်းဘုန်း"

"အမယ် . . . အဲဒါတော့ ဖြေရမှာ မလွယ်ဘူးနဲ့ တူတယ်"

"ဘာဖြစ်လို့လဲ ဘုန်းဘုန်း"

"စကားခြောက်ခွန်းက လည်တယ်.လည်တယ်နဲ့ဟာ၊ ရှုပ်ရှုပ်သွားတယ်၊ နင်တို့ မှတ်နိုင်ပါ့မလား"

"တပည့်တော်တို့ စာနဲ့ရေးမှတ်မယ် ဘုန်းဘုန်း"

"အေး . . . အေး . . . ငါက အဲဒါမျိုးမှ သဘောကျတာ၊ သဲထဲရေသွန် ပြီးပြီးပျောက်ပျောက်ဆို သဘောမကျဘူး၊ ဖြေရတာ ပင်ပန်းတာပဲ"

"တပည့်တော်တို့ကို ဖြေရတာ အကျိုးရှိပါတယ် ဘုန်းဘုန်းရယ်၊ ဖြေပါ"

"ကဲ - ကဲ သေသေချာချာ နားထောင်ပြီးမှ မှတ်သားထား၊ အကြောင်းဖြစ်ရပ် အတ္ထုပ္ပတ်နှင့်တကွ ပြောပြမယ်နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးစဉ်ကပေါ့၊ နာဋသား နိဂဏ္ဌရဲ့တပည့်ဖြစ်တဲ့ အဘယမင်းသားဆိုတာ ရာဇဂြိုဟ်ပြည်ထဲမှာ ရှိတယ်၊ ထင်ရှားတဲ့ မင်းသားတစ်ယောက်ပေါ့"

"အဲဒီ အဘယမင်းသား တစ်နေ့ သူ့ဆရာ နာဋသား နိဂဏ္ဌထံ သွားတော့ နိဂဏ္ဌက ပြောတယ်"

"မင်းသား လာလော့၊ သင်ဟာ ရဟန်းဂေါတမကို အပြစ်တင်ချေလော့၊ အဲဒီလို အပြစ်တင်နိုင်ရင် "အဘယ မင်းသားဟာ ဤမျှလောက် တန်ခိုးအာနုဘော်ကြီးတဲ့ ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေတယ်" လို့ သင့်ရဲ့ကောင်းတဲ့ ကျော်စောသတင်းဟာ ပျံ့နှံ့ထွက်လိမ့်မယ်" တဲ့။

"အဲဒီလို ဆရာဖြစ်တဲ့ နာဋသား နိဂဏ္ဌက ပြောတော့ အဘယမင်းသားက -

"အရှင်၊ အကျွန်ုပ်ဟာ ဒီမျှလောက် တန်ခိုးအာနုဘော်ကြီးတဲ့ ရဟန်းဂေါတမကို ဘယ်လိုများ အပြစ်တင်ရပ့်မလဲ" လို့ မေးလျှောက်တယ်။

ဒီတော့ နာဋ္ဋသား နိဂဏ္ဌက - "မင်းသား၊ သင်ဟာ ရဟန်းဂေါတမထံ ချဉ်းကပ်ပြီး -

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ်၊ မနှစ်မြို့က်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏"

လို့ ဒီလိုပြောဆိုပါ၊ မင်းသား သင်က အဲဒီလို ပြောဆိုတဲ့အခါ ရဟန်းဂေါတမက -

"မင်းသား၊ မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ်၊ မနှစ်မြို့က်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏"

လို့ အဲဒီလိုများ အကယ်လို့ ပြန်ပြီးတော့ သင့်ကို ဖြေကြားအံ့၊ သင်က အဲဒီရဟန်းဂေါတမကို ဒီလိုပြန်ပြောပါ -

"အရှင်ဘုရား၊ အဲဒီလိုဆိုရင် သာမန်ပုထုဇဉ်နှင့် အရှင်ဘုရားရဲ့ ခြားနားချက်ဟာ အဘယ်မှာ ရှိပါအံ့နည်း။ မှန်ပါတယ် အရှင်ဂေါတမ၊ ပုထုဇဉ်တွေလည်း သူတစ်ပါး မနှစ်သက်ဖွယ်၊ မနှစ်မြို့က်ဖွယ်တွေ ပြောဆိုပါတယ်"

လို့ သင်က ပြောဆိုပါ၊ မင်းသား သင်က အဲဒီလို ပြောဆိုတဲ့အခါ ရဟန်းဂေါတမက -

"မင်းသား၊ မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ်၊ မနှစ်မြို့က်ဖွယ်ဖြစ်သော စကားမျိုးကို မပြောဆိုရာ"

လို့ အဲဒီလိုများ တကယ်လို့ ပြန်ပြောဆိုလျှင် သင်မင်းသားက အဲဒီ ရဟန်းဂေါတမကို -

"အရှင်ဘုရား၊ အဲဒီလိုဆိုလျှင် အဘယ်ကြောင့် အရှင်ဘုရားသည် ဒေဝဒတ်ကို "ဒေဝဒတ်သည် အပါယ်သို့ လားမည့်သူတည်း၊ ငရဲ ကျမည့်သူတည်း၊ ငရဲ၌ တစ်ကမ္ဘာလုံး တည်မည့်သူတည်း၊ ဒေဝဒတ်သည် ကုစား၍မရနိုင်သော သူတည်း" လို့ ပြောဆိုပါသနည်း။ အရှင်ဘုရားရဲ့ အဲဒီစကားကြောင့် ဒေဝဒတ်ဟာ အမျက်ထွက်ခြင်း၊ နှလုံးမသာယာခြင်း ဖြစ်ရပါတယ်"

လို့ အဲဒီလို သင်သွားပြောလော့။

"မင်းသား၊ ရဟန်းဂေါတမဟာ နှစ်ဘက်အစွန်းရှိတဲ့ ဒီပြဿနာကို သင်မင်းသား မေးတဲ့အခါ နှစ်ဘက်အစွန်းလွတ်အောင် ဖြေနိုင်မှာ မဟုတ်ဘူး၊ အပြစ်ကင်းအောင် ပြောပြနိုင်မှာ မဟုတ်ဘူး။

"ဥပမာပြရမယ်ဆိုရင် ယောကျ်ားတစ်ယောက်ရဲ့ လည်မျိုမှာ ကပ်ငြိနေတဲ့ သံဆူးခွကို အဲဒီယောကျ်ားဟာ ထွေးအန်ခြင်းငှာလည်း မတတ်နိုင်၊ မျိုချခြင်းငှာလည်း မတတ်နိုင်သလိုပေါ့။

"မင်းသား၊ အဲဒီအတူပဲ နှစ်ဘက်အစွန်းရှိတဲ့ ဒီပြဿနာကို သင်မေးသည်ရှိသော် ရဟန်းဂေါတမဟာ နှစ်ဘက်အစွန်းလွတ်အောင် ဖြေနိုင်မှာ မဟုတ်ဘူး၊ အပြစ်ကင်းအောင် ပြောနိုင်မှာ မဟုတ်ဘူး။

"အဲဒီလို ဆရာဖြစ်တဲ့ နာဋ္ဋသား နိဂဏ္ဌက သင်ပေးတယ်၊ တပည့်ဖြစ်တဲ့ အဘယမင်းသားကလည်း အဟုတ်မှတ်လို့ ကောင်းပါပြီ ဝန်ခံတယ်၊ ဆရာချာနဲ့ တပည့် ညံ့ဟန် မကျဘူးလား"

"ဟန်ကျပါတယ် ဘုရား"

"အနှစ်မရှိတဲ ဆရာကို အနှစ်မရှိတဲ့ တပည့်တွေ ဝိုင်းတယ်ဆိုတာ ဒါမျိုးပေါ့"

"မှန်ပါ ဘုရား"

"ဟုတ်လှပြီ၊ ဟုတ်လှပြီဆိုတဲ့ ဆရာ့စကားအရ တပည့်ကလည်း ဟုတ်လှပြီ၊ မှန်လှပြီ၊ ဟန်ကျပြီအထင်နဲ့ အဘယ မင်းသားဟာ နာဋသား နိဂဏ္ဌာသင်ပေးတဲ့အတိုင်း ဘုရားရှင်ထံ သွားလျှောက်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို လျှောက်တဲ့စကားတွေတော့ ပြန်မပြောတော့ဘူး၊ စကားကြော ရှည်နေမယ်၊ ခုနက သူ့ဆရာ သင်ပေးတဲ့ အတိုင်းလို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်ထံ သွားလျှောက်တဲ့အခါ အဲဒီမင်းသား၊ ကလေးသူငယ် လူမမယ်လေး တစ်ယောက်လည်း ခေါ်သွားတယ်၊ အဲဒီ ကလေးသူငယ် လူမမယ် ပက်လက်အိပ်တတ်ကာမျှ အရွယ်ရှိတဲ့ ကလေးငယ်ကလည်း အဘယမင်းသားရဲ့ ပေါင်ပေါ်မှာ ရှိနေတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"တို့ဘုရားရှင်က သတ္တဝါအများ ထင်ယှံမှားကို ဖြေကြားတဲ့နေရာမှာ အတုမရှိ ပုဂ္ဂိုလ်ပဲဟာ၊ အလွယ်တကူနဲ့ ကောက် ကာငင်ကာ မင်းသားကို ဖြေလိုက်တယ် -

"မင်းသား ထိုစကားကို ဘယ်လိုမှတ်ထင်သလဲ၊ ဒီကလေးငယ်ကလေးဟာ သင့်ရဲ့ မေ့လျော့ပေါ့ဆမှု ကို အစွဲပြုပြီးတော့ သို့မဟုတ် အထိန်းတော်ရဲ့ မေ့လျော့ပေါ့ဆမှုကို အစွဲပြုပြီးတော့ သစ်သားတို သစ်သားစ ကို ဖြစ်စေ၊ ကျောက်စရစ် အိုးခြမ်းကွဲကို ဖြစ်စေ တကယ်လို့များ ပါးစပ်ထဲ မျိုချမိသည် ဖြစ်အံ့၊ အဲဒီကလေးကို သင်မင်းသား အဘယ်သို့ပြုလုပ်မလဲ" တဲ့။

"ကဲ . . . ဘုရားရှင်က ပြန်မေးပုံကို ကြည့်၊ သူက နှစ်ဘက်စွန်းထွက်တဲ့ ပြဿနာနဲ့ ဘုရားရှင်ကို မေးတော့ ဘုရားရှင် ကလည်း နှစ်ဘက်စွန်းထွက်တဲ့ ပြဿနာနဲ့ ပြန်မေးပြီး ဖြေတော့မယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို နှစ်ဘက်စွန်းထွက်တဲ့ ပြဿနာကို မေးတော့ အဘယမင်းသားကလည်း ရိုးသားစွာပင် ဘုရားရှင်အား ပြန် ကြားလျှောက်ထားတယ် -

"အရှင်ဘုရား၊ အဲဒီကလေးငယ်ရဲ့ ပါးစပ်တွင်းရှိ သစ်သားတို သစ်သားစ၊ ကျောက်စရစ် အိုးခြမ်းကွဲ စတဲ့ အရာဝတ္ထုကို အကျွန်ုပ် ထုတ်ဆောင်ရပါ၏။

"အရှင်ဘုရား၊ တကယ်လို့များ အစကပင် ထုတ်ဆောင်ခြင်းငှာ မတတ်နိုင်ငြားအံ့၊ လက်ဝဲလက်ဖြင့် ဦးခေါင်းကို သိမ်းပိုက်ပြီးတော့ လက်ယာလက်ဖြင့် လက်ချောင်းကို ကောက်ကွေး၍ သွေးထွက်ငြားသော်လည်း ထုတ်ရပါတော့မယ်။

"အဘယ်ကြောင့် ဒီလို အကြမ်းအရမ်း ထုတ်ဆောင်ရပါသလဲဆိုတော့၊ အရှင်ဘုရား အကျွန်ုပ်ဟာ ကလေးငယ်အား အစဉ်သနားခြင်း ရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်" တဲ့။

"အဲဒီလို အဘယမင်းသားက ဘုရားရှင်အား လျှောက်ထားတယ်၊ ဒီအဖြေကို သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"ပေါက်ရင် ဘုရားရှင်ရဲ့အဖြေကို ပြောကြစို့နော်၊ စကားခြောက်ခွန်းက အခုမှ လာတယ်၊ ဒီရောက်ဖို့ နိဒါန်းသွယ်နေရတာနဲ့ မနည်းကြာတယ်၊ ကဲ - မှတ်တော့၊ ချာလည်ချာလည် လာပြီ၊ ဘုရားရှင်က ဘယ်လိုဖြေသလဲဆိုတော့ မင်းသား အဲဒီအတုပဲ -

(၁) မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက် မနှစ်မြို့က် အဲဒီစကားမျိုးကို မြတ်စွာဘုရား မပြောဆို။

(၂) ဟုတ်တော့ ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက် မနှစ်မြို့က်၊ အဲဒီစကားမျိုးလည်း မြတ်စွာဘုရား မပြောဆို။

(၃) ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့်လည်း စပ်တယ်၊ သူတစ်ပါးတို့တော့ မနှစ်သက် မနှစ်မြို့က်ဘူး၊ အဲဒီစကားမျိုးကို ဘုရားရှင်ဟာ အခါအားလျော်စွာ ပြောဆိုတယ်။

(၄) မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတွေကတော့ နှစ်သက်တယ်၊ နှစ်မြို့က်တယ်၊ အဲဒီစကားမျိုးလည်း ဘုရားရှင်ဟာ မပြောဆိုဘူး။

(၅) ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့် မစပ်ဘူး၊ သူတစ်ပါးတွေကတော့ နှစ်သက်တယ်၊ နှစ်မြို့က်တယ်၊ အဲဒီစကားမျိုးလည်း မြတ်စွာဘုရား မပြောဆိုဘူး။

(၆) ဟုတ်မှန်တယ်၊ အကျိုးစီးပွားနဲ့ စပ်တယ်၊ သူတစ်ပါးတို့လည်း နှစ်သက်တယ်၊ နှစ်မြို့က်တယ်၊ အဲဒီစကားမျိုးကို ဘုရားရှင်ဟာ အခါအားလျော်စွာ ပြောဆိုတယ်။

"အဘယ့်ကြောင့် ပြောဆိုရသလဲဆိုတော့ မြတ်စွာဘုရားဟာ သတ္တဝါတို့ကို အစဉ်သနားခြင်း ရှိသောကြောင့်တဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ - မှတ်မိလား၊ ဘုရားရှင် ပြောတဲ့စကားနဲ့ မပြောတဲ့စကား"

"ဘုန်းဘုန်းပြောသလိုပဲ၊ ချာလည်ချာလည်နဲ့"

"ကဲ - ဒါဖြင့် ဒီလိုလုပ်၊ မန်လည်ဆရာတော်ဘုရားကြီး ရေးထားတဲ့ မဃဒေဝလင်္ကာနဲ့ မှတ်၊ အဲဒါက လွယ်တယ် -

"ဟုတ်.မဟုတ် ဆို၊ မနာလိုနှင့်၊ နာလိုတံ့ဘိ၊ ကျိုးမရှိငြား၊ စကားလေးလုံး၊ သူမိုက်သုံးကို၊ သက်ဆုံးညာဏ်ရှင်၊ မမိန့်ချင်ဘူး"

"သူပင်နာလို၊ မနာလိုဘိ၊ ကျိုးရှိဟုတ်မှန်၊ ဤနှစ်တန်သာ၊ သူမွန်သူထွတ်၊ သူမြတ်ပညာဝါ၊ သမ္မာသမ္ဗုဒ္ဓါ၊ သုဂတတို့၊ ပြောကြစရိုး၊ နည်းမှန်ခိုးလော့" တဲ့။

"အဲဒီ မဃဒေဝလင်္ကာအရ စကားခြောက်ခွန်းကို စဉ်မယ်ဆိုရင် ပိုပြီးတော့ မှတ်လို့လွယ်မယ်၊ ဒီတော့ အဲဒီလင်္ကာ အတိုင်း စဉ်ကြည့်ရအောင် -

(၁) ဟုတ်မှန်၏၊ အကျိုး မရှိ၊ သူတစ်ပါးလည်း မနာလို မနှစ်မြို့က်တဲ့ စကား။

(၂) မဟုတ်မမှန်၊ အကျိုးလည်း မရှိ၊ သူတစ်ပါးလည်း မနာလို မနှစ်မြို့က်တဲ့ စကား။

(၃) ဟုတ်မှန်တယ်၊ အကျိုး မရှိ၊ သူတစ်ပါး နှစ်သက် နှစ်မြို့က်တဲ့ စကား။

(၄) မဟုတ်မမှန်၊ အကျိုးစီးပွား မရှိ၊ သူတစ်ပါး နှစ်သက် နှစ်မြို့က်တဲ့ စကား

အဲဒီ စကားလေးမျိုးကို ဘုရားရှင်တို့ တစ်သက်ပတ်လုံး ဘယ်တော့မှ မပြောဘူးတဲ့"

(၁) ဟုတ်မှန်တယ်၊ အကျိုး ရှိတယ်၊ သူတစ်ပါး မနှစ်သက် မနှစ်မြို့က်တဲ့ စကား။

(၂) ဟုတ်မှန်တယ်၊ အကျိုး ရှိတယ်၊ သူတစ်ပါး နှစ်သက် နှစ်မြို့က်တဲ့ စကား။

အဲဒီစကားနှစ်မျိုးကို ဘုရားရှင်တို့ ပြောတယ်၊ ပြောတဲ့အခါမှာလည်း အခါအားလျော်စွာ ပြောတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုဆိုတော့ မှတ်ရတာ လွယ်မသွားဘူးလား"

"လွယ်သွားပါတယ်ဘုရား"

"စင်စစ်တော့ "အကျိုးရှိ" ကိုပဲ ကိုင်ထားနော်၊ ဘုရားရှင် မပြောတဲ့၊ ပယ်တဲ့ စကားလေးလုံး ပြန်ကြည့်၊ အကျိုးမရှိတာ ချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အေး... ဘုရားရှင်ပြောတဲ့ စကားနှစ်ခွန်းက လွယ်လွယ်ပဲ၊ ကျိုးရှိ ဟုတ်မှန် နှစ်မျိုးမှာ နာလို့မနာလို နှစ်မျိုးတွဲလိုက်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ အကျိုးရှိတဲ့စကားကို ဘုရားရှင် ပြောတဲ့အခါမှာလည်း သတိထားကြည့်၊ အခါခပ်သိမ်း ပြောလား ဆိုတော့ အခါခပ်သိမ်း မပြောဘူး၊ အခါကာလအားလျော်စွာ ပြောတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အေး... ဒီနေရာမှာ စပ်မိတော့ မှတ်ဖို့ကောင်းတဲ့ စကားပြောရာ အင်္ဂါ (၁၀)ပါးကို ပြောပြဦးမယ်၊ အဲဒါလည်း မှတ်ထား -

| | | | |
|---|---|---|---|
| (၁) | ကာလဝါဒီ | = | ပြောချိန်ပြောခွင့် သင့်မှ ပြောရခြင်း၊ |
| (၂) | ဘူတဝါဒီ | = | ဟုတ်မှန်သောစကားကိုသာ ပြောရခြင်း၊ |
| (၃) | ဓမ္မဝါဒီ | = | တရားနှင့် စပ်သည်ကိုသာ ပြောရခြင်း၊ |
| (၄) | အတ္ထဝါဒီ | = | အကျိုးစီးပွားနှင့် စပ်သည်ကိုသာ ပြောရခြင်း၊ |
| (၅) | ဝိနယဝါဒီ | = | ချစ်ဖွယ်သော စကားကိုသာ ပြောရခြင်း၊ |
| (၆) | မိဟိတပုဗ္ဗဘာဏီ | = | ပြုံးရွှင်မှု ရှေ့ထား၍ ပြောကြားရခြင်း |
| (၇) | မိတဘာဏီ | = | မတို့မရှည်၊ မပို့မလွန် ချင့်ချိန်၍ ပြောရခြင်း၊ |
| (၈) | အတုရိတဝါဒီ | = | အဆောတလျင် မပြောရခြင်း၊ |
| (၉) | ပေါရီ | = | မြို့ကြီးသား၊ မြို့ကြီးသူတို့ အသုံးအနှုန်း ဝေလ့ထုံးကို ယူ၍ ပြောရခြင်း၊ |
| (၁၀) | ဝိသဒဝါဒီ | = | သန့်ရှင်းသေချာ တိကျပြတ်သားစွာ ပြောဆိုရခြင်း၊ |

"အဲဒီ စကားပြောရာအင်္ဂါ (၁၀)ပါးနှင့် ညီညွတ်စွာပြောရင် အဲဒီလူဟာ စကားပြောကောင်းတစ်ယောက်ပေါ့၊ တို့တော့ မြန်လို့ ဒီအင်္ဂါတွေ မပြည့်ဘူး၊ ဒါကြောင့် စကားပြောကောင်းတစ်ယောက် မဟုတ်ဘူး"

"ပြီးတော့ ရှိသေးတယ်၊ စကားအရာ အင်္ဂါလေးတန်တဲ့၊ ဒါက ဟိုသံယုတ်ပါဠိတော်မှာ လာတယ်၊ ခုနက စကားပြောရာ အင်္ဂါ (၁၀)ပါးက ထိုထိုပါဠိတော်လာ အချက်တွေ စုထားတာနော်"

"မှန်ပါ ဘုရား"

"ကဲ...စကားအရာ အင်္ဂါလေးတန်က ဘာတွေလဲဆိုတော့ မှတ်ထား -

(၁) ကောင်းစွာ ပြောဆိုရခြင်း

(၂) နှစ်သက်ဖွယ်၊ ချစ်ဖွယ် ရှိရခြင်း

(၃) မှန်ကန်ဖြောင့်မတ် တည်ကြည်ရခြင်း

(၄) မေတ္တာသဘာဝ ကျ၍ လိုက်နာဖွယ် ရှိရခြင်း တဲ့။

"တို့ဘုရားရှင်ဟာ အဲဒီအင်္ဂါလက္ခဏာနဲ့ ပြည့်စုံတဲ့ စကားတွေပဲ ပြောတယ်၊ တို့လည်း အဲဒီ ဘုရားရှင်ပြောတဲ့ စကားမျိုးတွေပဲ အတုလိုက်ပြောရမှာနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဘုရားရှင် မပြောတဲ့ စကားတွေကို ကြိုးစားရှောင်ရမယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ကဲ...ဒါဖြင့် ခုနက အဘာယမင်းသားအမေး၊ ဘုရားရှင်ရဲ့အဖြေကို ဆက်ကြဦးစို့နော်၊ အဲဒါက မဆုံးသေးဘူး"

"ဩော်...တပည့်တော်တို့က ဆုံးပြီမှတ်လို့..."

"ဘယ်ဆုံးဦးမလဲ၊ စကားခြောက်ခွန်းနဲ့ စပ်သွယ်ရာတွေ လျှောက်ပြောလိုက်တာ လေရှည်သွားတယ်၊ ဘုရားရှင်က စကားခြောက်ခွန်း ပြောလိုက်တော့ မင်းသားက သဘောကျပြီး ဘုရားရှင်အား လျှောက်တယ် -

"အရှင်ဘုရား . . . မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ်ပညာရှိ၊ ရဟန်းပညာရှိတွေက ပြဿနာကို စီစဉ်ပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ကြကာ မေးမြန်းကြပါတယ်"

"အရှင်ဘုရား...အကြင်သူတို့သည် ငါ့ထံသို့ ချဉ်းကပ်ပြီး ဒီလို မေးကုန်အံ့၊ ငါသည် ထိုသူတို့အား ဒီလို မေးသော် ဒီလိုဖြေအံ့ဟု မြတ်စွာဘုရားအား ရှေးဦးမဆွကပင်လျှင် စိတ်ကူးကြံစည်ထားခြင်း ရှိပါသလော၊ သို့မဟုတ် တစ်ခဏခြင်းဖြင့်ပင် ထိုပြဿနာရဲ့အဖြေသည် ဉာဏ်ထဲမှာ ထင်မြင်၍ လာပါသလော" တဲ့။

"မင်းသားက မေးတာနော်၊ သူ့အမေးလေးက မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အဲဒီလိုမေးတော့ ဘုရားရှင်က -

"မင်းသား၊ အဲဒီလိုဖြစ်ရင် သင်မင်းသားကို ဒီနေရာမှာ ပြန်မေးမယ်၊ သင်မင်းသား နှစ်သက်သလိုဖြေပါ" တဲ့။

အဲဒီလိုပြောပြီး ဘုရားရှင်က မေးတယ် -

"မင်းသား၊ ထိုစကားကို သင်ဘယ်လို မှတ်ထင်သလဲ၊ သင်ဟာ ရထားရဲ့အစိတ်အပိုင်း အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်သလော"

"မြတ်စွာဘုရား၊ ကျွမ်းကျင်ပါ၏"

"မင်းသား၊ ထိုစကားကို သင် ဘယ်လိုမှတ်ထင်သလဲ၊ အကြင်သူတို့သည် သင်မင်းသားထံ ချဉ်းကပ်ပြီး "အရှင်မင်းသား၊ ရထားရဲ့ဒီ အင်္ဂါကြီးငယ် အစိတ်အပိုင်းဟာ အဘယ်အမည် ရှိပါသလဲ" လို့မေးမြန်းရာ၏။

"မင်းသား၊ အကြင်သူတို့သည် ငါ့ထံ ချဉ်းကပ်ပြီး ဒီလိုမေးကြကုန်အံ့၊ ငါသည် ထိုသူတို့အား ဒီလိုမေးတော့ ဒီလိုဖြေအံ့လို့ သင့်မှာ ရှေးမဆွကပင်လျှင် စိတ်ကူးကြံစည်ထားချက် ရှိပါသလော၊ သို့မဟုတ် တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာရဲ့အဖြေဟာ သင့်ရဲ့ဉာဏ်ထဲမှာ ထင်မြင်၍ လာရာသလော"

"အရှင်ဘုရား၊ တပည့်တော်သည် ရထားအတတ် တတ်ပါတယ်၊ နားလည်ပါတယ်၊ ရထားရဲ့အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါတယ်၊ တပည့်တော်ဟာ ရထားရဲ့အလုံးစုံသော အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့ကို ကောင်းစွာသိထားပါတယ်၊ တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာရဲ့အဖြေဟာ တပည့်တော်ဉာဏ်ထဲမှာ ထင်မြင်၍လာရပါတယ်"

"မင်းသား၊ အဲဒီအတူပဲ၊ ပညာရှိမင်း၊ ပညာရှိပုဏ္ဏား၊ ပညာရှိသူကြွယ်၊ ပညာရှိရဟန်းတွေဟာ ပြဿနာစီစဉ်ကြပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ကာ မေးမြန်းကြကုန်တယ်၊ တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာရဲ့အဖြေဟာ မြတ်စွာဘုရားရဲ့ဉာဏ်ထဲမှာပင် ထင်မြင်၍လာတယ်"

"အဲဒီလို တစ်ခဏချင်း ထင်မြင်၍လာခြင်းဟာ အဘယ့်ကြောင့်လည်းဆိုသော် မင်းသား၊ မြတ်စွာဘုရားသည် ဓမ္မဓာတ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိထားတယ်၊ ယင်း ဓမ္မဓာတ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိထားသောကြောင့် တစ်ခဏချင်းပင် ထိုပြဿနာရဲ့အဖြေဟာ မြတ်စွာဘုရားရဲ့ ဉာဏ်ထဲမှာ ထင်မြင်၍လာတယ်"

"အဲဒီလို မိန့်တဲ့အခါမှာ အဘယမင်းသားဟာ ဘုရားရှင်ရဲ့အဖြေကို သဘောကျသွားတယ်၊ နာဋ္ဌသား နိဂဏ္ဌ တပည့်အဖြစ်မှ ဘုရားရှင်ရဲ့တပည့်အဖြစ် ပြောင်းလွဲသွားတယ်၊ ကဲ - နင်တို့နှစ်ယောက်က ဘယ်လိုပြောင်းလွဲမလဲ"

"တပည့်တော်တို့ ရှေးကထက် တိုးပြီးတော့ ရတနာသုံးပါး၊ မိဘ ဆရာသမားတွေကို ကြည်ညိုလေးစားတဲ့အဖြစ် ပြောင်းလွဲပါ့မယ်ဘုရား"

"သာဓုပါ သာဓု၊ သာဓု"

- ✦ စကားခြောက်ခွန်း၊ လူ့၌ထွန်း၊ နှစ်ခွန်းကိုတယ်၊ လေးခွန်းပယ်၊ တကယ်ပြောနိုင်စေ။
- ✦ စကားပြောရာ၊ ဆယ်အင်္ဂါ၊ ဘယ်ခါမလပ်၊ ကိုယ်မှာကပ်၊ အတတ်ပြောနိုင်စေ။
- ✦ စကားအရာ၊ အင်္ဂါလေးတန်၊ စုံပြည့်လျှံ၊ ဝေဖန်ပြောနိုင်စေ။
- ✦ စကားနှင့်ကွယ်၊ မှန်တကယ်၊ သွယ်သွယ်ညွှန်ပြ၊ ဆိုဆုံးမ၊ ရကြအကျိုးတွေ။

# မိန်းမဘဝမှ ယောကျ်ားဘဝ ရောက်ကြောင်းတရား သိချင်ပါတယ်ဘုရား

(၁၅၁)

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် ဓမ္မဒေသနာ ခရီးသည်အဖြစ်နှင့် လှည့်လည်ခိုက် မြို့တစ်မြို့သို့ ရောက်ခဲ့၏။ ယင်းတွင် မိမိနှင့် သိဟောင်း ကျွမ်းဟောင်း မိတ်ဆွေဟောင်းတစ်ပါးနှင့် တွေ့၏။ တွေ့သော် ရှေးဟောင်းနှောင်းဖြစ်များကို အားရဝမ်းသာ ပြောဆိုကြ၏။

ပြီးသော် စာပေရေးရာ ဆွေးနွေးကြသည်။ ယင်းမှ မိမိ၏ စာပေတွေကို အလေးဂရုပြုကာ ဖတ်ကြောင်း အစပထမက မိမိမှန်း မသိကြောင်း၊ နောက်မှ သိကြောင်း၊ သိရ၍ ဝမ်းသာကြောင်း ပြောပြကာ မိမိစာပေများမှ ဗုဒ္ဓဓမ္မပြဿနာများကို အကြိုက်ဆုံး ဖြစ်ကြောင်း ပြောပြ၏။ ပြီးသော် မိမိအား ပြဿနာမေး၏။

"နေပါဦး အရှင်ဘုရား၊ တပည့်တော်ကို ဒကာမတစ်ယောက်က မေးတယ်ဘုရား"

"အင်း ... ဘယ်လိုမေးလဲ"

"သူ ... ယောကျ်ားဖြစ်ချင်ပါသတဲ့၊ ယောကျ်ားဘဝသို့ ရောက်ချင်ပါသတဲ့၊ မိန်းမဘဝမှ ယောကျ်ားဘဝ ရောက်အောင် ဘာတွေ လုပ်ရပါ့မလဲတဲ့ ဘုရား"

"အို ... လွယ်လွယ်ကလေးပဲ၊ အရှင်ဘုရားကလည်း မဖြေလိုက်ဘူးလား"

"ဘယ်လို ဖြေရမလဲဘုရား"

"ယောကျ်ားဖြစ်ချင်ရင် ကိုယ့်ယောကျ်ားကို ရိုရိုသေသေ လုပ်ကျွေးလို့ ပြောလိုက်ပေါ့"

"အဲဒီလို ပြောဖို့ရာက သူက အပျိုကြီးဆိုတော့ ခက်တယ်ဘုရား"

"အင်း ... ဟုတ်တာပေါ့၊ ဒီလိုတော့လည်း အခက်ပဲပေါ့၊ အဲဒါက အလွယ်ဆုံးနည်း ပြောရတာကိုး"

"မှန်ပါ ဘုရား"

"ပြောတော့ အစုံပြောရမှာပေါ့၊ ဒါပေမဲ့ အဲဒီအပျိုကြီးအတွက်တော့ ဒါတွေ ချန်ထားပေါ့၊ ယောကျ်ားဖြစ်ကြောင်းတွေ လျှောက်ပြောမယ်နော်"

"မှန်ပါ ဘုရား"

"မိန်းမတွေဟာ မိန်းမပြတ်တို့ လက္ခဏာ ခြောက်ပါးနှင့် ညီညွတ်စွာ မိမိလင်ယောက်ျားကို ပြုစုပြီး ယောက်ျားဘဝ တောင့်တ.ရင်လည်း ယောက်ျားဘဝ ရနိုင်တယ်၊ အဲဒီ မိန်းမပြတ်၊ မယားမြတ် လက္ခဏာခြောက်ပါးက ဘာတွေလဲဆိုတော့ -

(၁) ရှေးဦးစွာ အိပ်ရာမှ ထလေ့ရှိခြင်း

(၂) နောက်မှ အိပ်လေ့ရှိခြင်း

(၃) ပြုလုပ်ပေးရန် လင့်အသံစကားကို အသင့် နာခံလေ့ရှိခြင်း

(၄) နှစ်မြို့က်ဖွယ်ကို ပြုလုပ်ပေးလေ့ရှိခြင်း

(၅) ချစ်ဖွယ်စကားကို ဆိုလေ့ရှိခြင်း

(၆) ယောက်ျားတစ်ပါးကို စိတ်ဖြင့်မျှ မကြံစည် မလွန်ကျူးဘဲ နေလေ့ရှိခြင်း

အဲဒီ မယားမြတ်တို့ အကျင့်လက္ခဏာ ခြောက်ပါးနှင့်အညီ လင်ယောက်ျားအပေါ် ပြုစုပြီး ယောက်ျားဘဝ တောင့်တ. ရင် အဲဒါ ယောက်ျားဖြစ်တာပဲနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရှိသေးတယ်၊ မယားဝတ်ငါးပါးဆိုတာ၊ အိမ်ထောင်ရှင်ဖြစ်တဲ့ မိန်းမတွေဟာ အဲဒီ မယားဝတ်ငါးပါး၌ တည်ပြီး ယောက်ျားဘဝ တောင့်တ.ကာ လင်ယောက်ျားကို ပြုစုရင်လည်း ယောက်ျား ဖြစ်တယ်၊ မယားဝတ်ငါးပါးက ဘာတွေ လဲဆိုတော့ -

(၁) အိမ်တွင်းမှ ပြုဖွယ်တို့ကို စေ့ငုစွာပြုလုပ်ရခြင်း

(၂) လင်ရှာ၍ရသော ပစ္စည်းဥစ္စာတို့ကို စုဆောင်းမိအောင် သိမ်းတတ်ရခြင်း

(၃) မိမိလင်မှ တစ်ပါးယောက်ျားကို မတပ်မက် မနှစ်သက်ရခြင်း

(၄) မိမိဆွေမျိုး၊ လင်၏ ဆွေမျိုးတို့ကို လျော်သလို ပေးကမ်းဖြန့်ချီရခြင်း

(၅) အပျင်းမထူ အိမ်သူပီသလှစွာ နေထိုင်ရခြင်း

အဲဒီ ငါးပါးတို့ပဲ၊ အဲဒီငါးပါး၌ တည်ပြီး ယောက်ျားဘဝကို တောင့်တ.ကာ မိမိလင်ယောက်ျားကို ပြုစုလုပ်ကျွေးရင် မိန်းမဘဝမှ ယောက်ျားဘဝ ရောက်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ယောက်ျားတရဲ မဆက်ဆံတဲ့ မိန်းမတွေ သက်သက်သာခံရတဲ့ သီးခြားဒုက္ခ၊ အာဝေဏိကဒုက္ခတရားကို ဆင်ခြင်ပြီးတော့လည်း မိန်းမဘဝမှ ယောက်ျားဘဝ ရောက်နိုင်တယ်၊ အဲဒီ အာဝေဏိကဒုက္ခငါးပါးက ဘာတွေလဲဆိုတော့ -

(၁) အရွယ်ရောက်လျှင် ရာသီဥတုသွေး တစ်လတစ်ကြိမ်သွန်ရခြင်း

(၂) လင်ရဲ့နောက်သို့ လိုက်ပါသွားရခြင်း

(၃) လင်ရဲ့ခြေရင်း အလုပ်အကျွေးအဖြစ် ပြုလုပ်ရခြင်း

(၄) ကိုယ်ဝန်ဆောင်ရခြင်း

(၅) သားဖွားရခြင်း

အဲဒီ ငါးပါးပဲ၊ အဲဒီ အာဝေဏိက ဒုက္ခငါးပါးကို ကြောက်ပြီး အဲဒီဒုက္ခငါးပါးမှ လွတ်ချင်စိတ်နဲ့ ကုသိုလ်ကောင်းမှု ပြုပြီး ယောက်ျားဘဝ တောင့်တ.ရင်လည်း ယောက်ျားဖြစ်နိုင်တယ်"

"အဲဒီ အာဝေဏိကဒုက္ခငါးပါးကို မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက ဒီလို လင်္ကာသီခဲ့တယ် -

"လောကလူ့တွင်၊ ဆိုရိုးထင်သည်၊ အကြင်ကြီးလှ၊ ဝဋ်ကိစ္စနှင့်၊ ကာလရှယ်သင့်၊ ချိန်မလင့်ဘဲ၊ ပန်းပွင့်ယုတ်မှာ၊ စကြာမင်းသမီး၊ ဖြစ်တပြီးလည်း၊ တောင်ကြီးဖွားအောက်၊ လင့်နောက် လိုက်ရ၊ ဂုဏ်နိမ့်ချလျက်၊ ခ.ယ လုပ်ကျွေး၊ သူ့သွေးသန္ဓေ၊ ဆောင်ထွေစွဲကပ်၊ မီးယပ်သားဖွား၊ ဤငါးပါးတည့်၊ ယောကျ်ားတရံ၊ မဆက်ဆံဘဲ၊ ယိုးယံနိစ္စ၊ ထိုဒုက္ခကို၊ မိန်းမတို့သာ၊ ခံရစွာ၏" တဲ့။

ပြီးတော့ ရှိသေးတယ်၊ မိန်းမတွေဟာ အဲဒီလို ယောကျ်ားတရံ မဆက်ဆံတဲ့ သီးခြားဒုက္ခတွေကို ခံနေရပါလျက် ဇောမိဆု ဇောမိဉာဏ်ကို မတောင့်တပုံကို မဃဒေဝလင်္ကာမှာပဲ ဒီလို လင်္ကာသီခဲ့တယ် -

"အာဝေဏိဟု၊ မချိလွန်ကဲ၊ ဝဋ်ဆင်းရဲ၌၊ အမြဲဓမ္မတာ၊ ခံရစွာလည်း၊ ပါရမီရင့်သန်၊ ဇောမိဉာဏ်ကို၊ ဆုပန်မရှိ၊ ဣတ္ထိဟူသမျှ၊ မိန်းမတကာ၊ တဏှာလောဘ၊ ကြီးဆန္ဒနှင့်၊ မောဟပိတ်ဖုံး၊ ဒုက္ခတုံးကို၊ လုံးလုံးမမြင်၊ ချမ်းသာထင်၏" တဲ့။

ဒီမှာတော့ မန်လည်ဆရာတော်ဘုရားကြီးက နာအောင်ဆိုပြီး မိန်းမအားလုံးကို သိမ်းရုံးပြီး ဆိုထားတယ်နော်"

"မှန်ပါ ဘုရား"

"မိန်းမအများတော့ ဟုတ်ပါတယ်၊ အနည်းစုတော့ ယောကျ်ားဘဝ လိုချင်ကြတယ်၊ ဇောမိဆု ရချင်ကြတာတွေ ရှိပါတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ အာဝေဏိက ဒုက္ခငါးပါးထဲမှာ သားလွယ်ရတဲ့ ဒုက္ခ၊ သားဖွားရတဲ့ ဒုက္ခဟာ သိပ်ကြောက်စရာ ကောင်းတာပေါ့နော်"

"မှန်ပါ ဘုရား"

"ကိုယ်ဝန်ဆောင် မိန်းမများဟာ ဒီကိုယ်ဝန် မဖွားရသေးမီအတွင်း မိမိအသက်ဟာ စိတ်မချရသေးဘူးတဲ့၊ ဒါကြောင့် "ယောကျ်ား.ဖောင်စီး မိန်းမ.မီးနေ" လို့ ဆိုတာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကိုယ်ဝန်ဒုက္ခကို အများနည်းတူ ခံရတာမျိုး မဟုတ်ဘဲနဲ့ ခုနစ်နှစ်၊ ခုနစ်ရက် ခံရတဲ့ ရှင်သီဝလိမယ်တော်က ရှင်သီဝလိလိုသားမျိုး ခုနစ်ယောက်တောင် ရချင်ပါသေးတယ်လို့ ဘုရားရှင်အား လျှောက်ထားချက်နဲ့ ပတ်သက်ပြီး မဃဒေဝလင်္ကာမှာ ဒီလိုလင်္ကာသီခဲ့တယ် -

"သန္ဓေဝမ်း၌၊ နှုတ်ပိုက်စင်စစ်၊ ခုနစ်နှစ်စင်၊ ဆောင်ကျင်တုံလျက်၊ ခုနစ်ရက်လူး၊ မိန်းမူးဒုက္ခ၊ သေလုစွအောင်၊ ဖွားရစေမူ၊ ထိုတူမအောက်၊ ခုနစ်ယောက်ထပ်ကာ၊ ခုနစ်ခါမက၊ ဖွားလိုကြ၏၊ မိန်းမဟူငြား၊ သားဖွားကိစ္စ၊ အားမရဘူး" တဲ့။

အဲဒီလို ဒုက္ခတွေ မကြောက်ဘဲ ဒုက္ခတွေပဲ သုခ.ထင်ပြီး မိန်းမဘဝနဲ့ ပျော်နေရင် မိန်းမဟာ ယောကျ်ားဘဝသို့ ဘယ်တော့မှ မရောက်ဘူးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီဒုက္ခတွေကြောင့် အဲဒီဒုက္ခတွေမှ လွတ်မြောက်လိုတဲ့ စိတ်နဲ့ ကုသိုလ်ကောင်းမှုပြု ဆုတောင်းရင် မိန်းမဟာ ယောကျ်ားဖြစ်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရှိသေးတယ်၊ မိန်းမအပြစ် "ကိုးပါး" ဆိုတာ၊ အဲဒါက အင်္ဂုတ္တိုရ်ကလာတယ်၊ ခုနက အာဝေဏိက ဒုက္ခကတော့ သံယုတ်မှ လာတယ်၊ မိန်းမအပြစ် ကိုးပါးဆိုတာ ဘာတွေလဲ ဆိုတော့ -

(၁) မစင်ကြယ်ခြင်း

(၂) မကောင်းသော အနံ့ ရှိခြင်း

(၃) အအိပ်ကြီးခြင်း

(၄) ကြောက်လန့်တတ်ခြင်း

(၅) အမျက်ထွက် လွယ်ခြင်း

(၆) ရန်ငြိုးဖွဲ့တတ်ခြင်း

(၇) ရာဂ ထူထပ်ခြင်း

(၈) လျှာနှစ်ခွ ရှိခြင်း

(၉) မိတ်ပျက်လွယ်တတ်ခြင်း

အဲဒီအပြစ်တွေကို တွေးကြောက်ကာ မိန်းမဘဝမှ ယောကျ်ားဘဝ ရောက်ကြောင်း ဆုမွန်တောင်း၍ ကောင်းမှုကုသိုလ်တွေ ပြုလုပ်ရင်လည်း မိန်းမဟာ ယောကျ်ားဘဝ ရောက်နိုင်တယ်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရှိသေးတယ်၊ မိန်းမတို့ မရကောင်းတဲ့ ဘဝထူးကြီးခြောက်ပါး၊ ခုနစ်ပါးဆိုတာ ရှိသေးတယ်၊ အဲဒီ ခြောက်ပါး၊ ခုနစ်ပါးက ဘာတွေလဲဆိုတော့ -

(၁ - ၂) ဘုရားအဖြစ်၊ ပစ္စေကဗုဒ္ဓအဖြစ်

(၃) စကြဝတေးမင်းကြီးအဖြစ်

(၄) ဗြဟ္မာမင်းကြီးအဖြစ်

(၅) သိကြားမင်းကြီးအဖြစ်

(၆) မာရ်နတ်မင်းကြီးအဖြစ်

(၇) ဗောဓိသတ္တ ရဟန်း မိန်းမဘဝတဲ့၊

"အဲဒီ ဘုရား, ပစ္စေကဗုဒ္ဓ၊ စကြာမင်း, ဗြဟ္မာမင်း, သိကြားမင်း, မာရ်နတ်မင်း ခြောက်ပါးနှင့် ဗောဓိသတ္တ ရဟန်း မိန်းမဘဝပါ ခုနစ်ပါးတို့ကို မိန်းမသားဇာတ်အဖြစ်ဖြင့် မရကောင်း၊ မဖြစ်ကောင်းဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ မိန်းမဘဝမှ လွတ်မြောက် ယောကျ်ားဘဝ ရောက်ချင်တဲ့ မိန်းမတွေဟာ မိမိတို့ မိန်းမသားဘဝနဲ့ ဘုရားအစရှိတဲ့ အမြတ်စားဘဝတွေ မဖြစ်နိုင်ပုံကို စက်ဆုပ်ပြီး ယောကျ်ားဘဝ တောင့်တ.ကာ ကုသိုလ်ကောင်းမှု ပြုလုပ်ရင်လည်း ယောကျ်ားဖြစ်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ မိန်းမသည် မိန်းမအဖြစ်ကို မလွန်မြောက်ပုံ၊ လွန်မြောက်ပုံကို ဟို သတ္တကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားရှင် ဟောထားတာရှိတယ်၊ ဘယ်လို ဟောထားလဲ ဆိုတော့ -

"ရဟန်းတို့၊ မိန်းမသည် မိမိသန္တာန်၌ မိန်းမဣန္ဒြေကို နှလုံးသွင်း၏။ မိန်းမ အမူအရာ၊ မိန်းမ အသွင်အပြင်၊ မိန်းမ၏ မာန်၊ မိန်းမ၏ အလိုဆန္ဒ၊ မိန်းမ၏ အသံ၊ မိန်းမ၏ အဝတ်တန်ဆာကို နှလုံးသွင်း၏။

"ထိုမိန်းမသည် ထို ဣတ္ထိန္ဒြေစသော တရားခုနစ်မျိုးတို့၌ တပ်မက်၏၊ ထို ခုနစ်မျိုးသော တရားတို့၌ မွေ့လျော်၏။

"ထိုမိန်းမသည် ထိုတရားခုနစ်မျိုးတို့၌ တပ်နှစ်သက်သည်၊ မွေ့လျော်သည် ဖြစ်၍ အပသန္တာန်ရှိသော ပုရိသိန္ဒြေကို နှလုံးသွင်း၏။ ယောကျ်ားအမူအရာ၊ ယောကျ်ားအသွင်အပြင်၊ ယောကျ်ား၏မာန်၊ ယောကျ်ား၏ အလိုဆန္ဒ၊ ယောကျ်ား၏ အဝတ်တန်ဆာကို နှလုံးသွင်း၏။

"ထိုမိန်းမသည် ပုရိသိန္ဒြေစသော တရားခုနစ်မျိုးတို့၌ မွေ့လျော်၏။

"ထိုမိန်းမ ထိုတရားခုနစ်မျိုးတို့၌ တပ်မက်နှစ်သက်သည်၊ မွေ့လျော်သည်ဖြစ်၍ အပသန္တာန်၌ မေထုန်မှုနှင့် ယှဉ်မှုကို အလိုရှိ၏။ ထိုမိန်းမအား မေထုန်နှင့်ယှဉ်မှု ဟူသော အကြောင်းကြောင့်ဖြစ်သောချမ်းသာမှု၊ ဝမ်းမြောက်မှုကိုလည်း အလိုရှိ၏။

"ရဟန်းတို့၊ မိန်းမအဖြစ်၌ မွေ့လျော်ကုန်သော သတ္တဝါတို့သည် ယောကျ်ားတို့၌ မေထုန်မှုနှင့်ယှဉ်မှုသို့ ရောက်၏။ ရဟန်းတို့၊ ဤသို့လျှင် မိန်းမသည် မိန်းမ၏အဖြစ်ကို မလွန်မြောက်နိုင်" တဲ့။

"ရဟန်းတို့၊ မိန်းမသည် မိမိသန္တာန်၌ မိန်းမဣန္ဒြေကို နှလုံးမသွင်း၊ မိန်းမအမူအရာ၊ မိန်းမအသွင်အပြင်၊ မိန်းမ၏မာန်၊ မိန်းမ၏ အလိုဆန္ဒ၊ မိန်းမ၏ အသံ၊ မိန်းမ၏ အဝတ်တန်ဆာတို့ကို နှလုံးမသွင်း။

"ထိုမိန်းမသည် ဣတ္ထိန္ဒြေစသော တရားခုနစ်မျိုးတို့၌ မတပ်မက်၊ ထိုခုနစ်မျိုးသော တရားတို့၌ မမွေ့လျော်၊

"ထိုမိန်းမသည် ထိုတရားခုနစ်မျိုးတို့၌ မတပ်မက် မမွေ့လျော်သည် ဖြစ်၍ အပသန္တာန်၌ရှိသော ပုရိသိန္ဒြေကို နှလုံးမသွင်း၊ ယောကျ်ားအမူအရာ၊ ယောကျ်ားအသွင်အပြင်၊ ယောကျ်ား၏မာန်၊ ယောကျ်ား၏အလိုဆန္ဒ၊ ယောကျ်ား၏ အသံ၊ ယောကျ်ား၏ အဝတ်တန်ဆာကို နှလုံးမသွင်း။

"ထိုမိန်းမသည် ပုရိသိန္ဒြေစသော တရားခုနစ်မျိုးတို့၌ မတပ်မက်၊ ထိုခုနစ်မျိုးသော တရားတို့၌ မမွေ့လျော်၊

"ထိုခုနစ်မျိုးသော တရားတို့၌ မတပ်မက် မမွေ့လျော်သည် ဖြစ်၍ အပသန္တာန်၌ မေထုန်မှုနှင့် ယှဉ်မှုကို အလိုမရှိ၊ ထိုမိန်းမအား မေထုန်မှုနှင့် ယှဉ်မှုဟူသော အကြောင်းကြောင့်ဖြစ်သော ချမ်းသာမှု၊ ဝမ်းမြောက်မှုကိုလည်း အလိုမရှိ။

"ရဟန်းတို့၊ မိန်းမ၏အဖြစ်၌ မမွေ့လျော်ကုန်သော သတ္တဝါတို့သည် ယောကျ်ားတို့၌ မေထုန်မှုနှင့် ယှဉ်မှုသို့ မရောက်၊ ရဟန်းတို့၊ ဤသို့လျှင် မိန်းမသည် မိန်းမ၏အဖြစ်ကို လွန်မြောက်၏" တဲ့။

"ကဲ . . . ဒီဒေသနာတော်အရ ရှင်းရှင်းတိုတို ပြောရရင် မိန်းမဟာ မိမိဘဝ မိမိသာယာနှစ်သက်ပြီး ပြင်ဆင်ဖီးလိမ်းပြီး ယောကျ်ားတို့၏ အကြည့်အရှု အယုအယ စသည်ကို သာယာနှစ်သက် စုံမက်နေသမျှ မိန်းမဘဝက မလွတ်နိုင်ဘူးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"မိန်းမဟာ မိန်းမဘာဝကို စက်ဆုပ်ပြီး ရှုံ့ရှာပြီး ယောက်ျားတို့၏ အကြည့်အရှု အယုအယ စသည်တို့ကိုလည်း မသာယာ မနှစ်သက် မစုံမက်တော့ဘူးဆိုရင် မိန်းမဘာဝဟာ လွန်မြောက်နိုင်တယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ မိန်းမဘာဝမှ ယောက်ျားဘာဝသို့ ရောက်အောင် မိန်းမဘာဝကို စက်ဆုပ်ပြီး ကုသိုလ်ကောင်းမှုပြုကာ ယောက်ျားဘာဝသို့ ရောက်သွားတဲ့ ဝတ္ထုသာဓကကလေးတစ်ခုကို ပြောကြစို့နော်"

"မှန်ပါ ဘုရား"

"ဟို - ဘုရားရှင်လက်ထက်ကပေါ့၊ ကပိလဝတ် နေပြည်တော်မှာ ဂေါပိကာအမည်ရှိတဲ့ သာကီဝင် မင်းသမီးတစ်ယောက် ရှိတယ်၊ ရတနာသုံးပါး ကြည်ညိုတယ်၊ သီလရှိတယ်။

"အဲဒီဂေါပိကာဟာ မိန်းမအဖြစ်ကို စက်ဆုပ်ပြီး ယောက်ျားအဖြစ်ကို တောင့်တ.ကာ ကုသိုလ်ကောင်းမှုပြုပြီး ဆုတောင်းတော့ သေလွန်တဲ့အခါ တာဝတိံသာနတ်ဘုံမှာ သိကြားမင်းရဲ့သား ဂေါပိကာနတ်သား ဖြစ်တယ်။

"အဲဒီမှာ မိန်းမဘာဝ စက်ဆုပ်တယ်ဆိုတာက ဘယ်လိုစက်ဆုပ်တာလည်းဆိုတော့ "ဩော် . . . တို့မိန်းမဘာဝဆိုတာ တယ်စက်ဆုပ်စရာ ကောင်းပါလား၊ မိန်းမသားဇာတ်နဲ့ ဘုရားလည်း မဖြစ်နိုင်၊ ပစ္စေကဗုဒ္ဓလည်း မဖြစ်နိုင်၊ စကြဝတေးမင်းလည်း မဖြစ်နိုင်၊ သိကြားမင်းလည်း မဖြစ်နိုင်၊ မာရ်မင်းလည်း မဖြစ်နိုင်၊ ဗြဟ္မာမင်းလည်း မဖြစ်နိုင်။

"ယောက်ျားအဖြစ်ဆိုတာ မြတ်တယ်၊ ယောက်ျားအဖြစ်မှာ တည်ပြီးမှသာ ဘုရားလည်း ဖြစ်နိုင်တယ်၊ ပစ္စေကဗုဒ္ဓလည်း ဖြစ်နိုင်တယ်၊ စကြာမင်းလည်း ဖြစ်နိုင်တယ်၊ သိကြားမင်းလည်း ဖြစ်နိုင်တယ်၊ မာရ်မင်းလည်း ဖြစ်နိုင်တယ်၊ ဗြဟ္မာမင်းလည်း ဖြစ်နိုင်တယ်။

"ငါသည် ယခုပြုတဲ့ ကောင်းမှုကုသိုလ်ကြောင့် မိန်းမဘာဝလွန်မြောက် ယောက်ျားဘာဝ ရောက်ရပါစေသား ဟု ကောင်းမှုကုသိုလ်ပြုတာကို မိန်းမဘာဝ စက်ဆုပ်တယ်လို့ ခေါ်တာနော်"

"မှန်ပါ ဘုရား"

"အဲဒီ ဂေါပိကာဝတ္ထုမှာ မှတ်စရာတစ်ချက် ပါလာတယ်၊ တပည့်တော်တို့ ရဟန်းတော်တွေနဲ့ အထူးသက်ဆိုင်တယ် ပေါ့"

"ဘာလဲဆိုတော့ ဂေါပိကာ လူ့ဘဝ အမျိုးသမီးဘဝက သူ့အိမ်သို့ အမြဲကြွတဲ့ သီလနဲ့ ပြည့်စုံတဲ့ ရဟန်းတော် သုံးပါး ရှိတယ်၊ ရှာနလာဘီ တဲ့။ ရှာန်ရတဲ့ ရဟန်းတော်သုံးပါးပေါ့"

"မှန်ပါ ဘုရား"

"အဲဒီ ရဟန်းတော်သုံးပါးရဲ့အဆုံးအမမှာ တည်ပြီး မိန်းမဘာဝ စက်ဆုပ်ကာ ကုသိုလ်ကောင်းမှုပြုတဲ့ ဂေါပိကာအမျိုးသမီးက တာဝတိံသာနတ်ပြည်မှာ သိကြားမင်းသား ဂေါပိကာနတ်သားသွားဖြစ်တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဆုံးအမပေးတဲ့ ရဟန်းတော်သုံးပါးကတော့ တာဝတိံသာနတ်တွေကို လာပြီး ကပြဖျော်ဖြေရတဲ့ ယုတ်ညံ့တဲ့ ဂန္ဓဗ္ဗနတ်မျိုးမှာ သွားဖြစ်တယ်တဲ့။

"ဒီတော့ အရှင်ဘုရားတို့၊ တပည့်တော်တို့လည်း အဲဒီလို မဖြစ်ဖို့ အရေးကြီးတယ်နော်"

"မှန်ပါဘုရား"

"ငါ့လင်ငါ့သား၊ ဘဝခြားလည်း၊ တစ်ပါးမလွှင့်၊ ဤတူဖြင့်သာ၊ တစ်လင့်မယား၊ တစ်သားမိခင်၊ ဖြစ်ချင်စလို၊ တောင့်တဆို၏၊ လင်ကိုမက်မှား၊ သားကိုမက်စွာ၊ ထိုတဏှာနှင့်၊ မခွာနိုင်အား၊ ကျင်လည်များလည်း၊ ယောက်ျားဘဝ၊ မရနိုင်ရာ၊ မိန်းမသာတည်း" (မဃဒေဝ)

"ကျမ်းပြစဉ်လာ၊ မိန္နကြမှာရှင့်၊ ဝိရာဇိတ၊ မိန်းမအလေ့၊ စွန့်ခွာ၍လျှင်၊ ငြီးငွေ့သောအား၊ လင်ယောက်ျား၌၊ သိကြားပမာ၊ ရှိသေစွာမူ၊ မကြာစင်စစ်၊ ယောက်ျားဖြစ်၏" (မဃဒေဝ)

✦ မိန်းမဘဝ၊ လွတ်လိုက၊ မိန်းမဘဝ စက်ဆုပ်ပါ။

✦ ယောက်ျားတကာ၊ မြင်လေရာ၊ အာသာမမက်ရာ။

✦ ဖီးလိမ်းပြင်သော်၊ ခြယ်လှယ်နော်၊ မမျှော်ယောက်ျားသာ။

✦ ယောက်ျားလိုလိုက်၊ ပြုမကြိုက်၊ ရှောင်လိုက်နေတဲ့ခါ။

✦ မိန်းမဘဝ၊ လွတ်မည်ပ၊ မှတ်ကြသေသေချာ။

✦ မိန်းမဘဝ၊ လှအပ၊ မက်စွနေတဲ့ခါ။

✦ ယောက်ျားတကာ၊ မြင်လေရာ၊ သာယာစွဲမက်ရာ။

✦ မိန်းမဘဝ၊ ဘယ်ကာလ၊ မှတ်ကြမလွတ်ပါ။

📖

# ရဟန်းက လူကို တောင်းပန်ကောင်းပါသလား

(၁၅၂)

ဗုဒ္ဓသာသနာတော်သည် စစ်မှန်၏၊ လေးနက်၏၊ နည်းစုံ လမ်းစုံ ဟောတော်မူခဲ့သော သာသနာတော် ဖြစ်၏၊ အကောင်းအဆိုး လမ်းနှစ်မျိုးကိုလည်း ခွဲပြဟောပြတော်မူခဲ့၏၊ အကောင်းလမ်း၏ အကျိုး၊ အဆိုးလမ်း၏ အပြစ်တို့ကိုလည်း ဟောပြတော်မူခဲ့၏၊

အပြစ်တို့ကိုလည်း ပြတော်မူခဲ့၏၊ အပြစ်ပြေငြိမ်းခြင်းတို့ကိုလည်း ပြတော်မူခဲ့၏၊ ယင်းသို့ဖြင့် ဗုဒ္ဓသည် သတ္တဝါတို့ အပေါ် မဟာကရုဏာတော် ကြီးမားကြောင်း ပြတော်မူခဲ့၏၊

ယင်းဗုဒ္ဓ၏ မဟာကရုဏာတော်ကို ခိုလှုံသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ကိလေသာ ထူပြောသော သတ္တဝါ တွေ ဖြစ်ရကား ရံခါ အပြစ်ပြုကြ၏၊ ယင်းသို့ အပြစ်ပြုသော်လည်း မိမိအပြစ်ကို အပြစ်မှန်း မသိသူ ရှိ၏၊ သိသူလည်း ရှိ၏၊

အပြစ်ကို အပြစ်မှန်း သိ၍ အပြစ်ပြေငြိမ်းအောင် ကုစားသူလည်း ရှိ၏၊ မကုစားသူလည်း ရှိ၏၊ မိမိအပြစ်ကို အပြစ်မှန်း သိ၍ ကုစားပါမူကား ထိုသူသည် ပညာရှိ ဖြစ်တော့၏၊

ရဟန်းဖြစ်စေ၊ လူဖြစ်စေ ပုထုဇဉ်ဆိုပါက အကုသိုလ် ကိလေသာ ထူပြောရကား အပြစ်ကို ပြုမိတတ်ကြ၏၊ ယင်းသို့ ပြုရာ၌ လူများသည် ရဟန်းသံဃာတော်များထံ ရောက်တိုင်း၊ ဘုရားရှေ့ရောက်တိုင်း "ဩကာသ" စသည်ဖြင့် ကန်တော့ကြ၏၊ တောင်းပန်ကြ၏၊

ရဟန်းများမှုကား အပြစ်ပြုပြောမိသော် အချင်းချင်း လက်အုပ်ချီကာ ဒေသနာပြောကြားကြ၏၊ ယင်းသို့ဖြင့် အပြစ် ပြေငြိမ်းသည် ဖြစ်၏၊ ယင်းတို့တွင် ပြဿနာဆိုဖွယ် မရှိပါ၊ ဝိနည်းစည်းကမ်းဖြင့် အပြစ်ငြိမ်းကြောင်းတွေ များစွာရှိပါသည်၊

ပြဿနာ ရှိသည်မှာကား လူအများပေါ်တွင် ပြစ်မှားထား၍ အပြစ်ရှိသော ရဟန်းတော်တစ်ပါးက ထိုလူ့ဝတ်ကြောင် ဒကာကို တောင်းပန်ကန်တော့ကောင်းပါသလား ဟူသော အမေးအတွက် ပြဿနာ ရှိပါသည်၊

မှန်ပါသည်၊ မေးလည်း မေးစရာ ဖြစ်ပါသည်၊ လူတွေကသာ ရဟန်းတော်တွေကို တောင်းပန်နေရ၊ ကန်တော့နေရ သည်၊ ရဟန်းတော်များ မှားလျှင်၊ အပြစ်ရှိလျှင် မတောင်းပန်ရ၊ မကန်တော့ရပြီလော၊ မတောင်းပန်၊ မကန်တော့ဘဲ နဲ့ ပြေငြိမ်း သလော၊ မေးစရာ ရှိပါ၏၊

ထို့ပြင် တောင်းပန်ကန်တော့ရသော ထုံးတမ်းစဉ်လာကော ရှိပါရဲ့လား စသည်ဖြင့် မေးစရာတွေ စုလှ၏။ မေးလည်း မေးထား၏။

တစ်ချိန်က ဖြစ်ခဲ့၏။ နေ့ကာလတွင် ကြုံခဲ့ရ၏။

"အရှင်ဘုရား၊ ရဟန်းတွေကသာ လူတွေကို အနိုင် ဖြစ်နေပါတယ်၊ လူတွေကလည်း မနိုင်ရဘူးလား"

ဤကား ကြုံခဲ့ရတဲ့ အမေးပုစ္ဆာ ပြဿနာအစပင် ဖြစ်တော့၏။

"နေပါဦး၊ ဘယ်လို အနိုင်ဖြစ်လို့ ဘယ်လို မနိုင်ရမှာလဲ"

"ဒီလိုလေ ဘုရား၊ လူတွေက လွန်တော့ ကန်တော့ရတယ်၊ တောင်းပန်ရတယ်၊ ရဟန်းတွေက လွန်တော့ရော လူတွေကို မတောင်းပန်ရ၊ မကန်တော့ရဘူးလား၊ တောင်းပန် မကန်တော့ကောင်းဘူးလား"

"တောင်းပန်ကန်တော့ရတာပေါ့၊ တောင်းပန်ကန်တော့ကောင်းတာပေါ့"

"ထုံးဟောင်းသာဓကေ ရှိပါသလား၊ ရှိပါရင် ပြစမ်းပါ၊ ခိုင်လုံတဲ့သာဓကနဲ့"

"အမယ်လေး၊ သာဓကေပြမှ ခိုင်လုံရမှာပေါ့၊ မခိုင်လုံ ဘယ်ရှိမလဲ၊ ကဲ - ကဲ နားသောတ ဆင်တော်မူပါ၊ တော်တော် ကြာမှ ရှည်တယ်မပြောနဲ့နော်"

"မပြောပါဘူးဘုရား၊ သာဓကေ ပြမှာသာ ပြပါ"

"ဘုရားရှင်လက်ထက်တော် အခါကပေါ့၊ ရှင်သုဓမ္မဟာ မစ္ဆိကာသဏ္ဍာဇနပုဒ်မှာ ကျောင်းထိုင်တယ်၊ စိတ္တသူကြွယ်က ကျောင်းဒကာပေါ့၊ ကိစ္စများတဲ့ ကိုယ်တော်ပေါ့၊ စိတ္တသူကြွယ်က ဆွမ်းဝတ်ပြုတယ်၊

"စိတ္တသူကြွယ်ကလည်း ရှင်သုဓမ္မကို ရိုသေလေးစားတယ်၊ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် တစ်စုံတရာကို ပင့်ဖိတ်လိုတဲ့အခါ တိုင်း ရှင်သုဓမ္မကို မပန်ကြားဘဲ မပင့်ဖိတ်ဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"အဲ - ဖြစ်ချင်တော့ တစ်ချိန်မှာ ရှင်သာရိပုတ္တ၊ ရှင်မဟာမောဂ္ဂလာန၊ ရှင်မဟာကစ္စာန၊ ရှင်မဟာကောဋ္ဌိက၊ ရှင်မဟာ ကပ္ပိန၊ ရှင်မဟာစုန္ဒ၊ ရှင်အနုရုဒ္ဓ၊ ရှင်ရေဝတ၊ ရှင်ဥပါလိ၊ ရှင်အာနန္ဒာ၊ ရှင်ရာဟုလ ဟု ဆိုအပ်သော များစွာသော ထေရ်ကြီးတွေဟာ ဒေသစာရီကြွချီတော်မူလာကြသည်။

"ဒီတော့ ကာသီတိုင်းရောက် လှည့်လည်တော့ မစ္ဆိကာသဏ္ဍာဇနပုဒ် ရောက်ပေါ့၊ စိတ္တသူကြွယ်က ဒီသတင်းကြား တော့ ထေရ်ကြီးများထံ ချဉ်းကပ်တယ်။

"အဲဒီမှာ မှတ်ဖို့ကောင်းတာက စိတ္တသူကြွယ်ဟာ အနာဂါမ်ပဲ၊ တကယ့်ထေရ်ကြီးများထံ ချဉ်းကပ်တယ်နော်"

"မှန်ပါ ဘုရား"

"ယခုခေတ် အချို့တရားသမားတွေ တကယ့်တရား ရတယ်လည်း ပြောသေးတယ်၊ တကယ့်ထေရ်ကြီးများထံ မချဉ်း ကပ်ကြတော့ဘူး၊ တရားလည်း မနာတော့ဘူး၊ စိတ္တသူကြွယ်ကတော့ ချဉ်းကပ်တယ်၊

"အဲဒီလို ချဉ်းကပ်တယ်ဆိုရင်ပဲ ရှင်သာရိပုတ္တက တရားဟောတယ်၊ တရားဆုံးတော့ ကြည်ညိုသဒ္ဓါဖြစ်ပြီး လျှောက် တယ် -

"အရှင်ဘုရားတို့၊ မထေရ်ကြီးတို့သည် နက်ဖြန်အလို့ငှာ တပည့်တော်၏ အာဂန္တုကဘတ် - ဧည့်သည် တို့အား လှူအပ်သော ဆွမ်းကို လက်ခံတော်မူပါ" တဲ့၊

ထေရ်ကြီးများကလည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံကြတယ်၊ အဲဒီအခါ စိတ္တသူကြွယ်ဟာ ရှိခိုးပြီး ပြန်လာတယ်၊ ပြီးတော့ ရှင်သုဓမ္မကို ရှိခိုးလျှောက်တယ် -

"အရှင်ဘုရား၊ အရှင်ဘုရားသည် နက်ဖြန်အလို့ငှာ မထေရ်ကြီးတို့နှင့်အတူ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ"တဲ့၊

"အဲဒီလိုလျှောက်တော့ ရှင်သုဓမ္မဟာ စိတ္တသူကြွယ်အပေါ် အထင်လွဲတယ်၊ ဘယ်လို အထင်လွဲလဲ ဆိုတော့ -

"ဒီစိတ္တသူကြွယ်ဟာ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ပင့်ဖိတ်လိုတဲ့အခါတိုင်း ငါ့ကို မပန်ကြားဘဲ ရှေးက မပင့်ဖိတ်ဘဲ ယခုအခါ၌ ပင့်ဖိတ်၏၊ ယခု စိတ္တသူကြွယ်သည် ဖျက်စီးပြီ၊ ငါ့အပေါ်၌ ငဲ့ကွက်ခြင်းသဘော မရှိ၊ ခင်မင်သော သဘောမရှိ"တဲ့၊

"အဲဒီလို နှလုံးသွင်း အထင်မှားပြီး "သူကြွယ်၊ တန်ပြီ၊ ငါ လက်မခံဘူး" ဆိုပြီး စိတ္တသူကြွယ်ရဲ့ဆွမ်းစား ပင့်ဖိတ်မှုကို လက်မခံဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒါ ကုလမစ္ဆရိယပေါ့၊ မိမိဒကာ ဒကာမတွေအိမ်မှာ တစ်ပါးသော ရဟန်း၊ သံဃာတွေ အလှူခံယူ သွားလာဝင်ထွက်တာကို မြင်လျှင်၊ ကြားလျှင် နှလုံးမသာဖြစ်တာ ကုလမစ္ဆရိယပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ မစ္ဆရိယသိပ်ဆိုးတယ်၊ ဘုန်းကြီးတချို့မှာ အဖြစ်များတယ်၊ သနားစရာ သိပ်ကောင်းတယ်၊ အချောင် ငရဲကြီးတယ်၊ ဒကာဆိုတာ သူ သဒ္ဓါပေါက်တဲ့ဘုန်းကြီး ကြည်ညိုမှာပေါ့၊ လှူမှာပေါ့၊ ကိုယ့်ချည်းပဲ ကန်ထရိုက်ဆွဲ ကိုးကွယ်တာမှ မဟုတ်ဘဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ မစ္ဆရိယဖြစ်ရင် ဝိုပြီးတော့ အကြည်ညိုနည်းတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"စိတ္တသူကြွယ်အကြောင်း ဆက်ကြဦးစို့၊ အဲဒီလို ရှင်သုဓမ္မက လက်မခံတော့ စိတ္တသူကြွယ်က နှစ်ကြိမ်မြောက် ပင့်ပြန်တယ်၊ လက်မခံဘူး၊ သုံးကြိမ်မြောက် ပင့်ပြန်တယ်၊ လက်မခံပြန်ဘူး၊

"ဒီတော့ စိတ္တသူကြွယ်က "အရှင်ဘုရား၊ အရှင်ဘုရား လက်ခံသည်ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ တပည့်တော်အား အဘယ်အကျိုး ဟုတ်အံ့နည်း" လို့ လျှောက်ထားပြီး ရှင်သုဓမ္မအား ရှိခိုးကာ အရိုအသေပြုပြီး ပြန်သွားတယ်"

"ကဲ - မဟုတ်ဘူးလား၊ ဒီဆွမ်းစားကို ရှင်သုဓမ္မကြွမှ ပြီးမှာလား၊ ဟိုမှာ တကယ့် အဓိပတိ ရှင်သာရိပုတ္တအမှူးရှိတဲ့ ရဟန္တာထေရ်ကျော်တွေချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ခုခေတ်လည်း တချို့ဘုန်းကြီးတွေ အဲဒီလို လုပ်တတ်တယ်၊ အေး - စိတ္တသူကြွယ်လို ဒကာနဲ့တွေ့တော့ မခက်ဘူး လား"

"ခက်တာပေါ့ဘုရား"

"စိတ္တသူကြွယ်က ထေရ်ကြီးများအတွက် မွန်မြတ်တဲ့ ခဲဖွယ်၊ ဘောဇဉ်တွေ စီမံတာပေါ့နော်"

"မှန်ပါ ဘုရား"

"မဇ္ဈိမဒေသ ရှိတဲ့ ဝန်တိုတဲ့ ကိုယ်တော် ရှင်သုဓမ္မမှာ ဘယ်လိုဖြစ်လဲဆိုတော့ "ထေရ်ကြီးတွေအတွက် စီမံထားတဲ့ စိတ္တသူကြွယ်ရဲ့ဆွမ်းကို ကြည့်ရှုရမှ ကောင်းလေစွ" တဲ့။

"အဲဒီလိုဖြစ်ပြီး သပိတ်သင်္ကန်းပြင်ကာ စိတ္တသူကြွယ်အိမ် ကြွပြီး ဆွမ်းဟင်းတွေ လာကြည့်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကြွတော့ စိတ္တသူကြွယ်က အရိုအသေ ရှိခိုးပြီး ရှင်သုဓမ္မအနီးမှာ ထိုင်နေတယ်၊ ဒီလိုထိုင်တော့ ရှင်သုဓမ္မက ဘာပြောလဲဆိုတော့ -

"သူကြွယ်၊ သင်စီရင်ထားတဲ့ ခဲဖွယ်ဘောဇဉ်တွေကား များပြားလှပါတယ်၊ သို့ရာတွင် ဒီများပြားလှတဲ့ ခဲဖွယ်ဘောဇဉ်တွေထဲမှာ နှမ်းပျစ်မုန့် တစ်ခုကား မပါရှိချေ" တဲ့။

ဒီတော့ စိတ္တသူကြွယ်က -

"အရှင်ဘုရား . . . အရှင်ဘုရားသည် များစွာသော ဘုရားစကားတော် ဖြစ်သော ရတနာများ ရှိပါလျက် အရှင်ဘုရားသည် နှမ်းပျစ်မုန့်ဟူသော ရှားပါးသော စကားကိုသာလျှင် ပြောဆိုဘိ၏။

"အရှင်ဘုရား . . . ရှေးက ဖြစ်ဖူးပါသည်။ ဒက္ခိဏပထတိုင်းသား ကုန်သည်များသည် အရှေ့ဇနပုဒ်သို့ ကုန်သွယ်ရန် သွားကြပါတယ်။

"အဲဒီ ဒက္ခိဏပထတိုင်းသား ကုန်သည်တွေ အရှေ့ဇနပုဒ်မှ ဆောင်ယူလာခဲ့တဲ့ ကြက်မတစ်ကောင်ဟာ ကျီးဖိုတစ်ကောင်နှင့်အတူ ပေါင်းဖော်၍ ကြက်ငယ်ကို မွေးဖွားပါတယ်။

"အရှင်ဘုရား...အဲဒီကြက်ငယ်သည် ကျီးသံကို မြည်လိုသောအခါ "အာအောက်ကလိ" ဟုမြည်ပါ၏။

"ကြက်သံတွန်လိုသောအခါ "အောက်ကလိအာ" ဟု တွန်ပါ၏။

"အရှင်ဘုရား . . . ဤအတူပင် များစွာသော ဘုရားစကားတော် ဖြစ်သော ရတနာများ ရှိပါလျက် အရှင်ဘုရားသည် နှမ်းပျစ်မုန့်ဟူသော ရှားပါးသော စကားကိုသာလျှင် ပြောဆိုဘိ၏" လို့ ပြန်လျှောက်တယ်။

အဲဒီလိုလျှောက်တော့ ရှင်သုဓမ္မဟာ တော်တော်စိတ်ဆိုးသွားတယ်။ စိတ်ဆိုးပြီး စိတ္တသူကြွယ်ကို ဘယ်လို ပြောလဲဆိုတော့ -

"သူကြွယ်၊ သင်သည် ငါ့ကို ဆဲရေး၏၊ သူကြွယ် သင်သည် ငါ့ကို ရေရွတ်၏၊ သူကြွယ် ဤကျောင်းသည် သင်၏ ကျောင်းတည်း၊ ငါပဲ သွားတော့အံ့" တဲ့။

ရှင်သုဓမ္မက စိတ်ဆိုးပေမဲ့ စိတ္တသူကြွယ်ကတော့ စိတ်မဆိုးပါဘူး၊ အနာဂါမ်ပဲဟာ၊ ရှင်သုဓမ္မပေါ်လည်း အပြစ်မယူပါဘူး၊ စကားအဖြစ်သာ ပြောတာ၊ အဲဒါကြောင့် စိတ္တသူကြွယ်က ရိုသေစွာလျှောက်တယ် -

"အရှင်ဘုရား . . . တပည့်တော်သည် အရှင်ဘုရားကို မဆဲရေးပါ၊ မရေရွတ်ပါ၊ အရှင်ဘုရား . . . အရှင်သည် မစ္ဆိကာသဏ္ဍဇနပုဒ်အနီး ပျော်မွေ့ဖွယ်ကောင်းသော ဝေးပင်ဥယျာဉ်၌ သီတင်းသုံးပါလော့။ တပည့်တော်သည် အရှင်ဘုရားအား သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ သူနာ၏အထောက်အပံ့ဖြစ်သော ဆေးပစ္စည်းအသုံးအဆောင်တို့ဖြင့် အားထုတ်ပါအံ့" တဲ့။

ဒီလိုလျှောက်တော့ ရှင်သုဓမ္မကလည်း သူ့ကို ဆဲရေးတယ်လို့ စွပ်စွဲပြီး ကျောင်းမှ ဖဲသွားအံ့ ပြောတယ်။ စိတ္တသူကြွယ်ကလည်း နှစ်ကြိမ်မြောက် လျှောက်တယ်။

ရှင်သုဓမ္မက ငြင်းတယ်။ ကျောင်းက ထွက်မယ်ပေါ့။ စိတ္တသူကြွယ်ကလည်း သုံးကြိမ်မြောက်လျှောက်တယ်။ ရှင်သုဓမ္မကလည်း သွားမယ်ပေါ့။ ဒီတော့ စိတ္တသူကြွယ်က လျှောက်တယ် -

"အရှင်ဘုရား...အရှင်ဘုရားသည် အဘယ်အရပ်သို့ ကြွသွားပါမည်နည်း"

"သူကြွယ်၊ မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ငါသွားမည်"

"အရှင်ဘုရား၊ သို့ဖြစ်လျှင် အရှင်ဘုရားနှင့် တပည့်တော် ပြောအပ်သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြားပါလေ"

"အရှင်ဘုရား... အရှင်ဘုရားသည် မစ္ဆိကာသဏ္ဍဇနပုဒ်သို့ တစ်ဖန် ပြန်လာရာသည်မှာ အံ့ဩဖွယ် မဟုတ်ပါ"

"အဲဒီလို စိတ္တသူကြွယ်နှင့် ရှင်သုဓမ္မတို့ အပြန်အလှန် ပြောပြီးလျှင် ရှင်သုဓမ္မဟာ ကျောင်းအိပ်ရာနေရာကို သိုမှီးသိမ်းဆည်း သပိတ်သင်္ကန်း ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဖဲသွားတယ်နော်"

"မှန်ပါ ဘုရား"

"ဟိုရောက်လို့ ဘုရားရှင်အား လျှောက်ထားရင်တော့ ဘုရားရှင်က ဘယ်လိုအမိန့် ရှိမလဲဆိုတာသာ စောင့်မျှော်ကြည့်ပေါ့နော်"

"မှန်ပါ ဘုရား"

"ရှင်သုဓမ္မဟာ သွားတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းရောက်တယ်၊ ဘုရားရှင်အား အရိုအသေ ရှိခိုးပြီး ထိုင်ကာ ရှင်သုဓမ္မနှင့် စိတ္တသူကြွယ်တို့ ပြောအပ်သမျှ စကားအလုံးစုံကို ဘုရားရှင်အား လျှောက်ကြားတယ်၊ ဘုရားရှင်က ရှင်သုဓမ္မအား ကဲ့ရဲ့တော်မူတာပေါ့ -

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ား၊ မလျောက်ပတ် မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူ မဟုတ်၊ မပြုအပ် မပြုသင့်။

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ား၊ သင်သည် သဒ္ဓါတရားရှိသော၊ ကြည်ညိုသော၊ လှူဒါန်းတတ်သော၊ ဝေယျာဝစ္စကို ပြုတတ်သော၊ သံဃာကို လုပ်ကျွေးတတ်သော စိတ္တသူကြွယ်ကို ယုတ်မာသောစကားဖြင့် အဘယ့်ကြောင့် ဆဲရေးဘိသနည်း၊ ရှုတ်ချဘိသနည်း။

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ား၊ ဤ သင်ပြုမိသော အမှုသည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှာလည်းကောင်း၊ ကြည်ညိုပြီးသော သူတို့အားလည်း တိုး၍ကြည်ညိုစေခြင်းငှာလည်းကောင်း မဖြစ်နိုင်ပေ။

"မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်တဲ့ ယောကျ်ား၊ အမှန်စင်စစ် ဤအမှုသည် မကြည်ညိုသူတို့အား မကြည်ညိုစေခြင်းငှာလည်းကောင်း၊ ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှာလည်းကောင်း ဖြစ်ပေ၏" တဲ့။

"အဲဒီလို ကဲ့ရဲ့တော်မူတယ်၊ အဲဒီလို ကဲ့ရဲ့အပြစ်တင်တော်မူပြီးနောက် ဘုရားရှင်သည် ထိုသုဓမ္မရဟန်းကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် -

(၁) ကိုယ်တိုင် ပြုစုကျွေးမွေးရန် ခက်ခဲခြင်း
(၂) သူတစ်ပါးတို့က ပြုစုကျွေးမွေးရန် ခက်ခဲခြင်း
(၃) အလိုကြီးခြင်း
(၄) မရောင့်ရဲနိုင်ခြင်း
(၅) အပေါင်းအဖော်၌ မက်မောခြင်း
(၆) ပျင်းရိခြင်း

တို့၏ ကျေးဇူးမဲ့စကားကို မိန့်တော်မူပြီး၍ များစွာသောအကြောင်းဖြင့် -

(၁) ကိုယ်တိုင် ပြုစု မွေးမြူလွယ်ခြင်း
(၂) သူတစ်ပါးတို့က ပြုစုမွေးမြူလွယ်ခြင်း
(၃) အလိုနည်းခြင်း
(၄) ရောင့်ရဲလွယ်ခြင်း
(၅) ကိလေသာကို ခေါင်းပါးစေခြင်း
(၆) ကိလေသာကို ခါထုတ်ခြင်း
(၇) ကြည်ညိုဖွယ်ရှိခြင်း
(၈) ကိလေသာကို မဆည်းပူးခြင်း
(၉) ဝီရိယဖြင့် အားထုတ်ခြင်း တို့၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျော်ကပ်လျော်ညီသော တရားစကားကို ဟောကြားတော်မူတယ်နော်"

"မှန်ပါ ဘုရား"

"သွားတုန်းကတော့ မျက်နှာကောင်းများ ရမလားလို့ သွားတာ၊ ခုတော့ ဘယ့်နှယ်လဲ"

"အကဲ့ရဲ့ခံရပါတယ်ဘုရား"

"သူကမှ မဟုတ်တာခံရတာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို တရားစကား ဟောတော်မူပြီးနောက် ရဟန်းတို့ကို "ရဟန်းတို့၊ ထိုသို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား "သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်" ဟု ပဋိသာရဏီယကံကို ပြုလော့" ဟု မိန့်တော်မူတယ်နော်"

"မှန်ပါ ဘုရား"

"ပဋိသာရဏီယကံ ပြုပုံ အစီအစဉ်ကို ဘုရားရှင်က ဆက်လက်ပြီးတော့ မိန့်ကြားတော်မူတယ်"

"ရဟန်းတို့၊ ဤသို့ ပြုရမည်။ သုဓမ္မရဟန်းကို ရှေးဦးစွာ စောဒနာရမည်။ စောဒနာပြီးနောက် အောက်မေ့စေရမည်။ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်။ အာပတ်သို့ တင်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်" တဲ့။

"အဲဒါကတော့ ကမ္မဝါစာဖတ်တဲ့ အခန်းပဲပေါ့၊ ဒါတော့ ထားခဲ့ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို အမိန့်ရှိတော့ သံဃာတော်များက "သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်" ဟု သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ပြုလုပ်ကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို သံဃာတော်များက ဘုရားရှင် အမိန့်တော်နှင့် ပဋိညာဉ်ရာဂိယက်ကို ပြုထားတဲ့ အဲဒီ သုဓမ္မရဟန်းဟာ မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ သွားပြီးလျှင် မျက်နှာမသာမယာ ရှိသည်ဖြစ်၍ စိတ္တသူကြွယ်ကို သည်းခံစေခြင်းငှာ မတတ်နိုင်သည် ဖြစ်၍ သာဝတ္ထိပြည်သို့ တစ်ဖန်ပြန်လာတယ်။

"ကဲ ... အပြစ်ဆိုတာ ခက်တယ်၊ ကိုယ်က မလွန်ဆန်ရင်တော့ အတော်သားပေါ့၊ လွန်ပြီးတော့မှ တောင်းပန်ရတာ၊ ဝန်ချရတာ မျက်နှာပူစရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"ဟိုမှာ သုဓမ္မာရဟန်း မျက်နှာပူနေပြီနော်"

"မှန်ပါ ဘုရား"

"စိတ္တသူကြွယ်ရဲ့ "အရှင်ဘုရား၊ အရှင်ဘုရားသည် မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ တစ်ဖန် ပြန်လာရာသည်မှာ အံ့ဖွယ်မဟုတ်ပါ" ဆိုတဲ့ စကားကလည်း မှန်မနေဘူးလား"

"မှန်ပါတယ်ဘုရား"

"အဲဒီလို မျက်နှာပူပြီး ပြန်သွားတော့ ရဟန်းတွေက မေးကြတယ်၊ "ငါ့ရှင် သုဓမ္မ၊ သင်သည် စိတ္တသူကြွယ်ကို သည်းခံစေအပ်ပြီလော" တဲ့။

"ဒီတော့ ရှင်သုဓမ္မက "ငါ့ရှင်တို့၊ တပည့်တော်သည် မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ သွားပြီးလျှင် မျက်နှာ မသာမယာသည် ဖြစ်၍ စိတ္တသူကြွယ်ကို သည်းခံစေခြင်းငှာ မတတ်နိုင်ပါ" လို့ ပြောဆိုတယ်။

"အဲဒီလိုပြောတော့ ရဟန်းတော်တွေက အဲဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြတယ်၊ ဒါဟာ ကုန်းတိုက်တာ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"သူ့အပေါ်ပြုထားတဲ့ကံ သူသွားပြီး တောင်းပန်ဝန်ချမှ ပြေငြိမ်းမှာ မဟုတ်လား၊ အဲဒီအတွက်ပဲ"

"မှန်ပါ ဘုရား"

"အဲဒီတော့ ဘုရားရှင်က ရဟန်းတော်တွေကို မိန့်တော်မူတယ်၊ "ရဟန်းတို့ ထိုသို့ဖြစ်လျှင် သံဃာသည် သုဓမ္မာရဟန်းအား စိတ္တသူကြွယ်ကို သည်းခံစေရန် အဖော်တမန်ရဟန်း ပေးလော့" တဲ့နော်"

"မှန်ပါ ဘုရား"

"ဘယ်လိုပေးရမလဲဆိုတော့ "ရဟန်းတို့၊ ဤသို့ ပေးရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးသော် ဝိနည်းသိက္ခာပုဒ်၌ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် "သံဃာသည် စိတ္တသူကြွယ်ကို သည်းခံစေရန် ဤမည်သော ရဟန်းကို အဖော်တမန် ရဟန်းပြု၍ သုဓမ္မရဟန်းအား ပေးရာ၏" စသည်ဖြင့် သံဃာကို သိစေရမည်နော်"

"မှန်ပါ ဘုရား"

"အဲဒါကတော့ ကမ္မဝါစာရွတ်ဖတ်တဲ့ အခန်းပဲ၊ အဲဒါကတော့ ထားပါတော့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကမ္မဝါစာရွတ်ဖတ်ခန်း မိန့်တော်မူပြီးနောက် ဘာ ဆက်မိန့်လဲဆိုတော့ -

> "ရဟန်းတို့၊ သို့ဖြစ်လျှင် သုဓမ္မရဟန်းသည် အဖော်တမန် ရဟန်းနှင့်အတူ မစ္ဆိကာသဏ္ဍာ ဇနပုဒ်သို့ သွား၍ "သူကြွယ် သည်းခံပါ၊ သင့်ကို ကြည်သာစေပါ၏" ဟု စိတ္တသူကြွယ်ကို သည်းခံစေရမည်"

"ဤသို့ ပြောသဖြင့် အကယ်၍ သည်းခံခြားအံ့၊ ကောင်း၏။ အကယ်၍ သည်းမခံခြားအံ့၊ အဖော်တမန်ရဟန်းသည် "သူကြွယ်၊ ဤရဟန်းအား သည်းခံပါ၊ သင့်ကို ကြည်သာစေပါ၏" ဟု ပြောဆိုရမည်"

"ဤသို့ပြောသဖြင့် အကယ်၍ သည်းခံခြားအံ့၊ ကောင်း၏။ အကယ်၍ သည်းမခံခြားအံ့၊ အဖော်တမန်ရဟန်းသည် "သူကြွယ်၊ ဤရဟန်းအား သည်းခံပါ၊ ငါသည် သင့်ကို ကြည်သာစေပါ၏" ဟု ပြောဆိုရမည်"

"ဤသို့ပြောသဖြင့် အကယ်၍ သည်းခံခြားအံ့၊ ကောင်း၏။ အကယ်၍ သည်းမခံခြားအံ့၊ အဖော်တမန်ရဟန်းသည် သုဓမ္မရဟန်းကို စိတ္တသူကြွယ်၏ မြင်လောက်ရာ အရပ်ကို မစွန့်စေဘဲ ကြားလောက်ရာ အရပ်ကို မစွန့်စေဘဲ လက်ဝဲတစ်ဘက် ပုခုံးထက်၌ ကေသီကို စမွယ်တင်ကာ ဆောင့်ကြောင့်ထိုင်စေပြီးလျှင် လက်အုပ်ချီစေ၍ ထိုအာပတ်ကို ပြောကြားစေရမည်။ ဒေသနာ ကြားစေရမည်"

တဲ့ မိန့်တော်မူတယ်နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင် အဆုံးအမ သာသနာတော်မြတ်ကြီး ဘယ်လောက် ကြည်ညိုစရာကောင်းလဲ၊ ဘာအပြစ်မှ မရှိအောင် တောင်းပန်ပုံများ အဆင့်ဆင့်ပဲနော်"

"မှန်ပါ ဘုရား"

"သာမန်ကြည့်ရင် ဒီအပြစ်ဟာ ဘာမဟုတ်တဲ့ အပြစ်ကလေးပဲ မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒါပေမဲ့ "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ - အဏုမြူမျှ သေးငယ်တဲ့ အပြစ်တို့၌ဘေးကြီးလို့ ရှုမြင်ရမယ်" လို့ ဟောထားတာ ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"အဲဒီအတိုင်းပေါ့၊ အမှန်က "အမှိုက်က.စ ပြာသာဒ်မီးလောင်" ဆိုတာလိုပေါ့၊ အပြစ်ကလည်း အသေးလေးကနေပြီး အကြီးကြီးကို တက်တာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီအတွက် ဒီမှာလည်း ကျင့်ထုံးအဆင့်ဆင့် ညွှန်ကြားနေရတာပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီလို ညွှန်ကြားတော့ ရှင်သုဓမ္မဟာ အဖော်တမန်ရဟန်းနှင့်အတူ မစ္ဆိကာသဏ္ဍဇနပုဒ်သို့သွားပြီး သည်းခံစေတယ်၊ စိတ္တသူကြွယ်ကို တောင်းပန်တယ်။

"အဲဒီ ရှင်သုဓမ္မရဟန်းဟာ ကောင်းစွာကျင့်တယ်၊ မာန်တည်းဟူသော အမွေးကို ချတယ်၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်တယ်နော်"

"မှန်ပါ ဘုရား"

"အမှန်က ပထမ တစ်ခေါက်လာတယ်၊ တောင်းပန်တယ်၊ သူ့မာန်က မကျသေးဘူး၊ ဒါကြောင့် စိတ္တသူကြွယ်က "သည်းမခံနိုင်ပါ" လို့ ပယ်လိုက်တယ်၊ ဘုရားရှင်ကလည်း သိတယ်၊ မာန်ကျအောင် သက်သက်လွှတ်လိုက်တာနော်"

"မှန်ပါ ဘုရား"

"အဲ... နောက်တစ်ခါ ဘုရားရှင်က အဖော်တမန်နှင့် ရဟန်း အသေအချာ စီစဉ်ပေးတော့မှ ယူဇနာ ၃၀ - ခရီး အသွားအပြန်ဆိုတော့ စဉ်းစားကြည့်ပေါ့၊ မာန်ကျစရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အဲ... ဘုရားရှင်ကလည်း မာန်ကျအောင် ဆိုပြီး သွားခါနီးမှာ တရားဟောပေးလိုက်သေးတယ် -

"သုဓမ္မရဟန်း ရဟန်းမည်သည်ကား ဒါငါ့ကျောင်း၊ ဒါငါ့နေရာ၊ ဒါငါ့ဒကာ၊ ဒါကငါ့ဒကာမလို့ တစ်ငါငါနဲ့ မာန မထောင်သင့်ဘူး၊ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာလည်း မထားသင့်ဘူး၊ မှန်တယ် သုဓမ္မ၊ အဲဒီလိုမာန၊ ဣဿာ တွေသာ ထားမယ်ဆိုရင် အလိုကြီးခြင်း၊ မာနကြီးခြင်း အစရှိသော ကိလေသာတွေ တိုးပွားလာကြမယ်တဲ့။

"အဲဒီလို ဆုံးမ ဟောကြားပြီးတော့ မဟာကရုဏာရှင်ဖြစ်တဲ့ ဘုရားရှင်က ဆက်ပြီးတော့ ဩဝါဒတရား ဟောကြားပြန်တယ်"

"မလိမ္မာတဲ့ ရဟန်းဟာ ရဟန်းတွေရဲ့အလယ်မှာ မိမိတွင် ထင်ရှားမရှိတဲ့ ဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုလည်း ကောင်း၊ ခြံရံလျက် မိမိအား ရှေ့ဆောင်ပြုခြင်းကိုလည်းကောင်း၊ ကျောင်းအိပ်ရာ နေရာတို့၌ အစိုးရခြင်းကိုလည်း ကောင်း၊ ဆွေမျိုးမဟုတ်သော ဒကာ ဒကာမတို့ ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်းကိုလည်းကောင်း အလိုရှိ၏။

"ငါကြောင့်သာ အမှုကြီး,ငယ်တို့ ပြီးစီးကုန်၏ဟု လူ,ရှင် ရဟန်းနှစ်ဦးတို့ မှတ်ထင်စေကုန်သတည်း၊ တစ်စုံတစ်ခု အမှုကြီး,ငယ်တို့၌ ငါ့အလိုသို့ လိုက်ကြစေကုန်သတည်းဟု မိုက်သောရဟန်းအား အကြံအစည်၊ အလို ရမ္မက်၊ မာန်မာနတရား တိုးပွားလတ္တံ့" တဲ့။

"အဲဒီ တရားတော် ဟောပေးလိုက်တယ်၊ သံဝေဂဖြစ်ဖို့ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"လူ,ရှင် ရဟန်းတွေဟာ အများအားဖြင့် ဂုဏ်လိုချင်ကြတယ်နော်"

"မှန်ပါ ဘုရား"

"ဂုဏ်လိုချင်တဲ့အတွက် ဂုဏ်မရဘဲ နာမည်ပျက်၊ ဂုဏ်ပျက်နေကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ... ရှင်သုဓမ္မလည်း ဘုရားရှင်ရဲ့တရားတော် နာပြီးတော့ ဘုရားရှင်အား ရှိခိုးပြီး အဖော်တမန်ရဟန်းနှင့် သွားပြီးတော့ တောင်းပန်တယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"စိတ္တသူကြွယ်ကလည်း ကျေနပ်တယ်၊ ပြန်ပြီးတော့လည်း တောင်းပန်တယ်၊ တပည့်တော်မှာ အပြစ်ရှိရင်လည်း သည်းခံပါ... တဲ့၊ သူတော်ကောင်းသဘောဟာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အဲ ... ရှင်သုဓမ္မ ရဟန်းတော်ဟာ အဲဒီလို တောင်းပန်ပြီးတော့ ကျင့်ထုံးကို ကျင့်ပြီးတော့ ရဟန်းတော်တို့ထံ ပြန်ကြွတယ်၊

"ငါ့ရှင်တို့၊ သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် တပည့်တော်သည် ကောင်းစွာ ကျင့်ပါ၏၊ မာန်တည်းဟူသော အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ တပည့်တော်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း"

လို့ လျှောက်တယ်၊ အဲဒီလို လျှောက်တော့ ရဟန်းတော်တွေက ဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားတယ်နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်က "ရဟန်းတို့၊ သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ပြုမ်းပါစေလော့"တဲ့။ မိန့်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီတော့မှ ရှင်သုဓမ္မလည်း မာန်မာနတွေ ကျပြီးတော့ ဘုရားရှင်ရဲ့ ဩဝါဒတရား၌ တည်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တာ နှစ်ရက်၊ သုံးရက်အတွင်းမှာပင် အာသဝေါကုန်ခမ်းပြီး ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်သွားတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ... တောင်းပန်ရတဲ့အကျိုး မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"အေး... ဒါ့ကြောင့် အပြစ်ဖြစ်လာရင် တောင်းပန်နိုင်ရမယ်၊ တောင်းပန်တဲ့ လူက တောင်းပန်ရင်လည်း တောင်းပန်ခံရတဲ့ လူက ကျေနပ်ရတယ်နော်"

"မှန်ပါ ဘုရား"

"အပြစ်ရှိမှန်းသိလျက် မတောင်းပန်ရင် လူယုတ်မာ.တဲ့၊ တောင်းပန်လျက်ကနဲ့ တောင်းပန်ခံရတဲ့လူက မကျေနပ်ရင်လည်း အဲဒါ လူယုတ်မာ.တဲ့ နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် တောင်းပန်ရမယ်၊ တောင်းပန်ရင်လည်း ကျေနပ်ရမယ်နော်"

"မှန်ပါ ဘုရား"

"နေပါဦးဘုရား၊ နမ်းပျစ်မုန့် မပါဘူးဆိုတာနဲ့ ဘာဖြစ်လို့ တောင်းပန်ရတာလဲဘုရား"

"ဩော်... အမျိုးခိုက်လို့ပေါ့၊ စိတ္တသူကြွယ်တို့ အမျိုးက နမ်းပျစ်မုန့် ရောင်းတာကိုး"

"တင်ပါ၊ တင်ပါ"

✦ အပြစ်ဆိုတာ၊ မဖြစ်တာ၊ သေချာကောင်းသတည်း။

✦ အပြစ်ရှိက၊ မြန်စွာပ၊ ကုသရမည်တည်း။

✦ သူတစ်ပါးအား၊ ပြစ်မှားငြား၊ ပြစ်များ တောင်းပန်ရမည်တည်း။

✦ မတောင်းပန်က၊ လူယုတ်ပ၊ ပါယ်ကျသေချာတည်း။

✦ တောင်းပန် မကျေ၊ ထိုသူလေ၊ လူတေလူယုတ်တည်း။

✦ တောင်းပန်ကျေက၊ လူမြတ်ပ၊ သုခချမ်းသာတည်း။

# ရှင်ဥပဂုတ်ဖောင်မျှောရတာ ဘယ်လိုအကျိုး ရှိပါသလဲ

(၁၅၃)

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်၌ ထင်ရှားကျော်ကြား၍ လူသိလည်း များ၊ ကိုးကွယ်သူလည်း များသော ရဟန္တာနှစ်ပါးမှာ ရှင်သီဝလိအရှင်မြတ် နှင့် ရှင်ဥပဂုတ္တအရှင်မြတ် နှစ်ပါးဖြစ်သည်။

ကိုးကွယ်သူ များသော်လည်း အရှင်မြတ်နှစ်ပါးမှာတော့ ဒုက္ခအလွန်တရာ ရောက်တော်မူကြပါ၏။ အဘယ့်ကြောင့်ဆိုသော် ရှင်သီဝလအရှင်မြတ်မှာ ပုလင်းထဲ၊ ကြုတ်ထဲ၊ ဆံထိုးထဲ ထည့်ပြီး ပိတ်ဆို့ကိုးကွယ် ခံရပါသည်။

အရှင်မြတ်သည် အကုသိုလ်ကံ တစ်ခုကြောင့် အမိဝမ်းတွင်းတွင် ခုနစ်နှစ်၊ ခုနစ်ရက် အောင်းခဲ့ရသဖြင့် ပဋိသန္ဓေဒုက္ခကြီးစွာ ခံခဲ့ရပါ၏။

ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် မစံမီ လာဘ်လာဘ ပေါများချမ်းသာစွာ သီတင်းသုံးခဲ့ရပါ၏။ အရှင်မြတ်အစစ်ကား ပရိနိဗ္ဗာန်စံဝင်ခဲ့ပါပြီ။ သို့သော် အရှင်မြတ်၏ ရုပ်တုတော်များမှာ အရှင်မြတ် ပဋိသန္ဓေနေခဲ့ရသည့် နှစ်အရေအတွက်ထက်ပင် ဒုက္ခများစွာ ခံရကာ ပုလင်းထဲ၊ ကြုတ်ထဲ၊ ဆံထိုးထဲတွင် သီတင်းသုံးရရှာလျက် ရှိပါ၏။

ယင်းအတူပင် ရှင်ဥပဂုတ္တထေရ်မှာလည်း ပရိနိဗ္ဗာန် စံခဲ့ပါပြီ။ သို့သော် အရှင်မြတ်၏ ရုပ်တုတော်၊ ရုပ်ပုံကားချပ်များကား ဖောင်နှင့်တင်၍ ပင်လယ်ကြော မျှောရသဖြင့် ရေနစ်တော်မူ၍ ရုပ်တုပေါင်းများစွာ ပရိနိဗ္ဗာန် စံခဲ့ရချေပြီ။ ယင်းသို့ဖြင့် ရှင်ဥပဂုတ္တအရှင်မြတ်လည်း ဒုက္ခများပါ၏။

လူသိများ၍ ကျော်ကြားသော၊ ကိုးကွယ်သူ များသော အရှင်မြတ်နှစ်ပါး၏ ဒုက္ခကို စဉ်းစားကြည့်ပါလျှင် မသေးကွေးလှပါ။ "မဟာပုညော မဟာဒုက္ခော - ဘုန်းကြီးလျှင် ဒုက္ခကြီးတယ်" ဆိုတာ ထိုအရှင်မြတ်နှစ်ပါးပင် ဖြစ်မလားမသိပါ။

မည်သို့ဆိုစေ ဘုန်းကြီးလျှင် ဒုက္ခရောက်တာကတော့ အမှန်ပင် ဖြစ်ပါ၏။ အရှင်မြတ်နှစ်ပါးလည်း ဒုက္ခ၊ အရှင်မြတ်နှစ်ပါးအတူ ဘုန်းကြီးသူများလည်း ဒုက္ခပင်။ သို့သော် အရှင်မြတ်နှစ်ပါးမှာတော့ ပရိနိဗ္ဗာန် စံဝင်ပြီးသည့်တိုင်အောင် ဒုက္ခကြီးလှပါ၏။

ယင်း အရှင်မြတ်နှစ်ပါးတွင် ရှင်ဥပဂုတ္တအရှင်မြတ်အကြောင်း မိမိအား ဒကာတစ်ယောက်က မေးလျှောက်၏။

"အရှင်ဘုရား၊ ရှင်ဥပဂုတ် ဖောင်မျှောရတာ ဘယ်လိုအကျိုး ရှိပါသလဲ ဘုရား"

"အင်း . . . ခက်တယ်၊ အဲဒီအမေး ဖြေရမှာ ခက်တယ်"

"ဘာဖြစ်လို့လဲ ဘုရား"

" ရှင်ဥပဂုတ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်တွေဟာ ဘုန်းကြီးတို့ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင် ကျမ်းဂန်စာပေတွေမှာ ပါကို မပါဘူး"

"ဟင်"

"မဟင်ပါနဲ့၊ မပါလို့ မပါဘူးပြောတာပဲ၊ ဘာလဲ၊ ဒကာကြီးက ဘုန်းကြီးကို မယုံဘူးလား"

"ယုံပါတယ်ဘုရား"

"ယုံရင် ဘာဆက်ဦးမလဲ"

"ဆက်ဆို . . . ဘုရား၊ တပည့်တော်တို့ဖြင့် အလှူပွဲတွေမှာ မကျွပ်ဆောက်တယ်ဆိုရင်ပဲ ရှင်ဥပဂုတ်ပွဲ ပေးရတယ် ဘုရား"

"ဘာဖြစ်လို့ ပွဲပေးရတာလဲ၊ ရှင်ဥပဂုတ်က နတ်မို့လို့လား"

" ရှင်ဥပဂုတ်က ရဟန္တာလေ အရှင်ဘုရား"

"ရဟန္တာဆိုရင် ဘာဖြစ်လို့ ပွဲပေးရမလဲ၊ ဆွမ်းတော်ကပ်ပေါ့၊ ရဟန္တာရှင်ဥပဂုတ်က ဒကာကြီးတို့ တင်တဲ့ ငှက်ပျောပွဲ အစိမ်းကြီး ဘုဉ်းပေးမလား"

"ဘယ် ဘုဉ်းပေးမလဲဘုရား"

"ပြီးတော့ ဘုဉ်းပေးတယ်ဆိုရင် ဒီပွဲဟာ တစ်ရက်ပဲ ဘုဉ်းပေးကောင်းတယ်၊ နောက်နေ့ ဘုဉ်းမပေးကောင်းဘူး၊ ခုတော့ ဒကာကြီးဥစ္စာက ငှက်ပျောစိမ်းတစ်ပွဲ တင်ထားလိုက်တာ မကျွပ် မဖျက်မချင်း မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အင်း . . . အဲဒီအတိုင်းသာ ဆိုရင်တော့ ဒကာကြီးတို့ဟာ ရှင်ဥပဂုတ်အရှင်မြတ်ကို နေ့ရော ညပါ စားတယ်၊ သိုမှီး သိမ်းဆည်းထားတယ်လို့ စွပ်စွဲရာလည်း မရောက်ဘူးလား"

"မှန်ပါ၊ ဒီအတိုင်းဆို ရောက်နေပါတယ်ဘုရား"

"ကဲ . . . ဆက်ပြောစမ်းပါဦး၊ ဘာဖြစ်လို့ မကျွပ်ထိုးတဲ့အခါထဲက ရှင်ဥပဂုတ်ပွဲ ပေးရတာလဲ"

"ဒီအလှူမင်္ဂလာပွဲအတွင်းမှာ မိုး.မကျ၊ လေ.မခအောင် စောင့်ရှောက် မ.စတော်မူပါဆိုတဲ့ သဘောနဲ့ ပွဲပေးရတာပါ ဘုရား"

"အင်း . . . ရှင်ဥပဂုတ်က မိုးကို နိုင်သတဲ့လား"

"ဒီလို မဟုတ်ဘူးဘုရား၊ မာရ်နတ်က ရှင်ပြု၊ အလှူမင်္ဂလာပွဲ ဖျက်တတ်ပါတယ်၊ အဲဒီမာရ်နတ် မဖျက်နိုင်အောင်၊ မာရ်နတ်က မိုးနဲ့ မဖျက်နိုင်အောင်ပေါ့ဘုရား"

"ကြုံကြုံဖန်ဖန်၊ ဘယ်က ကြားဖူးလဲ"

"ဇာတ်ထဲက ဘုရား၊ သီရိဓမ္မာသောကမင်းကြီး ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်း လေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင် အလှူပွဲကြီးတုန်းက မာရ်နတ်က

နောင့်ယှက်လို့ ရှင်ဥပဂုတ်အရှင်မြတ်က မနောင့်ယှက်နိုင်အောင်ဆိုပြီး မာရ်နတ်ကို ခွေးပုပ်ကြိုးနဲ့ ချည်တုပ်ပြီး တောင်နံရံမှာ ချည်ထားပါသတဲ့"

"ကတ်သီးကပ်သတ် ဒီဒကာကြီးနယ်၊ ဇာတ်စကားကိုမှ သွားပြီးတော့ မှတ်သားတယ်၊ ဇာတ်စကားဆိုတာ မမှန်တာများ၊ မှန်တာ နည်းတယ် ဒကာကြီးရဲ့"

"ဒါဖြင့် မမှန်ဘူးပေါ့ ဘုရား"

"ဘယ်ကလာ မှန်ရမှာလဲ"

"အဲဒီ သီရိဓမ္မာသောကမင်းကြီး အလှူအကြောင်း ပိဋကတ်စာပေမှာ ပါပါတယ်၊ ရှင်ဥပဂုတ်အကြောင်းတော့ မပါဘူး"

"ဟင်"

"မဟင်နဲ့၊ တစ်ချက်တော့ ဘယ်ကနေ ဘယ်လို ညပ်ပြီးပါလာလဲ မသိဘူး၊ သဒ္ဒါကြီးထဲမှာ ဥပဂုတ္တေန မာရော ဗန္ဓောတဲ့၊ အဲဒီပါဠိအရ ဆိုလျှင် ရှင်ဥပဂုတ်ဟာ မာရ်နတ်ကို ခွေးပုပ်ကြိုးနဲ့ ချည်တယ်ဆိုတဲ့အဓိပ္ပာယ် ရောက်သလိုလို ရှိတယ်ပေါ့"

"ဒီလိုဆိုရင် မှန်တာပေါ့ဘုရား"

"မှန်အောင် ဒီပါဠိကလည်း တစ်ပိုင်းတစ်စနဲ့၊ သူနဲ့ အစပ်အဆက် တခြားပါဠိလည်း ဘယ်ပါဠိ အဋ္ဌကထာမှာမှ မတွေ့ရဘူး၊ ဒီတော့ မခိုင်လုံဘူးပေါ့"

"ဟင် - ဒါဖြင့် ဒီစကားက ဘယ်ကလာလဲဘုရား"

"အဲဒီစကားက မခိုင်လုံတဲ့ မဟာဝင်ကျမ်းက လာတယ်လို့ မှတ်ထား၊ တိဿနာဂထေရ်ကိုပင် ရှင်ဥပဂုတ်ခေါ်သတဲ့၊ အရှင်မြတ်ဟာ သမုဒ္ဒရာအတွင်းမှာ ပြာသာဒ်ဖန်ဆင်းပြီး သမာပတ်ဝင်စား၍ နေသတဲ့။

"သီရိဓမ္မာသောကမင်းကြီးရဲ့အလှူပွဲကြီးမှာ မာရ်နတ်နောင့်ယှက်မယ်ဆိုတာကို သိနင့်ထားတဲ့အတွက် အဲဒီတိဿနာဂခေါ် ရှင်ဥပဂုတ်အရှင်မြတ်ကို ပင့်ထားသတဲ့။

"အလှူပွဲကျင်းပတဲ့အခါ မာရ်နတ် နောင့်ယှက်လာလို့ အဲဒီ မာရ်နတ်ရဲ့လည်ပင်းကို ခွေးသေကောင်ပုပ် ဆွဲပြီး လွှတ်လိုက်သတဲ့၊ နောက် တောင်းပန်လာမှ ခွေးသေကောင်ပုပ်ကို ချွတ်ပေးပြီး တောင်နံရံမှာ ခွေးပုပ်ကြိုးနှင့် ချည်ထားသတဲ့။

"မာရ်နတ်လည်း အလှူပွဲကြီး မပြီးမချင်း တုပ်နှောင်ခံရစဉ် ဘုရားရှင်ကို နောင့်ယှက်တုန်းက ယခုကဲ့သို့ အနှိပ်အစက် မခံရ၊ သာဝကတွေသည် မေတ္တာ၊ ကရုဏာ နည်းပါးတယ်၊ ဘုရားရှင်ကား မေတ္တာ၊ ကရုဏာ ကြီးမားပါပေတယ်ဆိုပြီး ဘုရားရှင်ရဲ့ဂုဏ်တော်ကို ကြည်ညို တ.သပြီး အဲဒီနေရာမှာပဲ ဘုရားဆု ပန်သတဲ့"

"ဒီလိုဆို ဟုတ်ပြီပေါ့ဘုရား"

"နေဦး၊ ပြောဦးမယ်၊ အဲဒီ မဟာဝင်ကျမ်းကလည်း အားမကိုးရသေးဘူး၊ အဲဒီကျမ်းကလည်း ဘယ်ညွှန်းထားလဲဆိုတော့ ရှင်ဥပဂုတ်အကြောင်းအရာသည် လောကပညတ္တိကျမ်း၌ လာတယ်လို့ညွှန်ထားပြန်တယ်၊ အဲဒီကျမ်းကလည်း လောကပညတ္တိကျမ်းဆိုမှ ဘယ်မှာ ခိုင်လုံမှာလဲ"

"တခြား ဘယ်မှာပါသေးလဲဘုရား"

"တခြားပါတာ မမေးနဲ့၊ အဲဒီကပဲ ကူးချတော့၊ တခြားပါလည်း ခိုင်လုံမလား"

"မခိုင်လုံပါဘုရား"

"ဘုန်းကြီးတို့ မြန်မာနိုင်ငံက လက်ခံသော သံဂါယနာတင်ကျမ်းစာတွေမှာ ရှင်ဥပဂုတ်အကြောင်း မပါဘူး၊ ယခု ကိုး ကွယ်နေကြတဲ့ ရှင်ဥပဂုတ်ဟာ ဗုဒ္ဓသာသနာဝင်ကျမ်းစာက လက်မခံသော ရှင်ဥပဂုတ်လို့ မှတ်နော်"

"မှတ်ရမှာ ခက်ခက်ပဲဘုရား"

"ဘာဖြစ်လို့လဲ"

"အရိုးစွဲနေပြီ ဘုရား၊ ယုံကြည်ချက်က ဖျက်မရဘူး"

"ဖျက်မရလည်း နေပေါ့၊ ဘုန်းကြီးက ဘာတတ်နိုင်မှာလဲ၊ အာဏာစက်မှ မရှိတာ"

"နို - သေလေးပါး၊ ရှင်လေးပါးဆို ဘုရား၊ ရှင်လေးပါးထဲမှာ ရှင်ဥပဂုတ် မပါဘူးလား"

"လာပြန်ပြီ ပေါက်တတ်ကရတစ်ခု၊ အဲဒီ ရှင်လေးပါး သေလေးပါးက ဘယ်ကျမ်းကလေးတွေက လာမှန်းမသိဘူး၊ ပိဋကတ်ကျမ်းစာမှာ မပါဘူး"

"ခက်တာပဲ ဘုရား၊ ဘာကိုယုံရမှန်းတောင် မသိတော့ပါဘူး"

"စဉ်းစားယုံပေါ့၊ ရဟန္တာအရှင်မြတ်တွေဟာ ခန္ဓာကို သိပ်စက်ဆုပ်တယ်၊ တစက်စက် ယိုကျနေတဲ့ မစင်ဘင်ပုပ်အိုး ကြီး ရွက်ထားရတဲ့သူဟာ ချရမယ်ဆိုရင် ခုချက်ချင်း ချပစ်ချင်သလို ရဟန္တာအရှင်မြတ်တွေလည်း စက်ဆုပ်စရာ ဒီခန္ဓာကို ချရ မှာကို မျှော်နေတယ်၊ ဝန်လေးလွန်းလို့တဲ့၊ ဒီတော့ အဲဒီအရှင်မြတ် ရှင်ဥပဂုတ်ဟာ ယနေ့အခါတိုင် ရှိတယ်ဆိုတာ ဟုတ်နိုင်ပါ့ မလား"

"ဒီလိုဆိုတော့ ဘယ်ဟုတ်နိုင်ပါ့မလဲ ဘုရား၊ ဒါဖြင့် ဒီ ရှင်ဥပဂုတ်က ဘယ်ကလာတာလဲဘုရား"

"ဟိုမြောက်ပိုင်း ဗုဒ္ဓဘာသာကျမ်းမှာတော့ လာတယ်ဆိုတယ်၊ ယုတ္တိကတော့ မတန်ပါဘူး"

"နည်းနည်း ပြောပြစမ်းပါဘုရား"

"မဓုရာပြည် ကုဏ္ဍိမြို့ရဲ့ အနီး ဥရုမုဏ္ဍအမည်ရှိတဲ့ သာဏတောင်မှာ သာဏဝါသီထေရ်ဆိုတာ သီတင်းသုံးသတဲ့၊ အဲဒီထေရ်ရဲ့ဆွမ်းခံရွာက မဓုရာပြည်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ မဓုရာပြည် ကုဏ္ဍိမြို့မှာ ဂုတ္တအမည်ရှိတဲ့ နံ့သာကုန်သည်တစ်ယောက် ရှိသတဲ့၊ အဲဒီ နံ့သာကုန်သည်မှာ အသသ ဂုတ္တ၊ ဓနဂုတ္တ၊ ဥပဂုတ္တ အမည်ရှိတဲ့ သားသုံးယောက် ရှိသတဲ့"

"အဲဒီ ဥပဂုတ္တအမည်ရှိတဲ့ တတိယသားဟာ ဝါသဝဒတ္တာအမည်ရှိတဲ့ ပြည့်တန်ဆာမ သုသာန်တစ သချိုင်းဝမှာ ခြေဖြတ် လက်ဖြတ် နှာခေါင်းဖြတ် နားရွက်ဖြတ် ခံရစဉ် တရားဟောပေးတော့ ပြည့်တန်ဆာမ သောတာပန် ဖြစ်၊ ဥပဂုတ္တက အနာဂါမ် ဖြစ်သတဲ့။

"အဲဒီအကြောင်းကို သာဏဝါသီထေရ်သိတော့ အဖဖြစ်တဲ့ ဂုတ္တကို ပြောပြီး ဥပဂုတ္တကို ရဟန်းပြုပေးသတဲ့၊ ရဟန်း ပြုလို့ မကြာမြင့်မီမှာ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သတဲ့နော်"

"မှန်ပါ ဘုရား"

"ရဟန္တာဖြစ်ပြီး တရားဟောတော့ တရားပွဲပျက်ရန် မာရ်နတ်က ပုလဲမိုး ရွာချသတဲ့၊ ဒုတိယတရားပွဲမှာတော့ ရွှေမိုး ရွာချသတဲ့၊ တတိယတရားပွဲတော့ နတ်တူရိယာအကတို့ဖြင့် နှောင့်ယှက်သတဲ့နော်"

"မှန်ပါ ဘုရား"

"ရှင်ဥပဂုတ္တက မာရ်နတ် နှောင့်ယှက်မှန်း သိတော့ မာရ်နတ်ကို ဆုံးမသတဲ့၊ မြွေသေကောင်ပုပ်ကို မာရ်နတ်ရဲ့ ဦးခေါင်း စွပ်သတဲ့၊ ခွေးသေကောင်ပုပ်ကိုလည်း လည်ပင်းစွပ်သတဲ့၊ လူသေကောင်ပုပ်ကိုလည်း နောက်ကျော ပိုးစေပြီး နားရွက် နှစ်ဖက်၌ ချိတ်ဆွဲသတဲ့၊ မာရ်နတ်လည်း ဖြုတ်မရဘူးတဲ့နော်"

"မှန်ပါ ဘုရား၊ အရှင်ဘုရားပြောခါမှ ပိုပြီးတော့ ရှုပ်ကုန်ပြီ"

"ဘာဖြစ်လို့လဲ"

"နဂိုက ကြားဖူးတာက ခွေးသေကောင်တင်ရယ်၊ ယခု အရှင်ဘုရားပြောခါမှ လူသေကောင်ပုပ်ရော၊ မြွေသေကောင် ပုပ်ရော စုံလို့ပဲ၊ ဘာမှတ်ရမှန်းတောင် မသိတော့ဘူး"

"ဘာမှ မမှတ်နဲ့၊ ရှင်ဥပဂုတ်ဆိုတာ ဗုဒ္ဓကျမ်းလာ မဟုတ်ဘူးလို့သာ မှတ်ထား"

"မှန်ပါ၊ ဒီလိုပဲ မှတ်ဖို့ရှိပါတယ်၊ ဆက်အမိန့်ရှိပါဦးဘုရား"

"နောက် မာရ်နတ်က ဝန်ချတောင်းပန်သတဲ့၊ ဒီတော့ ဖြုတ်ပေးပြီး နောက်မနှောင့်ယှက်ရလို့ အမိန့်ပေးသတဲ့၊ သူက လည်း သာသနာတော်နှင့်စပ်၍ မနှောင့်ယှက်တော့ပါဘူးလို့ အာမခံသတဲ့"

"ဒီလိုဆို ရှင်ပြုပွဲတွေမှာ မာရ်နတ် မနှောင့်ယှက်တော့ဘူးပေါ့ဘုရား"

"အင်းပေါ့"

"ဒါဖြင့် တပည့်တော်တို့ ယုံကြည်တာတွေ လုပ်တာတွေဟာ ဟိုတလွဲ၊ ဒီတလွဲပါလားဘုရား"

"အဲဒါကြောင့် ခက်တာပေါ့ ဒကာကြီးရ"

"နောက် အမိန့်ရှိပါဦးဘုရား"

"နောက်တော့ သီရိဓမ္မာသောကမင်းကြီးက ကိုးကွယ်သတဲ့၊ အဲဒီမင်းကြီးကို ဘုရားရှင်လက်ထက်က ဖွားမြင်တော် မူရာ အရပ်မှ စ၍ အရပ်မျိုးစုံ ပြပေးသတဲ့"

"ဟို ... သမုဒ္ဒရာမှာ ကြေးပြာသာဒ်နဲ့စံတာ မပါပါလားဘုရား"

"အင်း ... အဲဒါတော့ ဒီမှာလည်း မပါဘူး"

"တယ်ခက်ပါလားဘုရား"

"ဘာခက်တာလဲ"

"ဘယ်သူတွေက ဘယ်လိုရေးလို့၊ ဘယ်သူတွေက ဖတ်ရလို့ ဘယ်လိုပြောလို့ ဘယ်လိုဖြစ်လဲ မသိပါဘုရား"

"ကဲ ... ထားတော့၊ သမုဒ္ဒရာထဲမှာ ကြေးပြာသာဒ်နဲ့ စံတယ်ထားဦး၊ ရှင်ဥပဂုတ်ဖောင် မျှောတာနဲ့ ဘာဆိုင်လဲ၊ ဘယ်လို ပတ်သက်လဲ"

"အဲဒီ သမုဒ္ဒရာထဲက ရှင်ဥပဂုတ်ကို ရည်မှန်းပူဇော်တာပေါ့ဘုရား"

"အဲဒီဖောင်က အဲဒီအထိ ရောက်မှာလား၊ လမ်းမှာ ပျက်မှာလား"

"လမ်းမှာပျက်တော့ လှူဖွယ်တွေလည်း ပျက်စီး၊ ရှင်ဥပဂုတ်လည်း ပရိနိဗ္ဗာန်စံ ဆိုတော့ လှူဖွယ်ပစ္စည်းတွေ ဖျက်ဆီး တဲ့ အပြစ်ကြီးတယ်၊ ရှင်ဥပဂုတ်ရဟန္တာ ရေနစ်သတ်တဲ့အတွက် ရှင်ဥပဂုတ်ဖောင် မျှောသူတွေ ရေထဲသွားရင် ရေနစ်သေကြ မယ်၊ ဖောင်ပျက်သေကြ၊ သင်္ဘောပျက်သေကြ၊ စက်လှေနစ်သေကြလိမ့်မယ်"

"ကြောက်စရာကြီးပါလား ဘုရား"

"ကြောက်စရာ လုပ်မနေနဲ့၊ ခြောက်တာလည်း မဟုတ်ဘူး၊ တူသောအကျိုး ပေးမယ်ဆိုတဲ့ စကားအရ ပြောတာ၊ ရှင်ဥပဂုတ် ရေနစ်သတ်တော့ အဲဒီ ဖောင်မျှောသူအားလုံး သဘော်ပျက်၊ လှေပျက်၊ ဖောင်ပျက်ပြီး ရှင်ဥပဂုတ် ပရိနိဗ္ဗာန်စံသလို သေတာပေါ့၊ ကဲ - နောက် ဖောင်မျှောဦးမလား၊ ရှင်ဥပဂုတ် ဖောင်မျှောတဲ့အကျိုးဟာ အဲဒါပဲ"

"မမျှောတော့ပါ ဘုရား"

"ဘုန်းကြီးကြားဖူးတာ တစ်ခု ပြောဦးမယ်၊ ရှင်ဥပဂုတ် ဖောင်မျှောတာ အစက ထွင်တဲ့လူအချို့ဟာ မရိုးသားဘူးတဲ့၊ ရှင်ဥပဂုတ်ဖောင်ဆိုပြီး အောက်မှာ ဝှက်ပြီး ဘိန်းတွေ ချသတဲ့"

"ကိုယ်ကျိုးနည်းပေါ့ ဘုရား"

"ပြီးတော့ တချို့က အဲဒီဖောင်အောက်ကနေ ကျွန်းသစ်တွေ ခိုးချသတဲ့"

"ဟင်"

"အေး ... အဲဒါကြားဖူးတာပဲ၊ ယုတ္တိလည်း ရှိပါတယ်၊ တချို့ဟုတ်တယ်၊ လူဆိုးတွေ လိမ်ရာ လူကောင်းတွေ ခံရတာပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ တကယ်ရှိတယ်လို့ ပူဇော်ချင်လည်း ကိုယ့်အိမ်ကနေ ကိုယ်ပူဇော်ပေါ့၊ ဖောင်နဲ့ မျှောလည်း ဟိုရောက်တာမှ မဟုတ်ဘဲနဲ့၊ ဟိုမှာလည်း မရှိပါဘူး"

"နို ... နေပါဦးဘုရား၊ ရှင်ဥပဂုတ် အရှင်မြတ်က နေကြည့်ပြီး ဆွမ်းစားတယ်ဆိုဘုရား"

"ဒါလည်း မပါပါဘူး၊ မတွေ့ပါဘူး၊ ယုတ္တိလည်း မရှိပါဘူး၊ စဉ်းစားကြည့်ပါလား၊ ရှင်ဥပဂုတ်အပေါ် အမွှမ်းတင်ထားလိုက်တာ တန်ခိုးတွေ အများကြီးပဲ၊ ဒီလောက်တန်ခိုးကြီးတဲ့ ရဟန္တာအရှင်မြတ်က သာမန်လူတွေတောင် သိတဲ့ နေမွန်းတည့်ကိစ္စ မသိဘဲ ရှိပါ့မလား"

"သိတာပေါ့"

"အင်း ... အဲဒီလို သိနိုင်တဲ့ကိစ္စကြီးကို ရုပ်ပျက်.ဆင်းပျက်နဲ့ နေကြည့်ပြီး ဆွမ်းစားတယ်ဆိုတာ ယုတ္တိရှိပါ့မလား"

"မရှိပါဘူးဘုရား"

"သာမန်ပုထုဇဉ် ရဟန်းသာမဏေတွေတောင် ဆွမ်းစားတဲ့အခါ သတိပ်မှာ အမှတ်ရှိပြီး စားရတာ၊ ရှင်ဥပဂုတ်အရှင်မြတ်က နေအမှတ်နဲ့ စားမတဲ့လား"

"စဉ်းစားစရာပဲ ဘုရား"

"အင်း ... ခုမှ စဉ်းစားရသတဲ့၊ စောစောတုန်းက ဘာဖြစ်လို့ မစဉ်းစားလဲ"

"နို ... နေပါဦး၊ ရှင်ဥပဂုတ် ပူဇော်ပြီး ဖောင်နဲ့ မမျှောရင် မိုးခေါင်ဆိုဘုရား"

"ကတ်သီးကတ်သတ် လာပြန်ပြီ၊ အဲဒါကြောင့် ပြောတာ၊ အဲဒါလည်း စာထဲ ပေထဲမှာ မရှိပါဘူး"

"ခက်လိုက်တာဘုရား"

"မခက်နဲ့၊ မခက်နဲ့၊ ခုမှ ခက်လို့မရဘူး၊ အမှားကိုမြင် အမြန်ပြင်တော့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ရှင်ဥပဂုတ်ပူဇော်ချင် ပူဇော်၊ အိမ်မှာပဲ ပူဇော်၊ ဖောင်နဲ့ မမျှောနဲ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ခေါင်းလည်း နေ့ကြည့်နေတဲ့ပုံတော် မထုနဲ့၊ ရိုးရိုးပုံပဲ ထုနော်"

"မှန်ပါ ဘုရား"

"သမုဒ္ဒရာလည်း အာရုံမပြုနဲ့၊ ဘုရားတောင်မှ ပရိနိဗ္ဗာန်စံမှ ရှင်ဥပဂုတ်က နေဦးမလား"

"မနေတော့ပါဘုရား"

✦ ရှင်ဥပဂုတ်၊ ဖြေအထုတ်၊ အလုပ်ပြီးချေပြီ။

✦ ပူဇော်လိုက၊ ပူဇော်ကြ၊ ယူဆမှန်ချင်သည်။

✦ ဖောင်မျှော၍ပစ်၊ မှန်စင်စစ်၊ ရေနစ်သေကြမည်။

✦ လှူဖွယ်များပြား၊ ပစ္စည်းများ၊ ဆုံးပါးပျက်စီးသည်။

✦ ဘိန်းချသမား၊ သစ်ခိုးများ၊ စီးပွားဖြစ်တော့သည်။

# ဘုန်းကြီးကြွလာ မယ်တော်ပုန်းရ

(၁၅၄)

"ခပင်းလောက၊ လူထိုမျှကား၊ ပြုကအသစ်၊ ဖြစ်ကအဟောင်း၊ ကျိုးနှင့်ကြောင်းတည့်၊ ဆိုး၊ကောင်း
ဟူထ၊ ဤနှစ်ဝကို၊ ကမ္မသကာ၊ မှတ်တို့ရာ၏။

"သည်သာမှန်ဘိ၊ ယွင်းမရှိဘူး၊ မိမိကမ္မ၊ ကိလေသဖြင့်၊ သုခလိုပြား၊ ဒုက္ခပွား၏၊ ရှေ့ကားသုခ၊ နောက်
ဒုက္ခနှင့်၊ စိတ်ကလိုရေး၊ အအေးတောင့်တ၊ အပူရလျက်၊ ပူကအေးမြ၊ မှန်မလွဲရှင့်၊ ဆင်းရဲရှေးရှိ၊ နောက်ပြီချမ်းသာ၊
ဖြစ်မြဲစွာတည့်"

(မဃဒေဝ)

အို …စာရှုသူ၊ အထက်ပါ မဃဒေဝလင်္ကာပိုဒ်ကို အထပ်ထပ်ဖတ်ရှုပြီး အထပ်ထပ် စဉ်းစားဝေဖန်ပါ။ ထိုအခါ စာရှုသူ တွင် လောလောဆယ် တွေ့ကြုံခံစားရသော လောကရေးပြဿနာများ ပြေလည်သွားပါလိမ့်မည်။

လောကရှိလူသားတိုင်းသည် ချမ်းသာသုခကိုချည်း ရှာဖွေကြ၏။ သို့သော် ချမ်းသာသုခချည်း မရကြပါ။ ရသည့်အခါ လည်း ရှိ၏။ မရသည့်အခါလည်း ရှိ၏။

ချမ်းသာသုခကို ရှာမှီး၍ ချမ်းသာသုခကို ရရှိသည့်အခါ အားရဝမ်းသာ ဖြစ်ကြ၏။ မိုးမမြင် လေမမြင် ဖြစ်ကြ၏။ အပြော အဆို၊ အပြုအမူ၊ အကြံအစည်တွေ များလာကြ၏။

ယင်းသို့ ချမ်းသာသုခ အကြောင်းပြုပြီး ပစ္စုပ္ပန်လောက၊ ပစ္စုပ္ပန်ဘဝတွင် မိုးမမြင် လေမမြင်ဖြစ်ကာ အပြောအဆို၊ အပြုအမူ၊ အကြံအစည် များခြင်းသည် အကုသိုလ်ကံ အသစ် ဖြစ်သွားလေပြီ။

မိမိတို့ မျက်မှောက်ဘဝ ရှာဖွေရရှိနေသော စည်းစိမ်ချမ်းသာတွေမှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံပေါ်တွင် ဉာဏ်၊ ဝီရိယ ဆင့်မှုကြောင့် ဖြစ်ပေါ်လာရသော သုခချမ်းသာများ ဖြစ်၏။ တစ်စုံတစ်ရာ မ၊စမှုကြောင့် မဟုတ်ပေ။

လူတို့သည် အများအားဖြင့် စီးပွားဥစ္စာ ရှာဖွေရာ၌ မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယ ကို အားမကိုးဘဲ ဘိုးတော်၊ မယ်တော်၊ နတ်ကတော်၊ ဝိဇ္ဇာ၊ ဇော်ဂျီ စသည်တို့ကို အားကိုးကြ၏။ ကိုးကွယ်ကြ၏။

ယင်းတို့က မ၊နိုင်သည် ဟု ယုံကြည်ကြသည်။ ယင်းတို့ကြောင့် စီးပွားတက်သည် ယူဆကြ၏။ မိမိ၏ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ ပေါ်တွင် ဉာဏ်၊ ဝီရိယ စိုက်ထုတ်မှုကြောင့် ဟု မယူဆကြတော့။

ရှိစေတော့၊ စီးပွားတက်နေစဉ် ဘိုးတော်.မယ်တော် တွေက မ.တယ်ဆိုတော့၊ ယုံစေတော့၊ ဘိုးတော်.မယ်တော်တို့၏ ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်နေပါလျက် စီးပွားတက်နေရာမှ စီးပွားပျက်သွားသူများ၊ ရာထူး တက်နေရာမှ ရာထူးကျသွားသူများကို ဘယ်သူက မ.၍ ဟု ဆိုမည်လဲ။

စီးပွားတက်စဉ်ကတော့ မ.လို့ ဆိုလျှင် ရှိစေတော့၊ စီးပွားပျက်တော့ ဘယ်သို့နည်း။ စီးပွားပျက်အောင်ပဲ မ.လိုက်ပါသလော။

ထို့အတူပင် ရာထူးတက်တော့ မ.လို့ ဆိုလျှင် ရှိစေတော့၊ ရာထူး ကျသွားတော့ ဘယ်သို့နည်း၊ ရာထူး ကျအောင် မ.လိုက်သလော။

အို ... စာရှုသူ စဉ်းစားပါဘိ၊ ဘိုးတော်၊ မယ်တော်၊ အထက်ဆရာတို့ရဲ့ တာဝန်ဝတ္တရားကို အပြည့်အနက် ထမ်းရွက်ပြီး ယင်းတို့အပေါ်တွင် ရာနှုန်းပြည့် ယုံကြည်သူများ ရှိကြပါ၏။ တန်းတူညီတူ စီးပွား၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်သိမ် တိုးတက်ပါသလော၊ တက်သူ ရှိသလို ကျသူလည်း ရှိပါ၏။

ဝတ္တရား မကျေပွန်သူ မယုံကြည်သူကို စီးပွားဥစ္စာ ရာထူးဂုဏ်သိမ် မပျက်အောင် လုပ်စေတော့၊ မ.စေတော့၊ မိမိတို့အပေါ်တွင် အသက်ပေး ယုံကြည်ကာ ဝတ္တရားမပျက် လက်ဆောင်ပဏ္ဏာ ပူဇော်သက္ကာ အမျိုးမျိုး ဆက်နေသူများကိုတော့ စီးပွားပျက်အောင်၊ ရာထူး ကျသွားအောင် မလုပ်သင့်သည် မဟုတ်ပါလော။

ယခုမူ မယ်တော်၊ ဘိုးတော်၊ မ.စရှင်၊ ဖန်ဆင်းရှင်၊ အထက်ဆရာ စသည်တို့ရဲ့ဝတ္တရားကျေပွန်သူ၊ အသက်အပ်နှင်း ယုံကြည်သူ တစ်ယောက် မက၊ တစ်ရာ မက၊ တစ်ထောင် မက စီးပွားပျက်.ရာထူးကျသူတို့ကို အထင်အရှား တွေ့နေရ၏၊ ယင်းကို မည်သို့ ဆိုမည်နည်း၊ မည်သူ့ကို ယိုးမယ်ဖွဲ့မည်နည်း။

အမှန်စင်စစ် မ.စသည်ဟု ယုံလျှင် ဖျက်ပစ်သည်လည်း ယုံရမည်၊ သို့မှ ယုံပုံ မှန်မည်၊ ယင်းသို့ ယုံရာ၌ ဝတ္တရားကျေပွန်နေပါလျက်ကနဲ ဘာ့ကြောင့် ရာထူးကျ၊ စီးပွားပျက်အောင် မ.ရပါသနည်း၊ ယင်းကို စဉ်းစားပါဘိ၊

ဝတ္တရားပျက်ရာ၌ ဖျက်ဆီးသည် ဆိုလျှင်လည်း စဉ်းစားပါဘိ၊ တစ်သက်လုံး ဝတ္တရား ကျေပွန်ပါလျက်ကနဲ အလှည့်အခန့်မသင့်လို့ သူ့ဝတ္တရား မပြုနိုင်တာနဲ့ ရာထူးပြုတ်အောင်၊ ပစ္စည်းမဲ့အောင် ပြုလုပ်ရသတဲ့လား၊ ပြုလုပ်နိုင်သတဲ့လား။

ယင်းသို့သာ စွမ်းဆောင်နိုင်ပါက အစ ပထမကတည်းက မယ်တော်၊ ဘိုးတော် စသည်တို့ကို မကိုးကွယ်သူတို့သည် စီးပွား မဖြစ်ရာ၊ အဘယ့်ကြောင့်ဆိုသော် မ.စနိုင်မည့်သူ မရှိလို့ ဖြစ်၏။

တစ်ဖန် မယ်တော်၊ ဘိုးတော် မကိုးကွယ်သူတို့သည် စီးပွား မပျက်ရာ၊ ရာထူးလည်း မကျရာ၊ အဘယ့်ကြောင့်ဆိုသော် ဖျက်ဆီးပစ်မည့် မယ်တော်၊ ဘိုးတော် မရှိလို့ ဖြစ်၏၊ စင်စစ်သော်ကား ကံ. ဉာဏ်. ဝီရိယ ညီမျှခိုက် စီးပွားတက်၊ ရာထူးတက်၍ ကံ. ဉာဏ်. ဝီရိယ မညီမျှခိုက် စီးပွားပျက်၊ ရာထူးကျခြင်း မျှသာ ဖြစ်၏။

အို ... စာရှုသူ၊ ကိုယ့်လုပ်စာ ကိုယ်စားပြီး သူများကျွန် မခံချင်ပါနှင့်၊ တကယ်ဆိုလျှင် မိမိရဲ့ ကံ. ဉာဏ်. ဝီရိယ ဆိုတဲ့အရင်းကို ဘာတစ်ခုမျှ မစိုက်ထုတ်ရဘဲနှင့် ဘိုးတော်၊ မယ်တော် ကိုးကွယ်ရုံနှင့် စီးပွားတက်၊ ရာထူးတက်တယ် ဆိုလျှင်တော့ ရှိစေတော့၊ ကိုးကွယ်သင့်၏၊ ကျွန်ခံသင့်၏။

ယခုမူ ကိုးကွယ်ရသည်မှာလည်း ဖတ်ဖတ်မောပြီ၊ ငှက်ပျောသီးဖိုး၊ အုန်းသီးဖိုးလည်း မနည်းပြီ၊ မိမိမှာလည်း ရှာရဖွေရ၊ ရာထူးတက်အောင် လုပ်ရသည်မှာ မသက်သာလှပြီ၊ ယင်းသို့ မိမိရဲ့ကံစွမ်း.ဉာဏ်စွမ်း.ဝီရိယစွမ်းကြောင့် စီးပွားတက်၊ ရာထူးတက်လာကာမှ မ.လို့ ဆိုတော့ ကိုယ့်လုပ်စာ ကိုယ်စား၊ သူများကျွန်ခံဘဝ မဟုတ်ပါလော။

သူများကျွန်ခံ ဘဝမျှနှင့် ဆိုသော် ကိစ္စမရှိပါ။ မ.စတယ် ဆိုတဲ့ အယူ ချွတ်လွဲမှုမှာ ကြောက်စရာ ကောင်းလှပါသည်။ ဗျာသနတရား ငါးပါးတွင် ဒိဋ္ဌိဗျာသနဘေး သင့်သွားပါသည်။

ဒိဋ္ဌိဗျာသနဘေး သင့်က အပါယ်ကျပါသည်။ စီးပွားပျက်မှု ဘောဂဗျာသနဘေးကြောင့် အပါယ် မကျနိုင်ပါ။ အို ... စာရှုသူ၊ ကိုယ့်လုပ်စာ ကိုယ်စားပြီး အပါယ်ကျ ခံကာ မ.စလို့ဟု ယုံကြည်ကာ မ.စမှုကို မျှော်လင့်ပြီး သူတစ်ပါးကျွန် ဆက်ခံဦး မည်လော။

အို ... စာရှုသူ၊ မိမိ ယင်းသို့ ရှင်းပြ ရေးပြ နိဒါန်းသွယ်ပြနေရသည်မှာ အချည်းနှီး အလဟဿ မဟုတ်ပါ။ အကြောင်း ရှိ၍ ဖြစ်ပါသည်။ အကြောင်းကား အသို့နည်း။

တစ်နေ့ ဖြစ်၏။ ထိုတစ်နေ့ကိုတော့ မဖော်ပြပါရစေနှင့်။ အဘယ့်ကြောင့်ဆိုသော် ပုဂ္ဂလဓိဋ္ဌာန် မဆန်စေလိုသော ကြောင့် ဖြစ်၏။ မိမိ စာရေးသည်မှာလည်း ဓမ္မဓိဋ္ဌာန်ကျကျ ပြုပြင်ရေးသဘောနှင့် ရေးနေခြင်းမျှသာ ဖြစ်ပါ၏။

သို့ဖြစ်၍ ထိုတစ်နေ့ကို မဖော်ပြခြင်း ဖြစ်၏။ ယင်းတစ်နေ့တွင် ဒကာ ဒကာမ သုံးလေးဦး ရောက်လာကြသည်။ ရှိခိုး ဦးချပြီး ထိုင်ကြကာ စကားပြောကြသည်။

ပြောရင်း ပြောရင်းနှင့် သူရဿတီမယ်တော်ကြီး အကြောင်း ရောက်သွားသည်။ ထိုအခါ ဒကာတစ်ယောက် မေး သည် -

"အရှင်ဘုရား၊ ဘုန်းကြီးကြွလာ မယ်တော်.ပုန်းရတာ ဘာကြောင့်ပါလဲဘုရား"

"ဟ ... ဒကာကြီးအမေးက အဆန်းပဲ၊ ဘယ်က ဘုန်းကြီးကြွလာတော့ မယ်တော်.ပုန်းရတာလဲ၊ ရှင်းစမ်းပါဦး"

"တပည့်တော်တို့ဆီမှာ အိမ်တစ်အိမ် ရှိတယ်ဘုရား၊ ဘုရား. တရား. သံဃာ ရတနာသုံးပါး သိပ်ကြည်ညိုတာပဲ၊ ကျောင်းဒကာ ကျောင်းဒကာမတွေပေါ့ ဘုရား"

"အင်း"

"သူတို့ကိုးကွယ်တဲ့ ဆရာတော်တွေကလည်း တကယ့် စာတတ်.ပေတတ် အကျင့်ကောင်းတဲ့ ဆရာတော်တွေပဲ ဘုရား"

"အင်း"

"ရုံခါ အကြောင်းရှိလို့ အဲဒီအိမ်ကို ဘုန်းကြီးတွေ ကြွလာရင် မယ်တော် ပုန်းနေရတယ်ဘုရား"

"ဘယ့်နယ် ဘုန်းကြီးကြွလာ မယ်တော် ပုန်းရမှာလဲ၊ မယ်တော်ဆိုရင် ဘုရား. တရား. သံဃာ ကြည်ညိုတာပေါ့၊ ဒီတော့ ဘုန်းကြီးကြွလာရင် မယ်တော်က ရှိခိုးရမယ် မဟုတ်လား၊ ခုတော့ ဘုန်းကြီးကြွလာ မယ်တော်က ရှိမခိုးဘဲ ဘာကြောင့် ပုန်းနေရလဲ၊ မယ်တော်မှာ ဘာအပြစ်တွေ ရှိလို့လဲ"

"မလျှောက်တတ်ပါ ဘုရား၊ ဘုန်းကြီးတွေ ကြွလာရင် အဲဒီအိမ်က မယ်တော်ကို အိပ်ခန်းထဲ သွင်းသွင်းထားရတယ် ဘုရား"

"ဒါဖြင့် မယ်တော်ဘာသာ မယ်တော် ပုန်းတာမဟုတ်ဘူး၊ အိမ်ရှင် ဒကာမကြီးတွေက ပုန်းခိုင်းတာပေါ့"

"မှန်ပါ ဘုရား"

"ဒါဖြင့် မယ်တော်က ဘုန်းကြီးတွေ ရှိမခိုးရတော့ဘူးပေါ့"

"မယ်တော်က ဘုန်းကြီးတွေကို ရှိခိုးရမလားဘုရား"

"မယ်တော်ဆို ရှိခိုးရမှာပေါ့"

"ဒီမယ်တော်က တန်ခိုးကြီးသတဲ့ဘုရား၊ ဘုန်းကြီးတွေကတောင် ရှိခိုးရသတဲ့ဘုရား"

"ကြံကြံဖန်ဖန် ဒကာကြီးကလဲ၊ ဘယ်မှာတွေ့လဲ"

"တချို့ဘုန်းကြီးကျောင်းမှာ တွေ့တယ်ဘုရား"

"ဘယ်လိုတွေ့လဲ"

"ဟသာ်ာရုပ်လေး စီးလို့၊ သူရဿတီမယ်တော်လေ ဘုရား၊ တန်ခိုးကြီးသတဲ့၊ ပိဋကတ်သုံးပုံ စောင့်သတဲ့"

"မယ်တော်ဆိုရင် သား အကျော်အမော် အမွန်ရှိရတယ်၊ ဒါမှ မယ်တော် ဖြစ်တယ်၊ ဟော . . . ဘုရားမယ်တော်၊ ရဟန်းမယ်တော် စသည် ရှိတယ်မဟုတ်လား၊ သာသနာ့အသုံးအနှုန်း သာသနာ့နယ်က"

"ရှိပါတယ် ဘုရား"

"ကဲ . . . ဒါဖြင့် အဲဒီ သူရဿတီမယ်တော်က ဘယ်ဘုရား၊ ဘယ်ရဟန္တာရဲ့မယ်တော်လဲ"

"မသိပါဘုရား"

"အဲဒီ ကိုးကွယ်တဲ့ ဘုန်းကြီး၊ ဂိုဏ်းဆရာ၊ လူ၊ ရှင်၊ မယ်သီလ ဘယ်သူ့သွားမေး.သွားမေး မေးချင်ရာ မေးပေတော့၊ အဖြေကတော့ ရမ်းတုတ်ထဲကပဲ၊ ရမ်းတုတ်နဲ့ပဲ သူရဿတီ အရုပ်ဖိုး၊ တင်မြှောက်ရတဲ့ အဖိုးကတော့ မနည်းဘူး၊ တချို့က သူရဿတီမယ်တော် ဆိုတာ သောတာပန် တဲ့၊ ဘယ်ကလာ ဟုတ်ရမှာလဲ၊ တချို့ကလည်း သိကြားမင်း သမီးတဲ့၊ မြန်မာထဲက ရမ်းတုတ်သမားတွေက ပြောတာ၊ စင်စစ် သူရဿတီမယ်တော် ဆိုတာ ဗုဒ္ဓသာသနာတော်မှာ ဘာမှ မပတ်သက်ဘူးလို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာတော်နှင့်မှ မပတ်သက်ဘူးဆိုရင် သူရဿတီမယ်တော်ကြီးက ပိဋကတ်သုံးပုံ စောင့်တယ်ဆိုတာလည်း ဟုတ်နိုင်ပါ့မလား"

"မဟုတ်နိုင်ပါဘုရား"

"ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာနဲ့ မပတ်သက်ဘူးဆိုတော့ သူရဿတီမယ်တော်ကြီးဟာ သောတာပန် ဆိုတာလည်း ဟုတ်နိုင်ပါ့မလား"

"မဟုတ်နိုင်ပါ ဘုရား"

"တကယ်လို့ ယခုခေတ် ရမ်းယုံ၊ ရမ်းယူနေသူ၊ ယုံတဲ့အတိုင်း သူရဿတီမယ်တော်ကြီးဟာ သောတာပန်ဆိုရင် သူ့ကိုးကွယ်တုန်းက ကိုးကွယ်ပြီး ကိုးကွယ်မှု ပျက်တော့ ဒုက္ခရောက်အောင် လုပ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါ ဘုရား"

"ကဲ . . . ပိဋကတ်သုံးပုံစောင့် မယ်တော်ကြီးဆိုရင်ကော တကယ့်သူတော်ကောင်းမကြီးပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီ သူတော်ကောင်းမကြီးကလည်း သူ့ကို ကိုးကွယ်မှု ပျက်ကွက်တာနဲ့ ဒုက္ခဆင်းရဲရောက်အောင် လုပ်ပါ့မလား"

"မလုပ်ပါဘုရား"

"အဲဒီ သူရဿတီမယ်တော်ကြီးအကြောင်း သူရဿတီမယ်တော်ကြီးက ပိဋကတ်သုံးပုံ စောင့်.မစောင့်နှင့် ပတ်သက်လို့ အတိအကျ သိချင်ရင် ဗုဒ္ဓမေ့ပြဿနာများ (၅)ကို ကြည့်ပါ၊ အဲဒီမှာ အတိအကျ ရှင်းထားတယ်နော်"

"မှန်ပါဘုရား၊ ခက်တယ်ဘုရား၊ တပည့်တော်တို့ ကိုးကွယ်တဲ့ ဘုန်းကြီးတချို့ကကို သူရဿတီမယ်တော်ကြီးကို အမြတ်တနိုး ကိုးကွယ်နေတော့ခက်တာပေါ့ဘုရား"

"ဘုန်းကြီး ဆိုပေမဲ့ ဘုရား မကိုးကွယ်ဘဲ နတ်ကိုးကွယ်တဲ့ ဘုန်းကြီးဟာ စင်စစ်တော့ စဉ်းစားစရာပဲနော်၊ အတိအကျတော့ မပြောချင်ဘူး၊ စဉ်းစားသာယူပေတော့"

"မှန်ပါ ဘုရား"

"ဘုန်းကြီးဆိုတာ ဘုရားတပည့်ပေါ့၊ ဘုရားတပည့်ဆိုတော့ ဘုရားရှင်သာ ကိုးကွယ်ရမှာပေါ့၊ တရားတော်. သံဃာတော်သာ ကိုးကွယ်ရမှာပေါ့၊ မယ်တော် ကိုးကွယ်တယ်ဆိုတော့ လွဲသွားပြီ၊ ဒိဋ္ဌိဖြစ်သွားပြီပေါ့၊ အဲဒီ ဒိဋ္ဌိဘုန်းကြီး ကိုးကွယ်ထိုက်ပါ့မလား"

"မကိုးကွယ်ထိုက်ပါ ဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ သူရဿတီမယ်တော်ဆိုတာ စင်စစ် ရှိကို မရှိတာ၊ ရှိတယ်ဆိုလည်း နတ်ပဲ၊ အဲဒီနတ်ကလည်း ဗုဒ္ဓဘာသာနဲ့ ဆိုင်တဲ့နတ် မဟုတ်ဘူး၊ ဗုဒ္ဓဘာသာသနာတော် မကြည်ညိုတဲ့ ဗြဟ္မဏနတ်၊ မိစ္ဆာနတ်သာ ဖြစ်မယ်"

"အဲဒီ ဗြဟ္မဏနတ်၊ မိစ္ဆာနတ်ကို ဘုန်းကြီးတွေ မဆိုထားနှင့် သာမန် ဗုဒ္ဓဘာသာဝင် တစ်ယောက်သည်ပင်လျှင် မကိုးကွယ်ထိုက်ဘူး"

"ခုတော့ သူတို့က ဘုရားရှေ့မှာ ထား ကိုးကွယ်တာဘုရား၊ ဘုန်းကြီးကြွလာရင် မယ်တော် ဝှက်ထားတယ်ဘုရား"

"အင်း... သူတို့ ရှိခိုးဦးချတယ်နဲ့ တူတယ်"

"ဘုရားရှေ့မှာ ထားပြီး ကိုးကွယ်မှ ရှိခိုးဦးချမှာပေါ့ဘုရား"

"ခက်ပြီ"

"ဘာဖြစ်လို့လဲဘုရား"

"မစဉ်းစားဘဲ ကိုးကွယ်လို့ပေါ့"

"ဘယ်လို မစဉ်းစားတာလဲ"

"အဲဒီ သူရဿတီဟာ တကယ်လို့ ဗုဒ္ဓဘာသာနတ်၊ ပိဋကတ်သုံးပုံ စောင့်တယ်ဆိုရင် ဘုရား ကြည်ညိုရမှာပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ အဲဒီမယ်တော်ဟာ ဘုရားဘက်လှည့်ပြီး ရှိခိုးနေမလား၊ ဟင်္သာကြီး စီးပြီး ဘုရားနောက်ခိုင်းကာ မရှိမသေ နေမလား"

"အရှင်ဘုရား ပြောမှပဲ စဉ်းစားမိပါတယ်ဘုရား"

"စဉ်းစားမိတယ် မလုပ်နဲ့၊ တကယ်လို့ အဲဒီမယ်တော်ရုပ်မှာ အသက်ဝင် အသက်ရှိ စွမ်းအင်သတ္တိရှိရင် ဗုဒ္ဓကြည်ညိုတဲ့ နတ်သမီး ဖြစ်ရင် ငါ့ကို ဒီလိုမထားနဲ့၊ ငါ ဒီလို မနေဘူး ပြောရမယ်နော်"

"မှန်ပါ ဘုရား"

"မိစ္ဆာနတ်ဆိုရင်လည်း ဘုရားအနားမှာ မနေနိုင်ဘူး၊ ပူလို့နော်"

"မှန်ပါ ဘုရား"

"ယခုခေတ် ရမ်းယူသူတွေ ယူသလို သိကြားမင်း သမီးဆိုရင်ကော စဉ်းစားကြည့် ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"အေး... ပြောပြမယ်၊ ဝတ္ထုကြောင်းလေး တစ်ခု၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ်က ဖြစ်ခဲ့တယ်၊ တစ်နေ့ ဘုရားရှင်က ရဟန်းတော်တို့ကို -

"ရဟန်းတို့၊ ရှေးက ဖြစ်ဖူးသည်ကား နတ်တို့အရှင် သိကြားမင်းသည် အကူအညီဖြစ်သော မာတလိ နတ်သားအား "အချင်းမာတလိ၊ အာဇာနည် မြင်းတစ်ထောင်က.တဲ့ ရထားကို ပြင်လော့၊ မြေကောင်းရာအရပ် ကို ကြည့်ရှုခြင်းငှာ ဥယျာဉ်မြေသို့ သွားကုန်အံ့" လို့ ပြောဆိုတယ်။

"ဒီတော့ မာတလိက "ကောင်းပါပြီ အရှင်သိကြားမင်း" လို့ ဝန်ခံပြီး ရထား ပြင်ဆင်ကာ သိကြားမင်းအား လျှောက်ထားတယ်။

"အရှင်သိကြားမင်း၊ အရှင်ရဲ့ အာဇာနည်မြင်း တစ်ထောင်က.တဲ့ ရထားကို ပြင်ဆင်ပြီးပါပြီ၊ သွားရန်မှာ အရှင်သိကြားမင်းရဲ့ အလိုအတိုင်း ဖြစ်ပါတယ်" လို့ ပြောဆိုတယ်။

"ရဟန်းတို့၊ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်သည်ရှိသော် လက်အုပ်ချီ၍ အရပ်လေးမျက်နှာတို့ကို ရှိခိုး၏။ ရဟန်းတို့ ထိုအခါ၌ မာတလိက နတ်တို့အရှင်သိကြားမင်းကို ဂါထာ ဖြင့် ရွတ်ဆိုမေးတယ် -

"သိကြားမင်း၊ ဗေဒင်သုံးပုံတတ်သူ ပြဟ္မဏတို့သည်လည်းကောင်း၊ မြေ၌နေသူ အားလုံးတို့သည်လည်း ကောင်း၊ မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီး လေးယောက်တို့သည်လည်းကောင်း၊ များသောအခြံအရံ ရှိသော တာဝတိံသာနတ်တို့သည်လည်းကောင်း အရှင်သိကြားမင်းကို ရှိခိုးကုန်၏။ သိကြားမင်း၊ ထိုသို့ ဖြစ်ပါလျက် အရှင်သိကြားမင်း ရှိခိုးသော နတ်မင်းကြီးသည်ကား အဘယ်အမည်ရှိသော နတ်မင်းဖြစ်ပါသနည်း"

"မာတလိ၊ ဗေဒင်သုံးပုံတတ်သော ပြဟ္မဏတို့သည်လည်းကောင်း၊ မြေ၌နေသူ အားလုံးတို့သည်လည်း ကောင်း၊ မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီး လေးယောက်တို့သည်လည်းကောင်း၊ များသော အခြံအရံ ရှိသော တာဝတိံသာနတ်တို့သည်လည်းကောင်း ငါ့ကို ရှိခိုးကြကုန်၏။

"မာတလိ၊ ငါသည်ကား သီလနှင့် ပြည့်စုံကုန်သော၊ ရှည်စွာသော ညဉ့်တို့ပတ်လုံး တည်ကြည်ခြင်း ရှိ ကုန်သော မြတ်သောအကျင့်လျှင် လဲလျောင်းရာ ရှိကုန်သော ရဟန်းတော်တို့ကို ကောင်းစွာ ရှိခိုး၏။

"မာတလိ၊ အကြင်သူတို့သည် အိမ်၌တည်ကုန်၍ ကောင်းမှုကို ပြုကုန်၏။ သီလ ရှိကုန်၏။ ရတနာ သုံးပါးကို ဆည်းကပ်ကုန်၏။ တရားနှင့်အညီ သားမယားကို မွေးမြူကုန်၏။ ထိုသူတို့ကို ငါသည် ရှိခိုး၏"

"သိကြားမင်း၊ အရှင်သိကြားမင်းသည် အကြင်သူတို့ကို ရှိခိုး၏။ ထိုသူတို့သည် လောက၌ မြတ်ကုန် သတတ်၊ သိကြားမင်း၊ အရှင်သိကြားမင်းသည် အကြင်သူတို့ကို ရှိခိုး၏။ ထိုသူတို့ကို အကျွန်ုပ်လည်း ရှိခိုးပါ၏"

"ကဲ . . . အဲဒီမှာ ကြည့်၊ သီလ. သမာဓိ မြတ်တဲ့ အကျင့်နှင့် ပြည့်စုံတဲ့ ရဟန်းတော်တွေကို သိကြားမင်းက ရှိခိုးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နတ်တို့အရှင် သိကြားမင်းနော်"

"အေး . . . ဒါဖြင့် မှတ်ထား၊ ယခုခေတ်မှာ ပွဲတွေ ဘာတွေနဲ့ နတ်ကိုးကွယ်တဲ့ ဘုန်းကြီးတွေဟာ အတုတွေပဲ၊ အစစ် ဆိုရင် သူ့ကိုသာ နတ်က ရှိခိုးရမယ်မဟုတ်လား၊ ဒီတော့ နတ်ပွဲ တတင်တင်နဲ့ဘုန်းကြီး ကိုးကွယ်ထိုက်လား"

"မကိုးကွယ်ထိုက်ပါဘုရား"

"ကဲ . . . အဖေဖြစ်တဲ့ သိကြားမင်းကြီးကတောင် ရဟန်းတော်တွေကို ရှိခိုးပါတယ် ဆိုရင် သမီးဖြစ်တဲ့ သူရဿတီကို ဘုန်းကြီးတွေက ကိုးကွယ်ရမှာလား"

"မကိုးကွယ်ရပါဘုရား"

"အမှန်စင်စစ် သုရာသတီဟာ သိကြားမင်းရဲ့သမီးလည်း မဟုတ်ဘူး၊ သောတာပန်လည်း မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ သုရာသတီကိုးကွယ်တဲ့ ဘုန်းကြီးဟာ ဘာမှန်း ညာမှန်း မသိတဲ့ ဘုန်းကြီးပဲ၊ အဲဒီဘုန်းကြီးအချိုကြောင့်ပဲ လူတွေ ယောင်ကုန်တယ်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် အဲဒီ သုရာသတီကိုးကွယ်တဲ့ ဘုန်းကြီးလည်း မကိုးကွယ်သင့်တဲ့ ဘုန်းကြီးပဲလို့ မှတ်"

"မှန်ပါ ဘုရား"

"ပြီးတော့ ကြည့်ပါလား၊ ကောင်းမှုပြု သီလရှိ ရတနာသုံးပါး ဆည်းကပ်သူတို့ကို သိကြားမင်းက ရှိခိုးတယ်လို့ မပါဘူးလား"

"ပါပါတယ်ဘုရား"

"နတ်တို့အရှင် သိကြားမင်းကတောင် ရှိခိုးပါတယ် ဆိုပါလျက်ကနဲ့ ကိုယ်က ဘာဖြစ်လို့ သိကြားမင်း သမီးဖြစ်တဲ့ သုရာသတီကို ရှိခိုးရလဲ၊ တကယ်ဆိုတော့ အဖေကတောင် ရှိခိုးရပါတယ်ဆိုတော့ သမီးဆိုတာ သာပြီးတော့ ရှိခိုးရမယ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"အမှန်စင်စစ် သိကြားမင်း သမီးလည်း မဟုတ်ဘူး၊ ကဲ... သူ့ကို ဘုရားစင်မှာ ထားသင့်လား မထားသင့်ဘူးလား"

"မထားသင့်ပါဘုရား"

"ရှိခိုးသင့်လား၊ မသင့်လား"

"မသင့်ပါ ဘုရား"

"အမျှတော့ ဝေချင် ဝေနော်၊ အမျှဝေတာကို နတ်တွေ သဘောကျတယ်၊ အမျှဝေတာကိုတော့ သိကြားမင်းတောင် လိုလားတယ်၊ သိကြားမင်းကိုယ်တိုင် လိုလားရင် တခြားနတ်တွေကော မလိုလားဘူးလား"

"လိုလားပါတယ် ဘုရား"

"အေး... အမျှတော့ သတ္တဝါ အနန္တ မှန်သမျှကို မိမိပြုသမျှ ကုသိုလ်အဖို့ဘာဂ အကုန်ဝေနော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကုသိုလ်ကောင်းမှု ပြုပြီး အမျှဝေတဲ့ ကုသိုလ်ရှင်တော့ နတ်သိကြားတွေက မ.တယ်၊ ကုသိုလ် မရှိသူတော့ မ.မနိုင်ကြောင်းကို မဃဒေဝလင်္ကာမှာ ဒီလိုလင်္ကာသီခဲ့တယ် -

> "သိကြားနတ်ပင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာတည့်၊ မြင်ပါလျက်ကဲ့၊ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊ မရှုသာတည်း" တဲ့။

"ဒီတော့ ကုသိုလ်ကောင်းမှု ပြုပြီး နတ်တွေကို အမျှဝေရမလား၊ ဘုရားစင်ပေါ်တင် ဘုရားစင်ရှေ့ထားပြီး ရှိခိုးရမလား"

"အမျှ.ဝေရမှာပါဘုရား"

"သူတို့ကို ရှိခိုးလို့၊ ပူဇော်လို့ ကိုယ့်ကို မ.နိုင်တယ်ဆိုတာလည်း ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"သူတို့ကလည်း ကိုယ့်ကို ပျက်စီးအောင် ဖျက်ဆီးနိုင်ပါ့မလား"

"မဖျက်ဆီးနိုင်ပါဘုရား"

"အေး...မ.နိုင်တယ် ဆိုရင်လည်း နတ်ကိုးကွယ်သူ အကုန်လုံး ချမ်းသာရမယ်၊ ရာထူး တက်ရမယ်နော်"

"မှန်ပါ ဘုရား"

""သူတို့ ဖျက်ဆီးလို့ ပျက်ရမယ်ဆိုရင်လည်း နတ်မကိုးကွယ်သူတွေ အကုန်ပျက်ကုန်ရောပေါ့နော်"

""မှန်ပါ ဘုရား"

"ကုသိုလ်ပြုပြီး အမျှဝေတာ ကြိုက်တာက သူတို့အတွက်၊ အဲဒီလို သူတို့အတွက် ပြုပေးလို့ ကျေးဇူးရှိတာတောင် အခါခပ်သိမ်း မ.မနိုင်တာ၊ ဘယ့်နှယ် နေရာတကာ နတ် မ.တယ်၊ ဘိုးတော်၊ မယ်တော်တွေ ဖျက်ဆီးလို့ဆိုတာ မှန်နိုင်ပါ့မလား"

"မမှန်နိုင်ပါဘုရား"

✦ လူတွင်မင်းကြီး၊ စက်ရှင်စီးလျက်၊ ဘုန်းကြီးစေကာ၊ ကြမ္မာညှိုးမှိန်၊ ပျက်စီးချိန်၌
ပညိန္ဒြေ၊ သတိမောက်မား၊ တရားကင်းလွတ်၊ ကျင့်ယွင်းချွတ်၏။

✦ ကျင့်ချွတ်သောခါ၊ ပညာအမျိုး၊ တန်ခိုးထိန်ညီး၊ ဘုန်းတန်ခိုးကြီးလည်း၊ ပျက်စီးမြဲလျှင်၊ မချွတ်ပင်တည်း။

✦ အကြင်လူများ၊ ယောက်ျား မိန်းမ၊ စသည်ထိုထို၊ ပျက်စီးလိုက၊ အဆိုအသွား၊ အမှားမှားဖြင့်၊ ဘုရားသော်မှ၊
ဟောမရဘူး၊ ဗာလဘုန်းကြီး၊ ကောက်ရိုးမီးသို့၊ အကျိုးမကျ၊ ဓကာမျှသာ၊ ပျက်စီးရာ၏။

✦ ပညာရှိထွတ်၊ သူမြတ်တို့ထံ၊ ဆုံးမ ခံ၍၊ ကျင့်ကြံသမွှာ၊ ဆောက်တည်ပါမူ၊ သမ္မာဇွေ့ပျိုး၊
မျိုးသို့ပေါက်သစ်၊ ဘုန်းတန်းသစ်၏။

(မဃဒေဝ)

# ယောက်ျား့မြတ်၍ မိန်းမ့ယုတ်သလော

## (၁၅၅)

"လူ့ရွာဌာန၊ လူ့လောကဌ်၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးရွား၊ မဟုတ်ခြားဘူး၊ ယောက်ျား
သည်လည်း၊ ပညာနည်းတို့၊ စောင့်စည်းမရှိ၊ မျိုးဣတ္ထိသို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိန်မြူးချေတတ်၊ ကျင့်
မမြတ်တည်း"

(မဃဒေဝ - ၃၁၃)

အို…စာရှုသူ၊ မိမိအား "ယောက်ျား့မြတ်၍မိန်းမ့ယုတ်သလော" ဟုတစ်ယောက်သောသူကပြဿနာ မေး၏။ မိမိက အသို့ ဖြေအံ့နည်း။ အများ ပြော၊ အများ အယူအဆ၊ အများ အမှတ်အသားနှင့် ပြောသော် မိန်းမ ယုတ်သည်၊ ယောက်ျားမြတ်သည်ဟု အလွယ်ပင် ဖြေရမလို ဖြစ်၏။

စင်စစ်မူ ယင်းသို့ မဟုတ်ပါ။ မိန်းမနှင့် ယောက်ျား အယုတ်အမြတ် ခွဲခြားသော ဝါဒမှာ ဗုဒ္ဓဝါဒ မဟုတ်ပါ။ ပြဟ္မဏဝါဒ မျှသာ ဖြစ်ပါသည်။

ပြဟ္မဏဝါဒမှာ ဗုဒ္ဓ မပွင့်ထွန်း မပေါ်ပေါက်မီ ကမ္ဘာဦးကပင် ပေါ်ပေါက်ခေတ်စားနေသော ဝါဒ ဖြစ်၏။ သို့ဖြစ်၍ ကမ္ဘာဦးလူ၊ ပြဟ္မဏဂိုဏ်းဝင် ပြဟ္မဏဝါဒ အရ မိန်းမ့ယုတ်၊ ယောက်ျား့မြတ် ဝါဒ ဖြစ်ခဲ့ပါသည်။

ဗုဒ္ဓကမူ မိန်းမနှင့်ယောက်ျားကို ဘယ်သူက ယုတ်၊ ဘယ်သူက မြတ် ဟူ၍ မခွဲခြားပါ။ ပြဟ္မဏဝါဒ မိန်းမ့ယုတ် - ယောက်ျား့မြတ် ဝါဒကိုပင် ဗုဒ္ဓက ချေဖျက်ပါသေးသည်။

မှန်၏။ အထက်ဖော်ပြပါမဃဒေဝလင်္ကာကိုကြည့်လျှင်အယုတ်အမြတ်မှာအကျင့်စာရိတ္တနှင့်သာ သက်ဆိုင်ကြောင်း ထင်ရှားဖြစ်ပါသည်။ သို့ဖြစ်၍ မဃဒေဝလင်္ကာတွင် ယောက်ျား ယုတ်ပုံကို ဆက်လက် လင်္ကာသီပြပါသည်။

"မှတ်လော့ထိုရော်၊ ရှေးခါသော်က၊ ခြောက်ဖော်မင်းသား၊ တောရပ်သွားတို့၊ မယားကို သတ်၊ စားကုန်
တတ်ရှင့်"

"ပြဟ္မဒတ်ကုမာ၊ မင်းလျာသောတ္တိ၊ မည်ရှိထင်ရှား၊ ထိုနှစ်ပါးလည်း၊ ကြွသွားတောခွင်၊ လုပ်ကျွေးကျင်
လည်၊ ရုပ်သွင်နတ်တူ၊ သမ္မုတို့အား၊ စွန့်ပယ်ထား၍၊ ယောက်ျားတို့စိတ်၊ မြင်တိုင်းညိတ်လျက်၊ ဆိတ်၏အလား၊
နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်လျောထွေပြား၊ သူ့အခြားနှင့်၊ ပျော်ပါးမေ့ကျန်၊ ယွင်းဖောက်ပြန်၏"

"သေဒက်ကယ်မှု၊ သက်လုံးစု၍၊ လင်ပြုပါလျက်၊ ချောက်နရက်သို့၊ အသက်သေစိမ့်၊ ချပိမ့်ကြံစည် -

"ဟာရာပြည်ဝယ်၊ လေးမည်ယောက်ျား၊ သူဋ္ဌေးသားလည်း၊ ကြား၍မလျော်၊ လိုရာခေါ်၍၊ ပျော်လိုသမျှ၊ ပျော်ကိစ္စဖြင့်၊ ပျော်ကြပြီးခါ၊ မိကလျာအား၊ သတ်ကာ မသနား၊ ဆင်ဝတ်စားကို၊ ယူငြားကုန်လျှင်း၊ မိုက်ခေါင်ချင်း၏"

"အနစ်ပညာ၊ မရှိပါက၊ အဂ်ါခြေလက်၊ ယောက်ျားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးရွား၊ မိုက်လုံးထွားသည်၊ နွားနှင့်ကျားနှင့်၊ အတူတည်း"                                                  (မဃဒေဝ - ၃၁၃)

"အို ... စာရှုသူ၊ အထက်ပါ လင်္ကာပုဒ်တွေကို အဖန်ဖန် ဖတ်ရှုပါဘိ။ မိန်းမ ယောက်ျားတို့၏ အယုတ်အမြတ် ပြဿနာ သက်သေသာဓက အကျယ်ဖော်ပြရေးရသော် များပြားလှ၏။

သို့ဖြစ်၍ အကျယ်တဝင့် မဖွင့်ဆိုဘဲ စာရှုသူ ကိုယ်တိုင်လည်း သဘောပေါက်၊ သာဓက.များစွာလည်း ရရန် လင်္ကာများဖြင့် ဆက်လက်ဖော်ပြပါအံ့ -

"သသေဓိယ၊ သုဒေဝနှင့်၊ ချောက်ကျ ပုဏ္ဏား၊ တောမှားမုဆိုး၊ သူခိုးနေ့ညာ၊ ပဏ္ဍာရာ၏၊ ဂုယှမန္တာ၊ လျှို့ဝှက်ရာကို၊ မညာထောက်ထား၊ ဂျွန်အားလျှင်၊ ပြောကြားတုံဘိ၊ ကရဏ္ဍိဟု၊ အာဇီဝက၊ ဤသို့စသား၊ မိန်းမဟုတ်၊ ယောက်ျားယုတ်တို့၊ မိတ်ဖြုတ်ကျင့်တန်၊ ကျေးဇူးလှန်၍၊ မမှန်သစ္စာ၊ ယုတ်မာဆိုးလှ၊ မိုက်ကုန်ကြ၏"

"ထိုမှတပ၊ ပုရိသတို့၊ မိန်းမအာရုံ၊ တွေ့ ကြိုက်ကြံသော်၊ ရာဂမ္ဘတ္တက၊ သတိပ၍၊ မောဟမှုန်တက်၊ ဆားနယ်လျက်မျှ၊ ထန်းလျက်သကြား၊ သကာများနှင့်၊ ရှိုးပြားသဏ္ဍာန်၊ သာယာဟန်ဖြင့်၊ ဉာဏ်သက်သက်မဲ့၊ နွား၏ကဲ့သို့၊ လာခဲ့သွားလေ၊ မိန်းမစေတိုင်း၊ သေဆိုသေထ၊ လိုက်ကြကုန်၏"

(မဃဒေဝ - ၃၁၄)

"မယားအလို၊ အလိုက်ပိုလျက်၊ မျောက်ကိုမြစ်မှာ၊ ခဝါချခြင်း၊ မြင်း၏အသွင်၊ ကျောကုန်းတင်၍၊ လမ်းတွင်ပြေးစွ၊ ဟာရာဏ၌၊ အဿကမင်း၊ မီးပုံဆင်းခဲ့။

"ယင်းမှတသွယ်၊ ရှေးခါဝယ်တိ၊ သူကြွယ်ဟူထ၊ သုဇာတလည်း၊ ဣန္ဒထံနီး၊ နတ်သမီးကို၊ မြင်ပြီးခဏ၊ တ,တတနင့်၊ မရသောအား၊ မစားအစာ၊ မြည်တမ်းကာလျှင်၊ ခန္ဓာပြတ်ကြွေ၊ အသက်သေရှင့်။

"ဟိနတ်ဘာဝ၊ တပ်ကာမ၌၊ လောဘအရာ၊ ကိလေသာကား၊ ပညာ သတိ၊ ကင်းလတ်ဘိသော်၊ အနိတ္ထိဂန္ဓ၊ မင်းကုသတို့၊ မိန်းမထက်လွန်၊ ပဟဝန်မြိုင်ကွေ့၊ တောပျော်မွေ့သား၊ ရသေ့ဖြစ်လျက်၊ သီလဖျက်ပြီး၊ ရမ္မက်မီးကြွ၊ ဂန္ဓပ္ပနှင့်၊ ရဋ္ဌဝတီ၊ ကိန္နရီကို၊ မူးသီကိလေ၊ မြင်ရုံသေမျှ၊ တွေ့ဝေမိန်းပြတ်၊ ဉာဏ်ကျိုးဆတ်၏။

"သူမြတ်ဗောဓိ၊ လောင်းဇာတိလျက်၊ ဟရိတစ၊ ရှင်လောမတို့၊ လောဘအဟုန်၊ ကျဆင်မုန်သို့၊ ကာမဂုဏ်ညစ်၊ ရာဂယစ်၍၊ အပြစ်မထင်၊ မိန်းမသွင်ကို၊ မြင်လျှင်မြင်ချင်း၊ သတိယွင်းလျက်၊ ဉာဏ်ကင်းလက်လွှတ်၊ ရှာန်ကျိုးပြတ်၏။

"ယုတ်မြတ်ဟူကြ၊ ဤလောက၌၊ မိန်းမယောက်ျား၊ သဘောအားဖြင့်၊ ခြားနားမရှိ၊ သားချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်။

"ပညာမည်ငြား၊ ဤတရားလည်း၊ ယောက်ျား၌သာ၊ မဟူရာဘူး၊ အမရာဒေဝီ၊ ဘေရိဓမ္မ၊ ဒိန္နာစသည့်၊ အပွကဟူ၊ နည်းငယ်မှုကား၊ လူ့ဝယ်ထိုသို့၊ မိန်းမတို့လည်း၊ မချို့ပညာ၊ ရှိတတ်စွာ၏။

(မဃဒေဝ - ၃၁၄)

"မိစ္ဆာမိုက်ကြူး၊ ကျေးဇူးချေတတ်၊ မမြတ်စာရ၊ မောဟပြောထူ၊ မိန်းမဟူသည်၊ ယေဘုယျနည်း၊ ဖြစ်သတည်းရှင့်။

"သိမ်းဆည်းမဲ့ဘိ၊ ကင်းသတိနှင့်၊ အသိပညာဥ်၊ မယှဉ်သည့်သူ၊ ထိုမျှလူတို့၊ ကျင့်မှုဖောက်ပြား၊ မတည်ကြားသည့်၊ ယောက်ျားမိန်းမ၊ မဟူတည်း" (မဃဒေဝ - ၃၁၄)

"လိမ္မာစွင့်သီ၊ ပညာရှိသား၊ ဓိတိတည်မတ်၊ မိန်းမမြတ်တို့၊ နတ်နှင့်မခြား၊ လင်ယောက်ျားကို၊ ပျော်ပါးမပြတ်၊ ရှင်စေတတ်လျက်၊ လေးမြတ်သက်တင်၊ မိမိလင်၏၊ လူတွင်စစ်စစ်၊ မိတ်ကြီးဖြစ်၏။

"တဆစ်ထိုပြီ၊ မြတ်ဇာတိဖြင့်၊ ဇောမိဆုပန်၊ ယောက်ျားမွန်တို့၊ ငါးတန်ပရိစ္စာဂ၊ စရိယဥ္ဌ၊ တကွမချွတ်၊ တူကြည်ညွတ်၍၊ အမြတ်ဝသီ၊ ပါရမီကို၊ ကူညီအားသစ်၊ ဖြည့်ဘက်ဖြစ်၏။

"ဉာဏ်လစ်ယောက်ျား၊ ရှိခဲ့ငြားသော်၊ ယောက်ျားတို့ထက်၊ ရုတ်တရက်ဉာဏ်၊ ပဋိဘာန်ဖြင့်၊ လျင်မြန်မချွတ်၊ ကြံစည်တတ်၏။

"ပြဟ္မဒတ်မင်းကြီး၊ သဘောသီး၍၊ ထီးခင်းတရာ၊ သတ်မည်ခါ၌၊ ဣန္ဒာထွင့်ဖျား၊ သိကြားသော်လျက်၊ ကြံနိုင်ခက်လည်း၊ ထက်မြက်ပြင်းရှိန်၊ ဝရဇိန်သို့၊ ဓမ္မဒိန်မည်၊ ဉာဏ်ရည်ထူးမြတ်၊ မိဘုန်းမြတ်လျှင်၊ သက်လွှတ်ချမ်းသာ၊ ရစေပါ၏။

"မင်းလျာနရိန်၊ သောတ္ထိသိန်လည်း၊ ညှိုးပိန်ကာယ၊ ကိုယ့်ဒုက္ခဖြင့်၊ ကုဋ္ဌရောဂါ၊ ဝေဒနာကို၊ သမ္ဗုလာနတ်၊ မိဘုန်းမြတ်လျှင်၊ နှုတ်ရွတ်သာယာ၊ ချစ်မေတ္တာနှင့်၊ သစ္စာဆေးကု၊ ပြု၍သုခ၊ ချမ်းသာရ၏။

"မတ်လုမပေဟော်၊ ပညာကျော်လည်း၊ မမြော်နိုင်ဘိ၊ မသိနိုင်တတ်၊ လွန်ခဲကတ်သား၊ ပြဟ္မဒတ်မင်း၊ နလုံးသွင်းကို၊ ဝမ်းတွင်းထုတ်ဆောင်၊ ပညာရောင်ဖြင့်၊ ထင်အောင်ဖော်ပြ၊ ဘေရီမလျှင်၊ ကြောင့်ကြကင်းမှု၊ ကြံစည်ပြု၏။

"မယ်သုဇာတာ၊ ဖြစ်သောခါနှင့်၊ စန္ဒာတဝ၊ စန္ဒကိန္နရီ၊ ဒေဝီမြတ်ပေါင်း၊ ယသော်လောင်းတို့၊ လင်ကောင်းတို့၌၊ ဘေးဆိုက်သေလု၊ သေမှုရောက်ခါ၊ နှုတ်သစ္စာဖြင့်၊ ချမ်းသာစေကြောင်း၊ ပန်ဆုတောင်း၍၊ ကြံကောင်းကြံမ၊ ပြုကုန်ကြ၏။

"မှန်လှ ထို့ကြောင့်၊ ယခေါင့်ကာလ၊ ရှေးမဆွ၌၊ ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာဟု၊ ပညာရှိများ၊ အစဉ်ကြားလျက်၊ ထင်ရှားမိန့်မှာ၊ ဥဒါန်းလာ၏။

"ကိလေသာဓမ္မ၊ သဘာဝကား၊ သုတအရာ၊ ပညာမရှိ၊ သတိမဲ့ထ၊ ဟူသမျှပင်၊ ဆန္ဒအလိုက်၊ စရိုက်များရာ၊ ကြူးကြစွာ၏။

"ယုတ်မာမြတ်ခြင်း၊ ပြဟ္မာမင်းနှင့်၊ နတ်မင်းမတန်၊ သဘောမှန်ရှင့်။

"သဏ္ဌာန်ရုပ်ဝါ၊ မည်သညာနှင့်၊ ဝေါဟာသက်သက်၊ အထူးတွက်လည်း၊ ကျောဘက်ဝမ်းဘက်၊ ပက်လက်မှောက်ခုံ၊ မနင့်စုံသို့၊ ခေါ်ယုံသာခြား၊ ဓာတ်မပြားသည့်၊ လက်ဝါး,လက်ခုပ် မှတ်ယူတည်း"

(မဃဒေဝ - ၃၁၅)

"အို ... စာရှုသူ၊ ယောက်ျားမြတ်၍ မိန်းမ.ယုတ်သလော" ဆိုတဲ့ အမေးနှင့် ပတ်သက်၍ ဆက်လက်၍ သာဓကတစ်ခု ပြလိုပေသေးသည်။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက်က ဖြစ်၏။ ဘုရားရှင်သည် တစ်နေ့နံနက် သပိတ် သင်္ကန်းကို ပြင်ဆင်ကာ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံ ဝင်တော်မူ၏။

ထိုအချိန်အခါ၌ အဂ္ဂိကဘာရဒွါဇပုဏ္ဏားး၏ နေအိမ်၌ ပူဇော်ထားသော မီးသည် တောက်ပ.နေ၏။ မီးပူဇော်ရန် နို့ယနာ၊ ထောပတ် စသည်ကို စီရင်ထား၏။

ထိုအခါ ဘုရားရှင်သည် သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သော် အဂ္ဂိကဘာရဒွါဇပုဏ္ဏား၏ နေအိမ်သို့ ရောက်တော်မူ၏။ ပုဏ္ဏားသည် ဘုရားရှင် ကြွလာတော်မူသည်ကို အဝေးကပင် မြင်၍ ဘုရားရှင်အား -

"ဦးပြည်းယုတ် ထို၌သာလျှင် ရပ်လော့၊ ရဟန်းယုတ် ထို၌သာလျှင် ရပ်လော့၊ သူယုတ်မာ ထို၌သာလျှင် ရပ်လော့" ဟု ဆို၏။ ဤသို့ ဆိုလတ်သော် မြတ်စွာဘုရားသခင်သည် -

"အဂ္ဂိကဘာရဒွါဇပုဏ္ဏား၊ သင်သည် သူယုတ်အဖြစ်ကိုလည်းကောင်း၊ သူယုတ်အဖြစ်ကို ပြုတတ်သော တရားတို့ကိုလည်းကောင်း သိ၏လော"

ဟု မိန့်တော်မူ၏။

"အရှင်ဂေါတမ ကျွန်ုပ်သည် သူယုတ်အဖြစ်ကိုလည်းကောင်း၊ သူယုတ်အဖြစ်ကို ပြုတတ်သော တရားတို့ကိုလည်းကောင်း မသိပါ၊ အကျွန်ုပ် တောင်းပန်ပါ၏၊ အရှင်ဂေါတမသည် သူယုတ်အဖြစ်ကိုလည်းကောင်း၊ သူယုတ်အဖြစ်ကို ပြုတတ်သော တရားတို့ကိုလည်းကောင်း အကျွန်ုပ် သိနိုင်လောက်သော အခြင်းအရာအားဖြင့် အကျွန်ုပ်အား တရားဟောတော်မူပါလော့" ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် ပုဏ္ဏားအား ဂါထာ ၂၀ ပုဒ်တို့ဖြင့် သူယုတ်မာဖြစ်ကြောင်း တရားတို့ကို ဟောကြားတော်မူ၏။

"မိန်းမယုတ်သည်၊ ယောက်ျားမြတ်သည်ဟု ပုဂ္ဂိုလ်သတ္တဝါ မိန်းမယောက်ျားနှင့် အယုတ်အမြတ်ကို မဟောပါ၊ တရားအယုတ်ရှိက မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ၊ မင်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ ယုတ်ညံ့၏။

"အမျိုးဇာတ်ကြောင့် ယုတ်ညံ့သူ၊ သူယုတ်မာ မဖြစ်နိုင်၊ အမျိုးဇာတ်ကြောင့် သူမြတ် မဖြစ်နိုင်"

ဟု ဟောတော်မူ၏။

ယင်းသို့ ဟောပြီးသော် ဘုရားရှင်သည် ခွေးသေတို့ကို ချက်စားသော ဒွန်းစဏ္ဍားတို့သားသည် မာတင်ဟူ၍ ကျော်စော၏။ ထို မာတင်သည် အလွန့်အလွန် ရနိုင်ခဲသော မြတ်သော ကျော်စောခြင်းသို့ ရောက်၏။

"ထိုမာတင်အား မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူဆင်းရဲတို့သည် စေားရာအရပ်သို့ လာရောက်ကြရကုန်၏။

"ယင်းသို့ စသည်ဖြင့် ဘုရားရှင် ဟောတော်မူသော် အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် တရားသဘော သက်ဝင်၍ ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်သော ဥပါသကာဒကာ ဖြစ်သွားတော့၏။

အကျယ်ကိုမူ သုတ္တနိပါတ်ဥရဂဝဂ် ဝသလသုတ်ကို ရှုတော်မူပါ။

✦ ယောက်ျားသာမြတ်၊ မိန်းမဇာတ်၊ မမြတ်မဆိုသာ။

✦ မိန်းမသာမြတ်၊ ယောက်ျားဇာတ်၊ မမြတ်မဆိုသာ။

✦ ယုတ်‌မြတ်နှစ်ဖြာ၊ သတ်မှတ်ရာ၊ ကျင့်သာပမာန။

✦ အကျင့်ယုတ်က၊ ယုတ်ကြရ၊ မြတ်ကအမြတ်သာ။

✦ မြတ်ချင်ကြသော်၊ ကျင့်မြတ်တော်၊ ကျင့်နော်သူသူငါ။

# ပြုံး,တာနှင့် ရယ်,တာ ဘယ်လိုထူးပါသလဲဘုရား

(၁၅၆)

ပြည့်စုံခြင်းကို ပါဠိလို "သမ္ပတ္တိ" ဟု ခေါ်၍ မပြည့်စုံခြင်း၊ ပျက်စီးခြင်းကိုမူ "ဝိပ္ပတ္တိ" ဟု ခေါ်သည်။

လောက၌ သတ္တဝါများသည် ပြည့်စုံခြင်း သမ္ပတ္တိကို အလွန်တရာ အလိုရှိကြ၏။ မပြည့်စုံမှု ပျက်စီးမှု "ဝိပ္ပတ္တိ" ကိုမူ အလွန်တရာ ကြောက်ကြ၏။ သို့ဖြစ်၍ သူရော ကိုယ်ပါ သတ္တဝါများသည် ပြည့်စုံခြင်း သမ္ပတ္တိကို အလိုရှိလှ၍ ယင်းကို အလုအယက် သူ့ထက်ငါ ဦးအောင် ရှာဖွေကြ၏။ ယင်းသမ္ပတ္တိကား မည်မျှ ရှိသနည်း။ ပြည့်စုံခြင်း သမ္ပတ္တိကား -

(၁) ကောင်းသောဘဝ၊ ကောင်းသောနေရာတို့နှင့် ပြည့်စုံခြင်း "ဂတိသမ္ပတ္တိ"

(၂) မိမိအတွက် အကျိုးကျေးဇူးများသော ရုပ်ဆင်းအင်္ဂါ လက္ခဏာကောင်းများနှင့် ပြည့်စုံခြင်း "ဥပဓိသမ္ပတ္တိ"

(၃) အခါကာလကောင်းနှင့် ပြည့်စုံကြုံကြိုက်ခြင်း "ကာလ သမ္ပတ္တိ"

(၄) ကောင်းသော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း "ပယောဂ သမ္ပတ္တိ"

(၅) အမြော်အမြင် ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံခြင်း "ဉာဏ သမ္ပတ္တိ"

ဟူ၍ ပြည့်စုံခြင်း "သမ္ပတ္တိ" ငါးမျိုး ရှိပေသည်။

မည်သူမဆို ယင်းပြည့်စုံခြင်း " သမ္ပတ္တိတရားငါးပါးနှင့် ပြည့်စုံကြုံကြိုက်မှသာ ဖွံ့ဖွံ့ ဖြိုးဖြိုး ကြီးကျယ်များပြားသော အကျိုးကို ပေးနိုင်၏။

ပြည့်စုံခြင်း " သမ္ပတ္တိ အပြန် ဖောက်ပြန်ချွတ်ယွင်း ပျက်စီးခြင်းကို "ဝိပ္ပတ္တိ" ဟု ခေါ်၏။ ယင်း " ဝိပ္ပတ္တိ" တရားကား -

(၁) မကောင်းသော အချိန်ကာလသမယနှင့် ကြုံကြိုက်ခြင်းဟူသော "ကာလ ဝိပ္ပတ္တိ"

(၂) မကောင်းသော ဆင်းရဲသော အပါယ်လေးဘုံတို့၌ ဖြစ်ရခြင်းဟူသော "ဂတိ ဝိပ္ပတ္တိ"

(၃) မိမိအတွက် ကျေးဇူးမများသော ရုပ်ဆင်းအင်္ဂါ ချို့တဲ့ခြင်း "ဥပဓိ ဝိပ္ပတ္တိ"

(၄) အသိအလိမ္မာ မရှိသော၊ သတိ ဝီရိယလည်း မကောင်းသော ကိုယ်မှု နှုတ်မှုဟူသော "ပယောဂ ဝိပ္ပတ္တိ"

ဟူ၍ ဖောက်ပြန်ချွတ်ယွင်း ပျက်စီးခြင်း " ဝိပ္ပတ္တိ" တရားသည် လေးပါးရှိ၏။

သူရော ကိုယ်ပါ များစွာသောသတ္တဝါတို့သည် "ပျက်စီးခြင်း ဝိပ္ပတ္တိကို အလွန်တရာမှ ကြောက်လှ၏၊ ပြည့်စုံခြင်း "သမ္ပတ္တိ" ကိုမူ အလွန်တရာ အလိုရှိကြ၏။

သို့သော် ပြည့်စုံခြင်း သမ္ပတ္တိဖြစ်အောင်မူ လုပ်ဆောင်သူ ရှားပါးလှ၏၊ ပျက်စီးခြင်း ဝိပ္ပတ္တိသို့ ရှေ့ဆောင်သူ များပြားလှ၏၊ ပျက်စီးမှု အပြုအမူ အပြောအဆိုတွေကို သဘောကျသူ များလှ၏။

ပျက်စီးမှုတရားတွေကိုလည်း ပျက်စီးမှုတရားတွေဟု မသိကြ၊ ပြည့်စုံမှုတရားတွေကိုလည်း ပြည့်စုံမှုတရားတွေဟု မသိကြ၊ သိအောင်လည်း မစုံစမ်း မရှာဖွေကြ၊ ယင်းသို့ဖြင့် ပြည့်စုံမှု "သမ္ပတ္တိ" ရှာပါလျက် "ဝိပ္ပတ္တိ" နှင့် ကြုံတွေ့နေရသည်။

ယင်းပြည့်စုံခြင်း သမ္ပတ္တိတရား ငါးပါးတွင် အမြော်အမြင် ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံခြင်း "ဉာဏသမ္ပတ္တိ" အရေးကြီးလှ၏၊ ယင်း ချွတ်ယွင်းလျှင် ကြွင်းသမ္ပတ္တိများလည်း ချွတ်ယွင်းနိုင်သည်။

သို့ဖြစ်၍ သူရောကိုယ်ပါ များစွာသောသူတို့သည် ပြည့်စုံခြင်း သမ္ပတ္တိကို လိုလားပါလျှင် သို့မဟုတ် အမြတ်ဆုံးဖြစ်သော အမတဘုံရပ် နိဗ္ဗာနဓာတ်သို့ ချဉ်းကပ် ခိုလှုံလိုသည်ဆိုပါက အမြော်အမြင် ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံခြင်း "ဉာဏသမ္ပတ္တိ" အတွက် မပျက်မကွက် အားကြိုးမာန်တက် လေ့ကျက်သင့်ပါသည်။

သို့ဖြစ်၍ နေရာတကာတွင် "အမှတ်မထင် ဝမ်မြင်" သဘောမျိုး မနေဘဲ "အမှတ်ထင်တော့ ဝကိုမြင်" ဖြစ်အောင် နေသင့်သည်၊ ယင်းသို့နေကလည်း ယခုရော နောင်ပါ ချမ်းသာသုခ သမ္ပတ္တိအဝဝနှင့် ပြည့်စုံကြပေသည်။

တစ်ချိန်က ဖြစ်ခဲ့၏၊ သူ့ကို အမှတ်မထင် ကြုံခဲ့ရသည်၊ ကြုံရသည့် နေရာမှာလည်း အမှတ်မထင်ပင် ဖြစ်၏၊ သူ့ကိုလည်း အမှတ်မထင် ရှိနေရာမှ အမှတ်ထင်လာရ၏၊ ထင်လာကြောင်းကို ဆိုသော် သူကား မိမိမျက်မှောက် ဆိုက်ရောက်လာ၏၊ ထို့ကြောင့် အမှတ်မထင်၍ မရ၊ အမှတ်ထင်ရတော့၏။

သူကား လူမမယ် လူငယ်ကလေးတစ်ယောက် ဖြစ်၏၊ အရွယ်နှင့်မလိုက် အသိဉာဏ်ကို ရှာဖွေ၏၊ တစ်နေ့ ချဉ်းကပ်လာကာ မေးမြန်းရှာ၏ -

"ဘုန်းဘုန်း၊ ပြုံးတာနှင့် ရယ်တာ ဘယ်လိုထူးပါသလဲဘုရား"

"အဲဒါမှ အခက်၊ မိမိမှာပြန်းခနဲဆို ကြောင်.သွားသည်၊ မည်သို့ ဖြေရမည် မသိ၊ ကလေးအရွယ် ငယ်တာလေးပဲ ဆိုပြီး ဖြန်ဖြေလို့ မဖြစ်၊ သူ့အသိဉာဏ်ကို ဖျက်ဆီးရာရောက်မည်၊ ယင်းသို့ ဖြန်ဖြေမည့်အစား "မသိဘူး" ဟု ဘူးခံတာက ကောင်းပါသေးသည်၊

ထိုစဉ် မိမိဉာဏ်တွင် အလင်္ကာကျမ်းလာ ပြုံးရယ်ခြင်းခြောက်ပါးကို သတိ ပြေးရသည်၊ ယင်းခြောက်ပါး ပေါ်လာသည်၊ သို့နှင့် မိမိက ဖြေလိုက်သည် -

"ပြုံးတာနှင့် ရယ်တာ အတူတူပဲပေါ့၊ အပေ့ါ.အလေး၊ အယဉ်.အရိုင်းပဲ ကွာတာပေါ့"

"အဲဒီ ပြုံးတာရယ်တာ ဘယ်နှစ်မျိုးရှိလဲ ဘုန်းဘုန်း"

သူငယ်မှာ အရွယ်နှင့် မလိုက်ပါ၊ မေးတတ်လှ၏၊ ပညာဉာဏ ဗဟုသုတ ရှာမှီး၏၊ သူ့ဗဟုသုတအတွက် မိမိမှာ စဉ်းစားနေရ၍ စိတ်မအား၊ လူမအား ဖြစ်နေ၏၊ ထိုစဉ် ပေါ်လာ၍ ပြောပြလိုက်ရ၏၊

(၁) မျက်စိပွင့်ရုံမျှ ပြုံးခြင်း "သိတ"

(၂) သွားဖျားကလေး ပေါ်ရုံမျှ ပြုံးခြင်း "ဟသိတ"

(၃) အသံထွက်ရုံမျှ သာသာညင်းညင်း ရယ်ခြင်း "ဝိဟသိတ"

(၄) ပုခုံး၊ ဦးခေါင်း လှုပ်အောင် ရယ်ခြင်း "ဥပဟသိတ"

(၅) မျက်ရည်ထွက်အောင် ရယ်ခြင်း "အပဟာသိတ"

(၆) လက်ခြေ ကိုယ်အင်္ဂါ ပစ်လွှဲယိုင်ယိမ်း၍ ရယ်ခြင်း "အတိဟာသိတ"

အဲဒီလို ပြုံးရယ်ခြင်း ခြောက်မျိုးကို အလင်္ကာကျမ်းမှာ ဆိုထားတယ်လို့ မှတ်ထားနော်"

"တင်ပါ့ ဘုရား"

"အဲဒီခြောက်ပါးမှာ ရှေးနှစ်ပါးက ပြုံးခြင်း၊ နောက်လေးပါးက ရယ်ခြင်းလို့ ခွဲလိုက်ရင် ပြုံးတာနှင့် ရယ်တာ ထူးတယ်လို့ မှတ်ထားနော်"

"တင်ပါ့ ဘုရား"

"မျက်စိပွင့်ရုံမျှ ရယ်ခြင်း၊ သွားဖျားကလေး ပေါ်ရုံမျှ ရယ်ခြင်းကို ပြုံးခြင်းလို့ ခေါ်တယ်ပေါ့"

"တင်ပါ့ ဘုရား"

"အဲဒီနှစ်မျိုးကို သူတော်မြတ်တို့ရဲ့ ရယ်ခြင်းလို့ ခေါ်တယ်၊ သူတော်မြတ်တွေဟာ မျက်စိပွင့်ရုံမျှ ရယ်တယ်၊ သွားဖျားကလေးပေါ်ရုံမျှ ရယ်တယ်လို့ မှတ်ထားနော်"

"တင်ပါ့ ဘုရား"

"တို့ ဘုရားရှင်ဆိုတာ "သိတံ ပါတွာကာသိ" "ပြုံးခြင်းကို ထင်စွာပြုတော်မူ၏။ ပြုံးတော်မူ၏" လို့ အဋ္ဌကထာတွေမှာ တော်တော်များများ တွေ့ရတယ်၊ ဒီတော့ သူမြတ်ဆိုတဲ့နေရာမှာ ဘုရား၊ ရဟန္တာတွေကို ဆိုနိုင်တယ်ပေါ့နော်"

"တင်ပါ့ ဘုရား"

"အဋ္ဌကထာတွေမှာဆိုရင် ဘုရားရှင် ပြုံးတော်မူတဲ့အခါ ရှင်အာနန္ဒာက "မြတ်စွာဘုရား ပြုံးခြင်းရဲ့အကြောင်းကား အဘယ်သို့ပါနည်း၊ ပြုံးခြင်းရဲ့အထောက်အပံ့ကား အဘယ်ပါနည်း" လို့ မေးလျှောက်သဖြင့် ဘုရားရှင် ဖြေကြားဟောထားတဲ့ တရားတော်တွေဟာ အများကြီးပဲ၊ တို့လည်း ဟောဖူးသားပဲ၊ မင်းလည်း နာဖူးမှာပေါ့"

"မေ့ကုန်ပြီ ဘုန်းဘုန်း"

"ဒီတော့ ပြုံးတယ်ဆိုတာ ပြုံးစရာအကြောင်းရှိမှ ပြုံးတာပေါ့၊ တစ်ခါတလေ ကိုယ့်ဘာသာကိုယ် အကြောင်းတစ်ခုခု တွေးမိပြီးတော့ ပြုံးတဲ့အခါ ရှိတယ်၊ တို့များလည်း ပြုံးဖူးတာပဲ၊ ရယ်တာလည်း ဒီလိုပါပဲ၊ အကြောင်းရှိမှ ရယ်တာပါပဲ၊ အကြောင်း မရှိဘဲ မရယ်ပါဘူး၊ အလကားသက်သက် မရယ်ပါဘူး၊ မင်းလည်း ရယ်ဖူးသားပဲ၊ အကြောင်းမဲ့ အလကားသက်သက် ရယ်သလား"

"မရယ်ပါ ဘုန်းဘုန်း"

"အေး...အဲဒီလို အကြောင်းရှိလို့ ရယ်တာဟာ ခြောက်မျိုးရှိတယ်၊ အသံမထွက်ဘဲနဲ့ မျက်စိပွင့်ရုံမျှ၊ သွားဖျားကလေး ပေါ်ရုံမျှ ရယ်ရင် ပြုံးတယ်လို့ ခေါ်တယ်၊ မှတ်နော်"

"တင်ပါ့ ဘုရား"

"အဲဒီလိုမျိုး ပြုံးရုံမျှပြုံးကာ အသံမထွက်ဘဲ ရယ်တာဟာ သူမြတ်တွေ ရယ်တာတဲ့နော်"

"တင်ပါ့ ဘုရား"

"အဲဒါ မင်းသတိထားပေါ့၊ အကျင့်လုပ်ပေါ့၊ ပြုံးရုံမျှနှင့်ဆိုတော့ ယဉ်ကျေးတာပေါ့၊ ဒါကြောင့် သူမြတ် ဖြစ်တာပေါ့ ဟုတ်လား"

"တင်ပါ့ ဘုရား"

"နောက် အသံထွက်ရုံမျှ သာသာညင်းညင်း ရယ်ခြင်းနှင့် ပုခုံး၊ ဦးခေါင်း လှုပ်ယမ်းအောင် ရယ်ခြင်းကတော့ လူလတ်တန်းစားတွေရဲ့ရယ်ခြင်းတဲ့"

"တင်ပါ့ ဘုရား"

"ရယ်တာကို ကြည့်ပြီးတော့ အတန်းအစား ခွဲတာနော်"

"တင်ပါ့ ဘုရား"

"မျက်ရည်ထွက်အောင် ရယ်ခြင်း၊ လက်ခြေ ကိုယ်အင်္ဂါ ပစ်လွဲယိမ်းယိုင်အောင် ရယ်ခြင်းကတော့ သူယုတ်တို့ရဲ့ရယ်ခြင်းတဲ့"

"တင်ပါ့ ဘုရား"

"ဒီတော့ ရယ်ခြင်း ခြောက်မျိုးရှိတယ်၊ အမြတ်စားပုဂ္ဂိုလ်တွေ ရယ်ခြင်းနှစ်မျိုး၊ အလတ်တန်းစားပုဂ္ဂိုလ်တွေ ရယ်ခြင်းနှစ်မျိုး၊ အယုတ်ပုဂ္ဂိုလ်တွေ ရယ်ခြင်းနှစ်မျိုးနော်"

"အမြတ်ရယ်၊ အလတ်ရယ်၊ အယုတ်ရယ် အနေနဲ့ဆိုတော့ သုံးမျိုးပဲ ရှိတော့တာပေါ့၊ အဲဒီသုံးမျိုးမှာ အမြတ်ရယ်ကို ပြုံးတာခေါ်၊ အလတ်ရယ်, အယုတ်ရယ်ကိုတော့ ရယ်တာလို့ခေါ်၊ အဲဒါ ပြုံးတာနှင့်ရယ်တာ အထူးပေါ့"

"တင်ပါ့ ဘုရား"

"မင်း ဗဟုသုတ ဉာဏ်ပညာရှိအောင် တစ်ဖက်ကလူတွေရဲ့ အမူအရာကိုကြည့်ပြီး တစ်ဖက်ကရယ်သူ သုံးမျိုးအကြောင်း ပြောပြမယ်၊ နားထောင်မလား"

"နားထောင်မှာပေါ့ ဘုန်းဘုန်း"

"ရယ်ခြင်းသုံးပါး၊ လူအများ၊ တရားရစေမှု" ဆိုပြီး စိန္တကျော်သူ ဘွဲ့ခံ စာဆိုတော်ကြီးဦးဩရဲ့ဩဝါဒထူးပျို့မှာ သက်ဆိုင်သူတို့ တရားရစေရန် ရေးထားတယ်၊ မယားသယ်ရဲ့ ရယ်ခြင်း၊ မြေလယ်ယာက ရယ်ခြင်း၊ ရွှေ.ငွေရတနာက ရယ်ခြင်းတဲ့၊ သုံးမျိုးနော်"

"ဘယ်လိုရယ်လဲ ဘုန်းဘုန်း"

"လင်ယောက်ျားက သမီးသားများကို သားလေး၊ သမီးလေးဆိုပြီး ပွေ့ချီနမ်းရှုံ့တဲ့အခါ သူ့သားသမီးလည်း မဟုတ်ဘဲနဲ့ အဟုတ်ထင်ပြီး နမ်းရှုံ့တယ်လို့ ဇနီးမယားက ရယ်တယ်တဲ့၊ အဲဒါကို ဘယ်လို လင်္ကာသီခဲ့သလဲဆိုတော့ -

"ချစ်လို့မညီး၊ ဇနီးအိမ်ရှင်၊ မိမိလင်သည်၊ ချစ်ခင်သောအား၊ သမီးသားကို၊ ပိုက်ဖျားအားရမ်း၊ ချီရှုံ့နမ်းသော်၊ မယ်ဝမ်းကမွေး၊ သူများသွေးကို၊ အလေးအမြတ်၊ သင့်သားမှတ်၍၊ လည်ပတ်ဖက်ချီ၊ နမ်းလေပြီတည့်၊ မတည်မလေး၊ အသွမ်းသွေး၍၊ အဝေးမျက်ကွယ်၊ မယားရယ်၏" တဲ့၊

"အဲဒီ ပျို့လင်္ကာအရ ကြည့်ပါလား၊ လင်ယောက်ျားရဲ့အမူအရာကြည့်ပြီး မယားရယ်တယ်ဆိုတော့ အကြောင်းရှိလို့ရယ်တာပေါ့နော်"

"တင်ပါ့ ဘုရား"

"ပြီးတော့ မြေတွေ၊ လယ်တွေ၊ ယာတွေကို ယောက်ျား မိန်းမတွေက ငါ့မြေ. ငါ့လယ်. ငါ့ယာနဲ့ တငါငါ စွဲပြီး ပြောဆိုတဲ့အခါမှာလည်း အဲဒီ မြေလယ်ယာတွေက ရယ်သတဲ့"

"ဘယ်လိုရယ်လဲ ဘုန်းဘုန်း"

"မြေတွေ.လယ်တွေ.ယာတွေက ရယ်တာတော့ လူတွေရယ်သလို တခိခိ၊ တဟားဟားတော့ ဘယ်ဟုတ်မလဲ၊ အခြင်းအရာ သဘောအားဖြင့် ရယ်တယ်လို့ မှတ်ရမယ်၊ သူတို့က ဘယ်လိုရယ်လဲဆိုတော့ -

"ငါ့လယ်၊ ငါ့ယာ၊ ငါ့မြေယာဟု၊ ဥစ္စာခင်မင်၊ ပြန်ဆိုလျှင်လည်း၊ အရှင်မဲ့ပါ၊ ငါတို့မှာမူ၊ ကမ္ဘာမကျေ၊ မခြင်းနေ၏၊ မသေ့ယွင်းယို၊ သင်တို့ကိုယ်မျှ၊ လိုမပိုင်ဘဲ၊ ဘွယ်သရဲဟု၊ ပြောင်မြဲသောနယ်၊ မြေကရယ်၏" တဲ့။

"သံဝေဂရဖို့ သိပ်ကောင်းတာပဲ၊ ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်တဲ့ ယောကျ်ားမိန်းမတွေဟာ ကမ္ဘာခြင်းအောင်နေတဲ့ မြေကြီးကို ငါပိုင် ငါဆိုင်လုပ်လို့ မြေကြီးက ရယ်တာနော်"

"တင်ပ့ါ ဘုရား"

"ခုခေတ်မှာ အဲဒီ မြေလုပွဲ၊ မြေခိုးပွဲတွေအတွက် အသက်တွေ သေခဲ့ရတာလည်း များပြီ၊ မင်းကြီးတဲ့အခါ ဘယ်တော့မှ မြေမလုနဲ့၊ မြေမခိုးနဲ့နော်၊ တော်တော်ကြာ မြေကြီးက အရယ်ခံနေရမယ်"

"တင်ပ့ါ ဘုရား"

"နောက် ရွှေငွေစိန်ကျောက်တွေကို ယောကျ်ား မိန်းမတွေက ငါ့ရွှေ. ငါ့ငွေ. ငါ့စိန်ကျောက်လို့ စွဲလမ်းပြောဆို ငြင်းခုံတဲ့အခါမှာလည်း ရွှေငွေစိန်ကျောက်တွေက ရယ်တယ်တဲ့"

"ဟင် ... ရွှေငွေစိန်ကျောက်တွေက ဘယ်လိုရယ်မလဲ ဘုန်းဘုန်း"

"အေး ... အဲဒီ ရွှေငွေစိန်ကျောက်တွေကလည်း ခုနက မြေကြီးရယ်သလိုပဲ အခြင်းအရာ အနက်သဘောအားဖြင့်ပဲ ရယ်တယ်လို့ မှတ်ရမယ်၊ ဘယ်လိုရယ်လည်း ဆိုတော့ -

"ငါ့စိန်. ငါ့ရွှေ. ငါ့ကြေး.ငါ့ငွေဟု၊ စိတ်စေကြည်ကာ၊ ဆိုပြန်ပါလည်း၊ ကြမ္မာတော်တိုက်၊ ကောင်းတော်ခိုက်မို့၊ အိမ်ဆိုက်မျှသာ၊ တည်းခိုပါရှင့်၊ ငါးဖြာရန်သူ၊ ယူလည်းတို့ပါ၊ သေမင်းခွာလည်း၊ သင့်ရာအလျောက်၊ ငါတို့ရောက်သည်၊ တို့သခင်လျှင်၊ ဖြစ်ချင်လွန်းလှ၊ လွန်မင်းစွဟု၊ ဒေါသချီးရယ်၊ ရွှေငွေရယ်သည်၊ သုံးသွယ်ရယ်ဆေး၊ ပြက်သွယ်သွေး" တဲ့။

"ကဲ ... ဘယ်လောက် သံဝေဂယူစရာကောင်းလဲ၊ ရွှေငွေစိန်ကျောက်တွေက ရယ်ပုံကို ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့စိန်ကျောက်နဲ့ ဆိုမြည်နေစဉ် သူခိုး ဓားပြတွေနောက် ပါသွား၊ မီး ရေထဲ ပါသွား၊ ငါ့ရွှေ. ငါ့ငွေ. ငါ့စိန်ကျောက် ဟုတ်သေးလား"

"မဟုတ်တော့ပါ ဘုန်းဘုန်း"

"အေး ... ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့စိန်ကျောက်လို့ ဆိုမြည်နေတုန်း ငါသေသွားတော့ ငါ့နောက် ပါသေးလား၊ ငါပိုင်သေးလား"

"မပိုင်ပါ၊ မပါပါ ဘုန်းဘုန်း"

"အေး ... ဘယ်သူပိုင်၊ ဘယ်သူ့နောက် ပါလဲဆိုတော့ ကျန်ရစ်သူတွေပိုင်၊ ကျန်ရစ်သူနောက် ပါပေါ့၊ ဒါကြောင့် ရွှေ. ငွေ.စိန်ကျောက်တွေက ရယ်တာနော်"

"တင်ပ့ါ ဘုရား"

"ပြီးတော့ အဲဒီ စိန္တကျော်သူ ဦးညြ.ရေးတဲ့ ဩဝါဒထူး ပျို့ကဗျာထဲမှာပဲ ရယ်ဖွယ်ဆယ်ပါးကို ဖော်ပြထားသေးတယ်၊ မှတ်စရာကောင်းတယ်၊ နားထောင်နော် သေသေချာချာ"

"တင်ပါ၊ နားထောင်ပ့ါမယ်ဘုန်းဘုန်း"

"တို့အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ်မှာ ရှိတယ်၊ "အလိုရှိ၍ နားထောင်သောသူအား အဖန်ဖန် အထပ်ထပ် ပြောဟော ပေးခြင်းသည် အမြတ်ဆုံး" တဲ့၊ ဒါကြောင့် ပြောပေးနေတာနော်"

"တင်ပ့ါ ဘုရား"

"ဆယ်ပါးရယ်ဖွယ်၊ မှတ်ကြောင်းသွယ်ပိမ့်" လို့ ပျို့ကဗျာရေးပြီး ရယ်ဖွယ်ဆယ်ပါးကို အစဉ်အတိုင်း ဖော်ပြတယ်။

၁။ ဉာဏ်ကျယ်ပါလျက်၊ ပွဲလယ်ချက်ဝယ်၊ နှုတ်ထွက်ယွင်းပါး၊ ဖွင့်ဆိုမှားအံ့။
၂။ စားသူမှာ၊ သူ့လိုရာသို့၊ လိုက်နာရလျက်၊ မာနတက်အံ့။
၃။ လကွာကာမှဲ့၊ ချို့တဲ့ဥစ္စာ၊ ဆင်းရဲစွာလျက်၊ ကာမဂုဏ်မှု၊ လုံ့လပြုအံ့။
၄။ ပြီးထုထပ်ပွား၊ ဥစ္စာများလျက်၊ မိုက်အားဖုံးလွှမ်း၊ မပေးကမ်းဘဲ၊ ဒါန နည်းအံ့။
၅။ ငြိမ်းချမ်းသာယာ၊ နေရပါလျက်၊ သူ့မှာမှီနေ၊ စားလေအံ့။
၆။ သားရေလျော့ပါး၊ အိုလှည့်ကြားလျက်၊ တရားမင်ဖိုလ်၊ မမိုနိုအံ့။
၇။ ရန်မြို့ပယ်လှစ်၊ ပြည့်ရှင်ဖြစ်လျက်၊ မှုညစ်ဆိုးနွမ်း၊ မှူးမတ်သွမ်းနှင့်၊ ချစ်ကျွမ်းဝင်ဝင်၊ ရေးတိုင်ပင်အံ့။
၈။ သန့်စင်နွယ်ဓာတ်၊ မျိုးရိုးမြတ်လျက်၊ အတတ်မသင်၊ နားဝင်မကျွမ်း၊ လော်လီသွမ်းအံ့။
၉။ မနွမ်းဂုဏ်အင်၊ ယောက်ျားစင်လျက်၊ ချစ်ခင်စိုးပိုင်၊ မယားနိုင်အံ့။
၁၀။ သုံးဆိုင်ဗေဒင်၊ ကုန်စင်မြောက်မြား၊ ထုံးနယ်ထွားသည်၊ ပုဏ္ဏားဖြစ်လျက်၊ အကျင့်ပျက်အံ့၊ ကန့်ကွက်ခြားနား၊ ဤဆယ်ပါးကို၊ အများလူတွင်၊ ရယ်ဖွယ်ထင်သည်၊ သည့်ပြင်ရယ်ဆေး၊ ရမည်ဝေး…တဲ့။

"မှတ်ဖို့ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုန်းဘုန်း"

"အေး…အဲဒီဆယ်ပါးကို ထပ်ပြီးတော့ ရှင်းပြမယ်၊ သဘောပေါက်အောင်နော်"

"ရှင်းပါ ဘုန်းဘုန်း"

"ဉာဏ်ပညာရှိပါလျက်ကနဲ့ သဘင်ပွဲလယ်မှာ အပြောအဆို မှားမယ်ဆိုရင် အဲဒါ အများရယ်ဖွယ်တဲ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုန်းဘုန်း"

"မင်း အဲဒါမျိုး မဖြစ်စေနဲ့နော်"

"တင်ပါ့ ဘုန်းဘုန်း"

"ပြီးတော့ ကိုယ်က သူတစ်ပါးထံမှာ စားဆည်းကပ် နေရပါလျက်ကနဲ့၊ ကိုယ့်အထက်ကလူရဲ့အလိုကို လိုက်နေရပါလျက်ကနဲ့ မာနတက်နေရင်လည်း ရယ်ဖွယ်တဲ့။

"အဲဒါ အများအားဖြင့် မင်းခယောက်ျား အရာရှိတွေမှာ တွေ့နိုင်တယ်၊ ပြီးတော့ အရာရှိတွေ မှီပြီး အခွင့်အရေး ရနေသူတွေမှာ တွေ့နိုင်တယ်၊ မင်း အဲဒါမျိုး ဘယ်တော့မှ မဖြစ်စေနဲ့နော်"

"တင်ပါ ဘုန်းဘုန်း"

"ပြီးတော့ ကိုယ့်မှာ ပစ္စည်းဥစ္စာ မည်မည်ရရ မရှိပါဘဲလျက် မယား နှစ်ယောက် သုံးယောက်ယူ၊ အငယ်အနောင်း ထားစသည်ဖြင့် ကာမဂုဏ်လိုက်စားရင်လည်း ရယ်ဖွယ်တဲ့နော်"

"တင်ပါ့ ဘုရား"

"တချို့များ စားစရာမရှိ၊ နေစရာမရှိ၊ ဝတ်စရာက မရှိ၊ မယားနှစ်ယောက်ကြား ဖျာများလို့ သူများတွေ မသနားတဲ့အပြင် ရယ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုန်းဘုန်း"

"အေး...မင်းကြီးလာရင် မယားနှစ်ယောက် မယူနဲ့နော်"

"တပည့်တော်က တစ်ယောက်မှ မယူပါဘူး ဘုန်းဘုန်း"

"အပြောပါကွာ၊ မင်းက ငယ်သေးလို့၊ ကြီးရင် တို့အနားတောင် ကပ်မယ့်ကောင် မဟုတ်ပါဘူး"

"ကပ်ပါတယ်ဘုန်းဘုန်း"

"ပြီးတော့ ပစ္စည်းဥစ္စာတွေ စားသောက်မကုန်နိုင်အောင် ပေါများပါလျက် မပေးရက် မလှူရက်တဲ့ လူဟာလည်း ရယ်စရာတဲ့၊ သူ့ပစ္စည်းတွေက သူ့ကို လောကဘေး၊ သံသရာဘေး ဖြစ်စေမှာ သူ မသိရှိလို့ ရယ်စရာပေါ့နော်"

"တင်ပါ့ ဘုရား"

"ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ နေရပါလျက်ကနဲ့ သူများ သွားမှီနေတယ်ဆိုတာ ခုခေတ် တချို့သားသမီးမရှိတဲ့ အိမ်ထောင်သည်တွေ၊ အိမ်ထောင်မရှိတဲ့ အပျိုကြီးတွေပေါ့။

"ကိုယ့်ဘာသာကိုယ် လွတ်လပ်ချမ်းသာပါလျက် အဖော်အလှော် အမှီသဟဲ ဆေးပေး၊ဝါးယူလေး ရအောင်ဆိုပြီး သူတစ်ပါးသားသမီးတွေ ခေါ်ယူပြီး မွေးစားတော့ ဒုက္ခများလိုက်တာ ဖတ်သီဖတ်သီနဲ့"

"ကိုယ့်သားသမီးလည်း မဟုတ်ဘဲ၊ သားသား၊သမီးသမီးနဲ့ အချိန်လည်းရောက်ရော မယားနောက်၊ လင်နောက်သို့ ကောက်ကောက်ပါသွားရော ရင်ထုမနာ ဖြစ်ကျန်ရစ်ခဲ့တယ်၊ ဘယ်လောက် ရင်နာစရာကောင်းလဲ၊ ဒါပေမဲ့ အများက မသနားတဲ့အပြင် ရယ်ကြတယ်နော်"

"တင်ပါ့ ဘုရား"

"အိုမင်းမစွမ်းရှိပြီး သေလုနီးပါးဖြစ်နေလျက် မင်ဖိုလ်နိဗ္ဗာန် ရရေးအတွက် တရားမရှာမှီးဘဲ မြေးမြစ်တွေကြားထဲ ရယ်ဖွယ်ရာ ဖြစ်နေခြင်းဟာလည်း ရယ်ဖွယ်ရာတစ်ခုတဲ့နော်"

"တင်ပါ့ ဘုရား"

"တချို့အဘိုးကြီး အဘွားကြီးတွေ ရှိတယ်၊ တရားပွဲတွေ ဘာတွေတော့ ဘာဖြစ်လို့ ညာဖြစ်လို့ သွားဖော် တရားနာဖော် မရဘူး၊ ပွဲလမ်းသဘင်ဆိုရင် သွားပြီ၊ ကောင်းလို့ ဘာဖြစ်လို့ ညာဖြစ်လို့ မရှိတော့ဘူး၊ မြေးမြစ်တွေ ထမ်းလို့ ကုန်းပိုးလို့နော်"

"တင်ပါ့ ဘုရား"

"အဲဒါလည်း ရယ်စရာပေါ့၊ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံရမယ့် မင်း၊ဖြစ်လျက် စဉ်းလဲကောက်ကျစ်တဲ့ မှူးမတ်သေနာပတိတွေနဲ့ တိုင်ပင်လျက် ပြုအုံ့၊ အမှားမှား အယွင်းယွင်းတွေ ဖြစ်မှာမို့ အဲဒါလည်း ရယ်ဖွယ်ရာပဲ။

"တခြားတခြား ရယ်ဖွယ်ရာတွေက သာမန်ပဲ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့သာ ဆိုင်တာ၊ ဒီရယ်ဖွယ်ကတော့ ပုဂ္ဂိုလ် အများ တိုင်းသူပြည်သားအားလုံးနဲ့ ဆိုင်တော့ သိပ်ဆိုးတယ်နော်"

"တင်ပါ့ ဘုရား"

"မင်း တစ်ချက်မှားရင် တစ်တိုင်းပြည်လုံး နစ်နာတယ်၊ ကမ္ဘာက ရယ်မယ်နော်"

"အမျိုးမြတ်၊ အမျိုးသန့်လျက် ဘာအတတ်ပညာတစ်ခုမှ မတတ်လျှင်လည်း ရယ်ဖွယ်ရာတဲ့၊ အတတ်သင်တယ်ဆိုတာ သူများ မှီခိုပြီး အခစားလုပ်ဖို့ မဟုတ်ဘူး၊ ကိုယ်စိုး ကိုယ်ပိုင်တီထွင် လုပ်ကိုင်နေထိုင်နိုင်အောင် သင်ရတာနော်"

"တင်ပါ့ ဘုရား"

"မင်းတို့ခေတ်မှာတော့ ဒီလိုမဟုတ်ဘူး၊ အတတ်ပညာသင်တာက သူတစ်ပါးထံ သွားပြီး အောက်ကျနောက်ကျနဲ့ အလုပ်တောင်းဖို့လောက်ပဲ တွက်ပြီးသင်နေတယ်၊ အဲဒီလို သင်တဲ့ လူတွေဟာ သူတစ်ပါးထံမှာ အခစားအလုပ်သမားပဲ ဖြစ်မယ်၊ ဘယ်တော့မှ အလုပ်ရှင် မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ သူ့စိတ်က အလုပ်ရှင်စိတ်မှ မရှိတာ၊ အလုပ်သမားစိတ်ပဲ ရှိတော့ အလုပ်သမားပဲ ဖြစ်တာပေါ့၊ ဒီတော့ ရယ်စရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုန်းဘုန်း"

"အိမ်မှာ အိမ်ထောင်ဦးစီး ယောကျ်ားဖြစ်လျက် မယားက အနိုင်စံရလျှင်လည်း ရယ်စရာတဲ့၊ မင်းလည်း မိန်းမရရင် မိန်းမက အနိုင်စံရတဲ့ကောင် ဖြစ်မှာပါကွာ၊ ရယ်စရာပေါ့နော်"

"ဟင်...တပည့်တော်က မိန်းမ.မယူဘူး"

"အပြောပါကွာ၊ ပြီးတော့ အရွယ်တောင် မရောက်သေးဘူး၊ မိန်းမနောက် ကောက်ကောက်ပါမယ့်အကောင်ပါ"

"မပါ.ပါဘူး ဘုန်းဘုန်း"

"ပြီးတော့ ဗေဒင်သုံးပုံကို အကုန်အစင်တတ်တဲ့ ပုဏ္ဏား ဖြစ်ပါလျက် အကျင့်ပျက်အံ့၊ အဲဒါလည်း ရယ်စရာတဲ့၊ တို့မြန်မာနိုင်ငံအနေနဲ့ ပြောရရင် သာသနာတော်ထမ်း ရှင်.ရဟန်းဖြစ်လျက် အကျင့်ပျက်အံ့၊ ရယ်စရာပေါ့နော်"

"တင်ပါ့ ဘုရား"

"အေး...မင်းမေးတဲ့ ပြုံးတာနဲ့ရယ်တာ အထူးကနေပြီး ရောက်သွားလိုက်တာ စုံနေတာပဲ၊ ကဲ...ဒီတော့ မင်းလည်း အမြတ်ရယ်ခြင်းဖြင့် ရယ်နိုင်အောင် ကြိုးစား၊ ငါလည်း ကြိုးစားမယ်။

"ပြီးတော့ မင်းလည်း ရယ်ခြင်းသုံးပါးမှ လွတ်အောင်၊ ရယ်ဖွယ်ဆယ်ပါးမှ လွတ်အောင် ကြိုးစား၊ ငါလည်း ကြိုးစားမယ်နော်"

"တင်ပါ့ ဘုရား"

✦ ပျော်မှုလိုက်စား၊ မလိုလားနှင့်၊ မပွားသုတ၊ မရကောင်းမှု၊ မစုဥစ္စာ၊ နွားပမာလျှင်၊ ချမ်းသာနည်းပါး၊ မကောင်းစားဘူး။

✦ တရားမြင်သိ၊ ပညာရှိနှင့်၊ ကြိုက်ဘိကြုံတွေ့၊ တစ်နေ့တစ်ရက်၊ တစ်နံနက်မျှ၊ ပေါင်းဖက်ရကာ၊ ဒေါသမစွန်း၊ ကျေးဇူးထွန်း၏။

✦ ကျယ်ဝန်းသိမြင်၊ ပညာရှင်မှ၊ လူတွင်တစ်ယောက်၊ တစ်ခေါ်လောက်ရှင့်။

✦ ပျော်ကြူးလေလျှင်၊ တရှင်ရှင်နှင့်၊ လူတွင်ညာဏ်မဲ့၊ ကျိုးမဟဲ့ဘူး။

(မဃဒေဝ)

# ဘယ်သူ့ကို ကိုးကွယ်ရပါ့မလဲ

## (၁၅၇)

သဒ္ဓါတရားဟူသည်မှာ ဗုဒ္ဓသာသနာတော်တွင် အရေးကြီးဆုံး ကိရိယာပင် ဖြစ်၏။ သဒ္ဓါဆိုသည်မှာ ပါဠိစကား ဖြစ်၏။ မြန်မာပြန်သော် "သက်ဝင်ယုံကြည်မှု" ဟု ပြန်နိုင်၏။

တစ်နည်းဆိုသော် ကောင်းစွာဆောင်တတ်သော သဘောကိုလည်း သဒ္ဓါဟု ခေါ်သည်။ အလွန်ကြည်လင်၍အနယ် ထိုင်နေသော ရေသည် လရိပ်. နေရိပ် အစရှိသည်ကို မိမိ၌ ဆောင်ထားနိုင်သကဲ့သို့ ဤသဒ္ဓါတရားမှာလည်း ကိလေသာမြူ အညစ်အကြေး ကင်းစင်သဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော် အစရှိသော အာရုံများကို မိမိ၌ ကောင်းစွာဆောင်ထားသကဲ့သို့ ဖြစ်သည်။ ထို သက်ဝင်ယုံကြည်မှု သဒ္ဓါတရားသည် -

(၁) ကံ

(၂) ကံ၏ အကျိုး

(၃) ဘုရားဂုဏ်ကျေးဇူး

(၄) တရားဂုဏ်ကျေးဇူး

(၅) သံဃာဂုဏ်ကျေးဇူး

ဤငါးဌာန၌ သက်ဝင်ယုံကြည်မှုကို ခေါ်သည်။ ထိုတွင် ကံနှင့် ကံ၏အကျိုးကို ယုံကြည်မှု "ကမ္မဖလသဒ္ဓါ" ဟု ခေါ်သည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ယုံကြည်မှုကို "ရတနတ္တယသဒ္ဓါ" ဟု ခေါ်၏။

ဒါနအရာမှာ ကံကိုယုံကြည်ခြင်း ဟုဆိုရာ၌ "ငါ ယခုလှူဒါန်းသဖြင့် ဥစ္စာ မည်ရွေ့မည်မျှ ကုန်သွားမည်၊ သို့သော် အချည်းနှီး ကုန်သွားခြင်း မဟုတ်၊ ကုန်သွားသော ဥစ္စာထက် အဆပေါင်းများစွာ အဖိုးထိုက်တန်သော "ဒါနကံ စေတနာတရား" ငါ့မှာ ဖြစ်သည်။

ဥစ္စာကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီးနိုင်သော်လည်း ဒါနကံ စေတနာတရားကို ဘယ်ရန်သူမှ မဖျက်ဆီးနိုင်၊ ဤဒါနကံ စေတနာတရားကသာ သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်အောင် ငါ့နောက်က လိုက်ပါလိမ့်မည်" ဟု စိတ်ကို ကြည်ကြည် လင်လင်ကြီး ထားနိုင်ခြင်းကို "ကံကို ယုံကြည်ခြင်း" ဟု ခေါ်သည်။

ဤကံကြောင့် သံသရာတစ်လျှောက် ကောင်းကျိုးတရားတို့ကို ရနိုင်သည်။ တစ်စုံတစ်ရာမျှ ယုံမှားဖွယ် မရှိဟု ကံ၏ အကျိုးကို စဉ်းစားပြန်လျှင်လည်း အလွန်ကြည်လင်သောသဘော ပေါ်ပေါက်လာသည်ကို လက်တွေ့ ဖြစ်ပါလိမ့်မည်။ ဤသို့ ကံ၏အကျိုးကို စဉ်းစား၍ ကိုယ်တွေ့ ဖြစ်သော အလွန်ကြည်လင်သည့်သဘောကို "ကံ၏ အကျိုးကို ယုံကြည်ခြင်း" ဟု ခေါ်သည်။

ဤ "ကမ္မဖလသဒ္ဓါ" ဖြစ်ဖို့ရန်မှာ မခဲယဉ်းလှ၊ ကံ,ကံ၏အကျိုး ရှိသည်ဟု သက်ဝင်ယုံကြည်သော ကမ္မဿကတာ ဉာဏ် ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိလျှင် ကမ္မဖလသဒ္ဓါ ဖြစ်ပေါ်လာ၏။

သို့ ဖြစ်ပေါ်လာသော်လည်း ကမ္မဖလသဒ္ဓါမျိုးမှာ သာသနာပ အခါမျိုးလည်း ရနိုင်၏။ ကမ္မဝါဒီ အယူရှိသော မိစ္ဆာဒိဋ္ဌိ များ သန္တာန်၌လည်း တွေ့မြင်နိုင်၏။

ကမ္မဝါဒီ မိစ္ဆာဒိဋ္ဌိများမှာ ဤကမ္မဖလသဒ္ဓါကြောင့် သုဂတိဘုံဘဝများ ရောက်ပြီး သူတို့၏ ဒါနလမ်းစဉ်တွေနဲ့ ဉာဏ် ဝီရိယတွေကြောင့် ဘဝသမ္ပတ္တိ စည်းစိမ်ချမ်းသာတွေကို ခံစားနိုင်ကြကုန်၏။

သို့သော် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ယုံကြည်သည့် "ရတနတ္တယသဒ္ဓါ" ကဲ့သို့ တန်ဖိုးတော့ မရှိပါချေ။ အကြောင်း မူကား ထိုကမ္မဖလ သဒ္ဓါမျှဖြင့် မဂ်ဖိုလ်ကိုလည်း မရနိုင်၊ နိဗ္ဗာန်သို့လည်း မသွားနိုင်၊ သံသာရဒုက္ခကြီးမှလည်း မလွတ်မြောက် နိုင်၊ အလွန်ဆုံး နတ်ရွာသုဂတိ ဆိုသည့် သံသာရဒုက္ခခရီးကိုသာ ပို့ဆောင်နိုင်၏။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ယုံကြည်သည့် "ရတနတ္တယသဒ္ဓါ" မျိုးကိုမူ သာသနာအတွင်း အခါများ၌သာ ရနိုင် ၏။ လောကီစည်းစိမ်ကျိုးကို ပေးရာ၌ "ကမ္မဖလသဒ္ဓါ" ထက် မရေမတွက်နိုင်အောင် ဖွံ့ဖြိုး၏။ ထို့ထက် အထက်ဖြစ်သော မဂ် ဖိုလ်နိဗ္ဗာန် ဟူသော လောကုတ္တရာကျိုးကိုမူ ဤ "ရတနတ္တယသဒ္ဓါ" ရှိသူ ဖြစ်ပါမှ ရနိုင်၏။ ရတနတ္တယသဒ္ဓါ မရှိဘဲ ဘာမဂ်ဖိုလ် မှ မရနိုင်ပေ။

ဘုရားပွင့်ချိန်များ၌သာလျှင် ရနိုင်သည့်ပြင် လူတိုင်းလည်း မဖြစ်နိုင်၊ ဖြစ်ဖို့ရန်လည်း အင်မတန် ခဲယဉ်းလှသဖြင့် ဤ "ရတနတ္တယသဒ္ဓါ" ကို "ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ" ဟု ဒုလ္လဘတရားငါးပါး၌ ထည့်သွင်းဖော်ပြတော်မူ၏။

မှန်၏။ ဤ ရတနတ္တယသဒ္ဓါ ဖြစ်နိုင်ဖို့ ခဲယဉ်းလှပုံကို အရှင်အဂ္ဂသမာဓိ ပုဂ္ဂိုလ်ကျော်သည် ဘုံခန်းပျို့ ၌ ဤသို့ မော်ကွန်းထိုးခဲ့သည် -

"မည်းနက်ဆင်းညို၊ မဖြူလိုတို့၊ လူ့ဗိုက်တွက်ရေ၊ တစ်ကုဋေဝယ်၊ ရှာဖွေပတ်နောက်၊ သဒ္ဓါပေါက်သား၊ တစ်ယောက်ရဲရဲ၊ ရစခဲစွ" တဲ့။

ထိုမှတစ်ဖန် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာတွင် ယင်းသဒ္ဓါနှစ်မျိုးတို့၏ အကျိုးကို ဤသို့ မော်ကွန်းထိုးခဲ့သည် -

"သဒ္ဓါ ဟူပြား၊ ဤ တရားကား၊ လမ်းသွားသံသရာ၊ သတ္တဝါ၏၊ လူ့,ရွာ နတ်ဌာန်၊ နိဗ္ဗာန်ထုတ်ချောက်၊ အဆုံးရောက်အောင်၊ ချီးမြှောက်ဥပ၊ နိဿယဖြင့်၊ မ,စ မကွာ၊ လိုက်၍သာလျှင်၊ ကလျာဏစစ်၊ ခင်ပွန်းချစ်သို့၊ ဖြစ်ဖြစ်သမျှ၊ ဘဝထိုထို၊ ရတိုင်းကိုယ်၌၊ အလိုရှိရာ၊ ပေတတ်စွာ၏"

ဤစာရှုသူ၊ဤမျှဆိုလျှင် သဒ္ဓါအရေးကြီးပုံ၊ သဒ္ဓါအကျိုးကြီးပုံ သဘောပေါက်လောက်ပေပြီ။ မိမိသည် အဘယ့်ကြောင့် ဤမျှ သဒ္ဓါ၏အကြောင်းကို ဖွင့်ပြနေရသည်မှာ အကြောင်းရှိပါသည်။

အကြောင်းကား အဘယ်နည်း။ ယနေ့ မျက်မှောက်ခေတ်ကို ရှုကြည့်ပါဘိ၊ စာရှုသူ လူရော,ရှင်ပါ အဘယ်အရာတွေ ကို ရှာဖွေကာ ယုံကြည်ကိုးကွယ် ဆည်းကပ်နေကြသနည်း။

အချို့ကျောင်း၊ အချို့အိမ်များက ဘုရားစင်ကို သတိထား၍ကြည့်လိုက်ပါမူ ရုပ်ထွေးပွေလီလျက် ရှိ၏။ အချို့အိမ်များမှာ သီးခြားအခန်း ထားကာ ဘုရားနှင့် အခြားအရာတွေနှင့် တစ်သားတည်း ရောထား၏။

ဘုရားစင်ပေါ်ရောထားသည်က တစ်မျိုး၊ အခန်း သီးခြားထားကာ ရောမွှေသည်က တမည်။ အမျိုးမျိုး အသွယ်သွယ်ဖြင့် ဘုရားကို နောက်ဆွယ်ထားကာ ဘိုးတော်က တစ်မျိုး၊ မယ်တော်က တသီး၊ အထက်ဆရာကြီးက တစ်ဖုံ၊ ထွက်ရပ်ပေါက်ဝိဇ္ဇာက တစ်နည်း၊ ဂိုဏ်းဆရာကြီးက တစ်ရပ်၊ နတ်သိကြားတွေ ရှေ့တန်းတင်ထားကြ၏။

မိမိတို့သည် ရံခါ အိမ်ဂေဟာသို့လည်းကောင်း၊ အချို့သော ကျောင်းများသို့လည်းကောင်း ရောက်သည့်အခါ ဘုရားရှင်အား ဦးစွာရှိခိုးရ၏။ ထိုအခါ မနည်းဘဲ ကြည့်ရ၏။ ဘုရားစင်တွင် ဘာတွေ ရှိသလဲ၊ ရှင်းရဲ့လား၊ လင်းရဲ့လား၊ မိမိ လက်အုပ်မချီနိုင်သည့် ပုဂ္ဂိုလ်တွေ ရှိနေသလား စသည်ဖြင့် ကြည့်ရ၏။

တချို့ဘုရားစင်ပေါ်တွင် အရုပ်မျိုး စုံလင်လှ၏။ ယင်းတို့မှာ ဘုရားရှင်ရှေ့က ဖြစ်၏။ ပွဲအမျိုးမျိုးလည်း ရှိ၏။ ယင်းပွဲတွေမှာ ဘာပွဲတွေမှန်း မသိရ။

လူများ အိမ်မှာထားသည်မှာ မထောင်းသာလှသော်လည်း ဘုန်းကြီးကျောင်းအချို့တွင် ထားသည်မှာတော့ စဉ်းစားစရာ ဖြစ်လာ၏။

ဘုန်းကြီးဆိုသည်မှာ ဘုရားသားတော် ဖြစ်၏။ ဘုရားဂုဏ်ကျေးဇူး မှီနေရသူ ဖြစ်၏။ တရားဂုဏ်ကျေးဇူး မှီနေရသူ ဖြစ်၏။ အရိယာ သံဃဂုဏ်ကျေးဇူး မှီနေရသူ ဖြစ်၏။

သို့ဖြစ်၍ ဘုန်းကြီးသည် မိမိကျောင်းတွင် ဘုရားရှင်မှတစ်ပါး အခြားကိုးကွယ်စရာ ထားရန် မလိုပေ။ မှန်၏။ မိမိ၏ အဘဘုရားရှင်သည် အတုမဲ့ ဖြစ်၏။ ယင်း အတုမဲ့ဘုရားရှင်ထက် သာလွန်သူ လောကတွင် အဘယ်မှာရှိပါသနည်း။

သို့ဖြစ်၍ သားတော်ဖြစ်သော ဘုန်းကြီးသည် အတုမဲ့ အဘဘုရားရှင်၏ စင်ပေါ်တွင် မုတ်ဆိတ်ဖားလျားနှင့် တောင်ဝှေးထောက်သူ တစ်သွယ်၊ ဝတ်ဖြူဝတ်သူ တစ်မျိုး၊ ဟသ်ာစီးသူ တစ်သွယ် မဖွယ်ရာတွေကို ထားကာ အတုမဲ့ဘုရားရှင်နှင့် အတူ ကိုးကွယ်သင့်သလော။

စာရှုသူ အဖြေထုတ်ပါဘိ။ တစ်ဖန် လူများ၏ အိမ်တွင်ရှိ ဘုရားစင်တွင်လည်း ယင်းအတူပင် စိစစ်ကြည့်ပါဘိ။ မိမိတို့သည် အရိယာသာဝက ဘုရားတပည့်များ ဖြစ်၏။ ဘုရား၏ တရားကို ယုံကြည်၏။ ဘုရား၏ တပည့်သား သံဃာတော်ကို ယုံကြည်၏။ ယခုမူ ဟုတ်ပါ၏လော။ ဟုတ်.မဟုတ် မိမိတို့ ဘုရားစင် မိမိတို့ ပြန်ကြည့်ပါ။

ဘုရားစင်တွင် တင်ကာ အမြတ်တနိုး ကိုးကွယ်ထားခြင်းသည် အဘယ်ကို ယုံကြည်၍ အဘယ်သို့ ယုံကြည်သနည်း။ အဖြေမှာ စီးပွားရေး၊ ကြီးပွားရေး၊ လုပ်ခင်း.ကိုင်ခင်း ကောင်းအောင် မ.နိုင်သည်။ ရာထူးတက်အောင် မ.နိုင်သည်ဟု ယူသောကြောင့် ဖြစ်၏။

ယင်းသို့ ယူသော် မိမိတို့တွင် ကံ.ကံ၏အကျိုးကို ယုံကြည်သော ကမ္မဖလသဒ္ဓါ ရှိပါ၏လော။ ကံ.ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိပါ၏လော။

အမှန်စင်စစ်မူ မိမိတို့ မျက်မှောက်ဘဝ တွေ.ကြုံနေရသော ကောင်းကျိုးဆိုးပြစ်တို့မှာ မိမိတို့ ပြုခဲ့ကြသော အတိတ်ကံ၊ ပစ္စုပ္ပန်ကံ အကောင်း.အဆိုးတို့ကြောင့် မဟုတ်ပါလော။ ဟုတ်ပါ၏။ ယင်းကိုရည်၍ မဃဒေဝလင်္ကာတွင် ဤသို့ စပ်ဆိုခဲ့သည် -

"ခပင်းလောက၊ လူထိုမျှကား၊ ပြုကအသစ်၊ ဖြစ်ကအဟောင်း၊ ကျိုးနှင့်ကြောင်းတည်း၊ ဆိုးကောင်းဟူထ၊ ဤနှစ်ဝကို၊ ကမ္မဿကာ၊ မှတ်တို့ရာ၏၊ သည်သာမှန်ဘိ၊ ယွင်းမရှိဘူး။

"မိမိကမ္မ၊ ကိလေသဖြင့်၊ သုခလိုငြား၊ ဒုက္ခပွား၏၊ ရှေ့ကားသုခ၊ နောက်ဒုက္ခနှင့်၊ စိတ်ကလိုရေး၊ အအေးတောင့်တ၊ အပူရလျက်၊ ပူကအေးမြဲ၊ မှန်မလွဲရှင့်၊ ဆင်းရဲရှေ့ရှိ၊ နောက်ပြီချမ်းသာ၊ ဖြစ်မြဲစွာတည်း" တဲ့။

ရှင်တော်ဗုဒ္ဓ၏ ယင်း ကမ္မဿကတာတရားကို ယုံကြည်ကာ တရားမင်းဘုရင် ဘုရားရှင်ကို ကိုးကွယ်ကြမည် ဖြစ်၏။ ယင်းတရားတော်အတိုင်း ကောင်းကောင်းကျင့်ကြံတော်မူကြတဲ့ သံဃာတော်အရှင်မြတ်တွေကို ကိုးကွယ်ကြရမည် ဖြစ်၏။

ဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တွေကို ကိုးကွယ်ပါလျှင် တရားတော်လည်း ကိုးကွယ်ပြီးသား ဖြစ်တော့၏။ သို့မဟုတ် တရားတော်လာအတိုင်း ကျင့်ကြံလိုက်နာနေခြင်းသည် တရားတော်ကို ကိုးကွယ်ခြင်း ဖြစ်၏။

ယင်းသို့ ရတနာသုံးတန်ကို ကိုးကွယ်ဆည်းကပ်ပါလျှင် မိမိတို့တွင် ရတနတ္တယသဒ္ဒါဖြစ်ကာ ဖော်ပြခဲ့ပြီးသော အကျိုးတွေ ရနိုင်ပါ၏။ ယင်းသို့ ရခြင်းသည် ဘုရားစင်ပေါ် တင်ပြီး ကိုးကွယ်တဲ့ အရုပ်မျိုးစုံကြောင့်လော၊ မိမိတို့၏ ကမ္မဖလသဒ္ဒါ၊ ရတနတ္တယသဒ္ဒါ ကြောင့်လော စဉ်းစားပါဘိ။

အို ... စာရှုသူ၊ မိမိ စကားချီးခဲ့သည်မှာ ရှည်လှပါပြီ၊ အကြောင်းရင်းကို ဆိုကြပါစို့၊ အဘယ်ကြောင့် ဤမျှ အကျယ်တဝင့် ဖွင့်သနည်း။ တစ်ချိန်က ဖြစ်ခဲ့၏။ ရတနာသုံးပါး ကြည်ညိုသူတစ်ယောက်နှင့် တွေ့၏။

သူသည် သာသနာတော်ကို အထူးသက်ဝင် ယုံကြည်သူဖြစ်၏။ သူက မသက်မသာမျက်နှာနှင့် မိမိအား မေး၏။

"အရှင်ဘုရား၊ ဘုန်းကြီးတွေက ဘုရားစင်ပေါ်တင်ပြီး ဘိုးတော်၊ မယ်တော်၊ အထက်ဆရာ၊ ဝိဇ္ဇာဇော်ဂျီ၊ မှတ်ဆိတ်ဖားလျား၊ ခြေကားရားတွေ ကိုးကွယ်နေတော့ တပည့်တော်တို့က ဘယ်သူ့ကို ကိုးကွယ်ရပါ့မလဲ ဘုရား"

"နေစမ်းပါဦး ဒကာကြီးရဲ့ ဘုန်းကြီးတွေက ဆိုတော့ အကုန်လုံးလို ဖြစ်သွားတယ်၊ အချို့ဘုန်းကြီးတွေလို့ ပြောပါ"

"မှန်ပါဘုရား၊ တပည့်တော် လောကြီးသွားပါတယ်၊ တပည့်တော်တို့ အားကိုးတကြီး ကိုးကွယ်နေတဲ့ အချို့ဘုန်းတော်ကြီးတွေက ဂိုဏ်းဘက်လိုက်၊ ဘိုးတော်၊ မယ်တော်၊ အထက်ဆရာ၊ အောက်ဆရာ၊ ဝိဇ္ဇာဇော်ဂျီ စသည်တွေ ကိုးကွယ်နေကြတော့ တပည့်တော်တို့ မျက်စိလည်ကုန်ပြီဘုရား"

"အင်း"

"အဲဒီ ဘုန်းကြီးအချို့က ဒီလိုကိုးကွယ်နေတော့ တပည့်တော်တို့က ဘယ်သူ့ကို ကိုးကွယ်ရပါ့မလဲ ဘုရား၊ ဘုရား. တရား. သံဃာ ရတနာသုံးပါး ပစ်ပြီး အဲဒီဘုန်းကြီးအချို့ကိုးကွယ်တဲ့နောက် လိုက်ပြီး ကိုးကွယ်ရမလား"

"အင်း ... မေးစရာပဲ၊ သာသနာ့ခေါင်းဆောင်၊ သာသနာ့ဝန်ထမ်း၊ ဘုရားသားတော်၊ သံဃာတော်တွေကမှ အလွဲကို ကိုးကွယ်ပြီဆိုတော့ သံဃာတော်တွေကို မှီနေတဲ့ လူတွေအဖို့ လွဲမှားဖို့ပဲ ရှိတော့တာပေါ့"

"တော်တော်လွဲကုန်ပြီ ဘုရား၊ အရှင်ဘုရားတို့ ဟောပေး ပြောပေး ရေးသားပေးဖို့ ကောင်းပြီ"

"အမယ်လေး ... ဘုန်းကြီးမှာလည်း ဟောရတာလည်း မောပြီ၊ ရေးရတာလည်း ညောင်းပြီ၊ အဲဒီအသိုက်အဝန်းက လူတွေက ဘုရားတရားသံဃာ ပယ်ထားတော့ တရားပွဲလည်း မလာဘူး၊ စာလည်း မဖတ်ဘူး၊ ဒီတော့ ဘယ်လိုလုပ် အသိဉာဏ်အမှန်ရနိုင်ပါ့မလဲ"

"အင်း ...အဲဒါလည်း ဟုတ်တာပဲဘုရား၊ အဲဒီလိုဘုန်းကြီး၊ အဲဒီလိုလူတွေဟာ စာတွေ ပေတွေလည်း မဖတ်ဘူးဘုရား၊ တရားပွဲတွေလည်း မသွားဘူးဘုရား"

"ကဲ ... ဒီတော့ သူတို့ကို ဘယ်လိုလုပ် အသိဉာဏ်အမှန် ပေးနိုင်မလဲ"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်"

"ဒီတော့ ဒီလိုလုပ်၊ အဲဒီဂိုဏ်းစွဲရှိတဲ့ ဘိုးတော်၊ မယ်တော် ကိုးကွယ်တဲ့ ဘုန်းကြီးတွေကို ကိုးကွယ်မှု ရပ်လိုက်"

"မှန်ပါ ဘုရား"

"ဒီတော့ သူတို့က မေးလိမ့်မယ်၊ ဘာဖြစ်လို့ မလာလဲလို့"

"မှန်ပါ ဘုရား"

"ဒီတော့ ပြောပြပေါ့၊ တပည့်တော်တို့ ကိုးကွယ်စရာ ဘုန်းကြီးက ဘိုးတော်၊ မယ်တော် ကိုးကွယ်နေတော့ တပည့်တော်တို့ အိမ်က ဘုရားပဲ ကိုးကွယ်နေပါတော့တယ်လို့"

"မှန်ပါ ဘုရား"

"အမှန်က ဘုရားကပေးလို့ ရနေတာ၊ ဘိုးတော် မယ်တော်က မ.စလို့ဆိုတော့ အဲဒီလို ယုံကြည်ကိုးကွယ်တဲ့ ဘုန်းကြီးမှာ ကမ္မဿကတာသမ္မာဒိဋ္ဌိတောင် မရှိဘူး၊ ဘုန်းကြီးဝတ်နေသော်လည်း မှားတဲ့မိစ္ဆာဒိဋ္ဌိ အယူပဲ ရှိတယ်၊ သူ့ကို မကိုးကွယ်ထိုက်ဘူး"

"အဲဒီဘုန်းကြီးကို ကိုးကွယ်သူများမှာ စစ်မှန်တဲ့သဒ္ဓါ မဖြစ်တော့ဘူး၊ သဒ္ဓါတု သဒ္ဓါယောင်ပဲ ဖြစ်တော့တယ်၊ အဲဒီတော့ ဒကာ ဒကာမတွေမှာ လောကီ.လောကုတ္တရာ ဖွံ့ဖြိုးတဲ့ အကျိုးမပေးနိုင်တော့ဘူး"

"နောက်ကပြောခဲ့တဲ့ သဒ္ဓါအကြောင်း ပြန်ကြည့်ရင် သိနိုင်ပါတယ်၊ အဲဒါကို အထူးသတိမူပါနော်"

"မှန်ပါ ဘုရား"

"လောကမှာ အကိုးကွယ်မှားတာ၊ ဆရာမှားတာထက် နစ်နာတာ မရှိတော့ဘူး၊ တစ်သံသရာလုံး မှောက်မှားတဲ့ အမှားပေါ့၊ ဒါကြောင့် ဆရာမှားတိုင်း ကိုယ်က လိုက်မမှားနဲ့၊ မှားမှန်းသိရင် ကိုယ်က ခွာရမယ်နော်"

"မှန်ပါ ဘုရား"

✦ ဆရာကကွယ်၊ အမှားတွယ်၊ ကိုးကွယ်တဲ့အခါ။

✦ သိသူတပည့်၊ နောက်ဆုတ်ဘိ၊ ရှောင်ဘိကိုးကွယ်တာ။

✦ ကျေးဇူးဆပ်တာ၊ ကိုးကွယ်တာ၊ သိပါသေသေချာ။

✦ ကျေးဇူးရှိက၊ ဆပ်လေကြ၊ ရှောင်ပဲ့ကိုးကွယ်တာ။

✦ ကျေးဇူးတခြား၊ ကိုးကွယ်ခြား၊ နစ်စားသိလေပါ။

# ကုသိုလ်တွေ ပြုလုပ်နေပါလျက် အဘယ့်ကြောင့် ဒုက္ခတွေ့ရပါသလဲ

(၁၅၈)

"အကောင်း.အဆိုး၊ အကျင့်မျိုးကား၊ ပြစ်ကျိုးပေးနေ၊ ရှိမြဲပေတည်း။

"နဘေ.ဥမင်၊ ပင်လယ်ပြင်၌၊ အောင်း၀င်.ပုံတက်၊ ကံ၀ိပါက်မှ၊ လွတ်ကွက်လွတ်ရာ၊ မရှိစွာခဲ့။

(မဃဒေ၀)

"ပုဗ္ဗေရေးက၊ ပြုခဲ့ကြသည်၊ ပါပအကျိုး၊ ထိုကံဆိုးကြောင့်၊ မိုးကြိုးကျရာ၊ ခံမိစွာခဲ့၊ သံသာရည်ဇွန့်၊ ဘယ်မစွန့်ဘူး"

(မဃဒေ၀)

လူတို့သည် မိမိတို့၏ မျက်မှောက်ဘ၀ ပြုလုပ်.ပြောဆို ကြံစည်နေသည့် ကံကိုကြည့်လျှင် အတိတ်တုန်းက ငါတို့ ဘာတွေများ ပြုလုပ်ပြောဆို ကြံစည်ခဲ့ပါသလဲဟု မှန်းဆနိုင်မည် ဖြစ်၏။

သို့ဖြစ်၍ လူသည် အတိတ်ကို မမေ့နှင့်။ အတိတ်ကို မေ့သော် အောက်ခြေလွတ်တတ်သည်။ အောက်ခြေလွတ်လျှင် လဲကျဖို့သာ ရှိပါတော့သည်။ တစ်ကြိမ် လဲကျပြီးပါက ပြန်ပြီး နာလန်ထူဖို့ မလွယ်တော့ပါ။

အတိတ်ဟူသည်မှာ မကွာဝေးသောအတိတ်၊ ကွာဝေးသောအတိတ်ဟူ၍ နှစ်မျိုး ရှိ၏။ ဒီဘ၀တွင် ဒီနေ့မပါ၊ လွန်ခဲ့တဲ့ နေ့က ငါ ဘာတွေပြုလုပ် ပြောဆို ကြံစည်ခဲ့သလဲ၊ စဉ်းစားကြည့်ပါ။ ယနေ့ ငါဘာတွေ ပြုလုပ်ပြောဆို ကြံစည်ပါသလဲ။

ယင်းသို့ စဉ်းစားလျှင် ဒီနေ့ ပြုလုပ်ပြောဆို ကြံစည်မှုနှင့် မဝေးသော အတိတ်ဖြစ်တဲ့ လွန်ခဲ့တဲ့နေ့က ပြုလုပ်ပြောဆို ကြံစည်မှုတွေ အကွင်းသား အရှင်းသား ပေါ်လာပါမည်။

ယင်းသို့ဖြင့် ယနေ့ ပစ္စုပ္ပန်နှင့်မဝေးသော အတိတ်က ဤသို့ပြုလုပ်ပြောဆို ကြံစည်ပါလျှင် ကွာဝေးသောအတိတ်က ငါ ဘာတွေများ ပြုလုပ်ပြောဆို ကြံစည်ခဲ့သလဲဆိုတာ အတိအကျ မသိရသော်လည်း မှန်းဆနိုင်ပါပြီ။

ယင်းသို့ မှန်းဆနိုင်ပါလျှင် ယခုဘ၀တွင် မိမိ၌ တွေ့ ကြုံနေရသော ကောင်းကျိုး၊ မကောင်းကျိုး၊ သုခ၊ ဒုက္ခတို့ကို ဘာ့ကြောင့် ဖြစ်တာလဲဟု မှန်းဆနိုင်ပါသည်။

ယင်းသို့မှန်းဆနိုင်သည်ဟု ဆိုသည်မှာ ဉာဏ်ပညာရှိသူတို့ကို ဆိုလိုပါသည်။ ဉာဏ်ပညာ မရှိသူတို့မှာတော့ သေသေချာချာ ညွှန်ပြတာတောင်မှ တိတိကျကျ မသိရှိဘဲ ရိပ်မိရုံမျှ ရှိပါသည်။ တချို့ရိပ်တောင် မရိပ်မိရှာကြပါ။

ယင်းသို့ အချို့တွင် ပါဝင်သူတစ်ယောက်က မိမိအား ပြဿနာမေး၏။ ပြဿနာမှာလည်း မေးစရာကောင်းသော ပြဿနာတစ်ခု ဖြစ်၏။

ယင်းပြဿနာကား အဘယ်နည်း။ ကုသိုလ်တွေ ပြုလုပ်နေပါလျက် အဘယ့်ကြောင့် ဒုက္ခတွေ့ရပါသလဲ တဲ့။ ပြဿနာမှာ ရှင်း၏။ ကုသိုလ်အပေါ်တွင် သံသယရှိနေ၏။

အို . . . စာရှုသူ၊ မိမိကိုယ် မိမိ ပြန်ကြည့်ပါဘိ။ တော်တော်ကောင်းပါသည်လို့ ဝန်ခံနိုင်တဲ့အဆင့်မှာ ရှိတာတောင် မကောင်းတာတွေ ပြုမိ. ပြောမိ. ကြံမိတာတွေ မရှိပါလော။

တစ်ဖန် ဆက်ပြီးတော့ ကြည့်ရှုပါဘိ။ ဒီဘဝတွင်တောင် ဒီမျှလောက် အကုသိုလ်တွေကို ပြုမိ. ပြောမိ. ကြံမိပါလျှင် ရှေးရှေးအခါက ယခုလို မိမိကိုယ်ကို မိမိ ကောင်းတယ်ဟု ဝန်မခံနိုင်တဲ့ ဘဝတွေက အခါတွေက ဆိုလျှင် အဘယ်မျှ ပြုလိုက်၊ ပြောလိုက်၊ ကြံလိုက်မလဲလို့။

တစ်ဖန် စဉ်းစားပါဦး။ ယခုဘဝတွင် ကုသိုလ်ကောင်းမှုတွေ ပြုနေသည်ဟု ဆို၏။ ယင်းပြုနေစဉ်အတွင်းမှာပင် အကုသိုလ်မှုတွေ ပြုလုပ်၊ ပြောဆို၊ ကြံစည်မှုတွေ ပါနေသေးသည် မဟုတ်ပါလော။

ယင်းသို့ဆိုသော် မိမိ၏ကုသိုလ်မှုနှင့် အကုသိုလ်မှုကို ယှဉ်ကြည့်ပါ။ ဘယ်ဟာက များလဲ၊ ဘယ်ဟာက အားကောင်းလဲ။ အကုသိုလ်မှုသည် များလည်း များ၏၊ အားလည်း ကောင်း၏။

အကုသိုလ်တစ်ခု ပြုမိပါလျှင် ယင်းအကုသိုလ်ကံသည် သုံးမျိုး အကျိုးပေးပါမည်။

(၁) မျက်မှောက်ဘဝတွင် မကောင်းကျိုးပေးမည်။

(၂) ဒုတိယဘဝတွင် မကောင်းကျိုးပေးမည်။

(၃) တတိယဘဝမှ နိဗ္ဗာန်ရောက်သည်အထိ လိုက်၍ မကောင်းကျိုးပေးမည်။

ယင်းသို့ဆိုသော် ယခုဘဝတွင် မိမိပြုတဲ့ အကုသိုလ်ကံကလည်း ယခုဘဝတွင် မကောင်းကျိုးပေးဖို့ လိုက်လျက် မရှိပါလော။

ယခုဘဝ မရောက်မီဘဝက ပြုခဲ့တဲ့ အကုသိုလ်ကံကလည်း ယခုဘဝသို့ လိုက်လျက် အကျိုးပေးရန် မရှိပါလော။

ယခုဘဝ မရောက်မီလွန်ခဲ့တဲ့ တတိယဘဝလောက် သို့မဟုတ် ယင်းမှ အထက် ဘဝများစွာက ပြုခဲ့တဲ့ အကုသိုလ်ကံကလည်း ယခုဘဝသို့ လိုက်လျက် အကျိုးပေးရန် မရှိပါလော။

ယင်းသို့ဆိုလျှင် မိမိတို့ ပုထုဇဉ်ဘဝသည် အရှုးမီးဝိုင်းပမာ ဒုက္ခဖြစ်စရာတွေ ဝိုင်းမနေပါသလော။ ယင်းကို မြင်အောင်ရှုပါဘိ၊ ယင်းကို မြင်လျှင် ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်ပါမည်။

ထိုသို့ ကမ္မဿကတာသမ္မာဒိဋ္ဌိ အစစ်ဖြစ်ပါလျှင် အကောင်းကြုံလည်း မခုန်တော့ပါ။ အဆိုးကြုံလည်း မတုန်တော့ပါ။ သို့မဟုတ်က အကောင်းကြုံလျှင် ခုန်မည်။ အဆိုးကြုံလျှင် တုန်မည်။

တုန်သူက မေး၏။

"ဘုန်းဘုန်းဘုရား၊ တပည့်တော် ကုသိုလ်ကောင်းမှုတွေလည်း ပြုနေပါလျက်ကနဲ့ ဘာဖြစ်လို့ ဆင်းရဲဒုက္ခတွေနဲ့ တွေ့နေရပါသလဲဘုရား" တဲ့။

"အင်း . . . မေးလည်း မေးစရာပေါ့၊ မေးတော့လည်း ဖြေရမှာပေါ့၊ မင်း နားထောင်နိုင်ပါ့မလား"

"ထောင်နိုင်ပါတယ် ဘုန်းဘုန်း"

"အေး...အေး၊ ဒါဖြင့် ပြောပြမယ်၊ နားထောင်၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတုန်းကပေါ့၊ အဖြစ်အပျက်ကတော့ ရေးကျတယ်နော်"

"မှန်ပါ ဘုရား"

"ဒါပေမဲ့ မင်းအဖြစ်နဲ့က သိပ်ပြီးတော့ အံဝင်ခွင်ကျဖြစ်နေလို့ ပြောရတာ"

"ပြောပါဘုန်းဘုန်း"

"ရဟန်းတော်တစ်စုဟာ ဘုရားဖူးရအောင်ဆိုပြီး ကြွလာကြတယ်၊ အဲဒီရဟန်းတော်တွေ ရွာတစ်ရွာ ဝင်ကြတယ်၊ ဒကာ ဒကာမတွေက ချက်ကြပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ချက်နေတဲ့အထဲမှာဒကာမတစ်ယောက်ရဲ့ဒိုးမှမီးလျှံက အမိုးကိုစွဲတယ်၊ အဲဒီ မီးလျှံထရာမှမြက်ဆုပ်ကရွတ်ခွေမီးစွဲပြီး ကောင်းကင်သို့ လေလွင့်ပြီး မြောက်တက်သွားတယ်၊

"အဲ ... ကောင်းကင်မှာ ပျံနေတဲ့ ကျီးကန်းတစ်ကောင်ရဲ့ လည်ပင်းကို သွားပြီးတော့စွပ်မိတယ်၊ ခုနက မီးလောင်ပြီး မြောက်တက်သွားတဲ့ မြက်ကရွတ်ခွေကနော်"

"အဲဒီကျီးကန်းဟာ မီးလောင်သေပြီး အောက်ကျလာတယ်၊ ရဟန်းတော်တွေက မြင်တော့ -

"ဩော် ... အလွန်လေးသော အမှုပါတကား၊ ငါရှင်တို့၊ ကျီးကန်းသည် ရအပ်သော ဖောက်ပြန်ခြင်းကို ကြည့်ရှုကြကုန်လော့၊ ဒီကျီးကန်း ပြုအပ်တဲ့ကံကို ဘုရားရှင်ကိုထား၍ အဘယ်သူ သိနိုင်ပါအံ့နည်း၊ ဘုရားရှင်ကို ဒီကျီးကန်းရဲ့ရှေးမကောင်းမှုကံကို မေးလျှောက်ကြကုန်အံ့" တဲ့၊

"အဲဒီလို ပြောဆိုကြံစည်ပြီးတော့ ဆက်လက်ပြီးတော့ ဘုရားဖူးရန် ခရီးထွက်ကြတယ်နော်"

"မှန်ပါ ဘုရား"

"နောက်တစ်စု ရှိသေးတယ်၊ ရဟန်းတော် ခုနစ်ပါး ဘုရားဖူးကြွလာကြတယ်၊ ရွာတစ်ရွာရှိ ကျောင်းတစ်ကျောင်း ဝင်ပြီး တည်းခိုကြတယ်၊ အဲဒီ ရဟန်းတော်တွေကို ကျောင်းထိုင်ဘုန်းကြီးက ကျောင်းအနီးနားမှာ ရှိတဲ့ ဥမင်လိုဏ်ခေါင်းထဲမှာ နေရာချတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ကျကျနနပါပဲ၊ ခုတင်တွေ၊ ညောင်စောင်းတွေ အပြည့်အစုံပေါ့၊ အဲဒီရဟန်းတော်တွေကလည်း အထဲရောက်လို့ နေရာတကျလည်း ရှိရော အိမ်လုံး၊ ကျောင်းလုံးလောက်ရှိတဲ့ ကျောက်တုံးကြီးတစ်တုံး လိမ့်လာပြီး အဲဒီရဟန်းတော်တွေ သီတင်းသုံးတဲ့ လိုဏ်ဂူဝ ပိတ်လိုက်ရော"

- "အထဲကလည်း တွန်း၊ အပြင်ကလည်း ဆွဲ၊ ပတ်ဝန်းကျင် ရွာခုနစ်ရွာက လူသူအားလုံး ဆွဲကြလည်း မရဘူး၊ ခုနစ်ရက်ပတ်လုံး ကြိုးစားကြတယ် မရဘူး"

"စဉ်းစားကြည့်ပေါ့၊ အထဲက ရဟန်းတော်ခုနစ်ပါး ခုနစ်ရက်ပတ်လုံး အစာငတ်၊ ရေငတ်ပေါ့၊ ဒုက္ခမရောက်ဘူးလား၊ ဘုရားဖူး သွားရင်းနဲ့ပေါ့"

"ရောက်ပါတယ်ဘုရား"

"အေး... ခုနစ်ရက်မြောက်တဲ့နေ့ ကျတော့လည်း အဲဒီ လိမ့်လာတဲ့ကျောက်တုံးကြီးဟာ သူ့နေရာသူ ပြန်လိမ့်သွားတယ်၊ ဒီတော့ ရဟန်းတော်တွေက -

"ငါတို့ရဲ့ ဒီ မကောင်းမှုဟာ ဘုရားရှင်မှတစ်ပါး ဘယ်သူသိနိုင်ပါအံ့နည်း၊ ဘုရားရှင်ထံရောက်မှ ဘုရားရှင်အား မေးမြန်းကြစို့"တဲ့။

"အဲဒီရဟန်းတော်တွေ အားမွေးပြီးတော့ ဘုရားရှင်တော်ထံသို့ အဖူးအမြော် ဆက်ကြွကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲ . . . ရဟန်းတော်တစ်စုကတော့ လှေစီးပြီးတော့ ဘုရားဖူးကြွကြတယ်၊ စက်လှေကြီးပေါ့၊ ပင်လယ်ခရီး ကြွကြတာနော်"

"မှန်ပါ ဘုရား"

"အဲ . . . လှေထွက်လို့ ကမ်းပျောက်ရော လှေဟာ မသွားတော့ဘူး၊ မတုန်မလှုပ်ဘဲ ငုတ်တုတ်ရပ်နေပြီပေါ့၊ ဘာနဲ့မှ အငြိအတွယ် မရှိဘဲ ရပ်နေတာ၊ ဒီတော့ လှေပေါ်ပါလာသူတွေက "တို့လှေပေါ်မှာ လှေမသွားနိုင်လောက်အောင် ယုတ်မာတဲ့လူ ပါလာရမယ်"တဲ့၊ စဉ်းစားပြီး သူယုတ်ကို မဲချကြတယ်နော်"

"မှန်ပါ ဘုရား"

"သူယုတ် မဲချတယ်ဆိုတော့ လှေပေါ်ပါသူအားလုံးစာရင်းကောက်ပြီး မဲတစ်လိပ်ကို သူယုတ်၊ ကျန်တဲ့မဲတွေက ဗလာပေါ့၊ မဲချတာ လှေသူကြီးကတော်ချည်းပဲ သုံးခါ ကျတယ်၊ မကျေနပ်လို့ သုံးခါ ပြန်ချတာ သုံးခါလုံး ပြန်ကျတော့ အံ့သြစရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"လှေပေါ်ပါသူတွေက "အရှင်လှေသူကြီး၊ ဘယ်လိုလဲ"လို့ မေးကြတော့ လှေသူကြီးက "ကဲ . . . ဒီမိန်းမအတွက် လူ့အများ သေကြေပျက်စီးခြင်းဌာ မတတ်ကောင်း၊ ဒီမိန်းမကို ရေ၌ ပစ်ချအံ့"တဲ့ ပြောတယ်"

"ပြောပြီး မိန်းမကို ဆွဲတဲ့အခါ သေဘေးမှကြောက်၍ အော်ဟစ်ရုန်းကန်သတဲ့နော်"

"မှန်ပါ ဘုရား"

"ကြောက်တာကိုး သေရမှာ၊ ဒီတော့ လှေသူကြီးက မိန်းမမှာ ဝတ်ထားတဲ့ ဝတ်ကောင်းစားလှတွေကို အကုန်ချွတ်ခိုင်းတယ်၊ အဝတ်နွမ်းလေး တစ်ထည်ပဲ ဝတ်ခိုင်းတယ်၊ ပြီးတော့ ရေထဲပစ်ချရင် ပေါလောပေါလော မျောနေရင် မြင်မကောင်းဘူး ဆိုပြီးတော့ အိုးတစ်လုံးထဲ ကျောက်ခဲသဲလဲတွေထည့်၊ အိုးလည်ပင်းကြိုးစနဲ့ မိန်းမလည်ပင်း ကြိုးချည်ပြီး ရေထဲပစ်ချတယ်"

"အဲဒီမိန်းမလည်း ရေထဲကျသွားရော လှေလည်း အလိုလိုသွားတယ်၊ အဲဒါကိုမြင်တဲ့ ရဟန်းတော်တွေက -

"အင်း . . . ဒီအကြောင်းဟာ ဘုရားရှင်ကိုထား၍ အဘယ်သူဟာ သိနိုင်ပါအံ့နည်း။ ဒီမိန်းမရဲ့ကံအကြောင်းကို ဘုရားရှင်အား မေးလျှောက်ကုန်အံ့"တဲ့။

"လှေလည်း ခရီးဆုံး၊ ရဟန်းတော်တွေလည်း ကြွပေါ့၊ ကဲ . . . ယခု ရဟန်းတော် သုံးစုကြွတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ . . . ရဟန်းတော်သုံးစု ဘုရားရှင်ထံတော် ရောက်ကြ၊ အသီးသီး ဖူးမြော်ကြ၊ အတွေ့အကြုံတွေ လျှောက်ကြပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဘုရားရှင်က ဖြေတယ်၊ "ရဟန်းတို့၊ ကောင်းကင်ပျံရင်း မီးကွင်းစွပ်ပြီးသေတဲ့ ကျီးကန်းဟာ သူပြုခဲ့တဲ့ အတိတ်ကံ သူခံရတာ။

"ရဟန်းတို့၊ အဲဒီကျီးကန်းဟာ အတိတ်တုန်းက ဗာရာဏသီပြည်မှာ လယ်သမားတစ်ယောက် ဖြစ်ခဲ့တယ်၊ အဲဒီ လယ်သမားဟာ သူ့နွားက အိပ်အိပ်နေတဲ့အတွက် ဆုံးမ.တယ်၊ ဆုံးမ.လို့ မရနိုင်တော့ အမျက်ဒေါသထွက်ပြီး "ဒီလောက်တောင် အိပ်ချင်တဲ့နွား အိပ်ပေတော့" ဆိုပြီး ကောက်ရိုးတွေ နွားလည်ပင်း ရစ်ပတ်ပြီးလျှင် မီးနှင့်ရှို့တယ်၊ အဲဒီနွားဟာ အဲဒီနေရာမှာပဲ မီးလောင်ပြီး သေရရှာတယ်"

"သနားစရာပဲဘုရား"

"အဲဒါ ဒေါသ.ပေါ့၊ ဒေါသဖြစ်ပြီဆိုရင် သနားရမှန်း၊ ဘာမှန်း ဘယ်သိတော့မလဲ၊ ဒါကြောင့် ဒေါသမဖြစ်ခင်က ထိန်းနော်၊ ဖြစ်မှတော့ မလွယ်ဘူး"

"မှန်ပါ ဘုရား"

"အဲဒီလယ်သမားဟာ နွားကို အဲဒီလို သတ်တဲ့အတွက် ငရဲမှာ နှစ်ရှည်လများ ကျခံရတယ်၊ ငရဲက ငရဲသက်ကုန်လို့ တက်လာတော့ ကံကြွင်းကြောင့် အခုလို ကောင်းကင်ပျံရင်း မီးလောင်ခံ သေရတာ၊ ဒီဟာပါဆိုရင် ခုနစ်ကြိမ် ရှိပြီတဲ့"

"ကြောက်စရာကြီးပါလား ဘုရား"

"ကဲ ... အဲဒီကျီးကန်း ကြည့်ပါလား၊ ဒီဘဝ သူ မကောင်းဘူးလား၊ ကောင်းလား"

"ကောင်းပါတယ်ဘုရား"

"ကောင်းရဲ့သားနဲ့ ခံရတာ အတိတ်ကံ၊ အကုသိုလ်ကံကြောင့်ပေါ့၊ မင်းတို့မှာလည်း အဲဒီလိုကံမျိုးတွေ မပါနိုင်ဘူးလား"

"ပါနိုင်ပါတယ်ဘုရား"

"နောက် လိုဏ်ခေါင်းထဲမှာ ကျောက်တုံးကြီး ပိတ်မိနေတဲ့ ရဟန်းတွေက ဘာ့ကြောင့်လဲဆိုတော့ သူတို့လည်း အတိတ်ကံကြောင့်ပဲပေါ့၊ အတိတ်ဘဝက ဗာရာဏသီပြည်မှာ နွားကျောင်းသား ခုနစ်ယောက် ဖြစ်ခဲ့ဖူးတယ်။

"တစ်နေ့ အဲဒီနွားကျောင်းသား ခုနစ်ယောက်ဟာ ဖွတ်ကြီးတစ်ကောင်မြင်တော့ လိုက်ကြတယ်၊ ဖွတ်ကြီးက တောင်ပို့ထဲ ဝင်ပြေးတယ်၊ အပေါက် ခုနစ်ပေါက်ရှိတဲ့ တောင်ပို့ကြီးထဲ ဝင်ပြေးတော့ မဖမ်းနိုင်တော့ဘူး။

"ဒီနေ့တော့ မဖမ်းနိုင်တော့ဘူး၊ နောက်နေ့မှပဲ ဖမ်းတော့မယ်ဆိုပြီး တောင်ပို့ကြီးကို တစ်ယောက်တစ်ပေါက် ပိတ်ခဲ့ကြတယ်။

"နောက်နေ့တွေမှာ အဲဒီစားကျက်မှာ နွား.မကျောင်းဘဲ တခြားစားကျက်တွေမှာ ကျောင်းကြတယ်၊ အဲဒီစားကျက်သို့ ခုနစ်ရက်ကြာမှ ရောက်လာတယ်၊ တောင်ပို့ကိုမြင်တော့မှ ဖွတ်ကြီး သတိရကြတယ်။

"အဲဒီတော့မှ ဖွတ်ကြီး ဘယ်လိုနေလဲဆိုပြီး အပေါက်အသီးသီးကို ဖွင့်ကြတယ်၊ ဖွတ်ကြီးဟာ အစာငတ် ရေငတ်နှင့် မပြေးနိုင် မလွှားနိုင်၊ အရိုးနှင့် အရေသာ ရှိတော့သတဲ့နော်"

"မှန်ပါ ဘုရား"

"သူတို့လည်း ဖွတ်ကြီးကိုမြင်တော့ သနားပြီး အစာရေစာကျွေးကာ လွှတ်လိုက်တယ်၊ အဲဒီ နွားကျောင်းသားတွေဟာ ဖွတ်ကြီးကို မသတ်ခဲ့ခြင်းကြောင့် ငရဲတော့ မကျဘူး။

"သို့ရာတွင် အဲဒီနွားကျောင်းသားတို့သည် တစ်ပေါင်းတည်း အတူဖြစ်ပြီး ခုနစ်ရက်၊ ခုနစ်ရက် အစာငတ် ရေငတ်နဲ့ အခုလိုခံရတာ တစ်ဆယ့်လေးဘဝ ရှိပြီတဲ့"

"ကြောက်စရာကြီးပါလားဘုရား"

"ကဲ… ရဟန်းတော်တွေ ဘုရားဖူးသွားတာ တစ်လမ်းလုံး ကုသိုလ်စိတ်တွေ ဖြစ်၊ ကုသိုလ်မရဘူးလား"

"ရပါတယ်ဘုရား"

"ဘာဖြစ်လို့ လိုက်ခေါ်င်းထဲ ပိတ်မိလဲ သိပြီလား"

"သိပါပြီဘုရား"

"အေး… မင်းလည်း ကုသိုလ်ပြုနေပါလျက်ကနဲ့ ရုံခါ ဒုက္ခတွေ့ရတာ ယခုဘဝမှာ ကိုယ်ပြုခဲ့တဲ့ နောက်ရက်. နောက်လ. နောက်နှစ်က မကောင်းပြု၊ မကောင်းပြော၊ မကောင်းကြံတဲ့ အကုသိုလ်ကံနဲ့ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကံအကျိုးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲ… နောက် ဘာကျန်လဲ၊ ရေထဲပစ်ချခံရတဲ့ မိန်းမအကြောင်း ကျန်သေးတယ်၊ အဲဒီမိန်းမကလည်း အတိတ်ဘဝတုန်းက ဗာရာဏသီပြည်မှာ သူကြွယ်တစ်ဦးရဲ့မယားတဲ့၊ အမှုခပ်သိမ်း သူကိုယ်တိုင်လုပ်သတဲ့။

"အဲဒီမိန်းမကို ခွေးတစ်ကောင်က တကောက်ကောက် လိုက်ကြည့်နေတယ်၊ အဲဒါကိုမြင်တော့ လူနောက် လူပြောင်တွေက "ဟေ့ - ဟေ့ ခွေးမုဆိုး ထွက်သွားပြီ၊ တို့ ဒီနေ့ အမဲဟင်း စားရတော့မယ်" လို့ ပြောင်ကြသတဲ့။

"အဲဒီလိုပြောင်တော့ ရှက်သတဲ့၊ ရှက်တာနဲ့ ခွေးကို မဲပြီး ခဲနဲ့ ပစ်၊ တုတ်နဲ့ ပစ် ခဏပဲရတယ်၊ တော်တော်ကြာ လိုက်မြဲလိုက်တာပဲတဲ့။

"တစ်နေ့တော့ ခွေးကို ကမ်းနား ချော့ခေါ်သွားသတဲ့၊ ခွေးကတော့ မသိရှာဘူး၊ ဝမ်းသာရှာတယ်၊ "ငါ့အား တစ်ခါမှ ချိုချိုသာသာ မခေါ်ဘူး၊ ယနေ့ ခေါ်တယ်" ပေါ့၊ အမြီးကလေးနှံ့ပြီး လိုက်သွားတယ်၊ အဲဒီမိန်းမက အိုးထဲ ကျောက်ခဲတွေ၊ သဲတွေ ထည့်၊ ကြိုးတစ်စနဲ့ ချည်၊ တစ်စနဲ့ ခွေးလည်ပင်းချည်ပြီး အိုးကို ရေထဲ လှိမ့်ချလိုက်တယ်၊ ခွေးဟာ အိုးနောက်ပါသွားတယ်၊ အိုးရော ခွေးရော ရေထဲမှာ မြုပ်သွားတာပေါ့။

"ခွေးသေတဲ့အတွက် အဲဒီမိန်းမဟာ အဲဒီ အကုသိုလ်ကံကြောင့် ငရဲမှာ ကြာရှည်စွာ ခံရတယ်၊ ငရဲသက်ကုန်လို့ တက်လာတော့ ကံအကျိုးကြွင်းကြောင့် အခုလို အိုးထဲ ကျောက်ခဲတွေ သဲတွေထည့်၊ ကြိုးချည်၊ လည်ပင်းကြိုးချည်ပြီး ရေထဲချသတ်ခံရတာ ဘဝတစ်ရာ ရှိပြီတဲ့"

"အမယ်လေး၊ သူသတ်တော့ တစ်ခါ၊ ကိုယ့်ကျတော့ကာ ငရဲလည်း ခံရ၊ ခုလည်း ဘဝတစ်ရာ ခံရ ကြောက်စရာကြီးပါလား"

"အေး… အေး "တစ်ခါခိုး ဆယ်ခါမိ" ဆိုတာမျိုးလိုပေါ့၊ သိပ်ကြောက်စရာကောင်းတယ်ဆို"

"မှန်ပါ ဘုရား"

"ပြောဦးမယ် အတိတ်ဇာတ်လမ်းလေးကို၊ အဲဒီခွေးဟာ ဘာဖြစ်လို့ ဒီမိန်းမနောက် တကောက်ကောက် လိုက်သလဲဆိုတော့ လွန်ခဲ့တဲ့ သုံးဘဝတုန်းက အဲဒီခွေးဟာ အဲဒီမိန်းမရဲ့လင်ယောကျ်ားတဲ့၊ အဲဒါကြောင့် ဘဝနီးစပ်ပြီး ချစ်ခင်မှု မဖြတ်နိုင်လို့ လိုက်နေတာတဲ့"

"ဟင်"

"မဟင်နဲ့၊ မင်းလည်း သတိထား၊ ဒီဘဝမှာ တချို့ရှိတယ်၊ ခွေးခင်၊ ကြောင်ခင် စသည် မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး . . . အဲဒါ အတိတ်ဘဝတုန်းက ဘာတွေ ဝော်ခဲ့လဲတော့ မသိဘူး၊ လူတိုင်း မခင်ဘူး၊ သတ္တဝါတိုင်း မခင်ဘူး နော်"

"မှန်ပါ ဘုရား"

"အဲဒီလို အသီးသီး ဘုရားရှင်က ဟောပြတော့ အဲဒီရဟန်းတော်တွေထဲမှ ရဟန်းတစ်ပါးက ဘုရားရှင်အား လျှောက်ထားတယ် -

"မြတ်စွာဘုရား၊ အဘယ်သို့ပါနည်း၊ မကောင်းမှုကံကို ပြုပြီးလျှင် ကောင်းကင်သို့ ပျံသွားသောသူအားလည်းကောင်း၊ ပင်လယ်သမုဒ္ဒရာသို့ သွားသောသူအားလည်းကောင်း၊ တောင်ကြား လိုဏ်ခေါင်းသို့ သက်ဝင်သူအားလည်းကောင်း လွတ်မြောက်ခြင်းမည်သည် မရှိပါတကား" တဲ့၊

ဒီတော့ ဘုရားရှင်က

"ချစ်သားရဟန်းတို့၊ ဒီရဟန်းတော် လျှောက်ကြားသည့်အတိုင်း ဟုတ်မှန်ပေတယ်၊ ကောင်းကင် စသည်တို့တွင်လည်း မကောင်းမှုကံအကျိုးမှ လွတ်ကင်းနိုင်ရာသောအရပ်ဟာ တစ်ခုမျှ မရှိဘူး"

လို့ မိန့်တော်မူပြီးတော့ တရားဟောတယ် -

"မကောင်းမှု ပြုသူသည် ကောင်းကင်၌ တည်နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ တည်နေသော်လည်းကောင်း၊ တောင်ခေါင်းသို့ ဝင်၍ နေသော်လည်းကောင်း သေမင်းမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် သေမင်းသည် မညှဉ်းဆဲနိုင်ရာ၊ ထိုအရပ်မျိုး မရှိနိုင်သည်သာတည်း" တဲ့၊

"အဲဒီလို ဟောတော့ ဒေသနာတော်အဆုံးမှာ အချို့ရဟန်းတော်တွေ သောတာပန်တည်ကြတယ်၊ အချို့ သကဒါဂါမ် တည်ကြတယ်၊ အချို့ အနာဂါမ် တည်ကြတယ်၊ အချို့ ရဟန္တာ ဖြစ်ကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ အတ္ထုပ္ပတ္တိသုံးခုကို အကြောင်းပြုပြီးတော့ မယဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက ဒီလို လင်္ကာ သီခဲ့တယ် -

"နဘေ.ဥမင်၊ ပင်လယ်ပြင်၌၊ အောင်းဝင်ပျံတက်၊ ကံဝိပါက်မှ၊ လွတ်ကွက်.လွတ်ရာ၊ မရှိရှာခဲ့" တဲ့၊

"ဒီလင်္ကာမှာ "နဘေ" ဆိုတာ ကောင်းကင်ပြောတာ၊ အစကလည်း ပြောခဲ့ပြီးသားပါနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ အဲဒီအတ္ထုပ္ပတ္တိကို ရှေးဆရာတော်များက လင်္ကာစီထားတာ ရှိသေးတယ်၊ ကောင်းလွန်းလို့ ရွတ်ပြမယ်နော်"

- "ဘဝဩဃာ၊ စကြာရဟတ်၊ သုံးပါးဝဋ်တွင်၊ လှ.နတ်.ဗြဟ္မာ၊ သတ္တဝါကား၊ ကြမ္မာအလျောက်၊ အခါရောက်က၊ မြေအောက်ပုန်းလျှိုး၊ ခွန်အားကိုးလည်း၊ လွတ်ရိုးမထင်၊ ရေတွင်စုပ်စုပ်၊ နက်ရာငုပ်လည်း၊ လွတ်ရုပ်မမြင်၊ ငှက်နယ်ပတ်လည်း၊ မလွတ်နင်နင်၊ သေမင်းငင်၍၊ အရှင်စတော၊ မနေရရာ၊ ဓမ္မတာဖြင့်၊ ခန္ဓာပြိုကွဲ၊ ယွင်းဖောက်လွဲသည်၊ ကြည်ဖဲမရှောင် စသာတည်း" တဲ့၊

"ကဲ . . . အဲဒါ ခုဘဝမှာ ကောင်းနေပါလျက်ကနဲ့ ကုသိုလ်တွေ ပြုနေပါလျက်ကနဲ့ မကောင်းကျိုး ဒုက္ခတွေရပုံတွေပဲ၊ ကုသိုလ်ကို သံသယ မရှိနဲ့နော်"

"မှန်ပါ ဘုရား"

"ကိုယ်ပြထားခဲ့တဲ့ အကုသိုလ်တွေက ဒုန်ဒေး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ပြောဦးမယ်၊ ဆိတ်တစ်ကောင်အကြောင်း၊ အတိတ်က တာရာဏသီပြည်မှာ ဒိသာပါမောက္ခဆရာကြီး တစ်ဦး ရှိတယ်၊ အဲ... သူက တစ်နေ့ ဆွမ်းသွတ်ဖို့ဆိုပြီး ဆိတ်တစ်ကောင်ကို ရှာထားတယ်။

"အဲဒီဆိတ်က ဘဝကိုပြန်သိတဲ့ ဉာဏ်ရတော့ "ငါတော့ ဒီနေ့ အသတ်ခံရတဲ့ဒုက္ခမှ လွတ်တော့မယ်" လို့ သိပြီး ရယ် တယ်"

"ပြီးတော့ တစ်ခါ "အင်း... ဒီပုဏ္ဏားတော့ ငါ့သတ်ပြီးရင် ငါရတဲ့ဒုက္ခမျိုး ရဦးမှာပဲ" ဆိုပြီး ပုဏ္ဏားအပေါ် သနား ကရုဏာဖြစ်ပြီး ငိုတယ်။

"အဲဒီလို ငိုတော့၊ ရယ်တော့ အကြောင်းကို မေးတဲ့အခါ ဆရာပုဏ္ဏားကြီးရှေ့မှာ မေးကြပါတဲ့၊ အဲဒါနဲ့ ဆရာပုဏ္ဏားထံ ခေါ်သွားပြီး မေးတယ်၊

"ဆိတ်က ပြောပြတယ် "အကျွန်ုပ်သည် ရှေးက သင်ပုဏ္ဏားကြီးလိုပဲ ဆွမ်းသွတ်ဖို့ဆိုပြီး ဆိတ်တစ်ကောင် သတ်လှူ ခဲ့ပါတယ်၊ အကျွန်ုပ်ဟာ ဆိတ်တစ်ကောင်ကို လည်လှီးပြီး သတ်ခဲ့တဲ့အတွက် ၄၉၉ ဘဝ လည်လှီး အသတ်ခံခဲ့ရပါပြီ၊ ယခုဘဝ ဟာ ဘဝငါးရာပြည့်မယ့် ဘဝပါ၊ ဒီနေ့ လည်လှီးသတ်ခံရပြီးလျှင် အကျွန်ုပ် ဒုက္ခလွတ်ပါပြီ၊ အဲဒီအတွက် ဝမ်းသာလို့ ရယ်ပါ တယ်၊

"ငါ့မှာ ဆိတ်တစ်ကောင် လည်လှီးသတ်တဲ့အတွက် ဘဝငါးရာ လည်လှီးသတ်ခံခဲ့ရတယ်၊ ငါ့ဒုက္ခလိုမျိုး ဒီပုဏ္ဏားကြီး ခံရတော့မယ်၊ ဘဝငါးရာ လည်လှီးသတ်ခံရတော့မယ်လို့ သင်ပုဏ္ဏားကြီးကို သနားမေတ္တာ ကရုဏာဖြစ်လို့ ငိုပါတယ်" တဲ့။

"ဒီတော့ ပုဏ္ဏားကြီးက "သင်မကြောက်နဲ့၊ သင့်ကို ငါ မသတ်ဘူး" လို့ ပြောတယ်၊

"အဲဒီလိုပြောတော့ ဆိတ်က "ပုဏ္ဏားကြီး၊ သင်သတ်သည်ဖြစ်စေ၊ မသတ်သည်ဖြစ်စေ ယနေ့ အကျွန်ုပ် သေဘေးမှ မလွတ်တော့ပါ" လို့ ပြန်ပြောတယ်။

"ဒီတော့ ပုဏ္ဏားကြီးက "မကြောက်နဲ့၊ သင့်ကို ငါစောင့်ရှောက်ပေးမယ်" ဆိုပြီး သူကိုယ်တိုင် ဆိတ်နှင့်အတူသွား တယ်၊ ဆိတ်ကျောင်းတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဆိတ်က ဘာပြောလဲ၊ "ပုဏ္ဏားကြီး၊ သင့်ရဲ့အစောင့်အရှောက်ကနည်းလှပါတယ်၊ အကျွန်ုပ်ပြုထားတဲ့ အကုသိုလ်ကံက များလှပါတယ်" တဲ့။

"အဲဒီလိုပြောတော့ ပုဏ္ဏားကြီးက ဆိတ်ကိုလွှတ်ပြီးတော့ တပည့်တွေနဲ့အတူ ဆိတ်ကျောင်းတယ်၊ ဆရာကြီး လက်က လွှတ်တယ်ဆိုရင်ပဲ ဆိတ်က ကျောက်ဖျာမှီပေါက်နေတဲ့ ချုံကို ဦးခေါင်းမော်ပြီး စားဖို့ ကြိုးစားတုန်း မိုးကြိုးပစ်ချလိုက် တယ်၊ ကျောက်လွှာပဲ့ပြီး ဆိတ်လည်ပင်း ထိပြီး လည်ပြတ်သေတယ်၊ ကဲ... အဲဒီဆိတ်မှာ မြက်စားနေတာ ဘာအကုသိုလ် အပြစ်ရှိလဲ"

"မရှိပါဘုရား"

"လည်ပြတ်သေတယ်၊ အတိတ်ကုသိုလ်ကံပေါ့၊ "လုံထမ်းလာတာသာ မြင်နိုင်တယ်၊ ကံထမ်းလာတာ မမြင်နိုင်ဘူး" ဆိုတာ အဲဒါမျိုးပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒါကို ရည်ရွယ်ပြီး မယာဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက လင်္ကာစီခဲ့တယ် -

"ပုဗ္ဗေ ဓမ္မေ ဒေ့ါး၊ ပြုခဲ့ကြသည့်၊ ပါပအကျိုး၊ ထိုကံဆိုးကြောင့်၊ မိုးကြိုးကျရာ၊ စံမိစွာခဲ့၊ သံသရာ ရှည်စွန်၊ ဘယ်မစွန်ဘူး" တဲ့။

"ကဲ ... အကုသိုလ်ကံဆိုတာ ဘယ်လောက်ကြောက်စရာကောင်းလဲ၊ ဆိတ်တစ်ကောင် လည်လှီးပြီး သတ်မိတဲ့ အတွက် ငရဲလည်း ကျတယ်၊ ငရဲက တက်ပြန်တော့လည်း ဘဝဖြစ်တိုင်း ဘဝဖြစ်တိုင်း လည်လှီးသတ်ခံရတာ ဘဝငါးရာပြည့်မှ လွတ်တယ်။

"ဒီတော့ အကောင်များစွာသာ လည်လှီးသတ်မယ်ဆိုရင်တော့ လည်လှီးပြီး ပြန်အသတ်ခံရမယ့်ဘဝမှ ကျွတ်လမ်း လွတ်လမ်း မြင်ပါသေးလား"

"မမြင်တော့ပါဘုရား"

"ဟိုပုဏ္ဏားကြီး ဆိတ်လည်လှီးပြီး ကုသိုလ်လုပ်တာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး ... "ကုသိုလ်တစ်ပဲ၊ ငရဲ တစ်ပိဿာ" ဆိုတာ အဲဒါမျိုး ပြောတာပေါ့၊ ဒါကြောင့် မင်းကုသိုလ်လုပ်တဲ့နေရာမှာ အဲဒီလို လည်လှီးသတ်တဲ့ အကုသိုလ်မျိုး မပါစေနဲ့နော်"

"မှန်ပါ ဘုရား"

"မင်းကြည့်ပါလား၊ နွားသတ်သမားတွေ ယခုဘဝမှာပဲ ချက်ချင်း ဒုက္ခတွေ့တယ်၊ နောက်ဘဝဆိုရင်တော့ မပြောနဲ့ တော့နော်"

"မှန်ပါ ဘုရား"

"နောက် ထင်ရှားတာ ပြောရရင် ရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီးဟာ ရဟန္တာပဲ၊ ဘာအပြစ်ရှိလဲ၊ ဘာအပြစ်မှ မရှိ ဘဲနဲ့ ခိုးသားတွေ ရိုက်လို့ ပရိနိဗ္ဗာန် စံရတယ်၊ ဒီလောက် တန်ခိုးရှင်ဟာ တန်ခိုးနဲ့ ကာကွယ်ပါလား၊ အကုသိုလ်ကံကို ကာကွယ်လို့ မရဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းမှာ ယခုကုသိုလ်တွေ ပြုပြုနေပါရက်ကနဲ့ ကြုံရတဲ့ ဒုက္ခတွေဟာ အတိတ်ကပြုခဲ့တဲ့ အကုသိုလ်အကျိုး ဆက်တွေလို့ မှတ်နော်"

"ကုသိုလ်အပေါ်မှာ သံသယ မရှိနဲ့၊ ကုသိုလ်ဟာ အကျိုးပေးခွင့် မရသေးတဲ့အခိုက်၊ အကုသိုလ် အခွင့်သာတဲ့အခိုက် မကောင်းကျိုးရတယ်နော်"

"မှန်ပါ ဘုရား"

"တချို့တော့လည်း မင်းကြည့်ပါလား၊ အကုသိုလ်တွေ ပြုနေတာပဲ၊ ကောင်းကျိုးတွေ ရနေတာပဲ၊ အကုသိုလ်ကံက အကျိုးပေးခွင့် မရသေးတဲ့အခိုက်၊ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်က အခွင့်သာတဲ့အခိုက် ကောင်းကျိုးရတယ်နော်"

"မှန်ပါ ဘုရား"

"အေး ... အေး၊ အဲဒီအကြောင်း ဘုရားရှင် ဟောထားတာရှိတယ်၊ သေသေချာချာမှတ်ထား -

"မကောင်းမှု ပြုသောသူ ဖြစ်သော်လည်း မကောင်းမှု အကျိုးမပေးသေးသရွေ့ ကာလပတ်လုံး ကောင်းမြတ်သောအာရုံကို တွေ့မြင်နိုင်သေးတယ်"

"မကောင်းမှု အကျိုးပေးသောအခါ၌မူကား မကောင်းမှုပြုသူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏"

"ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း ကောင်းမှုအကျိုး မပေးသေးသရွေ့ကာလပတ်လုံး မကောင်းအာရုံကို တွေ့မြင်နေရသေးတယ်"

"ကောင်းမှု အကျိုးပေးသောအခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့ မြင်ရလေတော့၏" (မဃဒေဝ)

"ပြောမယ့်ပြောမှ မထူးတော့ပါဘူး၊ နောက်ထပ်ပြီးတော့ ဝတ္ထုကြောင်းတစ်ခု ပြောဦးမယ်၊ နားထောင်ဦးမလား"

"မှန်ပါ၊ ထောင်ပါ့မယ်ဘုရာ"

"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးစဉ်ကပေါ့၊ သာဝတ္ထိပြည်ထဲမှာ မဟာကာလ အမည်ရှိတဲ့ ဒကာတစ်ယောက် ရှိတယ်၊ မင်းတို့လို ကုသိုလ်ရှင်ပေါ့"

"ဘုရား. တရား. အင်မတန်ဝါသနာပါတယ်၊ ဒါန၊ သီလ၊ ဘာဝနာမှုနဲ့ မွေ့လျော်တယ်၊ တစ်နေ့ပေါ့၊ ရှစ်ရက်ဥပုသ်နေ့မှာ ဇေတဝန်ကျောင်းသွားပြီး ဥပုသ်စောင့်တယ်"

"နေ့လည်ပိုင်းလည်း တရားနာပေါ့၊ ညပိုင်းလည်း တစ်ညလုံး တရားနာပြီး နေတယ်၊ ရှေးက တရားဟောတာက ညလုံးပေါက် ဟောတာ၊ အဲဒီ ဇေတဝန်ကျောင်းက တရားပွဲပြီးခါနီးလောက်မှာ မြို့ထဲက အိမ်တစ်အိမ် သူခိုးတွေ ဝင်တယ်။

"ဒါ သဘာဝပဲ၊ သူတော်ကောင်းက သူတော်ကောင်းအလုပ် လုပ်တယ်၊ သူယုတ်မာက သူယုတ်မာအလုပ် လုပ်တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလိုခိုးတော့ မိုးကလည်း လင်းခါနီးဖြစ်နေ၊ အိုးခွက်သံတွေလည်း ကြားတော့ အိမ်ရှင်တွေက နိုးတော့ သူခိုးကို လိုက်ကြတယ်။

"နောက်ကလိုက်တော့သူခိုးတွေဟာ ပြေးမိပြေးရာ ပြေးကြတယ်၊ အဲဒီသူခိုးတွေထဲမှာ ဥစ္စာထုပ်ပါသွားတဲ့သူခိုးက ဇေတဝန်ကျောင်းဘက် ပြေးတယ်။

"အဲဒီအချိန်မှာ မဟာကာလဥပုသ်သည်ဒကာ၊ တရားနာတဲ့ ဒကာကလည်း နံနက်စောစောထ တရားပွဲအပြီး ရေကန်နားမှာ မျက်နှာသစ်နေတယ်။

"သူခိုးက နောက်ကလိုက်တဲ့သူ နီးလာတော့ မလွတ်တဲ့အခါမှာ ဥစ္စာထုပ်ကို ပစ်မိပစ်ရာ ပစ်လိုက်တယ်၊ မဟာကာလ ရှေ့မှာ ဥစ္စာထုပ်ကျတယ်။

"မဟာကာလကတော့ မသိဘူးပေါ့၊ မျက်နှာသစ်မြဲ သစ်နေတယ်၊ သူခိုးက ထွက်ပြေး၊ နောက်ကလိုက်တဲ့လူတွေ ရောက်လာတော့ ဥစ္စာထုပ်ကိုလည်း မြင်၊ မဟာကာလကိုလည်း မြင်တယ်။

"ဒီတော့ ဥစ္စာရှင်တွေက ဒေါသဇောနှင့် ဘာမှ မစစ်ဆေး မမေးမြန်းနိုင်တော့ဘဲ -

"သင်သည် ငါတို့ရဲ့ အိမ်၌ ခြံစပ်ကိုဖောက်ပြီးတော့ ဥစ္စာထုပ်ကို ခိုးယူလာပြီးမှ တရားနာနေသောသူအလား လှည့်လည်သွားလာဘိ၏"

လို့ ပြောဆိုကာ မဟာကာလဥပုသ်သည် တရားနာတဲ့ သူတော်ကောင်းကို ဆွဲငင်ဖမ်းဆီး ထုထောင်းရိုက်ပုတ်၊ သတ်ပစ်သွားကြတယ်၊ အဲဒါ ကုသိုလ်ရှင်ပဲ၊ ကုသိုလ်ပြုနေဆဲပဲ မဟုတ်လား။ ဥပုသ်တောင် မထွက်သေးဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီ မဟာကာလ ဥပုသ်သည်ရဲ့အလောင်းကောင်ကို နံနက်စောစော ရေခပ်ကြတဲ့ သာမဏေတွေ၊ ပဥ္စင်းငယ်တွေက မြင်ကြတယ်၊ အဲဒီလိုမြင်တော့ -

"ကျောင်းတော်၌ဥပုသ်စောင့်ကာ တရားစကား နာကြားလျက် အိပ်သော မဟာကာလ သီတင်းသည်သည် မလျောက်ပတ်သော သေခြင်းကို ရရှာဘိ၏"

လို့ ပြောဆိုပြီး အဲဒီအကြောင်းကို ဘုရားရှင်အား သွားပြီးတော့ လျှောက်ထားကြတယ်။ ဒီတော့ ဘုရားရှင်က -

"ချစ်သား၊ ရဟန်းတို့၊ ဒီခန္ဓာကိုယ် အတ္တဘော၌ မဟာကာလ ဒကာဟာ မလျောက်ပတ်သော သေခြင်းကို သေရတာ မှန်ပေတယ်။ ရှေးက ပြုခဲ့တဲ့ ကံအားသော်ကား အဲဒီဒကာ မဟာကာလဟာ လျောက်ပတ်သော သေခြင်းကိုသာလျှင် ရအပ်ပေတယ်"

လို့ မိန့်တော်မူတယ်။ အဲဒီအခါ ရဟန်းတော်တွေက ထိုမဟာကာလ ဒကာရဲ့ ရှေးမကောင်းမှုကံကို ဟောပါမည့်အကြောင်း လျှောက်ထားတောင်းပန်လို့ ဘုရားရှင်က ဟောပြတယ်နော်"

"မှန်ပါ ဘုရား"

"ရဟန်းတို့၊ လွန်လေပြီးတဲ့အခါက ဗာရာဏသီပြည်တွင် တစ်ခုသော ပစ္စန္တရာဇ်ရွာရဲ့တောအုပ်၌ ခိုးသားဓားပြတို့ဟာ ခရီးသွားသူတို့ကို ပုတ်ခတ်သတ်ဖြတ်ကြတယ်။

"အဲဒါကို သိတော့ ဗာရာဏသီပြည့်ရှင်မင်းကြီးက မင်းခယောက်ျားတစ်ယောက်ကို ထားတယ်၊ အဲဒီမင်းခယောက်ျားဟာ ခရီးသွားတွေထံမှ အခကြေးငွေယူပြီး ဒီဘက်တောအုပ် အဝမှ ဟိုဘက်အဝသို့ ပို့ပေးတယ်။

"အဲ . . . တစ်နေ့တော့ အလွန်တရာလှပတဲ့ ဇနီးမယားနှင့် လူတစ်ယောက် ရောက်လာတယ်။ မင်းခယောက်ျားဟာ အဲဒီမိန်းမကို မြင်လျှင်မြင်ချင်း ချစ်ကြိုက်နေတော့တယ်"

"ဟို . . . ယောက်ျားက အခကြေးငွေနဲ့ အပို့ခိုင်းသော်လည်း မပို့တော့ဘူး၊ အချိန်အခါ မဟုတ်တော့ဘူး၊ မိုးချုပ်ပြီ၊ နံနက်စောစောကျမှ သွားပါတဲ့။ အကြံများနေပြီနော်"

"မှန်ပါ ဘုရား"

"ခရီးသွား ဇနီးမောင်နှံကလည်း အချိန်ရှိပါသေးတယ်၊ ယခုပင် ပို့ဆောင်ပါ ပြောတယ်။

"မင်းခယောက်ျားကလည်း တားတယ်၊ ကျွန်တော့်အိမ်မှာ အိပ်ပါ၊ ထမင်းဟင်း အဆင့်သင့်ပါ၊ အိပ်ရာနေရာ ကျယ်ပါတယ်၊ နံနက်တော့ ပို့ပေးပါမယ်၊ စိတ်ချပါပေါ့ ပြောတယ်။

"ဒီတော့ ဇနီးမောင်နှံနှစ်ယောက်ဟာ မအိပ်ချင်လည်း အိပ်ရတော့တယ်၊ မင်းခယောက်ျား အကြံသမားဟာ အားလုံး အစီအစဉ်ပြုပြီး ငယ်သားတွေ အချက်ပြထားတယ်။

"အဲဒီ မင်းခယောက်ျား အိမ်မှာရှိတဲ့ ပတ္တမြားကို အဲဒီဇနီးမောင်နှံရဲ့ လှည်းဦးမှာ ဝှက်ခိုင်းထားတယ်၊ နံနက်စောစောလည်း မင်းခယောက်ျားအိမ်ကို ခိုးသူတို့ လာဟန် ပြုခိုင်းထားတယ်။

"အဲ . . . ခိုးသူတို့ အသံတွေပျောက်၊ လူတွေပျောက်တဲ့အခါ မင်းချင်းယောက်ျားတစ်ယောက်က အဲဒီ မင်းခယောက်ျားကို "အရှင်၊ ပတ္တမြားရတနာ သူခိုးနောက် ပါသွားပါပြီ" လို့ ပြောတယ်။

"ဒီတော့ အကြံသမား မင်းခယောက်ျားက ဘာပြောလဲ၊ "အေး ... ဒီလိုဆို ရွာတံခါးက အစောင့်အရှောက်ထားပြီး ရွာတွင်းထွက်တဲ့ လှည်းတွေကို ရှာဖွေကြတော့" လို့ အမိန့်ပေးတယ်။

"ဘာမှ မသိရှာတဲ့ အပြစ်ကင်းတဲ့ ဇနီးမောင်နှံနှစ်ယောက်ကလည်း စောစောပဲ လှည်းမောင်းပြီး ထွက်ကြတယ်။

"ရှာဖွေရေးသမား အကြံများသူတို့က အချိတ်အဆက်လုပ်ပြီး ဝှက်ထားတဲ့ ပတ္တမြားကို အသာပဲ ဆွဲယူရှာဖွေကြပြီး အဲဒီလှည်းသမားကို ဖမ်းဆီးကြိမ်းမောင်းပြီး မင်းခယောက်ျားထံ ပို့တယ်၊ ရေက ဘေးဖြစ်တယ်ဆိုတာ ဒါမျိုးပေါ့၊ ဘယ်သူ့ အားကိုးမလဲ၊ အားကိုးရာက ဘေးဖြစ်နေပြီ"

"အားကိုးစရာ မရှိတော့ပါဘုရား"

"အေး ... ဖမ်းဆီးပြီး မင်းခယောက်ျားထံသွားတော့ အကြံသမား မင်းခယောက်ျားက ဘာပြောလဲ -

"ကောင်းကောင်းမွန်မွန် အိပ်ရာနေရာပေးပြီး ကျွေးမွေးစောင့်ရှောက်ပါလျက် ဒီယုတ်မာတဲ့ ယောက်ျားကို ဖမ်းယူခဲ့ကြကုန်လော့" တဲ့။

အဲဒီလို ပြောဆိုကာ ဖမ်းယူစေပြီး ရိုက်နက်ပုတ်ခတ် သတ်ပြီး စွန့်ပစ်လိုက်တယ်။

"ချစ်သား ရဟန်းတို့၊ အဲဒါ မဟာကာလရဲ့ ရှေးမကောင်းမှုကံပဲ၊ အဲဒီမင်းခယောက်ျားဟာ အဲဒီဘဝမှ သေတဲ့အခါ ငရဲမှာ နှစ်ရှည်လများ ခံရတယ်။

"အဲဒီငရဲမှ ငရဲသက်ကုန်လို့ တက်လာတဲ့အခါ အဲဒီအကုသိုလ်ကံရဲ့ အကျိုးကြွင်းအနေနဲ့ အခုလို သူခိုး ရိုက်ပုတ်သတ်ခံရတဲ့ဘဝဟာ အရာမက ရှိခဲ့ပြီ"

"ချစ်သားတို့၊ ဤသို့လျှင် ဤသတ္တဝါတို့ကို မိမိပြုသော မကောင်းမှု အကုသိုလ်ကံသည်သာလျှင် အပါယ် လေးပါးတို့၌ နှိပ်စက်ဖျက်ဆီးဘိ၏"

လို့ မိန့်တော်မူပြီးတော့ ဒီတရားဒေသနာ ဂါထာတော်ကို ဟောတော်မူပြန်တယ် -

"ရဟန်းတို့၊ ကျောက်မှဖြစ်သော စိန်သည် မိမိမှီရာကျောက်ကို ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော၊ မိမိမှဖြစ်သော၊ မိမိကြောင့် ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ ပညာမဲ့သူကို ဖျက်ဆီး၏" (ဓမ္မပဒ)

"ကဲ ... အဲဒီဝတ္ထုအကြောင်း ကြည့်စမ်း၊ ကုသိုလ်လုပ်နေဆဲပဲ မဟုတ်လား၊ ဒုက္ခမှ သာမညဒုက္ခ မဟုတ်ဘဲ သေရတဲ့ ဒုက္ခ ခံရတယ်နော်"

"မှန်ပါ ဘုရား"

"ရှေးကံ မမြင်တော့ ဥပုသ်စောင့်လို့ သေရတယ်၊ တရားနာလို့ သေရတယ်၊ ဥပုသ်မစောင့် တရားမနာရင် မသေရ ဘူးလို့ ထင်စရာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အကျိုးပေးချိန်တန်ရင် မလွတ်ပါဘူး၊ ဘယ်မှာနေနေ ဒီလိုသေရမယ့်ကံ ပါရင် ဒီလိုပဲ သေရမှာပဲနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ အဲဒီ ဒုက္ခရောက်တာဟာ အကုသိုလ်ကံရှိသူနဲ့ တွဲနေမိရင်လည်း အဲဒီ အကုသိုလ်ကံရှိသူကို အကျိုးပေး ရင်းနဲ့ ကိုယ်ပါ ကူးစက်ခံရတတ်တယ်နော်"

"မှန်ပါ ဘုရား"

"ဘယ်လိုလဲဆိုတော့ ခုနက ပင်လယ်ခရီးက ဘုရားဖူးသွားတဲ့ ရဟန်းတော်တွေ ကြည့်ပါလား၊ အကုသိုလ်ကံ အကျိုးပေးချိန် တန်နေတဲ့ မိန်းမကြောင့် သူတို့လှေကြီး မသွားဘဲ ဒုက္ခရောက်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ လှေပေါ်ပါသူတွေပါ ဒုက္ခရောက်ကြရတယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ မင်းကို ဆုံးမစာတစ်ခု ပေးမယ်၊ မှတ်ထား၊ မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက လင်္ကာ စပ်ခဲ့တယ် -

"စင်စစ်မှတ်ဆောင်၊ ငါ့သားမောင်လည်း၊ ဆင်းရောင်လွန်ပြား၊ လူချစ်များနှင့်၊ သူ့မယားတစ်တွေ၊ ကရေတတ်စွာ၊ ဥစ္စာလိုဘိ၊ ဣတ္ထိငါးမျိုး၊ အတွင်းဆိုးကို၊ မြတ်နိုးအမြဲ၊ မမှီဝဲနှင့်၊ ကြည်ဖဲခွာဆုတ်၊ ဘုန်းမှိန်တုတ်၍၊ ဘုန်းယုတ်ကံညှိုး၊ ဘုန်းမတိုးသည်၊ ဘုန်းမြိုးခြုံလိမ့်မည်ကိုသော်" တဲ့၊

"ခုနက ခရီးသွားယောက်ျား အသတ်ခံရတာ ဘာအတွက်လဲဆိုတော့ လှလွန်းတဲ့ ဇနီးမယားအတွက် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး… အဲဒါကြောင့် လူကြိုက်များတဲ့ အလွန်လှတဲ့ ဒကာမများတော့ ရှောင်နော်၊ မရှောင်ရင် မင်းတော့ မရခင်လည်း ဒုက္ခပဲ၊ ရပြီးလည်း ဒုက္ခပဲ၊ တချို့မရခင် လုပွဲ့သတ်ပွဲတွေ ဖြစ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါ ဘာအတွက်လည်းဆိုတော့ လူကြိုက်များတဲ့၊ လှတဲ့ ဒကာမကြောင့် ပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ… ကဲ ရှည်ပြီ၊ ငါလည်း မောပြီ၊ တော်ကြစို့"

✦ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ နှစ်တန်ယှဉ်ရမည်၊

✦ အကုသိုလ်က၊ အခွင့်ရ၊ ဒုက္ခတွေ့ရသည်၊

✦ ကုသိုလ်ကံက၊ အခွင့်ရ၊ သုခတွေ့ရသည်၊

✦ သုခတွေ့က၊ ပျော်ကြရ၊ ဒုက္ခမဲ့ရသည်၊

✦ အမြဲပျော်ရန်၊ ကုသိုလ်ကံ၊ ထက်သန်ပြုရမည်၊

# ဘုန်းကြီးဟောတဲ့တရား မှားတယ်

(၁၅၉)

"ဓမ္မဒေသနာ ဘိရတိမုခေန ဘဿာရာမတာ ဝဋ္ဋေတိ = တရားစကား ပြောဟောခြင်း၌ မွေ့လျော်ခြင်းကို အရင်းပြုသဖြင့် စကားများခြင်း၌ မွေ့လျော်ခြင်းဟူသော ဘဿာရာမတာ ဖြစ်တတ်သည်။ တရားစကား ပြောခြင်း၌သော်လည်း အတိုင်းအရှည်ကို သိရမည်"

"ဘဂဝါ ကာလံ ဉတွာ ပရိသံ ဥယျောဇေသိ = ဘုရားရှင်သည် တရားပြီးဆုံးချိန် ကာလကို သိပြီးလျှင် ပရိသတ်ကို ပြန်လွှတ်လိုက်၏"

"ကာလေန ဓမ္မဿဝနံ = သင့်လျော်လျောက်ပတ်သောအခါ၌ တရားတော်ကို နာခြင်း"

"ကာလေန ဓမ္မသာကစ္ဆာ = သင့်လျော်လျောက်ပတ်သောအခါ၌ တရားတော်ကို ဆွေးနွေးခြင်း" ယင်းသို့ စသော ဒေသနာတော်များကိုနှလုံးထား၍ပရိသတ်ထုထု၊ လူတအုန်းအုန်းနှင့် နှလုံးနှစ်ခြိုက်စကားများခြင်း၌မွေ့လျော်ခြင်း ဘဿာရာမ လိုက်တတ်သည်များကြောင့် တရားစကားကိုသော်လည်း တော်သင့်လျောက်ပတ် ကာလမှတ်၍ ဆုံးမခြင်းကို ပြုသဖြင့် ပရိသတ်ကို လွှတ်အပ်. သွားစေအပ်သည်။ ယင်းသို့ မပြုက စကားများခြင်း၌မွေ့လျော်ခြင်း ဘဿာရာမတာဖြစ်တတ်သည်။

မိမိသည် ဤစကားချီးကို ချီးနေသည်မှာ အကြောင်းရှိပါသည်။ အကြောင်းကား အသို့နည်း။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် တစ်နေရာတွင် မိတ်ဟောင်း ဆွေဟောင်း၊ မိတ်ကောင်း ဆွေကောင်းတွေနှင့် ဆုံစည်းမိ၏။ တစ်နေ့ည မိတ်ဆွေတစ်စု တရားစကား ဆွေးနွေးကြ၏။ ထိုအခါ မိတ်ဆွေတစ်ပါးက ပြောလာ၏။

"ဓမ္မကထိကတော့ သတိပေးရဦးမယ်"

ထိုအရှင်မှာ မိမိအား ရံခါ "ဓမ္မကထိက" ဟူ၍ ခေါ်၏။ မိမိနှင့် ရင်းနှီး၏။ ပွင့်ပွင့်လင်းလင်း ပြောတတ်၏။

"ပေးပါဘုရား၊ ပေးပါ"

"တခြားမဟုတ်ပါဘူး၊ ဓမ္မကထိကတွေ တွေ့တတ်တဲ့အကြောင်းကို ပြောမလို့"

"မှန်ပါ၊ ပြောပါဘုရား"

"ဒီနေ့ ဒကာတစ်ယောက်က တပည့်တော်ကို လာပြောတယ်၊ သူ့အလှူမှာ ဘုန်းကြီးတစ်ပါး တရားဟောတဲ့ အကြောင်းပေါ့"

"ဘယ်လို လာပြောလဲ"

"တပည့်တော့်အလှူ တရားဟောတဲ့ဘုန်းကြီးက တရားဟောပြီး တပည့်တော်ကို ခေါ်မေးတယ်ဘုရား၊ ဘုန်းကြီး ဟောတဲ့တရား ကြိုက်လားတဲ့။

"ဒီတော့ တပည့်တော်က ပြန်ပြောလိုက်တယ်ဘုရား၊ မကြိုက်ဘူးလို့။

"ဘာဖြစ်လို့လဲတဲ့၊ ဘုန်းကြီးက မေးတယ်ဘုရား။

"တပည့်တော်က "ဘုန်းကြီးဟောတဲ့တရား မှားတယ်" လို့ လျှောက်လိုက်တယ်ဘုရား။

"ဒီတော့ ဘုန်းကြီးက ဘာမှားလဲလို့ မေးတယ်ဘုရား၊ သူ့အမှားသူ မသိသေးဘူးဘုရား။

"ဘုန်းကြီးက ဟောရမှာက အနမောဒနာတရား ဟောရမှာ၊ ခုတော့ အနမောဒနာတရား မဟောဘဲ ကျောင်းထိုင်ဘုန်းကြီးနဲ့ ကျောင်းဒကာ ဒကာမအကြောင်းတွေ လျှောက်ပြောနေတာ အလှူနဲ့ ဘာဆိုင်လို့လဲဘုရား။

"တကယ်ဆိုရင် အလှူအကြောင်း ရှေ့ပိုင်းမှာ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ဟောရင် တော်သေးတယ်၊ ခုတော့ အလှူအကြောင်း တစ်လုံးမှ မပါဘဲနဲ့ ကျောင်းထိုင်ဘုန်းကြီးနဲ့ ကျောင်းဒကာ ဒကာမတွေအကြောင်း လျှောက်ပြောနေတော့ မှားတာပေါ့ဘုရားလို့ တပည့်တော် လျှောက်လိုက်တယ်ဘုရားတဲ့။ ဒကာတစ်ယောက်က လာပြောတယ်"

"အင်း... ဟုတ်သားပဲ၊ ပြောလည်း ပြောစရာပဲ"

မိမိ ပြောလိုက်သည်။

"ဓမ္မကထိက နာမည်မရဘဲ နာမည်ပျက်ဆိုတာ ဒါမျိုးပေါ့"

တစ်ပါးက ပြောလိုက်သည်။

"ဓမ္မကထိကလည်း ဟောသာဟောချင်တာ ပြောရမယ့်နေရာ၊ မပြောရမယ့်နေရာမှ မသိဘဲနဲ့"

အခြားတစ်ပါးက ပြောလိုက်သည်။

"ဒီဓမ္မကထိကတော့ ဘုရားရှင်လက်ထက်က လာဠုဒါယီလို ဖြစ်နေပြီ"

တစ်ပါးက ပြောလိုက်သည်။

"လာဠုဒါယီ ဘယ်လိုဖြစ်လဲ၊ ပြောစမ်းပါဦး၊ မှတ်ရတာပေါ့"

မိမိက ပြောလိုက်သည်။

"လာဠုဒါယီ ဘယ်လိုဖြစ်ရမလဲ၊ ဒီအကြောင်းတော့ အရှင်ဘုရားသိမှာပေါ့"

"ပြောသာ ပြောပါဘုရား"

"လာဠုဒါယီက တရားလည်း ဟောချင်တယ်၊ ဟောလည်း မဟောတတ်ဘူး"

"အင်း"

"ဘယ်လိုနေရာ ဘယ်တရား ဟောရမလဲ မသိဘူး၊ ဟောသာ ဟောချင်တာ"

"အင်း"

"ဟောမယ့်ဟောတော့ မင်္ဂလာဆောင်မှာ ဘာတရားဟောသလဲ၊ ဝိပဿနာတရား ဟောတယ်၊ အသုဘကျတော့ မင်္ဂလာတရားဟောတယ်၊ အလှူကျတော့ အသုဘတရား ဟောတယ်"

"ဒီလိုဆို ဒီမေ့ကထိက.က လာဋ္ဌဒါယီထက် တော်သေးတာပေါ့၊ အလှူမှာ အသုဘတရား မဟောဘဲ ကျောင်းဒကာ ဒကာမနဲ့ ကျောင်းထိုင်ဘုန်းကြီးအကြောင်း ပြောလို့"

တစ်ပါးက ပြောလိုက်သည်။

"အကြောင်းသာ ကွဲတာပါ၊ မဟော မပြောရမယ့်နေရာမှာ ဟောပြောတာခြင်းကတော့ အတူတူပါပဲ"

တစ်ပါးက ပြောလိုက်သည်။

ထိုအခါ မိမိက ပြောလိုက်သည်။

"တပည့်တော်တော့ အမြဲသတိထားပါတယ်"

"ဘယ်လို သတိထားလဲ"

တစ်ပါးက မေးခြင်းဖြစ်သည်။

"တရားဟောနည်း လေးမျိုးရှိတယ်၊ အဲဒါကို အမြဲသတိထားတယ်"

"တရားဟောနည်း လေးနည်း ပြောစမ်းပါဦး၊ ဘာတွေလဲ"

တစ်ပါးက မေးခြင်းဖြစ်သည်။

"တရားဟောနည်း လေးမျိုးက ဘာတွေလဲဆိုတော့ အနုမောဒနာတရား၊ ဥပနိသိန္နကထာတရား၊ ပကတိတရား၊ မဟာတရားတဲ့ လေးမျိုးပေါ့"

"ကဲ ... ရှင်းပြစမ်းပါဦး၊ မေ့ကထိကရဲ့"

တစ်ပါးက မေးခြင်းဖြစ်သည်။

"အနုမောဒနာတရားဆိုတာ အလှူမင်္ဂလာ၊ သာရေးနာရေးတွေမှာ အဲဒီ သာရေး နာရေးနဲ့ လိုက်လျောညီစွာ ဟောရတဲ့ တရားပေါ့"

"အင်း"

"အဲဒီတရားဟာ အဟောရအခက်ဆုံးပေါ့၊ ဒုမင်္ဂလခေါ်တဲ့ နာရေးမှာ သံဝေဂဖြစ်အောင်၊ သောက စသည်ငြိမ်းအောင် ဟောရမယ်"

"အင်း"

"သုမင်္ဂလခေါ်တဲ့ သာရေးမှာ သူ့အလှူနဲ့လိုက်လျော်ညီစွာ ဝမ်းသာအောင်၊ ရွှင်ပြအောင် ဟောရမယ်"

"အင်း"

"အဲဒီလိုဟောရမှာ မဟောရင် အကဲ့ရဲ့ခံရမှာပေါ့။

"ပြီးတော့ အနီးရပ်သို့ ချဉ်းကပ်လာသူ ဒကာ ဒကာမတွေအား သူတို့နှင့် လျော်လျောက်ပတ်မည့် စကားစပ်နဲ့ ကြည့် ဟောရတာက ဥပနိသိန္နကထာ တရားတဲ့"

"အင်း"

"အဲဒီတရားကလည်း ခက်ခက်ပဲ၊ လူအမျိုးမျိုးဆိုတော့ သူတို့နဲ့လျော်အောင် ဟောရတာ ဘယ်လွယ်မလဲ"

"အင်း"

"ပကတိတရားဆိုတာက မိမိတို့ ကျောင်းမှာ ဥပုသ်နေ့တိုင်း ဟောတဲ့တရားမျိုးပေါ့၊ အဲဒီတရားက အပတ်စဉ် ဟောတာဆိုတော့ ပရိသတ်မငဲ့ဘဲ ကိုယ့်တရားစဉ် ကြည့်ဟောတာပေါ့"

"အင်း"

"မဟာတရားဆိုတာ တစ်ခါတရံကျင်းပတဲ့ ဘုရားပွဲကြီးတွေမှာ ဟောတဲ့တရားမျိုးပေါ့၊ မိမိနစ်သက်တဲ့တရား၊ အများစုနဲ့ လိုက်လျောမယ့်တရား ဟောတာပေါ့၊

"ဒီတော့ကြည့်ရင် ပကတိတရားပွဲနှင့် မဟာတရားပွဲမှာ ဟောရတဲ့တရားဟာ သတ်မှတ်ချက်မရှိတော့ လွယ်တယ်"

"အင်း"

"အနုမောဒနာတရားတို့၊ ဥပနိသိန္နကထာ တရားတို့က သတ်မှတ်ချက်နဲ့ဆိုတော့ မလွယ်ဘူး"

"အင်း"

"အဲဒါကို လျော်ညီအောင် ဟောနိုင်ပြောနိုင်ဖို့က မလွယ်ဘူး"

"မလွယ်လို့ ဓမ္မကထိကကို ဒုလ္လဘတရားငါးပါးထဲ ထည့်ထားတာပေါ့"

တစ်ပါးက ပြောလိုက်ခြင်းဖြစ်သည်၊

"ပြောစမ်းပါဦး ဒုလ္လဘတရားငါးပါးကို"

တစ်ပါးက မေးခြင်းဖြစ်သည်၊

"ဟို ... အင်္ဂုတ္တိုရ်ပါဠိတော် ပိဋကီယာနိသုတ္တန်မှာ ပါတယ်၊ ဒုလ္လဘငါးပါးက -

(၁) လောကမှာ ဘုရားရှင်ပွင့်ဖို့ ခဲယဉ်းတယ်၊

(၂) ဘုရားရှင်တရားကို ဟောပေးနိုင်သူလည်း ရဖို့ ခဲယဉ်းတယ်၊

(၃) ဘုရားတရားတော်အား သိဖို့ ခဲယဉ်းတယ်၊

(၄) သိတဲ့အတိုင်း အမှန်အကန်ကျင့်သူလည်း ရဖို့ ခဲယဉ်းတယ်၊

(၅) သူ့ကျေးဇူး သိသူ၊ သိတဲ့အတိုင်း ဆပ်သူလည်း ရဖို့ ခဲယဉ်းတယ်၊ တဲ့၊

"အဲဒီငါးပါးပဲ၊ အဲဒီငါးပါးထဲမှာ ဓမ္မကထိကဆိုတာ တစ်ပါးအပါပေါ့၊ ဓမ္မကထိကဆိုတာ "မ.တစ်ထောင်. တစ်ကောင်ဖွား"ပဲဟာ"

"ဒါက ဘယ်လိုဓမ္မကထိကမျိုးကို ပြောတာလဲ"

တစ်ပါးက မေးခြင်းဖြစ်သည်၊

"သူများကိုလည်း ဟော၊ ကိုယ်ကိုယ်တိုင်လည်း ကိုယ်ဟောတဲ့တရားနဲ့အညီ အတတ်နိုင်ဆုံး ကျင့်ကြံတဲ့ ဓမ္မကထိကမျိုး ပြောတာနေမှာပေါ့"

"ဟင် ... ဒါနဲ့ ဓမ္မကထိကဆိုတာ မင်းစေအမိန့်တော်ပြန်နှင့် တူတယ်ဆိုဘုရား"

"ဘယ်လိုလဲ ပြောစမ်းပါဦး"

- "မင်းစေအမိန့်တော်ပြန် ဆိုတာက မင်းမိန့်ကို ယူဆောင်ခဲ့ရတဲ့ စေတမန်ပေါ့၊ ရောက်တယ်ဆိုရင် ပါလာတဲ့ စာလွှာပါ မင်းမိန့်ကို ဖတ်ပြလိုက်ရုံပေါ့၊ သူက ဒီမင်းမိန့်ကို နာခံစရာမလိုဘူး"

ထိုအခါ တစ်ပါးက ပြောသည်၊

"မင်းစေတမန်နဲ့ ဓမ္မကထိကဟာ သဘောအားဖြင့် တူပေမဲ့ အလုံးစုံတော့ မတူဘူးနော်၊ အလုံးစုံတူရင် ဒီဓမ္မကထိက ဘယ်သူမှ သုံးမှာမဟုတ်တော့ဘူး"

မိမိက ဝင်၍ပြောပြ၏၊

"ဟုတ်တယ်ဘုရား၊ တပည့်တော် တစ်ခါက ကြုံဖူးတယ်၊ တောရကျောင်းမှာ နေတုန်းကပေါ့၊ ရွာကျောင်းမှ ဦးပဥ္စင်းငယ်တစ်ပါး ရောက်လာတယ်၊ စကားပြောရင်း တရားအကြောင်း ရောက်သွားတယ်"

"ဦးပဥ္စင်းက ဘာပြောလဲဆိုတော့ ဘုန်းကြီးတို့ဟောတော့ အောင်မြင်တာပေါ့၊ တပည့်တော်တို့ဟောတော့ မအောင်မြင်ဘူးတဲ့"

"ဒီတော့ တပည့်တော်က ပြောတယ်၊ အတူတူပဲ ဘုရားတရားကိုချည်း ဟောတာပဲ၊ ဘာဖြစ်လို့ မအောင်မြင်ရမှာလဲ"

"ဒီတော့ သူက ပြောတယ်၊ တရားက လောဘ. ဒေါသ စသည်နည်းအောင် ဟောရတဲ့တရားပဲ ဘုရား၊ ဘုန်းကြီးတို့ တောကျောင်းမှာ ဘယ်လိုနေတယ်ဆိုတာ ဒကာ ဒကာမတွေက အကုန်သိကြသလို တပည့်တော်တို့ ရွာကျောင်းမှာ ဘယ်လိုနေကြတယ်ဆိုတာလည်း ဒကာ ဒကာမတွေက သိနေကြတာပဲဘုရား၊ ဒီတော့ တပည့်တော်တို့ ဟောတဲ့တရားက မအောင်မြင်ဘူးတဲ့၊ အဲဒီလိုပြောတယ်"

"ပြီးတော့ တစ်ခု တစ်ဆင့်ကြားသေးတယ်၊ တပည့်တော် မိတ်ဆွေတစ်ပါး ပြောပြတာပဲ၊ သူ့ကို တရားလေးစားတဲ့ ဒကာမကြီးတစ်ယောက်က ပြောတယ်တဲ့"

"တပည့်တော်အိမ်မှာ ဘုန်းကြီးလူထွက်တွေ ဟောတဲ့တရား တစ်ခွေမှ မထားတော့ဘူးဘုရားတဲ့၊ ဘာပြုလို့လဲဆိုတော့ သူတို့က ကာမမှ ထွက်မြောက်ကြောင်းတရားတွေ အာပေါင်အာရင်းသန်သန်နဲ့ ဟောပြောပြီး ကာမနယ်ထဲ ဆင်းသွားတယ်"

"ကာမနယ်ထဲ ရောက်ပြန်တော့ အာပေါင်အာရင်းသန်သန်နဲ့ လောဘ.ဒေါသ နည်းကြောင်း၊ ကာမမှ ထွက်မြောက်ကြောင်းတွေ ဟောပြီး ဒကာမနဲ့ သားသမီး လုပ်ကျွေးနေတာ၊ နာလည်း မနာဘူး၊ အိမ်မှာလည်း မထားဘူးတဲ့"

"ပြီးတော့ ဒကာတစ်ယောက်က တပည့်တော် တိုက်ရိုက်တစ်ခါ လျှောက်ဖူးတယ်၊ တပည့်တော် တောရကျောင်းတစ်ကျောင်းမှာ နေတုန်းကပေါ့"

"ဦးပဥ္စင်းဘုရား ငယ်ပါသေးတယ်၊ တရားမဟောပါနဲ့ဦးတဲ့၊ သီလ.သမာဓိ.ပညာတွေပြည့်အောင် ဖြည့်ပါဦးတဲ့၊ သီလ. သမာဓိ.ပညာတွေ ဖြည့်လို့ ပြည့်တဲ့အခါ အသက် (၆၀) ကျော်လောက်မှ ဟောပါတဲ့"

"အခုဟောတာနဲ့ အဲဒီအခါမှ ဟောတာ မတူပါဘူးတဲ့၊ အခုနေအခါ ဆယ်ခွန်းဟော ဟိုအခါကျတော့ တစ်ခွန်းတည်းနဲ့ ပြီးပါတယ်တဲ့"

"ဘယ်ဆရာတော်ကြီး ဘယ်လိုအမိန့်ရှိတယ်ဆို ပြီးတာပဲ၊ အခုနေ ဦးပဥ္စင်းဟောတော့ ဟောရတာလည်း ပင်ပန်းသေးတယ်၊ ဦးပဥ္စင်းလေးဟောတဲ့ တရားဆိုတော့ ဦးပဥ္စင်းလေးဖြစ်တာနဲ့ တရားလည်း သေးသွားရော မလေးစားဘူးတဲ့"

"အဲဒါတော့ လက်တွေ့ပါပဲဘုရား၊ တပည့်တော်လည်း ဟောမှုကို အတတ်နိုင်ဆုံး ရှောင်ပါတယ်၊ မဖြစ်နိုင်ခါမှ ဟောပါတယ်"

ထိုအခါ တစ်ပါးက ပြောပြ၏။

"ဒါဖြင့် ဓမ္မကထိကဆိုတာ ဟောလည်းဟော၊ ကျင့်လည်းကျင့်မှ ကိုယ့်တရား အောင်မြင်မယ်၊ ကိုယ်လည်း အကျိုးရမယ်၊ ဟောရုံသာ ဟော၊ မကျင့်ရင် ကိုယ့်တရားလည်း မအောင်မြင်ဘူး၊ ကိုယ်လည်း အကျိုးမရဘူးပေါ့၊ မဃဒေဝလင်္ကာမှာ ရှိတယ် -

"ငဲ့ကာကိုယ်ဖို့၊ ဤသို့မသင့်၊ ထိုသို့သင့်ဟု၊ နှုတ်ဖြင့်စာစ၊ တစွာစွာနှင့်၊ ဆရာကတော်၊ မည်ခေါ်မှတ်ပြု၊ အနုသာသိက၊ ဆက်ရက်မသို့၊ သူများကိုသာ၊ စီရင်ကာလျှင်၊ ကိုယ်မှာသော်ကား၊ မကျင့်ငြားဘဲ၊ တရားလက်ရှိ၊

တရားသိတို့၊ ဂတိလိုက်ထ၊ အပါယ်ကျလိမ့်၊ မီးပြသမား၊ တွင်းကျွံများသို့၊ တရားသိလျက်၊ဂတိလိုက်ကာ၊ မမိုက်ရာဘူး" တဲ့၊

ထိုအခါ တစ်ပါးကပြော၏၊

"ဟုတ်တယ်. ဟုတ်တယ်၊ မီးပြသမား တွင်းကျွံများဆိုတာ သိပ်ကြိုက်သွားပြီ၊ ဓမ္မကထိကတွေ တရားဟောရင်း လူထွက်သွားတာ တွင်းကျွံများတာပေါ့"

ထိုအခါ တစ်ပါးက ပြော၏၊

"အရှင်ဘုရားလည်း သတိထားနော်၊ အရွယ်က ငယ်ငယ်ရှိသေးတယ်၊ တွင်းကျွံများရင်တော့ ပြီးရော"

"ပြီးတော့ ကိုယ့်တရားသံလည်း ကိုယ်ပြန်ပြီးတော့ နားထောင်ပါ၊ ဓမ္မကထိကဟာ ကိုယ့်အသံ ကိုယ်ပြန်ကြားဖို့ အရေးကြီးတယ်၊ ပြီးတော့ ပရိသတ်ထဲက ပြန်လာတဲ့ ပွဲတင်သံလည်း နားထောင်ရမယ်"

"အကောင်းအဆိုး နှစ်မျိုးလုံး အသံကို ကြားမှ ကောင်းတယ်၊ ပြီးတော့ ပြင်လည်း ပြင်မှနော်"

"မှန်ပါဘုရား၊ နားလည်း နားထောင်ပါတယ်၊ အတတ်နိုင်ဆုံးလည်း ပြင်ပါတယ်၊ တပည့်တော်တော့ ဆရာတော် ဦးဝိစိတ္တသာရကိုပဲ စံနမူထား၊ အတုယူပါတယ်"

"ကောင်းတယ်၊ ကောင်းတယ်"

✦ ဓမ္မကထိကများ၊ ကိုယ့်တရား၊ ပြန်နားထောင်ရမည်၊

✦ အကောင်းဝေဖန်၊ ဆိုးဝေဖန်၊ နှစ်တန်သိရမည်၊

✦ ကိုယ့်တရားလည်း၊ ကိုယ်မှာစွဲ၊ အမြဲကျင့်ရမည်၊

✦ သူများဟောလင့်၊ ကိုယ်မကျင့်၊ မသင့်တော်လှပြီ၊

✦ သူများ ကျင့်ကျင့်၊ မကျင့်ကျင့်၊ ကိုယ်ကျင့်နိုင်ရမည်၊

# ကံတရားဟာ သိပ်ဆန်းကြယ်ပါတယ်ဘုရား

(၁၆၀)

လူတို့သည် အများအားဖြင့် ကိုယ့်အကြောင်းကိုသာ ကိုယ်ရင်ဖွင့်ချင်ကြသည်။ ကောင်းသည့်အကြောင်းကိုတော့ ဂုဏ်ယူဝင့်ကြွားလိုသည့် အနေနှင့် ရင်ဖွင့်ချင်ကြသည်။ မကောင်းသည့်အကြောင်းကိုတော့ သူတစ်ဖက်သားရဲ့အသနားခံလိုသော သဘောနှင့် ရင်ဖွင့်ချင်ကြသည်။

တစ်နည်းဆိုသော် အကောင်းအဆိုး နှစ်မျိုးလုံးကို မိမိ ရင်မဖွင့်ပါက မိမိရင်မှာ မအေး၊ ပူလောင် ရှုပ်ထွေးနေမည်သာ ဖြစ်၏။ ယင်းကို ရင်မဖွင့်ပါက အလွန်တရာကြောက်စရာကောင်းသော စိတ်ရောဂါများပင် ဖြစ်ပွားနိုင်ပါသည်၊ သို့ဖြစ်၍ မိမိအကြောင်း ဆိုးအကောင်းကို မိမိ ရင်ရှင်းရေးအတွက် ဖွင့်ချင်သူတွေလည်း ရှိသည်။ ဖွင့်လည်း ဖွင့်ကြသည်။

ယင်းသို့ တစ်ဖက်လူက သူ၏ ဂုဏ်ယူဖွယ် အကြောင်းအရာကိုဖြစ်စေ၊ သနားစဖွယ် အားငယ်စရာ အကြောင်းကို ဖြစ်စေ မိမိရှေ့မှောက်တွင် လာရောက်ရင်ဖွင့်သော် သူရင်ဖွင့်ချင်သမျှကို အားရကျေနပ်အောင် ရင်ဖွင့်ခွင့်ပေးသောအားဖြင့် ထောင်နားစိုက်နေပါမှ ထိုသူကို ရင်ဖွင့်သူတို့ ကျေနပ်ကြ၏။ အားရနှစ်သက်ကြ၏။ ရင်ဖွင့်သူကိုလည်း အကူအညီပေးရာ ရောက်၏။

အသက်တစ်ရာ မနေရ အမှုတစ်ရာ တွေ့ရ ဆိုသည့် စကားပုံအတိုင်း မိမိလည်း ရင်ဖွင့်ချင်သူ အများ၏ ရင်ဖွင့်ပြမှုကို အကြိမ်ကြိမ် ခံခဲ့ရပါသည်။ မိမိလည်း အတတ်နိုင်ဆုံး ရင်ဖွင့်ခွင့်ပေးသောအားဖြင့် နားထောင်ခဲ့ပါသည်။ ယင်းသို့ အကြိမ်ကြိမ် ရင်ဖွင့်ခံခဲ့ရသည့်အထဲမှ ပူပူနွေးနွေး ကြုံခဲ့ရသည့် ရင်ဖွင့်မှုကလေး တစ်ခုကို ဖော်ပြချင်ပါသည်။

အချိန်ကား ၁၃၄၁ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်နေ့ နံနက်(၆)နာရီကျော်ကျော် အချိန် ဖြစ်၏။ မိမိမှာ လေယာဉ်စီးရန် လေယာဉ်ကွင်းသို့ မြေပြင်ခြေကျင် လျှောက်နေချိန် ဖြစ်၏။

ထိုနေ့ကား မိုးတိမ်ထူထပ်၍ မပူပြင်းဘဲ အေးတေးတေးပင်ဖြစ်၍ လေယာဉ်ကွင်းသို့ သွားရသည်မှာ မမောမပန်း ချမ်းသာလှပါသည်။ သွားရမည့် ခရီးတာမှာလည်း မိနစ်နှစ်ဆယ်မျှလောက် သွားလျှင် ရောက်မည်ဖြစ်၍ အညောင်းပြေမျှသာ ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိသည် မည်သည့်ယာဉ်မျှ မစီးတော့ဘဲ လိုက်ပို့သူ ကျောင်းသားနှစ်ယောက်နှင့်အတူ ခပ်အေးအေးပင် လမ်းလျှောက်ခဲ့သည်။ ကျောင်းမှ ထွက်၍ မကြာမီ မိမိနားတွင် အသံကြားသည်။ ခေါ်သံလိုလို ဘာလိုလို။

"ဦးပဥ္စင်း. . . ဦးပဥ္စင်း"

ကိုယ့်အာရုံနှင့် ကိုယ်သွားနေသော မိမိသည် ခေါ်သံကို မသဲကွဲပါ။ လေယာဉ်ကွင်း ဖြေး၃၀ နာရီ ရောက်ရေး စိတ်စော နေသည်။

"ဦးပဥ္စင်း. . . ဦးပဥ္စင်း"

ခေါ်သံကို ပီပီပြင်ပြင် ကြားရသည်။ အသံလည်း မှတ်မိသည်။ သို့နှင့် မိမိသည် သွားရင်းပင် သမင်လည်ပြန် ပြန်ကြည့် လိုက်သည်။

အသံရှင်မှာ မိမိ၏ ရင်းနှီးသော ဒကာတစ်ယောက်ဖြစ်၏။ သူမှာ ဝလည်း ဝ၊ အရပ်အမောင်းလည်း ကောင်းသူဖြစ်၊ အသက်လည်း ကြီးပြီဖြစ်ရကား တဟောဟောနှင့် မောနေလေပြီ။

သို့နှင့် မိမိသည် ရပ်စောင့်နေသည်။ သူသည် မိမိအားမီသော် ဝမ်းသာအားရနှင့် စကားပြောလာသည်။

"ဦးပဥ္စင်းဘုရား၊ ကံတရားဟာ သိပ်ဆန်းကြယ်ပါတယ်ဘုရား"

"ဆန်းကြယ်တာပေါ့ဒကာကြီး၊ ဒီလောကကြီးကို ကံ.က ဖန်တီးထားတာပဲ၊ ကံဆန်းကြယ်လို့ လောကကြီးဆန်းကြယ်၊ သတ္တဝါတွေ ဆန်းကြယ်၊ ဖြစ်ရပ်တွေ ဆန်းကြယ်နေတာပေါ့"

"ဟုတ်တယ် ဦးပဥ္စင်း၊ ဟုတ်တယ်"

မိမိမှာ သူက အားရပါးရနှင့် ပြောချင်၍ လိုက်လာပုံထောက်၍ စကားကြောမရှည်ဘဲ ရပ်လိုက်သည်။ သူက မိမိအပြော ကို ထောက်ခံသည်။ ထိုအခါ မိမိက သူ့ကို အခွင့်ပေးသောအားဖြင့် သူ့ထောက်ခံချက်ကို "အင်း" လိုက်လိုက်သည်။

"အင်း"

"တပည့်တော် သိပ်ကျန်းမာတာ ဦးပဥ္စင်း၊ အိမ်မှာနေတာလေ တစ်ခါမှ ဖျားတယ်၊ နာတယ် မရှိပါဘုရား"

"အင်း"

"အဲဒါ သီတင်းကျွတ်စက တပည့်တော် (. . . . .)တောရကျောင်းကိုသွားပြီး တရားအားထုတ်တယ် ဦးပဥ္စင်း"

"လူဝတ်နဲ့လား ဦးပဥ္စင်းဝတ်နဲ့လား"

"ဦးပဥ္စင်းဝတ်နဲ့ပေါ့ ဦးပဥ္စင်း"

"နို့. . . ခုတော့ ဘာဖြစ်လို့ လူဝတ်လဲပြီး ယခု ကိုယ့်ဌာနေ ကိုယ်ပြန်ရောက်နေတာလဲ"

"အဲဒါ ဦးပဥ္စင်း လျှောက်ချင်လို့ ပြေးလိုက်လာတာပေါ့ ဦးပဥ္စင်း"

"ကဲ. . . ဒါဖြင့် လျှောက်စမ်း၊ လျှောက်ချင်စရာတွေ"

မိမိက ရှေ့ကသွား၊ သူက နောက်ကလိုက်၊ လေယာဉ်ကွင်းသို့ ရှေးရှုသွားရင်း စကားပြောရခြင်း ဖြစ်သည်။

"တပည့်တော် ဦးပဥ္စင်းဝတ်နဲ့ တရားအားထုတ်တာ ဦးပဥ္စင်းရယ် . . ."

"အင်း. . . အားထုတ်တော့ ဘယ်လိုဖြစ်လဲ ပြောစမ်းပါဦး"

"တစ်ခါမှ ငှက်ဖျားမတက်ဖူးတဲ့ တပည့်တော်ဘုရား၊ ငှက်ဖျားတက်တာမှ တုန်တုန်ပြီးတော့ တက်တယ်ဘုရား"

"အို. . . အဲဒီတောရက ငှက်ဖျား မရှိပါဘူး၊ ဦးပဥ္စင်းနေခဲ့တာပဲ တစ်ခါမှ ငှက်ဖျားမတက်ဘူး"

"အဲဒါကြောင့် "ကံတရားဟာ သိပ်ဆန်းကြယ်တယ်" တပည့်တော်ပြောတာပေါ့ ဦးပဥ္စင်း"

"ကဲ ... ကံတရားဆန်းကြယ်ပုံကလေးကို လင်းစမ်းပါဦး၊ မှတ်ရ သားရတာပေါ့"

"တပည့်တော် ယခု အသက် (၆၀)ကျော်ပြီ ဦးပဥ္စင်း၊ တစ်ခါမှ မဖျားဖူးဘူး၊ ပြီးတော့ ဦးပဥ္စင်းပဲ ပြောတယ်၊ ဒီတောရက ငှက်ဖျားမရှိဘူးလို့"

"နို ... ဟုတ်သားပဲ၊ ငှက်ဖျားမှ မရှိတာဘဲ"

"ကဲ ... ငှက်ဖျား တစ်ခါမှ မဖျားဖူးတဲ့ တပည့်တော်ဟာ ငှက်ဖျား မဖျားတဲ့ တောရသွားတာ ဖျားလာတယ်ဆိုတော့ တပည့်တော် ကံတရားဟာ မဆန်းကြယ်ဘူးလား ဦးပဥ္စင်း"

"အင်း ... နေရာတကာမှာ ကံ,ကံနဲ့ ကံကိုချည်း ပုံချလို့ မဖြစ်သေးဘူး ဒကာကြီး၊ ကိုယ်အားထုတ်ပုံ အချိုးကျ,မကျလည်း ကြည့်ရသေးတယ်"

"ဘယ်လိုကြည့်ရမလဲ ဦးပဥ္စင်းဘုရား"

"ဒကာကြီး အဲဒီတောရ သွားပြီး တရားအားထုတ်တုန်းက ဦးပဥ္စင်း ကြားပါတယ်"

"ဘယ်လိုကြားလဲ ဦးပဥ္စင်း"

"ဆွမ်းစားပြီးကတည်းက ကျောင်းပေါ်မှာ အားမထုတ်ဘဲ သစ်ပင်တစ်ပင်အောက်က ကျောက်တုံးပေါ်မှာ တစ်နေကုန်ထိုင်ပြီးတော့ အားထုတ်တယ်လို့ ကြားတယ်၊ ဟုတ်လား"

"ဟုတ်တယ် ဦးပဥ္စင်း၊ ဟုတ်တယ်"

"ဒကာကြီးသွားပြီးတော့ အားထုတ်ချိန်က သီတင်းကျွတ်စ ဆိုတော့ ရာသီပြောင်း၊ ကိုယ်က ဒေသပြောင်း၊ ကိုယ့်ဒေသမှာ ကိုယ်နေတာတောင်မှ ရာသီပြောင်းမှာ ဖျားတတ်တယ် မဟုတ်လား"

"မှန်ပါ၊ ဖျားတတ်ပါတယ်ဘုရား"

"အင်း...ယခုကြည့်ပါလား၊ ရာသီပြောင်း ဒေသပြောင်းမှာ သစ်ပင်အောက်က ကျောက်တုံးပေါ်မှာ တစ်နေကုန်ထိုင်အားထုတ်တော့ ဣရိယာပထ မမျှတရာကနေပြီး ရာသီဥတုဒဏ် ခံရပြီး ဖျားတာ ဒကာကြီး၊ ကံကိုသွားပြီး ယိုးမယ်မဖွဲ့နေနဲ့"

"မှန်ပါ ဘုရား"

"အဲဒီ ကံကို ယိုးမယ်ဖွဲ့ပြန်တော့လည်း ရှေးကံသက်သက်ကိုသာ ယိုးမယ်ဖွဲ့တတ်တယ်၊ အဲဒီလို ရှေးကံသက်သက်ကို ယိုးမယ်ဖွဲ့ရင်တော့ "ပုဗ္ဗေကတဟေတုဒိဋ္ဌိ"ဖြစ်သွားမယ်"

"မှန်ပါ ဘုရား"

"အဲဒီ ပုဗ္ဗေကတဟေတုဒိဋ္ဌိ အကြောင်းကို ဦးပဥ္စင်းရေးတဲ့ အယူဝါဒရှင်းတမ်း စာအုပ်မှာ အကျယ်တဝင့် ရေးထားတယ်၊ အဲဒီမှာသေသေချာချာ ဖတ်ကြည့်နော်"

"မှန်ပါ ဘုရား"

"ကံဆိုတာ "ကမ္မ"ဆိုတဲ့ ပါဠိစကားကနေပြီး ဆင်းသက်လာတဲ့ မြန်မာဝေါဟာရတစ်ခုပေါ့၊ မြန်မာဝေါဟာရစစ်စစ် မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီကံဆိုတာက သုံးမျိုး ရှိတယ်၊ အဲဒီသုံးမျိုးဟာ မိမိတို့ ကိုယ်မှာပဲ ရှိတယ်၊ ဘာတွေလည်း ဆိုတော့ -

၁။ ကိုယ်ဖြင့် ပြုလုပ်မှု

၂။ နှုတ်ဖြင့် ပြောဆိုမှု

၃။ စိတ်ဖြင့် ကြံစည်မှု

ရယ်လို့ သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးကို ကံလို့ ခေါ်တယ်လို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"ကိုယ့်မှာ ယခု မျက်မှောက်ကြုံတွေ့နေရတဲ့ ဒုက္ခသုက္ခတွေကို ကံလို့ သွားပြီးမှတ်မနေနဲ့ဦး၊ အဲဒီ မျက်မှောက်ကြုံတွေ့နေရတဲ့ ဒုက္ခသုက္ခတွေက ကံရဲ့အကျိုးတရားတွေနော်"

"မှန်ပါ ဘုရား"

"ကံက သပ်သပ်၊ ကံရဲ့အကျိုးတရားက သပ်သပ်နော်"

"မှန်ပါ ဘုရား"

"အကြောင်းနှင့်အကျိုးပေါ့၊ ကံက အကြောင်း၊ ဒုက္ခသုက္ခက အကျိုးပေါ့၊ ကံအကြောင်း၊ သုခချမ်းသာ အကျိုးပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ အကြောင်းကံကို ယူတဲ့နေရာမှာလည်း အများအားဖြင့် ရှေးကံ အတိတ်ကံကိုပဲ အယူများတယ်၊ ဒီလိုမဟုတ်ဘူး၊ အဲဒီကံဟာ -

၁။ ရှေးဘဝ၌ပြုခဲ့သောကံ အတိတ်ကံ

၂။ ယခုဘဝမှ ဖြစ်သောကံ ပစ္စုပ္ပန်ကံ

ရယ်လို့ နှစ်မျိုး ရှိတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီနှစ်မျိုးတွင် အကျိုးတစ်စုံတစ်ခုကို ပေးရာမှာတော့ ရှေးအတိတ်ကံက လိုရင်းအကြောင်းပါပဲ၊ ယခုဘဝကံ မျက်မှောက်ကံကတော့ ယခုဘဝအတွက် ရှေးကံ အတိတ်ကံ အခွင့်ရအောင်၊ အားရှိအောင် ကူညီထောက်ပံ့ရုံသာ ထောက်ပံ့ပြီးတော့ နောက်နောက်ဘဝများမှာတော့ ဆိုင်ရာ ကောင်းကျိုး ဆိုးကျိုးကို ကိုယ်တိုင်က ပေးခွင့်ရှိတယ်နော်"

"မှန်ပါ ဘုရား"

"ကံ.ကံနှင့် သိဖို့ သိပ်အရေးကြီးပါတယ်၊ အဲဒီကံနှစ်မျိုးမှာ ရှေးကံများက -

၁။ အလွန်အားကောင်းတဲ့ကံ

၂။ သာမန်လောက်သာ အားရှိတဲ့ကံ

ရယ်လို့ နှစ်မျိုးရှိပြန်တယ်"

"မှန်ပါ ဘုရား"

"အဲဒီနှစ်မျိုးမှာ အလွန်အားကောင်းတဲ့ ကံရဲ့ အကျိုးပေးပုံဟာ အလွန်တရာ ထင်ရှားပါတယ်၊ ဥပမာ - ရှင်ဘုရင်၊ သူဌေး၊ မှူးမတ် စသည်ကို ဖြစ်စေနိုင်တယ်၊ ဆင်းရဲသား အမျိုး၌ ဖြစ်စေကာမူ တစ်နည်းနည်းဖြင့် ကြွယ်ဝချမ်းသာစေနိုင်တယ်ပေါ့"

"မှန်ပါ ဘုရား"

"သာမန်လောက်သာ အားရှိတဲ့ကံမျိုးရဲ့ အကျိုးပေးပုံမှာ မထင်ရှားလှပါဘူး၊ သူများနည်းတူ အကျိုးမျိုးကိုသာ ရစေနိုင်တယ်။

"အဲဒီကံများဟာ ဒီလူ့ ပြည် လူ့လောကမှာ မိမိတို့ချည်းသက်သက် အကျိုးပေးဖို့ ခဲယဉ်းတဲ့အတွက် အကျိုးပေးခွင့်ရအောင် ဉာဏ်နဲ့ဝီရိယကိုလည်း လှုံ့ဆော်ထုထောင်ပေးရတယ်။

"အဲဒီလို ဉာဏ်၊ ဝီရိယနဲ့ လုံ့လပယောဂပြုမှုကို "ပယောဂသမ္ပတ္တိ" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဒကာကြီး ပထမတစ်ခါ ရဟန်းဝတ်နဲ့ အားထုတ်ပုံကြည့်လိုက်တော့ ဘာလိုလဲ၊ ဘာကဲ ညံ့လဲ၊ ဘာဉာဏ်လွဲလဲလို့ စဉ်းစားကြည့်ပေါ့၊ ရာသီပြောင်းနဲ့ ဒေသပြောင်းကို ဉာဏ် မသက်ဝင်ဘူး၊ ပြီးတော့ မိမိ နေနေကျမဟုတ်တဲ့ ကျောက်တုံးပေါ်မှာ အချိန်များစွာ ထိုင်ပြီးတော့ လေတိုက်ခံကာ အားထုတ်မှုဆိုတော့ ကံရော ဉာဏ်ရော ဝီရိယရော မလွဲမှားကုန်ဘူးလား"

"လွဲမှားကုန်ပါတယ်ဘုရား"

"အင်း . . . ဒါကြောင့် ပထမတစ်ခါ ဒုက္ခသုက္ခရောက်၊ ငှက်ဖျားတက်ပြီး ပြန်လာရတာပေါ့"

"ယခု နောက်တစ်ခါကတော့ အတိတ်ကံ ဆန်းကြယ်တာပဲ ဖြစ်ရမယ် ဦးပဥ္စင်း"

"ဆိုစမ်းပါဦး၊ ဘယ်လိုလဲ"

"တပည့်တော်က နိုင်ငံခြားသား မှတ်ပုံတင်ဆိုတော့ ဟိုဟိုဒီဒီ ခရီးသွားရင် ခရီးသွားခွင့် ထောက်ခံစာ ယူရတယ် ဘုရား"

"အင်း"

"တပည့်တော်က ဒီတစ်ခါ လူဝတ်နဲ့ သွားအားထုတ်မယ်ဆိုပြီးတော့ ထောက်ခံစာယူပြီး သွားတယ်ဘုရား"

"အင်း"

"တပည့်တော် ဆင်းရမယ့် ဘူတာမရောက်မီ ဘူတာတစ်ခုမှာ အလံမချိုးလို့ မီးရထား အကြာကြီး ရပ်နေတယ်ဘုရား၊ ဒါနဲ့ တပည့်တော်လည်း ဆင်းပြီး ကားနဲ့သွားမယ်ဆိုပြီး ကားနဲ့သွားကာမှ လူဝင်မှုကြီးကြပ်ရေး စာရေးတစ်ယောက်နဲ့ တွေ့တယ်ဘုရား"

"အင်း"

"တွေ့တော့ သူက မှတ်ပုံတင်စစ်ပြီး ခရီးသွားခွင့်ထောက်ခံစာ တောင်းတယ်ဘုရား"

"အင်း"

"တပည့်တော်က ထုတ်ပြတော့ သူက ဖတ်ပြီးတော့ "ဒီစာရွက်မှာ လူကောင်းတစ်ယောက် ဖြစ်ကြောင်းသာ ထောက်ခံထားပါတယ်၊ ခရီးသွားခွင့်ပြုကြောင်း မပါဘူး၊ ဒါ့ကြောင့် ရှေ့ဆက်ပြီး သွားခွင့်မပြုနိုင်ဘူး" လို့ ပြောပါတယ်ဘုရား"

"ဒကာကြီးက တရားအားထုတ်သွားမယ့်အကြောင်း၊ အရင်တစ်ခါကလည်း အားထုတ်ခဲ့ဖူးကြောင်း မပြောဘူးလား"

"ပြောပါတယ်ဘုရား၊ မရပါဘူး"

"အဲဒီ ကံတရားဆန်းကြယ်တာပေါ့ ဦးပဥ္စင်း၊ ဒီရထားကလည်း ဒီနေ့မှ ဒီနေရာမှာ အလံမချိုးလို့ ရပ်ရတယ်"

"အင်း"

"တပည့်တော်လည်း ဒီနေ့မှ ဒီရထားစီးမိပြီး ဆင်းရမယ့် ဘူတာမရောက်ခင် ဒီနေရာမှာ ဆင်းခဲ့မိတယ်"

"အင်း"

"ဒီနေ့မှပဲ ကားတွေကလည်း မလာမလာနဲ့ စောင့်လိုက်ရတာ အကြာကြီးပဲ၊ လာမယ့်လာတော့ လူဝင်မှုကြီးကြပ်ရေးနဲ့ သွားတွေ့တယ်"

"အင်း"

"တပည့်တော် ဘယ်သူ့မှ အပြစ်မတင်ပါဘူး ဦးပဥ္စင်း၊ တပည့်တော်ကံပဲဟာ၊ ထောက်ခံစာ ရေးပေးတဲ့လူကလည်း ကောင်းကောင်းရေးပေးတာပဲ၊ စာက မပြည့်စုံဖြစ်သွားတယ်၊ လူဝင်မှုကြီးကြပ်ရေးကလည်း သူ့အလုပ် သူလုပ်တာပဲ၊ တပည့်တော်က ခံရမယ့်ကံပါတော့ ခံရတာပေါ့ ဦးပဥ္စင်း"

"အင်း"

"တပည့်တော် နှစ်ခါရှိပြီ ပြန်ခဲ့ရတာ၊ စိတ်မလျှော့ဘူး ဦးပဥ္စင်း၊ နောက်တစ်ခါ ထောက်ခံစာတွေ အပြည့်အစုံ ယူ၊ ကျန်းမာရေးတွေ ဘာတွေမွေးပြီး သွားပြီးတော့ အားထုတ်ဦးမယ် ဦးပဥ္စင်း၊ တပည့်တော် မလျှော့ပါဘူး"

"မလျှော့နဲ့ သွားသာသွား"

"တချို့က အပြသဘောလိုလိုနဲ့ အဖျက်ပြောကြသေးတယ်ဘုရား"

"ဘယ်လိုပြောလဲ"

"တရားအားထုတ်တာပဲ ဘယ်မှာ အားထုတ်အားထုတ် ရတာပဲ၊ တောထဲပဲ သွားနေရသေးလားတဲ့ ဦးပဥ္စင်း၊ ပြောကြတယ်"

"အေး . . . လူတွေက အသိဉာဏ် မရှိလေတော့ ဒီလိုပဲ ထင်ရာမြင်ရာ ပြောကြတာပဲ"

"ဟုတ်တယ် ဦးပဥ္စင်း၊ တပည့်တော်ကတော့ တောအရသာ သိလာပြီပဲ၊ ဘယ် သူတို့ပြောလို့ ရမလဲ၊ မြို့ရွာမှာလည်း တပည့်တော် အားထုတ်နေတာပဲဟာ၊ မြို့ရွာနဲ့ တောဟာ ကွာတာပေါ့ ဦးပဥ္စင်း"

"အင်းပေါ့၊ ကွာတာပေါ့၊ သပ္ပါယခုနစ်ပါးဟာ တရားအားထုတ်တဲ့နေရာမှာ အရေးအကြီးဆုံးပေါ့၊ အဲဒီ သပ္ပါယခုနစ်ပါးကို နားမလည်ရင် တရားအားထုတ်တဲ့နေရာမှာ အမှားမှား အယွင်းယွင်း ဖြစ်နိုင်တယ်၊ သံသယလည်း ဝင်နိုင်တယ်"

"အဲဒီ သပ္ပါယခုနစ်ပါးဆိုတာ ဘာတွေလဲ ဦးပဥ္စင်း"

"အဲဒီအကြောင်းတွေ သိချင်ရင်တော့ ဦးပဥ္စင်းရေးတဲ့ "ဗုဒ္ဓ၏ သက်သတ်လွတ်" စာအုပ်မှာ ပြန်ဖတ်ကြည့်ပေါ့၊ အဲဒီမှာ ပါတယ်"

စကားတပြောပြောနှင့် လာကြရာ လေယာဉ်ကွင်းကို ရောက်ပြီ။ မိမိမှာ ခရီးအဆုံးတွင် အဆင်သင့် စောင့်ကြိုမည့်သူ ရှိ၍ ကပ္ပိယ မခေါ်ခဲ့ရကား မိမိလက်ဆွဲအိတ် မိမိဆွဲကာ လေယာဉ်ကွင်း ဧည့်ခန်းမ ဝင်ခဲ့၏။ ဒကာကြီးနှင့် လိုက်ပို့သူတို့ကား လာလမ်းအတိုင်း ပြန်ကြ၏။ မိမိသည် လေယာဉ်ကွင်း ဧည့်ခန်းမတွင်ထိုင်ရင်း စဉ်းစားနေ၏ -

"အင်း . . . သတ္တဝါတွေဟာ ကံပေးသမျှ ပဋိသန္ဓေ နေခဲ့ရပြီး နောက် တစ်စုံတစ်ခု ကောင်းကျိုးပေးရာမှာတော့ "ကံက ဝေးသောအကြောင်း၊ ဉာဏ်က အလယ်အကြောင်း၊ ဝီရိယက အနီးဆုံးသောအကြောင်း" လို့ သဘောကျပြီး ရေးကံရဲ့ အကျိုးပေးမှုကို အလေးဂရုပြုပြီး မမျှော်လင့်ဘဲ လောကီလောကုတ္တရာဆိုင်ရာမှာ အသိအလိမ္မာ ဉာဏ်ပညာတိုးပွားအောင် ကိုယ်နဲ့တန်တဲ့ လုံ့လဝီရိယကို အသုံးချပါမှ ကျက်သရေမင်္ဂလာ အဖြာဖြာတို့သည် အလိုအလျောက် ပေါ်ပေါက်လာပါလိမ့်မည်။

"ကံဟုမူလ၊ သမ္ဘူဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။

"ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။

"ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မယိုးကောင်းဟု၊ သူကောင်းရှေ့က၊ ဆိုကုန်ကြ၏။

"လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

"ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါလက်တွင်း၊ ရောက်လျှင်းတုံခြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော။

"ကံမွဲ့ဉာဏ်နုံ့၊ မလုံ့မလ၊ နတ် မမဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုရော့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်း မ၍၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏။

"အနွတ္တလ၊ လူထိုမျှတို့၊ ကမ္မဝီရိယ၊ မယုံကြဘူး၊ သိဝမဟော၊ ပရမေသွာ၊ ဗြဟ္မာပိဿနိုး၊ ကမ္ဘာစိုးနှင့်၊ တန်ခိုးကြီးမား၊ နတ်ဘုရားတို့၊ ပေးစားဖန်ဆင်း၊ ဖြစ်တုံလျှင်းဟု၊ ချွတ်ယွင်းသမှု၊ အမှားရှုသည်၊ တောင်သူ့ယူလေ့ ယူလာတည်း"

(မဃဒေဝ)

"ကံချွတ်ယွင်းလျက် ပျက်စီးရမည့် သတ္တဝါတို့မှာ ပျက်စီးကျလာလျှင် သဘာဝနှင့် ဆန့်ကျင်သော နည်းအပေါင်းသည် နည်းကောင်းအသွင် ဉာဏ်မှာဝင်ပြီး ဖျက်ဆီးနင်းနယ်ကာ တည်၏"

(စတုရာရက္ခကျမ်း)

"ကံဆိုးကံညံ့ အဖိနှိပ်ခံရသော သတ္တဝါအား တစ်ခဏချင်း ဘေးဖြစ်စေနိုင်၏။ ယနေ့ဖြစ်စေ၊ နက်ဖြန်ဖြစ်စေ၊ ငါသေရအံ့၊ ငါသေနိုင်၏၊ မေ့လျော့ ပေါ့တန်စွာ နေထိုင်ခြင်းငှာ မသင့်လျော်ပါတကား"

(စတုရာရက္ခကျမ်း)

"ကုသိုလ်ကံအဟုန် ကုန်လေပြီးသော သတ္တဝါသည် သေလောက်သောအကြောင်းစု ဘာတစ်ခုမျှ မရှိဘဲလည်း ရုတ်တရက်လဲကာ လျင်စွာပျက်စီးနိုင်၏။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသောစိတ်ဖြင့် ငါသေအံ့၊ ညစ်ညူးနောက်ကျု မကောင်းသော စိတ်စုဖြင့် မသေပါအံ့"

(စတုရာရက္ခကျမ်း)

✧ ကံတရားဟာ၊ လောကမှာ၊ လွန်စွာ ဆန်းကြယ်သည်။
✧ ဆန်းကြယ်ကံကာ၊ ခြယ်လှယ်ကြ၊ ဖြစ်ရဆန်းကြယ်သည်။
✧ ကံသဘောမြင်၊ ကံကိုပြင်၊ အသွင်ပြောင်းသင့်သည်။
✧ အခုပြင်ကာ၊ ခုနောင်ပ၊ သုခပြည့်စုံမည်။

# အတုတွေက အတုရှောင်ပါတဲ့

(၁၆၁)

“ကိုယ်တွင်း ယုတ်မာ၊ ကိလေသာလည်း၊ မေတ္တာယောင်ပြ၊ ဘီလူးမသို့၊ ရာဂလှည့်ပတ်၊ ပြုတတ်ခြင်းရာ၊ သိခဲစွာရှင့်”

“ကရုဏာအလား၊ လှည့်ဖြားသောက၊ ရှင်ပြမုဒိ၊ ကံရှိတူစွာ၊ ဥပေက္ခာလို၊ ကုသိုလ်ဝန်ချ၊ သံဝေဂတု၊ စိတ်ပူလောင်ပြင်း၊ စိစစ်ခြင်းသို့၊ ဝမ်းတွင်းမသဒ္ဓါ၊ ပါပါကဲ့ရဲ့ သူ့ပြစ်ငုံလျက်၊ အကဲ့မှတ်ရေး၊ သက်မွေးစဉ်ဟန်၊ ဝေဖန်မဲ့ကြား၊ တရားဟောယောင်၊ စကားဘောင်ဘွဲ့လှိုင်း၊ ဝိုက်းကိုစောင့်ရှောက်၊ ချီးမြှောက်ဟန်ခင်း၊ ပေါင်းသင်းပျော်ပြုံး၊ ကောင်းမှုလိုပုံ၊ အာရုံလိုက်စား၊ မှုများကြိုက်ဘိ၊ သမာဓိသို့၊ ထိနမိဒ္ဓ၊ ဝီရိယဖြင့်၊ ဥဒ္ဓစ္စသာ၊ သိက္ခာကာမ၊ ဟုတုံစွလည်း၊ ကုက္ကုစ္စကြီး၊ မနောနီးကာ၊ မချီးမြှောက်လျှင်၊ မစွေ့ဝင်လျက်၊ ဆင်ခြင်ပုံရှိ၊ ဝိစိကိစ္ဆာ၊ ဓမ္မာဓိပတေ၊ ဟုဘိထွေဖြင့်၊ ရှိသေကင်းစွာ၊ အဂါရဝ၊ ဤသို့စ.သား၊ အဓမ္မစု၊ တရားတုတည်း”

(မဃဒေဝ)

၁။ ချစ်ခြင်းမေတ္တာကို အရင်းပြုသဖြင့် တပ်ခြင်း ရာဂတဏှာသည် မေတ္တာအယောင်ဆောင်၍ လှည့်ပတ်တတ်သည်။

၂။ သနားကြင်နာခြင်း ကရုဏာသည် တူသောအာရုံဖြင့် စိုးရိမ်ခြင်း သောကတရား လှည့်ပတ်တတ်သည်။

၃။ မုဒိတာ ဟန်ဆောင်၍ မြူးတူးရွှင်ပျခြင်း ပဟာသတရား လှည့်ဖြားတတ်သည်။

၄။ ဥပေက္ခာပြဟ္မဝိဟာရ တရားယောင်ဆောင်၍ ကုသိုလ်ကောင်းမှုတို့၌ လုံ့လမပြု၊ စိတ်ချ လက်ချ နေနိုင်အားသော နိက္ခိတ္တဓုရတာတရား လှည့်ဖြားတတ်သည်။

၅။ ဝင့်ဆင်းရဲ ထိတ်လန့်ခြင်း သံဝေဂတရားနှင့်တူသဖြင့် စိတ်၏ ပူပန်ခြင်း ဒေါသဟု ဆိုအပ်သော စိတ္တသန္တာပ တရား လှည့်ဖြားတတ်သည်။

၆။ စုံစမ်းဆင်ခြင်ခြင်း ပညာတရားနှင့်တူသဖြင့် သူတစ်ပါးကို မယုံကြည်ခြင်း အသဒ္ဓိယတရား လှည့်ဖြားတတ်သည်။

၇။ မကောင်းမှုပါပကို ကဲ့ရဲ့ ခြင်းဟုဆိုအပ်သော သူတော်တရားနှင့်တူသဖြင့် သူတစ်ပါးအပြစ်ကို ရှုတတ်သော မသူတော်တရား လှည့်ဖြားတတ်သည်။

၈။ အသက်မွေး စင်ကြယ်အောင်ပြု၍ မိမိပစ္စည်းကို သီတင်းသုံးဖော်တို့အား မဝေဖန် မခွဲခြမ်းလိုခြင်းဟူသော မသူတော်တရား လှည့်ဖြားတတ်သည်။

၉။ တရားစကား ပြောဟောခြင်း၌ မွေ့လျော်ခြင်းကို အရင်းပြုသဖြင့် ပရိသတ် တထုထု လူတအုန်းအုန်းနှင့် စကားများခြင်း၌ နှလုံးနှစ်ခြိုက် မွေ့လျော်ခြင်းဟူသော ဘဿာရာမတာတရား လှည့်ဖြားတတ်သည်။

၁၀။ တပည့်သား ဂိုဏ်းသံဃာကို ချီးမြှောက်ခြင်းကို အရင်းပြုသဖြင့် အပေါင်းအဖော်၌ မွေ့လျော်ခြင်းဟူသော သင်္ဂဏိကာရာမတာတရား လှည့်ဖြားတတ်သည်။

၁၁။ ကုသိုလ်ကောင်းမှုကို လိုလားသည့်အဟန်နှင့် သီလ သမာဓိ ပညာ ကုသိုလ်တရားတို့၏ အန္တရာယ်ကြီးစွာသော ရေတွင်းတူး၊ ရေကန်တည်၊ ဘုရားတည်၊ ကျောင်းဆောက် စသည် ကမ္မာရာမတာတရား လှည့်ဖြားတတ်သည်။

၁၂။ ရှေးဦးစွာ သမာဓိတရား ဖြစ်ပွားလာခြင်း အရင်းပြု၍ သမာဓိဟန်ဆောင်၍ ငိုက်မြည်း ပျင်းရိခြင်း ထိနမိဒ္ဓတရား လှည့်ဖြားတတ်သည်။

၁၃။ ဝီရိယအားထုတ်ခြင်းကို အရင်းပြုသဖြင့် စိတ်၏ တည်ကြည်ရာမရ၊ ပျံ့လွင့်တုန်လှုပ်ခြင်း ဥဒ္ဓစ္စတရား လှည့်ဖြားတတ်သည်။

၁၄။ သီလ သိက္ခာကို ကောင်းစွာဆောက်တည်လိုခြင်း သိက္ခာကာမတာကို အရင်းပြုသဖြင့် စိတ်၏ သက်သာရာ မရ ဝိနယကုက္ကုစ္စ အားကြီး၍ ဒေါသနှင့်ယှဉ်ဖက် နှလုံးမသာယာမှု ကုက္ကုစ္စ လှည့်ဖြားတတ်သည်။

၁၅။ ဒါယကာတို့အား သနားခြင်းကရုဏာနှင့် တူသဖြင့် ဒါယကာတို့နှင့် မနီးနှောလိုခြင်း ကုလမစ္ဆေရတရား လှည့်ဖြားတတ်သည်။

၁၆။ မိမိပက္ခ၊ သူတစ်ပါးပက္ခ နှစ်ပါးကို စုံစမ်းခြင်းကို အကြောင်းပြုသဖြင့် ဝိစိကိစ္ဆာ သက်ာယုံမှား လှည့်ဖြားတတ်သည်။

၁၇။ တရားဓမ္မကို အရိုအသေ အလေးပြုသည်နှင့် တူသောအဖြစ်ဖြင့် သီတင်းသုံးဖော်တို့၌ မရိုသေခြင်း အဂါရဝတရား လှည့်ဖြားတတ်သည်။

ဤသို့ စသည်ဖြင့် အတုအယောင်တွေကား များပြားလှ၏။ ယင်းအတုအယောင်တရား တည်သော သူတို့သည် အတုအယောင်တို့သာ ဖြစ်ကုန်၏။

အို . . . စာရှုသူ၊ လောကကြီးကို ရှုကြည့်ပါဘိ။ ဘာသာရေးပိုင်းကိုကြည့်ကြည့်၊ လူမှုရေးပိုင်းကိုကြည့်ကြည့်၊ စီးပွားရေးပိုင်းကိုကြည့်ကြည့် အတုတွေပေါလှ၏။

ဘုန်းကြီးတု၊ စစ်ဗိုလ်တု၊ စစ်သားတု၊ အရာရှိတု၊ လက်မှတ်တု၊ ရွှေတု၊ ငွေတု၊ ဆေးတု၊ ဆေးလိပ်တု၊ မိန်းမတု၊ ယောက်ျားအတု အသံတု စသည်ဖြင့် များလှဘိ၏။

ရှေးကတော့ စကားပုံဆိုလာ၏၊ "အစစ်တစ်ရာ၊ အတုတစ်ထောင်"တဲ့၊ ယခုမှုကား "အစစ်တစ်ရာ၊ အတုတစ်သောင်း" ရှိကောင်း ရှိမည်ထင်သည်။

လောကရေးရာ ပစ္စည်းရေးရာနှင့် ပတ်သက်၍ အတုနှင့်ကြုံ၍ မှားရပါလျှင် တစ်ဘဝအတွက်ပဲ နစ်နာပါမည်၊ သံသရာအတွက် မနစ်နာပါ။ ဆရာတု၊ တရားတုနှင့် တွေ့၍ မှားရပါလျှင် သံသရာသစ်ငုတ်၊ ကမ္ဘာသစ်ငုတ် ဖြစ်၍ သံသရာ ကမ္ဘာလောကမှ မထွက်မြောက်နိုင်တော့ပြီ။

သို့ဖြစ်၍ စာရှုသူသည် တရားစစ် တရားတု စိစစ်တတ်၍ ဆရာတု ဆရာစစ် စိစစ်တတ်သော ဉာဏ်ပညာကို ရှာဖွေထားသင့်သည်။

ယင်းသို့ မိမိကိုယ်တိုင် သိတတ် ခွဲခြားတတ်သော ပညာရှိပါမှ အတုဘေးမှ လွတ်ကင်းမည်၊ အဘယ်ကြောင့်ဆိုသော် အတုတွေက အတုရှောင်ပါဟု ကျယ်လောင်စွာ အော်နေသောကြောင့် ဖြစ်၏။

မိမိသည် ရှေးအခါက ယင်းကို သတိမပြုမိခဲ့ပါ၊ သတိပြုမိခဲ့သည်မှာ မကြာသေးလှပါ၊ သတိပြုမိခြင်း အကြောင်းရင်းကား တောရထေရ်ကျော် ဆရာတော်ကြီးတစ်ပါး၏ ဆုံးမစကား ကြားရခြင်းကြောင့် ဖြစ်ပါသည်။

တစ်ချိန်သော ဆောင်းဦးပေါက်စက ဖြစ်ခဲ့၏၊ မိမိသည်လည်း ထိုနှစ်အဖို့ ဓမ္မဒေသနာခရီး လှည့်လည်စ ဖြစ်၏၊ မိမိသည် မြို့ငယ်တစ်မြို့သို့ ရောက်၏။

ယင်းမြို့ငယ်အနီးတွင် ယင်းမြို့ငယ်ကို အမှီ ဂေါစရဂါမ်ပြု၍ တောရဆောက်တည်နေသော တောရထေရ်ကျော် ဆရာတော်ကြီးကို သွားရောက်ဖူးမြော်ကြ၏၊ အဆုံးအမ ခံယူကြ၏။

ဆရာတော်ကား သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ စုံလင်စွာ၏၊ ကြည်ညိုဖွယ် ကောင်းလှ၏၊ သက်တော် (၈၀)ကျော်ပြီ ဖြစ်သော်လည်း (၄ - ၅)မိုင် ခရီးဝေးလှသည့် ဆွမ်းခံရွာ ဆွမ်းခံလမ်းကို မိမိသပိတ် မိမိလွယ်ပိုးကာ ဆွမ်းခံတုန်းပင် ရှိသေး၏။

ဆွမ်းခံသည်ဆိုရုံ အမည်ခံမျှ မဟုတ်၊ ဝေးလှသည့်ခရီး၊ ပူလှသည့် ကတ္တရာလမ်းတွင် ထီး မဆောင်း၊ ဖိနပ် မစီးဘဲ နေ့စဉ်ရက်ဆက် မပျက်မကွက် ဆွမ်းခံနေသည်မှာ ကြည်ညို၍ မဆုံးဖွယ် ဖြစ်တော့၏။

ဘုရားရှင် ဆုံးမတော်မူသည့် သိမ်ကဆင်းခါနီး အရေးတကြီး အဆုံးအမဖြစ်သည့် သလုံမြင်းခေါင်း ခြေနစ်ချောင်းကို အရင်းပြုပြီး ရသည့်ဆွမ်းနှင့် တရားကျင့်ပါမည် ဆိုသည့် အဆုံးအမကို အပြောနှင့် မဟုတ်၊ အလုပ်ဖြင့် ပြလျက်ရှိ၏။

ဆွမ်းခံရသည်မှာ ဂုဏ်တစ်ခုဟု ယူရမည့်အစား ယခုခေတ်တွင်ကား ဂုဏ်မဲ့သည်ဟု ယူလာသည်၊ သပိတ်ပင် မကိုင်ချင်ကြတော့၊ တချို့တော့လည်း သပိတ်နှင့်တော့ ဆွမ်းခံစားမှု မပြုဘဲ ဆွမ်းစားကာမှ သပိတ်ကလေး အယောင်ပြကြ၏၊ အယောင်ပြဖော် ရတော့ တော်သေး၏ဟု ဆိုရမည် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် အယောင်ပြဖော် မရသူနှင့်စာလျှင် တော်သောကြောင့် ဖြစ်၏။

ဆရာတော်ကြီးသည် သက်န်းကိုလည်း ဘုရားရှင်၏ အဆုံးအမကို ဦးထိပ်သောအားဖြင့် ပံ့သကူသက်န်းကိုပင် သုံးဆောင်ဝတ်ရုံလျက် ရှိ၏။

ကျောင်းကိုမူကား ဆိုဖွယ်ရာ မရှိတော့၊ တောတွင်းအစွန်ကျသော မြို့ရွာနှင့် အလှမ်းကွာလှသော ဘုရားရှင် ချီးမွမ်းသော တောရကျောင်းတွင် သီတင်းသုံးတော်မူ၏။

ဆေးဆိုသည်မှာလည်း ဆီးဖြူ၊ သျှစ်သျှား၊ ဖန်ခါးသီးတို့လို ဆေးမျိုးတို့သာ အမှီအခို များ၏။

ယင်းသို့ ဂုဏ်ပေါင်းစုံလှသော ဆရာတော်ဘုရားကြီးတို့ကို ဖူးမြော်ရဖို့မှာ ခဲယဉ်းလှသည့် ဒုလ္လဘတစ်ပါးပင် မဟုတ်ပါလော။

မိမိသည် ရောက်ရှိသည့်အခိုက် ရရှိသည့် အခွင့်အရေးကို လက်မလွှတ်ဘဲ အဖော်တစ်စုနှင့် သွားရောက်ကာ ဆရာတော်ဘုရားကြီးအား ကန်တော့၏။ ဖူးမြော်၏။

ထိုအခါ ဆရာတော်ကြီးက မိမိတို့တစ်စုအား ဆုံးမဩဝါဒစကား မိန့်ကြားတော်မူ၏။

"အေး... အေး၊ အတုတွေက "အတုရှောင်ပါတဲ့" ကွ ပြောကြတယ်၊ အသံကျယ်ကျယ်နဲ့ အော်ကြတယ်၊ မင်းတို့ ငါတို့ကပဲ အတုလိုလို ဖြစ်ကုန်ကြပြီ၊ အတုတွေက အတုရှောင်ပါလို့ အကျယ်ကြီးအော်ထားတော့ လူတွေလည်း မျက်စိလည်ကုန်ပြီ၊ သူတို့ပဲ အစစ်၊ တို့ပဲ အတုလို့ ထင်ကုန်ကြပြီ၊ ဒီတော့ မခက်ဘူးလား"

"ခက်ပါတယ်ဘုရား"

"အေး... အေး၊ အစစ်ကတော့ အစစ်ပေါ့၊ အတု မဖြစ်နိုင်ပါဘူး၊ အတုကလည်း အတုပဲပေါ့၊ အစစ် မဖြစ်နိုင်ပါဘူး၊ ဒါပေမဲ့ သာမန်လူတွေ ခွဲခြားသိဖို့တော့ မလွယ်ဘူးဟေ့နော်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ အတုဟာ အစစ်ထက် အသွင်အပြင်ကောင်းတယ်၊ ဟန်ဆောင် ကောင်းတယ်၊ ဒီတော့ အတု၊အစစ် ခွဲခြားသိနိုင်တဲ့ ဉာဏ်ပညာ မရှိသူတွေ သိနိုင်ပ့ါမလား"

"ႈ ဒ်နိုင်ပါ ဘုရား"

"ပညာရှိကတော့ သိနိုင်တယ်ဟေ့နော်"

"မှန်ပါ၊ သိနိုင်ပါတယ်ဘုရား"

"သတ္တဇဋိလ ဘွန်ဆိုတာ ရှိတယ်မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"အေး... တစ်နေ့ မြတ်စွာဘုရား ညနေချမ်းအခါ တစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ ပြာသာဒ်တံခါးမုခ်ပြင်ပ၌ နေတော်မူတယ်။

"အဲဒီအခါ ပသေနဒီ ကောသလမင်းကြီးဟာ ဘုရားရှင်ထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်ကို ရှိခိုးလျက် ထိုင်နေတယ်။

"အဲဒီအခါမှာ ရသေ့တွေ၊ တိတ္ထိတွေ၊ ပရိဗိုဇ်တွေဟာ ရှုပ်ရှုပ်ထွေးထွေး ပေါက်ရောက်နေတဲ့ ချိုင်းမွေး၊ ရှည်တဲ့ လက်သည်း ခြေသည်း ကိုယ်ရေအမွေးရှိကုန်လျက် အထူးထူးသော ထမ်းပိုး၊ ပရိက္ခရာတို့ကို ယူကုန်၍ ဘုရားရှင်၏ မနီးမဝေးမှ ဖြတ်သန်းသွားကြတယ် မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"အေး... အေး၊ အဲဒီ ရသေ့၊ တိတ္ထိ၊ ပရိဗိုဇ်တွေကို ကောသလမင်းကြီး မြင်တော့ နေရာမှထလျက် လက်ဝဲတစ်ဖက် ပုခုံးထက်၌ ကိုယ်ဝတ်စမွယ်တင်၍ (လက်ကန်တော့ထိုး၍) လက်ယာပုဆစ် ဒူးဝန်းကို မြေ၌ထောက်လျက် အဲဒီ ရသေ့၊ တိတ္ထိ၊ ပရိဗိုဇ်တွေဆီသို့ လက်အုပ်ချီလျက် –

"အရှင်ဘုရားတို့၊ တပည့်တော်သည် ပသေနဒီကောသလမင်းပါတည်း လို့ သုံးကြိမ်တိုင်တိုင် အမည်ကို ပြောကြားတယ် မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"အဲဒါ ဘုရားရှင်ရှေ့မှာ ထိုင်နေရင်းက ဘုရားရှင်ကို အသာထားပြီး ရသေ့၊ တိတ္ထိ၊ ပရိဗိုဇ်တွေကို ထ.ရှိခိုးတာ မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ရှိခိုးပြီးနောက် အဲဒီ ရသေ့၊ တိတ္ထိ၊ ပရိဗိုဇ်တွေ ဖဲသွားလို့ မကြာမြင့်မီမှာ ဘုရားရှင်ထံ ပြန်ပြီးတော့ ချဉ်းကပ်ပြီး ဘုရားရှင်ကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်ပြီးတဲ့အခါ ဘုရားရှင်အား လျှောက်ထားတယ် -

"အရှင်ဘုရား၊ လောက၌ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့ဟူ၍သော်လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်သော ပုဂ္ဂိုလ်တို့ဟူ၍လည်းကောင်း ရှိကြသည့် ပုဂ္ဂိုလ်တို့တွင် ထိုပုဂ္ဂိုလ်တို့သည် တစ်ပါးအပါအဝင် ပါတည်း"တဲ့၊

"ကြည့်စမ်း…ကြည့်စမ်း၊ မင်းကြီးက ဘုရားကို ဆရာလုပ်တာနော်"

"မှန်ပါ ဘုရား"

"ခုခေတ်လည်း ဘယ်မှာ ရဟန္တာ ပေါ်သတဲ့ဆိုရင် ဘယ်သူတွေ သိကြလဲ၊ ဒကာ ဒကာမတွေပဲ မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ် ဘုရား"

"အေး…အေး၊ သူတို့မှာ ရဟန္တာ ဟုတ်တယ်.မဟုတ်ဘူးလို့ တိုင်းတာတတ်တဲ့ အသိဉာဏ်ပညာ ပေတံလည်း မရှိဘဲနဲ့ ရဟန္တာ လုပ်နေတတ်ကြတယ်နော်"

"မှန်ပါ ဘုရား"

"ကောသလမင်းကြီးကလည်း သူ့ရဲ့ သူလျှိုအတုတွေကို ဘုရားရှင်အား ရဟန္တာလုပ်ပြီး လျှောက်နေတယ် မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"ဘုရားရှင် မသိဘူးမှတ်လို့ လျှောက်တယ်ဆိုရင်လည်း ဖြစ်နိုင်တယ်၊ ဘုရားရှင် ဟောကြားမယ့် တရားတော် နာချင်လို့ လျှောက်တယ်ဆိုရင်လည်း ဖြစ်နိုင်တယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဘုရားရှင်က ကောသလမင်းကြီးကို ရဟန္တာပုဂ္ဂိုလ် သိနိုင်ခဲပုံကို အမိန့်ရှိတယ် -

"မင်းကြီး၊ ကာမစည်းစိမ် ခံစားသူ၊ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေထိုင်သော ကာသိတိုင်းဖြစ် စန္ဒကူးကို မပြတ်ခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းကို ဆောင်သူ၊ ရွှေ.ငွေကို သာယာသည့်လူဖြစ်သော သင်မင်းကြီးသည် "ဤသူတို့ကား ရဟန္တာပုဂ္ဂိုလ်တည်း၊ ဤသူတို့ကား အရဟတ္တမဂ်သို့ ရောက်သူတို့တည်း"ဟု သိနိုင်ခဲ၏"တဲ့၊

"ရှင်းရှင်းပြောရရင်တော့ သင်လို အာရုံငါးပါး ကာမဂုဏ်ခံစားနေတဲ့ လူသားတစ်ယောက်က ဘယ်လိုလုပ်ပြီး ရဟန္တာ ဟုတ်တယ်.မဟုတ်ဘူး သိနိုင်မလဲလို့ ဆိုလိုတဲ့သဘောပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို အမိန့်ရှိပြီးတော့ ဘုရားရှင်က အသိဉာဏ် ပညာပေတံပေးတယ်၊ အစစ်အတုခွဲ ပေတံပေါ့နော်"

"မှန်ပါ ဘုရား"

"သီလ ရှိ.မရှိ သိဖို့ရာ ဉာဏ်ပညာပေတံကို ပထမဆုံး ပေးတယ်၊ အချက်လေးချက် ရှိတယ် -

၁။ မင်းကြီး၊ အတူတကွ နေထိုင်ကြည့်မှသာ သီလ ရှိ.မရှိ သိနိုင်မယ်။

၂။ အဲဒီသီလကိုလည်း ကြာကြာအတူနေထိုင်ကြည့်မှ သိနိုင်တယ်၊ တခဏနေထိုင်ခြင်းဖြင့် မသိနိုင်။

၃။ စဉ်းစားဆင်ခြင်ဉာဏ် ရှိသူမှ သိနိုင်တယ်၊ မစဉ်းစားသူ မသိနိုင်။

၄။ ပညာရှိသူမှ သိနိုင်တယ်၊ ပညာမဲ့သူ မသိနိုင်တဲ့။

"ကဲ... အဲဒီအချက် လေးချက် ကြည့်ပါ၊ အရေးကြီးတယ်၊ ရဟန္တာအသာထား သီလ ရှိ.မရှိတောင် သိဖို့ခက်တယ်၊ လူဆိုတာ ငါးပါးသီလ၊ ရှစ်ပါးသီလလောက် ရှိတာ၊ ရဟန္တာသီလ သိဖို့လွယ်ပါ့မလား"

"မလွယ်ပါဘုရား"

"ရိုးရိုးလူတစ်ယောက်ရဲ့ သီလတောင်မှ ပေါင်းကြည့်မှ၊ ကြာကြာပေါင်းကြည့်မှ၊ စဉ်းစားမှ၊ ပညာရှိမှ သိနိုင်ပါတယ် ဆိုတော့ တစ်ခဏလေးနဲ့ ပုဂ္ဂိုလ်တစ်ဦးကို ရဟန္တာ ဟုတ်.မဟုတ် သတ်မှတ်ဖို့ လွယ်ပါ့မလား"

"မလွယ်ပါဘုရား"

"ခဏဆိုတော့ သူရော ကိုယ်ပါ ဟန်ဆောင်နိုင်တာပေါ့၊ ကြာရှည်ကြတော့ ဟန်ဆောင်နိုင်ပါဦးမလား"

"မဆောင်နိုင်တော့ပါ ဘုရား"

"အေး... ကြာရှည်ပေါင်းသင်းသော်လည်း မစဉ်းစား၊ မဆင်ခြင်ဘဲ အမှတ်တမဲ့နေရင် သိနိုင်ပါ့မလား"

"မသိနိုင်ပါဘုရား"

"ပေါင်းတယ်၊ ကြာကြာပေါင်းတယ်၊ စဉ်းစားတယ်၊ ဒါပေမဲ့ သိတတ်တဲ့ ပညာဓာတ်ခံ မရှိရင်လည်း သိနိုင်ပါ့မလား"

"မသိနိုင်ပါဘုရား"

"အေး... အေး၊ စင်ကြယ်.မစင်ကြယ် သိဖို့လည်း လေးချက်ပဲ ဟောပြတယ် -

၁။ မင်းကြီး၊ အတူတကွ ပြောဆိုကြည့်မှ စင်ကြယ်.မစင်ကြယ်ကို သိနိုင်မယ်၊

၂။ ယင်းသို့ သိဖို့ရာလည်း ကြာရှည်စွာ ပြောဆိုဖူးမှ သိနိုင်တယ်၊ တစ်ခဏမျှ ပြောဆိုကာမျှဖြင့် မသိနိုင်ဘူး။

၃။ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်တယ်၊ မစဉ်းစား မဆင်ခြင်တတ်သူဟာ မသိနိုင်ဘူး။

၄။ ပညာရှိသူမှ သိနိုင်တယ်၊ ပညာမဲ့သူ မသိနိုင်ဘူး တဲ့။

"ရဟန္တာပုဂ္ဂိုလ် သိဖို့အသာထား၊ စင်ကြယ်တယ် မစင်ကြယ်တယ်တောင် သိဖို့ မလွယ်ဘူး၊ ပြောဆိုကြည့်တဲ့အခါ တစ်ယောက်နင့်ကျတော့ တစ်မျိုး၊ နှစ်ယောက်နင့်ကျတော့ တစ်မျိုး မဖြစ်တတ်ဘူးလား"

"ဖြစ်တတ်ပါတယ်ဘုရား"

"ရှေ့မှာတော့ တစ်မျိုး၊ ကွယ်ရာမှာတော့ တစ်မျိုးရော မဖြစ်တတ်ဘူးလား"

"ဖြစ်တတ်ပါတယ်ဘုရား"

"မျက်နှာကြီးနဲ့ကျတော့ တစ်မျိုး၊ မျက်နှာငယ်နဲ့ကျတော့ တစ်မျိုးလည်း မဖြစ်တတ်ဘူးလား"

"ဖြစ်တတ်ပါတယ်ဘုရား"

"အေး... အေး၊ အဲဒီလို အမျိုးမျိုးဖြစ်မှုဖြင့် ဘယ်ကလာ စင်ကြယ်မလဲ၊ ရဟန္တာ ဟုတ်မလဲ၊ အတုပေါ့၊ ဒါပေမဲ့ သူ့ အတု ရှောင်နည်း ပြောမယ်နော်"

"မှန်ပါ ဘုရား"

"အေး...အေး၊ ဉာဏ်စွမ်းကို သိဖို့ရာလည်း လေးချက်ပဲ ဟောပြတယ် -

၁။ မင်းကြီး၊ ဘေးရန်တွေ့ကြုံသောအခါမျိုးတို့၌ ဉာဏ်အားစွမ်းကို သိနိုင်တယ်၊

၂။ အဲဒါလည်း အခါများစွာ ဘေးရန်တွေ့ကြုံမှသာ သိနိုင်တယ်၊ တစ်ရံတစ်ခါ တွေ့ကြုံကာမျှဖြင့် မသိနိုင်ဘူး၊

၃။ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်တယ်၊ မစဉ်းစား မဆင်ခြင်သူဟာ မသိနိုင်ဘူး၊

၄။ ပညာရှိသူမှသာ သိနိုင်တယ်၊ ပညာမဲ့သူ မသိနိုင်ဘူး တဲ့၊

"ရဟန္တာ ဟုတ်,မဟုတ် ဘေးရန်ကြုံမှ သိနိုင်တယ်တဲ့၊ ရှေးက မဟာနာဂထေရ်ကြီး သူ့ကိုယ်သူ ရဟန္တာထင်နေတယ်၊ အဲဒါ သူ့တပည့်က "အရှင်ဘုရား...အရှင်ဘုရားကို ပြန်ထိုးတဲ့ အမြီးထောင် နာမောင်းကောက် ဆင်ကြီးတစ်ကောင် ဖန်ဆင်းပြစမ်းပါ" လို့ လျှောက်တယ်၊

"မဟာနာဂထေရ်ကြီးကလည်း ဖန်ဆင်းတယ်၊ တစ်ခါတည်းပြေးတော့ သူ့တပည့်က "အရှင်ဘုရား၊ ရဟန္တာဆိုတာ ကြောက်ပါသေးသလော" ဆိုတော့မှ သိသွားတယ်၊ သူ ရဟန္တာ မဟုတ်မှန်းနော်"

"မှန်ပါ ဘုရား"

"အေး...အေး၊ အဲဒီလို တစ်ခါနဲ့ မသိတော့လည်း အခါခါဆိုရင် သိနိုင်မယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါလည်း စဉ်းစားမှ သိနိုင်သတဲ့၊ ပညာရှိမှတဲ့၊ မစဉ်းစားတဲ့သူ၊ ပညာ မရှိတဲ့လူတွေ သိနိုင်ပါ့မလား"

"မသိနိုင်ပါဘုရား"

"အေး...အေး၊ ပညာကို သိဖို့ရာလည်း လေးချက်ပဲ ဟောထားတယ် -

၁။ မင်းကြီး၊ အတူတကွ တရားစကား ဆွေးနွေးခြင်းဖြင့်သာ ပညာကို သိနိုင်တယ်၊

၂။ အဲဒီပညာကိုလည်း ကြာရှည်စွာ ဆွေးနွေးခြင်းဖြင့် သာ သိနိုင်တယ်၊ တစ်ခဏမျှ ဆွေးနွေးခြင်းဖြင့် မသိနိုင်၊

၃။ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်တယ်၊ မစဉ်းစား မဆင်ခြင်သူသည် မသိနိုင်၊

၄။ ပညာရှိသူမှသာ သိနိုင်တယ်၊ ပညာ မရှိသူသည် မသိနိုင်ဘူး တဲ့၊

"တရားစကား ဆွေးနွေးကြည့်မှ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ပညာကို သိနိုင်မယ်တဲ့၊ ဒါလည်း ခဏခဏ ဆွေးနွေးကြည့်မှ သိနိုင်မယ်တဲ့၊

"ဟုတ်တာပေါ့၊ တစ်ခါလောက် ဆွေးနွေးရင်တော့ အကောင်းတွေချည်း ထုတ်ပြီး ဆွေးနွေးနိုင်တာပေါ့၊ ခဏခဏ ကျတော့ ဘယ်ဆွေးနွေးနိုင်တော့မလဲနော်"

"မှန်ပါ ဘုရား"

"အေး...အေး၊ အဲဒါလည်း စဉ်းစားသူမှ သိနိုင်သတဲ့၊ စဉ်းစားပေမဲ့ ပညာ မရှိလည်း မသိနိုင်ဘူး၊ ပညာရှိသူမှ သိနိုင်သတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီခေတ်မှာ စဉ်းစားသူ၊ ပညာရှိသူတွေ နည်းလေတော့ အတုတွေ ပေါ်တာပေါ့၊ အဲဒီ အတုတွေကပဲ အတုရှောင်ပါ ဆိုတော့ လူတွေကလည်း အတုတွေကိုပဲ အစစ်ထင်ပြီး ဝိုင်းအုံနေကြတာပေါ့နော်"

"မှန်ပါ ဘုရား"

"အေး...အေး၊ အဲဒီလို ဘုရားရှင်က မင်းကြီးကိုပြောတော့ ကောသလမင်းကြီးဟာ

"အရှင်ဘုရား... အံ့ဖွယ်ရှိပါပေစွ၊ အရှင်ဘုရား... မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဤစကားကို အလွန်ပင် ကောင်းစွာဆိုအပ်ပါ၏။

"အရှင်ဘုရား၊ ခုနက ရသေ့၊ တိတ္ထိ၊ ပရိဗိုဇ်တို့သည် တပည့်တော်ရဲ့ သူလျှိုယောက်ျားတို့ပါတည်း၊ သူတို့ ဇနပုဒ်ကို စုံစမ်းထောက်လှမ်းကုန်၍ သွားကြပါတယ်၊ သူတို့ ရှေးဦးစွာ စုံစမ်းထောက်လှမ်းပြီးသည်ကို တပည့်တော်က နောက်မှ ပြုလုပ်ဆောင်ရွက်ရပါတယ်။

"အရှင်ဘုရား၊ ယခုပင် ထိုသူတို့သည် ထိုမြူအညစ်အကြေးကို ဆေးလျှော်ကုန်လျက် ကောင်းစွာ ရေချိုးကုန်၊ လိမ်းကျံကုန်၍ ဆံမုတ်ဆိတ်ကို ပြုပြင်ကာ အဝတ်ဖြူကို ဝတ်ကုန်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံ ပြည့်စုံစွာ ခံစားကြပေလိမ့်မည်"

လို့ လျှောက်တယ်"

"အေး...အေး၊ အဲဒီမှာ ကြည့်ပါလား၊ အတုတွေဟာ ရှေ့မှာတစ်မျိုး၊ ကွယ်ရာမှာ တစ်မျိုး မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"အဲဒါကို တစ်ခဏမျှ ပေါင်းကြည့်လို့ သိနိုင်ပါ့မလား"

"မသိနိုင်ပါ ဘုရား"

"လူတွေဆိုတာ ပညာကလည်း မရှိ၊ စဉ်းစားဉာဏ်လည်း မရှိ၊ ကြာရှည်ကလည်း မနေနိုင်ကြတော့ အတုတွေက အခွင့်သာတာပေါ့၊ ရုတ်တရက် ဘယ်သိမလဲနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် အတုတွေဟာ အခွင့်သာပြီး သူတို့ပဲ အစစ်လို့ လူထုကို ဉာဝါးပြီး အတုရောင်းပါလို့ အာပေါင်အာရင်း သန်သန်နဲ့ အော်နေတာပေါ့နော်"

"မှန်ပါ ဘုရား"

"အေး...အေး၊ ကောသလမင်းကြီးက အဲဒီလိုလျှောက်ထားတော့ ဘုရားရှင်က အဲဒီအကြောင်းအရာကို သိတော်မူ၍ အဲဒီ သိတဲ့အချိန်မှာ ဒီဥဒါန်းကို ကျူးရင့်တော်မူတယ် -

"ရဟန်းသည် မကောင်းမှု အလုံးစုံတို့၌ လုံ့လ မပြုရာ၊ ရဟန်း အသွင်အပြင်ဖြင့် သူတစ်ပါး၏ အခစား ယောက်ျား မဖြစ်ရာ၊ သူတစ်ပါးကိုမှီ၍ အသက်မမွေးရာ၊ တရားဟောခြင်းဖြင့် လာဘ်ပူဇော်သက္ကာကုန်သွယ်ခြင်းတို့ကို မပြုကျင့်ရာ" တဲ့၊

- ✦ အစစ်အတု၊ ထိုနှစ်ခု၊ ကြည့်ရှုသေသေချာ၊
- ✦ အတုတွေဟာ၊ စစ်ထက်သာ၊ မြင်တာသာကြတာ၊
- ✦ ဟန်ပန်တွေလည်း၊ ထို့တူပဲ၊ အမြဲသာကြတာ၊
- ✦ လူသူရှေ့မှာ၊ ရဟန္တာ၊ ပမာတူကြတာ၊
- ✦ ကွယ်ရာရောက်က၊ မုဆိုးပ၊ ဒမြပုံပမာ၊
- ✦ သိဖို့ရာမှာ၊ မလွယ်ပါ၊ ကြည့်ပါသေသေချာ၊

📖

# မြက်ကို နောက်ပြန်နတ်ပြီး နောက်ပြန်ပစ်ရတယ်လို့ ပြောကြပါတယ်

(၁၆၂)

စိတ်သာရှင်စော ဘုရားဟောဆိုသော စကားကို မိမိတို့ မကြာခဏ ပြောဖူးကြပေလိမ့်မည်။ မပြောဖူးသော်လည်း သူတစ်ပါးတွေ ပြောသံဆိုသံကို ကြားဖူးကြပေလိမ့်မည်။

ဘုရားရှင်ကိုယ်တော်တိုင်လည်းအမျိုးအမည်အနွယ်အားဖြင့်မထင်ရှားသောနတ်သားတစ်ယောက်ကမေးလျှောက်သဖြင့် ယင်း စိတ်အကြောင်းကို ဟောတော်မူခဲ့သည် –

"မြတ်စွာဘုရား၊ အဘယ်တရားသည် လူအပေါင်းကို ဆောင်အပ်သနည်း။ အဘယ်တရားသည် လူအပေါင်းကို ဆွဲငင်အပ်ပါသနည်း။ လူသူအားလုံးတို့သည် အဘယ်မည်သော တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက်ပါကုန်သနည်း"

"နတ်သား . . . စိတ်သည် လူအပေါင်းကို ဆောင်အပ်၏။ စိတ်သည် လူအပေါင်းကို ဆွဲငင်အပ်၏။ လူသူအားလုံးတို့သည် စိတ်တည်းဟူသော တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက်ရကုန်၏" (သံယုတ်)

ဤကား ရှင်တော်ဗုဒ္ဓက ဟောကြားချက်ဖြစ်ပါသည်။ ယင်း ဗုဒ္ဓ၏ ဟောကြားချက်မှာလည်း အလွန်တရာ မှန်ကန်လှ၏။

ကမ္ဘာပေါ်ရှိ အယူဝါဒ အမျိုးမျိုး ရှိကြစေကာမူ၊ ကွဲပြားကြစေကာမူ "စိတ်သည်သာ ပဓာန" ဟူသော အယူအဆမှု အားလုံး တစ်သဘောတည်း တူညီကြပါလိမ့်မည်။

စိတ်သည် ဗုဒ္ဓ၏တရားတော်အရ လောကမှလည်း ထွက်အောင် ဆောင်နိုင်သည်။ လောကတွင်းသို့လည်း လည်စေနိုင်သည်။

အောင်မြင်မှုကိုလည်း ထိုစိတ်က ဆောင်ရွက်နိုင်၏။ ဆုတ်ယုတ်ပျက်စီးမှုကိုလည်း ထိုစိတ်ကပင် ဆောင်ရွက်သည်။

ကောင်းမှုကုသိုလ်ကိုလည်း ထိုစိတ်ကပင် ဆောင်ရွက်နိုင်၏။ မကောင်းမှု အကုသိုလ်ကိုလည်း ထိုစိတ်ကပင် ဆောင်ရွက်နိုင်၏။

ကာယကံမှု ကိုယ်အပြု၊ ဝစီကံမှု နှုတ်အပြောတို့၌လည်း စိတ်ပင် အချုပ်အခြာ ဖြစ်၏။ စိတ်သည်ပင် ခြယ်လှယ်၏။

စိတ် ယဉ်ကျေးလာလျှင် ကိုယ်အပြု နှုတ်အပြောလည်း ယဉ်ကျေးလာ၏။ မိမိ၏ အပြုအပြောတို့ကို ဆန်းစစ်လာ၏။ ပြုပြင်လာ၏။ စိတ်မယဉ်ကျေးသော် မိမိ၏ အပြုအပြောတို့ကို မဆန်းစစ်တတ်ပေ။ အမှတ်မဲ့သာ နေတတ်၏။

ဆန်းစစ်သူနှင့် မဆန်းစစ်သူတွင် ဆန်းစစ်သူမှာ တိုးတက်မှုသို့ ရှေးရှု၏။ မဆန်းစစ်သူမှာ ဆုတ်ယုတ်မှုသို့ ရှေးရှု၏။

ယင်းတွင် ဆန်းစစ်သူတစ်ယောက်နှင့် မိမိတွေ့ရ၏။ တစ်ချိန်သော မိုးကာလ ဖြစ်ခဲ့၏။ မိုးမှာ နေ့ညမစဲ တဖွဲဖွဲ တဖွားဖွားလည်း ရွာ၏။ တဝေါဝေါလည်း ရွာသွန်း၏။ တစ်ခါတရံမှု ကွက်တိကွက်ကျား တိမ်တိုက်အကြားမှ ထွက်၍ရွာ၏။

နေမင်း၏အရောင်ကို နွေရာသီတွင် အလွန်တရာ စက်ဆုပ်ရွံမုန်းသော်လည်း ယခုလို မိုးများသော မိုးတွင်းအခါတွင်မူ နေရောင်တလက်လက် တွေ့ရမှု အလွန်တရာ ကျက်သရေ ရှိလှပါပေ၏။

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည်ဟု ဆိုစမှတ်ပြုကြသော အပူငွေ့အပူဓာတ်မှာလည်း သွေ့ရုံခြောက်ရုံမျှသာ ဖြစ်သောကြောင့် တအုန်းအုန်း တဒိုင်းဒိုင်း မိုးမင်းနိုပ်စက်တိုင်း ခံနေရသည့် သတ္တဝါများအတွက် ကြည်လင်သွက်လက်၍ ရွှင်ရွှင်ရွှင်ရွှင် ပေါ်ထွက်လာပေ၏။

"ဘုန်းဘုန်း ဟောဒီမှာ စာတစ်စောင်"

အချိန်ကိုက်ထားလျှင် လွဲချင် လွဲပေမည်။ အချိန်မကိုက်ဘဲ အချိန်ကိုက် ဖြစ်နေသော မိုးရပ်၍ နေ့သာချိန်နှင့် စာရောက်ချိန် အဆင်ပြေလှ၏။

"ကဲ ... ဒါဖြင့် ဖတ်ပြစမ်း"

မိမိမှာ ကြည်လင်သော ရာသီဥတုကို ထိုင်နေရာမှ ရှုကြည့်ရင်း ပြောလိုက်သည်။

"ဘုန်းဘုန်းဘုရား ...

တပည့်တော် ရှိသေစွာ ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။

ဘုန်းဘုန်း ကျန်းမာစွာဖြင့် တရားအားထုတ်နိုင်ပါစေလို့လည်း တပည့်တော် အမြဲ ဆုတောင်းပေးနေပါသည်ဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော်မှာ မသိသေးသော ပြဿနာတစ်ခု ရှိနေပါသည်ဘုရား။ အဲဒါကတော့ တခြားမဟုတ်ပါ။ ကျောင်းတွင် ဖိနပ်စီးမိသည့် ပြဿနာပါဘုရား။

တစ်ချိန်က (.....) ကျောင်းတွင် ကပွဲကျင်းပစဉ်က တပည့်တော် သွားကြည့်မိပါသည်ဘုရား။

ကပွဲကြည့်ပြီး ပြန်လာချိန်မှာ သတိမေ့ပြီး ဖိနပ်ကို စီးမိပါသည်ဘုရား။ ကျောင်းပြင် တာပေါ်ရောက်မှ သတိရမိပါသည်ဘုရား။

အဲဒီအကြောင်းကို ပြန်ပြီးတွေးမိတိုင်း တပည့်တော် စိတ်မကောင်း ဖြစ်မိပါသည်ဘုရား။

အဲဒီလို ဘုန်းတော်ကြီး ကျောင်းဝင်းထဲတွင် ဖိနပ်စီးမိပါက ခြေဖဝါးကို ဓားနှင့်ခွဲခြင်း ခံရတယ်ဆိုတာ ဟုတ်ပါရဲ့လားဘုရား။

အဲဒီအပြစ်အပြင် ဘယ်လိုအပြစ်မျိုးများ ရှိဦးမှာလဲလို့ တွေးမိတိုင်း တပည့်တော် သိပ်ကြောက်မိပါတယ် ဘုရား။

ဘုန်းဘုန်းဘုရား . . . ထိုအပြစ်ကို ပျောက်ကင်းရန် မည်သို့သော ကောင်းမှုကုသိုလ်များကို ပြုလုပ်ရမှာ ပါလဲဘုရား။

လူများတွေကတော့ မြက်ကို နောက်ပြန်နုတ်ပြီး နောက်ပြန်ပစ်ရတယ်လို့ ပြောပါတယ်ဘုရား။

ဒါပေမဲ့ တပည့်တော်က မယုံသေးတော့ ဘုန်းဘုန်းကိုပဲ မေးလျှောက်ကြည့်မယ်လို့ တွေးထားပါတယ် ဘုရား။

ဘုန်းဘုန်းဘုရား . . . တပည့်တော်အား သနားသောအားဖြင့် တပည့်တော်ရဲ့ ပြဿနာကို ဖြေရှင်းပေးပါ ရန် ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

အနန္တော အနန္တ ငါးပါးကို ရှိခိုးဦးတင်လျက် . . .

ဟပည့် ( . . . . .)

"ဘုန်းဘုန်းဘုရား၊ ဒီပြဿနာကို ဘယ်တော့ ဖြေမလဲဘုရား"

စာဖတ်ပြသူက မေးခြင်း ဖြစ်သည်။ ထိုစဉ်က မိမိမှာ အလုပ်တစ်ဖက်နှင့် ဖြစ်နေသည်။ မအားပါ။ သို့နှင့် ဖြေလိုက် သည်။

"နောက်တော့ ကြည့်ဖြေတာပေါ့"

"ဘုန်းဘုန်းဖြေပြီးရင် အဲဒီပြဿနာ တပည့်တော် ကြည့်ချင်ပါတယ်ဘုရား"

"ဖြေပြီးတော့ ကြည့်ရမှာပေါ့"

အချိန်ကား လူကို မစောင့်။ နေ့စဉ်ပင် ရွေ့လျားပြောင်းလဲလျက် ရှိ၏။ မိုးမှ ဆောင်း၊ ဆောင်းမှ နွေသို့ ရောက်ခဲ့ပြီ၊ ပြဿနာများ ရေးချိန်သို့ ရောက်ခဲ့ပြီ။

သို့နှင့် မိမိသည် ကျောင်းတွင်း ဖိနပ်စီးသည့် ပြဿနာကို ဖြေရှင်းလိုက်သည်။

သို့

( . . . . .)

ပြန်ကြားသိစေသည်။

စာပြန်လို့သာ ပြန်ရတယ်၊ သိပ် မပြန်ချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကပွဲကြည့်လို့။ ပွဲဆိုတာ ဘယ် လောက်အပြစ်ကြီးလဲဆိုတာ အဲဒါ လက်တွေ့မဟုတ်လား။

လူတွေမှာ နဂိုကတည်းက ရာဂ၊ ဒေါသ၊ မောဟတွေ များ၊ အမေ့အလျော့တွေ များနေရတဲ့အထဲ ပွဲ သွားကြည့်တယ်ဆိုတော့ ပိုပြီးတော့ ရာဂ၊ ဒေါသ၊ မောဟတွေ များ၊ အမေ့အလျော့တွေ များသွားတာပေါ့။

ယခုကျောင်းတွင်း မေ့လျော့ပြီး ဖိနပ်စီးမိတယ်ဆိုတာ ပွဲကြောင့်မေ့တာ မဟုတ်လား။ ဥပုသ်စောင့် သွားစဉ်၊ တရားနာ သွားစဉ်က မမေ့ဘူး၊ သတိ သိပ်ရှိတယ်နော်။

ဟော...ပွဲလည်းရောက်ရောမေ့လျော့တယ်။ပွဲကပြန်လာတော့မေ့လျော့တယ်။မေ့လျော့ပြီးဖိနပ်စီးတယ်။ အဲဒီလို ပွဲလမ်းသဘင်တွေဟာ အကုသိုလ်တရား၊ ကိလေသာများ တိုးပွားစေပြီး ကုသိုလ်တရားတွေ မေ့လျော့စေတတ်၊ ကိုယ်ကျင့်တရားတွေ ပျက်စေတတ်တယ်ဆိုတာ ယခုဆို (.....)ကိုယ်တိုင်သိပြီနော်။

ပွဲလမ်းသဘင်သွားလို့ စီးပွားရေး၊ ကျန်းမာရေးတွေ ပျက်ပြားသွားတဲ့အခါ အစားထိုး ရှာဖွေကုသလို့ ရနိုင်သော်လည်း ကိုယ်ကျင့်ပျက်သွားရင် အစားထိုးလို့ မရတော့ပါ။ သို့ဖြစ်၍ နောင်အခါတွင် ပွဲလမ်းသဘင်ကို ရှောင်ကြဉ်ပါ။

အေး...ယခုလို မိမိပြုတဲ့အမှုကိုပြန်ပြီးတွေးမိတိုင်း စိတ်မကောင်းဖြစ်မိတယ်ဆိုတာကတော့ ကောင်းတဲ့လက္ခဏာပဲ၊ သူတော်ကောင်း စိတ်ဓာတ်ကောင်း ဝင်လာတယ်လို့ ဆိုရမှာပေါ့။

အဲဒီလို စိတ်ဓာတ်မျိုးလည်း ရှိသင့်တယ်။ ထားသင့်တယ်။ အဲဒါမှ တိုးတက်မှု ရှိနိုင်တယ်။ နောင်အခါလည်း ဒါမျိုး မဖြစ်အောင် စောင့်စည်းမယ်ပေါ့။

ကျောင်းဝင်းထဲ ဖိနပ်စီးမိပါက ခြေဖဝါးကို ဓားနှင့် ခွဲခြင်းခံရတယ်ဆိုတာတော့ မဟုတ်ပါ။

ဝိမ္ဗိသာရမင်းကြီး ခြေဖဝါးကို ဓားခွဲခံရတာက ရှေးဘဝက စေတီရင်ပြင်ပေါ် ဖိနပ်စီးတဲ့ အတွက်တဲ့။ ပြီးတော့ ရဟန်းသံဃာတွေ နေထိုင်ခြင်းအကျိုးငှာ ခင်းထားတဲ့ဖျာပေါ်သို့ မဆေးသောခြေတို့ဖြင့် နင်းသွားတဲ့ အတွက်ပေါ့။

အဲဒီလို အပြစ်သင့်ရတာလည်း မရိုမသေ စီးမိတဲ့အတွက်၊ မရိုမသေ သွားမိတဲ့အတွက် ဖြစ်တာ၊သင့်တာပါ။ ယခု (.....)က သတိမေ့လျော့ပြီး စီးမိတာကတော့ အပြစ်မသင့်ပါဘူး။

အဲဒီအပြစ်အပြင် ဘယ်လိုအပြစ်မျိုး ရဦးမှာလဲလို့ တွေးမိတိုင်း သိပ်ကြောက်တာတော့ ကောင်းပါတယ်။ ဒါမှ နောင်အခါ အရာရာမှာ သတိထားမှာပေါ့။ သတိထားရင် ကုသိုလ် အရများပြီး အကုသိုလ်အဖြစ်နည်းသွားတာပေါ့။

အကုသိုလ်အပြစ်သဘောက စိတ်ပါမှု မပါမှုက ပဓာနပဲ။ ကိုယ်အပြု နှုတ်အပြောမှာ စိတ်ပါ လက်ပါ စိတ်ရှိလက်ရှိ ပြုမိပြောမိရင် အပြစ်သင့်တယ်။ စိတ်လက် မပါဘဲ အမှတ်တမဲ့ဆိုက အပြစ်မသင့်ပါ။

ဥပမာဆိုပါတော့ မိမိတို့ သွားမြဲတိုင်း အိမ်ကနေ ကျောင်းသွားတယ်။ ဈေးသွားတယ်။ ကျောင်းက၊ ဈေးက အိမ်ပြန်တယ်။ အဲဒီလိုအခါ စသည်မှာ သွားလာရင်း ပိုးမွှားသတ္တဝါတွေ နင်းမိတာရှိမှာပေါ့။ အဲဒါသေစေလိုတဲ့ စိတ်စေတနာ မပါလို့ အပြစ်မဖြစ်ပါဘူး။

ကျောင်းဝင်းထဲ ဖိနပ်စီးတာလည်း နည်းတူပေါ့။ အပြစ်ရှိမှန်း သိလျက် သက်သက် စီးချင်တဲ့ သဘောနဲ့ စီးရင်တော့ အပြစ်သင့်တာပေါ့။ ယခုစီးမိတာက အမှတ်တမဲ့ စီးမိတာပဲ။ သွားရင်းလာရင်း သတ္တဝါတွေ နင်းမိလို့ သေသွားတဲ့သဘောလိုပေါ့။ အပြစ်မရှိပါဘူး။

"အဲဒီအပြစ်ကို ပျောက်စေရန် မည်သို့သော ကောင်းမှုကုသိုလ်များကို ပြုလုပ်ရမှာလဲ"ဆိုတာနှင့် ပတ်သက်လို့ ဖြေရရင်တော့ "မိမိအပြစ်ကို ပညာရှိသူတော်ကောင်းများထံ ပြောကြားပြီး နောင်အခါ ထိုအပြစ်မျိုး မပြုတော့ပါ။ မပြုမိအောင် စောင့်စည်းပါ့မယ်"လို့ ကတိကဝတ် ပြုပေါ့။

အကယ်၍ ရဟန်းသံဃာတို့ထံ သွားပြီး မိမိအပြစ်ကို ပြောကြားရင် ဒီလို ပြောကြားရမယ်။

"အရှင်ဘုရား၊ တပည့်တော်သည် မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် ကျောင်းဝင်းထဲ ဖိနပ်စီးမိပါပြီ အရှင်ဘုရား။ အရှင်ဘုရားသည် ထိုတပည့်တော်၏ အပြစ်ကို အပြစ်အားလျော်စွာ နောင်အခါတွင် စောင့်စည်းခံယူတော်မူပါဘုရား"

အဲဒီလို လျှောက်ထားပေါ့။ လူပညာရှိ သူတော်ကောင်းထဲလည်း သွားပြောနိုင်တယ်ပေါ့။ အဲဒီလိုဆိုရင် အပြစ်ဟာ ပြေပျောက်သွားတာပေါ့။

"နောင်အခါလည်း စောင့်စည်းပါ့မယ်" ဆိုတဲ့ စိတ်ထားလည်း ရှိရတယ်နော်၊ နောင်ကြဲ့တော့လည်း ကြဲ့သလို လုပ်ဦးမှာပဲဆိုရင် အပြစ် မပြေပျောက်ဘူး။

အပြစ်တစ်ခုခု ပြုမိတဲ့အခါ မြက်ကို နောက်ပြန်နုတ်ပြီး နောက်ပြန်ပစ်ရတယ်လို့ ပြောတာတော့ မမှန်ပါဘူး။ အဲဒီစကားတော့ ဒီတစ်ခါပဲ ကြားဖူးတယ်၊ ရှေးက တစ်ခါမှတောင် မကြားဖူးဘူး။ ဘယ်သူက စ.ထွင်ပြီး ဘယ်လိုပြောလဲ မသိဘူး။

အဲဒီလို အပြောမျိုးကတော့ ဘာနှင့်တူလဲဆိုတော့ ရေချိုးလို့ရှိရင် အကုသိုလ်တွေ ကုန်တယ်ဆိုတဲ့ အယူဝါဒနဲ့ တူနေပြီ၊

မြက် နောက်ပြန်နုတ်ပြီး နောက်ပြန်ပစ်ရတာနဲ့ အကုသိုလ်ကုန်တယ်၊ ပျောက်တယ်ဆိုတော့ ရေချိုးရုံနဲ့ အကုသိုလ်ကုန်တယ်၊ ပျောက်တယ်ဆိုတဲ့ အယူဝါဒနဲ့ အတူတူ ဖြစ်သွားတာပေါ့။ အဲဒါ အများအယူ၊ မိစ္ဆာအယူပဲ၊

(.....)က အဲဒီအယူကို မယုံသေးလို့ တော်သေးတာပေါ့၊ အဲဒီလို နေရာတကာမှာ သူများပြောတိုင်း မယုံကြည်ဘဲ ဆင်ခြင်တုံတရား လက်ကိုင်ထားတာဟာ တော်တော်ကောင်းပါတယ်၊ အမှားနဲ့ မကြုံနိုင်တော့ဘူးပေါ့၊

ဒါ့ကြောင့် ရှေ့ဆက်လက်ပြီး နေရာတကာမှာ ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ပြု. ပြော. ကြံစည်နိုင်သဖြင့် အမှားကင်းကာ အမှန်သို့ ချဉ်းကပ်နိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ကြပါစို့၊

✦ သိချင်စရာများ၊ သိသူအား၊ ရိုးသားမေးရမည်၊
✦ မမေးမြန်းငြား၊ သိညာဏ်ပါး၊ အမှားပြုတတ်သည်၊
✦ အမှားပြုက၊ အပါယ်ကျ၊ ဒုက္ခဖြစ်တော့သည်၊
✦ မေးမြန်းလေငြား၊ သိညာဏ်များ၊ အမှားမပြုမိ၊
✦ မှားမပြုက၊ ကင်းဒုက္ခ၊ သုခကောင်းကျိုးစည်၊

# သစ်သီး,ပေးကောင်းပါသလား

(၁၆၃)

သာဝတ္ထိပြည်၌ သူငယ်ချင်းခြောက်ယောက်တို့ ရှိကြ၏။ တစ်နေ့ သူတို့ တိုင်ပင်ကြ၏။ လယ်ယာလုပ်ငန်း စသည်တို့ကို လုပ်ရတာ ပင်ပန်းခဲယဉ်းတယ်၊ ငါတို့ ရဟန်းပြုကြစို့၊ ရဟန်းပြုတဲ့အခါ တစ်စုံတရာ ကိစ္စပေါ်လာလျှင် လွတ်မြောက်အောင် ကယ်တင်နိုင်သူရဲ့အထံ၌ ရဟန်းပြုသင့်တယ်။ သူတို့သည် ယင်းသို့ တိုင်ပင်ပြီးလျှင် ရှင်သာရိပုတ္တနှင့် ရှင်မဟာမောဂ္ဂလာနတို့အထံ၌ ရဟန်းပြုကြကုန်၏။

ထိုသူငယ်ချင်းခြောက်ယောက်တို့သည် ငါးဝါရသည့်တိုင်အောင် နေ၍ ဒွေမာတိကာကို ကျနစွာ လေ့ကျက်ပြီးသော် တိုင်ပင်ကြပြန်၏။

ဇနပုဒ်ဆိုတာ ရံခါ သာယာဝပြောတယ်။ ရံခါ ရှားပါးငတ်မွတ်တယ်။ ငါတို့ခြောက်ယောက်ဟာ တစ်နေရာတည်း၌ မနေကြကုန်ဘဲ နှစ်ပါးတွဲ နှစ်ပါးတွဲ သုံးစုခွဲကာ နေကြကုန်စို့။

သူတို့သည် ယင်းသို့ တိုင်ပင်ပြီးလျှင် ပဏ္ဍုက၊ လောဟိတကတို့ကို ပြောကြကုန်၏။

"ပဏ္ဍုက၊ လောဟိတကတို့ သာဝတ္ထိပြည်ဆိုတာ အိမ်ခြေများပြား၊ လူဦးရေစည်ကားတယ်၊ ကာသိတိုင်း၊ ကောသလတိုင်းဆိုတဲ့ တိုင်းကြီး နှစ်တိုင်းရဲ့ဝင်ရာ အဝဖြစ်တယ်။

"အဲဒီ သာဝတ္ထိပြည်သို့ သင်တို့ သွားကြပြီး မြို့ရဲ့အနီးအရပ်မှာ ကျောင်းတိုက်တည်ပါ၊ ပြီးတော့ အဲဒီကျောင်းဝင်းထဲမှာ သရက်ပင်. ပိန္နဲပင်. အုန်းပင် အစရှိသည်တို့ကို စိုက်ပျိုးပါ။

"အပွင့်ပင်၊ အသီးပင်၊ သစ်ပင် မျိုးစုံအောင်စိုက်ပျိုးပါ၊ အဲဒီအပင်တွေက ပွင့်သီးလာတဲ့အခါမှာ လာလာသမျှ ဒကာဒကာမတွေကို ပေးကမ်းခြင်းဖြင့် သိမ်းသွင်းကြကုန်လျက် အမျိုးသားငယ်တို့ကို ရှင်ရဟန်းပြုစေပြီး ပရိသတ်တိုးပွားအောင် လုပ်ကြပါ" တဲ့။

မေတ္တိယ၊ ဘုမ္မဇကတို့ကို ယင်းသို့ ပြောဆိုတိုင်ပင်၍ ရာဇဂြိုဟ်ပြည်သို့ လွှတ်၏။

အဿဇိ၊ ပုနဗ္ဗသုကတို့ကို ယင်းသို့ ပြောဆိုတိုင်ပင်၍ ကီဋာဂိရိဇနပုဒ်သို့ လွှတ်၏။

ထိုသူငယ်ချင်းခြောက်ယောက်တို့သည် ယင်းသို့ တိုင်ပင်ပြီးလျှင် လူစုခွဲကာ တိုင်ပင်သည့်အတိုင်း ပြုလုပ်ကြကုန်၏။

နစ်ပါးတစ်သင်းအားဖြင့် သုံးသင်းတို့တွင် တစ်သင်းသင်း၌ ရဟန်းငါးရာ အခြံအရံရှိကြ၏။ ဤသို့အားဖြင့် ယင်းသို့ အသင်းသည် ဆရာခြောက်ယောက် အပိုအလွန်နှင့်တကွ ရဟန်း (၁၅၀၀)တစ်ထောင့်ငါးရာ ရှိ၏။

ထိုဆဗ္ဗဂ္ဂီရဟန်း အသင်းတို့တွင် အခြံအရံနှင့်တကွ ကုန်သော ပဏ္ဍုက၊ လောဟိတက တို့သည် သီလရှိကုန်သည် သာလျှင် ဖြစ်ကုန်၍ ဘုရားရှင်နှင့် အတူတကွသာလျှင် ဇနပုဒ်လှည့်လည်ခြင်းကိုလည်း လှည့်လည်ကြကုန်၏။

ပဏ္ဍုက၊ လောဟိတကတို့သည် သိက္ခာပုဒ် ပညတ်ထိုက်သော အသစ်အမှုကိုသာ ပြုကြ၏။ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို မကျူးလွန် မကျော်နင်းကြကုန်။

ပဏ္ဍုကနှင့် လောဟိတက မှ တစ်ပါးကုန်သော ဆဗ္ဗဂ္ဂီရဟန်း အားလုံးတို့သည် အရှက် မရှိကုန်သည်ဖြစ်၍ သိက္ခာပုဒ် ပညတ်ထိုက်သော အသစ်အမှုကိုလည်း ပြုကုန်၏။ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကိုလည်း ကျော်နင်းကျူးလွန်ကုန်၏။

ထို့ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အရှက် မရှိသော ရဟန်းတို့၊ ယုတ်မာသော ရဟန်းတို့ ဟူ၍ သင်္ဂါယနာထေရ်ဆရာတို့ က ဆိုကြကုန်၏။

ယင်းတို့တွင် အဿဇိ၊ ပုနဗ္ဗသုကတို့သည် ကီဋာဂိရိ ဇနပုဒ်သို့ ရောက်သော ဆုံးဖြတ်ချက်အတိုင်း ပြုကြ၏။ ပန်းပေး ခြင်း၊ သစ်သီးပေးခြင်း၊ ကျောင်းလာလျှင် ဖျာခင်းပေးခြင်း၊ ခရီးဦး ကြိုဆိုခြင်း ပြုကြ၏။

အမျိုးသမီး ကြီးငယ်တို့နှင့်အတူ တစ်ခုတည်းသော ခွက်၌လည်း စားကုန်၏။ သောက်ရေခွက် တစ်ခုတည်း၌လည်း သောက်ကုန်၏။ တစ်နေရာတည်း၌လည်း ထိုင်ကုန်၏။ အခါမဲ့၌လည်း စားကုန်၏။ အရက်ကိုလည်း သောက်ကုန်၏။

ပန်း၊ နံ့သာ၊ နံ့သာပျောင်း တို့ကိုလည်း ဆောင်ကုန်၏။ ရှစ်ကွက်ကျားကိုလည်း ကစားကုန်၏။ ဖဲတောက်ခြင်းဖြင့် လည်း ကစားကုန်၏။ ဂေါ်လီကစားခြင်းဖြင့်လည်း ကစားကုန်၏။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကုန်၏။

ထိုအခါ အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းတော်တစ်ပါးသည် ကာသိတိုင်း ဇနပုဒ်၌ ဝါကျွတ်ပြီးသော် ဘုရားရှင်ကို ဖူးမြော်ခြင်းငှာ သာဝတ္ထိပြည်သို့ ကြွတော်မူရာ ကီဋာဂိရိ ဇနပုဒ်သို့ ရောက်၏။

အကျင့်သိက္ခာနှင့် ပြည့်စုံသော ရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကြည်ညိုဖွယ်ဆောင်သော -

၁။ ရှေ့သို့ တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း

၂။ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း

၃။ ကွေးခြင်း၊ ဆန့်ခြင်း ဖြင့် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ဣရိယာပုတ်နှင့် ပြည့်စုံသော ထိုရဟန်းသည် ကီဋာဂိရိသို့ ဆွမ်းအလို့ငှာ ဝင်၏။ (ဆွမ်းခံ ထွက်၏။) လူတို့သည် ထိုရဟန်းတော်ကို မြင်၍ -

"ထုံထိုင်းထိုင်း၊ နံနံနဲ့ ဒေါသထွက်သကဲ့သို့ မျက်မှောင်ကုတ်၍ သွားသော ဤသူကား အဘယ်သူနည်း။ ဤသူအား အဘယ်သူသည် ဆွမ်းကို လောင်းလှူလတ္တံ့နည်း။

"ငါတို့၏ အရှင် အဿဇိ ပုနဗ္ဗသုက တို့သည်ကား သိမ်မွေ့ကုန်၏၊ ပြေပြစ်ကုန်၏၊ နူတ်ချိုကုန်၏၊ ပြုံး ခြင်းလျှင် ရှေ့သွားရှိကုန်၏။ ကြွပါကြွပါဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိကုန်၏၊ ချိုသာကြည်လင် ပေါ်လွင်သော မျက်နှာ ရှိ ကုန်၏။ ဦးစွာ ဆိုလေ့ရှိကုန်၏၊ ထိုအရှင်တို့အားသာလျှင် ဆွမ်းကို လှူသင့် လောင်းသင့်ပေ၏"

ဟု ပြောဆိုကြကုန်၏၊ ရဟန်းတော်အား ဆွမ်းလောင်းလှူသူ တစ်စုံတစ်ယောက်မျှ မရှိပေ။

အို ... စာရှုသူ၊ သတိပြု၍ ရှုကြည့်ပါဘိ။ အကျင့်သိက္ခာ ရှိသူ.မရှိသူဟု ခွဲခြားမသိသူတို့သည် အကျင့်သိက္ခာ မရှိသူ တို့ကို အကျင့်သိက္ခာ ရှိသူဟု ယုံမှတ်၍ ပုံအပ်ကာ ကြည်ညိုကြ၏၊ အကျင့်သိက္ခာ ရှိသူတို့အား အကျင့်သိက္ခာ မရှိသူ၊ မာနကြီး သူ တို့ဟု ထင်မြင်ကာ မကြည်ညိုကြ၊ မဆည်းကပ်ကြကုန်။

ယင်းအကြောင်းကို သိသော၊ သာသနာ ကြည်ညိုတတ်သော ဒကာတစ်ယောက်သည် ကီဋာဂီရိ ဆွမ်းခံလှည့်လည်သော ထိုရဟန်းတော်ကို မြင်သော် ထိုရဟန်းတော်ထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ လျှောက်၏။

"အရှင်ဘုရား၊ ဆွမ်း ရခဲ့ပါသလော"

"ဒါယကာ၊ ဆွမ်း မရခဲ့သေးပါ"

"အရှင်ဘုရား၊ တပည့်တော်အိမ်သို့ ကြွတော်မူပါ"

ယင်းသို့ ပင့်ဆောင်ပြီးလျှင် ဒါယကာသည် အိမ်တွင် ရိုသေစွာ ဆွမ်းကပ်ပြီးလျှင် လျှောက်ထား၏။

"အရှင်ဘုရား၊ အဘယ်အရပ်သို့ ကြွပါမည်နည်း"

"ဒါယကာ၊ ဘုရားဖူးရန် သာဝတ္ထိမြို့သို့ သွားပါမည်"

"အရှင်ဘုရား၊ ယင်းသို့ဖြစ်လျှင် တပည့်တော်၏ စကားဖြင့် ဘုရားရှင်၏ ခြေတော်တို့ကို ဦးညွှတ်ရှိခိုးပါလော့။ ဤသို့လည်း လျှောက်ပါလော့ -

"အရှင်ဘုရား၊ ကီဋာဂီရိကျောင်းတိုက်သည် ပျက်စီးပါပြီ။ အရှက်မရှိကြတဲ့ အဿဇိ ပုနဗ္ဗသုက ရဟန်းယုတ်တို့သည် ကီဋာဂီရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။ ထိုရဟန်းတို့သည် အမျိုးမျိုးသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြပါသည်။

"မြတ်စွာဘုရား၊ ရှေးအခါ၌ ရတနာသုံးပါးကို ယုံကြည်ကြ၊ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ ရတနာသုံးပါးကို မကြည်ညို၊ မယုံကြည်ကြတော့ပါ။

"ရှေးအခါက သံဃာ၏ သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်ပါကုန်၏။ သီလကို ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြပါ၏။ ယုတ်မာသော ရဟန်းတို့သည် နေကြပါ၏။

"မြတ်စွာဘုရား၊ တောင်းပန်ပါသည်။ မြတ်စွာဘုရားသည် ကီဋာဂီရိသို့ ရဟန်းတော်တို့ကို စေလွှတ်တော်မူပါ။ ယင်းသို့ စေလွှတ်ခြင်းဖြင့် ကီဋာဂီရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာတည်ရပါ၏။

ဤသို့ လျှောက်ပါလေ" ဟု လျှောက်၏။ ထိုရဟန်းတော်လည်း ဒါယကာ၏ လျှောက်ထားသည့် စကားကို ဝန်ခံ၍ သာဝတ္ထိမြို့သို့ ကြွသွားတော်မူ၏။

သာဝတ္ထိမြို့သို့ ရောက်သော် ဘုရားရှင်ထံ ချဉ်းကပ်၍ ရှိခိုးပြီးသော် ဘုရားရှင်အား လျှောက်ကြား၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို မေးစိစစ်သော် ဟုတ်မှန်ကြောင်း သိရ၍ ကဲ့ရဲ့တော်မူပြီးလျှင် တရားစကား ဟောကြားတော်မူပြီးနောက် ရှင်သာရိပုတ္တနှင့် ရှင်မဟာမောဂ္ဂလာန်တို့ကို မိန့်တော်မူ၏။

"သာရိပုတ္တ၊ မောဂ္ဂလာန်တို့၊ သင်တို့ သွားကြကုန်လော့၊ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့အား ကီဋာဂီရိမှ နှင်ထုတ်ခြင်းအမှု ပဗ္ဗာဇနိယကံကို ပြုကြကုန်လော့။ ထိုရဟန်းတို့သည် သင်တို့၏ အတူနေတပည့်များ ဖြစ်ကြ၏"

အို . . . စာရှုသူ၊ သတိပြု၍ ရှုကြည့်ပါဘိ။ ယနေ့မျက်မှောက်ခေတ်တွင် မြန်မာပြည် အချို့မြို့ရွာ၊ ရပ်ကွက်တို့၌ ကီဋာဂီရိ ဇနပုဒ်ရှိ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့ကဲ့သို့ ရဟန်းများနှင့် ယင်းတို့ကို အားပေးအားမြှောက် ကြည်ညိုသော ဒကာ ဒကာမ အသင်းအပင်းများလည်း များလျက်ရှိချေပြီ။

ယင်း ဒကာ ဒကာမတို့သည် ရဟန်းကောင်းတို့ကို ရှိခိုးခြင်း၊ ဆည်းကပ်ခြင်း၊ လှူဒါန်းပူဇော်ခြင်းများ မပြုတော့ပြီ။ ရှိခိုးပူဇော်ခြင်း ပြုလျှင်ပင် ငဲ့ကြီးတော့မလို ယင်း အဿဇိ ပုနဗ္ဗသုက အနွယ်ဝင် ရဟန်းဆိုးတို့က သင်ကြားပိတ်ပင်လျက်ရှိချေပြီ။

အို...တရှသူ၊ ယင်းကို "ကုလဒူသက" ဟု ပါဠိလို ခေါ်၏။ မြန်မာလိုဆိုသော် ဒကာ ဒကာမတို့၏ သဒ္ဓါစိတ် သဒ္ဓါမှန်ကို ဖျက်ဆီးသူရဟန်းဟု အဓိပ္ပာယ်ထွက်၏။

ဖျက်ဆီးသူသည် မစင်ကြယ်သော အမှုတို့ဖြင့် ဖျက်ဆီးသည် မဟုတ်ပါ။ စင်စစ်မှ မိမိ၏ မကောင်းကျင့်ဖြင့် ဒကာ ဒကာမတို့၏ သဒ္ဓါစိတ် သဒ္ဓါမှန်ကို ဖျက်ဆီးသည် ဆိုလိုပါသည်။

ဒကာ ဒကာမတို့ကို ပန်းပေးခြင်း၊ သစ်သီးပေးခြင်း စသည်ဖြင့် ပေးသော ရဟန်းအား ကုလဒူသနဒုက္ကဋ် အာပတ် သင့်၏။

ယင်းရဟန်း ပေးကမ်းရာ ပန်း၊ သစ်သီး စသည်ကို ခံယူသုံးဆောင်မိသော ဒါယကာ ဒါယိကာမတို့ကိုလည်း ပကတိ သံဃာတော်အမှတ်နှင့် လှူဒါန်းနေကျ၊ ရှိခိုးပူဇော်နေကျ သဒ္ဓါတရား သက်သက်မဖြစ်၊ လောကဝတ် တဏှာတရားဖက်ဝင်၍ ချစ်ကျွမ်းဝင်ခြင်း ဖြစ်တတ်သောကြောင့် သဒ္ဓါတရား ဖျက်ဆီးသည် မည်၏။

တစ်ဖန် ရဟန်းကောင်းတွေ အပေါ်မှာ ကြည်ညိုနေကျ သဒ္ဓါစိတ် သဒ္ဓါမှန်လည်း ပျက်သွားပြီ။ ယင်းတို့ကို ကိုးကွယ်သော ရဟန်းဆိုးတို့နှင့် နှိုင်းယှဉ်ပြီးလျှင် ရဟန်းကောင်းတို့ကို မကြည်ညိုတတ်တော့ပြီ။ ကိဋာဂိရိ ဇနပုဒ်သူ ဇနပုဒ်သား ဒကာ ဒကာမများပမာ ဖြစ်ကြပါ၏။

မိမိသည် ဤမျှသော အချီစကားတွေ ရေးသားနေသည်မှာ အဘယ်ကြောင့်နည်း။ မိမိအား "ရဟန်းများက ဒကာ ဒကာမများအား သစ်သီး.ပေးကောင်းပါသလား" ဟု မေးထားသည့် အမေးအတွက် ပြေလည်အောင် ရေးသားနေရခြင်း ဖြစ်ပါသည်။

ထို့ပြင် ယခုခေတ်တွင် ယင်းသို့ သစ်သီးပေးခြင်း စသည်တို့မှာ ခေတ်စားလာသောကြောင့် သူတောင်စင်အများ သိစေလိုသောကြောင့် ဖြစ်ပါသည်။

ယခုခေတ်တွင် ကျောင်းတိုက်မှနေ၍ သစ်သီးပေးကြ၊ ပန်းပေးကြသည်လည်းရှိ၏။ နယ်လှည့်တရားဟောကာ တရားပွဲတွင် ပန်းဝေကြသည်၊ သစ်သီး ဝေကြသည်၊ ကွမ်းယာ ဝေကြသည်၊ မုန့်လုံးကြီး ဝေကြသည်၊ ပေးကြသည်လည်း ရှိ၏။ အမည်ခံထားသည်မှာ ဆိုင်းဘုတ်ကြီးက ကြီးလှ၏။ နယ်လှည့်သာသနာပြု တဲ့၊ ရဟန္တာဟု ကျော်ကြားသတဲ့။ မလိမ္မာသော ဒကာ ဒကာမများမှာ ယုံကြ၏။ အဟုတ် ထင်ကြ၏။ တကယ့် သာသနာပြုပုဂ္ဂိုလ်တို့သည်၊ သာသနာတော်ကို ကြည်ညိုသော ပုဂ္ဂိုလ်တို့သည် ယင်းသို့ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ မုန့်လုံးကြီးပေးခြင်း၊ ကွမ်းယာဝေခြင်းမျိုးကို ဘယ်တော့မှ မလုပ်ပါ။

ဤမျှ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း စသည်နှင့်ပတ်သက်၍ သိသင့်သမျှတို့ကို ဖော်ပြပါမည်၊

ပန်း၊ သစ်သီး စသည်တို့မှာ သံဃာပိုင်၊ မိမိပိုင် ဟူ၍ နှစ်မျိုးရှိ၏။

ကျောင်း၌ဖြစ်သော ပန်းတို့ကို ကပ္ပိယ စသူတို့ကို ရောင်း၍ ထိုမှ ရအပ်သောငွေဖြင့် ကပ္ပိယ စသူတို့သည် ပြင်၍ပေးလျှင် ထိုပန်းသည် ကျောင်း၌အကျိုးရှိ၏။

- ယင်းသို့ ကျောင်းအကျိုးငှာ သတ်မှတ်အပ်သောပန်းကို မိမိက ပိုင်စိုး.ပိုင်နင်း သဘောထား၍ လူတို့အား ပေးလျှင် ထုလ္လစ္စည်း အာပတ်သင့်၏။

သံဃာပိုင် သံဃိကပန်းကို ကိုယ်ပိုင်သဘောထား၍ ပေးသောကြောင့် ဘဏ္ဍာစားလည်း ထိုက်၏။

ယခုခေတ် ကျောင်းထိုင်ဘုန်းကြီးအချို့သည် သံဃိကကျောင်းကို မိမိအုပ်ချုပ်ရသောအခါ ထိုကျောင်း၌ ဖြစ်သမျှ ရသမျှကို မိမိပိုင်သည်ဟု ယူဆ၍ သစ်သီး စသည်ကို မိမိပိုင်အနေအားဖြင့် သုံးစွဲလည်း သုံးစွဲကြ၊ လူတို့အားလည်း ပေးကြ၏။ ထိုကဲ့သို့ မပေးကောင်းပါ။

ပန်းကို အဘယ်သူအား ပေးကောင်းသလဲ၊ အဘယ်သူအား မပေးကောင်းသလဲ၊ အကြင်ရဟန်းသည် ကိုယ်တိုင်ဆောင်ယူ၍သော်လည်းကောင်း၊ သူတစ်ပါးကို ဆောင်ယူစေ၍သော်လည်းကောင်း၊ ကိုယ်တိုင် ခေါ်ယူ၍သော်လည်းကောင်း၊ ကိုယ်တိုင်ခေါ်ယူစေ၍သော်လည်းကောင်း၊ အလိုလိုသော်လည်းကောင်း ကပ်ရောက်လာသူတို့အား အမှတ်မထား တစ်ပါးပါးသော မိမိ၏ဥစ္စာဖြစ်သော ပန်းကို ဒကာ ဒကာမတို့ကို ချီးမြှောက်ခြင်းငှာ၊ မိမိပရိသတ်အဖြစ် သိမ်းသွင်းခြင်းငှာ ပေးအံ၊ ဒုက္ကဋ်အာပတ်သင့်၏။ သူတစ်ပါးဥစ္စာကို ပေးအံ့၊ ဒုက္ကဋ်အာပတ်ပင် သင့်၏။

သူတစ်ပါးပန်းကို အကျွမ်းတဝင် ယူ၍ပေးလျှင်လည်း ဒုက္ကဋ်အာပတ်သင့်၏ဟု မှတ်ပါ။

ခိုးလိုသောစိတ်ဖြင့် ယူ၍ပေးအံ့၊ ဘဏ္ဍာဖိုးအတိုင်း အာပတ်တပ်၍ ဆုံးဖြတ်အပ်၏။ သံဃိကပစ္စည်း၊ သံဃာပိုင် ပန်းတို့၌လည်း နည်းတူပင် သိအပ်၏။

အမိ.အဖတို့အား ကိုယ်တိုင်ဆောင်ယူ၍လည်းကောင်း၊ ဆောင်ယူစေ၍လည်းကောင်း၊ ကိုယ်တိုင်ခေါ်ယူ၍လည်းကောင်း၊ ကိုယ်တိုင်ခေါ်ယူစေ၍သော်လည်းကောင်း ပန်းပေးသင့်၏။

မိဘမှကြွင်းသော ဆွေမျိုးတို့အား ခေါ်ယူစေ၍သာလျှင် ပေးအပ်၏။ ကိုယ်တိုင် ဆောင်ယူ၊ ဆောင်ယူစေ၊ ကိုယ်တိုင်ခေါ်ယူ သုံးမျိုး မအပ်ပါ။

ထိုပန်းကိုလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ပူဇော်ရန်အလို့ငှာသာ ပေးသင့်၏။

အလှအပ တန်ဆာဆင်ခြင်း၊ ပန်ခြင်းငှာ မအပ်။ နတ်ပူဇော်ဖို့၊ ဘိုးတော်၊ မယ်တော်ပွဲ၊ ဝိဇ္ဇာပွဲ စသည်တို့အတွက် ဆိုပါက မည်သူ့မျှ မပေးအပ်၊

အမိ.အဖတို့ဖို့ ပန်းဆောင်ယူစေသော ရဟန်းသည် အဆွေအမျိုးတော်သော သာမဏေတို့ကိုသာလျှင် ဆောင်ယူစေအပ်၏။

သစ်သီးပေးခြင်းကိုလည်း ပန်းပေးခြင်းနှင့်အတူ သိအပ်ပါ၏။ အကြင်ရဟန်းသည် မိမိပိုင် သစ်သီး၊ မုန့်လုံးကြီး၊ ကွမ်းယာ စသည်ကို ကိုယ်တိုင်ယူ၍လည်းကောင်း၊ သူတစ်ပါးကို ယူခိုင်း၍လည်းကောင်း၊ ကိုယ်တိုင်ခေါ်ယူ၍လည်းကောင်း၊ သူတစ်ပါးကို ခေါ်ယူခိုင်း၍လည်းကောင်း၊ အလိုလိုသော်လည်းကောင်း ကပ်ရောက်လာသူတို့အား အမှတ်မထား တစ်ပါးပါးသော မိမိ၏ဥစ္စာဖြစ်သော သစ်သီး စသည်တို့ကို ဒကာ ဒကာမတို့အား ချီးမြှောက်ခြင်းငှာ၊ မိမိပရိသတ်အဖြစ် သိမ်းသွင်းခြင်းငှာ ပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သူတစ်ပါးသစ်သီး စသည်ကို ပေးအံ့၊ ဒုက္ကဋ်အာပတ်ပင် သင့်၏။ သူတစ်ပါး သစ်သီး စသည်တို့ကို အကျွမ်းတဝင် ယူ၍ပေးအံ့၊ ဒုက္ကဋ်အာပတ်သင့်၏ဟု မှတ်ပါ။

သူတစ်ပါးသစ်သီး စသည်ကို ခိုးလိုသောစိတ်ဖြင့် ယူ၍ပေးအံ့၊ သစ်သီးတန်ဖိုးအတိုင်း အာပတ်တတ်၍ ဆုံးဖြတ်၏။

သံဃိကသစ်သီး၊ သံဃာပိုင်သစ်သီးတို့၌လည်း သူတစ်ပါးပိုင် သစ်သီးနည်းတူပင် သိအပ်ပါ၏။

အမိ.အဖတို့အား ကိုယ်တိုင်ယူ၍လည်းကောင်း၊ ယူခိုင်း၍လည်းကောင်း၊ ကိုယ်တိုင်ခေါ်၍လည်းကောင်း၊ ခေါ်ခိုင်း၍လည်းကောင်း သစ်သီးပေးသင့်ပါ၏။

မိဘမှကြွင်းသော ဆွေမျိုးတို့အား ခေါ်ယူခိုင်း၍သာလျှင် ပေးအပ်၏။ ကိုယ်ထိုင်ယူ၊ ယူခိုင်းခြင်း၊ ခေါ်ယူခြင်း သုံးမျိုး မအပ်ပါ။

ထိုသစ်သီးတို့ကိုလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ပူဇော်ရန်အလို့ငှာသာ ပေးသင့်ပါ၏။

ဒကာ ဒကာမတို့ကို ရှိုးမြှောက်ခြင်းငှာ၊ မိမိပရိသတ်အဖြစ် သိမ်းသွင်းခြင်းငှာ ပေးသောရဟန်း၏ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် မိမိဥစ္စာ၌လည်းကောင်း၊ သူတစ်ပါးဥစ္စာ၌လည်းကောင်း၊ သံဃိကဥစ္စာ၌လည်းကောင်း၊ ကျောင်းအကျိုးငှာ သတ်မှတ်အပ်သော အသီး၌လည်းကောင်း ဒုက္ကဋ်အာပတ် စသည်တို့ကို သိအပ်၏။

အို...တရှသူ၊ ယခုဆိုလျှင် တရှသူသည် သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသည်တို့အတွက် သိအပ်ချက်တို့ကို သိသင့် သလောက် သိပါပြီ။

ယခုခေတ်တွင် ကျောင်းတိုက်တွင်း ရောက်လာသမျှ ဒကာ ဒကာမတို့အား သစ်သီးပေးခြင်း၊ မုန့်ပေးခြင်း၊ ပန်းပေး ခြင်းပြုနေကြသည်မှာ သာသနာ ပြုသလော၊ သာသနာ ဖျက်သလော။ ယင်းပေးသူတို့သည် အာပတ်အဖြစ် အမြဲဖြစ်နေ သဖြင့် မဂ်ဖိုလ် မရနိုင်သူတို့သာ ဖြစ်ကုန်၏။

တရားပွဲကြီးကျင်းပ၍ တရားပွဲသို့ ရောက်လာသမျှ ဒကာ ဒကာမတို့အား သစ်သီး ပေး၏၊ ပန်း ပေး၏၊ ကွမ်းယာ ဝေ၏၊ မုန့်လုံးကြီး ကျွေး၏၊ ဒကာ ဒကာမတို့၏ သဒ္ဓါစစ် သဒ္ဓါမှန်ကို ဖျက်သည်မည်ပါ၏၊ အာပတ်အပြစ် သင့်ပါ၏၊ သာသနာပြု မဟုတ်ပါ၊ သာသနာဖျက်သူသာ ဖြစ်ပါ၏။

အို...တရှသူ၊ ဆက်၍ရှုပါဘိ၊ မိမိဥစ္စာဖြစ်သော သစ်သီးကိုသာ လူနာ,လူမမာတို့ကိုအားလည်းကောင်း၊ ရောက်လာ သော အစိုးရတို့အားလည်းကောင်း၊ ရိက္ခာကုန်ခန်းသော ခရီးသွားဧည့်သည်တို့အားလည်းကောင်း ပေးသင့်ပါ၏၊ ယင်းသို့ ပေးသော် သစ်သီးပေးသည် မမည်ပါ၊ သူတို့ထံမှ လာဘ်ကို မမျှော်ရပါ၊ မျှော်လျှင် မသင့်ပါ၊

သစ်သီးဝေရန် သမုတ်ထားအပ်သော သစ်သီးဝေသော ရဟန်းသည်လည်း သံဃာတော်၏ သစ်သီးကို ဝေခွဲသော အခါ၌ ရောက်လာသောသူတို့အား ထက်ဝက်အဖို့ကို ပေးသင့်ပါ၏။

သစ်သီးဝေရန် သမုတ်ထားသော ရဟန်းသည် သံဃာတော်အား ပန်ကြား၍ ပေးအပ်၏၊

သံဃာပိုင်ကျောင်းတိုက်၌ သစ်သီးအရေအတွက် အပိုင်းအခြားအားဖြင့်သော်လည်းကောင်း၊ သစ်ပင်အပိုင်းအခြား ဖြင့်သော်လည်းကောင်း၊ (ဤမျှသောအသီး၊ ဤမျှသောအပင်တို့မှ သစ်သီးတို့ကို ပေးခြင်းငှာ နှစ်သက်သဘောတူတော်မူပါ) ဟု ကတိကဝတ်ကို ပြုထိုက်၏။

ယင်းသို့ သံဃာတော်အား ပန်ကြားကတိကဝတ် ပြုထားသော ထိုအသီး၊ ထိုအပင်တို့မှ ဖျားနာသူ၊ လူမမာတို့အား လည်းကောင်း၊ အခြားသူတို့အားလည်းကောင်း သစ်သီးကို တောင်းလာကုန်လတ်သော် အပိုင်းအခြားအားဖြင့် လေးလုံး၊ ငါး လုံးတို့ကို ပေးထိုက်ကုန်၏၊ သစ်ပင်တို့ကိုလည်း ပြထိုက်ကုန်၏၊ ဤသစ်ပင်မှ ခူးသင့်၏ဟု ပြသင့်၏၊

ဤသစ်ပင်၌ အသီးတို့သည် ကောင်းကုန်၏၊ ချိုမြိန်ကုန်၏၊ ဤသစ်ပင်မှ ခူးဆွတ်ကြဟု မပြောသင့်ပါ၊

ရှင်းရှင်းဆိုရသော် မိမိအပိုင်ဖြစ်သော သစ်သီးကိုမူ လူမမာ ဂိလာနအတွက် တောင်းလာလျှင် တစ်စုံတစ်ခု သူ့ထံမှ လာဘ်လာဘကို မမျှော်လင့်ဘဲ ပေးကောင်းပါ၏၊

ရောက်လာသော အစိုးရတို့အားလည်းကောင်း၊ ရိက္ခာကုန်ခန်းလာသော ခရီးသွားဧည့်သည်တို့အားလည်းကောင်း သူတို့ထံမှ လာဘ်လာဘကို မမျှော်ဘဲ ပေးကောင်းပါ၏၊

သံဃိကကျောင်းတိုက်၌လည်း ဖျားနာသူလူမမာ၊ အခြား အသီးစားလိုသူတို့က တောင်းလာလျှင် မပေးဘဲနေလျှင် မလျော်သောကြောင့် "ဤမျှလောက်သော အသီးကို ပေးနိုင်သည်" ဟု သစ်သီးကို ပိုင်းခြား၍သော်လည်း ကတိကဝတ် ပြုထား ရမည်။

"မည်သည့်သစ်ပင်၏အသီးကို ပေးနိုင်သည်" ဟု သစ်ပင်ကို သတ်မှတ်၍သော်လည်း ကတိကဝတ် ပြုထားရမည်။

တောင်းလာသောအခါ ထိုအပိုင်းအခြားအတိုင်း ပေးကောင်း၏။ သို့မဟုတ် မည်သည့်အပင်မှ ခူးနိုင်သည်ဟု သစ်ပင်ကိုသော်လည်းကောင်း ညွှန်ပြကောင်း၏။

ဒီသစ်ပင်က ကောင်းသည်၊ ဒီသစ်ပင်က ဆွတ်ခူးကြပဟုကား လောကွတ်စကား မပြောကြားကောင်း။ ပြောလျှင် ကုလသင်္ဂဟဒုက္ကဋ်အာပတ် သင့်၏။

နိုင်ထက်ယူ၍ လုယူစားသောက်သော် မတားမြစ်အပ်။ မုန်၏။ အမျက်ထွက်သောသူသည် သစ်ပင်ကိုလည်း ခုတ်လှဲရာ၏၊ အမှတ်မထား တစ်ပါးပါးသော အကျိုးမဲ့ကိုသော်လည်း ပြုရာ၏။

အို ... စာရှုသူ၊ ဤမျှဖြင့် သစ်သီးပေးသင့်၊ မပေးသင့် သိလောက်ပါပြီ။ သို့ပါ၍ သစ်သီး မပေးသော၊ ပန်း မပေးသော အကျင့်သိက္ခာပြည့်ဝသော အရှင်ကောင်းတို့အပေါ် အကြည်ညို မပျက်ပါနှင့်၊ အကြည်ညိုပျက်သော် မိမိတို့အဖို့ အကျိုးယုတ်၏။

သစ်သီးပေး၊ ပန်းပေးသော အရှင်တို့အပေါ် အကြည်ညိုတက်သော်လည်း မိမိတို့အဖို့ အကျိုးမရှိလှပါ။

- ✦ သစ်သီးပေးကောင်း၊ မပေးကောင်း၊ နစ်ကြောင်းသိသင့်သည်။
- ✦ မပေးသင့်ရာ၊ ပေးခဲ့ပါ၊ ပြစ်ဆာများလှသည်။
- ✦ ပေးသင့်ပေးရာ၊ မပေးပါ၊ ဘယာရန်များသည်။
- ✦ ပြစ်ဆာငြိမ်းရေး၊ ရန်ငြိမ်းရေး၊ ပေးသင့်ပေးရသည်။
- ✦ မြင်မြင်လေရာ၊ မပေးရာ၊ သေချာမှတ်ရမည်။

🕮

# လူဆိုးဗိုလ်ကြီးဆိုတာ ငါပါလား

(၁၆၄)

"ငါသား ဘုန်းလျှံ၊ လူ့ထုံးစံကား၊ ကံလည်းတစ်ခု၊ ဉာဏ်တစ်ခုတည့်၊ ရှေးပြုအဟုန်၊ ကံတည်းကုန်လျှင်၊ ဉာဏ်ကုန်တတ်မြဲ၊ အမြင်လွဲရှင့်၊ မှိုဝဲမိတ်ကောင်း၊ သူမြတ်လောင်းနှင့်၊ ပေါင်း၍တစ်ဆစ်၊ ဉာဏ်ထူးဖြစ်က၊ ကံသစ်ပွားမှု၊ အကြောင်းပြု၏"

(မဃဒေဝ - ၃၀၂)

လောကတွင် အရေးကြီးလှသည့် ကိစ္စတစ်ခုကို ပြောပါဆိုလျှင် မိတ်ဆွေကောင်းနှင့် ပေါင်းရဖို့ကိစ္စသည် အရေးအကြီးဆုံးကိစ္စဟု ဆိုချင်ပါသည်။

မှန်၏။ ဗုဒ္ဓသာသနာတော်၏ ပန်းတိုင်သည် နိဗ္ဗာန် ဖြစ်၏။ ဗုဒ္ဓသာသနာဝင်တိုင်းသည် ယင်းနိဗ္ဗာန်ကို မျှော်မှန်းကြသည်။ လိုလားကြသည်။ ရအောင် ကြံဆောင်. ပြောဆို. ပြုလုပ်နေကြသည်။

ယင်းပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို မဂ်ဖိုလ်ရမှ ရမည်ဖြစ်၏။ မဂ်ဖိုလ် မရက နိဗ္ဗာန် မရနိုင်ပေ။ ယင်းမဂ်ဖိုလ်တွင် ဖိုလ်မှာ မဂ်၏အကျိုးတရားဖြစ်၍ မဂ်ရလျှင် ဖိုလ်ရမည် ဖြစ်၏။

သို့ဖြစ်၍ ရှင်းရှင်းဆိုရသော် နိဗ္ဗာန်ရရေးအတွက် မဂ်ရရေးသည် အရေးကြီးလှသည်။ ယင်း မဂ်ရရေးအတွက် မိတ်ကောင်း. ဆွေကောင်းရရေးသည် အရေးကြီးလှ၏။

ယင်းသို့ ဆိုသော် နိဗ္ဗာန်ရရေးအတွက် မိတ်ကောင်း ဆွေကောင်း အရေးကြီးသည်ဟု ဆိုကလည်း မှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် မဂ်ရမှ နိဗ္ဗာန်ရမည် ဖြစ်သောကြောင့် ဖြစ်၏။ မဂ်ရမှုတွင် မိတ်ကောင်း ဆွေကောင်း ရမှုက အဓိကဖြစ်ရကား နိဗ္ဗာန်ကို မဂ်ကရစေ၊ မဂ်ကို မိတ်ဆွေကောင်းက ရစေရကား နိဗ္ဗာန်ရရေးသည် မိတ်ဆွေကောင်းအပေါ်မှီနေသည်။

ယင်းကို မိမိသည် အမှီသဟဲမရှိ ပြောဆိုရေးသားနေခြင်း မဟုတ်ပါ။ သံယုတ်ပါဠိတော် အမှီသဟဲရှိ၍ ရေးနေခြင်းဖြစ်၏။

"ရဟန်းတို့၊ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ် ဖြစ်သကဲ့သို့ မိတ်ကောင်း ဆွေကောင်းသည် အရိယမဂ်ကို ရခြင်း၏ ရှေ့ပြေးနိမိတ် ဖြစ်၏"

ဤကား သံယုတ်ပါဠိတော်လာ စကားဖြစ်၏။ ယင်းကို အပြန်အားဖြင့် ရှုကြည့်သော် အရုဏ်မတက်က နေ.မထွက်တော့၊ မိတ်ဆွေကောင်း မရှိက အရိယမဂ်ကို မရနိုင်ဟု ဖြစ်လာ၏။

အရုဏ်တက်မှ နေ.ထွက်မည်။ မိတ်ဆွေကောင်းရှိမှ အရိယမဂ်ကို ရမည်။ သို့ဖြစ်၍ အရုဏ်တက်ဖို့သည် နေ.ထွက်ဖို့အတွက် အရေးကြီးသည်။ နေထွက်ဖို့ထက် အရုဏ်တက်မှု အရေးကြီးသည်။

မိတ်ဆွေကောင်းရမှုသည် အရိယမဂ်ရဖို့အတွက် အရေးကြီးသည်။ အရိယမဂ်ရဖို့ထက် မိတ်ဆွေကောင်းရရေးသည် အရေးကြီးသည်။

ယင်းကို အထောက်ခံပြုသော ဗုဒ္ဓ၏ မိန့်ကြားချက်တစ်ခုကို ဆိုပါဦးမည်။ သံယုတ်ပါဠိတော်တွင် ပါရှိပါသည်။

"အာနန္ဒာ . . . ကောင်းသော အဆွေခင်ပွန်း ရှိသောသူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသော သူ၏အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သောစိတ် ရှိသောသူ၏ အဖြစ်သည် မြတ်သောမဂ်အကျင့်အားလုံးကို ပင် ပြီးစေနိုင်၏။

"အာနန္ဒာ...ကောင်းသော အဆွေခင်ပွန်းရှိသော၊ ကောင်းသော အပေါင်းအဖော်ရှိသော သူတော်ကောင်းတို့၌ မြတ်သောစိတ် ရှိသူအား မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ်ကို ပွားလတ္တံ့၊ ကြိမ်ဖန်များစွာ ပြုလတ္တံ့ဟူသော ဤအကျိုးကို မချွတ်.ရလိမ့်မည်ဟု မျှော်လင့်အပ်၏။

"အာနန္ဒာ . . . မှန်၏။ အဆွေခင်ပွန်းကောင်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေခြင်း သဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်ကုန်၏။

"အိုခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် အိုခြင်းမှ လွတ်ကုန်၏။

"နာခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် နာခြင်းမှ လွတ်ကုန်၏။

"သေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် သေခြင်းမှ လွတ်ကုန်၏။

"ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်ကုန်၏"

ဤတွင် ဘုရားရှင်သည် မိမိကိုယ်မိမိ အတုမရှိ ပုဂ္ဂိုလ်မြတ်အနေဖြင့် မသုံးဘဲ သာမန်မိတ်ဆွေကောင်းအနေဖြင့် အသုံးပြုတော်မူ၏။

ယင်းကိုထောက်သော် မိဘဆရာသမားများလည်း မိတ်ဆွေစာရင်းတွင် ပါဝင်တော့၏။ သို့ဖြစ်၍ မိကောင်း၊ ဖကောင်း၊ ဆရာကောင်းမှ ပေါင်းဖော်အထိ မိတ်ကောင်းရှိဖို့ အရေးကြီးလှသည်။

သို့ဖြစ်၍ ရှင်တော်မြတ်ဘုရားက ဤသို့ ညွှန်ကြားတော်မူခဲ့သည် -

"ငါသည် ကောင်းသော အဆွေခင်ပွန်း ရှိသူ၊ ကောင်းသော အပေါင်းအဖော် ရှိသူ၊ သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသူ ဖြစ်အံ့ဟု ကျင့်ရမည်" တဲ့၊

ယင်းကို သတိရှိသော အချို့သော မိဘတို့သည် မိမိတို့ သားသမီးများ မိမိတို့ ဆိုဆုံးမ၍ မလိမ္မာနိုင်ခဲ့သော် ဆရာကောင်း၊ သမားကောင်း ဆုံးမကောင်းသည့် မိတ်ဆွေကောင်းများထံ အပ်နှံကြသည်။

ယင်းသို့ အပ်နံမှုနှင့် ပတ်သက်၍ တိုက်တိုက်ဆိုင်ဆိုင် တစ်ခါက မိမိကြုံခဲ့ဖူး၏။ ကြုံဖူးသည်မှာ တိုက်ဆိုင်လွန်း၍ ဖြစ်သည်။

တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် ယောဂီများအား တရားပြနေ၏။ ဆယ်ရက်စခန်းဖြစ်၍ ဟောလည်းဟော ပြလည်းပြဖြစ်၏။

ယင်းတွင် တစ်နေ့ မိမိကြားဖူးသော အကြောင်းအရာတစ်ခုကို ပြောပြ၏ -

"ယောဂီတို့၊ ကြားဖူးတဲ့အကြောင်းအရာကလေးတစ်ခု ပြောပြမယ်၊ ဘာလဲဆိုတော့ ဆုံးမမှုနဲ့ ပတ်သက်တဲ့ အကြောင်းပေါ့၊ အကြောင်းက ဘယ်လိုဖြစ်လဲဆိုတော့ ဘုန်းတော်ကြီးတစ်ပါးက တစ်နေ့ညနေလမ်းလျှောက်သတဲ့။

"အဲဒီဘုန်းတော်ကြီး လမ်းလျှောက်တဲ့အနီးအနားမှာ ကလေးသူငယ်တစ်ယောက်ကို ဒကာမကြီးတစ်ယောက်က ရိုက်သတဲ့။ အားရပါးရ ရိုက်ပြီးတော့ ဘယ်လိုပြောလဲဆိုတော့ နင်တော့ နေဦး၊ မနက်ဖြန်ကျမှ လူဆိုးဗိုလ်ကြီးထံ အပ်မယ်တဲ့။

"ဒီတော့ လမ်းလျှောက်နေတဲ့ ဘုန်းတော်ကြီးက "ဩော် . . . ဒီဒကာမကြီးနှယ်၊ ကလေးကို အားရပါးရလည်း ရိုက်သေးတယ်၊ လူဆိုးဗိုလ်ကြီးထံလည်း အပ်ဦးမတဲ့။ တယ်ဆိုးပါလား၊ ဘယ်လူဆိုးဗိုလ်ကြီးထံများ အပ်မလဲမသိဘူး။ လူဆိုးဗိုလ်ကြီးဆိုတာ ဘယ်လိုလဲ၊ ဘယ်မှာနေလဲ" လို့ စဉ်းစားသတဲ့။

"နောက်တစ်နေ့ကျတော့ အဲဒီဒကာမကြီးဟာ ကန်တော့ပွဲလေး တစ်ပွဲနဲ့ အဲဒီအရိုက်ခံရတဲ့ ကလေးကို ခေါ်ကာ အဲဒီလမ်းလျှောက်ရင်းတွေ့တဲ့ "ဘယ်လိုလူဆိုးဗိုလ်ကြီးထံများ အပ်မလဲမသိဘူး" လို့ စဉ်းစားသော ဘုန်းတော်ကြီးထံ လာအပ်နံသတဲ့။

"ဒီတော့မှ ဘုန်းတော်ကြီးက "ဩော် . . . လူဆိုးဗိုလ်ကြီးဆိုတာ တခြားလား မှတ်တယ်၊ တကယ်တော့ လူဆိုးဗိုလ်ကြီးဆိုတာ ငါပါလား" တဲ့။

"အဲဒီလို စဉ်းစားပြီး သံဝေဂတွေ ဖြစ်သတဲ့၊ ဖြစ်ဖို့လည်း ကောင်းတာပေါ့၊ ဆိုးတဲ့သူတွေကို ဆုံးမရတာ လွယ်တာမှ မဟုတ်ဘဲ"

"တချို့လာပြီ၊ ဆိုးကာမှ၊ ကောင်းတုန်းကတော့ ငြိမ်လို့၊ ဆိုးပြီဆိုတော့ "အရှင်ဘုရားတပည့် အရှင်ဘုရားပဲ ဆုံးမပါဦး ဘုရား" စသည်ဖြင့် လာအပ်တာတွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"အင်း . . . အရှင်ဘုရားတပည့် အရှင်ဘုရားပဲ ဆုံးမပါဦးဘုရား" ဆိုပြီး လာအပ်ရင်တော့ တော်သေးတာပေါ့၊ ခုနက ဒကာမကြီးလို လူဆိုးဗိုလ်ကြီးထံ အပ်မယ်ဆိုပြီး လာအပ်မှဖြင့် လူဆိုးဗိုလ်ကြီး ဖြစ်ရချေရဲ့နော်"

"မှန်ပါ ဘုရား"

အမှတ်မထင် တိုက်ဆိုင်မှုတို့သည် ရှိတတ်ကြကုန်၏။ နောက်နေ့ နံနက်ဖြစ်၏။ မိမိနေထိုင်ရာ ကျောင်းသခ်မ်းသို့ တရားနာပရိသတ်ထဲမှ ဒကာမတစ်ယောက် ရောက်လာသည်။

ရှိခိုးဦးချပြီးသော် လျှောက်ထားသည်။

"အရှင်ဘုရား ဟောတဲ့တရားနဲ့ တပည့်တော်အဖြစ်နဲ့ တိုက်ဆိုင်နေပါတယ်ဘုရား"

"ဘယ်လို တိုက်ဆိုင်နေလဲ"

"မနေ့ကဟောတဲ့ လူဆိုးဗိုလ်ကြီးလေ ဘုရား"

"အင်း...အဲဒါ ဘယ်လိုလဲ"

"တပည့်တော်မ သမီးလေး လိမ္မာတဲ့အခါလည်း သိပ်ပြီးတော့ လိမ္မာတာပဲဘုရား၊ ဆိုးပြန်တော့လည်း သိပ်ပြီးတော့ ဆိုးတာပဲဘုရား"

"အင်း"

"တစ်နေ့ အင်မတန်ဆိုးတာနဲ့ တပည့်တော်မ တော်တော်လေး ရိုက်ပေးလိုက်တယ်ဘုရား၊ ရိုက်ပြီးတော့ ကျောင်းပိတ်ရက်ကျမှ အရှင်ဘုရားထံ လာအပ်ဦးမယ်ဆိုပြီး စိတ်ကူးထားပါတယ်ဘုရား"

"အင်း"

"အရှင်ဘုရားကို လူဆိုးဗိုလ်ကြီး လုပ်တာတော့ မဟုတ်ပါဘူးဘုရား၊ တရားနဲ့က တိုက်ဆိုင်နေလို့ပါ၊ ဒီနေ့ ကျောင်းပိတ်လို့ သမီးလေး ခေါ်လာခဲ့တယ်၊ အဲဒါ အရှင်ဘုရား ဆုံးမပေးပါဘုရား"

"ဘယ်မှာလဲ"

"သူ့ကို ဟိုမှာ ထားခဲ့ပါတယ်ဘုရား၊ ယခု အရှင်ဘုရားကို ကြိုတင်ပြီး လာလျှောက်ပါတယ်ဘုရား၊ ယခု တပည့်တော် သွားခေါ်ပါ့မယ်ဘုရား"

အင်း...အင်း...တိုက်ဆိုင်မှု၊ တိုက်ဆိုင်မှု၊ ကြုံကြုံဖန်ဖန် တိုက်ဆိုင်တတ်သည်။ မနေ့က လူဆိုးဗိုလ်ကြီးအကြောင်း ပြောသည်။ ယနေ့ လူဆိုးဗိုလ်ကြီးအဖြစ်သို့ ရောက်ခဲ့ချေပြီ။ မိမိသည် ယင်းသို့ စဉ်းစားနေစဉ် သားအမိနှစ်ယောက် ရောက်လာသည်။

"ကဲ...သမီး၊ ဘုန်းဘုန်းကို ဦးချလေ"

ကလေးမလေးမှာ သားနားယဉ်မွန်သည်။ လိမ္မာပါးနပ်ဟန် ရှိသည်။ မိမိက မေးသည်။

"နာမည် ဘယ်လိုခေါ်လဲ"

"(......)ပါ ဘုရား"

"လိမ္မာတာနဲ့ မိုက်တာ ဘယ်ဟာ ပိုကောင်းလဲ"

"လိမ္မာတာ ကောင်းပါတယ်ဘုရား"

"လူများ အချစ်အခင် ခံရတာနဲ့ လူများ အမုန်း ခံရတာ ဘယ်ဟာကောင်းလဲ"

"လူများ အချစ်အခင် ခံရတာ ကောင်းပါတယ်ဘုရား"

"ဆိုးတဲ့ မိုက်တဲ့ မလိမ္မာတဲ့လူကို လူများက ချစ်ခင်မလား၊ မုန်းမလား"

"မုန်းပါမယ်ဘုရား"

"ဒါဖြင့် (......)လိမ္မာမလား၊ မိုက်မလား"

"လိမ္မာပါ့မယ်ဘုရား"

"(......)အိမ်မှာ အရိုက် ဘယ်နှစ်ခါ ခံရလဲ"

"ခဏ ခဏ ခံရပါတယ်ဘုရား"

"ဘာဖြစ်လို့ အရိုက်ခံရလဲ"

"ဆိုးလို့ပါ ဘုရား"

"ဆိုးတယ်ဆိုတဲ့နာမည် ကောင်းလား"

"မကောင်းပါ ဘုရား"

"နာမည်လည်း မကောင်းဘူး၊ အရိုက်လည်း ခံရတယ်၊ အမုန်းလည်း ခံရတယ်၊ မိဘ မျက်နှာသာပေးခြင်းလည်း မခံရဘူး၊ နောက် ဆိုးဦးမလား"

"မဆိုးတော့ပါ ဘုရား"

"အေး...အေး၊ (......)က သိပ်လိမ္မာတာပဲ၊ တစ်ခါပြောထား မှတ်မှတ်သားသား ရှိတယ်နော်"

မိမိသည် ယင်းသို့စသည်ဖြင့် ကလေးမလေးအား ဆုံးမ လိုက်သည်။ သူ၏မိခင်သည် သဘောကျ၍ ကလေးမကလေးအား ရှိခိုးစေကာ ပြန်သွားကြသည်။ မိမိမှကား လူဆိုးဗိုလ်ကြီးလော၊ သို့မဟုတ် မိတ်ကောင်း ဆွေကောင်းလော။

✦ မိတ်ကောင်း ဆွေကောင်း၊ မိဘကောင်း၊ အကောင်းဆရာ ရှိရမည်။

✦ ဆရာ – မိဘ၊ မိတ်ကောင်းမှ၊ လွဲက အလွဲဖြစ်တတ်သည်။

✦ မလွဲစေရာ၊ အကောင်းသာ၊ ရှာကာ ပေါင်းရမည်။

✦ အကောင်းကြုံမှ၊ အကောင်းရ၊ သုခချမ်းသာမည်။

# စေတီရင်ပြင်ပေါ် ဖိနပ် စီးသင့်,မစီးသင့်

(၁၆၅)

"စေတီယင်္ဂဏ = စေတီရင်ပြင်" နှင့် စပ်လျဉ်းသော စကားသည် ၁၂၅၉ ခုနှစ်လောက်က စ၍ မြန်မာနိုင်ငံတွင် ပျံ့နှံ့ကျယ်ပွားခဲ့လေရာ ၁၂၈၀ ပြည့်နှစ်၊ ၁၂၈၁ ခုနှစ်များတွင်လည်း စေတီရင်ပြင်တွင် ဖိနပ်စီးနင်းမှုနှင့် စပ်လျဉ်း၍ ရေးအခါကထက် ပင် ပြောဆိုကြပြီးလျှင်နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးများကို ပြုလုပ်ကြလေသည်။

ယင်းသို့ တစ်နိုင်ငံလုံး ပျံ့နှံ့ပြောဆိုကာ ကောလာဟလကြီးတစ်ခု ဖြစ်သည်နှင့် မြန်မာပြည်ဘုရင်ခံကပင် စေတီရင်ပြင်တွင် ဖိနပ်စီးနင်းရေးနှင့် စပ်လျဉ်း၍ အမိန့်တော်ပြန်တမ်းများ ထုတ်ဆင့်ရလေသည်။

ယင်းကို အကြောင်းပြု၍ လယ်တီဆရာတော်ဘုရားကြီးအား တပည့်များ၏ လျှောက်ထားချက်အရ လယ်တီဆရာတော်ဘုရားကြီးက ဆုံးဖြတ်တော်မူသည်။ ယင်းအဆုံးအဖြတ်ကို မန်လည်ဆရာတော်ဘုရားကြီးအားလည်း ပြတော်မူရာ မန်လည်ဆရာတော်ဘုရားကြီးကလည်း သဘောတူ ကျေနပ်တော်မူသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ဗုဒ္ဓသာသနာတော်ကို လွန်စွာကြည်ညိုသူ ပုဂ္ဂိုလ်တစ်ဦးက မိမိအား မေးလျှောက်လာသည်၊ ထိုအခါ မိမိက လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကို ညွှန်ပြသည်။

သူက ဆိုလာသည်။ ယင်းအဆုံးအဖြတ်မှာ ပါဠိအဋ္ဌကထာ ဋီကာပါဠိများနှင့်ဖြစ်ရကား သာမန်လူတို့ နားမလည်တော့ပြီ၊ ရေးထားသည့် ကျမ်းစာကလည်း ရှေးကျ၍ လူသိနည်းသွားပြီ၊ သို့ဖြစ်၍ ခေတ်အမြင်၊ ခေတ်အတွေးနှင့် ထင်မြင်အောင် ပြန်လည်ပြီး ဖြေရှင်းရေးသားပါဟု တိုက်တွန်းလာသည်၊

သို့နှင့် မိမိသည် ယင်းကိုပင် ပြဿနာရှင်ပြု၍ စေတီရင်ပြင်ပေါ် ဖိနပ် စီးသင့်,မစီးသင့် ပြဿနာကို ဖြေရှင်းလိုက်ပါသည်။

ယင်းသို့ ရှင်းရာ၌ လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်အတိုင်းမှ ပါဠိအဋ္ဌကထာ ဋီကာပါဠိများကို ချန်၍ မြန်မာစကားပြေကိုသာ အမေးအဖြေပြု၍ ဖြေရှင်းပါသည်။

## စေတီရင်ပြင်

မြေရှင်းမည်ဆိုတော့ ပထမဦးဆုံး စေတီရင်ပြင်ကို သိသင့်သည်။ "စေတီရင်ပြင်" ဟူသော မြန်မာဝေါဟာရသည် "စေတီယင်္ဂဏ" ဟူသော ပါဠိကို ပြန်ဆိုရာမှ ပေါ်လာသော ဝေါဟာရဖြစ်၏။ သို့ဖြစ်၍ "စေတီယင်္ဂဏ" ဟူသော ပုဒ်၌ "အင်္ဂဏ" သဒ္ဒါ၏အနက်သရုပ်ကို ရှေးဦးစွာ ဖော်ထုတ်၍ပြပါအံ့။ "အင်္ဂဏ" သဒ္ဒါသည် -

၁။ ကိလေသာ ဟူသော အနက်

၂။ ကိုယ် အညစ်အကြေး ဟူသော အနက်

၃။ ညွှန်ပြောင်း ဟူသော အနက်

၄။ ဟင်းလင်းပွင့်သော မြေအဖို့ ဟူသော အနက်

ယင်းအနက်လေးပါးတို့၌ ဖြစ်၏။

## ဟင်းလင်းပွင့်

ယင်းအနက်လေးမျိုးတို့တွင် "ဟင်းလင်းပွင့်သော မြေအဖို့ဟူသော အနက်" ၌ ဟင်းလင်းဟူသည်ကား - စေတီဖိနပ်တော်မှ နေ၍ အရပ်ရှစ်မျက်နှာသို့ ကြည့်မျှော်လတ်သော် အရပ်ရှစ်မျက်နှာရှိ တံတိုင်းအရာမ်တိုင်အောင် အဆီးအတား အကာအကွယ်မရှိ၊ ဟင်းလင်းအပြင် ထင်မြင်ရ၏။

အရပ်ရှစ်မျက်နှာရှိ တံတိုင်းအရာမ်မှ နေ၍ စေတီတော်သို့ ကြည့်မျှော်လတ်သော် စေတီဖိနပ်တော်တိုင်အောင် အဆီးအတား အကာအကွယ်မရှိ ဟင်းလင်းအပြင် ထင်မြင်ရ၏။

စေတီနှင့်တကွ အရပ်ရှစ်မျက်နှာတို့တွင် ဤသို့ ဟင်းလင်းအပြင် ထင်မြင်ရသော မြေအဖို့သည် "စေတီယင်္ဂဏ = စေတီရင်ပြင်" မည်၏။

တံတိုင်းအရာမ်အတွင်း အထောင်မက အသောင်းမကသော ပရိသတ်တို့၏ သက်ရောက် လှည့်လည်ရာဌာနသည် "စေတီယင်္ဂဏ = စေတီရင်ပြင်" မည်၏။

တံတိုင်း၏အတွင်း ဗောဓိပရိဝုဏ် အဝန်းအဝိုင်းတစ်ပြင်လုံးသည် "ဗောဓိယင်္ဂဏ = ဗောဓိရင်ပြင်" မည်သလို၊ မင်းနန်းတော်မှ အရပ်ရှစ်မျက်နှာ နန်းမြို့ရိုးတိုင်အောင် ဟင်းလင်းထင်သော မြေတစ်ခွင်လုံး၊ မြေတစ်ပြင်လုံးသည် "ရာဇင်္ဂဏ = မင်းရင်ပြင်" မည်သလို၊ စေတီတံတိုင်း အရာမ်အတွင်း အထောင်မက အသောင်းမကသော ပရိသတ်တို့၏ သက်ရောက်လှည့်လည်ရာ ဌာနသည် "စေတီယင်္ဂဏ = စေတီရင်ပြင်" မည်၏။

## ဖိနပ် မစီး၊ ထီး.မဆောင်းသင့်

"အို ... တရှသူ၊ စေတီရင်ပြင်ကို သဘောပေါက်သော် စေတီရင်ပြင်၌ ဖိနပ် စီးသင့်.မစီးသင့်သည်ကို ပရိဝါအဋ္ဌကထာ အရ ညွှန်ပြပါမည် -

"ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်ရှိသော် စေတီတော်တည်ရှိရာ အရပ်သို့လည်းကောင်း၊ ဗောဓိပင်တည်ရှိရာ အရပ်သို့သော်လည်းကောင်း မသွား၊ စေတီတော်ကိုလည်းကောင်း၊ ဗောဓိပင်ကိုသော်လည်းကောင်း ရှိမခိုး၊ စေတီရင်ပြင်တော်၌ ထီးဆောင်းလျက်၊ ဖိနပ်စီးလျက် လှည့်လည်သွားလာ၏။ ထိုသူအား ဘုရားရှင်အား ရှိသေမှု မရှိဟု သိအပ်၏"

ယင်းအဋ္ဌကထာစကားအရ စေတီရင်ပြင်ပေါ်၌ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ ခေါင်းမြီးခြုံခြင်း အစရှိသော အမှုတို့ကို မပြုအပ်ပါ။

ယခုခေတ်တွင် ဖိနပ်စီးမှုကို အလေးဂရုပြုပါသော်လည်း ထီးဆောင်းမှု ဦးခေါင်းခြုံမှုတို့ကိုမူ အလေးဂရုမပြုသည်ကို တွေ့လာရပါသည်။

## မရှိသေပုံ

ဤ၌ မြတ်စွာဘုရားအား ရှိသေမှု မရှိ၊ မရှိသေပုံ အင်္ဂါရပ်တရားများကို ပြလိုပေသည်။ သတိထား၍ ရှောင်ရှားသင့်ပေသည်။

၁။ အကြင်ရဟန်းသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် သုံးပါးသော အခါကာလတို့၌ ခ.စား ဆည်းကပ်ရာအရပ်သို့ မသွား။

၂။ ဘုရားရှင်က ဖိနပ် မစီးဘဲ စင်္ကြံကြွတော်မူသည် ရှိသော် မိမိက ဖိနပ်စီးလျက် စင်္ကြံသွား၏။

၃။ ဘုရားရှင်က နိမ့်သောစင်္ကြံ၌ စင်္ကြံကြွတော်မူသည် ရှိသော် မိမိက မြင့်သောစင်္ကြံ၌ စင်္ကြံသွားခြင်း။

၄။ ဘုရားရှင်က အောက်၌ နေတော်မူသည်ရှိသော် မိမိက အထက်၌နေ၏။

၅။ ဘုရားရှင်၏ ပကတိမျက်စိတော်ဖြင့် မြင်တော်မူရာအရပ်၌ ပုခုံးနှစ်ဖက်တို့ကို ခြုံရုံ၍နေ၏။

၆။ ထီးကို ဆောင်း၏။

၇။ ဖိနပ်ကို စီး၏။

၈။ ရေချိုး၏။

၉။ ကျင်ကြီးကျင်ငယ် စွန့်၏။

၁၀။ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်ရှိသော် စေတီတော်ကို ရှိခိုးခြင်းငှာ မသွား။

၁၁။ ဆင်းတုတော်ဟု ဆိုအပ်သော ဥဒ္ဒိဿစေတီတော်၏ မျက်နှာတော် ထင်ရှားရာအရပ်၌ သက်တော်ထင်ရှား ဘုရားရှင်၏ ပကတိမျက်စိတော်ဖြင့် မြင်တော်မူရာ အရပ်၌ ဆိုအပ်ပြီးသော အလုံးစုံသော ခြုံရုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ ရေချိုးခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းတို့ကို ပြု၏။

ဤရဟန်းသည် ဘုရားရှင်၌ ရှိသေမှု မရှိသော ရဟန်းမည်၏။ ဘုရားရှင်၌ မရှိသေသော ရဟန်းမည်၏။

(သမ္မောဟ)

ဤ၌ ရဟန်းဟု ဆိုထားသည်မှာ ပြဋ္ဌာန်းသောအားဖြင့် ဆိုခြင်းဖြစ်၏။ လူ. ရှင်. ဘိက္ခုနီ အတူတူဟု မှတ်ယူပါ။

## ရှင်းပြချက်

ဤအဋ္ဌကထာစကားဝယ် "ဘုရားရှင်၏ ပကတိမျက်စိတော်ဖြင့် မြင်တော်မူရာအရပ်" ဟူရာ၌ ဘုရားရှင်၏ ပကတိ မျက်စိတော်ဖြင့် ရှုမြင်တော်မူရာအရပ် ဖြစ်ခဲ့သော် အရာမ် ရှိ.မရှိကိုသော်လည်းကောင်း၊ အနီးအဝေးကိုသော်လည်းကောင်း ပမာဏ မပြုအပ်။ အလံတစ်ရာ အလံတစ်ထောင်ပင် ဝေးသော်လည်း ထိုအရပ်အတွင်း၌ ပုခုံးနှစ်ဖက်ကို ခြုံရုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ ရေချိုးခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းကို မပြုအပ်။

ပဥ္စကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ၌ကား စေတီရင်ပြင် အစရှိသည်တို့၌ ထီးဆောင်း၍၊ ဖိနပ်စီး၍ လှည့်လည်သွားလာသော သူသည်လည်းကောင်း၊ ထွေထွေလာလာ များပြားစွာသော အကျိုးမဲ့သောစကားကို ပြောဆိုသောသူသည်လည်းကောင်း ဘုရားရှင်၌ ရိုသေခြင်း မရှိသည်ဖြစ်၍ နေသည်မည်၏ဟူ၍ ဖွင့်ဆိုပေ၏။

ပြဆိုပြီးခဲ့သော စေတီတော် မဟာအရာမ်တံတိုင်းအတွင်း မြေတစ်ခွင် တစ်ပြင်လုံးဟူသော စေတီရင်ပြင်၌ "ဖိနပ်စီးမှု" သည် ဗုဒ္ဓအဂါရဝ - ဘုရားရှင်အား မရိုသေမှု အပြစ်ကြီး ဖြစ်၏။ ဘုရားရှင်အား မရိုသေမှု ဗုဒ္ဓအဂါရဝ အပြစ်ကြီးဖြစ်မှုသည် စီးသောပုဂ္ဂိုလ်၌ အပြစ်ရှိရုံမျှမက "သာသနာဖျက်မှုကြီး" လည်း ဖြစ်၏။

ထို့ကြောင့် နိဒါနဝဂ္ဂ ကဿပသံယုတ် ပါဠိတော်၌လည်း ဤသို့ ဟောတော်မူခဲ့၏ -

"ချစ်သား ကဿပ၊ ငါးပါးကုန်သော သက်လျော ဆုတ်လျော့ကြောင်း ဖြစ်ကုန်သော ဤအယုတ်တရားတို့သည် သူတော်ကောင်းတရားတည်း ဟူသော သာသနာမြတ်ကြီး၏ ချုတ်ယင်းတိမ်းပါး ပျက်ပြားခြင်းငှာလည်းကောင်း၊ မိုက်မှောင်ဖိတ်ဖုံး ကွယ်ဆုံးခြင်းငှာလည်းကောင်း ဖြစ်ကုန်၏။ ငါးပါးတို့ဟူသည် အဘယ်တို့နည်းဟူမူကား -

၁။ ကဿပ၊ ဤသာသနာတော်၌ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဒါယကာ ဒါယိကာမတို့သည် ဘုရားရှင်၌ ရိုသေခြင်း၊ တုပ်ဝပ်နိမ့်ချခြင်း၊ မရှိကြကုန်သည် ဖြစ်၍ နေကြကုန်၏။

၂။ တရားတော်၌ ရိုသေခြင်း၊ တုပ်ဝပ်နိမ့်ချခြင်း၊ မရှိကြကုန်သည် ဖြစ်၍ နေကြကုန်၏။

၃။ သံဃာတော်၌ ရိုသေခြင်း၊ တုပ်ဝပ်နိမ့်ချခြင်း၊ မရှိကြကုန်သည် ဖြစ်၍ နေကြကုန်၏။

၄။ သိက္ခာသုံးပါး၌ ရိုသေခြင်း၊ တုပ်ဝပ်နိမ့်ချခြင်း၊ မရှိကြကုန်သည် ဖြစ်၍ နေကြကုန်၏

၅။ သမာဓိ၌ ရိုသေခြင်း၊ တုပ်ဝပ်နိမ့်ချခြင်း၊ မရှိကြကုန်သည် ဖြစ်၍ နေကြကုန်၏။

"ချစ်သား ကဿပ၊ ငါးပါးကုန်သော သက်လျောဆုတ်ယုတ်ကြောင်း ဖြစ်ကုန်သော ဤအယုတ်တရားတို့သည် သူတော်ကောင်းတရားတည်း ဟူသော သာသနာတော်မြတ်ကြီး၏ ချုတ်ယွင်းတိမ်းပါးပျက်ပြားခြင်းငှာလည်းကောင်း၊ မိုက်မှောင်ဖိတ်ဖုံး ကွယ်ဆုံးခြင်းငှာလည်းကောင်း ဖြစ်ကုန်၏။

## သိကြားမင်း၏ ရိုသေမှု

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် သက္ကသံယုတ်၌ သိကြားမင်းနှင့် ဝေပစိတ္တိ အသူရိန်မင်းကြီး ဟိမဝန္တာတောင်တွင် အတူတကွ လှည့်လည်ကြရာ ရသေ့ငါးရာတို့နေရာ အရာမ်တိုက်တာသို့ ရောက်ကြသောအခါ သိကြားမင်းကြီးသည် တံခါးအပြင်ဘက်၌ ရပ်လျက် ဖိနပ်ကို ချွတ်ခြင်း၊ ထီးကို ရုပ်ခြင်း၊ လက်၌ပါရှိသော သန်လျက်ကို ချထားခြင်းကို ပြုပြီးမှ အရာမ်တံခါးအတွင်းသို့ ဝင်၍ ရသေ့များကို ရှိခိုးလျက် ရပ်နေကြောင်း လာရှိသည်။

ယင်းကို ထောက်ရှုသော် ရသေ့တွေထက် အဆများစွာ အကျင့်သိက္ခာ.သာသော သာသနာတော်ထမ်း ရှင်ရဟန်းတော်တို့ သီတင်းသုံးရာ ကျောင်းတိုက်အတွင်းသို့ လာရောက်ကြသော ဒါယကာ ဒါယကာမတို့သည် ရဟန်းတော်တို့ကို ရိုသေသောအားဖြင့် ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်းအမှုတို့ကို ပြု၍ အလေးပြုဖွယ် ကောင်းလှပါသည်။

## ရှိသေမှုမည်သည်

မှန်၏။ ရှိသေမှု၊ ဂါရဝမှုမည်သည် ဝေးသည်ထက်ဝေးရာက အလေးဂရုရှိသေမှုပြုနိုင်လေလေ ကောင်းလေလေဖြစ်၏။ ဝေးသည်ထက် ဝေးရာက အလေးဂရု ရှိသေမှု ပြုဖူးသောဝတ္ထုကား -

"ဘုရားရှင် ဝေသာလီပြည်၌ နေတော်မူသောအခါ မိထွေးတော် ဂေါတမီသည် သာကီဝင် မင်းသမီးငါးရာနှင့်တကွ ကပိလဝတ် နေပြည်တော်မှ ယူဇနာ ၅၀ ကွာဝေးသော ဝေသာလီပြည် ဘုရားရှင်ထံတော်သို့ ရဟန်းမိန်းမပြုရန် သွားကြရာ၌ ဆင်မြင်းရထားကို မဆိုထားဘိ၊ ဖိနပ်စီး၍ သွားလျှင် ဘုရားရှင်ကို မရိုသေရာ ကျမည်စိုးသောကြောင့် ဖိနပ်ကိုမျှ မစီးဘဲ သွားကြကြောင်း" စူဠဝါပါဠိတော် ဘိက္ခုနီခန္ဓကတွင် လာ၏။

ဥပရိပဏ္ဏာသဓာတုဝိဘင်္ဂသုတ် အဋ္ဌကထာ၌လည်း တက္ကသိုလ်ပြည့်ရှင် ဘုရင်ပက္ကုသာတိမင်းကြီးသည် ၁၉၂ ယူဇနာဝေးကွာသော ဘုရားရှင်နေတော်မူရာ ရာဇဂြိုဟ်ပြည်သို့ လာသောအခါ ဘုရားရှင်၌ မရိုသေမှု - ဗုဒ္ဓအဂါရဝ ဖြစ်မည်စိုး၍ လွှာဖိနပ်ကိုမျှ မစီးကြောင်း လာရှိ၏။

ဤကား ဝေးသည်ထက်ဝေးရာက ဖိနပ်စီးမှုကို ကြဉ်ရှောင်ကြသော ဝတ္ထုသက်သေသာဓကတို့ပေတည်း။ အတုယူနိုင်သမျှ ယူပါလေ။

## ကောသလမင်းကြီး ရှိသေမှု

မဇ္ဈိမပဏ္ဏာသ ပါဠိတော် အဋ္ဌကထာ ဓမ္မစေတီယသုတ်ကို ကောက်နုတ်စိစစ်ပြရသော် တစ်ရံသောအခါ ကောသလမင်းကြီးသည် နဂရကမြို့ ဥယျာဉ်၌ နေခိုက် ထိုမြို့မှ သုံးယူဇနာဝေးကွာသော မေဒါလုပနိဂုံး၌ ဘုရားရှင် ရှိတော်မူကြောင်းကို ကြား၍ ဒီဃကာရာယနအမတ်နှင့်တကွ ယာဉ်ရထားတို့ဖြင့် နေ့ချင်းရောက်သွားလေရာ ဘုရားရှင်သီတင်းသုံးတော်မူရာကျောင်းတိုက်အရာမ်သို့ ဝင်ခန်း၌ -

> "ပသေနဒီကောသလမင်းကြီးသည် အကြင်အရပ်၌ ကျောင်းတိုက်အရာမ် ရှိ၏။ ထိုကျောင်းအရာမ်ရှိရာ အရပ်သို့ သွား၏။ အကြင်မျှလောက် အတိုင်းအရှည်ရှိသော ရထားယာဉ်၏ သွားရာမြေအဖို့ ရှိ၏။ ထိုမျှလောက် အတိုင်းအရှည်ရှိသော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှတစ်ဖန် ဆင်းသက်ပြီး ခြေကျင်သာလျှင် ကျောင်းတိုက်အရာမ်တွင်းသို့ ဝင်လေ၏။

ဤပါဠိတော်စကား၌ ခြေကျင်သွားသည် ဆိုသည်ကား ခြေနင်းကိုမျှ မစီးဘဲ သွားသည်ကိုယူပါ။ ၎င်းပြင် ကျောင်းတိုက်အရာမ်တွင်းသို့ရထားယာဉ်၊ မြင်းယာဉ် စသည် မစီးဘဲ ဝင်သည်ကိုလည်း သတိမူပါ။ ယင်းတို့ကိုထောက်သော် ယခုခေတ်တွင် ကျောင်းဝင်းအတွင်းသို့ မော်တော်ကား၊ ဆိုက်ကား၊ စက်ဘီးယာဉ်များ စီးနင်းဝင်သည်ကို သတိမူသင့်၏။

၎င်းပြင် ဝေဿန္တရာဇာတ်ပါဠိတော်၌ -

> "ဤသို့လျှင် ခမည်းတော် သိဝိစည်းမင်းကြီး သားတော်ဝေဿန္တရာ၊ မဒ္ဒီမိဖုရားတို့သည် ပြောဆိုတိုင်ပင်ကြကုန်စဉ် ဖိနပ်ကိုမျှ မစီးသည်ဖြစ်၍ ခြေကျင်လာသော မဒ္ဒရာဇ်မင်းကြီး၏ သမီးဖြစ်သော မယ်တော်ဖုဿတီမိဖုရားကြီးသည် တောင်ယံကမ်းပါး ကျောင်းတံခါး၌ ထင်မြင်ရလေ၏။

ဟု လာရှိ၏။ ဤ၌မူ ဘုရားရှင်အပေါ်၌ ရှိသေမှုကို မဆိုထားဘိ။ မင်း.မိဖုရားတို့အပေါ်၌ပင် ဤမျှ ရှိသေခြင်းရှိသည်ကို ပြဆိုခြင်းဖြစ်၏။ ယင်းကိုထောက်ရှုသော် ဘုရားရှင်အပေါ်၌ ဤမျှထက်ပင် ရှိသေသင့်သည်ကို သိနိုင်ပါသည်။

## သန်လျက်ပေး

ကောသလမင်းကြီးသည် ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတိုက်အရာမ်တွင်းသို့ ဝင်ပြီးလျှင် လွင်တီးခေါင်၌ ရဟန်းတော်ကြီးများ စကြံသွား၍ နေကြသည်ကို မြင်သော် ရှဉ်းကပ်ပြီးလျှင် "ဘုရားရှင် အဘယ်မှာ နေတော်မူပါသနည်း" ဟု မေးလျှောက်သည်။

ရဟန်းတော်ကြီးများက ဘုရားရှင် နေတော်မူရာကျောင်းကို ညွှန်ပြကြလေ၏။ ထိုအခါ ကောသလမင်းကြီးသည် သန်လျက်နှင့် နဖူးသင်းကျစ်ကို ဒီဃကာရာယန အမတ်အား ပေးအပ်၍ ဘုရားရှင် ရှိတော်မူရာ ကျောင်းတော်သို့ သွားလေ၏။

ဤ၌တွင် သတိမူသင့်သည်မှာ လေးစားထိုက်သော ဘုရားရှင်နှင့် ရဟန်း၊ သံဃာ၊ ဆရာသမား၊ မိဘများထံ သွားသော အခါ ရှုပ်ထွေးပွေလီသော မိမိတို့ ပစ္စည်းပရိက္ခာများကို ယူမသွားဘဲ တစ်နေရာရာတွင် ထားခဲ့ခြင်းသည် ရှိသေသော ဝတ်တစ်ခု ဖြစ်သည်ကို သတိမူသင့်ပါသည်။

ပါဠိတော်စကား၌ သန်လျက်နှင့် နဖူးသင်းကျစ်ကိုသာ ထိုအမတ်အား ပေးအပ်သည်ဟု လာ၏။ အဋ္ဌကထာ၌မူကား ထီးဖြူ၊ ခြေနင်း၊ သားမြီးယပ်နှင့်တကွ မင်းမြောက်တန်ဆာ ငါးပါးလုံးကို ပေးအပ်သည်ဟု လာ၏။

ထိုတွင် သန်လျက်နှင့် နဖူးသင်းကျစ်မှာ ပါဠိတော်ရှိသည့်အတိုင်း မင်းကြီး၏ကိုယ်၌ပင် ပါသည်ဟု ယူပါလေ၊ အဋ္ဌကထာ၌ ထည့်သွင်းလျက်ပါရှိသော ထီးဖြူ၊ ခြေနင်း၊ သားမြီးယပ်များမှာ မင်းချင်းယောကျ်ား အဆောင်ကိုင်များ လက်တွင်ပါ သည်ဟု ယူပါလေ။

## မေးမြန်းဖွယ်

အဆောင်ကိုင်များ လက်တွင်ပါရှိသည်ကို အဘယ့်ကြောင့် ထိုအမတ်အား ပေးအပ်ရပြန်သနည်း။ ထိုဘဏ္ဍာများ သည် အလွန်အဖိုးထိုက်တန်သော ကျောက်ကောင်း၊ စိန်ကောင်း တို့ဖြင့် ခြယ်လှယ်အပ်သော ဘဏ္ဍာများဖြစ်၍ အဆောင်ကိုင် သူငယ်များနှင့် စိတ်မချသာ ရှိသောကြောင့် ဒီဃကာရာယနအမတ်အား နှုတ်ဖြင့် ပေးအပ်လိုက်သည်ဟု မှတ်ရမည်။

## အချို့အယူ

အချို့သူတို့ကား ကောသလမင်းကြီးသည် အရာမ်တွင်းသို့ဝင်လာသောအခါ၌ ဖိနပ်ခြေနင်းကို စီး၍၊ ထီးဖြူကို ဆောင်း ၍၊ သန်လျက်ကို လွယ်၍၊ နဖူးသင်းကျစ်ကို ဆင်၍၊ သားမြီးယပ်ကို ကိုင်စွဲ၍ အရာမ်တွင်းသို့ ဝင်လာသည်ဟု ယူဆကြသည်၊ ထိုအယူသည် မသင့်ပါ။

အဘယ့်ကြောင့် မသင့်သနည်းဆိုသော် လူဖြစ်သော သူတို့သည် ရသေ့၊ ရဟန်းတို့ နေရာ တိုက်တာ အရာမ်အတွင်း သို့ ဝင်ကြရာ၌ ဖိနပ်စီး၍ မဝင်အပ်၊ ထီးဆောင်း၍ မဝင်အပ် ဟူသော ဝတ်နိဗဒ်ကြီးသည် ရှေးအစဉ်အလာ ကမ္ဘာ့ထုံးစံကြီးလည်း ဖြစ်၏။ ဗုဒ္ဓဘာသာ ထုံးစံကြီးလည်း ဖြစ်၏။

ကောသလမင်းကြီးသည် ထိုကမ္ဘာ့ထုံးစံကြီး၊ ဗုဒ္ဓဘာသာထုံးစံကြီးတို့ကို မသိဘဲ ရှိပါ့မည်လော။ သိမည်သာ ဖြစ်၏။ ထို့ကြောင့် ဖိနပ် မစီး၊ ထီး မဆောင်းမူ၍ အရာမ်တွင်းသို့ ဝင်သည်ဟူ၍သာ မှတ်ရမည်။

သို့သော် သန်လျက်လွယ်မှုနှင့် သင်းကျစ်ဖွဲ့မှုတို့တွင် သန်လျက်လွယ်မှုမှာ အသက်အရန်အတားဖြစ်၍ မလွှတ်သာ သောကြောင့် အရာမ်တွင်းသို့ ပါရှိလေသည်။ နဖူးသင်းကျစ်ဖွဲ့မှုမှာ ဦးရစ်ပေါင်းနှင့်အတူ အဂါရဝ အရေးမကြီးလှ၍ ပါရှိလေ သည်ဟု မှတ်ပါ။

## စေတီတည်ရာဌာနများ

ဘုရားရှင်အား မရိုသေမှု ဗုဒ္ဓအဂါရဝနှင့် စပ်သော ဤအရာ၌ စေတီတည်ရာဌာနသည် အမျိုးမျိုး ရှိကြ၏။

၁။ အချို့စေတီသည် "ဗုဒ္ဓသန္တက = ဘုရားမြေ" စေတိယသန္တက - စေတီမြေပေါ်၌ တည်၏။

၂။ အချို့စေတီသည် သံဃအရာမ်တွင်းမှ သံဃသန္တက = သံဃိကမြေပေါ်၌ တည်၏။

၃။ အချို့စေတီသည် ပုဂ္ဂလိကအရာမ်တွင်းမှာ ပုဂ္ဂလိကမြေပေါ်၌ တည်၏။

၄။ အချို့စေတီသည် ဗုဒ္ဓသန္တက - ဘုရားမြေမဟုတ်သော ဂါမ - ရွာမြေ၊ နိဂမ - နိဂုံးမြေ၊ နဂရ - မြို့မြေ၌ တည်၏။

ထိုလေးမျိုးတို့တွင်

၁။ ဗုဒ္ဓသန္တက၊ စေတိယသန္တက မြေပေါ်၌တည်သော စေတီဖြစ်အံ့၊ အရာမ်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဗုဒ္ဓသန္တက၊ စေတိယသန္တက မြေအဝန်းအဝိုင်းလုံး၌ပင် ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း အစရှိသော မရိုသေမှု အဂါရဝအမှုတို့ကို ကြဉ်ရှောင်အပ်၏။

၂။ သံဃိက အရာမ်တွင်းမှာ သံဃသန္တက - သံဃိကမြေပေါ်၌တည်သော စေတီသည် အရာမ် ရှိ၊ အရာမ် မရှိ အားဖြင့်နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင် စိန်တောင်၊ စိန်ရန်၊ တံတိုင်း၊ မီးတား အရာမ် ရှိသည်ဖြစ်အံ့၊ အရာမ်တွင်း၌သာ ဖိနပ်စီးမှု၊ ထီးဆောင်းမှု အစရှိသော အဂါရဝမှုတို့ကို ကြဉ်ရှောင်အပ်၏။ အရာမ် မရှိခဲ့သော် စေတီ၏ ထက်ဝန်းကျင်မှ ၁၂ တောင်အတွင်း၌ အဂါရဝမရိုသေမှု ဖိနပ် စီးခြင်း၊ ထီး ဆောင်းခြင်း စသည်တို့ကို ကြဉ်ရှောင်အပ်၏။

၃။ ပုဂ္ဂလိကအရာမ်တွင်းမှာ ပုဂ္ဂလိက မြေပေါ်၌ တည်သော စေတီသည်လည်း အရာမ် ရှိ၊ အရာမ် မရှိ အားဖြင့် နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် စိန်တောင်၊ စိန်ရန်၊ တံတိုင်း၊ မီးတား စသော အရာမ်ရှိသည်ဖြစ်အံ့ ၊ အရာမ်တွင်း၌ ဖိနပ်စီးခြင်း စသောမရိုသေမှု = အဂါရဝမှုတို့ကို ကြဉ်ရှောင်အပ်၏။

အရာမ် မရှိခဲ့သော် စေတီ၏ ထက်ဝန်းကျင်မှ ၁၂တောင်အတွင်း၌ ဖိနပ်စီးခြင်း စသော မရိုသေမှု - အဂါရဝမှုတို့ကိုကြဉ်ရှောင်အပ်၏။

၄။ ဂါမ - ရွာမြေ၊ နိဂမ - နိဂုံးမြေ၊ နဂရ - မြို့ မြေပေါ်၌ တည်သော စေတီတို့၌လည်း ထို့အတူ ခွဲဝေ၍ သိ - အပ်၏။

ဤ ဘုရားရှင်အားမရိုသေမှု ဗုဒ္ဓအဂါရဝ အရာမည်သည် အလွန် အလေးပြုထိုက်သော အရာဌာနကြီးဖြစ်၍ ဝေးရာက ကြဉ်ရှောင်ခြင်းကိုသာ ချီးမွမ်းအပ်၏။ အနီးအပါးနှင့် ဆက်နွယ်၍ယူမှု ပြောဆိုမှုတို့ကို ကြဉ်ရှောင်အပ်၏။ သတိကြီးကြီးထားကြပါလေကုန်။

## ခြေဖဝါး ဓားခွဲခံရ

ဤအရာ၌ အထူးပြဖွယ်ရှိ၏။ သုတ်သီလက္ခန်အဋ္ဌကထာ၌ "တစ်ဆင့်စကား ကြားဖူးသည်ကား ပိဗ္ဗိသာရမင်းကြီး သည် ရှေးဘဝ၌ စေတီရင်ပြင်တော်၌ ဖိနပ်စီးလျက် သွားလေပြီ။

ရဟန်းသံဃာတို့ နေထိုင်ခြင်းအကျိုးငှာ ခင်းထားသော ဖျာရိုင်ကိုလည်း မဆေးသောခြေတို့ဖြင့် နင်းလေပြီ။

ဤယခုဘဝ၌ ခြေဖဝါးကို ဓားခွဲခံရခြင်းသည် ထိုမကောင်းမှု၏ အကျိုးဆက်တည်း၊ ဤသို့ ဆိုကြကုန်၏"

ဗိမ္ဗိသာရမင်းကြီးအား အားကြီးသော ဒုက္ခဝေဒနာသည် ဖြစ်ပွားလေ၏၊ ထိုဗိမ္ဗိသာရမင်းကြီးသည် -

"မြတ်စွာဘုရားသည် ခြော် . . . အံ့ဩဖွယ်ရာ ကောင်းပါပေစွ၊ တရားတော်သည် ခြော် . . . အံ့ဩဖွယ်ရာ ကောင်းပေစွ၊ သံဃာတော်သည် ခြော် . . . အံ့ဩဖွယ်ရာ ကောင်းပါပေစွ"

ဤသို့ အဖန်ဖန် အောက်မေ့လျက်သာလျှင် စေတီအပြင် ပန်းတင်ခုံပေါ်၌ မြှောက်တင်ပူဇော်အပ်သော ပန်းကဲ့သို့ ညှိုးနွမ်း၍ စုတေပြီးလျှင် စတုမဟာရာဇ်နတ်ပြည်၌ ဝေဿဝဏ်နတ်မင်းကြီး၏ အလုပ်အကျွေးဖြစ်သော ဇနဝသဘ အမည်ရှိ နတ်ဘီလူး ဖြစ်လေ၏။

## စေတီရင်ပြင် အယူအဆ

ဤ စေတီရင်ပြင် အယူအဆကို ဖော်ပြပါအံ့၊ စေတီရင်ပြင်သည် ဖိနပ်စီးမှုနှင့် စပ်သော စေတီရင်ပြင်၊ ပန်းပူဇော်မှုနှင့် စပ်သော စေတီရင်ပြင်ဟု နှစ်မျိုး ရှိ၏။

ဘုရားရှင်အား မရှိသေမှု ဗုဒ္ဓအဂါရဝအရာ၌ စေတီတော်ရင်ပြင် ပထမပစ္စယာခေါ်သော ပန်းတင်ခုံပေါ်၌သာ ဖိနပ်စီးမှုကို မပြုအပ်သည်၊ စေတီရင်ပြင် ပထမပစ္စယာခေါ်သော ပန်းတင်ခုံမှတစ်ပါး တံတိုင်းအရာမ်အတွင်း မြေတစ်ခွင်လုံး၌ပင် ဖိနပ်စီး၍ အပြစ်မရှိ၊ ဗုဒ္ဓအဂါရဝ = ဘုရားရှင်အား မရှိသေမှု မဖြစ်မှုဟု အယူမှားကြီး မှားကြလေ၏။

ပြဆိုပြီးခဲ့သော မဟာရာမ်တံတိုင်းတွင်းဟူသော စေတီရင်ပြင်၌ ဘဏ္ဍာတော်တိုက်အမျိုးမျိုး၊ တန်ဆောင်း၊ ပြာသာဒ် ဇရပ်အမျိုးမျိုး ဆောက်လုပ်ရှိနေခဲ့သော ထိုတိုက်. ပြာသာဒ်. ဇရပ်. တန်ဆောင်း တို့၌လည်း စေတီရင်ပြင်နှင့်အတူ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်းကို မပြုအပ်။

အချို့သူတို့ကား "ရဟန်းတို့ အရာမ်တွင်း၌ ဖိနပ်စီးခြင်း၊ မီးရှူးမီးတိုင် ဆီမီးညှိထွန်းကိုင်ဆောင်ခြင်း၊ တောင်ဝှေးဆောင်ခြင်းတို့ကို ခွင့်ပြု၏" ဟူ၍ ခွင့်ပြုချက် ရှိသောကြောင့် အရာမ်အသီးအခြားဖြစ်ကြသော စေတီရင်ပြင်ရှိ ဘဏ္ဍာတိုက်၊ ပြာသာဒ်၊ ဇရပ်၊ တန်ဆောင်းတို့၌ ဖိနပ်စီးအပ်၏ဟု မှတ်ယူကြ၏၊ မဟုတ်လေစွ။

ထိုအရာမ်တွင်း၌ ဖိနပ်စီးခြင်းကို ခွင့်ပြု၏ဟူသော ခွင့်ပြုချက်သည် ရဟန်းသံဃာတို့ပိုင် သံဃိက - ပုဂ္ဂလိကအရာမ် များတွင် မိမိတို့နေရာ အရာမ်တွင်း၌သာ ခွင့်ပြုတော်မူချက် ဖြစ်လေသည်။

သူတစ်ပါးအရာမ်တွင်း ဖြစ်ခဲ့သော် ဘုရားစေတီအရာမ်တွင်းရှိ ဘဏ္ဍာတိုက် အစရှိသော အရာမ်များ၌ မဆိုထားဘိ၊ သူတစ်ပါးအရာမ်တွင်း၌သော်လည်း ဖိနပ်စီး၍ ထီးဆောင်း၍ မဝင်အပ်ဟူ၍ မှတ်ပါ။

## သံဃိကကျောင်း

ဇေတဝန်ကျောင်းတော်၊ ဝေဠုဝန်ကျောင်းတော် အစရှိသော ဘုရားရှင်လက်ထက်တော်၌ ရှိသော ကျောင်းတိုက်ကြီး များသည်မှုကား ဗုဒ္ဓသန္တက - ဘုရားဥစ္စာ၊ စေတိယသန္တက - စေတီဥစ္စာ ကျောင်းတိုက်များ မဟုတ်ကြ၊ စတုဒ္ဒိသာ သံဃိက ကျောင်းတိုက်ကြီးများသာ ဖြစ်ကြ၏။

ထို သံဃိကဖြစ်သော ဝေဠုဝန်ကျောင်းတော်၊ ဇေတဝန်ကျောင်းတော်ကြီးတို့၌ ရှိသော ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီကျောင်းတော်သည် ပရိဝုဏ်အသီးအခြား ဖြစ်၏။

ထို့ကြောင့် ဇေတဝန်ကျောင်းတိုက် အစရှိသည်တို့မှာ ပရိဝုဏ် အသီးအခြားဖြစ်သော ဂန္ဓကုဋီကျောင်းတိုက် အတွင်း၌သာ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်းကို ရှောင်ကြဉ်ဖွယ်ကိစ္စရှိ၏၊ ကျန်သော အရာမ်တွင်းဟု ဆိုအပ်သော ကျောင်းပရိဝုဏ်

အသီးသီးတို့၌ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်းတို့ကို ကြဉ်ရှောင်ဖွယ်ကိစ္စ မရှိ။ ဤကား ရဟန်းသံဃာတွေအတွက် သီးခြားဆိုခြင်း ဖြစ်၏။ လူတွေမှ မအပ်ပါ။

နောက်ကာလ၌ ဖြစ်ကြကုန်သော သီဟိုဠ်ကျွန်း ဟေမမာလာစေတီတော် အစရှိသော ဘုရားစေတီတို့၌မူကား ဗုဒ္ဓသန္တက၊ စေတိယသန္တက ဖြစ်သော ဘုရားမြေ၊ စေတီမြေပေါ်၌ ဆောက်လုပ်သော အဆောက်အအုံတို့သာတည်း။

ထို့ကြောင့် ထိုဘုရားစေတီ အရာမ်တွင်း၌ရှိသော အရာမ်တို့၌မူကား ခဏခေတ္တ တည်းခိုမှုနှင့် နေထိုင်သည်ဖြစ်စေ၊ လ,ရက် များစွာ နေထိုင်သည်ဖြစ်စေ၊ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်းကို မပြုအပ်ဟူ၍ မှတ်အပ်၏။

အို . . . စာရှုသူ၊ မိမိသည် စေတီရင်ပြင်ပေါ်၌ ဖိနပ် စီးသင့် .မစီးသင့် ပြဿနာကို လယ်တီဆရာတော်ဘုရားကြီး၏ သာသနဝိသောဓနီ ဒုတိယတွဲ မှ ယူ၍ ရေးလိုက်ပါသည်။ အရင်းကျကျ အကိုးသာကေနှင့်တကွ ကြည့်ရှုလိုပါမူ ယင်းတွင် ကြည့်ရှုပါ။

✧ စေတီတံတိုင်း၊ ဝန်းဝိုင်းအတွင်း၊ မှတ်တံ့လျှင်း၊ ခေါ်ခြင်းစေတီရင်ပြင်သာ။

✧ စေတီရင်ပြင်၊ ထိုထိုခွင်၊ လူရှင်များလှ၊ ဘယ်သူမှ၊ မရဖိနပ်စီးမှုမှာ။

✧ ဘုရားရှင်အား၊ ရိုသေငြားက၊ ဝေးစွာရပ်မှ၊ နေ၍ပ၊ ရှောင်ကြဖိနပ်စီးမှုမှာ။

✧ ထီးရုပ်မှုလည်း၊ ထို့တူပဲ၊ အမြဲဝေးမှ၊ ရှောင်လေက၊ ကောင်းစွာ့ရှိသေတာ။

# လူသုံးမျိုး တွေ့ရှိရပါသည်ဘုရား

(၁၆၆)

"ရဟန်းတို့ . . . မသင့်သော အကြောင်းအားဖြင့် နလုံးသွင်းသောသူအား ဖြစ်နေကျမဟုတ်သော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်လာကုန်၏၊ ဖြစ်နေကျဖြစ်သော အကုသိုလ်တရားသည်လည်း တိုးပွားကုန်၏၊ မဖြစ်ဘူးသေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ခွင့် မရကုန်၊ ဖြစ်မိသမျှသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ရကုန်၏၊

(ကေဝဋ္ဋသုတ်)

လောက၌အလုံးစုံသော သက်ရှိ.သက်မဲ့ အလိုရှိအပ်သော ဣဋ္ဌဝတ္ထု၊ အလိုမရှိအပ်သော အနိဋ္ဌဝတ္ထုအစုစု၊ အလုံးစုံသောဖြစ်မှု - ပျက်မှုအစုစုသည် နလုံးထား လိမ္မာလျှင် ကုသိုလ်ဖြစ်ဖို့ချည်းဖြစ်၏၊ နလုံးထား မလိမ္မာလျှင် အကုသိုလ်ဖြစ်ဖို့ချည်း ဖြစ်၏၊

အကုသိုလ် လွတ်ဖို့လမ်းသည် နလုံးထား လိမ္မာသော ယောနိသောလမ်း မည်၏၊ အကုသိုလ် ဖြစ်ဖို့လမ်းသည် နလုံးထား မလိမ္မာသော အယောနိသော လမ်းမည်၏၊

သက်တော်ထင်ရှား ဘုရားရှင်နှင့်ပင် တွေ့သော်လည်း အယောနိသောလမ်းသို့ စိတ်.ဦးလှည့်ခဲ့လျှင် အကုသိုလ်ဖြစ်ဖို့သာ ဖြစ်၏၊

မိမိအလိုသို့ လိုက်ပါသော တာဝတိံသာနတ်သမီးနှင့်ပင် တွေ့သော်လည်းကောင်း၊ မိမိအသက်ကို ဖျက်ဆီးမည့်သူနှင့်ပင် တွေ့သော်လည်းကောင်း ယောနိသောလမ်းသို့ ဦးလှည့်ခဲ့လျှင် ကုသိုလ်ဖြစ်၏၊

အို . . . စာရှုသူ၊ အယောနိသောလမ်းနှင့် ယောနိသောလမ်းဟူသော အကုသိုလ်လမ်း၊ ကုသိုလ်လမ်းနှစ်သွယ်ကို မိမိနလုံးတွင် အမြဲသတိရှိ၍ အယောနိသောလမ်းဟူသော အကုသိုလ်လမ်းကို ရှောင်ရှားနိုင်၍ ယောနိသောလမ်းဟူသော ကုသိုလ်လမ်းကို လိုက်နိုင်ရန် ကြိုးစားရမည် ဖြစ်၏၊

ယင်းသို့ လိုက်နိုင်ရန် မိမိတွင် ဆင်ခြင်တုံဉာဏ်နှင့် အမှတ်သတိ လိုအပ်ပါသည်၊ မှန်၏၊ ဉာဏ်သတိရှိပါမှ အယောနိသောလမ်းနှင့် ယောနိသောလမ်းကို သိရှိမည်ဖြစ်၏၊

ယင်းသို့ ဉာဏ်သတိရှိပြီး အယောနိသောလမ်းနှင့် ယောနိသောလမ်းကို သိရှိဖို့မှာလည်း မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းနှင့် တွေ့ရှိပေါင်းဆုံရ၍ ယင်းတို့အထံမှ မှန်ကန်သော အဆုံးအမ ဩဝါဒကောင်းတွေ ရရှိဖို့ အထူးလိုအပ်ပါသည်။

မိတ်ကောင်း ဆွေကောင်း၊ ဆရာကောင်းနှင့်တွေ့၍ အဆုံးအမ ဩဝါဒကောင်းများ ရရှိသော် အယောနိသောလမ်းနှင့် ယောနိသောလမ်း ကွဲလွဲကာ အကုသိုလ်ကို ပယ်နိုင်၍ ကုသိုလ်ကို လက်ဝယ်ဆုပ်ကိုင်နိုင်လာ၏။

ယင်းလူမျိုးများသည် လောကတွင် တစ်ယောက်မက အများအပြား ရှိပါ၏။ သို့သော်လည်း အလျဉ်းမသင့်၍ မတွေ့ရပါ။ အလျဉ်းသင့်သော် တွေ့ရပါ၏။

မိမိမူ တစ်ချိန်က တွေ့ခဲ့၏။ ယင်းသို့တွေ့သည်မှာ လူအနေနှင့် တွေ့သော်လည်း၊ လျှောက်သော စာအနေနှင့် လျှောက်၏။ သို့ဖြစ်၍ ယင်းအတွေ့ကား စာတွေ့လူတွေ့ဟူ၍ပင် ဆိုရမည့်ပမာ။

လူတွေ့ တွေ့သော်လည်း စာတွေ့လျှောက်ထားသူ၏ စာကား မရှည်လျား၊ အဖွဲ့အနွဲ့များ နည်းပါးသော်လည်း အသိဉာဏ်ရှေ့ထား သတိတရားနှင့် ရေးသားမေးမြန်းထား၍ ဖော်ပြလိုက်ပါ၏။

ဆရာတော်ဘုရား...

တပည့်တော်မတို့သည် မျက်မှောက်ကာလတွင် လူသုံးမျိုး တွေ့ရှိရပါသည် ဘုရား။

၁။ မိဘကို ပြုစုစောင့်ရှောက်သည်၊ စိတ်ငြိုငြင်မှု မရှိ၊ သဒ္ဓါတရား ထက်သန်၏။ ထိုသူကို သူကောင်းသူမြတ်ဟု ခေါ်၏။

၂။ ဒုတိယလူကား မိဘကို ပြုစုစောင့်ရှောက်သည်၊ မိဘအပေါ် စိတ်ငြိုငြင် စောင်းငမ်းမှု ရှိ၏။ သဒ္ဓါတရား အနည်းငယ်တွန့်တို၏၊ မိမိကျွေးမွေးစောင့်ရှောက်မှုတွင် ဂုဏ်ယူဝင့်ကြွား၏။

၃။ တတိယလူကား မိဘကို ပြုစုစောင့်ရှောက်မှု မရှိ၊ စိတ်ငြိုငြင်ခက်ထန်မှု မရှိ၊ သဒ္ဓါတရား အနည်းငယ်ရှိ၏၊ သို့သော် မိဘအပေါ်ငြိုငြင်ခက်ထန်မှု မရှိသည့်အတွက် ဂုဏ်ယူဝင့်ကြွား၏။

ထို ဒုတိယလူနှင့် တတိယလူ နှစ်ဦးတွင် မည်သူ မြတ်ပါသနည်းဘုရား။ သို့မဟုတ် မည်သူ ယုတ်ပါသနည်း ဘုရား။

ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် မည်သည့်အမျိုးအစားများ ဖြစ်ကြပါသနည်း။ တပည့်တော်မ စိတ်တွင် မတင်မကျ ဖြစ်နေမိပါ၍ လျှောက်ထားအပ်ပါသည်ဘုရား။

တပည့်တော်မတို့သည် မည်သည့်အခါမှသာ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ပါမည်နည်း။

ယခုမှသာ သေချာကျနစွာ တရားကို နာကြားအားထုတ်ခွင့် ရသဖြင့် တရားတော်များကို အကုန်နားမလည်သေးပါဘုရား။

လူပြိန်းဖြစ်သော တပည့်တော်မများ နားလည်နိုင်သောနည်းဖြင့် ဟောကြားပေးတော်မူပါရန်လည်း လျှောက်ထားအပ်ပါသည်ဘုရား။

တပည့်တော်မ၏ လျှောက်ထားချက်များ အမှားပါကလည်း ခွင့်လွှတ်တော်မူပါရန် ရှိခိုးလျှောက်ထားအပ်ပါသည်ဘုရား...

တပည့်တော်မ

(......)

သို့

(......)

ပြန်ကြားသိစေသည် -

(...... )ရဲ့အမေးပုစ္ဆာ ပြဿနာမှာက အဖြေဟာ ပါပြီးသားလို ဖြစ်နေပါပြီ၊ ပထမလူကို သူကောင်း သူမြတ်လို့ အဖြေထွက်ပြီးပြီ၊

ဒုတိယလူနှင့် တတိယလူကို မည်သူယုတ်သနည်း၊ သို့မဟုတ် မည်သူမြတ်သနည်းဟု မေးသော် နှစ်ဦး စလုံး၏အရည်အချင်းကို ဖော်ပြထားပြီး ဖြစ်၍ ရှင်းနေပါသည်၊ အဖြေထွက်နေပါသည်၊

လူတစ်ယောက်ကို အယုတ်အမြတ် ဆုံးဖြတ်ရာမှာ သူ၏ အကျင့်စာရိတ္တကို ကြည့်၍ ဆုံးဖြတ်ရတာမျိုး ဖြစ်၏၊

သို့ဖြစ်၍ ဒုတိယလူရော၊ တတိယလူပါ မိဘအပေါ်ပြုစုရမယ့် အကျင့်တရားအနေနဲ့ ချွတ်ယွင်းချက် ရှိတာ ချည်းပါပဲ၊ ဒုတိယလူကား ဝတ္တရားပြုလျက် ချွတ်ယွင်းချက် ရှိသည်၊ တတိယလူကား ဝတ္တရားမပြုဘဲ ချွတ်ယွင်း ချက် ရှိသည်၊

(...... )ပဲ စဉ်းစားကြည့်ပေါ့၊ ဝတ္တရားပြုပါလျက် ချွတ်ယွင်းချက်ရှိသူနှင့် ဝတ္တရားမပြုဘဲ ချွတ်ယွင်း ချက်ရှိသူ နှစ်ဦးတွင် ဘယ်သူ့ကို သူကောင်းသူမြတ် ခေါ်မလဲ၊

အမှန်ကတော့ ပထမလူထောက်သော် နှစ်ယောက်စလုံး သူယုတ်ချည်းပါပဲ၊ အဲဒီအယုတ်ချည်းတွင် ပြုပါလျက်နှင့် ချွတ်ယွင်းသူကို မပြုဘဲ ချွတ်ယွင်းသူထက်မြက်တယ်လို့ ဆိုရမှာပေါ့၊

ဘာဖြစ်လို့လဲဆိုတော့ ဒုတိယလူဟာ မိဘကို ပြုစုနေတဲ့အတွက် မိဘများတွင် အထောက်အကူများစွာ ဖြစ်နေသည်၊

သူ၏ငြိုငြင်မှု၊ သဒ္ဓါတရားတွန့်တိုမှု၊ ဂုဏ်ယူမှုမှာ သူ့အတွက် အပြစ်သပ်သပ်ပါ၊

တတိယလူကတော့ မိဘအပေါ်ပြုစုမှု မရှိတော့ မိဘတွင် အထောက်အကူ မဖြစ်ပါ၊ မိဘကို မပြုစု မစောင့် ရှောက်ဘဲ ငြိုငြင်မှု မရှိ၊ သဒ္ဓါတယ်ဆိုတာ ပြီးတော့ အဲဒါကိုပဲ ဂုဏ်ယူတယ်ဆိုတော့ အချည်းနှီးအလဟဿ ကျေးဇူး မများတဲ့ ဂုဏ်ယူခြင်းပါပဲ၊

ဘာမှ မပြုစုရဘဲ မငြိုငြင် မခက်ထန်၊ သဒ္ဓါရှိတာကတော့ လူတိုင်းထဲကပေါ့၊ အမှန်က ပြုစုနေပါ လျက်နဲ့ မငြိုငြင် မခက်ထန် သဒ္ဓါရှိမှ ကောင်းတာပေါ့၊

ဒါ့ကြောင့် တတိယလူဟာ ဒုတိယလူအောက် ယုတ်တယ်၊ သူယုတ်လို့ပဲ မှတ်ရပါမယ်၊

အဲဒီပုဂ္ဂိုလ်နှစ်မျိုးစလုံး မိဘရဲ့ ကြီးမားလှတဲ့ မိမိတို့အပေါ်တွင် မငြိုမငြင် ပြုစုခဲ့တဲ့ ကျေးဇူးတရား မသိ သူများဟု၍ မှတ်ပါ၊

လောကဓံတရားကို ခံနိုင်မှု မခံနိုင်မှုမှာ လောကအကြောင်း သိမှုနှင့် တရားရှိမှု အပေါ်တွင် မူတည်ပါ သည်၊

လောကထဲမှာ နေရင် လောကဓံတရားကတော့ ကြုံမှာပဲ၊ အဲဒါကို သေသေချာချာ သိထားပါ၊ လောကထဲ မှာ နေရသူမှန်သမျှ လောကဓံ မကြုံရသူ မရှိပါ၊

အကောင်းနှင့်အဆိုး၊ အနည်းနှင့်အများသာ ကွာမယ်၊ လောကထဲ ရှိနေသမျှ လောကဓံနှင့်ကြုံသူချည်းပင်၊ ငါတစ်ယောက်တည်း ကြုံရတာမဟုတ်လို့ သဘောပေါက်ပါလျှင် လောကဓံကို အတော်အတန်ခံနိုင်လာပါမည်၊

ဒီထက်ပိုပြီး ခံနိုင်ရည် ရှိဖို့ကတော့ အဲဒီ လောကဓံတရားတို့ရဲ့ အဖြစ်သဘော၊ အပျက်သဘောကိုမြင်ရင် ပိုခံနိုင်ပါမယ်။

ဒီထက်ပိုပြီး ခံနိုင်ရည်ရှိဖို့ကတော့ အဲဒီ လောကဓံတရားတို့ရဲ့ ဖြစ်ကြောင်း.ချုပ်ကြောင်းတွေပါမြင်ပြီး အဲဒီ လောကဓံတရားတွေရဲ့ မဖြစ်ရာ၊ လောကဓံတရားတွေ လုံးဝချုပ်ဆုံးရာ နိဗ္ဗာန်ရောက်ရင်တော့ လောကဓံ တရားတွေကို ကြံ့ကြံ့ခံနိုင်ပြီပေါ့။

ရှင်းရှင်းပြောရရင် လောကကလွန်မြောက် နိဗ္ဗာန်သို့ အပြီးရောက်မှ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်မယ် လို့ မှတ်ပါ။

အဲဒါကြောင့် လောကဓံကို ကြံ့ကြံ့ခံနိုင်ရေးအတွက် လောကက လွန်မြောက်အောင် တရားပဲ ကြိုးစား အားထုတ်ပါလို့ တိုက်တွန်းလိုက်သည်။

တရားကတော့ နာလည်း နာ၊ အားလည်း ထုတ်ပါမှ တဖြည်းဖြည်း နားလည်လာပါမည်။ ယခုမှ တရား နာကာစ၊ အားထုတ်ကာစဆိုတော့ ဒီလိုပဲ တရားတိုင်း အကုန်နားမလည်နိုင်သေးပါ။

ဟောတဲ့အခါတော့ အကုန်နားလည်အောင်ဆိုပြီး အတတ်နိုင်ဆုံးပဲ ဟောပေးရတာပေါ့။ ဒါပေမဲ့ အများနဲ့ အကုန်တည်ဖို့၊ အများအကုန်နားလည်အောင် ဟောဖို့ဆိုတာတော့ တရားတစ်ပုဒ်တည်းနဲ့ မဖြစ်နိုင်ပါ။

ပုဂ္ဂိုလ် အနအရင့် ကွာသလို တရားအနအရင့်လည်းရှိတော့ ပုဂ္ဂိုလ်တရား လျော်ညီသွားတဲ့အခါ နား လည်မယ်ပေါ့။ မလျော်ညီတဲ့အခါ နားမလည်ဘူးပေါ့။

မိမိနှင့် ဘယ်တရားနှင့် လျော်မည်ဆိုတာ မိမိလည်း မသိသလို ယခုခေတ်ဟောသူများကလည်း သူတစ်ပါး စိတ် မသိတော့ မသိနိုင်ပါ။

ဒါ့ကြောင့် တရားကို များများနာပေးပါ။ ကြာရင်လည်း နားလည်လာမည်။ မိမိနှင့်လျော်တဲ့ တရားလည်း နားလည်မည်။

အားလုံးခွင့်လွှတ်လျက်<br>
ဓတေဒဂ် - အရှင်ပညာဇောတ<br>
ဓမ္မဒူတတောရ<br>
တောင်စွန်း၊ ဘီးလင်းမြို့နယ်<br>
မွန်ပြည်နယ်

✦ မိဘကျေးဇူး၊ ကိုယ့်တင်ဖူး၊ အထူးသိပါစေ။
✦ သိထားသမျှ၊ ပြန်၍ပ၊ ကျေနဆပ်နိုင်စေ။
✦ ကျေးဇူးဆပ်ရာ၊ ငြိုငြင်စွာ၊ သဒ္ဓါရှိပါစေ။
✦ ဝင့်ကြွားမှုလည်း၊ မရှိဘဲ၊ မာန်လည်းကင်းပါစေ။
✦ ကျေးဇူးမသိ၊ လူ့ဒိဋ္ဌိ၊ ကျဘိအပါယ်ပြေ။

# အသုဘရေ့မှ သံဃာများ ကြွကောင်းပါသလား

(၁၆၇)

ဗုဒ္ဓဘာသာဝင်တို့ သေဆုံးကြသောအခါ ရုပ်အလောင်းအသုဘကို သုသာန်သို့ ပို့ကြ၏။ ထိုအခါ အသုဘ စည်ကား တင့်တယ်ရေးအတွက် အသုဘ အလောင်းကောင်းရှေ့မှ ကြေးစည်ကို ထုသွားစေ၏။

ယင်းကြေးစည်နောက်မှ ရဟန်းသံဃာတော်တို့ကို ကြွစေ၏။ ယင်းနောက်မှ အသုဘအလောင်းကို ထား၏၊ ယင်း နောက်မှ ဆွေမျိုးသားချင်းများ၊ ယင်းနောက်မှ မိတ်ဆွေသင်္ဂဟများက လှူဖွယ်ပစ္စည်း အသီးသီးတွေ ကိုင်ဆောင်ကာ လိုက်ပါ ပို့ဆောင်ကြသည်။

ထို့ထက် တတ်နိုင်သူများကမူ ရှေ့ဆိုင်း နောက်ဆိုင်းနှင့် သီလရှင်များ၊ ဝတ်အသင်းများနှင့် စည်ကားသိုက်မြိုက်စွာ ပို့ဆောင်ကြ၏။

အချို့မှာမူကား လောက်(ဒ)စပီကာကို အသံကုန်ဖွင့်ကာ ငိုချင်းချပြီး ပို့ကြ၏။

ယင်းသို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့၏အသုဘပို့နည်းမှာ ဆူညံသည်က တစ်မျိုး၊ စည်ကားသည်က တစ်သွယ်၊ တိတ်ဆိတ် ခြောက်ကပ်သည်က တစ်မျိုး စသည်ဖြင့် အရပ်ဒေသအလိုက်၊ အသိုက်အဝန်း ကောင်း.မကောင်း အလိုက် အမျိုးမျိုး ဖြစ်ကြ၏။

မည်သို့ ချသည်ဖြစ်စေ လူအများအတွက် မထောင်းသာလှသော်လည်း အသုဘ တင့်တယ်ရေးအတွက်၊ အသုဘ မြိုင်ဆိုင်ရေးအတွက် သံဃာတော်များကို အသုဘရှေ့မှ ကြွစေသည်မှာတော့ မလျော်လှပါ။

ယင်းအကြောင်းနှင့် ပတ်သက်၍ မိမိအား "အသုဘရှေ့မှ သံဃာများ ကြွကောင်းပါသလားဘုရား" ဟု မေးထားချက် ရှိ၍ ဖြေပြပါမည်။

ယင်းအမေးမျိုး ရှေးရှေးကလည်း မေးဖူး၍ ဝိနယသမူဟ ဝိနိစ္ဆယတွင် ဖြေထားချက် ရှိ၏။ ယင်းကိုပင် ဖော်ပြပါမည်၊ ယင်းတွင် အဘယ်သို့ မေးသနည်း။

"ယခုကား ကျေးတော ရပ်ရွာဒေသများမှာ မသာအသုဘရှိရာ ရွာတွင်းပြည်တွင်းသို့ ဝင်၍ များသောအား ဖြင့် မသာရှေ့က သွားကြ လိုက်ကြသည်၊ ယင်းသည် ဝိနည်းပညတ် သိက္ခာပုဒ်တော်နှင့် လျော်.မလျော်၊ ညီ.မညီ၊ လင်္ကာ သူတော်ကောင်းတို့ အလေ့အကျင့် ဟုတ်.မဟုတ် သိလို မှတ်လိုပါသည်" တဲ့။

"မတာန် ပရိဝါရတ္တံ အာဂန္တွ နျုတိ ပက္ကောသန္တိ န ဂန္တဗ္ဗံ = လူသေ အသုဘတို့၏ အခြံအရံအလို့ငှာ ကြွတော်မူပါကုန်လောဟု ပင့်လာကုန်အံ့၊ မလိုက်, မသွားအပ်"

(တတိယပါရာဇိက အဋ္ဌကထာ)

"သိဝထိကဒဿနေ အသုဘဒဿနေစ မရဏဿတိ ပဋိလဘိဿာမာတိ ကမ္မဋ္ဌာနသီသေန ဂန္တုံ ဝဋ္ဋတိ = သုသာန်တစပြင်ကို မြင်ရသော်လည်းကောင်း၊ အထူးထူး အထွေထွေ လူသေတို့ကို မြင်ရသော်လည်းကောင်း မရဏဿတိ ရကုန်အံ့ဟု အသုဘကမ္မဋ္ဌာန်း၊ မရဏဿတိကမ္မဋ္ဌာန်းကို အရင်းမူသဖြင့် သွားသင့်၏။

(တတိယပါရာဇိက အဋ္ဌကထာ)

"ဂန္တုံ ဝဋ္ဋတီတိ ပရိဝါရတ္တာယ အာဂန္တွ နျုတိ ဝုတ္တေပိ ဇဝံ သလ္လက္ခေတွာ ဂန္တုံ ဝဋ္ဋတိ = သွားသင့်၏ဟူသည်ကား အသုဘတို့၏ အခြံအရံအလို့ငှာ ကြွတော်မူပါကုန်လော၊ ဤသို့ ပင့်ခေါ်သော်လည်း ဤသို့ အဋ္ဌကထာဆိုတိုင်း ကမ္မဋ္ဌာန်းကို မှတ်၍ သွားသင့် ကြသင့်၏။ (သာရတ္ထဋီ)

"လေသကမ္မံ အကတွာ သမုပ္ပန္နသုဒ္ဓစိတ္တေန ပရိဝါရတ္တာယ အာဂန္တွ နျုတိ ဝုတ္တေပိ ဂန္တုံ ဝဋ္ဋတိ = အသုဘရှု ကြွတော်မူပါဟု ဒကာက ပင့်ရင်းရှိပြီဖြစ်၍ ဘယ်အပြစ် ဘယ်အာပတ် သင့်အံ့နည်း၊ သွားသော် လိုက်သော်ကောဟု အမျက်ထောင်ခြင်း အတင်းအဓမ္မမှုကို မပြုမူ၍ ကောင်းစွာဖြစ်သော စိတ်၏စင်ကြယ်ခြင်းဖြင့် အသုဘ၏ အခြံအရံအလို့ငှာ ကြွတော်မူပါကုန်လောဟု ပင့်သော်လည်း ကြသင့်၏။ ပြဆိုခဲ့ပြီးသော အဋ္ဌကထာ ဋီကာစကားရပ်တို့၏ မှတ်ဖွယ်အဓိပ္ပာယ်အချုပ်ကား -

"အသင့်အတင့် ကမ္မဋ္ဌာန်းတရားကို နလုံးထားနိုင်လျှင် ရွာတွင်း ရွာပြင်မဆို အခြံအရံအလို့ငှာ ကြွတော်မူပါဟု ပင့်ခေါ်လာသော်လည်း လိုက်အပ်သွားအပ်၏။

"အသုဘရှု ကြွတော်မူပါ" စသော ဓမ္မယုတ္တတရားနှင့် လျော်သော်၊ ကပ္ပိယ - အပ်သောစကားဖြင့် ပင့်ခေါ်လာမူကား ဆိုဖွယ်ရာမရှိ လိုက်အပ် သွားအပ်သည်သာတည်း။

"မသာ - အသုဘ၏ ပရိသတ် အခြံအရံ အစည်အပင် အတင့်အတယ်ကို လိုသော အယောနိသော မနသိကာရ = မသင့်မတင့် နလုံးသွင်းမှု ကမ္မဋ္ဌာန်းမှ လွတ်သောစိတ် ရှိမူကား "အသုဘရှုကြွပါ" စသော ဓမ္မယုတ္တတရားနှင့် လျော်သော၊ ကပ္ပိယ - အပ်သော စကားဖြင့်ပင် ပင့်ခေါ်လာသော်လည်း မသွားအပ်၊ မလိုက်အပ်"

ထိုသို့ မှတ်ယူအပ်သော အဋ္ဌကထာ၊ ဋီကာ သဘောသွားနှင့် များသောအားဖြင့် ကျေးတောမြို့ရွာများမှာ မသာအသုဘရှုပင့်သူ၊ လိုက်သူ နှစ်ဦးသားတို့၏ပြုကြသည့်အမှုသည် သင့်လျော်ညီညွတ် သက်ဝင်နိုင်ရာသော အကြောင်းအရိပ် မထင်။

ပညာရှိနည်းမှီ လင်္ကာသူတော်ကောင်းတို့ ကဲ့ရဲ့ ပြစ်တင်ခြင်း မကင်းလွတ်ရာသော သဘောသာထင်ရှား ရှိခဲ့ရကား ရဟန်းပညာရှိ၊ လူပညာရှိ ပရိယတ္တိဓမ္မ သာသနမူလ ထွန်းပပွင့်လင်းရာ မဟာရာဇဓာနီမင်းနေပြည်တော်ကြီး၌ ပျော်မွေ့နေထိုင်သော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့၏ နည်းကိုခံ၍ သုသာန်အရောက်သာ ပင့်ကုန် သွားကုန်ရာသည်၊ မသာအသုဘ၏ အခြံအရံကို ငဲ့သဖြင့် မပင့်အပ်၊ မသွားအပ်ဟု မှတ်ယူရမည်။

ဤကား ၁၂၁၇ ခုနှစ်က အမရပူရရွှေမြို့တော် ဇန်းမော်ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် ဖြစ်၏။

အို ... စာရှုသူ၊ ဤမျှဆိုလျှင် အမေး၏ အဖြေမှာ ပြည့်စုံပါမည်။ သို့ရာတွင် ယင်းအသုဘနှင့် ဆက်စပ်၍ သရဏဂုံအကြောင်းကို ရေးလိုပါသေးသည်။

အဘယ်ကြောင့် ရေးလိုသနည်း။ ဗုဒ္ဓဘာသာဝင်တို့သည် အသုဘကြုံလျှင် သရဏဂုံတင်မှုကို အရေးတကြီးပြု ကြသည်။

သို့သော် သရဏဂုံဆိုသည်မှာ ဘာမှန်းမသိကြသူတို့မှာ များပြားလှ၏။ တစ်ဖန် သရဏဂုံတင်သည်မှာ အသုဘကို တင်သည်ဟု ယူသူတွေမှာကား ရာနှုန်းပြည့်လို များပြားလှ၏။

ကြုံခဲ့ဖူး၏။ တစ်ချိန်က ဖြစ်ခဲ့၏။ မိမိတို့သည် ဒေသကို မကျွမ်းကျင်၊ တောရွာတစ်ရွာ အသုဘကို ကြွရ၏။

သုသာန်ရောက်သော် ခေါင်းကိုဖွင့်၍ အပ်ချည်ကြိုးနှင့်သွယ်ကာ ဘုန်းကြီးများဆီသို့ ပို့ရ၏။ မိမိမှာ အကြီးအကဲ ဖြစ်၍ သရဏဂုံ သီလပေးရ၏။ ပြီးသော် ရေစက်ချပေးလိုက်၏။ ပြီးသော် ရပ်နေ၏။

ထိုအခါ ဒကာ ဒကာမတွေမှာ ဟိုကြည့် သည်ကြည့်နှင့် တစ်ခုခုလိုသလို အလိုမကျ ဖြစ်နေ၏။ မိမိလည်း မလုံမလဲ ဖြစ်နေ၏။

"ငါဟောတာ ပြောတာ ဘာများလိုနေလို့လဲ"

ထို့နောက် လူရည်လည်သော ဒကာတစ်ယောက်က ထပြီးလျှောက်ထား၏။

"အရှင်ဘုရား သရဏဂုံ တင်ပေးပါဦးဘုရား"

ခက်ပြီ၊ ခက်ပြီ၊ အဲဒါမှ ခက်တယ်။ သရဏဂုံကား တင်ပြီးပြီ၊ ဘာ သရဏဂုံကို ဘယ်လိုတင်ရမည်ကို မိမိ မသိတော့ပါ။ သို့နှင့် မိမိကား မေးရ၏။

"ဘယ်လို သရဏဂုံတင်ရမလဲ"

"သင်္ခါရာ အနိစ္စာတိ"လေ ဘုရား"

"ဪ...ဪ...အင်း...အင်း...ယင်းသို့ဖြင့် မိမိတို့မှာ သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ သဗ္ဗေ သင်္ခါရာ အနတ္တာတိ စသည့် သုံးဂါထာတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ပေးလိုက်ရ၏။ ယင်းသို့ ရွတ်ဖတ်သရဇ္ဈာယ်ပေးလိုက်မှ ပရိသတ်အားလုံး ဘဝင်ကျသွား၏။

"အဲဒီ သဗ္ဗေသင်္ခါရာ အနိစ္စာတိ စတဲ့သုံးဂါထာကို သူတို့ဆီက သရဏဂုံ ခေါ်ပါသတဲ့။ အဲဒီ သုံးခါရွတ်ဖတ်သည် မှာ သရဏဂုံ တင်ပါသတဲ့"

ယင်းရွာမှာ ကျောင်းထိုင်နေသည်မှာကား စာမတတ် အကျင့်မကောင်းသော တောထွက်ကိုယ်တော်ကြီးသာတည်း။

ယင်းသို့ဆိုသော် ရွာသူရွာသားတွေ မနစ်နာပါသလော၊ နစ်နာလှပါ၏။ သို့ဖြစ်၍ သရဏဂုံအကြောင်းကို ရေးချင်ပါ သည်။ ရေးပြပါမည်။ ဦးစွာ အစ သရဏဂုံနှင့် စပ်၍ မှတ်ဖွယ်ကို အကျဉ်းချုပ် ဖော်ပြပါမည်။ ဤ သရဏဂုံအရာ၌ -

၁။ သရဏ (ကိုးကွယ်ရာ)

၂။ သရဏဂုံ (ကိုးကွယ်ရာဟု သိသော စိတ်.စေတသိက်)

၃။ သရဏဂုံတည်သူ

၄။ သရဏဂုံအပြား

၅။ သရဏဂုံအကျိုး

၆။ သရဏဂုံ၏ ညစ်နွမ်းခြင်း

၇။ သရဏဂုံ၏ ပျက်စီးခြင်း

ဤခုနစ်ပါးကို နားလည်သင့်၏။ သို့ပါမှ သရဏဂုံကို နားလည်သူ ဖြစ်ပါမည်။

(၁) ထို ခုနစ်ပါးတို့တွင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး အပေါင်းသည် ကိုးကွယ်ဆည်းကပ် သရဏဂုံ တည်သူ ဟူသမျှတို့၏ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်စိတ် ဆင်းရဲခြင်း၊ အပါယ်ဘုမ္မိ ဒုဂ္ဂတိ၌ ညစ်နွမ်း ပင်ပန်း ဆင်းရဲရခြင်း အမျိုးမျိုးကို ပယ်ဖျောက်တတ်ခြင်းကြောင့် "သရဏ" မည်၏။

တစ်နည်းကား -

မြတ်စွာဘုရားရှင် အစီးအပွား ချမ်းသာကြောင်းတရား၌ ဖြစ်စေခြင်းဖြင့်လည်းကောင်း၊ အစီးအပွားမဲ့ ဆင်းရဲကြောင်းတရားမှ တားမြစ်ခြင်းဖြင့် လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။

တရားတော်သည် ဘဝခရီးမှ လွတ်မြောက်စေသောအားဖြင့်လည်းကောင်း၊ သက်သာရာကို ပေးသောအား ဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။

သံဃာတော်သည် အနည်းငယ်မျှသော ကောင်းမှုများ၏ သော်မှလည်း ပြန့်ပြော ကြီးကျယ်သော အကျိုးကို ရအောင် ပြုတတ်သောအားဖြင့် သတ္တဝါတို့၏ ဘေးအမျိုးမျိုးတို့ကို ပယ်ဖျောက်တော်မူတတ်၏။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည် "သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက် တတ်သော ဝတ္ထုမှန် သုံးပါးသည် "သရဏ" မည်၏။

(၂) ထိုရတနာသုံးပါး၌ ကြည်ညိုခြင်း၊ ထိုရတနာသုံးပါး၌ အလေးပြုခြင်းတို့ဖြင့် ညစ်ညူးကြောင်း အကုသိုလ်တ ရားတို့ကို ပယ်ရှားလျက် ထိုရတနာသုံးပါး၌ ညွတ်ကိုင်းရှိုင်းသော မဟာကုသိုလ်စိတ်၊ စေတသိက်သည် "သရဏဂုံ" မည်၏။

ရဟန္တာပုဂ္ဂိုလ်တို့ အဖို့အရာ မဟာကြိယာစိတ် စေတသိက်သည် "သရဏဂုံ" မည်၏။

မဂ္ဂဋ္ဌ အရိယာတို့အဖို့ရာ မဂ်စိတ်၊ စေတသိက်သည် "သရဏဂုံ" မည်၏။

အချုပ်ဆိုသော် ဤမဟာကုသိုလ်၊ မဟာကြိယာ၊ မဂ်စိတ်၊ စေတသိက်အစုဖြင့် ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုသုံးပါးမှန်ဟူ၍ သိကြောင်း၊ ဆည်းကပ်ကြောင်း ဖြစ်သောကြောင့်ယင်းစိတ်၊ စေတသိက်စုသည် "သရဏဂုံ" မည်၏။

(၃) မဟာကုသိုလ်၊ မဟာကြိယာ၊ မဂ်စိတ် စေတသိက် တရားအစုနှင့်ပြည့်စုံသူသည် "သရဏဂုံတည်သူ" မည်၏။ အို . . . စာရှုသူ၊ ဤမျှဖြင့် စာရှုသူသည် သရဏကိုလည်း သိပြီ။ သရဏဂုံကိုလည်း သိပြီ။ သရဏဂုံတည်သူ ကိုလည်း သိပြီ။

ယင်းသို့ဖြင့် အချို့မှာ "အရဟံ" "အရဟံ" စသည်ဖြင့် ဘုရားဂုဏ်တော်ကို ပုတီးစိပ်၏။ ယင်းသို့ဖြင့် ထိုသူ့တွင် သရဏဂုံတည်၏။ ဗုဒ္ဓ သရဏဂုံတည်၏။

ယင်းဗုဒ္ဓ သရဏဂုံကို "အရဟံ - အရဟံ" စသည်ဖြင့် စိပ်နေမှုသည် "ကမ္မ = ကံ" မည်၏။ ကုသိုလ်ကံ မည်၏။ သရဏဂုံ ကုသိုလ်ကံ မည်၏။

ယင်း သရဏဂုံ ကုသိုလ်ကံက ယင်း သရဏဂုံတည်သူကို အစီးအပွား ချမ်းသာကြောင်းတရား ဖြစ်စေ၏။ ယင်းသို့ဖြင့် ဘေးကင်း ရန်ကင်း၏။ စီးပွားဉစ္စာ တိုးတက်၏။ ရာထူးတက်၏။

ယင်း သရဏဂုံတည်သူကို အစီးအပွားမဲ့ ဆင်းရဲကြောင်းတရားမှ တားမြစ်၏၊ ယင်းသို့ဖြင့် ဘေးရန်ကြဲသော်လည်း လွတ်မြောက်၏၊ အစီးအပွား မပျက်၊

ဤသို့ စသည်ဖြင့် ကောင်းကျိုးအမျိုးမျိုး ရခြင်း၊ ဆိုးကျိုးအမျိုးမျိုးမှ လွတ်မြောက်ခြင်းသည် မိမိ အမြဲမပြတ် ပြုသည့် သရဏဂုံကုသိုလ်ကြောင့်ပင် ဖြစ်၏၊

မည်သည့်အထက်ဆရာ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ မယ်တော်၊ ဘိုးတော်ကမှ မ.၍ မဟုတ်ပါ၊ ယင်းသို့ သိလျှင် ယင်းသူတွင် မိမိပြုတဲ့ သရဏဂုံကုသိုလ်ကံကို ယုံကြည်သော "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ဖြစ်၏၊

ယင်းသို့ မဟုတ်ဘဲ ဘိုးတော်၊ မယ်တော်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ အထက်ဆရာ စသည် တို့က မ.၍ ဟု ယူလျှင် "ဣဿရနိမ္မာနဟေတုဒိဋ္ဌိ" ဖြစ်၏၊

ယင်းသို့ဆိုသော် ကိုယ့်အလုပ် ကိုယ်လုပ်ပြီး သူတစ်ပါးထံ ကျွန်ခံသူနှင့် မတူပါလော၊

(၄) အို ... စာရှုသူ၊ ဆက်ရှုပါဘိ၊ သရဏဂုံအကြောင်း သိကောင်းစရာများကို ဖော်ပြပါဦးမည်၊

ယင်း သရဏဂုံသည် -

(က) လောကီ သရဏဂုံ

(ခ) လောကုတ္တရာ သရဏဂုံ

ဟူ၍ နှစ်မျိုးကွဲပြား၏၊ ထိုနှစ်ပါးတွင် -

(က) လောကီ သရဏဂုံသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သရဏဂုံညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ်တရားတို့ကို ပယ်ခွာသောအားဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကို အာရုံပြု၍ ဖြစ်ရှိပြည့်စုံ၏၊

ထိုသရဏဂုံသည် တရားကိုယ်အားဖြင့် ဘုရားအစရှိသော ရတနာသုံးပါးဝတ္ထုမှန်တို့၌ သဒ္ဓါတရားကို ရရှိခြင်း၊ သဒ္ဓါတရားလျှင် အရင်းခံရှိသော သမ္မာဒိဋ္ဌိ = ပညာစေတသိက်ပင်တည်း၊

ပုညကိရိယာ ဝတ္ထုဆယ်ပါးတို့တွင် "ဒိဋ္ဌိဇုကမ္မ" ဟူ၍ ခေါ်ဆိုအပ်လေသည်၊

ဤ၌ သဒ္ဓါတရားကိုလည်း သရဏဂုံဟူ၍ ခေါ်ဆို၏၊ သဒ္ဓါ၊ ပညာနှစ်ပါးကိုလည်း သရဏဂုံဟူ၍ ခေါ်ဆို၏၊ မှန်၏၊ လောကီသရဏဂုံသည် -

(၁) ဉာဏသမ္ပယုတ် သရဏဂုံ၊

(၂) ဉာဏဝိပ္ပယုတ် သရဏဂုံ၊

ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အမိ အဖ အစရှိသောသူတို့က တိုက်တွန်းသဖြင့် ကလေးသူငယ် အစရှိသောသူတို့၏ ခံယူနှုတ်မြွက် ဆောက်တည်အပ်သော သရဏဂုံသည် ဉာဏဝိပ္ပယုတ် သရဏဂုံမည်၏၊ ဤဉာဏဝိပ္ပယုတ် သရဏဂုံ၌ သဒ္ဓါစေတသိက်ကို အရကောက်ယူရ၏၊

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိရှိ၍ နှုတ်မြွက်ဆောက်တည်ခံယူအပ်သော သရဏဂုံသည် "ဉာဏသမ္ပယုတ်သရဏဂုံ" ဖြစ်၏၊ ဤဉာဏသမ္ပယုတ် သရဏဂုံ၌ သဒ္ဓါစေတသိက်၊ ပညာစေတသိက် နှစ်ပါးလုံးကိုပင် အရကောက်ယူရာ၏၊

ဤ၌ သဒ္ဓါစေတသိက်၊ ပညာစေတသိက် ဤနှစ်ပါးတို့ကို သရဏဂုံဟူ၍ ရေးသားပြဆိုခြင်းမှာ ပြဋ္ဌာန်းသည်ဖြစ်၍သာ ပြဆိုရေးသားခြင်းဖြစ်သည်၊

စင်စစ်သော်ကား ထိုသဒ္ဓါပညာပြဌာန်းသော ဦးဆောင်သော စိတ်စေတသိက်တို့ကိုပင် "သရဏဂုံ" ဟူ၍ ခေါ်ဆိုအပ်လေသည်။ ထိုလောကီသရဏဂုံသည် -

(က) အတ္တ သန္နိယျာတန သရဏဂုံ = မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းသော အခြင်းအရာအားဖြင့် သရဏဂုံ၊

(ခ) တပ္ပရာယဏ သရဏဂုံ = ရတနာသုံးပါး၌ လဲလျောင်းညွတ်ကိုင်းရှိုင်းသော အခြင်းအရာအားဖြင့်ဖြစ်သော သရဏဂုံ၊

(ဂ) သိဿဘာဝူပဂမန သရဏဂုံ = တပည့်အဖြစ်သို့ ကပ်ရောက်သော အခြင်းအရာအားဖြင့်ဖြစ်သော သရဏဂုံ၊

(ဃ) ပဏိပါတသရဏဂုံ = ရတနာသုံးပါး၌ အလွန်အမင်း အရိုအသေပြုသော အခြင်းအရာဖြင့် ဖြစ်သော သရဏဂုံ၊

ဟူ၍ (၄)ပါး ဖြစ်ပြန်သည်။ ထို(၄)ပါးတို့တွင် -

(က) "အဇ္ဇာဒိံကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ = ငါသည် ယနေ့ကစ၍ မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းပေးလှူပါ၏။ တရားတော်အား အပ်နှင်းပေးလှူပါ၏။ သံဃာတော်အား အပ်နှင်းပေးလှူ၏"ဟု ဆောက်တည်လျှင် "အတ္တသန္နိယျာတန သရဏဂုံ" မည်၏။

(ခ) "အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏော၊ ဓမ္မပရာယဏော၊ သံဃပရာယဏော မံ ဓာရေထ = ငါသည် ယနေ့ကစ၍ မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်သာလျှင် လဲလျောင်းကိုင်းညွတ်ရာရှိသူဖြစ်၏ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့" ဟု ဆောက်တည်လျှင် "တပ္ပရာယဏ သရဏဂုံ" မည်၏။

(ဂ) "အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ = ငါသည် ယနေ့က စ၍ မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်၏ အန္တေဝါသိက တပည့်ရင်းဖြစ်သူဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့" ဟု ဆောက်တည်လျှင် "သိဿဘာဝူပဂမန သရဏဂုံ" မည်၏။

ဤ၌ မဟာဇနက ဇာတ်တော်ဝယ် အသက်မဲ့ဖြစ်သည့် အသီးသီးသော သရက်ပင်၊ အသီးမသီးသော သရက်ပင်နှစ်မျိုးကိုပင် အလောင်းတော်ဇနကမင်းသည် မိမိ၏ဆရာအဖြစ်ဖြင့် "ဖလော အမ္ဗော အဖလောစ၊ တေ သတ္ထာရော ဥဘော မမ" ဟု ညွှန်ပြပြောဆိုတော်မူသကဲ့သို့ တရားတော်က အစီးအပွားရအောင် ညွှန်ကြားသကဲ့သို့ဖြစ်သောကြောင့် တရားတော်ကိုဆရာအနေဖြင့်လည်းကောင်း၊ မိမိကိုယ်ကို တပည့်အနေဖြင့်လည်းကောင်း ပြောဆိုအပ်လေသည်။

(ဃ) "အဇ္ဇာဒိံ ကတွာ အဟံ အဘိဝါဒန ပစ္စုဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံဝတ္ထူနံ ကရောမီတိ မံ ဓာရေထ = အကျွန်ုပ်သည် ယနေ့မှစ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့

အားသာလျှင် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းအမှုကို ပြုလုပ်သောသူဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့" ဟု ဆောက်တည်လျှင် "ပဏိပါတ သရဏဂုံ" မည်၏။

ဤဖော်ပြပါ အခြင်းအရာလေးပါးတို့တွင် တစ်ပါးပါးသော အခြင်းအရာကို ပြုလုပ်သောသူသည် သရဏဂုံ ခံယူအပ်သည်မည်၏။

အို…တရှသူ၊ မိမိတို့ဆောက်တည်သောသရဏဂုံသည်မည်သည့်သရဏဂုံဖြစ်သည်၊ သရဏဂုံ မြောက်သည်၊ မမြောက်သည်၊ ညက်ယှဉ်သည်၊ မယှဉ်သည် သတိပြု၍ ကြည့်ရှု စစ်ဆေးပါလော့။

အို … တရှသူ၊ ဆက်၍ ရှုပါဘိ၊ ယခုအခါ (ဃ)အမှတ်ပြု "ပဏိပါတ အရိုအသေပြုမှု" အပြားကို ဆက်၍ပြပါအံ့ - ထိုပဏိပါတခေါ်သော အရိုအသေပြုမှု၊ ရှိခိုးမှုသည် -

(က) ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း၊

(ခ) ကြောက်သဖြင့် အရိုအသေပြုခြင်း၊

(ဂ) ဆရာဖြစ်၍ အရိုအသေပြုခြင်း၊ ရှိခိုးခြင်း၊

(ဃ) မြတ်သောအလှူကို ခံယူထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန်အနေဖြင့် အရိုအသေပြုခြင်း၊ ရှိခိုးခြင်း -

ဟူ၍ လေးမျိုးပြားပြန်လေသည်၊ ထိုလေးမျိုးအနက် (ဃ) အမှတ်ပါ "မြတ်သောအလှူကို ခံယူထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန်အနေဖြင့် အရိုအသေပြုမှု ရှိခိုးမှုသာလျှင် ပဏိပါတ သရဏဂုံ" မြောက်လေသည်၊ ကျန်သုံးမျိုးဖြင့် ရိုသေမှု ရှိခိုးမှုကား သရဏဂုံမမြောက်ပေ။

မှန်၏၊ ချီးမွမ်းအပ်သော မြတ်သော ရတနာမှန်အနေဖြင့် ရိုသေမြတ်နိုးရှိခိုးမှတ်ယူမှုသာ သရဏဂုံမြောက်လေသည်၊

စစ်မှန်သော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို စွန့်ပယ်၍ အခြားမစစ်မှန်သည့် ဘုရားအမည်ခံ၊ တရားအမည်ခံ၊ သံဃာအမည်ခံများကို စစ်မှန်သော ဘုရား၊ တရား၊ သံဃာ ရတနာအနေဖြင့် ရိုသေမြတ်နိုးကိုးကွယ်မှုသာလျှင် သရဏဂုံ ပျက်လေသည်၊

အို … တရှသူ၊ မိမိသည် သရဏဂုံ ဆောက်တည်ပါ၏၊ သို့သော် ဆောက်တည်သည်မည် - မမည်၊ သရဏဂုံမြောက် - မမြောက်၊ မိမိကိုးကွယ်သည့် ပုဂ္ဂိုလ်သည် သရဏဂုံထိုက် - မထိုက် သတိပြုပါဘိ။

(ခ) လောကုတ္တရာ သရဏဂုံသည် သစ္စာလေးပါး သိမြင် အရိယာအရှင်တို့၏ သန္တာန်၌ ဆိုင်ရာဆိုင်ရာ မဂ်ခဏဝယ် သရဏဂုံညစ်ညူးကြောင်း ဥပက္ကိလေသအကုသိုလ်တရားတို့ကို အကြွင်းမထား ပယ်ဖျက်သောအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် ကိစ္စသိဒ္ဓိအားဖြင့် ရတနာသုံးပါး၌ပင် စိတ္တက္ခဏ တစ်ချက်တည်း၌ ပြည့်စုံလေသည်၊

အဓိပ္ပာယ်ကား လောကုတ္တရာ သရဏဂုံဟူသည် မဂ်စိတ် စေတသိက်တို့ကို ခေါ်သည်၊ ယင်း မဂ်စိတ်၊ စေတသိက်တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ကြရာ သရဏဂုံ ညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ်တရားတို့

ကို အကြွင်းမထား၊ အမြစ်ပြတ် ပယ်သတ်လျက် ဖြစ်ကြလေသည်။ ထိုသို့ ဖြစ်ကြသဖြင့်ပင် ထိုစိတ်စေတသိက်တို့က ရတနာတစ်ပါးကို အာရုံပြု၍ မဖြစ်၊ နိဗ္ဗာန်ကိုသာ အာရုံပြု၍ဖြစ်သော်လည်း ရတနာသုံးပါး၏ ဝတ္ထုမှန်အဖြစ်ကို သိခြင်းကိစ္စ ပြီးပြီးသား ဖြစ်လေသည်။ ယင်းသို့ ကိစ္စသိခြင်း ပြီးပြီးသားဖြစ်သည်ကိုပင် ကိစ္စသိဒ္ဓိအားဖြင့် ရတနာသုံးပါး၏ ဝတ္ထုမှန်အဖြစ်ကို သိသည်ဟု ခေါ်ဆိုသည်။ ထိုကိုပင် "မဂ်ခဏ၌ လောကုတ္တရာ သရဏဂုံ ပြည့်စုံသည်" ဟု ဆိုသည်။

ဥပမာအားဖြင့် "မဂ်ခဏဝယ် သစ္စာလေးပါးတရားကို သိ၏" ဟု ဆိုရာ၌ မဂ်စိတ်ဖြစ်သောအခါ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ရကား မဂ်စိတ်သည် နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် သိ၏။ အာရုံပြု၍ သိ၏။

ကျန်သစ္စာသုံးပါးအတွက်မှာမူ မဂ်စိတ္တုပ္ပာဒ်သည် ဖြစ်ပေါ်လာသောအခါ သစ္စာလေးပါးကို ဖုံးလွှမ်းပိတ်ကွယ်တတ်သော မောဟအမိုက်ကို အကြွင်းမထား အမြစ်ပြတ် ပယ်သတ်ပစ်လိုက်သည်။

ထိုသို့ ပယ်သတ်သဖြင့် ထိုအရိယာပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိသော မောဟ၊ သမုဒယသစ္စာကို သမုဒယသစ္စာမှန်း မသိသော မောဟ၊ နိရောဓသစ္စာကို နိရောဓသစ္စာမှန်း မသိသော မောဟ၊ မဂ္ဂသစ္စာကို မဂ္ဂသစ္စာမှန်း မသိသော မောဟ၊ ဤသစ္စာလေးပါးကို ဖုံးလွှမ်းပိတ်ကွယ်တတ်သော အဝိဇ္ဇာ မောဟတရား အမြစ်ပြတ် ကင်းရှင်းသွားသောကြောင့် ထိုအရိယပုဂ္ဂိုလ်သည် ကျန်သော သစ္စာသုံးပါးကို အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြုသော်လည်း ထိုကျန်သော သစ္စာသုံးပါးတို့ကို သိခြင်းကိစ္စ ပြီးပြီးသူ ဖြစ်လေတော့သည်။ ယင်းသို့ သိခြင်းကိစ္စ ပြီးပြီးသား ဖြစ်သည်ကိုပင် "ကိစ္စသိဒ္ဓိအားဖြင့် ကျန်သော သစ္စာသုံးပါးတို့ကိုလည်း သိ၏" ဟု ခေါ်ဆိုရသကဲ့သို့တည်း။

(၅) ဤသို့ ပြဆိုခဲ့ပြီးသော လောကီ သရဏဂုံ၊ လောကုတ္တရာ သရဏဂုံ နှစ်မျိုးတို့တွင် အရိယဖိုလ် လေးပါးတို့သည် လောကုတ္တရာ သရဏဂုံ မဂ်စိတ္တုပ္ပာဒ်၏ အကျိုးရင်း ဖြစ်ကုန်၏။ သံသရာဝဋ်ဒုက္ခ၏ ကုန်ခန်းချုပ်ငြိမ်းခြင်းသည် အကျိုးဆက်၊ အကျိုးဖျား၊ အာနိသံသ မည်၏။

တစ်နည်းကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဘယ်သောအခါမှာမှ နိစ္စဟူ၍၊ သုခဟူ၍၊ အတ္တဟူ၍ မစွဲယူခြင်း စသည်သည် လောကုတ္တရာ သရဏဂုံ၏ အကျိုးဆက် မည်၏။

ဘဝသမ္ပတ္တိ = သုဂတိဘဝသို့ ကပ်ရောက်ရခြင်း၊ ဘောဂသမ္ပတ္တိ = စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း စသည် လောကီသရဏဂုံ၏ အကျိုး မည်၏။

အို... စာရှုသူ၊ သရဏဂုံသည် အကျိုးကြီးလှ၏။ ယင်း သရဏဂုံတည်ပါလျှင်၊ ပြည့်စုံပါလျှင် လောကီမျက်မှောက် ချမ်းသာသုခ အမျိုးမျိုးတို့ကို ရနိုင်ခြင်း၊ အပါယ်ဘေးမှ ကင်းဝေးခြင်း၊ ကောင်းသော လူနတ်ချမ်းသာသာလျှင် လဲလျောင်းရာ ရှိခြင်း၊ နိဗ္ဗာန် ရရှိခြင်း စသည့် အကျိုးများစွာ ရရှိနိုင်၏။

(၆) ထိုလောကီ သရဏဂုံ၊ လောကုတ္တရာ သရဏဂုံ နှစ်ပါးတို့တွင် လောကီ သရဏဂုံသည် ရတနာသုံးပါးတို့၌ ဂုဏ်ကျေးဇူးကို မသိခြင်း၊ ယုံမှားခြင်း၊ အလွဲလွဲ အမှားမှား စွဲယူမှတ်ထင်ခြင်း စသည်တို့ကြောင့် ညစ်နွမ်း၏။ အရောင်မလက်၊ မပျံ့ပျူး၊ မကြီးကျယ်။

လောကုတ္တရာ သရဏဂုံမှာကား ညစ်နွမ်းမှုဟူ၍ မရှိ။ အမြဲတစေ သန့်ရှင်းစင်ကြယ်လျက် ရှိပေ၏။

အို … စာရှုသူ၊ သရဏဂုံသည် အကျိုးကြီးလှ၏၊ သို့ဖြစ်ပါ၍ သရဏဂုံမညစ်နွမ်းရလေအောင် ရတနာသုံးပါး ဂုဏ်ကျေးဇူးကို သိအောင် ကြိုးစားပါ။ ယုံမှားကင်းအောင် ကြိုးစားပါ။ အလွဲလွဲ အမှားမှား စွဲယူမှတ်ထင်မှု ကင်းအောင် ကြိုးစားပါလော့။

(၇) လောကီ သရဏဂုံ၊ လောကုတ္တရာ သရဏဂုံ နှစ်ပါးတို့တွင် လောကုတ္တရာ သရဏဂုံမှာ ဘယ်သောအခါမှ ပျက်စီးသောဟူ၍ မရှိ။ မှန်၏၊ လောကုတ္တရာ သရဏဂုံတည်ပြီးသူ ဖြစ်သည့် အရိယာသူတော်ကောင်းသည် တမလွန် လောက ဟိုဘဝ၌သော်လည်း ရတနာသုံးပါးမှတစ်ပါး အခြားသူကို ဆရာဟူ၍ မညွှန်ပြတော့ချေ။

လောကီ သရဏဂုံမှာကား ပျက်စီးခြင်း ရှိ၏။ ထိုလောကီ သရဏဂုံ၏ ပျက်စီးခြင်းသည် -

(၁) အပြစ်ရှိသော ပျက်စီးခြင်း

(၂) အပြစ်မရှိသော ပျက်စီးခြင်း

ဟူ၍ နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် -

(၁) ရတနာသုံးပါးမှတစ်ပါး အခြားတိတ္ထိဆရာ စသည်တို့၌ "မိမိကိုယ်ကို အပ်နှင်းသော အခြင်းအရာ" အစရှိသော ဖော်ပြခဲ့ပြီး အခြင်းအရာ လေးပါးတို့အနက် တစ်ပါးပါးသော အခြင်းအရာအားဖြင့် ဆည်းကပ်ကိုးကွယ်လျှင် သရဏဂုံလည်းပျက်၍တဏှာဒိဋ္ဌိအစရှိသော အကုသိုလ်အပြစ်တို့နှင့်လည်းတကွဖြစ်သောကြောင့် မကောင်းသော ဆင်းရဲဒုက္ခအကျိုးကို ပေး၏။

(၂) ဤဘဝ ဤခန္ဓာ ပြတ်ကြွေ စုတေသောအခါ ခံယူပြီးသား လောကီသရဏဂုံ ပျက်၏၊ သို့သော် သရဏဂုံ ပျက်ရုံမျှသာ ဖြစ်၍ တစ်စုံတစ်ခု အကုသိုလ်မဟုတ်သောကြောင့် အပြစ်မရှိ။

ယနေ့ ဗုဒ္ဓဘာသာဝင်တို့ ဆောက်တည်အပ်သော သရဏဂုံသည် လောကီသရဏဂုံ ဖြစ်၏၊

ထိုလောကီ သရဏဂုံသည် သိက္ခာပုဒ်ကို ဆောက်တည်ခြင်းကဲ့သို့ ကာလအပိုင်းအခြားကို မပြုမူ၍ ဆောက်တည်အပ်ရကား အသက်ပျက်ဆုံးမှ သရဏဂုံလည်း ပျက်လေ့ဆုံးလေတော့၏။

ထိုကဲ့သို့ အသက်ပျက်ဆုံးသဖြင့် သရဏဂုံပျက်ခြင်းကား တဏှာ၊ ဒိဋ္ဌိ အစရှိသော အကုသိုလ်အပြစ်တရားများ မပါရှိ၍ အပြစ်မရှိသော ပျက်စီးခြင်းသာ ဖြစ်၏။

အို … စာရှုသူ၊ ယခုဆိုလျှင် စာရှုသူသည် သရဏဂုံနှင့် ပတ်သက်၍ သိသင့်သမျှ သိသွားပါပြီ၊ ယင်း သရဏဂုံပျက်ပုံကို သတိပြုပါ။

သရဏဂုံ အဘယ်အခါ ပျက်သနည်း။ ရတနာသုံးပါးကို မကိုးကွယ်လိုသော အခါနှင့် အသက်ဆုံးသောအခါ၌ သရဏဂုံ ပျက်၏။ ယင်းသို့ဆိုသော် ဗုဒ္ဓဘာသာဝင်တို့သည် လူတစ်ယောက် သေဆုံးလျှင် သရဏဂုံတင်မှုကို အရေးတကြီး ပြုကြ၏။သေလို့ ပျက်သွားသည့် သရဏဂုံကို အဘယ်သို့ ပြန်တင်၍ ရပါအံ့နည်း။

အို … စာရှုသူ၊ သေ၍ ပျက်သွားသော သရဏဂုံကိုပြန်တင်၍ မရပါ။ သို့ပါ၍ အလောင်းကောင်ကို သရဏဂုံတင်သည် ဟု မယူပါနှင့်၊ အလောင်းကောင်သည် ဝိညာဉ် မရှိ၊ အသိ မရှိပြီ။ ယင်းကို သရဏဂုံတင်သည်ယူလျှင် အယူမှားဒိဋ္ဌိဖြစ်ပါသည်။

" သရဏဂုံကုသိုလ်သည် အကျိုးကြီးသည်၊ ယခုသေသဖြင့် သရဏဂုံ ပျက်သွားပြီ၊ သို့ဖြစ်၍ ရောက်ရာဘဝက သတိရလျှင် သရဏဂုံ ယူပါစေတော့" ဟု ရည်မှန်းပြီး အလောင်းကို သရဏဂုံ တင်ရိုးပြုကြသည်။ စိတ်မရှိသော အလောင်းအတွက်ကား သရဏဂုံ မရတော့ပါ။

"သို့ဖြစ်၍လူသေကို သရဏဂုံတင်သောအခါအလောင်းကောင်ကြီးကို အာရုံမယူဘဲ ရောက်ရာဘဝ ရောက်ရာအရပ်က လာပြီး သရဏဂုံ ယူလှည့်ပါ" ဟု ဖိတ်ခေါ်ပြီး သရဏဂုံ တင်ပါ။

တစ်နည်းဆိုသော် = သေသွားသော် သရဏဂုံ ပျက်၏။ သို့ဖြစ်၍ တို့လည်း မသေခင် သရဏဂုံမြဲအောင် ကြိုးစားကြစို့၊ သေမှ သရဏဂုံ တင်လို့ မရတော့ဘူးဟု သတိရှိကာ သေသူကို အကြောင်းပြု၍ ရှင်သူကိုပင် သရဏဂုံ တင်သည်ဟု ဆိုကလည်း ဖြစ်၏။

တစ်နည်းဆိုသော် = သရဏဂုံသီလ ရှိ၍ သရဏဂုံသီလ ရှိသူတို့အား လှူဒါန်းရခြင်းသည် အကျိုးကြီး၏။ သို့ဖြစ်ရကား သေသူအတွက် ရည်မှန်းပြီး လှူဒါန်းမှု ပြုတဲ့အခါ သရဏဂုံသီလကသိုလ် စင်ကြယ်စေရန်၊ ယင်းသို့စင်ကြယ်မှ သေသူမှာ ကောင်းကျိုးရနိုင်မည်။ ယင်းသို့ ရည်ရွယ်၍တင်လျှင်လည်း ကောင်းပါ၏။ အလောင်းကောင် သက်သက်ကိုတော့ မရည်မှန်းပါနှင့်။

✦ မသာ.ပို့ရာ၊ ထေရ်သံဃာ၊ ခြံကာမကြွရ။

✦ မသာ.ခြံရုံ၊ သံဃာမှန်၊ အမှန်မကြွရ။

✦ အသုဘရှု၊ ကြွပါဟု၊ ပင့်ပြုကြွလေရ။

✦ သေသူမှာတုံ၊ သရဏဂုံ၊ အကုန်ပျက်လေရ။

✦ သရဏဂုံ၊ ပျက်ခဲ့တုံ၊ ပြန်စုံတင်မရ။

✦ ရောက်ရာဘဝ၊ ရည်မှန်းက၊ တင်ကြမှန်ကန်လှ။

📖

# သိမ်.သမိုင်းကို သိချင်ပါတယ်ဘုရား

(၁၆၈)

ဗုဒ္ဓသာသနာတော်တွင် သိမ်.သည် အရေးအကြီးဆုံး ဖြစ်၏။ သိမ်ကျောင်း ဆိုလျှင်လည်း ဗုဒ္ဓသာသနာနွယ်ဝင်တို့ အလုအယက် ဆောက်လုပ်လှူဒါန်းချင်ကြ၏။ သိမ်ဆောက်ရလျှင် အကျိုးကြီးသည်ဟု ယူမှတ်၍ဖြစ်၏။

မှန်လည်းမှန်ပါသည်။ သိမ်အလှူမှာ မွန်မြတ်ပါသည်။ သိမ်သမုတ်ပြီးသော် ဒီဘုရား သာသနာတော်တည်သမျှ တည်သည်။ ဘုရားရှင် အာဏာစက်နှင့် ပြန်မဖျက်က မပျက်သော အလှူဖြစ်၏။

တစ်ဖန်ဆိုသော် တခြားရိုးရိုးကျောင်းဒကာဖြစ်ဖို့မှာ လွယ်ကူပါသည်။ တစ်ကျောင်းတိုက်တွင် ကျောင်းအများ ရှိရကား မခဲယဉ်းလှပါ။ သိမ်ကျောင်းမှာမူ တစ်ကျောင်းတိုက်မှာမှ တစ်ကျောင်းသာ ဆောက်လုပ်ရကား ခဲယဉ်းပါ၏။

ယင်းသို့ အကျိုးကြီး၍ ခဲယဉ်းလှသော သိမ်အကြောင်းကို လူအများ သိသင့်၏။ သို့သော် မိမိသည် ယင်းအကြောင်းကို မေးသူမရှိ၍ ဗုဒ္ဓဓမ္မပြဿနာများတွင် မဖော်ပြနိုင်ခဲ့ပေ။

ယခုမူ မေးသူရှိ၍ ဖော်ပြနိုင်ခဲ့ပေပြီ။ တစ်ချိန်သော နေ့ကာလက မိမိသည် ဓမ္မဒေသနာခရီး လှည့်လည်စဉ် မိတ်ဆွေ ရဟန်းတော်တစ်ပါးနှင့် တွေ့၏။ တွေ့လျှင်တွေ့ချင်းပင် သူက ဆိုလာသည်။

"ဟာ ... ဘုန်းကြီးနှင့်တွေ့တာ အတော်ပဲ၊ တပည့်တော် တိုက်တွန်းချင်တာတစ်ခု ရှိနေလို့"

"ဘာများ တိုက်တွန်းချင်တာလဲ၊ မကောင်းတာတော့ မတိုက်တွန်းနဲ့နော်"

"ဘုန်းကြီးကလည်း ကြံကြံဖန်ဖန် မကောင်းတာ တိုက်တွန်းပါ့မလား"

"နို့ ... ဘာတိုက်တွန်းမှာလဲ"

"သိမ်အကြောင်းဘုရား၊ သိမ်အကြောင်း"

"ကဲ ... ပြောစမ်းပါဦး၊ သိမ်အကြောင်း ဘယ်လိုလဲ"

"ဘုန်းကြီးဘုရား၊ သိမ်ကို ဗုဒ္ဓသာသနာဝင်တွေ အမြတ်တနိုး ထားကြပါတယ်ဘုရား၊ ကြိုးစားလည်း လှူကြပါတယ် ဘုရား၊ အဲဒီ သိမ်အကြောင်း သိမ်သမိုင်းတော့ ဗုဒ္ဓသာသနာဝင်တွေ မသိကြပါဘုရား၊ သိမ်သမိုင်းကို ဗုဒ္ဓသာသနာဝင်တွေ သိရင် ပိုပြီးအကျိုးကြီးပါလိမ့်မယ်၊ ဒါ့ကြောင့် ဘုန်းကြီး၊ သိမ်သမိုင်းကို ဗုဒ္ဓဓမ္မပြဿနာများထဲမှာ ရေးပါဘုရား"

"မလွယ်ဘူးထင်တယ်၊ သဒ္ဒါမှာ လိင်၊ ဝိနည်းမှာ သိမ်.တဲ့၊ သိမ်အကြောင်းက ခက်တယ်"

"ဘုန်းကြီးရေးရင် လွယ်မှာပါ၊ ဘုန်းကြီးက ခက်တဲ့ပြဿနာတွေ လွယ်လွယ်နဲ့ နားလည်အောင် ရေးတတ်တာပဲဟာ"

"မထင်နဲ့၊ မထင်နဲ့"

"ဖြစ်ပါတယ်ဘုန်းကြီးရယ်၊ ရေးပါ"

"ကဲ ... ဒါဖြင့် အရှင်ဘုရားပဲ ပြဿနာလုပ် ရေးရအောင် အကျဉ်းချုပ်ပေါ့နော်"

"မှန်ပါ ဘုရား"

"သိမ်.မပေါ်ခင် ပထမဦးစွာ ရာဇဂြိုဟ်ပြည့်ရှင် အရှင်ဗိမ္ဗိသာရမင်းကြီး လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်က ရဟန်းတို့ကို စည်းဝေးခွင့်ပြုတယ် -

> "ရဟန်းတို့၊ တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့၌လည်းကောင်း စည်းဝေးစိမ့်သောငှာ ခွင့်ပြု၏" တဲ့။

"အဲဒီလို ခွင့်ပြုတော့ ရဟန်းတော်တွေက စည်းဝေးကြတယ်ပေါ့၊ စည်းဝေးပြီး ဘာမှမပြော တုဏှိဘောပေါ့၊ ဆိတ်ဆိတ်နေကြတယ်၊ အဲဒီရဟန်းတွေထံ လူတွေက တရားနာခြင်းငှာ ချဉ်းကပ်ကြတယ်၊ ရဟန်းတွေက ဆိတ်ဆိတ်နေတော့ လူတွေက ကဲ့ရဲ့ကြတယ် -

> "ဘုရားသားတော်ဖြစ်တဲ့ရဟန်းတော်တွေဟာ စည်းဝေးပြီးလျှင် အ.တဲ့ဝက်တို့ကဲ့သို့ ဆိတ်ဆိတ်နေကုန်ဘိသနည်း၊ စည်းဝေးတဲ့သူတို့မည်သည် တရားစကားကို ဟောကြားသင့်တယ် မဟုတ်ပါလား" တဲ့။

"အဲဒီလို လူတို့ကဲ့ရဲ့ခြင်းကို အကြောင်းပြုပြီးတော့ ဘုရားရှင်ဟာ ရဟန်းတော်တို့ကို -

> "ရဟန်းတို့ ... တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့တို့၌လည်းကောင်း စည်းဝေးပြီးလျှင် တရားဟောခြင်းငှာ ခွင့်ပြု၏" တဲ့။

"အဲဒါ သိမ်အကြောင်း မရောက်ခင် ပထမအဆင့် အစည်းအဝေး၊ ဒုတိယအဆင့် တရားဟောခြင်းလို့ နှစ်ဆင့် ပညတ်ခဲ့ပြီနော်"

"မှန်ပါ ဘုရား"

"နောက် တတိယအဆင့် ပါတိမောက်ပြခြင်းကို ခွင့်ပြုတော်မူတယ်၊ ဘယ်လို အမိန့်ရှိပြီး ခွင့်ပြုသလဲဆိုတော့ -

> "ရဟန်းတို့ ... ဆိတ်ငြိမ်ရာသို့ ကပ်လျက် တိတ်ဆိတ်စွာနေသော ငါ့အား ငါသည်ရဟန်းတို့အတွက် ပညတ်ထားအပ်သော သိက္ခာပုဒ်တို့ကို ရဟန်းတို့အား ပါတိမောက်ပြစေခြင်းငှာ ခွင့်ပြုရမူ ကောင်းလေရာ၏။ ထို ပါတိမောက် ပြခြင်းသည်လည်း ရဟန်းတို့အား ဥပုသ်ကံမည်သည် ဖြစ်လတ္တံ့"

ဟု အကြံဖြစ်၏ဟု မိန့်တော်မူပြီးတော့ -

> "ရဟန်းတို့၊ ပါတိမောက်ပြစိမ့်သောငှာ ခွင့်ပြု၏"

လို့ ပါတိမောက်ပြမှုကို ခွင့်ပြုလိုက်တယ်နော်"

"မှန်ပါ ဘုရား"

"ပါတိမောက်ပြတာတွေတော့ ထားပါတော့၊ ဒီတော့ ရဟန်းတော်တွေက "ဘုရားရှင်သည် ပါတိမောက်ပြခြင်းကို ခွင့်ပြုတော်မူတယ်" ဆိုပြီး နေ့တိုင်း ပါတိမောက်ပြကြတယ်၊ ဒီအကြောင်း ဘုရားရှင် သိတော့ကာ စတုတ္ထအဆင့် အနေနဲ့ -

"ရဟန်းတို့၊ နေ့စဉ် နေ့တိုင်း ပါတိမောက် မပြအပ်၊ ရဟန်းတို့ ဥပုသ်နေ့၌ ပါတိမောက်ပြခြင်းငှာ ခွင့်ပြု၏" တဲ့။

"ဒီတော့ ရဟန်းတော်တွေဟာ ဥပုသ်နေ့တိုင်း ဥပုသ်ပြုနေကြပြန်ရော၊ အဲဒါကို သိတော့ ပဥ္စမအဆင့်အနေနဲ့ -

"ရဟန်းတို့၊ တစ်ဆယ့်လေးရက်နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း၊ တစ်ပက္ခလျှင် ပါတိမောက်ကို တစ်ကြိမ်သာ ပြခြင်းငှာ ခွင့်ပြု၏" လို့ မိန့်တော်မူတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဆဋ္ဌဂ္ဂီရဟန်းဆိုးတွေက မိမိ.မိမိတို့၏ပရိသတ်ဖြင့် ပရိသတ်ရှိသလောက် ပါတိမောက် ပြကြတယ်၊ အဲဒါကို ဘုရားရှင် သိတော်မူတော့ -

"ရဟန်းတို့၊ မိမိ.မိမိတို့၏ ပရိသတ်ဖြင့် ပရိသတ်ရှိသလောက် ပါတိမောက်ကို မပြအပ်၊ ရဟန်းတို့ ညီညွတ်သောရဟန်းတို့အတွက် ဥပုသ်ကံကို ခွင့်ပြု၏" တဲ့၊

"ဆဋ္ဌမအဆင့်အနေနဲ့ မိန့်တော်မူတယ်၊ ဒီလို မိန့်တော်မူတော့ ရဟန်းတို့အား အကြံဖြစ်တယ် -

"မြတ်စွာဘုရားသည် ညီညွတ်သောရဟန်းတို့အတွက် ဥပုသ်ကံကို ပညတ်တော်မူ၏။ အဘယ်မျှသော ရဟန်းတို့သည် ညီညွတ်ခြင်း "သာမဂ္ဂီ" ဖြစ်သနည်း။ တစ်ကျောင်းတည်းနေ ရဟန်းတို့သည် ညီညွတ်ခြင်း ဖြစ်သလော၊ သို့မဟုတ် မြေပြင်ရှိ ရဟန်းအားလုံးတို့သည် ညီညွတ်ခြင်းဖြစ်သလော" တဲ့၊

"အဲဒီလို အကြံဖြစ်တယ်၊ အဲဒီအကြံအစည်ကို ဘုရားရှင် သိတော်မူတော့ သတ္တမအဆင့်အနေနဲ့ -

"ရဟန်းတို့၊ အတူနေသမျှ ရဟန်းတို့ကို ညီညွတ်ခြင်း သာမဂ္ဂီဟု ခွင့်ပြု၏" တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ ဥပုသ်ပြုစရာ မလိုဘူးဆိုပြီး ဂုဏ်ယူဝင့်ကြွားကာ ရဟန္တာလိုလို ဘာလိုလို လိမ်ညာနေသူတို့အတွက် သိစေရန် သာဓကဝတ္ထုတစ်ခု ပြဦးမယ်နော်"

"မှန်ပါ ဘုရား"

"မဟာကပ္ပိနထေရ်ဆိုတာ ရှိတယ်၊ မဟာကပ္ပိန မင်းဘဝမှ အမတ်တစ်ထောင်နှင့်အတူ ရဟန်းပြုတဲ့ ဇထေရ်ပေါ့၊ အဲဒီ အရှင်မြတ်ဟာ ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိသမင်တောမှာ နေတော်မူတဲ့အခါ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်တဲ့ အရှင်မြတ်အား အကြံဖြစ်တယ် -

"ငါသည် ဥပုသ်ပြုရာသို့ သွားရအံ့လော၊ မသွားဘဲ နေရအံ့လော၊ သံဃာ့ကံပြုရာသို့ သွားရအံ့လော၊ မသွားဘဲ နေရအံ့လော၊ စင်စစ် ငါသည်ကား လွန်ကဲသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်သူပေတည်း" တဲ့၊

"အဲဒီလို ကြံစည်တော့ ဘုရားရှင်က သိတော်မူတယ်၊ အဲဒီအခါ ဘုရားရှင်ဟာ အားရှိတဲ့ ယောက်ျားသည် ကွေးတဲ့ လက် ဆန့်၊ ဆန့်တဲ့လက် ကွေးသလောက်ပဲ ကြာမယ်၊ ဂိဇ္ဈကုဋ်တောင်မှ ကွယ်ပြီး ရှင်မဟာကပ္ပိန မျက်မှောက်ရောက်ပြီး အကြံကို မေးတော်မူတယ်၊ အရှင်မြတ်ကလည်း သူ့အကြံကို ဝန်ခံတယ်၊ ဒီတော့ ဘုရားရှင်က အဋ္ဌမအဆင့်အနေနဲ့ မိန့်တော်မူတယ်"

"ချစ်သား ကပ္ပိန၊ မကောင်းမှုမှအပ ပြုပြီးသော သင်တို့သည် အကယ်၍ ဥပုသ်ကို အရိုအသေ မပြုကုန်အံ့၊ အလေးအမြတ် မပြုကုန်အံ့၊ မမြတ်နိုးကုန်အံ့၊ မပူဇော်ကုန်အံ့ သို့ဖြစ်လျှင် အဘယ်သူသည် ဥပုသ်ကို အရိုအသေ

ပြုလတ္တံ့နည်း၊ အလေးအမြတ် ပြုလတ္တံ့နည်း၊ မြတ်နိုးလတ္တံ့နည်း၊ ပူဇော်လတ္တံ့နည်း၊ မကောင်းမှုမှအပ ပြုပြီးတဲ့ ချစ်သားကပ္ပိန၊ သင်သည် ဥပုသ်ပြုရာသို့ သွားလော့၊ သံဃာ့ကံပြုရာသို့ သွားလော့၊ မသွားဘဲ မနေလင့်" တဲ့။

"အဲဒီလို မိန့်တော်မူတယ်၊ ဒီတော့ ဥပုသ်ကံဆိုတာ စင်ကြယ်သူတို့ ပြုရာကံမဟုတ်လား"

"မှန်ပါ ဘုရား"

"ရဟန္တာပုဂ္ဂိုလ် ရှင်မဟာကပ္ပိနကို ဘုရားရှင်က ဥပုသ်ပြုခိုင်းတယ်၊ မစင်ကြယ်တဲ့ ဥပုသ်ကံ မပြုသင့်ဘူး၊ ဒါကြောင့် ဥပုသ်ပြုကာနီး စင်ကြယ်အောင် ဒေသနာကြားရတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒ့ါကြောင့် ဒီခေတ်မှာ "တို့က ဥပုသ်ပြုစရာ မလိုတော့ဘူး" ဆိုပြီး မိမိကိုယ်မိမိ ရဟန္တာအယောင်ဆောင်သူများဟာ မစင်ကြယ်သူ အတုတွေ၊ အယောင်ဆောင်တွေလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အခုမှ သိမ်အကြောင်းက လာမယ်ဘုရား၊ သိမ်သမိုင်းကလည်း အရှည်သားဘုရား"

"မှန်ပါ၊ ရှည်ပါတယ်ဘုရား"

"တစ်ရံရောအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည် အတူနေရဟန်းတို့ကို ညီညွတ်ခြင်း "သာမဂ္ဂီ" ဟု ပညတ်တော်မူ၏။ အဘယ်မျှလောက်တို့သည် အတူနေ ဖြစ်သနည်း" ဟု အကြံဖြစ်၏။ ဘုရားရှင်အား ယင်းအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို သိမ်ခွင့်ပြုတော်မူ၏။

"ရဟန်းတို့ . . . သိမ်ကို သမုတ်ခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့၊ ဤသို့ သမုတ်ရမည်။ ရှေးဦးစွာ နိမိတ်တို့ကို ကြားရမည်။ တောင်နိမိတ်. ကျောက်နိမိတ်. တောနိမိတ်. သစ်ပင်နိမိတ်. ခရီးနိမိတ်. တောင်ပို့နိမိတ်.မြစ်နိမိတ်.ရေနိမိတ်တို့ကိုကြားရမည်။ နိမိတ်တို့ကို ပြောကြားပြီးနောက် ကျွမ်းကျင်လိမ္မာ၍စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်" တဲ့။

"အဲဒါ နဝမအဆင့်ပေါ့၊ သိမ်ခွင့်ပြုတယ်၊ သိမ်သမုတ်တယ်ပေါ့၊ ကမ္မဝါစာ ဖတ်တယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"တစ်ရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတွေက "မြတ်စွာဘုရားသည် သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူ၏" လို့ ဆိုပြီး ယူဇနာ (၄-၅-၆) ယူဇနာရှိတဲ့ အလွန်ကြီးတဲ့ သိမ်တွေကို သမုတ်ကြတယ်။

"ရဟန်းတွေ ဥပုသ်ပြုလာတဲ့အခါမှာ ပါတိမောက်ပြစဉ်လည်း ရောက်လာတယ်၊ ပြပြီးကာမျှလည်း ရောက်လာတယ်၊ ဥပုသ်ပြုရာသို့ မရောက်မီ အကြား၌လည်း နေရကုန်တယ်။

"မြတ်စွာဘုရား ယင်းအကြောင်းကို ကြားသိတဲ့အခါ "ရဟန်းတို့ . . . (၄-၅-၆) ယူဇနာရှိတဲ့ အလွန်ကြီးတဲ့သိမ်တို့ကို မသမုတ်အပ်၊ ရဟန်းတို့ အလွန်ဆုံး သုံးယူဇနာရှိသော သိမ်ကို သမုတ်ခြင်းငှာ ခွင့်ပြု၏" တဲ့။

"အဲဒါ ဒသမအဆင့်ပေါ့၊ ဒီတော့ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေဟာ မြစ်တစ်ဖက်ကမ်း၌ သိမ်သမုတ်ကြပြန်တယ်နော်"

"မှန်ပါ ဘုရား"

"ရဟန်းတော်တွေ ဥပုသ်ပြုရာသို့ ကြွလာတဲ့အခါ ရဟန်းတွေ မျောလို မျော၊ သပိတ်တွေ မျောလို မျော၊ သင်္ကန်းတွေ မျောလို မျော ဖြစ်ကြပြန်တယ်။ အဲဒီအကြောင်း ဘုရားရှင်သိတော့ ဧကာဒသမအဆင့်အနေနဲ့ ပညတ်တယ် –

"ရဟန်းတို့ ... မြစ်တစ် ဖ က်ကမ်း၌ သိမ်မသမုတ်အပ်၊ ရဟန်းတို့ ... အမြဲထားသော လှေ၊ အမြဲခင်းသော တံတားရှိသော မြစ်တစ်ဖက်ကမ်းသိမ်ကို သမုတ်ခြင်းငှာ ခွင့်ပြု၏" တဲ့။

"အဲဒါ သိမ်သမိုင်းအနေနှင့် ပြောရရင် သိမ်ခွင့်ပြုခြင်းပေါ့နော်"

"မှန်ပါ ဘုရား"

"တစ်ရံရောအခါ ရဟန်းတို့သည် ပရိဝုဏ်အစဉ်လိုက် ပါတိမောက်ပြရာ အရပ်ကို မချိန်းချက်ဘဲ ပါတိမောက် ပြကြတယ်၊ ဧည့်သည်ရဟန်းတို့က "ဒီနေ့ ဘယ်အရပ်မှာ ဥပုသ်ပြုအံ့နည်း" မသိကြတော့ဘူး၊ ဒီအကြောင်း မြတ်စွာဘုရားရှင် သိလို့ ဒွါဒသမအဆင့်အနေနဲ့ ဥပုသ်သိမ်သမုတ်ရန် ခွင့်ပြုတော်မူတယ် -

"ရဟန်းတို့ ... ပရိဝုဏ်အစဉ်လိုက် ပါတိမောက်ပြရာ အရပ်ကို မချိန်းချက်ဘဲ ပါတိမောက် မပြအပ်၊ ရဟန်းတို့ ... သံဃာအလိုရှိသော နစ်ဖက်စောင်းမိုးကျောင်း၊ တစ်ဖက်စောင်းမိုးကျောင်းပြာသာဒ်၊ ပြာသာဒ် ဦးပြည်းဂူတို့ကို ဥပုသ်အိမ်သမုတ်၍ ဥပုသ်ပြုခြင်းငှာ ခွင့်ပြု၏" တဲ့။

ထိုအခါ မဟာသိမ်အတွင်းရှိ ကျောင်းတိုက်တစ်ခု၌ ဥပုသ်အိမ် နစ်အိမ် သမုတ်ထားကြကုန်၏၊ ရဟန်းတို့သည် "ဤဥပုသ်အိမ်၌ ဥပုသ်ပြုလတ္တံ့၊ ဤဥပုသ်အိမ်၌ ဥပုသ်ပြုလတ္တံ့" ဟု နစ်ခုသော ဥပုသ်အိမ်၌ စည်းဝေးကုန်၏။

ဘုရားရှင် ယင်းအကြောင်းကို သိ၍ -

"ရဟန်းတို့ ... တစ်ကျောင်းတည်း၌ ဥပုသ်အိမ် နစ်အိမ် မသမုတ်အပ်။ ရဟန်းတို့ ... ဥပုသ်အိမ်တစ်ခုကို နုတ်ပြီးလျှင် ဥပုသ်အိမ်တစ်ခု၌ ဥပုသ်ပြုခြင်းငှာ ခွင့်ပြု၏" လို့ တေရသမ အဆင့်အနေနဲ့ ပညတ်တယ်နော်"

"မှန်ပါ ဘုရား"

"အဆင့်ဆင့် လာခဲ့တယ်၊ ယခု စုဒ္ဒသမအဆင့်အနေနဲ့ ဥပုသ်အိမ် ဥပစာကို ခွင့်ပြုတော့မယ်နော်"

"မှန်ပါ ဘုရား"

တစ်ရံရောအခါ မဟာသိမ်အတွင်း ကျောင်းတိုက်တစ်ခု၌ အလွန်သေးငယ်သော ဥပုသ်အိမ်ကို သမုတ်ထား၏၊ ထိုဥပုသ်နေ့၌ များစွာသော ရဟန်းသံဃာသည် စည်းဝေး၏။ ရဟန်းတို့သည် မသမုတ်အပ်သော မြေ၌နေလျက် ပါတိမောက်ကို နာကုန်၏။ ယင်းအကြောင်းကို ဘုရားရှင်သိသော် -

"ရဟန်းတို့ ... ဥပုသ်အိမ်သမုတ်အပ်သော မြေ၌ဖြစ်စေ၊ မသမုတ်အပ်သော မြေ၌ဖြစ်စေ နေသော ရဟန်းတို့သည် ပါတိမောက်ကို ကြားနာလျှင် ဥပုသ်ပြုသည်ပင် မည်၏၊ ရဟန်းတို့၊ သို့ဖြစ်လျှင် သံဃာသည် အလိုရှိသလောက် ကြီးသော ဥပုသ်အိမ်ဥပစာကို သမုတ်လော့"

"ရဟန်းတို့ ... ဤသို့ သမုတ်ရမည်။ ရှေးဦးစွာ နိမိတ်တို့ကို ကြားနာရမည်။ နိမိတ်တို့ကို ကြားနာပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်" တဲ့ နော်"

"မှန်ပါ ဘုရား"

"ထိုအခါ ကျောင်းတစ်ကျောင်း၌ ထိုဥပုသ်နေ့ဝယ် သီတင်းငယ်ဖြစ်သော ရဟန်းတို့သည် ရှေးဦးစွာ စည်းဝေးပြီးလျှင် "ထေရ်ကြီးတို့သည် မလာကြကုန်သေး" ဖဲခွာသွားကြကုန်၏။ အချိန်လင့်မှ ဥပုသ်ပြုရတယ်၊ အဲဒီအကြောင်း ဘုရားရှင်သိတော့ ပန္နရသမအဆင့်အနေနဲ့ ပညတ်တယ် -

"ရဟန်းတို့ ... ဥပုသ်နေ့၌ ထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ရှေးဦးစွာ စည်းဝေးစိမ့်သောငှာ ခွင့်ပြု၏" တဲ့။

"ထိုအခါ ရာဇဂြိုဟ်ပြည်၌ များစွာသော ကျောင်းတိုက်တို့သည် မဟာသိမ်ဖြစ်၍ သိမ်တူကြတယ်၊ ထိုကျောင်းတို့၌ ရဟန်းတော်တို့က "ငါတို့ရဲ့ကျောင်းတိုက်၌ဥပုသ်ပြုသင့်တယ်၊ ငါတို့ရဲ့ကျောင်းတိုက်၌ဥပုသ်ပြုသင့်တယ်" လို့ငြင်းခုံကြတယ်။ ဒီအကြောင်း ဘုရားရှင်သိတော့ သောင္ဌသမအဆင့်အနေနဲ့ ပညတ်တယ် -

"ရဟန်းတို့...သို့ဖြစ်လျှင် အလုံးစုံသော ရဟန်းတို့သည် တစ်ပေါင်းတည်း စည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်။ သို့မဟုတ် ထေရ်ကြီးဖြစ်သော ရဟန်းနေသည့် ကျောင်း၌ စည်းဝေးပြီးလျှင် ဥပုသ်ပြုရမည်။ ဝဂ်ဖြစ်သော အစုကွဲ သော သံဃာသည် ဥပုသ် မပြုအပ်သည်သာတည်း၊ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" တဲ့။

"ယခု လာတော့မယ် အဝိပ္ပဝါသသိမ်၊ ပြီးပါတော့မယ် သိမ်သမိုင်း၊ အရှင်ဘုရား အလိုပြည့်ပါတော့မယ်နော်"

"မှန်ပါ၊ ဝမ်းသာပါတယ် ဘုရား"

တစ်ရံရာအခါ ရှင်မဟာကဿပသည် အန္ဓကဝိန္ဒမည်တဲ့အရပ်မှ ရာဇဂြိုဟ်ပြည်သို့ ဥပုသ်ပြုရန် လာသည်ရှိ သော် လမ်းခရီးအကြား၌ မြစ်ကိုကူးစဉ် အနည်းငယ် မျောပါသွားတယ်၊ အဲဒီအတွက် အရှင်မြတ်ရဲ့သင်္ကန်းတွေ ရေစိုကုန် တယ်၊ အဲဒီအကြောင်း ဘုရားရှင်သိတော့ တစ်ဆယ့်ခုနစ်ဆင့်မြောက်အနေနဲ့ ပညတ်တော်မူတယ် -

"ရဟန်းတို့ . . . သံဃာသည် အတူနေ အတူဥပုသ်ပြုရာဖြစ်သော သိမ်ကို သမုတ်အပ်ပြီ၊ သံဃာ သည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍နေနိုင်သော သိမ်ဖြစ်အောင် သမုတ်လော" တဲ့။

"ဒီတော့ သမုတ်ကြတယ်ပေါ့၊ အဲဒီလို သမုတ်ပြီးတော့ ရဟန်းတော်တွေက ဘုရားရှင်သည် သင်္ကန်းသုံးထည်နှင့် ကင်း၍ နေနိုင်တဲ့ "အဝိပ္ပဝါသသိမ်" သမုတ်ခြင်းကို ခွင့်ပြုတော်မူတယ်ဆိုပြီး ရွာတွင်း၌ သင်္ကန်းတွေ ထားကြတယ်"

"အဲဒီသင်္ကန်းတွေ ပျောက်ကြတယ်၊ မီးလောင်ကြတယ်၊ ကြွက်ခဲတယ်၊ ရဟန်းတွေမှာ မကောင်းသောအဝတ် ရှိကြ တယ်၊ ခေါင်းပါးတဲ့ သင်္ကန်းရှိကြတယ်၊ အဲဒီအကြောင်း ဘုရားရှင်သိတော့ တစ်ဆယ့်ရှစ်ဆင့်မြောက်အနေနဲ့ ပညတ်တယ် -

"ရဟန်းတို့ . . . သံဃာသည် အတူနေ အတူဥပုသ်ပြုရာဖြစ်သော သိမ်ကို သမုတ်အပ်ပြီ။ သံဃာသည် ထိုသိမ်ကို သင်္ကန်းသုံးထည်နှင့် ကင်း၍နေနိုင်သော "အဝိပ္ပဝါသသိမ်" ဖြစ်အောင် ရွာကိုလည်းကောင်း၊ ရွာ၏ဥပစာ ကိုလည်းကောင်း ချန်၍ သမုတ်လော" တဲ့။

"ကဲ...ယခုဆိုရင် သိမ်သမုတ်ခြင်း၊ သိမ်ပညတ်ခြင်းအကြောင်း စုံသွားပြီနော်"

"မှန်ပါ ဘုရား"

"ယခု တစ်ဆယ့်ကိုးဆင့်မြောက်အနေနဲ့ သိမ်နုတ်ခြင်း သမုတ်ခြင်းအကြောင်း ပြောပြမယ် -

"ရဟန်းတို့ . . . သိမ်သမုတ်လိုသော ရဟန်းသည် ရှေးဦးစွာ အတူနေရာ "သမာနသံဝါသသိမ်" ကို သမုတ်ရမည်။ နောက်မှ သင်္ကန်းသုံးထည်နှင့် ကင်း၍နေနိုင်သော "အဝိပ္ပဝါသသိမ်" ကို သမုတ်ရမည်" တဲ့။

"အဲဒီလို သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်းကို ခွင့်ပြုတော်မူတယ်။ အဲဒီ နုတ်တဲ့၊ သမုတ်တဲ့ အစဉ်ကို အထူးမှတ်ထားပေါ့ နော်၊ အဲဒါ ယခုခေတ် အသုံးပြုမယ့်၊ တွေ့ကြုံရမယ့်အစဉ်ပေါ့"

"မှန်ပါ ဘုရား"

"နောက် အဆင့် နှစ်ဆယ်မြောက်အနေနှင့် ဂါမသိမ် စသည့်အကြောင်း ပြောပြမယ် -

"ရဟန်းတို့...သိမ်မသမုတ်ဘဲ အပိုင်းအခြား မရှိဘဲ ရွာနိဂုံးကို အမှီပြု၍ နေ၏။ ထိုရွာ၏ ရွာအပိုင်းအခြား၊ ထိုနိဂုံး၏ နိဂုံးအပိုင်းအခြားသည် ထိုရွာနိဂုံး၌ အတူနေ အတူဥပုသ်ပြုရာဖြစ်သော "သမာနသံဝါသသိမ်" မည်၏။

"ရဟန်းတို့...ရွာမဟုတ်သော တော၌ဖြစ်မူ ထက်ဝန်းကျင်မှ တစ်အဗ္ဗန္တရလျှင် ၂၈ တောင် ပမာဏရှိသော အဗ္ဗန္တရ ခုနစ်ခု အပိုင်းအခြားရှိသော အရပ်သည် အတူနေ အတူဥပုသ်ပြုရာဖြစ်သော "သမာနသံဝါသသိမ်မည်၏။

"ရဟန်းတို့ . . . မြစ်တစ်ခုလုံးသည် သိမ်မဟုတ်၊ သမုဒ္ဒရာတစ်စင်းလုံးသည် သိမ်မဟုတ်၊ ထုံးအိုင် တစ်ခုလုံးသည် သိမ်မဟုတ်၊ ရဟန်းတို့ . . . ထိုမြစ် သမုဒ္ဒရာ ထုံးအိုင်တို့၌ အားအလယ်အလတ်ရှိသော ယောကျ်ား၏ထက်ဝန်းကျင်မှ အားကုန်ပက်ကြဲသော ရေတကျဖြင့် ဤပိုင်းခြားရာ အရပ်သည် အတူနေအတူဥပုသ်ပြုရာ ဖြစ်သော "သမာန သံဝါသသိမ်" မည်၏" တဲ့။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေက သိမ်အချင်းချင်း စပ်၍ဖွဲ့ကြပြန်တယ်။ အဲဒီအကြောင်း ဘုရားရှင်သိတော့ နှစ်ဆယ့်တစ်ဆင့်မြောက်အနေနဲ့ ပညတ်တော်မူတယ် -

"ရဟန်းတို့ . . . အကြင်ရဟန်းတို့၏ သိမ်သည် ရှေးဦးစွာ သမုတ်ထား၏၊ ထိုရဟန်းတို့၏ ထိုရှေးဦးစွာ သမုတ်သောကံသည် တရားနှင့် လျော်၏၊ မပျက်စီး၊ အကြောင်းအားထိုက်၏။

"ရဟန်းတို့...အကြင်ရဟန်းတို့၏သိမ်သည်နောက်မှ သမုတ်၏၊ ထိုရဟန်းတို့၏ထိုနောက်မှ သမုတ်သောကံသည် တရားနှင့် မလျော်၊ ပျက်စီး၏၊ အကြောင်းအား မထိုက်၊ ရဟန်းတို့ . . . သိမ်အချင်းချင်းစပ်၍ မဖွဲ့အပ်၊ စပ်၍ဖွဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏" တဲ့။

"အဲဒါ နှစ်ဆယ့်တစ်ဆင့်မြောက်အနေနဲ့ ပညတ်တော်မူခြင်းပဲ၊ ယခု နှစ်ဆယ့်နှစ်ဆင့်မြောက် ပညတ်တော်မူလျှင်နှိုက်ပေါ့နော်"

"မှန်ပါ ဘုရား"

"ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းဆိုးတွေက သိမ်အချင်း လွှမ်းမိုး၍ ဖွဲ့ကြပြန်တယ်၊ အဲဒီအကြောင်း ဘုရားရှင်သိတော့ ပညတ်တယ် -

"ရဟန်းတို့ . . . အကြင်ရဟန်းတို့၏ သိမ်သည် ရှေးဦးစွာ သမုတ်ထား၏၊ ထိုရဟန်းတို့၏ ထိုရှေးဦးစွာ သမုတ်သော ကံသည် တရားနှင့် လျော်၏၊ မပျက်မစီး၊ အကြောင်းအား ထိုက်၏။

"ရဟန်းတို့ . . . အကြင်ရဟန်းတို့၏ သိမ်သည် နောက်မှ သမုတ်၏၊ ထိုရဟန်းတို့၏ ထိုနောက်မှ သမုတ်သောကံသည် တရားနှင့် မလျော်၊ ပျက်စီး၏၊ အကြောင်းအား မထိုက်။

"ရဟန်းတို့ . . . သိမ်အချင်းချင်း လွှမ်းမိုး၍ မဖွဲ့အပ်၊ လွှမ်းမိုး၍ဖွဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

"ရဟန်းတို့ . . . သိမ်သမုတ်လိုသော ရဟန်းသည် သိမ်တို့၏ နယ်ခြား "သိမန္တရိက်" ကို ချန်ထား၍ သမုတ်ခြင်းငှာ ခွင့်ပြု၏" တဲ့။

"ကဲ . . . အဲဒါ သိမ်သမိုင်းပါပဲ အရှင်ဘုရား၊ အဲဒါထက် အကျယ်သိချင်ပါတယ်ဆိုတဲ့ သူတွေတော့ ဝိနည်းမဟာဝဂ္ဂပါဠိတော်ကို ကြည့်ပါတော့လို့ ညွှန်လိုက်ပါတော့နော်"

"မှန်ပါ ဘုရား"

"တပည့်တော်ရဲ့အစွမ်းရှိသမျှ ဤမျှနှင့်ပဲ တော်ကြပါစို့"

✦ သိမ်သမိုင်းမှာ၊ သိစရာ၊ များစွာ အရေးကြီးလေသည်။

✦ သာသနာမှာ၊ သိမ်ဆိုတာ၊ များစွာ အရေးကြီးလေသည်။

✦ သာသနာစစ်၊ စ၍ဖြစ်၊ စင်စစ် သိမ်ဖြစ်သည်။

✦ သိမ်ပျက်ခဲ့ရာ၊ သာသနာ၊ မုန်စွာပျက်တော့သည်။

✦ ထို့ကြောင့်သိမ်စစ်၊ မှန်စွာဖြစ်၊ ကြိုးရစ်သင့်တော့သည်။

# သောကပရိဒေဝ,တွေ လျှော့လိုက်ပြီဘုရား

(၁၆၉)

အမြဲမပြတ် နှိပ်စက်တတ်သော၊ အားမနာတတ်သော၊ သခင်နှင့် တူသော ကိုယ်ခန္ဓာကို လုပ်ကျွေးမွေးမြူရခြင်းသည် လူမိုက်၏ပြုစုလုပ်ကျွေး မွေးမြူခြင်း၊ လူလိမ္မာ၏ပြုစုလုပ်ကျွေး မွေးမြူခြင်း ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးတို့တွင် လူမိုက်ဖြစ်သော သူသည် -

၁။ ကာယဒုစရိုက် သုံးပါး

၂။ ဝစီဒုစရိုက် လေးပါး

၃။ မနောဒုစရိုက် သုံးပါး

ဤဆယ်ပါးကုန်သော ဒုစရိုက်တရားတို့ကို ပွားစေ၊ များစေလျက် ကိုယ်ခန္ဓာကို ချမ်းသာအောင်၊ တင့်တယ်အောင် လုပ်ကျွေးမွေးမြူပြုစု၏။

ယင်းသို့ လူမိုက်၏ လုပ်ကျွေးမွေးမြူခြင်းဖြင့် လုပ်ကျွေးမွေးမြူပြုစုခြင်းသည် မိမိကိုယ်မိမိ မချစ်ခင် မကြင်နာ မမြတ်နိုးသောကြောင့် ကိုယ်ကျိုးယုတ်အောင် ပြုစုလုပ်ကျွေးမွေးမြူခြင်းဖြစ်၏။ အပါယ်လေးပါးသို့ကျအောင် လုပ်ကျွေးမွေးမြူခြင်း ဖြစ်၏။

လူလိမ္မာဖြစ်သောသူမှာမူကား ကာယဒုစရိုက်သုံးပါးမှ ကြဉ်ရှောင်၍ ကာယသုစရိုက်သုံးပါးကို ပွားစေလျက် ကိုယ်ခန္ဓာကို ပြုစုလုပ်ကျွေး မွေးမြူ၏။

ဝစီဒုစရိုက်လေးပါးတို့မှ ကြဉ်ရှောင်လျက်၊ ဝစီသုစရိုက်လေးပါးတို့ကို ပွားစေလျက် ကိုယ်ခန္ဓာကို ပြုစုလုပ်ကျွေး မွေးမြူ၏။

မနောဒုစရိုက်သုံးပါးတို့မှ ကြဉ်ရှောင်၍၊ မနောသုစရိုက်သုံးပါးတို့ကို ပွားစေလျက် ကိုယ်ခန္ဓာကို ပြုစုလုပ်ကျွေးမွေး မြူ၏။

ချမ်းသာလေအောင်၊ လှပတင့်တယ်လေအောင် လုပ်ကျွေးမွေးမြူ ပြုစု၏။

ယင်းသို့ လူလိမ္မာ၏ လုပ်ကျွေးမွေးမြူပြုစုခြင်းသည် မိမိကိုယ်ကို ချစ်ခင်စုံမက်နှစ်သက်မြတ်နိုးသောကြောင့် လုပ်ကျွေးခြင်း၊ မွေးမြူခြင်း၊ ပြုစုခြင်းမည်၏။ သုဂတိအတန်တန် စံပျော်ရစေခြင်းငှာ လုပ်ကျွေးပြုစုသည် မည်၏။

ဘုံသုံးပါးတို့၌ မွေ့လျော်လို၍ ဝဋ်ထဲ၌ မွေ့လျော်ကြောင်း ကုသိုလ်ကောင်းမှုကို ပွားစေ၍ လုပ်ကျွေးမွေးမြူခြင်းသည်လည်း လူမိုက်၏ လုပ်ကျွေးမွေးမြူခြင်းပင် ဖြစ်သည်။

အဘယ်ကြောင့်နည်းဆိုသော် မိမိကိုယ်ကိုပင် မိမိသံသရာ၌ ကမ္ဘာအဆက်ဆက်နှစ်အောင် ပြုသောကြောင့် ဖြစ်လေ၏။

ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန်သို့ ရောက်လွယ်မည့်အကြောင်းဖြစ်သော ကုသိုလ်တရားကို ပွားများစေလျက် ကိုယ်ခန္ဓာကို လုပ်ကျွေးမွေးမြူခြင်းသည် လူလိမ္မာ၏ လုပ်ကျွေးမွေးမြူပြုစုရခြင်းဖြစ်သည်။ အဘယ်ကြောင့်နည်းဆိုသော် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း၍ စင်စစ်ချမ်းသာသုခရကြောင်း ဖြစ်သောကြောင့်ဖြစ်၏။

လူလိမ္မာ လူမိုက် နှစ်မျိုးရှိရာ မိမိအတွက် အမိုက်ခံသူ၊ သူတစ်ပါးအတွက် အမိုက်ခံသူ လူမိုက်လည်းရှိ၏။ မိမိအတွက်သာ အမိုက်ခံသူ လူမိုက်လည်း ရှိ၏။ သူတစ်ပါးအတွက်သာ အမိုက်ခံသူ လူမိုက်လည်း ရှိ၏။

လူလိမ္မာသည်လည်း ယင်းအတူပင် မိမိအတွက် လိမ္မာသူ၊ သူတစ်ပါးအတွက် လိမ္မာသူ၊ မိမိ သူတစ်ပါး နှစ်ဦးသားအတွက် လိမ္မာသူဟူ၍ ရှိ၏။

ယင်းတွင် မိမိတစ်ချိန်က တစ်ယောက်နှင့်တွေ့၏။ သူ့ကို အဘယ်သို့ဆိုအံ့နည်း။ လူမိုက်ဟူ၍ ဆိုမည်လော၊ လူလိမ္မာဟူ၍ ဆိုမည်လော၊ မိမိအတွက် မိုက်သူဟူ၍ ဆိုမည်လော၊ သူတစ်ပါးအတွက် မိုက်သူဟူ၍ ဆိုမည်လော၊ မိမိအတွက် လိမ္မာသူဟူ၍ ဆိုမည်လော၊ သူတစ်ပါးအတွက် လိမ္မာသူဟူ၍ ဆိုမည်လော၊

တစ်ချိန်ကဖြစ်ခဲ့၏။ မိမိသည် မြို့ငယ်တစ်မြို့တွင် ဆယ်ရက်စခန်း တရားပြနေ၏။ ယင်းတွင် ယောဂီတစ်ယောက်ပါ၏။

ယောဂီကြည့်ရသည်မှာ အပူတစ်ခုရှိနေသည်ဟု ထင်ရ၏။ တရားမတက် ဖြစ်နေ၏။ မရှုနိုင်၊ မရှိုက်နိုင် ဖြစ်နေ၏။

သို့နှင့် မိမိသည် မုန်းခြေနှင့် တရားဟောပြ၏။ "ယောဂီဆိုတာ အပူအပင်မထားရဘူး။ အပူဆိုတာ ကိုယ်ပူတိုင်းလည်း ဖြစ်တာ မဟုတ်ဘူး။ တကယ်လို့ ဖြစ်ဦးတော့ ဖြစ်ကာမှ ပူရလျှင် အပူကြောတိုတယ်၊ သက်သာတယ်၊

"ဖြစ်တဲ့အချိန်အခါမှာ တရားသဘောသက်ဝင်ဆင်ခြင်ပြီး မပူလျှင်တော့ သာပြီးတော့ ကောင်းတာပေါ့၊ ချမ်းသာတာပေါ့"

"သို့မဟုတ် ယခုကပူနေရင် ယခု တစ်ပူ၊ ဖြစ်တဲ့အခါ တစ်ပူ ဟူ၍ နှစ်ပူဖြစ်တယ်၊ နောက်လည်း ပူနေဦးမယ်ဆိုရင် သုံးပူတောင် ဖြစ်တယ်၊

"ကိုယ်ပူတိုင်းလည်း ဖြစ်တာမဟုတ်ဘူး၊ ကိုယ်မပူလည်း အကြောင်းတိုက်ဆိုင်ရင် ဖြစ်ချင်ဖြစ်မှာပဲ"

စသည်ဖြင့် အပူအေးအောင် အနည်းငယ် ပြောပြလိုက်၏။

နောက်နေ့တွင် ယောဂီသည် ရွှင်ပြနေ၏။ သွက်လက်ချက်ချာနေ၏။ ကြည့်ရသည်မှာ တရားတိုးတက်နေသည့်ပုံ ပေါ်နေ၏။ တရားစစ်ချိန် ရောက်သည့်အခါ တရားတိုးတက်နေတာ တွေ့ရ၏။

ထိုအခါ မိမိက ယောဂီကို မေး၏။

"ကဲ… ဒီနေ့ ဘာဖြစ်လို့ တရားတိုးတက်လဲ၊ ကိုယ့်ဘာသာကိုယ် သိလား"

"မှန်ပါ၊ သိပါတယ်ဘုရား"

"ကဲ ... ပြောစမ်း၊ နောက်ရက်တွေက ဘာဖြစ်လို့ တရားမတိုးတာလဲ၊ ဒီနေ့မှ ဘာဖြစ်လို့ တရားတိုးလဲ"

"နောက်ရက်တွေက တပည့်တော်မှာ အပူတစ်ခု ကပ်နေပါတယ်ဘုရား၊ တရားအာရုံမရောက်ဘဲ အဲဒီအပူက ဝင်ဝင်ကပ်လာတယ်ဘုရား၊ အဲဒီတော့ တပည့်တော်မှာ မရှုနိုင် မရှုက်နိုင်ဖြစ်ပြီး အချိန်ကုန်သွားတာ၊ တစ်နေ့ကုန်သွားတာပဲဘုရား"

"ဘာ ပူနေတာလဲ"

"တပည့်တော်သမီးအတွက်ပါဘုရား"

"သမီးအတွက် ဘာတွေ ပူနေတာလဲ"

"တပည့်တော်က သမီးကို တရားအားထုတ်စေချင်တယ်ဘုရား၊ သမီးကလည်း ရောဂါသည်၊ သူကလည်း သူ့ရောဂါအကြောင်းပြပြီး ခဏပဲ အားထုတ်တယ်၊ သေသေချာချာ အားမထုတ်ဘူးဘုရား"

"အဲဒါ တပည့်တော်က တွေးတွေးပြီး ပူနေတယ်ဘုရား၊ အဲဒီလို ပူနေတာနဲ့ တပည့်တော် တရားမတက်ဖြစ်နေတယ်ဘုရား"

"ဒါဖြင့် ဒီနေ့တော့ ဒီသောကပရိဒေဝတွေကို ပယ်ဖျောက်လိုက်ပြီပေါ့၊ ဘယ်လို ဖျောက်လိုက်လဲ၊ သူ့ကို အရှုခံထားပြီး ဖျောက်လိုက်လား၊ သူ့ကို နှလုံးမသွင်းဘဲနဲ့ သူ့ကို ခွာပြီး အရှုခံကိုရှုရင်း ပယ်ဖျောက်လား"

"တပည့်တော်တော့ အဲဒီနည်းတွေ မတတ်ဘူးဘုရား"

"နို့ ... ဘယ်လို ဖျောက်လဲ"

"တပည့်တော် တရားစ.အားထုတ်တယ်ဆိုရင်ပဲ အဲဒီသမီးအတွက် ပူတဲ့အပူက တက်လာတယ်ဘုရား၊ ဘယ်လိုမှလဲ ဖြေလို့ မရပါဘုရား။

"အရှင်ဘုရားကလည်း အပူမထားရဘူးဆိုတော့ တပည့်တော် ဒီနေ့တော့ သောကပရိဒေဝတွေ လှူလိုက်ပြီဘုရား"

"ဘယ်လှူလိုက်လဲ"

"အရှင်ဘုရား အကုန်လှူလိုက်တယ်ဘုရား"

"အမယ်လေး ... သောကပရိဒေဝတွေတော့ ဘုန်းကြီး မလှူပါနဲ့၊ ဒုက္ခရောက်နေပါဦးမယ်"

"တပည့်တော်တော့ အရှင်ဘုရား လှူလိုက်ပြီး အားထုတ်လိုက်တာ ပေါ့ပါးသွားတယ်ဘုရား၊ တရားလည်း တက်သွားတယ်ဘုရား"

"အင်း ... ကိုယ့်ဟာကိုယ် ပြန်ကြည့်ဦးနော်၊ တော်တော်ကြာ အယူမှားဒိဋ္ဌိ ဖြစ်နေဦးမယ်"

"ဘယ်လို ပြန်ကြည့်ရမလဲဘုရား"

"လှူလိုက်လို့ သောကပရိဒေဝတွေ ပျောက်ငြိမ်းသွားတာလား၊ ကြောင်းကျိုး သိပြီး ငြိမ်းသတ်လို့ ငြိမ်းသွားတာလားလို့ ပြန်ကြည့်ရမယ်"

"တပည့်တော်တော့ အရှင်ဘုရားပြောသလိုပဲ၊ ပူလည်း ဘာမှ တတ်နိုင်တာ မဟုတ်ဘူး၊ ဖြစ်ချိန်တန် ဖြစ်လိမ့်မယ်၊ ပျက်ချိန်တန် ပျက်လိမ့်မည်၊ ဘုရားတောင်မှ မတတ်နိုင်တာ ငါလည်း ဘာတတ်နိုင်မှာလဲဆိုပြီး သမီးအပေါ် ပူမှုတွေ အကုန်ဖြတ်ပြီး အရှင်ဘုရား လှူလိုက်တယ်ဘုရား"

"အဲဒါ လှူလို့ အပူငြိမ်းတာ မဟုတ်ဘူး၊ သမီးအပေါ် သံယောဇဉ်ဖြတ်လိုက်တော့ အပူလည်း ပြတ်သွားတာပေါ့၊ တဏှာယ ဇာယတိ သောကော - ချစ်ခင်တွယ်တာမှု တဏှာကြောင့် သောက.ဖြစ်တာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ချစ်ခင်မှုကြောင့် သောက.ဖြစ်တယ်၊ ချစ်ခင်မှု ရပ်လိုက်တော့ သောက.လည်း ပြတ်သွားတယ်ပေါ့၊ လှူလိုက်လို့ မဟုတ်ဘူးနော်"

"တပည့်တော်ကတော့ လှူလိုက်ပြီလို့ပဲ ဆိုပြီး ဝမ်းသာနေတယ်၊ ပေါ့ပါးနေတယ်ဘုရား"

"ဝမ်းသာပေါ့ပါးတာကတော့ ဝမ်းသာပေါ့ပါးအောင်ပဲ ဆက်နေပေါ့၊ ကြောင်းကျိုး.သိလို့ ဝမ်းသာပေါ့ပါးတယ် ယူနော်"

"မှန်ပါ ဘုရား"

"လှူတယ်ဆိုတာက လှူတိုင်း အလှူမြောက်တာ မဟုတ်ဘူး"

"ဘယ်လိုလှူမှ အလှူမြောက်လဲ ဘုရား"

"လှူတယ်ဆိုတာက သူ့အင်္ဂါနဲ့သူ ညီညွတ်မှ အလှူမြောက်တာ၊ မှတ်ထား၊ အလှူအင်္ဂါတွေကို -

၁။ အလှူခံပုဂ္ဂိုလ် ရှိရမယ်

၂။ အလှူပေးပုဂ္ဂိုလ် ရှိရမယ်

၃။ လှူဖွယ်ပစ္စည်း ရှိရမယ်

၄။ လှူလိုတဲ့ သဒ္ဓါစေတနာ ရှိရမယ်

အဲဒီ အင်္ဂါလေးချက်နဲ့ အညီ လှူမှ အလှူအင်္ဂါမြောက်တယ်၊ မညီရင် အလှူအင်္ဂါ မမြောက်ဘူး၊ အလှူမဖြစ်ဘူးပေါ့။

"အခု ဒီမှာကြည့်၊ အလှူခံပုဂ္ဂိုလ် ရှိတယ်၊ အလှူပေးပုဂ္ဂိုလ် ရှိတယ်၊ ဘယ်မှာလည်း လှူဖွယ်ပစ္စည်း"

"သောကပရိဒေဝတွေပေါ့ဘုရား"

"ကိုင်း... ပြလို့ရရဲ့လား၊ မျက်စိနဲ့ မြင်ရ၊ အသုံးပြုလို့ ရရဲ့လား"

"မရပါဘုရား"

"သောကပရိဒေဝဆိုတာ အာရုံကြောင့် ကိုယ့်သန္တာန်မှာ ဖြစ်တဲ့သဘောတရားတွေ ဘယ်မှာ လှူလို့ရမှာလဲ၊ မရဘူးနော်"

"မှန်ပါဘုရား"

"သောကပရိဒေဝဆိုတာ အကျိုးတရား၊ အာရုံက အကြောင်းတရား၊ ပူစရာအာရုံကို အာရုံပြုလို့ ဖြစ်ပေါ်လာတာ၊ အာရုံပူတော့ စိတ်ပူတယ်၊ အာရုံအေးတော့ စိတ်အေးတယ်။

"စိတ်အေးတယ်ဆိုတာ သောကပရိဒေဝ အေးသွားတော့ စိတ်လည်း အေးသွားတာပေါ့၊ ဘာဖြစ်လို့ ပရိဒေဝ ဖြစ်လဲ၊ ပူစရာကို အာရုံပြုလို့နော်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့ သောကပရိဒေဝ ငြိမ်းသွားလဲ၊ ပူစရာအာရုံ ငြိမ်းလို့နော်"

"မှန်ပါ ဘုရား"

"အေး... ဘုရားရှင်ရဲ့ တရားတော်တွေဟာ ဒီလိုပဲ အကျိုးနဲ့ အကြောင်းနဲ့ ဆက်စပ်နေတယ်၊ အဲဒါကို မြင်အောင် ကြည့်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို မြင်မှလည်း ပစ္စယပရိဂ္ဂဟဉာဏ် ပိုင်မယ်၊ အဲဒီဉာဏ် ပိုင်မှလည်း ဝိစိကိစ္ဆာ ပြုတ်မယ်၊ အဲဒီဉာဏ် မပိုင်ရင် ဝိစိကိစ္ဆာ မပြုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဖြစ်နေတဲ့ သောကပရိဒေဝကို တိုက်ရိုက်ရှုတဲ့အခါ ပျောက်သွားတယ်၊ အကြောင်း မေးကြည့်တော့ ရှုမှတ်လို့ ပျောက်တယ်တဲ့၊ အဲဒါဟာ မပြည့်စုံတဲ့အကြောင်း၊ မပြည့်စုံတဲ့ အသိပဲနော်"

"မှန်ပါ ဘုရား"

"ရှုမှတ်တိုင်း ပျောက်မှာလားဆိုတော့ မပျောက်ပါဘူးနော်"

"မှန်ပါ ဘုရား"

"အေး…အဲဒါကြောင့် တရားအားထုတ်တဲ့အခါမှာ ရချင်လို့ အားထုတ်သော်လည်း အားထုတ်တဲ့အခါမှာ စိတ်အေးအေးထားပြီး အရှုခံအာရုံကို ကြောင်းကျိုးရှင်းအောင် ရှုနိုင်ရင် သက်သက်သာသာနဲ့ အမြင်ရှင်းပြီး အမြဲ တရားတက်မယ်နော်"

"မှန်ပါ ဘုရား"

✦ လှုပ်တယ်ဆိုတာ၊ လှုပ်စရာ၊ ရှိပါမှ ဖြစ်ရာ။

✦ လှုပ်တဲ့အခါ၊ စေတနာ၊ သဒ္ဓါလိုအပ်ပါ။

✦ အကြောင်းဆုံမှ၊ ဖြစ်ပေါ်ရ၊ သောကစိုးရိမ်တာ။

✦ စိုးရိမ်သောက၊ လှုပ်မရ၊ သိမှ ငြိမ်းလေမှာ။

✦ ငြိမ်းစေလိုလျှင်း၊ ကြောင်းကျိုးရှင်း၊ ဉာဏ်သွင်းရှုပွားပါ။

# တရားက ငယ်၊ နား က ကျယ်

(၁၇၀)

"ဒုရာဇီဝ၊ ဒုကမ္မနှင့်၊ ပါပသက်မွေး၊ အသက်ဘေးကို၊ မတွေးကြောက်တတ်၊ သက်သတ်ခိုးစား၊ စသော
အားဖြင့်၊ ငါးပါးသီလ၊ စာရမဲ့မျိုး၊ မှုဆိုးတံငါ၊ ကျင့်ယုတ်မာတို့၊ ရံခါတရား၊ ကျင့်ငြားသော်လည်း၊ တောင့်စည်းမရှိ၊
ပျက်လွယ်ဘိ၏"

(မယဒေဝ)

အထက်ပါ မယဒေဝ လင်္ကာပိုဒ်ကလေးသည် မိမိဉာဏ်တွင် အမှတ်မထင် ပေါ်ထင်လာ၏။ မှန်လှသော လင်္ကာပိုဒ်ကလေး ယခုခေတ်နှင့် အံဝင်ခွင်ကျသော လင်္ကာပိုဒ်ကလေး ဖြစ်၏။

ယခုခေတ်တွင် "ဒုရာဇီဝ = မကောင်းသော အသက်မွေးမှု" နှင့် အသက်မွေးရမှာကို မကြောက်သော ခေတ်၊ ရဲတင်းသော ခေတ် ဖြစ်နေ၏။

"ဒုကမ္မ = မကောင်းသော အလုပ်" နှင့် အသက်မွေးရမှာလည်း မကြောက်သော ခေတ်၊ ရဲတင်းသော ခေတ် ဖြစ်၏။ သို့ဖြစ်၍ ယနေ့ခေတ်သည် "ပါပသက်မွေး" ဟူသော မကောင်းပြု မကောင်းပြော၊ မကောင်းကြံကာ ယုတ်မာသော အသက်မွေးမှုကို ရှက်ရမှန်း မသိသော ခေတ် ဖြစ်၏။

ယင်းသို့ ဖြစ်လာသော် မကောင်းမှု အကုသိုလ်တရားတွေ တိုးပွားလာ၍ ကောင်းမှု ကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်ပြားဖို့သာ ဖြစ်တော့မည်ကို တွေး၍ ရင်လေးဖွယ်ဖြစ်၏။

ယင်းသို့ ရင်လေးဖွယ်အဖြစ်မျိုးနှင့် သာမန်ပုဂ္ဂိုလ်တွေတွင် ကြုံတွေ့ရမှု မထောင်းတာလှသော်လည်း တရားသမားလောကတွင် ကြုံတွေ့ရမှုကား ရင်လေးဖွယ်မဟုတ်၊ ရင်ပွင့်ဖွယ်ပင် ဖြစ်တော့၏။

ယင်းသို့ ရင်ပွင့်ဖွယ် အဖြစ်မျိုးတစ်ခုနှင့် မိမိသည် ကြုံရ၏။ တစ်ချိန်က ဖြစ်ခဲ့၏။ တစ်ခုသော နွေရာသီ မိမိသည် အနားယူ၍ စာရေးနေစဉ် ရက်အတွင်း ဖြစ်၏။

မိမိထံသို့ ဒကာတစ်ယောက် ရောက်လာသည်။ ဒကာကြီးမှာ အသက် (၇၀) ကျော် ဖြစ်၏။ သူနှင့် သူ့အသိုက်အဝန်းအရပ်တွင် လူကြီးများ ဖြစ်ကြ၏၊ တရားသမားတွေလည်း ဖြစ်ကြ၏။

မိမိသည် စကားများစွာ မပြောတတ်ပါ။ သူတစ်ပါး ပြောသည်ကိုမူ နားထောင်တတ် မှတ်တတ်၏။ သို့နှင့် မိမိက ဒကာကြီးအား အတွေ့အကြုံကို မေးမြန်းသည် -

"ဘယ့်နယ်လဲ ဒကာကြီး၊ တရားလေး ဘာလေး တိုးတက်မှုရှိရဲ့လား"

"ဟာ... ဘုရား၊ တရားကလည်း ရှေ့သွားရင်း၊ နောက်ပြန်ဆုတ်ယုတ်ခြင်း ဖြစ်နေတယ်ဘုရား၊ အဆန်လမ်းဆိုတော့ တယ်ခက်တယ်ဘုရား"

"အင်း... အဲဒီလိုသိရင် သူတော်ကောင်းပေါ့၊ ကိုယ်ဆုတ်ယုတ်တာ ဆုတ်ယုတ်မှန်းသိရင် တော်တယ်ဆိုရမှာပေါ့၊ ဆုတ်ယုတ်မှန်း မသိဘဲ ဟုတ်လှပြီထင်နေမှ ခက်တာ"

"တပည့်တော်က ဒီလိုတော့ မထင်ပါဘုရား"

"တရားသမားဆိုတာ မဂ္ဂင်ရှစ်ပါးနဲ့ လျော်အောင် နေရတယ်နော်၊ မဂ္ဂင်ရှစ်ပါးဆိုတာ တရားသမားတွေရဲ့လမ်းမ.တော်ပဲ၊ အဲဒီလမ်းကြောင်းအတိုင်း မသွားရင် လမ်းလွဲလမ်းမှားသွားပြီ"

"စိတ်က တယ်ဆိုးပါလားဘုရား၊ မကောင်းတဲ့ဘက်ပဲ အဆွဲများတယ်ဘုရား၊ မကောင်းတဲ့ဘက် ဆွဲသူရှိရင်လည်း ပါသွားတယ်ဘုရား"

"ဘယ်ပါသွားလဲ၊ ပြောစမ်းပါဦး"

"တစ်နေ့ ဘုရား၊ တပည့်တော်ရဲ့တရားသမား အဖော်တစ်စုက အစောကြီး လာခေါ်တယ်ဘုရား၊ လှည်းကြီးနဲ့၊ လှည်းပေါ်လည်း လူအပြည့်နဲ့"

"အင်း... ဒကာကြီးတို့အရွယ် (၆၀)ကျော် (၇၀)ကျော် တရားသမားတွေပေါ့"

"အင်း... အင်း..."

"တပည့်တော်ကလည်း သူတို့လာခေါ်တော့ လိုက်သွားတယ်ဘုရား"

"ဘယ်လိုက်သွားတာလဲ"

"နွားပွဲကို ဘုရား"

"အမယ်လေး ဖြစ်မှ ဖြစ်ရလေ၊ တရားသမားက တရားပွဲကျတော့ "တရားက ငယ်၊ နားက ကျယ်၊ တရားငယ် နားကျယ်မနဲ့" နဲ့ ဘာနဲ့ ညာနဲ့ ဈာန်ခြေဆင်လက်ပေးပြီး တရားပွဲတော့ မနာ၊ တရားပွဲတော့ ရှောင်၊ နွားပွဲကျတော့ အစောကြီး သွား၊ တယ်ကောင်း"

"အဖြစ်တော့ တော်တော်ဆန်းတယ်ဘုရား"

"ပြောစမ်းပါဦး၊ ဘယ်လိုဆန်းလဲ"

"အဲဒီလှည်းပေါ်မှာ တပည့်တော်နဲ့ စကားမပြောတဲ့လူတစ်ယောက်လည်း ပါတယ်ဘုရား"

"အင်း"

"အဲဒါ အရပ်ထဲ ဘုရားပွဲ၊ တရားပွဲ၊ ဘာသာရေးပွဲတွေမှာ မျက်နှာချင်းဆုံလို့ မရဘူးဘုရား"

"အင်း"

"ကဲ ... ခု နွားပွဲလည်းသွားရော၊ လှည်းတစ်စီးထဲပေါ်မှာ ပြောလို့ဆိုလို့ မျက်နှာချင်းဆိုင်လို့ဘုရား"

"ဒါဖြင့် ဒကာကြီးတို့နှစ်ဦးကို နွားပွဲက စေ့စပ်ပေးလိုက်တယ်ပေါ့"

"မှန်ပါဘုရား၊ ကုသိုလ်မှုနှင့်တော့ မတည့်ဘူး၊ အကုသိုလ်မှုနဲ့မှ တည့်သွားတယ်ဘုရား"

"အင်း"

"သွားတုန်းက လူမသိအောင်ဆိုပြီး အစောကြီး ထသွားတာဘုရား"

"နို့ ... ဘယ်သူတွေသိလဲ"

"လမ်းရောက်တော့ ဆွမ်းခံထွက်တဲ့ ဘုန်းကြီးတွေနဲ့ တွေ့နေလို့ဘုရား"

"အရုဏ်ဆွမ်းခံထွက်တဲ့ ဘုန်းကြီးတွေလား"

"မှန်ပါဘုရား"

"ဒါဖြင့် ဒကာကြီးတို့သွားတာ အစောကြီးပေါ့"

"မှန်ပါ၊ အစောကြီးပဲဘုရား"

"အင်း ... အကုသိုလ်မှုနဲ့ ကုသိုလ်မှုမှာ ဝီရိယချင်း သိပ်ကွာပါလား"

"မှန်ပါ၊ ကွာပါတယ်ဘုရား၊ ကုသိုလ်မှုမှာသာ ဒီလောက်ဝီရိယရှိရင် တပည့်တော်တို့ တရားရကုန်ပြီပေါ့ဘုရား"

"ဟုတ်တာပေါ့၊ မဂ္ဂင်ရှစ်ပါးမှာပါတဲ့ သမ္မာဝါယာမဆိုတာ ဝီရိယပေါ့နော်၊ မှန်ကန်သော ဝီရိယတဲ့၊ အဲဒီ မှန်ကန်သော ဝီရိယက အကုသိုလ် ပယ်ရှား၊ ကုသိုလ်ပွားအောင် အားထုတ်တယ်"

"မှန်ပါ ဘုရား"

"ခု ဒကာကြီးတို့ အစောကြီးထပြီး နွားပွဲသွားတာလည်း ဝီရိယပဲပေါ့၊ သမ္မာဝါယာမဆိုတဲ့ မှန်ကန်တဲ့ဝီရိယတော့ မဟုတ်ဘူး"

"ဘာ ဝီရိယလဲဘုရား"

"မိစ္ဆာဝါယာမ ပေါ့၊ မှားတဲ့ ဝီရိယပေါ့၊ မှားတဲ့ ဝီရိယဆိုတော့ ကုသိုလ်တွေ ယုတ်လျော့ကုန်တယ်၊ အကုသိုလ်တွေ တိုးပွားလာတယ်ပေါ့"

"မှန်ပါ ဘုရား"

"မိမိတို့ ကြိုးစားသလောက် အကုသိုလ် တိုးတာပေါ့၊ ကုသိုလ်တွေ လျော့တာပေါ့"

"တယ်ဆိုးပါလား ဘုရား"

"ပြီးတော့ ဒကာကြီးတွေ ပြောနေသမျှကလည်း သမ္မာဝါစာ ဟုတ်ဦးမလား"

"ဘယ်ဟုတ်တော့မလဲ"

"မိစ္ဆာဝါစာတွေပေါ့"

"ဟုတ်ပါတယ်ဘုရား"

"ဘယ့်နှယ် တရားသမားလည်း ဖြစ်၊ အသက်ကလည်း (၆၀)ကျော် (၇၀)ကျော်တွေ၊ ရွာပေါ်မှာလည်း လူကြီးတွေ၊ မနက်စောစော ဘုရားရှိခိုး၊ တရားနာလို့၊ တရားနလုံးသွင်းလို့ နေရမယ့်အချိန်မှာ တစ်လမ်းလုံး ဘာစကားတွေ ပြောသွားလဲ"

"ဟိုနွား နိုင်မယ်၊ ဒီနွား နိုင်မယ်နဲ့ နွားအကြောင်းချည်းပဲ ပြောသွားပါတယ်ဘုရား"

"ရှင်းရှင်းပြောရရင်တော့ တစ်လမ်းလုံး နွားစကားချည်း ပြောသွားတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း…တယ်ကောင်းပေါ့၊ တရားသမား တရားစကား မပြော၊ နွားစကား ပြောသတဲ့"

"ပြီးတော့ ပါသေးတယ်ဘုရား"

"ဘယ်လို ပါသေးလဲ"

"လမ်းမှာ ဘုန်းကြီးတွေနဲ့တွေ့တော့ တို့ နွားပွဲသွားတဲ့အကြောင်း မပြောနဲ့၊ မသိစေနဲ့တဲ့ ဘုရား"

"အင်း…ဘုန်းကြီးတွေကို ညာဦးမယ်ပေါ့"

"တင်ပါဘုရား၊ ဒါနဲ့ တပည့်တော်က ပြောလိုက်တယ်ဘုရား"

"ဘယ်လို ပြောလိုက်လဲ"

"အေး…အကုသိုလ် တစ်ခုပဲ ခံနိုင်မယ်၊ နှစ်ခု မခံနိုင်ဘူးလို့"

"ဒါဖြင့် ဒကာကြီးက နွားပွဲသွားလား ဆိုရင် သွားတယ်ပဲ ပြောမယ်ပေါ့၊ မညာဘူးပေါ့"

"တင်ပါဘုရား"

"ကောင်းတယ် ကောင်းတယ်၊ ဒကာကြီးတို့ ပြောသွားတဲ့ စကားတွေကလည်း မိစ္ဆာဝါစာတွေ၊ ပြီးတော့ ထပ်ပြီး မုသားပြောတဲ့ မိစ္ဆာဝါစာ ဖြစ်၊ ဘယ်ကောင်းမလဲ"

"မှန်ပါ ဘုရား"

"ဒီအမှုဟာ တစ်နေ့ မပေါ်ဘဲ မနေဘူး၊ ပေါ်မှာပဲ၊ အဲဒီတော့မှ အရပ်ထဲက ဘုရားဒကာ.ကျောင်းဒကာတွေ နွားပွဲသွား၊ လူမသိအောင် မသွားဘူး ညာတယ်၊ အပြစ်နှစ်ခု ဖြစ်အောင် လုပ်တဲ့ လူကြီးတွေလို့ ပြောစရာ မဖြစ်ဘူးလား"

"ဖြစ်မှာပေါ့ ဘုရား"

"အပြစ်ကလည်း နှစ်ပြစ် ဖြစ်ဦးမယ်၊ နောက်လည်း ကိုယ့်စကား သူများ ယုံဦးမလား"

"မယုံတော့ပါ ဘုရား"

"မုသားဆိုတာ သာမန်လို့ မတွက်လိုက်နဲ့၊ အကုသိုလ်ထဲမှာ အပြစ်အကြီးဆုံးပဲ၊ မုသား ပြောရဲတဲ့လူဟာ အကုသိုလ် မှန်သမျှ အကုန်လုပ်ရဲတယ်တဲ့"

"တယ်ဆိုးပါလား ဘုရား"

"ဆိုးတာပေါ့"

"တပည့်တော်တို့ကတော့ "မုသား.မပါ လက်ာ.မချော" ဆိုပြီး မုသားကို ပေါ့ပေါ့ပဲ ပြောနေကြတာပဲဘုရား"

"မပေါ့နဲ့ မပေါ့နဲ့၊ တော်တော်အပြစ်ကြီးတဲ့ မုသား၊ ဒကာကြီးတို့မှာက အမှားဝီရိယ. မိစ္ဆာဝါယမလည်း ဖြစ်မနေ ဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"ပြီးတော့ အမှားစကား "မိစ္ဆာဝါစာတွေလည်း ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"ပြီးတော့ ပြုနေတဲ့ ကိုယ်အမှု ကာယကံ အားလုံးကလည်း မိစ္ဆာကမ္မန္တတွေ ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"ကဲ…ဖြစ်ရမှာက ဒကာကြီးတို့ တရားသမားတွေမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တတွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဖြစ်ရဲ့လား"

"မဖြစ်ပါဘုရား"

"ဟိုရောက်ရင် လောင်းဦးမှာ"

"မှန်ပါ၊ လောင်းတာပေါ့ဘုရား"

"တပည့်တော်တို့ကတော့ နိုင်လာလို့ ပြုံးလို့ပေါ့ဘုရား။ ဟို (.....)တော့ ရှုံးလို့ မဲ့.လိုက်လာတယ်ဘုရား"

"အတူတူ တစ်လှည်းထဲပဲပေါ့"

"အင်း . . . ကောင်းတယ် ကောင်းတယ်၊ အဲဒီ မဲ့ရှုံ့ ပြုံးရွှင်တဲ့ အမူအရာ နှစ်ခုစလုံးဟာ ဒေါသနဲ့ မဲ့၊ လောဘနဲ့ ပြုံးမို့ နှစ်ခုစလုံး မိစ္ဆာကမ္မန္တချည်းပဲလို့ မှတ်ပေတော့"

"မှန်ပါ ဘုရား"

"ဟို . . . နွားပွဲမှာလည်း ငါ့နွားနိုင်အောင်၊ သူ့နွားရှုံးအောင်ဆိုတဲ့ စိတ်ထားကလည်း ကြည့် ကောင်းတဲ့စိတ်လား"

"မကောင်းတဲ့စိတ်ပါ ဘုရား"

"ပြီးတော့ လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ဆူညံ အားပေးအားမြှောက်ပြုတဲ့ အမူအရာ အပြောအဆိုတွေကကော ကောင်းလား"

"မကောင်းပါဘုရား"

"မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ တွေနော်"

"မှန်ပါ ဘုရား"

"အဲဒီနွားပွဲရောက်တော့ လောင်းသလား"

"ဟာ . . . လောင်းတာပေါ့ဘုရား"

"အဲဒီ လောင်းလို့ နိုင်လာတဲ့ငွေနဲ့ အသက်မွေးတော့ မိစ္ဆာအာဇီဝပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ ဒကာကြီးတို့ တရားသမားတွေကို ပြန်ကြည့်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်သုံးပါး ရှိသေးလား"

"မရှိတော့ပါဘုရား"

"ကဲ . . . နွားပွဲက ပြန်လာတဲ့ ဒကာကြီးတို့ရဲ့ အပြုအမူ အပြောအဆို အသက်မွေးမှုတွေ ပြန်ပြီး အာရုံပြုကြည့်စမ်း၊ စိတ်လက်ပေါ့ပါးပြီး တရားတိုးတက်စရာတွေလား၊ ကိုယ်လက်လေးလံပြီး တရားဆုတ်ယုတ်စရာတွေလား"

"တရားဆုတ်ယုတ်စရာတွေပါ ဘုရား"

"မှတ်ထား၊ တရားသမားမှာ ဒီသီလမဂ္ဂင်ဟာ သိပ်အရေးကြီးတယ်၊ ဒီသီလမဂ္ဂင် ချွတ်ယွင်းရင် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ သမာဓိမဂ္ဂင်တွေ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်ဘုရား၊ တရားထိုင်ပြီးတော့ စိတ်တွေ လွင့်လိုက်တာဘုရား၊ ဘယ်ရောက်လို့ ဘယ်ရောက်မှန်း မသိဘူး၊ တစ်ချက်မှ မတည်ဘူးဘုရား"

"အဲဒါ ဘာကြောင့်လဲသိလား၊ သီလ မရှိလို့၊ သီလ ပျက်လို့"

"မှန်ပါ ဘုရား"

"အဲဒီ တည်ကြည်မှု သမာဓိမှ မဖြစ်ဘဲနဲ့ အမှန်အကန် သိမှုဉာဏ်ပညာ ဖြစ်ပါဦးမလား"

"မဖြစ်တော့ပါဘုရား"

"ပညာမဂ္ဂင် မဖြစ်တော့ဘူးနော်"

"မှန်ပါ ဘုရား"

"တကယ်လိုအပ်တာက ပညာမဂ္ဂင်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ပညာမဂ္ဂင် ဖြစ်ရေးအတွက် သမာဓိမဂ္ဂင် မလိုအပ်ဘူးလား"

"လိုအပ်ပါတယ်ဘုရား"

"အဲဒီ သမာဓိမဂ္ဂင် ဖြစ်ရေးအတွက် သီလမဂ္ဂင် မလိုအပ်ဘူးလား"

"လိုအပ်ပါတယ်ဘုရား"

"ဒါဖြင့် မဂ္ဂင်ရှစ်ပါးမှာ ဘယ်သူအချုပ်လဲ ပြောစမ်းပါဦး"

"သီလမဂ္ဂင်ပါဘုရား"

"တချို့က သီလ.မလိုဘူးတဲ့၊ အလွယ်ပဲ ပြော၊ အလွယ်ပဲ ပယ်တယ်၊ မလိုက်နဲ့ မယုံနဲ့နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင် ဟောထားတာရှိတယ်၊ ဟို သံယုတ်ပါဠိတော်မှာ -

"ရဟန်းတို့ . . . အရုဏ်တက်ခြင်းဟာ နေထွက်ခြင်းရဲ့ ရှေ့ပြေးနိမိတ် ဖြစ်သကဲ့သို့ သီလ.သည် အရိယာမဂ်ကို ရခြင်းရဲ့ရှေ့ပြေးနိမိတ် ဖြစ်၏" တဲ့။

"ကဲ...အဲဒီပါဠိတော်စကားမှာ ကြည့်၊ အရုဏ်တက်ခြင်းဟာ နေထွက်ခြင်းရဲ့ရှေ့ပြေးနိမိတ် တဲ့၊ ဒီတော့ ရှေ့ပြေးနိမိတ် အရုဏ်လာရင် နေ.မလာဘူးလား၊ လာမလား"

"လာပါတယ်ဘုရား"

"ရှေ့ပြေးနိမိတ် အရုဏ်မလာဘဲနဲ့ နေ.လာပါ့မလား"

"မလာပါဘုရား"

"ဒါဖြင့် အရုဏ်တက်ဖို့ အရေးကြီးလား၊ နေထွက်ဖို့ အရေးကြီးလား"

"အရုဏ်တက်မှ နေထွက်မယ်ဆိုတော့ အရုဏ်တက်ဖို့ အရေးကြီးပါတယ်ဘုရား"

"ဒါဖြင့် အရိယာမဂ် ရဖို့ရာ အရေးကြီးလား၊ သီလပြည့်စုံမှုက အရေးကြီးလား"

"သီလ ပြည့်စုံမှ အရိယာမဂ် ရမယ်ဆိုတော့ သီလ ပြည့်စုံမှုက အရေးကြီးပါတယ်ဘုရား"

"သာဓကေ ပြရဦးမလား"

"ပြရင် ပိုကောင်းတာပေါ့ဘုရား"

"ကဲ...ဒါဖြင့် နားထောင်"

"မှန်ပါ ဘုရား"

"ရှေးက မဟာသံဃရက္ခိတထေရ် ဆိုတဲ့ ထေရ်ကြီးတစ်ပါး ရှိတယ်၊ အင်မတန် သီလနဲ့ ပြည့်စုံတယ်၊ တကယ်သီလနဲ့ ပြည့်စုံတော့ သူ့ရဲ့ကိုယ်အမူအရာ နှုတ်အမူအရာမှာ တစ်စုံတစ်ရာ အပြစ်အနာအဆာ ရှာလို့ မတွေ့ဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ သူ့ကို တပည့်ဒကာ၊ ဒကာမတွေက ရဟန္တာလို့ပဲ ထင်ကြတယ်၊ အဲဒီလိုနဲ့ ဝါတော်(၆၀)၊ သက်တော် (၈၀) ရောက်တဲ့အခါ သေရာညောင်စောင်း လျောင်းသတဲ့"

"မှန်ပါ ဘုရား"

"သေရာညောင်စောင်း လျောင်းတယ်ဆိုတာ သေမယ့်ဝေဒနာဖြစ်ပြီး လျောင်းနေတာကို ခေါ်တာနော်"

"မှန်ပါ ဘုရား"

"တပည့်တပန်း ရဟန်းရှင်လူတွေက "ငါတို့ဆရာတော် ပရိနိဗ္ဗာန် စံတော့မယ်၊ နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ရအောင်" ဆိုပြီး လာကြတယ်၊ ဘယ်လောက် များလဲဆိုတော့ (၃၆)မိုင် ပတ်ဝန်းကျင်အပြည့်တဲ့"

"များလိုက်တာဘုရား"

"များဆို အဲဒါ သီလသတ္တိပေါ့၊ အဲဒီလိုလာကြတော့ အဲဒီအထဲမှာ လိမ္မာတဲ့ တပည့်ရဟန်းငယ်တစ်ပါးက ထေရ်ကြီးရဲ့အနီး ချဉ်းကပ်ပြီး "အရှင်ဘုရား . . . အရှင်ဘုရားမှာ အားကိုးရာ အားထားရာ လောကုတ္တရာတရား အထူးများ ရှိပါပြီလား" လို့ လျှောက်တယ်၊

"ဒီတော့ ထေရ်ကြီးက "ငါ့ရှင်၊ ငါ့မှာ အားကိုးအားထားရာတရား လောကုတ္တရာမဂ်ဖိုလ် တစ်စုံတစ်ရာ မရှိသေးပါ" တဲ့၊ ရိုးရိုးသားသား ပြန်ကြားတယ်"

"ဒီတော့ လိမ္မာတဲ့တပည့်ငယ်က "အရှင်ဘုရား၊ အဲဒါမှ ခက်တာပဲ၊ ယခုရောက်လာတဲ့ (၃၆)မိုင် အပြည့်အနက်၊ ပရိသတ်ကလည်းအရှင်ဘုရားကို ကိလေသာကုန်ခန်း ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော့မယ်လို့ ယူဆပြီး လာကြတာဘုရား၊ အရှင်ဘုရားကို ပုထုဇဉ်ဘဝနဲ့ ပျံလွန်တော်မူမှန်း သိရင်တော့ စိတ်မချမ်းမသာ ဖြစ်ကြမှာပါ ဘုရား"၊

"ငါက မေတ္တေယျဘုရားဖူးပြီး အဲဒီကျမှ အရိယာအဖြစ်ကို ယူမလို့"

"အရှင်ဘုရား၊ မေတ္တေယျဘုရားရှင် ပွင့်ဖို့ကလည်း များစွာလိုပါသေးတယ်၊ ဒီအတွင်း အပါယ်လည်း ကျနိုင်ပါသေးတယ်၊ အပါယ်ဒုက္ခဟာ ကြီးလေးလှပါတယ်"

"ဒီလိုလား၊ ဒီလိုဆိုရင် ငါ့ ထူပေး" တဲ့၊ အရှင်မြတ်ကြီးက ပြောတယ်၊ ဒီတော့ ရဟန်းငယ်က ထူပေးပြီး ကျောင်းပြင် ထွက်တယ်၊ ထေရ်ကြီး ချမ်းချမ်းသာသာ အားထုတ်ဖို့ပေါ့နော်"

"မှန်ပါ ဘုရား"

"ရဟန်းငယ်က ထူပေးပြီး အပြင်ထွက်ဖို့ ဟိုဘက်လှည့်ပြီး နှစ်လှမ်း သုံးလှမ်း သွားရသေးတယ်၊ ထေရ်ကြီးက အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွားပြီး လက်ဖျစ်တီးခေါ်တယ်"

"အံ့ဩစရာကြီးပါလားဘုရား"

"အေး . . . ရဟန်းငယ်က တအံ့တဩနဲ့ပေါ့၊ ပြန်လှည့်လာပြီး လျှောက်ထားတယ်၊ "အရှင်ဘုရား၊ အရှင်ဘုရားတို့ ရဟန္တာအဖြစ် ကျင့်တာ တယ်အံ့ဩစရာကောင်းပါလားဘုရား၊ သေရာညောင်စောင်း လျောင်းကာမှ အားထုတ်တာတောင် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ပါတယ်ဘုရား" တဲ့၊ လျှောက်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ထေရ်ကြီးက ဘာပြန်ပြောလိုက်လဲ ဆိုတော့ "ငါ့ရှင်၊ ဒီလို သေရာညောင်စောင်း လျောင်းစက်ကာမှ အာသဝေါကုန်ခန်း ရဟန္တာဖြစ်အောင် အားထုတ်တာက ဘာမှ မခဲယဉ်းပါဘူး၊ ခဲယဉ်းတာကို ငါပြောပြမယ်၊ ငါသည် ရဟန်းဖြစ်ပြီး၊ သိမ်မှ ဆင်းတဲ့အချိန်က စပြီး ယခုအချိန်တိုင်အောင် ငါ့ရဲ့သီလဟာ ကျိုးခြင်း၊ ပေါက်ခြင်း၊ ပျောက်ခြင်း၊ ကျားခြင်း တစ်စုံတစ်ရာ ဘာအပြစ်အနာအဆာမှ မရှိအောင် စောင့်ထိန်းခဲ့တယ်၊ သတိလက်လွတ်ပြီး ပြုမှု ပြောမှု ဘာတစ်ခုမှ မရှိခဲ့ဘူး၊ အဲဒီလို စောင့်ထိန်းမှုကမှ ခဲယဉ်းတယ်" တဲ့။ အဲဒီလို ပြောတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဘာအရေးကြီးလဲ၊ သီလပြည့်စုံဖို့ အရေးကြီးလား၊ မဂ်ဖိုလ်ရဖို့ အရေးကြီးလား"

"သီလပြည့်စုံဖို့ အရေးကြီးပါတယ်ဘုရား"

"သီလပြည့်စုံရင် မဂ်ဖိုလ်ခဲယဉ်းသေးလား"

"မခဲယဉ်းပါဘုရား"

"ဒါဖြင့် ဒကာကြီးတို့ ဘာဖြစ်လို့ မဂ်ဖိုလ်မရဖြစ်နေလဲ"

"သီလ မပြည့်စုံလို့ပါဘုရား"

"သီလ မပြည့်စုံအောင် ဘယ်သူက ဖျက်လဲ"

"တပည့်တော်တို့ဘာသာ တပည့်တော်တို့ ဖျက်ပါတယ်ဘုရား"

"နွားပွဲက ဖျက်တာလား"

"မဟုတ်ပါဘုရား"

"ဒါ့ကြောင့် ပယ်သတ်ရမယ့် လက်နက်ကို အချက်ကျကျ စွဲကိုင်တတ်ဖို့ အရေးကြီးတယ်ဆိုတာပေါ့"

"အမိန့်ရှိပါဦးဘုရား"

"လွန်ကျူးမှု ကိလေသာ အကြမ်းစား နွားပွဲသွားမှု၊ လိမ်ညာမှုမျိုးကို သီလလက်နက်နဲ့ သတ်ရမယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ထကြွသောင်းကျန်းတဲ့ ကိလေသာမျိုးကျတော့ သမာဓိနဲ့ သတ်ရမယ်တဲ့"

"မှန်ပါ ဘုရား"

"ငုပ်ကိန်းနေတဲ့ ကိလေသာမျိုးကိုတော့ ပညာလက်နက်နဲ့ သတ်ရမယ်တဲ့"

"မှန်ပါ ဘုရား"

"ဒကာကြီးတို့ တစ်စုမှာတော့ သီလက မရှိ၊ သီလလက်နက် မပါတော့ သမာဓိလက်နက်က မရ၊ သမာဓိလက်နက် မရတော့ ပညာလက်နက်က ဘာမျှမရှိ နတ္ထိပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ ကိလေသာ ပယ်သတ်စရာ လက်နက်ဆိုလို့ ဘာတစ်ခုမျှ မရှိတော့ လွန်ကျူးမှု ကိလေသာ၊ ထကြွမှု ကိလေသာ၊ ငုပ်ကိန်းတဲ့ ကိလေသာ အားလုံးဟာ ဒကာကြီးတို့တစ်စုရဲ့ ခန္ဓာအိမ်မှာ အမြဲကိန်းပြီး ဒီခန္ဓာအိမ်ကို အပါယ်ကျအောင် ဖျက်ဆီးလိမ့်မယ်"

"မှန်ပါ ဘုရား"

"အဲဒီ ခန္ဓာအိမ်ကို ကိလေသာ လူဆိုး သူခိုးများ အပါယ်ကျအောင် အနိပ်စက် အဖျက်ဆီး မခံချင်ရင် သီလလက်နက်၊ သမာဓိလက်နက်၊ ပညာလက်နက် ဆိုတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို လက်ကိုင်ထားပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ မဂ္ဂင်လမ်းမ တော်က မချော်ကျစေနဲ့နော်"

"မှန်ပါ ဘုရား"

"ပကတိလမ်းမ တော်က ချော်ကျရင် ကျိုးပဲ့ကန်းသေကြေသလို မဂ္ဂင်လမ်းမ တော်က ချော်ကျရင် အပါယ်ကျလိမ့်မယ်နော်"

"မှန်ပါ ဘုရား"

✦ တရားသမား၊ နွားပွဲသွား၊ အမှားဖြစ်ကုန်ပြီ။

✦ အမှားကိုပင်၊ အမှန်ထင်၊ ပြင်ပြင်မိစ္ဆာမည်။

✦ အမှားကိုဖုံး၊ တရားရှုံး၊ စုံးစုံးပယ်နစ်မည်။

✦ အမှားကိုသိ၊ အမှန်ဖြည့်၊ ရောက်၏လမ်းမှန်ဆီ၊

✦ လမ်းမှန်ရောက်က၊ ဆက်လျှောက်ကြ၊ ရောက်ရန်ဗွာန်ပြည်။

# အမြင့်ပေါ်ကနေ၍ တရားနာကောင်းပါသလား

(၁၇၁)

"အယူသမ္မာ၊ တော်ဖြောင့်စွာလျှင်၊ ပညာရှိပေါင်း၊ သူမြတ်လောင်းတို့၊ လမ်းကြောင်းကျင့်နည်း၊ နိဿရည်းကို၊ ဆည်းဆည်းပူးပူး၊ ဘုရားဖူးသို့၊ ကြားဖူးနား၀၊ သုတလောက်ငံ၊ စုံပြည့်လျှံအောင်၊ နာခံမှတ်သား၊ သင်ကြားကြံမေး၊ ဆွေးနွေးဆောင်ပြု၊ ရတိုင်းစုလော့၊ ပျော့မှုလိုက်စား၊ မလိုလားနှင့်။

"မပွားသုတ၊ မရကောင်းမှု၊ မစုဥစ္စာ၊ နွားပမာလျှင်၊ ချမ်းသာနည်းပါး၊ မကောင်းစားဘူး။

"တရားမြင်သိ၊ ပညာရှိနှင့်၊ ကြိုက်ဘိကြုံတွေ့၊ တစ်နေ့တစ်ရက်၊ တစ်နံနက်မျှ၊ ပေါင်းဖက်ရက၊ ဒေါသမစွန်း၊ ကျေးဇူးထွန်း၏"

(မဃဒေဝ)

ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာရခြင်း အကြောင်းရင်းကား အဘယ်နည်း။ ယင်းကို အတိအကျ ပြောပြနိုင်သူ ရှားမည်ထင်၏။ အဘယ်ကြောင့် ရှားသနည်း။ အဖြေကား ရှင်း၏။ အမှတ်တမဲ့ နေသောကြောင့် ဖြစ်၏။

ဘုရားရှင် ပွင့်တော်မူလာရခြင်း အကြောင်းရင်းမှာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအနန္တ မှန်သမျှတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးဟောကြားကာ နိဗ္ဗာန်သောင်သို့ ဖောင်ကူးတို့ဖြင့် ဆောင်ပို့ကယ်တင်ရန် ဖြစ်၏။

သို့ဖြစ်၍ ဘုရားရှင်၏ အဓိကလုပ်ငန်းကို ပြောပါဆိုလျှင် သတ္တဝါတို့အား တရားဟောမှုပင် ဖြစ်၏။

ယခုအခါ ဘုရားရှင် မရှိတော့ပြီ။ သို့သော် ဘုရားရှင်၏ တရားတော်တွေ အထင်အရှား ရှိနေသေး၏။ ယင်း တရားတော်တွေကို လိုက်နာကျင့်ကြံကာ ပြန်လည်ဟောကြားနေသူ အများလည်း ရှိနေသေး၏။ သို့ဖြစ်၍ ဘုရားရှင် ရှိနေသေးသည်နှင့် အတူပင် ဖြစ်ပါတော့သည်။

ယင်းဘုရားရှင်၏ တရားတော်တွေကို နာခံမှတ်သား၍ ပြန်လည်ဟောကြားနေသော သူတို့၏ တရားတော်များကို နာခံမှတ်သား၍ အကျိုးရသူများလည်း အများအပြား ရှိကြပါ၏။

ယင်းသို့ တရားတော် နာကြားရာတွင်မှု နာကြားနည်း အမျိုးမျိုးရှိ၏။ မှောင်မိုက်နာခြင်း၊ ချောင်မိုက်နာခြင်း၊ အမှောင်မှ နာခြင်း၊ အလင်းမှ နာခြင်း၊ အဝေးမှ နာခြင်း၊ အနီးမှ နာခြင်း၊ ရှေ့မှ နာခြင်း၊ နောက်မှ နာခြင်း၊ ဘေးမှ နာခြင်း၊ အမြင့်ပေါ်မှ နာခြင်း၊ အနိမ့်မှ နာခြင်း စသည် အမျိုးမျိုး ရှိ၏။

ယင်းသို့ တရားနာခြင်း အမျိုးမျိုးတွင် အမြင့်ပေါ်မှ တရားနာဖိသူ အမျိုးသမီးတစ်ယောက်က မိမိအား လျှောက်ထား၏။

"ဘုန်းဘုန်းဘုရား၊ အမြင့်ပေါ်မှ နေ၍ တရားနာကောင်းပါသလား"

"အင်း... ဒီအမေးကို သာမန်ဖြေရင်တော့ မနာကောင်းဘူးလို့ ဖြေရမှာပဲ၊ အထူးဝိသေသအားဖြင့် ဖြေရင်တော့ ဒီလို ဖြေလို့ မဖြစ်ဘူး"

"ဒါဖြင့် ဘုန်းဘုန်း၊ အထူးဝိသေသ ဖြေပါဘုရား၊ တပည့်တော်တို့ မှတ်သားရတာပေါ့"

"အမယ်လေး... မှတ်သားရတာက အရေးမကြီးဘူး၊ ဖြေတဲ့လူတော့ အာပေါက်မယ်"

"အာမပေါက်ပါဘူး ဘုန်းဘုန်းရယ်၊ အားနေသားပဲဟာ"

"အောင်မယ်၊ ဘယ်ကလာ အားရမှာလဲ၊ ဒီမှာဖြင့် ယားလို့ မကုတ်အားဘူး၊ လက်ရော၊ ပါးစပ်ရော၊ ရေးရချွတ်ရ၊ မှတ်ရ ပြောရ ဟောရနဲ့ ရှုပ်နေတာပဲ၊ အဲဒီလို ရှုပ်နေရတဲ့အထဲ ပြဿနာက လာရှုပ်ပြန်တယ်ပေါ့၊ ဘုန်းကြီးမှ အားမနာဘူးပေါ့ ဟုတ်လား"

"အားမနာလို့ မဟုတ်ပါဘူးဘုန်းဘုန်းရယ်၊ သိချင်လို့ပါ"

"ကဲ... သိချင်ရင် မှတ်ထား၊ ပြောပြမယ်၊ သဲထဲရေသွန်တော့ မမှတ်နဲ့နော်"

"သိင်္ဂီရွှေခွက်ပါ ဘုန်းဘုန်းရယ်၊ သဲ မဟုတ်ပါဘူး"

"အေး... ဒါဖြင့် အကျယ်တဝင့် ဖြေပြမယ်၊ အစုံအလင်ပေါ့၊ ကြိုးစားမှတ်ပေတော့"

"တို့ရဟန်းတော်တွေ ကျင့်သုံးရတဲ့ ဝိနည်းဥပဒေတော်ကြီးဆိုတာ ရှိတယ်၊ အဲဒီမှာ တရားဟောမှု၊ တရားနာမှုနဲ့ ပတ်သက်တဲ့ သိက္ခာပုဒ်တွေ ရှိတယ်၊ အဲဒါတွေ အရင်ဖော်ပြမယ် -

"တစ်ခုသောယာဉ်ရထားပေါ်၌တည်နေသောသူတို့က အမြင့်အတူမျှရှိသောတစ်ခုသောယာဉ်ရထားပေါ်၌ တည်နေသောသူတို့အား တရားဟောကောင်း၏။

"ရှေ့ကသွားသော ယာဉ်ရထားပေါ်၌ တည်နေသောသူတို့အား နောက်ယာဉ်ရထားပေါ်ကနေ တရားမဟောကောင်း။

"နိမ့်သော ယာဉ်ရထားပေါ်ကနေ၍ မြင့်သောယာဉ်ရထားပေါ် နေသောသူအား တရား.မဟောကောင်း"တဲ့။

"အဲဒါက ယာဉ်ရထားနှင့် ပတ်သက်ပြီးတော့ ပညတ်တော်မူတဲ့ သိက္ခာပုဒ်တွေနော်"

"မှန်ပါ ဘုရား"

"အခုပြောမယ့် သိက္ခာပုဒ်တွေက အိပ်ရာနှင့် ပတ်သက်တဲ့ သိက္ခာပုဒ်တွေပေါ့၊ ဒါတွေလည်း မှတ်ထားဖို့ပဲ -

"ဖျာ.သင်ဖြူးပေါ်မှာ ဖြစ်စေ၊ မြေကြီးပေါ်မှာ ဖြစ်စေ၊ အိပ်၍နေသော သူအားမြင့်သောဌာနက ရပ်၍ ထိုင်၍ တရားမဟောကောင်း။

"နိမ့်သောနေရာ၊ ညီမျှသော နေရာကနေ၍ ထိုင်၍ ရပ်၍ အိပ်နေသူအား တရားမဟောကောင်းကိုမူကား အထူးဆိုဖွယ်ရာ မရှိပြီ။

"နိမ့်သော အိပ်ရာ၌ အိပ်နေသောသူအား မြင့်သောအိပ်ရာပေါ်က အိပ်လျက် တရားဟောလျှင် ဟော ကောင်း၏။

"ညီမျှသော အိပ်ရာပေါ်က အိပ်လျက်လည်း တရားဟောကောင်း၏။

"ရပ်၍ ထိုင်၍ နေသောသူတို့အား အိပ်လျက် တရားဟောကောင်း၏။

"ထိုင်၍နေသောသူတို့အားလည်း ထိုင်လျက် တရားဟောကောင်း၏။

"အဲဒါ ဝိနည်း ဒေသနာတော်ဖြစ်တဲ့ ဘုရားရှင်ရဲ့ ဥပဒေစည်းမျဉ်းတွေပေါ့၊ ဒီစည်းမျဉ်းဥပဒေတွေ ကျော်လွန်၍ သင့်ပါ့မလား"

"မသင့်ပါဘုရား"

"ဒီတော့ အဲဒီ ဥပဒေစည်းမျဉ်းတွေ ကိုင်ပြီးတော့ ရှင်းကြစို့နော်"

"မှန်ပါ ဘုရား"

"ယာဉ်ရထားတစ်ခုထဲ၌ ထိုင်နေတဲ့ တရားဟောပုဂ္ဂိုလ်ဟာ ထိုယာဉ်ရထားပေါ်၌ နိမ့်တဲ့နေရာ၊ ညီမျှတဲ့နေရာတွေမှာ ထိုင်နေတဲ့သူတို့အား တရားဟောကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ မိမိယာဉ်ရထားပေါ်ကနေပြီး အခြားယာဉ်ရထားပေါ်၌ နိမ့်သောနေရာ၊ ညီမျှသောနေရာတို့၌ ထိုင်နေတဲ့ သူတို့အားလည်း တရားဟောကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"ယာဉ်ရထားပေါ်ကနေပြီး ကုလားထိုင်၊ ခုံတန်းရှည် စသောနေရာတို့၌ ထိုင်နေတဲ့သူတို့အား တရားဟောကောင်း ကြောင်းကိုတော့ အထူးဆိုစရာ လိုသေးလား"

"မလိုတော့ပါဘုရား"

"သိလောက်ပြီနော်"

"ကဲ . . . ဒီတော့ ယာဉ်ရထားပေါ်၊ ကုလားထိုင်ပေါ်၊ ခုံတန်းရှည်ပေါ် စသည်တို့အပေါ်၌ ထိုင်နေတဲ့သူတို့အား တရား ဟောကောင်းကြောင်း သိမသွားဘူးလား"

"သိသွားပါပြီဘုရား"

"ဟောတဲ့ပုဂ္ဂိုလ်က ဟောကောင်းမှဖြင့် နာတဲ့ပုဂ္ဂိုလ်ကလည်း အဲဒီ ယာဉ်ရထား၊ ကုလားထိုင်၊ ခုံတန်းရှည် စသည်တို့ မှာ ထိုင်၍ တရားတော်ကို ကြားနာခြင်းဟာ သင့်လျော်လျောက်ပတ်တယ်ဆိုတာလည်း မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"ဒါဖြင့်ရင် ယခု ပြဆိုအပ်ခဲ့ပြီးတဲ့ စကားရပ်ဖြင့် တရားဟောပုဂ္ဂိုလ်ဟာ မြင့်တဲ့၊ ညီမျှတဲ့ ညောင်စောင်း၊ အင်းပျဉ်၊ တရားဟောပလ္လင်၊ ခုတင်၊ ကုလားထိုင်၊ ခုံတန်းရှည် စသည်တို့၌ ထိုင်နေ၍ တရားဟောလျှင် နိမ့်ကျတဲ့၊ ညီမျှတဲ့ ကုလားထိုင်၊

နံ့တန်းရှည် စသည်တို့မှာ ထိုင်နေ၍ တရားနာကြလျှင် မရှိသေမှု အဂါရဝအတွက် ဝိနည်း ဒေသနာတော်နှင့် ဆန့်ကျင်တဲ့အပြစ် မရှိ၊ မဖြစ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ ရည်ရွယ်မှု ဥဒ္ဒိဿ မရည်ရွယ်မှု အနုဒ္ဒိဿ နှစ်မျိုးကိုလည်း ရွေးချယ်သင့်သေးတယ်နော်"

"မှန်ပါ ဘုရား"

"တရားဟောတာ နှစ်မျိုးရှိတယ်၊ ရည်မှတ်၍ ဟောတဲ့တရား၊ မရည်မှတ်ဘဲ ဟောတဲ့တရားလို့ နှစ်မျိုးရှိတယ် -

၁။ ရည်ရွယ်မှတ်သား၍ ဟောတဲ့တရားကို "ဥဒ္ဒိဿ" လို့ ခေါ်တယ်၊

၂။ မရည်ရွယ် မမှတ်သားဘဲ ပရိသတ်အားလုံး သိမ်းရုံး၍ ဟောတဲ့တရားကို "အနုဒ္ဒိဿ" လို့ ခေါ်တယ်၊

"ဘုန်းကြီးတို့ ရှင်တော်မြတ်ဘုရားဟာ များစွာသော ရဟန်းပရိသတ်၊ လူပရိသတ်တို့နှင့် တရားဟောတော်မူစဉ် ရံဖန်ရံခါ ရည်ရွယ်မှတ်သားမှု ဥဒ္ဒိဿနည်းဖြင့် တရားဟောတော်မူတယ်၊ ရံဖန်ရံခါ မရည်ရွယ် မမှတ်သားဘဲ အနုဒ္ဒိဿနည်း ဖြင့် တရားဟောတော်မူတယ်နော်"

"မှန်ပါ ဘုရား"

"ရံဖန်ရံခါ ကျတော့လည်း ဘုရားရှင်ဟာ "အာနန္ဒာ . . . ဤလောက၌ ဘုရားရှင်သည် ပွင့်တော်မူ၏၊ မဟာနာမ် . . . ဤ လောက၌ ဘုရားရှင်သည် ပွင့်တော်မူ၏" စသည်ဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာ ရည်စူး၍ ဟောတော်မူသော တရား တော်တွေ ရှိတယ်နော်"

"မှန်ပါ ဘုရား"

"ရံဖန်ရံခါကျတော့လည်း ဘုရားရှင်ဟာ "ရဟန်းတို့ . . . ဤလောက၌ ဘုရားရှင် ပွင့်တော်မူ၏၊ သူကြွယ်တို့ . . . ဤ လောက၌ ဘုရားရှင် ပွင့်တော်မူ၏" စသည်ဖြင့် ရှေ့တွင် ရရှိသမျှသော တရားနာပရိသတ်တွေကို သိမ်းကျုံးပြီးလျှင် မရွေးမချယ် ဘဲ မရည်ရွယ်ဘဲ တရားဟောတော်မူတယ်နော်"

"မှန်ပါ ဘုရား"

"ယခုခေတ်မှာလည်း တရားဟောပုဂ္ဂိုလ်တို့ တရားဟောတဲ့အခါ ရံဖန်ရံခါ ရည်ရွယ်၍ ဥဒ္ဒိဿနည်းဖြင့် ကွက်ခြားခေါ် ဝေါ်ပြီးတော့ ဟောရတာလည်း ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"ရံဖန်ရံခါကျတော့လည်း မကွက်ခြား မရည်ရွယ်ဘဲ အများသိမ်းရုံး၍ ဟောတော်မူတာလည်း ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"ရည်ရွယ်ကွက်ခြားပြီး ဥဒ္ဒိဿနည်းအားဖြင့် ဟောလျှင် ဟောတဲ့ပုဂ္ဂိုလ်နှင့် နာတဲ့ပုဂ္ဂိုလ် နှစ်ဦးအပေါ်မှာသာ ရှိသေမှု၊ မရှိသေမှု၊ အာပတ်သင့်မှု၊ မသင့်မှုကို ဆုံးဖြတ်ရမယ်နော်"

"မှန်ပါ ဘုရား"

"ရည်ရွယ်ပြီးတော့ မဟောအပ်သူများနှင့် မဆိုင်ဘူးနော်"

"မှန်ပါ ဘုရား"

"တစ်ယောက်ကို ရည်စူးပြီးတော့ ဟောနေရင် မရည်စူးတဲ့ ပုဂ္ဂိုလ်တွေက ဘယ်နေရာကပင် နေပြီးတော့ နာနာ၊ အပြစ် မရှိဘူး"

"မှန်ပါ ဘုရား"

"အဲဒီ မရည်စူးအပ်တဲ့ တရားနာတွေက မသင့်တဲ့နေရာမှာ နေပြီးတော့ နာတဲ့အတွက်ကြောင့်လည်း တရားဟော ပုဂ္ဂိုလ်မှာ အာပတ်အပြစ် မသင့်ဘူးနော်"

"မှန်ပါ ဘုရား"

"မရည်ရွယ် မကွက်ခြားဘဲ အနုဒ္ဒိဿနည်းအားဖြင့် ရှေ့၌ ရောက်ရှိလာသမျှ ပရိသတ်တွေကို သိမ်းရုံးပြီး ဟောကြားရင်တော့ တရားနာပုဂ္ဂိုလ်အတွက် မရှိသေမှု၊ တရားဟောပုဂ္ဂိုလ်အတွက် အာပတ်သင့်မှုများဟာ ပရိသတ်တစ်စုလုံးနှင့် ဆိုင်နေတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီမှ တစ်ပါး ဥပစာရ၊ အနုပစာရအားဖြင့်လည်း တစ်မျိုး မှတ်ရဦးမယ်"

"ဘယ်လို မှတ်ရမလဲဘုန်းဘုန်း"

"ဝိနည်းကျမ်းဂန် လာရှိတဲ့အတိုင်း (၁၂)တောင်ကို ဥပစာရ လို့ မှတ်၊ (၁၂)တောင် အတွင်းပေါ့၊ (၁၂)တောင်မှ ပြင်ပ အရပ်ကို အနုပစာရလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ တရားဟောတဲ့ပုဂ္ဂိုလ် နေထိုင်တဲ့ နေရာမှစပြီးတော့ ထက်ဝန်းကျင် (၁၂)တောင်အရပ် ပတ်လည်ဟာ ဥပစာပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ (၁၂)တောင်အတွင်းဟာ အလေးအမြတ်ပြုသင့်သော အရာဌာနမှန်သမျှ၌ အလေးအမြတ်ပြုသင့်တဲ့ အရပ်ဌာနပဲလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ တရားဟောပုဂ္ဂိုလ်ရဲ့ ထက်ဝန်းကျင် (၁၂)တောင် အတွင်း၌ တည်နေတဲ့ ပရိသတ်တို့ကိုမူကား ရည်ရွယ်မှု ဥဒ္ဒိဿ၊ မရည်ရွယ်မှု အနုဒ္ဒိဿရယ်လို့ မခွေးချယ်ရတော့ဘူးနော်။

"အဲဒီ ဥပစာအတွင်းမှာ မြင့်တဲ့နေရာက တရားနာရင် အပြစ်ဖြစ်တယ်လို့ မှတ်"

"ဒီလိုဆိုရင် တပည့်တော် အပြစ် မဖြစ်ဘူးပေါ့ ဘုန်းဘုန်း"

"ဘာဖြစ်လို့လဲ"

"တပည့်တော်က ဟိုအဝေးကြီး အိမ်အပေါ်ထပ်က နာနေတာပဲဟာ"

"ဥပစာ လွတ်တော့ အပြစ်မဖြစ်ဘူးပေါ့၊ ဟောသူလည်း အပြစ်လွတ်၊ နာသူလည်း အပြစ်လွတ်ပေါ့"

"မှန်ပါ ဘုရား"

"အဲဒီ ဥပစာအတွင်း (၁၂)တောင် အတွင်းမှာ တရားနာတဲ့ ပရိသတ်ကတော့ နိမ့်တဲ့နေရာကသော်လည်း နာကြရမယ်၊ မြင့်တဲ့နေရာကနေပြီးတော့ ဘယ်နည်းနဲ့မှ မနာရဘူးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ဥပစာ အပြင်ဘက် (၁၂)တောင်ပြင်ဘက်က ဖြစ်ရင်တော့ မြင့်တဲ့နေရာနေပြီးတော့ တရားနာသော်လည်း ဝိနည်းတော်နှင့် ဆန့်ကျင်တဲ့ အပြစ်ဒေါသ မဖြစ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ ဝတ္ထုသက်သေ သာဓကတွေ ပြလိုက်ရလျှင် ပိုရှင်းသွားမယ်"

"ပြပါဦးဘုန်းဘုန်း"

"ဟို . . . ဓမ္မပဒ အဋ္ဌကထာ ကောဋိကဏ္ဏဝတ္ထုမှာ ဘုရားရှင်က ဇေတဝန်ကျောင်းတော်ကြီးအတွင်း ဂန္ဓကုဋိတိုက်တော်က နေ၍ တရားဟောတော်မူတယ်၊ ကိုးရာသော ရဟန်းတော်တို့က ယမုန္နာ နှစ်ထောင်ကွာဝေးသောဌာန တောင်ထိပ်များကနေပြီးတော့ တရားနာကြတယ်၊ တရားတော်အဆုံးမှာ ကိုးရာသော ရဟန်းတော်တို့ ရဟန္တာအဖြစ်သို့ ရောက်ကြတယ်၊ အဲဒါ တစ်ဝတ္ထုနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ အဲဒီ ဓမ္မပဒ အဋ္ဌကထာ ဝက္ကလိထေရ်ဝတ္ထုမှာပဲ မြတ်စွာဘုရားက ဝေဠုဝန်ကျောင်းတော်က နေပြီးတော့ တရားဟောတော်မူတယ်၊ ဝက္ကလိထေရ်က ဂိဇ္ဈကုဋ်တောင် ထိပ်များကနေပြီးတော့ တရားနာတယ်၊ တရားတော်အဆုံးမှာ ဝက္ကလိထေရ် ရဟန္တာ ဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဓမ္မပဒအဋ္ဌကထာ ဥဂ္ဂသေန သူဌေးသားဝတ္ထုမှာ ဘုရားရှင်က မြေပြင်ကနေပြီး တရားဟောတယ်၊ ဥဂ္ဂသေန သူဌေးသားက အတောင် (၆၀)ရှိတဲ့ ဝါးလုံးထိပ်ကနေပြီး တရားနာတယ်၊ တရားတော်အဆုံးမှာ ရဟန္တာ ဖြစ်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ဓမ္မပဒ အဋ္ဌကထာ လာဇာနတ်သမီးဝတ္ထုမှာလည်း ဘုရားရှင်က ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်တော်ကနေ၍ တရားဟောတော်မူတယ်၊ လာဇာနတ်သမီးက ကောင်းကင်ကနေပြီး တရားနာတယ်၊ တရားတော်အဆုံးမှာ သောတာပန် ဖြစ်သွားတယ်နော်"

"မှန်ပါ ဘုရား"

- "ကဲ . . . ဒီမှာကြည့်၊ ယခု ထုတ်ပြအပ်တဲ့ ဝတ္ထုတွေမှာ ဘုရားရှင်က နိမ့်ကျတဲ့နေရာက နေပြီးတော့ တရားဟောတော်မူတယ်၊ တရားနာပုဂ္ဂိုလ်တွေက အလွန်မြင့်တဲ့ နေရာကနေပြီးတော့ တရားနာကြတယ်၊

"အဲဒီ တရားနာပုဂ္ဂိုလ်တွေဟာ (၁၂)တောင် ဥပစာမှအပ၌ တည်နေကြကုန်သောကြောင့် ဝိနည်းတော်အတွက်နှင့် တစ်စုံတရာ အပြစ်မရှိဘူး၊ တကယ်လို့သာ အပြစ်ရှိရင် အဲဒီ တရားနာပုဂ္ဂိုလ်တွေမှာ တရားအထူး မရနိုင်ကြဘူးနော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ အဆိုကွဲလွဲချက် တစ်ချက်ရှိတယ်၊ ဝိမတိ ဝိနောဒနီဋီကာ ဆရာက ဥပစာ (၁၂)တောင်မှ လွတ်ပြီး ဝေးသောအရပ်၌ တည်နေသော်လည်း ရည်ညွှန်းချက်ရှိရင် ရှိသေစွာ နာရမယ်၊ မရှိမသေ နာရင် အပြစ်ဖြစ်တယ်တဲ့၊ တရားဟောတဲ့ ပုဂ္ဂိုလ်မှာလည်း အာပတ်သင့်တယ်လို့ ဆိုလိုတော်မူတယ်။

"အဲဒီအလိုကို ခုနက ပြအပ်ပြီးခဲ့တဲ့ ဝတ္ထုတွေနဲ့ ဘယ်လိုညှိနှိုင်းရမယ်ဆိုတော့ "ဟောတော်မူတဲ့ပုဂ္ဂိုလ်က "တရားမင်း၊ တရားရှင်" ရှင်တော်ဘုရား ဖြစ်နေတယ်၊ ကြားနာရတဲ့ပုဂ္ဂိုလ်တွေကလည်း ခဏချင်း ရုတ်တရက် တရားတော်ကို ကြားနာလိုက်ရသဖြင့် ရှိသေမှု ဂါရဝ ဌာန စသည်ကို မရွေးချယ်နိုင်၊ အဲဒါကြောင့် အပြစ်မရှိတာလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲ ... အခု ပြောဆိုပြီးခဲ့တဲ့ အဆုံးအဖြတ်တွေဟာ ဝိနည်းဒေသနာတော် နည်းတွေနော်"

"မှန်ပါ ဘုရား"

"သုတ္တန် ပရိယာယ်အားဖြင့်ဆိုတော့ ဓမ္မဂါရဝ = တရားတော် ရှိသေမှု မည်သည်မှာ တရားတော်၌ ခိုင်မြဲစွာ သတိရှေ့သွား နှလုံးထားပြီးတော့ နာကြားမှုပဲနော်"

"မှန်ပါ ဘုရား"

"တရားတော်၌ အလွန်လိုလားတဲ့၊ တရားတော်ကို အလွန်မြတ်နိုးတဲ့စိတ်နဲ့ အထူးဂရုစိုက်ပြီး မှတ်သားမိအောင် ကြားနာမှုကို တရားတော်ကို ရှိသေမှု ဓမ္မဂါရဝ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီနည်းအရ ပြောရရင် အလွန်နိမ့်ကျတဲ့ နေရာမှ နေပြီး တရားတော်ကို ကြားနာသော်လည်း တရားတော်ကို ကောင်းစွာ နှလုံးသွင်းခြင်း မရှိဘဲ နာကြားအံ့၊ တောင်တောင်မြောက်မြောက် စိတ်ယောက်ယက်ဆန်ပြီး နာကြားနေသူတို့မှာ တရားတော်၌ ရှိသေစွာ ဓမ္မဂါရဝ မရှိလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို နာကြားရင်လည်း ဘယ်တော့မှ တရားမရနိုင်ဘူးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အ လွန်မြင့်မြတ်တဲ့ နေရာမှာ နေပြီးတော့ တရားတော်ကို နာသော်လည်း တရားတော်ကို အထူးဂရုစိုက် နှလုံးသွင်းကာ ရိုရိုသေသေ နာကြားကုန်အံ့၊ စိတ်ပျံ့လွင့်ခြင်း မရှိကြကုန်အံ့၊ ထိုသူတို့မှာ စင်စစ် တရားတော်၌ ရှိသေမှု ဓမ္မဂါရဝ ရှိကြတယ်၊ အဲဒီလို နာက တရားအထူး ရနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ဟို ... မဟာသမယသုတ္တန်၊ သမစိတ္တသုတ္တန် စသည်ကို ဟောတော်မူရာ အစည်းအဝေး တရားသဘင်ကြီးတွေမှာ ဆိုရင် နတ်များအပေါင်းတွေဟာ နေရာ မရွေးနိုင်ကြပါဘူး၊ မိမိရရှိတဲ့ နေရာက နေ၍သာ တရားနာရပါတယ်၊ တချို့နတ်တွေက တောင်ပေါ်က၊ တချို့နတ်တွေက ကောင်းကင်က နာကြရတယ်။

"တရားနာရန် နေရာကောင်းကောင်း အခွင့်မရနိုင်သောကြောင့် ဘယ်လိုပင်နေပြီး နာကြရကုန်သော်လည်း တရားတော်၌ မရိုသေမှု ဓမ္မအဂါရဝ အပြစ် မဖြစ်ကြပါဘူးနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရှိသေးတယ်၊ ဟို ... ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါတုန်းက တစ်ခုသော လိုဏ်ဂူအိုကြီး အတွင်းမှာ အဘိဓမ္မာဆောင် ရဟန်းတော်တွေ အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြတယ်။

"လင်းနို့သား ငါးရာတို့က အထက်လိုဏ်ဂူအမိုးကို တွဲလွဲဆွဲပြီး အဘိဓမ္မာတရားတော်ကို ကြားနာကြရတယ်၊ တရား နာတဲ့ နေရာဌာနရဲ့ သင့်မသင့်ကို မသိကြတဲ့ လင်းနို့သား ငါးရာတို့ တရားတော်၌ မရိုသေမှု အာဂါရဝ မဖြစ်ဘူး။

"အဲဒီလို တွဲလွဲဆွဲပြီး အပေါ်က တရားနာရတဲ့ ကုသိုလ်ကောင်းမှုကြောင့် အခြားမဲ့ဘဝ၌ နတ်ပြည်ရောက်ကြတယ်၊ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ ရောက်တော့ အဘိဓမ္မာဆောင် ရဟန်းတော်အပေါင်းတို့ ရှေးဦးစွာ အဘိ ဓမ္မာကို ကြားနာရ၍ နိဗ္ဗာန်ဝင်တော်မူကြတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ ... တရားနာတဲ့အနေနဲ့ ပတ်သက်လို့ ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

✦ တရားနာတွေ့၊ မရိုသေ၊ ရိုသေ နှစ်မျိုးသိရမည်။

✦ ရိုသေစွာသာ၊ တရားနာ၊ မြန်စွာတရားရ ရမည်။

✦ မရိုမသေ၊ နာသူတွေ၊ ဝေးလေတရား ရမှုဆီ။

✦ ပုဂ္ဂိုလ်အပေါ်၊ တရားပေါ်၊ နှစ်ဖော်ရိုသေရပေမည်။

✦ သို့ရိုသေမှ၊ တရားရ၊ သုခချမ်းသာမည်။

# မင်းက ခိုး၊လှူတော့ တို့ကလည်း ခိုး၊စားရတာပေါ့

(၁၇၂)

လောကအလယ် လူရယ်လို့ ဖြစ်လာရသည့်အခါ အဆိုးအကောင်း ထိုက်သည့်အားလျော်စွာ ပတ်ဝန်းကျင်နှင့် ဆုံစည်းရ၏။ မိမိကိုယ်ကို ဗဟိုအလယ်ထား၍ ပတ်ဝန်းကျင်ကို ရှုကြည့်ပါဘိ။

မိမိထက် အသိဉာဏ်ကြွယ်ဝသော ပတ်ဝန်းကျင် ရှိ၏။ မိမိနှင့် တန်းတူသော ပတ်ဝန်းကျင် ရှိ၏။ မိမိအောက် နိမ့်ကျသော ပတ်ဝန်းကျင် ရှိ၏။

တစ်ဖန်ဆိုသော် မိမိနှင့် ဘာသာရေးမတူမျှသောသူ ရှိ၏။ တူမျှသောသူ ရှိ၏။ ဘာသာရေး မတူမျှသူတို့၏ အကြားတွင် နေရသူအဖို့ အစစအရာရာ အယူအဆ မတူမျှသည်ကို တွေ့နိုင်၏။ မြင်နိုင်၏။ တွေ့ရ မြင်ရ၏။

ယင်းသို့ ပတ်ဝန်းကျင်နှင့် ဘာသာရေး အယူအဆ မတူမျှသည်မှာ မထောင်းတာလှပါ။ မိမိ ယုံကြည်ကိုးကွယ်လိုသည့် အယူဝါဒ ဘာသာသာသနာကို မယုံကြည် မကိုးကွယ်နိုင်အောင် ပတ်ဝန်းကျင်က နှောင့်ယှက်တားဆီးမှုကို ကြောက်နေရသည်မှာတော့ မကောင်းလှပါ။

အဘယ့်ကြောင့်ဆိုသော် ပတ်ဝန်းကျင်သည် မိမိအကျိုးအတွက် အပြည့်အနက် ဘာလုပ်ပေးနိုင်အံ့နည်း။ ခေတ္တခဏ အခိုက်အတန့် လောကရေးမျှသာ အကူအညီရ၏။ တမလွန်နောက်နောင်း ကောင်းရေးအတွက် ပတ်ဝန်းကျင်က ဘာလုပ်ပေးနိုင်အံ့နည်း။

တမလွန်နောက်နောင်းကို ထားဘိဦး။ ယခု မျက်မှောက်ဘဝတွင်လည်း မိမိ ကောင်းပါမှ ကောင်းမည်၊ မိမိ မကောင်းလျှင် ပတ်ဝန်းကျင်ကလည်း ဘာမျှ မတတ်နိုင်ပါ။

သို့ဖြစ်၍ အခါခပ်သိမ်း ပတ်ဝန်းကျင်ကို မငဲ့သင့်ပါ။ အထူးသဖြင့် ပတ်ဝန်းကျင်က မိမိအောက် အသိဉာဏ် နိမ့်နေပါက ယင်းနိမ့်နေသူ ပတ်ဝန်းကျင်ကို မိမိက ငဲ့နေပါလျှင် မိမိသာ ဆုံးရှုံးမှု ဖြစ်မည်ဖြစ်၏။

အထူးသဖြင့် ဘာသာရေးတွင် မိမိ၏ မှန်ကန်သော အသိဉာဏ်ကို အသုံးပြုပါ။ ပတ်ဝန်းကျင်နှင့် မိရိုးဖလာ အစဉ်အဆက်ကို မလိုက်ပါနှင့်။

အများအားဖြင့် ပတ်ဝန်းကျင်နှင့် မကင်းရကား ပတ်ဝန်းကျင်ကို မလွန်ဆန်နိုင်သဖြင့် မိမိ၏ အသိဉာဏ် အမြင်မှန်များ ငုပ်လျှိုးသွားကာ ဘဝတစ်သက်တာတစ်လျှောက် အသိမှား အမြင်မှားနှင့် နေသွားပြီး ဘဝဇာတ်သိမ်း သွားသူများလည်း ရှိ၏။

တစ်နည်းအားဖြင့် ပတ်ဝန်းကျင်ကိုလွန်ဆန်ကာ မိမိတို့၏ အသိဉာဏ်အမှန်များကိုအသုံးချကာ ဘဝတာတစ်လျှောက် အသိမှန် အမြင်မှန်နှင့် နေသွားပြီး ဘဝဇာတ်သိမ်းသွားသူများလည်း ရှိ၏။

မိမိသည် တစ်ချိန်က တွေ့ခဲ့၏။ ပတ်ဝန်းကျင်နှင့် ဘာသာရေးအယူအဆ မတူမျှသူ အိမ်ထောင်စုတစ်စု ဖြစ်၏။ သူတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြ။ သို့သော် ဗုဒ္ဓသာသနာကို ကြည်ညိုကြသည်။

သူတို့ပတ်ဝန်းကျင်ကား ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြပါ။ ဘာသာခြားများ ဖြစ်၏။ ယင်းသို့ဖြင့် သူတို့နှင့် သူတို့ပတ်ဝန်းကျင်မှာ အယူအဆ မတူမျှကြပါ။

သူတို့သည် ဗုဒ္ဓသာသနာတော်ကို စစ်ဆေးသည်။ စုံစမ်းသည်။ ယင်းသို့ စစ်ဆေး စုံစမ်းရင်း ဗုဒ္ဓသာသနာ၏ စစ်ဆေး စုံစမ်းခံနိုင်သည့် ဂုဏ်ကို တွေ့မြင်သိရှိရကား ဗုဒ္ဓသာသနာတော်ကို အသည်းစွဲ ယုံကြည်သွားတော့၏။

သို့သော် ပတ်ဝန်းကျင်ကို ကြောက်နေရသဖြင့် ဗုဒ္ဓသာသနာတော်တွင်းသို့ အပြီးအပြတ် မဝင်နိုင်သေးပေ။ ဗုဒ္ဓသာသနာတော်ကိုမူ ကိုးကွယ်လျက် ရှိ၏။ ဆည်းကပ်လျက် ရှိ၏။ ပတ်ဝန်းကျင်ကိုကား အသိမပေးရဲသေးပေ။

သူတို့သည် သူတို့အသိဉာဏ်ကို စမ်းနေဟန် ရှိ၏။ ငါတို့သည် ဗုဒ္ဓသာသနာတော်ကို တကယ်ကြည်ညိုနိုင်သလား၊ ငါတို့ဘာသာကို ငါတို့ စွန့်နိုင်သလား၊ ငါတို့ ပတ်ဝန်းကျင်ကို ငါတို့ စွန့်နိုင်သလား၊ ယင်းသို့ စုံစမ်းနေဟန် ရှိ၏။

ယင်းသို့ စုံစမ်းနေစဉ် သဒ္ဓါတရားတွေ တိုးပွားလာရကား သံဃာတော်များကို ဆွမ်းကပ်ချင်စိတ် ပေါက်လာသည်။ သူတို့ကား ဗုဒ္ဓဘာသာ မဖြစ်သေး။ ပတ်ဝန်းကျင် သိမှာလည်း စိုးရိမ်နေရသေး၏။

ယင်းသို့ဖြင့် မအောင်မြင် ဖြစ်နေ၏။ သဒ္ဓါတရားကလည်း တားမရ ဆီးမရ ဆွမ်းကပ်လိုလှသည်။ သို့နှင့် တစ်နေ့ ကျောင်းသို့သွားကာ နံနက် ဆွမ်းစားပင့်ခဲ့၏။

“အရှင်ဘုရား၊ အရက်တက်တက်ခြင်း ဘုဉ်းပေးနိုင်အောင် ကြွပါဘုရား”

“ဘာဖြစ်လို့လဲဟ”

“အကြောင်းတော့ နောက်မှ လျှောက်ပါ့မယ်ဘုရား”

သံဃာတော်များလည်း ဘာသာခြားဖြစ်၍ ချီးမြှောက်သင့်အ နေဖြင့် ပင့်သည့်အတိုင်းပင် ကြွကြ၏။ အဆင်သင့်ပင် ရောက်တယ်ဆို ကပ်ကြ၏။

ဆွမ်းဘုဉ်းပေးပြီးသော် -

“ပြန်ကြွနိုင်ပါပြီဘုရား၊ တပည့်တော်တို့အိမ် သံဃာတော်များ ခြေချတယ်ဆိုရင် ဝမ်းသာအားရ ကျေနပ်ပါပြီဘုရား”

သံဃာတော်များပြန်ကြွသွားသောအခါ အိမ်ရှင်ဒကာက လိုက်ပို့၏။ လမ်းတွင် စကားပြောကြရင်း ကြွကြရာမှ သံဃာတော်တစ်ပါးက မေး၏။

“ဘယ်လိုလဲဒကာရဲ၊ ဒကာ့ဆွမ်းစားကလည်း အစောကြီးကြွ၊ အစောကြီး စား၊ အစောကြီးပြန် ပါလား၊ ညှော်ပရိသတ်လေး ဘာလေး ဖိတ်၊ တရားလေး ဘာလေး မနာဘူးလား”

“တပည့်တော်က ဗုဒ္ဓဘာသာ မဟုတ်သေးဘူးဘုရား၊ ပတ်ဝန်းကျင်လည်း မဖိတ်ရဲဘူး၊ ပတ်ဝန်းကျင် မသိအောင် ခိုးလှူရတာပါ ဘုရား”

“ဟေ … မင်းက ခိုးလှူတော့ တို့ကလည်း ခိုးစားရတာပေါ့”

သူတို့ကား ယခုအခါ ဗုဒ္ဓသာသနာတော်ကို ရဲတင်းစွာ ကိုးကွယ်နိုင်သူများ ဖြစ်ခဲ့ပြီ။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ပြီ။ တစ်နေ့ ဒကာနှင့်တွေ့၍ စကားစပ်မိရာမှ ယင်းအကြောင်းကို မိမိအား ပြောပြ၏။ ထိုအခါ မိမိက ပြောပြ၏။

"အေး... မင်းလိုပဲ ဆွမ်းခိုးလှူတဲ့အကြောင်း တို့သာသနာတော်မှာ ရှေးကတည်းက ရှိခဲ့တယ်"

"ဟုတ်လားဘုရား"

"ဟုတ်တယ်၊ ခိုးလှူချင်းတော့ တူတယ်၊ ခိုးစားတာချင်းကတော့ မတူဘူး၊ ခိုးလှူတာချင်းတော့တူတယ်၊ နလုံးသွင်းပုံချင်းလည်း မတူဘူး"

"ပြောပြပါဘုရား၊ နားထောင်ရတာပေါ့"

"ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ်ကပေါ့၊ တို့သာသနာတော်မှာ နေလိုလလို ထင်ရှားတဲ့ ရှင်မဟာကဿပ အရှင်မြတ်ကြီး နိရောဓသမာပတ်မှ ထပြီးတော့ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလာတယ်၊

"အရှင်မြတ်ကြီးက ဆင်းရဲသားတွေ ချီးမြှောက်မယ်ဆိုပြီး ဆင်းရဲသားရပ်ကွက် ဆက်ကြွလာတယ်"

"အဲဒါကို သိကြားမင်းရဲ့ အလုပ်အကျွေး နတ်သမီးတွေက သိကြတော့ ကျကျနန ပြင်ဆင်ပြီး ရှင်မဟာကဿပ အရှင်မြတ်ကြီးအား ဆွမ်းလောင်းရအောင်ဆိုပြီး ဆွမ်းဟင်းကိုယ်စီနဲ့ လာကြတယ်ပေါ့"

"အရှင်မဟာကဿပ အရှင်မြတ်ကြွတဲ့လမ်းမှာ ရှေ့ကနေစောင့်ပြီး "အရှင်ဘုရား... တပည့်တော်တို့ ဆွမ်းကို အလှူခံတော်မူပါ၊ တပည့်တော်တို့အား ချီးမြှောက်တော်မူပါ" လို့ လျှောက်တယ်၊

"ဒီတော့ ရှင်မဟာကဿပ အရှင်မြတ်ကြီးက "သင်တို့သွားကြ၊ ငါ ဆင်းရဲသားတွေ ချီးမြှောက်မလို့ ကြွလာတာ" လို့ ပြောတယ်၊

"အရှင်ဘုရား၊ တပည့်တော်တို့ကို မဖျက်ဆီးပါနဲ့ဘုရား၊ တပည့်တော်တို့အား ချီးမြှောက်တော်မူပါဘုရား" လို့ လျှောက်ကြပြန်တယ်၊

"အရှင်မြတ်ကြီးက သိတယ်၊ နောက်တစ်ခါ ပယ်တယ်၊ နတ်သမီးတွေက မဖယ်ချင်ဘူး၊ ဆွမ်းလောင်းချင်တယ်၊ ဒီတော့မှ အရှင်မြတ်ကြီးက "သင်တို့ကိုယ့်ပမာဏ ကိုယ်မသိကြဘူး၊ ဖယ်ကြ" လို့ဆိုပြီး လက်ဖျောက်တီးလွှတ်လိုက်တယ်၊

"ဒီတော့မှ နတ်သမီးတွေ တစ်ယောက်မှ မနေနိုင်တော့ဘဲ နတ်ပြည် ပြန်ပြေးရတယ်၊ ဆွမ်းမလောင်းရဘူး"

"နတ်ပြည်ရောက်တော့ မောကြီးပန်းကြီးနဲ့ ပြန်လာတဲ့ နတ်သမီးတွေတွေ့တော့ သိကြားမင်းက မေးတယ်"

"သင်တို့ ဘယ်သွားကြတာလဲ"

"ရှင်မဟာကဿပ အရှင်မြတ်ကြီးအား ဆွမ်းလောင်းရအောင် သွားပါတယ်"

"လောင်းခဲ့ကြရလား"

"မလောင်းခဲ့ကြရပါ"

"ဘာအမိန့်ရှိသလဲ"

"သူဆင်းရဲတွေကို ချီးမြှောက်မလို့တဲ့"

"သင်တို့ ဘယ်လိုဝတ်စားသွားလဲ"

"ယခုမြင်တဲ့အတိုင်းပဲ ဝတ်စားသွားပါတယ်"

"နတ်သမီးတွေမှာ နတ်ဝတ်တန်ဆာပလာ အစုံအလင် ပြင်ဆင်ဝတ်စားပြီး ယခုခေတ်လူများ ဆွမ်းကြီးလောင်းပွဲ သွားလောင်းသလို လောင်းရန် သွားကြခြင်းဖြစ်၏"

"သင်တို့လို အခါကာလ နေရာဌာနမသိတဲ့ နတ်သမီးတွေ ဘယ်လောင်းရမလဲ၊ ကြည့်နေ ငါလောင်းပြမယ်"

"သိကြားမင်းသည် ဆင်းရဲသား အဘိုးအိုယောင်ဆောင်၏၊ သွားကျိုးနေပြီ၊ ဆံပင်လည်း ဖြူနေပြီ၊ ခါးကလည်း ကုန်းနေပြီ၊ အဝတ်တွေကလည်း ညစ်ပေလို့၊ ဇနီး သုဇာလည်း ထိုနည်းအတူပင်၊

"ယင်းသို့ဖန် ဆင်းပြီး အရှင်မဟာကဿပ အရှင်မြတ်ကြီးကြွမည့် သူဆင်းရဲ ယက္ကန်းသည် ရွာကလေးအဦးအစတွင် အိမ်အိုတဲပျက်ကလေး ဖန်ဆင်းပြီး ယက္ကန်းရက်ဟန် ပြုနေ၏၊ သုဇာက ယက်ဖောက်ယောက်နေ၏၊

"အရှင်မြတ်ကြီးသည် အိမ်စဉ်အတိုင်း ဆွမ်းခံကြွလာရကား သိကြားမင်း၏ အိမ်ရှေ့အရောက်တွင် ဆွမ်းရပ်၏"

"သိကြားမင်းသည် အရှင်မြတ်ကို မြင်သော်လည်း မမြင်ဟန်ပြု၍ ဇနီး သုဇာကို "ရှင်မ၊ အိမ်တံခါးမှာ မထေရ်တစ်ပါး ဆွမ်းရပ်နေသလားမသိပါ၊ စုံစမ်းစမ်းပါ" ဟု ပြော၏၊

"အရှင်ပဲ သွားပြီးတော့ စုံစမ်းပါ" ဟု သုဇာက ပြန်ပြောလျှင်သိကြားမင်းသည် အိမ်မှထွက်ပြီး အရှင်မြတ်ထံ သွားရှိခိုးတယ်၊ လက်နှစ်ဖက်နဲ့ ဒူးနှစ်ဖက်ကိုထောက်ပြီး ညည်းတွားကာ ထတယ်၊ အရှင်မြတ်လားဆိုပြီး လက်ကလေးနဲ့ နဖူးကာကြည့်တယ်၊

"ဩော် ... အရှင်မဟာကဿပ အရှင်မြတ်ကြီးပါလား၊ တို့အိမ်ဘက် ဆွမ်းခံမကြွတာ ကြာပါပေါ့လား၊ တို့အိမ်မှာ ဘာများလောင်းလှူစရာရှိလဲ" ဟု သုဇာအား လှမ်းမေးတယ်၊

"သုဇာကလည်း ရှာဖွေချင်ဟန်ဆောင်ပြီး အတန်ကြာမှ "ရှိပါတယ်" လို့ စကားပြန်တယ်၊ ဘယ်လောက် အကွက်ဆင်ကောင်းလဲနော်"

"မှန်ပါဘုရား"

"ဒီတော့မှ သိကြားမင်းက "အရှင်ဘုရား၊ ကြမ်းတယ်၊ နတယ် သဘောမထားဘဲ တပည့်တော်တို့အား ချီးမြှောက်တော်မူပါ" လို့ လျှောက်ပြီး သပိတ်ယူတယ်၊

"အရှင်မြတ်ကြီးကလည်း ဒီအဘိုးအို အဘွားအိုတွေ လောင်းလှူတာ ဘာဖြစ်ဖြစ် ငါတော့ ချီးမြှောက်သောအားဖြင့် ဘုဉ်းပေးမယ်ဆိုပြီး သပိတ်ပေးလိုက်တယ်"

"ရဟန္တာအရှင်မြတ်တွေဆိုတာ ဆင်ခြင်မှသိတာ၊ မဆင်ခြင်ရင် မသိဘူးနော်"

"မှန်ပါဘုရား"

"အိမ်ထဲဝင်ပြီး သပိတ်အပြည့် ဆွမ်းရော၊ ဆွမ်းဟင်းရော လောင်းလှူထည့်လိုက်ပြီး သပိတ်ပြန်ကပ်တယ်၊ ဆွမ်းဟင်းအနံ့ဟာ တစ်မြို့လုံး နံ့တယ်၊ မွှေးကြိုင်တယ်"

"ဒီတော့မှ ရှင်မဟာကဿပ အရှင်မြတ်က ဒီအဘိုးအို အဘွားအိုတို့ကား ဆင်းရဲ၏၊ ဆွမ်းမှာမူကား မွန်မြတ်လှ၏၊ သိကြားမင်းရဲ့ဘောဇဉ်နဲ့ တူ၏၊ သူတို့ကား အဘယ်သူတို့နည်းလို့ ဆင်ခြင်တယ်"

"အဲဒီလိုဆင်ခြင်တော့မှ ဒီပုဂ္ဂိုလ်ကား သိကြားမင်းတည်းလို့ သိတယ်၊ ဒီတော့မှ သိကြားမင်းကို ပြောတယ်"

"သိကြားမင်း ... သင်သည် ဝန်လေးသောအမှုကို ပြုဘိ၏၊ သူဆင်းရဲတို့၏ စည်းစိမ်ကို ရယူဘိ၏၊ ဒီနေ့ သူဆင်းရဲတို့ဟာ ငါ့ကိုသာ ဆွမ်းလောင်းလှူရင် ကောင်းကျိုးချမ်းသာ ရရာ၏"

"အရှင်ဘုရား၊ တပည့်တော်တို့ နတ်ပြည်မှာ တပည့်တော်အောက် ဆင်းရဲသူ မရှိပါဘုရား၊ တပည့်တော် အဆင်းရဲဆုံးပါဘုရား"

"သင်က ဘာကြောင့်ဆင်းရဲရလဲ။ သင်ဟာ နတ်ပြည်ခြောက်ထပ်မှာ အစိုးရတဲ့ သိကြားမင်းပဲဟာ"

"အရှင်ဘုရား၊ သိကြားမင်းတော့ဟုတ်ပါတယ်။ တပည့်တော်ဟာ ဘုရားမပွင့်မီ သာသနာပအခါက ကုသိုလ်ကောင်းမှု ပြုပြီး နတ်ပြည်ရောက်ခဲ့ရပါတယ်"

"ယခု သာသနာတွင်းမှာမှ ကုသိုလ်ကောင်းမှုပြုပြီး နတ်ပြည်ဌာန နတ်လောကရောက်လာကြတဲ့ နတ်သား၊ နတ်သမီး တွေဟာ တပည့်တော်ထက် တန်ခိုးကြီးကြပါတယ်ဘုရား"

"သူတို့ရောက်လာရင် တပည့်တော်ရဲ့အရောင်အဝါဟာ ပျောက်သွားပါတယ်ဘုရား။ ဒါကြောင့် တပည့်တော် ဆင်းရဲ ပါတယ်ဘုရား"

"သို့ဖြစ်သော်လည်း ဒီနေ့မှစပြီး နောက်ထပ် ငါ့ကို လိမ်ညာပြီး ခိုးမလှူနဲ့"

"အရှင်ဘုရား ... အရှင်ဘုရားတို့အား လိမ်ညာပြီး ခိုးလှူတော့ တပည့်တော်မှာ ကုသိုလ်ရပါသလား။ မရပါသလား ဘုရား"

"ကုသိုလ်တော့ရတာပေါ့"

"အရှင်ဘုရား ... ဒီလိုဆိုရင် ကုသိုလ်ပြုဖို့ရာ တပည့်တော်ရဲ့တာဝန်ပါဘုရား"

"သိကြားမင်းက အဲဒီလိုလျှောက်ထားပြီး "ငါသည် အမြတ်ဆုံးအလှူကို ကဿပအရှင်မြတ်အား လှူဒါန်းရလေပြီ" လို့ ဥဒါန်းကျူးပြီး ကောင်းကင်ပျံတက်သွားတယ်"

"ဘုရားရှင်က ဒိဗ္ဗသောတနားနှင့် ကြားတော်မူလို့ အဲဒီအကြောင်းကို ရဟန်းတော်တို့အား မိန့်ကြားပြီးတော့ ဒီဥဒါန်း ကို ကျူးတော်မူတယ်။

"ပိဏ္ဍပါတ်ဝတ်ကို ဆောင်သော၊ မိမိကိုယ်ကို မွေးမြူသော၊ သူတစ်ပါးတို့ မွေးမြူကို မခံမူ၍ အမြဲမပြတ် သတိရှိ သော၊ ကိလေသာငြိမ်းအေး၍ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအား နတ်တို့ ချစ်မြတ်နိုးကုန်၏"

"ပိဏ္ဍပါတ်ဝတ် ဆောင်တယ်ဆိုတာ ဆွမ်းခံပြီး ဘုဉ်းပေးတာကိုခေါ်တယ်။ အဲဒါမင်းလည်း ယခုဗုဒ္ဓဘာသာဝင် ဖြစ်လာပြီပဲ။ ဆွမ်းလောင်းတဲ့ကုသိုလ်ကို ကြိုးစားနော်"

"မှန်ပါဘုရား"

"ယခု ဗုဒ္ဓသာသနာတော် တည်တံ့နေတာဟာ အဲဒီလို အမြဲဆွမ်းလောင်းနေတဲ့ ကုသိုလ်ရှင်တွေကြောင့် တည်နေ တာပဲ။ တစ်ကြိမ်တစ်ခါမှ အလှူကြီးပေးတဲ့ သူတွေကြောင့် တည်နေတာ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဆွမ်းလောင်းတဲ့အလှူကို အထင်မသေးနဲ့။ နိစ္စဒ္ဓကုသိုလ်လည်းဖြစ်၊ သာသနာတော် အရှည်တည်တံ့ရေး၊ ကုသိုလ် လည်းဖြစ်၊ အကျိုးလည်း ကြီးတယ်နော်"

"မှန်ပါ ဘုရား"

"မင်းက ဆွမ်းခိုးကျွေးတယ်၊ သိကြားမင်းက နတ်ပြည်ကလာပြီး ဆွမ်းခိုးလောင်းရတယ်၊ ခိုးတာချင်း မတူဘူးလား"

"တူပါတယ်ဘုရား"

"အေး . . . မင်းကတော့ ယခု ဗုဒ္ဓဘာသာ ဖြစ်သွားတော့ နောက်ထပ် ဆွမ်းခိုးကပ်စရာ မလိုတော့ဘူးပေါ့၊ လူသိရှင် ကြား ကပ်နိုင်သွားပြီနော်"

"မှန်ပါ ဘုရား"

"ဟိုတုန်းကတောင်မှ ခက်ခက်ခဲခဲ ခိုးလှူနိုင်သေးတာ၊ ယခုဆိုတော့ ထင်ထင်ရှားရှား စိတ်ရှိတိုင်း လှူပေပါ့နော်"

"မှန်ပါ ဘုရား"

"သိကြားမင်းကြီးက၊ နတ်တွေက ရှင်မဟာကဿပရဲ့ သီလရနံ့ကြောင့် လာပြီးတော့ ဆွမ်းလောင်းလှူရတာတဲ့၊ ဒီတော့ မင်းလည်း ဗုဒ္ဓဘာသာထဲ ရောက်လာပြီး ငါးပါးသီလ၊ ရှစ်ပါးသီလ ထိုက်သလိုစောင့်ထိန်းနော်"

"မှန်ပါ ဘုရား"

"တောင်ဇလပ် စန္ဒကူးတို့၏ အနံ့သည် မပြောပလောက်၊ အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသူ၏သီလ ရနံ့သည်ကား ထူးကဲလွန်မြောက်သည်ဖြစ်၍ နတ်ပြည်တိုင်အောင် လှိုင်၏"

(ဓမ္မပဒ)

✦ ဘာသာရေးမှာ၊ သိဉာဏ်သာ၊ သေရာရှေ့သွားပါ။

✦ ဘာသာရေးတွင်၊ ဉာဏ်နှင့်ယှဉ်၊ အစဉ်စူးစမ်းပါ။

✦ ဘာသာများက၊ ကယ်မရ၊ ပါယ်ကျကြလေမှာ။

✦ အမှားမှသာ၊ မှန်ဘာသာ၊ မြန်စွာပြောင်းရမှာ။

✦ ပြောင်းသည့်အခါတွင်၊ ပတ်ဝန်းကျင်၊ အစဉ်မငဲ့ရာ။

# အရှင်ဘုရားရဲ့ကောင်းသောလိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေဘုရား

(၁၇၃)

## အနုသယ

အဝိဇ္ဇာတဏှာနှင့် မူလအမြစ် နှစ်ခွကြောင့် လူ့ဘဝ လူ့ခန္ဓာကိုယ်ကြီးကို ရရှိလာသည့် အချိန်အခါမှ အစပြုပြီးလျှင် ကိလေသာတည်းဟူသော ပုလောင်စေတတ်၊ နှိပ်စက်တတ်သော တရားဆိုးတို့သည်လည်း သတ္တဝါတို့၏ ခန္ဓာအစဉ်မှာ အကြောင်းသင့်၍ အခွင့်သာပါက အကြိမ်ကြိမ် အထပ်ထပ် မပြတ်တရစပ် ဖြစ်ပေါ်လာရန် အဆင်သင့်အနေဖြင့် ကိန်းဝပ်ပါလာလျက် ရှိချေတော့သည်။

ယင်းသို့အားဖြင့် ကိလေသာတရားများ၊ ကိန်းဝပ်ခြင်းအဆင့်ကို "အနုသယ" ဟု ခေါ်ပါသည်။

ယင်းအနုသယ ကိန်းဝပ်ရာမှတစ်ဆင့်လွန်သော် စိတ်တွင်း၌ ထကြွသောင်းကျန်းလာခြင်း "ပရိယုဋ္ဌာန" အဆင့်သို့ ရောက်လာရလေသည်။

ထိုမှတစ်ဆင့်တက်သော် ကာယကံမြောက်၊ ဝစီကံမြောက် လွန်ကျူးသော "ဝီတိက္ကမ" အဆင့်သို့ ရောက်ရပြန်သည်။

အဆင်း၊ မျက်စိ၊ မြင်သိစိတ် သုံးခုတို့၏ ပေါင်းဆုံမိခြင်းကြောင့် မျက်စိအတွေ့ဖဿသည် ဖြစ်ပေါ်လာရတော့၏။

အသံ၊ နား၊ ကြားသိစိတ် သုံးခုတို့၏ ပေါင်းဆုံမိခြင်းတို့ကြောင့် နားအတွေ့ ဖဿသည် ဖြစ်ပေါ်လာရတော့၏။

အနံ့၊ နှာခေါင်း၊ နံသိစိတ်သုံးခုတို့၏ ပေါင်းဆုံမိခြင်းကြောင့် နှာခေါင်းအတွေ့ဖဿသည် ဖြစ်ပေါ်လာရတော့၏။

အရသာ၊ လျှာ၊ စားသိစိတ် သုံးခုတို့၏ ပေါင်းဆုံမိခြင်းကြောင့် လျှာအတွေ့ဖဿသည် ဖြစ်ပေါ်လာရတော့၏။

သဘောတရား၊ စိတ်၊ ကြံသိစိတ် သုံးခုတို့၏ ပေါင်းဆုံမိခြင်းကြောင့် မနောအတွေ့ဖဿသည် ဖြစ်ပေါ်လာရတော့၏။

ဤသည် ဖဿကို အကြောင်းပြု၍ ကောင်းခံစား၊ ဆိုးခံစား၊ အလယ်အလတ် ခံစားဟူသော အမျိုးမျိုးသောခံစားမှု၊ ဝေဒနာ သဘောတရားသည်လည်း ဖြစ်ပေါ်လာရတော့၏။

## ဝေဒနာကွဲပြားမှု

ကောင်းသောအရသာ ခံစားရလျှင် သဘောကျ၊ လောဘ၊ သောမနဿ၊ ဝေဒနာ ဖြစ်ပေါ်လာတော့၏။ မကောင်းသော အရသာ ခံစားရလျှင် သဘောမကျ ဒေါသ၊ ဒေါမနဿ ဝေဒနာ ဖြစ်ပေါ်လာတော့၏။ ကောင်း.မကောင်း နှစ်ခုတို့၏ အလယ် အလတ် အရသာ မခံစားရလျှင် မသိ မထင်ရှား မောဟ ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာတော့၏။

"ယင်းသို့လျှင် အနုသယ ကိလေသာသည် မြင်ရာ ကြားရာ နမ်းရှုရာ စားရာ ထိရာ ကြံရာ တွင် အကြိမ်ပေါင်းများစွာ ထပ်တလဲလဲ လာကိန်းဝပ် ဖြစ်ပေါ်ထကြွ လွန်ကြူးလေတော့၏။

"ယင်းသို့ လွန်ကြူးရာ၌ သုဘနိမိတ်ကိုစွဲ၍ ကာမစ္ဆန္ဒ ထကြွလွန်ကြူးမိပါက နောက်မှ ဒုက္ခအသရေ မရေမတွက်နိုင် အောင် ပေါက်ပွားလာတော့၏။ သို့ဖြစ်၍ သုဘနိမိတ်၌ ကာမစ္ဆန္ဒ ဖြစ်ဖို့ရာ အရေးကြီးလှပါသည်၊

## သုဘနိမိတ်

ဤ၌ "သုဘနိမိတ်" ဆိုသည်မှာ အဘယ်နည်းဟု သိဖို့လိုပါသည်။ သုဘနိမိတ်ဆိုသည်မှာ မိမိ မျက်စိထဲ ကြည့်ကောင်း သည့် အာရုံ၊ မိမိနားထဲ နားထောင်ကောင်းသော အာရုံ၊ မိမိနှာခေါင်းထဲ နမ်းရှုကောင်းတဲ့ အာရုံ၊ မိမိလျှာပေါ် စားကောင်းတဲ့ အာရုံ၊ မိမိကိုယ်ပေါ်မှာ ထိကောင်းတဲ့ အာရုံတွေ တင့်တယ် ကောင်းမြတ်တယ်လို့ ထင်မှတ်တဲ့ အာရုံတွေသည် "သုဘနိမိတ်" ဖြစ်ပါသည်၊

## ကာမစ္ဆန္ဒ

"ကာမစ္ဆန္ဒ" ဟူသည် အဘယ်နည်း။ မိမိ၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တို့ဖြင့် မြင်၊ ကြား၊ နမ်းရှု၊ စားသောက်၊ ထိတွေ့ ၍ကောင်းသော အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို တွယ်တာနှစ်သက်လိုလား တောင့်တမှုကို "ကာမစ္ဆန္ဒ" ဟု ခေါ်သည်။

"ယင်း ကာမစ္ဆန္ဒကို တရားကိုယ်ကောက်သော် သမုဒယသစ္စာထိုက်သော တဏှာ၊ လောဘကိုပင် ကောက်ရမည် ဖြစ်၏။ ဒုက္ခမျိုးစုံကို ဖြစ်စေသည်မှာ ယင်းသမုဒယသစ္စာတဏှာ လောဘပင် ဖြစ်ပါသည်၊

## ဖြစ်ကြောင်း

ယင်းသို့ သမုဒယသစ္စာတဏှာ လောဘဟူသော ကာမစ္ဆန္ဒသည် အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်း။ ယင်းကို သိဖို့ လိုပါသည်။ ကာမစ္ဆန္ဒသည် သုဘနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းမှုကြောင့် "ကာမစ္ဆန္ဒ" ဖြစ်ရပါသည်။ ယင်းကို မဟာဝဂ္ဂ - သံယုတ်ပါဠိတော်၌ ဘုရားရှင်က ဤသို့ ဟောခဲ့ပါသည်။

"ရဟန်းတော်များ အိုချစ်သားတို့၊ ကြည့်ရှု၊ နားထောင်၊ နမ်းရှု၊ စားသောက်၊ တွေ့ထိလို့ ကောင်းတယ်ဆို တဲ့ သုဘနိမိတ်သည် ရှိ၏။ ယင်းသုဘနိမိတ်၌ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အလေ့အလာပြုခြင်း များ

၍နေခြင်းသည် ရှိ၏။ ယင်းသုဘနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အလေ့အလာပြုလုပ်ခြင်းများ၍နေခြင်းသည် မဖြစ်သေးသော ကာမစ္ဆန္ဒကို ဖြစ်စေခြင်းငှာ၊ ဖြစ်ပေါ်၍နေပြီးသော ကာမစ္ဆန္ဒကို တိုးပွား၍ဖြစ်စေခြင်းငှာ ပြန်ပေါ်ခြင်းမှာ အကြောင်းအထောက်အပံ့ ဖြစ်၏"

## မသင့်သောနှလုံး

သုဘနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းဟူ၍ ဆို၏။ မသင့်သော နှလုံးသွင်းဟူသည် အဘယ်နည်း။ မမြဲသော အနိစ္စကို မြဲသောနိစ္စဟု၊ ဆင်းရဲသောဒုက္ခကို ချမ်းသာသော သုခဟု၊ အစိုးမရသော အနတ္တကို အစိုးရသော အတ္တဟု၊ မတင့်တယ်သော အသုဘကို တင့်တယ်သော သုဘဟု နှလုံးသွင်းခြင်းကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အယောနိသော မနသိကာရဟု ခေါ်သည်။

## ပယ်ကြောင်း

သမုဒယသစ္စာထိုက်သော တဏှာ၊ လောဘဟူသော ကာမစ္ဆန္ဒကို ပယ်နိုင်ဖို့ရာ အကြောင်းရှိပါသည်။ ယင်းအကြောင်းကား အဘယ်နည်း။ မတင့်တယ်သော အသုဘနိမိတ်ကို သင့်သောအားဖြင့် နှလုံးသွင်းခြင်းများတဲ့ ပုဂ္ဂိုလ်သည်ကား "ကာမစ္ဆန္ဒ" ကို ပယ်နိုင်ပါသည်။ ယင်းကို မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ဘုရားရှင် ဤသို့ဟောခဲ့ပါသည်။

"ရဟန်းတော်များ အိုချစ်သားတို့ မတင့်တယ်ဘူးလို့ နှလုံးသွင်းတဲ့ အသုဘ နိမိတ်ရှိသည်၊ ယင်းအသုဘနိမိတ်၌ သင့်သောအားဖြင့် နှလုံးသွင်းများ၍ နေခြင်းသည် ရှိ၏။ ယင်းကဲ့သို့ အသုဘနိမိတ်ကို သင့်သောအားဖြင့် နှလုံးသွင်း များ၍နေခြင်းသည် မဖြစ်သေးသော ကာမစ္ဆန္ဒ မဖြစ်စေခြင်းငှာ ဖြစ်ပေါ်၍နေသော ကာမစ္ဆန္ဒကို ပယ်ခြင်းငှာ အကြောင်းအထောက်အပံ့ ဖြစ်၏"

## သင့်သောနှလုံးသွင်း

အသုဘနိမိတ်ကို သင့်သောအားဖြင့် နှလုံးသွင်းဟူ၍ ဆို၏။ သင့်သော နှလုံးသွင်းဟူသည် အဘယ်နည်း။ မမြဲသော အနိစ္စကို မမြဲသောအနိစ္စဟု၊ ဆင်းရဲသောဒုက္ခကို ဆင်းရဲသောဒုက္ခဟု၊ အစိုးမရသော အနတ္တကို အစိုးမရသော အနတ္တဟု နှလုံးသွင်းခြင်းကို သင့်သောအားဖြင့် နှလုံးသွင်းကို "ယောနိသော မနသိကာရ" ဟု ခေါ်သည်။

## ကာမစ္ဆန္ဒပယ်နည်း (၆)ပါး

ယခုပြဆိုခဲ့သောနည်းအတိုင်း ဘုရားရှင်သည် သမုဒယသစ္စာထိုက်သော လောဘ၊ တဏှာဟူသော "ကာမစ္ဆန္ဒ" ဖြစ်ကြောင်း၊ ပယ်ကြောင်းတွေကို ဟောပြောပြသခဲ့ပါသည်။ မိမိသည် ဤတွင် ကာမစ္ဆန္ဒပယ်နည်းကို ပြလိုရကား အဋ္ဌကထာပြဆိုသော ကာမစ္ဆန္ဒပယ်နည်း (၆)ပါးကို ပြလိုက်ပါသည်။ ယင်း (၆)ပါးကား အဘယ်နည်း။

၁။ အသုဘနိမိတ်ကို အဖန်တလဲလဲ သင်ယူနေခြင်း၊ နာခံမှတ်သားပြီး နေခြင်း။

၂။ အသုဘဘာဝနာကို အဖန်တလဲလဲ ရှုပွားများ၍ နေခြင်း။

၃။ မိမိ၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေတွေကို လုံခြုံအောင် စောင့်ရှောက်ထားခြင်း။

၄။ အစားအစာ အာဟာရတို့၌ အတိုင်းအရှည်ပမာဏကို သိခြင်း၊ အစားအသောက် တတ်ခြင်း။

၅။ ကာမစ္ဆန္ဒပယ်နိုင်အောင် ဟောပြောပြသပေးနိုင်သည့် မိတ်ကောင်း၊ ဆွေကောင်း ရှိခြင်း၊

၆။ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုတ်တို့၌ ကာမစ္ဆန္ဒကို ပယ်နိုင်ဖို့ရာအတွက် တရားစကား ပြောကြား၍နေခြင်း၊

ဟူ၍ "ကာမစ္ဆန္ဒ"ကို ပယ်နိုင်ကြောင်းတရားတို့သည် (၆)ပါးတို့ ရှိကုန်၏။ အို တရှသူ ဖတ်လာခဲ့သည်မှာ ဤမျှ ရောက်ခဲ့ပြီ၊ အဘယ်ကို ရည်ရွယ်၍ အဘယ်အကြောင်းကြောင့်များ ဤအကြောင်းအရာများကို ရေးသားနေပါသနည်းဟု တရှသူ၏ စိတ်ထဲတွင် ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်ပါလိမ့်မည်။ မှန်ပါသည်၊ မိမိသည် အဘယ်အတွက်ကြောင့်များ ဤ ကာမစ္ဆန္ဒ ဖြစ်ပေါ်ကြောင်း၊ ပယ်နိုင်ကြောင်းတွေကို ရေးသားနေသနည်း၊ အကြောင်းမဲ့လော၊ အကြောင်းရှိလော၊

## ဆု.တစ်ခုလောက် တောင်းပေးချင်ပါသည်

အကြောင်းရှိပါသည်၊ အကြောင်းမဲ့ မဟုတ်ပါ၊ အကြောင်းကား အသို့နည်း၊ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏၊ မိမိသည် မြို့ကြီးတစ်မြို့တွင် ဆယ်ရက်စခန်း တရားပြနေ၏၊

ဆယ်ရက်ပြည့်သော နောက်ဆုံးနေ့ တရားစစ်သောအခါတွင် ယောဂီဒကာမကြီး က လက်အုပ်ချီမိုး ရှိခိုးကာ မိမိကို ထူးခြားစွာ လျှောက်ထား၏၊

"အရှင်ဘုရား၊ အရှင်ဘုရားသည် ဆယ်ရက်တိုင်တိုင် တပည့်တော်တို့အပေါ်မှာ မေတ္တာ၊ ကရုဏာ ကြီးမားစွာနဲ့ တရားပြပေးတဲ့အတွက် တပည့်တော်တို့မှာ အကျိုးကျေးဇူး များစွာဖြစ်ထွန်းပါတယ် ဘုရား"

"ဒါကြောင့် ကျေးဇူးကြီးမားလှတဲ့ ကျေးဇူးရှင် အရှင်ဘုရားတို့ကိုလည်း တပည့်တော်က ဆု.တစ်ခုလောက် တောင်းပေးချင်ပါတယ် ဘုရား၊ ဆုတောင်းပေးခွင့် ပြုတော်မူပါဘုရား"

"ပြုပါတယ်၊ ပြုပါတယ်၊ ဆု.တစ်ခု မကပါဘူး ဆု နှစ်ခုသုံးခုလောက်လည်း တောင်းပေးနိုင်ပါတယ်၊ တောင်းပေးပါ၊ အမယ်လေး ဆုတောင်းပေးတာပဲ ခွင့်တောင်းနေရသေးသလား တောင်းပေးပါ"

မိမိသည် ယောဂီဒကာမကြီးအား ဆုတောင်းပေးရဲအောင် ပွင့်လင်းစွာပင် ဆုတောင်းခွင့် ပြုလိုက်ပါသည်၊ ထိုအခါ ယောဂီဒကာမကြီးက လက်အုပ်ချီကာ လျှောက်ထားပြန်သည်၊

"တပည့်တော် တောင်းပေးမယ့်ဆုက တစ်ခုပါပဲ ဘုရား၊ နှစ်ခု သုံးခု မဟုတ်ပါဘုရား"

"ဒါဖြင့် အဲဒီ တောင်းပေးချင်တဲ့ တစ်ခုပဲ တောင်းပေးပါတော့၊ ဘာဆုလဲ၊ ရချင်လှပြီ၊ ကြားချင်လှပြီ"

"တပည့်တော် တောင်းပေးချင်တဲ့ဆုက မိုးညှင်းဆရာတော်ဘုရားကြီး တောင်းပေးတဲ့ ဆုပါဘုရား"

"အမယ်လေး ဒကာမကြီး ဆုတောင်းကလည်း ဗာရာဏသီ ချဲ့လိုက်တာ၊ တောင်းသာ တောင်းပေးပါ၊ ဘုန်းကြီးကလည်း ကြားချင်လှပါပြီဆိုမှ တောင်းပေးရုံပဲ ရှိတာပဲ၊ မိုးညှင်းဆရာတော်ဘုရားကြီး တောင်းပေးတဲ့ဆုတွေ ဘာတွေ လုပ်မနေပါနဲ့"-

"ဒါဖြင့် တပည့်တော် တောင်းပေးပါ့မယ်ဘုရား"

"ခြော် တောင်းပေးပါဆိုမှပဲ၊ ထပ်ပြီးတော့ အခွင့်တောင်းနေရသေးလား၊ တောင်းပေးချင်လှတဲ့ ဆုကို တောင်းသာ တောင်းပေးပါ"

## ဆုတောင်း

ယင်းသို့ မိမိက ဆုတောင်းခွင့်ပေးလိုက်သောအခါ ယောဂီဒကာမကြီးသည် မိမိကို ရိုသေစွာ လက်အုပ်ချီလျက် ဆုတောင်းပါတော့သည်။

"အရှင်ဘုရားရဲ့ကောင်းသော လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေဘုရား"

"အမယ်လေး ဒီဆုတောင်းကို တောင်းပေးတာပဲ၊ အခွင့်တွေ တောင်းနေရသေးလား၊ ကောင်းတဲ့ ဆုတောင်းပဲဟာ ဘယ်သူ မကြိုက်ဘဲ ရှိပါမလဲ၊ ကြိုက်တာပေါ့၊ ဒီဆုတောင်းက သမားရိုးကျ ဆုတောင်းပဲဟာ"

"ဘုန်းကြီးလည်း တစ်ခါတစ်ခါ ဒကာ ဒကာမတွေ ကန်တော့တဲ့အခါ ဒီဆုကို တောင်းပေးပါတယ်၊ ဒီဆုဟာ ပစ္စေက ဗုဒ္ဓအရှင်မြတ်တွေကို ဆုပေးလေ့ရှိတဲ့ လိုရာဆုပေးပါပဲ၊ ဘယ်လိုလဲဆိုတော့ -

"တစ်ဆယ့်ငါးရက်၊ ယုဂန်အထက်မှ ပြုလျက်ပြောင်ရှန်း ပေါ်ထွက်ထွန်းသော ကမ္ဘာတန်ဆာ လစန်း ရတနာသည်ဝ - မျိုးက လာတိုး၍ ပြည့်ဖြိုးလေသကဲ့သို့ သင်သူတော်ကောင်း၏ ထိုထို ဤဤ အလိုရှိအပ်သော တကြောင့်ကြကြဖြင့် တောင့်တအပ်သော တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော ကောင်းသောအကြံ အစည် ဟူသမျှတို့သည် လျင်မြန်စွာကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် ပြီးမြောက်အောင် ဖြစ်ပါစေသတည်း"

လို့ အဲဒီလို ပေးလေ့ရှိပါတယ်၊ ဘာဖြစ်လို့ အဲဒီလိုပေးတာလဲဆိုတော့ မကောင်းတဲ့ အကြံအစည်တွေတော့ မပြည့်ဝစေချင်ဘူးလေ၊ အဲဒါကြောင့် ကောင်းသောအကြံအစည် မှန်သမျှလို့ ပေးတာပါပဲ"

"တင်ပါဘုရား၊ တပည့်တော်လည်း အဲဒီသဘောပါပဲ ဘုရား"

"ကဲ ... ဒါဖြင့် ယောဂီဒကာမကြီး သဘောက ဘယ်လိုလဲဆိုတာ ရှင်းစမ်းပါဦး၊ လင်းစမ်းပါဦး၊ ရှင်းလင်းစမ်းပါဦး"

"တပည့်တော်သဘောက အရှင်ဘုရားက ငယ်လည်း ငယ်သေးတယ်၊ လူကြည်ညိုလည်း များတယ်ဆိုတဲ့ ဟို (...) လူထွက်သွားတဲ့ ကိုယ်တော်တွေလို လူထွက်သွားမှာစိုးလို့ပါ ဘုရား"

"ဟုတ်ပြီ ... ဟုတ်ပြီ လူမထွက်ဖို့တော့ ဘုန်းကြီးက အာမခံနိုင်ပါတယ်၊ အဲဒီအတွက်တော့ ဒကာမကြီး မပူနဲ့ စိတ်ချပါ"

## မိုးညှင်းဆရာတော်ဘုရားကြီး

"ဒီလိုကြားရတာ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော် ဒီဆုတောင်းကို တောင်းပေးတတ်တာဟာ မိုးညှင်းဆရာတော်ဘုရားကြီးရဲ့ကျေးဇူးတော်ကြောင့်ပါ ဘုရား"

"ကဲ ... အဲဒီ မိုးညှင်းဆရာတော်ဘုရားကြီးရဲ့ကျေးဇူးတော်အကြောင်း ရှင်းလင်းစမ်းပါဦး"

"ဟို ... ဂျပန်ခေတ်ကပေါ့ ဘုရား"

"အင်း"

"မိုးညှင်းဆရာတော်ဘုရားကြီးထံသို့ ဂျပန်ကင်ပေတိုင်တွေ ရောက်လာပြီး ဆရာတော်ဘုရားကြီးကို လျှောက်ထားပါသတဲ့ဘုရား"

"အင်း"

"ဆရာတော်ဘုရား၊ တပည့်တော်တို့ကို ဆုကောင်းကောင်း တောင်းပေးပါတဲ့"

"အင်း"

"ဒီတော့ . . . ဆရာတော်ဘုရားကြီးက အေး . . . အေး တောင်းပေးမယ်ဆိုပြီး မင်းတို့ရဲ့ကောင်းသော လိုအင်ဆန္ဒမှန် သမျှ ပြည့်ဝပါစေလို့ ဆုတောင်းပေးလိုက်ပါသတဲ့ဘုရား"

"အင်း"

"အဲဒီလို တောင်းပေးတော့ ဂျပန်ကင်ပေတိုင်တွေက အတော်သဘောကျသွားပါသတဲ့ဘုရား"

"ဆရာတော်ဘုရားကြီးက ဂျပန်ကင်ပေတိုင်တွေ ပြန်သွားတော့ တပည့်တော်တို့ကို "အင်း . . . ဂျပန်ကင်ပေတိုင်တွေ တော့ ဘယ်လိုအဓိပ္ပာယ်ကောက်ပြီး သဘောကျသွားလဲ မသိဘူး၊ တို့ ဆုတောင်းပေးလိုက်တာကတော့ သတ်တာ ဖြတ်တာ ညှဉ်းဆဲတာတွေ မပါ၊ ကောင်းသောလိုအင်ဆန္ဒသာ ရည်ရွယ်တာ" လို့ ရှင်းပြပါတယ်ဘုရား"

"ဒါဖြင့် ဒကာမကြီး ဆုတောင်းက ဘုန်းကြီးအတွက် ရည်ရွယ်ချက်မှာ လူထွက်ချင်တယ်ဆိုတဲ့ မကောင်းသော လိုအင် ဆန္ဒ မပါ၊ သာသနာပြုမယ်ဆိုတဲ့ ကောင်းသောလိုအင်ဆန္ဒပဲ ရည်ညွှန်းတာပေါ့နော်"

"မှန်ပါ့ ဘုရား၊ မှန်ပါ့"

"ကဲ . . . ဒါဖြင့် ဒကာမကြီး တောင်းပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏လို့ ဒကာမကြီးရဲ့ဆုကို ဘုန်းကြီးက ခံယူပါတယ်"

"ဝမ်းသာပါတယ်ဘုရား၊ အရှင်ဘုရားကို တပည့်တော် အဲဒါတစ်ခုပဲ ပူပါတယ်ဘုရား"

"ဒီအတွက်တော့ မပူပါနဲ့ ဒကာမကြီး၊ ဘုန်းကြီးမှာ ယခုအခါ စာသင်သား သံဃာပရိသတ် (၄၀)ကျော်နဲ့ စာချရတဲ့ တာဝန်၊ စာအုပ်ရေးတဲ့ တာဝန်၊ တရားဟောတဲ့ တာဝန်၊ တရားပြတဲ့ တာဝန်နဲ့ဆိုတော့ တာဝန်တွေ ပိနေလို့ အဲဒါတွေ မကြံအား မကြံနိုင်ပါဘူး"

"အဲဒီစကား ကြားရတာ ဝမ်းသာပါတယ်ဘုရား"

## ရဟန်းအစ်မကြီး

"ဘုန်းကြီးကို အဲဒီလို မေတ္တာ၊ ကရုဏာထားပြီး ဆုတောင်းပေးတဲ့အတွက်လည်း သိပ်ပြီးတော့ ဝမ်းသာပါတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ဘုန်းကြီးရဲ့ရဟန်းအစ်မကြီးအကြောင်း ပြောပြရဦးမယ်"

"အမိန့်ရှိပါဘုရား"

"ဘုန်းကြီးရဲ့ရဟန်းအစ်မကြီးဟာ ဘုန်းကြီး ရဟန်းဖြစ်စ ဟိုစာသင်သား ဘဝကဆိုရင် ဘုန်းကြီးနဲ့ တွေ့ဆုံတိုင်း ဘာ ပြောလဲဆိုတော့ ဦးပဥ္စင်းနော် ဒကာမတွေနဲ့ အရောမဝင်နဲ့၊ ဒကာမတွေက ကောင်းတာမဟုတ်ဘူး၊ ဦးပဥ္စင်း လူထွက်ရင်တော့ ဈေးရောင်းခိုင်းမှာပဲ၊ တပည့်တော်တို့ ဒုက္ခကိုကြည့်တဲ့"

"အဲဒီလို ပြောသလား ဘုရား"

"အင်း . . . အဲဒီလိုပြောတယ်၊ ပြီးတော့ ရှိသေးတယ်၊ ဦးပဥ္စင်း ဒကာမတွေနဲ့ စကားပြောတဲ့အခါ မှတ်ထား တဲ့"

"ဘယ်လို မှတ်ထားရမလဲလို့ မေးတဲ့အခါမှာ ရဟန်းအစ်မကြီးက ရှင်းပြတယ်၊ ဦးပဥ္စင်းက ဒကာမတစ်ယောက်ကို ခေါ်လိုက်တယ် ဆိုပါတော့ အဲဒီဒကာမက "ဘုရား" လို့ ရိုးရိုးမှန်မှန် ထူးရင် အဲဒီဒကာမဟာ ရိုးတယ်တဲ့"

"အဲဒီဒကာမကိုပဲ နောက်တစ်ခါ ခေါ်တယ်ဆိုပါတော့၊ အဲဒီဒကာမက ရိုးရိုးမထူးဘဲ "ဘုရား . . ." လို့ လေရှည်ဆွဲပြီး တော့ ထူးရင် အဲဒီဒကာမ မရိုးတော့ဘူးတဲ့၊ နောက်တစ်ခါ အဲဒီဒကာမနဲ့ အတွေ့မခံနဲ့တော့၊ စကားမပြောနဲ့တော့တဲ့၊ အဲဒီလို သင်တယ်၊ ဘုန်းကြီးလည်း ရဟန်းအစ်မကြီး သင်ပေးထားတဲ့အတိုင်းပဲ မှတ်ထားတယ်၊ သတိထားတယ်၊ ဒါကြောင့်လည်း ဒီနေ့အထိ ရှိနေတာလား မသိဘူး"

"မှန်ပါ ဘုရား"

"ပြီးတော့ ပြောတာတစ်ခုရှိသေးတယ်၊ ဘုန်းကြီးက ရန်ကုန်ကနေ မန္တလေးသွားမည့်အကြောင်း ရဟန်းအစ်မကြီး ပြောပြတယ်၊ ဒီတော့ ရဟန်းအစ်မကြီးက ဦးပဥ္ဇင်း မန္တလေး မသွားပါနဲ့၊ မန္တလေးက ဒကာမတွေက ဘုန်းကြီးတွေနဲ့ သိပ်ရင်းနှီးတာတဲ့ . . ."

"ဒီတော့ ဘုန်းကြီးက ကိစ္စမရှိပါဘူး ဒကာမကြီး၊ ဦးပဥ္ဇင်း မရင်းနှီးအောင် နေမယ်လို့ဆိုတော့ ဦးပဥ္ဇင်း မန္တလေးသွားရင် ဒကာမတွေနဲ့ စကားမပြောနဲ့တဲ့"

"ဒီတော့ ဘုန်းကြီးက ပြောတယ်၊ ဒကာမကြီး ဒကာမတွေနဲ့ စကားမပြောလို့တော့ ဘယ်ဖြစ်မလဲ၊ ဆွမ်း ဘယ့်နယ်လုပ် စားမလဲဆိုတော့"

"ဒကာမကြီးက ဦးပဥ္ဇင်း ဆွမ်းခံမထွက်နဲ့၊ ဆွမ်းဆိုင်မှာ လခပေးစားပေါ့ တပည့်တော် ဆွမ်းစရိတ် အပြည့်အစုံ ထောက်မယ်တဲ့"

"ဒီတော့ ဘုန်းကြီးက အင်း . . . ဒကာမကြီး ဆွမ်းဆိုင်မှာ လခပေးပြီး နေ့တိုင်း သွားစားမှ သာပြီး ဒကာမနဲ့ နီးစပ်သေးတယ်၊ ဆွမ်းဆိုင်မှာက ဒကာမချောချောလေးတွေ ခေါ်ထားတာ၊ ပြီးတော့ နေ့တိုင်းသွားစားတာဆိုတော့ ပိုပြီးတော့ နီးစပ်တာပေါ့လို့ ပြောလိုက်တယ်"

"ဒီတော့ ရဟန်းအစ်မကြီးက ဘာပြောလဲဆိုတော့ ဒီလိုဆို ခက်တာပဲ၊ ဘယ့်နယ်လုပ်ရပါ့မလဲ ဦးပဥ္ဇင်း . . . တဲ့ ပြောတယ်"

## ရှင်အာနန္ဒာအမေး

"ဒီလိုပြောတဲ့အခါ ဘုန်းကြီးက ဒကာမကြီး ဘုရားရှင် ပရိနိဗ္ဗာန် စံခါနီးတုန်းက ရှင်အာနန္ဒာက မြတ်စွာဘုရားကို မေးလျှောက်တယ်"

"ဒီတော့ ရဟန်းအစ်မကြီးက ဘယ်လိုမေးလျှောက်လဲ ဦးပဥ္ဇင်းတဲ့၊ အဲဒါနဲ့ ဘုန်းကြီးက ပြောလိုက်တယ်"

"ရှင်အာနန္ဒာက ဘုရားရှင်ကို "မြတ်စွာဘုရား ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့အခါ တပည့်တော်တို့ ဒကာမတွေ အပေါ်မှာ ဘယ်လိုပြုကျင့်ရပါ့မလဲ ဘုရား" လို့ မေးလျှောက်တယ်။

"အဲဒီလို မေးလျှောက်တဲ့အခါ ရှင်တော်မြတ်ဘုရားက "ချစ်သား အာနန္ဒာ ဒကာမတွေကို မကြည့်နဲ့" လို့ အမိန့်ရှိလိုက်ပါတယ်"

"အဲဒီလို အမိန့်ရှိတဲ့အခါ ရှင်အာနန္ဒာက "မြတ်စွာဘုရား ဒကာမတွေ ကျောင်းရောက်လာသော်လည်းကောင်း၊ သွားရင်းလာရင်းသော်လည်းကောင်းကြည့်ခဲ့မိပါလျှင် အဘယ်ကဲ့သို့ပြုကျင့်ရပါမည်နည်းဘုရား" လို့ လျှောက်ထားပြန်တယ်"

"အဲဒီလို လျှောက်တဲ့အခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ တကယ်လို့ ဒကာမတွေကို ကြည့်မိတဲ့အခါမှာ စကား မပြောနဲ့" လို့ အမိန့်ရှိပါတယ်။

"အဲဒီလို အမိန့်ရှိတဲ့အခါ ရှင်အာနန္ဒာက "မြတ်စွာဘုရား ဒကာမတွေက အရှင်ဘုရား ဒီနေ့ ဘာနေ့ပါလဲဘုရား၊ အရှင်ဘုရား ကျန်းမာပါရဲ့လားဘုရား စသည်ဖြင့် မေးလာတဲ့အခါ စကားပြောရပါမယ်၊ အဲဒီလို စကားပြောရတဲ့အခါ အဘယ်သို့ ပြုကျင့်ရပါမလဲဘုရား" လို့ လျှောက်ထားပြန်တယ်။

"အဲဒီလို လျှောက်တဲ့အခါ ဘုရားရှင်က "ချစ်သား ဒဘနန္ဒာ ဒကာမတွေကို စကား မပြောမဖြစ်လို့ ပြောရတဲ့အခါ သတိထားပြော" လို့ အမိန့်ရှိပါတယ်"

"အဲဒီမှာ သတိထားပြော ဆိုတာက အမေအရွယ် ဒကာမကြီးအရွယ် ဒကာမကြီးတွေနဲ့ စကားပြောတဲ့အခါ အမေလို သဘောထား၊ အစ်မအရွယ်လို ဒကာမတွေနဲ့ စကားပြောတဲ့အခါ အစ်မလို သဘောထားပြော၊ ညီအစ်မရွယ်၊ နမအရွယ် ဒကာမတွေကို စကားပြောတဲ့အခါ ညီမလို၊ နမလို သဘောထားပြောလို့ ဘုရားရှင်က မိန့်ပါတယ်"

"ယခုလည်း ဦးပဉ္စင်းတို့ ဒကာမတွေနဲ့ စကားမပြောမဖြစ်လို့ ပြောရတဲ့အခါ အဲဒီလိုပဲ သဘောထားပြီး ပြောရတာပေါ့ လို့ ပြောလိုက်တယ်"

"အဲဒီလို ပြောတဲ့အခါ ရဟန်းအစ်မကြီးက အင်း...အင်း ဦးပဉ္စင်း အဲဒီလိုပြောနော်တဲ့"

"ဘုန်းကြီးလည်း ဘုန်းကြီးရဲ့ ရဟန်းအစ်မကြီးရဲ့ အမှာစကားတွေ ဒကာမတွေနဲ့ စကားပြောတိုင်းလိုလို သတိရပါတယ်၊ သတိထားပါတယ်၊ နောက် စာမေးပွဲတွေ ဘာတွေ ပြီးသွားတော့ စိတ်ချသွားပြီလား မသိဘူး၊ မပြောတော့ဘူး"

## ဒကာကြီးတစ်ယောက်

"ယခုတော့ ရဟန်းအစ်မကြီးနဲ့ ဝေးနေ၊ ယောဂီဒကာကြီး ယောဂီဒကာမကြီးတွေနဲ့ နီးနေတော့ ယောဂီဒကာမကြီး ဒကာကြီးတွေက သတိပေးနေတော့ သတိမပြတ် အမှတ်ရတော့ ကောင်းတာပေါ့"

"တပည့်တော်အပြင် ဘယ်ယောဂီက ဆရာတော်ဘုရားကို သတိပေးပါသေးသလဲ ဘုရား"

"ဟိုတစ်နေ့ကပေါ့ ဒကာ (.....)လေ ဘုန်းကြီးဆီ ရောက်လာတယ်၊ စာရွက်ကလေး တစ်ရွက် လက်ထဲမှာ ကိုင်လို့၊ စပ်ဖြဲစပ်ဖြဲနဲ့ပေါ့၊ ဘုန်းကြီးက မြင်တော့ ဒကာ (.....) ဘာအကြောင်းထူးလို့လဲလို့ မေးတော့ တေးထပ်တစ်ပုဒ် ကောင်းလို့ ကူးထားတာ အရှင်ဘုရား ပြကြည့်မလို့တဲ့"

"ဒါနဲ့ ဒကာ (.....) ဘာတေးထပ်လဲ ဖတ်ပြစမ်းပါဦးဆိုတော့ သူက ဖတ်ပြတယ်"

အနာဂါမိလောကုတ်
သဘောဟုတ်မရမီ
အပြောအလုပ်နဲ့ သမဏပီအောင်
မ.မသီစေနဲ့၊
သင်းအတွက်ရမက်ခွာ
စက္ကုဝါခြား၍နေသင့်
ဝိသဘာဂအာရုံမျှော်သည်
ရှာပုံတော်တွေနှင့်၊
ကာမဂုဏ် ညှော်လေပင့်လေတော့
လေလွင့်ရပြန်သည်၊
ရှာန်လက်ကိုင် ပုဂ္ဂိုလ်များ
ယုတ်ယိုပျက်ပြား များလှလေပြီ၊

ကျင့်သီလ စာမရိုလို
မကွာညီ တည်ရစ်ဖို့
ပြည်ချစ်တဲ့ ညီသက်လျာ
သိပါစေဇာ…
နောင်တော်ကြီး အစ်ကိုဝါ
ထိုကဗျာလက်ကမ်းပေ့ါလေ…။

## အဓိပ္ပာယ်

"အောင်မယ်…အဓိပ္ပာယ် တယ်ရှိပါလား…၊ ဒီတေးထပ် ဩဝါဒတေးထပ်လို့ ဆိုနိုင်တယ်၊ ကဲ…ဒကာ (…..) ဒီတေးထပ်ကို ဘယ်က ရတယ်…၊ အတ္ထုပ္ပတ်အကြောင်းအရာ ဘယ်လိုလဲဆိုတာ ရှင်းလင်းပြစမ်းပါဆိုတော့ ဒကာ (…..)က ရှင်းပြတယ်"

"ဒီတေးထပ်က ဒီလိုပါဘုရား၊ တစ်ခါက (…..)ဆရာတော်က ရန်ကုန်မြို့ (…..)ကျောင်းတိုက်သို့ ကြွပြီး တရားဟောတယ်"

"အင်း"

"တရားဟောပြီးတော့ အဲဒီကျောင်းတိုက်က ဆရာတော်က တရားဟောတဲ့ (…..) ဆရာတော်ကို တရားဟောကောင်းလို့ ဆိုပြီး အဲဒီဩဝါဒတေးထပ်ကို ရေးပေးပါသတဲ့ဘုရား"

"အင်း"

"နောင်အခါ အဲဒီကျောင်းတိုက်ဆရာတော် ပျံလွန်တော်မူတဲ့အခါ အဲဒီ (…..)ဆရာတော်ကိုပဲ တရားဟော ပင့်ခဲ့ပါသတဲ့ဘုရား"

"အဲဒီလို ပင့်တဲ့အခါ တရားဟောတဲ့ အဲဒီ (…..)ဆရာတော်က အဲဒီတရားပွဲမှာ အဲဒီဩဝါဒတေးထပ်ကို ရွတ်ပြီးတော့ အတ္ထုပ္ပတ် ပြန်ပြောပြီး ဟောပါသတဲ့ဘုရား…"

"အင်း"

"တပည့်တော်က အဲဒီတရားတော် နာရတော့ ဒီဩဝါဒတေးထပ်ကို သဘောကျတာနဲ့ တိတ်ခွေထဲက ကူးယူထားပါတယ်ဘုရား"

"အင်း"

"အဲဒီလို ကူးယူထားပြီးတော့ ဒီနေ့လယ်မှာ အရှင်ဘုရားကို သတိရတာနဲ့ ဒီဩဝါဒတေးထပ်ကို လာပြပါတယ်ဘုရား"

"အင်း…အင်း…ကောင်းတယ်၊ ကောင်းတယ်၊ ဘုန်းကြီး ကူးထားဦးမယ်ဆိုပြီး အဲဒီဩဝါဒတေးထပ်ကို ဒကာ(…) ထံက ကူးထားလိုက်တယ်၊ အဲဒီ (…..) ဒကာလည်း ပရိယာယ်အားဖြင့် ဘုန်းကြီးကို သတိပေးတဲ့ ဒကာပဲပေ့ါ"

"မှန်ပါ ဘုရား"

## အကောင်းဆုံးမိတ်ဆွေ

"ကောင်းတယ် ကောင်းတယ်...၊ ဘုန်းကြီးတော့ သိပ်ပြီး ကျေးဇူးတင်တယ်၊ သဘောကျတယ်၊ အဲဒီလို သတိပေးသူတွေကို ဘုန်းကြီးကတော့ ဘုန်းကြီးအတွက် အကောင်းဆုံးမိတ်ဆွေတွေလို့ သတ်မှတ်ထားတယ်"

"ဟုတ်တယ်လေ၊ သတ္တဝါတို့၏ စိတ်အစဉ်၌ ကုသိုလ်တရားတို့ ဖြစ်ရန်အခွင့်၊ ပွားရန်အခွင့်ကို မပေးဘဲ တားဆီးကန့်ကွက်တတ်သော တရား၊ ပိတ်ပင်ဖျက်ဆီးတတ်သော တရားတွေဟာ နီဝရဏတရားတွေပဲ၊ အဲဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက တားဆီးကန့်ကွက်၊ ပိတ်ပင်ဖျက်၊ အနက်နီဝရဏလို့ စပ်ဆိုတော်မူခဲ့တယ်"

"ဟုတ်တယ်လေ၊ အဲဒီ နီဝရဏတရားတွေ ဖြစ်နေပြီဆိုတော့ ဈာန်တရားတွေ၊ မဂ်တရားတွေကို ဖြစ်ခွင့် မပေးတော့ဘူး၊ ဖြစ်ပြီး ရပြီးတဲ့ ဈာန်တရားတွေကိုလည်း ကွယ်ပါစေတယ်"

"အဲဒီ နီဝရဏတရားတွေထဲမှာ ကာမစ္ဆန္ဒ နီဝရဏက အား.အကောင်းဆုံးပေါ့၊ သတ္တဝါတွေ သန္တာန်မှာ အဖြစ် အများဆုံးပေါ့၊ ကာမစ္ဆန္ဒ နီဝရဏဆိုတာ အားကြီးသောရာဂပေါ့"

"အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေပေါ်မှာ သာယာတပ်မက်တဲ့ ရာဂပေါ့"

"အဲဒီရာဂကို ပယ်ဖျောက်နိုင်ရေးအတွက် ပယ်ဖျောက်ကြောင်း (၆)ပါးထဲမှာ မိတ်ကောင်း ဆွေကောင်းဆိုတာ တစ်ပါး ပါတယ်၊ အဲဒါကြောင့် ယောဂီ ဒကာ ဒကာမကြီးတွေဟာ ဘုန်းကြီးရဲ့မိတ်ကောင်း ဆွေကောင်းတွေပါပဲ"

"ဒီလိုတော့ မဟုတ်ပါဘူးဘုရား၊ ဆရာတော်ဘုရားက တပည့်တော်မတို့ရဲ့ဆရာတော်ပဲဟာ"

## မိတ်ဆွေအင်္ဂါ

"အင်း...အင်း၊ အဲဒီဆရာသည်ပင်လျှင် ယောဂီတို့ရဲ့မိတ်ကောင်း ဆွေကောင်းပါပဲ၊ ယောဂီတို့ဟာလည်း ဘုန်းကြီးရဲ့မိတ်ကောင်းဆွေကောင်းပါပဲ၊ ဟို မိတ်ဆွေအင်္ဂါ (၇) နှစ်ဖြာမှာ ကြည့်ပါလား -

၁။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ချစ်အပ်သူ ဖြစ်ခြင်း

၂။ အဲဒီဂုဏ်တို့ကြောင့်ပဲ အလေးပြုအပ်သူ ဖြစ်ခြင်း

၃။ အဲဒီဂုဏ်တို့ကြောင့်ပဲ အသက်ရာကျော်ရှည်စွာနဲ့ သာသနာပြုနိုင်ပါစေလို့ ပွားစေထိုက်သူ ဖြစ်ခြင်း

၄။ တပည့်များအား ဆိုဆုံးမတတ်သူ ဖြစ်ခြင်း

၅။ ဆရာ၏ မှားကွက်ကို ထောက်ပြ၍ ပြန်ပြီးတော့ ကျိုးကြောင်းထောက်ချင့် ရှင်းပြသည်ရှိသော် အပြောခံနိုင်ခြင်း

၆။ နက်နဲတဲ့ တရားစကားတွေကို ပြောဟောနိုင်ခြင်း

၇။ မဟုတ်တဲ့ နေရာ၌ မတိုက်တွန်းခြင်း...တဲ့၊

အဲဒီမှာ ကြည့်ပါလား၊ ဆရာသမားဆိုတာ ကိုယ်ကလည်း ပြောဆိုဆုံးမရမယ်၊ ကိုယ့်ကို တပည့်တွေက မှားကွက်ကို ထောက်ပြပြီး ပြန်ပြောရင်လည်း ခံနိုင်ရည် ရှိရတယ် ဆိုတာ ပါတယ်၊ မိကျောင်းမင်း ရေကင်းပြ ဘုန်းကြီး စာချရလားလို့ မခံနိုင်မရှိရဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် မိတ်ကောင်းဆွေကောင်းဆိုတာဟာ တစ်ယောက်နဲ့တစ်ယောက်၊ ဆရာနဲ့တပည့် အပြန်အလှန် မိတ်ကောင်းဆွေကောင်း ဖြစ်ရမှာပေါ့"

"တပည့်သည် ဆရာရဲ့မိတ်ကောင်း၊ ဆရာသည် တပည့်ရဲ့မိတ်ကောင်း၊ ကိုယ်လည်း သူ့ရဲ့မိတ်ကောင်း၊ သူလည်း ကိုယ့်ရဲ့မိတ်ကောင်းပေါ့၊ ယောဂီတို့ဟာ ဘုန်းကြီးရဲ့မိတ်ကောင်းဖြစ်သလို၊ ဘုန်းကြီးလည်း ယောဂီတို့ရဲ့မိတ်ကောင်းပဲပေါ့"

"တပည့်တော်ရဲ့စကားထဲမှာ အမှားပါရင် ခွင့်လွှတ်ပါဘုရား"

"ခွင့်လွှတ်ပါတယ်၊ အမှားလည်း မပါပါဘူး၊ ဒကာမကြီးရဲ့ဆုတောင်းတော့ ဘုန်းကြီးရဲ့ရဟန်းအစ်မကြီးရဲ့စကားကို အမြဲသတိရနေမှာပဲ"

"အဲဒီလိုဆိုရင် တပည့်တော် ဆုတောင်းပေးရကျိုး နပ်တာပေါ့ဘုရား"

"နပ်ပါတယ်၊ အမှတ်တရဖြစ်အောင် ဘုန်းကြီး ဗုဒ္ဓဓမ္မပြဿနာများ (၇)ထဲမှာ ရေးထည့်လိုက်မယ်၊ အဲဒီမှာ စောင့်မျှော်ကြည့်နော်"

"မှန်ပါ ဘုရား"

✦ မိတ်ကောင်း၊ စိတ်ကောင်း ထိုနှစ်ကောင်း၊ အကောင်းညီရမည်။

✦ အတွင်းစိတ်ကောင်း၊ ပြင်မိတ်ကောင်း၊ အကောင်းရှိရမည်။

✦ ပြင်မိတ်ကောင်းလည်း၊ တွင်းစိတ်လွဲ၊ ဆင်းရဲရပေမည်။

✦ တွင်းစိတ်ကောင်းလည်း၊ ပြင်မိတ်လွဲ၊ ဆင်းရဲရပေမည်။

✦ တွင်းပြင်နှစ်ဖြာ၊ ကောင်းညီညာ၊ သေချာချမ်းသာမည်။

✦ ချမ်းသာစေရန်၊ စိတ်အမှန်၊ စိတ်ခံကောင်းရမည်။

# သိမ်ဒကာဟာ သေတတ်တယ်ဆိုဘုရား

(၁၇၄)

ကြံစည် ပြောဆိုခြင်း ဟူသမျှတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ တစ်စုံတစ်ယောက်သောသူသည် ပြစ်မှားလိုသော စိတ်ဖြင့် ပြောမူလည်း ပြောအံ့၊ ပြုမူလည်း ပြုအံ့၊ ကြံမူလည်း ကြံအံ့၊ ထိုသို့ ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုပြုလုပ် ကြံစည်ခြင်းကြောင့် လှည်းဘီးသည် ဝန်ကို ဆောင်သော နွားၡ၏ ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲသည် ထိုသူ၏နောက်သို့ အစဉ်လိုက်လေသည်၊

(ဓမ္မပဒ)

ကြံစည်ပြောဆို ပြုလုပ်ခြင်းဟူသမျှတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏၊ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ တစ်စုံတစ်ယောက်သောသူသည် ကြည်ညိုသောစိတ်ဖြင့် ပြောမူလည်း ပြောအံ့၊ ပြုမူလည်း ပြုအံ့၊ ကြံမူလည်း ကြံအံ့၊ ထိုသို့ ကြည်လင်သောစိတ်ဖြင့် ပြောဆိုပြုလုပ် ကြံစည်ခြင်းကြောင့် ထိုသူနောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသည် အစဉ်လိုက်၏၊

(ဓမ္မပဒ)

သူရောကိုယ်ပါ သတ္တဝါမှန်သမျှ အနန္တတို့သည် အမြဲမပြတ်ပင် အပြု အပြော အကြံအစည်တို့ကို ပြုလုပ်ပြောဆို ကြံစည်၍ နေကြကုန်၏၊ ယင်းသို့ ပြုလုပ်ပြောဆို ကြံစည်၍ နေကြရာ၌ ပြစ်မှားလိုသောစိတ်ဖြင့် ပြုလုပ်ပြောဆို ကြံစည်ခြင်းနှင့် ကြည်ညိုသောစိတ်ဖြင့် ပြုလုပ်ပြောဆို ကြံစည်ခြင်းဟူ၍ နှစ်မျိုးတွင် တစ်မျိုးမျိုး ဖြစ်ရမည်မှာ သေချာပါသည်၊

ယင်းသို့ တစ်မျိုးမျိုး ဖြစ်ရာတွင် ပြစ်မှားလိုသော စိတ်ဖြင့် ပြုလုပ်ပြောဆို ကြံစည်ခြင်းကြောင့် လှည်းဘီးသည် ဝန်ကို ဆောင်သော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲဒုက္ခ မကောင်းကျိုးဟူသမျှတို့သည် ထိုသူ၏နောက်သို့ အစဉ်လိုက်လေ၏၊

ယင်းကား မလွဲမမှားသော နိယာမတရားတစ်ခု ဖြစ်၏၊

တစ်ဖန်မူ ကြည်ညိုသောစိတ်ဖြင့် ပြုလုပ်ပြောဆို ကြံစည်ခြင်းကြောင့် အရိပ်သည် သွားသူနောက်သို့ အစဉ်လိုက်သကဲ့သို့ ချမ်းသာသုခ ကောင်းကျိုးဟူသမျှတို့သည် ထိုသူ၏နောက်သို့ အစဉ်လိုက်လေ၏။ ယင်းသည်လည်း မလွဲမမှားသော နိယာမတစ်ခု ဖြစ်၏။

ယင်းသို့ မလွဲမှားသော နိယာမတရားတို့ကို လွဲမှားအောင် ပြုသော ယုတ္တိလည်း မတန်သော စကားတို့သည် ဤလူ့လောက၌ များပြားလှလေကုန်၏။ ယင်းစကားအများတွင် မိမိ လက်လှမ်းမမီတာတွေလည်း များစွာရှိပါသည်၊ လက်လှမ်းမီတာတွေလည်း များစွာရှိပါသည်။

လက်လှမ်းမီသမျှကိုတော့ နှုတ်ဖြင့် ဖြေရှင်းသင့်က နှုတ်ဖြင့် ဖြေရှင်းလျက်၊ စာဖြင့် ဖြေရှင်းသင့်က စာဖြင့် ဖြေရှင်းပါသည်။ ယင်းသည်မှာ မိမိ၏ ဝါသနာပင် ဖြစ်ပါသည်။

မိမိအနေနှင့် ယင်းသို့ မှန်ကန်သော နိယာမတရားတို့ကို လွဲမှားစေသော အပြုအပြော အကြံအစည်တွေကို တွေ့မြင်ကြားသိရပါက မိမိနှင့်မဆိုင်ဟု လျစ်လျူမရှုတတ်ပါ။ တတ်နိုင်သလောက် သတိပေး ဖြေရှင်းတတ်ပါသည်။

ယင်းသို့ သတိပေး ဖြေရှင်းသဖြင့် ပြေလည်ကာ အမှားပယ်ခွင်း ဉာဏ်အလင်း ရသွားသူများ မနည်းတော့ပါ။ သို့ဖြစ်၍ အကျိုးကြီးလှသော ဖြေရှင်းရေးကို အထုံဝါသနာပါသော မိမိအတွက် ကောင်းသောအထုံဝါသနာဟု မိမိ အထုံဝါသနာကို မိမိ ဂုဏ်ယူမိပါသည်။

ယခု ယုတ္တိမတန်သော နိယာမတရားကို လွဲမှားစေသော စကားတစ်ခုကို ရှင်းရပါဦးမည်။ ယင်းစကားက အဘယ်က စတင် ဖြစ်ပေါ်လာပါသနည်း။ ယင်းစကားကား မိမိ၏ တောင်စွန်းဓမ္မဒူတတောရ သိမ်သမုတ်ပွဲ အပြီးမှ စတင်ပေါ်လာသော စကားဖြစ်ပါသည်။

မိမိသည် ဓမ္မဒူတတောရကို ၁၃၄၀ ခုနှစ်တွင် စတည်ပါသည်။ စတည်သည်မှ စ၍ သာသနာ့မြေနှင့် ဝိသုံဂါမ လျှောက်ထားပါသည်။ သံဃာတော်ကလည်း များ၍ တောရအနေနှင့် သိမ်အခက်အခဲ တွေ့ရပါသည်။ အထူးသဖြင့် ရှင်ရဟန်းများမှာ ပရိယတ် ပဋိပတ် နှစ်ရပ်ကြိုးကုတ် အားထုတ်နေသူများ ဖြစ်၍ သိမ်အတွက် အလုပ်ပျက်ရပါသည်။

ယင်းသို့ သိမ်အတွက် အလုပ်ပျက် အခက်တွေ့နေရာမှ ဓမ္မဒူတတောရ တည်ထောင်သက် လေးနှစ်ပြည့်မြောက် ဝါဆိုသံဃာ လေးဆယ်တို့ ရောက်ရှိသော ၁၃၄၃ ခုနှစ်မှာပင် သာသနာ့မြေနှင့် ဝိသုံဂါမ အမိန့်ရပါသည်။

ယင်းသို့ အမိန့်ရသဖြင့် သိမ်သမုတ်ပွဲ အပြီးတွင် နိယာမတရားနှင့် ဆန့်ကျင်သော စကားတစ်ခု ဖြစ်ပေါ်လာပါသည်။ ယင်းစကားကား သိမ်ဒကာ ခံချင်သူများကို ကြောက်လန့်ထိတ်လန့်စေသော စကားပင် ဖြစ်ပါသည်။ ယင်းစကားကား အဘယ်နည်း။

သိမ်သမုတ်ပြီးသော တစ်နေ့တွင် ဖြစ်၏။ ဒကာတစ်ယောက် ရောက်လာသည်။ ရှိခိုးဦးချပြီး လျှောက်သည်။

"အရှင်ဘုရား၊ သိမ်ဒကာဟာ သေတတ်တယ်ဆို ဘုရား

"အို ... ဒကာကြီးကလည်း သိမ်ဒကာဟာ ဘယ်လို သေတတ်ရမှာလဲ၊ သေတတ်တာက သိမ်ဒကာမှလား၊ သတ္တဝါတိုင်း သေတတ်တာပဲ မဟုတ်လား"

"မှန်ပါဘုရား၊ သတ္တဝါတိုင်း သေတတ်ပါတယ်၊ ဒါပေမဲ့ သိမ်ဒကာဟာ သိမ်သမုတ်ပွဲပြီးလျှင် သေတတ်တယ်ဆို ဘုရား"

"ဘာဖြစ်လို့ သိမ်ဒကာဟာ သိမ်သမုတ်ပွဲပြီးတာနဲ့ သေတတ်ရမှာလဲ"

"မလျှောက်တတ်ပါဘုရား၊ သိမ်ဒကာဟာ သေတတ်တယ်ဆိုလို့ ငယ်ငယ်နဲ့ သိမ်ဒကာ မလုပ်ရဘူးတဲ့၊ ကြီးမှ သေခါနီးမှ သိမ်ဒကာလုပ်ရတယ်လို့ ကြားဖူးပါတယ်ဘုရား"

"ဘယ်ကများ ယုတ္တိမတန် မဟုတ်မမှန်တဲ့ စကားတွေ ကြားဖူးနေလဲ မသိပါဘူး၊ ဘုန်းကြီးတောင် မကြားဖူးဘူး၊ ခုမှပဲ ကြားဖူးပါတယ်"

"ဘယ်ကရယ်လို့ မသိပါဘုရား၊ တပည့်တော် ကြားဖူးနေတာ ကြာပါပြီဘုရား"

"ကြားဖူးနေတာ ကြာပေမဲ့ ယုတ္တိ မတန် မမှန်တဲ့စကားကို ကြားဖူးတယ်လို့သာ မှတ်ထား"

"ဒါဖြင့် ရှင်းပြပါဦးဘုရား"

"သိမ်ဆိုတာ သာသနာတော်ရဲ့အသက်ပါ၊ အဲဒီ သာသနာတော်ရဲ့အသက်ဖြစ်တဲ့ သိမ်သမုတ်တဲ့ ကုသိုလ်ဆိုတာ သာသနာတော်အသက်ဆက်တဲ့ ကုသိုလ်ပါ၊ သာသနာတော် အသက်ဆက်တဲ့ သိမ်ဒကာဟာ တူသောအကျိုးပေးတယ်ဆိုတဲ့ စကားအရ အသက်ရှည်စရာသာ အကြောင်းရှိပါတယ်၊ အသက်တိုစရာ အကြောင်း ရှိပါ့မလား ဒကာကြီး"

"မရှိပါဘုရား"

"မှတ်ထားပါ၊ ကုသိုလ်ဆိုတာဟာ ဘယ်ကုသိုလ်ပဲဖြစ်ဖြစ် ကောင်းကျိုးပေးတာချည်းပဲ၊ မကောင်းကျိုးပေးတဲ့ ကုသိုလ်ဆိုတာ မရှိပါဘူး၊ မကောင်းကျိုးပေးတယ်ဆိုတာ အကုသိုလ်ကံကသာ ပေးတာပါ"

"ဒကာကြီး၊ သေသေချာချာ ခွဲခြားပြီး မှတ်ထားရမှာက အကုသိုလ်ကံက မကောင်းကျိုးကို ပေးတယ်၊ ကုသိုလ်ကံက ကောင်းကျိုးကို ပေးတယ်လို့ အကျိုးပေးနစ်မျိုး မတူပုံကို ခွဲခြားမှတ်ထားပါ"

"မှန်ပါ ဘုရား"

"သိမ်သမုတ်တယ်ဆိုတာ သာသနာတော် အသက်ဆက်တဲ့ ကုသိုလ်လုပ်တာ၊ ကုသိုလ်ကလည်း အသက်ဆက်တဲ့ ကုသိုလ်၊ ကုသိုလ်ရှိုးရှိုးသည်ပင် အသက်ရှည်ခြင်း၊ အနာကင်းခြင်း အစရှိတဲ့ ကောင်းကျိုးတွေ ပေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် သာသနာတော် အသက်ဆက်တဲ့ သိမ်ဒကာခံပြီးမှ အသက်ရှည်ဖို့အကြောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး . . . ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ သေတယ်ဆိုတာက လေးမျိုးရှိတယ်၊ လေးမျိုးက ဘာတွေလည်းဆိုတော့ -

၁။ အသက်ကုန်လို့ သေတာ

၂။ ကံကုန်လို့ သေတာ

၃။ အသက် ကံနှစ်ပါး ကုန်လို့ သေတာ

၄။ ကံတစ်ပါးဖြတ်လို့ ရုတ်တရက်သေတာ

ရယ်လို့ လေးမျိုးရှိတယ်၊ အဲဒီလေးမျိုးမှာ အကြောင်းတိုက်ဆိုင်မှုက သိမ်ဒကာခံပြီးချိန်နှင့် သူ့ရဲ့အသက် ကုန်ချိန် ကံကုန်ချိန် စသည် တစ်ခုခုနဲ့ သွားပြီးတိုက်ဆိုင်လို့ သေတာ၊ အသက်ကုန်တာ၊ ကံကုန်တာ စသည်ကို မတွေ့ရ၊ မသိရဘဲ သိမ်သမုတ်ပြီးခါစကို တွေ့သိရတော့ သိမ်သမုတ်လို့ သေတယ်လို့ ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"အေး . . . အဲဒီတော့ အယူအဆ လွဲမှားသွားတာပေါ့၊ အဲဒီ အယူအဆလွဲတာ သာမန်လို့ မမှတ်လိုက်ပါနဲ့၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတာလို့ မှတ်ပါ"

"မှန်ပါ ဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတာ အမှားကို အမှန်ထင်၊ အမှန်ကို အမှားထင်လျှင် မိစ္ဆာဒိဋ္ဌိပဲနော်"

"မှန်ပါ ဘုရား"

## သာဓုခေါ်ချိန်

"ကဲ...ကဲ၊ ဘုန်းကြီးပြောနေလျှင် အကြာကြီးဖြစ်သွားမယ်၊ အကြာကြီးဖြစ်မယ့် အတူတူ ဘုန်းကြီးလည်းသက်သာ၊ ဒကာကြီးလည်း အပြည့်အစုံ နားလည်ရအောင် သိမ်သမုတ်ပွဲမှာ မော်လမြိုင်မြို့မှ ရွှေပရိယတ္တိစာသင်တိုက် ဆရာတော်ဘုရား ဟောကြားတဲ့ တရားကို နာကြည့်စမ်း"

"မှန်ပါ၊ နာပါ့မယ်ဘုရား၊ ဖွင့်ပြပါဘုရား"

"ဒီနေ့ဟာ အင်မတန်ထူးမြတ်တဲ့ ကုသိုလ်ကောင်းမှု ပြီးဆုံးလို့ သာဓုခေါ်ရမယ့် အချိန်အခါ ရောက်လာပြီ၊ ဒီပြုလိုက်ရတဲ့ ကုသိုလ်ကောင်းမှုက သိမ်သမုတ်ပွဲလို့ ခေါ်ဆိုရမယ်"

"ဒကာ ဒကာမတွေဘက်က ကြည့်ရင်တော့ ပူဇော်ပွဲဆိုတာ တစ်ခုတည်းပါ၊ သိမ်သမုတ်ပူဇော်ပွဲပေါ့၊ သံဃာတော်များ သက်သက်ဆိုရင်တော့ သိမ်သမုတ်ပွဲပေါ့၊ ဒကာ ဒကာမများဘက်က ကြည့်ရင်တော့ သိမ်သမုတ်ပူဇော်ပွဲပေါ့"

## သိသင့်စရာများ

"ဒါဖြင့် ဒီသိမ်ဟာ သာသနာတော်အတွင်းမှာ ဘယ်လောက်များ အရေးကြီးလို့ အရေးတကြီး လိုအပ်နေလို့ သံဃာတော်များက ဒီသိမ်တစ်လုံး မဖြစ်.ဖြစ်အောင် ဆောင်ရွက်ကြတယ်၊ ဒကာ ဒကာမများကလည်း အင်နဲ့ အားနဲ့ ပစ္စည်းရော လူရောပင်ပင်ပန်းပန်းခံပြီးတော့ ဒီလိုပူဇော်ပွဲပြုလုပ်ကြရသလဲဆိုတော့ ဒီအချင်းအရာလေးကို သိရအောင် သိမ်ဟာ ဘယ်လောက် အရေးကြီးသလဲဆို ဒီလုပ်ငန်းကို လုပ်သင့်.မလုပ်သင့် လုပ်ခြင်းကြောင့် ဘာအကျိုးတရားတွေ ရမယ်၊ စိတ်စေတနာ ဘယ်လို ထားရမယ်၊ အချင်းအရာလေးတွေ သိမယ်"

## သာသနာ

ဒီသာသနာလို့ဆိုတဲ့ စကားရပ်က မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ.အားလုံး တရားတော်.အားလုံးကို သာသနာလို့ ခေါ်ပါတယ်၊ ဒါကြောင့် သာသနာရဲ့အစက ဗုဒ္ဓပါ၊ သာသနာအစ မြတ်ဗုဒ္ဓ၊ မြတ်ဗုဒ္ဓ မရှိရင် သာသနာဆိုတာ မထွန်းလာဘူး။

မြတ်ဗုဒ္ဓထွန်းလာလို့ မြတ်ဗုဒ္ဓဟောညွှန်ပြတဲ့ နိဗ္ဗာန်ရောက်ကြောင်း၊ သတ္တဝါတွေ အားလုံး ဒုက္ခငြိမ်းကြောင်း၊ တရားကောင်း နည်းလမ်းကောင်းတွေ ဟောညွှန်ပြီးတော့ လာခဲ့တယ်၊ ဒီတရားတော်ကို သာသနာတော်လို့ ဒီလိုခေါ်ရပြန်တယ်။

## လိုအပ်သူတွေ

ဒါကြောင့် သာသနာအစ မြတ်ဗုဒ္ဓ၊ သတ္တဝါအားလုံး ဆင်းရဲငြိမ်းကြောင်းဖြစ်တဲ့ အကောင်းအမွန် တရားဓမ္မတွေ ကာလကြာရှည်စွာ သန့်ရှင်းနေအောင်၊ တည်တံ့နေအောင် နောက်ထပ် ဆက်လက်ပြီးတော့ ပြန့်ပွားသွားရအောင် အစရှိတဲ့ ဒီလို အကျိုးအမျိုးမျိုး ရလာဖို့အတွက် ဘယ်သူတွေ ရှိဖို့လိုအပ်လာသလဲလို့ မေးရင် သန့်ရှင်းနေရအောင်၊ တည်တံ့နေရအောင် နောက်ထပ် ပြန့်ပွားနေရအောင် ဒီလိုဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်တွေ ရှိဖို့ လိုအပ်လာပြန်တယ်။

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ကာလတုန်းကတော့ ဗုဒ္ဓကိုယ်တိုင်ကလည်း အားထုတ်လာတယ်၊ ဗုဒ္ဓ သက်တော်ထင်ရှား မရှိသည့်နောက်ပိုင်း အချိန်အခါမှာတော့ ဗုဒ္ဓရဲ့ တပည့်သားမြေးဖြစ်ကြတဲ့ ရဟန်းသံဃာတော်များကပဲ အဓိက ပဓာနတာဝန်ယူပြီးတော့ လုပ်ငန်းကို ဆောင်ရွက်ရမယ်။

## သိမ်ရှိမှ

ဒါဖြင့် ဒီသာသနာတော်ကြီး ကာလကြာရှည် သန့်ရှင်းနေအောင်၊ တည်တံ့နေအောင်၊ နောက်ထပ် ဆက်လက်ပြန့်ပွားနေရအောင် အဓိကတာဝန်ဆောင်ရမယ့် ပုဂ္ဂိုလ်တွေကတော့ သံဃာတော်များ ဖြစ်တယ်၊ အဲဒီ သံဃာတော်တစ်ပါး ရဟန်းတစ်ပါးဖြစ်ဖို့ကတော့ သိမ်မရှိရင် အဲဒီရဟန်းကောင်း ရဟန်းစစ်ဆိုတာ ဘယ်လိုမှ မဖြစ်လာနိုင်ဘူး၊ သိမ်ရှိမှသာ ရဟန်းကောင်း ရဟန်းစစ်ဆိုတာ ဖြစ်လာနိုင်ပါတယ်။

## သိမ်နှစ်မျိုး

ဒါဖြင့် သိမ်ရှိမှ ရဟန်းကောင်း ရဟန်းစစ် ဖြစ်လာနိုင်တယ်ဆိုတော့ သိမ်က ဘယ်နှစ်မျိုး ရှိနေသလဲလို့ မေးရင် အကျဉ်းချုံးပြီးတော့ ပြောလိုက်ရင် ကမ္မဝါစာ ရွတ်ဖတ်မှု မပြုဘဲနဲ့ အလိုအလျောက် ဖြစ်နေတဲ့ သိမ်၊ အဲဒီသိမ်ကိုတော့ ပါဠိဘာသာလို "အဗဒ္ဓသိမ်" လို့ ခေါ်ပါတယ်။

စောစောက ဆရာတော်များ ကမ္မဝါစာဖြင့် ရွတ်ဖတ်လိုက်ရတဲ့ ဒီသိမ်မျိုးကိုတော့ "ဗဒ္ဓသိမ်" လို့ ခေါ်တယ်။ အရပ်စကားနဲ့ ပြောရင် "သမုတ်သိမ်"၊ စောစောကပြောခဲ့တဲ့ "အဗဒ္ဓသိမ်" ဆိုတာကတော့ အရပ်စကားနဲ့ပြောရင် မသမုတ်ဘဲနဲ့ ဖြစ်နေတဲ့ သိမ်၊ ဒီလို သိမ်က နှစ်မျိုးရှိတယ်။

ဒီလို သိမ်နှစ်မျိုးမှာ မြစ်တို့ ချောင်းတို့ အင်းတို့ စသည် သူ့အလိုအလျောက်ဖြစ်နေတဲ့ နေရာ၊ နေရာဌာန ဒီလိုမြစ်ရေမျိုးကတော့ အလိုအလျောက်ပဲ သိမ်ဖြစ်နေပါတယ်။ ဒီမှာ သံဃာတော်များ သွားပြီးတော့ ဥပုသ်ပဝါရဏာ စသည် ပဉ္စင်းတင်မှု အစရှိတဲ့ ဝိနည်းလုပ်ငန်းတွေ လုပ်မယ်ဆိုလို့ရှိရင်လည်း အောင်မြင်နိုင်ပါတယ်။

ဒါပေမဲ့ ဒီလိုနေရာဌာနကို သွားပြီးတော့ ဆောင်ရွက်ဖို့ရာအတွက်က ဒီလိုနေရာမှာ မိုးလေးလ ရေမပြတ်ရှိနေဖို့ ဒီလို အချင်းအရာလေးတွေ ရှိနေတာပေါ့၊ အဲဒါလည်း "အဗဒ္ဓသိမ်" အလိုအလျောက် ဖြစ်နေတဲ့သိမ်ပါပဲ။

တစ်ခါ ကျေးရွာတစ်ရွာရယ်လို့ ဖြစ်လာမယ်၊ လူနေတဲ့ ကျေးရွာတစ်ရွာ တည်ထောင်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း အဲဒီကျေးရွာတစ်ရွာသည် အလိုအလျောက်သိမ်တစ်ခုဖြစ်လာတယ်၊ ဘယ်သူကမှ သတ်မှတ်ချက်လုပ်ဖို့မလိုဘူး၊ အခု ဒီတောင်စွန်းကျေးရွာဆိုပါတော့ တောင်စွန်းကျေးရွာဟာ အလိုအလျောက် သိမ်ဖြစ်နေတာပဲ။

## အကြောင်းရင်း

သံဃာတော်များ ဝိနည်းကံအရ ဆောင်ရွက်မယ်ဆိုရင် ရတယ်၊ ဒါပေမဲ့လို့ ဒီလို ဘာကြောင့် တစ်စိတ်တစ်ပိုင်းကလေးမှာ သိမ်သမုတ်ဖို့ ပြုလုပ်ရသလဲလို့ မေးရင် ဘုန်းကြီးတွေ ဒီရွာထဲမှာ ရှိကြတဲ့ သံဃာအားလုံးက ဝိနည်းတော်ကိုစွ ဆောင်ရွက်မယ်ဆိုရင် တစ်ပြိုင်တည်း အစည်းအဝေးထိုင်ရတယ်၊ အစည်းအဝေး ရက်ကွဲလို့မရဘူး။

ဒါဖြင့် သံဃာများ အစည်းအဝေးထိုင်တယ်ဆိုတာကတော့ တစ်ပါးနှင့်တစ်ပါး နှစ်တောင့်ထွာထက် ပိုပြီးတော့ မဝေးရဘူး။ အဲဒီ နှစ်တောင့်ထွာအတွင်းမှာ ကျအောင် တစ်စုတည်း၊ တစ်ရုံးတည်း စုရုံးပြီးတော့ထိုင်မှပဲ အစည်းအဝေးက အထမြောက်တယ်။

အဲဒီအစည်းအဝေး အထမြောက်ပါမှ အစည်းအဝေးရဲ့ဆုံးဖြတ်ချက်ကလည်း အတည်ဖြစ်တယ်။ ဒါကြောင့် ဒီမှာ သံဃာတွေကလည်းများတော့ အရေးကိစ္စရှိလာရင် ဆောင်ရွက်ဖို့ရာ သံဃာတွေ စုရမယ်။ သံဃာတွေအားလုံးကြွရောက်လာဖို့ရာ အင်မတန် အခက်အခဲဖြစ်တယ်။

အဲဒီလို အခက်အခဲတွေ ရှိနေခြင်းကြောင့် သံဃာအစည်းအဝေး လွယ်ကူပါစေခြင်းအကျိုးငှာ သိမ်ဆိုတဲ့ ဒီအချင်းအရာတစ်ရပ်ကို သမုတ်ရပေတယ်။ အဲဒီလို သမုတ်ထားရင်တော့ တခြားသံဃာ မလာရင်လည်း နေ၊ ဒီသိမ်အတွင်းသို့ ရောက်လာတဲ့ သံဃာများအစည်းအဝေး တစ်ပြိုင်တည်း ဝိနည်းကံအရ အဆုံးအဖြတ်ပေးလိုက်လို့ရှိရင် အထမြောက်သွားတယ်။ အစည်းအဝေး အထမြောက် လွယ်ကူပါစေခြင်းအကျိုးငှာ သိမ်သမုတ်တဲ့ လုပ်ငန်းကိုလည်း ဧကန်မုချ လုပ်ရတယ်။

## စနစ်တကျ ဖြစ်ပါမှ

လုပ်ပြန်တော့ ဒီသိမ်ကို စနစ်တကျ မဖြစ်ရင် ဒီသိမ်ဟာ အများအခေါ်အဝေါ်အားဖြင့် သိမ်လို့သာ ဖြစ်လာမယ်။ တကယ့် ဝိနည်းတော်နဲ့ ညီတဲ့ သိမ်တော့ မဖြစ်လာဘူး။ ဝိနည်းတော်နဲ့ညီတဲ့ သိမ် မဖြစ်လာရင် သိမ်ကို အကြောင်းပြုပြီးတော့ ရဟန်းပြုကြရမှာ ဖြစ်ခြင်းကြောင့် ရဟန်းပြုလိုက်တဲ့ ပုဂ္ဂိုလ်တွေ တစ်ပါးမှ ရဟန်းဖြစ်မှာမဟုတ်ဘူး။

သိမ်မဟုတ်ရင် ရဟန်းမဖြစ်ဘူး။ သိမ်စစ်မှ ရဟန်းအစစ် ဖြစ်မယ်။ သိမ် မစစ်ရင် ရဟန်းအစစ်ဖြစ်မှာ မဟုတ်လို့ သိမ်သမုတ်တဲ့အခါကာလမှာ ဝိနည်းတော်နဲ့ လျော်ညီအောင် ဆောင်ရွက်ပေးတတ်တဲ့ ပညာရှင်ဆရာတော်များ ရှိဖို့လည်းပဲ လိုအပ်လာပါတယ်။

## တစ်ခေတ်က အဖြစ်

ဒါကြောင့် ကျုပ်တို့တစ်ခေတ်တုန်းက အောက်မြန်မာနိုင်ငံမှာ ဘာဖြစ်လာတုန်းဆိုရင် စစ်မက်ကြီးတယ်။ ဘယ်လောက်စစ်မက်ကြီးလည်းလို့ မေးရင် ရာဇဝင် ပြန်ဖတ်ကြည့်ရင် သိမှာပေါ့။ ဟံသာဝတီရှိတဲ့ ဗညားဦးလို့ခေါ်ရတဲ့ ရာဇာဓိရာဇ်တို့ ဟုတ်လား၊ သူတို့ရဲ့အဖေလက်ထက်က စပြီးတော့ မြန်မာတွေနဲ့ ခဏခဏ နှစ်စဉ်နှင့်အမျှ စစ်တိုက်နေကြရတယ်။ အဲဒီလို တစ်ဘက်မှာ တိုက်ပွဲခိုက်ပွဲတွေ များတော့ ပရိယတ္တိ ကျွမ်းကျင်မှု အားထုတ်တဲ့ဆရာတော်များ နည်းပါးလာတယ်။

## ပရိယတ် အဆက်ပြတ်

ဆရာတော်များ နည်းပါးလာတဲ့ အခြင်းအရာက ရုတ်ကနဲတော့ မသိဘူး။ တဖြည်းဖြည်းနဲ့ ကာလကြာတဲ့အခါကျမှ ပရိယတ္တိဘက်မှာ နိုင်ငံအတွက် ရာဇပလ္လင် ဖင်မြဲအောင် တိုက်နေရတာနဲ့ သာသနာတော်ကို ပြန်ပြီးတော့ မကြည့်နိုင်ဘူး။ မကြည့်နိုင်ခြင်းကြောင့် သာသနာမှာ တဖြည်းဖြည်း ဆုတ်ယုတ်ပြီးတော့ ပရိယတ္တိ ကျွမ်းကျင်တဲ့ ကိုယ်တော်တွေ အဲဒီ ရာဇာဓိရာဇ်တို့ လက်ထက်မှာ အဆက်ပြတ်သွားရတယ်။

ကြည့်လိုက်တော့ ရာဇာဓိရာဇ်ဟာ အင်မတန် တန်ခိုးကြီးပါတယ်။ နောက်ထပ်တက်လာတဲ့ သူ့နှမတော် ရှင်စောပု အင်မတန် တန်ခိုးကြီးပါတယ် ဆိုပြီးတော့ ဒီလို ရာဇဝင်အရ တစ်ဖက်ကကြည့်ရင် အင်မတန် ထင်ရှားလာပေမဲ့လို့ သာသနာနဲ့ ပတ်သက်ပြီးတော့ ကြည့်ရင်တော့ အဲဒီ ရာဇာဓိရာဇ်တို့ ရှင်စောပုတို့ရဲ့လက်ထက်မှာ သာသနာဟာ အဆုတ်ယုတ်ဆုံးပဲ၊ အပျက်ပြားဆုံးပဲ။

ဘယ်လောက်ထိအောင် ဆုတ်ယုတ်ပျက်ပြားသွားသလဲဆိုရင် ပရိယတ္တိ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေ မရှိခြင်းကြောင့် သိမ်ကို သိမ်နဲ့တူအောင် သိမ်ဖြစ်လာအောင် သမုတ်ပေးတတ်တဲ့ ပုဂ္ဂိုလ်တွေ မရှိတော့ဘူး။ မရှိခြင်းကြောင့်မို့လို့ ဘယ့်နယ့်ဖြစ်တုန်းဆိုရင် သူတို့လက်ထက်က သမုတ်လိုက်တဲ့ သိမ်တွေအားလုံးဟာ ဝိနည်းတော်နဲ့ လျော်ညီတဲ့သိမ် မဖြစ်တော့ဘူး။

## ရဟန်း မဖြစ်ကြ

ဝိနည်းတော်နဲ့ လျော်ညီတဲ့ သိမ် မဖြစ်ခြင်းကြောင့် ဒီသိမ်မှာ ရဟန်းပြုလာပြီးတော့ ရဟန်းတရားကို အင်မတန်လေးလေးစားစားဖြင့် ကျင့်ကြံအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာလည်းပဲ ရဟန်းမဖြစ်ကြတော့ဘူး။ စိတ်ဓာတ်လည်း အင်မတန်ကောင်းတယ်၊ အကျင့်တရားလည်း အင်မတန်မှ သန့်ပါတယ်။

အဲဒီလို သဒ္ဓါလည်း အားကောင်း၊ အကျင့်လည်း အားကောင်းတဲ့ ပုဂ္ဂိုလ်ကောင်းတွေ ပေါ်ထွန်းလာပါရဲ့သားနဲ့ အရင်းခံဖြစ်တဲ့ သိမ်က သိမ်.မပီသလေသောကြောင့် အဲဒီပုဂ္ဂိုလ်တွေ ရဟန်းအဖြစ်ကို မရောက်လိုက်ရဘူး။

အဲဒီလိုနဲ့ပဲ အဲဒီရှင်စောပုတို့၊ ရာဇာဓိရာဇ်တို့ လက်ထက်က တစ်ဆင့်ပြောင်းပြီးတော့ ရှင်စောပုရဲ့သမက်တော် ဓမ္မစေတီမင်း လက်ထက် ရောက်လာတယ်။ ဓမ္မစေတီမင်း လက်ထက်ရောက်လာတော့ ဓမ္မစေတီမင်းက ရှင်ဘုရင်မဖြစ်ခင်တုန်းက အထက်မြန်မာပြည် အင်းဝမှာ ပညာသင်ဖူးတယ်။ ပညာသင်ရင်းနဲ့ပဲ နောက်ဆုံးပိတ်တော့ သူက ပညာသင်ရဟန်း၊ ရှင်စောပုက မိုးညှင်းမင်းတရားကြီး မိဖုရား။

အဲဒီလို အချိန်အခါမှာ ဒီရှင်စောပုကို အထက်မြန်မာပြည်ကနေ အောက်မြန်မာပြည်ရောက်အောင် သူတို့ ဆောင်ကြဉ်းပြီးတော့ ခေါ်လာခဲ့တယ်။

## သိမ် မရှိတော့

အဲဒီတော့ သူကိုယ်တိုင် စာတတ်ပေတတ် ပရိယတ် ပဋိပတ် ကျွမ်းကျင်တဲ့ ရှင်ဘုရားတစ်ပါး ဖြစ်ခြင်းကြောင့် သူရှင်ဘုရင် ဖြစ်လာတဲ့အခါမှာ သိမ်တွေကို ပြန်ပြီးတော့ လေ့လာလိုက်တော့ ဟံသာဝတီတစ်နိုင်ငံလုံးမှာ ရှိတဲ့ သိမ်တွေဟာဝိနည်းတော်နဲ့ လျော်ညီတဲ့သိမ်တွေ တစ်လုံးမှ မရှိတော့ဘူး။

အဲဒီတော့ ဒီသိမ်တွေ တစ်လုံးမှ မရှိခြင်းကြောင့် ဒီသိမ်မှာ ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်တွေလည်း ရဟန်းအစစ် မဖြစ်ဘူး၊ ပုဂ္ဂိုလ်တွေလည်း ကြည့်လိုက်ရင် သက်တော်ဝါတော် ကြီးလှပြီ၊ ဘယ့်နယ် ဘုရင်သုံးဆက်တောင် ကြာလှပြီပဲ၊ ရာဇာဓိရာဇ်၊ ရှင်စောပု၊ ယခု ဓမ္မစေတီမင်း။

## နစ်နာမှုကြီး

ဒီလောက်တောင်မှ မင်းသုံးဆက် ပြောင်းလာပြီဆိုတော့ ဒီထေရ်ကြီးဝါကြီးတွေဟာ သက်တော်ဝါတော် ကြီးလှပြီ၊ သာသနာလည်း အဆက်ပြတ်ပြီ ကြည့်လိုက်ရင် ဝါဝါဝတ်ပဲ ရှိတယ်။ အနေအထိုင် အကျင့်အကြံလည်း ကောင်းပါတယ်၊ ဒါပေမဲ့လို့ အရင်းခံဖြစ်တဲ့ သိမ်က သိမ် မပီသလေသောကြောင့် ရဟန်းအစစ် မဖြစ်လာဘူးဆိုတဲ့ နစ်နာမှုကြီး တွေ့ရတယ်။

## သိမ် ဆက်ရပုံ

ဒီအချိန်ကျမှ ဘယ့်နှယ်လုပ်ရသလဲဆိုရင် သီဟိုဠ်နိုင်ငံကို လှေနဲ့ သုံးစုသုံးဦး လွှတ်ရတယ်။ ဟိုခေတ်ကတော့ ရွက်လှေနဲ့သွားရတာဖြစ်ခြင်းကြောင့် လမ်းထဲမှာ တစ်စုပျက်ရင်လည်း နောက်တစ်စုက ရောက်ရဲ့ပေါ့လေ။ သုံးစုလုံးရောက်ရင်လည်း ကောင်းရဲ့ဆိုပြီးတော့ သီဟိုဠ်နိုင်ငံမှာ သွားပြန်ပြီးတော့ သာသနာဆက်ယူရတယ်။ အဲဒီလို ဆက်ယူခဲ့ရာက ဒီကလျာဏီသိမ်မှာ ကလျာဏီမြစ်ထဲမှာပဲ ဟုတ်လား၊ ရဟန်းတော်တွေ သွားပြန်ပြီး ရဟန်းပြုခဲ့ရတယ်။ ရဟန်းပြုခဲ့ပြီးတော့ သိမ်အစစ်မှာ ရဟန်းပြုခဲ့ရလို့ ရဟန်းအစစ်တွေ မြန်မာပြည်ပြန်ရောက်၊ ပြန်ရောက်တဲ့အခါကျတော့မှ ကျုပ်တို့ပဲခူးမှာ ကလျာဏီသိမ်ကြီးဆိုတာ အဲဒီသိမ်ကြီးကို သမုတ်တာ။

အဲဒီသိမ်သမုတ်ပြီးတဲ့ နောက်ပိုင်းမှာ ရှိရှိသမျှ ရဟန်းတော်တွေ အားလုံးကို ပြန်ပြီးတော့ လူဝတ်လဲ၊ လူဝတ်ပြန်လာပြီးတော့ တစ်ခါပြန်ပြီးတော့ ရဟန်းခံဖို့လို့ သာသနာတစ်ဆင့် တစ်သက် ဒီလိုလာခဲ့ရတယ်။

ဒါ ဘာကြောင့်များ ရာဇာဓိရာဇ်တို့၊ ရှင်စောပုတို့ လက်ထက်မှာ သာသနာအဆက် ပြတ်သွားသလဲလို့ မေးရင် သိမ်ကို အကြောင်းပြုလို့ပါ။

## သိမ် မဖြစ်ပုံ

သိမ်သမုတ်ဖို့ လုပ်ငန်းမှာ ကျွမ်းကျွမ်းကျင်ကျင် မရှိဘဲနဲ့ စာတတ် ပေတတ် ပရိယတ် မကျွမ်းကျင်ဘဲနဲ့ သိမ်တစ်လုံးဖြစ်အောင် လုပ်နိုင်တဲ့ စွမ်းရည်သတ္တိ မရှိဘဲနဲ့ စွမ်းရည်သတ္တိ ရှိတယ်လို့ အထင်မှားပြီးတော့ သိမ်တစ်လုံးဖြစ်လာအောင် လုပ်လိုက်တဲ့အခါ သိမ်ဖြစ်မလာဘူး။ သိမ်ဖြစ်မလာခြင်းကြောင့် ရဟန်းဖြစ်မလာဘူး။ ရဟန်း ဖြစ်မလာခြင်းကြောင့် သာသနာတော်အဆက်ပြတ်ပြီး ရဟန်းသံဃာဆိုတဲ့ အဆက်အနွယ် ပြတ်သွားတယ်။ ဒီလောက်အထိ နစ်နာမှုတွေ ကြုံတွေ့လာရတယ်ဆိုတဲ့ အချင်းအရာ ရှိတယ်။

## သတ္တိ ဇူတ္တိ ရှိပါမှ

ဒါကြောင့် သိမ်တစ်လုံးဖြစ်လာဖို့ရာ အချင်းအရာတွေသည် ပရိယတ္တိလည်း ကျွမ်းကျင်ပါမှ ပရိယတ္တိ ကျွမ်းကျင်မှုကို "ဇူတ္တိ" လို့ ပြောတာပေါ့။ စွမ်းရည်သတ္တိလည်း ရှိပါမှ၊ တစ်ခါ လုပ်နိုင်ကိုင်နိုင်တဲ့ သတ္တိလည်း ရှိပါမှ၊ အဲဒီလို သတ္တိရော ဇူတ္တိရော နှစ်ခုလုံးပြည့်စုံတဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ဦးဆောင်ပြီးတော့ ပြုရလို့ရှိရင်တော့ ဒီသိမ်ဟာ သာသနာတော်မှာ ဝိနည်းတော်နဲ့ လျော်ညီတဲ့ သိမ်ကောင်းတစ်ခု ဖြစ်လာမယ်။ အောင်အောင်မြင်မြင် သိမ်တစ်ခု ဖြစ်လာမယ်။

## သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

ဒီလို အောင်အောင်မြင်မြင် သိမ်တစ်ခု ဖြစ်လာပြီးတော့မှ ဒီသိမ်မှာ ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေ အဆက်အနွယ် ဖြစ်ပွားလာပြီးတော့မှ ဒီသိမ်မှာ ရဟန်းပြုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပရိယတ္တိ ပဋိပတ္တိ ဒီလိုကျင့်စဉ်နစ်ရပ် သူစွမ်းနိုင်သမျှ ဆောင်ရွက်ပြီး တဖြည်းဖြည်း တိုးတက်လာရင် သာသနာလည်းပဲ သန့်ရှင်းလာမယ်။ မပျက်စီးဘဲနဲ့လည်း တည်တံ့လာမယ်။

နောက်ထပ် တရားဓမ္မ ဟောနိုင်တဲ့ပုဂ္ဂိုလ်တွေ ပေါ်ထွန်းလာရင် သာသနာလည်းပဲပြန့်ပွားလာမယ်၊ အဲဒီလို သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အစရှိတဲ့ ဒီလိုအချင်းအရာတွေ ပြည့်စုံလာရင်လည်း လိုက်နာကျင့်ကြံ အားထုတ်ကြတဲ့ ဒကာ ဒကာမတွေရဲ့ အတွက်လည်းပဲ အင်မတန်ကြီးကျယ်တဲ့ ကောင်းကျိုးချမ်းသာကြီးတွေ ရသွားနိုင်မယ်လို့ အကြောင်းအကျိုး ဆက်နွယ်ပြီးတော့ သွားရမယ်။

ဒီလို အကြောင်းနှင့်အကျိုး ဆက်နွယ်ပြီးတော့ သဘောပေါက်ပါမှ ဒီသိမ်တစ်ခု ဖြစ်လာဖို့ရာ၌ သာသနာအတွက် ဘယ်လောက်အရေးကြီးသလဲ၊ သာသနာအတွက် ဒီသိမ် မရှိရင် သိမ် မအောင်မြင်ရင် ရဟန်းစစ်စစ် မဖြစ်ဘူး၊ ရဟန်းစစ်စစ် မဖြစ်ရင် သာသနာပြတ်မယ်၊

## သာသနာ အသက်ဆက်

ဒါကြောင့် သာသနာ မပြတ်သွားရအောင် ဒီသိမ်ဟာ အင်မတန်အရေးကြီးပါတယ်၊ သာသနာအတွက် အသက်ဆက်ပေးဖို့ရာ ဒီသိမ်ပါပဲ၊ ဒါကြောင့် သာသနာအတွက် အင်မတန် ထူးထူးမြတ်မြတ် အသက်ဆက်ပေးဖို့ရန် မရှိရင် မဖြစ်တဲ့ ဒီသိမ်တော်ကြီးတစ်ခု အောင်မြင်လာရအောင် ဝိုင်းဝန်းကူညီ ပြုစုလိုက်ရတဲ့ ကုသိုလ်ထူးအား အင်မတန်ထူးမြတ်တဲ့ ကုသိုလ်ထူး တစ်ခုလည်း ပြုရပေပြီလို့ ဒီလိုလည်း ဝမ်းသာပေါ့လေ၊

## မဟုတ်တာပြော

နောက်တော့ ကျုပ်တို့မြန်မာတွေက မဟုတ်တာ တွေးတတ်တာ ရှိသေးတယ်၊ ဘယ်နှယ်ဖြစ်တုန်းဆိုရင် သိမ်ဒကာဆိုရင် ငယ်ငယ်မလုပ်ရဘူးတဲ့၊ အသက်ကြီးမှ လုပ်ရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုရင် သိမ်ဆိုတာ သေလုနီး အဘိုးကြီးတွေ၊ အဘွားကြီးတွေ အလုပ်လို့ ဒီလိုသတ်မှတ်ထားတာ မဟုတ်လား၊

သိမ်ဒကာ လုပ်ပြီးလို့ရှိရင် မကြာခင်မှာ ကွယ်လွန်အနိစ္စရောက်တတ်တယ်၊ သေတတ်တယ်လို့လဲ အလွယ်တွေးတာ ကြည့်ပါ၊ သိမ်ဆိုတဲ့ လုပ်ငန်းက ဘယ်လောက်ထိအောင် ကြီးကျယ်လဲလို့ မေးရင် သာသနာတော်ကို အသက်ဆက်ပေးတာ၊

ဒီသိမ်သာ မရှိဘူး၊ မအောင်မြင်ဘူး ဆိုရင် သာသနာ အဆက်ပြတ်သွားမယ်၊ အင်မတန် မွန်မြတ်တဲ့ သာသနာတော်ကြီး အဆက်မပြတ်ရအောင် တံတားသဖွယ် ကူးဆက်ပေးလိုက်တဲ့ အချင်းအရာက ဒီသိမ်ပါ၊

## ကြောင်းကျိုးမစပ်

ဒါကြောင့် အင်မတန်ထူးမြတ်တဲ့ သာသနာတော်ကြီး မပြတ်မစဲဘဲနဲ့ သာသနာတော် အသက်ရှည်သွားအောင် ဆက်ပေးရမယ့် ဒီသိမ်ကြီးကို လှူဒါန်းလိုက်ရတဲ့ ပုဂ္ဂိုလ်တွေ အသက်တိုမယ် ဆိုတာတော့ အကြောင်းနှင့်အကျိုး ဘယ်လိုမှ စပ်လို့ မရဘူး၊

ဒါပေမဲ့ ကျုပ်တို့လူတွေက အကြောင်းနှင့်အကျိုး စပ်လို့မရတဲ့ အလုပ်အပြော အဲဒါကိုပဲ တသောသောနဲ့ နေတာပဲ ဟုတ်လား၊ အဲဒါကိုပဲ အားသန်နေကြတာပဲ၊ ပြီးတော့ ရှိသေးတယ်ဗျာ၊ စကားစပ်တုန်း ပြောလိုက်မယ် တစ်ခါတည်း ဟုတ်လား၊

## သေတတ်သတဲ့

သုသာန်ဇရပ်များ ပြင်လို့ရှိရင်လည်း သေတတ်သတဲ့၊ ဝ္ဂ.ကျလိုက်တာ၊ သုသာန်ဇရပ်ကို ရောက်လာရင် အဲဒီဇရပ်ကို ရောက်လာတဲ့ပုဂ္ဂိုလ်တွေ ဘာလုပ်လဲ၊ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းတယ်၊ အသုဘကမ္မဋ္ဌာန်း စီးဖြန်းတယ်၊ အဲဒီလို သုသာန်ဇရပ် ရောက်လာတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း သီလခံယူပြီးတော့မရဏာနုဿတိ ကမ္မဋ္ဌာန်းတို့ အသုဘကမ္မဋ္ဌာန်းတို့ ဒီလို စီးဖြန်းတဲ့ ဇရပ်ကြီး ပျက်စီးနေလို့ ဒီဇရပ်ကို သွားပြီးတော့ ပြုပြင်ပေးရင် အသက်တိုမယ်ဆိုတာ အကြောင်းအကျိုးလည်း ဆက်စပ်လို့ မမိပါဘူး ဟုတ်လား၊

## ဖျက်ဆီးတဲ့လုပ်ငန်း

ကောင်းအောင်လုပ်တာကိုပဲ လူတွေက ဒါ မကောင်းအောင်ဆိုပြီးတော့ ဒီလို မကောင်းတဲ့စကား ဝေါဟာရတွေဖြင့် ဒီလို ပျက်စီးအောင် ဖျက်ဆီးတဲ့လုပ်ငန်းလေးတွေ ရှိတယ်။

အဲဒါကြောင့် ခုနပြောပြီးပြီကော၊ သိမ်တစ်ခုဖြစ်လာဖို့ရာအတွက်က ဒီသိမ်ရှိမှ ရဟန်းအစစ်ဆိုတာဖြစ်လာနိုင်တယ်။ ရဟန်းအစစ် များပြားလာပါမှ သံဃာထုဆိုတာ ဖြစ်လာနိုင်တယ်။ ဒီသံဃာထု ရှိလာပါမှ မြတ်ဗုဒ္ဓရဲ့ ဟောကြားခဲ့တဲ့ သာသနာတော်ကြီး မပျက်မစီး သန့်သန့်ရှင်းရှင်း တည်တံ့ပြီးတော့ ဒီအထဲက ထွန်းပေါက်လာတဲ့ အခု ခင်ဗျားတို့ ကိုးကွယ်ဆည်းကပ်ရတဲ့ ဆရာတော် ဦးပညာဇောတ တို့လို ဒီလိုဟောပြည့်ဆုံးပြတတ်တဲ့ ဆရာတော်ကောင်းတစ်ပါး ပေါ်ထွန်းလာခဲ့တယ်ဆိုရင် ဒီ ဆရာတော်ရဲ့တရားတော်ကို နာကြားရလို့ အများဒကာ ဒကာမတွေအားလုံး သာသနာတော်ရဲ့အကြောင်းအရာ၊ မြတ်ဗုဒ္ဓရဲ့ အရသာ ဖြစ်တယ်မဟုတ်လား။ အင်မတန် ထူးမြတ်လှတဲ့ ဝိမုတ္တိရသ လို့ ပြောရတဲ့ အရသာမျိုး။ အဲဒီလို အရသာကောင်းထိအောင် ခံစားနိုင်ဖို့ရာအတွက် ဒီလို သိမ်မှ မရှိရင် ဘယ်က ရဟန်းဖြစ်မလဲ၊ သိမ်ရှိလို့သာ ရဟန်းဖြစ်တယ်။

## သဘာဝကျ

ရဟန်းတွေ စုပေါင်းလို့ သံဃာဆိုတာ ဖြစ်တယ်။ အဲဒီသံဃာ အစုအပေါင်းထဲကမှ ထူးချွန်တဲ့ပုဂ္ဂိုလ်တွေ ပေါ်ထွန်းလာခဲ့တဲ့ အခါကာလမှာ ဒကာ ဒကာမတွေအတွက်လည်းပဲ အများကြီး ကောင်းကျိုးချမ်းသာတွေ ဖြစ်ပွားနိုင်တယ်ဆိုတဲ့ ဒီလိုအခြင်းအရာက သဘာဝကျတယ်၊ မျက်မြင်ကိုယ်တွေ့လည်း ဟုတ်တယ်။

အဲဒီလို သဘာဝလည်း မကျ၊ မျက်မြင်ကိုယ်တွေ့လည်း ဟုတ်တဲ့ အင်မတန်ထူးမြတ်တဲ့ သိမ်သမုတ် ပူဇော်ပွဲကြီး ယနေ့တော့ အောင်အောင်မြင်မြင်ဖြင့် ဟုတ်လား။ ပြီးဆုံးတဲ့ အခြင်းအရာကြုံရလို့ တို့ အင်မတန်ထူးမြတ်တဲ့ ကုသိုလ်ကောင်းမှုကြီးကို ကံကောင်းထောက်မလို့ ကြုံလိုက်ရပြီလို့ ဒီလို ဝမ်းမြောက်ဝမ်းသာ နှလုံးသွင်းနိုင်ကြပါစေ။

## ပြုချင်တိုင်း ပြုခွင့်မရ

ဘာဖြစ်လို့လည်းဆိုရင် ကုသိုလ်ကောင်းမှု ပြုတယ်ဆိုတာ ကိုယ်ပြုချင်တိုင်း ပြုခွင့်ရမယ်လို့ မထင်နဲ့။ အခါအခွင့်သင့်လာမှ ကုသိုလ်ကောင်းမှုဆိုတာ ပြုခွင့်ရလာပါတယ်။ ပြုချင်တဲ့အခါတိုင်းမှာ ကုသိုလ်ကောင်းမှု ပြုခွင့်မရပါဘူး။

ကျုပ်တို့ ရှေးရှေးတုန်းက ထင်ပါတယ်။ ကုသိုလ်ကောင်းမှုဆိုတာ ဘယ်အချိန်ထ,လုပ်လုပ် ရတာပေါ့လို့ ထင်တာ။ မဟုတ်ဘူးဗျာ၊ သူ့အကြောင်းနဲ့သူ တိုက်ဆိုင်လာတဲ့အခါကျမှ ပြုလုပ်လို့ရတာ။

ဆိုပါတော့၊ သာသနာအတွက် အင်မတန်ထူးမြတ်တဲ့ သိမ်သမုတ် ပူဇော်ပွဲကြီး နောင်တစ်ခါ ကျင်းပချင်ပါသေးတယ် ဆိုရင် လွယ်ပါ့မလား။ ဖြစ်နိုင်ပါ့မလား။ ဒါ စဉ်းစား။

ဒါကြောင့် သာသနာမှာ သိမ်သမုတ်ပူဇော်ပွဲ ကြုံတွေ့လာဖို့ရာဆိုတဲ့ဥစ္စာ အင်မတန် ခဲခဲယဉ်းယဉ်း ရှိပါတယ်။

ရှေးတုန်းက သံဃာတော်များ စုရုံးပြီးတော့ သိမ်သမုတ်ပူဇော်ပွဲ ကျင်းပလိုက်မယ်ဆိုရင် ဘယ်သူကမှ တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်း ဘာမှမရှိပြီးသွားတယ်။

## မလွယ်ကူ

အခုခေတ်ကျတော့ မရဘူးဗျ။ သူ့ခေတ်နဲ့ သူ့အချိန်အခါ ရွာသီးခြားရဖို့၊ တခြားရွာတွေနဲ့ မရောဘဲနဲ့ အခုလို သိမ်မြေသက်သက်ဆိုပါတော့ဗျာ သိမ်ဂရန်လို့ ပြောလိုက်ပါတော့၊ အဲဒါ ရရှိဖို့ အခြင်းအရာကပဲ သိပ်ပြီးတော့ လွယ်လွယ်ကူကူ မဟုတ်

ဘူး။ အလွန်ခဲယဉ်းသလားလို့ မေးရင် မလုပ်တတ်တော့လည်း ခဲယဉ်းတာပေါ့လေ။ လုပ်တတ်တော့လည်း သိပ်ခဲခဲယဉ်းယဉ်း မဟုတ်ပါဘူး။

အဲဒီလို အခြင်းအရာ ပြုလုပ်တဲ့ အချိန်ကာလကစပြီးတော့ အချိန်စောင့်ရမယ်၊ နေ့ရက် စောင့်ရမယ်၊ ဟုတ်လား၊ ကိုယ်ပြုချင်တဲ့ အချိန်တိုင်းမှာ ပြုလို့မရပါဘူး။

## ကံကောင်းလို့ ကြုံရ

ဒါကြောင့် အင်မတန် ကံကောင်း၊ ထောက်မလို့ တစ်သက်နဲ့တစ်ကိုယ် အင်မတန်ကံကောင်း ထောက်မလို့ သာသနာတော်ကြီး အဆက်မပြတ် တည်မြဲသွားနိုင်ဖို့ရာ ဒီသိမ်သမုတ်ပူဇော်ပွဲ အခြင်းအရာကို ကံကောင်းထောက်မလို့ ကြုံနေရတုန်း ပြုလိုက်ရတဲ့ ကုသိုလ်ထူးက အင်မတန် ထူးမြတ်တဲ့ ကုသိုလ်ထူးတစ်ရပ်။

ပြုချင်တိုင်းပြုလို့ရတဲ့ ကုသိုလ်ထူးမျိုး မဟုတ်ဘူး။ ခဲခဲကတ်ကတ် တစ်သက်မှတစ်ခါ ဆိုသလိုကြုံရတွေ့ရတဲ့ကုသိုလ်ထူးတစ်ရပ်ကို အင်မတန် ကံကောင်းထောက်မလို့ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့ ကြုံရခြင်းကြောင့်မို့လို့ တို့ ဒီလို ကြုံရ၊ တွေ့ရ အားထုတ်ပြုလုပ်ရပြီလို့ ဒကာ ဒကာမများအားလုံး ဝမ်းမြောက်ဝမ်းသာ နှလုံးသွင်းပြီးတော့ ကိုင်း မိမိတို့ ပြုထားတဲ့ ကုသိုလ်ကောင်းမှုအတွက် ဆုတောင်းလိုက်ကြ အမျှဝေလိုက်ကြရင် ကောင်းမယ်။

## နှလုံးသွင်း

ပြုထားတဲ့ ကုသိုလ်ပဲ ပြုပြုပေါ့၊ ပြုထားတဲ့ ကုသိုလ်ကောင်းမှုကို ကျုပ်တို့ ဘယ်လို နှလုံးသွင်းရမလဲလို့ မေးရင် သီလနဲ့ ပတ်သက်တဲ့ အခြင်းအရာ ရှိပါတယ်။

တိုက်ရိုက်ကတော့ သီလနဲ့ပတ်သက်တဲ့ အခြင်းအရာမှာ -

"အခဏ္ဍာ၊ အစ္ဆိဒ္ဒါ၊ အသဗလာ၊ အကမ္မာသ" ဒီလို လာတယ်။ မြန်မာလို ပြောရင် "မကျိုးရ၊ မပေါက်ရ၊ မပြောက်ကျားရ" လို့ ဒါတော့ အများသိပဲ။

ဒါဖြင့် အဲဒီလောက် မကျိုးမပေါက် မပြောက်ကျားရင် သီလအတွက် လုံလောက်ပြီလား၊ မေးတော့ နောက်က စကားတစ်ရပ် လာတယ်။ အနိန္ဒိတ လို့ လာတယ်။ အဲဒီ အနိန္ဒိတကိုပဲ တစ်ခါ စကားအကျယ်ပြောလိုက်တော့ "ဘုဇိဿ ဝိညူပသတ္ထ" လို့ နှစ်ခွန်းပြောတယ်။

"အနိန္ဒိတ" လို့ တစ်ခွန်းတည်းပြောတာနဲ့ "ဘုဇိဿ ဝိညူပသတ္ထ" လို့ နှစ်ခွန်းပြောတာနဲ့ အတူတူပါပဲ။ အကျဉ်းနဲ့ အကျယ်ပဲ ကွဲတယ်။ အနိန္ဒိတက ပညာရှိတို့ ဘုရားအစရှိတဲ့ အရိယာပညာရှင်များ မကဲ့ရဲ့တဲ့ ကုသိုလ်မျိုး သီလမျိုး ဖြစ်စေရမယ် လို့ ပြောတယ်။

## အင်္ဂါနှစ်ပါး

ဒါဖြင့် ဒီလိုမကဲ့ရဲ့တဲ့ သီလမျိုးဆိုတာ ဘယ်လိုသီလမျိုးလဲလို့ မေးရင် ဘုဇိဿ = တဏှာကျွန်အဖြစ်က လွတ်စေရမယ်။ ဝိညူပသတ္ထ = ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ ချီးမွမ်းတဲ့ ကုသိုလ်မျိုး ဖြစ်ရမယ်လို့ ဒီလို အင်္ဂါနှစ်ချက်လာတယ်။

ဒါဖြင့် "ဘုဇိဿ = တဏှာကျွန်အဖြစ်မှ လွတ်ရသည်" ဆိုသည်မှာ ဘာပြောလိုတာလဲဆိုတော့ ကုသိုလ်ကောင်းမှု ပြုပြီးပြီ၊ ဒီကုသိုလ်ကောင်းမှုကြောင့် လူ့ဘဝချမ်းသာမျိုး၊ နတ်ဘဝချမ်းသာမျိုး ဒီလိုချမ်းသာမျိုးကို လိုလားတောင့်တပြီးတော့ တဏှာပြုလုပ်ရင် ကျွန်အဖြစ်က မလွတ်သေးဘူး။ တဏှာအစွဲလေး ပါနေသေးတယ်။

ဒါကြောင့် လူချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့ ဒီလိုချမ်းသာမျိုးကို တောင့်တမှု မပြုရင် "ဘုဇိဿ = တဏှာကျွန်အဖြစ်က လွတ်တယ်" လို့ ပြောရမယ်။

ဒါဖြင့် ဘုဇိဿတဏှာကျွန်အဖြစ်က လွတ်ရင် လုံလောက်ပြီလားလို့ မေးရင် နောက်စကားတစ်ခွန်း ဆက်လာတယ်၊ ဝိညူပသတ္ထ = ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတွေက ချီးမွမ်းတဲ့ ကုသိုလ်မျိုး ဖြစ်ရမယ်။

ဒါဖြင့် တဏှာကျွန်အဖြစ်က လွတ်ရင်ပဲ၊ ဘုဇိဿတဏှာကျွန်အဖြစ်က လွတ်ရင်ပဲ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ ချီးမွမ်းတဲ့ ကုသိုလ်မျိုး မဖြစ်သေးဘူးလားလို့ မေးရင် မဖြစ်သေးလို့ နောက်စကားတစ်ခွန်း ဆက်လာတာပေါ့။

## ဆုတောင်း ဆုယူ

ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ ချီးမွမ်းတဲ့ ကုသိုလ်မျိုးဖြစ်အောင် ဘယ်လိုနောက်ဆက်လုပ်ရဦးမလဲလို့ မေးရင် ဆင်းရဲဒုက္ခအားလုံး ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရလိုပါ၏လို့ ဒီလိုဆုတောင်း ဆုယူမှုပြုခြင်းသည်ပင်လျှင် ဒီလိုပြုလိုက်တဲ့ ကုသိုလ်သည်ပင်လျှင် "ဝိညူပသတ္ထ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ ချီးမွမ်းတဲ့ ကုသိုလ်မျိုးဖြစ်မယ်"

## တားမြစ်ခွင့်ပြု

ဒါဖြင့် တားမြစ်ချက်ကတစ်ရပ်၊ ခွင့်ပြုချက်ကတစ်ရပ် ဒီနှစ်ရပ်ရှိတယ်။ တားမြစ်ချက်က လူချမ်းသာ၊ နတ်ချမ်းသာတွေကို မတောင့်တပါနဲ့။ တောင့်တရမယ့်လုပ်ငန်းက နိဗ္ဗာန်ချမ်းသာကို လိုလားတောင့်တပြီးတော့ ပြုရမယ်။ ဒီအင်္ဂါနှစ်ချက်နဲ့ ညီပါမှပဲ ဘုဇိဿ ဝိညူပသတ္ထလို့ အဓိပ္ပာယ် အကျယ်ပြောပြတယ်။ အကျဉ်းချုပ်ပြောပြရင်တော့ "အနိန္ဒိတ ပညာရှင်တို့ ကဲ့ရဲ့မခံရဘဲ ကုသိုလ်မျိုးကို ဒီလို သီလနဲ့ ပတ်သက်ပြီးတော့ ဟောခဲ့တဲ့ အခြင်းအရာ ရှိပါတယ်။

## ဒါနမှာလည်း လိုအပ်

အဲဒီသီလနဲ့ ပတ်သက်ပြီးတော့ ဟောခဲ့တဲ့ အခြင်းအရာကို ဒါနပြုတဲ့အခါမှာလည်း သီလဆောက်တည်စဉ်အခါ ကာလတုန်းက ပြောခဲ့တဲ့ အခြင်းအရာမျိုးကို ဒါနပြုတဲ့အခါမှာလည်း ထည့်သွင်းပြီးတော့ ပြုလုပ်ရမယ် ဒီအတိုင်းပဲ နှလုံးသွင်းသွားရမယ်။

ဒါကြောင့် ဒါနပြုတဲ့အခါမှာလည်းပဲ "ဘုဇိဿ ဝိညူပသတ္ထ" ဒီအင်္ဂါနှစ်ရပ်နဲ့ ညီညွတ်ရအောင် လူချမ်းသာ နတ်ချမ်းသာတွေကို တောင့်တမှုမပြုရဘူး၊ နိဗ္ဗာန်ကို လိုလားတောင့်တမှု ပြုရမယ်၊ ဒီအင်္ဂါနှစ်ချက်နဲ့ ညီအောင် ဆောင်ရွက်သွားရင်တော့ ဒါ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ ချီးမွမ်းတဲ့ ကုသိုလ်မျိုးလည်းဖြစ်မယ်၊ ဒကာ ဒကာမတွေအတွက်လည်း အင်မတန် ကြီးကျယ်တဲ့ ကောင်းကျိုးချမ်းသာရမယ်။

## အကောင်းဆုံး လုပ်ငန်း

ဒါကြောင့် ပညာရှင်တွေ ကဲ့ရဲ့မခံရခြင်း၊ ကဲ့ရဲ့မှု ပြုလုပ်ခြင်းကို မခံရလျှင်နေပါစေ မိမိကို ကောင်းကျိုးချမ်းသာ ကြီးမားဖို့က ပဓာန၊ ဒီလိုဖြစ်ခြင်းကြောင့် မိမိတို့အတွက် ကုသိုလ်ကောင်းမှု ပြုပြီးတိုင်းမှာ "နိဗ္ဗာန်ချမ်းသာကို ရလိုပါ၏" လို့ အဲဒီလို လိုလားမှု ဆုတောင်းတစ်ခု ပြုပြီးတော့ ဆုတောင်းခြင်း အမျှပေးဝေခြင်းလုပ်ငန်းကို လုပ်ရင်တော့ ဒါအကောင်းဆုံးလုပ်ငန်း ဖြစ်ပါတယ်ဟုတ်လား"

## ဆုတောင်းမှုကို အရင်ပြု

"ဒါကြောင့် ဒီကရှိတဲ့ ဒကာ ဒကာမတွေအားလုံးပဲ မိမိတို့ အင်မတန် ကုသိုလ်ကံထူးလို့ တစ်သက်မှာ တစ်ကြိမ်လောက် ခဲခဲကတ်ကတ် ကြုံတွေ့လိုက်ရတဲ့ သာသနာတော်အသက် သန့်သန့်ရှင်းရှင်းဖြင့် ဆက်လက်ရှင်နိုင်ပါစေခြင်းအကျိုးငှာ သိမ်သမုတ် ပူဇော်ပွဲပြုလုပ်ခြင်းကြောင့် ရထားတဲ့ ကုသိုလ်ကောင်းမှု အစုစုတို့သည် မိမိတို့ကိုယ်တိုင်ကပင်လျှင် ဆင်းရဲအားလုံးငြိမ်းပြတ် ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို တန်းတန်းမတ်မတ်ဖြင့် ရောက်ရပါလို၏လို့ ဆုတောင်းမှုကို အရင်ပြု၊

## အမျှဝေ နောက်ဆက်ပြု

"ပြီးတော့မှ မိမိတို့လို ကုသိုလ်ကောင်းမှုပြုခွင့် မကြုံကြသေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးအတွက်လည်းပဲ အမျှအတန်း ပေးဝေမှုကို နောက်ဆက်တွဲပြုခြင်းဖြင့် သိမ်အောင်ပွဲ သိမ်သမုတ်ပူဇော်ပွဲကြီး အောင်မြင်ပြီးဆုံးကြောင်း အထိမ်းအမှတ် နောက်ဆုံးပိတ် သာဓုကျယ်ကျယ်ခေါ်ပြီး ကိုင်း ... အပြီးသတ်လိုက်ကြရအောင် အားလုံးပေါ့ အားလုံး လိုက်ဆိုကြနော်..."

"ဟင် တရားကလည်း နာကောင်းတုန်းရှိသေးတယ် ဆုံးသွားပြီဘုရား"

"ဆုံးသွားတာ အရေးမကြီးပါဘူး၊ သိမ်ဒကာဟာ သေတယ်ဆိုတာ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား၊ ဒီစကားဟာ အတော်ကို ယုတ္တိမတန်တဲ့ စကားပါပဲဘုရား"

"အင်း ... အဲဒီ ယုတ္တိမတန်တဲ့ စကားမျိုးဟာ တွင်ကျယ်တတ်တယ်၊ ယုတ္တိတန်တဲ့ စကားမျိုးက မတွင်ကျယ်ဘူး"

"မှန်ပါဘုရား"

"ကဲ ... ဒကာကြီး ရှင်းရင်လည်း ပြီးရောပေါ့"

"မှန်ပါဘုရား"

- ✦ လောကထဲမှာ အမှားဟာ လွန်စွာ တွင်ကျယ်သည်၊
- ✦ အမှားကိုပဲ အများလည်း စွဲမြဲယုံတတ်သည်၊
- ✦ အမှန်ပေါ်မှာ ယုံကြည်တာ လွန်စွာ ပေါ့ကြသည်၊
- ✦ အမှန်ပေါ်ပေါ့ ယုံကြည်ပျော့ ကျိုးလျော့နည်းတော့သည်၊
- ✦ အကျိုးကိုကား ကြီးလို့လား များများလိုချင်သည်၊
- ✦ သို့ပါသော်လည်း အကျိုးနည်း ရမြဲဖြစ်တော့သည်၊

# ကုသိုလ်ကောင်းမှု အတူတူမပြုရပါ၊ နောင်ဘဝတွင် အတူတူဖြစ်နိုင်ပါသလားဘုရား

(၁၇၅)

ရှင်တော်ဗုဒ္ဓသည် မင်္ဂလာအစိုင်အခဲကြီး မင်္ဂလာအတုံးအခဲကြီး ဖြစ်တော်မူရာ အတုမဲ့ဗုဒ္ဓဖြစ်တော်မူ၏။ ရှေးရှေးသော ဘဝအထူးတို့က ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီပေါင်းစုံ ကုသိုလ်တော်အဟုန်တို့ကြောင့်ဖြစ်တဲ့ သီလသမာဓိ ပညာတော်ဖြင့် တစ်လောကလုံးကို လွှမ်းကျော်သိမ်းကျုံး၍ အံ့မဆုံးအောင် နေ့ရောညဉ့်ပါ အခါမရွေး အချိန်မရွေး တင့်တယ်တော်မူပါပေ၏။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတော်မူပါပေ၏။

"ကျက်သရေမင်္ဂလာ အရှိဆုံးဖြစ်တဲ့ ရှင်တော်ဗုဒ္ဓ တည်ထောင်ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီးနှင့် တိုက်ဆိုင်ကြုံကြိုက်ကြဖို့ရာ လွန်စွာမှ ခဲယဉ်းလှကြောင်းကို စာရှုသူတို့ တစ်ကြိမ်မက အကြိမ်ကြိမ် ကြားခဲ့ဖူးကြပါပြီ။ ယင်းကို မိမိ မပြောလိုတော့ပါ။

ယင်းသို့ တွေ့ခဲ့ကြုံခဲ ဆုံခဲရတို့ ရှင်တော်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို ယခုလို ကိုယ်တိုင် ဒိဋ္ဌကောင်းထောက်မလို့ တွေ့ကြုံနေကြရတဲ့ အချိန်အခါမှာ လောကရေးရာတွေနှင့်သာ အချိန်တွေ ကုန်မယ်ဆိုရင် အဖိုးတန်ရတနာတွေကို တွေ့မြင်နေရသော်လည်း ထိုရတနာတွေကို အသုံးမချတတ်တဲ့ တောသားသမင်တွေလို ဖြစ်နေကြပါမယ်။

သာသနာတော်မြတ်ကြီးနှင့် တွေ့ကျိုးမနပ်ကြပါ။ အခါကောင်းသင့်၊ အခွင့်ကောင်းကြုံလာတဲ့ဘဝတွက်တာ နစ်နာကြီး နစ်နာကြပါလိမ့်မယ်။

ရှင်တော်ဗုဒ္ဓ ပွင့်တော်မူခိုက်နှင့် ယခုလို မိမိတို့ လူဖြစ်ခိုက် သာသနာတော်ကို မှီခိုကြည်ညိုရတဲ့ အခွင့်ကောင်းအခါကောင်းကြီးကို မလွဲချော်ဖို့ရာ အရေးကြီးပါတယ်။

သို့ဖြစ်၍ ယခုလို ကြုံတောင့်ကြုံခဲဖြစ်တဲ့ ရှင်တော်ဗုဒ္ဓတည်းဟူသော နေမင်း လမင်းကြီး ပေါ်ထွန်းထွက်ပြူလာတဲ့ သာသနာတွင်းအချိန်အခါမှာ အကန်းအန္ဓပုထုဇဉ်ဘဝမှ လွတ်မြောက်၍ အသိဉာဏ်ကြွယ်ဝတဲ့ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ဖို့ရန် ရုပ်နာမ် တရားတွေကို ပိုင်းခြားသိဖို့ အရေးကြီးပါသည်။

အဘယ်ကြောင့်ဆိုသော် သာသနာပ အချိန်အခါကာလမှာ ရုပ်နာမ်တို့၏သဘာဝကို သိဖို့ရာ မဆိုထားပါနှင့်၊ ရုပ်နာမ်ဆိုတဲ့အသံကိုမျှ မကြားရ၊ မကြားနိုင်ပါ၊ မျက်စိနှစ်ကွင်း အလင်းဘယ်လိုပင် ရပါသော်လည်း မျက်စိကောင်းပါသော်လည်း ရုပ်နာမ်ကို မသိသူကို အကန်း၊ အန္ဓပုထုဇဉ်လို့ ခေါ်ဆိုရပါတယ်၊

ရုပ်နာမ်ပရမတ်ကို သိမြင်သည့် ဉာဏ်ပညာမျက်စိ အမြင်ရှိသူမှသာ ကလျာဏပုထုဇဉ် ဖြစ်ပါတယ်၊

ရုပ်၊ နာမ်၊ ခန္ဓာ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတွေကို နာကြားခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ ရှုပွားအားထုတ်ခြင်းပြုမှသာလျှင် ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ပြီး မိမိတို့ တောင့်တနေကြတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို စောစီး ရရှိကြပါလိမ့်မည်၊

ယင်းသို့ မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးနှင့် ပတ်သက်၍ပင် ဆန္ဒအမျိုးမျိုး ရှိပါသည်၊ အဘယ်သို့ အမျိုးမျိုးရှိကြသနည်း၊

၁၊ ယခုတစ်ဘဝတည်းနှင့် အပြီးရချင်သူ၊

၂၊ နောင်ဘဝတစ်ခုခုမှ ရချင်သူ၊

၃၊ နောင်တစ်ဆူဆူသော ဘုရားရှင်ထံ ဘွဲ့ထူးနှင့်ရချင်သူ၊

၄၊ နှစ်ယောက်အတူတူ ဘဝတိုင်း ဆုံဆည်းပြီး ပါရမီဆည်းပူးကာ ရချင်သူ၊

၅၊ ဘုရားအဖြစ်နှင့် ရချင်သူ

စသည်ဖြင့် လောကကြီးသည် အမျိုးမျိုးသော၊ အလိုဆန္ဒရှိသော လောကကြီးဖြစ်သည့်အလျောက် အမျိုးမျိုးသော အလိုဆန္ဒရှိနေသည်ကို အဘယ်သူတစ်ဦးတစ်ယောက်က တားမြစ်ကန့်ကွက်ပိတ်ပင်နိုင်ပါအံ့နည်း၊ မတားမြစ်၊ မကန့်ကွက်၊ မပိတ်ပင်နိုင်ပါ၊ ဖြစ်လိုရာ ဖြစ်နိုင်ပါသည်၊

ယင်းသို့ဖြစ်လိုရာဖြစ်နိုင်သော လောကအတွင်း ကျင်လည်နေသော မိမိသည်ဖြစ်လိုဖြစ်ချင်သူတွေနှင့် တွေ့ကြုံရဆုံရ၏၊ ယင်းအမေးပုစ္ဆာပြဿနာများ ပေါ်လာပါသည်၊

တစ်ချိန်သော ဆောင်းဦးကာလက ဖြစ်ခဲ့၏၊ မိမိသည် ဓမ္မဒေသနာခရီး လှည့်စဉ်မြို့ကြီးတစ်မြို့၌ ဆယ်ရက်စခန်း တရားပြနေချိန် ဖြစ်ခဲ့၏၊ အားလပ်ချိန်တွင် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ရောက်လာသည်၊ ရိုသေစွာ ရှိခိုးဦးချကာ ရင်းနှီးစွာ လျှောက်ထားသည်၊

"တပည့်တော်တို့ဟာ အရှင်ဘုရားကို မဖူးဘူးသော်လည်း အရှင်ဘုရား စာပေတွေ ဖတ်နေတဲ့ စာဖတ်ပရိသတ်ဖြစ်၍ အရှင်ဘုရားနှင့် ရင်းနှီးပြီးသား ဖြစ်နေပါပြီဘုရား"

"ယခုလည်း အရှင်ဘုရားနှင့် ကြုံကြိုက်တုန်း တပည့်တော်တို့ သိချင်တဲ့ ပြဿနာကလေးတွေကို တရင်းတနှီးပဲ မေးမြန်းချင်ပါတယ်ဘုရား၊ မေးမြန်းခွင့်ပြုတော်မူပါဘုရား"

- "အင်း ...၊ သိရင်လည်း ဖြေရတာပေါ့၊ ဘုန်းကြီးရဲ့စာပေတွေဖတ်ပြီး ဘုန်းကြီးကို သိပ်ပြီး အထင်ကြီးကာ များများကြီးလည်း မမေးနဲ့ဦးနော်၊ အကုန်သိတဲ့ဘုရား မဖြစ်သေးပါဘူး"

"မှန်ပါ ...၊ တပည့်တော်တို့မေးမယ့် ပြဿနာကလေးတွေတော့ အရှင်ဘုရား သိနိုင်ပါတယ် ဘုရား"

"ကဲ ... မေးစမ်းပါဦး၊ သိရင်လည်း ဖြေရတာပေါ့"

"တပည့်တော်တို့ နှစ်ယောက်အကြောင်း မေးချင်လို့ပါဘုရား၊ တပည့်တော်တို့ နှစ်ယောက်ဟာ ဇနီးမောင်နှံ မဟုတ်ပါဘုရား"

"ပြော ... ဒီလိုလား၊ ဒါဖြင့် ဘာတွေလဲ"

"ဘာလို့ပြောရမှာကို ခက်ပါတယ်ဘုရား ...၊ ဒီဘဝမှာ တပည့်တော်တို့နှစ်ယောက်ဟာ အတူတူနေရမယ့်အခြေအနေလည်း မရှိပါဘူးဘုရား၊ အတူတူလည်း နေချင်ပါတယ်။ နေဖို့ရာလည်း သဘောတူကြပါတယ်။ ဒါပေမဲ့ - မဖြစ်နိုင်ပါဘုရား"

"အင်း .... ပြဿနာက ခက်ခက်ပါလား၊ ဘာလဲ ဘုန်းကြီးက အတူတူနေရအောင် ဓာတ်ရိုက်ပေးရဦးမလား"

"ဒီလိုလည်း မဟုတ်ပါဘုရား"

"ကဲ ... ဒါဖြင့် ဘယ်လိုလဲ၊ ဆက်ပြောစမ်းပါဦး"

"အရှင်ဘုရား ...၊ ရင်းရင်းနှီးနှီးပဲ လျှောက်ပါရစေဘုရား"

"အင်းပါ ... လျှောက်ပါ"

"တပည့်တော်တို့ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပါတယ် ဘုရား၊ ဒီဘဝကနေစပြီး ဘဝတိုင်း အတူနေရပြီး ပါရမီ ကုသိုလ်တွေပြုပြီး နိဗ္ဗာန်ရချင်ပါတယ်ဘုရား"

"ရချင်ရင် ရအောင်လုပ်ပေါ့ ရနိုင်တာပဲဟာ"

"ဒီဘဝအတွက် အခက်တွေ့နေရပါတယ်ဘုရား၊ တပည့်တော်တို့နှစ်ယောက်က ဒီဘဝမှာတော့ ဘယ်လိုမှ အတူတူမနေရဘဲနှင့် ကုသိုလ်လည်း အတူတူမပြုရဘဲနှင့် နောက်နောင်ဘဝတွေမှာ အတူတူဆုံဆည်းပြီး အတူတူနေရကာ ကုသိုလ်တွေ အတူတူပြုကာ နိဗ္ဗာန်အတူ ရနိုင်ပါသလားဘုရား"

"အင်း ... ပြဿနာက ဆန်းဆန်းပါလား၊ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်ပါလား"

"အမိန့်ရှိပါဘုရား"

"ဒီဘဝမှာတော့ အတူတူမနေရဘူး၊ အတူတူ ကုသိုလ်မပြုရဘူးပေါ့"

"မှန်ပါဘုရား"

"ဒါဖြင့် ကိုယ့်ကုသိုလ် ကိုယ်ပြုပြီး ဒီကုသိုလ်ကြောင့် နောင်နောင်ဘဝတွေမှာ အတူတူနေရပြီး အတူတူကုသိုလ်ပြုကာ နိဗ္ဗာန်ရောက်ရပါလို၏လို့ ဒီလိုဆုတောင်းခွင့်ကော ရရဲ့လား"

"အဲဒါတော့ ရပါတယ်ဘုရား၊ အဲဒီအတွက် မေးတာပါဘုရား၊ တပည့်တော်တို့ ကုသိုလ်ပြုတိုင်းပြုတိုင်း နောက်နောက်ဘဝတွင် အတူတူဆုံဆည်းပြီး အတူနေရကာ အတူကုသိုလ်ပြုကာ နိဗ္ဗာန်အရောက်သွားရပါလို၏လို့ ဒါမျိုးဆုတွေတော့ အမြဲပဲ တောင်းပါတယ်ဘုရား"

"ဒါဖြင့် ဖြစ်နိုင်ပါတယ်"

"တပည့်တော်တို့က အတူတူလက်တွဲပြီး ကုသိုလ်မပြုဘဲ ကိုယ့်ကုသိုလ် ကိုယ်ပြုပြီး ကိုယ်တောင်းချင်တဲ့ ဆုတောင်းမှု အသီးသီးပြုကာ ကိုယ့်လမ်းပေါ် ကိုယ်လျှောက်ရုံနှင့် ဒီကောင်းမှု ဒီဆုတောင်းတွေကြောင့် နောင်အခါမှာ တပည့်တော်တို့ နှစ်ယောက် မဆုံးဆည်းမှာ စိုးရိမ်နေလို့ပါဘုရား"

"မဆုံတော့လည်း လေကြုံစီးပေါ့လေ၊ ဖြစ်ရာဘဝမှာ ဖြစ်သလို ကုသိုလ်ပြုပြီး နိဗ္ဗာန်ရောက်ဖို့ပဲ ပဓာန မဟုတ်လား"

"ပဓာနကတော့ နိဗ္ဗာန်ရောက်ဖို့ပါဘုရား၊ နိဗ္ဗာန်မရောက်မီမှာ အတူတူတွဲပြီး ကုသိုလ်ပွဲနွှဲကာ နိဗ္ဗာန်လည်း အတူပဲဝင်ချင်တဲ့ဆန္ဒပါဘုရား"

## တူမျှသော အသက်မွေး

"အင်း ... ဒကာတို့နှစ်ယောက်က ဟိုဘုရားရှင်လက်ထက်က နကုလရဲ့ အဖေနဲ့ အမေလို ဖြစ်နေပြီး သူတို့လျှောက်ထားချက်နဲ့ တစ်ထပ်တည်းပဲ"

"အမိန့်ရှိပါဘုရား၊ ဒီလိုဆို တပည့်တော်တို့ရဲ့ လျှောက်ထားချက်ဟာ မျှော်လင့်ချက်ရှိတာပေါ့ဘုရား"

"ရှိပါတယ် ရှိပါတယ်၊ မပူပါနှင့် ပြောပြပါမယ်၊ အခါတစ်ပါးကပေါ့၊ ဘုန်းကြီးတို့ ဘုရားရှင်ဟာ ဘဂ္ဂတိုင်းသု သုမာရဂိရမြို့ရဲ့ အနီးဝယ် သားငှက်တို့ကို မသတ်ရ၊ မဖြတ်ရ၊ မညှဉ်းဆဲရလို့ ဘေးမဲ့ပေးထားတဲ့ "ဘေသကဠ" အမည်ရတဲ့ တောအုပ်၌ သီတင်းသုံးနေတော်မူတယ်"

"အဲဒီမှာ သီတင်းသုံးတော်မူတဲ့အခါ တစ်နေ့သောအခါ ရှင်တော်ဗုဒ္ဓဟာ အဲဒီနကုလရဲ့ အဖေနဲ့ အမေအိမ်သို့ ကြွတော်မူပါတယ်"

"ဆွမ်းစားကြွတော်မူတာလားဘုရား"

"အင်းပေါ့၊ ဘုရားရှင်က အလည်အပတ် သဘောမျိုးနဲ့ အချိန်ကို အသုံးမပြုပါဘူး။ ဆွမ်းစားကြွတာပေါ့။ အဲဒီမှာ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ နကုလရဲ့အဖေက ဘုရားရှင်ကို ဤစကားကို လျှောက်ထားပါတယ်"

"မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ငယ်ရွယ်စဉ်ကပင် နကုလရဲ့အမေကို ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍ စိတ်မျှဖြင့်လည်း နကုလရဲ့အမေကို လွန်၍ ကျင့်မိတယ်လို့ တပည့်တော် မသိစဘူးပါဘုရား၊ ကိုယ်ဖြင့်မူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်းပါဘုရား"

"မြတ်စွာဘုရား၊ တပည့်တော်တို့နှစ်ယောက်ဟာ ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါတယ်ဘုရား၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါတယ်ဘုရား"

လို့ လျှောက်ထားတယ်၊ ဒကာတို့ လျှောက်ထားချက်နဲ့ အတူတူပါပဲကွာ၊ ဒကာတို့ ဒကာမတို့မှာ ဒကာကပဲ လျှောက်ထားတယ်။ ဟိုက ဒကာမကလည်း လျှောက်ထားတယ်၊ ဒကာမရဲ့လျှောက်ထားချက်လည်း နားထောင်ကြည့်ပါဦး။

"နကုလရဲ့အမေက ဘုရားရှင်အား မြတ်စွာဘုရား နကုလရဲ့အဖေဟာ ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူဖြစ်တဲ့ တပည့်တော်မကို ထိမ်းမြားခဲ့ပါတယ်ဘုရား။ ထိမ်းမြားခဲ့သည့်အချိန်မှစ၍ တပည့်တော်မဟာ စိတ်မျှဖြင့်လည်း နကုလရဲ့အဖေကို လွန်၍ ကျင့်မိတယ်လို့ တပည့်တော် မသိစဖူးပါဘုရား၊ ကိုယ်ဖြင့်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

"မြတ်စွာဘုရား၊ တပည့်တော်တို့နှစ်ယောက်သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါတယ်၊ နောင်တမလွန်ဘဝတွင်လည်း အချင်းချင်း ရှုမြင်လိုကြပါတယ်"

လို့ လျှောက်ထားတယ်၊ ကဲ - ဘယ်လိုလဲ ဒကာကပဲ လျှောက်ထားမှာလား၊ ဒကာမကကော ဘယ်လိုလဲ၊ နကုလရဲ့အမေလို လျှောက်ထားဦးမလား။

"မှန်ပါ၊ တပည့်တော်လည်း အတူတူပါပဲဘုရား"

"အေး ... အတူဖြစ်ချင်ကဖြစ်တယ်၊ ဖြစ်တဲ့အကြောင်းကို ဘုရားရှင်က သူတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံးနဲ့ စကားအဆုံးမှာ ဒီစကားကို မိန့်ကြားပါတယ်။

"ဒကာတို့ လင်မယားနှစ်ဦးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကုန်ကြရန်၊ တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန်၊ အကယ်၍ အလိုရှိကုန်အံ့ နှစ်ဦးလုံးတို့သည် -

၁။ တူမျှသော သဒ္ဓါတရားရှိကြရမည်၊

၂။ တူမျှသော သီလတရားရှိကြရမည်၊

၃။ တူမျှသော စွန့်ကြဲမှုစာဂတရား ရှိကြရမည်၊

၄။ တူမျှသော အသိပညာတရား ရှိကြရမည်၊

အဲဒီလေးမျိုး တူညီမျှသည်ရှိသော် အဲဒီလင်မယားနှစ်ဦးတို့ဟာ ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရမယ်၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရမယ်လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။

## မတူမျှတာ ဒီလိုပါ

"အရှင်ဘုရား ဟိုက ဇနီးမောင်နှံပါ။ တပည့်တော်တို့က ဘာမှမဟုတ်သေးပါ။ တစ်ယောက်နှင့်တစ်ယောက် ယခုဘဝမှာလည်း အတူနေချင်ပါတယ်။ ဒီလိုပါဘုရား"

"ကဲ ... ကဲ ပြောပြပါ၊ ဒကာတို့နှစ်ယောက်ဟာ တစ်ယောက်နှင့်တစ်ယောက် ယခုလို ရှုမြင်ခုံဆည်းလိုတဲ့ အလိုဆန္ဒမရှိရင် ဘုန်းကြီးဆီမှာ လာပြီးတော့ ဆုံဆည်းနိုင်မလား"

"မဆုံဆည်းနိုင်ပါ ဘုရား"

"နောင်ဘဝမှာလည်း ဆုံဆည်းချင်တဲ့ အလိုဆန္ဒ မရှိရင် ဆုံဆည်းနိုင်ပါ့မလား"

"မဆုံဆည်းနိုင်ပါ ဘုရား"

"ဒါဖြင့် ကုသိုလ်ကောင်းမှု အတူတူပြုတာက ပဓာနလား ဆုံဆည်းချင်တဲ့ အလိုဆန္ဒက ပဓာနလား"

"တပည့်တော်က ဆုံဆည်းချင်တဲ့အလိုဆန္ဒရှိပေမဲ့ ယခုဘဝမှာလည်း ကုသိုလ်အတူတူမပြုရရင် မဆုံဆည်းနိုင်ဘူးလို့ ယူဆပါတယ်ဘုရား"

"ဒီလို မဟုတ်ပါဘူး၊ ဒကာက ဒကာကြံ့သလို ကုသိုလ်လုပ်၊ ဒကာမကလည်း ဒကာမ ကြံ့သလို ကုသိုလ်လုပ်ပေါ့၊ နှစ်ဦးသဘောတူ ကုသိုလ်လုပ်တိုင်း နောင်ဘဝမှာ ဆုံဆည်းပြီး ကုသိုလ်အတူပြုကာ နိဗ္ဗာန်ရပါလို၏လို့ ဆုတောင်းကုသိုလ်ပြုရင် ဆုံဆည်းနိုင်ပါတယ်။ အတူဖြစ်နိုင်ပါတယ်။ နိဗ္ဗာန် အတူရနိုင်ပါတယ်"

## မတူကမဖြစ်

"ခုနက ဘုရားရှင်ရဲ့မိန့်ကြားချက်ကို ဒကာပြန်ပြီး သတိထားကြည့်ပါ။ ယခုဘဝ တူတူရှုမြင်ရေး၊ နောင်ဘဝ အတူတူရှုမြင်နိုင်ရေးအတွက် ကုသိုလ်အတူတွဲပြီး ပြုရမယ်လို့ မဆိုလိုပါဘူး"

"ဘယ်လို ဆိုပါသလဲဘုရား"

"ဒကာတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် သဒ္ဓါချင်း၊ ဒါနချင်း၊ သီလချင်း၊ ပညာချင်း တူမျှရမယ်လို့ ဆိုလိုတာပါ။ အဲဒီလို တူမျှပြီး အတူဖြစ်ချင်တဲ့ အလိုဆန္ဒထည့်လိုက်ရင် အတူဖြစ်ကရောပေါ့"

"ယခုဘဝ၌ အတူတူနေရပါပြီတဲ့၊ သဒ္ဓါ၊ဒါန၊ သီလ၊ ပညာချင်းလည်း တူပါတယ်။ ကုသိုလ်လည်း အတူတူပြုပါတယ်၊ ဒါပေမဲ့ ဒီကုသိုလ်ကြောင့် အတူတူမဖြစ်ချင်ဘူးဆိုရင်လည်း အတူတူမဖြစ်ပါဘူး"

ဒကာတို့နှစ်ယောက်ဟာ တစ်ကွဲစီနေကြရတယ်။ သဒ္ဓါ၊ ဒါန၊ သီလ ပညာချင်းတူကြတယ်။ ကုသိုလ်အသီးသီး ပြုကြတယ်။ ဒါပေမဲ့ အတူဖြစ်ချင်တဲ့ဆန္ဒနဲ့ ဆုတောင်းမှုကတော့ အတူတူဖြစ်ရေးပဲ၊ ဆုတောင်းပတ္ထနာပြုရင် အတူတူဖြစ်ပါတယ်။

## လမ်းခွဲရင်

"မှန်ပါ၊ အဲဒီအတွက်တော့ ရှင်းပါပြီဘုရား၊ နောက်ထပ်မေးပါရစေဦး၊ ဘုရား တပည့်တော်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ယခုဘဝမှာလည်း အတူတူဖြစ်ရေး၊ နောက်ဘဝမှာလည်း အတူတူဖြစ်ရေးအတွက် ကုသိုလ်အသီးသီး ပြုပြီး ဆုတောင်းနေကြပါတယ်ဘုရား။ ဘုရားမှာတော့ အတူသွားပြီး သစ္စာမဆိုရသေးပါဘူး။ အဲဒီလို ဘုရားမှာ သစ္စာမဆိုသေးဘဲနဲ့တော့ အတူတူဖြစ်နိုင်ပါသလားဘုရား"

"ဖြစ်နိုင်ပါတယ်။ အမှန်က ဘုရားမှာ သစ္စာဆိုတာ မဟုတ်ပါ။ ဆုတောင်းတာပါပဲ။ ဘုရားရှိခိုးရေချမ်းကပ် စသည်ဖြင့် ကုသိုလ်လုပ်ပြီး အတူတူဆုတောင်းတာပါပဲ။ သစ္စာဆိုတာဟာ ဒီမှန်ကန်စွာဆိုရတဲ့ သစ္စာစကားကြောင့် ဘယ်လိုဖြစ်ပါစေ ဆိုမှ သစ္စာပါ"

"ဘုရားမှာ အတူတူ ကုသိုလ်ပြုတယ်ဆိုပေမဲ့ ကိုယ့်ကုသိုလ် ကိုယ်ပြုပြီး သဘောတူ ဒီလိုဆုတောင်းကြစို့ဆိုပြီး ဆုတောင်းကြတာပဲ မဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ်ဘုရား"

"အေး ... ဒီသဘောပေါ့။ ဒီဘဝမှာ အတူတူတွဲပြီး ကုသိုလ်ပြုခွင့်မရပေမဲ့ တစ်ကွဲစီ ပြုပြီး သဘောတူ ဒီဆုပဲ တောင်းပြီး နောင်အခါ ဆုံဆည်းကြရအောင်ဆိုရင် ဆုံဆည်းပါတယ်"

"မှန်ပါဘုရား၊ ဒါလည်း ရှင်းပါပြီဘုရား၊ တကယ်လို့ တပည့်တော်တို့နှစ်ယောက်ဟာ ပုထုဇဉ်သဘာဝအလျောက် စိတ်ထားတွေ ပြောင်းလဲပြီး ဒီဆုတောင်းကို ဖျက်ကာ တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲထွက်ရင် တစ်ယောက်အပေါ် တစ်ယောက် သစ္စာဖောက်ရာကျပါသလားဘုရား၊ အပြစ်လည်း ခံရပါသလားဘုရား"

"သစ္စာဖောက်ရာ မကျပါ၊ အပြစ်လည်း မခံရပါ။ ဘာဖြစ်လို့လဲဆိုတော့ မည်သည့်အချိန်အခါမှာမဆို သောကြာဂြိုဟ်ဟာ မိမိသွားမြဲလမ်းမှ တိမ်းစောင်းပြောင်းလဲခြင်း မရှိ တည့်မတ်စွာ ဖြောင့်တန်းစွာသာ သွားသည့်အတူ သစ္စာဆိုတာ ဖြောင့်မှန်စွာ ပြောဆိုတာကို ခေါ်ပါတယ်"

"ဒီတော့ အတူဖြစ်ချင်တုန်းကလည်း အမှန်အတိုင်းပဲ အတူဖြစ်ချင်တဲ့ ဆုတောင်းတဲ့အတွက် သစ္စာပါပဲ အတူမဖြစ်ချင်၊ လမ်းခွဲထွက်ချင်တော့လည်း အမှန်အတိုင်းပဲ အတူမဖြစ်ချင်လို့ လမ်းခွဲထွက်ချင်တာလည်း သစ္စာပါပဲ"

"မဖြစ်ချင်ဘဲနဲ့ ဖြစ်ချင်တယ်၊ ဖြစ်ချင်ပါလျက်နဲ့ မဖြစ်ချင်ဘူးလို့ အလွဲပြောရင် သစ္စာဖောက်တယ်လို့ ခေါ်ပါတယ်" အတူတူဖြစ်ချင်ပါတယ်ဆိုပြီးမှ စိတ်က တစ်မျိုးပြောင်းတာ အတူမဖြစ်ချင်ပါဘူးဆိုတာ သစ္စာဖောက်တာ မဟုတ်ပါ။ သစ္စာစကားရှိပါပဲ"

"အပြစ်လည်း မခံရပါ။ အပြစ်ခံရတယ်ဆိုတာ အကုသိုလ်ပြုမှ သစ္စာပျက်မှ အကုသိုလ်ခံရတာပါ။ ယခု မိမိ မဖြစ်ချင်လို့ မဖြစ်အောင် လမ်းခွဲတာ အကုသိုလ်မဟုတ်လို့ အပြစ်မဖြစ်ပါ။ အပြစ်မခံရပါ"

## အရင်လိုစိတ်ထား

"မှန်ပါ၊ ဒီပြဿနာလည်း ရှင်းပါပြီဘုရား၊ နောက်ထပ် မေးပါရစေဦးဘုရား၊ ဒီလို ဆုတောင်းတွေ ဖျက်ချလိုက်ရင် တစ်ဦးပေါ်တစ်ဦး အရင်လိုစိတ်မျိုး ထားနိုင်ပါဦးမလားဘုရား"

"အဲဒါတော့ ဘုန်းကြီးမမေးပါနဲ့။ အသီးသီး ကိုယ့်စိတ်ကိုယ် ပြန်မေးပါ။ အဖြေပေါ်လာပါလိမ့်မယ်"

"တပည့်တော်တို့ အဖြေမပေါ်ခင် အရှင်ဘုရား အလိုကျ ပြောပြစမ်းပါဘုရား၊ တပည့်တော်တို့ အဖြေနဲ့ တိုက်ကြည့်ရတာပေါ့ဘုရား"

"ဘုန်းကြီးအလိုကျ ဖြေရရင်တော့ အရင်လိုစိတ်မျိုး မထားနိုင်တော့ဘူးလို့ပဲ ဖြေမှာပဲ"

"ဘာဖြစ်လို့လဲဘုရား"

"စဉ်းစားကြည့်လေ၊ ဆုတောင်းစဉ်တုန်းက အတူဖြစ်ချင်တဲ့ဆန္ဒနဲ့ တောင်းတယ်၊ ဖြစ်အောင်လည်း ကြိုးစားတယ်။ ခုတော့ တစ်ဦးပေါ်တစ်ဦး စိတ်မရောက်တော့ဘူး။ ဒီဘဝမှာလည်း မဆုံတော့ဘူး။ နောင်ဘဝမှာလည်း ဆုံဖို့ရာ ဘယ်မှာဖြစ်နိုင်တော့မှာလဲ"

## ဖြစ်ချင်လိုက ဖြစ်ကြရ

"အရှင်ဘုရား၊ ဒီပြဿနာဟာ တပည့်တော်တို့အဖြေနဲ့ တူပါတယ်ဘုရား၊ သဘောလည်း ကျပါတယ်ဘုရား၊ ရှေ့တစ်ခု မေးပါရစေဦးဘုရား၊ တပည့်တော်တို့ အတူတူ ကုသိုလ်မပြုရဘဲနဲ့ အတူတူဖြစ်ချင်တဲ့ အလိုဆန္ဒနဲ့ ကုသိုလ်အသီးသီးပြုပြီး ဆုတောင်းရုံနှင့် ဖြစ်နိုင်တဲ့ သာဓကကို ပြနိုင်ပါသလားဘုရား"

"ပြနိုင်ပါတယ်၊ ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် အခါကပေါ့။ သာဝတ္ထိပြည်မှာ ပတိပူဇိကာ အမည်ရတဲ့ အမျိုးသမီးကလေးတစ်ယောက် ရှိပါတယ်။

သူဟာ ဒီဘဝမရောက်မီ နောက်ဘဝက တာဝတိံသာနတ်ပြည်မှာ "မာလာဘာရီအမည်ရတဲ့ နတ်သားရဲ့ဇနီး နတ်သမီးတစ်ယောက်ပါ။ မာလာဘာရီနတ်သားဟာ နတ်သမီးတစ်ထောင် ခြံရံပြီး ဥယျာဉ်ထွက်ခဲ့ပါတယ်"

နတ်သားတစ်ယောက်ကို နတ်သမီးတစ်ထောင်ဆိုတော့ နတ်သမီးတွေက နတ်သားအလိုကျ ဖြေဖျော်ရတော့ပေါ့။ ဥယျာဉ်ရောက်တော့ နတ်သမီးငါးရာက နတ်ပန်းပင်ပေါ်တက်ပြီး ပန်းပွင့်ခူးချတယ်။

"နတ်သမီးငါးရာက အပေါ်က နတ်သမီးငါးရာ ခူးချတဲ့ပန်းပွင့်တွေ ကောက်ယူပြီး မာလာဘာရီနတ်သားကို တန်ဆာဆင်ပေးနေကြတယ်"

"အပေါ်က ပန်းခူးချပေးနေတဲ့ နတ်သမီးငါးရာထဲက နတ်သမီးတစ်ယောက်ဟာ ပန်းခူးရင်း အဲဒီပန်းပင်ပေါ်မှာ စုတေသေလွန်ခဲ့ပါတယ်။ သေခြင်းတရားဟာ ကြောက်စရာမကောင်းဘူးလား။ ဒကာတို့က တွဲဖို့သာ မျှော်နေကြတာ။ ခွဲဖို့တော့ မတွေးဘူးနဲ့တူတယ်"

"မှန်ပါ၊ မတွေးပါ ဘုရား"

"အေး - တွေးဦး - တွေးဦး၊ ဒီအတိုင်းနေလို့ မဖြစ်ပါဘူး။ ကဲ - ထားပါတော့ ခုနက သေသွားတဲ့နတ်သမီးဟာ သာဝတ္ထိပြည်မှာ လာပြီးတော့ အမျိုးသမီးပဲ ဖြစ်ပါတယ်"

"မွေးဖွားတဲ့အချိန်အခါ သူ့ရဲ့နောက်ဘဝကို ပြန်ပြီးအောက်မေ့ အမှတ်ရနိုင်တဲ့ "ဇာတိဿရဉာဏ်" ရတဲ့အတွက် ငါသည် တာဝတိံသာနတ်ပြည်က မာလာဘာရီနတ်သားရဲ့ဇနီး နတ်သမီးဖြစ်ခဲ့တယ်လို့ ပြန်လည်သိမြင်ပါတယ်"

"အဲဒီအမျိုးသမီးဟာ သိတတ်တဲ့အချိန်အခါကစပြီးတော့ ပန်းနံ့သာ ဆီမီးရေချမ်းဆွမ်းစတဲ့ ကုသိုလ်အမှုတွေ ပြုတိုင်းပြုတိုင်း လင်ယောကျ်ားဖြစ်ခဲ့ဖူးတဲ့ မာလာဘာရီနတ်သားထံမှာ နတ်မိဖုရားဖြစ်ရေးကို ဆုတောင်းပါတယ်"

"နောက် အရွယ်ရောက်တဲ့အခါ အိမ်ထောင်ကျပါတယ်။ အိမ်ထောင်ကျတဲ့အခါမှာလည်း အလှူဒါန ပြုတိုင်းပြုတိုင်း ဘုရားတပည့်တော်၏ ဤကောင်းမှုကုသိုလ်ကံသည် ဘုရားတပည့်တော်၏ လင်ယောကျ်ားဖြစ်သော မာလာဘာရီနတ်သား၏ အထံ၌ ဖြစ်ခြင်းအကျိုးငှာ အထောက်အပံ့ ဖြစ်ပါစေသတည်းလို့ အမြဲပဲ ဆုတောင်းပြီး ကုသိုလ်ပြုပါတယ်"

"အဲဒီလိုပြုပြီး ဆုတောင်းဖန်များတဲ့အခါမှာ ရဟန်းတော်တွေက ဒီအမျိုးသမီးဟာ ကုသိုလ်ပြုတိုင်းပြုတိုင်း လင်ယောက်ျားကိုသာလျှင် တောင့်တတယ်၊ အဲဒါကြောင့် သူ့ကို "ပတိပူဇိကာ" လို့ ခေါ်ကြပါတယ်၊ ပတိပူဇိကာဆိုတာ လင်ကို ပူဇော်သူလို့ အဓိပ္ပာယ်ရှိပါတယ်"

"အဲဒီပတိပူဇိကာဟာ ကုသိုလ်ရေးကို ဝါသနာပါတယ်၊ ကုသိုလ်မျိုးစုံအောင်ပြုလုပ်ပါတယ်၊ အဲဒီလို သူ့မှာ သားသမီး လေးယောက် ရှိပါတယ်"

"တစ်နေ့မှာ အဲဒီ ပတိပူဇိကာဟာ အလှူဒါနပြု၊ ပူဇော်မှုပြု၊ တရားနာ သီလဆောက်တည်ပြီး နေကုန်တဲ့အချိန်မှာ ရုတ်တရက်ဖြစ်လာတဲ့ ရောဂါတစ်ခုကြောင့ သေလွန်ပါတယ်၊ သေလွန်တဲ့အခါ သူကုသိုလ်ပြုပြီး ဆုတောင်းတဲ့အတိုင်း သူ့ယောက်ျား မာလာဘာရီနတ်သားထံမှာ နတ်မိဖုရားပဲ ပြန်ဖြစ်ပါတယ်"

"အဲဒီအချိန်မှာ ဟိုက နတ်သမီးတွေဟာ မာလာဘာရီနတ်သားကို ပန်းဥယျာဉ်ထဲမှာ တန်ဆာဆင်ဆဲပဲဖြစ်ပါတယ်၊ ပတိပူဇိကာ နတ်သမီးကိုတွေ့တော့ နတ်သားက -

"သင် စောစောက ဘယ်သွားနေတာလဲ မမြင်ပါလား" တဲ့၊

"နတ်သားက မေးတယ်၊ နတ်သားက နတ်သမီး သေပြီး လူ့ပြည်ရောက် အိမ်ထောင်ကျသားသမီး လေးယောက်ရ ရောဂါနဲ့သေပြီး နတ်ပြည်ပြန်ရောက်မှန်း မသိဘူး"

"မသိလို့မေးတော့ နတ်သမီးက သူ့အကြောင်းစုံကို အကုန်ရှင်းပြပါတယ်၊ ဒီတော့ နတ်သားက သူတို့သက်တမ်းဟာ ဘယ်လောက်ရှည်သလဲလို့ မေးတဲ့အခါ တစ်ရာရှိပါတယ်လို့ ပြောတယ်"

"အဲဒီနတ်သားက ဒီလောက်ပဲ ရှည်သလားလို့ မေးပြန်တော့ ဒီလောက်ပဲ ရှည်ပါတယ်လို့ ပြန်ဖြေတယ်"

"အဲဒီလောက် တိုတောင်းတဲ့ အသက်တမ်းမျှကို ရတဲ့လူတွေဟာ မေ့လျော့ပေါ့ဆပြီး အပျော်အပါး အအိပ်အစား မှုတွေနဲ့ပဲ အချိန်ကုန်ခံသလား၊ အချိန်ဖြုန်းသလား၊ သို့မဟုတ် အလှူဒါန အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေနဲ့ အချိန်ကုန်ခံသလားလို့ မေးပါတယ်"

"အဲဒီလို မေးတဲ့အခါ နတ်သမီးက အရှင်နတ်သား ဘယ်လိုများ ပြောလိုက်ပါသလဲ၊ လူတွေဟာ အသက်တစ်ရာကလေးနေရတာကို အသက်အသချေမျှ နေရသကဲ့သို့ မအိုမနာ မသေရသူတို့ကဲ့သို့ အမြဲတမ်းပဲ မေ့လျော့နေကြပါတယ်လို့ ပြောပြပါတယ်"

"အဲဒီလိုပြောတော့ မာလာဘာရီနတ်သားအား ကြီးစွာသော ထိတ်လန့်မှုသံဝေဂတရားဖြစ်ပွားပြီး အင်း ... အသက်တစ်ရာမျှ နေရတဲ့လူတွေဟာ မေ့လျော့ပေါ့ဆပြီး အအိပ်အစား အပျော်အပါးတွေနဲ့ အချိန်ကုန်၍ နေကြကုန်သတဲ့၊ တို့ဟာ ဘယ်သောအခါများမှ ဒီဆင်းရဲဒုက္ခတွေက လွတ်မြောက်နိုင်ပါတော့အံ့နည်းလို့ ညည်းတွားပါတယ်၊

လူတွေရဲ့ အသက်တစ်ရာမှာ တာဝတိံသာနတ်တို့မှာ တစ်နေ့နှင့် တစ်ညဥ့်ပဲရှိတာကိုး၊ ဒါကြောင့် အသက်တိုတယ်လို့ ပြောတာပေါ့၊ ဒကာတို့လည်း ကိုယ့်အသက်ကို အသချေထင်ပြီး ဆုတောင်းတွေဖျက်ပြီး တစ်ယောက်နဲ့တစ်ယောက် မေ့ချင်ပြီလား"

"မဟုတ်ပါဘုရား၊ အရှင်ဘုရား ဒီသာဓကကို ပြလိုက်တော့ ကုသိုလ်ပြုပြီး ဆုတောင်းရင် အတူဖြစ်နိုင်တယ်ဆိုတာ ယုံကြည်သွားပါပြီဘုရား"

"အေး ... အဲဒီကုသိုလ်ပြုပြီး ဆုတောင်းတာ နတ်သားမပါပါဘူး၊ တစ်ယောက်တည်း ကုသိုလ်ပြုပြီး ဆုတောင်းတာပါ၊ ဒကာတို့နှစ်ယောက်စလုံး တိုင်ပင်ပြီး ကုသိုလ်ပြုပြီး ဆုတောင်းရင် ဖြစ်နိုင်တာပေါ့၊ ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"အရှင်ဘုရား၊ ဒါပေမဲ့ - တပည့်တော်တို့ မာလာဘာရီနတ်သားလို သံဝေဂတရားဖြစ်သွားပါတယ်ဘုရား၊ ဒီဘဝမှာပဲ အပြတ်တရားအားထုတ်ချင်စိတ် ပေါက်လာပါတယ် ဘုရား"

"အားထုတ်ချင်ရင် အားထုတ်ပေါ့။ အလိုဆန္ဒရှိရင် ဖြစ်နိုင်ပါတယ်"

"အရှင်ဘုရား တကယ်အားထုတ်ရင် တကယ်ရဟန္တာဖြစ်နိုင်ပါသေးသလားဘုရား"

"ဖြစ်နိုင်ပါတယ်၊ ဘုရားရှင်ဟောထားခဲ့တဲ့ စကား ရှိပါတယ်၊ "ဟို ... သုတ်မဟာဝါပါဠိတော်မှာလေ သုဘဒ္ဒ ဤရဟန်းတွေ ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် ဖွဲသန်သန်နဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြဦးမယ်ဆိုရင် ဒီလောကမှာ ရဟန္တာ မဆိတ်သုဉ်းသေးပါဘူးတဲ့။ ဘုရားရှင် ဟောခဲ့ပါတယ်"

"အရှင်ဘုရား၊ တရားပြတာ ဘယ်လောက်ရှိပြီလဲဘုရား"

"၁၅ - နှစ်လောက် ရှိပါပြီ"

"အဲဒီ အရှင်ဘုရား တရားပြတဲ့ ၁၅ - နှစ်အတွင်းမှာ တစ်မဂ်တစ်ဖိုလ် ရသူ ယောဂီဘယ်နှဦးရှိပါသလဲဘုရား၊ အထူးသဖြင့် ရဟန္တာဖြစ်သွားသူ ဘယ်နှဦးရှိပါသလဲဘုရား"

"အဲဒါတော့ ဘုန်းကြီး မသိပါဘူး။ ဘုန်းကြီးတို့က (၁၀)ရက်စခန်းလောက်ပဲ တရားပြပေးနိုင်တာ။ နောက်ပိုင်း ဘယ်လိုအားထုတ်လို့ ဘယ်လိုဖြစ်တယ်ဆိုတာ ဘယ်ပြောနိုင်မလဲ"

"ယောဂီစာရင်းတွေ၊ အသင်းဝင်တွေ၊ အဖွဲ့ဝင်တွေ မလုပ်ထားဘူးလား"

"မလုပ်ထားပါဘူး"

"ဒကာတို့ စဉ်းစားပါ၊ တရားအားထုတ်တာဟာ အသင်းအဖွဲ့ကလွတ်အောင် အားထုတ်တာလား၊ အသင်းအဖွဲ့ဖွဲ့ပြီး သံသရာနယ်ချဲ့အောင် အားထုတ်တာလား"

"တပည့်တော် သဘောပေါက်ပါပြီဘုရား"

"သဘောပေါက်ရင်လည်း တော်လောက်ပြီထင်တယ်။ အချိန်မရှိတော့ဘူး"

"တပည့်တော်ကို ခွင့်ပြုပါဘုရား"

✦ ဆုတောင်းပြီးကာ လမ်းခွဲတာ၊ သစ္စာဖောက်ရာ မကျပါ။

✦ သစ္စာမဖောက် ပြစ်မရောက်၊ လွတ်မြောက်ပါယ်လေးရွာ။

✦ တကယ်ပိုင်ပိုင် ကျင့်ကြံနိုင်၊ ဖြစ်နိုင်ရဟန္တာ။

✦ ဖျက်ပစ်ပြီးကာ အရင်လိုသာ၊ စိတ်ဟာမထားနိုင်ပါ။

✦ ကိုယ့်ကုသိုလ်ပြု ဆုချွေပြု၊ တောင်းဆုပြည့်နိုင်တာ။

✦ မဂ်ဖိုလ်ရသူ ဦးရေမူ ရှာယူမသိပါ။

📖

# လူများဝိနည်းတရားကို လေ့လာသင့်ပါသလား

(၁၇၆)

## သာသနာတော်

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ဤလောကကြီးအလယ်၌ တင့်တယ်ထင်ရှားစွာ ပေါ်ပေါက်တည်နေသည့်အတွက် လူနတ်ပြဟ္မာ သတ္တဝါအများတို့၏ မျက်မှောက်ချမ်းသာ၊ တမလွန်ချမ်းသာ အဖြာဖြာတို့ကို ရရှိသဖြင့် အကျိုးများစွာ ဖြစ်ပါပေသည်။ ယင်းသာသနာတော်၏ နောက်ခံကိုကား ပြန်ပြောင်းကြည့်ပါလျှင် ဗုဒ္ဓ.မဖြစ်မီ အလောင်းတော်ဘဝက ပါရမီဆယ်ပါး၊ အပြား သုံးဆယ်တို့ကို ကျင့်ရပုံ၊ စွန့်ခြင်းကြီးငါးပါး စွန့်ရပုံ၊ လောကအကျိုး ကျင့်ခြင်း စသော စရိယသုံးပါး ကျင့်ရပုံများကို ပြန်လည်စဉ်းစားသောအခါ ဘုရားအလောင်းတော်၏ ဆင်းရဲများမှာ ထင်ရှားပါ၏။

ယင်းသို့ ဆင်းရဲများစွာကို ခံတော်မူ၍ ကျင့်ကြံကာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ကိုယ်တော်၏ ချမ်းသာကို ကောင်းမွန်စွာ ခံစားနေနိုင်ပါလျက် နေတော်မမူဘဲ အစ. အလယ်. အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်များကို ဟောကြားပြသတော်မူပါသည်။

ရှင်တော်ဗုဒ္ဓ၏ တရားတော်ဖြင့် သီလအကြောင်းအရာကိုလည်း ပြတော်မူပါသည်။ သမာဓိနှင့် ပညာအကြောင်းအရာကိုလည်း ပြတော်မူပါသည်။ ယင်းသို့ ပြအပ်သည့် သီလသမာဓိပညာ သုံးပါးကို ကျင့်သင့် ကျင့်ထိုက်သောကြောင့် သိက္ခာသုံးပါးဟု ခေါ်ပါသည်။ ယင်းသိက္ခာသုံးပါးကိုပင် ဘုရားအဆုံးအမဖြစ်သော မြတ်သောအကျင့် သာသနဗြဟ္မစရိယဟူ၍ ခေါ်ဆိုပါသည်။

ယင်းသိက္ခာသုံးဖြာကိုပင် သာသနာတော်ဟူ၍ ခေါ်ဆိုပါသည်။ သိက္ခာသုံးဖြာ သာသနာတော် ပေါ်ထွန်းလာသောအခါ တရားတော်ကို သဘောကျ၍ ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ်များ ပေါ်ပေါက်လာပါသည်။

ထိုသို့ ပေါ်ပေါက်လာရာ၌ လူအဖြစ်နှင့် ကျင့်ကြံအားထုတ်သူ ရဟန်းအဖြစ်နှင့် ကျင့်ကြံအားထုတ်သူများကို "သာသနဝန်ထမ်း ရဟန်းတော်များ" ဟု ခေါ်တွင်ပါသည်။

## သာသနာ့ဥပဒေ

သာသနာတော် တည်ထောင်ခါစက သာသနာ့ဝန်ထမ်းရဟန်းတော်များ သာသနာတော် ဝင်ကာစ၌ အစစ်အမှန် သဒ္ဓါတရားနှင့် သာသနာ့ဝန် ထမ်းသူများ၊ တရားရပြီးသူများ ဖြစ်ခြင်းကြောင့် သာသနာဥပဒေမှာ ထိုအချိန်အခါ၌ မပေါ်ပေါက်သေးပါ။ မလိုသေးပါ။ အားထုတ်ပြုလုပ်ဖို့ရန် ခွင့်ပြုတိုက်တွန်းသော သာသနာ ဥပဒေလောက်သာ ပညတ်တော်မူရပါသည်။

ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို သာသနာဟု ခေါ်ပါသည်။ ယင်းသို့ဆိုသော် အရင်းအမြစ်အားဖြင့် "ပရိယတ်"ဟု ခေါ်သော စာဟု ခေါ်သော ပိဋကတ်တော်များကို သာသနာ ခေါ်ပါသည်။ ရှင်းရှင်းပြောသော် "ပရိယတ်သာသနာ"ဟု ခေါ်ပါသည်။

ထိုပရိယတ် သာသနာတော်က ညွှန်ပြသည့်အတိုင်း ကိုယ်နှုတ် ယဉ်ကျေးအောင် ကျင့်ခြင်း "သီလအကျင့်"၊ စိတ် တည်ကြည် ငြိမ်သက်အောင် ကျင့်ခြင်း "သမာဓိအကျင့်"၊ အသိဉာဏ်ပညာ တိုးပွားအောင် ကျင့်ခြင်း "ပညာအကျင့်"များကို ကျင့်ကြံအားထုတ်ခြင်းကို "ပဋိပတ္တိသာသနာ"ဟု ခေါ်ပါသည်။

ထို သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်ဖြင့် ရရှိအပ်၊ ထိုးထွင်း၍ သိအပ်သော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်ကို "ပဋိဝေဓသာသနာ"ဟု ခေါ်ပါသည်။

## အခြေခံ

ယင်းသာသနာတော် သုံးရပ်ကို ထောက်ရှုကြည့်သော် "ပရိယတ်"ဟု ခေါ်အပ်သော၊ "စာ"ဟု ခေါ်အပ်သော ဘုရား ရှင်၏ တရားတော်၊ စကားတော်များသည် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ် မြတ်သောအကျင့်သာသနာတော်၌ လည်းကောင်း၊ ပဋိပတ်နှင့် ပဋိဝေဓ သာသနာတော်၌လည်းကောင်း အခြေခံဖြစ်ပါသည်။

ယင်းသို့ ကျင့်ကြံအားထုတ်နည်းကို ညွှန်ပြသော ပရိယတ်တရားတော် စာပေကျမ်းဂန်များ မရှိလျှင် မှန်ကန်အောင် မကျင့်ကြံနိုင် အားမထုတ်နိုင်ပါ။ မှန်ကန်အောင် မကျင့်ကြံနိုင် အားမထုတ်နိုင်လျှင် အမှားကိုသာ ကျင့်ကြံအားထုတ်မိကြတော့ မည်။ အကျင့်မှားကို ကျင့်ကြံအားထုတ်မိက ထူးခြားသော အကျိုးတရားများကို မရနိုင်ပါ။

## သီလအခြေခံ

သီလ၊ သမာဓိ၊ ပညာအားဖြင့် သိက္ခာသုံးပါး အကျင့်တရားတွင် သီလသိက္ခာသည် အခြေခံ အရင်းခံ ဖြစ်ပါသည်။ သီလ စင်ကြယ်သူမှသာ မှန်ကန်သော တည်ကြည်မှု သမာဓိကို ရနိုင်ပါသည်။ သမာဓိ ရှိသူမှသာ ထိုးထွင်းသော အသိဉာဏ် ပညာကို ရနိုင်ပါသည်။

ပရိယတ် သာသနာတော်ခေါ် ပရိယတ်တရားတော် စာပေကျမ်းဂန်တွင်လည်း ဝိနည်းတရားတော်သည် ရဟန်းတော် များ၏ သီလကို အပြည့်အဝ ညွှန်ပြသော တရားတော်ပင် ဖြစ်ပါသည်။

ယခု ဗုဒ္ဓသာသနာတော်၌ ညွှန်ပြသော သီလလောက် ကြီးကျယ်မြင့်မြတ်သော သီလသည် ဗုဒ္ဓသာသနာတော်မှ တစ်ပါး အခြားသာသနာတော်များ၌ မရှိပါ။ သာသနာပကာလ၌လည်း မရှိနိုင်ပါ။

ဗုဒ္ဓသာသနာတော်မှ အခြားသော သာသနာများ၌လည်းကောင်း၊ သာသနာပ အချိန်ကာလ၌လည်းကောင်း၊ ငါးပါး သီလ၊ ရှစ်ပါးသီလ စသော အကျင့်သီလများ ရှိနိုင်သော်လည်း ယခု ဗုဒ္ဓသာသနာတော်တွင်း၌ကဲ့သို့ ကုဋေကိုးထောင်ကျော် သီလမျိုးကား ရှိဖို့ကို မဆိုထားပါနှင့် ကြားမျှ မကြားနိုင်ပါချေ။

ထိုသီလတော်များသည် သာသနာဝန်ထမ်း ရှင်ရဟန်းများအတွက် ဘုရားရှင် ပညတ်ထားအပ်သော ဝိနည်းတရားလည်းဖြစ်ပါသည်။ ထိုဝိနည်းတရားတော်အရ စောင့်စည်းနေထိုင်သော ရဟန်းတော်များသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် မည်သည့်လူကြီးလူကောင်းမျှနှင့် မတူ ယဉ်ကျေးသိမ်မွေ့ပါသည်။ သို့ဖြစ်၍ ဝိနည်းတရားတော်နှင့်အညီ နေထိုင်သော ရဟန်းတော်များကို ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များကိုမဆိုထားဘိ အခြားဘာသာဝင်များကပင် လေးစားကြည်ညိုကြပါသည်။

## သာသနာအသက်

ဝိနည်းတရားတော်ဟူသော သီလသိက္ခာသည် သာသနာတော်၏ အရင်းအမြစ် အကျဆုံးဖြစ်၍ သာသနာအသက်ဖြစ်ပါသည်။ သို့ဖြစ်၍ ရဟန်းတော်များသည် ဝိနည်းတရားတော် သီလအကျင့်ကို မကျင့်ကြံ မထိန်းသိမ်း မစောင့်စည်းခဲ့သော် ဘုရားရှင်၏ အဆုံးအမ ဩဝါဒခံများ မဟုတ်ကြတော့ပါ။ သာသနာပအခါ ရသေ့ ပရိဗိုဇ်အနေမျှသာ ဖြစ်ပါတော့သည်။

ဝိနည်းတရားတော် သီလအကျင့်ကို မကျင့်ကြံ မစောင့်စည်းသောအခါ သာသနာတော် အသက်မရှိတော့ပြီ၊ သာသနာကွယ်ပြီဟု ဆိုရပါမည်။ သို့ဖြစ်၍ သာသနာတော် အသက်.မထွက်ရေး၊ သာသနာ.မကွယ်ရေးအတွက် ဝိနည်းသည် အချက်အချာ ဖြစ်ပါသည်။

## ဝိနည်းဥပဒေ

ရှင်တော်ဗုဒ္ဓသည် သာသနာတော် တည်ထောင်တော်မူခဲ့ပြီးနောက် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းဥပဒေ ဝိနည်း စည်းကမ်း တစ်ရပ်ရပ်ကို ပညတ်တော်မူပါသည်။ ထိုသို့ ပညတ်တော်မူခြင်းကြောင့် ပညတ်တော်မူတိုင်း လိုက်နာသော ရှင်ရဟန်းတို့မှာ -

၁။ ကောင်းပါပြီဘုရားဟု စကားတော်ကို လက်ခံနိုင်ခြင်းအကျိုး

၂။ သံဃာတော်များ၏ ချမ်းသာစွာ နေထိုင်ရခြင်းအကျိုး

၃။ အရှက်မရှိသောရဟန်း သီလမရှိသော ရဟန်းယုတ်များကို နှိမ်နင်းနိုင်ခြင်းအကျိုး

၄။ သီလကို ချစ်ခင်သော သူတော်စင်ရဟန်းတို့ ချမ်းသာစွာ နေထိုင်ရခြင်းအကျိုး

၅။ ယခုဘဝတွင် ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီးဖြစ်ခြင်းအကျိုး

၆။ နောင်တမလွန်ဘဝ၌ ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီးဖြစ်ခြင်းအကျိုး

၇။ သာသနာတော်၌ ကြည်ညိုပြီးသူများအား သဒ္ဓါတရား တိုးပွားစေရခြင်းအကျိုး

၈။ သာသနာတော်၌ မကြည်ညိုသေးသူများကို ကြည်ညိုလာစေခြင်းအကျိုး

၉။ သူတော်ကောင်းတရား၏ တည်တံ့ခြင်းအကျိုး

၁၀။ ဝိနည်းအကျင့် တရားများကို ချီးမြှောက်ခြင်းအကျိုး

ဟူသော ဤ (၁၀)ပါးသော အကျိုးတရားများ ရမည်ကို ရည်ရွယ်မှု၍ ဝိနည်းဥပဒေစည်းကမ်းကို ဘုရားရှင် ပညတ်တော်မူပါသည်။

### ၁။ ကောင်းပါပြီ

ဝိနည်း ဥပဒေတော် ပညတ်တော်မမူမီကပင် ထိုဝိနည်းဥပဒေတော်နှင့် စပ်ဆိုင်သော တရားတော်များကို ရှင်တော်ဘုရား ဟောထားပြီး ဖြစ်သောကြောင့် ဝိနည်းဥပဒေတော်ကို ပညတ်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ရဟန်းတော်အများပင် လက်ခံကြရ၏။

ဤသို့ ဘုရားရှင်၏ စကားတော်ကို လက်ခံကြခြင်းသည် စီးပွားချမ်းသာ ရဖို့ရာ အကြောင်းဖြစ်သောကြောင့် ဘုရားရှင်၏ စကားတော်ကို လက်ခံခြင်းသည်ပင် ဝိနည်းဥပဒေ၏ အကျိုးတစ်မျိုး ဖြစ်ပါသည်။

၂။ ချမ်းသာစွာနေရကျိုး

ဝိနည်းဥပဒေကို ပညတ်တော်မူခြင်းကြောင့် ရဟန်းတော်များ ချမ်းသာစွာ နေထိုင်ရပါသည်။ လောက၌ လူကြီးသူကြီးကို ရိုသေရခြင်းဟူသော လူ့ဥပဒေ၊ လူ့ဝိနည်းတစ်ရပ်ရှိပါသည်။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်း ထိုကျင့်ဝတ်ကို လိုက်နာကျင့်ကြံကြ၏။

ထိုသို့ လိုက်နာကျင့်ကြံကြ၍ သူတစ်မျိုး ငါတစ်ဖုံ သဘောမကွဲလွဲပဲ သဘောတူကြပါသည်။ ယင်းသို့ သဘောတူသဖြင့်လည်း ထိုကျင့်ဝတ်အတိုင်း နေထိုင်ကြသည့်အတွက် ချမ်းသာစွာ နေထိုင်ရလေသည်။

ဤအတူပင် ဘုရားရှင်၏ ဝိနည်းဥပဒေတော်ကြောင့် ရဟန်းတော်ဟူသမျှတို့သည် သူတစ်မျိုး ငါတစ်ဖုံ မကျင့်ကြံသဘောတူ ကျင့်ကြသဖြင့် ချမ်းသာစွာ နေထိုင်ရပါသည်။ ဤသို့ ရဟန်းတော်များ၏ ချမ်းသာစွာ နေထိုင်ရခြင်းသည် ဝိနည်းဥပဒေပညတ်ခြင်း၏ အကျိုးတစ်ရပ် ဖြစ်ပါသည်။

၃။ ရဟန်းယုတ်များကို နှိမ်နင်းကျိုး

ဘုရားရှင်၏ ဝိနည်းဥပဒေတော်သည် သီလမရှိသော ရဟန်းယုတ်တို့အား နှိမ်နင်းရာဝယ် လက်နက်ကောင်းကြီးတစ်မျိုး ဖြစ်ပါသည်။ ဝိနည်းဥပဒေတော် ပညတ်ချက်သာ မရှိပါလျှင် သီလမရှိသော ရဟန်းဆိုး ရဟန်းယုတ်တို့ လုပ်ချင်တိုင်း လုပ်၍ နေရာ၌ သာသနာတော်ကြောင်းအားဖြင့် မည်သည့်အပြစ်ကိုမျှ မပြနိုင်သောကြောင့် နှိမ်နင်းနိုင်လောက်သော သံဃာအင်အား ရှိစေကာမူ နှိမ်နင်း၍ မဖြစ်နိုင်ပါချေ။

ဝိနည်းဥပဒေတော် ရှိခြင်းကြောင့်ကား "အသင်၏ကျူးလွန်မှု၌ မည်သည့်အာပတ် သင့်နေ၏။ ထိုအမှုကို ရှောင်လျှင် ရှောင်၊ မရှောင်လျှင် မည်သည့်အပြစ်ကို ခံရမည်" ဟု နှိမ်နင်းခွင့် ရှိပါသည်။

ဤသို့ဝိနည်းဥပဒေတော်သည် သီလမရှိသော ဒုဿီလ ရဟန်းယုတ်များအား နှိမ်နင်းခြင်းအကျိုးတစ်မျိုး ရရှိပါသည်။

၄။ သီလချစ်တို့ ချမ်းသာ

သီလမရှိသော ရဟန်းဆိုးများကြောင့် ထိုထိုသံဃာကိစ္စကို ပြုရာ၌ သံဃာကောင်းတို့မှာ အနှောင့်အယှက် များ၍ ဆင်းရဲကြရ၏။ ထိုကဲ့သို့ သီလမရှိသော ရဟန်းဆိုးများကို နှိမ်နင်းခြင်းကား သီလကို ချစ်မြတ်နိုးသော ရဟန်းကောင်းတို့ ချမ်းသာစွာ နေထိုင်ရခြင်းဟူသော အကျိုးကို ပြီးစေနိုင်ပါသည်။

တစ်နည်းဆိုရသော် သီလအကျင့်ကို ချစ်မြတ်နိုးကြသော သူတော်ကောင်း ရဟန်းတို့သည် သီလသိက္ခာကို ဖြည့်ကျင့်လိုကြသော်လည်း ကျင့်နည်းကို ညွှန်ပြသော ဝိနည်းဥပဒေ မရှိလျှင် မည်ကဲ့သို့ဖြည့်ကျင့်ရမည်ဟု မသိသောကြောင့် သီလဖြည့်ကျင့်ရေး၌ ဟိုလို ဖြည့်ကျင့်ရမှာလား၊ ဒီလို ဖြည့်ကျင့်ရမှာလားဟု တွေးတောပင်ပန်းကြရပေ၏။

ဝိနည်းဥပဒေ ရှိခြင်းကြောင့်မူ ထိုသို့ မပင်ပန်းကြပါ။ ဝိနည်းဥပဒေ ညွှန်ပြချက်အတိုင်း ဖြည့်ကျင့်ရသဖြင့် ရွှင်ပြချမ်းသာကြလေသည်။

ထို့ကြောင့် ဝိနည်းဥပဒေသည် သီလချစ်ခင်သော သူတော်စင်ရဟန်းတို့၏ ချမ်းသာရွှင်ပြ နေထိုင်ရခြင်းအကျိုးကိုလည်း ရစေနိုင်ပါသည်။

၅/၆။ ဘေးရန်ကို ကာကွယ်

ဝိနည်းဥပဒေသည် ယခုဘဝ၌ လောကအပြစ်ဒဏ်၊ ဘေးရန်အန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်ပြီး ဖြစ်၍နောင်သံသရာ ဘေးအန္တရာယ်တို့ကိုလည်း ပိတ်ဆို့တားဆီးပြီး ဖြစ်ခြင်းဟူသော အကျိုးနှစ်ပါးတို့ကိုလည်း ရစေနိုင်ပါသည်။

ဝိနည်းဥပဒေ မရှိလျှင် အချို့ရဟန်းများသည် လူဝတ်ကြောင်တို့ ပြုလုပ်လေ့ရှိသော သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု စသည်တို့ကို ပြုကြပါလိမ့်မည်။

ထိုသို့ ပြုခြင်းကြောင့် အရိုက်အနှက် အသတ်အဖြတ် ခံရခြင်း၊ မင်းပြစ် မင်းဒဏ် ခံရခြင်း၊ နာမည်ပျက်ခြင်း စသော ဘေးအန္တရာယ်တို့ကို ယခုဘဝ၌ပင် ကြုံရတော့မည် ဖြစ်၏။

ထိုသို့ အသက်သတ်ခြင်း စသော မကောင်းမှုတို့ကြောင့်ပင် နောင်သံသရာ၌ အပါယ်ဆင်းရဲ စသော ဘေးရန်တို့ကိုလည်း ခံကြရပါလိမ့်မည်။

ဝိနည်းဥပဒေ ပညတ်တော်မူခြင်းကြောင့်ကား ယခုဘဝ၌ လောကအပြစ်ဒဏ်၊ သံသရာဘေးရန် အန္တရာယ်တို့ကို စောင့်စည်းပြီး တားဆီးပြီး ဖြစ်လေတော့၏။

၇။ မကြည်ညိုသူများ ကြည်ညိုစေခြင်း

ဝိနည်းဥပဒေသည် သာသနာတော်၌ မကြည်ညိုသေးသူများကိုလည်း ကြည်ညိုစေနိုင်ပါသည်။ မှန်ပါသည်။ ရဟန်းတော်တစ်ပါးသည် မြို့တွင်း ရွာတွင်း၌ ဝိနည်းဥပဒေနှင့် ညီညွတ်စွာ သင်္ကန်းကို ရုံလျက် မျက်စိကုန္ဒြေကို စောင့်ရှောက်လျက် ကြွသွားသည် ဖြစ်အံ့၊ ဆွမ်းစားသောအခါ ဆွမ်းလုတ်ကို ပြင်ဆင်၍ ရှုးရှုး ရှဲရှဲ မမြည်စေဘဲ သပ်ရပ်စွာ စားသောက်အံ့၊ စကားကို ညင်သာစွာ ပြောအံ့၊ ထိုရဟန်းတော်ကို မကြည်ညိုသေးသူ ခပ်သိမ်းလူတို့ ကြည်ညိုကြမည် အမှန်ပင် ဖြစ်ပါသည်။

ဤသို့လျှင် ဝိနည်းဥပဒေသည် မကြည်ညိုသေးသူများကို ကြည်ညိုစေနိုင်ခြင်းအကျိုး ရှိပါသည်။

၈။ ကြည်ညိုပြီးသား သဒ္ဓါပွား

ဝိနည်းဥပဒေသည် ကြည်ညိုပြီးသူ ခပ်သိမ်းလူတို့ကိုလည်း သဒ္ဓါတရား တိုးပွားစေနိုင်ပါသည်။ မှန်ပါသည်။ နဂိုကသာမန်လောက်သာ ကြည်ညိုနေသူသည် မိမိ ကိုးကွယ်သော ရဟန်းတော်တို့၏ ဝိနည်းဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ပုံကို တွေ့မြင်ရသော်-

"ဩော် - ငါတို့မှာ ဤမျှလောက် အကျင့်အကြံ အနေအထိုင်ကောင်းသော သီလသိက္ခာ ပြည့်ဝသော ရဟန်းတော်တို့ကို ကိုးကွယ်ရပေသည်ဟု ကြည်နူးဝမ်းမြောက်လျက် တိုးတက်၍ ကြည်ညိုစိတ် ပေါ်ပေါက်လာကြပါသည်။ စာတတ်ပုဂ္ဂိုလ်၊ အပြောအဟောကောင်းပုဂ္ဂိုလ်တို့ကို ကြည်ညိုပုံမှာ လေးလေးနက်နက် မရှိလှပါ။

အကျင့်သီလ ပြည့်ဝသည့် ဝိနည်းဥပဒေကို ရိုသေစောင့်ရှောက်သော ရဟန်းသံဃာများအပေါ် ကြည်ညိုပုံမှာ လေးနက်လှပါသည်။ အကယ်၍ ယခုအခါ သာသနာဝန်ထမ်း ရဟန်းတော်တိုင်း မိမိတို့၏ အကျင့်သိက္ခာများကို ဝိနည်းဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ပါလျှင် ထိုရဟန်းတို့ကို ကိုးကွယ်ဆည်းကပ်သော ဒကာ ဒကာမတို့သည် ရှေ့ကထက် ပို၍ ကြည်ညိုကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဤသို့လျှင် ဝိနည်းဥပဒေသည် သာသနာကို ကြည်ညိုပြီး သူများကိုလည်း ပို၍ ပို၍ လေးစားကြည်ညိုစေနိုင်ပါသည်။

၉။ သူတော်ကောင်းတရား တည့်တံ့ခြင်း

ဘုရားရှင်တို့သည် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟု ဆိုအပ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်၊ သူတော်ကောင်းတရားတော်၏ ကြာရှည်စွာ တည်တံ့ရစ်ဖို့ အကျိုးငှာ ဝိနည်းဥပဒေကို ပညတ်ထားတော်မူခဲ့ကြပါသည်။

ဝိနည်း ဥပဒေ မရှိခဲ့ပါလျှင် ဘုရားရှင် မျက်မှောက်တော်၌ ရဟန်းဖြစ်ကြသော ရဟန်းတော်များသည် နောက်တစ်ဆက် ရဟန်းတော်များကို တည်ထောင်ပြီးနောက် ထိုရဟန်းသစ်များကမှ နောက်ထပ်ရဟန်းသစ်များကို မတည်ထောင်နိုင်ကြတော့ဘဲ ထိုဒုတိယအဆက်ဖြစ်သော ရဟန်းတော်များ ကုန်သွားသည်နှင့်တစ်ပြိုက်နက် သာသနာတော် အဆက်ပြတ်တော့၏။

ထိုဒုတိယအဆက် ရဟန်းသံဃာ သာသနာတော် အဆက်ပြတ်လျှင် ပရိယတ်တရားတော်များကို လူဝတ်ကြောင်များအနေဖြင့် စွမ်းစွမ်းတမံ မဆောင်ရွက်နိုင်ကြတော့ပါ။

ပရိယတ် လမ်းညွှန်ကွယ်ပပါလျှင် ကျင့်စဉ် ပဋိပတ်နှင့် ထိုးထွင်းသိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ပဋိဝေဓတို့လည်း အရင်းလဲ၍ အဖျား ထင်းဖြစ်ပမာ ကွယ်ပရပါတော့သည်။

ဝိနည်းဥပဒေ တည်ရှိလျှင်ကား ဘုရားရှင်နှင့် မျက်မှောက်၌ ရဟန်းသံဃာတော်များ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းဘုံ ဇာတ်သိမ်းကြပါသော်လည်း ဝိနည်းဥပဒေ၏ ညွှန်ပြချက်ကို ကြည့်ရှုကာ ရဟန်းသံဃာ အဆက်မပြတ်အောင် တည်ထောင်နိုင်ကြပါသေးသည်။

ထိုရဟန်း သံဃာများသည် ပရိယတ် တရားတော်များကို မကွယ်မပအောင် ယခုအချိန်အထိ ဆောင်တော်မူခဲ့ကြ၏။ ထိုပရိယတ် တရားတော်မှာ လာသည့်အတိုင်း ကျင့်ကြံမှု ပဋိပတ်ကြောင့် အချိန်မရွေး ပဋိဝေဓမဂ်ဖိုလ်တရားများလည်း ထင်ရှားစေနိုင်သေး၏။

ထို့ကြောင့် ဝိနည်းဥပဒေသည် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို ကြာရှည်စွာ တည်တံ့စေနိုင်ပါသည်။

၁၀။ ကိုယ်ကျင့်တရား ချီးမြှောက်ကျိုး

ဝိနည်းဥပဒေသည် ကိုယ်နှုတ်နှစ်ပါးကို ထိန်းသိမ်းစောင့်စည်းထားရသော ရဟန်းတော်များ၏ ကိုယ်ကျင့်တရားဖြစ်ပါသည်။ ထိုကိုယ်ကျင့်တရားသည် သဘာဝအားဖြင့် ထင်ရှားရှိနေပါသည်။ သို့သော် ဘုရားရှင်က ထုတ်ဖော်ပညတ်ခြင်း မပြုပါမူ ထိုဝိနည်းသည် တိမ်မြုပ်ငုပ်ကွယ်နေဦးမည်သာ ဖြစ်ပါသည်။

လောက၌အရည်အချင်းရှိပါလျက်နှင့်တိမ်မြုပ်ငုပ်ကွယ်နေသူတစ်ယောက်ကိုအထက်လူကြီးတစ်ယောက်ယောက်က ထင်ရှားအောင် ထုတ်ဖော်လျှင် ထိုတိမ်မြုပ်ငုပ်ကွယ်နေသူကို ချီးမြှောက်ရာ ရောက်သကဲ့သို့ ထို့အတူပင် မထင်မရှားသေးသော ဝိနည်းကျင့်ဝတ်များကို ဥပဒေအဖြစ်ဖြင့် ဖော်ထုတ်ပညတ်လိုက်ခြင်းသည် ထို ဝိနည်းဥပဒေကို ချီးမြှောက်ရာ ရောက်ပေသည်။

ထို့ကြောင့် ဝိနည်းဥပဒေသည် ရဟန်းတော်များ ကျင့်ဝတ် ဝိနည်းတရားတော်ကို ချီးမြှောက် မြှင့်တင်ရာ ရောက်ပါသည်။

## တိုက်တွန်းချက်

များစွာသော သူတို့သည် မိမိအကျိုးကိုသာ ဦးစွာပထမ စဉ်းစားလေ့ ရှိကြပါသည်။ မိဂိတို့ အကျိုးရမည့် လမ်းစဉ်ကိုသာ ညွှန်ပြသည့်အတိုင်း လိုက်နာလိုကြသောကြောင့် ပြဆိုခဲ့ပြီးသော အကျိုး (၁၀)ပါးတို့တွင် ဝိနည်းဥပဒေအတိုင်း စောင့်စည်းနေထိုင်ပါလျှင် -

၁။ မကြည်ညိုသေးသော သူတို့၏ အကြည်ညို ခံရခြင်း

၂။ ကြည်ညိုပြီးသော သူတို့၏ အကြည်ညိုတိုးခြင်း

၃။ ယခုဘဝ ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီး ဖြစ်ခြင်း

၄။ တမလွန်ဘဝ၌ ဒုက္ခကင်းကွာ ချမ်းသာစွာ နေထိုင်ရခြင်း

ဟူသော ဤအကျိုးတရား လေးပါးတို့ကား ကျင့်သော ရဟန်းတော်တိုင်း ရနိုင်ကြပါသည်။ ထို့ကြောင့် မိမိအကျိုး၊ သာသနာတော်အကျိုးကို လိုလားသော ရဟန်းကောင်းဟူသမျှသည် ဘုရား ဥပဒေ ဝိနည်းပညတ်ကို လေးလေးစားစား လိုက်နာသင့်ကြပါသည်။ လိုက်နာကြပါဟု တိုက်တွန်းပါသည်။

## လူနှင့်ဝိနည်း

မိမိသည် ဝိနည်း ဥပဒေပညတ်ရခြင်း အကြောင်းအကျိုး ဗုဒ္ဓသာသနာတော် တည်ထောင်ရပုံတို့ကို ရေးသားကာ ဝိနည်းလေးစားဖို့ တိုက်တွန်းရာ၌ လူများ ဝိနည်းတရားကို လေ့လာသင့်ပါသလားဟူသော ရေးဟောင်းအမေးပုစ္ဆာ ပြဿနာကို အသစ်တစ်ဖန် ရှင်သန်ဆန်းသစ်ကာ မေးမြန်းသောကြောင့် ဖြစ်ပါသည်။

## လယ်တီဩဝါဒ

ဓမ္မဒေသနာ စရိုးသည်အဖြစ်နှင့် စရိုးလှည့်လည်စဉ် တစ်ချိန်သော ဆောင်းကာလ၌ ဆရာတော်တစ်ပါးနှင့် တွေ့၏။ ထိုအခါ ဆရာတော်က "ကဲ . . . ပြဿနာ အရေးကောင်းတဲ့ ဆရာတော်နဲ့တွေ့တုန်း ပြဿနာတစ်ပုဒ်လောက် မေးစမ်းဦးမယ်၊ "လူများ ဝိနည်းတရားကို လေ့လာသင့်ပါသလား" ဟု မေးပါသည်။

ထိုအခါ မိမိသည် ရုတ်တရက်ပင် ဖြေလိုက်ပါသည်။

"ဝိနည်းတရားဆိုတာ ဘုရားရှင်ရဲ့တရားတော်ဖြစ်၍ လူများလည်း သင်ကြားကောင်းပါသည်" ဟု အလွယ်ပင် ဖြေလိုက်ပါသည်။

ထိုအခါ ဆရာတော်က "ဒီလောက်နှင့် မရသေးဘူးလေ၊ ပြဿနာရေးသလို အကိုးအကားနှင့် သာကေပြပြီး ပြောပါ" တဲ့။ သို့နှင့် မိမိမှာ စာရှာရပါတော့သည်၊ တွေ့ပါသည်။

"ကဲ . . . ဆရာတော်ဘုရား နားထောင်ပါဘုရား . . .

> "ယခုအခါ ဗုဒ္ဓဘာသာ သာသနာမှာလည်း လူဝိနည်းတတ် ပေါ်များ၍ ဝိနည်းတရားနှင့် မညီသော ရဟန်းတို့ကို ပိုးစိုးပက်စက် ဆိုရက် ပြောရက်သူများ ပေါ်များလျှင် သာသနာတော်မှာ ကောင်းဖို့ရာဖြစ်၏။
>
> "လူတို့က ဝိနည်းကိုသိ၍ ဝိနည်းရှိတိုင်း ညီညွတ်အောင် မကျင့်သော ရဟန်းကို အလှူလှူဒါန်းသူ ကိုးကွယ်သူ မရှိဘဲ နေခဲ့မူကား သာသနာတော်၌ အလွန်ကောင်းဖို့ရာ ဖြစ်၏။
>
> "ပစ္စည်းလေးပါးတို့ဖြင့် အားပေးချီးမြှောက် ထောက်ပံ့လှူဒါန်းခြင်းကို ပြုကြမူကား အဘယ်အခါမှ သာသနာတော် ထင်ပေါ်ကြီးရင့် ဂုဏ်သီးရင့်၍ ထွန်းတင့်ကောင်းစားနိုင်တော့မည် မဟုတ်ပေ။

လို့ လယ်တီဆရာတော်ဘုရားကြီးက "ဓမ္မဒီပနီကျမ်းတွင် အဲဒီလို ဩဝါဒပေးပြီး ရေးသားထားပါတယ်ဘုရား၊ အဲဒါကြောင့် လူများသည် ဝိနည်းတရားများကို လေ့လာသင့်ပါတယ်ဘုရား"

## စံကျောင်းဆရာတော် ဩဝါဒ

"အေး . . . ဟုတ်ပြီ၊ ပြဿနာရေးတယ်ဆိုတာ ရှိသမျှ စာရှာရမယ်၊ ရှာပါဦး" ဟု ဆိုသဖြင့် မိမိသည် စာရှာရပြန်ပါတော့သည်၊ ရှာပြန်တော့ တွေ့ပြန်ပါသည်၊ သို့နှင့် မိမိက "ကဲ . . . ကဲ ဆရာတော်ဘုရား နားထောင်တော်မူပါဘုရား . . .

> "အချို့သော သူတို့က လူများ ဝိနည်းတရားတော်ကို မသင်ကောင်းဟူ၍ ပြောဆိုကြသည်၊ ထိုသူတို့သည် တရားတော်ကို တားဆီးပိတ်ပင်ရာ ရောက်၏။
>
> "ရဟန်းတော်တစ်ပါးသည် ရဟန်းတော်တစ်ပါးအား ဝိနည်းတရားတော်ကို သင်ကြားခြင်းကြောင့် အဘယ်အကျိုးရှိအံ့နည်း စသည်ဖြင့် ပြောဆိုငြားအံ့၊ "ပါစိတ်အာပတ် သင့်၏၊ လူသာမဏေတို့အား ပြောကြားငြားအံ့ ဒုက္ကဋ်အာပတ် သင့်၏" ဤသို့ ကြီးလေးသော အပြစ်ရှိ၏။
>
> "အချို့သောသူတို့က ဝိနည်းတတ်လျှင် ရဟန်းတော်များ မအပ်မရာသောအမှုကို ပြုလုပ်သည်ကို တွေ့မြင်ခဲ့သော် ကဲ့ရဲ့မိတတ်၍ အပြစ်ရှိမည်ကို ကြောက်ရသည်ဟူ၍ ပြောလေ့ရှိ၏။

"ထိုစကားများ၏ မကောင်းမှုကို ကြပ်ကြပ် ကဲ့ရဲ့မှသာလျှင် မကောင်းမှု ပြုဝံ့သူ နည်းပါးပေလိမ့်မည်။ မကောင်းမှု ပြုဝံ့သူ နည်းပါးပါမှ ဤသာသနာတော်ကြီးသည် နေဝန်း.လဝန်းပမာ လွန်စွာ ထွန်းတောက်ပေလိမ့်မည်။

"အကျဉ်းအားဖြင့် (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင် တစ်ရာ ရှစ်ဆယ့်ငါးသန်းသုံးသောင်း ခြောက်ထောင်သော သိက္ခာပုဒ်တို့မှာ မြတ်စွာဘုရား သဘောအလိုအလျောက် အကြောင်းမဲ့ပညတ်အပ်သော သိက္ခာပုဒ်ဟူ၍ မရှိချေ။

"အလိုနည်းသော ရဟန်းနှင့် လိမ္မာသော ဒါယကာ ဒါယကာမတို့က ကဲ့ရဲ့သောကြောင့်သာ ပညတ်ရလေသည်။ ယခုကာလ အချို့သော ဒါယကာ ဒါယကာမတို့ကဲ့သို့ မကဲ့ရဲ့ဘဲ နေကြလျှင် သိက္ခာပုဒ်ဟူ၍ တစ်ခုမျှ ရှိတော့မည်မဟုတ်။ သိက္ခာပုဒ်ဟူ၍ မရှိကလည်း ကြည်ညိုဖွယ်ရာဟူ၍ ရှိတော့မည် မဟုတ်ချေ။

"မကောင်းမှုကို ကဲ့ရဲ့သောသူတို့မှာ အလိုနည်းသော သူတော်ကောင်းတို့သာ ဖြစ်ပေ၏။ အကြင်ရဟန်းတို့သည် အလိုနည်းပါးကြကုန်၏၊ ထိုရဟန်းတို့သည် ကဲ့ရဲ့ ကြကုန်၏။ ရှုတ်ချကြကုန်၏ဟု ဝိနည်းပါဠိတော်၌ သိက္ခာပုဒ်တိုင်း၌ လာရှိ၏။

"သာသနာတော်ကို အဟုတ်တကယ် ကောင်းစေလိုပါက လူရှိသမျှ ဝိနည်းကို တတ်မြောက်အောင် သင်ကြားပြီးလျှင် ဝိနည်းနှင့် မညီသော ရဟန်းတော်ဟူသမျှတို့ကို ကဲ့ရဲ့ကြလျက် ဝိနည်းနှင့်အညီကျင့်သော ရဟန်းတော်တို့ကို ရွေးချယ်၍ ကိုးကွယ်ဆည်းကပ်ကြမှသာလျှင် ဤသာသနာတော်ကြီးသည် နေလပမာ လွန်စွာ ထွန်းလင်းပေလိမ့်မည်။

"မိမိတို့ကိုယ်တိုင်က ဝိနည်း မတတ်ခဲ့၍ရှိလျှင် ဤရဟန်းကား ဝိနည်းဒေသနာတော်နှင့်အညီကျင့်ကြံနေထိုင်သော ရဟန်းတည်း။ ဤရဟန်းကား ဝိနည်းဒေသနာတော်နှင့်အညီ ကျင့်ကြံနေထိုင်သော ရဟန်းမဟုတ်ဟု ခွဲခြား၍ သိနိုင်တော့မည် မဟုတ်သဖြင့် ဝိနည်းသိက္ခာပုဒ်နှင့် မညီသော ရဟန်းများကိုပင် ရဟန်းကောင်း၊ ရဟန်းမြတ်အထင်နှင့် အားပေးချီးမြှောက်ခြင်း ပြုမိက အရှက်မရှိသော ရဟန်းအား အားပေးချီးမြှောက်မှု "အလဇ္ဇီပဂ္ဂဟ" ၌သာ တည်၍ မြတ်စွာဘုရား သာသနာတော်၌ အရှက်မရှိ "အလဇ္ဇီ" ပုဂ္ဂိုလ်တွေသာ မြောက်မြားအားရှိခဲ့ရာ၏။ ထိုသို့ဖြစ်က ဤသာသနာတော်ကြီးသည် ဘယ်အခါမှ ကောင်းတော့မည် မဟုတ်ချေ။

"ထို့ကြောင့် ဝိနည်းတရားတော်နှင့်တကွ သုတ် - အဘိဓမ္မာတရားတို့ကို စွမ်းအားရှိသမျှ ထွန်းလင်းပြန့်ပွားအောင် အားထုတ်ကြကုန်ရာ၏။

"ထိုဝိနည်းတရားတော် တည်မှ သာသနာတော် အရှည်တည်တံ့နိုင်မည်။ ဝိနည်းတရားတော်ပွင့်လင်းမှ သာသနာတော် အရှည်ပွင့်လင်း တောက်ပနိုင်မည်။ ဝိနည်းတရားတော် ကွယ်ပျောက်က သာသနာတော် ကွယ်ပျောက်ပေလိမ့်မည်"

လို့ ညောင်တုန်းမြို့ ရွှေဟင်္သာတောရထိုက် ပထမစံကျောင်း ဆရာတော်ဘုရားကြီးက မင်္ဂလာအဖွင့်အကျယ် လက်စွဲကျမ်း၌ ဤကဲ့သို့ ဩဝါဒ ပေးထားပါတယ်ဘုရား၊ ဒါကြောင့် လူများ ဝိနည်းတရားကို လေ့လာသင့်ပါတယ်ဘုရား"

"ကဲ ... ဒါပဲလား၊ နောက်ထပ်ပြပါဦး ပြဿနာဆရာရဲ့"

"ဒီလောက်ဆိုရင် ဒီပြဿနာရဲ့အဖြေဟာ လုံလောက်ပါပြီဘုရား"

"အရှင်ဘုရား၊ ပြဿနာဆရာရဲ့အာဘော်က နည်းပါသေးတယ်"

"တပည့်တော် အာဘော်ပြောရရင် လူများ ဝိနည်းတရား မသင်ရင် ရဟန်းတော်များကို မကိုးကွယ်တတ် မလှူတတ်၍ ရဟန်းတော်များရသော ဝိနည်းဥပဒေ ပညတ်ရကျိုး (၁၀)ပါး မရနိုင်ဘဲ ပစ္စုပ္ပန်မျက်မှောက်ဘဝတွင် ဆင်းရဲ၍ တမလွန်ဘဝနောက်လောက၌ အပါယ်ကျရမည်ဖြစ်၍ အဲဒီအပြစ်ဘေးမှ ကင်းဝေးရန် လူများ ဝိနည်းတရားကို လေ့လာသင့်ပါတယ်ဘုရား"

"အေး - ဟုတ်ပြီ၊ ကျေနပ်ပြီ"

✦ ဝိနည်းတရား လူအများ သင်ကြားသင့်သည်သာ။

✦ ဝိနည်းတရား မသိပြား အများကိုးကွယ်မှာ။

✦ ဝိနည်းတရား တတ်သူများ စည်ကားသာသနာ။

✦ ဝိနည်းသင်ခြင်း များပြားလျှင်း သန့်ရှင်းသာသနာ။

✦ ဝိနည်းသင်ကာ သာသနာ သန့်ငှာပြုစုပါ။

✦ ဝိနည်းသင်ကာ သာသနာ ရှင်းငှာပြုစုပါ။

# ရဟန်းတော်များ ဘုရားကို ရွှေချက ဘယ်အပြစ်ရှိသလဲ

(၁၇၇)

ဝိနည်းတရား။ ။ ဝိနည်းတရားကို နားလည်ထားသူ၌ ယင်း ဝိနည်းတရားက ဘယ်သို့ နေထိုင်ရမည်၊ ဘယ်သို့ သွားလာရမည်၊ ဘယ်သို့ စားသောက်ရမည် စသည်များကို ညွှန်ပြသကဲ့သို့ ဖြစ်နေ၏။

ဝိနည်းတရားသည် အပြောအဆို အနေအထိုင်များကို အချိုးကျအောင် ပဲ့ပြင်တတ်သော စည်းကမ်းများပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ယင်း ဝိနည်းတရားကို ကောင်းစွာသင်ခြင်းဖြင့် သင်ရမည်။ ကောင်းစွာကျင့်ခြင်းဖြင့် ကျင့်ရမည်။ ယင်းသို့ သင်ခြင်း၊ ကျင့်ခြင်း နှစ်မျိုးတွင် ကျင့်ခြင်းသာ အဓိကဖြစ်ပါသည်။ ဝိနည်းတရားကို ကောင်းစွာသင်ခြင်းဖြင့် သင်ကြားပြီးသော် ဝိနည်းနားလည်သည့်တိုင် မကျင့်လျှင် အချည်းနှီးပင်တည်း။

## ရဟန်းဝိနည်း၊ လူ့ဝိနည်း

ယင်း ဝိနည်းတရားသည် ရဟန်းဝိနည်း၊ လူ့ဝိနည်းဟု နှစ်မျိုးရှိပါသည်။ ယင်းနှစ်မျိုးတွင် အာပတ်ခုနစ်ပုံသို့ မရောက်အောင် ကျင့်ခြင်း၊ သို့မဟုတ် သီလကြီးလေးပါးကို စောင့်ရှောက်ခြင်းမှာ ရဟန်းဝိနည်း ဖြစ်၏။ ယင်းဝိနည်းကို ကျင့်ခြင်းဖြင့် လောကီအကျိုး လောကုတ္တရာအကျိုးကို ရနိုင်ပါသည်။

အကုသိုလ် ကမ္မပထတရား ဆယ်ပါးမှ ရှောင်ကြဉ်ခြင်းသည် လူ့ဝိနည်း မည်၏။ ယင်း အကုသလကမ္မပထ ဆယ်ပါးမှ မရှောင်သူများသည် အခြား လူ့စည်းကမ်းများကိုလည်း ချိုးဖောက်မည်သာ ဖြစ်ပါသည်။

ထို အကုသလကမ္မပထတရား ဆယ်ပါးမှ ရှောင်နိုင်လျှင် အခြားစည်းကမ်းများကိုလည်း လိုက်နာဖို့ရန် မခဲယဉ်းလှတော့ပါ။ ထို့ကြောင့် အရင်းခံဖြစ်၍ အကုသလကမ္မပထတရား ဆယ်ပါးကို လူ့ဝိနည်းအဖြစ် ပြဆိုထားပေသည်။

ထိုမှတစ်ပါး လူများ ရှောင်ရှားရမည့် အကျင့်များ၊ လိုက်နာပြုကျင့်ရမည့် အကျင့်များသည် လူ့ဝိနည်းများပင် ဖြစ်၏။

မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ လင်နှင့် မယား၊ အရှင်နှင့် ကျွန်၊ ဆရာနှင့် ဒကာ ပြုကျင့်ရမည့် ဝတ္တရားများသည်လည်း လူ့ဝိနည်းများပင် ဖြစ်ပါသည်။

ယင်းဝတ္တရားများမှာ မပြုမနေ ပြုထိုက်ရသည့် လူ့ကျင့်ဝတ် ဝိနည်းများပင် ဖြစ်ပါသည်။ မှန်ပေ၏။ လောက၌ မပြုသင့်သည်ကို ပြုခြင်းသည် အကုသိုလ်ဖြစ်သကဲ့သို့ ပြုသင့်ပြုထိုက်သည်ကို မပြုခြင်းသည်လည်း အကုသိုလ်ပင် ဖြစ်ပါသည်။

ယင်းကျင့်ဝတ်တရားများမှာ အချင်းချင်း ချစ်ခင်လေးမြတ်ခြင်း၊ စည်းလုံးသင့်မြတ်ခြင်း ဖြစ်ရန် ဆက်ပေးကာ ဂဟေဆက်များ ဖြစ်ပါသည်။

ယင်းကျင့်ဝတ်တရားများ မကျေလည်သော လူ့အဖွဲ့အစည်းများ၌ ပြဿနာအမျိုးမျိုး ဖြစ်၏။ ဝတ္တရားကျေပွန်သော လူ့အဖွဲ့အစည်းများ၌ကား အမြဲတမ်း သာယာလျက် ရှိ၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာတရား ထွန်းကားနေသော ခေတ်အခါမျိုး၌ဆိုလျှင် ယင်းဝတ္တရားများမှာ အလိုလိုပြည့်လျက်ရှိရာ စည်းကမ်းပင် သတ်မှတ်ဖွယ် မလိုပေ။

၎င်းပြင် နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံ၊ စားပုံသောက်ပုံ၊ အချင်းချင်း ဆက်ဆံပုံ စသည်များ၌ မရိုင်းစိုင်းအောင်၊ ယဉ်ကျေးသိမ်မွေ့အောင် လူမျိုးအလိုက် သတ်မှတ်ထားသော စည်းကမ်းများသည်လည်း လူ့ဝိနည်းများပင် ဖြစ်ပါသည်။

## ပြင်သူရှိက လိုက်နာကြ

ဝိနည်းစည်းကမ်း နားလည်၍ လိုက်နာသူမှသာ ပညာရှိ သူတော်ကောင်းတို့၏ အမြင်တွင် ယဉ်ကျေးလျက်ရှိနေရာ ဝတ်စားတန်ဆာ အချိုးတကျ ဆင်ထားသကဲ့သို့ ရှုချင်ဖွယ်ရာ ဖြစ်၏။ ဝိနည်းကျင့်ဝတ်ကိုလည်း မတတ်၊ တတ်သော်လည်း မကျင့်သူ၊ မလိုက်နာသူမှာ လွန်စွာရိုင်းလျက် ပညာရှိတို့အမြင်ဝယ် စက်ဆုပ်ဖွယ်၊ ကဲ့ရဲ့ဖွယ်သာ ဖြစ်ရလေသည်။

မိမိက မတတ်၍ တစ်စုံတစ်ယောက်သောသူက ပြင်ပေးပါလျှင် ယဉ်မည့် လှမည့် တန်ဆာကို ပေးအပ်လာသကဲ့သို့ ဝမ်းသာအားရ ရှိလှစွာဖြင့် လိုက်နာထိုက်ပေသည်။

လူတို့၏ သဘာဝမှာ မာနဓာတ်ခံလေးများ ရှိတတ်ရာ ယင်းကဲ့သို့ပြုပြင်ပေးသည်ကို မခံချင်ဖြစ်ကာ ပြန်လှန်ပြောဆို ဆန့်ကျင်ဘက် ပြုတတ်ကြ၏။ ထိုသူများမှာ မိမိတို့ ရရှိမည့် ကျက်သရေ မင်္ဂလာကို ဖျက်ဆီးပစ်သည့်သူများသာ ဖြစ်ပါသည်။

## ဝေဒေဟရသေ့နှင့် ဂန္ဓရရသေ့

ဤနေရာတွင် ဝေဒေဟရသေ့နှင့် ဂန္ဓရရသေ့တို့အကြောင်းကို အချုပ်မျှ ပြဆိုပါအံ့။ ရှေးက ဝေဒေဟရသေ့နှင့် ဂန္ဓရရသေ့တို့သည် အစွန်အဖျား ရွာတစ်ရွာတွင် အတူတကွ နေထိုင်ကြလေ၏။ ရသေ့များကား တိုင်းပြည်များကို စွန့်ကာ ရသေ့ပြုလာသူများ ဖြစ်ကြပါသည်။

ဝေဒေဟရသေ့သည် ထိုရွာ၌ တစ်နေ့ဆွမ်းခံရာမှ ရလာသော ပိုလျှံနေသည့် ဆားကို မစွန့်ပစ်ဘဲ ကျောင်းခေါင်မိုး၌ ထိုးထား၏။ ဆားမရသော တစ်နေ့တွင် ထိုဆားကို ယူ၍ ဂန္ဓရရသေ့အား ပေး၏။ ထိုအခါ ဂန္ဓရရသေ့က မေး၏။

"ယနေ့ ဆားမရပါလား၊ ဒီဆားကို ဘယ်ကရသလဲ"

"ဟိုတစ်နေ့က အကျန်ကို သိမ်းထားပါတယ်"

"တိုင်းပြည်ကိုသော်မှ စွန့်လာပါလျက် ဆားကလေးကို မက်မက်မောမော သိမ်းထားရသလား"

အို ... စာရှုသူ၊ ဤဆုံးမချက်ကို အလေးအနက်ပြုပါ၊ အများအပြား စွန့်နိုင်ပါလျက် ဘာမျှ မပြောပလောက်သော ဆားကလေးကို တွယ်တာပုံမှာ သတိပြုစရာတစ်ခုပင် ဖြစ်ပါသည်။ ယင်းသို့ အပြစ်တင် ဆုံးမ.သောအခါ ဝေဒေဟရသေ့က မခံချင်၍ ပြန်ပြော၏။

"အရှင်ဘုရားသည် သူတစ်ပါးကို မဆုံးမလို၍ တိုင်းပြည်ကိုစွန့်ပြီး မိမိကိုယ်ကို ဆုံးမရန် တောထွက်လာပါလျက် ယခုအခါ သူတစ်ပါးကို ဆုံးမ.ရသလား"

"ဝေဒေဟ၊ ငါကား တရားသည်ကို ပြောခြင်း ဖြစ်၏၊ မတရားသည်ကို ငါမကြိုက်ပါ၊ တရားသည်ကို ပြောသောငါ့မှာ မကောင်းမှု မဖြစ်ပါ"

"အို...ဂန္ဓာရ၊ မည်သို့ပင်ဖြစ်စေ သူတစ်ပါးကို ထိခိုက်လျှင် အကျိုးရှိသည့်တိုင်အောင် မပြောသင့်ပါ"

"အို...ဝေဒေဟ၊ သူတစ်ပါးကို ထိလိုထိ၊ ဖွဲပြာလိုပင် လွင့်စဉ်သွားစေဦးတော့ တရားသည်ကို ပြောသောငါ့မှာ အပြစ်တစ်စုံတစ်ရာ မရောက်ပါ"

စာရှုသူတို့ ... သတိပြု၍ ကြည့်ရှုပါ။ မိတ်ဆွေသင်္ဂဟ ပီသသူသည် ဂန္ဓာရရသေ့ကဲ့သို့ပင် ပြုကျင့်ရပါမည်။ ယင်းသို့ မပြုကျင့်လျှင် မိတ်ဆွေကောင်း မပီသပါ။ အို...စာရှုသူ၊ ဂန္ဓာရရသေ့က မိတ်ဆွေပီသစွာ ဆက်၍ ပြောသည်ကို သေချာစွာ ရှုစမ်းပါဘိ...။

"အို...ဝေဒေဟ၊ ကိုယ်ပိုင်ဉာဏ်လည်း မရှိ၊ ဝိနည်းတရားလည်း မသင်ကြားသော လူအများသည် တောထဲ တောင်ထဲက ကျွဲကန်းကြီးပမာ မမြင်မစမ်း သွားနေဘိသကဲ့သို့သာ ရှိတော့သည်။ ဆရာသမားအထံမှာ သင်ကြား၍ ဆုံးမ.အပ်ပြီးသော ဝိနည်းတရား ရှိသူတို့သာ တည်ကြည်သောစိတ် ရှိ၍ သွားလာလှည့်လည်ကြရသူတို့ ဖြစ်တော့သည်"

အို...စာရှုသူ၊ ယင်းအဆုံးအမကို ကြားရပါမှ ဝေဒေဟရသေ့မှာ အမှားကိုသိကာ မိမိအမှားကို ဝန်ချတောင်းပန်လေ၏။ ဝေဒေဟရသေ့ကား သတိတရားရ၍ တော်ပါသေး၏။ အကယ်၍ သတိမရ ဝန်မခံဘဲ နေခဲ့သော် အကျိုးနည်းမှာ သေချာပါသည်။ ယခုမှ အဆုံးအမကို နာခံ၍ ဈာန်အဘိညာဉ်များ ရသည်အထိ အကျိုးရှိသွားပါသည်။

စာရှုသူတို့ ... မိမိသည် ဝိနည်းတရားအကြောင်း ရှင်းပြနေသည်မှာ ဝိနည်းရေးနှင့် ပတ်သက်သော အကြောင်းတစ်ခုကြောင့် ဖြစ်ပါသည်။

အကြောင်းကား ဘယ်အချိန်က ဖြစ်ခဲ့သနည်း။ စမ်းရေအလျဉ်ကလေးသည် တသွင်သွင်စီးဆင်းပြီး မိုးကလေးတွေက တဖွဲဖွဲနှင့် မှိုင်းလဲ့ညိုပြာ သာယာနေသော အချိန်ကလေး ဖြစ်၏။ အလင်းရောင်ကား ထင်ရှားစွာ မရပါ။ မိမိမှာ စာချနေစဉ် ဖြစ်ပါသည်။

စာချပြီးချိန်တွင် စာတွေက တစ်ပုံကြီး ရောက်လာသည်။ ထိုစာအများမှ လာနေကျမဟုတ်သော စာများကိုသာ အလျင်ဖတ်လေ့ရှိသော မိမိသည် စာအိတ်တစ်အိတ်ကို ဖောက်ဖတ်လိုက်သည်။

သို့...

နောင်တော် ဓမ္မဒူတ အရှင်ပညာဇောတဘုရား -

နောင်တော်ရေးသားတဲ့ စာအုပ်တွေကို တပည့်တော် ဖတ်ရတော့ ယခုခေတ် ဒကာ ဒကာမတွေကို နောင်တော်၏ စာပေဖြင့် ဘာသာရေး မျက်စိဖွင့်ပေးတာကို တွေ့ရတဲ့အတွက် များစွာကျေနပ် ဝမ်းမြောက်မိပါတယ်ဘုရား။

ထို့အတူ တပည့်တော်လည်း မျက်မှောက်ခေတ် ဒကာ ဒကာမတွေ ဘာသာရေးအမြင် ကြည်လင်သန့်ရှင်းစေရန် မေးခွန်းနှစ်ခုကို နောင်တော်အား မေးလိုပါသည်။ မေးခွင့်ပြုပါရန် ခွင့်တောင်းပါသည်ဘုရား။

တပည့်တော် မေးခွန်းကတော့ ရဟန်းတော်များနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် ဒကာ ဒကာမများအနေနှင့်ရော၊ ရဟန်းသံဃာများဘက်ကပါ ဒါနပြုရာ၌ များစွာ သတိထားဖွယ်ရာ အချက်ဖြစ်သောကြောင့် နောင်တော်၏ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်တွေကို ဆက်လက်ထုတ်သောအခါ ထည့်ပေးပါရန် ပန်ကြားလျှောက်ထားအပ်ပါသည် ဘုရား။ သန့်ရှင်းစင်ကြယ်သော သာသနာရေးသို့ ရှေ့ရှု၍ မေးခွန်းကတော့...

(၁) ရဟန်းတစ်ပါးအား ဒကာတစ်ဦးက စေတီတော်ပြုပြင်ရန်အတွက် လှုဒါန်းထားသော အကပ္ပိယဝတ္ထုငွေ တစ်သောင်း (၁၀၀၀၀ိ/-)ကျပ်အား လက်ခံ၍ စေတီတော်အတွက် ငါးထောင်(၅၀၀၀ိ/-) ကျပ်တန်ဖိုးကိုသာ ပြုပြင်ပြီး ကျန်သော ငါးထောင်(၅၀၀၀ိ/-)ကျပ်ကို မိမိကိုယ်ကျိုးအတွက် သုံးစွဲလိုက်ပါက ယင်းရဟန်းသည် ဒုတိယပါရာဇိက သိက္ခာပုဒ်နိုးခြင်း ၂၅-ပါးတို့တွင် အဘယ်နိုးခြင်းဖြင့် ငြိစွန်းပါသနည်းဘုရား။

အကယ်၍ အာပတ် သင့်.မသင့် နောက်လာနောက်သား ဒကာ ဒကာမများ သံသယမပွားအောင် အရှင်ဘုရား၏ စာအုပ်များ၌ ဖြေကြားပေးတော်မူပါဘုရား။

(၂) ရဟန်းတော်ကိုယ်တိုင် မိမိလက်နှင့် ကိုင်၍ စေတီတော်သို့ ရွှေချပါက အဘယ်အာပတ်သင့် ပါသနည်း။ ၎င်းအာပတ်မှ ကွင်းလွတ်အောင် ဘယ်လိုကုစားရပါ့မလဲ ဘုရား။

ဝိနည်းတော်ကို လေးစားသော ဝိနယဂရုက ရဟန်းတော်က ရဟန်းကိုယ်တိုင် ရွှေချထားတာကို အကယ်၍ သိပါက ၎င်းစေတီတော်အား ရှိခိုးသင့် မရှိခိုးသင့် သိလျက်နှင့် ရှိခိုးဦးချသော ရဟန်းအား အာပတ် သင့်.မသင့် ဝိနည်းတော်နှင့်အညီ သံသယမပွားအောင် ဖြေကြားတော်မူပါဘုရား။

စေတီတော်အား အကယ်၍ ရဟန်းရှင်လူအပေါင်းတို့က ရှိခိုးပါက ရှိခိုးတိုင်း ရွှေချသော ရဟန်းအား လည်း အဘယ်အာပတ် သင့်ပါသလဲဘုရား။

၎င်းရွှေချသော အာပတ်မှ လွတ်ကင်းရန် ၎င်းစေတီတော်အား အဘယ်သို့ ပြုလုပ်ရပါမည်နည်းဘုရား။

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ သံသယမပွားဘဲ ထင်ရှားအောင် ကရုဏာထား၍ ဖြေကြား တော်မူပါဘုရား။

(မေးလျှောက်သူ)

(.......)

(.......)ကျောင်း

(.......)ရပ်ကွက်

ရန်ကုန်

သို့

(.......)

၁၃၄၃ ခုနှစ်၊ပြာသိုလဆုတ် ၁၂ ရက်

ပြန်ကြားသိစေပါသည်ဘုရား။

အရှင်ဘုရားထံမှ စာမှာ ၁၃၄၂ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်နေ့မှ ရောက်ပါသည်ဘုရား။ ဗုဒ္ဓဝမ္မ ပြဿနာများနှင့် ဆက်စပ်သော ပြဿနာဖြစ်၍ ဗုဒ္ဓဝမ္မ ပြဿနာများမှာပဲ ဖြေရှင်းရပါတော့သည်ဘုရား။

အမေးမှာ တိုသော်လည်း အဖြေမှာ တော်တော်ရှည်လျားပါမည်ဘုရား၊ သည်းခံ၍သာ ဖတ်ရှုပါ ဘုရား။

(၁) ရဟန်းတော်တစ်ပါးအား ဒကာတစ်ဦးက စေတီတော် ပြုပြင်ရန်အတွက် လှုဒါန်းထားသော အကပ္ပိယဝတ္ထုငွေ (၁၀၀၀၀ိ/-)ကျပ်ကို လက်ခံ၍ စေတီတော်အတွက် (၅၀၀၀ိ/-)ကျပ် တန်ဖိုးသာ ပြုပြင်

၍ ကျန် (၅၀၀ဝိ/ - )ကျပ်ကို မိမိကိုယ်ကျိုးအတွက် သုံးစွဲလိုက်ပါက ၎င်းရဟန်းသည် ဒုတိယပါရာဇိက သိက္ခာပုဒ်၌ လာသော ခိုးခြင်း ၂၅ ပါးတို့တွင် အဘယ်ခိုးခြင်းဖြင့် ငြိစွန်းပါသနည်း ဆိုတဲ့ အမေးကို အကျဉ်းချုပ်ဖြေဆိုရပါက သာဟတ္ထိကပဥ္စက အဝင်အပါ ဓရနိက္ခေပ ခိုးခြင်းဖြင့် ငြိစွန်းနိုင်ပါသည်။

အကျယ်ချဲ့၍ ဖြေရသော် ရဟန်းတော်တို့အား လှူဒါန်းအပ်ပြီးသော ပစ္စည်းဥစ္စာများကို လှူဒါန်းတိုင်း မတည်တဲ့လျှင် (အလှူခိုင်းသည့်အတိုင်း မလှူခဲ့လျှင်) လှူဒါန်းရှင်းဥစ္စာရှင်တို့က တောင်းခံ၍ လှူဒါန်းမြဲ လှူဒါန်း ပြန်ကြောင်း ဟောတော်မူသောကြောင့် ကျောင်းဒကာ ဘုရားဒကာတို့ ရှိစဉ် ကျောင်းဘုရားတို့၌ လှူဒါန်းခိုင်းသည့် အတိုင်း မလှူခဲ့သော် ခိုးယူဖျက်ဆီးခဲ့သော် လှူထားရင်း ကျောင်းဒကာ ဘုရားဒကာတို့က ထိုခိုးယူ ဖျက်ဆီးသူတို့ ထံ တောင်းခံနိုင်သော သာသနာဝင် ကျမ်းဂန်ထုံးစံ ထင်ရှားရှိပါသည်။ မှန်ပါသည်။ သာသနာဝင်ကျမ်းဂန်တို့၌ ပစ္စည်းကို ပိုင်ဆိုင်ခြင်းသည် -

(၁) မိမိဥစ္စာဖြစ်၍ ပိုင်ဆိုင်ခြင်း

(၂) အစောင့်အရှောက်ဖြစ်၍ မိမိဥစ္စာကဲ့သို့ တောင်းခံပြောဆိုနိုင်သော ပိုင်ဆိုင်ခြင်းဟူ၍ နှစ်မျိုး လာရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ရဟန်းတော်တို့အား အပ်သောနည်းဖြင့် လှူဒါန်းထားသော ရွှေငွေ၊ ဘုရားစေတီ တော်များအား လှူဒါန်းထားသော ရွှေငွေတို့အပေါ် မူလလှူရင်းဒါယကာတို့၏ ပိုင်ဆိုင်မှုမှာ အစောင့်အရှောက် ဖြစ်၍ မိမိဥစ္စာကဲ့သို့ တောင်းခံပြောဆိုနိုင်သော ပိုင်ဆိုင်ခြင်းဟူသော ဒုတိယအမျိုးအစားတွင် ပါဝင်ပါသည်။

ထိုစေတီ၏ ပစ္စည်းများကို ရာဇသိက္ခာပုဒ်တော်အရ မူလလှူသူ ဒကာများသည် အစောင့်အရှောက် အနေဖြင့် ပိုင်ဆိုင်ထိုက်သကဲ့သို့ အလားတူပင် ထိုစေတီ၏ ပစ္စည်းများကို ရဟန်းသံဃာတော်များသည်လည်း အစောင့်အရှောက်အနေဖြင့် ပိုင်ဆိုင်ထိုက်ကြောင်း ပရိဝါပါဠိတော်၌ လာပါသည်။

ယင်းသို့ လာသောကြောင့် စေတီနှင့် စေတီ၏ ပစ္စည်းများကို ရဟန်းသံဃာ အစောင့်အရှောက်ရှိ သော ပစ္စည်းများဟု သိအပ်ပါသည်။ အစောင့်အရှောက် မရှိသော ပစ္စည်းဟု မသိအပ်ပါ။

သို့ဖြစ်၍ ထိုစေတီ၏ ပစ္စည်းများကို ရဟန်းတော်များသည် အစောင့်အရှောက်အနေဖြင့်သာ ပိုင်ဆိုင် ထိုက်၍ ငါ့ ပစ္စည်းဟု မသိမ်းပိုက်ထိုက်ကြောင်း မိမိကိုယ်ကျိုးအတွက် သူတစ်ပါးအကျိုးအတွက် မသုံးစွဲထိုက် ကြောင်း သိအပ်ပါသည်။

စားထိုက် မစားထိုက်။ (ဝိ၊ ဌ၊ ၃)၌ စေတီတော်ကို အမြဲဝတ်ကြီးဝတ်ငယ်ပြုနေသော ရဟန်းရှင်လူ မည်သူ မဆို တစ်ဦးဦးသည် စေတီ၏ ပစ္စည်းဆွမ်းခဲဖွယ် စသည့် စားသောက်ဖွယ်ရာများကို စားသောက်ထိုက်ကြောင်း လာရှိပါသည်။

အမြဲဝတ်ပြုသူ မရှိသော် ယူလာသူကိုယ်တိုင်ပင် စေတီတော်အား ဝတ်ပြု၍ စားသင့်ကြောင်း သို့မဟုတ် မွန်းလွဲခါနီး ဖြစ်နေခဲ့လျှင် စားပြီးမှ ဝတ်ပြုသင့်ကြောင်းများ လာရှိပါသည်။

သို့အတွက် စေတီတော်ကို ဝတ်ပြုနေသူသည် စေတီတော်၏ ပစ္စည်းဖြစ်သော ဆွမ်းခဲဖွယ် အာဟာရ များမှလွဲ၍ ကြွင်းသော ပစ္စည်းများကို သုံးစွဲခွင့် မရှိကြောင်း သိရပါသည်။ ယင်းစေတီတော်၏ပစ္စည်းကို သုံးစွဲ ခွင့်နှင့်ပတ်သက်၍ (ဝိ၊ ဌ၊ ၁၊ ၃)တို့ အဆိုများကို ကောက်ချက်သော် -

(၁) စေတီတော်ကို ပြုပြင်နေသော ပုဂ္ဂိုလ်သည် စေတီ၏ ပစ္စည်းဖြစ်သော ဆွမ်းခဲဖွယ် အာဟာရများ ကို အသုံးပြုနိုင်ခွင့် ရှိသည်။

(၂) စေတီတော်၏ ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် စေတီ၏ ပစ္စည်းကို အသုံးပြုခွင့် ရှိသည်၊

(၃) စေတီတော်၏ ပစ္စည်းဖြစ်သော အရာမ်ကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် စေတီတော်၏ ပစ္စည်းကို အသုံးပြုခွင့် ရှိပါသည်၊

စေတီတော်၏ ပစ္စည်းကို သုံးစွဲခွင့်နှင့် ပတ်သက်၍ ဤမျှသော သတ်မှတ်ချက်ရှိလာပါသည်၊ ဤခွင့်ပြုသတ်မှတ်ချက်များကို ကျော်လွန်၍ စေတီတော်၏ဥစ္စာဖြစ်သော ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက်ဖြစ်စေ၊ သူတစ်ပါးအကျိုးအတွက် ဖြစ်စေ အသုံးပြုရာ၌ ဂိဝါထိုက်ကြောင်း (ဝိ၊ ၄၊ ၁၊ ၅) ဆုံးဖြတ်ထားပါသည်၊

စေတီတော်၏ပစ္စည်းကို အခါခပ်သိမ်း အသိမ်းအဆည်းရှိသော ပရပရိဂ္ဂဟိတ ပစ္စည်းဟု ဆိုအပ်ကြောင်းကိုလည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသော ရဟန်းတော်သည် စေတီတော်၏ပစ္စည်း ထိန်းသိမ်းစောင့်ရှောက်သည့်အနေနှင့် ပိုင်ဆိုင်သည့်အတွက် ထိုစေတီတော်၏ ပစ္စည်းကို လုယက်ဖျက်ဆီးခိုးယူသူ အလွဲသုံးစား ပြုလုပ်သူတို့ထံမှ အနိုင်အထက်ယူ၍ နေရာတကျပြန်လည်၍ထားနိုင်ခွင့် ရှိကြောင်းကိုလည်းကောင်း ဝဇိရဗုဒ္ဓိဋီကာ၌ ဆုံးဖြတ်ထားပါသည်၊

## ခိုးခြင်း၌ ပါဝင်ပုံ

စေတီတော်၏ ပစ္စည်းကို အလွဲသုံးစားပြုရာ၌ ဂိဝါထိုက်ခဲ့သော ခိုးခြင်း ၂၅ မျိုးတို့တွင် မည်သည့်ခိုးခြင်း၌ ပါဝင်သလဲ ဟူသော အချက်နှင့်ပတ်သက်၍ စိစစ်သော် တလ - အဗျတ္တဖြစ်သော ဘဏ္ဍာထိန်းရဟန်းသည် စေတီတော်၏ ပစ္စည်း၊ သံဃာတော်၏ ပစ္စည်းများ ထားရာ ဘဏ္ဍာတိုက်တံခါးကို မပိတ်ဘဲ တရားနာရန် တစ်စုံတရာပြုရန် ထွက်ခွာသွားရာ၌ သူခိုးတို့က ဝင်ရောက်ခိုးယူ ဖျက်ဆီးခဲ့သော် ဂိဝါထိုက်ကြောင်း (ဝိ၊ ၄၊ ၁၊ ၅) ဖော်ပြထားပါသည်၊

အလားတူပင် စေတီ၏ ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်သူ ဘဏ္ဍာထိန်း ရဟန်းကိုယ်တိုင်က အလွဲသုံးစားပြုရာ၌လည်း ဂိဝါပင်ထိုက်၍ ဥပနိဓိကထာ၌ အကျုံးဝင်ပါသည်၊

ခိုးခြင်း ၂၅ ပါးတို့တွင် သာဟတ္ထိကပဥ္စက အဝင်အပါ ဓုရနိက္ခေပ ခိုးခြင်းတွင် ပါပင်နေပါသည်၊ အကြောင်းမှာ "စေတီတော် ပြုပြင်ရန်အတွက် လှူဒါန်းထားသော ပစ္စည်း" ဟု အမေး၌လာရှိသဖြင့် ထိုအမေး၌လာသော အလွဲသုံးစားပြုသူ ရဟန်းမှာ စေတီတော်၏ ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်သူ အပ်နှံခြင်းခံရသူ ဘဏ္ဍာထိန်းအရာ၌ တည်နေပေသည်၊

ထိုစေတီတော်၏ ပစ္စည်းမှာ ထိုရဟန်း၏အထံ၌ ဥပနိက္ခိတ္တဘဏ္ဍာအဖြစ် တည်ရှိနေ၏၊ ယင်းဥပနိက္ခိတ္တဘဏ္ဍာကို ဓုရနိက္ခေပ ခိုးခြင်းဖြင့် ဆုံးဖြတ်ရမည်ဖြစ်ရာ ရှေးဦးစွာ "ဂိဝါ" အကြောင်း သိဖို့ လိုလာပါသည်၊

ဤကဲ့သို့သော နေရာမျိုး၌ ဘဏ္ဍဒေယျနှင့် ဂိဝါကို ပရိယာယ်ဟုသာ မှတ်ပါ၊ ဘဏ္ဍဒေယျ၌ ဥစ္စာရှင်က တောင်းသောအခါ မပေးလျှင် တန်ဖိုးအလိုက် ဆုံးဖြတ်ရသကဲ့သို့ ဤဂိဝါဟု လာရာ၌လည်း ဆိုင်ရာက တောင်းသောအခါ မပေးလျှင် တန်ဖိုးအလိုက် ဆုံးဖြတ်ရသည်၊ ယင်းသို့ ဆုံးဖြတ်ရာ၌ -

(၁) ဥစ္စာရှင်တို့က မရတော့ဟု လုံ့လဝီရိယ အာလယကို လျှော့ချခြင်း

(၂) ဘဏ္ဍာထိန်းရဟန်းကလည်း မပေးတော့ဟု လုံ့လဝီရိယ အာလယကို လျှော့ချလိုက်ခြင်း ဖြစ်ခဲ့သော် ပါရာဇိကလောက်သော ဝတ္ထုဖြစ်လျှင် ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပေသည်။

## ဓုရနိက္ခေပနှင့် ဘဏ္ဍာဒေယျ

ထိုသို့ ဆုံးဖြတ်ရတာ၌ စဉ်းစားဖွယ်ရာ အချက်နှစ်ရပ် ထွက်ပေါ်လာသည်။ ၎င်းတို့မှာ ဓုရနိက္ခေပနှင့် ဘဏ္ဍာဒေယျတို့ ဖြစ်၏။ ယင်းအချက် နှစ်ရပ်တို့တွင် -

(၁) ဓုရနိက္ခေပနှင့် ပတ်သက်၍ ဥပနိဓိကထာတွင် ဥစ္စာရှင်နှင့် ဘဏ္ဍာထိန်းရဟန်း နှစ်ဦးစလုံးတို့၏ ဓုရနိက္ခေပ ပြုမှသာ ပါရာဇိကဖြင့် ဆုံးဖြတ်ထား၏။ အကယ်၍ တစ်ဦးဦးဘက်မှ လုံ့လဥဿာဟအာလယ ရှိနေသေးလျှင် ပါရာဇိက မကျသေးကြောင်း ဆုံးဖြတ်ထားပါသည်။

သို့သော် ဤနေရာတွင် ၎င်းစေတီတော်၏ ပစ္စည်းကို မိမိပစ္စည်းအဖြစ် အစိုးတရပိုင်ဆိုင်ထိုက်သူမှာ စေတီတော်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းစေတီတော်၏ဓုရနိက္ခေပ ပြုမှု မပြုမှုများမှာ ထည့်သွင်း၍မစဉ်းစားထိုက်သောအရာ ဖြစ်ချေသည်။

သို့အတွက် ဤကဲ့သို့သော အရာမျိုး၌ စေတီတော်၏ ပစ္စည်းကို အလွဲသုံးစားပြုသူ ရဟန်း၏ ဓုရနိက္ခေပဖြင့်သာ အာပတ်ကို ဆုံးဖြတ်ထိုက်သည်ဟု သဘောရပါသည်။

(၂) ဤ၌ ဘဏ္ဍာဒေယျဟု စိစစ်နေခြင်းမှာလည်း စေတီတော်အတွက် ပြုပြင်ရန် လှူဒါန်းထားသော စေတီတော်၏ ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်သူ ဘဏ္ဍာထိန်းရဟန်းတော်အရာ၌ တည်နေသော ပုဂ္ဂိုလ်အတွက်သာ ဖြစ်ပါသည်။ ထိုသို့ ဘဏ္ဍာဒေယျဖြစ်ရာ၌ ဘဏ္ဍာစားပေးခဲ့သော် တန်ဘိုးညီမျှရန် လိုသည်ဟု သဘောရမိပါသည်။

သို့အတွက် အင်္ဂလိပ်ခေတ်က ငွေ ၅၀၀ဝိ/ -ဖြစ်သော စေတီတော်၏ ပစ္စည်းကို အလွဲသုံးစားပြုမိခဲ့သည့်အတွက် ဂျပန်ခေတ်ရောက်မှ ဂျပန်ငွေ ၅၀၀ဝိ/ -ဖြင့် ဘဏ္ဍာစားပေးခဲ့သော်လည်းကောင်း၊ ယခုခေတ်ရောက်မှ ယခုခေတ်ငွေ ၅၀၀ဝိ/ -ဖြင့် ဘဏ္ဍာစားပေးခဲ့သော်လည်းကောင်း ငွေတန်ဘိုး မညီမျှသည့်အတွက် မသင့်လျော်ဟု သဘောရပေသည်။

အကယ်၍ ထို ၅၀၀ဝိ/ -ဖြစ်သော စေတီတော်၏ ပစ္စည်းများကို အလွဲသုံးစား ပြုထားပါလျက် ဘဏ္ဍာစားမပေးတော့ဟု ဓုရနိက္ခေပပြုခဲ့သော် ယင်းသို့ ဓုရနိက္ခေပပြုချိန်၌ ခိုးလိုသောစိတ်ဖြင့် ယူသည့်သဘောသို့ သက်ရောက်သွားပြီ ဖြစ်သောကြောင့် ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်သင့်ပါသည်။

ဤမျှလောက်ဆိုလျှင် နံပါတ် (၁)အမေးအတွက် ပြည့်စုံလုံလောက်ပြီဟု ထင်ပါသည်ဘုရား။ နံပါတ် (၂)အမေးအတွက် ဆက်ကြဦးစို့ -

(၂) ရဟန်းကိုယ်တိုင် မိမိလက်နှင့် ကိုင်၍ စေတီတော်သို့ ရွှေချပါက အဘယ်အာပတ်သင့်ပါသနည်း။ ၎င်းအာပတ်မှ လွတ်ကင်းအောင် ဘယ်လိုကုစားရပါသလဲ။

ဤအမေးမှာ ခွဲခြားဝေဖန်ရန် များစွာရှိနေပါသည်။ စေတီတော်ကို ရွှေချရာ၌ ထိုရွှေဆိုင်းမှာ ဘယ်လိုရပါသလဲ၊ ဘယ်သူ လှူပါသလဲ စသည်ဖြင့် ဆန်းစစ်ရန် ရှိပါသည်။

အကယ်၍ ရဟန်းတစ်ပါးသည် ကိုယ်တိုင် မိမိအတွက် ရွှေငွေ အကပ္ပိယ ဝတ္ထုများကို ဒကာတို့ထံ အလှူခံ၍ မိမိပိုင် ထိုရွှေငွေမှ မိမိသဒ္ဓါအလျောက် ရွှေဆိုင်းဝယ်၍ စေတီတော်အား ရွှေချခဲ့သော်...

(က) အကပ္ပိယ ရွှေ,ငွေ ကို မိမိအတွက် အလှူခံခြင်းကြောင့် ရူပိယသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် အာပတ် သင့်ပါသည်။ ထိုအာပတ်ကို သိက္ခာပုဒ်လာသည့်အတိုင်း ကုစားပါ။

အကယ်၍ မိမိအတွက် ဉာတိပဝါရိတ မဟုတ်သူထံ အလှူခံမှု အညာတကဝိညတ္တိသိက္ခာပုဒ်နှင့်လည်း သက်ဆိုင်၍ ယင်းသိက္ခာပုဒ်အရ အာပတ်သင့်ပါသည်။ ထိုအာပတ်ကို ထိုသိက္ခာပုဒ်လာသည့် အတိုင်း ကုစားပါ။

(ခ) ထိုအလှူခံထားသောငွေဖြင့် ရွှေဆိုင်း ဝယ်ပြန်သောကြောင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပြန်သည်၊ ၎င်းသိက္ခာပုဒ်လာသည့်အတိုင်း ထိုအာပတ်ကို ကုစားပါ။

(ဂ) ရွှေဆိုင်းကို ကိုင်တွယ်သုံးသပ်ခြင်းကြောင့် အနာမာသဒုက္ကဋ်အာပတ်သင့်ပါသည်၊ ရွှေဆိုင်းကိုကိုင်၍ရွှေချခြင်းကြောင့်လည်းအနာမာသဒုက္ကဋ်အာပတ် သင့်ပါ၏၊ ၎င်းအာပတ်ကိုဒေသနာကြားပါ။

## မဖိတ်သူထံ အလှူခံ

အကယ်၍ ဝိနည်း မလိမ္မာသည့်အတွက် ထိုရဟန်းက ဘုရားစေတီအား ကိုယ်တိုင်ရွှေချလိုသည့်အတွက် ဆွေမျိုးမတော်သူ မဖိတ်သူတို့ထံ၌ စေတီအတွက် ရွှေဆိုင်းတိုက်ရိုက် အလှူခံ၍ ထိုရွှေဆိုင်းကို ကိုယ်တိုင်ချခဲ့သော် -

(က) ဆွေမျိုးမတော်သူ၊ မဖိတ်သူတို့ထံ၌ စေတီတော်အတွက် ကာယဝိညတ်ဖြင့်သာ မတောင်းဘဲ ဝစီဝိညတ်ဖြင့် တောင်းခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါ၏။

ဤ၌ ဆွေမျိုးမတော်သူ မဖိတ်သူတို့ထံ၌ စေတီတော်အတွက် တောင်း၍ ဒုက္ကဋ်အာပတ် သင့်ပါသည်၊

(ခ) စေတီတော်အတွက် ရွှေဆိုင်းကို လက်ခံခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါ၏၊

(ဂ) ရွှေဆိုင်းကို ကိုင်တွယ်သုံးသပ်ခြင်းကြောင့် အနာမာသ ဒုက္ကဋ်အာပတ် သင့်ပါ၏၊

အကယ်၍ ဆွေမျိုးမတော်သူ၊ မဖိတ်သူတို့ထံ၌ ရွှေဆိုင်းကို တိုက်ရိုက်အလှူခံ ကိုယ်တိုင် ရွှေချခဲ့သော် အထက်ပါ (ခ - ဂ)တို့အရ အာပတ်သင့်ပါသည်၊

ဤအရာ၌ စေတီတော်အတွက် လူတို့ ရွှေငွေကို မအပ်သော စီရင်ခြင်းဖြင့် စီရင်ရုံမျှ ဖြစ်၍ နိဿဂ္ဂိ မထိုက်ပါပေ။

## ကိုယ်တိုင်လှူ၍ ချစေသော်

အကယ်၍ ဒကာ ဒကာမတို့က သူတို့ သဒ္ဓါတရားအလျောက် ရွှေဆိုင်းများကိုဝယ်၍ စေတီတော်ရွှေချရန် ပေးလှူ၏၊ ရဟန်းတော်က မသိနားမလည်၍ ရွှေဆိုင်းကို လက်ခံပြီး ကိုယ်တိုင် ရွှေချခဲ့သော်

(က) ရွှေဆိုင်းကို စေတီတော်အတွက် လက်ခံခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်၏၊

(ခ) ရွှေငွေကို ဝင်ရောက်စီမံခြင်းကြောင့် ဒုဗ္ဗိစာရိတဖြစ်၍ ဒုက္ကဋ်အာပတ် သင့်၏၊

(ဂ) ရွှေဆိုင်းကို ကိုင်တွယ်သုံးသပ်ခြင်းကြောင့် အနာမာသဒုက္ကဋ်အာပတ် သင့်၏၊

၎င်း ဒုက္ကဋ်အာပတ်များကို ဒေသနာကြားခြင်းဖြင့် ကုစားရပါ၏၊ ရဟန်းလက်တွင် နိဿဂ္ဂိဝတ္ထု ထင်ရှားမရှိခြင်းကြောင့် နိဿဂ္ဂိ မထိုက်တော့ပေ။

ဤဖော်ပြပါ သုံးနည်းသော ရွှေချနည်းတို့နှင့် ပတ်သက်၍ အာပတ်သင့်ကြောင်းများကို ဆိုရာ၌ ရူပိယ သိက္ခာပုဒ်၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်များကို ထောက်ပါ။ ၎င်းပြင် ဝိ၊ ၄၊ ၂၊ ၁၃၀၊ ၂၆၉၊ ၂၅၆၊ ၂၅၇ စသည်တို့ကို လည်း ထောက်ပါ။

အကယ်၍ ရဟန်းတော် ရရှိလာသော ရွှေဆိုင်းမှာ ကုလဒူသန၊ ကုဟနလပန စသော အနေသနမှုများ ဖြင့် ရရှိသော ရွှေဆိုင်းဖြစ်မှု အဘူတာရောစနဖြင့် ရရှိသော ရွှေဆိုင်းများ ဖြစ်နေမှု အထက်ဖော်ပြပါ အာပတ်များ အပြင် မိစ္ဆာဇီဝဒုက္ကဋ်အာပတ်နှင့် အဘူတာရောစနကြောင့် ပါရာဇိကအာပတ်တို့ ထပ်လောင်း၍ ပိုလာဖွယ် ရှိပါသည်။

ဤမျှနှင့် နံပါတ်နှစ် ရွှေဆိုင်းပြဿနာနှင့် ပတ်သက်၍ ရွှေဆိုင်းသုံးမျိုးနှင့် သာဓက အကိုးအကားများ လုံလောက်ပေပြီဟု ယူဆပါသည်ဘုရား။

တပည့်တော် ယခု ရေးသားဖြေရှင်းခဲ့သော အဖြေများမှာ မိုင်းခိုင်းဆရာတော်ဘုရား ရေးသားသော "တိပေဋကဝိနိစ္ဆယ" ကို မှီး၍ ရေးသားဆုံးဖြတ်ပါသည် ဘုရား။

## ရှိခိုးသင့်၊ မသင့်

တစ်ဖန် နံပါတ်နှစ်အမေး၏ အဆက်နှင့် ပတ်သက်၍ ကြွင်းကျန်နေသော အဖြေကိုလည်း အဲဒီတိပေဋက ဝိနိစ္ဆယကျမ်းမှပင် ဖော်ပြလိုက်ပါသည်ဘုရား။

(၂) ဝိနယဂရုကရဟန်းက ရွှေချတာကို အကယ်၍ သိရှိပါက ၎င်းစေတီတော်အား ရှိခိုးသင့်.မရှိခိုး သင့် သိလျက် ရှိခိုးဦးချပါက ဦးချသောရဟန်း အာပတ် သင့်.မသင့်၊ ဝိနည်းတော်နှင့်အညီ သံသယမပွားရအောင် ဖြေကြားတော်မူပါ။

ရွှေချသော ရဟန်းအားလည်း စေတီအား အကယ်၍ ရဟန်းရှင်လူ အပေါင်းတို့ ရှိခိုးတိုင်း အဘယ် အာပတ် သင့်ပါသလဲ၊ ၎င်းရွှေချသော အာပတ်မှ လွတ်ကင်းရန် ၎င်းစေတီတော်အား အဘယ်သို့ ပြုလုပ်ရပါ မည်နည်း။

အဖြေမှာ ဝိနည်းအရာ မလိမ္မာသောရဟန်းသည် မအပ်သော အကပ္ပိယစကားဖြင့် နှိုးဆော်တိုက်တွန်း စီမံသော် နှိုးဆော်တိုက်တွန်း စီမံမိသော ရဟန်းအားသာ ဒုက္ကဋ်အာပတ်သင့်ခြင်း အပြစ်ရှိပါသည်။

စေတီတော်အားမူ ရှိမခိုးထိုက်ခြင်း စသော အပြစ်မရှိပါ။ ၎င်းပြင် လိုက်၊ မုခ်၌ ပန်းတင်၊ စေတီပြင် စသည် ၌ ခေတ္တ နားနေမှီခိုခြင်းကို မပြုရခြင်း စသောအပြစ် တစ်စုံတရာ မရှိပါဘုရား။

အဲဒီ အဓိပ္ပာယ်ကို ထင်ရှားသိသာအောင် ယုတ္တိဥဒါဟရဏ်ဆောင်၍ ပြပါဦးမည်ဘုရား။ ရဟန်းတော် တစ်ပါးသည် ဆွေမျိုးတော်စပ်သူ ဖိတ်မံထားသူဖြစ်သော ဒကာကို "ရွှေငွေကို လှူချေ" ဟု မအပ်သော အကပ္ပိယ စကားဖြင့် နှိုးဆော်တိုက်တွန်း၍ ထိုဒကာတို့၏ ရွှေငွေကိုသာ ရဟန်းတစ်ပါးထံ လှူစေရာ ထိုဒကာက ဝိနည်း တော်၌ အပ်စပ်သောစကားဖြင့် "နဝကမ္မသ ဒေမ = အမှုသစ်အား လှူဒါန်းပါကုန်၏" စသည်ဖြင့်ဆို၍ လှူသော် ခံသောရဟန်းအားလည်း အပြစ်မရှိပါဘုရား။

ဤဒကာသည် ဤစကားကို လျှောက်ဆို၏ဟု ကပ္ပိယကာရကတို့အား ပြောကြား၍ ခံယူအပ်သော ထိုပစ္စည်း၌လည်း ရဟန်းကောင်းတို့ ပယ်စွန့်အပ်၊ ရှောင်ကြဉ်အပ်သော အပြစ်မရှိသကဲ့သို့ ဆွေမျိုးတော်စပ်သူ၊

ဖိတ်မံသူဖြစ်သော ဒကာတို့ကို "သင်တို့၏ ရွှေငွေ၊ ရွှေဆိုင်း၊ ငွေဆိုင်း တို့ကို ဤမည်သော စေတီတော်အား လှူလေ၊ ကပ်လေ၊ ချလေ" ဟု မအပ်သော အကပ္ပိယဝေါဟာရဖြင့် ရဟန်းတော်က နှိုးဆော်တိုက်တွန်း၍ လှူစေသော်လည်း ထိုလှူစေသော ရဟန်းအားသာလျှင် အပြစ်ရှိပါသည်။

စေတီတော်၌ အပြစ်တစ်စုံတရာမျှ မရှိပါ။ အဘယ့်ကြောင့် နည်းဟူမူကား ပစ္စည်းရှင်ဖြစ်သူ လှူသူဒကာက စေတီတော်ကို ရွှေငွေလှူရာမှာ အပ်သောလှူနည်း၊ မအပ်သောလှူနည်းဟူ၍ အပြားမရှိပါ။ အပ်သောလှူနည်းချည်းသာ ရှိသည်ဟု ဆိုထိုက်သောကြောင့်လည်းကောင်း၊ စေတီတော် ဓာတ်တော်ရုပ်ပွားတော်တို့ကလည်း အပ်သောနည်းအားဖြင့် ခံခြင်း၊ မအပ်သောနည်းအားဖြင့် ခံခြင်းဟူ၍ အပြားမရှိပါ။

လှူသမျှ ဒကာတို့ ရွှေငွေကို အချင်းခပ်သိမ်း ခံထိုက်သည်ဟူ၍သာ ဆိုအပ်သောကြောင့်လည်းကောင်း၊ စေတီတော်၌ အပြစ်တစ်စုံတရာမျှ မရှိဟု မှတ်အပ်ပါသည်ဘုရား။

အထက်ဖော်ပြခဲ့သော "စေတိယဿ ဒေမ = စေတီတော်အား လှူဒါန်းပါကုန်၏" ဟု ဆို၍ ဒကာတို့က ရွှေငွေတို့ကို လှူရာ၌ လှူကောင်းသည်၊ အပ်သည်ဟု အဋ္ဌကထာ ဆုံးဖြတ်ထားသည့် နည်းပေးသည်ကို မှီး၍ ဆိုသောစကားများ ဖြစ်ပါသည်ဘုရား။

အဲဒီစကားတွေ မှန်ပါသည်။ မအပ်စပ်သော စကား အကပ္ပိယဝေါဟာရဖြင့် ခံယူခြင်း၊ ပြုစေခြင်းကြောင့် အလုံးစုံသော ရဟန်းတို့ မသုံးဆောင်ကြ ပစ်ထားရသော ရဟန်းတို့၏ ပစ္စည်းဖြစ်သော အကပ္ပိယ ရေမြောင်း ရေကန်ကိုပင် လှူရင်း ဒကာကဖြစ်စေ၊ ထိုဒကာ၏ ဆွေမျိုးသားချင်းတို့ကဖြစ်စေ၊ အစိုးရတို့ကဖြစ်စေ၊ သိမ်းယူ၍ တဖန် ကပ္ပိယစကားဖြင့် လှူဒါန်းပြန်မှ ရဟန်းတို့အား အပ်စပ်သော ဆွေမျိုး၊ ဖိတ်မံသူဖြစ်သော ဒကာတို့ ရွှေငွေကို စေတီအားလှူကြ၊ ကပ်ကြဟု နှိုးဆော်တိုက်တွန်းရုံမျှဖြစ်၍ ရဟန်းတို့ ပစ္စည်းမဖြစ်ပါ။

ဒကာတို့ ပစ္စည်းတွေသာဖြစ်သော ထိုရွှေငွေကို ဒကာတို့က လှူသော စေတီအား ကပ်ခြင်းသည် လှူသူ ဒကာ အလှူခံစေတီတို့၌ အပြစ်တစ်စုံတရာ မရှိကြောင်းကို ယုံကြည်လေးမြတ်အပ်ပါသည်။

တဖန် ဝိ၊ ဋ္ဌ၊ ၂၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ် အဋ္ဌကထာ၌ စတုတ္ထ သပိတ်သည် ရွှေငွေကို ရဟန်းမခံမှု၍ မအပ်သော စီရင်သောကြောင့် ထိုစီရင်သော ရဟန်းအားသာ မအပ်ပါ။ ကြွင်းသော ရဟန်းတို့အား အလိုလိုပင် အပ်ကြောင်း ဖွင့်ပြပါသည်။

ယင်းကို ထောက်ရှုနှိုင်းဆသော် ရွှေငွေကို ရဟန်းမခံ နိဿဂ္ဂိပါစိတ်နှင့် မဆက်ဆံသော အရာဖြစ်၍ အတိုင်းထက်အလွန် စေတီ၌ အပြစ်ဆိုဖွယ် မရှိကြောင်း မှတ်ယူယုံကြည်အပ်ပါသည် ဘုရား။

## အချုပ်မှာ

ဤမျှလောက်ဖြင့် အရှင်ဘုရား၏ အမေးအတွက် ပြည့်စုံလုံလောက်ပြီဟု ထင်ပါသည်ဘုရား။ ယခုဆုံးဖြတ်ခဲ့သော အဆုံးအဖြတ်၌ ရဟန်းကိုယ်တိုင် ဆွေမျိုးတော်သူ၊ ဖိတ်ထားသူ အထံ၌ဖြစ်စေ၊ ဆွေမျိုးမတော်သူ၊ ဖိတ်မံထားသူတို့ အထံ၌ဖြစ်စေ ရွှေငွေကို မိမိအတွက် အလှူခံပြီးမှ ထိုရွှေငွေဖြင့် ရွှေဆိုင်းဝယ်၍ ရွှေချခြင်း၊ ထိုနှစ်မျိုးသော ပုဂ္ဂိုလ်တို့ထံ မိမိကုသိုလ်ရရေးအတွက် ရည်ရွယ်၍ ရွှေဆိုင်း တိုက်ရိုက်အလှူခံပြီး ရွှေချခြင်းများနှင့် ပတ်သက်၍ စိစစ်ချက် မပါသော်လည်း ထိုရွှေဆိုင်းများကို ရွှေချရာ၌လည်း စေတီတော်ကို ရွှေချသူ ရဟန်းအတွက်သာ အထက်ဖော်ပြပါအတိုင်း အာပတ်အမျိုးမျိုးဖြင့် ဆုံးဖြတ်ခွင့်ရှိပါသည်။

အလှူခံဖြစ်သော စေတီမြတ်အား ရှိမခိုးထိုက်ခြင်း စသောအပြစ်၊ လိုဏ်၊ မုခ်၊ ပန်းတင်၊ စေတီပြင်၌ ခေတ္တနားနေ မှီခိုခြင်းကို မပြုရခြင်း စသော အပြစ်တစ်စုံတစ်ခု မရှိဟုပင် မှတ်ယူသင့်ပါသည်ဘုရား။

အဘယ့်ကြောင့်ဆိုသော် အလှူခံဖြစ်သော စေတီတော်အတွက် အပ်သော အလှူခံနည်း၊ မအပ်သော အလှူခံနည်းဟူ၍ စိစစ်ဖွယ် မလိုသောကြောင့် ဖြစ်ပါသည်ဘုရား။

မအပ်သော အလှူခံနည်းဖြင့် ရွှေငွေကို အလှူခံ၍ ဘုရားစေတီတည်ခြင်း၊ ပြုပြင်ခြင်းတို့ကို ရဟန်းတော်ကိုယ်တိုင် ပြုလုပ်ရာ၌လည်း အလားတူပင် ယူဆသင့်ပါသည်ဘုရား။

## အထူးသိဖွယ်

သို့သော် ဤအရာ၌ ထိုမအပ်သောနည်းဖြင့် စီမံပြုလုပ်ထားသော လိုဏ်၊ မုခ်၊ ပန်းတင်၊ စေတီပြင် တန်ဆောင်း စသည်တို့သို့ ဝင်ရောက်၍ စေတီတော်အား ရှိခိုးဝတ်ပြု ကောင်း၏။ ဖူးမြော်ကန်တော့ကောင်း၏။

သို့သော် ရှိခိုးဝတ်ပြုပြီး ဖူးမြော်ကန်တော့ပြီးနောက် ခေတ္တခဏ နားနေ တည်းခိုနေခြင်းများကို မပြုမလုပ်အပ်ကြောင်း၊ ပရိဘောဂအရာ၌ တည်ကြောင်း၊ မအပ်သောကျောင်း ပေါ်နေသည် မအပ်သောကျောင်းကို သုံးဆောင်သည်နှင့် တူကြောင်းကို မှတ်ယူအပ်ပါသည်ဘုရား။

ဤမျှလောက်ဆိုလျှင် အရှင်ဘုရား၏ အလိုပြည့်ဝလိမ့်မည်ဟု ထင်ပါသည်ဘုရား။ တပည့်တော်လည်း အတတ်နိုင်ဆုံး ဖြေပါသည်။ နောက်ထပ်လည်း ဤကဲ့သို့ သာသနာတော်အတွက် အရေးကြီးသော ပြဿနာများကို မေးပါလျှင် ဖြေကြားရေးသားရန် အသင့်ပါဘုရား။

ဤမျှဖြင့် နိဂုံးချုပ်ခွင့်ပြုပါတော့ဘုရား။

ဓမ္မဒူတအရှင်ပညာဇောတ၊
ခေတ္တ တောကျောင်းကြီး
ကွင်းကောက်တောင်၊ အင်္ဂပူမြို့နယ်
၁၃၄၃၊ ပြာသိုလဆုတ် (၁၄)ရက်။

✦ ဝိနည်းဒေသနာ သေအချာ ဖွေရှာကြည့်သင့်သည်။
✦ ဝိနည်းမတတ် အပြစ်ထပ် ပါယ်ရပ်ရောက်လိမ့်မည်။
✦ ဝိနည်းကိုတတ် ပါယ်လွတ်လပ် လူနတ်နိဗ္ဗာန်ရောက်လိမ့်မည်။
✦ ဝိနည်းဒေသနာ သူသူငါ သေချာသိသင့်သည်။
✦ ဝိနည်းသိခါ သာသနာ သေချာပြုသင့်သည်။
✦ သာသနာပြုမှ ယဉ်ကျေးကြ ရောက်ရနိဗ္ဗာန်ပြည်။

# ခုတော့ ချစ်ရာရောက်ပါသလားဘုရား

## (၁၇၈)

### သာသာနာတော် ပျက်စီးကြောင်း

သာသနာတော်ပျက်စီးခြင်း အကြောင်းတရား ခုနစ်ပါး ရှိသည်။ သာသနာတော် တည်တံ့လိုသော ပြန့်ပွားလို စည်ပင်လိုသော သူရောကိုယ်ပါ မည်သူမဆို ယင်းသာသနာပျက်စီးခြင်းအကြောင်း ခုနစ်ပါးကို နားလည်ထားသင့်သည်။ သို့မှသာလျှင် ယင်းတရားများကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

၁။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် ဘုရားရှင်၌ မရိုသေ မကျိုးနွံခြင်း၊

၂။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် တရားတော်၌ မရိုသေ မကျိုးနွံခြင်း၊

၃။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် သံဃာတော်၌ မရိုသေ မကျိုးနွံခြင်း၊

၄။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် အကျင့်သိက္ခာ၌ မရိုသေ မကျိုးနွံခြင်း၊

၅။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် သမာဓိတရား၌ မရိုသေ မကျိုးနွံခြင်း၊

၆။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် အပ္ပမာဒတရား၌ မရိုသေ မကျိုးနွံခြင်း၊

၇။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူတို့သည် အစေ့အစပ်ပြု ဆက်ဆံရေး၌ မရိုသေ မကျိုးနွံခြင်း၊

ဟူ၍ ခုနစ်ပါးသောတရားတို့ ဖြစ်ပါသည်။

"ဘုရားရှင်၌ မရိုသေခြင်း" ဆိုသည်မှာ ဘုရားရှင်၌ လေးစားရိုသေမှု ကင်းခြင်းကို ဆိုလိုပါသည်။ မကျိုးနွံခြင်းဆိုသည်မှာ ဘုရားရှင်၌ မိမိက နှိမ့်ချမှု မပြုခြင်းကို ဆိုလိုပါသည်။

တရားတော်နာရန် ရိုသေစွာမသွားခြင်း၊ ရိုသေစွာ မနာယူခြင်း၊ တရားတော်နာယူစဉ် အခြားစကားများကို ပြောကြားခြင်း၊ အခြားစကားများကို နားထောင်ခြင်း၊ ရိုသေစွာ မမှတ်သားခြင်း၊ ရိုသေစွာ ပြန်မဟောပြောခြင်း စသည်တို့သည် "တရားတော်၌ မရိုသေ မကျိုးနွံခြင်း" ဖြစ်သည်။

မထေရ်ကြီးက တိုက်တွန်းခွင့်မပြုဘဲ တရားဟောခြင်း၊ ထိုင်ခြင်း၊ မေးခြင်း၊ ဖြေခြင်း၊ ဝါကြီးသည့် ပုဂ္ဂိုလ်ကို တိုးဝှေ့၍ နေထိုင်ခြင်း၊ ဒူးနှစ်ဘက်ကို အဝတ်ဖြင့်သိုင်း၍ လက်ဖြင့်သိုင်း၍ နေထိုင်ခြင်း၊ ရဟန်းသံဃာ မြင်လောက်ရာ၌ ပခုံးနှစ်ဘက် ခြုံခြင်း စသည်တို့ကို ပြုလုပ်ခြင်းတို့ဖြင့် သံဃာမရိုသေ မကျိုးနွံခြင်းကို သိနိုင်သည်။

ရဟန်းတို့မှာ မိမိ၏ဝိနည်းသိက္ခာပုဒ်ကို မကျင့်သုံးလိုခြင်း၊ မကျင့်သုံးခြင်း၊ လူတို့မှာ ငါးပါးသီလနှင့် ဆောက်တည်ထားသည့် သီလများကို မကျင့်လိုခြင်း၊ မကျင့်သုံးခြင်းသည် အကျင့်သီလ၌ မရိုသေ မကျိုးနွံခြင်း ဖြစ်သည်။

ဈာန်တရား၊ သမာပတ် ၈ ပါးတို့ကို မပွားများ မကျင့်သုံးလိုခြင်း၊ မပွားများ မကျင့်သုံးခြင်းသည် သမာဓိတရား၌ မရိုသေ မကျိုးနွံခြင်း ဖြစ်သည်။

အပ္ပမာဒခေါ် အကုသိုလ်မှု မပြုမိရန် ကုသိုလ်အမှုပြုရန် သတိမထားခြင်း၊ သတိတရားကို မပွားများခြင်းသည် အပ္ပမာဒတရား၌ မရိုသေမကျိုးနွံခြင်းဖြစ်၏။

ရဟန်းတော်အချင်းချင်း ဆက်ဆံရေး၊ ရဟန်းနှင့် ဒကာ ဒကာမများ ဆက်ဆံရေး၊ ဒကာ ဒကာမအချင်းချင်း ဆက်ဆံရေးတို့၌ ဘုရားရှင်၏ တရားဒေသနာတော်နှင့်အညီ ဆက်ဆံမှုကို မပြုလိုခြင်း၊ မပြုခြင်းတို့သည် အစေ့အစပ်ပြုခြင်း၊ ဆက်ဆံရေး၌ မရိုသေ မကျိုးနွံခြင်း ဖြစ်သည်။

သာသနာတော် တည်တံ့ခြင်းအကြောင်းမှာ သာသနာတော်ပျက်စီးခြင်းအကြောင်းကို ပြောင်းပြန် ပြန်သောအားဖြင့် သိမှတ်ရာ၏။ ယနေ့ ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူတို့သည် သာသနာတော်ပျက်စီးခြင်းအကြောင်း၊ တည်တံ့ခြင်းအကြောင်းတို့တွင် အဘယ်တရား၌ အလေးမူနေပါသနည်း။ အောက်ပါစာကို ရှုကြည့်ပါဘိ -

## (၆)ကြိမ်ဝင်ခဲ့

ဆရာတော်ဘုရား...တပည့်တော် ရိုသေစွာ စာရေးလျှောက်တင်အပ်ပါသည်ဘုရား၊ တပည့်တော်ဟာ ၂၃-၁၂-၈၁ နေ့မှ စ၍ ၃-၂-၈၃ နေ့အထိ တစ်နှစ်တာအတွင်းမှာ ၁၀ ရက်စခန်း တရားပွဲ (၆)ကြိမ် အားထုတ်ပြီးပါပြီဘုရား၊ တစ်နှစ်တာအတွင်းမှာ မိမိတာဝန်ကို ထမ်းဆောင်ရင်း တရားစခန်း (၆)ကြိမ်မျှ ကြိုးစားပြီး ဝင်ရခြင်းအကြောင်းမှာ ပထမအကြိမ် တရားစခန်းဝင်သည့် အချိန်မှစ၍ အသိထူး အမြင်ထူး ဖြစ်သွား၍ ရသွား၍ ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့သည် ပထမအကြိမ် တရားစခန်း ဝင်စဉ်ကတည်းက ရုပ်နာမ်ရဲ့မတည်မြဲတဲ့ အနိစ္စ၊ အစိုးမရတဲ့ အနတ္တတရားတွေကို ပိုင်ပိုင်နိုင်နိုင် သိမြင်သွားလို့ အတ္တတရားတွေ ကင်းစင်သွားပါတယ်ဘုရား။

ဒုတိယအကြိမ် တရားစခန်းဝင်တော့ ခန္ဓာရဲ့ရုပ်နာမ်အစဉ် ဖြစ်ပျက်တရားတွေ နှိပ်စက်မှုဒဏ်ကို အဖန်ဖန်ခံနေရတဲ့အတွက် ခန္ဓာဒုက္ခကို သိရပါတယ်ဘုရား။ အဲဒီအခါ စွဲလမ်းစရာ နှစ်သက်စရာ တွယ်တာပြတ်နိုးစရာ မရှိတဲ့ ခန္ဓာကိုယ်ကြီးကို မချစ်ခင်တော့ဘဲ စွန့်လွှတ်ရဲပါတယ်ဘုရား။

ခန္ဓာအပေါ်စွဲလမ်းနှစ်သက်မှုတွေ နည်းပါးလာသည်နှင့်အမျှ ရင်တွင်းဝယ် မဖော်ပြနိုင်သော အေးငြိမ်းမှုများ ချမ်းသာမှုများ ရရှိခံစားလာရပါတယ်ဘုရား။

အဲဒီလို ခံစားလာရသည်နှင့်အမျှ တရားကို ခန္ဓာ လွှတ်မချနိုင်ဘဲ တိုး၍သာ ပွားများအားထုတ်ချင်စိတ် ဖြစ်ကာ တိုး၍သာ အားထုတ်လျက်ပါဘုရား။

တတိယအကြိမ် တရားစခန်းမှ စ၍ တရားသဘောကို ရှေ့ကထက် သိမြင်လာလေလေ လူ့ဘောင်မှ ဖယ်ခွာလို့ တရားဘောင်ထဲ အပြီးပဲ ဝင်ရောက်ချင်လေပါဘုရား။

## ဘဝအခြေအနေ မပေး

လူ့ဘောင်မှာ ငြီးငွေ့လို့ တရားဘောင်ထဲသို့ ဝင်ချင်ပေမဲ့ ဘဝအခြေအနေ မပေးလို့ လောကီမှာပဲ ကျင်လည်ကျက်စား ပြေးသွားနေရပါတယ်ဘုရား။ တပည့်တော်အနေနဲ့ လောကီတာဝန်ဖြစ်တဲ့ ဆရာမတာဝန်ကို ထမ်းဆောင်နေရပေမဲ့ တပည့်တော်ရဲ့ စိတ်ကတော့ တရားနယ်ပယ်ထဲမှာပါဘုရား။ အမှန်အတိုင်း အရှိအတိုင်း လျှောက်ထားရရင်တော့ တကယ်ပဲ ကိုယ့်လုပ်ငန်းမှ အပြီးအပိုင်ထွက်လို့ သာသနာ့လုပ်ငန်းမှာပဲ ဇောက်ချလုပ်ကိုင်နေချင်ပါပြီဘုရား။ ဒီနေရာမှာ တပည့်တော် မရှင်းလင်းလို့ မေးမြန်းလျှောက်တင်ပါရစေဘုရား။

လူသားတွေဟာ ... ပစ္စုပ္ပန်ဘဝမှာ အတိတ်ကံ စီမံရာခံပြီး ဘဝဇာတ်ခုံပေါ်မှာ က.ကြရတယ် မဟုတ်လားဘုရား။ ဘယ်လောက်ပင် စိတ်ဆန္ဒ ရှိနေသော်လည်း အခြေအနေ အချိန်အခါ မပေးသေးရင် တစ်နည်းအားဖြင့် အချိန်မကျသေးရင် ကိုယ်ဖြစ်ချင်ရချင်တဲ့ ဘဝကို မရဘဲ ကိုယ် မဖြစ်ချင် မရချင်တဲ့ဘဝမှာပဲ ကျင်လည်ကျက်စား ပြေးလွှားနေရတယ် မဟုတ်ပါလားဘုရား"

တပည့်တော်အနေနဲ့ ကြာလေ လူ့ဘဝတာဝန်တွေကို ငြီးငွေ့လေပဲဘုရား။ တကယ်ပဲ လောကီတာဝန်ကို စွန့်ပြီး တရားအလုပ်နဲ့သာ အရိုးထုတ်ချင်နေပါတယ်ဘုရား။ တပည့်တော်ရဲ့ စိတ်က ပြင်းပြနေပေမဲ့ တပည့်တော် ယခုအချိန်အထိ တပည့်တော်ရဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ မခွဲထွက်နိုင် မရုန်းထွက်နိုင်သေးပါဘုရား ...

"ဆရာတော်ဘုရား ... အဲဒါ တပည့်တော်ရဲ့အတိတ်ကံကြောင့်လား၊ တပည့်တော်ရဲ့စိတ်အားထက်သန်မှု နည်းနေလို့လား၊ ဒါမှမဟုတ် တပည့်တော်ရဲ့ ကြိုးစားဆောင်ရွက်မှုတွေ အားနည်းနေလို့လားဘုရား"

တပည့်တော်ကို ရှင်းရှင်းလင်းလင်း ဖြေကြားပေးတော်မူပါဘုရား။ ဆရာတော်ဘုရား အမိန့်ရှိသလို အို. နာ.သေ ခန္ဓာကြီး ရထားတဲ့အတိုင်း အို. နာ. သေကို မကြောက်ဘဲ ခန္ဓာကိုယ်ကို အရင်းပြုလို့ မအို. မနာ. မသေရာ မြတ်နိဗ္ဗာန်ကို ရှာရမည် မဟုတ်လားဘုရား။

အခုလည်း တပည့်တော်ဟာ ဒုက္ခခန္ဓာကြီးရထားတော့ ဒီဒုက္ခမှ လွတ်မြောက်ရာ အမြိုက်နိဗ္ဗာန်ကို ဒီခန္ဓာကိုယ်ကြီးကို ရင်းပြီးတော့ ရှာနေပါတယ်ဘုရား။ ဒါ့ကြောင့်လည်း တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲမှု ဒုက္ခအပေါင်းတွေကို အစစအရာရာမှာ သည်းခံခွင့်လွှတ်လို့ အေးငြိမ်းမှုကို ရှာနေပါတယ်ဘုရား။

## သုခကို ဒုက္ခနဲ့ရင်း

သုခတစ်ခု ရဖို့ဟာ ဒုက္ခတစ်ခုနဲ့ ရင်းပြီးမှ ရတယ်မဟုတ်လားဘုရား။ သုခကို သုခနဲ့တော့ရင်းပြီး မရဘူးပေါ့ဘုရား။ အခု တပည့်တော်လည်း သုခရဖို့အရေး ဒုက္ခတွေ များစွာနဲ့ရင်းပြီး ကြိုးစားနေရပါတယ်ဘုရား။ ဒုက္ခများစွာနဲ့ ရင်းနှီးပြီးမှ သုခ ချမ်းသာ ရရှိလာပုံကို တပည့်တော်ရဲ့ခံစားရတဲ့ ခံစားမှုအတိုင်း တပည့်တော် တင်ပြချင်ပါတယ်ဘုရား။

"ဆရာတော်ဘုရား ... တပည့်တော်ဟာ တရားစခန်း မဝင်ခင်တုန်းက အပျော်အပါးကို ခုံမင်တဲ့လူတစ်ယောက်ပါဘုရား။ အပျော်အပါးကို နှစ်သက်ခုံမင်တယ်ဆိုသော်လည်း အလွန်အကျူး လောဘတရားနဲ့ စားမယ် သောက်မယ်၊ သွားမယ် လာမယ် ပျော်ပါးမယ်တော့ မဟုတ်ပါဘုရား။

"တပည့်တော်က တရားမသိခင် အချိန်ကတည်းက ရတာနဲ့ ရောင့်ရဲတင်းတိမ်နိုင်တဲ့ သဘောလေးတော့ ရှိပါတယ်ဘုရား။ အပျော်အပါး ကြိုက်တယ်ဆိုတာက ကိုယ့်မှာရှိတာလေးနဲ့ ကိုယ် ချင့်ချိန်ပြီး သူများကို စိတ်ဆင်းရဲမှု မဖြစ်အောင် သွားလာလှုပ်ရှား ပျော်ပါးတာပါဘုရား။

## ကြည့်ကောင်းရုံသာ

အလှအပတရားတွေမှာလည်း ခံမင်တယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်ဆိုတာ သိပ်ပြီးတော့ မရှိလှပါဘုရား၊ ကြည့်ကောင်းရုံလောက်သာ ပြင်ဆင်သွားလာပါတယ်။ တစ်ခုတော့ ရှိပါတယ်ဘုရား။ လောဘတရား နည်းပေမဲ့ ဒေါသတော့ တပည့်တော်မှာ ကြီးပါတယ်ဘုရား။

"ဒေါသကြီးတာကလည်း အကြောင်းရှိပါတယ်ဘုရား၊ တပည့်တော်မှာ မိသားစုက များပါတယ်ဘုရား၊ တစ်အိမ်ထဲမှာပဲ မိသားစု လေးစု ရှိတော့ လူတွေ များပါတယ်ဘုရား။ ဒီအထဲမှာ တပည့်တော်တစ်ယောက်တည်း လူလွတ်ဖြစ်နေတော့ အားလုံးသော မိသားစုတွေ တစ်ဦးပေါ် တစ်ဦး အပြစ်မမြင်ရအောင် ကြားထဲက တပည့်တော်က လူတတ်ကြီးလုပ်ပြီး ဒေါသမဖြစ်ချင်ဘဲ ဖြစ်ဟန်ဆောင်ပြီး အော်ငေါက်ဆူပူ ကြိမ်းမောင်းခဲ့ရပါတယ်ဘုရား။ အဲဒီအချိန်တုန်းက တပည့်တော်ကိုယ်ကို တပည့်တော် တော်တော်လေး အထင်ကြီးမိခဲ့ပါတယ်ဘုရား။

"ဒီအိမ်မှာ ငါတော်တော်ထက်တယ်၊ အားလုံး မိသားစုတွေ ပြဿနာ မဖြစ်အောင် ထိန်းပေးနိုင်တယ်၊ ငါမှ မရှိရင် ဒီအိမ်တော့ မလွယ်ဘူးဆိုပြီး ကိုယ့်ကိုယ်ကို သဘောကျ ကျေနပ်ခဲ့ပါတယ်ဘုရား။

"အခု တရားကို သေချာစွာ လိုက်စားရှုပွားတော့မှ ဒီလိုလုပ်ဆောင်နေတာ အားလုံးဟာ အားလုံးအတွက်ဆိုပေမဲ့ တကယ်တမ်းကျတော့ ငါ့အတွက် နှစ်နာမှု၊ဆုံးရှုံးမှုတွေ ဖြစ်နေရပါကလား၊ ငါမရှိလည်းသူတို့ဘာသာသူတို့ ဖြစ်သွားမှာပဲ၊ ငါ့ရဲ့ ရုပ်နာမ်တရားတွေကိုတောင် ငါ အစိုးမရပါဘဲနဲ့ မိသားစုအားလုံးကို ဘယ်လိုများ စိုးပိုင်ထိန်းသိမ်းနိုင်ပါ့မလဲ။

လို့ ဆိုပြီး သံဝေဂတရားတွေ ဖြစ်ကာ ငါစွဲတွေ ပြုတ်ခဲ့ပါတယ်ဘုရား။ ငါစွဲ ပြုတ်တော့ ကိုယ်စိတ်ချမ်းသာမှုများစွာ ရပါတယ်ဘုရား။

## ခွင့်လွှတ်စိတ်နဲ့ ကြည့်

"ဆရာတော်ဘုရား . . . ဖြစ်သင့် ဖြစ်ထိုက်တာကို ညွှန်ပြပြီး မဖြစ်သင့်. မဖြစ်ထိုက်တာကို မဖြစ်ရအောင် ဆုံးမလို့မှ မရတဲ့အခါကျတော့ အားလုံးကို ခွင့်လွှတ်စိတ်နဲ့ကြည့်ပြီး လျစ်လျူရှုလိုက်ရပါတယ်ဘုရား။

"တပည့်တော် ဘယ်လောက်ထိများ မိသားစုတွေအပေါ် သံယောဇဉ်ကြီးခဲ့သလဲဆိုရင် ဖြစ်လာသမျှ မိသားစု ဒုက္ခတွေကို လူလွတ်ဖြစ်တဲ့ တပည့်တော်ပဲ ခါးစည်းပြီး ခံခဲ့ပါတယ်ဘုရား။ အိမ်ပေါ်ရှိ ၄ - အိမ်ထောင်စုအတွက် တပည့်တော်က ငွေရေးကြေးရေးပါ မကျန် တာဝန်ယူရပါတယ်၊ ဘယ်သူတွေ ဘာတွေလုပ်လာ၊ လုပ်လာ အားလုံးကို တပည့်တော်က ဒိုင်ခံဆပ်ပေးပါ့ဘုရား။ မောရမှန်း ပန်းရမှန်း မသိပါဘုရား။

## တော်လိုက်တာ

"ပတ်ဝန်းကျင်က တပည့်တော်ကို ဒီလို မိဘမောင်နှမ သားချင်းအပေါ် တာဝန်သိသိ ထမ်းဆောင်နေတော့ (....) ဟာ တော်လိုက်တာ၊ မိဘကျေးဇူး သိတတ်လိုက်တာ အစရှိသည်ဖြင့် ချီးကျူးထောမနာ ပြုကြပါတယ်ဘုရား။

"အဲဒီလို ချီးကျူးသံလေးတွေကို ကြားရလေ တပည့်တော်က ဝမ်းသာအားရလေမို့ ပိုပြီးတော့ ဒီအိမ်က မထွက်နိုင်လေ၊ အရှုံးဘုံမြှောက် ဆိုသလိုပေါ့ဘုရား။ အဟုတ်ကြီးမှတ်ပြီး ဒီအိမ်ထဲမှာ လည်နေလိုက်တာ၊ ပျော်နေလိုက်တာ ဘယ်ပြောကောင်းမလဲဘုရား။

"ဒီလိုမျိုး မိသားစုဘဝကျွန်ဘဝက လွတ်မြောက်အောင် ဘယ်လိုကြိုးစားရမယ်၊ ဘယ်လို အားထုတ်ရမယ်ဆိုတာ မသိခဲ့ပါဘုရား။ မဟုတ်တဲ့နေရာမှာပဲ ပျော်နေလိုက်တာ ဘယ်လောက်ထိ ပုထုဇဉ်ဘဝ တပည့်တော်ရှုံးခဲ့တယ်ဆိုတာ လျှောက်ပါရစေဘုရား။

"တပည့်တော်က လူလွတ်ဆိုတော့ အိမ်ပေါ်ရှိ ၄ - အိမ်ထောင်တို့က တပည့်တော်မှ တပည့်တော် ဖြစ်နေကြပါတယ်ဘုရား၊ တပည့်တော်ကလည်း သူတို့မှ သူတို့ဖြစ်ပါတယ်ဘုရား၊ သူတို့က (.....)ရေတစ်ချိုလောက် ကပြစမ်း၊ တစ်ပုဒ်လောက် ဆိုပြစမ်းပါဆိုလည်း ကပြ ဆိုပြ လိုက်တာပါပဲဘုရား။

"သူတို့ကိုလည်း အကသင်ပေးလိုက် အဆိုသင်ပေးလိုက်နဲ့ မိသားစုတွေ ဝိုင်းပြီးသီဆိုကခုန်ခဲ့ကြတာ အရှုံးထဲခဲ့တာ နှစ်အတော်ကြာခဲ့ပါဘုရား၊ ဒါတွေကိုပဲ ပျော်စရာထင်ခဲ့တာ မသိလို့ မိုက်ခဲ့ မှားခဲ့တာ ခုတော့ အရှုံးဘဝ၊ အမိုက်ဘဝအမှားဘဝမှ လွတ်ခဲ့ရပါတယ်ဘုရား။

## နောင်မှ တစမြဲ

"အဲဒီနေ့ကတော့ ၃ - ၁ - ၈၂ နေ့ပဲ ဖြစ်ပါတယ်ဘုရား၊ ပထမဦးဆုံး တရားစခန်းဝင်ပြီးလို့ တရားစခန်းက ထွက်တဲ့အချိန်ကျတော့မှ တပည့်တော်ရဲ့ ကုန်လွန်ခဲ့တဲ့အချိန်တွေ ရှုံးခဲ့.မိုက်ခဲ့တဲ့ အချိန်တွေကို နောင်တ.ရလို့ မဆုံးတော့ပါဘုရား။ နောင်တ.ဆိုတာ နောင်မှ တ.စမြဲဆိုတာ မှန်ပါတယ်ဘုရား။

နောင်မှ တ.လို့ နောင်တဖြစ်ပေမဲ့ နောင်တရတဲ့ အချိန်ကစလို့ အစစ.အရာရာမှာ ပြုပြင်သွားမယ်၊ သိထားတဲ့ တရားအတိုင်းလည်း ကျင့်ကြံသွားမယ်၊ ကြိုးစားသွားမယ်ဆိုရင် ကျန်တဲ့အချိန်အတွက် အရှုံးမရှိဘဲ အမြတ်ထွက်နိုင်ပါသေးသလားဘုရား။

"တပည့်တော် အစမှလျှောက်တင်ခဲ့သလို လောကီတာဝန်ကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်နေရတော့ တရားနယ်ပယ်ထဲမှာ စိတ်ရောကိုယ်ပါ မထမ်းဆောင်နိုင်သေးပါဘုရား၊ တပည့်တော်ရဲ့ လုပ်ဆောင်မှုတိုင်းမှာတော့ အရှိန်နဲ့အသိကပ်လျက်ပါဘုရား။

"ဘယ်လောက်ပဲ အရှိန်နဲ့အသိ ကပ်ပေမဲ့ တရားစခန်းမှာလိုတော့ မတူတာ အမှန်ပါဘုရား။ တရားစခန်းနဲ့ မတူလို့အသိတွေကို လွှတ်ချထားရမလားဆိုတော့ ဒီလိုလည်း မဟုတ်ပါဘုရား၊ ရတဲ့အချိန်မှာ ရသလိုပဲ ကြိုးစားလျက်ပါဘုရား။

## တွယ်တာမှု နည်းသွား

"တရားစခန်းကို (၆)ကြိမ် ဝင်ပြီးတာနဲ့အမျှ တပည့်တော်ရဲ့အသိတရားဟာ လောကီလူသားအများနဲ့ ဆန့်ကျင်ဘက်ဖြစ်သွားပါတယ်ဘုရား။ တပည့်တော် ပထမအကြိမ် တရားစခန်းဝင်ပြီးကတည်းက ခန္ဓာအပေါ် စွဲလမ်းတွယ်တာမှု နည်းသွားခဲ့ပါတယ်ဘုရား။

"ခန္ဓာအပေါ်စွဲလမ်းတွယ်တာမှု နည်းသွားတာနဲ့အမျှဖြစ်သမျှနဲ့ ရောင့်ရဲတာ၊ ဝတ်ဆင်သွားလာနေထိုင် စားသောက်ခဲ့ပါတယ်ဘုရား။ တပည့်တော်မက ကျောင်းဆရာမဆိုတော့ တစ်ဘက်က လောကီဂုဏ် ရှိနေသေးတော့ ဝတ်သင့်သလောက်ဝတ်နေပါသေးတယ်ဘုရား။

ဒါပေမဲ့ ပထမအကြိမ် တရားစခန်းက ထွက်ပြီးတာနဲ့ ယခုအချိန်အထိ သီလရှင်ဘဝ မရောက်သေးသော်လည်း အမြဲတမ်း ယောဂီဝတ်စုံကိုပဲ ဝတ်ဆင်နေပါတယ်ဘုရား။ လောကီဂုဏ်နဲ့ တရားဂုဏ်ကို တပည့်တော် မလဲနိုင်လို့ ရာသက်ပန် ယောဂီဝတ်နဲ့ပဲ အရိုးထုတ်သွားတော့မယ်ဘုရား။

## တရားရှူး. ရှူးသွားပြီ

"ဒီလိုမျိုး ယောဂီဝတ်စုံကို ဝတ်၊ ဘီးကျော်ပတ်လို့ မပြင်မဆင် မဖြီးမလိမ်းဘဲ နေတော့ (.....)တစ်ယောက် တရားရှူး. ရှူးသွားပြီတဲ့ဘုရား၊ ငယ်ငယ်လေးနဲ့ အဘွားကြီးအို ဖြစ်သွားပြီ၊ စိတ်ညစ်စရာတွေ များလွန်းလို့ နောက်သွားပြီ အစရှိသည်ဖြင့် ပြောဆိုဝေဖန်ကြပါတယ်ဘုရား။

အဲဒီ ဝေဖန်ပြောဆို ပြစ်တင်မှု ကလေးတွေပဲ မဟုတ်လားဘုရား။ တပည့်တော်ရဲ့ဝတ်စားဆင်ယင်မှုကို ကြည့်ပြီး ဘယ်သူတွေက ဘာတွေပဲ ပြောနေကြပါစေ၊ တပည့်တော်ကိုယ်ကို တပည့်တော် ပြန်ကြည့်တော့ စိတ်ချမ်းသာလို့ ပီတိသောမနဿဖြစ်လို့ပါပဲဘုရား၊ မိမိရဲ့စိတ်ချမ်းသာမှုက အဓိက မဟုတ်ပါလားဘုရား။

"ယခင်က ဖြီးလိမ်းပြင်ဆင်တဲ့အချိန်မှာ မဖြီးလိမ်း မပြင်ဆင်တော့ အချိန်တွေ ဘယ်လောက်သက်သာသွားသလဲ ဆိုတာ သူတို့ မသိကြပါဘုရား။ အဲဒီအချိန်မှာ တပည့်တော်က တရားရရှိရေးအတွက် အသုံးချ၍ တပည့်တော်အတွက် အမြတ်ထွက်ပါတယ်ဘုရား၊ ရတဲ့အချိန်မှာ အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်တာနဲ့အမျှ တပည့်တော်အတွက် အမြတ်ကြီးပါဘုရား။

## ပြဿနာ ဖြစ်လာ

"အမြတ် များများထွက်လေ၊ အဲဒီအလုပ်ကို လက်မလွှတ်ချင်ဘဲဖြစ်ပါတယ်ဘုရား၊ အိမ်မိသားစုအပေါ်လည်း သံယောဇဉ်ဖြတ်တောက်နိုင်သလောက် ဖြတ်တောက်နိုင်ပြီဆိုတော့ အစက မိသားစုတွေအတွက် ကုန်ခဲ့ရတဲ့ အချိန်တွေအားလုံးဟာ တပည့်တော်အတွက် ပြန်လည်ရရှိပါတယ်ဘုရား။

"အဲဒီလို ကိုယ့်အတွက် ကိုယ်ခဲပြီး ကိုယ့်အမှားတွေ ကိုယ်ပြင်ကာ ဒါန. သီလ. ဘာဝနာတရားတွေကို ဇောက်ချ လုပ်လာတဲ့အခါမှာ တပည့်တော်အတွက် ပြဿနာ.တက်လာပြန်ပါတယ်ဘုရား၊ အတော်တော့ ဆန်းကြယ်ပါတယ်ဘုရား။

"အစက မသိလို့ လူ့လောကအလယ်မှာ အိမ်သူ အိမ်သားတွေနဲ့ပျော်၊ အပူတွေအားလုံးကို ယူနေတဲ့ အချိန်အခါတုန်းက (.....)ဟာ တော်လိုက်တာတဲ့၊ ယခု တရားသဘောသိလာလို့ သွားတာ လာတာ ပြောတာတွေ ဆင်ခြင်လိုက်တဲ့အခါကျတော့ (.....)ဟာ တစ်ကိုယ်ကောင်း.ဆန်တယ်တဲ့၊ တရားသမားတွေဟာ တစ်ကိုယ်ကောင်းသမားတွေတဲ့၊ လောကအလယ်မှာနေပြီး ရှူးနေပြီတဲ့ဘုရား။

"တပည့်တော်က အနေပြင်လိုက်တော့ တပည့်တော်နဲ့ အများက ဆန့်ကျင်ဘက်ကြီး ဖြစ်နေပြီပေါ့ဘုရား၊ လောကလူသား ပညာမဲ့အများကတော့ တပည့်တော်ကို ကဲ့ရဲ့ဝေဖန်ကြပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော် မတုန်လှုပ်ပါဘုရား။

"အများရဲ့ပြစ်တင်ဝေဖန်မှုတွေကို သည်းခံနိုင်ပေမဲ့ ပုထုဇဉ် သဘာဝကတော့ တပည့်တော်မှာ မိသားစုနဲ့ ပတ်သက်ပြီး ခံစားမှုလေးတွေ ဖြစ်ရပါတယ်ဘုရား။ ဖြစ်တဲ့အခါ ဖြစ်လိုက်တာနဲ့ သိလိုက်ပါတယ်ဘုရား၊ သိတာနဲ့ ပျက်သွားတာမို့ သက်သာပါတယ်ဘုရား၊ တပည့်တော်ရဲ့ မိသားစုတွေကို အမြင်မှန် အသိမှန် ရစေချင်ပါတယ်ဘုရား။

## သီလအခြေခံရ

"တပည့်တော်ရဲ့စံစားမှုတွေက သီလမြဲမှုအပေါ်အခြေခံပြီး ရလာတယ်ဆိုတာ ခံစားရတဲ့ တပည့်တော်သာ သိပါတယ်ဘုရား။ သီလရှိမှ သမာဓိ.ဖြစ်မယ်ဆိုတော့ သီလကို မပျောက်မကျား မညှိုးမနွမ်းရအောင် စောင့်ထိန်းနေတဲ့ တပည့်တော်ကို -

"ဥပုသ် စောင့်ပြန်ပြီလား . . .၊ ဥပုသ်စောင့်ရင် တစ်ခါဖျားဦးမယ်၊ နင့်မျက်နှာကိုလည်း နင်ပြန်ကြည့်ဦး၊ မျက်တွင်းတွေ ကျလို့၊ နင့်ရုပ်က အိုရုပ် ပေါက်နေပြီ"

လို့ နီးစပ်သူများက ပြောကြပါတယ်ဘုရား။ ကြည့်ပါဦးဘုရား၊ တပည့်တော် ကုသိုလ်အလုပ် လုပ်နေတာ အားမပေးတဲ့အပြင် အပြစ်ပြောတာကို တပည့်တော် စိတ်မကောင်းပါဘုရား။ တပည့်တော်ကို ကြေးမုံလို ရှုနေပေမဲ့ ရှုတာတ်ဦးမှပေါ့ဘုရား။ ခုတော့ ချစ်ရာ ရောက်ပါသေးသလားဘုရား။

"တပည့်တော် ဒီလိုမျိုး ဥပုသ်သီလတွေ မစောင့်ထိန်းခင် ၁၉၇၇ ခုနှစ်မှာ ဆေးခွင့်နှစ်လတောင် ယူရပါတယ်ဘုရား၊ အဲဒီတုန်းက အဖျားဟာ ၁၉၈၂ ခုနှစ် တရားဝင်ပြီးမှ ပျောက်သွားပါတယ်ဘုရား။

"တရားဝင်လို့ ရောဂါ ပျောက်သွားတာတော့ မပြောကြပါဘူး၊ဖြစ်ချိန်ကျရင် ဖြစ်မယ်၊ ပျက်ချိန်ကျရင် ပျက်မယ်၊ နာဖျားချိန်ကျရင် နာဖျားမှာပေါ့ဘုရား၊ အခုတော့ ဥပုသ်စောင့်လို့ပဲ နာဖျားနေသလို ဖြစ်တယ်ဆိုတော့ တပည့်တော်အတွက် ခက်လှပါတယ်ဘုရား။ ဆရာတော် သံဃာတော်တွေဆိုရင် ဘယ်နှယ်လုပ်ပါ့မလဲဘုရား။ အမြဲဖျားဖို့ ရှိပါတော့တယ်ဘုရား၊ တကယ်တော့ မဖျားပါဘုရား။

## အမြင်မှန်ရရင် တော်ပါပြီ

"ဆရာတော်ဘုရား၊ ပတ်ဝန်းကျင် အမြင်မှားနေပါစေ၊ ကိုယ့်မိသားစုက အမြင်မှန်ရရင် တော်သေးတာပေါ့ဘုရား၊ တပည့်တော် ကုသိုလ်လုပ်တာကျတော့ ပြောချင်ကြတယ်ဘုရား၊ "အစွန်းထွက်တယ်၊ တရားရူး. ရူးတယ်၊ တကယ်ပဲ တစ်ဘဝတည်း အပြတ်ရမှာ ကျနေတာပဲ" အစရှိသဖြင့် စုံလို့ပါပဲဘုရား၊

"ကုသိုလ်ရေးကို ကြိုးစားနေတဲ့ တပည့်တော်အတွက် ဂုဏ်ယူဖို့ မကောင်းပါလားဘုရား၊ တပည့်တော် ကုသိုလ်လုပ်တာနဲ့ပတ်သက်လို့ ဘယ်သူတွေကပြောပြော တပည့်တော်က ကျေနပ်ပါတယ်ဘုရား၊ တပည့်တော်အတွက် တပည့်တော် ဂုဏ်ယူပါတယ်ဘုရား၊ ဒီလိုအသိမျိုး အမြဲတမ်းမြဲသွားအောင် ကြိုးစားရင်း တပည့်တော်ကိုယ်ကို တပည့်တော် ဂုဏ်ယူနေတာ မှန်တယ်မဟုတ်လားဘုရား၊

"နီးစပ်သူတွေကို အပြစ်တင်တာတော့ မဟုတ်ပါဘုရား၊ သူတို့ရဲ့ ကျေးဇူးဟာ ဆပ်လို့မကုန်နိုင်လောက်အောင် ကြီးမားလှပါတယ်ဆိုတာ တပည့်တော် သိပါတယ်ဘုရား၊ ဒါပေမဲ့ မှန်မှန်ကန်ကန် ချစ်တတ်ဖို့တော့ လိုမယ်လို့ တပည့်တော် ထင်ပါတယ်ဘုရား၊

"ဆရာတော်ဘုရား အမိန့်ရှိထားတာ တပည့်တော် မှတ်ထားပါတယ်ဘုရား၊ ကျေးဇူးဆပ်တဲ့နေရာမှာ တရားနဲ့ ကျေးဇူးဆပ်တာ အမြတ်ဆုံး၊ အကောင်းဆုံး ကျေးဇူးဆပ်ခြင်း ဖြစ်စေတယ်လို့ ဆိုတာလေ၊ တပည့်တော်လည်း တပည့်တော်နဲ့ နီးစပ်သူတွေကို တရားနဲ့ ကျေးဇူးဆပ်နိုင်အောင် ကြိုးစားလျက်ပါဘုရား၊

## ကူညီသင့်

"ဒါပေမဲ့ ခက်နေတာက များသောအားဖြင့် နီးစပ်သူတွေဟာ တပည့်တော်ကို လောကီဂုဏ်၊ လောကီရတနာနဲ့ပဲ တင့်တယ်စေချင်တယ်၊ ဂုဏ်ယူစေချင်တယ်၊ လောကအလယ်မှာ ကြွားဝါစေချင်တယ်၊ ဒီလောကီရတနာတွေဟာ ဘယ်လိုမှ

တန်ဖိုးမရှိဘူး၊ အသုံးမကျ၊ မမြဲတဲ့ အနိစ္စတရားတွေပဲဆိုတာကို သူတို့ မသိကြပါဘုရား။ တကယ့် ရတနာအစစ်ကို ကိုးကွယ်ဆည်းကပ် ယုံကြည်တဲ့သူကို အားပေးသင့်၊ ကူညီသင့်တယ် မဟုတ်လားဘုရား။ တကယ်ဆိုရင် ...

(.....)ကြိုးစားကွယ်၊ ဥပုသ်သီလတွေ မကျိုးမပေါက် မပျောက်မကျားစေနဲ့နော်၊ သီလတရားဟာ အရာရာကို ပြီးစေနိုင်တယ်၊ ပြည့်စုံစေနိုင်တယ်၊ ကြိုးစားပါ၊ ဒါမှ (.....)ရည်မှန်းထားတဲ့ နိဗ္ဗာန်စခန်းရောက်မှာပေါ့"

လို့ အားပေးသင့်တယ် မဟုတ်ပါလားဘုရား။ အဲဒီလို အားပေးသမှု မပြုတာတောင် တပည့်တော်ရဲ့စောင့်ထိန်းမှု သီလတရားတွေကို မချိုးနိုင်းသင့်ပါ ဘုရား။

"ဆရာတော်ဘုရား တပည့်တော် ကောင်းရာလုပ်ငန်းကို ဆောင်ရွက်ကြိုးစားတာကို တားမြစ်ပေမဲ့ တပည့်တော်ရဲ့ မောင်တစ်ယောက် ဆိုးနေ တေနေတာကိုတော့ ခွင့်လွှတ်ထားပါတယ်ဘုရား။ သောက်တတ် စားတတ်တာကိုကျတော့ "သူက လုပ်တတ်တာကို သူ့ဝါသနာကို မပြောပါနဲ့၊ သူ မရမ်းရင် တော်ပြီ" တဲ့ ကဲ - ကြည့်ပါဦးဘုရား။

## ပြစ်မှားမိတယ်

"ဆရာတော်ဘုရား အကုသိုလ်မှန်း သိနေပါရက်ကနဲ့ သူ့ဝါသနာကိုးလို့ ခွင့်လွှတ်နိုင်ရင် တပည့်တော်ကိုလည်း သူ့ဝါသနာကိုးလို့ ဆိုပြီး ခွင့်လွှတ်သင့်တယ်မဟုတ်ပါလားဘုရား။ အကုသိုလ်တွေလုပ်ပြီး အပါယ်ကျမယ့်သူတောင် ခွင့်လွှတ်နိုင်ပါရင် အကုသိုလ်တွေ ရှောင်ပြီး ကုသိုလ်လုပ်ကာ နတ်ရွာသွားမည့် တပည့်တော်ကို မတားသင့်ပါဘူး၊ မဟုတ်ပါလားဘုရား၊ ဒါတွေ ကြည့်ပြီး တပည့်တော်စိတ်ထဲက ပြစ်မှားမိပါတယ်ဘုရား။

"ဩော် ... ငါနဲ့ နီးစပ်သူတွေဟာ ငါတို့ကို ချစ်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ မှန်ကန်သောနည်းနဲ့ ချစ်တတ်ရမှာ၊ ယခု မမှန်မကန် ချစ်ကြတယ်၊ အကြောင်းကံ ဆုံလာလို့ ဘဝတစ်ကွေ့မှာ မိဘရယ်၊ သားသမီးရယ်၊ ညီအစ်ကိုမောင်နှမရယ်လို့ ဖြစ်လာပြီး နောက် ကံကုန်လို့ ခွဲသွားကြရတဲ့အခါ နောင်ဘဝတွေမှာ သူစိမ်းတွေပဲ ဖြစ်ကြမှာ မဟုတ်ပါလားဘုရား၊ လက်ရှိဘဝမှာ တစ်ယောက်ကျေးဇူး တစ်ယောက်သိတတ်စွာနဲ့ အပြန်အလှန် စောင့်ရှောက်ပြီးတော့ ကိုယ့်ဘဝ ကောင်းစားရေး၊ ကိုယ့်ဘဝ လွတ်မြောက်ရေးအတွက်တော့ လုပ်ရမှာပဲ မဟုတ်ပါလားဘုရား၊ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ပါတယ်၊ တကယ်ကျေးဇူးသိပါတယ်ဆို မှန်ကန်သောနည်းနဲ့ ချစ်တတ်ရမယ်မဟုတ်ပါလားဘုရား"

## နောက်ဆုံးလမ်း

"တပည့်တော်တို့ဇာတိခန္ဓာ ရထားတဲ့ ခန္ဓာဝန်ထမ်းသမားများအဖို့ နောက်ဆုံးလမ်းဟာ သေပန်းပွင့်ရမယ့်သေလမ်းပဲမဟုတ်ပါလားဘုရား၊ တကယ် အို. နာ. သေ ဒုက္ခတွေ ကြုံလာတဲ့အခါကျတော့ ဆရာတော်ဘုရား ဟောထားသလို -

- အိုဘေးဒုက္ခ တွေ့ကြုံက မိဘသားသမီး မကယ်နိုင်။
- နာဘေးဒုက္ခ တွေ့ကြုံက မိဘသားသမီး မကယ်နိုင်။
- သေဘေးဒုက္ခ တွေ့ကြုံက မိဘသားသမီး မကယ်နိုင်။

ဆိုတဲ့အတိုင်း ဘယ်လောက်ပဲ ကျေးဇူးကြီးပါတယ်၊ ချစ်ပါတယ်၊ ကျေးဇူးဆပ်ချင်ပါတယ်ဆိုလည်း ဒီဒုက္ခတွေကို ဝင်ပြီး ခံစားလို့ မရပါဘုရား၊ တကယ် အို. နာ. သေ ဒုက္ခတွေ တွေ့လာတဲ့အခါကျတော့ မိမိရဲ့ရှုမှတ်ပွားများထားတဲ့ အသိတရားကသာ မိမိကိုယ်ကို လက်တွဲခေါ်ဆောင်သွားမှာ မဟုတ်ပါလားဘုရား။

"ဒါကြောင့် မအို. မနာ. မသေခင် ကလေးမှာ မိဘကလည်း သားသမီးတွေကို တကယ်ချစ်တဲ့မေတ္တာ ရှိတယ်ဆိုရင် ဒီအို. နာ. သေ ဒုက္ခမှ လွတ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ရကြောင်း ဝိပဿနာတရားအလုပ်ကို ကြိုးစားလုပ်ကိုင်တတ်အောင် ညွှန်ပြ ဆုံးမသင့်သလို သားသမီးများကလည်း မိဘကျေးဇူးတွေ ဆပ်နိုင်အောင် မိဘများကို ကိုယ်တတ်သိနားလည်ထားတဲ့ အသိတရားများနဲ့ လိမ္မာပါးနပ်စွာ ပြောဟောဖို့ လိုအပ်တယ်မဟုတ်ပါလားဘုရား။ ဒါမှလည်း တစ်ဦးနဲ့တစ်ဦး ချစ်ရာရောက်ကြမှာ မဟုတ်ပါလားဘုရား။

## ဝဋ်ကြွေးမကုန်သေး

"ဆရာတော်ဘုရား၊ တပည့်တော်တော့ ဒီဝဋ်ကြွေးတွေ မကုန်သေးတော့ ဒီမိသားစုသံသရာထဲမှာပဲ မျောနေရဦးမှာပါဘုရား၊ ဒါပေမဲ့ တပည့်တော် နေတတ်သွားပါပြီလို့တော့ ရဲရဲဝံ့ဝံ့ လျှောက်တင်ပါတယ်ဘုရား။

"တပည့်တော်ရဲ့ ဘဝဝဋ်ကြွေးတွေ ပြေလည်သွားတဲ့အချိန်မှာတော့ တပည့်တော် လောကီတာဝန်ကို စွန့်လွှတ်လို့ ဘုရားရဲ့ သမီးတော်အဖြစ်နဲ့ပဲ တပည့်တော်ရဲ့ဘဝကို အရိုးထုတ်မှာပါဘုရား၊ တစ်ခုတော့ မေးစရာရှိပါတယ်ဘုရား။

"နင့်အသက် နင့်ခန္ဓာက မြဲနေလို့ မြဲနေမယ်လို့ အာမခံနိုင်လို့ ဒီတာဝန်တွေကို မစွန့်သေးဘဲ ဒီလောကထဲမှာ ကျင်လည်နေရတာလား"

လို့ မေးရင် ခန္ဓာရုပ်နာမ်တရားတွေဟာ တစ်မိနစ် တစ်စက္ကန့်တောင် မမြဲဘဲ ပျက်စီးနေတာ၊ ဉာဏ်နဲ့ မျက်မြင်မို့ တပည့်တော်ရဲ့ အသက်ခန္ဓာဟာလည်း မမြဲဘူးဆိုတာ သိပါတယ်ဘုရား၊ သိပါရက်သားနဲ့ မရှောင်ထွက်နိုင်တဲ့ တပည့်တော်ကို အမိုက်မ နင့်မိုက်ပြစ် နင်ပဲခံ ဆိုရင်လည်း ခံရမှာပါဘုရား။

"ဒါပေမဲ့ တစ်ခုတော့ တပည့်တော် ရဲဝံ့စွာ လျှောက်တင်ရဲပါတယ်ဘုရား။ ဟိုယခင် မသိတဲ့ အဝိဇ္ဇာတရားတွေ ဖုံးထားစဉ်တုန်းကတောင်မှ လောဘတရား နည်းပါးခဲ့တဲ့ တပည့်တော်အဖို့ တရားသဘောတွေကို လက်တွေ့သိလာရပြီဆိုတော့ နည်းပါးနေတဲ့ လောဘတရားတွေ၊ ဒေါသတရားတွေဟာ နည်းပါးသထက် နည်းပါးလာပြီဆိုတာတော့ ရဲဝံ့စွာ လျှောက်ရဲပါတယ်ဘုရား။

"လောဘ၊ ဒေါသ၊ မောဟတွေ ချုပ်ငြိမ်းရာဟာ နိဗ္ဗာန်ပဲ မဟုတ်ပါလားဘုရား၊ တပည့်တော်မှာ ဝဋ်ကြွေးတွေရှိနေတုန်းမို့ ဝဋ်ကြွေးတွေဆပ်ရင်း ဝဋ်ကုန်မည့်နေ့ကို စောင့်မျှော်လျက် ဒါန၊ သီလ၊ ဘာဝနာတရားတွေ တိုးပွားသထက် တိုးပွားအောင် ကြိုးစားလျက်ရှိပါကြောင်း ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

ဆရာတော်ဘုရား၊ ကျန်းမာချမ်းသာစွာနဲ့ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် -

တပည့် (......)

၉-၁-၈၃

## မကချင်လျှင် မကရ

သို့
(.......)
၂၃-၁-၈၃

ပေးပို့လိုက်တဲ့ စာရှည်ကြီးကို ဖတ်ရတာ တမောပဲလို့ ပြောရမလားမသိပါ၊ အကြောင်းအရာတွေလည်း စုံလို့ပါ အမေးလေးတွေပါ ကွက်ပြီး ပြောလိုက်ပါတယ်။ လူသားတွေဟာ ပစ္စုပ္ပန်ဘဝမှာ အတိတ်ကံ စီမံရာခံပြီး ဘဝဇာတ်ခုံပေါ်မှာ က,ကြရတယ်မဟုတ်ပါလားဘုရားဆိုတဲ့ အမေးကို ဖြေရရင် မဟုတ်လို့ပဲ ဖြေလိုက်ပါမည်။

"အဘယ်ကြောင့်လည်းဆိုတော့ ဘုန်းကြီးတို့ ဘုရားရှင်ဟာ အတိတ်က ကံစီမံတဲ့အတိုင်း ဘဝဇာတ်ခုံပေါ်မှာ ဆက်ပြီးတော့ ကနေပါက ယခုတိုင် ဘုရားဖြစ်မှာ မဟုတ်သေးပါ၊ အတိတ်ကံတွေလည်း ယခုတိုင် မကုန်နိုင်သေးပါ"

အတိတ်ကံတွေက သူ့အတိုင်းထားပါက သို့မဟုတ် သူ့ ကခိုင်းတိုင်း ဆက်ကနေပါက မကုန်နိုင်ပါ။ အတိတ်ကံ မကုန်သေးမီ ပစ္စုပ္ပန်မှာ ဆက်ကနေတဲ့ ကံတွေက နောင်အခါ အတိတ်ကံ ထပ်ဖြစ်ဦးမှာဆိုတော့ အတိတ်ကံတွေဟာ မကုန်နိုင်တော့သဖြင့် ဘဝဇာတ်ခုံပေါ်က မဆင်းနိုင်တော့ ဖြစ်နေမှာပါ။

"သို့ဖြစ်၍ ဘဝဇာတ်ခုံပေါ်မှာ တကယ်မကချင်တော့ဘူး ဆိုရင် ဘဝဇာတ်ခုံပေါ်မှ ဆင်း၍ အတိတ်ကံတွေ ကုန်ရာကုန်ကြောင်း ကောင်းမှုတွေ အထူးသဖြင့် ဝိပဿနာကုသိုလ်ကံမှ တစ်ဆင့်တက်၍ မဂ်ကုသိုလ်ကံတွေ ပြုပါမှ အတိတ်ကံ စီမံရာ မခံရဘဲ မကချင်ဘဲ ကနေရတဲ့ ဘဝဇာတ်ခုံပေါ်မှ ဆင်းရမှာပါ၊ မကကြရပါ။

"အင်္ဂုလိမာလ ခိုးသားကြီးဟာ ဘဝဇာတ်ခုံပေါ်မှာသာ ဆက်ကနေရင် ယခုလောက်ရှိ အပါယ်ငရဲကတောင် တက်ရမှာ မဟုတ်သေးပါ။ ဘဝဇာတ်ခုံပေါ်မှ ဆင်းပြီး ဘုရားရှင်ရဲ့ ခြေရင်းမှာ ဝပ်စင်းပြီး တရားအားထုတ်လိုက်တဲ့အတွက် ဘဝမှ ထွက်မြောက် နိဗ္ဗာန်ရောက်သွားတာပါ။ ဒါကြောင့် ဘဝဇာတ်ခုံပေါ်မှာ တကယ် မကချင်ရင် မကရပါ။ ကချင်သေး၍ပဲ ကနေရတာ ဟူ၍ မှတ်ပါ။

## လိုလျှင် ကြံဆ နည်းလမ်းရ

"ဘယ်လောက်ပင် စိတ်ဆန္ဒရှိနေသော်လည်း အခြေအနေ အချိန်အခါ မပေးသေးရင် အချိန်အခါ မကျသေးရင် ကိုယ်ဖြစ်ချင် ရချင်တဲ့ ဘဝကို မရဘဲ ကိုယ် မဖြစ်ချင် မရချင်တဲ့ ဘဝမှာပဲ ကျင်လည်ကျက်စား ပြေးသွားနေရတယ် မဟုတ်ပါလား ဆိုတဲ့ အမေးကို ဖြေရင်လည်း မဟုတ်ပါ။ မမှန်ပါလို့ ဖြေရမှာပါ။

"ဘာကြောင့်လည်းဆိုတော့ အမေးကို ပြန်သတိထားပါ။ အမေးမှာ ဘယ်လောက်ပင် စိတ်ဆန္ဒရှိနေသော်လည်း ဆိုတဲ့စကား ပါပါတယ်။ "လိုလျှင် ကြံဆ နည်းလမ်းရ" ဆိုတဲ့ စကားပုံကိုလည်း သတိထားပါ။

"ပြီးတော့ ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ = တကယ်လိုချင်ရင် ဆန္ဒရှိနေသူမှာ ကိစ္စအမှုဆိုတာ မရှိပါဘူးတဲ့၊ ယခုလောကမှာ ပြီးမြောက်နေတဲ့ ကိစ္စတွေ၊ ဖြစ်နေတဲ့ အမှုတွေဟာ ပြီးချင်အားကြီးတဲ့ဆန္ဒ၊ ဖြစ်ချင်အားကြီးတဲ့ ဆန္ဒတွေကြောင့်ဖြစ်တာ၊ ပြီးတာတွေချည်းပါပဲ။ မပြီးချင် မဖြစ်ချင်ဘဲနဲ့ အလိုလို ပြီးတဲ့ ဖြစ်တဲ့ အမှုကိစ္စတွေ မဟုတ်ပါ။

"သာဓကတစ်ခုပြပါရစေ၊ သာသနာတော်မှာ ဥဂ္ဂသေနမင်းသားဟာ သူ့ဌေးသားပေါ့၊ ဘားကျွမ်းမင်းသမီးကို မရလျှင် သေပါလိမ့်မယ်လို့ ဖြစ်တယ်။ တကယ့်ကို လိုချင်တော့ ရချင်တော့ ရတာပဲ မဟုတ်လား၊ နောက် ဇာတ်သဘင် အတတ်လည်း မတတ်,တတ်အောင် သင်မယ်ဆိုတော့လည်း သင်လို့တတ်သွားတယ်မဟုတ်လား။

"အဲဒီအတူပါပဲ၊ နိဗ္ဗာန်ကို မရလျှင် သေရပါလိမ့်မယ်လို့ စိတ်ထဲမှာ ဖြစ်ပြီး ရေငတ်တဲ့လူဟာ ရေကိုရှာသလို ထမင်းဆာတဲ့လူဟာ ထမင်းကို ရှာသလို အနာရောဂါ ရှိသူဟာ အနာရောဂါ ပျောက်ကြောင်း ဆေးဝါးကောင်းကို ရှာသလို ရှာရင် လိုချင်ရင် ရပါတယ်၊ ဖြစ်ချင်တာ ဖြစ်ပါတယ်။

"ယခု ဖြစ်သွားရတဲ့ လူတွေရဲ့ ဘဝဇာတ်ကြောင်းကို လေ့လာကြည့်ရင် ဖြစ်ချိန်တန်ရင် ဖြစ်လိမ့်မယ်၊ ရချိန်တန်ရင် ရလိမ့်မယ်၊ အချိန်မကျသေးရင် ဖြစ်ချင်တာ ရချင်တာတွေ မဖြစ်သေး မရသေးလို့ ဆိုပြီး အချိန်ကို ထိုင်စောင့်နေသူတွေ မဟုတ်ပါ။

အချိန်ကျတယ် မကျတယ်ဆိုတာ အလုပ်ပေါ်မှာ မူတည်ပါတယ်၊ အချိန်ဟာ အမြဲတမ်းပဲ ကျနေပါတယ်။ ကိုယ်က အချိန်စောင့်နေလို့သာ အချိန်က အချိန်ကောင်းတွေ ကျော်သွားတာပါ။ အချိန်ကျအောင် ကိုယ်ကလုပ်မှ ကျပါတယ်၊ ကိုယ် မလုပ်ဘဲနဲ့ အချိန်ဟာ အလိုလိုမကျဘဲ ကျော်သွားမှာပါ။

"လူ့ဘဝ တာဝန်တွေလည်း မငြိးငွေ့သေးလို့ စိတ်ကလည်း တကယ်မပြင်းပြသေးလို့ ယခုအချိန်အထိ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ မခွဲထွက်နိုင်သေးတာ မရုန်းထွက်နိုင်သေးတာလို့ မှတ်ပါ။

## ဥပမာပြောမယ်

(.....)ကို မစင်ဘင်ပုပ်တောထဲမှာ နေခိုင်းထားမယ်၊ သို့မဟုတ် ရန်သူတောထဲမှာ နေခိုင်းထားမယ်၊ သို့မဟုတ် ထောင်သွင်းအကျဉ်းချထားမယ် ဆိုပါတော့ ပြီးတော့ ထွက်လိုက ထွက်၊ ပြေးနိုင်က ပြေးလို့ဆိုရင် အချိန်ကို စောင့်နေမလား၊ ဖြစ်သလိုပြေးခဲ့မလား၊ စဉ်းစားကြည့်ပါ၊ မိမိနေရာအရပ်ကို သို့မဟုတ် ကနေတဲ့ ဘဝဇာတ်ခုံပေါ်ကို မစင်ဘင်ပုပ်တော၊ ရန်သူတော၊ ထောင်အကျဉ်းသဖွယ် အပြစ်မမြင် မထွက်ချင်သေး၍ မထွက်နိုင် မဖြစ်နိုင်သေးတာပါ၊ စိတ်ဆန္ဒ သိပ်ပြင်းနေရက်သားနဲ့ မဖြစ်တာ မထွက်နိုင်တာ မဟုတ်ပါ။

"ဒါကြောင့် အတိတ်ကံကြောင့် မဟုတ်ပါ၊ စိတ်အားထက်သန်မှု နည်းသေးလို့ပဲ မှတ်ပါ"

"အို. နာ. သေကို ကြောက်ပြီးတော့ အို. နာ. သေ ခန္ဓာကိုယ်ကို အရင်းပြုပြီး မအို. မနာ. မသေရာမြတ်နိဗ္ဗာန်ကို ရာရမှာပါ၊ အို. နာ. သေကို မကြောက်လို့တော့ မဖြစ်ပါ၊ နိဗ္ဗာန် မရှာတာ သို့မဟုတ် မထွက်နိုင်သေးတာဟာ အို. နာ. သေ မကြောက်လို့၊ မကြောက်သေးလို့ပဲ ဆိုရမှာပါ။

## သုခ.ရဖို့ ဒုက္ခ.နဲ့ မရင်းရ

နိဗ္ဗာန်ချမ်းသာဟာ သုခတကာထဲမှာ အချမ်းသာဆုံးပါ၊ အဲဒီ နိဗ္ဗာန်ချမ်းသာကို ဒုက္ခနဲ့ရင်းလို့ မရပါ။ ဒုက္ခနဲ့ ရင်းရမယ်ဆိုပြီး ဒုက္ခကြီးစွာ အပြစ်ခံပြီး အားထုတ်သူများ မရပါ။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ (.....)လိုပဲ အယူရှိတဲ့ တောဓိမင်းသားက...

"ရှင်တော်မြတ်ဘုရား၊ ချမ်းသာသုခနဲ့ ရင်းနှီးလို့ ချမ်းသာသုခကို မရနိုင်ပါ၊ ဆင်းရဲဒုက္ခနဲ့ ရင်းနှီးမှသာ ချမ်းသာသုခကို ရနိုင်ပါတယ်၊ တပည့်တော် အဲဒီလိုပဲ အယူရှိပါတယ်ဘုရား"

လို့ ရှင်တော်ဘုရားကို လျှောက်ထားပါတယ်။ အဲဒီအခါ ဘုရားရှင်က -

"မင်းသား၊ ငါဘုရားရှင် ကိုယ်တော်လည်းပဲ ဘုရားမဖြစ်မီ အလောင်းတော်ဘဝတုန်းက ဆင်းရဲဒုက္ခနဲ့ ရင်းနှီးပြီးမှ ချမ်းသာသုခရမယ် ထင်ပြီး ဆင်းရဲပင်ပန်းစွာ ကျင့်ခဲ့တယ်၊ အကျိုးမရှိလို့ လမ်းစဉ်ပြောင်းပြီး ကျင့်မှ ချမ်းသာစစ် ချမ်းသာမှန်ကို ရပါတယ်"

လို့ မိန့်ကြားတော်မူပါတယ်။ ဒါကြောင့် ချမ်းသာ.တစ်ပဲ၊ ဆင်းရဲ.တစ်ပိဿာ မဖြစ်ပါစေနဲ့။

## မသိပြော့ပြော

ဝေဖန်ပြစ်တင်မှုဟာ လေပါပဲ၊ မသိသူတွေက မသိပြော့ပြောတာ သဘာဝပါပဲ။ အဲဒီ မသိသူတွေရဲ့မသိပြော ပြောတာကို ကြောက်နေရင် ဘယ်လိုမှ ကိုယ့်ရဲ့ကောင်းတဲ့လုပ်ငန်းတွေ မဖြစ်တော့ပါ၊ မသိသူတွေဟာ မကောင်းတာလုပ်နေရင် အပြစ်မမြင်ဘဲ အားပေးအားမြှောက် ပြုတတ်သော်လည်း ကောင်းတဲ့အလုပ်မှာ အားပေးအားမြှောက် မလုပ်တတ်ဘဲ ကဲ့ရဲ့တတ်ပါတယ်။ လူမိုက်တွေရဲ့ ကဲ့ရဲ့တာကို မကြောက်ပါနှင့်၊ ကောင်းတဲ့အလုပ်မှန်သမျှကို နောက်မဆုတ်တမ်း ဆက်သာလုပ်ပါ။ မိမိစိတ်ချမ်းသာမှုသာ အဓိက ဖြစ်တယ်။

## တစ်ကိုယ်ကောင်း မဟုတ်

တရားသမားတွေဟာ အများကောင်းစားရေးပါ။ တစ်ကိုယ်ကောင်း မဟုတ်ပါ။ တရားသမားတွေဟာ တရားအားထုတ်နေတဲ့အတွက် ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးတော့ အများအတွက်လည်း အန္တရာယ်ကင်း ဘေးကင်းတယ်။ တကယ် တရားသမားဟာ အတ္တကို ပယ်ခွာထားနိုင်လို့ အများအတွက်ရော ကိုယ့်အတွက်ရော အတ္တစွန့်ပြီး ပိုမိုလုပ်နိုင်ပါတယ်။

"မိဘအိမ်ကနေ အိမ်ထောင်ကျပြီး ကိုယ့်အိမ်ထောင်တစ်ခုရဲ့တာဝန်သာ တာဝန်ယူပြီး မိဘအိမ်ထောင်ကို ဘာမှ မကြည့်နိုင်သူတွေက မိဘအိမ်မှာ မိဘနှင့်တကွ၊ တပြုံထွေးကြီးအတွက် ဝန်ထမ်းနေရသူက တစ်ခါတရံ ကိုယ့်တွက်ကိုယ်တာ တရားဘာဝနာအလုပ် လုပ်တာကို တစ်ကိုယ်ကောင်း ဆန်တယ်ဆိုတာမျိုး၊ ပြောတတ်တာဟာ သဘာဝ မကျပါ။

တရားသမားနဲ့ လောကသားထဲက အများနှင့်က မတူတော့ ဆန့်ကျင်ဘက်ကြီး ဖြစ်ကိုဖြစ်နေပါတယ်။ တရားသမားက အစစ အရာရာ သိမ်းဆည်းတယ်၊ သာမန်လူတွေက အစစ အရာရာ မသိမ်းဆည်းဘူးဆိုတော့ ဆန့်ကျင်တာပေါ့၊ ဆန့်ကျင်ဘက်ဖြစ်တာ ဓမ္မတာပါပဲ။

မိသားစုတွေ အမြင်မှန် ရစေချင်ရင်တော့ သူတို့ကို တရားဝင်ခိုင်းရုံပဲ ရှိတာပေါ့။ တရားမဝင်ဘဲနဲ့တော့ အမြင်မှန်၊ အသိမှန် မဖြစ်နိုင်ပါ။

## ချစ်ရာ မရောက်

သားသမီးတွေကို ကုသိုလ်လုပ်ဖို့ရာ အားမပေးပေမဲ့ သို့မဟုတ် ကုသိုလ်လုပ်နေသော သားသမီးကို အားမပေးရင် တားဆီးကန့်ကွက် ပြစ်တင်ရင် ချစ်ရာ မရောက်ပါ။

"အကုသိုလ်လုပ်နေသော အရက်သေစာ သောက်စား လောင်းကစား စသည်ဖြင့် အကုသိုလ်လုပ်နေသော သားသမီး မကန့်ကွက် မတားမြစ်ရင် ချစ်ရာ မရောက်ပါ။

"ဘာဖြစ်လို့လည်းဆိုတော့ ကုသိုလ်လုပ်နေသော သားသမီးကို အားမပေးရင် ချမ်းသာသုခ မရောက်တော့ မရတော့တဲ့အတွက် ချစ်ရာ မရောက်ပါ။ အကုသိုလ်လုပ်နေသော သားသမီးကို မတားမြစ် မကန့်ကွက်ရင် ဆင်းရဲဒုက္ခရောက်မှာ ဖြစ်တဲ့အတွက် ချစ်ရာ မရောက်ပါ။

## အစားသမားတွေ

လူတွေဟာ အများအားဖြင့် အစားအသောက်ကို ခုံမင်ကြတဲ့ အစားသမားတွေ ဖြစ်ပါတယ်။ မစားရင် အားနည်းပြီး ဖျားမယ်လို့ပဲ တွက်ပြီး တွေ့ရာရာကို စားချင်တိုင်း စားတတ်ပါတယ်၊ အစားမတော် တစ်လုတ် ဆိုတာကို သတိမထားကြပါ။ ပြီးတော့ "စားတတ်လျှင် ဆေး၊ မစားတတ်လျှင် ဘေး" ဆိုတာလည်း ရှိတယ်မဟုတ်လား။

“ဥပုသ်စောင့်တယ်ဆိုတာ တစ်နပ်တော့ ဝအောင်စားပြီးပြီပဲ၊ ညနေတစ်နပ် မစားလို့ ဘာမှ မဖြစ်ပါ၊ တစ်ချို့တစ်နေ့လုံးမှ ထမင်းတစ်နပ်တည်းစားပြီး ကျင့်နေတာ ဝဖြိုး စိုပြည်လို့ အားပြည့်လို့ ရှိနေတာ သူတို့ မတွေ့ ကြလို့ ပြောကြတာပါ။ အနောက်နိုင်ငံတွေမှာဆိုရင် ကျန်းမာရေးအတွက်ဆိုပြီး တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါဆိုသလို တစ်နေ့လုံး အစာငတ်ခံနေတာ ရှိတယ်၊ အစာအိမ် အနားပေးတာတဲ့။

“အစွန်းထွက်တယ်လို့” ပြောတာက မိရိုးဖလာ ဗုဒ္ဓဘာသာတွေအဖို့က ဝါတွင်းလောက် ဥပုသ်စောင့် တစ်ခါတစ်ခါ ဒါနပြုပြီးရင် ပြီးပြီလို့ ယူဆထားတာ မိမိက နေ့ဘက် ဥပုသ်ရက်မဟုတ်တဲ့ ရက်တွေပါ စောင့်လို့ သူတို့အဖို့ မမြင်စဖူး အထူးဖြစ်လို့ ပြောတာပေါ့။

(.....)ဥပုသ်စောင့်တာ ဘာဟုတ်သေးလို့လဲ၊ ဘုန်းကြီးရဲ့တရားဌာနတစ်ခုက ယောဂီဟာ (.....)လောက်ပဲ ရှိဦးမယ်၊ အမြဲ ဥပုသ်စောင့်တယ်၊ ဥပုသ်နေ့ဆိုရင် (၁၀)သီလ စောင့်တယ်၊ ယောဂီဝတ်စုံပဲ အမြဲဝတ်တယ်။ အဲဒီ ယောဂီမျိုး သူတို့ မြင်ရင် ဘယ်လိုပြောမလဲ မသိပါ။ ယောဂီမှာတော့ ကျန်းမာချမ်းသာလို့ပါပဲ။

## အကျင့်ဂုဏ်ယူတာ

ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူနေတယ်ဆိုတာ မှန်ပါတယ်၊ ဂုဏ်ယူတဲ့နေရာမှာ “ငါ့အဖို့အရတော်လေစွ၊ ငါ့အဖို့ကံကောင်းလေစွ” စသည်ဖြင့် အားရဝမ်းသာဖြစ်ပြီး ဂုဏ်ယူနေခြင်းမျိုးကတော့ မှန်ပါတယ်၊ ယူရမှာပါ။ ငါတော်တယ်၊ အခြားလူတွေ အလကားပဲ၊ ငါ သီလရှိတယ်၊ အခြားသူတွေ သီလ မရှိကြဘူး” စသည်ဖြင့် ဂုဏ်ယူနေရင်တော့ မကောင်းပါ၊ မမှန်ပါ။

“ဟုတ်ပါတယ်၊ တရားနဲ့ ကျေးဇူးဆပ်နိုင်အောင် ကြိုးစားပြီး တရားနဲ့ပဲ ကျေးဇူးဆပ်ပါ။ တရားနဲ့ ကျေးဇူးဆပ်ရင် အပါယ်တံခါး ပိတ်သွားတဲ့အထိ ကျေးဇူးများတဲ့အတွက် ကောင်းပါတယ်”

## ကောင်း.မကောင်း

လူများဟာ ကောင်း.မကောင်း နှစ်မျိုးရှိပါတယ်။ ကောင်းတဲ့လူဟာ ကောင်းတဲ့ဘက်ကို ဆွဲပါတယ်၊ မကောင်းတဲ့လူဟာ မကောင်းတဲ့ဘက်ကို ဆွဲပါတယ်။ တစ်နည်းပြောရရင် သန်ရာကို ဆွဲပါတယ်။ ကုသိုလ်ရေး သန်တဲ့သူက ကုသိုလ်ရေးဘက်ကို ဆွဲပါတယ်၊ လောကဘက်ကို အားမပေးချင်ပါ၊ လောကရေးသန်တဲ့သူက လောကရေးဘက်ကို ဆွဲပါတယ်၊ ကုသိုလ်ရေးကို အားမပေးချင်ပါ။

“သီလတရားကို ချိုင်းတာဟာတော့ သဘာဝမကျပါ၊ သီလအန္တရာယ် ပြုတာရဲ့အပြစ်ကို မသိလို့၊ တစ်နည်းပြောရင် သီလဂုဏ်ကျေးဇူး အထူးကို မသိလို့ ဖြစ်မှာပါ။ အဲဒါကိုတော့ ဖျောင်းဖျရမှာပေါ့၊ သဘောပေါက်အောင် ပြောပြရမှာပေါ့။

“ချစ်ရာ မရောက် နှစ်ရာ ရောက် ဆိုတဲ့ စကားပုံရှိတယ်မဟုတ်လား၊ ချစ်တယ်ဆိုတာ ကောင်းရာကို တိုက်တွန်းရမယ်၊ မကောင်းရာကို တားမြစ်ရမယ်၊ အဲဒါမှ ချစ်ရာ ရောက်တယ်၊ မကောင်းတာကို ခွင့်ပြုရင် ကောင်းရာကို တားမြစ်ရင် ချစ်ရာ မရောက်ပါ။

“သူတို့မေးရင်တော့ ချစ်တယ် ပြောမှာပေါ့၊ အမှန်က မချစ်တတ်ဘူး၊ မချစ်ဘူးလို့ပဲ ဆိုရမှာပါ။ တစ်နည်းပြောရရင် သူတို့ချစ်တာက တစ်ဘဝ တစ်ခန္ဓာသာ ချစ်တတ်သူတွေလို့ပဲ ဆိုရမှာပါ။

“တကယ် အို. နာ. သေ ဒုက္ခတွေ တွေ့ ပြီဆိုရင်တော့ မိမိ တရားကသာ မိမိတို့ကို လူနတ်ပြဟ္မာ နိဗ္ဗာန်သို့ ပို့ဆောင်သွားမှာ ဖြစ်ပါတယ်”

"ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြပါတယ်ဆိုရင် ဒါန သီလ ဘာဝနာ ဝါသနာ မပါသေးသူ ဒါန သီလ ဘာဝနာအမှု မပြုသေးသူတွေကို ဝါသနာပါအောင် ပြုနိုင်အောင် တိုက်တွန်းညွှန်ကြား အားပေးရပါမယ်၊ ဒါမှ တစ်ဦးနဲ့တစ်ဦး ချစ်ရာ ရောက်ပါမယ်"

"ကဲ - ဒီလောက်ဆိုရင် မေးထားတဲ့ အမေးတွေကို ပြောလို့ပြီးပြီဆိုပါတော့ အမေးတွေကများ စာက ရှည်တော့ ဒီမျှနဲ့ပဲ ကျေနပ်ပါတော့"

- သားသမီးအား မိဘများ ကောင်းစားစေချင်တယ်၊
- ကောင်းစားချင်လည်း အမြင်လွဲ ပါယ်ထဲရောက်လိမ့်မယ်၊
- ကောင်းစားချင်က မြင်မှန်မှ သုခချမ်းသာမယ်၊
- မြင်မှန်ဖို့ရာ တရားနာ ဖတ်ပါစာကိုကွယ်၊
- တရားအလုပ် ကြိုးအားထုတ် အဟုတ်တိုက်တွန်းကွယ်၊
- တရားအားထုတ် မြင်လွဲပြုတ် အဟုတ်ချစ်တတ်မယ်၊

# ယခုတော့ နောင်တ.များစွာလည်း ရပါပြီဘုရား

(၁၇၉)

## ကိုယ့်လမ်း ကိုယ်ထွင်

သတ္တဝါတို့၏ သံသရာခရီးသွားရန် လမ်းစ.ကြီးသည် သုဂတိလမ်းနှင့် ဒုဂ္ဂတိလမ်း ဟူ၍ နှစ်လမ်းသာရှိပါသည်။ ယင်းနှစ်လမ်းတွင် သတ္တဝါတို့သည် ဘယ်လမ်းသို့ အလိုက်.များနေကြသနည်း။ ယင်းကို မည်သူမဆို အမြဲမပြတ် စဉ်းစားရမည် ဖြစ်ပါသည်။

ယင်းသို့ အမြဲမပြတ် စဉ်းစားကြည့်ရှုသော် မိမိတို့ စဉ်းစားချက် ဉာဏ်မြင် မျက်မြင်အားဖြင့် တွေ့ရှိကြပါလိမ့်မည်။ အဘယ်သို့ တွေ့ရှိရမည်နည်း။ လူသတ္တဝါ အများစုသည် ဒုဂ္ဂတိလမ်းမဘက်သို့ လိုက်နေကြသည်သာ များသည်ကို တွေ့ရှိရပါလိမ့်မည်။ သုဂတိလမ်းမဘက်သို့ ခြေဦးလှည့်သူမှာ အလွန်တရာ နည်းပါးလှသည်ကို တွေ့ရှိရပါမည်။

ဤသို့အားဖြင့် ဒုဂ္ဂတိလမ်းသည် အများသတ္တဝါတို့၏ သွားရာလမ်း ဖြစ်ပါသည်။ အနည်းစုသတ္တဝါသာ သုဂတိလမ်းဘက်သို့ သွားကြပါသည်။ ယင်းကား အများမြင်သလို မိမိလည်း မြင်ရမည်ဖြစ်သော မိမိ၏ ဉာဏ်များပင် ဖြစ်ပါသည်။

မိမိသည် ယင်းနှစ်လမ်းကို မြင်သိနေရမည်။ မိမိ မြင်သိနေရသည့် ယင်းနှစ်လမ်းတွင် မိမိသည် အများသွားလမ်းဖြစ်သည့် ဒုဂ္ဂတိလမ်းသို့ လိုက်မည်လား၊ သွားမည်လား။ သို့မဟုတ် အနည်းစု သွားလမ်းဖြစ်သည့် သုဂတိလမ်းသို့ လိုက်မည်လား၊ သွားမည်လား အဖန်ဖန် စဉ်းစားပါ။ စဉ်းစားချိန် အများကြီးရှိပါသေးသည်။

မှန်ပါသည်။ လူတိုင်း လမ်းသွားနေကြသည်။ ရပ်နေသည်ဟူ၍ မရှိပါ။ အမြဲသွားနေကြသည်။ သို့ဖြစ်၍ မိမိတို့ သွားရမည့်လမ်းကို မိမိတို့ မြင်နေ ထင်နေအောင် ကြည့်ရှုထားကြဖို့ ရှင်းလင်းအောင် ထွင်ကြဖို့ လိုပါသည်။ အလွန်ပင် လိုပါသည်။

မိမိသွားရမည့်လမ်းသည် ဘယ်လမ်းနည်း။ မိမိခြေထောက်တွေသည် သုဂတိလမ်းမဘက်သို့ ဦးတည်နေသလား၊ သို့မဟုတ် ဒုဂ္ဂတိလမ်းမဘက်သို့ ဦးတည်နေသလား။ ယင်းကို မျက်ခြည်မပြတ် သတိချပ်၍ ကြည့်ရှုပေးရန် အထူးပင် လိုအပ်လှပါသည်။

ယင်း သုဂတိလမ်း၊ ဒုဂ္ဂတိလမ်း နှစ်လမ်းကား မည်သူကမျှ ထွင်ပေးကာ အတင်းရိုက်နှက်၍ သွားစေသောလမ်းများ မဟုတ်ပါ။ မိမိဘာသာ မိမိထွင်၍ မိမိဘာသာမိမိ တွင်တွင်သွားနေခြင်းသာ ဖြစ်ပါသည်။

## လမ်းကောင်းရွေးပါ

သို့ဖြစ်၍ မိမိအတွက် ဒီဘဝ ဒီတစ်ခါ ဒီသာသနာတော်က လမ်းပြနေချိန်တွင် လမ်းကောင်းဖြစ်သည့် သုဂတိလမ်းကို ရွေးချယ်၍ ထွင်ကာသွားတတ်ဖို့ အရေးကြီးပါသည်။ မိမိတို့သည် ယင်းသို့ လမ်းကောင်း.လမ်းဆိုး ရွေးတတ်ဖို့အတွက် နာကြားမှု သင်ကြားမှု ဖတ်ရှုမှု အင်အားကောင်းဖို့ လိုအပ်လှပါသည်။

နာကြားမှု သင်ကြားမှု ဖတ်ရှုမှု မှန်ဖို့ရာလည်း လွန်စွာအရေးကြီးပါသည်။ နာကြား၊ သင်ကြား၊ ဖတ်ရှုမှုများ မှားယွင်းပါက ကျင့်ကြံအားထုတ်မှု မှားယွင်းပါမည်။ အကျင့်မှားက ဒုဂ္ဂတိ လမ်းမကောင်းသို့ သွားနေခြင်း လိုက်နေခြင်းသာ ဖြစ်ပါသည်။

မိမိ၏ နာကြားမှု သင်ကြားမှု မှန်ကန်ပါက ကျင့်ကြံအားထုတ်မှု မှန်ကန်ပါမည်။ အကျင့်မှန်ကန်ပါက သုဂတိလမ်းကောင်းသည့်လမ်း သွားနေခြင်း လိုက်နေခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍အရေးကြီးလှသည့် သင်ကြားမှု နာကြားမှု ဖတ်ရှုမှုပြုသည့်အခါတွင် "ဤကား အမှားတည်း၊ ဤကား အမှန်တည်း" ဟု မိမိကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်ရမည်။

ယင်းသို့ နှိုင်းချိန်၍ အမှားအမှန် ပိုင်းခြားသိပြီးသော် အမှားလမ်း ပယ်ရှား၍ အမှန်လမ်းအတိုင်း သွားနိုင်ရပါမည်။

## သာသနာနှင့် တွေ့သည့်အခါ

ဘုရားရှင်၏ သာသနာနှင့် တွေ့ ကြုံဖို့ရာ အလွန်တရာမှ ခဲယဉ်းလှပါသည်။ ယင်းသို့ တွေ့ ကြုံဖို့ရာ ခဲယဉ်းသော သာသနာတော်နှင့် တွေ့ကြုံရသည့်အခိုက် ပေါ့ပေါ့ဆဆနေရန် မသင့်တော်ပါ။ လေးလေးနက်နက် ဆင်ခြင်စဉ်းစားပြီး ကြိုးစားကာ ကျင့်ကြံအားထုတ်သင့်ပါသည်။

လောကကြီးမှာ သတ္တဝါအများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် ပေါ်ပေါက်လာကြစမြဲ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် အတ္တဟိတ မိမိအကျိုး ပြည့်စုံပြီး ပရဟိတ သူတစ်ပါးအကျိုးကိုလည်း သယ်ပိုးရွက်ဆောင်ကြပါသည်။

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော ဘုရားမြတ်ရတနာသည် လောကမှာရှိနေသည့် ရတနာမှန်သမျှထက် အဆများစွာ မနှိုင်းယှဉ်သာအောင် မြင့်မြတ်လှပါသည်၊ တန်ဖိုးမဖြတ်နိုင်ပါ။

ယင်း ဘုရားရတနာကို ဘဝအဆက်ဆက်က ပါရမီဖြည့်ခဲ့ဖူး၊ ဆည်းပူးခဲ့ဖူးသည့် သူများသာ ပန်ဆင်နိုင်ပါသည်၊ မှန်ပါသည်၊ လောကီရတနာကို ကံရှိသူများသာ ရသကဲ့သို့ ဘုရားရတနာကိုလည်း ပါရမီရှိသူများသာ ပန်ဆင်နိုင်ပါသည်။

ဘုရားရတနာသည် တရားရတနာကို ပေးသည်၊ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံသော်လည်း ဘုရားရှင် ဆုံးမဟောကြားတော်မူခဲ့သည့် တရားရတနာ များစွာပင် ကျန်ရစ်ခဲ့ပါသည်။

ယင်း ဘုရားရတနာ၏ ဟောကြားတော်မူခဲ့သည့် တရားရတနာအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ပါလျှင် ဒုဂ္ဂတိလမ်းဖြစ်သော လမ်းကောက်မှ ဝေးကာ သုဂတိလမ်းဖြစ်သော လမ်းဖြောင့်သို့ သက်ရောက်ပြီး နိဗ္ဗာန်အထိ ပေါက်မြောက်နိုင်ပါသည်။

ဘုရားရတနာ၏ တရားရတနာကို သိအောင် မြင်အောင် ကျင့်ကြံနေသူ ကျင့်ကြံ၍ သိမြင်သူသည် သေရမည်၊ ဒုဂ္ဂတိလမ်းသို့ ရောက်ရမည်ကို ကြောက်စရာ မလိုပါ။ သေရမှာ ကြောက်သူ၊ ဒုဂ္ဂတိလမ်း ကြောက်သူသည် တရားတော်နှင့် ဝေးနေသေးသူသာ ဖြစ်ပါသည်။

အကြောင်းရင်း

မိမိသည်ဤမှုရည်လှုားစွာ အရှိုးနိဒါန်းရေးသားနေသည်မှာအကြောင်းရှိပါသည်၊ အကြောင်းမဲ့မဟုတ်ပါ၊ အကြောင်းကား အသို့နည်း၊ တစ်ချိန်သော ဆောင်းကာလ ဖြစ်၏၊ မိမိသည် မြို့တစ်မြို့တွင် ၁၀ ရက်စခန်း တရားပြ၏၊

မိမိသည် နေ့စဉ် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ တရားစစ်ချိန် ထား၍ ယောဂီများ၏ အမှားအမှန် အတွေ့အကြုံ ကို ယင်းတရားအားထုတ်သည့် မဏ္ဍပ်ဓမ္မာရုံတွင်ပင် စစ်ဆေးမေးမြန်း၏၊

အချို့မှာ ပြောတတ်၊ လျှောက်တတ်၊ ပြောရဲ၊ လျှောက်ရဲ၍ အချို့မှာ မပြောတတ်၊ မလျှောက်တတ်၊ မပြောရဲ၊ မလျှောက်ရဲကြပါ၊ အချို့မှာ စာရေးလျှောက်ထားကြပါသည်၊

မိမိသည် ယင်းစာရေးလျှောက်ထားသည့် စာများထဲမှ အချို့ကို မှတ်တမ်းတင်ထားပါသည်၊ ဤစာမှာ ယင်းမှတ်တမ်း ထဲမှ စာတစ်စောင်ဖြစ်သည်၊ မိမိသည် ယင်းစာအတွက် ဤနိဒါန်းကို ချီနေခြင်း ဖြစ်ပါသည်၊ ယင်းစာကား အသို့နည်း၊

ဆရာတော်ဘုရား

၁၉-၁၂-၈၀

"တပည့်တော်မသည် ဆရာတော်ဘုရားရှေ့တွင် နှုတ်ဖြင့် မလျှောက်ထားဝံ့ပါသဖြင့် ဤစာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား"

ဆရာတော်ဘုရား၊ တပည့်တော်မသည် ထွက်လေရပ်၊ ဝင်လေရပ်နဲ့ တိုးသဘောကို ရှုမှတ်ပွားများ အားထုတ်ခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ရခဲ့ပါသည်ဘုရား၊

ယနေ့နံနက် အိပ်ရာထနိုးတဲ့ တုံးမခေါက်မီ တပည့်တော်မ အိပ်ရာမှ နိုးခဲ့ပါသည်၊ နိုးစဉ်က စိတ်ကြည်လင် ခဲ့သော်လည်း မကြာမီမှာ စိတ်မကောင်း ဖြစ်ခဲ့ရပါသည်ဘုရား၊

အဘယ်ကြောင့် စိတ်မကောင်း ဖြစ်ရပါသနည်းလို့ အကြောင်းရင်းကို ပြန်ကြည့်တဲ့အခါမှာ ဆရာတော် ဘုရား၏ ဆုံးမဩဝါဒ တရားတော်များကို နာကြားခဲ့ရ၍ နောက်တုန်းက အပြုမှား၊ အပြောမှား၊ အကြံမှားများ ပြန်ပေါ်ကာ ၎င်းတို့အတွက် တပည့်တော်မှာ ငရဲကျမှာ ကြောက်ရွံ့ပြီး စိတ်မကောင်း ဖြစ်ခဲ့ပါတယ်ဘုရား၊

တပည့်တော်မသည် အတတ်နိုင်ဆုံး လူကြီးသူမ၊ မိဘဆရာသမား၊ ရတနာမြတ်သုံးပါးတို့ကို အစဉ် သဖြင့် ရိုသေကိုင်းရှိုင်းခဲ့ပါသည်ဘုရား၊ အတတ်နိုင်ဆုံး ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် မပြစ်မှားမိအောင် စောင့်ရှောက်ခဲ့ပါသည်ဘုရား၊

သို့သော်လည်း လူ့စိတ်သည် မျောက်စိတ်ကဲ့သို့ မတည်တံ့သောစိတ် ဖြစ်ရကား ကာယကံဖြင့် မပြစ် မှားမိသည့်တိုင် ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိကောင်း ပြစ်မှားမိပါလိမ့်မည်ဘုရား၊

သို့အတွက်ကြောင့် တပည့်တော်မသည် ယနေ့နံနက် တရားအားထုတ်ရာတွင် စိတ်မချမ်းမြေ့ခဲ့ပါ ဘုရား၊ ဆရာတော်ဘုရားက အတိတ်ကို မပြန်နဲ့၊ ပစ္စုပ္ပန်ကျကျ ရှု ဆိုမှ သတိရခဲ့ပါသည်ဘုရား၊

အဲဒီနောက်ပိုင်း နေ့လယ်ပိုင်း၊ ညနေပိုင်းတွေမှာ မိမိစိတ်ကို ဆရာတော်ဘုရား ဆုံးမထားသည့်အတိုင်း ဖြေဖျောက်ရှုပွားတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ပြန်ရပါသည်ဘုရား၊

ဆရာတော်ဘုရား၏တရားတော်များကို မနာကြားရမီ၊ တရားအားမထုတ်ရသေးမီ ရှေးအချိန်က မိဘဆရာ သမားတို့၏ ဆိုဆုံးမဩဝါဒများကို ကြားနာခဲ့ရပါသော်လည်း တဒင်္ဂ၊ တစ်ခဏသာ နောင်တရမိပါသည်ဘုရား၊

ဆရာတော်ဘုရား၏ တရားတော်များကို နာကြား၍ တရားအားထုတ်ပြီးသည့် ယခုအခါမှာတော့ နောင်တ.များစွာ ရရှိပါပြီဘုရား။

တပည့်တော်မ၏ ဆင်ရိုင်းကြီးနှင့် တူလှစွာသော စိတ်ရိုင်း စိတ်မိုက်တို့ကို ဆရာတော်ဘုရား၏ ချွန်းနှင့်တူသော တရားတော်နှင့် ထိန်းအုပ်မှသာ ယဉ်ကျေးသိမ်မွေ့မည် ဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ ဝစီကံ၊ မနောကံ တို့ဖြင့် ပြစ်မှားမိသော တပည့်တော်တို့ လူငယ်တွေရဲ့စိတ်ဆင်ရိုင်းကို ယဉ်ကျေးအောင် တရားချွန်းနှင့် အုပ်သောအားဖြင့် နောက်ထပ် တပည့်တော်မတို့နှင့် လျောက်ပတ်မည့် တရားတော်များကို ဟောကြားပြသ ပေးသနားတော်မူပါဘုရား။

တပည့်တော်မသည် ဆရာတော်ဘုရားအား ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိသည်ရှိသော် အစဉ်သဖြင့် ခွင့်လွှတ်ပါဟု တောင်းပန်အပ်ပါသည်ဘုရား။

တပည့်တော်မ (……)

သို့

(…..)

၁၄-၁-၈၃

ပြန်ကြားသိစေသည်။ ဟိုယခင် မေးလျှောက်ချိန်က တရားဟောစဉ်မှာ ထည့်ဟောခဲ့ပြီး စာတော့ ၃-နှစ်ကြာသွားတယ်။

(…..)သိတဲ့အတိုင်းပဲ ဘုန်းကြီးမှာက ဓမ္မဒူတကျောင်းရှိ သံဃာ ၄၀ တာဝန်၊ စာချ တာဝန်၊ တရားဟော တရားပြ တာဝန်တွေက များတော့ စာရေးဖို့ရာ အချိန်မရပါဘူး။

ရသလောက် အချိန်ယူရေးပြန်တော့ (…..)ရဲ့စာထက် ရှေးကျတဲ့ စာတွေက ရှိနေသေးတော့ အဲဒီစာတွေ ပြန်စာရေးရတာနဲ့ ဒီအထိ အချိန်ကြာသွားတာပဲ။

နောင်တ.ရခြင်း အကြောင်းရင်းကတော့ မိမိမှာ တရား အစအန ရလာတော့ စိတ်ကောင်းနလုံးကောင်း ဝင်လာလို့ နောင်တ.ရတာဖြစ်တဲ့အတွက် ကောင်းသောလက္ခဏာတစ်ရပ်လို့ ဆိုရပါမည်။ နောင်တ.ရသင့်ပါတယ်။ ရတာလည်း ကောင်းပါတယ်။

မိမိ ယခု တရားရှုပွားအားထုတ်တော့ ရုပ်နာမ်သနစ် အဖြစ်မှန်ကို သိသင့်သလောက် သိရတော့ စိတ်တွေ ဖြူစင်လာတယ်ပေါ့၊ ဖြူစင်မှ ညစ်တာကို ညစ်မှန်း သိပါတယ်။ ညစ်မှန်းသိတော့ ယခု ဖြူစင်ရာမှ ပြန်မညစ်ချင်တော့ဘူး။ မညစ်ချင်လို့ မညစ်အောင် ကြိုးစားလျှင်လည်း ရပါတယ်။

အဲဒီလို မညစ်ချင်လို့ မညစ်အောင် ကြိုးစားလို့ ဖြူစင်သွားပါက (…..)ကြောက်နေတဲ့ ငရဲသို့ မကျရောက်တော့ပါဘူး။

ဒါကြောင့် ရှေးက အလောင်းတော် သူတော်ကောင်းများ လေးလေးနက်နက် ကြံစည်စဉ်းစား၍ တရားရှာသွားသဖြင့် ညစ်နွမ်းရာမှ ဖြူစင်ရာသို့ ရောက်ကာ နိဗ္ဗာန်ရသည်ကို အတုယူပြု နှိုင်းယှဉ်ရှု၍ ကြိုးစားနိုင်ရန် သတိထားပြီး ဖတ်ရှုလိုက်နာ အတုယူကျင့်ကြံပါ။

ဘဝသစ်၌ဖြစ်ခြင်း၊ ပဋိသန္ဓေ နေခြင်းသည် ဆင်းရဲလှ၏။

ခန္ဓာကိုယ်၏ ပျက်စီးရခြင်း၊ သေရခြင်းသည်လည်း ဆင်းရဲလှ၏။ အိုခြင်းတရားသည် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ တွေဝေသေရခြင်းသည်လည်း ဆင်းရဲလှ၏။

ပဋိသန္ဓေ နေရခြင်းသဘော၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသဘောရှိသော ငါသည် ပဋိသန္ဓေ မနေရာ၊ မအို. မနာ. မသေရာ. ဘေးကုန်ခန်းရာ. အေးငြိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားတော်ကို ရှာမှီးပေအံ့။

အဲဒီအလောင်းတော်ရဲ့ ကြံစည်ချက်ကို (.....)အဖန်ဖန် ဖတ်ရှုကြည့်ပါ။ ပဋိသန္ဓေ၊ အိုနာသေကို ဆင်းရဲအဖြစ် ဘေးအဖြစ် နှိပ်စက်တတ်သော တရားအဖြစ် အမြဲမပြတ် သတိချပ်ပြီး အဲဒီ ပဋိသန္ဓေ အိုနာသေမှ အေးငြိမ်းရာ နိဗ္ဗာန်တရားတော်ကို ရှာမှီးအံ့လို့ ကြံစည်ပြီး ရှာခဲ့လို့ ရှေးက အလောင်းတော်တွေ နိဗ္ဗာန် ရောက်သွားပြီ။ (.....)လည်း အဲဒီလိုပဲ စဉ်းစားပြီး ရှာဖွေပါ။

ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေး၊ သလိပ်၊ သည်းခြေ၊ တံတွေး၊ နပ်၊ ချွဲ အစရှိသည့် အထူးထူးသော အပုပ်မျိုးတို့ဖြင့် ပြည့်၍နေသော ဤကိုယ်ကောင်ပုပ်ကို ငါသည် မငဲ့ကွက် အလိုမရှိဘဲ စွန့်လွှတ်၍ သွားနိုင်ပါမူ ကောင်းလေစွ။

မိမိကိုယ်ကို ပြန်ကြည့်ပါ။ အဲဒီ အလောင်းတော်ရဲ့ ကိုယ်လိုပဲ၊ အပုပ်မျိုးစုံတို့ဖြင့် ပြည့်နေသော ကိုယ်ကောင်ပဲ မဟုတ်လား၊ အဲဒီအပုပ်ကောင်ကို ငဲ့ကွက်နေတဲ့အတွက် အကုသိုလ်ကံများကို ပြုနေကြတာပဲမဟုတ်လား၊ အဲဒီ အကောင်ပုပ်ကို မငဲ့ကွက်ပါက အကုသိုလ် မပြုလျှင် ငရဲမကျတော့ဘူးပေါ့။ ငရဲမှ လွတ်လိုလျှင် အေးငြိမ်းရာ နိဗ္ဗာန်ကို ရှာမှီးပေါ့။

"ထိုအေးငြိမ်းရာ နိဗ္ဗာန်သို့ သွားရောက်ကြောင်း ခရီးကောင်းသည် ရှိသည်ကေန် ဖြစ်ပေလိမ့်မည်။ ထိုလမ်းသည်လည်း မရှိဘဲနေခြင်းငှာ မတတ်ကောင်း၊ ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်ရန် ထိုနိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို ငါကား ရှာမှီးပေတော့အံ့"

အဲဒါက အလောင်းတော်ရဲ့ နိဗ္ဗာန်လမ်းကြောင်း မတွေ့မမြင်သေးခင် အလောင်းတော်ဘဝက ကြံစည်ရှာမှီးချက်ပါ။ ယခု အခါမှာတော့ နိဗ္ဗာန်ရောက်သွားပြီမို့ လမ်းညွှန်ထားခဲ့ပြီ မဟုတ်လား။

"ဆင်းရဲခြင်း ဒုက္ခတရား ထင်ရှားရှိလတ်သော် ကိုယ်စိတ်ချမ်းသာခြင်း သုခတရား လောက၌ ထင်ရှားရှိသကဲ့သို့ ဤအတူ ဝဋ်ဒုက္ခ၏ ဖြစ်ခြင်းဘဝတရား ထင်ရှားရှိလတ်သော် ထိုဝဋ်ဒုက္ခ၏ မဖြစ်ခြင်း နိဗ္ဗာန်တရားသည်လည်း ထင်ရှားရှိ၏။ ထိုတရားကို အလိုရှိအပ်သည်သာတည်း"

"အပူရှိလျှင် ထိုအပူမှ တစ်ပါးဖြစ်သော အအေးသည်လည်း ရှိရသကဲ့သို့ ဤအတူ ရာဂမီး၊ ဒေါသမီး၊ မောဟမီး ဤမီးသုံးပါး ထင်ရှားရှိလျှင် ထိုမီးသုံးပါးကို ငြိမ်းအေးစေတတ်သော နိဗ္ဗာန်တရား ထင်ရှားရှိ၏။ ထိုတရားကို အလိုရှိအပ် သိမှတ်အပ်သည်သာတည်း"

"မကောင်းမှု အကုသိုလ်တရား ထင်ရှားရှိလျှင် ကောင်းမှုကုသိုလ်တရားလည်း ထင်ရှားရှိရသကဲ့သို့ ဤအတူပင် ပဋိသန္ဓေ နေရခြင်း၊ ဇာတိတရား ထင်ရှားရှိလျှင် ထိုဇာတိကို ကုန်စေတတ်သည့် ပဋိသန္ဓေနေခြင်းကင်းရာ နိဗ္ဗာန်တရား ထင်ရှားရှိ၏။ ထိုတရားကို အလိုရှိအပ် သိမှတ်အပ်သည်သာတည်း"

အထက်ပါ ကြံစည်ချက်ကို အဖန်ဖန် ရှုကြည့်ပါ။ (.....)အနေနဲ့ သုခနဲ့ ဒုက္ခလည်း သိသင့်သလောက် သိနေပြီ၊ ဝဋ်နှင့် နိဗ္ဗာန်လည်း သဘောပေါက်နေပြီ။ အပူနှင့် အအေး၊ ကုသိုလ်နှင့် အကုသိုလ်လည်း ကွဲလွဲစွာ

သဘောပေါက်နေပြီပဲ။ အလောင်းတော်တို့ ထုံးကို နှလုံးမူပေါ့။ ဆက်လက်ပြီးတော့ အလောင်းတော်ရဲ့ ကြံစည်ချက်ကို နှလုံးမူပါဦး။

"မစင်တွင်း၌ ကျရောက်၍ မစင်လိမ်းကပ်နေသော ယောက်ျားသည် ကြာမျိုးငါးပါးတို့ဖြင့် တန်ဆာဆင်အပ်၍ ကြည်လင်သောရေ ရှိသည့် တစ်ဘက်ဆည်ကန်ကြီးကို မျက်ဝါးထင်ထင် အဝေးမှ မြင်နေရပါလျက် ထိုတစ်ဘက်ဆည်ကန်သို့ သွားရန် လမ်းမှန်ကို မရှာမှီးလျှင် ထိုသို့ မရှာမှီးခြင်းသည် တစ်ဘက်ဆည်ကန်ကြီး၏ အပြစ်မဟုတ်၊ ထို မစင်လိမ်းကပ်သော ယောက်ျား၏ အပြစ်သာလျှင် ဖြစ်၏။ ဤအတူ ကိလေသာအညစ်အကြေးတို့ကို ဆေးကြောရန် ဇကန်အမြိုက် နိဗ္ဗာန်တည်းဟူသော တစ်ဘက်ဆည်ကန်ကြီး ရှိနေပါလျက် ထိုသည့်နိဗ္ဗာန် တစ်ဘက်ဆည်ကန်ကြီးကို မရှာမှီးလျှင် ထိုသို့မရှာမှီးခြင်းသည် နိဗ္ဗာန်တည်းဟူသော တစ်ဘက် ဆည်ကန်ကြီး၏ အပြစ်မဟုတ်"

အဲဒီကြံစည်ချက်ကို အတုယူပြီး အတတ်နိုင်ဆုံး မိမိမှာရှိနေတဲ့ ကိလေသာအညစ်အကြေးတွေကို ရှုမှတ်ပွားများသောအားဖြင့်လည်းကောင်း၊ နာကြားသောအားဖြင့်လည်းကောင်း ဆေးကြောပါက စင်ကြယ်ပါတယ်။ ငရဲမကျနိုင်ပါဘူး။

ရန်သူတို့ ဝိုင်းဝန်းခြင်းကို ခံရသူသည် တိမ်းရှောင်ထွက်သွားဖို့ရန် လမ်းရှိပါလျက် ထွက်သွားခြင်း မပြုခဲ့လျှင် ထိုသို့ ထွက်မသွားခြင်းသည် လမ်း၏ အပြစ်မဟုတ်။ ထိုယောက်ျား၏ အပြစ်သာ ဖြစ်၏။ ဤအတူ ကိလေသာရန်သူတို့မှ လွတ်မြောက်သော ဘေးကင်းရာနိဗ္ဗာန်ရွှေမြို့သို့ သွားရောက်ကြောင်း မဂ္ဂင်လမ်းကြောင်းကြီး ထင်ရှားရှိပါလျက် ထိုလမ်းကြောင်းကြီးသို့မသွားလိုလျှင် ထိုသို့မသွားလိုခြင်း၊ မသွားခြင်းကား နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကောင်း၏ အပြစ်မဟုတ်ပေ။

အမှန်က မပြစ်မှားသင့်သူတွေကို ပြစ်မှားတယ်ဆိုတာ ကိလေသာရန်သူရဲ့ ခိုင်းစေချက်အရ ပြစ်မှားခြင်းပါ။ ယခု (.....)အနေနဲ့ ကိလေသာရန်သူတွေကို ပယ်သတ်နည်း သိနေပြီပဲ၊ ပယ်လည်း ပယ်သတ်နေပြီပဲ၊ ဆက်လက်ပြီးတော့ ပယ်သတ်နေပါလျှင် မပြစ်မှားသင့်သူများကို ဆက်လက်ပြီး ပြစ်မှားတော့မှာ မဟုတ်ဘဲ၊ ပြစ်မှားပြီးသည့် အပြစ်တွေကလည်း ပြေပျောက်သွားမှာပေါ့။

အနာရောဂါ ရှိသော ယောက်ျားသည် ကုစားနိုင်သော ဆေးဆရာကောင်း ရှိပါလျက် ထိုအနာရောဂါကို မကုစားခဲ့လျှင် ထိုသို့ မကုစားခြင်းသည် ဆေးဆရာ၏ အပြစ်မဟုတ်ပေ။ ဤအတူ ကိလေသာတည်းဟူသော အနာတို့ဖြင့် ဆင်းရဲစွာ နှိပ်စက်ခံနေရသူသည် ထိုကိလေသာမှ ငြိမ်းရာငြိမ်းကြောင်း မဂ္ဂင်လမ်းကြောင်း၌ လိမ္မာသူ ထင်ရှားရှိသော ဆရာကို မရှာမှီးလျှင် ထိုသို့ မရှာမှီးခြင်းသည် ဆရာမြတ်၏ အပြစ်မဟုတ်ပေ။

သတ္တဝါတွေမှာ ကိုယ်ရောဂါ၊ စိတ်ရောဂါ နှစ်မျိုးရှိသူတွေ ဖြစ်တယ်။ အဲဒီရောဂါတွေဟာ တရားဆေးတော်ကြီးကို သောက်သုံးသောအားဖြင့် ကျင့်ကြံအားထုတ်နေပါက ပျောက်ကင်းနိုင်ပါတယ်။ အရင်းစစ်အမြစ်မြေက ဆိုသလို အပြစ်အမျိုးမျိုး ကျူးလွန်နေကြတာဟာ လက်ရှိ ရုပ်နာမ်ခန္ဓာ ရှိနေတဲ့အတွက် အဲဒီရုပ်ခန္ဓာကို ငဲ့ကွက်တဲ့ တဏှာရမ္မက်ကြောင့်သာ ဖြစ်တယ်။ အဲဒီအကြောင်းကို သိမြင်သော အလောင်းတော်က ခန္ဓာကိုယ်ကို စွန့်ပစ်ရန် ဒီလိုအကြံတော် ဖြစ်ပါတယ်။

လုပချင်သော ယောက်ျားတစ်ယောက်သည် လည်ပင်း၌ ဆွဲအပ်သောအကောင်ပုပ်ကို စက်ဆုပ်ပြီးလျှင် ဖြေချွတ်၍ အလိုရှိတိုင်း ကိုယ်စိုးတရ ချမ်းသာစွာသွားသကဲ့သို့ ငါသည်လည်း အထူးထူးသော ပိုးမျိုး အပုပ်မျိုး

တို့၏ စုဝေးရာ ဤအကောင်ပုပ်ကြီးကို စွန့်ပယ်၍ မငဲ့ကွက် အလိုမရှိဘဲ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ ချမ်းသာစွာ သွားပေအံ့။

ကျင်ကြီးစွန့်ရာအရပ်၌ ယောက်ျား မိန်းမ တို့သည် ကျင်ကြီးကို စွန့်ကြပြီးလျှင် ပြန်စောင်း၍မှုလည်း မကြည့်လိုကြတော့ဘဲ စွန့်ပယ်၍ သွားကြသကဲ့သို့ ငါသည်လည်း အထူးထူးသော ပိုးမျိုး အပုပ်မျိုးတို့ဖြင့် ပြည့်၍ နေသော ဤကိုယ်ကောင်ကြီးကို ကျင်ကြီးစွန့်ပြီးသူသည် အိမ်သာကိုစွန့်သကဲ့သို့ စွန့်၍ နိဗ္ဗာန်မြို့ကြီးသို့ အရောက် သွားပေအံ့။

အိုမင်းဆွေးမြေ့ ပျက်စီးနေ၍ ရေတသွင်သွင် ယိုစီးဝင်နေသော လှေကို လှေရှင်တို့သည် မငဲ့ကွက်အလို မရှိ စွန့်လွှတ်၍ သွားကြသကဲ့သို့ ငါသည်လည်း ဒွါရ (၉)ပေါက်ရှိ၍ ထိုဒွါရ (၉)ပေါက်မှ အမြဲတစေ မစင်ကြယ် သောအရာတို့တွေ ယိုထွက်နေသော ဤကိုယ်ကောင်ကို လှေအိုကို လှေရှင်များ စွန့်သကဲ့သို့ နိဗ္ဗာန်မြို့ကြီးသို့ သွားပေအံ့။

ဘဏ္ဍာပစ္စည်းကို ယူဆောင်၍ ခိုးသူတို့နှင့် အတူတကွ လမ်းသွားမိသော ယောက်ျားသည် ဘဏ္ဍာကို လုယက်မည့်ဘေးမြင်၍ ခိုးသူတို့အား၊ စွန့်ကာ ဘေးလွတ်ရာသို့ ရှောင်သွားသကဲ့သို့ပင် ဤခန္ဓာကိုယ်ကြီးသည် ခိုးသူကြီးနှင့် တူလှပေ၏။

သို့ရကား ခိုးသူတို့နှင့် အတူတကွ လမ်းသွားမိသော ယောက်ျားသည် ဘဏ္ဍာကို လုယက်အံ့သော ဘေးမှ ကြောက်လှသဖြင့် ထိုခိုးသူတို့ကို စွန့်၍သွားသကဲ့သို့ ငါသည်လည်း ကုသိုလ်ဥစ္စာ ရတနာတို့ကို လုယက် ဖျက်ဆီးအံ့သော အရေးကိုတွေးတိုင်း ကြောက်လှသောကြောင့် ခိုးသူကြီးနှင့်တူသော ဤခန္ဓာကိုယ်ကို စွန့်လွှတ်၍ ကိုယ်၏ချမ်းသာရေး၊ ဧကန်ပေးနိုင်သည့် နိဗ္ဗာန်လမ်းကြောင်းကို ရှာမှီးရန် သွားပေအံ့။

ဒီနေရာမှာ တင်စားချက်ကို သတိပြုရမယ်။ "အယောနိသော မနသိကာရ"ဟူသော နလုံးသွင်း မှား ဝင်ရောက်ပြီး လောဘ၊ ဒေါသတို့က သွေးဆြှောက်ပေးတဲ့အခါ ဤခန္ဓာကိုယ်ကြီးကပင် ပါဏာတိပါတ ခိုးသူကြီး၊ အဒိန္နာဒါန် ခိုးသူကြီး စသည် ဖြစ်၍ အလုံးစုံသော ကုသိုလ်ဥစ္စာ ရတနာတို့ကို လုယက် တိုက်ဖျက် တတ်သောကြောင့် ဤခန္ဓာကိုယ်ကောင်ကြီးသည် ခိုးသူကြီးနှင့် တူလှပေ၏ဟု တင်စားထားတယ်။

"ကဲ . . . ဟောပေးချင်တဲ့ တရားတော်ကတော့ အဲဒါပဲ၊ အလောင်းတော်ရဲ့ ကြံစည်ချက်ပဲ၊ အဲဒီ ကြံစည်ချက်ကို ကောက်နုတ်ချက်ချကြည့်ရင် ကိုယ်ဘာလုပ်ရမယ်ဆိုတာ ပေါ်လာပါပြီ။

အလောင်းတော်သည် ဘာလုပ်သလဲ၊ ကိုယ့်ရဲ့ ရုပ်နာမ်ခန္ဓာ အဖြစ်သနစ်၊ အပြစ်သဘော သဘာဝ ကိုပဲ မြင်အောင်ကြည့်တယ်၊ ကြံစည် စဉ်းစားတယ် မဟုတ်လား။ ဒီတော့ မိမိရဲ့ လမ်းတွေမှာပေါ့။မိမိလည်း မိမိ ရဲ့ရုပ်နာမ်ခန္ဓာရဲ့ အဖြစ်၊ အပြစ်သနစ်သဘော သဘာဝတွေကိုပဲ အမြဲမပြတ် တရစပ်မြင်အောင်ကြည့်ဖို့ပဲပေါ့။

ကိုယ့်ရုပ်နာမ် ခန္ဓာရဲ့အဖြစ်၊ အပြစ်သနစ်သဘော သဘာဝတွေ မြင်လာရင် သူတစ်ပါးရဲ့အပြစ်တွေ မမြင်တော့ဘူး၊ မမြင်ရင် မပြစ်မှားတော့ဘူးပေါ့။

ပြစ်မှားပြီးသားတွေလည်း ပညာရှိသူတော်ကောင်းတွေထံမှာ ဝန်ခံလျှောက်ထား တောင်းပန်နိုင်လို့ တောင်းပန်ပြီး ပြေပျောက်သွားနိုင်တယ်။

ဒီတော့ အပြစ်ဟောင်းလည်း ပြေပျောက်၊ အပြစ်သစ်လည်း ထပ်မရောက်သဖြင့် စိတ်ကြည်လင် ကာ ဘဝတစ်လျှောက်လုံး ချမ်းသာသုခ ရနိုင်ပါမယ်၊ သောကလည်း ငရဲသို့ မကျတော့ဘဲ ကောင်းရာ သုဂတိသို့ ရောက်ရှိနိုင်ပြီး သုဂတိအဆင့်မှ နိဗ္ဗာန်အထိ တက်လှမ်းနိုင်ပါတယ်။

ဒါကြောင့် -

လွန်ပြီးကို တွေး၊ မဆွေးပူရာ
လာလတ္တံ့အတွက်၊ မျှော်ချက်ပယ်ခွာ
ဖြစ်ဆဲနာမ်ရုပ်၊ ပစ္စုပ္ပန်သာ
မလွတ်တမ်း၊ ရှုစမ်းသေသေချာ။

ဆိုတဲ့ ချပေးနေကျ လင်္ကာလေးအတိုင်း လွန်ပြီး အတိတ်ကို ပြန်မတွေး၊ ပြန်မပူဘဲ လာလတ္တံ့အနာဂတ်ကိုလည်း မမျှော်ခေါ်ဘဲ ဖြစ်ဆဲ မိမိနာမ်ရုပ်ကိုသာ ရှုပွားနိုင်သဖြင့် သူတစ်ပါး အပြစ်တွေ မြင်ခြင်းမှ ကင်းစင်၍ မိမိအပြစ်ကို အကုန်အစင် မြင်ကာ ပယ်ခွာနိုင်ပြီး ဒီဘဝမှာပဲ နိဗ္ဗာန်သို့ မျက်မှောက်ဆိုက်ရောက်ပါစေလို့ မေတ္တာပို့သလိုက်ပါသတည်း။

📖

# ဒုက္ခရစရိယာ မကျင့်ဘဲ ဘုရား ဖြစ်နိုင်ပါသလား

(၁၈၀)

ဘုရားအလောင်းတော်သည်အသက် ၂၉ နှစ်အရွယ်ရှိသောအခါ၌လက်တော်သို့ရောက်လုဆဲဆဲဖြစ်သောစကြာမင်းစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ မငဲ့မကွက် ရက်ရက်ကြီး စွန့်လွှတ်ကာ စကြာမင်း၏ အသရေရှိသော စံနန်းတော်နှင့် အလားတူသော စံနန်းတော်မှ ဖွားဘက်တော် ဆန္နအမတ် နောက်တော်ကပါလျက် ကဏ္ဍကမြင်းတော်ကို စီးနင်းတော်မူကာ မဟာသက္ကရာဇ်၉၇ ခုနှစ် ဝါဆိုလပြည့်၊ တနင်္လာနေ့ ညဥ့်သန်းခေါင်ယံအချိန် အာသဠီနက္ခတ်နှင့် စန်းယှဉ်ခိုက်တွင် တောထွက်တော်မူခဲ့သည်။

တောထွက်တော်မူခဲ့သော အလောင်းတော်သူမြတ်သည် တစ်ညဥ့်ချင်းဖြင့်ပင် သာကီယ၊ ကောလိယ၊ မလ္လတည်းဟူသော သုံးပြည်ထောင်တို့ကို ကျော်လွန်ကာ ယူဇနာ ၃၀ ရှိသော ခရီးကို သွား၍ အနော်မာမြစ်ကမ်းသို့ ဆိုက်ရောက်ဧော်မူလေသည်။

အနော်မာမြစ်ကမ်းသို့ ရောက်သောအခါ ကဏ္ဍကမြင်းတော်သည် ဤမှာဘက်ကမ်းမှ ခုန်၍ ရှစ်ဥသဘ ကျယ်ပြန့်သော အနော်မာမြစ်၏ ထိုမှာဘက်ကမ်း၌ တည်လေ၏။ အလောင်းတော်သည် မြင်းကျောကုန်းမှ ဆင်းသက်၍ အဆင်တန်ဆာတို့နှင့်တကွ ကဏ္ဍကမြင်းတော်ကို ဖွားဘက်တော် ဆန္နအမတ်အား လွှဲအပ်တော်မူ၏။

ထို့နောက် အလောင်းသူမြတ်သည် မကိုင်နှင့်တကွသော ဆံတော်ကို ပယ်ဖြတ်၍ ယဋိကာရပြဟ္မာကြီး လှူဒါန်းသော သက်န်းပရိက္ခရာကို သပ္ပာယ်စွာ ဝတ်ရုံဆင်မြန်း၍ ရဟန်းပြုပြီးလတ်သော် အနုပိယ သရက်တော၌ ခုနစ်ရက်ပတ်လုံး ရဟန်းချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေပြီးသော် တစ်ရက်တည်းဖြင့်ပင် ယူဇနာ ၃၀ ရှိသော ခရီးကို ခြေကျင်ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလေ၏။

အလောင်းတော်သည် ထိုမှတစ်ဆင့် ခရီးဒေသစာရီ ကြွချီလတ်သော် "ကာလာမ" အနွယ်ဝင် ဖြစ်တော်မူသော "အာဠာရ" ဂိုဏ်းဆရာကြီးထံ ရောက်တော်မူလေ၏။ အာဠာရဂိုဏ်းဆရာကြီးထံ၌ အာကိဉ္စညာယတန ဈာန်တိုင်အောင်သော လောကီဈာန် သမာပတ် ခုနစ်ရပ်တို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက် သိမြင်ခဲ့လေသည်။

အလောင်းသူမြတ်သည် အာဠာရဂိုဏ်းဆရာကြီးထံမှ ဖဲခွာခဲ့ပြီးနောက် "ရာမ"၏ သားဖြစ်သူ "ဥဒက"ဂိုဏ်းဆရာကြီးထံသို့ ရောက်တော်မူလေသည်။ ဥဒကဂိုဏ်းဆရာကြီးအထံ၌ နေဝသညာနာသညာယတနဈာန် တိုင်အောင်သော လောကီသမာပတ် ဈာန်ရှစ်ရပ်တို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်သိမြင်ခဲ့လေသည်။

## အပြစ်မြင်ကာ ဖဲခွာလာ

အလောင်းတော်သူမြတ်မှာ ထိုလောကီဈာန် သမာပတ်ရှစ်ပါးတို့ကို ရရှိပြီးနောက် ထိုလောကီဈာန် ရှစ်ပါးတို့၏ ပစ္စုပ္ပန်ဘဝ အလားအလာ၊ သဘောသွား၊ တမလွန်ဘဝ၌ ရရှိမည့်အကျိုးများကို စဉ်းစားဆင်ခြင်တော်မူလတ်သောအခါ လောကီသမာပတ်ဈာန်ရှစ်ရပ်တို့၏ပစ္စုပ္ပန်ဘဝ၌သဘောသွားအသွားအလာ၊တမလွန်ဘဝ၌ဘဝဂ်ဘုံခေါ်သောနေဝသညာနာသညာယတန ပြဟ္မာ့ဘုံ၌ ပဋိသန္ဓေအကျိုးပေးလိမ့်မည့် အခြင်းအရာတို့ကို ကောင်းစွာသိမြင်တော်မူလေသည်။ ထိုအခါ -

"ဤလောကီသမာပတ်၊ ဈာန်ရှစ်ရပ်တို့သည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော တရားများသာ ဖြစ်ကုန်၏"

ဟူ၍ ဆုံးဖြတ်ချက် ချမှတ်တော်မူကာ ဤလောကီဈာန် သမာပတ်ရှစ်ရပ်သော တရားအစုတို့သည် -

၁။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ဖို့ရန် မဖြစ်နိုင်ချေ။

၂။ တပ်မက်ခြင်း ကင်းဖို့ရန် မဖြစ်နိုင်ချေ။

၃။ ရာဂ အစရှိသော ကိလေသာများ ချုပ်ငြိမ်းဖို့ရန် မဖြစ်နိုင်ချေ။

၄။ ကိလေသာခပ်သိမ်း ငြိမ်းဖို့ရန် မဖြစ်နိုင်ချေ။

၅။ သိသင့်သမျှ တရားများကို သိဖို့ရန် မဖြစ်နိုင်ချေ။

၆။ မဂ်ဉာဏ်လေးပါးတို့ကို ရဖို့ရန် မဖြစ်နိုင်ချေ။

၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် မဖြစ်နိုင်ချေ။

စင်စစ်သော်ကား ဤလောကီ သမာပတ်ဈာန် ရှစ်ပါးတို့သည် အမြတ်ဆုံး၊ အထက်ဆုံးအကျိုးပေးပါမှ မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သည့် နေဝသညာနာသညာယတန ပြဟ္မာ့ဘုံသို့ ရောက်ရုံသာ အကျိုးပေးလိမ့်မည်။ ထို့ထက် သာလွန်သောအကျိုးကို ပေးနိုင်ကြမည် မဟုတ်ပေ။

ထိုဈာန်၏ အကျိုးပေးရာ နေဝသညာနာသညာယတန ပြဟ္မာ့ဘုံမှာလည်း ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးတို့မှ မလွတ်မြောက်သေးသော ဌာနသာ ဖြစ်ချေသည်။ သေမင်းက ကျော့ကွင်းဖြင့် ဝိုင်းရံအပ်ပြီးသားသာ ဖြစ်ချေသည်ဟူ၍ လေးနက်စွာ ဆင်ခြင်စဉ်းစားတော်မူလေသည်။

အလောင်းတော်သူမြတ်သည် ထိုသမာပတ် ဈာန်ရှစ်ရပ်တို့၏အပြစ်များကိုမြင်တော်မူသောအခါမှ စ၍ ထိုသမာပတ်ဈာန်ရှစ်ရပ်တို့ကို ဝသီဘော်ငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့်မျှ လေ့လာသုံးစွဲရန် စိတ်လုံးဝမရှိတော့ဘဲ "ဈာန်သမာပတ် ရှစ်ပါးတို့ဖြင့် ဘာမျှ အကျိုးမရှိ"ဟူ၍သာ အဖန်ဖန် ပယ်ရှား၍ ထိုသမာပတ်ရှစ်ပါးတို့မှ ငြီးငွေ့တော်မူသည် ဖြစ်ရကား ထိုဥဒကဂိုဏ်းဆရာကြီးထံမှ မကြာမီ ဖဲခွာတော်မူခဲ့လေသည်။

## ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

အလောင်းတော်သူမြတ်သည် ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွာတော်မူပြီးနောက် နိဗ္ဗာန်တရားကို ရှာမှီးတော်မူလျက် မဂဓတိုင်း၌ အစဉ်သဖြင့် ခရီးဒေသစာရီ လှည့်လည်တော်မူလတ်သော် သေနာနိဂုံးသို့ ဆိုက်ရောက်တော်မူလေသည်။ ထိုသေနာနိဂုံး၏ အနီး၌ ဥရုဝေလတောအုပ် ရှိလေသည်။

အလောင်းတော်သူမြတ်သည် ထိုဥရုဝေလတောအုပ်သို့ဝင်ရောက်ကာ ရသမျှသော ထင်းခြောက်၊ သစ်ရွက်ကလေး များဖြင့် ဖြစ်ကတတ်ဆန်း သစ်မ်းကျောင်းကလေး ဆောက်လုပ်တော်မူပြီးလျှင် ထိုဥရုဝေလတောအုပ်မှာပင် ပဓာနအလုပ် အားထုတ်တော်မူရန် ထိုင်နေတော်မူလေ၏။

၁။ အရေမျှကြွင်းပါစေ

၂။ အကြောမျှကြွင်းပါစေ

၃။ အရိုးမျှကြွင်းပါစေ

၄။ အသွေးအသားတို့ ခန်းခြောက်သွားမှ သွားပါစေ၊

ဤအလုပ်ကိုဖြင့် ငါ အောင်မြင်အောင် ပြုလုပ်တော့မည်ဟူသော အင်္ဂါလေးပါးရှိသည့် ဖွဲ့. လုံ့လ. ဝီရိယကို "ပဓာန ဝီရိယ" ဟု ခေါ်၏။ ယင်း ပဓာန ဝီရိယ၊ ဖွဲ၊ လုံ့လဖြင့် ပြုကျင့်အပ်သော အလုပ်မျိုးကို "ပဓာနအလုပ်" ဟူ၍ ခေါ်သည်၊

ယင်း ပဓာန ဝီရိယ. ဖွဲ့. လုံ့လဖြင့် ကျင့်ရသော အကျင့်များကို လူသာမန်တို့ ကျင့်ကြံရန် ခဲယဉ်းသော အကျင့်များဖြစ် ၍ "ဒုက္ကရစရိယာ" ဟူ၍ ခေါ်ဆို၏။

## အလိုလိုကြွေကျ အာဟာရ

အလောင်းတော်သူမြတ်သည် သေနာနိဂုံးသို့ ဝင်ကြွကာ ဆွမ်းခံလှည့်လည်ပြီး မေတ္တာဘာဝနာကို ပွားများတော်မူ ၍ အချိန်ကာလ ရက်များစွာကို လွန်စေပြီးနောက် တစ်ဆင့်တိုးတက်၍ -

"ရှန့်ရင်းကြမ်းတမ်းသော အလုပ်အလွေး ပြုလုပ်စားမျိုအပ်သော ဤအစာအာဟာရကို မှီဝဲခြင်းဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း။ ဤကဲ့သို့ အစာအာဟာရ ဝဝစား၍ မေတ္တာတရား ပွားများရုံမျှဖြင့် ငါရည်သန် သော သဗ္ဗညုတဉာဏ်တော်ကို ရနိုင်မည်မဟုတ်"

ဟူ၍ ဆင်ခြင်စဉ်းစားမိကာ ထိုသို့ ဆွမ်းခံ၍ စားခြင်းအမှုကို စွန့်တော်မူ၍ ဥရုဝေလတောအုပ်အတွင်း အလိုလိုကြွေကျ သော သစ်သီးကြီးငယ်တို့ကိုသာ စားသုံး၍ မျှတတော်မူပြန်၏။ ထိုနည်းဖြင့်လည်း သဗ္ဗညုတဉာဏ်တော်ကို မရနိုင်ရကား -

"ဤ အလိုလိုကြွေကျသော သစ်သီးကြီးငယ် အစာအာဟာရလည်း ကြမ်းတမ်းသေး၏၊ သစ်သီးကို ရှာဖွေခြင်းသည်လည်း ပလိဗောဓတစ်မျိုးဖြစ်၏"

ဟူ၍ ဆင်ခြင်စဉ်းစားတော်မူပြီးလျှင် ကိုယ်တော်မြတ် မှီနိုနေသော သစ်ပင်မှ အလိုလိုကြွေကျသော သစ်သီးဖြင့်သာ မျှတ တော်မူပြန်၏။

## ဝီရိယမီးပူ

ယင်းသို့ မျှတတော်မူပြီး နောက်ထပ်တစ်ဖန် ဘုရားအလောင်းတော်သူမြတ်သည် အံကြိတ် တောက်ခေါက်၍ -

"အားကြီးလှစွာ သမ္မာဝိတက်နှင့်ယှဉ်သော ကုသိုလ်စိတ်ဖြင့် ကာမဝိတက် အစရှိသော မိစ္ဆာဝိတက် တို့နှင့် တကွဖြစ်သော အကုသိုလ်စိတ်ကို ဖြစ်ခွင့် မပေးရမှ ကောင်းလေစွ၊ ပယ်ဖျောက်ရမှ ကောင်းလေစွ၊ ထိုအကုသိုလ်စိတ်များကို ဝီရိယမီးပူဖြင့် ခွာပစ်ရမှ ကောင်းလေစွ"

ဟု ကြံစည်တော်မူကာ အံကြိတ်တောက်ခေါက်ကာ အကုသိုလ်စိတ်ကို နှိမ်တော်မူလေသည်၊ ဖြစ်ခွင့် မပေး၊ ပယ်ဖျောက်တော်မူလေသည်၊ ဝီရိယမီးပူဖြင့် ကိုယ်မှကွာအောင် ပြုတော်မူလေသည်၊ ထိုအခါ ချိုင်းကြားတို့မှ ချွေးများ တတွေ တွေ ယိုထွက်၍ လာလေသည်၊

ဥပမာအားဖြင့် အားရှိသော ယောက်ျားတစ်ယောက်က အားနည်းသော ယောက်ျားတစ်ယောက်ကို ဦးခေါင်းက ကိုင်၍ဖြစ်စေ၊ ပုခုံးက ကိုင်၍ဖြစ်စေ ဖိနှိပ်သောအခါ ထိုအားနည်းသောယောက်ျား၏ ချိုင်းကြားမှ ချွေးများ ယိုထွက်လာသကဲ့သို့ တည်း။ ထိုအခါ၌ အလောင်းတော်၏ -

၁။ ဝီရိယကား အလွန်ပြင်းထန်လှ၏။

၂။ ဆုတ်နစ်ခြင်း အလျဉ်းမရှိ။

၃။ သတိလည်း အလွန်ထင်လင်းစွဲမြဲလှ၏။

၄။ မေ့လျော့ခြင်း အလျဉ်းမရှိ။

သို့သော် ဆင်းရဲစွာ အားထုတ်မှုက တစ်ကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်ရကား အလောင်းတော်၏ တစ်ကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။

## ထွက်လေ,ဝင်လေ အောင့်ချုပ်ထားခြင်း

ဤမျှလောက် ဆင်းရဲကြီးစွာသို့ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား ယုတ်လျော့ကုန်ခန်း မသွားချေ။ ဘုရားအလောင်းတော်သူမြတ်သည် -

"ထွက်လေ,ဝင်လေ နှစ်ပါးကို အောင့်ချုပ်၍ ထားခြင်းတည်းဟူသော အပ္ပါနကဈာန်ကို ဖြစ်စေရမူ ကောင်းလေစွ"

ဟု ကြံစည်တော်မူကာ မမေ့လျော့သော လုံ့လဖြင့် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်း၍ အောင့်၍ ထားလေသည်။

ထိုအခါ လေများသည် ခံတွင်း၊ နှာခေါင်းမှ ထွက်ခွင့်မရသဖြင့် နားပေါက်တို့မှ စုံ၍ ထွက်ကြကုန်၏။ ထိုသို့ထွက်သော လေတို့၏အသံကား ပန်းပဲသမားတို့၏ ဖားဖိုမှ လေထွက်သံကဲ့သို့ အလွန်ပြင်းထန်လှကုန်၏။ ထိုအခါ ဘုရားအလောင်းတော်၏ -

၁။ ဝီရိယကား အလွန်ပြင်းထန်လှ၏။

၂။ ဆုတ်နစ်ခြင်း အလျဉ်းမရှိ။

၃။ သတိလည်း အလွန်ထင်လင်းစွဲမြဲလှ၏။

၄။ မေ့ပျောက်ခြင်း အလျဉ်းမရှိ။

သို့သော် ဆင်းရဲစွာ အားထုတ်မှုက တစ်ကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တစ်ကိုယ်လုံးမှာ ပူရှိန်းကာ အေးငြိမ်းမှုကို မရရှိခဲ့ချေ။

## ထိုဈာန်ကိုပင် ထပ်၍ဝင်

ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား ယုတ်လျော့ကုန်ခန်း၍ မသွားချေ။ တစ်ဖန် အလောင်းတော်သူမြတ်သည် -

"ထွက်လေ ဝင်လေ နှစ်ပါးကို အောင့်ချုပ်၍ ထားခြင်း ဟူသော အပ္ပါနကဈာန်ကိုပင် ဖြစ်စေရမူ ကောင်းလေစွ"

ဟု ကြံစည်တော်မူကာ မလျော့သောလုံ့လဖြင့် ခံတွင်းမှလည်းကောင်း၊ နားပေါက်တို့မှလည်းကောင်း ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်း၍ အောင့်၍ထားလေသည်။

ထိုအခါ လေများသည် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်ခွင့်မရကြသဖြင့် ဦးခေါင်းသို့ တက်၍ တိုးဝှေ့ထိုးဆွကြကုန်၏။

ဥပမာအားဖြင့် အားကြီးသောယောကျ်ားတစ်ယောက်က ထက်လှ ချွန်လှစွာသော စူးဖြင့် ဦးခေါင်း၌ မွှေနေသကဲ့သို့တည်း။ ထိုအခါလည်း အလောင်းတော်၏ -

၁။ ဝီရိယကား အလွန်ပြင်းထန်မြဲ ပြင်းထန်လှပေ၏။

၂။ ဆုတ်နစ်ခြင်း အလျဉ်းမရှိပေ။

၃။ သတိလည်း အလွန်ထင်လင်း စွဲမြဲတိုင်း စွဲမြဲလှပေ၏။

၄။ မေ့ပျောက်ခြင်း အလျဉ်းမရှိ

သို့သော် ဆင်းရဲစွာ အားထုတ်မှုက တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ဖြစ်ရကား အလောင်းတော်သူမြတ်၏ တစ်ကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။

## ထိုရှာန်ကိုပင် ပြန်၍ဝင်

ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား ယုတ်လျော့ကုန်ခန်း၍ မသွားပါချေ။ တစ်ဖန် အလောင်းတော်သူမြတ်သည် -

"ထွက်လေဝင်လေ နှစ်ပါးကို အောင့် ချုပ်၍ ထားခြင်းတည်းဟူသော အပ္ပါနကဈာန်ကိုပင် ထပ်၍ ဖြစ်စေရမူ ကောင်းလေစွ"

ဟု ကြံစည်တော်မူကာ မလျော့သောလုံ့လဖြင့် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်သက်ဝင်သက် ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်းမြဲ ချုပ်တည်း၊ အောင့်မြဲ အောင့်၍ထားလေသည်။

ထိုအခါ အလွန်ပြင်းထန်သော လေတို့ ဦးခေါင်းကို ထိုးကြသဖြင့် အလွန်ပြင်းထန်စွာ ခေါင်းခဲဝေဒနာတို့ ဖြစ်လာကြကုန်၏။

ဥပမာအားဖြင့် အားကြီးသော ယောကျ်ားတစ်ယောက်က သားရေကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်၍ တင်းကျပ်အောင် ပြုလုပ်သောအခါ ဆင်းရဲကြီးစွာ ရောက်သကဲ့သို့တည်း။ ထိုအခါ၌လည်း အလောင်းတော်၏ -

၁။ ဝီရိယအား အလွန်ပြင်းထန်မြဲ ပြင်းထန်လှပေ၏။

၂။ ဆုတ်နစ်ခြင်း အလျဉ်းပင် မရှိချေ။

၃။ သတိလည်း အလွန်ထင်လင်း စွဲမြဲတိုင်း စွဲမြဲလှပေ၏။

၄။ မေ့ပျောက်ခြင်း အလျဉ်းပင် မရှိ။

သို့သော် ဆင်းရဲစွာအားထုတ်မှု ဒဏ်ချက်က တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တစ်ကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။

## ထိုရှာန်ကိုပင် ထပ်၍ဝင်

ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား လျော့ပါးဆုတ်ယုတ်ကုန်ခန်း၍ မသွားချေ။ တစ်ဖန် အလောင်းတော်သူမြတ်သည် -

"ထွက်လေထွက်လေ နှစ်ပါးကို အောင့်ချုပ်၍ထားခြင်းဟူတည်းသော အပ္ပါနကရှာန်ကိုပင် ထပ်၍ ဖြစ်စေရမူ ကောင်းလေစွ"

ဟု ကြံစည်တော်မူကာ ရှေးနည်းအတူ မလျော့သောလုံ့လဖြင့် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်သက်ဝင်သက်၊ ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်းမြဲ ချုပ်တည်း၊ အောင့်မြဲ အောင့်၍ ထားလေသည်။

ထိုအခါ အလွန်ပြင်းထန်သော လေတို့သည် ဝမ်းဗိုက်ကို ဖြတ်တောက်သည့်ပမာ လွန်စွာထိုးကျင်ကုန်၏။

ဥပမာအားဖြင့် အလုပ်ကျွမ်းကျင်သော နွားသတ်သမား သို့မဟုတ် နွားသတ်သမား၏လက်ထောက် တပည့်က ထက်စွာသော နွားသတ်ဓားဖြင့် ဝမ်းဗိုက်ကို လှီးဖြတ်သကဲ့သို့တည်း။ ထိုအခါ၌လည်း အလောင်းတော်၏ -

၁။ ဝီရိယကား အလွန်ပြင်းထန်မြဲ ပြင်းထန်လှပေ၏။

၂။ ဆုတ်နစ်ခြင်း အလျဉ်းမရှိပေ။

၃။ သတိလည်း အလွန်ထင်လင်း စွဲမြဲတိုင်း စွဲမြဲလှပေ၏။

၄။ မေ့ပျောက်ခြင်း အလျဉ်းပင် မရှိ။

သို့သော် ဆင်းရဲစွာ အားထုတ်မှုဒဏ်ချက်က တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ ဖြစ်နေရကား အလောင်းတော်၏ တစ်ကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။

## ထိုရှာန်ကိုပင် ထပ်၍ဝင်

ဤမျှလောက် ဆင်းရဲကြီးစွာ ရောက်ရှိနေသော်လည်း အားထုတ်လိုသော စိတ်ဓာတ်ကား လျော့ပါးဆုတ်ယုတ်ကုန်ခန်း၍ မသွားချေ။ တစ်ဖန် အလောင်းတော်သူမြတ်သည် -

"ထွက်လေဝင်လေ နှစ်ပါးကို အောင့်ချုပ်၍ထားခြင်းတည်းဟူသော အပ္ပါနကရှာန်ကိုပင် ထပ်၍ဖြစ်စေရမူ ကောင်းလေစွ"

ဟု ကြံစည်တော်မူကာ ရှေးနည်းတူ မလျော့သောလုံ့လဖြင့် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်သက်ဝင်သက်၊ ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်တည်းမြဲ ချုပ်တည်း၊ အောင့်မြဲ အောင့်၍ထားလေသည်။

ထိုအခါ အလောင်းတော်၏ တစ်ကိုယ်လုံး၌ အပြင်းအထန် ပူလောင်ခြင်း "ဍာဟရောဂါ" ဖြစ်ပေါ်လာလေသည်။

ဥပမာအားဖြင့် အားရှိသော ယောက်ျားနှစ်ယောက်တို့က အားနည်းသော ယောက်ျားတစ်ယောက်ကို လက်ဝဲ၊ လက်ယာ၊ လက်မောင်း တစ်ဘက်စီ ကိုင်ကြပြီး မီးပုံကြီး၌ ကင်၍ပေးသောအခါ ပြင်းထန်စွာ ပူလောင်ခြင်း ဖြစ်လာသကဲ့သို့တည်း။

ထိုအချိန်မှာ အလောင်းတော်၏ တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူလောင်နေသည်။ ထိုအခါ၌လည်း အလောင်းတော်၏ -

၁။ ဝီရိယကား အလွန်ပြင်းထန်မြဲ ပြင်းထန်လှပေ၏။

၂။ ဆုတ်နစ်ခြင်း အလျဉ်းပင်မရှိပေ။

၃။ သတိလည်း အလွန်ထင်လင်း စွဲမြဲတိုင်း စွဲမြဲလာပေ၏။

၄။ မေ့ပျောက်ခြင်း အလျဉ်းပင် မရှိ။

သို့သော် ပဓာန အလုပ်ဆင်းရဲစွာ အားထုတ်မှုဒဏ်ချက်က တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ဖြစ်နေရကား အလောင်းတော်၏ တစ်ကိုယ်လုံးမှာ ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့ချေ။

သို့စေကာမူ အလောင်းတော်ကား ပဓာန အလုပ်အားထုတ်လိုသော စိတ်ဓာတ်ကား လျော့ပါးဆုတ်၍ ကုန်ခန်း၍ မသွားချေ။

## စင်္ကြံအတွင်း မူးသွားခြင်း

ထိုသို့ အလောင်းတော်သူမြတ်အား အလွန်အမင်း ကိုယ်ပူနာ ဖြစ်ပွားလာသောအခါ အလောင်းတော်သူမြတ်သည် စင်္ကြံအတွင်းမှာပင် မူးမေ့သွားကာ ထိုင်လျက်သား တိမ်းလဲသွားတော်မူ၏။

တိမ်းလဲသွားတော်မူသော်လည်း ယခုခေတ် အချို့လဲသွားသလို မြင်မကောင်း ရှုမကောင်း၊ လျောင်းလျက်၊ မှောက်လျက် တိမ်းလဲသွားသည် မဟုတ်ပါ။ သတိကြီးသူ ဖြစ်သဖြင့် စင်္ကြံသွားရင်းက ထိုင်လျက်သားကလေး တိမ်းလဲသွားခြင်း ဖြစ်ပါသည်။

ထိုသို့ ဘုရားအလောင်းတော်သူမြတ် ထိုင်လျက်သား တိမ်းလဲသွားသောအခါ စင်္ကြံအနီးရှိ နတ်တို့သည် သုံးမျိုးသုံးစား ထင်မြင်ချက် ကွဲပြားကြကာ -

၁။ အချို့နတ်များက "ရဟန်းဂေါတမ သေသွားပြီ" ဟူ၍ ပြောဆိုကြလေသည်။

၂။ အချို့နတ်များက "ရဟန်းဂေါတမ သေပြီးပြီ မဟုတ်သေး၊ ယခုမှ သေနေတုန်း သေနေဆဲ ဖြစ်သည်" ဟူ၍ ပြောဆိုကြလေသည်။

၃။ အချို့နတ်များက "ရဟန်းဂေါတမ သေပြီးပြီလည်း မဟုတ်၊ သေနေတုန်း သေနေဆဲလည်း မဟုတ်၊ ရဟန်းဂေါတမ ရဟန္တာဖြစ်သွားပြီ၊ ဤနေပုံမျိုးကား ရဟန္တာ၏ နေပုံမျိုးဖြစ်သည်" ဟူ၍ ပြောဆိုကြလေသည်။

## နတ်ယုံသူများ သတိထား

ထိုသို့ ပြောဆိုကြသော နတ်သုံးမျိုးတို့အနက် "သေပြီ" ဟု ပြောဆိုသော နတ်များက သုဒ္ဓေါဒနမင်းကြီးထံသို့ သွားကြပြီးလျှင် -

"အသင်မင်းကြီးတို့၏ သားတော်သည် သေသွားပြီ" ဟူ၍ ပြောဆိုကြလေသည်။

"ငါ့သားတော်သည် ဘုရားဖြစ်ပြီးမှ သေတာလား၊ ဘုရားမဖြစ်မီ သေတာလား" ဟု သုဒ္ဓေါဒနမင်းကြီးက မေးသောအခါ ထိုနတ်တို့က - "သင့်သားသည် ဘုရားဖြစ်ခြင်းငှာ မစွမ်းနိုင်ရှာဘဲ ပဓာနအလုပ် အားထုတ်ရင်း စင်္ကြံမြေအတွင်းမှာပင် တိမ်းလဲ၍သေသွားပြီ" ဟူ၍ ပြောဆိုကြလေသည်။ ထိုသို့ ပြောဆိုသောအခါ သုဒ္ဓေါဒနမင်းကြီးက - "သင်တို့ပြောစကားကို လားလားမျှ ငါမယုံကြည်၊ ငါ့သားတော်အဖို့ သဗ္ဗညုတ ဉာဏ်သို့မရောက်ဘဲ ဘုရားမဖြစ်ဘဲ သေခြင်းဆိုသော တရားသည် ဖြစ်ပင် မဖြစ်နိုင်" ဟူ၍ တင်းတင်းမာမာကြီးပင် ပြောကြားလိုက်လေသည်။

## အစာလျှော့၍ စားတော်မူခြင်း

ဘုရားအလောင်းတော်သည် မူးမေ့သွားရာမှ သတိရလာသောအခါ "ငါသည် အစာအာဟာရကို လုံး၀ မစားဘဲ ကျင့်ရမူ ကောင်းလေစွ" ဟူ၍ ကြံစည်တော်မူသောအခါ နတ်များက -

"အို . . . သူတော်ကောင်း အလောင်းတော် ရဟန်းမြတ်၊ သင်သည် အစာအာဟာရကို လုံး၀ဖြတ်တောက်တော်မမူပါလင့်၊ အို . . . သူတော်ကောင်း အလောင်းတော် ရဟန်းမြတ်၊ အကယ်၍ သင်သည် အစာအာဟာရကို လုံး၀ဖြတ်တောက်ရန် ကျင့်ကြံတော်မူခဲ့ပါလျှင် ငါတို့သည် သင်၏ ကိုယ်အတွင်းသို့ မွေးညင်းပေါက်တို့မှ နတ်ဩဇာကို ထည့်သွင်းကြရပါလိမ့်မည်။ ထိုနတ်ဩဇာဖြင့် သင်သည် မျှတရပါလိမ့်မည်"

ဟူ၍ ပြောဆိုကြလေသည်။ ထိုအခါ အလောင်းတော်သူမြတ်၏ စိတ်သန္တာန်၌ -

"ငါကလည်း အစာအာဟာရ လုံး၀ မစားဘူးဟူ၍ ၀န်ခံပြီးအံ့၊ ဤနတ်များကလည်း မွေးညင်းတို့မှ နတ်ဩဇာကို ထည့်သွင်း၍ ပေးကုန်ပြီးအံ့၊ ထိုနတ်ဩဇာဖြင့်လည်း ငါ မျှတ၍ နေပြီးအံ့၊ ဤသို့ လုံး၀အစာမစားဘူးဟု ၀န်ခံပါလျက် နတ်ဩဇာဖြင့် မျှတ၍ နေခြင်းသည် ငါ့အတွက်တာ ရှေ့နောက်မညီ ချွတ်ချွတ်လွဲလွဲသာ ဖြစ်လေရာ၏"

ဟု အကြံတော်ဖြစ်ပွားကာ နတ်များအား ဤကဲ့သို့ မိန့်တော်မူလေသည်။

"အမောင် . . . နတ်ဟို့၊ ဤသို့ မွေးညင်းအတွင်းတို့မှ နတ်ဩဇာ ထည့်သွင်းခြင်းအမှုကို မပြုကြပါလင့်၊ ငါသည် မျှတရုံလောက် အစာအာဟာရကို မှီဝဲပါမည်"

ထိုသို့ မိန့်တော်မူပြီးသည့် အခါမှစ၍ ဘုရားအလောင်းတော်သည် အစာအာဟာရကို လုံး၀ဖြတ်တောက်မှုမပြုဘဲ နည်းနည်း နည်းနည်းကိုသာ စားသုံးမှီဝဲတော်မူလေသည်။

တစ်နေ့တွက်တာ တစ်ရံတစ်ခါ ပဲနောက်ပြုတ်ရည် တစ်လက်ခုပ်လောက်ဖြင့်လည်း မျှတတော်မူ၏။ တစ်ရံတစ်ခါ ပဲပိစပ်ပြုတ်ရည် တစ်လက်ခုပ်လောက်ဖြင့်လည်း မျှတတော်မူ၏။

တစ်ရံတစ်ခါ ကုလားပဲပြုတ်ရည် တစ်လက်ခုပ်လောက်ဖြင့်လည်း မျှတတော်မူ၏။ တစ်ရံတစ်ခါ စားတော်ပဲပြုတ်ရည် တစ်လက်ခုပ်လောက်ဖြင့်လည်း မျှတတော်မူ၏။

## ပင်ပန်းနွမ်းနယ်

ထိုသို့ ပဲပြုတ်ရည်ကလေး တစ်လက်ခုပ်လောက်ဖြင့် မျှတတော်မူရသည့်အတွက် ဘုရားအလောင်းတော်၏ ရူပကာယ ခန္ဓာကိုယ်ကား အလွန်ပင်ပန်းနွမ်းနယ်ကာ ပိန်ချုံး၍ သွား၏။

ဘုရားအလောင်းတော်၏ အင်္ဂါကြီးငယ်တို့သည် အစာအာဟာရ နည်းနည်းသာ စားသုံးတော်မူသည့်အတွက် အာသီတိကမည်သောနွယ်၊ ကာဠမည်သောနွယ်တို့၏ အဆစ်များကဲ့သို့ အရိုးဆက် အဆစ်နေရာတို့က ခေါလျက်၊ မောက်လျက် အဆစ်မဟုတ်သော နေရာတို့က ပိန်လျက်၊ ချိုင့်လျက်နေကုန်၏။

ဘုရားအလောင်းတော်၏ တင်ပါးတို့သည် ကုလားအုတ်ခွာကြီးများကဲ့သို့ ပတ်ဝန်းကျင်ရှုံ့တွလျက် ကျင်ကြီးစွန့်သောနေရာတို့က အတွင်းသို့ ချိုင့်၍ဝင်နေကုန်၏။

## ပုတီးအစ ရေးရေးတုန်းက

ဘုရားအလောင်းတော်၏ကျောကုန်းရိုးတို့မှာလည်း ပုတီးကြီးများကို ကြိုးဖြင့် သီထားသည့်ပမာ အလယ်မှာ နိမ့်ကျ လျက် အရိုးဝေါဝေါ ပေါ်လွင်လျက်နေကုန်၏။

"ဇရပ်အို၊ ကျောင်းအို၊ အိမ်အိုမှ အချင်ရနယ်များကဲ့သို့ နံရိုးတို့သည်လည်း အကြားအကြား၌ အသား တွေ နိမ့်ကျကုန်ရကား မြင်မကောင်း၊ ရှုမကောင်း စနောင့်စနင်း မပြေမပြစ်ဖြစ်၍ နေကုန်၏။

မျက်လုံးအိမ်အတွင်းရှိ မျက်လုံးတော်တို့ကိုလည်း ရေတွင်းနက်ကြီးထဲက ရေပွက်ကလေးများပမာ အတွင်းသို့ ဝင်လျက်သား နေသည်တို့ကို မြင်ရကုန်၏။

"ဦးခေါင်းတော် အရေမှာလည်း ဗူးခါးသီး နုနုလေးကို ခူး၍နေလှန်းသည့်ပမာ ရှုံ့၍ တွန့်၍ ညှိုးနွမ်း၍နေ၏။

"ဝမ်းရေတော်နှင့် ကျောသားကပ်လျက်နေရကား ဝမ်းရေကို စမ်းလိုက်လျှင် ကျောရိုးကိုပါ ကိုင်မိတော့၏။ ကျောရိုးကို စမ်းလိုက်လျှင်လည်း ဝမ်းရေကိုပါ ကိုင်မိတော့၏။

"ကျင်ကြီး ကျင်ငယ်ကို စွန့်မည်ဟူ၍ ထိုင်လိုက်သောအခါ ကျင်ငယ်ဖြစ်နိုင်လောက်အောင် အာဟာရ ဓာတ်ရည်က ဝမ်းထဲ၌ မရှိသောကြောင့် လုံးဝကျင်ငယ်မထွက်ဘဲ ကျင်ကြီးသော်မူ ကွမ်းသီးလုံးတစ်လုံး နှစ်လုံးခန့်မျှ စမြင်းဖြစ်ကာ ခဲယဉ်းစွာ ထွက်ရ၏။ တစ်ကိုယ်လုံးမှ ချွေးများ တဖြိုင်ဖြိုင် ယိုစီးကျလာ၏။ ထိုနေရာမှာပင် မှောက် လျက်သား တိမ်းလဲသွား၏။

"မိမိကိုယ်ကို အနည်းငယ်မျှ သက်သာရ ရပါစေတော့ဟု လက်ဖြင့် ပွတ်သပ်လိုက်သောအခါ အရင်း ပုပ်နေသော အသားအသွေး နည်းပါးလှသဖြင့် အရင်းပိုင်းက အသားအသွေးကို အမှီမရသော မွေးညင်းများသည် ကိုယ်မှ ကျွတ်ကာ လက်၌ ကပ်ငြိ၍ ပါလာကုန်၏"

## အမျိုးမျိုး ပြောဆိုကြ၏

"မြတ်စွာဘုရား အလောင်းတော်၏ ပင်ကိုယ် ပကတိအဆင်းတော်သည် သိဂီနိက်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်း၍နေ ၏။ သို့သော် ထိုတရားအားထုတ်ချိန်၌ မြင်ရသူတို့ကား -

(၁) တချို့ပုဂ္ဂိုလ်တို့အား "ရဟန်းဂေါတမသည် အသားမည်းကြီး" ဟု ပြောဆိုကြ၏။

(၂) တချို့ပုဂ္ဂိုလ်တို့ကမူ "ရဟန်းဂေါတမသည် အသားမည်းကြီးမဟုတ်၊ ရဟန်းဂေါတမသည် အသားညိုကြီး" ဟု ပြောဆိုကြ၏။

(၃) တချို့ပုဂ္ဂိုလ်တို့ကလည်း "ရဟန်းဂေါတမသည် အသားမည်းကြီးလည်းမဟုတ်၊ အသားညိုကြီးလည်း မဟုတ်၊ ရဟန်းဂေါတမသည် ငါးခုရေကဲ့သို့ ပြာလဲ့နေသောအဆင်းရှိသူဖြစ်သည်" ဟု ပြောဆိုကြ၏။

-

## စဉ်းစားကြည့်စမ်းပါ

"အို - စာရှုသူ - ဤနေရာ၌ ခေတ္တမျှ ရပ်နား၍ စဉ်းစားကြည့်စမ်းပါ၊ ဘုရားအလောင်းတော်သူမြတ်သည် ယခု ပြဆို ပြီးသော လူသာမန်တို့ ကျင့်နိုင်ခဲသည့်အကျင့်တို့ကို အချိန်၊ ရက်လ တိုတောင်းစွာ ကျင့်ခဲ့သည် မဟုတ်ပါ၊ ခြောက်နှစ်ကြာမျှ ကျင့်တော်မူခြင်း ဖြစ်ပါသည်။ ထိုမျှလောက် နှစ်ပေါင်း (၆)နှစ်ကြာ ဆင်းရဲ ပင်ပန်း နွမ်းနယ်စွာ ကျင့်ကြံရပါသော်လည်း ဘုရား အလောင်းတော်သူမြတ် စိတ်၌ -

"ငါသည် ဤမျှ ခြောက်နှစ်ကြာ ခဲယဉ်းစွာ ကျင့်ရသော်လည်း သဗ္ဗညုတဉာဏ်တော်ကို မရခဲ့ပေ။ ကိုင်း - ဒါလောက် တောင်ရှိလှကား ရွှေနန်းတော်သို့ ပြန်သွားပြီး ယသော်ဓရာ မိဖုရားအမှူးရှိသည့် နန်းသူအပေါင်း လေးသောင်းတို့၏ အပြုအစု အမူအယာအယုကို ခံယူကာ အသက်ထင်ရှား ရှိနေကြသော မယ်တော်၊ ခမည်းတော်တို့နှင့်တကွ ဆွေတော် ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို ချမ်းချမ်းသာသာ ငါကြည့်၍နေပေအံ့ဟူ၍လည်းကောင်း၊ နတ်၌ဖြစ်သော ဘောဇဉ်နှင့်တူသည့် အလွန်မွန် မြတ်သောဘောဇဉ်ကို စားသုံးကာ အလွန် အတွေ့အထိ ကောင်းမြတ်သည့်အိပ်ရာနေရာ၌ ချမ်းသာစွာ အိပ်နေတော်မူမည်" ဟူ၍လည်းကောင်း၊ ဤကဲ့သို့ အသက်သာခို ခန္ဓာကိုယ်ကို အညှာပေးလိုသော အကြံအစည်ဟူ၍ မြူမျှလောက် မဖြစ် ခဲ့ပါချေ။ သာမန်လူတစ်ယောက်သည် ဤမျှလောက် လက်တွေ့ကျင့်ကြံဖို့ကို မဆိုထားဘိ၊ စိတ်ကူးမျှပင် ကူးဝံ့မည် မဟုတ် ပါချေ။ ထို့ကြောင့် ယခုပြဆိုခဲ့ပြီးသော အကျင့်များကို "သာမန်လူတို့ ကျင့်ဖို့ရန် ခဲယဉ်းသော အကျင့် = ဒုက္ကရ စရိယာ" ဟူ၍ ခေါ်ဆိုလေသည်။

## အကြောင်းရင်း

"အို ... စာရှုသူ မိမိသည် အလောင်းတော်သူမြတ်၏ ဒုက္ကရစရိယာအကျင့်များကို ရေးသားဖော်ပြနေသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ အကြောင်းရင်း ရှိပါသည်။ အကြောင်းရင်းကား အသို့နည်း။

"ရှင်တော်ဗုဒ္ဓ၏ လူ့နတ်ပြဟ္မာ သတ္တဝါတွေအတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကျင့်ခဲ့သည်ကို ကြဉ်ဖယ်ထား ပါဦး၊ ဘုရားဖြစ်မည့်ဘဝတွင် ခြောက်နှစ်မျှ ကျင့်ခဲ့သည့် ဒုက္ကစရိယာအကျင့်များကို ကြက်သီးဖြန်းမျှ အံ့ဘနန်း ကြည်ညိုစေ ချင်သည်။ ယင်းကား အကြောင်းတစ်ရပ် ဖြစ်ပါသည်"

"ယင်းသို့ ကြက်သီးဖြန်းမျှ အံ့ဘနန်း ကြည်ညိုစရာတွေကို သိမြင်ရသော် အတုလိုက်၍ ကျင့်ကြံနိုင်က အကျိုးရစေ ရန်လည်းကောင်း၊ ယင်းကား အကြောင်းတစ်ရပ် ဖြစ်ပါသည်။

"အကြောင်းတစ်ရပ်ကား မိမိအား မေးထားသည့် အမေးပုစ္ဆာတစ်ရပ် အပြီးသတ်ရန် ဖြစ်ပါသည်။ အချိန်ကား နွေ ရာသီ မိမိ ဓမ္မဒေသနာခရီး လှည့်စဉ်ဖြစ်ပါသည်။

"ထင်ရှားသော မြို့နယ်တစ်နယ်တွင် (၁၀)ရက်စခန်း တရားပွဲကြီး ဖြစ်ပါသည်။ တစ်နေ့သော နေ့လယ်ခင်းတွင် ဒကာတစ်ယောက် ရောက်လာကာ ဦးချ၍ လျှောက်ထားသည်။

"အရှင်ဘုရား ဒုက္ကစရိယာမကျင့်ဘဲ ဘုရားဖြစ်နိုင်ပါသလား ဘုရား"

"အင်း ... ဒကာကြီးရဲ့အမေးကို ဖြေရမှာကတော့ ခပ်ခက်ခက်ပဲ"

"ဘာဖြစ်လို့ ခပ်ခက်ခက်ပါလဲဘုရား"

"ခပ်ခက်ခက်မို့ ခပ်ခက်ခက်ပေါ့ ဒကာကြီးရဲ့ ခက်တယ်ဆိုတာ မလွယ်ဘူးလို့ ပြောတာပေါ့"

"အရှင်ဘုရားတို့မှ မလွယ်ရင်လည်း တပည့်တော်တို့အဖို့ ပိုပြီးတော့ မလွယ်ပါဘုရား၊ အဖြေကို စဉ်းစားပြီး ဖြေကြား နိုင်သမျှ ဖြေကြားပေးပါဘုရား"

"အင်း ... စဉ်းစားပြီးဖြေပါ့မယ်၊ ဒကာကြီးရဲ့အမေးကို ပြန်ပြီးတော့ အကြေအလည်မေးပါရစေဦး"

"မေးပါဘုရား ... မေးပါ"

"ဒကာကြီးရဲ့အမေးက "ဘုရားအလောင်းတော် သူမြတ်သည် ဒုက္ကရစရိယာကိုမှ မကျင့်လျှင် ဘုရားဖြစ်ခြင်းငှာ မစွမ်း နိုင်ပါသလော"

"သို့မဟုတ် အလောင်းတော်သူမြတ်သည် ဒုက္ကစရိယာကျင့်မှသာ ဘုရားဖြစ်နိုင်ပါသလား။ ဒုက္ကစရိယာ မကျင့်လျှင် ဘုရားမဖြစ်နိုင်ပါသလောလို့ ဒီလိုမေးလိုရင်း မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ်"

"အင်း … ဒုက္ကစရိယာကို ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ အကြောင်းဖြစ်သော ပါရမီတာဂ စရိယတရားတို့ကို အပြည့်အဝ ဖြည့်ကျင့်ပြီးဖြစ်သောကြောင့် ဘုရားဖြစ်နိုင်ပါတယ်တဲ့၊ ကဲ - သဘောကျလား"

"ကျရမှာပေါ့ဘုရား"

"ကျရမှာပေါ့ လုပ်မနေနဲ့၊ ကျမှကျတယ်ပြောပါ၊ မကျရင် မကျဘူးပြောပါ"

"မေးတော့ မေးချင်ပါသေးတယ်ဘုရား"

"မေးချင်သေးရင်မေးပါ၊ အားမနာပါနဲ့၊ သိတော့လည်း တစ်ခါတည်း ဖြေရတာပေါ့၊ မသိတော့လည်း တွေးထားပြီး နောက်တော့ ဖြေရတာပေါ့"

"တပည့်တော် မေးချင်တာက ဘုရားရှင်ဟာ ဒုက္ကစရိယ မကျင့်ဘဲလည်း ဘုရားဖြစ်နိုင်ပါရင် ဘာကြောင့် အပင်ပန်းခံကာ ဒုက္ကရစရိယာ ကျင့်တော်မူပါသလဲ ဘုရား"

"ဩော် … ဒါလား၊ ဒါကတော့ မေးသင့်မေးထိုက်တဲ့ အမေးတစ်ခုပဲ၊ ကောင်းပါတယ်၊ မေးလည်း မေးရမှာပါပဲ"

"အဖြေက ဒီလိုပါ၊ နတ်ပြဟ္မာနှင့်တကွသော သတ္တဝါအပေါင်းတို့အား မိမိ၏ သူမတူ ထက်သန်သော လုံ့လဝီရိယကို အထင်အရှား ပြလိုတော်မူသောကြောင့် ဒုက္ကရစရိယာ ကျင့်ပါတယ်တဲ့၊ အဲဒါက အကြောင်းတစ်ချက်နော်"

"မှန်ပါဘုရား"

"ပြီးတော့ အဲဒီ ဒုက္ကရစရိယာကျင့်တဲ့ လုံ့လဝီရိယ ဂုဏ်ကျေးဇူးသည် နောင်တစ်ချိန် ဘုရားဖြစ်ပြီးသောအခါ ပြန်လည်စဉ်းစား ဆင်ခြင်တော်မူလိုက်လျှင် ကိုယ်တော်မြတ်၏ စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေလိမ့်မည်ဟု ဆင်ခြင်တော်မူမိသောကြောင့် ဒုက္ကရစရိယာ ကျင့်ပါတယ်တယ်တဲ့၊ အဲဒါ အကြောင်းတစ်ချက်နော် …"

"မှန်ပါဘုရား"

"အဲဒါကို သဘောပေါက် နားလည်အောင် ဥပမာအားဖြင့် ထင်ရှားစွာပြရမယ်ဆိုရင် ပြာသာဒ်ပေါ်မှာ ဇိမ်နဲ့ ထိုင်နေရင်း ဘယ်ရန်သူနဲ့မှ စစ်မခင်း စစ်မတိုက်ရဘဲ ပဝေသဏီထုံးတမ်းစဉ်လာအရ မင်း.အဖြစ်ကိုရတဲ့ မင်း.ဆိုတာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဖေ မင်းဖြစ်လို့ သား မင်းဖြစ်ရတဲ့ သဘောပေါ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ စစ်သည်ဗိုလ်ပါ စုရုံး၍ စစ်ပွဲ၌ နှစ်ကြိမ်.သုံးကြိမ်လောက် တိုက်ပွဲဆင်နွှဲကာ ရန်သူကို နှိမ်နင်း၍ မင်းအဖြစ်ရောက်သော မင်းဆိုတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီ မင်းနှစ်ပါးမှာ စစ်မတိုက်ဘဲ အဖ မင်းဖြစ်လို့ သား မင်းဖြစ်ရတဲ့ ထုံးတမ်းစဉ်လာအရ မင်းဖြစ်တဲ့ မင်းဟာ တိုက်ပွဲတိုက်ပြီးမှ မင်းဖြစ်ရတဲ့ မင်းလောက် ဝမ်းအမြောက်ကြီး မမြောက်နိုင်ဘူးတဲ့"

"အဲဒါဟာ သိပ်မှန်တယ်၊ စစ်ပွဲ၌ နှစ်ကြိမ်သုံးကြိမ်လောက် တိုက်ပွဲဆင်နွှဲပြီး အောင်ပွဲခံကာ မင်းအဖြစ်သို့ ရောက်သော မင်းဟာ မင်းစည်းစိမ်ကို ခံစားရင်း ပရိသတ်ကို ကြည့်ရှု၍ မိမိ၏ လုံ့လဝီရိယကို တဖန်ပြန်ပြီးတော့ အောက်မေ့တဲ့အခါ -

"ငါသည် ဤမည်သောဌာန၌ ဤမည်သောအမှုကိုပြု၍ ဤမည်သောရန်သူကို ဤသို့ ထိုးခုတ် ဤသို့ ပုတ်သတ်ပြီးလျှင် ဤ ယခုမင်းစည်းစိမ်ကို ရအပ်ပေစွတကား" လို့ စဉ်းစားတိုင်း စဉ်းစားတိုင်း အားကြီးသော ဝမ်းမြောက်ဝမ်းသာခြင်း မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အေး...အဲဒီအတူပဲ ဘုရားရှင်ဟာလည်း နတ်ပြဟ္မာနှင့် တကွသော သတ္တဝါအပေါင်းအား မိမိရဲ့သူမတူ ထက်သန်သော လုံ့လ ဝီရိယကို အထင်အရှား ပြတော်မူလိုသောကြောင့်သာ ဒုက္ကရစရိယာကို အပင်ပန်းခံ ကျင့်တော်မူတယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ အပြင်းအထန် ဖွဲသန်သန်နဲ့ ကျင့်တဲ့ ဝီရိယ ဂုဏ်ကျေးဇူးသည် နောင်တစ်ချိန် ဘုရားဖြစ်ပြီးသောအခါ ပြန်လည်စဉ်းစား ဆင်ခြင်တော်မူလိုက်လျှင် ရှင်တော်မြတ်ဘုရား၏စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေလိမ့်မည်ဟု ဆင်ခြင်တော်မူမိသောကြောင့်လည်း ဒုက္ကရစရိယာကို အပင်ပန်းခံကာ ကျင့်တော်မူတယ်တဲ့နော်"

"မှန်ပါဘုရား"

## နည်းပေးသနား

"တစ်နည်းပြောရရင် နောက်လာမည့် သာဝကအပေါင်းကို နည်းပေးသောအားဖြင့် သနားစောင့်ရှောက်တော်မူလိုသောကြောင့်လည်း ဒုက္ကရစရိယာကို အပင်ပန်းခံကာ ကျင့်တော်မူတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဘယ်လိုနည်းပေးသောအားဖြင့် သနားစောင့်ရှောက်သလဲဆိုတာ ထင်ရှားပြမှ ဖြစ်မယ်၊ နို့မဟုတ်ရင် ဒုက္ကရစရိယာ ကျင့်ဖို့ရာ နည်းပေးတယ် ထင်နေဦးမယ်၊ ယခုတောင် တစ်ချို့လွဲနေတာရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"နည်းပေးသနား စောင့်ရှောက်တာက ဒီလိုမြတ်စွာဘုရားရှင်ရဲ့ ဒုက္ကရစရိယာကျင့်တော်မူပုံကို ကြားသိကြရသော နောက်လာမည့် သာဝကအပေါင်းသည် –

> "မြတ်စွာဘုရားရှင်ပင်သော်မှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး၍လည်း ပဓာနအလုပ်၊ ဒုက္ကရစရိယာကို ကျင့်ကြံအားထုတ်တော်မူမှ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလေသည်။ ငါတို့မှာကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်နိုင်မှသာ မဂ်ဉာဏ်ကို ရခြိမ့်မည်"

ဟု ဆင်ခြင်ဝေဖန် အမြင်မှန်ကို ရရှိကာ ပဓာနဝီရိယ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်း ဝီရိယကို ပြုလုပ်ကောင်းတယ်လို့ အောက်မေ့မှု မပေါ်လာနိုင်ဘူးလား"

"ပေါ်လာနိုင်ပါတယ်ဘုရား"

"အင်း...အဲဒီလို အောက်မေ့မှု ပေါ်လာပြီး တအောက်မေ့မေ့နှင့် အားထုတ်ကြိုးကုတ် ပြုလုပ်သည်ရှိသော် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၏အဆုံး နိဗ္ဗာန်ရောက်အောင် ပြုနိုင်ပေလိမ့်မယ်လို့ နောက်လာမည့် သာဝကအပေါင်းကို နည်းပေးသောအားဖြင့် သနားစောင့်ရှောက်တော်မူလိုသောကြောင့် ဒုက္ကရစရိယာကို ကျင့်တော်မူတာနော်"

"မှန်ပါ ဘုရား"

## ဒုက္ကရစရိယာကြောင့် ဘုရားဖြစ်သည် မဟုတ်

"အင်း . . . ဒီနေရာမှာ သိစရာရှိပါသေးတယ်၊ ဘုရားအလောင်းတော်တိုင်း ဘုရားအလောင်းတော်တိုင်းပင် နောက်ဆုံး ပစ္ဆိမဘဝ၌ အနည်းဆုံး ခုနစ်ရက်မျှသော်လည်း ဒုက္ကရစရိယာကို ကျင့်တော်မူကြမြဲ ဓမ္မတာဖြစ်ပါတယ်"

"အဲဒီ ဘုရားအလောင်းတော်တိုင်းရဲ့အတူပဲ ဘုန်းကြီးတို့မြတ်စွာဘုရားသည်လည်း ဒုက္ကရစရိယာကို ကျင့်နိုင်စွမ်းသူလည်း ဖြစ်ပါပေတယ်"

"ကျင့်နိုင်စွမ်းသူဖြစ်သည့်အတိုင်းလည်း ကျင့်နိုင်ခဲ့တဲ့ အကျင့်တွေကို အလွန်အမင်း၊ အပြင်းအထန် ခြောက်နှစ်ကြာအောင်လည်း ကျင့်တော်မူတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး . . . အဲဒီလို ကျင့်သော်လည်း အဲဒီ ဒုက္ကရစရိယာအကျင့်ကြောင့် ဘုရားဖြစ်တာမဟုတ်ဘူးလို့ အတိအကျ ယတိပြတ် မှတ်ပါနော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဒုက္ကရစရိယာအကျင့်ကြောင့် ဘုရားဖြစ်တာမဟုတ်ရင် ဘယ်အကျင့်ကြောင့် ဘုရားဖြစ်တာပါလဲလို့ မေးစရာ မရှိဘူးလား"

"မေးစရာ ရှိပါတယ်ဘုရား"

"မေးစရာရှိတော့ မေးလား"

"မေးပါတယ်ဘုရား၊ ဖြေပေးပါဘုရား"

"အင်း . . . တော်တော်အ.တဲ့ ဒကာပဲ၊ မေးလားဆိုမှ မေးပါတယ်ဘုရား၊ ဖြေပေးပါဘုရားတဲ့"

"ဩော် . . . အရှင်ဘုရားကလည်း ပြဿနာမေးတယ်ဆိုတာ မလွယ်ပါဘုရား၊ ကိုယ့်ပြဿနာလည်း ကြည့်ရသေးတယ်၊ အဖြေရှင်လည်း ကြည့်ရသေးတယ်"

"အဖြေရှင်ကို ဘယ်လိုကြည့်လဲ"

"ငါ့ပြဿနာသွားမေးရင် ငါ့ကို အော်လွှတ်မလား၊ မျက်နှာပုပ်နေမလား စသည်ပေါ့ဘုရား"

"အင်း . . . အင်း . . . မဆိုးပါဘူး ဒီစကား၊ ကဲ . . . ကဲ . . . မှတ်ထားပါ၊ ဒုက္ကရစရိယာကြောင့် ဘုရားဖြစ်တာမဟုတ်ဘူး၊ မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ရှစ်ခန်း အကျင့်လမ်းကြောင့်သာ ဘုရားဖြစ်တော်မူတာနော်"

"မှန်ပါဘုရား"

"အေး . . . အဲဒီလို အပြန်အားဖြင့် နတ်နှင့်တကွသော လောကအား သိစေလိုတယ်၊ မဇ္ဈိမပဋိပတ်အကျင့်ရပ်သာ မဂ်ဉာဏ်ကို ရဖို့ရန် လမ်းဟုတ်တယ်၊ ဒုက္ကရစရိယာအကျင့်၏ မဂ်ဉာဏ်ကို ရဖို့ရန် လမ်းမဟုတ်သည်ကို ပြတော်မူလိုသောကြောင့် ဒုက္ကရစရိယာကို ကျင့်တော်မူတယ်နော်"

"မှန်ပါဘုရား"

"ကဲ . . . ဘာမေးဦးမလဲ"

"မေးတော့ မေးချင်ပါသေးတယ်ဘုရား၊ အရှင်ဘုရားလည်း အားနာပါတယ်"

"အင်း . . . အားနာလို့သာ တော်တော့တာပေါ့၊ အားမနာရင် ဘယ်လောက်အထိ လျှောက်မေးနေမလဲ မသိဘူး၊ မထူးပါဘူး မေးချင်သေးလည်း မေးဦး"

"ဘုရားအလောင်းတိုင်း ဒုက္ကရစရိယာ ၆ - နှစ်ကြာအောင် ကျင့်ရပါသလားဘုရား"

"ဘုရားအလောင်းတိုင်း ဒုက္ကရစရိယာ ၆ - နှစ်ကြာအောင် မကျင့်ရပါဘူး၊ တစ်ပါးသော ဘုရားလောင်းတို့မှာ အနည်းဆုံး ခုနစ်ရက် ကျင့်ရပါတယ်၊ အများဆုံး တစ်လ စသည်ဖြင့် ဒုက္ကရစရိယာကို ရက်လတိုတောင်းစွာ ကျင့်ကြရပါတယ်"

"ဘုန်းကြီးတို့ဘုရားအလောင်းမှာမူ ဟို ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါ အမျိုးမာန် ခက်ထန်သော ဇောတိပါလပုဏ္ဏား ဖြစ်စဉ်က -

"ဒီဦးပြည်းခေါင်းတုံးအား အဘယ်မှာ မဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်ကို ရနိုင်ပါအံ့နည်း ဗောဓိဉာဏ်ဟူသည် အလွန်ရခဲသော အရာဖြစ်သည်"

ဟု ကြမ်းတမ်းစွာ နှုတ်မြွက်ခဲ့သည့် ဝစီကံ ဝိပါက်ကြောင့် ဒုက္ကရစရိယာကို ၆ - နှစ်ကြာအောင် ကျင့်ရပါတယ်"

"ဝစီကံနှုတ်အပြစ်ကလည်း တယ်ကြီးလှပါလားဘုရား"

"အင်း... အဲဒါကြောင့် "ဝစီဘေဒ ထိတိုင်းရှ" လို့ ဆိုတာပေါ့၊ ဝစီကံဆိုတာ ကံ သုံးပါးမှာ ဒုတိယ အဖြစ်အများဆုံး ကံပေါ့၊ မနောကံက ပထမ အဖြစ်များတယ်၊ ကာယကံက တတိယပေါ့"

"ကျေနပ်ပါပြီဘုရား၊ ခွင့်ပြုပါဘုရား"

✦ ဒုက္ကရစရိယာကျင့်ဆိုတာ သေချာသိသင့်ကြ။

✦ ကျင့်ကြံဖို့ရာ ခဲယဉ်းတာမှတ်ပါ ဒုက္ကရစရိယ။

✦ ခဲယဉ်းတာပင် ဗုဒ္ဓရှင် အလျဉ်ကျင့်သည်ပ။

✦ ဒုက္ကရစရိယ ကျင့်လို့ပ ဗုဒ္ဓမဖြစ်ရ။

✦ မဇ္ဈိမပဋိပဒါ ကျင့်မှသာ ဗုဒ္ဓါဖြစ်လေရ။

✦ ဒုက္ကရစရိယာ မကျင့်ပါလည်း သေချာပဲ ဘုရားဖြစ်မည်ပ။

# ကိုယ့်အမေးနဲ့ ကိုယ့်အဖြေ မှန်ပါရဲ့လားဘုရား

(၁၈၁)

## ပူဇော်ကျိုး

ပူဇော်ထိုက်သူများကို ပူဇော်ရခြင်းကြောင့် ယခုမျက်မှောက်ဘဝ၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း စသော အကျိုးများနှင့် တမလွန်ဘဝ နောက်လောက၌ သုဂတိဘဝသို့ လားရောက်ရခြင်း အကျိုးများကို ရနိုင်ပါ၏။

ပူဇော်ထိုက်သူများကား ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ အဒေါ် စသော အမျိုး၌ အသက်ကြီးသူများ ယောက္ခမ၊ လင်ယောကျ်ား စသည်တို့ ဖြစ်ကြ၏။

ရတနာသုံးပါး၌ ကိလေသာ ကင်းဝေးစင်ကြယ်ခြင်း စသော ပူဇော်ထိုက်သော ဂုဏ်များ ရှိသကဲ့သို့ မိဘ၊ ဆရာသမား စသည်တို့၌လည်း အရွယ်ကြီးရင့်သော ဂုဏ်၊ မွေးကျွေးပေးသည့် ကျေးဇူးဂုဏ်များ ရှိကြ၏။

မိဘ၏ ကျေးဇူးဂုဏ်ကား အထူးပြောဖွယ် မရှိ၊ ကြီးမားလှဘိ၏။ အခြားသော အစ်ကို၊ အစ်မ စသည်တို့လည်း မိမိကို ယုယစောင့်ရှောက်ကြ၊ ပေးကမ်းကြ၊ ကျွေးမွေးကြ၊ သင်ပြဆုံးမကြသည့် ကျေးဇူးရှင်များပင် ဖြစ်ပါသည်။

သုတ်မဟာဝါ ပါဠိတော် စက္ကဝတ္တိသုတ်၌ မိဘကို လုပ်ကျွေးသူ၊ အမျိုး၌ ကြီးသူတို့ကို ပူဇော်၊ ရိုသေ၊ လေးစားသူတို့အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း ဟူသော အကျိုးထူးတရား ငါးပါး တိုးပွားကြောင်းကို ဟောတော်မူပါသည်။

ပူဇော်ထိုက်သူကို ပူဇော်ရာ ခေတ်အခါ၌ လူငယ်တို့၏ စေတနာ၊ မေတ္တာ၊ လူကြီးတို့၏ မေတ္တာ၊ ကရုဏာဓာတ်များ အရှိန်တက်လျက် ရှိ၏။ ထိုဓာတ်များကား အပြင်အပကိုလည်း ဓာတ်ခိုက်မြဲဖြစ်ရာ ရာသီဥတု ညီမျှ၊ မိုးလေဝသမှန်ကန်၍ အသီးအနှံများ ကောင်းမွန်ပြီး အစာအာဟာရတို့မှာ အဆီဩဇာ ပြည့်ဝလျက် ရှိရ၏။

ထို့ကြောင့် ထိုခေတ်လူများ၌ ကျန်းမာကြ၏။ ကျန်းမာခြင်းကြောင့် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြ၏။ ခွန်အားဗလ ပြည့်စုံကြ၏။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ အားရှိသောကြောင့် ပညာလည်း တိုးတက်ကြ၏။

ထို့ကြောင့် ပူဇော်ထိုက်သူများကို ပူဇော်ခြင်းသည် ကမ္ဘာသူကမ္ဘာသားလူများတို့၏ တိုးတက်ကြီးပွားကြောင်း ကောင်းမှုကုသိုလ်တစ်ရပ်ပင် ဖြစ်ပါသည်။

## ပူဇော်ခြင်း ၂-မျိုး

ပူဇော်ခြင်းသည် ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း၊ အကျင့်ဖြင့် ပူဇော်ခြင်းဟူ၍ ပူဇော်ခြင်း နှစ်မျိုးရှိပါသည်။ ယင်းနှစ်မျိုးတွင် အကျင့်ဖြင့် ပူဇော်ခြင်းကို တရားဖြင့် ပူဇော်ခြင်းဟုလည်း ဆိုရ၏။ အမှန်စင်စစ် ပူဇော်ခြင်းဆိုသည်မှာ ကောင်းစွာပြုခြင်း အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းပင် ဖြစ်ပါသည်။

ဆွမ်း ခဲဖွယ်ဘောဇဉ်၊ ပန်း၊ ရေချမ်း၊ ဆီမီး စသော အာမိသဖြင့် ပူဇော်ခြင်းသည်လည်း ကောင်းစွာပြုမှု၊ အလေးအမြတ်ပြုမှု၊ မြတ်နိုးပူဇော်မှုပင် ဖြစ်ပါသည်။

အကျင့်ပဋိပတ်ကို ကျင့်ခြင်းသည်လည်း မြတ်စွာဘုရား စသည်၌ ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးပူဇော်ခြင်းပင် ဖြစ်ပါသည်။

ဆရာ၊ မိဘတို့၏ အဆုံးအမ ဩဝါဒကို မလိုက်နာ မပြုကျင့်သူမှာ ဆရာ မိဘတို့ကို မြတ်နိုးသူ၊ ပူဇော်သူ မဟုတ်ပါ။ အဆုံးအမ ဩဝါဒအတိုင်း လိုက်နာသူသာ ဆရာ၊ မိဘအပေါ် ကောင်းစွာပြုသူ၊ အလေးအမြတ်ပြုသူ၊ မြတ်နိုးပူဇော်သူ ဖြစ်ပါသည်။

## ရှိခိုးခြင်း

ဤ၌ "ရှိခိုးခြင်း" ဟူသည်မှာ "လက်အုပ်ချီမိုး ရှိခိုးခြင်းဖြင့် ရှိခိုးပါ၏" ဟု နှုတ်မြွက်ဆိုခြင်းမျှသာမက အကျင့်ဖြင့် ပူဇော်ခြင်းကိုလည်း "ရှိခိုးခြင်း" ဟုပင် ဆိုရပါသည်။

"ရှိခိုးခြင်း" ဟူသည် ဂုဏ်၌ ညွတ်ကိုင်းရှိုင်းခြင်းဖြစ်ရာ အကျင့် ပဋိပတ်ကို ကျင့်ကြံအားထုတ်သူမှာ ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်၌ ညွတ်၍သာ ဖြစ်၏။ ဂုဏ်တော် ကျေးဇူးတော်၌ မညွတ်သူမှာ တရားတော်ကို အဘယ်မှာ ကျင့်ကြံအားထုတ်ပါအံ့နည်း။ ထို့ကြောင့် တရားကျင့်ကြံ အားထုတ်သူမှာ ဘုရားရှိခိုးခြင်း တစ်မျိုးပင် ဆိုရပါ၏။ မိထွေးတော် ဂေါတမီ၏ ထေရီဂါထာ၌ -

> "အမြဲ ကြိုးစားအားထုတ်ကြသော အယူသီလ တူမျှသည့် သာဝက ဗုဒ္ဓတို့ကို တွေ့ မြင်ရပါလျှင် ဤမြင်ခြင်းသည် ဗုဒ္ဓတို့အား ရှိခိုးခြင်းပင် ဖြစ်ပါသည်"

ဟု ဖော်ပြပါရှိ၏။ သမ္မာသမ္ဗုဒ္ဓ၊ သာဝကဗုဒ္ဓတို့၏ လောကုတ္တရာ တရားတော်တို့ကို ကိုယ်တွေ့သိရလျှင် ထိုဗုဒ္ဓ၏ တရားတော်၌ ညွတ်ကိုင်းရှိုင်းခြင်းဖြစ်၍ ရှိခိုးခြင်း မည်သည်၏အဖြစ်ကို သိရပါသည်။

ဤအချက်ဖြင့် မဂ်ဖိုလ်ရခြင်း၊ နိဗ္ဗာန်ကို ကိုယ်တွေ့မြင်ရခြင်း၊ မျက်မှောက်ပြုရခြင်းသည် ရှိခိုးခြင်းတို့တွင် အကောင်းဆုံး အမြတ်ဆုံးသော ရှိခိုးခြင်းဟု သိနိုင်ပါသည်။

## အကောင်းဆုံး ပူဇော်ခြင်း

ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်တော် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းထက်၌ စံနေသော ရှင်တော်မြတ်ဘုရားသည် ထိုအချိန်၌ နတ်ဗြဟ္မာတို့၏ လွှန်လွှန်ကဲကဲ ပူဇော်ကြပုံတွေကို မြင်ရသောအခါ ရှင်အာနန္ဒာအား -

"ချစ်သား အာနန္ဒာ၊ ငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေး၊ လောကုတ္တရာ တရားကိုးပါး မဂ်ဖိုလ်နိဗ္ဗာန်များကို ရကြောင်းတရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံး ပူဇော်ခြင်း မည်ပေ၏"

ဟု မိန့်ကြားတော်မူခဲ့သည်။ ယင်းမိန့်ကြားတော်မူချက်ကို ထောက်ရှုပါလျှင် ဘုရားရှင်သည် အကျင့်ဖြင့် ပူဇော်ခြင်းကို အမြတ်တနိုး ဖြစ်သည်ဟု မှန်းဆနိုင်ပါသည်။

## နောင်သာသနာရေးအတွက်

တရံတစ်ခါ ဘုရားရှင်သည် ပန်းပွင့်ကလေး တစ်ပွင့်မျှကို လှူသည့် အလှူကိုပင် အကြီးအကျယ် ချီးမြှောက်ဟော ကြားတော်မူခဲ့ပါသည်။ ယခု ပရိနိဗ္ဗာန်စံဝင်တော်မူကာနီး အကြီးအကျယ် ပူဇော်မှုကိုပင် နှိမ့်ချခဲ့သည်မှာ သာသနာတော် နောင်ရေးအတွက် ဖြစ်၏။

ပစ္စည်းတွေ၊ ကျောင်းကန် တန်ဆောင်း စသည်တွေ ဘယ်မျှလောက်ပင် လှူပင်လှူပါသော်လည်း ထိုအလှူများက သာသနာတော် အရှည်တည်တံ့အောင် မစွမ်းဆောင်နိုင်ကြပါ။

တရားတော်လာအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်၍ မဂ်ဖိုလ်နိဗ္ဗာန် ရသူတွေ ဆက်ကာဆက်ကာ တိုးပွားလာမှ သာ သာသနာတော် အရှည်ခံ၍ တည်တံ့နိုင်ပါသည်။ ထို့ကြောင့် နောင်အခါ သာသနာတော် အရှည်တည်တံ့ရေး ကြိုးပမ်းကြ စေလို၍ တရားဖြင့် ပူဇော်မှု အကျင့်ဖြင့် ပူဇော်မှုကို ဤမျှလောက် မြှောက်စား ဟောကြားတော်မူခဲ့ပါသည်။

## ဘုရားပေါ်မှာ ချစ်ရာရောက်သည်

ရှင်တော်မြတ်ဘုရားနောက်လေးလအကြာတွင်ပရိနိဗ္ဗာန်စံဝင်တော့မည်ဟုကြားသိရသောအခါရဟန်းတော်အများ စုမှာ သောက,ပရိဒေဝ ဖြစ်ကြ၏။ ဘယ်ကဲ့သို့ ပြုရပါမည်နည်းဟု ကြံစည် ဆွေးနွေးကာ ဘုရားရှင်အနားမှ မခွာနိုင်ကြ ဖြစ်နေ ကြ၏။ ရှင်အတ္တဒတ္တ၊ ရှင်တိဿနှင့် ရှင်ဓမ္မာရာမဘွဲ့တော်ရ ရဟန်းတော်သုံးပါးမှာကား -

"အင်း . . . ရှင်တော်မြတ်ဘုရားတော့ ပရိနိဗ္ဗာန် စံဝင်တော်မူတော့မည်၊ ငါတို့မှာလည်း အာသဝေါ တရားများ မကုန်သေး၊ ဘုရားရှင် ပရိနိဗ္ဗာန် မဝင်စံမီ အာသဝေါတရား ကုန်ခန်းအောင် ကြိုးစားရတော့မည်"

ဟု တိုင်ပင်ကာ တစ်ပါးချင်းခွဲလျက် ဘုရားရှင်အား တရားနှင့် ပူဇော်ရေးအတွက် တရားသာ အားထုတ်နေကြ၏။ အခြား ရဟန်းတော်များကား ထိုရဟန်းတော်သုံးပါးဟာ ဘုရားရှင်ကို အရေးမစိုက်ဘဲ တရားကိုသာ ကြိုးစားအားထုတ်နေကြောင်း လျှောက်ထားသောအခါ ဘုရားရှင်က ခေါ်တော်မူ၍ မေးတော်မူသောအခါ အကြောင်းကို သိရသဖြင့် -

"ရဟန်းတော်များ အိုချစ်သားတို့ . . . ငါဘုရားကို ပစ္စည်းပစ္စယ အာမိသပူဇာဖြင့် ပူဇော်ရုံမျှဖြင့် ငါဘုရား ရဲ့အပေါ်မှာ ကြည်ညိုရာမရောက်၊ ပူဇော်ရာ မရောက်ပေ။ အကျင့်ဖြင့် ပူဇော်ခြင်းဖြင့် ပူဇော်မှသာ ငါဘုရားအပေါ် ကြည်ညိုရာ ရောက်သည်၊ ပူဇော်ရာ ရောက်သည်"

ဟု ချီးကျူးတော်မူခဲ့၏။ ထို့ကြောင့် မိမိ သာသနာတော် အရှည်တည်တံ့ရေး၊ မိမိတပည့်သာဝကများ ကောင်းစားချမ်းသာရေး အတွက် ဘုရားရှင်လိုလားတော်မူသော အကောင်းဆုံးပူဇော်ခြင်းဖြစ်သော အကျင့်ပဋိပတ်ဖြင့် ပူဇော်ကာ ဘုရားရှင်၏ တပည့် ဗုဒ္ဓသာဝကအစစ်၊ ဗုဒ္ဓသာသနာဝင် အစစ်များ ဖြစ်နိုင်ကြရန် ကြိုးစားကြဖို့ သင့်လျော်လှပါသည်။ သင့်လျော်သည့် အလျောက် ကြိုးစားကြသူအများမှ တစ်ယောက်က မိမိထံပါးသို့ စာလွှာပါးလိုက်၏။

အရှင်မြတ်ဘုရား

(၅-၁၁-၈၀)

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ ဆရာမြတ်ဘုရား၊ ဆရာမြတ်ဘုရားရဲ့အဆုံးအမ တရားတော်တွေကြောင့် တပည့်တော်ရဲ့ဘဝလမ်းခရီးဟာ ဖြောင့်ဖြူးရပါပြီဘုရား။

ဆရာမြတ်ဘုရား၊ ဒီနှစ် ၁၀ ရက်စခန်း တရားကျင့်သုံးပွဲကြီးသည် တပည့်တော်ရဲ့စိတ်ချမ်းသာမှုကို အထူးပဲ ပေးတဲ့ ၁၀ ရက်စခန်း တရားပွဲကြီးလို့ ဆိုရမှာပါ ဘုရား။

တပည့်တော်သည် တရားတော်ကို ကျင့်သုံးနေသူ ဖြစ်ပါသော်လည်း ဥယျာဉ်မှူးအဖြစ်နဲ့ တရားကျင့်သုံးမှု ပျက်ခဲ့ရပါတယ်ဘုရား၊ တပည့်တော် ကြိုးစားပြီး စိုက်ပျိုးလာခဲ့ရတဲ့ ဥယျာဉ်ကလေးကို အရိပ်တကြည့်ကြည့်နဲ့ ရေလောင်း၊ အစာကျွေးကာ ပြုစုယုယလျက် ကိုယ့်မှန်းခြေသို့ ပေါက်ရောက်အောင် ကြိုးစားရတာ အမောတကောပါပဲ ဘုရား။

သို့ပါသော်လည်း တပည့်တော်ရဲ့မှန်းခြေမပေါက် ဖြစ်ခဲ့ရလို့ စိတ်အစဉ်မှာ မရွှင်မပျ ဖြစ်ခဲ့ရပါတယ်ဘုရား၊ မငြိမ်သက်သော စိတ်နှလုံး၊ မရွှင်ပြုံးနိုင်တဲ့ မျက်နှာနှင့် ကြိတ်မှိတ်၍သာ မျက်ရည်တဖြိုင်ဖြိုင်ကျကာ ကြံမှိုင်ခဲ့ရပါတယ်ဘုရား။

ကြီးမားလှတဲ့ မွေးမေမေ့မေတ္တာ ဥယျာဉ်မှူးအထင်နှင့် အမြင်မှာ မကိုက်ညီဘဲ စိတ်မောလူမောဖြစ်နေတုန်း ၁၀ ရက်စခန်း တရားကျင့်သုံးပွဲကြီး စပြီး ကျင်းပတဲ့အခါ ကိုယ့်ရဲ့တာဝန်ဝတ္တရားများ မပျက်ပြားရအောင် သဒ္ဓါတရားရှိသမျှ တတ်အားသမျှ ကြိုးစားကာ ကိစ္စအဝဝတွေ လုပ်စရာမှန်သမျှတွေ ထောင့်စေ့အောင် မလစ်မလပ်စေရန် အားစိုက်လုပ်ကိုင်ခဲ့ပါတယ်ဘုရား။

တရားအားထုတ်ချိန်မှာလည်း မလစ်မလပ်ရအောင် တရားတိုးတက်အောင် ကြိုးစားပြီး နှလုံးသွင်း အားထုတ်ပါတယ်ဘုရား၊ တရားရှုပွား နှလုံးသွင်း အားထုတ်ချိန်မှာတော့ တခြားကိစ္စတွေ ဘေးချထားကာ အရှုခံအာရုံ တိုးသဘောရုပ်နဲ့ ရှုပွားနေတဲ့ အသိဉာဏ် နာမ်တရားတို့ တည့်မတ်အောင် ပစ္စုပ္ပန်ကျကျပဲ ရှုပွားအားထုတ်ပါတယ်ဘုရား။

အဲဒီလို ရှုပွားအားထုတ်တဲ့အခါ သတိတရားဟာ အရှုခံအာရုံကို တိုးသဘောရုပ်ပေါ်မှာ တည်ပြီး စိတ်အစဉ်လည်း ကြည်ပါတယ်ဘုရား။

စခန်းပွဲ ၅ ရက်မြောက်တဲ့နေ့မှာ တပည့်တော်စိုက်ပျိုးခဲ့တဲ့ ဥယျာဉ်ကလေး ပျက်စီးခဲ့တဲ့အတွက် စိုးရိမ်မှု သောက၊ ငိုကြွေးမှု ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿများ ချုပ်ကင်းကွာပါတယ်ဘုရား။

ရုပ်နာမ်တရားပေါ်မှာ အမြင်မှန်ရပြီး သောကချုပ်၊ ဒေါသချုပ်၊ လောဘချုပ်ကာ ဥပေက္ခာ အနေသဘောထားသွားနိုင်ပါတယ်ဘုရား။

အနိစ္စသဘော၊ အနတ္တသဘော ဉာဏ်မှာ ထင်မြင်လာပြီး ကိုယ့်ကိုယ်ကိုယ် ထင်နေတဲ့ ခန္ဓာထဲမှာ ပျက်နေတာပဲ တွေ့နေရပါတယ်ဘုရား။

အဲဒီလို တွေ့တော့ သူ့ကို ကိုယ်ပိုင်မှာလား၊ ကိုယ့်ကိုယ်လို့ ထင်နေတဲ့ ဒီခန္ဓာအိမ်ကြီးမှာ အနိစ္စသဘောနဲ့ ပျက်နေတယ်၊ မပျက်ပါနဲ့ ခိုင်ခိုင်မြဲမြဲ တည်နေပါလို့ ပြောလို့ရရဲ့လား။

ကိုယ့်ကိုယ်ကို မပိုင်တော့ သူ့ကိုယ်လည်း ကိုယ် ဘယ်မှာပိုင်မှာလဲ၊ အနတ္တတရားအတိုင်းပဲ ထားလိုက်နိုင်တော့ပါတယ်၊ အနတ္တဆိုတော့ ကိုယ်စွဲနေလို့ ရမှာလား၊ မမြဲတဲ့အနိစ္စ၊ အစိုးမရတဲ့ အနတ္တတရား တပည့်တော်ရဲ့ ဉာဏ်မှာ ထင်လင်းလာခဲ့လို့ အမြင်မှန်ရကာ ဥပေက္ခာအနေ အာရုံပြုနိုင်ပါတယ်ဘုရား။

ရတနာသုံးပါးနှင့် သာသနာတော်သို့ သက်ဝင်ခိုလှုံရလို့ စာတတ်ခဲလည်း ကောင်းခဲ့လို့ ပစ္စုပ္ပန် မျက်မှောက်မှာပင် တရားတော်ရဲ့အကျိုးကျေးဇူး ခံစားရကာ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်ခဲ့ရပါတယ်ဘုရား။

အင်မတန် အေးမြသာယာလှသော သာသနာ့ဥယျာဉ်ကြီးမှာ အေးမြသာယာလှသော အရိပ်အာဝါသကို လက်ငင်းချက်ချင်း တွေ့ ကြုံရ၍ သိက္ခာသုံးပါး အကျင့်တရားများ ကိုယ်မှာ တည်စေပါတယ်ဘုရား၊ တရားအားထုတ်ရတာလည်း မပင်ပန်း မဆင်းရဲပါ ဘုရား၊ ချမ်းသာလှပါတယ်ဘုရား။

စာပေပရိယတ်၊ အကျင့် ပဋိပတ် စွယ်စုံရတဲ့ အရှင်ဘုရားရဲ့ ပြောဟောပြသတဲ့ တရားတော်များရဲ့ ကျေးဇူးတွေကြောင့် အမြင်မှန် ရခဲ့ပါပြီဘုရား၊ အရှင်မြတ်ရဲ့သာဝကလို့ သတ်မှတ်ပါဘုရား။

တပည့်တော်မှတစ်ပါး အခြားယောဂီများလည်း တရားအရသာ တွေ့ကာ ချမ်းသာအေးမြနေကြလို့ ဒီဘက်နယ် ဒုက္ခဘုံ ဆီသို့ မပြန်ချင်ကြသေးသဖြင့် တရားမထွက်သေးဘဲ တရားဆက်ပြီး အားထုတ်နေကြပါတယ်ဘုရား။

အဲဒီတရား ဆက်အားထုတ်နေကြတဲ့ ယောဂီတွေအတွက် တပည့်တော်ကပဲ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ပို့ပေးနေပါတယ်ဘုရား၊ တပည့်တော်လည်း သူတို့နှင့်အတူ အားထုတ်လျက်ပါဘုရား။

တပည့်တော် ရှင်အရဟံ ပုတီးစိပ်နည်းကိုလည်း သက်စေ့ စိပ်နေပါတယ်ဘုရား၊ အသက်ရှည်စေတယ်၊ ငယ်ချင်တယ်ဆိုတဲ့ အဓိပ္ပာယ်သဘော၊ ဆန္ဒပါပဲဘုရား။

"ကိုယ့်အမေးနဲ့ ကိုယ့်အဖြေ မှန်ပါရဲ့လား ဘုရား၊ အဓိပ္ပာယ်က မသိသူတွေက အသက်ရှည်တာ၊ ငယ်ချင်တာ ဘာကြောင့်လဲ မေးချင်မေးကြပါလိမ့်မယ်ဘုရား။

တပည့်တော် သဘောပေါက်တာက အသက်ရှည်ချင်တာ၊ ငယ်ချင်တာ သာသနာပြုချင်လို့ပါဘုရား။ အရှင်မြတ်တို့အနေနဲ့ဆိုရင် သတ္တဝါအများကို ကယ်ချွတ်ချင်လို့ သဘောပေါက်ပါတယ်ဘုရား၊

ဒီလူ့ဘုံလောကကြီးထဲမှာ အနှစ်သာရ မရှိသူတွေက များကြပါတယ်ဘုရား။ သဘောမပေါက်သူတွေက များကြပါတယ်ဘုရား၊ အနှစ်သာရ ရှိသူတွေ တိမ်းပါးသွားမှာ အလွန်စိုးရိမ်ပါတယ်ဘုရား။

သာသနာ့ဝန်ထမ်း ပညာရှင် ရှင်ရဟန်းတွေ တိုးတက်ပွားများပါစေလို့ အမြဲတမ်း ဆုတောင်းလို့ နေပါတယ်ဘုရား၊

တပည့်တော်ရဲ့ လျှောက်ထားချက်နဲ့ ပတ်သက်လို့ အပြစ်ကြီးငယ်ရှိပါက ခွင့်တော်မူပါဘုရား၊ မလိမ္မာနစ်ခါမိုက်စမြဲမို့ အပြစ်တင် မစောပါနဲ့ဘုရား၊ သတ္တဝါတွေအပေါ် အမြဲခွင့်လွှတ်ထားတာလဲ သိပါတယ် အရှင်မြတ်ဘုရား။

အရှင်မြတ် ရာသက်ပန် သာသနာပြုနိုင်ပါစေလို့ ပတ္ထနာပြု ဆုတောင်းရင်း တပည့်တော်စာတွေ ရှည်သွားပြီမို့ နိဂုံးချုပ်ခွင့် ပြုပါတော့ဘုရား။

(........)

သို့
(၄-၁၁-၈၂)
ပြန်ကြားသိစေပါသည်။

စာထည့်တဲ့ရက်နဲ့ စာပြန်တဲ့ရက်ဟာ သိပ်မကွာပါဘူးနော်၊ အမယ်လေး . . .၊ ဒါတောင် မနည်းဘဲ အချိန်ယူပြီး ရေးရပါတယ်၊ ယခု စာပြန်ချိန်ဟာ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ဝင်ဒါမီယာ၊ ဓာတ်ပေါင်းစုဘုရားလမ်း၊ အမှတ် (၁၇) မိုးမိတ်ရိပ်သာတွင် ၁၀ ရက်စခန်း တရားပြနေခိုက်ပေါ့။

မိုးမိတ်ရိပ်သာဟာနေရာထိုင်ခင်းတိတ်ဆိတ်ငြိမ်သက်မှုသာယာသန့်ရှင်းအေးချမ်းမှုရှိလှပါတယ်။ အောက်တိုဘာလ ကျောင်းပိတ်ရက်ဆိုတော့ အားထုတ်သူ ယောဂီတွေဟာ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားတွေ များပါတယ်။ တရားလည်း ကောင်းကြပါတယ်။

ပေးလိုက်တဲ့စာကို ဖတ်ရင်ပဲ ဘုန်းကြီးကလည်း ကိုယ်စိုက်ပျိုးတဲ့ ဉယျာဉ်ကြီး သီးပွင့်ဝေဆာစည်ပင်နေပါတယ်လို့ သိရတော့ ဝမ်းသာလှပါတယ်။

အမှန်က တရားရှာတယ်၊ တရားအားထုတ်တယ်ဆိုတာဟာ ဘဝခရီးလမ်း ဖြောင့်ဖြူးရေး သံသရာလမ်းခရီး ဖြောင့်ဖြူးရေးအတွက်ပဲ မဟုတ်ပါလား။

ယခု မိမိအတွက် ဘဝလမ်းခရီး ဖြောင့်ဖြူးတယ်ဆိုတော့ သံသရာလမ်းခရီးလည်း ဖြောင့်ဖြူးဖို့ သေချာပါတယ်။

၁၀ ရက်စခန်းပွဲတစ်ခု ပြီးသွားတဲ့အခါ ကိုယ့်အတွက် ယခုလို စိတ်ချမ်းသာမှု အထူးရပါတယ်ဆိုရင် ၁၀ ရက်စခန်းပွဲ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်သူတွေရော၊ ဟောပြောပြသပေးရတဲ့ ဘုန်းကြီးတို့အတွက်ပါ ရည်ရွယ်ချက် အောင်မြင်တယ်လို့ ခေါ်ရမှာပေါ့၊ ဘုန်းကြီးတို့လည်း အဲဒီသတင်း ကြားချင်နေတာ၊ ကြားရတော့ အထူးပဲ ဝမ်းသာပါတယ်။

အထူးပဲ ဝမ်းသာဖို့ကောင်းတာက ယခုလို မိမိ၌ လောကဓံကြုံနေခိုက် ၁၀ ရက်စခန်းပွဲနဲ့ ဆုံသွားတာဟာ သိပ်ကောင်းသွားပါတယ်။

ယင်းသို့ ဆုံသော်လည်း ပါဝင်အားထုတ်သူ မဟုတ်သူများအဖို့ကတော့ အကျိုးမရှိဘူးပေါ့၊ ပါဝင် အားထုတ်သူ မိမိအဖို့မှာတော့ အကျိုးရှိသွားတာ လက်တွေ့ပေါ့၊ ဒီလို လက်တွေ့ တွေ့တော့ တရားအပေါ်မိုပြီး ယုံကြည်သက်ဝင်မှု ရှိသွားတာပေါ့။

ပါဝင်သူ မဟုတ်သူအဖို့ အကျိုးယုတ်ပုံတစ်ခုကို ပြောပြပါဦးမယ်၊ တစ်ခါက တွေ့ဖူးတယ်၊ ရွာတစ်ရွာမှာ တရားဟောနေတဲ့ အခိုက်ပေါ့၊ ဒကာမတစ်ယောက်က ဒကာမတစ်ယောက်ကို တရားနာရအောင် သွားခေါ်တယ်၊ သွားအဖော်စပ်တယ်ပေါ့။

ဟိုဒကာမက "အေး -ညည်းတို့ကတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေကြလို့ တရားနာနိုင်တာပေါ့၊ ငါ့မှာတော့ စိတ်မချမ်းသာလို့ တရားမနာနိုင်ဘူး၊ ညည်းတို့ပဲ သွားတော့" လို့ ပြောလွှတ်လိုက်တယ်တဲ့။

အမှန်က တရားနာတယ်၊ တရားအားထုတ်တယ်ဆိုတာ အဲဒီလို စိတ်မချမ်းသာ ကိုယ်မချမ်းသာဖြစ်နေတဲ့အချိန်ဟာ အကောင်းဆုံးပဲ မဟုတ်လား၊ တရားနာလိုက်၊ တရားအားထုတ်လိုက်တော့ အဲဒီ စိတ်မချမ်းသာ ကိုယ်မချမ်းသာတွေ ပျောက်သွားတယ်မဟုတ်လား။

အဲဒီလို ကိုယ်မချမ်းသာ စိတ်မချမ်းသာမှုတွေ ပျောက်သွားတော ကိုယ်တိုင်တွေ့ရတော့ တရားတော်ရဲ့ အခါမလင့်၊ အချိန်မလင့် အကျိုးပေးတဲ့ ဂုဏ်တော်ဟာ ပေါ်လွင်သွားတာပေါ့၊ မိမိအနေနဲ့လည်း တရားတော်အပေါ်မှာ ယုံကြည်ချက် ပိုသွားတာပေါ့။

ဘုန်းကြီးလည်း တရားပြစဉ် ခဏခဏ ပြောဖူးတယ်မဟုတ်လား၊ သတ္တဝါတွေ ဆင်းရဲဒုက္ခရောက်နေကြတာဟာ တွေးခေါ်ပြုလုပ်မှု ပစ္စုပ္ပန်မကျလို့ အတိတ်ပြန်၊ အနာဂတ် မျှော်နေလို့လို့၊

ယခု အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပြီး ပစ္စုပ္ပန်ကျကျ ရှုပွားတော့ မိမိစိတ်အစဉ်က မလှုပ်ရှားတော့ဘူး၊ အရှုခံ အာရုံတိုင်း သဘောအပေါ်မှာတည်ပြီး စိတ်အစဉ်ဟာ ကြည်သွားတာပေါ့။

အဲဒီလို စိတ်အစဉ် တည်မှ ကြည်မှ ကြည့်စရာ ရှုစရာတွေကို ကြည့်လို့ ရှုလို့ မြင်ရတယ်မဟုတ်လား၊ စိတ်လှုပ်ရှားနေလို့ နောက်နေလို့ ပူနေလို့ရှိရင် ဘာမှ ကြည့်ရှုလို့မြင်မှာ မဟုတ်ဘူး၊

အဲဒါကြောင့် ဘုရားရှင်ကလည်း "ရဟန်းတော်များ အို ချစ်သားတို့၊ တည်ကြည်မှု သမာဓိကို ပွားကြကုန်လော့၊ တည်ကြည်မှု သမာဓိရှိသော် ရုပ်နာမ်သင်္ခါရတို့၏ သဘောသဘာဝကို ဟုတ်တိုင်းမှန်စွာ သိလိမ့်မယ်" လို့ ဟောပါတယ်၊

ယခု ယောဂီမှာ အဲဒီဘုရားရှင် ဟောတော်မူတဲ့ ဒေသနာတော်တွင်း ဝင်သွားပြီး ချမ်းသာသုခရပါတယ် ဆိုတော့ ဘုန်းကြီးလည်း တရားဟောရ၊ တရားပြရကျိုးနပ်သဖြင့် ဝမ်းသာပါတယ်၊

အမှန်က တရားအားထုတ်တာဟာ အဲဒီလို လောကဓံ တွေ့ ကြုံတဲ့အခါ မဖြုံတမ်း၊ မတုန်တမ်း၊ ငြိမ်သက်စွာ ဣန္ဒြေမပျက် နေနိုင်ရေးအတွက် အားထုတ်တာပဲ မဟုတ်လား၊ အကျိုးရမှန်း၊ အကျိုးရှိမှန်းသိရင် ဆက်လက်ပြီး မပျက်မကွက် အားထုတ်ပေါ့။

အသက်ရှည်ချင်လို့ ရှင်အရဟံ ပုတီးစိပ်ကို စိပ်နေတယ်ဆိုတော့ ဘုန်းကြီးက စာဖတ်ရင်း ပြုံးမိတယ်၊

ဘာဖြစ်လို့လဲဆိုတော့ အသက်ရှည်ချင်တယ်ဆိုတာ အိုကြော ရှည်ချင်တာပဲ မဟုတ်လား၊ အိုကြောရှည်တော့ ဒုက္ခကြောရှည်တာပေါ့၊ အင်း . . . တစ်ခုတော့ရှိတယ်ပေါ့၊ အသက်ရှည်သူဟာ မမေ့မလျော့တရားအသိနဲ့ အသက်ရှည်ရင်တော့ နိဗ္ဗာန်နဲ့ နီးမှာပေါ့။

မေ့လျော့ပေါ့ဆစွာ အသက်ရှည်ရင်တော့ အိုကြောရှည်ဖို့ပဲ မဟုတ်လား၊ ဒါပေမဲ့ ယောဂီရဲ့စာအရ ယောဂီရဲ့ အသက်ရှည်ချင်တာက သာသနာပြုချင်လို့ဆိုတော့ မမေ့မလျော့တဲ့ အသက်ရှည်ခြင်းလို့ပဲ ဆိုရမှာပေါ့၊ အဲဒီလိုဆိုတော့ ရည်ရွယ်ချက်က ကောင်းတော့ကောင်းပါတယ်၊ မှန်ပါတယ်လို့ပဲ ဆိုရမှာပေါ့၊

ပြီးတော့ ကိုယ့်အမေးနဲ့ ကိုယ့်အဖြေ မှန်ပါရဲ့လားလို့ မေးတော့ မှန်တာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်အမေးကလည်း ကိုယ့်အာဘော်ကျ မေးထားတာ၊ ကိုယ့်အဖြေကလည်း ကိုယ့်အာဘော်ကျ ဖြေထားတော့ မှန်တာပေါ့။

ဒါပေမဲ့ ယောဂီ ရှုပွားရမှာက "အိုခြင်းသဘော ရှိသူသည် အိုခြင်းသဘောကို မလွန်ဆန်နိုင်၊ နာခြင်းသဘောရှိသူသည်နာခြင်းသဘောကိုမလွန်ဆန်နိုင်၊သေခြင်းသဘောရှိသူသည်သေခြင်းသဘောကိုမလွန်ဆန်နိုင်" လို့ များများရှုပွားရမှာပေါ့။

အဲဒါကို များများရှုပွားမှ တစ်ဖက်က အချိန်ပြည့် ကုသိုလ်ယူ၊ ကုသိုလ်ရအောင် ကြိုးစားအားထုတ်မှာပါ၊ အသက်ရှည်မှာ မျှော်ပြီး မေ့နေရင် ကုသိုလ်တရားတွေ လက်လွတ်ကုန်ပါလိမ့်မယ်၊ အသက်ရှည်ရင်တော့ အတော်သားပဲ၊ မရှည်ရင်တော့ ရည်ရွယ်ချက်မပြည့်ဘဲ နောင်တပူပန်မှုတွေ ကုက္ကုစ္စတွေနဲ့ သေရတတ်ပါတယ်၊

ဒါကြောင့် အသက်ရှည်ရေးကြိုးစားတာထက် နေရတဲ့ အသက်ပိုင်းအတွင်းမှာ အချိန်ပြည့် ကုသိုလ်ရရေး ကြိုးစားတာပဲ၊ ဘုန်းကြီးအနေနဲ့ သဘောကျပါတယ်။

အနှစ်ရှိသူက နည်းပါး၊ အနှစ်မရှိသူက များတယ်ဆိုတာတော့ လောကသဘာဝပါပဲ၊ ဥတုအလျောက် ပေါက်ရောက်နေတဲ့ သစ်ပင်တွေမှာလည်း ကြည့်ပါလား၊ လောကလူတွေအတိုင်းပဲ အနှစ်ရှိတဲ့ သစ်ပင်တွေက နည်းပါးပြီး အနှစ်မရှိတဲ့ သစ်ပင်တွေက များတာပါပဲ။

ပြီးတော့ ဘုန်းကြီး သတိထားပြီး ကြည့်ရသလောက်ဆိုရင် အနှစ်ရှိသူတွေဟာ အများအားဖြင့် အသက် တမ်း တိုတတ်ကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အနှစ်ရှိသူတွေဟာ ခန္ဓာကိုယ်အတွက် အညာအတာမဖက်ဘဲ ရက်ရက်စက်စက် မိမိ သူတစ်ပါး နှစ်ဦးသားအတွက် ကြိုးစားဆောင်ရွက်ကြတော့ အ.အားမရှိ၊ အနားမရှိကြရကား ကျန်းမာရေး ချွတ်ယွင်းကာ အသက်တိုတတ်ကြပါတယ်။

အနှစ်သာရ မရှိသူများကတော့ မိမိခန္ဓာကိုယ်အတွက် အသက်သာခိုကာ အမျိုးမျိုးသော နည်းတွေနဲ့ "ခန္ဓာကိုယ် ကြီးပွားရေးပဲ မွေးမြူနေကြတော့" ကျန်းမာချမ်းသာကာ အသက်ရှည်တတ်ကြပါတယ်။

ဒါကြောင့် အနှစ်သာရ ရှိသူတွေ တိမ်းပါးသွားမှာ စိုးရိမ်သော်လည်း မရပါ။ သဘာဝအားဖြင့် မရတာ က တစ်ကြောင်း၊ ခန္ဓာကိုယ်အတွက် မငဲ့ကွက်လို့ မရတာက တစ်ကြောင်း ဆိုတဲ့ အကြောင်း နှစ်ပါးကြောင့်ပါ။

လျှောက်ထားချက်နဲ့ ပတ်သက်လို့ အပြစ်ကြီးငယ် မရှိပါ။ ရှိရင်လည်း ခွင့်လွှတ်ပါတယ်။ အားလုံး လည်း စုံပြီမို့ တော်သေးပြီ။

ကျန်းမာပါစေ

..........

ဓမ္မဒူတ အရှင်ပညာဇောတ
ဓေတ္တ - မိုးမိတ်ရိပ်သာ
၁၇၊ ဓာတ်ပေါင်းစုဘုရားလမ်း၊
ဝင်ဒါမီယာ၊ ရန်ကုန်မြို့။

✧ တရားရှုက ကိုယ်ဒုက္ခ စိတ်ဒုက္ခများ ကင်းသတည်း။
✧ ဒုက္ခနှစ်ဖြာ ကင်းလိုပါ ရှုပါတရား များများတည်း။
✧ သက်ရှည်သော်လည်း တရားလွဲ ပါယ်ထဲ ရောက်မည်တည်း။
✧ သက်တိုသော်လည်း တရားမြဲ ရောက်မြဲအေးရွာနိဗ္ဗာန်တည်း။

# ရဟန္တာပုဂ္ဂိုလ်ဟာ အိပ်မက်မြင်မက်ပါသေးသလား

(၁၈၂)

## မယ်တော်မာယာ၏ အိပ်မက်

ဘုရားရှင်၏ မယ်တော် သီရိမဟာမာယာဒေဝီ မိဖုရားခေါင်ကြီး၏ အသက် ၅၅ နှစ်၊ ၄ လ ခန့်ရှိသော မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ မဟာမာယာဒေဝီသည် နံနက်စောစောကပင် နံ့သာရေမိုး ချိုးပြီးလတ်သော် လေးသိန်းကုန်သော အသပြာဥစ္စာတို့ကို စွန့်၍ ကြီးမြတ်သော အလှူတော်ကို ပေးတော်မူ၏။

မိမိကိုယ်ကို အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်လျက် မြိန်မြက်ကောင်းမွန်သော နံနက်ပွဲတော်စာကို တည်ခင်းသုံးဆောင်တော်မူ၏။

ထို့နောက် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလတော်ကို ဆရာဒေဝီလရသေ့ထံ၌ ခံယူဆောက်တည်၍ လှပစွာ တန်ဆာဆင်အပ်သော ကျက်သရေတိုက်ခန်းသို့ ကွန့်မြန်းကြွချီကာ ကျက်သရေရှိသော နေရာထက်၌ အင်္ဂါရှစ်ပါးရှိသော ဥပုသ်နှလုံး ကျင့်သုံးနေတော်မူ၏။

ယင်းသို့ ဥပုသ်နှလုံး ကျင့်သုံးနေလျက် ထိုလပြည့်နေ့ညဥ့်၏ နောက်ပိုင်း ပစ္ဆိမယာမ်ဝယ် ကျက်သရေရှိသော နေရာထက်၌ လျောင်းစက်တော်မူ၍ မျောက်မျဉ်း အိပ်ပျော်ခြင်းသို့ ရောက်သောအခါ သီရိမဟာ မာယာဒေဝီသည် ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေလာမည့်အကြောင်း ရှေ့ပြေးပုဗ္ဗနိမိတ်ဖြစ်သည့် အိပ်မက်ကို မြင်မက်တော်မူလေသည်၊ မြင်မက်တော်မူပုံကား -

- "စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် အိပ်စက်ရာ နေရာတော်နှင့်တကွ သီရိမဟာ မာယာဒေဝီကို ပင့်ချီထမ်းမကြကုန်၍ ဟိမဝန္တာ အနောတတ်အိုင်သို့ ဆောင်ကြဉ်းခဲ့ကြကုန်၏။

  ယူဇနာ ၆၀ ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်ဝယ် ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ကြီး၏ အောက်၌ ထားကြကုန်၏။

  ထို့နောက်စတုမဟာရာဇ်နတ်မင်းကြီးတို့၏နတ်မိဖုရားများဖြစ်ကြကုန်သောနတ်သမီးတို့သည်လာရောက်ကြကုန်၍ သီရိမဟာ မာယာဒေဝီအား အနောတတ်အိုင်သို့ ဆောင်ကြဉ်းကြပြန်၍ အညစ်အကြေးတို့ကို ဖျောက်

ပယ်ရန် အကျိုးငှာ ရေချိုး၍ ပေးကြကုန်၏။ နတ် အဝတ်အထည်တို့ကို ဝတ်ဆင်၍ ပေးကြကုန်၏။ နတ်ပန်းတို့ကို ဆင်မြန်းပန်ဆင်၍ ပေးကြကုန်၏။

ထို့နောက်တစ်ဖန် ထိုအနောတတ်အိုင်မှ မနီးမဝေးသော အရပ်၌ တည်ရှိသည့် ငွေတောင်ကြီး၏အတွင်း ရွှေဗိမာန်ထိုက်ခန်းဝယ် အရှေ့အရပ်သို့ ဦးခေါင်းပြု၍ သီရိမဟာမာယာဒေဝီကို အိပ်စက်စေကြကုန်၏။

အိပ်စက်တော်မူ၍ သီရိမဟာမာယာဒေဝီ မျောက်မျဉ်း အိပ်ပျော်သောခဏ၌ မြတ်သောဆင်ဖြူတော်သည် သီရိမဟာမာယာဒေဝီ အိပ်စက်ရာ ရွှေဗိမာန်ရှိသည့် ငွေတောင်မှ မနီးမဝေးသော အရပ်၌တည်ရှိသော ရွှေတောင်ဝယ် လှည့်လည်ကျက်စားပြီးလျှင် ထိုရွှေတောင်မှ ဆင်းသက်ခဲ့၍ ရွှေဗိမာန်ရှိရာ ငွေတောင်သို့ တက်လာပြီးသော် ရွှေဗိမာန်အတွင်း ဝင်ရောက်ကာ သီရိမဟာမာယာဒေဝီကို လက်ယာရစ်လှည့်လည်ပြီးမှ သီရိမဟာမာယာဒေဝီ၏ လက်ယာနံပါးကို ခွဲဖောက် ဖွင့်လှပ်လျက် ဝမ်းတိုက်တော်အတွင်းသို့ ဝင်လာသည်ဟု မြင်မက်တော်မူလေ၏။

## ဘုရားအလောင်း ကိန်းအောင်းသန္ဓေ

ယင်းသို့ အိပ်မက်မြင်သော အခိုက်ကာလ ထိုခဏ၌ ဘုရားအလောင်းတော် သေတကေတုနတ်သားသည် တုသိတာနတ်ပြည်၌ နန္ဒဝန်ဥယျာဉ်တော်ဝယ် အသွယ်သွယ်သော ကြည့်ရှုနာကြား ခံစားဖွယ်ရာတို့ကို လှည့်လည်ကြည့်ရှု နာကြားခံစားသုံးဆောင်တော်မူရင်းမှ ဆင်ခြင်အောက်မေ့ သတိသမ္ပဇဉ်တရား လက်မလွတ်ဘဲ နတ်သက်ကြွေ စုတေတော်မူခဲ့၏။

မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ကာလ ပစ္ဆိမယာမ်၌ ဥတ္တရာသဠ် နက္ခတ်နှင့် စန်းယှဉ်လျက် ပဋိသန္ဓေစိတ် ၁၉ ပါးတို့တွင် ရေးဘဝများစွာက မေတ္တာစျာန်၏ ရှေ့သွားပရိကမ္မဘာဝနာအဖြစ်ဖြင့် ပွားခဲ့သောသော မနသသသဟဂုဏ်ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမ မဟာကုသိုလ်စိတ်၏ အကျိုးဝိပါက်ဖြစ်သော ပထမမဟာဝိပါက်စိတ်ဖြင့် မယ်တော် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲတည်နေတော်မူ၏။

## မြေငလျင် လှုပ်ခြင်း

ယင်းသို့ ဘုရားအလောင်းတော်သည် ပဋိသန္ဓေစွဲယူ တည်နေသည်နှင့် တစ်ပြိုင်နက် စကြဝဠာကမ္ဘာ လောကဓာတ်တိုက်တစ်သောင်းလုံးသည် ခြောက်ပါးသော အခြင်းအရာဖြင့် ပြင်းစွာတုန်လှုပ်လေ၏။ ဇာတိခေတ်ဖြစ်သည့် စကြဝဠာပေါင်း တိုက်တစ်သောင်းသော လောကဓာတ် မြေပြင်သည် -

(၁) အရှေ့ပိုင်းအရပ်မှ မြင့်မောက်တက်ကြွလာပြီးလျှင် အနောက်ပိုင်းအရပ်မှ ညွတ်ရှိုင်း နိမ့်ကျလျက် သွား၏။

(၂) အနောက်ပိုင်းအရပ်မှ မြင့်မောက်တက်ကြွလာပြီးလျှင် အရှေ့ပိုင်းအရပ်မှ ညွတ်ရှိုင်း နိမ့်ကျလျက် သွား၏။

(၃) မြောက်မှတောင်

(၄) တောင်မှမြောက်

(၅) အလယ်မှ အနားဝန်းကျင်

(၆) အနားဝန်းကျင်မှ မြင့်မောက် တက်ကြွလာပြီးလျှင် အလယ်မှ ညွတ်ရှိုင်းနိမ့်ကျလျက် သွား၏။

## အကျင့်ပြောင်း၍ ကျင့်တော်မူခြင်း

ဘုရားအလောင်းတော် ပဉ္စဝဂ္ဂီ သနွေတည်နေ မွေးဖွားပြီး နန်းစည်းစိမ် ခံစားပြီးလျှင် တောထွက်၍ ဒုက္ကရစရိယကို ကျင့်တော်မူ၏။ ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကြာ ကျင့်သုံးပြီးသောအခါ မဟာသက္ကရာဇ် ၁၀၃ ခု၊ နှစ်ဦးတန်ခူးလလွန်မြောက် ကဆုန်လဆန်း ၁ ရက်နေ့ အချိန်လောက် ရောက်ခဲ့လေပြီ။ ထိုအချိန်၌ အလောင်းတော်၏ စိတ်သန္တာန်ဝယ် အကြံဖြစ်လတ်သည်ကား -

"ရှေးအတိတ်ကာလက ဖြစ်ခဲ့ကြသော ရဟန်း ပုဏ္ဏားတို့သည် အဆင်းရဲ အပင်ပန်းခံ၍ ကျင့်ကြံခဲ့ကြရာဝယ် ဤမျှလောက်သော အလွန်ဆုံး အဆင်းရဲခံ ကျင့်ကြံနိုင်ခဲ့ကြလေမည်၊ ယခု ငါခံစားရသော ဆင်းရဲဒုက္ခထက် ပို၍ကား အဆင်းရဲခံ ကျင့်ကြံနိုင်မည် မဟုတ်ချေ။

"နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်ကြမည့် ရဟန်း ပုဏ္ဏားတို့လည်း ဆင်းရဲအပင်ပန်းခံ၍ ကျင့်ကြံမည့်အရာဝယ် ဤမျှလောက်သော အလွန်ဆုံး အဆင်းရဲခံ ကျင့်ကြံနိုင်ကြပေလိမ့်မည်၊ ယခု ငါခံစားရသော ဆင်းရဲဒုက္ခထက် ပို၍ကား အဆင်းရဲခံ ကျင့်ကြံနိုင်ကြပေလိမ့်မည် မဟုတ်ချေ။

"ယခု ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်ကြသည့် ရဟန်း ပုဏ္ဏားတို့သည် အဆင်းရဲ အပင်ပန်းခံ၍ ကျင့်ကြံ အားထုတ်ကြရာဝယ် ဤမျှလောက်သော အလွန်ဆုံး အဆင်းရဲခံ၍ ကျင့်ကြံကြပေမည်၊ ယခု ငါ ခံစားရသော ဆင်းရဲဒုက္ခထက် ပို၍ကား အဆင်းရဲခံ ကျင့်ကြံကြမည် မဟုတ်ချေ။

"ငါသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ သုံးပါး၌ဖြစ်ပေါ်ကြသည့် ရဟန်း ပုဏ္ဏားတို့ အဆင်းရဲခံ၍ ကျင့်ကြံသလောက် အောက်သို့ကား မယုတ်ပေ၊ ပိုလျှင်သာ ပိုပေမည်၊ အဆင်းရဲ အပင်ပန်းခံကာ ခြောက်နှစ်ကြာမျှ ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေပြီ။

"ထိုသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ပါသော်လည်း ငါသည် ဤဒုက္ကရစရိယာအကျင့်ဖြင့် သဗ္ဗညုတရွှေဉာဏ်တော်ကို မရနိုင်ခဲ့ချေ၊ ဘုရား မဖြစ်နိုင်ခဲ့ချေ၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရဖို့ရန်၊ ဘုရားဖြစ်ဖို့ရန်၊ အကျင့်လမ်းကြောင်းကား တစ်မျိုးတစ်မည် ဖြစ်စရာရှိပေ၏"

ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် ဆက်၍တစ်ဖန် စဉ်းစားဆင်ခြင်တော်မူပြန်သော် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီး လယ်ထွန်မင်္ဂလာ ပြုစဉ်အခါ ဇမ္ဗုသပြေပင်ရိပ်၌ ထိုင်နေတော်မူကာ အာနာပါန ပထမဈာန်ကို ငါဝင်စားခဲ့ဖူးလေပြီ။

ထိုအာနာပါန ပထမဈာန်လမ်းကြောင်း အကျင့်သည်ပင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရဖို့ရန်၊ ဘုရားဖြစ်ဖို့ရန် လမ်းကြောင်းမှန် အကျင့်မှန် ဧကန်ဖြစ်ပေမည်ဟု သိမြင်တော်မူလတ်ပြီးကာ -

"ငါသည် ဝတ္ထုကာမ၊ ကိလေသာကာမ တို့မဖက် သက်သက်နေကွမှုဖြင့် ရရှိမည့် ထိုအာနာပါန သမာဓိဈာန် ချမ်းသာကို အဘယ်ကြောင့် ကြောက်ရွံ့အံ့နည်း။ ငါသည် ထိုအာနာပါန သမာဓိဈာန်ချမ်းသာကို မကြောက်ဧကန် - စင်စစ်မှန်၏"

ဟု ကြံစည်တော်မူပြန်လေသည်။ ထို့နောက်တစ်ဖန် ဆက်၍ စဉ်းစားဆင်ခြင်မိပြန်သည်မှာ -

"ငါသည် ဤမျှလောက် ပင်ပန်းနွမ်းနယ်ခြင်းသို့ရောက် ညှိုးခြောက်နေသော ဤကိုယ်ဖြင့် ထိုအာနာပါန သမာဓိဈာန်ကို ရအောင် ကြိုးစားအားထုတ်နိုင်လိမ့်မည် မဟုတ်ချေ၊ ထမင်း၊ မုန့်ကြမ်း အစာရေစာကို လုပ်၍ ဤသို့ နွမ်းနယ်သည့် ခန္ဓာကိုယ်ကို နပျိုလန်းဆန်းစေပြီးမှ ထိုအာနာပါန သမာဓိဈာန်ကို ရအောင် ကြိုးကုတ် အားထုတ်ရမှ ကောင်းလေစွ"

ဟု စဉ်းစားဆင်ခြင်တော်မူလေသည်။ ထိုသို့ စဉ်းစားဆင်ခြင်တော်မူပြီးသောအခါ အလောင်းတော်သူမြတ်သည် မိမိထား ရာအရပ်မှ သပိတ်ကို ယူဆောင်တော်မူကာ သေနာနိဂုံး၌ ဆွမ်းခံလှည့်လည်၍ ထမင်း မုန့်ကြမ်း ရသမျှသော အစာအာဟာရ ဆွမ်းတို့ကို ဘုဉ်းပေးသုံးဆောင်ကာ ညှိုးနွမ်းနေသော ခန္ဓာကိုယ်ကို မျှတစေတော်မူလေသည်။

နှစ်ရက်၊ သုံးရက်အတွင်းမှာပင် အားအင်ဗလ ပြည့်ဖြိုးလာပြီးလျှင် ဒုက္ကရစရိယာ ဆင်းရဲစွာ ကျင့်စဉ်က ပျောက်ကွယ် နေခဲ့သော ၃၂ ပါးသော ယောက်ျားမြတ် လက္ခဏာတော်ကြီးများလည်း နဂိုပကတိအတိုင်း ထင်ရှားပေါ်လွင်၍ လာလေသည်။ အလောင်းတော်၏ ရူပကာယ ကိုယ်တော်သည် ထိုအချိန်၌ ရွှေရောင်အဆင်း ဝါဝင်းစိုပြေ၍ နေလေသည်။

## ဓမ္မတာကြီး တစ်ခု

ဘုရားအလောင်းတော်များ ဒုက္ကရစရိယာအကျင့်ကို ကျင့်ပြီး၍ ဘုရားဖြစ်ကာနီးလတ်သော် အလုပ်အကျွေး ရဟန်း တို့ကသော်လည်း တစ်စုံတစ်ခုသော အကြောင်းဖြင့် စွန့်ခွာ၍သွားခြင်း၊ အလောင်းတော်ကသော်လည်း အလုပ်အကျွေး ရဟန်း တို့ကို စွန့်ခွာ၍ သွားတော်မူခြင်းသည် ဓမ္မတာကြီးတစ်ခု ဖြစ်လေသည်။

သို့ဖြစ်ရကား ဘုရားအလောင်းတော်သူမြတ် ထမင်းမုန့်ကြမ်း ရသမျှသော အစာအာဟာရ ဆွမ်းတို့ကို ဘုဉ်းပေးသုံး ဆောင်ကာ ခန္ဓာကိုယ်ကို မျှတစေတော်မူသောအခါ အလုပ်အကျွေး ပဉ္စဝဂ္ဂီရဟန်း ငါးဦးတို့သည် –

"ရဟန်းဂေါတမသည် ပစ္စည်းလာဘ်လာဘများရန် ကျင့်ကြံသူ ဖြစ်လေပြီ၊ ကမ္မဋ္ဌာန်းလူထွက်ကြီး ဖြစ် ကာ ပစ္စည်းလာဘ်လာဘ များရန်ဘက်သို့ လှည့်ဆောင်သွားလေပြီ"

ဟု ပြောဆိုငြီးငွေ့ကာ အလောင်းတော်ကို စွန့်ခွာ၍ ဓမ္မတာတရား၏ နှိုးဆော်ချက်အရ ခပ်သိမ်းသော ဘုရားရှင်တို့၏ ဓမ္မစကြာ တရားဦး ဟောတော်မူရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ ဖဲသွားကြလေကုန်၏။

ပဉ္စဝဂ္ဂီရဟန်း ငါးဦးတို့သည် တန်ခူးလကွယ်နေ့လောက်တွင် ဘုရားအလောင်းတော်ကို စွန့်ခွာ၍ မိဂဒါဝုန်တော သို့ ပြောင်းရွှေ့သွားကြလေသည်။ ထိုအချိန်ကား အလောင်းတော်အတွက်တာ ဒုက္ကရစရိယာအလုပ် အပြီးတိုင်ရောက်သော အချိန်ဖြစ်လေသည်။

ဘုရားအလောင်းတော်သည် ပဉ္စဝဂ္ဂီရဟန်း ငါးဦးတို့ စွန့်ခွာ ဖဲသွားကြသောအခါ ကိုယ်တော်တစ်ပါးတည်း ဆိတ်ငြိမ် မှုကို အထူးရသောကြောင့် တရားကို အားထုတ်ရာ၌ သမာဓိတည်၍အထူးတိုးတက် အားရှိလာလေသည်။

ထိုသို့ ကိုယ်တော်မြတ်တစ်ပါးတည်း ၁၅ ရက်ခန့် ဝိဝေကကို အထူးရရှိကာ တရားအလုပ် အားထုတ်တော်မူသဖြင့် သမာဓိ တိုးတက်၍ ကဆုန်လဆန်း ၁၄ ရက်နေ့ ညဉ့်သန်းခေါင်ကျော် မိုးသောက်ဘက်သို့ ရောက်သောအခါ အိပ်မက်ကြီးငါး ပါးတို့ကို မြင်မက်တော်မူလေသည်။ ထိုအိပ်မက်ကြီး ငါးပါးတို့ကား –

## အိပ်မက်ကြီးငါးပါး

၁။ မြေအပြင်ကို အိပ်ရာပြုလျက် ဟိမဝန္တာတောင်ကို ခေါင်းအုံးပြုလျက် အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကို ထားလျက် အနောက်သမုဒ္ဒရာ၌ လက်ယာလက်ကို ထားလျက် တောင်သမုဒ္ဒရာ၌ ခြေတော်နှစ်ဘက်ကို ထားလျက် အိပ်စက်တော်မူရသည်ဟု မြင်မက်တော်မူသည်၊

ထိုသို့ ပထမအိပ်မက်ကို မြင်မက်တော်မူခြင်းသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူကာ လူ သုံးပါး၌ ဘုရား စင်စစ် ဖြစ်ဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

၂။ တိရိယာမည်သော မြက်ပင်မျိုးသည် ထမ်းပိုးခန့်ပမာဏရှိသည့် နီမြန်းသော ရှိုးတံဖြင့် ချက်တော်မှ ဖောက်ထွက်၍ ကြည့်နေတုန်းပင် တစ်ထွာ၊ တစ်တောင်၊ တစ်လံ၊ တစ်တာ၊ တစ်ဂါဝုတ်၊ ယူဇနာဝက်၊ တစ်ယူဇနာ၊ ဤသို့ စသည်ဖြင့် မြင့်၍မြင့်၍ တက်သွားပြီးလျှင် ယူဇနာပေါင်း အထောင်များစွာ အဇဋာကြိုး မိုးကောင်းကင် ကို ခိုက်လျက် တည်နေသည်ဟု မြင်မက်တော်မူသည်။

ထိုသို့ ဒုတိယအိပ်မက်ကို မြင်မက်တော်မူခြင်းသည် မဇ္ဈိမပဋိပဒါဖြစ်သော အဋ္ဌင်္ဂိကမဂ္ဂင်တရားကို လူနတ်တို့အား ဟောကြားတော်မူနိုင်ဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေသည်။

၃။ ကိုယ်လုံးဖြူလျက် ဦးခေါင်းနက်သော ပိုးလောက်အပေါင်းတို့သည် ခြေသည်းတော်ဖျားမှ ပုဆစ်ဒူးခေါင်း တိုင်အောင် တရွရွ တက်လျက် ဖုံးလွှမ်းကြသည်ဟု မြင်မက်တော်မူလေသည်။

ထိုသို့ တတိယအိပ်မက်ကို မြင်မက်တော်မူခြင်းသည် ဝတ်ဖြူစင်ကြယ် ဝတ်ကြသည့် များစွာသော လူအပေါင်း ဦးခေါင်းနက်သူတို့ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကာ မဟာသရဏဂုံ ခံယူကြဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်လေ သည်။

၄။ ညို၊ ရွှေ၊ နီ၊ ဖျော့ လေးဖော်သော အဆင်းရှိကြသည့် ငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာမှ ပျံလာကြ ၍ ခြေတော်ရင်း၌ ဝပ်စင်းမိကြသောအခါ ငှက်လေးမျိုးလုံးပင် ကိုယ်လုံး ဆွတ်ဆွတ်ဖြူကြသည်ဟု မြင်မက် တော်မူသည်။

ထိုသို့ စတုတ္ထအိပ်မက်ကို မြင်မက်တော်မူခြင်းသည် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား အမျိုးလေးပါးတို့မှ အမျိုး ကောင်းသားတို့သည် မြတ်စွာဘုရား၏ သာသနာတော်ကို ဝင်ရောက်၍ ရဟန်းပြုကြပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ရှိကြ ရန် မြင်မက်တော်မူခြင်း ဖြစ်သည်။

၅။ ကြီးစွာသော မစင်တောင်ကြီး၏ အထက်၌ ထိုမစင်ဖြင့် မလူးလဲဘဲ လူးလာတုံ့ခေါက် စင်္ကြံလျှောက်ရ သည်ဟု မြင်မက်တော်မူသည်။

ထိုသို့ ပဉ္စမအိပ်မက်ကို မြင်မက်တော်မူခြင်းသည် ဘုရားဖြစ်တော်မူသောအခါ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါးတို့ကို များစွာ ရတော်မူရန်နှင့် ထိုပစ္စည်းလေးပါးတို့ကို တွယ်တာတပ်မက် ငြိကပ်ခြင်းမရှိဘဲ သုံးဆောင်တော်မူဖို့ရန် မြင်မက်တော်မူခြင်း ဖြစ်ပေသည်။

## အိပ်မက်အကြောင်း ၄ ပါး၊ ၆ ပါး

အိပ်မက်မြင်မက်ခြင်းသည် အကျိုးတရား ဖြစ်သည်။ အကျိုးတရားမှန်သမျှ အကြောင်းတရားနှင့် မကင်းချေ။ အိပ် မက်ခြင်း၏ အကြောင်းကား အသို့နည်း။ အိပ်မက်မြင်မက်သော သူသည် -

၁။ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်စေ

၂။ ရှေးက လေ့ကျက်ခံစားဖူးသောကြောင့် ဖြစ်စေ

၃။ နတ်များ လှည့်စားသောကြောင့် ဖြစ်စေ

၄။ ပုဗ္ဗနိမိတ်ကြောင့် ဖြစ်စေ

ဤအကြောင်းလေးပါးတို့ကြောင့် မြင်မက်တတ်ပေ၏။ ယင်း ၄ ပါးတို့တွင် ဓာတ်ချောက်ချားခြင်းအကြောင်းကို ၃ မျိုး ခွဲကာ အိပ်မက်ခြင်း အကြောင်း ၆ ပါး ရှိလေသည်။ ယင်း ၆ ပါးကား -

၁။ လေဓာတ်ပျက်ခြင်းကြောင့် ဖြစ်စေ

၂။ သည်းခြေပျက်ခြင်းကြောင့် ဖြစ်စေ

၃။ သလိပ်ပျက်ခြင်းကြောင့် ဖြစ်စေ

၄။ နတ်များ လှည့်စားခြင်းကြောင့် ဖြစ်စေ

၅။ ရှေးက လေ့ကျက်ခံစားဖူးသောကြောင့် ဖြစ်စေ

၆။ ပုဗ္ဗနိမိတ်ကြောင့် ဖြစ်စေ

ဤ ၆ ပါးသော အကြောင်းတို့ကြောင့် အိပ်မက်.မြင်မက်တတ်ပါသည်။ ထို ၆ ပါးတို့တွင် -

၁။ သည်းခြေ အစရှိသော ဓာတ်များ ချောက်ချားသောကြောင့် အိပ်မက်မြင်မက်ရာ၌ တောင်ပေါ်မှ လိမ့်ကျသယောင်ယောင်၊ ကောင်းကင်ခရီးဖြင့် အသည်းတထိတ်ထိတ် သွားရသယောင်ယောင်၊ ဆင်ကြမ်း.မြင်းကြမ်း. ခြသေ့. သစ်ကျားစသော သားရဲများ၊ လူဆိုး၊ သူခိုး စသည်တို့က မိမိနောက်သို့ တကောက်ကောက် လိုက်နေသယောင်ယောင် ကြောက်မက်ဖွယ်သော အိပ်မက်ကို မြင်မက်တတ်ပါသည်။

၂။ ရှေးက လေ့ကျက်ခံစားဖူးသောကြောင့် အိပ်မက်မြင်မက်ရာ၌ မိမိ ရှေးက မြင်ဖူး၊ ကြားဖူး၊ သုံးဆောင်ဖူးသော အာရုံများကို မြင်ရ၊ ကြားရ၊ သုံးဆောင်ရသယောင်ယောင် မြင်မက်တတ်ပါသည်။

၃။ နတ်များ လှည့်စားသောကြောင့် အိပ်မက်မြင်မက်သောသူအား နတ်များက အကျိုးလိုလား၍ ဖြစ်စေ၊ အကျိုးမဲ့ကို လိုလား၍ဖြစ်စေ၊ အကျိုးရရန် အကျိုးမဲ့ရရန် အာရုံအမျိုးမျိုးတို့ကို ကပ်၍ ဆောင်တတ် ပြတတ်ကြကုန်၏။ ထိုသူသည် နတ်တို့၏ အာနုဘော်ကြောင့် ထိုအာရုံအမျိုးမျိုးကို မြင်မက်တတ်၏။

သီဟိုဠ်ကျွန်း ရောဟနအရပ် နာဂ ကျောင်းတိုက်ကြီး၌ သံဃထေရ်ကြီး ရဟန်းသံဃာကို မပန်ကြားဘဲ ကုံကော်ပင်ကြီး တစ်ပင်ကို ခုတ်လှဲစေလေသည်။

ထိုကုံကော်ပင်၌ နေထိုင်သော ရုက္ခစိုးနတ်သည် ပထမပိုင်းတွင် ထိုသံဃာထေရ်ကြီးကို မှန်ကန်သော အိပ်မက်ကို ပေး၍ ယုံကြည်လောက်အောင် ဖြားယောင်းပြီး ယုံကြည်လောက်သည့် နောင်တစ်ချန်၌ -

"ဤနေ့မှ နောက်နေ့ ခုနစ်ရက်မြောက်သောနေ့၌ အရှင်ဘုရား၏ ဒါယကာပြည့်ရှင်မင်းကြီးသည် နတ်ရွာစံ ကံတော်ကုန်လိမ့်မည်"

ဟု အိပ်မက်၌ ပြောကြားလေသည်။ သံဃထေရ်ကြီးသည် ထိုစကားကို ယုံကြည်ကိုးစား၍ နန်းတွင်းသူ မောင်းမမိဿံတို့အား ပြောကြားလေသည်။

ထိုစကားကိုကြားရသော နန်းတွင်းသူများသည် တစ်ပြိုင်နက်တည်း သည်းထန်စွာ ငိုကြွေးကြလေသည်။ ငိုသံကြား၍ မင်းကြီးက အကြောင်းကို မေးမြန်းသောအခါ သံဃထေရ်ကြီးက ဤသို့ ပြောဆိုကြောင်း ပြန်ကြားလျှောက်ထားကြလေသည်။

မင်းကြီးသည် ရက်တို့ကို ရေတွက်၍ ခုနစ်ရက် လွန်မြောက်သောအခါ မိမိ နတ်ရွာမစံသဖြင့် အလွဲလွဲအမှားမှား လူအများ ထိတ်လန့်အောင် ပြောကြားရကောင်းလားဟု သံဃထေရ်ကြီး၏ လက်ခြေတို့ကို ဖြတ်စေခဲ့လေသည်။

၄။ ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်မြင်မက်သောသူသည် ကောင်းမှု. မကောင်းမှု၊ ကုသိုလ်ကံ. အကုသိုလ်ကံ အစွမ်းကြောင့် ကောင်းကျိုး. မကောင်းကျိုး ရဖို့ရန် ရှေ့ပြေးပုဗ္ဗနိမိတ်ဖြစ်သော အိပ်မက်ကို မြင်မက်တတ်၏။

မဟာ မာယာဒေဝီ သားတော်.ရဖို့ရန် အိပ်မက် မြင်မက်သကဲ့သို့လည်းကောင်း၊ ကောသလမင်းကြီး၏ အိပ်မက်ကြီး ၁၆ ချက်တို့ကိုမြင်မက်သကဲ့သို့လည်းကောင်း၊ ဘုရားအလောင်းတော် အိပ်မက်ကြီး ၅ ပါးတို့ကိုမြင်မက်သကဲ့သို့လည်းကောင်း ကောင်းကျိုး. မကောင်းကျိုးဖြစ်ပေါ်ဖို့ရန် မြင်မက်သော အိပ်မက်မျိုး ဖြစ်ပါသည်။ ယင်းအိပ်မက် ၄ မျိုးကို မှတ်မိအောင် လင်္ကာသီ၍ ပြပါအံ့၊ ယင်းလင်္ကာကို အရဆောင်ထားပါ။

"ဓာတ်မငြိမ်သက်၊ လေ့ကျက်ရှေ့ခါ၊ ဒေဝါနတ်များ၊ လှည့်စားပုဗ္ဗ၊ နိမိတ္တလျှင်၊ အိပ်မက်မြင်၊ လေးအင်. အကြောင်းတည်း"

## မှန်. မမှန်

အိပ်မက် ၄ မျိုးတို့ကို ပြောပြပြီးပါပြီ၊ အိပ်မက်ခြင်း အကြောင်းရင်းတို့ကိုလည်း ရှင်းပြပြီးပါပြီ၊ ယခုအခါ ယင်းအိပ်မက် ၄ မျိုးတို့ကို မှန်. မမှန် ဝေဖန်ပိုင်းခြား၍ ပြပါအံ့၊ အိပ်မက်လေးမျိုးတို့တွင် -

၁။ ဓာတ်ချောက်ချား၍ မြင်မက်သော အိပ်မက်သည် မမှန်တတ်ပါ။

၂။ ရှေးက လေ့ကျက်ခံစားဖူးသောကြောင့် မြင်မက်သော အိပ်မက်သည်လည်း မက်သည့်အတိုင်း မမှန်တတ်ပါ။

၃။ နတ်များ လှည့်စားသောကြောင့် မြင်မက်သော အိပ်မက်ကား မှန်လည်း မှန်တတ်ပါသည်၊ လွဲလည်း လွဲတတ်ပါသည်၊ မှန်ပါသည်၊ နတ်များ ချစ်မြတ်နိုးသော် အကျိုးစီးပွား များပြားရန် မှန်ကန်သော အိပ်မက်ကို ပြတတ်ကုန်၏၊ နတ်များ မုန်းသော် ဥပါယ်တံမျဉ်ဖြင့် ပျက်စီးဖို့ရန် အလွဲလွဲအမှားမှား အိပ်မက်ကို ပြတတ်ကုန်၏။

၄။ ပုဗ္ဗနိမိတ်ကြောင့် မြင်မက်သော အိပ်မက်ကား စေကန်မှန်သည်သာ ဖြစ်၏။

## အကြောင်းရင်း

အို . . . တရှုသူ၊ မိမိသည် ယင်းသို့ အိပ်မက်များအကြောင်း နိဒါန်းချီ၍ အိပ်မက် ၄ မျိုးကို အကျိုးနှင့်တကွ ရေးသားဖော်ပြနေသည်မှာ အကြောင်းမရှိ ရေးသားဖော်ပြနေခြင်း မဟုတ်ပါ၊ အကြောင်းရင်း ရှိပါသည်၊ အကြောင်းရင်းကား အဘယ်ပါနည်း၊ -

အချိန်ကား အခါကောင်းသည့် လတပေါင်း ဖြစ်ပါသည်၊ မိမိသည် ပူရာဒေသမှ အေးရာဒေသသို့ တစ်ဖက် အေးရာဒေသမှ ပူရာဒေသသို့ လူးလာတုံ့ခေါက် ဓမ္မဒေသနာခရီးသည်အဖြစ်နှင့် သွားလာလှည့်ပတ်နေရာမှ ပူရာဒေသမှ အေးရာဒေသသို့ ရောက်ချိန်ဖြစ်ပါသည်၊

အပူနှင့်အအေး ယှဉ်တွဲကြည့်မှ အပူဒုက္ခလည်း ပေါ်လွင်၍ အအေးချမ်းသာလည်း ထင်ရှားပါသည်၊ နီးစပ်စွာ ယှဉ်တွဲ မကြည့်ပါက အပူဒုက္ခကိုလည်း ဒုက္ခဟူ၍ မသိနိုင်ပါ၊ အအေးချမ်းသာကိုလည်း ချမ်းသာသုခဟူ၍ မထင်မှတ်နိုင်ပါ၊

ယခု မိမိအဖို့မှာမူ ပူရာဒုက္ခမှ အေးရာသုခသို့ တခဏအတွင်း ပြောင်းလိုက်ရခြင်းကြောင့် အပူဒုက္ခနှင့် အအေးသုခမှာ သိသာထင်ရှားလှပါသည်။ ယင်းသို့ အပူဒုက္ခ ကင်းရှင်း၊ အအေးသုခကို ခံစားအနားယူနေစဉ် တစ်နေ့တွင် အမေးရှင်တစ်ယောက် ရောက်လာကာ လျှောက်ထားလေသည်။

"အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်ဟာ အိပ်မက်.မြင်မက်ပါသေးသလားဘုရား"

"အား...ပြဿနာက ဆန်းလှပါလား၊ ဘယ်ကဘယ်ကများ ရလာသလဲ"

"ဘယ်ကဘယ်ကမှ ရတာမဟုတ်ပါဘုရား၊ လူတွေထဲကပဲ ရခဲ့ပါတယ်ဘုရား"

"အင်း...လူတွေထဲက လူတွေကလည်း ကပ်သီးကပ်သတ် မေးတတ်တဲ့ လူတွေက ရှိတာပဲနော်"

"မှန်ပါဘုရား၊ လူတွေထဲက လူတွေက မေးဆိုရင် ရဟန်းထဲက ရဟန်းတွေက ပြဿနာလုပ်တာကိုးဘုရား"

"အမယ်...အမယ် ဘယ်လိုများ ရဟန်းထဲက ရဟန်းတွေက ပြဿနာလုပ်တာလဲ"

"ဒီပြဿနာဟာ ရဟန်းထဲက ရဟန်းတွေက ပေါ်လာတဲ့ ပြဿနာပါဘုရား၊ အရှင်ဘုရား ရှင်းပြပါဘုရား"

"ဘယ့်နယ်ဘယ့်နယ် ...၊ ရဟန်းထဲက ပေါ်လာတဲ့ပြဿနာရမှာလဲ၊ ပြောစမ်းပါဦး"

"တချို့ယခုခေတ်မှာ ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာလို့ အယောင်ဆောင်နေတဲ့ ရဟန်းအချို့ ရှိတယ်မဟုတ်လားဘုရား"

"အင်း...ရှိပါတယ်"

"ဒီပြဿနာဟာ အဲဒီ ရဟန္တာအယောင်ဆောင်တဲ့ ရဟန်းတွေကနေ ပေါ်လာတဲ့ပြဿနာပါဘုရား"

"ကဲ...ပြောစမ်းပါဦး၊ ဘယ်လိုများ ရဟန္တာအယောင်ဆောင်တဲ့ ရဟန်းတွေက ပေါ်လာသလဲ"

"အရှင်ဘုရား ကြားဖူးတယ်မဟုတ်လားဘုရား၊ ရွှေပေလွှာဆိုပြီး စာရွက်တွေ ရိုက်ဝေတာလေ"

"ဩော်...အဲဒါလား၊ ကြားဖူးရုံတင် ဘယ်ကမလဲ၊ ဖတ်တောင် ဖတ်ဖူးတယ်"

"အင်း...အဲဒီမှာလည်း ရဟန္တာအမည်ခံတဲ့ ရဟန္တာအတုက နာမည်ကလည်းကြီးချင်တယ်၊ ရဟန္တာလည်း အထင်ခံချင်တော့ အိပ်မက်.မက်တယ်တဲ့ဘုရား၊ မသိတဲ့လူတွေက ရဟန္တာအိပ်မက်ဆိုရင် မှန်တယ်ဆိုပြီး သတင်းလွှင့်ပါတယ်ဘုရား၊ ရွှေပေလွှာသဖွယ် စာရွက်စာတမ်း ဖြန့်ဝေပါတယ်ဘုရား"

"အင်း..."

"အဲဒီကနေပြီး တစ်စတစ်စ ဆရာတော် သံဃာတော်တွေနားသို့ ရောက်ပါတယ်ဘုရား၊ အဲဒီကနေ ပြဿနာပေါ်လာပါတယ်ဘုရား"

"ဘယ်လိုပေါ်လာသလဲ"

"ဆရာတော် သံဃာတော်တွေက ဘယ်ကလာပြီး ရဟန္တာ အိပ်မက်.မက်ရမှာလဲ၊ အိပ်မက်.မက်ရင် ရဟန္တာ မဟုတ်ဘူးလို့ အမိန့်ရှိကြပါတယ်ဘုရား"

"ဟုတ်သားပဲ၊ အိပ်မက်.မက်ရင် ရဟန္တာ ဘယ်ဟုတ်မလဲ"

"ဟိုကလည်း ရဟန္တာလို့ ကျော်ကြားနေပါတယ်၊ အိပ်မက်ကလည်း မက်နေပါတယ်၊ အဲဒါ တပည့်တော်တို့မှာ အခက်တွေ့နေပါတယ်ဘုရား"

"မခက်ပါနဲ့ အလွယ်ကလေးပါ"

"အလွယ်ကလေးဆိုရင် အရှင်ဘုရားပဲ ဒီပြဿနာကို ရှင်းပါဘုရား"

## အိပ်မက်မက်သူ လေးဦး

"မှတ်ထားပါ၊ အိပ်မက်မက်သူ ရှိသလို အိပ်မက်မမက်သူလည်း ရှိပါတယ်၊ အိပ်မက်ဆိုတာ လူတိုင်းမက်တာ မဟုတ်ဘူး၊ အဲဒီ အိပ်မက် မမက်တဲ့ပုဂ္ဂိုလ်၊ မက်တဲ့ပုဂ္ဂိုလ် ခွဲပြပါမယ် -

၁။ ပုထုဇဉ်ပုဂ္ဂိုလ်

၂။ သောတာပန်ပုဂ္ဂိုလ်

၃။ သကဒါဂါမ်ပုဂ္ဂိုလ်

၄။ အနာဂါမ်ပုဂ္ဂိုလ်

အဲဒီပုဂ္ဂိုလ်လေးမျိုးတို့သည် အိပ်မက် မြင်မက်တတ်ပါတယ်၊ ဘာဖြစ်လို့ အဲဒီပုဂ္ဂိုလ်လေးမျိုးတို့ဟာ အိပ်မက် မြင်မက်သလဲဆိုတော့ ဖောက်ပြန်မှားယွင်းတဲ့ တရားများကို အပြီးသတ် မပယ်နိုင်သေးသောကြောင့် အိပ်မက် မြင်မက်ပါတယ်၊ အဲ ... အိပ်မက် မြင်မက်တဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ ရဟန္တာပုဂ္ဂိုလ်ပါလား"

"မပါပါဘုရား"

"ဘယ်ပါမလဲ၊ ရဟန္တာပုဂ္ဂိုလ်ဆိုတာ အိပ်မက် မမြင်မက်တော့တာ"

"ဟင် ... ဒါဖြင့် ရဟန္တာပုဂ္ဂိုလ် အိပ်မက် မမြင်မက်တော့ဘူးဆိုတာ အမှန်ပေါ့ဘုရား"

"အမှန်ပေါ့"

"ရဟန္တာအိပ်မက်ဆိုပြီး စာရွက်တွေကို ရိုက်နှိပ်ဖြန့်ဝေနေတာ အလွဲအမှားတွေပေါ့ဘုရား"

"အလွဲအမှားတွေပေါ့၊ မှတ်ထားပါ၊ ရဟန္တာဆိုရင်လည်း အိပ်မက် မမြင်မက်တော့ဘူး၊ အိပ်မက် မြင်မက်ရင်လည်း ရဟန္တာ မဟုတ်ဘူး"

"အရှင်ဘုရား ရဟန္တာပုဂ္ဂိုလ်ဟာ ဘာ့ကြောင့် အိပ်မက် မမြင်မက်ပါသလဲဘုရား"

"ရဟန္တာပုဂ္ဂိုလ်မှာ ဖောက်ပြန်မှားယွင်းတဲ့တရားကို အပြီးသတ် ပယ်ရှားပြီး ဖြစ်သောကြောင့် အိပ်မက် မမြင်မက်တော့တာ"

"မှန်ပါသည်ဘုရား၊ ရှင်းပါပြီဘုရား"

## အိပ်မက်ဆိုတိုင်း မကြောက်နှင့်

"တချို့က အိပ်မက်ဆိုး မက်တယ်ဆိုပြီး သိပ်ကြောက်တတ် လန့်တတ်ကြတယ်၊ ကြောက်လန့်ပြီး အလွဲအချော်တွေ လုပ်တတ်ကြတယ်၊ အမှားတွေ ပြုတတ်ကြတယ်၊ အဲဒီ အလွဲအချော် အမှားတွေ ပြုလုပ်ကာမှ အဆိုးတွေ ဖြစ်ကုန်တာ အများကြီးပဲ၊ အိပ်မက်ကြောင့် ဖြစ်တာမဟုတ်ဘူး၊ အလွဲအမှားတွေ ပြုလုပ်တဲ့အတွက်ကြောင့် ဖြစ်တာပါ၊ အဲဒါကြောင့် အဲဒီအိပ်မက်နဲ့ ပတ်သက်ပြီးတော့ အလွဲအချော် မဖြစ်အောင် သေသေချာချာ မှတ်ထားပါ။

"အချိန်အလိုအားဖြင့် နေ့အခါ၌ မြင်မက်သော အိပ်မက်၊ ညဉ့်ဦးယံ၌ မြင်မက်သော အိပ်မက်၊ သန်းခေါင်ယံ၌ မြင်မက်သော အိပ်မက်၊ မိုးသောက်ယံ၌ မြင်မက်သော အိပ်မက် ဤအိပ်မက်တို့သည် အပြောနှင့် မညီတတ်ပါဘူး။

"မိုးသောက်အားကြီး လင်းကာနီးဆဲဆဲဝယ် စားအပ်၊ သောက်အပ် လျက်အပ်သောအစားအစာ အာဟာရများ ကြေကျက်၍ ကိုယ်၌ ဩဇာတည်သောအခါ အာရုံတက်ချိန်၌ မြင်မက်သော အိပ်မက်သည် အဟောနှင့် ညီတတ်ပါသည်။

"ကောင်းသော ဏ္ဍဌနိမိတ်ကို အိပ်မက် မြင်မက်လျှင် ကောင်းကျိုးရတတ်ပါသည်။ မကောင်းသော အနိဋ္ဌနိမိတ်ကို မြင်မက်လျှင် မကောင်းကျိုး ရတတ်ပါသည်"

"အမယ်လေး . . . ၊ ယခုမှပဲ ရှင်းပါတော့တယ်ဘုရား၊ တပည့်တော်တို့က ရဟန္တာအိပ်မက်ဆိုရင် မှန်ရတော့မလိုလို ထင်နေပါတယ်ဘုရား၊ ပုထုဇဉ်အိပ်မက်ဆိုရင် လွဲမှားရတော့မလိုလို ဖြစ်နေပါတယ်ဘုရား၊ ခုတော့ ရှင်းပါပြီဘုရား"

"ကဲ . . . ကဲ . . . ရှင်းရင်လည်း တော်ရောပေါ့နော်"

"မှန်ပါ၊ ဦးတင်ပါတယ်ဘုရား"

✦ ရဟန္တာအိပ်မက် တံဆိပ်နက် ဖြန့်လျက်ကြေညာသည်။

✦ ရဟန္တာဟာ အိပ်မက်တာ ဘယ်ခါ မရှိပြီ။

✦ အိပ်မက်အကြောင်း သိစကောင်း စုပေါင်းရှင်းလိုက်သည်။

✦ လိမ်ညာသူများ ကင်းပျောက်သွား မှန်များသိရန်ရည်။

✦ ယုံမှားရှင်းကာ များရှောင်ခွာ မှန်တာဆည်းကပ်ရပေမည်။

# ရှိခိုး.ဆိုသည့် အဘယ်နည်း

(၁၈၃)

"လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်၍ ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် တရားအလုံးစုံကို အမှန်အတိုင်း သိမြင်တော်မူသော ဘုန်းတော်ခြောက်စုံ ကျေးဇူးတော်ဂုဏ်နှင့် ပြည့်စုံ ကျော်ကြား ထိုရှင်တော်မြတ်ဘုရားအား အကျွန်ုပ် ရှိသေစွာ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ကန်တော့ပါ၏"

ဤ၌ "ရှိခိုး" ဆိုသည် အဘယ်နည်း၊ ဤကား အမေးပုစ္ဆာ ပြဿနာဖြစ်၏၊ ရှိခိုးအတွက် အဖြေရှာသော် "ရှိခိုး" ဟူသော ဝေါဟာရသည် ဝပ်တွားရှိသေမှု၊ ဂါရဝပြုမှု အဓိပ္ပာယ်ဆောင်သော ဝေါဟာရ ဖြစ်ပါသည်၊

ယင်း "ရှိခိုး" ဟူသော ဝေါဟာရအတွက် ပါဠိဘာသာမှ အဓိပ္ပာယ်ထွက်ဆိုချက်များကို ဖော်ပြရသော် -

၁။ ညွတ်ကိုင်းခြင်း

၂။ ချီးမွမ်းခြင်း

၃။ ချမ်းသာပါစေ စသည်ဖြင့် ဆိုစေခြင်း

၄။ လက်အုပ်ချီခြင်း

၅။ ဦးတိုက်ခြင်း

စသည်ဖြင့် များစွာလာပါသည်၊ ယင်း "ရှိခိုး" ဟူသော ဝေါဟာရ၏ အနက်ကို မြန်မာဝေါဟာရအနက်ဖွင့် ကျမ်းတို့၌ မဖွင့်ပြခဲ့ကြသဖြင့် "ရှိခိုး" ၏ အနက်ရင်း တိမ်မြုပ်နေခဲ့ပါသည်၊

"ဩကာသ" လုပ်ခြင်း၊ "ရှိခိုးခြင်း" ဟူသော ဝေါဟာရများသည် အသံစွဲဝေါဟာရများသာ ဖြစ်ပါသည်၊

ညွတ်တွား၊ ဝတ်ပြုမှု၊ ဂါရဝပြုမှု တို့ကို သိမ်းကြုံး၍ "ရှိခိုး" ဟူသော ဝေါဟာရက ပြဆိုပေသည်၊ ထို ရှိခိုးမှုဂါရဝအရ -

၁။ ညွတ်တွားဝပ်လျှိုးခြင်း

၂။ လက်အုပ်ချီခြင်း

၃။ စိတ်အာရုံညွတ်ခြင်း

၄။ ဂုဏ်ကို ထုတ်ဖော်ချီးမွမ်းခြင်း

ဟူသော ဤလေးမျိုးကို ယူရပါမည်။ သို့ဖြစ်၍ မိမိတို့ ဗုဒ္ဓမြတ်စွာအား ရှိခိုးမှုပြုသည်ရှိသော် ဗုဒ္ဓမြတ်စွာသည် -

၁။ အခြားသူတို့ထက် အထူးရှိခိုးခြင်း "အဘိဝါဒန"

၂။ မျက်ကွယ်ရှိုးမွမ်းခြင်း "ထောမနာ"

၃။ ညွှတ်တွားဝပ်လျှိုးခြင်း "ဝန္ဒနာ"

၄။ မျက်မှောက်ရှိုးမွမ်းခြင်း "ပသံသနာ"

၅။ လက်အုပ်ချီခြင်း "နမဿန"

၆။ ပူဇော်ခြင်း "ပူဇာ"

ဟူသော အလုံးစုံကို အကုန်ခံယူတော်မူထိုက်ပါပေ၏။ ထိုပါဠိတော်၌ -

၁။ အဘိဝါဒနနှင့် ဝန္ဒနာကိုလည်းကောင်း

၂။ ထောမနာနှင့် ပသံသနာကိုလည်းကောင်း

ထပ်၍ ယင်း ၄ ချက်ကို "ရှိခိုးခြင်း" အရ ယူရလေသည်။ "ပူဇာ" ကား ရှိခိုးမှုကြိယာနှင့် မဆိုင်ချေ။ "ရှိခိုးခြင်း" ကို ဟောသော ပရိယာယ်တို့သည် ဤ ၄ ချက်ကို ထိုက်သည့်အားလျော်စွာ ဟောကြလေကုန်၏။ ထို့ကြောင့် -

၁။ ဦးညွှတ်ဝပ်တွားခြင်း

၂။ လက်အုပ်ချီခြင်း

၃။ စိတ်အာရုံ၌ ညွှတ်၍ ကြည်ညိုခြင်း

၄။ ဂုဏ်တော်ကို ချီးမွမ်းခြင်း

ဟူသော ဤ ၄ ပါးစုံကို "ရှိခိုး" မှတ်ယူသင့်ပါသည်။

## ရှိခိုးခြင်း ၄ မျိုး

ယခုဆိုသော် "ရှိခိုး" ဟူသော ဝေါဟာရ အဓိပ္ပာယ်ကို သိသွားပါပေပြီ။ နောက်တစ်ဆင့် သိရန်မှာ ယင်း ရှိခိုးခြင်းသည် ဘယ်နှစ်မျိုး ရှိပါသနည်း။ ယင်းကို သိရန် ဖြစ်ပါသည်။ ရှိခိုးခြင်းသည် -

၁။ ကိုယ်ဖြင့် ရှိခိုးခြင်း

၂။ နှုတ်ဖြင့် ရှိခိုးခြင်း

၃။ စိတ်ဖြင့် ရှိခိုးခြင်း

၄။ အကျင့်ဖြင့် ရှိခိုးခြင်း

ဟူ၍ ရှိခိုးခြင်း ၄ မျိုး ရှိပါသည်။ ထို ရှိခိုးခြင်း လေးမျိုးကို သိထားလျှင် ကာရိယာပုတ်မရွေး၊ အလုပ်မရွေး၊ အချိန်မရွေး၊ နေရာမရွေး ရှိခိုးနိုင်ပါသည်။ ထိုလေးမျိုးတို့တွင် -

၁။ ဦးညွှတ် ဝပ်တွား၍လည်းကောင်း၊ လက်အုပ်ချီ၍လည်းကောင်း၊ ရှိခိုးခြင်းသည် "ကိုယ်ဖြင့် ရှိခိုးခြင်း" မည်၏။

၂။ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ချီးကျူး၍ "ရှိခိုးပါ၏" "ဖူးမြော်ပါ၏" ဟု နှုတ်ဖြင့်ဆိုကာ ရှိခိုးခြင်းသည် "နှုတ်ဖြင့် ရှိခိုးခြင်း" မည်၏။

၃။ ဂုဏ်ကျေးဇူးများကို စဉ်းစားအောက်မေ့ခြင်း၊ စိတ်ထဲမှ ရှိသေခြင်း "စိတ်ဖြင့် ရှိခိုးခြင်း" မည်၏။

၄။ ဘုရားရှင်မိန့်ကြား အကျင့်များကို ကျင့်ကြံအားထုတ်နေခြင်းသည် "အကျင့်ဖြင့် ရှိခိုးခြင်း" မည်၏။

## တည်ခြင်းငါးပါး

ယင်းရှိခိုးခြင်း လေးမျိုးတို့တွင် ကိုယ်ဖြင့် ရှိခိုးခြင်း၌ တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း၊ လက်အုပ်ချီ၍ ရှိခိုးခြင်းဟူ၍ နှစ်မျိုး ရှိပါသည်။ ထို နှစ်မျိုးတို့တွင် -

ဒူးနှစ်ဖက်

တံတောင်ဆစ်နှစ်ဖက်

နဖူး

အားဖြင့် ဤအင်္ဂါငါးပါးတို့ကို မြေပြင်၊ ကြမ်းပြင် စသည်၌ တည်စေလျက် ညွတ်တွားရှိခိုးမှုသည် "တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း" မည်၏။

## ထိခြင်းငါးပါး

ယခုကာလ၌ ယင်းတည်ခြင်းငါးပါး ရှိခိုးနည်းကို ထိခြင်းငါးပါး ရှိခိုးနည်းဟု နှုတ်ကျိုးလျက် ရှိပါသည်။ ထိခြင်းငါးပါးဟု ဆိုရန်မသင့်ပါ။ တည်ခြင်းငါးပါး ရှိခိုးနည်းဟုသာ ဆိုရန် သင့်ပါသည်။ ထိခြင်းဟု ဆိုကြသဖြင့် တည်ခြင်းငါးပါး အယူ အလွဲလွဲ အချော်ချော် ဖြစ်ကြရပါသည်။

လူတို့၏ ခန္ဓာကိုယ်သည် အမိဝမ်းခေါင်း၌ ကိန်းအောင်းစဉ်ကာလဝယ် အသားတစ်ကလေးမှ ခက်မငါးဖြာ ပေါ်ထွက်လာပါသည်။

ခက်မငါးဖြာဟူသည် ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်း ဖြစ်ပါသည်။ ထိုခက်မငါးဖြာသည် လူကိုယ်၏ အညွန့်သဖွယ် အထွတ်သဖွယ် ဖြစ်ပါသည်။

လူကိုယ်၏အညွန့်ထွတ်များ အင်္ဂါငါးပါးကို မြေမှာ ထိကပ်စေသည်အထိ ပျပ်ဝပ်ရှိသေ ညွတ်တွားမှုသည် အလွန်လေးစားသော အမှုအရာ ဖြစ်ပါသည်။ ထို့ကြောင့် "တည်ခြင်းငါးပါး" ယူရာ၌ "ငါးပါး" အရအင်္ဂါသရုပ်ကို ထို ၅ ချက်ကို ယူရပေသည်။

မှန်ပါသည်။ ယင်းငါးပါးတွင် ဒူးနှစ်ဖက် မြေသို့ထောက်တည်သော် အောက်ပိုင်းခက်မ နှစ်ဖြာ တုပ်ဝပ်ရှိကျိုးခြင်း ဖြစ်သွားပါသည်။

တံတောင်ဆစ်နှစ်ဖက် မြေသို့ထောက်တည်သော် အလယ်ခက်မ နှစ်ဖြာ နိမ်ကျိုးခြင်းကိစ္စ ပြီးပါသည်။

နဖူးကို မြေသို့ထိကပ်အောင် တည်စေပြန်သည်ရှိသော် ညွတ်တွားပျပ်ဝပ်သောအခြေသို့ ရောက်ရှိသွားပါသည်။

ထိုအခါ ယုဉ်ပြိုင်အန်တုခြင်း၊ မာန်မာန၏အမှုအရာများဖြစ်သော ခြေတကြွကြွ ခန့်ခန့်ရပ်ခြင်း၊ လက်ရုံး လက်မောင်း တန်းခြင်း၊ ဦးခေါင်း မော်ခြင်း အရိပ်အယောင်တို့သည် ငြိမ်လျက် နိမ့်ချခြင်း၊ ဂါရဝတရား နိဝါတတရား အမှုအရာများ အလွန်ထင်ရှားစွာ ပေါ်လွင်လာပါသည်။

ထို့ကြောင့် ခြေနှစ်ဖက်အတွက် ဒူးနှစ်ဖက်ကိုလည်းကောင်း၊ လက်နှစ်ဖက်အတွက် တံတောင်နှစ်ဖက်ကိုလည်းကောင်း၊ ဦးခေါင်းအတွက် နဖူးကိုလည်းကောင်း ပဓာနအချက်ကိုင်၍ ယူရခြင်း ဖြစ်ပါသည်။

၁။ လက်ချ၊ ဒူးချ၊ တံတောင်ချ၊ နဖူးကိုချ၊ ဦးနှိမ်ရ၊

၂။ တံတောင်နှစ်ဖက်၊ ဒူးနှစ်ဖက်၊ မြေထက်တည်စေရ၊

၃။ နဖူးညွှတ်ချ၊ မြေသို့ကျ၊ ငါးဝတည်ခြင်းပြု၊

၄။ တည်ခြင်းငါးမျိုး၊ တည်ထားရိုး၊ ရှိခိုးဦးနှိမ်ချ။

## လက်အုပ်ချီမိုးမှု

လက်အုပ်ချီမိုးမှုဟူသည် ရှိခိုးရာသို့ ရှေ့ရှုပြု၍ ရင်ထက်၌ လက်အုပ်ချီခြင်း ထိပ်ထက်၌ လက်အုပ်ချီခြင်းကို ခေါ်ဆိုပါသည်၊

"လက်အုပ်" ဆိုသည်ကား လက်ဖဝါးနှစ်ဖက်ကို ကြာငုံပမာ စုအုပ်ထားပါမှ လက်အုပ်ဖြစ်ပါသည်။

ထိုလက်အုပ်သည် လက်သည်း (၁၀) ပွင့်ဖြင့် တင့်တယ်ဝင်းလက်ပြီး ပွင့်လုနီးပဒုမ္မာ ကြာငုံဖူးနှင့် တူကြောင်းကို ဗုဒ္ဓဝင် အဋ္ဌကထာ၌ ဆိုပါသည်။ ထိုအဋ္ဌကထာအရ -

"ထိုရောကာလ၊ ထိုခဏ၌၊ ထိုမျှရံဝန်း၊ ထိုရဟန်းတို့၊ ရှိပန်းဖြူးဖြူး၊ ကြာငုံဖူးသို့၊ ရှိဦးပလ္လင်၊ ပူဇော်တင်လျက်" ဟူ၍ ကိုးခန်းပျို့ကဗျာ၌ သီကုံးဖွဲ့ဆိုထားသည်မှာ လက်အုပ်ပန်း၏ သရုပ်ဖော်ပင်ဖြစ်ပါသည်။

## နေရာစွဲကာ ရှိခိုးပါ

လက်အုပ်ချီမိုး၍ ရှိခိုးခြင်း၊ တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်းဟူ၍ ရှိခိုးခြင်းနှစ်မျိုးရှိရာ တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်းကို ဘုရားဖူးရာအခါ ရဟန်းသံဃာတော်များအထံသို့ ဆည်းကပ်ရာအခါ၊ တရားတော်ကို နာကြားရာအခါ၊ သီလယူရာအခါ၊ ဆရာမိဘတို့ကို ကန်တော့ရာအခါ စသည်တို့၌ ရှိခိုးရာ၏။

လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခရီးသွားရာအခါဝယ် ဘုရားစေတီများကို ဖူးမြင်ရသော်၊ ရဟန်းသံဃာများကို ဖူးမြင်ရသော်၊ နာမကျန်းဖြစ်နေသော် နေရာကျဉ်းကြပ် ညစ်ပေနေသော် လက်အုပ်ချီမိုး ရှိခိုးရာ၏။

## လေးနက်စွာရှိခိုးခြင်း

လေးနက် ထူးခြားသော ရှိခိုးခြင်းဟူ၍ ရှိခိုးခြင်းတစ်မျိုး ရှိသေး၏။ ကောဏ္ဍညထေရ်၊ ကောသလမင်း၊ ယသော်ဓရာ တို့ ရှိခိုးခြင်းကား အလွန်တရာ လေးနက်လှပေ၏။

ဗုဒ္ဓခြေတော်များကို ဦးခေါင်းနှင့် ထိတိုက်ခြင်း၊ ဆံပင်နှင့် ပွတ်တိုက်ခြင်း၊ လက်ဖြင့် တယုတယ ဆုပ်နယ်ခြင်း၊ ခြေချောင်းတော်တို့ကို နှုတ်ခမ်းဖြင့် ငုံစုပ်ခြင်း၊ မိမိအမည်ကို အာမေဍိတ် ထုတ်ဖော်ခြင်းဖြင့် ထူးခြားစွာ ရှိခိုးကြကုန်၏။

## ပြဟ္မာရှိခိုးနည်း

သဟမ္ပတိပြဟ္မာမင်းကြီးသည် ဘုရားရှင်အား ရှိခိုးသောအခါ အပေါ်ရုံတဘက်ရှည်ကြီးကို လက်ကတော့ ထိုးပြီးနောက် လက်ယာဘက်ဒူးကို ထောက်ကာ လက်ဝဲဘက်ဒူးကို ကြွချီပြီး လက်အုပ်ချီမိုး ရှိခိုးပါသည်၊ ၎င်းရှိခိုးနည်းကို လက်အုပ်ချီမိုး ရှိခိုးနည်း၌သာ သွင်းယူထိုက်ပါသည်၊

## စေတီရှိခိုးနည်း

တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း၊ လက်အုပ်ချီမိုးခြင်း (၂)မျိုးလုံးဖြင့် စေတီတော်အား ရှိခိုးပုံကို သမ္မောအဌကထာ၌ ဤသို့ ပြဆိုထားပါသည်။

၁။ စေတီတော်ကို ဖူးမြင်ရန် သွားသော် စေတီတော်၏ တံတိုင်း၊ စောင်းတန်းမုခ်ဦးကစ၍ ဘုရားရှင်၏ ဂုဏ်တော်များကို အောက်မေ့ပါ၊ ပွားများပါ၊ ယောင်ဂုတ္တိလ်ဖြစ်စေကာမူ ထိုအချိန်၌ မိမိ ရှုပွားနေသော ကမ္မဋ္ဌာန်းကို ခေတ္တရပ်ဆိုင်း ထားရပါမည်။

၂။ စေတီအပေါ်သို့ ရောက်သောအခါ စေတီတော်ငယ်လျှင် ရှစ်မျက်နှာမှ ထိုင်၍ ရှစ်ကြိမ်တည်ခြင်း ငါးပါးနှင့်အညီ ရှိခိုးပါ၊ စေတီတော်ကြီးလျှင် လေးကြိမ်ရှိခိုးပါ။

၃။ ရှိခိုးပြီးသော် စေတီပတ်လည် ရင်ပြင်သို့ လှည့်ပတ်လိုပါက စေတီတော်ကို လက်ယာရစ်ကာ လက်အုပ်ချီမိုး ရှိခိုးပြီး လှည့်ပါ။

ဤကား အဌကထာ၌လာသော ရှိခိုးနည်းကို ပြလိုက်ခြင်းဖြစ်ပါသည်။ သို့သော် စာရှုသူတို့ကမူ မိမိနှစ်သက်သလိုပင် တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးပြီး လက်အုပ်ချီမိုး ရှိခိုးကာ ကြိုက်သလို ဆက်လက်၍ ကြည်ညိုနိုင်ပါသည်။

## ရှိခိုးပြီး ဖဲခွာနည်း

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်အား ရှိခိုးပြီးသော် ဖဲခွာပုံကို ထိုပါဠိအဌကထာတို့၌ ဤသို့ပြပါသည်။

၁။ သုံးကြိမ် လက်ယာရစ်လှည့်၍ အရိုအသေပြုပြီးလျှင်

၂။ လက်အုပ်ချီမိုးလျက် နောက်ဆုတ် (၁၂)တောင်ခန့်အထိ သွားကာ

၃။ တည်ခြင်းငါးပါးနှင့်အညီ ရှိခိုး၍ ဖဲသွားကြသည်။

ယင်း ရှိခိုးနည်းကို မှီ၍ ယခုခေတ်နှင့် လျော်အောင် ရှိခိုးနည်းကို ညွှန်ပြရသော် -

၁။ ရောက်လျှင် တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးပါ။

၂။ ပြန်သောအခါ လက်အုပ်ချီမိုးပြီး နောက်ဆုတ်သွားပါ။

၃။ ၁၂ တောင် အတိအကျမဟုတ်ဘဲ နေရာအရပ်သို့လိုက်၍ သင့်လျော်ရာမှ ရပ်၍ မိမိလိုရာသို့ ဖဲခွာသွားပါ။

၄။ ခေတ်ဘုရားဖြစ်မူ လက်ယာရစ်၍ လက်အုပ်ချီမိုးသွားပါ။

ဤသို့ ပြဆိုပြီးခဲ့သော ရှိခိုးနည်း၊ ဖဲခွာနည်းတို့ကား ဗုဒ္ဓယဉ်ကျေးမှုအနေနှင့် အလွန်တရာ အရေးကြီးလှပါသည်။ အလွန်တရာမှ ရှိသေလေးစားရာရောက်သော ရှိခိုးနည်းများ ဖြစ်ပါသည်။

- "ရှိခိုးခြင်း" မှာ မိမိမှာရှိသော မာန်မာနကို နှိမ်ချခြင်းဖြစ်၍ အမျိုးမြတ်လိုသူ၊ ဂုဏ်ကျက်သရေ ရှိလိုသူတို့သည် စနစ်တကျ လိုက်နာပြုကျင့်သင့်ပါသည်။ လိုက်နာပြုကျင့်ပါဟု တိုက်တွန်းပါသည်။

## ဆောင့်ကြောင့်ထိုင်ခြင်း

ဆောင့်ကြောင့်ထိုင်ခြင်းကို ၂စ်မျိုး ယူဆကြ၏။ အချို့က လက်ယာ ဒူးတစ်ချောင်းကို မြေ၌ထောက်၍ လက်ဝဲဘက်ဒူး တစ်ချောင်းကို ထောင်ပြီး ပြဟ္မာထိုင် ထိုင်ခြင်းကို ဆောင့်ကြောင့်ထိုင်သည်ဟု ယူဆပါသည်။

အချို့မှုကား ယခုအများသိနေသော ထိုင်နေကျဖြစ်သော ဒူးနှစ်ဖက်ကိုထောင်၊ ဒူးပေါ်သို့ တံတောင်ဆစ်တင်ကာ လက်နှစ်ဖက်ကိုထောင်၍ ထိုင်ခြင်းကို "ဆောင့်ကြောင့်ထိုင်" ဟု ယူဆကြပါသည်။

မည်သို့ပင် ယူဆကြစေ မိမိတို့ အမျိုးသာသနာ၏ ယဉ်ကျေးမှုနှင့်လျော်သော ထိုင်ခြင်းကို လိုက်နာလက်ခံပြီး ရိုသေစွာ စိတ်ထား၍ ထိုင်ခြင်းသာ ပဓာန ဖြစ်ပါသည်။

## တိဗက်တို့ ရှိခိုးနည်း

တိဗက် ဗုဒ္ဓဘာသာတို့ကမူကား ပုဆစ်ဒူးနှစ်ဖက် လက်ဖဝါးနှစ်ဖက် နဖူးပြင်တို့ကို မြေပြင် သို့မဟုတ် ကြမ်းပြင်၌ ချထားလျက် ဝပ်တွားရှိကျိုး ရှိခိုးခြင်းသည်သာ တည်ခြင်းငါးပါးနှင့် ညီ၏ဟု ယူဆပါသည်။

သို့ဖြစ်၍တိဗက်လူမျိုးတို့သည် သုမေဓာရှင်ရသေ့ အလျားမှောက် တံတားဆောက်သကဲ့သို့ မဟာဗောဓိ စေတီတော်မြတ်ကြီးကို အလျားမှောက်၍ အခေါက်ခေါက် အခါခါ ရှိခိုးကြကုန်၏။

## မာန်နှိမ်ချခြင်း

မည်သို့ဆိုစေ ရှိခိုးခြင်းကား မာန်မာနကို နှိမ်ချ၍ အရိုအသေပြုခြင်း ဖြစ်ရာ မာန်မာနကျအောင် နှိမ်ချရှိခိုးခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

အချို့က ဆောင့်ကြောင့်ထိုင်လျက် ကျုံ့ကျုံ့ထိုင်လျက် လက်အုပ်ကလေးကို မြေမှာ မကျ၊ ကြမ်းပြင်မှာ မကျဘဲ ရေညှောင့်ကောင်တမျှ ရှိခိုးကြကုန်၏။

ထိုသို့ရှိခိုးခြင်းသည် တည်ခြင်းငါးပါးနှင့်လည်း မညီ၊ မာန်မာနလည်း ကျဖွယ် မရှိပါ။ သို့ဖြစ်၍ ယခု ညွှန်ပြသော ရှိခိုးနည်းများကို သင်ကြား၍ မာန်မာနကျအောင် ရိုသေစွာ ရှိခိုးတတ်ပါလေ။

## ရဟန္တာကို ရှိခိုးမှု

အို...စာရှုသူ၊ မိမိသည် ဤမျှရှည်လျားစွာ ရှိခိုးနည်းများကို ရေးသားနေသည်မှာ အကြောင်းရှိသည်ပင်။ အကြောင်းမရှိ မဟုတ်ပါ။ အကြောင်းကား အသို့နည်း။ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ ဓမ္မဒေသနာခရီး လှည့်လည်စဉ် မြို့ကြီးတစ်မြို့၌ တရားဟောခိုက် ဒကာတစ်ယောက် ရောက်လာပြီး ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား၊ ပုထုဇဉ် ရဟန်းက မည်မျှပင် ဝါကြီးသော်လည်း ဝါငယ်သောရဟန္တာကို ရှိခိုးရတယ်ဆိုတာ ဟုတ်ပါသလား ဘုရား"

"မဟုတ်ပါဘူး ဒကာကြီး"

"အရှင်ဘုရားရဲ့အဖြေက တိုလှပါတယ်ဘုရား"

"တိုဆိုရင် ဒကာကြီးက တိုတိုမေးတာကိုး၊ တိုတိုဖြေရတာပေါ့"

"ဒါဖြင့် အရှင်ဘုရား ရဟန်းတော်တွေက လူရဟန္တာ၊ သာမဏေရဟန္တာ၊ မိန်းမရဟန္တာ၊ ယောက်ျားရဟန္တာတွေကို ရှိခိုးရပါသလား ဘုရား"

"ရှိမခိုးရပါဘူး"

"တယ်လည်း ခက်ပါလားဘုရား"

"ဘာခက်နေတာလည်း ဒကာကြီးရဲ့"

"တပည့်တော်ဆီမှာ ဘုန်းကြီးတစ်ပါးက ဟောနေတာဘုရား၊ ရှိခိုးရမယ်တဲ့"

"နေပါဦး၊ ဒကာကြီးရဲ့အမေးထဲမှာ မိန်းမရဟန္တာ၊ ယောကျ်ားရဟန္တာဆိုတော့ မိန်းမ၊ ယောကျ်ားတွေဟာ တရားအား ထုတ်လို့ ရဟန္တာဖြစ်ရင် ဒီနေ့ပဲ ဘိက္ခုနီမ ဝတ်ရင်ဝတ်၊ ရဟန်းခံရင်ခံ၊ မခံရင် ပရိနိဗ္ဗာန်စံရော၊ ဒီတော့ မိန်းမရဟန္တာ၊ ယောကျ်ား ရဟန္တာရယ်လို့ ဘယ်ရှိတော့မှာလဲ"

"ခက်ပါတယ်ဘုရား"

"ဘာခက်နေတာလဲ၊ ဟိုရှေးကျောင်းဆရာတော်ဘုရားကြီးရဲ့သိဿကောဝါဒ စကားပုံ ဆုံးမစာလေး ရွတ်ပြလိုက်ပါလား

"သလေးနှံ အဆံမရှိခင် ထောင်သည်၊ အဆံပြည့်လျှင် ညွတ်သည်၊

"ဂါရဝကင်းသူ ဂုဏ်သတင်းမဖြူ၊ နွားစာငုတ်တိုနှင့် တူသည်၊

"ရဟန္တာသည် သိက္ခာကြီးသူ ပုထုဇဉ်ကိုသော်လည်း ပြားပြားဝပ် ရှိခိုးသည်၊

"ရဟန္တာသည် သိက္ခာငယ်သူကို ရှိမခိုးသော်လည်း အရိုအသေပြုသည်၊

အဲဒီ သိဿကောဝါဒစကားပုံကို ရွတ်ပြလိုက်ပြီးတာပဲ၊ ဒကာကြီးကလည်း ဘာခက်နေရတာလဲ၊ ဘာမှ ခက်မနေနဲ့"

## ရှိမခိုးအပ်သူ

"ဘုန်းကြီးလည်း ရှိမခိုးအပ်သူတွေကို ရှင်းပြ၊ ရေးပြထားတာပဲဟာ၊ ဗုဒ္ဓဝမ္မပြဿနာများ စာအုပ်ကို ပြပေးလိုက်ရင် ပြီးတာပဲမဟုတ်လား၊ ယခုလည်း ထပ်ရှင်းပြမယ် မှတ်ထားပါ၊ မသင့်တော်၍ ရှိမခိုးအပ်သူတွေဟာ -

၁။ မှောင်မိုက်ထဲ၌ နေသူ

၂။ ယာဂုသောက်နေသူ

၃။ ဆွမ်းစားနေသူ

၄။ ရွာတွင်း ဝင်နေသူ

၅။ လမ်းမ၌ သွားနေသူ

၆။ အာရုံတစ်ပါးကို ကြံစည်စိတ်ကူးနေသူ

၇။ အိပ်နေသူ

၈။ စားနေဆဲရဟန်း

၉။ ခဲဖွယ်ခဲနေဆဲ ရဟန်း

၁၀။ အလုပ်ကိစ္စကို အားထုတ်နေဆဲဖြစ်၍ ရှိခိုးသည်ကို နလုံးမသွင်းနိုင်သူ

၁၁။ ကျင်ကြီးစွန့်နေသူ

၁၂။ ကျင်ငယ်စွန့်နေသူ

၁၃။ ရန်သူဖြစ်သော သဘောမတူသောပုဂ္ဂိုလ်

- အဲဒီ (၁၃)ဦးသော ပုဂ္ဂိုလ်တို့အား မသင့်လျော်၍မလျော်မလျောက်ပတ်၍ ရှိမခိုးအပ်လို့ ဘုရားရှင် ဟောထားပါတယ် ဒကာကြီး"

"ပြီးတော့ ရှိခိုးလျှင် ဒုက္ကဋ်အာပတ်သင့်မှာစိုး၍ ရှိမခိုးအပ်သူလည်း ရှိသေးတယ်၊ အဲဒါလည်း သိထားဖို့ အရေးကြီးပါ တယ်၊ အဲဒီ ရှိမခိုးအပ်သူတွေဟာ -

၁။ ပရိဝါသ်နေစဉ် အာပတ်သင့်၍ အရင်းသို့ ငင်ထိုက်သူ

၂။ မာနတ်ထိုက်သူ

၃။ အဘ္ဘာန်ထိုက်သူ

၄။ ပရိဝါသ်ကျင့်နေသူ

၅။ မာနတ်ကျင့်နေသူ

၆။ ဥက္ခိတ္တက ရဟန်း၏ နောက်လိုက်လဒ္ဓိနာနာ သံဝါသက ရဟန်းကြီး အဓမ္မဝါဒီ

၇။ ဥက္ခိတ္တက ကံအပြုခံရသော လဒ္ဓိနာနာသံဝါသက ရဟန်း

၈။ အဝတ်မပါ ဗလာကိုယ်တည်းနေသူ

၉။ ဝါကြီးသော ရဟန်းသည် ဝါငယ်သောရဟန်းကို

၁၀။ ရဟန်းမဟုတ်သူကို

၁၁။ မိန်းမကို

၁၂။ ပဏ္ဍုက်ကို

အဲဒီ (၁၂)ယောက်သော ပုဂ္ဂိုလ်တို့ကို ရှိခိုးလျှင် ရှိခိုးသောရဟန်း ဒုက္ကဋ်အာပတ်သင့်တယ်လို့ ဘုရားဟောထားပါတယ်၊ အဲဒါကြောင့် ဝါငယ်သောရဟန္တာအား ဝါကြီးသောပုထုဇဉ်ရဟန်းက ရှိမခိုးအပ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

## ရှိခိုးအပ်သူ

"ကဲ - ရှိမခိုးအပ်သူတွေ ပြပြီးတော့ ရှိခိုးအပ်သူတွေကို ပြကြဦးစို့၊ ရှိခိုးအပ်သူတွေကတော့ -

၁။ မြတ်စွာဘုရား

၂။ ဥပဇ္ဈာယ်ဆရာ

၃။ ရှင်ပြုပေးသော ဆရာ၊ ရဟန်းပြုပေးသော ကမ္မဝါစာ ဆရာ၊ မှီ၍နေရာနိဿရည်းဆရာ၊ စာသင်ပေးသော ဓမ္မာစရိယ၊ ဆုံးမသော ဩဝါဒါစရိယ

၄။ သီတင်းကြီး၊ ဝါကြီးသောရဟန်း

၅။ ဓမ္မကို ဆိုလေ့ရှိသော နာနာသံဝါသကရဟန်း

ဤငါးပါးသော ပုဂ္ဂိုလ်တို့ကို ရှိခိုးအပ်၊ ရှိခိုးထိုက်တယ်လို့ ဘုရားရှင် ဟောထားပါတယ်၊ အဲဒီ ငါးပါးထဲမှာ ဝါကြီးသော ရဟန်းကို ရှိခိုးရမယ်ဆိုတော့ ဝါငယ်သောရဟန္တာပုဂ္ဂိုလ်သည် ဝါကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရမယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

## ခြွင်းချန်ချက်

"အင်း - ဒီနေရာမှာ ခြွင်းချန်ချက် အနည်းငယ်မှတ်ဖို့ရှိပါတယ်၊ ရှိခိုးအပ်သူတို့တွင် "စာသင်ပေးသော ဆရာ၊ မှီခို၍ နေရာ နိဿရည်းဆရာတို့သည် မိမိအောက်ငယ်သူတို့လည်း ဖြစ်တတ်ပါတယ်၊ ကြီးသူတို့လည်း ဖြစ်တတ်ပါတယ်။

"ထို့ကြောင့် ထိုဆရာ နှစ်ပါးကို သီတင်းကြီး၊ ဝါကြီးတို့ ဖြစ်ပါမှ ရှိခိုးအပ်၏ဟု "ဝိမတိ"၌ ဆိုပါသည်။

"အဲဒီအရာမှာ ဆရာအား ဝါငယ်သော်လည်း ရှိခိုးကောင်းတယ်လို့ အယူရှိတတ်ပါတယ်၊ မဟုတ်ပါ၊ ငယ်သော နိဿရည်းဆရာအထံ၌ နိဿရည်း ယူသောအခါ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ ယူပါဟု မဟာဝါအဋ္ဌကထာ၌ ဆိုပါတယ်။

"ငယ်သော စာသင်ပေးသော စာချဆရာကိုလည်း ကြီးသော စာသင်တပည့်က ဆောင့်ကြောင့်ထိုင် လက်အုပ်ချီရုံမျှ ချီ၍ အများထိုင်သလို ထိုင်ကာ စာသင်နိုင်ပါတယ်"

## ရှိခိုးနည်း

ဘုရားရှင်သည် အရှင်ဥပါလိအား "ချစ်သား ဥပါလိ၊ သီတင်းကြီး ဝါကြီးသော ရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်းသည် -

၁။ လက်ဝဲဘက်ပခုံးထက်၌ ကိုယ်ရုံတင်၍

၂။ လက်အုပ်ချီ၍

၃။ လက်ဝါးပြင်နှစ်ဖက်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်၍

၄။ ချစ်ခင်ကြည်ညိုခြင်း ပေမကိုလည်းကောင်း

၅။ ရိုသေလေးမြတ်ခြင်း ဂါရဝကိုလည်းကောင်း

မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်စေ၍ ရှိခိုးအပ်ဟု ဟောကြားတော်မူခဲ့ပါသည်။

"အဲဒီ အရှင်ဥပါလိအား ဟောကြားသောအရာ၌ မြတ်စွာဘုရားသည် အရှင်ဥပါလိအား ရှိခိုးနည်းကိုလည်း ဟောပါတယ်၊ တည်ခြင်းငါးပါး သရုပ်ကိုလည်း ဟောပါတယ်"

"ရှိခိုးနည်း ဟောပုံကို သီတင်းကြီး၏ ခြေတို့ကို ရှိခိုးသော ရဟန်းသည် ပုခုံးနှစ်ဘက်တို့ကို ဖွင့်၍လည်း ရှိမခိုးအပ်၊ ပုခုံးနှစ်ဖက်တို့ကို ကျုံ၍လည်း ရှိမခိုးအပ်၊ ပုခုံးတစ်ဖက်၌ ကိုယ်ရုံကိုတင်၍ ရှိခိုးအပ်၏ ဟု ဟောပါသည်။

လက်သည်း ၁၀ ခု ပေါင်းစုအရောင်၊ တောက်ပြောင်သော လက်အုပ်ချီလျက်သာ ရှိခိုးအပ်၏။ လက်ဝါးပြင်ကို ပြခြင်း၊ လက်သီးဆုပ်ကို ပြခြင်း စသည်ဖြင့် ရှိမခိုးအပ်ဟု ဟောပါသည်။

လက်တစ်ဖက်ဖြင့်လည်းကောင်း၊ သက်န်းစွန်း ထိကာမျှစသည်ဖြင့်လည်းကောင်း ရှိမခိုးအပ်၊ နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်၍ ရှိခိုးအပ်ဟု ပြပါသည်။

"အဲဒီလို ရှိခိုးသောအခါမှာလည်း ပြစ်မှားလိုသောစိတ်ကို လည်းကောင်း၊ မရိုသေခြင်းကိုလည်းကောင်း ဖြစ်စေ၍ ရှိခိုးရသည် မဟုတ်ပါ။ ချစ်မြတ်နိုးခြင်းကိုလည်းကောင်း၊ ရိုသေမြတ်နိုးခြင်းကိုလည်းကောင်း ဖြစ်စေ၍ ရှိခိုးအပ်ပါတယ်၊ ကဲ - ဒကာကြီးမေးတာထက်တောင် ဘုန်းကြီးပြောတာ ပိုမသွားဘူးလား"

"ပိုသွားပါတယ်ဘုရား"

"ကဲ - ပိုသွားရင် တော်ကြစို့"

✦ နေ့စဉ် နေ့စဉ် ဦးထိပ်တင် အစဉ်ရှိခိုးသည်၊

✦ ရှိခိုးသော်လည်း နည်းမှန်ပဲ သိလည်းမသိပြီ၊

✦ ရှိခိုကျိုးရ ကျိုးမရ တိကျမသိပြီ၊

✦ - မသိ၍သာ ရှိခိုးတာ နေရာမကျသည်၊

✦ ရှိမခိုးသင့် ရှိခိုးသင့် ထောက်ချင့်မသိပြီ၊

✦ ရှိမခိုးသင့် ရှိခိုးလင့် ပြစ်သင့်ရောက်တော့မည်၊

✦ ရှိခိုးသင့်ရာ မခိုးတာ သေချာပြစ်ရောက်သည်၊

# ရှင်ဥပဂုတ်ရဲ့ပုံတော်ဟာ စာပေထဲမှာ ဘယ်လိုရှိပါသလဲ

(၁၈၄)

## အရင်းခံတဏှာ

ခွေးနှစ်ကောင် ကိုက်ခြင်း၏ မူလအကြောင်းရင်းမှာ တဏှာဖြစ်ပါသည်။ သို့သော် တဏှာမပေါ်ဘဲ ဒေါသပဲ ပေါ်နေပါသည်။ သို့ဖြစ်၍ အရင်းခံကို ရှာကြည့်သော် တဏှာကြောင့် ခွေးနှစ်ကောင် ကိုက်ခြင်းဖြစ်ပါသည်။ ကိုက်သည့်အခါ ဒေါသဖြစ်ပါသည်။

ထို့အတူပင် လူနှစ်ယောက် ရန်ဖြစ်၍ ရိုက်ကြခြင်းသည်လည်း ရိုက်တုန်းက ဒေါသပင် ဖြစ်ပါသည်။ ယင်းဒေါသအရင်းခံကို ရှာသော် တဏှာကိုပင် တွေ့ရပါမည်။ သို့ဖြစ်၍ တဏှာကြောင့် လူနှစ်ယောက် ဒေါသဖြစ်ကာ ရိုက်နှက်ကြခြင်း ဖြစ်ပါသည်။

ထို့အတူပင် ရှင်ဘုရင်နှစ်ဦး တိုင်းပြည်လုပွဲ ကျင်းပတိုက်ခိုက်ကြသည်မှာလည်း အရင်းခံ တဏှာပင်ဖြစ်ပါသည်။ တဏှာကြောင့် ဒေါသဖြစ်ပြီး တိုက်ကြ၊ ခိုက်ကြခြင်း ဖြစ်ပါသည်။

ထို့အတူပင် သူခိုး ခိုးကြ၊ ဓားပြတိုက်ကြ၊ မုသားပြောကြစသည်ဖြင့် အကုသိုလ်မှုတွေ လွှမ်းကျူးနေကြသည်မှာလည်း အရင်းခံတဏှာပင် ဖြစ်ပါသည်။

သာသနာရေးလောကကို ကြည့်လိုက်ပါက အရုပ်ဆိုး အကျည်းတန်မှုကြီးတစ်ခုကို တွေ့မြင်နိုင်ပါသည်။ ယင်းသည်ကား အဘယ်နည်း။ ဘုန်းကြီးအချင်းချင်း ကျောင်းလုပွဲ ကျင်းပခြင်းပင် ဖြစ်ပါသည်။

ယင်းသို့ ဘုန်းကြီးအချင်းချင်း ကျောင်းလုပွဲ ကျင်းပခြင်း၏ အကြောင်းရင်းမူလမှာလည်း တဏှာပင် ဖြစ်ပါသည်။

## ကိုယ့်ကိုယ်ချစ်က တဏှာပစ်ပယ်ပါ

ယင်းတဏှာတရားသည် အလွန်တရာမှ ဆိုးရွားလှပါသည်။ တဏှာသည် ဒုက္ခအပေးဆုံး ဖြစ်ပါသည်။ သတ္တဝါတွေ ကြည့်လိုက်ပြန်ရင်လည်း မိမိကိုယ်ကို အချစ်ဆုံး ဖြစ်နေကြပါသည်။

သတ္တဝါတွေသည် မိမိကိုယ်ကို အချစ်ဆုံးဖြစ်ပါသော်လည်း တဏှာကို လက်ခံထားပါက မိမိကိုယ်ကို ချစ်ရာ မရောက်ပါ။ မိမိကိုယ်ကို ချစ်ခဲ့ပါလျှင် ဒုက္ခကို ဖြစ်စေတတ်သော တဏှာကို ပစ်ပယ်နိုင်ရမည် ဖြစ်ပါသည်။ ယင်းသို့ တဏှာကို ပစ်ပယ်နိုင်မှ မိမိကိုယ်ကို ချစ်ရာ ရောက်ပါမည်။

သို့ဖြစ်၍ မိမိကိုယ်ကို ချစ်တတ်အောင် ချစ်တတ်ကြရမည် ဖြစ်ပါသည်။ မိမိကိုယ်ကို ချစ်ဆိုသည်မှာ လူတစ်ယောက် ဆိုပါက မိမိကိုယ်ကို ငါးပါးသီလ၊ ရှစ်ပါးသီလ လုံခြုံအောင် စောင့်ထိန်းကြရမည် ဖြစ်ပါသည်။

ရှင်ရဟန်းတော်များ ဖြစ်ပါက မိမိတို့၏ ရှင်ဆိုင်ရာသီလ ရဟန်းဆိုင်ရာ သီလများကို လုံခြုံအောင် ထိန်းသိမ်းစောင့် ရှောက်ကြရမည် ဖြစ်ပါသည်။

သီလကို လုံခြုံအောင် စောင့်ထိန်းရုံနှင့်ပင် ပြီးရောလားဆိုရင် မဟုတ်ပါ။ မပြီးသေးပါ။ အရင်းခံမှာ သီလဖြစ်၍ သီလ ကို ဦးတည်၍ ဆိုလိုက်ခြင်းဖြစ်ပါသည်။ စင်စစ်မှာ ဒါနတရားကို လက်မလွှတ်ရပါ။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတရား ကိုလည်း လက်မလွှတ်ရပါ။

မိမိ၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအပေါ်မှာ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ပေါ်လွင်အောင် ဆင်ခြင်သုံးသပ် ရှုပွားအားထုတ်မှုကိုလည်း ပြုရပါမည်။

## မသူတော်မေ့ မေ့ကြသည်

သံသရာထဲမှာ နစ်မြုပ် မေ့မြောပြီး မနေကြရအောင် သတိ. ဝီရိယ. ဉာဏ်ပညာတရားများကို လက်ကိုင်ထားပြီး ကြိုး စားအားထုတ်ကြရမည် ဖြစ်ပါသည်။ လောကထဲ၌ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြသည့် လူတွေသာ များပြားပါသည်။

လူတွေထဲက လူတွေသာ မေ့လျော့ပေါ့ဆကြသည် မဟုတ်ပါ။ သာသနာတော်ဝန်ထမ်း အချို့သော ရှင်ရဟန်းများ လည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြတာတွေ ရှိပါသည်။

အမှန်မှာ လူပဲဖြစ်ဖြစ်၊ ရှင်ရဟန်းပဲ ဖြစ်ဖြစ် အမြဲတမ်း ယောနိသောမနသိကာရနဲ့ ကုသိုလ်ရအောင် နေရမှာ ဖြစ်ပါ သည်။ ယောနိသောမနသိကာရနဲ့ ကုသိုလ်ရအောင် မနေနိုင်ခဲ့ပါလျှင် အကုသိုလ်စိတ်တွေ ဖြစ်ကာ အကုသိုလ်တွေသာ အဖြစ် များပြီး ကုသိုလ်တွေ သတိလစ်ဟင်းပြီး မေ့လျော့နေပါလိမ့်မည်။

ယင်းသို့ မေ့လျော့ ပေါ့ဆနေတာ မနှစ်သက်သော ရှင်တော်မြတ်ဘုရားက "မမေ့ မလျော့ မပေါ့ဆတဲ့ သတိတရားနဲ့ ပြည့်စုံကြကုန်လော့" ဟု အခါခါ သတိပေးတော်မူခဲ့ပါသည်။

ယင်းသို့ ရှင်တော်မြတ်ဘုရားက သတ္တဝါများအပေါ် သနားတော်မူ၍ အခါခါ သတိပေးပါသော်လည်း သတ္တဝါတို့သည် ဖွတ်မေ့၊ ပဒတ်မေ့ မေ့သည်သာမက မသူတော်မေ့လည်း မေ့နေကြပါသည်။

ယင်းသို့ မသူတော်မေ့ မေ့နေကြရန်ကား အလျဉ်းပင် မသင့်လျော်လှပါ။ ဘုရားရှင်၏ စကားတော်ကို လိုက်နာသော အားဖြင့် သတိတရားဖြင့် နေရန် သင့်လှပါသည်။

မှန်ပါသည်။ သံသရာကြီးကား အလွန်တရာ ရှည်လျားလှသဖြင့် ရှေ့ဆက်လက်၍ သွားကြရမည်မှာလည်း ကုသိုလ် တရားနှင့် သွားကြရမည်ဖြစ်၍ ကုသိုလ်တရားနှင့်သာ အမြဲနေကြရန် သင့်ကြပါသည်။

-

## ဘုရားအကြောင်း စဉ်းစားပါ

ယင်းသို့ ကုသိုလ်တရားနှင့် အမြဲနေကြရန် ဘုရားရှင်၏ အကြောင်းတွေကို စဉ်းစားပေးပါ။ မှန်ပါသည်။ ဘုရားရှင်၏ အကြောင်းတွေကို စဉ်းစားပေးလျှင် ဘုရားရှင်ကို အားကျကာ ကြည်ညိုကာ ကုသိုလ်တရားတွေ များစွာဖြစ်နိုင်ပါသည်။

သတ္တဝါတွေကို တစ်ဘဝထက်တစ်ဘဝ မြင့်တက်အောင် မြှင့်တင်ပေးနေသော တရားသည် ကုသိုလ်တရားတွေပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ကုသိုလ်ဖြစ်ရေးအတွက် ဘုရားရှင်အကြောင်းကို စဉ်းစားပေးပါ။ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများကြပါ။

## တဏှာကုန်အောင် ကျင့်ရမည်

သတ္တဝါတို့သည် မိမိကိုယ်ကို မိမိတို့ အလွန်တရာ ချစ်ကြပါသည်။ လောကမှာ မိမိကိုယ်ကိုသာ မိမိ အချစ်ဆုံးဖြစ်သည်ဆိုတာ မှန်ပါသည်။ မိမိကိုယ်ကို မိမိ ချစ်တာသည်လည်း သူတကာကို ချစ်တာနှင့် မတူပါ။ ယင်းသို့ မိမိကိုယ်ကို မိမိ ချစ်တာသည်လည်း တဏှာပင်ဖြစ်ပါသည်။ သူတစ်ပါးကို ချစ်တာသည်လည်း တဏှာပင်ဖြစ်ပါသည်။

သတ္တဝါတို့သည် တဏှာအရင်းခံပြီး ဖြစ်လာကြရပါသည်။ ယင်းတဏှာကို လျော့အောင် ကုန်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည် ဖြစ်ပါသည်။

သို့သော် တဏှာလျော့အောင် ကျင့်ကြံကြိုးကုတ် အားထုတ်မှု မပြုဘဲ တဏှာတိုးပွားအောင်သာ ထပ်၍ထပ်၍ပြုလုပ်နေကြပါသည်။ ယင်းတဏှာ သူပုန်သည် အလွန်ကြောက်စရာကောင်းပါသည်။

ယင်းတဏှာသူပုန် နည်းပါးပါမှ အေးငြိမ်းချမ်းသာပါမည်။ မိမိက အလျင်ဦးအောင် တိုက်ခိုက်ပါမှ ကောင်းပါမည်။ ယင်းတဏှာသူပုန် ဝင်ပြီး အစီးခံရရင် မသက်သာလှပါ။ သို့ဖြစ်၍ တဏှာသူပုန်ကို အပြုတ်တိုက်ရမည် ဖြစ်ပါသည်။

တဏှာသူပုန်ကို ဘယ်လို တိုက်ခိုက်ရမည်နည်း။ သီလတည်းဟူသော ချပ်ဝတ်မိန်ညိုကို ဝတ်ဆင်ပြီး သမာဓိတည်းဟူသော ဓားအိမ်မှ ဝိပဿနာတည်းဟူသော သန်လျက်ဓားကိုထုတ်ကာ ဝီရိယနှင့် တအားကုန် ထိုးခုတ်နိုင်ပါမှ တဏှာသူပုန် သေပါမည်။

မိမိတို့သန္တာန်၌ တဏှာနည်းလေ ချမ်းသာလေ ဖြစ်ရကား တဏှာနည်းအောင် ချမ်းသာအောင်ကျင့်၍ ချမ်းသာကို အရယူရမည် ဖြစ်သည်။ အချို့က အသက်ကြီးလျှင် တဏှာအားနည်းသည်ဟု ထင်သည်။

ယင်းအထင်သည် မဟုတ်မမှန်ပါ။ အသက်ကြီးလာလေ တဏှာကြီးလာလေ ဖြစ်ပါသည်။ အသက်ကြီးလာလေ တဏှာတိုးပွားလာလေ ဖြစ်ပါသည်။ ယင်းအကြောင်းကို မဃဒေဝလင်္ကာ၌ -

"မိမိတဏှာ၊ အဝိဇ္ဇာမျိုး၊ အိုတိုင်းတိုး၏။ အရိုးသာရင့်၊ ဉာဏ်မပွင့်ဘူး"

ဟု မာန်လည်ဆရာတော်ဘုရားကြီးက လင်္ကာသီခဲ့ပါသည်။ ဇာတ်တော်များတွင် ဥပမာပြထားသည်မှာ ကောင်းလှပါသည်။

နွားများသည် ကြီးလာလေ ဦးချိုရှည်လေ ဖြစ်လေသည်။ ထို့အတူပင် လူများသည်လည်း ကြီးလာလေ တဏှာလောဘကြီးလာလေ ဖြစ်ပါသည်။

နွားများ၏ရှည်လာသည့် ဦးချိုကို ကတ်ကြေးနှင့် ကိုက်ဖြတ်ပေးရသလို တိုးလာသော တဏှာဦးချိုကိုလည်း ဘာဝနာတည်းဟူသော ကတ်ကြေးနှင့် ကိုက်ဖြတ်ပေးရမည် ဖြစ်၏။ သူတော်ကောင်းတရားတွေကို မသိသေးသမျှဖြင့် မိမိသန္တာန်မှာ အမြဲတမ်း တဏှာ၊ လောဘတရား တိုးပွားနေမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ သူတော်ကောင်းတရားတွေကို မိမိသန္တာန်၌ တည်အောင် ကြိုးစားကြရမည် ဖြစ်ပါသည်။

မှန်ပါသည်။ သူတော်ကောင်းတရားတည်ပါမှ သူတော်ကောင်းဖြစ်ပါမည်။ ယင်း သူတော်ကောင်းတရားတည်အောင် သူတော်ကောင်းတရားကို ရှာကြံ ဆည်းပူးရပါမည်။ မရှာကြံ မဆည်းပူးသူများ၊ အမှတ်တမဲ့ နေသူများ ရှိသလို၊ ရှာကြံဆည်းပူးသူများ၊ အမှတ်တမဲ့ မနေသူများ သတိဝီရိယ၊ ပညာဉာဏ် လက်ကိုင်ထားသူများလည်း ရှိကြပါသည်။

ယင်းသူအများမှ တစ်ယောက်ကို တွေ့ရပါသည်။ ဘယ်အချိန်က တွေ့ရပါသနည်း။ တစ်နေ့ဖြစ်သည်။ ယင်းတစ်နေ့ကား မိမိသည် မိမိ၏ ဓမ္မဒူတ တောရကျောင်းတွင် စာချနေစဉ် နေ့တစ်နေ့ ဖြစ်ပါသည်။ ယင်းတစ်နေ့တွင် သီလတရားနှင့် ပတ်သက်၍ အမေးပုစ္ဆာ သိစရာ စာတစ်စောင် ရောက်လာပါသည်။

၉-၁၀-၈၀

သို့…

ဓမ္မဒူတဆရာတော်

တပည့်တော် ရှိသေစွာ ပန်လျှောက်အပ်ပါသည်ဘုရား။ တပည့်တော်သည် ဆရာတော်ဘုရား ရေးသားပြုစု စီရင်တော်မူသော စာအုပ်တို့ကို တပည့်တော် လက်လှမ်းမီသလောက် ဖတ်ရှုရပါသည် ဘုရား။

ထိုသို့ ဖတ်ရှုရသောကြောင့် တပည့်တော်မှာလည်း အသိအမြင်များစွာ တိုးတက်ပါသည်ဘုရား။

ဆရာတော်ဘုရား၏ စာအုပ်တို့ကို လက်လှမ်းမမီသူတို့အား တပည့်တော်က တစ်ဆင့် ပြောဆိုညွှန်ကြားပေးပါသည်ဘုရား။

တပည့်တော်သည် ပရိယတ္တိစာပေကို သင်ကြားနေသော စာသင်သား ရဟန်းတစ်ပါး ဖြစ်ပါသည်ဘုရား၊

ဆရာတော်ဘုရား၏ စာအုပ်တို့ကို အလိုရှိသည့်အခါ အဘယ်ကဲ့သို့ ဆက်သွယ်ရပါမည်နည်းဘုရား။

ဆရာတော်ဘုရား တပည့်တော် တစ်ခုပဲ မေးလျှောက်လိုပါသည်ဘုရား၊ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ပါဠိမောက် ဘာသာဋီကာပဏ္ဏဝဂ်၌ -

မိမုန္တေ ပရိဘဏ္ဍန္တေ၊

အင်္ကောဝါ အာတပတ္တကော၊

ပါဒေသု မဋ္ဌပိဋ္ဌေဝါ၊

ထပေတုံ န စ ကပ္ပတိ။

ဟူ၍ ဖော်ပြပါရှိသည်၊ ၎င်းပါဠိတော်၌ "အင်္ကောဝါ" ဟူသော ပါဌ်အရ တင်ပျဉ်၊ ရင်ခွင်၌ မထားအပ်ဟူသော နေရာတွင် အချို့ရဟန်းတော်တို့သည် တင်ပျဉ်ပေါ်၊ ပေါင်ပေါ်တင်၍ ဆွမ်းဘုဉ်းပေးကြပါသည်၊

အချို့သော ရဟန်းတော်တို့သည် တင်ပျဉ်ပေါ်၊ ပေါင်ပေါ်တင်၍ မဘုဉ်းပေးကြပါ။ ဤ "အင်္ကောဝါ" ဟူသော ပါဌ်သည် သပိတ်တင်၍ ဆွမ်းဘုဉ်းပေးသည်ကို ရည်ညွှန်းပါသလားဘုရား။

တပည့်တော် တွေးမိသည်မှာ သာသနာတော်မှာ ထင်ရှားတော်မူတဲ့ ရှင်ဥပဂုတ်ထေရ်၏ ပုံတော်တွင် သပိတ်ကို တင်ပျဉ်ပေါ်၊ ပေါင်ပေါ်တင်ပြီး နေကို မော့ကြည့်လျက် ဆွမ်းဘုဉ်းပေးနေသည်ကို ဖူးမြင်တွေ့ရှိရပါသည်ဘုရား။

ဆရာတော်ဘုရား၊ ဒီလိုဆိုတော့ "အင်္ကောဝါ" ဟူသော ပါဌ်သည် တင်ပျဉ်ပေါင်ပေါ် သပိတ်တင်၍ ဆွမ်းဘုဉ်းပေးတာကို ဆိုလိုရာ မကျတော့ပါဘုရား။

ဘာကြောင့်လဲဆိုတော့ အာသဝေါကုန်ခန်းနေတဲ့ ရဟန္တာအရှင်မြတ်တို့သည် တင်ပျဉ်ပေါ်၊ ပေါင်ပေါ် မတင်ကောင်းရင် တင်ပါ့မလားဘုရား။

ဒါကြောင့် ဆရာတော်ဘုရား ရှင်ဥပဂုတ်ထေရ်ပုံတော်ဟာ စာပေထဲမှာ ဘယ်ကဲ့သို့ ရှိပါသလဲဘုရား၊ တပည့်တော် ဝေခွဲမရဖြစ်နေပါတယ်ဘုရား။

တပည့်တော်ရေးသည့် စာသည် ဆရာတော်ဘုရားအား မလေးစားရာ ရောက်ခဲ့ပါရင် စာရေး မကျွမ်းလည်သော တပည့်တော်အား ခွင့်လွှတ်ပါဘုရား။

ဆရာတော် ကျန်းမာပါစေ၊

သို့
(.....)
(.....)မြို့
(.....)ကျောင်းတိုက်၊
၉-၁၁-၈၂
ပြန်ကြားသိစေပါသည်၊

တပည့်တော်၏ စာအုပ်များကို ဖတ်ရှုရ၍ အသိအမြင်များစွာ တိုးတက်သည်ဟု သိရ၍ တပည့်တော် စာရေးရကျိုး နပ်သဖြင့် တပည့်တော် ရည်မှန်းချက် အောင်မြင်၍ များစွာ ဝမ်းသာပါသည်။

တပည့်တော်သည် စာမူများကို ရေးပြီးသောအခါ သက်ဆိုင်ရာ ထုတ်ဝေသူထံသို့ ပေးပို့လိုက်ပါသည်၊ စာအုပ်ထုတ်ဝေမှုနှင့် ပတ်သက်၍ တပည့်တော် ဘာမျှ မစီမံပါ။ စာအုပ်မှ အကျိုးအမြတ်လည်း တပည့်တော် ဘာမျှ မယူပါ။ စာအုပ်များ ဖြန့်ဖြူးရေးလည်း တပည့်တော် မစီစဉ်ပါ။ သက်ဆိုင်ရာ ထုတ်ဝေသူကပင် စီမံပါသည်၊

တပည့်တော်မှာ အလုပ်များသူ ဖြစ်၍ တစ်ခါတရံ တပည့်တော်၏စာအုပ် ထွက်သည်ကိုပင် မသိရပါ။ စာအုပ်ထွက်၍ အတော်ကြာမှ သိရပါသည်၊

သပိတ်ကို ပေါင်ပေါ်တင်၍ ဆွမ်းဘုဉ်းပေးသင့်၊ မပေးသင့် ပြဿနာနှင့် ပတ်သက်၍ ဖြေရပါလျှင် မဘုဉ်း ပေးသင့်ဟု မှတ်ယူပါဘုရား၊

အဘယ်ကြောင့်ဆိုသော် ဝိနယ ပိဋကတ် စူဠဝါပါဠိတော် ခုဒ္ဒကဝတ္ထု၌ "ထိုအခါ ရဟန်းတို့သည် ရင်ခွင် ၌ သပိတ်ကို ထားကုန်၏။ သတိမေ့၍ ထကုန်သည်ရှိသော် လိမ့်ကျ၍ သပိတ်ကွဲ၏၊

မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်ကြကုန်၏၊ ထိုအခါ ဘုရားရှင်က "ရဟန်းတို့၊ ရင်ခွင် ၌ သပိတ်ကို မထားအပ်၊ ထားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု သိက္ခာပုဒ် ပညတ်တော်မူပါသည်၊

ယင်းသို့ သိက္ခာပုဒ်ကိုထောက်ထား၍ဖော်ပြပါဂါထာပါဠိ၌ပါရှိသော "အင်္ကေဝါ" ဟူသောပါဠိအရတင်ပျဉ်၊ ရင်ခွင်၌ သပိတ်ကိုထား၍ ဆွမ်းမစားအပ်ပါဘုရား။

စံကျောင်း ဆရာတော်ဘုရား ရေးသားသော စူဠဝါပါဠိတော် နိဿယသစ် ခုဒ္ဒကဝတ္ထု၌ "အင်္ကေ - ရင်ခွင်၌၊ ဝါ တင်ထက်၌၊ ပတ္တော - သပိတ်ကို၊ န နိက္ခိပိတဗ္ဗော - မထားအပ်" ဟု ဖော်ပြထားပါသည်။

ငှင်းပြင်ညောင်ကန်ဆရာတော်ဦးဇုမ္ဗုခုဒ္ဒသိက္ခာနိဿယတွင် "အင်္ကေဝါ - ပေါင်အလယ်တွင်ရင်ခွင်၌လည်း ကောင်း၊၊ ပတ္တံ - သပိတ်ကို၊ ထပေတုံ - ထားခြင်းငှာ၊ န စ ကပ္ပတိ မအပ်သည်သာတည်း" ဟု ဖော်ပြထားပါသည်၊

ဝိနယသင်္ဂဟ အဋ္ဌကထာ ပကိဏ္ဏက ဝိနိစ္ဆယကထာ၌ သပိတ်လွယ်ဖြင့်၊ ဝါ - သပိတ်အိတ်ဖြင့်၊ ပခုံးစွန်း ၌ လွယ်၍ (ဝါ) ဆွဲ၍ တင်ထက်၌ ထားခြင်းငှာ အပ်၏ဟု ဖော်ပြထားပါသည်။

ယင်း ဝိနယသင်္ဂဟ အဋ္ဌကထာ၏ ဖော်ပြချက်မှာ မီးရထား စသည်ဖြင့် ခရီးသွားစဉ် ဆွမ်းဘုဉ်းပေးသော ရဟန်းတော်သည် သပိတ်တင်၍ ဆွမ်းဘုဉ်းပေးရန် အဆင်မပြေရကား အိတ်နှင့်တကွသော သပိတ်ကို ပခုံးစွန်း၌ လွယ်လျက် ပေါင်ပေါ်တင်၍ စားကောင်းသည်ဟု မှတ်ယူရပါမည်ဘုရား၊

သို့ဖြစ်၍ သပိတ်သက်သက်ဖြင့် ပေါင်ပေါ်တင်၍ မစားကောင်းဟု သိမှတ်ထားရပါမည်ဘုရား၊

တင်ပျဉ်ခွေ ထိုင်နေပြီးသော မိမိ၏ရှေ့ ကြမ်းပြင်ပေါ်ရှိ သပိတ်ခြေပေါ်၌ သပိတ်ကို တင်ထား၍ ဆွမ်း ဘုဉ်းပေးရပါသည်၊ မိမိ၏ ပေါင်အလယ်တွင် ရင်ခွင်တင်၍ ဆွမ်းမဘုဉ်းပေးအပ်ဟု မှတ်ပါဘုရား။

ရှင်ဥပဂုတ်နှင့် ပတ်သက်၍ တပည့်တော် ဗုဒ္ဓဓမ္မပြဿနာများ (၆)တွင် အတော်အသင့် အကျယ်ဖွင့်၍ ရေးသားထားပါသည်ဘုရား။ ၎င်းတွင် ကြည့်ရှုလျှင် ရှင်ဥပဂုတ်ပြဿနာ ရှင်းသွားပါမည်ဘုရား။

ယခု ဤဗုဒ္ဓဓမ္မပြဿနာ (၇)တွင် ဖော်ပြလိုသည်မှာ မဟာဝင်အရ ဖြစ်ပါသည်။ မဟာဝင်ဝတ္ထု၌ "မဟာသမုဒ္ဒရာ၏အတွင်း၌ပြာသာဒ်ကို ဖန်ဆင်းလျက် ထိုပြာသာဒ်အထက်၌ နေတော်မူသော တိဿနာဂ အမည်ရှိသော ရှင်ဥပဂုတ်ထေရ်သည် ရာန်သမာပတ်တို့ဖြင့် များစွာသော နေ့ရက်တို့ကို လွန်စေ၍အစာ မစားဘဲ နေတော်မူသည်။ ထိုအရှင်နှင့်တူသော မာရ်နတ်ကို ဆုံးမနိုင်သူ မရှိဟူ၍ ဖော်ပြထားပါသည်။

ယင်းကိုထောက်သော် ရှင်ဥပဂုတ် ဆွမ်းဘုဉ်းပေးနေပုံကို နေကိုကြည့်၍ ဘုဉ်းပေးဟန် ထုလုပ်ထားသည်မှာ အဘယ်ပန်းပုဆရာက လက်ဆော့ကာ မဟုတ်လုပ်ကြံ ထုထားသည် မသိဟု ယူဆရပါသည်ဘုရား။

အဘယ်ကြောင့်ဆိုသော် ရှင်ဥပဂုတ်ထေရ် သမုဒ္ဒရာအတွင်း၌ ကြေးပြာသာဒ်နှင့် သီတင်းသုံးတော်မူသည်ကို အများက လက်ခံပါက ဆွမ်းမဘုဉ်းပေးဘဲ ရာန်သမာပတ်ဖြင့် များစွာသော နေ့ရက်တို့ကို လွန်စေ၍ အစာမစားဘဲ နေတော်မူတာကိုလည်း လက်ခံရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ယခုမူ ပင်လယ်သမုဒ္ဒရာအတွင်း၌ ကြေးပြာသာဒ် ဖန်ဆင်းကာ သီတင်းသုံးနေသည်ကိုတော့ လက်ခံကြည်ညို၍ ဆွမ်းမဘုဉ်းပေးဘဲ ရာန်သမာပတ်ဖြင့် များစွာသော နေ့ရက်တို့ကို လွန်စေ၍ နေတော်မူသည်ကို လက်မခံသည်မှာ သဘာဝမကျလှပါ။

သဘာဝ မကျသည်သာမက ပုထုဇဉ် ရဟန်းတော်တော်တွေပင် မစားအပ်၊ မစားထိုက်ဟု ပညတ်ထားသော ပေါင်ပေါ်သပိတ်တင်၍ ဘုဉ်းပေးသည်ကို ထုလုပ်ကိုးကွယ်သည်မှာ ရှေ့နောက်များစွာဆန့်ကျင်၍ နေသည်။

စင်စစ် ရဟန္တာအရှင်မြတ်တစ်ပါးသည် မအပ်စပ်သော တင်ပျဉ်ပေါ်၊ ရင်ခွင်ပေါ်တင်၍ ဣန္ဒြေမရဘဲ နေကိုကြည့်၍ ဆွမ်းဘုဉ်းပေးသည်ဟု ပြောဆိုယူဆ ယုံကြည်နေကြသည်မှာ သာသနာတော်ကို ဂုဏ်မတက်စေဘဲ သာသနာတော်ကို ဂုဏ်ပျက်စေသော အယူအဆမှားကြီး တစ်ခုသာဟု မှတ်ယူထားပါဘုရား။

ရှင်ဥပဂုတ် အရှင်မြတ်သည် သပိတ်ကို ပေါင်ပေါ်တင်၍ နေကြည့် ဆွမ်းဘုဉ်းပေးသည်ဟု မည်သည့် ရှင်ဥပဂုတ်နှင့် ပတ်သက်သော စာပေတွင်မှ မပါရှိပါ။

အရှင်ဘုရားရေးလိုက်သောစာသည် တပည့်တော်အား မလေးစားရာ မရောက်ပါ။ တပည့်တော် အလုပ်မအား၍ စာမပြန်အားသဖြင့် စာပြန်နောက်ကျသည်ကိုသာ ခွင့်လွှတ်ပါဘုရား။

နောင်အခါလည်း သိချင်စရာများ ရှိပါက မေးမြန်းပါလျှင် ကြိုးစား၍ ဖြေကြားပေးပါမည်ဘုရား၊ အချိန်တော့ ကြာပါမည်ဘုရား။

အရှင်ဘုရားသည် သီလ. သမာဓိ. ပညာ သိက္ခာသုံးပါး ကျင့်တရားများကို ဖြည့်စွမ်းနိုင်သဖြင့် နိဗ္ဗာန်အရောက် တက်လှမ်းနိုင်ပါစေဟု ဆုတောင်းလိုက်ပါသည်ဘုရား

✦ - အမှားကြာလျှင် အမှန်ထင် ပါစင်လွဲတော့သည်။

✦ အမှန်ပြောကြား မှားထင်ငြား ကျိုးများနည်းတော့သည်။

✦ လောကထဲမှာ နေရတာ မကြာခဏတည်။

✦ မရှည်ကြာလှ ထိုခဏ မှားမှ ကင်းသင့်သည်။

✦ မှားကင်းပါက မှန်ပြည့်ဝ မုချကျိုးရှိမည်။

# ကောက်ညှင်း, အုန်း, ငှက်ပျော စသည်များကို နတ်များ စားနိုင်ပါသလား

(၁၈၅)

## ဝိဇ္ဇာနှင့် စရဏ

"ဝိဇ္ဇာ" ဟူသည် အသိ၊ ဉာဏ်၊ ပညာ၊ အလိမ္မာ ကို ခေါ်ပါသည်။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူမည့် နေ့ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ဝိဇ္ဇာကို ရတော်မူပါသည်။ ယင်းဉာဏ်ဖြင့် ရှေးအတိတ်က ဖြစ်ခဲ့ဖူးသော ဘဝခန္ဓာပေါင်း များစွာတို့ကို သိတော်မူပါသည်။

သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ် ဝိဇ္ဇာကို ရတော်မူပါသည်။ ယင်းဉာဏ်ဖြင့် အဝေးကအာရုံ၊ သေးငယ်သောအာရုံ၊ သတ္တဝါအစုံ စသည်တို့ကို သိတော်မူပါသည်။

မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်တော်ကို ရတော်မူပါသည်။ ယင်းဉာဏ်ကား ကိလေသာတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်တော် ဖြစ်ပါသည်။

ဤ ဉာဏ်သုံးပါးကို "ပု. ဒိ. အာ" ဟူ၍ အတိုချုပ် မှတ်သားကြကာ "ပု. ဒိ. အာ" နှင့် ပြည့်စုံရပါစေသားဟု အချို့က ဆုတောင်းကြပါသည်။ ဤ ဉာဏ်သုံးပါးကို ဝိဇ္ဇာသုံးပါးဟု ဆိုပါသည်။

## စရဏကြောင့် ဝိဇ္ဇာရ

အရိယာတို့သည် အကျင့်ပဋိပတ်နှင့် ကင်း၍ မဂ်ဖိုလ်ကို ရသည်မဟုတ်ပါ။ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးအကျင့်တရားများဖြင့်သာ မဂ်ဖိုလ်ကို ရသကဲ့သို့ ဘုရားရှင်လည်း အကျင့်ပဋိပတ်ဖြင့် ဝိဇ္ဇာများကို ရရာ ထိုအကျင့်များကို "မဂ်ရောက်ကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်စရဏ" ဟု ဆိုရပါသည်။

ဘုရားရှင်၏ ဝိဇ္ဇာဉာဏ်များက သဗ္ဗညုတ ဉာဏ်တော်ကို ပြည့်စုံအောင်ပြုပေးပါသည်။ မှန်ပါသည်။ အာသဝက္ခယ ခေါ်သော အရဟတ္တမဂ်ဉာဏ် မရဘဲ သဗ္ဗညုတဉာဏ်တော်ကို မရနိုင်ပါ။

အာသဝက္ခယခေါ်သော အရဟတ္တမဂ်ဉာဏ်ကိုရမှ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဝိဇ္ဇာက သဗ္ဗညုတဉာဏ်တော်ကို ပြည့်စုံစေသည်ဟု ဆိုရပါသည်။

စရဏတရားများက မဟာကရုဏာတော်ကို ပြည့်စုံစေပါသည်။ မှန်ပါသည်။ ဘုရားရှင်၏ စရဏတရားများ၌ ကရုဏာဘာဝနာ ရှာန်လည်း ပါရာ၊ ဘုရားရှင်ဖြစ်သောအခါ စရဏတရားများ အကောင်းဆုံး အထွတ်အထိပ်သို့ ရောက်သကဲ့သို့ ကရုဏာလည်း အလွန်ကြီးသော ကရုဏာ၊ မဟာကရုဏာအဖြစ်သို့ ရောက်ရပါသည်။

## အသိဉာဏ်ရှိမှ

လောက၌ အသိဉာဏ်သာရှိ၍ အကျင့်တရား မရှိသောသူမှာ သူတကာ တရားမဲ့ပြုနေလျှင် သနားစောင့်ရှောက်ရမှန်း မသိပါ။ ကယ်တင်ရန်လည်း နားမလည်တတ်ပါ။ အသိဉာဏ်မရှိပါမူကား ဆိုဖွယ်ရာ မရှိတော့ပါပေ။

အသိဉာဏ် ဝိဇ္ဇာ၊ အကျင့်စရဏ ရှိသူကား မိမိက တရားရှိသူဖြစ်ရာ သူတစ်ပါး အကျိုးမဲ့ပြုနေလျှင် သနားတတ်ပြီး ထိုအကျိုးမဲ့မှ ကယ်တင်ကာ အကျိုးရှိအောင် စောင့်ရှောက်ပြုပြင်တတ်၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုး၏ တပည့်များမှာ တပည့်ကောင်းများ ဖြစ်တတ်ပါသည်။ ဤကား ဝိဇ္ဇာ၊ စရဏနှင့် ပြည့်စုံသူတို့၏ ဓမ္မတာဖြစ်ပါသည်။

အကောင်းဆုံး ဝိဇ္ဇာစရဏရှင် မြတ်စွာဘုရားကား သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အကျိုးမဲ့ အကျိုးရှိကို သိတော်မူ၍ မဟာကရုဏာတော်ဖြင့် သတ္တဝါတို့အား အကျိုးမဲ့မှ ကယ်တင်ပြီး အကျိုးရှိရာသို့ အနည်းနည်းဖြင့် ပို့ပေးခဲ့ရာ မကောင်းသော တပည့်ဟု မရှိလှပါ။

ဘုရားရှင်၏ တပည့်များမှာ ကောင်းစွာကျင့်အပ်သော တပည့်များသာ ဖြစ်ရာ ဘုရားရှင် လက်ထက်တော်အခါက အရိယာများမှာ "နှစ်ဆယ့်လေးသချေ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်း" ဟု ပြောစမှတ် ပြုခဲ့ကြပါသည်။

## ဆင်းရဲဒုက္ခ ခံနိုင်

ရှင်တော်ဘုရားကား သက်သက်သာသာ အေးချမ်းစွာ ကျောင်းကန်များ၌ စံနေနိုင်ပါသော်လည်း သတ္တဝါအများအတွက် အသက်သာခိုကာ စံတော်မမူအားခဲ့ပါပေ။ မြေကြမ်းသော ခရီးလမ်းများကိုလည်း လျှောက်ခဲ့ရပါသည်။ ဥတုကြမ်းသော တောစခန်းများ၊ သစ်ပင်ရင်းများ၌လည်း စံနေတော်မူရပါသည်။ ဘယ်လိုဥတု၊ ဘယ်လိုနေရာမျိုးကို ကြုံရကြုံရ အမှုထားတော်မမူပါ။

ဘုရားဖြစ်ကာမှ မဆိုထားဘိ၊ ဘုရားမဖြစ်မီ ၆ နှစ်ကြာအောင် တောအုပ်အတွင်း သစ်ပင်ရင်းတို့တွင် ကျင်လည်ခဲ့ရစဉ်ကပင် စိတ်တော်မှာ ဘယ်သို့မျှ မဖြစ်ခဲ့ပါ။ ဤသည်ကား စရဏများ၏ အစွမ်းပင် ဖြစ်ပါသည်။

ထို့ပြင် ဘုရားရှင်သည် မည်သည့်နေရာ၌ နေရနေရ၊ ဒိဗ္ဗ. မိတ္တ. အရိယာ. ကရုဏာ. သမာပတ္တိဝိဟာရဟူသော ဗိမာန်များ၌ ပြောင်းကာ စံနေမြဲဖြစ်ရာ ထိုဗိမာန်များ အစွမ်းကြောင့်လည်း အကာအကွယ်ရကာ အမြဲချမ်းသာလျက် ရှိပါပေသည်။

ကိလေသာ မကင်းသူတို့ကသာ ထိုဒုက်များအတွက် မသက်မသာ ခံနိုင်ရည်မရှိသော်လည်း ဘုရားရှင်မှာ ကိလေသာ ကုန်ပြီဖြစ်သောကြောင့် ခံနိုင်ရည် ရှိရာ ဝိဇ္ဇာ၏ အစွမ်းကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

## သာသနာ့လမ်းစဉ်

ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော ရှင်တော်ဘုရားသည် သာသနာတော်ကြီးကို တည်ထောင်တော်မူပြီး ယင်းဝိဇ္ဇာစရဏကို သာသနာ့လမ်းစဉ်အဖြစ် ချမှတ်တော်မူကာ တပည့်သာဝကများအား လိုက်နာကျင့်ကြံစေတော်မူခဲ့ပါသည်။

ထိုသာသနာ့လမ်းစဉ်ကို သိ၍ လိုက်နာသူတို့မှာ အကျိုးရကြ၍ မသိ၍ မလိုက်နာသူတို့မှာ အကျိုးယုတ်လျက် ရှိကြပါသည်။ မသိ၍ မလိုက်နာသူတို့ထက် ဆိုးသည်မှာ အကျင့်လွဲကို အကျင့်မှန်ထင်ပြီး ကျင့်သူများအတွက် ပို၍ ဆိုးရွားပါသည်။

သို့ဖြစ်၍ အမှားအမှန် ဝေဖန်ထောက်ချင့်တတ်သော ဉာဏ်ပညာမှာ အလွန်တရာ အရေးကြီးပါသည်။ ယင်းပညာရရေးအတွက် "အလိမ္မာ စာမှာရှိသည်" ဆိုသည့် စာဖတ်ရန် အရေးကြီးပါသည်။ စာဖတ်ပြီး မရှင်းလင်းက ဆွေးနွေးမေးမြန်းရပါမည်။ သို့မှသာ မိမိအတွက် အကျိုးရှိပါမည်။ မိမိအတွက် အကျိုးရှိအောင် အသုံးချတတ်သူ တစ်ယောက်ထံမှ စာတစ်စောင်ရောက်လာပါသည်။

"အရှင်ဘုရား၊ တပည့်တော် ရှိသေလေးမြတ်စွာဖြင့် ရှိခိုးဦးတင်လိုက်ပါသည်ဘုရား"

"အရှင်ဘုရားရေးသားသော စာအုပ်များကို ဖတ်ရ၍ အရှင်ဘုရားကို ရည်မှန်းပြီး ကြည်ညိုလေးစားရပါသည်ဘုရား"

"အရှင်ဘုရား ပထမဆုံး ရေးသားတဲ့ ဒါနဝတ္ထုစာအုပ်ဖြင့် အရှင်ဘုရားဟာ စာပေပရိယတ္တိ ပြည့်စုံပြီးသား ဖြစ်ရမည်လို့ မှန်းဆသိရှိရပါသည်ဘုရား"

"ဒါကြောင့် အရှင်ဘုရားရေးသားသော နောက်စာအုပ်များကို လက်မလွတ်တမ်း သတင်းစာများက ဂရုတစိုက်ကြည့်ရှုခဲ့ပါတယ်"

"သတင်းစာထဲ၌ ဆရာတော်ရေးတဲ့ စာအုပ် ထွက်ပြီဆိုရင် မဖြစ်မနေ မရ.ရတဲ့နည်းနဲ့ ဝယ်ယူဖတ်ခဲ့ပါတယ်ဘုရား"

"ယခုအခါ အရှင်ဘုရား ရေးသားသော စာအုပ်များအားလုံး တပည့်တော်လက်ဝယ်၌ ရှိနေခဲ့ပါသည်ဘုရား"

"လူတိုင်း လူတိုင်းလည်း အမြင်မှန်. အယူမှန်ဖြစ်အောင် စေတနာရှေ့ထားပြီး ငှား၍ ဖတ်ခိုင်းပါသည်ဘုရား၊ ဖတ်တဲ့လူတိုင်း ရှင်းရှင်း သိခဲ့ပါသည်ဘုရား"

"အထူးသဖြင့် ဗုဒ္ဓ၏ သက်သတ်လွတ် စာအုပ်ကို ပို၍ကြိုက်ကြပါသည်ဘုရား၊ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ထဲက အဖြစ်မှန်များ သိရပါ၍ ပိုပြီး သံသယရှင်းခဲ့ပါသည်ဘုရား"

"နတ်အကြောင်း၊ မယ်တော်ကြီးအကြောင်း ထိုက်သည့်အားလျော်စွာ သိခဲ့ရပါသည်ဘုရား၊ ဒါကြောင့် အောက်ပါပြဿနာများကိုလည်း ထပ်လောင်းပြီး ဖြေကြားတော်မူပါရန် အရှင်ဘုရား၏ ခြေတော်စုံကို ဦးခိုက်ပြီး လျှောက်ထားပါသည် အရှင်သူမြတ်ဘုရား"

၁။ ဗလိနတ်စာကျွေးတယ်၊ တင်တယ်၊ မြှောက်တယ်၊ ပူဇော်ပသကြပါတယ်။ အဲဒီလိုလူတွေကျွေးတဲ့ကောက်ညှင်း၊ အုန်း၊ ငှက်ပျော၊ စသည်များကို အဲဒီနတ်တွေ စားနိုင်ပါသလား၊ ဗလိနတ်စာ ဘယ်ကစ.ခဲ့ပါသလဲ။

၂။ ရေဝန်ပိုင်ဦးရှင်ကြီး၊ ဦးမင်းကျော်၊ မင်းညီနောင်၊ အိမ်တွင်း မင်းမဟာဂီရိ စသည်တို့ဟာ နတ်တို့ဆိုတာ ဟုတ်ပါသလား၊ သူတို့ ဘယ်ဘုံဌာနမှာ တည်ရှိပါသလဲ။

၃။ ဝေဘာရတောင်မှာ ရှင်မဟာကဿပ စသည်ဖြင့် သေလေးပါးနှင့် တောင်သမုဒ္ဒရာတွင် ရှင်ဉပဂုတ္တထေရ် စသည်ဖြင့် ရှင်လေးပါးဟူ၍ "သေလေးပါး၊ ရှင်လေးပါး" ဆိုတာများ တကယ်အဟုတ် ရှိပါသလားဘုရား။

၄။ ရဟန်း သံဃာတော်များနှင့် လူဥပုသ်သည်များ ၁၂ နာရီကျော်လျှင် လက်ဖက်ရည်သောက်ကောင်းပါသလားဘုရား။

၅။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့ ဆိုတာတွေဟာကော သာသနာပြုပုဂ္ဂိုလ်တွေဆိုတာ ဟုတ်ပါသလား ဘုရား။

အထက်ပါ ပြဿနာများကို သဘာဝယုတ္တိ၊ အာဂမယုတ္တိနှင့်တကွ အဖိပ္ပာယ်ပေါ်လွင်အောင် ဗုဒ္ဓဓမ္မပြဿနာများ (၇-၈)စသည်၌ ထည့်သွင်း၍ ဖြေကြားတော်မူပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အရှင်သူမြတ်ဘုရား"

"ရှင်ဥပဂုတ္တ အကြောင်းတော့ အရှင်ဘုရား၏ ဗုဒ္ဓဓမ္မပြဿနာများ (၆)မှာ ရှင်းထားပါ၍ သိရပါပြီဘုရား။ ထို့နောက် ၎င်းအကြောင်းကိုပဲ အရှင်ပညိန္ဒာဘိဝံသ၏ "ဗုဒ္ဓဘာသာစစ်တမ်း" စာအုပ်ကလည်း ဆရာတော်အတိုင်း ရှင်းထား၍ ပို၍ သိရပါတော့သည်ဘုရား။ ကျန်တာများ မပါသည့်အတွက် ယခုလို ထပ်လောင်း၍ လျှောက်ထားရပါသည်ဘုရား"

၎င်းအပြင် ဗုဒ္ဓသာသနာဝင် ရဟန်းတော်များဖြစ်ပါလျက် ဘာကြောင့် သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း စသည်ဖြင့် ဂိုဏ်းကွဲများ ပေါ်ပေါက်ခဲ့ရပါသလဲဘုရား။ ရဟန်းအချင်းချင်း သိက္ခာ အကျင့်မတူလို့ ကွဲကြတာလား ဒါမှမဟုတ် တစ်ဂိုဏ်းက မှန်၍ တစ်ဂိုဏ်းက မမှန်၍ ကွဲကြတာလားဘုရား။ ဘာကြောင့် တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်း သိမ်အတူ မဝင်ကြပါသလဲဘုရား။ အဲဒီအကြောင်းကိုလည်း နောက်ဆက်တွဲ ဖြေကြားပေးတော်မူပါဘုရား"

သို့

(......)

၂၂-၁၂-၁၉၈၂

## ဗလိနတ်စာ

ပြန်ကြားသိစေလိုက်သည်။ ပေးလိုက်တဲ့စာ ရတာကြာပါပြီ စာမရေးအား၍ကြာသွားပါသည်။ စာဖတ်တယ်လို့ သိရ၍ ဝမ်းသာပါသည်။ သူများတွေလည်း ဖတ်နိုင်းသဖြင့် ဖတ်ကြပြီး အမြင်မှန်များ ရကြောင်း သိရ၍ ပိုပြီးဝမ်းသာပါသည်။

ဘုန်းကြီး စာရေးနေသည်မှာလည်း အဲဒီလို စာဖတ်သူများ အမြင်မှန်ရရေးအတွက် ရေးခြင်းဖြစ်၍ အမြင်မှန်ရကြတော့ စာရေးရကျိုး နပ်ပါသည်။

ပြဿနာများကို ဖြေရသော်-လူတွေကျွေးတဲ့ ကောက်ညှင်း၊ အုန်း၊ ငှက်ပျော စသည်များကို အဲဒီနတ်တွေ မစားနိုင်ပါ၊ စားရင်တော့ နင်ပြီး သေကုန်မှာ အမှန်ဖြစ်ပါသည်။ "လူမှာ အတွေ့-နတ်မှာ အငွေ့" ဆိုတဲ့အတိုင်း အဲဒီနတ်များအနေနဲ့ အငွေ့ ရှူရုံနဲ့ ကိစ္စပြီးပါတယ်၊ ဩဇာစားပေါ့။

အငွေ့ဆိုတာ အာရုံအနေနဲ့ပြောရင် "ဂန္ဓာရုံ" ပေါ့၊ လူတို့က ရသာရုံ စားတယ်ပေါ့။ အဲဒီလို လူစားတဲ့ အစာရဲ့ ဂန္ဓာရုံကို ခံစားတဲ့နတ်တွေဟာ အောက်နတ်တွေပါ၊ နတ်ပြိတ္တာတွေပါ။

"ဗလိနတ်စာ" ဟာ ဘုရားရှင်လက်ထက်တော် မတိုင်မီကတည်းက စ၍ ရှိနေပါသည်။ ဘုရားရှင် မတိုင်မီအခါက လူတို့သည် မိမိဘာသာ နတ်ရုပ်များ လုပ်၍လည်းကောင်း၊ နတ်ရှိရာ သစ်ပင် စသည်များသို့ သွား၍လည်းကောင်း နတ်တို့ကို ရည်ညွှန်းပူဇော်ကြပါတယ်။

"ဗလိနတ်စာ" ဆိုတာ ပူဇော်ဖွယ် ပေးကမ်းဖွယ် ဝတ္ထုပစ္စည်းကို ဆိုပါသည်။ အဲဒီ ဗလိဟာ -

| | | | |
|---|---|---|---|
| ၁။ | ဉာတိဗလိ | = | ဆွေမျိုးတို့အား ပေးကမ်းဖွယ် |
| ၂။ | အတိထိဗလိ | = | ဧည့်သည်တို့အား ပေးကမ်းဖွယ် |
| ၃။ | ပုဗ္ဗပေတဗလိ | = | ကွယ်လွန်သူ ဆွေမျိုးတို့အဖို့ ပေးကမ်းဖွယ် |

၄။ ရာဇဗလိ = မင်းအားပြုရမည့် အခွန်ဘဏ္ဍာစသော ပေးကမ်းဖွယ်

၅။ ဒေဝတာဗလိ = နတ်တို့အား ပြုရမည့် ပူဇော်ပေးကမ်းဖွယ်

ဟု "ပေးကမ်းဖွယ်" ငါးမျိုး လာပါတယ်။ ဗလိဆိုတာ ယခုပြောခဲ့တဲ့ ထိုထိုဆွေမျိုး စသည်တို့အား သင့်လျော်သော ပေးကမ်းရမည့် ဒါနရဲ့အမည်ဖြစ်ပါတယ်။

နတ်တို့အား ပူဇော်ဖွယ် ဝတ္ထုဟူသော "ဒေဝတာဗလိ" ဗလိနတ်စာဟူ၍ ခေါ်ဆိုပါသည်။ ၎င်းဗလိနတ်စာကျွေးတဲ့အခါ စားရမဲ့ သောက်ရမဲ့ ဖြစ်နေသူတို့အား စေတနာသုံးတန် ပြဋ္ဌာန်းကာ လှူဒါန်းကျွေးမွေးသလို ကျွေးမွေးနိုင်ရင် အကျိုးရှိပါတယ်။

သို့မဟုတ် သူတို့ကို ဗလိနတ်စာ မကျွေးက ကိုယ့်ကို ဒုက္ခပေးမှာစိုး၍ ကြောက်၍ ကျွေးတယ်ဆိုရင်လည်း ကောင်းပါတယ်။ မကြောက်ဘူး လုပ်ချင်ရာလုပ် မကျွေးဘူးဆိုရင်လည်း ကောင်းပါတယ်၊ ရပါတယ်။

မ.စဖို့တော့ မျှော်ပြီး ဗလိနတ်စာ မကျွေးပါနှင့်၊ သူတို့တောင်မှ သူများကျွေးတဲ့ ဗလိနတ်စာ စောင့်စားရတဲ့ နတ်ပြိတ္တာတွေက အဘယ်မှာလျှင် မ.စနိုင်ပါအံ့နည်း။

## ဦးရှင်ကြီး

ရေနံပိုင်ဦးရှင်ကြီးအကြောင်းကို မေးထားသူ ရှိ၍ ဖြေထားပါသည်။ ပြဿနာ (၈)တွင် ပါပါလိမ့်မည်။ ကြည့်ရှုပါ။ ဦးမင်းကျော်တို့ မင်းညီနောင်တို့ အိမ်တွင်းမဟာဂီရိ စသည် နတ်တို့ဟာ နတ်ပြိတ္တာများ ဖြစ်ပါတယ်။

အမှန်စင်စစ် နတ်မဟုတ်ပါ၊ ပြိတ္တာများသာ ဖြစ်ကြပါသည်။ အပါယ်လေးပါးတွင် အသူရကာယ်ဘုံသား ပြိတ္တာဘုံသားတို့ ဖြစ်ပါသည်။

ယခုခေတ်တွင် ခြောက်လှန့်၊ ပူး၊ ကပ် စသည့် သတ္တဝါများကို သရဲဟူ၍လည်းကောင်း၊ တစ္ဆေဟူ၍လည်းကောင်း ခေါ်ကြပါသည်။ အမှန်စင်စစ် သရဲ၊ တစ္ဆေဟူ၍ သီးခြား မရှိပါ။ ရဲတင်းလို့ သရဲခေါ်ပါသည်။ ခြောက်တတ်လို့ တစ္ဆေခေါ်ပါသည်။

၎င်း တစ္ဆေ သရဲ အားလုံးတို့ဟာ ပြိတ္တာဘုံသား၊ အသူရကာယ်ဘုံသားတွေ ဖြစ်ပါသည်။ ၎င်းတို့သည် ဒုက္ခဘုံသားများဖြစ်ကြ၍ ဒုက္ခခံနေကြရပါသည်။ သူတစ်ပါးတွေကိုလည်း ဒုက္ခပေးတတ်ပါသည်။ သူတို့ကိုယ်တိုင်လည်း ဒုက္ခခံနေရသူများဖြစ်၍ သူတစ်ပါးတွေကို ကောင်းကျိုးချမ်းသာဖြစ်အောင် မ မ.စနိုင်ကြပါ။

လောကမှာရှိတဲ့ လူမိုက်များလိုပေါ့၊ သူတစ်ဖက်သားအား ကောင်းကျိုး မပေးနိုင်သော်လည်း သူတို့ မလိုက မလိုသလို သူတစ်ဖက်သားအား ဒုက္ခဆင်းရဲ မကောင်းကျိုးကိုတော့ ပေးနိုင်ပါသည်။ သူတို့လည်း အဲဒီအတိုင်းပါပဲ။

## ရှင်လေးပါး၊ သေလေးပါး

"ရှင်လေးပါး၊ သေလေးပါး" နှင့် ပတ်သက်၍ သင်္ဂါယနာ ၆ တန်တင် ထေရဝါဒပိဋကတ် သုံးပုံ နိကာယ်ငါးရပ်တွင် ဘယ်ကျမ်းစာမှ မပါပါ။ ယုတ္တိ ယုတ္တာလည်း မရှိပါ။ စာတိုပေစများ၌ စာဖြစ်ရုံမျှ ရေးထားသော မခိုင်လုံ၊ ယုတ္တိမတန် မမှန်ကန်သော စာဟုသာ မှတ်ထားပါ။ ၎င်းကို လုံးဝ မယုံပါနှင့် တကယ်အဟုတ် မရှိဟုသာ ယုံပါ။

## လက်ဖက်ရည်သောက်ခြင်း

ရဟန်းတော်များ သံဃာတော်များ၊ ဥပုသ်သည်များ မွန်းလွဲပိုင်း၌ လက်ဖက်ရည်သောက်ခြင်းနှင့် ပတ်သက်၍ ဖြေရပါလျှင် ကျယ်ပါမည်။ ကျယ်ကျယ်လေးဖြေမှ ပြေလည်ပါမည်။ သို့ပါ၍ စိတ်ရှည်ရှည်ဖတ်ပါ။

## ကာလိက လေးပါး

ကာလိကသည် အသက်ထက်ဆုံး သုံးဆောင်ကောင်းသော ယာဝဇီဝက၊ ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်းသည့် သတ္တာဟကာလိက၊ မွန်းလွဲပိုင်းမှ အရုဏ်မတက်မီအတွင်း သုံးဆောင်ကောင်းသော ယာမကာလိကနှင့် အရုဏ်တက်သည်မှ မွန်းမတည့်မီအတွင်းသာ သုံးဆောင်ကောင်းသော ယာဝကာလိကဟူ၍ ကာလိက လေးပါးကို ဦးစွာမှတ်ထားပါ။

၁။ ယာဝဇီဝက

ရေကိုချန်ထား၍ ခဲဖွယ်ဘောဇဉ်အမျိုးမျိုး၊ ထောပတ် စသော ဆေးမျိုးတို့မှ ကြွင်းကျန်သော အလုံးစုံသော အသီး၊ အပွင့်၊ အခေါက်၊ အမြစ်၊ အရွက်၊ အပွေး၊ အစေး၊ အဥ၊ အဖု စသော ဆေးပစ္စည်းများကို အသက်ထက်ဆုံး ဆောင်ယူပြီး အနာရောဂါတည်းဟူသော အကြောင်းရှိခဲ့သော် သုံးဆောင်စားသောက်အပ်သည် ဖြစ်သောကြောင့် "ယာဝဇီဝက" လို့ ခေါ်အပ်ပါသည်။

၎င်း ယာဝဇီဝကတို့မှာ နနွင်း၊ ချင်းစိမ်း၊ လင်းနေ၊ ဆိတ်ဖူး စသော အမြစ်များ၊ ထိုမှတစ်ပါး ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စကို မပြီးစေနိုင်သော အမြစ်ဆေးတို့ ဖြစ်ပါသည်။

အဲဒီ ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စကို မပြီးစေနိုင်သော အမြစ်ဟူသမျှတို့ကို အကပ်ခံပြီး၍ တစ်သက်ပတ်လုံး ဆောင်ယူခြင်းငှာလည်းကောင်း၊ အနာရောဂါတည်းဟူသော အကြောင်းရှိခဲ့သော် သုံးဆောင်စားသောက်ခြင်းငှာ ဘုရားရှင် ခွင့်ပြုတော်မူပါသည်။

အိပ်မွှေးသီး၊ ပိတ်ချင်းသီး၊ ငရုတ်သီး၊ သဖန်းခါးသီး၊ သစ်ဆိမ့်သီး၊ သျှိသျှားသီး အစရှိသော ခဲဖွယ်ကိစ္စ ဘောဇဉ်ကိစ္စကို မပြီးစေနိုင်သော အသီးဟူသမျှသည် အကပ်ခံပြီးသည်နောက် တစ်သက်ပတ်လုံး သုံးဆောင်စားသောက်ခြင်းငှာ အပ်သောကြောင့် "ယာဝဇီဝက" လို့ မည်ပါတယ်။

တမာရွက်၊ လက်ထုပ်ရွက်၊ ဖြူးတားရွက်၊ ဂုံရွက်၊ ဝါရွက် ထိုမှတစ်ပါးကုန်သော လူတို့၏ စားနေကျ ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စကို မပြီးစေနိုင်သော၊ ဆေးဖြစ်သော အရွက်ဟူသမျှတို့ကို အကပ်ခံပြီး၍ တစ်သက်ပတ်လုံး ဆောင်ယူခြင်းငှာလည်းကောင်း၊ အနာရောဂါတည်းဟူသော အကြောင်းဖြစ်ခဲ့သည်ရှိသော် သုံးဆောင်စားသောက်ခြင်းငှာလည်းကောင်း ဘုရားရှင် ခွင့်ပြုတော်မူအပ်သောကြောင့် ထို တမာရွက်စသော အရွက်တို့သည် "ယာဝဇီဝက" တို့ ဖြစ်ပါသည်။

ခွေးတောက်၊ သစ်ဝန်း စသော အဖန်ဖြစ်သော ဆေးမျိုးများ၊ ရှိန်းခိုစိ၊ ရှိန်းခိုစေး စသော အစေးဖြစ်သော ဆေးမျိုးများသည် လူတို့၏ ပကတိသော ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စကို မပြီးစေနိုင်သောကြောင့် "ယာဝဇီဝက" ဆေးတို့ ဖြစ်ပါသည်။

## အထူးမှတ်ရန်

ထိုထိုမြို့ရွာ ဇနပုဒ်တို့၌ လူတို့၏ ပကတိသော အစာအာဟာရအဖြစ်ဖြင့် သုံးဆောင် စားသောက်လေ့မရှိသော မကျန်း မမာ ဖျားနာသောအခါမှသာ ဆေးအဖြစ်ဖြင့် သုံးဆောင် စားသောက်လေ့ရှိသော အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အပွေး၊ အစေး စသည်တို့သည် ရဟန်းတော်တို့အား အကပ်ခံပြီး၍ (ဥပုသ်သည်)တို့အား နေ့ညမရွေး အနာရောဂါရှိခဲ့သော် သုံးဆောင် စား သောက်ကောင်းသော "ယာဝဇီဝက" တို့ မည်ပါသည်။

၂။ သတ္တာဟကာလိက

ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ၊ သကာ ဤငါးပါးသော ဆေးပစ္စည်းတို့သည် ရဟန်းတော်တို့အား (ဥပုသ်သည်) တို့အား အကပ်ခံပြီးသည်မှ ခုနစ်ရက်ပတ်လုံး သိုမှီးသိမ်းဆည်းထား၍ သုံးဆောင်စားသောက်အပ်သောကြောင့် "သတ္တာဟကာလိက" မည်ပါသည်။

## ဆီဦးမှတ်ချက်

အချို့က နှမ်းဆီ ပဲဆီကြိတ်သောအခါ ဆီမဖြစ်မီ ဆီဖြစ်ကာနီး လုံးထွေးနေသော ဆီထွေး၊ ပဲထွေးကို "ဆီဦး" ဟု ခေါ်ဆိုကြပါသည်။ ပဒဘာဇနီ၌ ဟောတော်မူအပ်သော ပါဠိတော်နှင့် ဆန့်ကျင်ပါသည်။

သုတ္တန်၌ မိန့်ဆိုအပ်တော်မူသော ထောပတ်ချက်သောအခါ ပေါ်ထွက်လာသော ဆီဥကလေးများကို ဆီဦးမည်၏ ဟူသော စကားနှင့်လည်း ဆန့်ကျင်သောကြောင့် ထောပတ်ချက်သောအခါ ထောပတ်မဖြစ်မီ တက်လာသော ဆီဥကလေးများကို "ဆီဦး" ဟု မှတ်ပါ။

## ထန်းလျက်ခဲ

"ချစ်သား ရဟန်းတို့ ... မကျန်းမမာ ဖျားနာနေသော ရဟန်း (ဥပုသ်သည်) အား သကြားခဲ၊ ကြံသကာခဲ၊ ထန်းလျက်ခဲတို့ကို သုံးဆောင်စားသောက်ခြင်းငှာ ငါဘုရား ခွင့်ပြုတော်မူ၏" ဟု ပညတ်တော်မူသောကြောင့် မကျန်းမမာ၊ ဖျားနာသော ရဟန်းအား သကြားခဲ၊ ကြံသကာခဲ၊ ထန်းလျက်ခဲတို့ကို စားသောက်အပ်ပါသည်။ ဥပုသ်သည်လည်း နည်းတူဖြစ်ပါသည်။ ကျန်းမာသော ရဟန်း၊ သာမဏေ၊ ဥပုသ်သည်တို့အား ရေနှင့်ရောကာ ရေဖျော်သောသကြား၊ ကြံသကာ၊ ထန်းလျက်တို့ကို သုံးဆောင်စားသောက်ခြင်းငှာ ငါဘုရား ခွင့်ပြုတော်မူ၏ဟု ပညတ်တော်မူခြင်းကြောင့် ကျန်းမာသော ရဟန်းသာမဏေတို့သည် သကြားခဲ၊ ကြံသကာခဲ၊ ထန်းလျက်ခဲတို့ကို ရေနှင့်ဖျော်၍သာ သောက်ကောင်းပါသည်။ အခဲလိုက် အလုံးလိုက် မစားကောင်းပါ။

ကြံသကာ၊ ထန်းလျက်ခဲ၊ ချိုချဉ်တို့ကို အခဲလိုက်စားပါက ရဟန်းတို့အား ပါစိတ်အာပတ် သင့်ပါသည်။ ကိုရင်များ ဒဏ်ထိပါသည်။ ဥပုသ်သည်များ ဝိကာလဘောဇနာသိက္ခာပုဒ် ပျက်ပါသည်။

၃။ ယာမကာလိက

အနုလောမ အဖျော်တို့နှင့်တကွ ရှစ်ပါးအပြားရှိသော အဖျော်သည် ညဉ့်၏ နောက်ဆုံးယံဟု ခေါ်အပ်သော အရုဏ်မတက်မီ ကာလတိုင်အောင် ရဟန်း၊ သာမဏေ၊ ဥပုသ်သည်တို့ သုံးဆောင်အပ် သောက်အပ်သောကြောင့် "ယာမကာလိက" ဟု ခေါ်ဆိုအပ်ပါသည်။

သရက်သီး၊ သပြေသီး၊ တောငှက်ပျောသီး၊ အိမ်ငှက်ပျောသီး၊ သစ်မည်စည်သီး၊ မုဒရက်သီး၊ ကြာစွယ်၊ ဖက်သတ်အားဖြင့် ပါဠိတော်၌လာသော အဖျော်ရှစ်ပါးတို့သည် ယနေ့ အကပ်ခံပြီးနောက် အရုဏ်မတက်မီ ပစ္ဆိမယံတိုင်အောင် သောက်ကောင်းသောကြောင့် "ယာမကာလိက" မည်ပါသည်။

ထိုသရက်သီး စသည်တို့ကို ဖျော်ရည်ပြုလုပ်လိုပါက အကပ်မခံဘဲ လူ့, သာမဏေတို့ကို သကြားထည့်၍ ကြေအောင်နယ်စေပြီး ရေအေးနှင့် စိမ်ထားခိုင်းရပါသည်။ သောက်ချိန်ကျမှ အဝတ်ထူထူနှင့် စစ်ခိုင်းပြီး အကပ်ခံ၍ သောက်ရပါသည်။

အကယ်၍စစ်သောအဝတ်ကြဲ၍အဖတ်ပါအနည်အနည်းငယ်ပါလာပါက "ယာမကာလိက"ဖြစ်၍ရှင်ရဟန်း၊ ဥပုသ်သည်များ မသောက်ကောင်းပါ။

## မီးချက်အဖျော်

မီးဖြင့် ကျို၊ချက်၍ ပြုလုပ်သော အဖျော်များကို ရဟန်းတော်များ သောက်ခြင်းငှာ မအပ်ပါ။ ရေအေးဖြင့်လုပ်သော အဖျော်၊ နေဖြင့်ချက်သော အဖျော်၊ နေပူလှန်း၍ ပြုလုပ်သော အဖျော်တို့ကိုသာ သောက်အပ်ပါသည်။

အဖျော်ရှစ်ပါးမှ ကြွင်းကျန်ကုန်သော မန်ကျည်းသီး၊ သံပုရာသီး၊ ရှောက်သီး စသော ငယ်သောအသီးတို့၏ အဖျော်တို့သည် အဖျော်ရှစ်ပါးနှင့် အလားတူကုန်၏ဟု မိန့်ဆိုသောကြောင့် သရက်သီးအဖျော်ရည်တို့ကဲ့သို့ ရေအေးနှင့်စိမ်၍ အဖတ်မပါ စစ်ပြီးလျှင် သောက်ကောင်းပါသည်။ မန်ကျည်းသီးအဖတ်၊ သံပုရာသီး၊ ရှောက်သီး အဖတ်ကလေးများ ပါပါက မသောက်ကောင်းပါ။ စပါး (၇)မျိုး၊ ကြိတ်စသော အနုလောမ စပါးမျိုး၊ ပဲအမျိုးမျိုးတို့၏ အရည်များကို ဖျော်ရည်လုပ်၍ မသောက်ကောင်းပါ။

ထန်းသီး၊ အုန်းသီး၊ ပိန္နဲသီး၊ တောင်ပိန္နဲသီး၊ ဗူးသီး၊ ဖရုံသီး၊ သခွား ဆေးသီး၊ သခွားပြေ့တ်သီး၊ သခွားကြောင်သီး ဟု ဆိုအပ်သော သီးကြီး (၉)လုံးတို့ကိုလည်း အဖျော်ရည်လုပ်၍ မသောက်ကောင်းပါ။

၄။ ယာဝကာလိက

ဝိကာလဘောဇန သိက္ခာပုဒ်၌ ညွှန်ပြဆိုအပ်သော ခဲဖွယ်၊ ဘောဇဉ်သည် မွန်းတည့်သည့်တိုင်အောင် ရဟန်း သာမဏေဥပုသ်သည်တို့ သုံးဆောင်အပ်သောကြောင့် "ယာဝကာလိက" မည်ပါသည်။

ထမင်း၊ မုယော၊ မုန့်လုံး၊ ငါး၊ အမဲ ဟု ဆိုအပ်သော ငါးမျိုးသော စားဖွယ်တို့သည် "ဘောဇဉ်" မည်ပါ၏။

ၡင်း ဘောဇဉ်ငါးပါး၊ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက တို့မှ ကြွင်းကျန်သော ခဲဖွယ်ဟူသမျှတို့သည် "ခဲဖွယ်" တို့ မည်ပါသည်။

ကတွတ်မုန့်၊ မုန့်ကျွဲသည်း အစရှိသော ကောက်စပါးမျိုး၊ ကြိတ်စသော အနုလောမ စပါးမျိုးမှ ဖြစ်သော မုန့်အမျိုးမျိုး၊ အစာအာမိသနှင့် အလားတူသော အပြစ်စသည်တို့သည် "ယာဝကာလိက" ဖြစ်သော ခဲဖွယ်တို့ ဖြစ်ပါသည်။

မုန်လာမြစ်၊ ဟင်းခါးမြစ်၊ ဟင်းချဉ်မြစ်၊ ဟင်းဂလာဖိုမြစ်၊ ဟင်းဆန်ကွဲမြစ်၊ ကြွက်နားမြစ်၊ ကင်းပိတ်မြစ်၊ ငါးရန့်ပဒုမြစ်၊ ဟင်းအား လျော်ပတ်သော အရွက်ရှိသော သစ်ပင်ငယ်နွယ်တို့၏ အမြစ်တို့သည် အစာအာမိသနှင့် အလားတူသော အမြစ် ခဲဖွယ် ဖြစ်သောကြောင့် "ယာဝကာလိက" တို့ မည်၏။

ဆပ်သွားအဖု၊ ကညင်အဖု၊ ကြာစွယ်၊ ကြာရင်းဟု ဆိုအပ်သော ပဒုမ္မာကြာ၊ ကြာပုဏ္ဍရိက်အဖု၊ သထွေးဖု၊ မျောက်ဖု၊ ဦးမွှန်းဖု၊ ကြာညို၊ ကြာနီ၊ ကုမုဒြာကြာ၊ ကြာတံဆိပ် တို့၏ အဖု၊ ငှက်ပျောအဖု၊ ဝါးဖု၊ ဝက်မြေဖု အစရှိသော ထိုထိုဇနပုဒ်တို့၌ ပကတိသော အာဟာရတို့၏ အစွမ်းဖြင့် ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စကို ပြီးစေတတ်သော အမြစ်အဖုတို့သည် "ယာဝကာလိက" တို့ မည်၏။

ထန်း၊ ခန်း၊ မင်းဘော၊ ဆတ်သွား၊ အုန်း၊ ကွမ်းသီး၊ သင်ပေါင်း၊ ကြိမ်၊ ပြိတ်၊ ငှက်ပျော၊ ဝါး၊ ကျူ၊ ကြံ၊ စပါးညွှန့် အစရှိသော ထိုထိုဇနပုဒ်တို့၌ လူ၏ ပကတိသော အာဟာရ၏ အဖြစ်ဖြင့် ပြီးစေသော သစ်ပင်နွယ်တို့၏ အညွှန့်၊ အညှောင့်တို့သည် "ယာဝကာလိက" မည်ကုန်၏။

မြေထဲ၌ဖြစ်သော နပဲပင်၊ ကြံပင်၊ ကြာညို၊ ကြာနီ၊ ကုမုဒြာကြာ၊ ကြာတံဆိပ် အစရှိသော ထိုထိုဇနပုဒ်တို့၌ လူတို့၏ အစာအာဟာရကိစ္စကို ပြီးစေတတ်သော ပင်စည်ဟူသမျှသည် "ယာဝကာလိက" မည်၏။

အခွံခဲဖွယ်၌ အရည်ရှိသော ကြံခွံတစ်ခုသည်သာလျှင် "ယာဝကာလိက" မည်ပါသည်။ ကျန်သော အခေါက်၊ အခွံဟူသမျှသည် "ယာဝဇီဝက" မည်ပါသည်။

မုန်လာရွက်၊ ပဲနောက်ရွက်၊ ဒန့်သလွန်ရွက်၊ သနပ်ရွက်၊ ကန်စွမ်းရွက် အစရှိသော ထိုထိုဇနပုဒ်တို့၌ လူတို့၏ ပကတိသော အစာအာဟာရ၏ အစွမ်းဖြင့် ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စတို့ကို ပြီးစေတတ်သော အရွက်ဟူသမျှတို့သည် မွန်းမတည့်မီ နံနက်ကာလ၌သာ သုံးဆောင်စားသောက်အပ်သောကြောင့် "ယာဝကာလိက" တို့ မည်ပါသည်။

## မြင်းခွာရွက်

မြင်းခွာရွက်သည်လည်း "ယာဝကာလိက" မည်၏ဟု ပါဠိတော်ဒီ အဋ္ဌကထာ၌ ဆိုသောကြောင့် ညအခါ မြင်းခွာရွက်ကို မစားကောင်း၊ အရည်ကျို၍ မသောက်ကောင်းဟု မှတ်ပါ။ မြင်းခွာရွက် အခြောက်မှုန့်ကို ပျားရည်နှင့် လုံး၍လည်း ညအခါ မစားကောင်းပါ။

တောရောမြို့ပြ နေရာမလပ် အရပ်ရပ်တို့၌ လူတို့သည် အဆာခံရန် ရည်သန်၍ သုံးဆောင်စားသောက်နေကြသော ခဲဖွယ်၊ ဘောဇဉ်၊ အသီး၊ အရွက်၊ အပွင့်၊ အမြစ်၊ အခေါက် စသော အစာအာဟာရအရည်အဖတ်ဟူသမျှတို့သည် အာဟာရကိစ္စကို ပြီးစေသောကြောင့် ရဟန်း၊ သာမဏေ၊ ဥပုသ်သည်တို့သည် မွန်းမတည့်မီသာ သုံးဆောင်စားသောက်အပ်သော "ယာဝကာလိက" တို့ မည်၏။

## လက်ဖက်ခြောက်

လက်ဖက်သည် ထိုထိုမြို့ရွာ ဇနပုဒ်တို့၌ ပကတိစားနေကျ၊ သောက်နေကျ အာဟာရ၏ အစွမ်းဖြင့် လူတို့၏ ခဲဖွယ်ကိစ္စ၊ ဘောဇဉ်ကိစ္စကို ပြီးစေတတ်သောကြောင့် "ယာဝကာလိက" မည်ပါသည်။ ယင်းလက်ဖက်ခြောက်ကို အခြောက်လှန်းထားကလည်း "ယာဝကာလိက" ပင် ဖြစ်ပါသည်။

လက်ဖက်ခြောက်သည် ယာဝကာလိက ဖြစ်၍ ရဟန်းတော်များ၊ သာမဏေများ၊ ဥပုသ်သည်များ မွန်းလွဲသောအခါ ၌ မသောက်ကောင်းဟု သေသေချာချာ မှတ်ပါ။

## အချို့အယူ

အချို့က လက်ဖက်စို၊ လက်ဖက်ခြောက်များမှာ ယာဝကာလိကဖြစ်၍ ညအခါ မအပ်တာ၊ မစားကောင်းရာ မှန်ပါတယ်၊ အဖတ်မပါသော လက်ဖက်ရည်မှာ အနုလောမ အဖျော်ထဲသို့ အတွင်းဝင်သည်ဖြစ်၍ ညအခါ သောက်သော်လည်း အပြစ်မရှိဟု ယူဆ၍ သောက်ကြပါသည်။

ယာဝကာလိက ဖြစ်သော လူတို့၏ ပကတိစားနေကျ၊ အစာအာဟာရတို့၏ အရည်သည် နေ့မွန်းလွဲပြီးသောအခါ ရှင်ရဟန်း ဥပုသ်သည်တို့အား မအပ်ပါ။ လက်ဖက်ကို လူတို့ အစာအာဟာရအဖြစ်ဖြင့် သုံးဆောင်နေသောကြောင့် ယာဝကာလိက ကေန်ဖြစ်၍ ယာဝကာလိက၏ အရည်မှာ နံနက်သာ သောက်ကောင်းပါသည်။ ညဥ့်အခါ မသောက်ကောင်းပါ။

လက်ဖက်ရည်သောက်သော် "ယောပန ဘိက္ခု ဝိကာလေ ခါဒနီယံ ဝါ၊ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ ပါစိတ္တိယံ" ဟူသော သိက္ခာပုဒ်အရ ယာဝကာလိက ခဲဖွယ်ဘောဇဉ်ဖြစ်၍ ပါစိတ်အာပတ် သင့်ပါသည်။ ဥပုသ်သည်များ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်ပါသည်။ ထမင်းစားသည်နှင့် တူပါသည်။

## လက်ဖက်ရည် ထန်းလျက်

လက်ဖက်ရည်ကလည်း ညအခါ မအပ်ပါ။ ထန်းလျက်၊ ကြံသကာ အခဲလိုက်ကလည်း နေထိုင်ကောင်းသူများ မအပ်ပါ။ သို့ပါလျက် ညအခါ ကြံသကာ၊ ထန်းလျက်နှင့် လက်ဖက်ရည်ကြမ်း သောက်ကြသည်။ မသောက်ကောင်းပါ။

ယင်းသို့ မသောက်ကောင်းဘဲ လွန်ကျူးလိုသော စေတနာဖြင့် လက်ဖက်ရည်သောက်ကြသည့် ရဟန်းတော်များမှာ ဝိကာလဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ရုံမျှသာမက အလဇ္ဇီအဖြစ်သို့လည်း ရောက်ခဲ့ပါသည်။

ရဟန်းတော်တို့အား ညအခါ မသောက်ကောင်းသော မအပ်သော လက်ဖက်ရည်ကို မသောက်ကောင်းမှန်း၊ မအပ်မှန်း သိလျက်နှင့် နောင်အခါ မသောက်တော့ဟု စောင့်စည်းလိုစိတ် မရှိဘဲ ယနေ့ည ဖြစ်စေ၊ မနက်ဖြန်ည ဖြစ်စေ ရလျှင် သောက်မှာပဲဟု စိတ်မှာစွဲ၍ ညအခါ လက်ဖက်ရည်သောက်သော ရဟန်းသည် လွန်ကျူးလိုသောစေတနာဖြင့် စေ့ဆော်ပြီး၍ အာပတ်သင့်ရ ရောက်သောကြောင့် အလဇ္ဇီရဟန်း ဖြစ်ပါသည်။

## မသိ၍ သောက်. အပြစ် ရောက်

ဤဝိကာလဘောဇန သိက္ခာပုဒ်သည် လွန်ကျူးလိုသော သညာမရှိသော်လည်း အာပတ်မှ မလွတ်နိုင်သည် ဖြစ်၍ နောသညာ ဝိမောက္ခ မည်၏ဟု အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် လွန်ကျူးလိုသော သညာမရှိဘဲ "သောက်ကောင်း၏" ဟူသော သညာဖြင့် အာပတ်သင့်ပါသည်။

ဤဝိကာလဘောဇန သိက္ခာပုဒ်သည် လွန်ကျူးလိုသောစိတ် မရှိသော်လည်း အာပတ်သင့်သည်ဖြစ်၍ အစိတ္တက မည်၏ဟု အဋ္ဌကထာ၌ မိန့်ဆိုခဲ့လေသောကြောင့် -

၁။ နေလွဲသောအခါ ဖြစ်ခြင်း
၂။ ယာဝကာလိက ခဲဖွယ်ဘောဇဉ်ဖြစ်ခြင်း
၃။ သောက်ခြင်း၊ မျိုခြင်း

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံခဲ့သည်ရှိသော် လွန်ကျူးလိုသောစိတ် မရှိစေကာမူ အာပတ်သင့်ပါသည်။ ဥပုသ်သည်များ ဥပုသ် ပျက်ပါသည်။

နေလွဲသောအခါ လက်ဖက်ရည်သောက်သော ဥပုသ်သည်တို့၏ သီလသည် ကျိုးပေါက် ပြောက်ကျားလေသောကြောင့် ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး တို့မှ မထွက်နိုင်၊ နိဗ္ဗာန် မရောက်နိုင်ဟု ဘုရားရှင် ဟောတော်မူ၏။

- ထို့ကြောင့် နိဗ္ဗာန်ကို လိုချင်သော သူတော်စင်တို့သည် ကြည်လင်သောသဒ္ဓါတရားဖြင့် ညဥ့်အခါ လက်ဖက်ရည် သောက်ခြင်းမှာ ရှောင်ကြဉ်ရာ၏။

## ဘိုးဘိုးအောင်

ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် တို့ ဆိုတာတွေဟာ သာသနာပြုပုဂ္ဂိုလ်တွေ မဟုတ်ပါ။ သာသနာဖျက် ပုဂ္ဂိုလ်တွေသာ ဖြစ်ပါသည်။ သာသနာနှင့်ပတ်သက်၍ ဗုဒ္ဓဓမ္မပြဿနာများ (၂)တွင် ရေးခဲ့ပြီးပါပြီ။ ၎င်းတွင် ပြန်ကြည့်ပါ။

ဤအဖြေရဲ့အစပိုင်း နိဒါန်းပိုင်းကိုလည်း ပြန်ပြီးဖတ်ပါ။ ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့ရဲ့လုပ်ငန်း ဝိဇ္ဇာ စရဏနှင့် ပြည့်ဝရေး မဟုတ်ဘဲ လောကီကိစ္စများသာ လုပ်သွားဖူးသူများ ဖြစ်ပါသည်။

သာသနာပြုလုပ်ငန်းမှာ "စရဏ" ကနေပြီး "ဝိဇ္ဇာ" လမ်းသို့ တက်လှမ်းရမှာပါ။ သူတို့လမ်းစဉ်မှာ "စရဏ" မပါပါ။ ဝိဇ္ဇာလမ်းဆိုသည်မှာ ယခုသာသနာတော်က ညွှန်ပြတဲ့ ဝိဇ္ဇာလမ်း မဟုတ်ဘဲ သာသနာပဝိဇ္ဇာလမ်းသာ ဖြစ်ပါသည်။

သူတို့လမ်းစဉ်ဖြင့် "ပု.ဒိ.အာ" ဆိုတဲ့ ဉာဏ်များကို မရနိုင်ပါ။ သူတို့သည် သာသနာအကြောင်းကိုပင် အမှန်မသိသူများ ဖြစ်၍ သာသနာပြုပုဂ္ဂိုလ်များ မဟုတ်ပါ။

## ဘိုးမင်းခေါင်က ပူဇော်ရ

ဘိုးမင်းခေါင်ကို လူအတော်များများ အထင်ကြီးကြ၊ ပူဇော်ကြပါသည်။ အမှန်စင်စစ် အဲဒီလူများကို စစ်ကြည့်လျှင် ငါးပါးသီလမျှပင် မရှိသူများ ဖြစ်နေတာကို တွေ့မြင်နိုင်ပါသည်။ အဲဒီလို ငါးပါးသီလမျှ မရှိသူတို့ အပူဇော်ကို သူတို့ ခံယူနေကြတာ ဖြစ်ပါတယ်။

တစ်ချိန်က လက်တွေ့သာဓကတစ်ခု ဖြစ်ခဲ့ပါတယ်။ ဘုန်းကြီး တရားပြတဲ့ နေရာက အဲဒီ ဘိုးမင်းခေါင် တည်သွားတဲ့ ဘုရားနှင့်နီးပါတယ်။ ယောဂီအမျိုးသမီးတစ်ယောက်ဟာ သမာဓိ တော်တော်ကောင်းပါတယ်။ တစ်နေ့ ယောဂီ တရားထိုင်အားထုတ်နေစဉ် ဘိုးမင်းခေါင်ဟာ သူထိုင်နေကျအတိုင်း အမျိုးသမီးယောဂီရဲ့ရှေ့မှာ လာပြီးထိုင်ကာ ကန်တော့ပွဲနှင့် အမျိုးသမီးယောဂီကို "ငါ့သမီးက ငါ့ထက် သမာဓိ ကောင်းတယ်" ဆိုပြီး ပူဇော်သွားပါတယ်။

ဟုတ်တာပေ့ါ၊ အမျိုးသမီးယောဂီမှာ ရှစ်ပါးသီလနှင့်တကွ သမာဓိပညာအကျင့်တွေ ရှိနေတာပဲဟာ၊ သူ့ထက် သာတာပေ့ါ၊ ဒါကြောင့် သူတို့ဟာ သာသနာပြုပုဂ္ဂိုလ်တွေ မဟုတ်ပါ။ သာသနာအကြောင်း မသိသူတွေ၊ ငါးပါးသီလမျှပင် မရှိသူတွေရဲ့ အကိုးကွယ်ခံ ပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။

ကဲ ... ဤမျှနှင့်ပဲ ကျေနပ်ပါတော့၊ ပြဿနာတွေက များတော့ သိပ်ကျယ်ကျယ် မဖြေနိုင်တော့ပါ။

✦ ကောက်ညှင်းအုန်းများ နတ်တို့အား ရှေ့ထားပူဇော်ခါ။
✦ ကျွဲးမွေးကြွြား နတ်အများ စားကား မစားပါ။
✦ ဦးမင်းကျော်မှ များပြားလှ မှတ်ကြ ပြိတ္တာသာ။
✦ နတ်များဆိုတာ မဟုတ်ပါ၊ ပြိတ္တာဘုံသားသာ။
✦ သေ - ရှင်လေးပါး လူအများ ပြောကြားနေကြတာ။
✦ ကျမ်းစာဋ္ဌကား ထင်ထင်ရှား ရှိကားမရှိပါ။
✦ ယုတ္တိယုတ္တာ မရှိတာ ပယ်ကာပစ်ကြပါ။

# ဘာကြောင့် ရတနာ့ခေါ်ပါသလဲ

## (၁၈၆)

### အတုလိုက်ရန်

"ချစ်သား ရဟန်းတို့၊ ငါဘုရားသည် နည်းမှန်လမ်းကျ နှလုံးသွင်းခြင်း၊ နည်းမှန်လမ်းကျ အားထုတ်ခြင်းဖြင့် အတုမရှိလွန်မြတ်သော အရဟတ္တဖိုလ်ကို ရအပ်၊ ရောက်အပ်လေပြီ၊ အတုမရှိ၊ လွန်မြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်လေပြီ၊ အရဟတ္တဖိုလ် သမာပတ်ကို မပြတ်ဝင်စားအပ်လေပြီ"

"ချစ်သား ရဟန်းတို့၊ သင်ချစ်သားတို့သည်လည်း နည်းမှန်လမ်းကျ နှလုံးသွင်းခြင်း၊ နည်းမှန်လမ်းကျ အားထုတ်ခြင်းဖြင့် အတုမရှိ လွန်မြတ်သော အရဟတ္တဖိုလ်ကို ရကြ ရောက်ကြကုန်လော့၊ အတုမရှိ လွန်မြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်လော့၊ အရဟတ္တဖိုလ် သမာပတ်ကို မပြတ်ဝင်စားကြကုန်လော့"

ဟူ၍ ရဟန်းတော်များကို ရှင်တော်ဘုရား မိန့်ကြားတော်မူ၏၊ ယင်းသို့ မိန့်ကြားတော်မူခြင်းမှာ -

"ငါတို့ကား အာသဝေါကုန်ခမ်း ရဟန္တာများ ဖြစ်ကြကုန်၏၊ ငါတို့အား တရားအလုပ် အားထုတ်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့တော့နည်း၊ အကျိုးထူးရှိတော့မည် မဟုတ်"

ဟု ပုထုဇဉ်ဘဝက စွဲပါလာသော ဆုတ်နစ်တတ်သည့် ဝါသနာ အပြစ်ဒေါသအလျောက် ဆုတ်နစ်ခြင်းသို့ မရောက်မူ၍ မြို့စွန် ရွာစွန် တောကျောင်းများ၌ ဖလသမာပတ်ဖြင့် အချိန်ကို ကုန်လွန်စေရန်လည်းကောင်း၊ ထိုသို့ ရဟန္တာများ ဖလသမာပတ် ဝင်စားမွေ့နေသည်ကို မြင်ကြရ၍ အခြားသော ရဟန်းတို့အားလည်း "မြင်အပ်သည်ကို အတုလိုက်ခြင်း ဒိဋ္ဌာနုဂတိ" ဖြစ်စေရန် ဆုံးမတော်မူခြင်း ဖြစ်ပါသည်၊

### ရတနာနှင့် ရတနာ

ဤ၌ ဘုရားရတနာက သံဃာရတနာများကို တရားရတနာ၌ ရှိသေရန် မြတ်နိုးရန် ညွှန်ပြနေခြင်းဖြစ်ပါသည်၊ အဘယ်ကြောင့် ညွှန်ကြားပါသနည်း၊ ဘုရားရတနာသည် တရားရတနာကို မြတ်နိုးသောကြောင့် သံဃာရတနာများကိုလည်း တရားရတနာ၌ မြတ်နိုးစေလိုကြောင်း ညွှန်ကြားပါသည်၊

မှန်ပါသည်။ ရတနာရှိသူသည် ရတနာ၏ တန်ဖိုးကိုသိ၍ ရတနာကို မြတ်နိုးပါသည်။ ဘုရားရှင်သည် တရားရတနာ ပိုင်ရှင် တရားမင်းကြီး ဖြစ်တော်မူပါသည်။ သို့ဖြစ်၍ ဘုရားရှင်သည် တရားရတနာကို မြတ်နိုးပါသည်။

ဘုရားရှင်သည် တရားရတနာကို မြတ်နိုးသလို မိမိ၏တပည့်သား သာဝကသံဃာတော်များကိုလည်း တရားရတနာ၌ မြတ်နိုးစေလိုပါသည်။

လောက၌ ရတနာရှိသော မိဘတို့သည် ရတနာ၏ တန်ဖိုးကိုသိကာ ရတနာကိုမြတ်နိုးကြသည်။ မိဘတို့သည် ရတနာကို မြတ်နိုးသလို မိမိ၏ သားသမီးများကိုလည်း ရတနာ၌ မြတ်နိုးစေလိုသည်။

"အို… စာရှုသူ၊ "ရတနာ - ရတနာ" ဟူ၍ ဆို၏။ ယင်းရတနာသည် ဘယ်နှစ်မျိုး ရှိပါသနည်း"။ ယင်းသို့မေးသော် -

၁။ ဘုရားရတနာ

၂။ တရားရတနာ

၃။ သံဃာရတနာ

ဟူ၍ "ရတနာ သုံးပါး" တစ်မျိုး ရှိပါသည်။ ထိုမှတစ်ပါး…

၁။ သဒ္ဓါ

၂။ သီလ

၃။ သုတ

၄။ စာဂ

၅။ ပညာ

၆။ ဟိရီ

၇။ ဩတ္တပ္ပ

ဟူ၍ "သူတော်ကောင်းဥစ္စာ ရတနာ ၇ ပါး" ဟူ၍ တစ်မျိုး ရှိပါသည်။ ထိုမှတစ်ပါး လောကီလူများ အသုံးပြု ဝတ်စား တန်ဆာ ဆင်ယင်ကြသည့်…

၁။ ပတ္တမြား

၂။ ပုလဲ

၃။ ကြောင်မျက်ရွဲ

၄။ သန္တာ

၅။ စိန်

၆။ ငွေ

၇။ ရွှေ

ဟူ၍ "လောကီဥစ္စာ ရတနာ" တစ်မျိုး ရှိပါသည်။ ထိုမှတစ်ပါး…

၁။ ဆင်ရတနာ

၂။ မြင်းရတနာ

၃။ သူကြွယ်ရတနာ

၄။ သားကြီးရတနာ

၅။ မိဖုရားရတနာ

စသည်ဖြင့် ရတနာတွေ များစွာရှိပါသည်။ ယင်းသို့ ရတနာတွေ များစွာရှိ၍ "ရတနာ" ဟူ၍ ခေါ်ဝေါ်နေသော်လည်း ရတနာအဓိပ္ပာယ်ကို သိသူကား နည်းပါးလှသည်။ သို့ပါ၍ မသိသူတစ်ယောက်က ဤသို့ မေးလျှောက်လာပါသည်။

"အရှင်ဘုရား၊ ရတနာ - ရတနာ ဟူ၍ ခေါ်ဝေါ်နေကြပါတယ်၊ ဘာကြောင့် ရတနာဟူ၍ ခေါ်ဝေါ်ပါသလဲဘုရား"

"ရတိံ ပေမံ ဇနေတီတိ ရတနံ တဲ့၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် "ရတနာ" ဟူ၍ ခေါ်တယ်"

"အဲဒီစကားအရဆိုရင် ဘုရား တရား သံဃာ ရတနာသုံးပါး၊ သူတော်ကောင်းဥစ္စာရတနာ၊ လောကီရတနာ အားလုံးဟာ နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် "ရတနာ" ဟူ၍ အမည်တစ်မျိုးတည်း ပေါင်းသွားပါတယ်"

"အားလုံးပေါင်းသွားတော့ အားလုံးရဲ့ရတနာမည်ပုံကို ရှင်းရရင် ဆုံးနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ဘုရားရတနာတစ်ပါးကိုပဲ ဦးစားပေးပြီး ရှင်းပါရစေ၊ အဲဒီ ဘုရားရတနာကို သဘောပေါက်ရင် တခြားရတနာတွေလည်း သဘောပေါက်သွားပါလိမ့်မယ်"

## နှစ်သက်စေတတ် အမြတ်ရတနာ

"ဘုရားရှင်ရဲ့ရုပ်သွင်တော်ကလည်း သပ္ပာယ်တင့်တယ်တယ်၊ ရှုချင်ဖွယ် ကြည်ညိုဖွယ်လည်း ဖြစ်တယ်၊ အသံတော်ကလည်း ကြည်လင်သာယာပါတယ်၊ တရားတော်ကလည်း စကားလုံးလှ အဓိပ္ပာယ် ပြည့်ဝပါတယ်"

"ဘုရားရှင်ရဲ့ဂုဏ်တော်များဟာ များလည်း များပါတယ်၊ အများထက်လည်း ထူးခြားပေါ်လွင်ပါတယ်၊ အဲဒီဂုဏ်တော်များကို အာရုံပြုရရင် ပုထုဇဉ်သတ္တဝါများပင် ပီတိအလွန်ဖြစ်ရပါတယ်"

"ဘုရားရှင်ရဲ့တရားတော်ကို သိကာ အရိယာဖြစ်ကြသော ပုဂ္ဂိုလ်တို့ရဲ့နှစ်သက်မှု အားရမှုမှာ ဆိုဖွယ်ရာ မရှိတော့ပါ၊ အဲဒီလို အများရဲ့နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဘုရားရှင်သည် "ရတနာ" ဆိုတဲ့ အမည်ကို ရပါတယ်"

## ပျော်ရွှင်စေတတ် အမြတ်ရတနာ

"အဲဒီ အဓိပ္ပာယ်မှတစ်ပါး ပျော်ရွှင်မှုကို ဖြစ်စေတတ်သောကြောင့်လည်း "ရတနာ" လို့ ခေါ်ဆိုရပြန်ပါတယ်၊ ဘုရားရှင်ရဲ့တရားတော်တွေကို နာနေရ၊ သင်အံရွတ်ဆိုပြီးတော့ နေရရင် တရားသိတဲ့သူ၊ အနက် အဓိပ္ပာယ်သိတဲ့သူတွေမှာ စိတ်ပျော်ရွှင်မှုကို ရရှိနေကြပါတယ်"

"ဘုရားရှင်ရဲ့အဆုံးအမအရ ကျင့်ကြံနေသူတို့မှာ အချို့မှာ ဈာန်ချမ်းသာကို ရ၍ "ဈာန်ချမ်းသာဖြင့်" မွေ့လျော်ပျော်ရွှင်နေရ၏" _

"အချို့မှာ ဝိပဿနာတရား အားထုတ်၍ ရုပ်နာမ် အဖြစ်အပျက်များကို မြင်ရခြင်းကြောင့်ဖြစ်သော ပီတိမှာ လူတို့ရဲ့ ပျော်ရွှင်မှုအမျိုးမျိုးတွင် ဘယ်အပျော်မျိုးနှင့်မျှ ယှဉ်မရအောင် ထူးခြားသော ပျော်ရွှင်မှုမျိုးဟု ဆိုရပါတယ်၊ နတ်အပျော်နှင့်လည်း မယှဉ်သာပါ"

"မဂ်ဖိုလ်ကို ရ၍ ဖလသမာပတ် ချမ်းသာကို ခံစားရသောအခါ၌ကား အတုမရှိသော ချမ်းသာဖြင့် စိမ်ပေးထားသကဲ့သို့ ရှိရာ လောက၌ မည်သည့်အပျော်မျှ တုမရသော အတုမဲ့ပျော်ရွှင်ခြင်းသာ ဖြစ်ပါသည်"

"အဲဒီလို ပျော်ရွှင်ခြင်းအမျိုးမျိုးကို ဖြစ်စေတတ်သောကြောင့်လည်း ရှင်တော်ဗုဒ္ဓမှာ ရတနာဟူသော အမည်ကို ရခြင်း ဖြစ်ပါသည်"

## ရတနာ ခေါ်ပုံ

"စိတ်၌ စွဲကပ် အလေးပြုအပ်သောကြောင့်လည်းပဲ ရတနာဟူ၍ ခေါ်ဆိုအပ်ပါတယ်၊ အဖိုးများစွာ ထိုက်တန်သော ကြောင့်လည်းပဲ ရတနာဟူ၍ ခေါ်ဆိုအပ်တယ်၊ အတုမရှိသောကြောင့်လည်းပဲ ရတနာဟူ၍ ခေါ်ဆိုအပ်ပါတယ်၊ မြင်ရခဲသော အရာဖြစ်သောကြောင့်လည်းပဲ ရတနာဟူ၍ ခေါ်ဆိုအပ်ပါတယ်၊ မယုတ်မညံ့သူ လူမွန် လူမြတ်တို့သာ သုံးဆောင်ရာ ဖြစ်သော ကြောင့်လည်းပဲ ရတနာမည်ပါတယ်"

## အလေးပြုအပ် အမြတ်ရတနာ

"ဒီလောက၌ လေးစားအပ် မြတ်နိုးအပ်တဲ့ ရတနာတွေ များစွာရှိပါတယ်၊ အဲဒီ ရတနာတွေကို သိပြီး ကြားပြီး ဖြစ်ကြ ပါတယ်၊ အဲဒီရတနာများအပေါ် လေးစားကြသည်ထက် ဘုရားရတနာကို ပို၍ လေးစားကြပါတယ်"

"ဘုရားရှင်ရဲ့လက်ထက်တော်အခါက လူအများ လေးစားပူဇော်အပ်တဲ့အရာ အသီးသီး ရှိပါတယ်၊ ဘုရားရှင်အပေါ် လေးစားပူဇော်သလောက် အခြားအရာတို့ အပူဇော် မခံရကြပါ၊ ဘုရားရှင်ကိုမူ လူသားများသာ မက နတ်ပြဟ္မာများကပင် လေးစားပူဇော်ခဲ့ကြသည် မဟုတ်ပါလား"

"အဲဒါကြောင့်လည်း နတ်ကိုးကွယ်သူတွေ၊ ပြဟ္မာကိုးကွယ်သူတွေရှိရာ သူတို့ဟာ ဘုရားရှင်ရဲ့အကြောင်းကို ကျကျ နန သိရသောအခါ မိမိတို့ ကိုးကွယ်သော နတ်.ပြဟ္မာတို့ကိုပင် ပယ်ပြီးတော့ ဘုရားရှင်ကို နှစ်သက်မြတ်နိုးစွာ ပူဇော်ကြ ပါတယ်"

"တောသားလူရိုင်းနဲ့ မြက်စားနေကြတဲ့ သမင်များမှာ ပတ္တမြားရတနာ ကောင်း.မကောင်း၊ အရည်အသွေး ကောင်း. မကောင်း၊ တန်ဖိုး ရှိ.မရှိ နားမလည်တဲ့အတွက် ကောက်ယူရမှန်း မသိပါ၊ အရည်အသွေး ကောင်း.မကောင်း နားလည်၍ တန်ဖိုး ရှိ.မရှိ နားလည်တဲ့သူသာ ဝမ်းသာအားရ ကောက်ယူနိုင်ပါတယ်"

"ဘုရားရှင်၌ သုတကာထက် ထူးကဲသော ဂုဏ်အရည်အသွေးများ ထင်ရှားရှိရာ အဲဒီအရည်အသွေးကို နားလည်တဲ့ အသိဉာဏ်ရှိသူများဟာ ဘုရားရှင်ထက်သာတဲ့ ပူဇော်ထိုက် မြတ်နိုးထိုက်တဲ့သူကို ရှာမရတော့ပါ"

"ဘုရားရှင်ရဲ့ အရည်အသွေးကို ခန့်မှန်းရာ၌ မင်ဉာဏ် ဖိုလ်ဉာဏ်အထိ အသိဉာဏ်ရှိသူတို့ကား ဘုရားရတနာရဲ့ အရည်အသွေးကို အကောင်းဆုံး ခန့်မှန်းအကဲဖြတ်နိုင်သူတို့ ဖြစ်ပါတယ်"

"အဲဒါကြောင့် သောတာပန်ဖြစ်ရင်ပင် ဘုရားရှင်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သူ ဖြစ်ရပါတယ်"

"ထိုသို့ဖြစ်၍ အလေးအမြတ်ပြုအပ်သောကြောင့် ရတနာလို့ဆိုရင် ထိုအနက်မှာ အလေးအပြုအပ်ဆုံး ဘုရားရှင်နှင့် သာ အလျော်ဆုံးဖြစ်ရာ ဘုရားရှင်သာ တကယ့် ရတနာ ဖြစ်ပါတယ်"

## အဖိုးများစွာ ထိုက်

"လောက၌ အဖိုးမဖြတ်နိုင်အောင် လူအများ အလွန်နှစ်သက်သော ရတနာများ ရှိပါတယ်၊ အဲဒီရတနာများနှင့် ဘုရား မြတ်ရတနာကို နှိုင်းယှဉ်ပြီး ဘုရားရတနာကိုပင် ကိုးကွယ်မလား၊ ပတ္တမြားရတနာကိုပင် ယူမလားဟု တစ်ခုခုကို အရွေးခိုင်းရင်

ဘုရားရတနာအကြောင်းကို ကောင်းကောင်းသိသူမှာ ပတ္တမြားရတနာကို ပစ်လျက် ဘုရားရတနာကိုသာ နှစ်သက် အားရစွာ ရွေးချယ်ပါလိမ့်မယ်"

"ရှေးက ဇောတိက. ဇဋိလ စတဲ့ သူဌေးကြီးများ၌ အဖိုးမဖြတ်နိုင်တဲ့ ရတနာများ ရှိခဲ့ပါတယ်၊ အဲဒီရတနာတွေကို စွန့်ကာ ဘုရားရှင်ထံ ရောက်လာခြင်းဖြင့် ဘုရားရှင်ရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ အဖြစ်ကို သိနိုင်ပါတယ်"

"လောက၌ တန်ဖိုးနည်းတဲ့ ရတနာနဲ့ လဲလှယ်ရင် ပစ္စည်းနည်းနည်းသာ ရပါတယ်၊ ရတနာက တန်ဖိုး ရှိလေလေ၊ ပစ္စည်းများများ ရလေလေ ဖြစ်ပါတယ်"

"ဘုရားရှင်ကို တစ်ကြိမ်ရှိခိုးရုံမျှ ပန်းတစ်ပွင့် လှူရုံမျှဖြင့် ပြောမပြနိုင်အောင် အကျိုးတွေရသည့်မှာလည်း ဘုရားရတနာရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ အဖြစ်ကိုပြတဲ့ သက်သေပင် ဖြစ်ပါတယ်"

"ထို့ကြောင့် အဖိုးများစွာထိုက်တဲ့ အနက်အရ ရတနာဆိုရင် ဘုရားထက် သာတဲ့ အဖိုးထိုက်ရတနာလို့ မရှိတဲ့အတွက်ကြောင့် ဘုရားရှင်သာ တကယ့်ရတနာ ဖြစ်ပါတယ်"

## အတုမရှိ ရတနာ

လောက၌ ပညာကြီးခြင်း၊ ရုပ်အဆင်း လှပခြင်း စသော ဂုဏ်များ၌ ရှေးအကြောင်း ကောင်းမှုများလည်း ပါမြဲပင်ဖြစ်ပါသည်။ အကြောင်းကံ ထူးချွန်သောပုဂ္ဂိုလ်၌ အကျိုးဂုဏ်များကလည်း သူတကာထက် သာလွန်ထူးခြားရပါပေသည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် သူတကာထက် ပို၍ ကုသိုလ်ပါရမီတွေ ဆည်းပူးခဲ့ရ၊ သူမတုအောင်လည်း ဖြည့်ခဲ့ရ၍ အကြောင်းကံ သူများထက် သာခဲ့သည်နှင့်အမျှ အကျိုးဂုဏ်အင်လည်း ကွာခြားရပါတော့သည်။

သဗ္ဗညုတဉာဏ်တော် တစ်ခုနှင့်ပင် အတုမရှိဘွဲ့တော် ခံထိုက်နေပါပြီ၊ အခြား ရူပကာယ၊ ဓမ္မကာယ အားလုံးတွင်လည်း ယှဉ်ပြိုင်နိုင်သူ မရှိ၍ ဘုရားရှင် လက်ထက်တော်အခါကပင် သာသူ မရှိသော ပုဂ္ဂိုလ်ပါပေဟု အထပ်ထပ် ချီးကျူးခံခဲ့ရပါပေသည်။

လောကီရတနာတို့ကား ဆိုင်ရာ ဒေသ၌သာ အတုမဲ့ ဖြစ်နေရသော်လည်း အခြားတစ်နေရာမှာကား သူနှင့်တူသော သူ့ထက်သာသော ရတနာများ ရှိရမြဲပင် ဖြစ်ပါသည်။

စကြာရတနာဆိုသည်မှာ သူ့ခေတ်အတွင်း၌ အတုမဲ့ဆိုရသော်လည်း ဘုရားရှင်မရှိသောကြောင့်သာ အတုမဲ့ ဖြစ်ရသည်။ အကယ်၍ ဘုရားရှင်နှင့် နှိုင်းယှဉ်ပြိုင်ရလျှင် ဘုရားရှင်ထက် ပို၍ စကြာရတနာကို အဘယ်မှာ မြတ်နိုးနိုင်၊ ပူဇော်နိုင်ပါအံ့နည်း။

ထို့ကြောင့် အတုမဲ့အနက်အရ ရတနာဆိုလျှင် ဘုရားရှင်သာ ရတနာ မည်ပါပေသည်။ ဘုရားမြတ်ကား သာသူကိုထားအလားတူပင် မရှိနိုင်သော အံ့ဖွယ်ရတနာထူးပင် မဟုတ်ပါလော။

## မြင်ရခဲသည့် ရတနာ

သူလို.ငါလို သာမန် နတ်လူပြဟ္မာများကား ရှားပါးလှသည် မဟုတ်၍ အမြဲလိုပင် တွေ့မြင်ကြရ၏။ အံ့ဖွယ်ယောက်ျားထူး ပုဂ္ဂိုလ်မွန်ဘုရားမြတ်မှာ တစ်ရံတစ်ခါမှာ ထူးဆန်းစွာ ပေါ်လာ၍ မြင်တွေ့ရဖို့ ခဲယဉ်းလှပေ၏။

သာသနာပ၌ ပွင့်တော်မူကြသော ပစ္စေကဗုဒ္ဓါများမှာ များစွာ ဖြစ်လာ၍ တွေ့ရခဲသည်ဟု မဆိုနိုင်ပါ။ ဘုရားဖြစ်ရန် လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေကြာအောင် ပါရမီတွေ ဖြည့်ရ၍ သူတကာများ မတွေးဝံ့ သွေးရူးဖွယ်ဖြစ်အောင် စွန့်စားရ၍ ဘုရားအဖြစ် တောင့်တ ဆုပန်လိုသူများကား ရှားပါးလှ၏။

ဘုရားအဖြစ် တောင့်တသူများ၌ အချို့နိယတဗျာဒိတ်မရမီ နောက်ဆုတ်သွားရသူတွေလည်း ရှိ၏။ ဗျာဒိတ်ရသူကား တစ်ဦးတလေသာ ဖြစ်ပါသည်။ ထို တစ်ဦးတလေမှာလည်း ကပ်ကမ္ဘာ အသင်္ချေများစွာ ပါရမီဖြည့်ကြရမည် ဖြစ်ရာ အချိန်အခါအလွန်တရာ ကြာမြင့်သော်မှ ဘုရားအဖြစ် ပွင့်ပေါ်ရ၏။

ယင်းသို့လျှင် ဘုရားရှင်ကား ဖူးမြင်တွေ့ကြုံရဖို့ ခဲယဉ်းလှပါ၏။ ထို့ကြောင့် ပညာရှိများသည် ဘုရားပွင့်ရာ အခါနှင့် ကြုံရခဲ့သည်။ တစ်ခါလွဲသွားလျှင် နောင်အတောမသတ် မျောကြရပေဦးမည်။ ကြုံတောင့်ကြုံခဲ ကြုံလာရတဲ့အခွင့် လက်မလွှတ်စေသင့်ဟု မဂ်ဖိုလ်ရရန် တသန်တည်း ကြိုးစားကြလေသည်။

ထို့ကြောင့် မြင်နိုင်ခဲသော အနက်အရ ရတနာဆိုလျှင် ဘုရားရှင်ထက် မြင်ရခဲသောပုဂ္ဂိုလ် မရှိနိုင်ရာ၊ ဘုရားရှင်သာ ရတနာဆိုရပါတော့သည်။

## သူမြတ်တို့ သုံးဆောင်ရာ ရတနာ

သုံးဆောင်သည်ဟူရာ၌ မှီဝဲဆည်းကပ်ခြင်း၊ ဆုံးမချက်ကို နာယူခြင်း၊ ဆုံးမချက်အတိုင်း လိုက်နာကျင့်ကြံခြင်းဖြင့် ဇောဓိပက္ခိယရတနာ၊ မဂ်ဖိုလ်ရတနာများကို ရယူခြင်းများကိုပင် သုံးဆောင်သည် ဟူ၍ ခေါ်ဆိုပါသည်။

လောကီရတနာများ၌ လူယုတ်၊ လူညံ့များပင် သုံးဆောင်နေရသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ဘုရားရတနာကား လူညံ့တို့အရာ မဟုတ်ပေ။

စင်ကြယ်သော အရိယာသူမြတ်များနှင့် သူမြတ်အရိယာ ဖြစ်ရန် ရေးကောင်းမှု ဥပနိဿယ ရှိကြသော ဘုန်းကံရှိသူ လူမွန်လူမြတ်တို့သာ သုံးဆောင်ရာ ဖြစ်ပါသည်။

စင်ကြယ်သော ပုဂ္ဂိုလ်များသာ ဘုရားနှင့် နီးစပ်သူများ ဖြစ်ကြ၍ မစင်ကြယ်သူ လူညံ့များမှာ ဘုရားနှင့် ဝေးကွာသူများ ဖြစ်ကြောင်း ဟောတော်မူသည်ကို ထောက်ရှုပါ။

ထို့ကြောင့် သူမြတ်တို့သာ သုံးဆောင်ရာဖြစ်၍ ရတနာဆိုလျှင် ဘုရားရှင်သာ တကယ့်သူမြတ်တို့ သုံးဆောင်ရာ တကယ့်ရတနာ အမည်ခံထိုက်ပေသည်။

မြတ်သူတို့သာ သုံးဆောင်ရာဖြစ်၍ ရတနာဟုဆိုလျှင် ဘုရားရှင်သာ တကယ့်ရတနာ ဖြစ်ပါသည်။

ဘုရားရတနာကား မိစ္ဆာဒိဋ္ဌိများ၊ သဒ္ဓါမရှိသူများ လူညံ့များ၏ သုံးဆောင်ရာမဟုတ်ပါ။ ဘုရားတန်ဖိုး မသိသူ၊ လူသာမန်တို့၏ အရာမဟုတ်ပါ။

တကယ့် ဥပနိဿယ ရှိသူ မဂ်ဖိုလ် ရထိုက်သူ သာဝက၊ မဟာသာဝကတို့သာ သုံးဆောင်ရာဖြစ်၍ မယုတ်မညံ့သူ၊ လူမွန် လူမြတ်တို့သာ သုံးဆောင်ရာ တကယ့်ရတနာ ဖြစ်ပါသည်။

ဘုရားကို ကိုးကွယ်ပါသည် ဆိုသော်လည်း ဘုရား. တရား မရသေးသူတို့မှာ အကောင်းဆုံး သုံးဆောင်မှု မဖြစ်သေးပါ။ တရားကို ရပိုင်ခြင်းဖြင့် ဘုရားရတနာကို အကောင်းဆုံး သုံးဆောင်နိုင်သူ ဖြစ်အောင် ကြိုးစားသင့်ပါသည်။

လောက၌ ရတနာဆိုလျှင် အလွန်ပင် မြတ်နိုးတတ်ကြ၏။ တယုတယ တရိုတသေ သိမ်းဆည်းစောင့်ရှောက်တတ်ကြ၏။ ဘုရား၌ ရတနာအဖြစ်ဖြင့် ဘယ်မျှ နှစ်နှစ်ကာကာ ယုံကြည်မြတ်နိုးကြပါသနည်း။

ဘုရားအာရုံကို တရိတသေ တယုတယ ဘယ်မျှ စိတ်ထဲတွင် သိုမှီးကြပါသနည်း။ ဘုရားဂုဏ်ကို သိသူများအဖို့ကား အလွန်မြတ်နိုးဖွယ် တကယ့်ရတနာ ဖြစ်နေပါသည်။

ဘုရားရတနာ၏ ရတနာမည်ပုံကို ပြဆိုခဲ့ပြီးပါပြီ။ တရားရတနာနှင့် သံဃာရတနာတို့၏ ရတနာမည်ပုံကိုလည်း နည်းမှီ၍ သိပါတော့။

✦ စိတ်၌စွဲကပ် လေးပြုအပ် ခေါ်မှတ်ရတနာ။

✦ အဖိုးများစွာ ထိုက်တန်ကာ ခေါ် ပါရတနာ။

✦ အတုမရှိ လွန်မြတ်ဘိ ခေါ်၏ရတနာ။

✦ မြင်ရခဲလှ ရှားပါးစွ ခေါ်ရ ရတနာ။

✦ သူမြတ်တို့သာ သုံးဆောင်ရာ ခေါ်ပါ ရတနာ။

# သီလရှင်ဝတ်မှ တရား့ရနိုင်ပါသလား

(၁၈၇)

### အပြစ်ကိုပြ ရွှေအိုးရ

ပုထုဇဉ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တွင် သာယာမှု လောဘနှင့် ကင်း၍ မနေနိုင်ပေ။ သို့သော် ယင်းသာယာမှု လောဘကို ဣန္ဒြေထိန်းချုပ်ပြီး ရှောင်ရှားနိုင်ပါလျှင် လူတော်လူကောင်းဟု ဆိုရပါမည်။

မှန်ပါသည်။ အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်က ပါလာခဲ့သည့် လောဘကို တရားဓမ္မဖြင့်သာ မထိန်းသိမ်း မနှိပ်ကွပ်ပါလျှင် လောဘသည် ပိုသထက်သာ ပို၍ တိုးလာစရာ ရှိပါသည်။

သို့ဖြစ်၍ လောဘအလိုသို့ လိုက်ပါလျှင် သံသရာထဲမှာ မသက်သာနိုင်ပါ။ ကြီးကျယ်သည့် ဒုက္ခတွေသာ ရောက်နိုင်ပါသည်။

မိမိ၏ အပြစ်ကိုပြ၍ ပြောဆိုဆုံးမတတ်ကြသည့် ဆရာသမား၊ မိဘ၊ မိတ်ဆွေသင်္ဂဟများနှင့် တွေ့ရသည်မှာ ရွှေအိုးကို တွေ့ရသည့်နယ် တူပါသည်။

မိမိအား အကျိုးအပြစ်ကို ပြ၍ ပြောဆိုဆုံးမတတ်ကြသည့် ပုဂ္ဂိုလ်တို့သည် မိမိအတွက် ရွှေအိုးကို လက်ညှိုးထိုးပြနေခြင်းနယ် ဖြစ်ကုန်၏။

မှန်ပါသည်။ ပြောဆိုဆုံးမတတ်ကြသည့် ပုဂ္ဂိုလ်များက "ဒီလို နေ၊ ဒီလို သွား၊ ဒီလို စား၊ ဒီလို ကျင့်၊ ဒီလို အားထုတ်" စသည်ဖြင့် ပြောဆိုဆုံးမနေခြင်းကို လိုက်နာ၍ပြုလုပ်ကျင့်ကြံသူများသည် မိမိတို့ တစ်သက်တာ စားသောက်လို့မကုန်နိုင်သည့် မသိုးထမင်း မသိုးဟင်းပင် ဖြစ်ပါသည်။

ယင်း မသိုးထမင်း၊ မသိုးဟင်းသည် ယခုပစ္စုပ္ပန် တစ်သက်တာတွင် မကပါ၊ ဘဝသံသရာ ကမ္ဘာအဆက်ဆက်ပင် စားသောက်လို့ မကုန်နိုင်တော့ပါ။

## သာယာမှုတွင် နစ်မြုပ်ချင်

ပုထုဇဉ်သတ္တဝါအများသည် သာယာသည့် လောကကို ရှာဖွေတတ်ကြသည်။ ယင်းသို့ သာယာမှုလောကကို ရှာဖွေ၍ သာယာမှုလောကမှာ နစ်မြုပ်လေလေ ပျက်စီးခြင်းမက ပျက်စီးလေလေ ဖြစ်ရတတ်ပါသည်။

ယင်းကို ဆရာမိဘနှင့် မိတ်ဆွေသင်္ဂဟများက သိကြပါလျက်နှင့် လက်ပိုက်၍ ကြည့်မနေသင့်ကြပါ။ မှန်ပါသည်။ အိုးလုပ်သည့် အိုးထိန်းသည်သည် မိမိလုပ်သည့် အိုးများ ကောင်းမွန်ရန်အတွက် ကျကျနန ထုခတ်ပေးရပါသည်။

ထို့အတူပင် ဆရာမိဘနှင့် မိတ်ဆွေသင်္ဂဟများသည်လည်း မိမိတို့ရဲ့တပည့်သားသမီး၊ မိတ်ဆွေသင်္ဂဟများ ကောင်းစားရေးအတွက် ကျကျနန အပြစ်ကိုပြ၍ ဆုံးမကြရပေသည်။

"ငါပြောဆို ဝေါက်ငမ်းလိုက်သည့်အတွက် သူတို့တစ်တွေ စိတ်များ ညစ်သွားမလား" လို့ စိုးရိမ်ပြီး မဆုံးမဘဲ နေရန် မသင့်ပါ။ မိမိတို့၏ သားသမီး၊ တပည့် မိတ်ဆွေသင်္ဂဟများကို တကယ့်တကယ် ချစ်ကြပါသည်ဆိုလျှင် လိမ္မာယဉ်ကျေးရန်အတွက် ဆိုဆုံးမကြရပေမည်။

ငယ်ငယ်ရွယ်ရွယ်က လိုက်နာရကောင်းမှန်း မသိသေးသည့် သားသမီး၊ တပည့်တွေသည် ကြီးပြင်းလာသည့်အခါ နားလည်သဘောပေါက်လာကြပါလိမ့်မည်။

ထိုသည့်အခါတွင်မှ ဆရာသမား၊ မိဘနှင့် မိတ်ဆွေသင်္ဂဟများ ပြောဆိုဆုံးမသည်များမှာ တယ်ပြီးတော့ မှန်ပါလားဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး ဆရာသမား စသည်တို့၏ ဂုဏ်ကျေးဇူးကို ပြောမကုန်အောင် ရှိကြပါလိမ့်မည်။

## အထုအခတ် ကောင်းမှ အိုးကောင်းရ

အိုးဖုတ်သည့် အိုးထိန်းသည် အိုးလုပ်သမားသည် ထုတတ်၊ ခတ်တတ် ရပါသည်။ ထုတတ်ခတ်တတ်ပါမှ အိုးကောင်းရပါမည်။ မထုတတ်မခတ်တတ်ပါက စောင်းသည့်နေရာက စောင်း၊ ရွဲ့သည့်နေရာက ရွဲ့နေတတ်ပါသည်။ သို့မဟုတ် အိုးကွဲခြင်းသို့လည်း ရောက်ရပါသည်။

ထို့အတူပင် ဆရာသမား၊ မိဘ စသည်တို့သည် မိမိတို့၏ တပည့်၊ သားသမီး စသည်တို့ကို ပြောဆိုဆုံးမတတ်ကြရပါသည်။ အပြောအဆို အဆုံးအမ မတတ်၊ အဆုံးအမ လွဲပါလျှင် တပည့်သားသမီး စသည်တို့သည် ပျက်စီးတတ်ကြပါသည်။

တပည့်သားသမီးများအပေါ်မှာ ဆိုဆုံးမ ကျွမ်းကျင်လိုသည့် ဆရာသမား၊ မိဘ စသည်များသည် ဗုဒ္ဓကျမ်းစာနှင့် နီတိကျမ်းစာတွေကို နိုင်နိုင်နင်းနင်း တတ်ကျွမ်းထားရန် လိုအပ်ပါသည်။

သို့မှသာ ဆိုဆုံးမသည့် နေရာမှာ ထက်မြက်ပါမည်။ တချို့သော တပည့်၊ သားသမီးများသည် ဆရာ မိဘ စသည်တို့က အပြစ်ပြပြီး ဆိုဆုံးမကြသည့်အခါ မခံယူတတ်ကြပါ။

အထုအရိုက်မခံသည့် အိုးသည် ကွဲပျက်၍အသုံးချ မရသလို ယင်းအတူပင် အဆုံးအမ မခံယူတတ်ကြသည့် တပည့်သားသမီးများသည်လည်း ဘယ်တော့မှ ကြီးပွားနိုင်မည် မဟုတ်ကြပါ။

ဤတွင် ဆရာသမား၊ မိဘ စသည်များကလည်း အထုအခတ်ကောင်းသည့် အိုးထိန်းသည်ပမာ အဆုံးအမကောင်းရန် လိုကြပါသည်။ တပည့် သားသမီးများကလည်း အထုအခတ်ခံနိုင်သည့် အိုးများပမာ အဆုံးအမကောင်းများကို လိုက်နာကျင့်ကြံနိုင်ကြရမည် ဖြစ်ပါသည်။

## ပညာရှိဖြစ်ဖို့ လိုအပ်ပါသည်

ဆရာသမားနှင့် မိဘ စသည်များသည် တပည့် သားသမီးများအပေါ်ဝယ် လိမ္မာယဉ်ကျေးအောင် အတတ်နိုင်ဆုံး သွန်သင်ဆုံးမ နည်းပေးလမ်းပြကြပါသည်။ သို့ဖြစ်၍ ဆရာသမား၊ မိဘ စသည်များသည် တပည့် သားသမီးများအပေါ်တွင် အလွန်တရာ ကျေးဇူးကြီးမားသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါသည်။

တပည့်သားသမီးများသည် မိမိတို့အပေါ်အလွန်တရာ ကျေးဇူးကြီးမားလှသော ဆရာသမား၊ မိဘ စသည်များအပေါ်ဝယ် ပြန်လည်၍ ကျေးဇူးသိရပေမည်။ ယင်းသို့ ကျေးဇူးရှင်အပေါ်၌ ကျေးဇူးသိခြင်းသည် သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တို့ပြုနိုင်ခဲသော အလုပ်ဖြစ်ပါသည်။ တကယ့်ပညာရှိသည့် ပညာရှိတို့၏ တာဝန်ကြီးများသာ ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့အပေါ်၌ အလွန်တရာ ကျေးဇူးကြီးမားကြသည့် ဆရာသမား၊ မိဘ စသည်များ အပေါ်၌ တပည့်၊ သားသမီး စသည်များသည် ကျေးဇူးတရား သိတတ်ကြသည့် ပညာရှိ တပည့်သားသမီး စသည်များ ဖြစ်ကြဖို့ အထူးပင် လိုအပ်ပါသည်။

## ဆရာကောင်း စသည်နှင့် တွေ့ဆုံရန်

လူတစ်ယောက်၏အလေ့အလာ ဝါသနာသည် ဆရာသမား၊ မိဘ စသည့်ပုဂ္ဂိုလ်များအထံမှ ကူးစက်တတ်ပါသည်။ ယင်းသို့ ကူးစက်ရာတွင် အကောင်းကူးစက်သည်လည်း ရှိပါသည်။ အဆိုးကူးစက်သည်လည်း ရှိပါသည်။

အကောင်းကူးစက်ဖို့ရန် အလွန်အရေးကြီးပါသည်။ မိမိ၏ ဆရာသမား၊ မိဘ စသည်များက ကောင်းနေကြပါမှ မိမိအတွက် အကောင်းဖြစ်ပါသည်။

မိမိ၏ ဆရာသမား၊ မိဘ စသည်များက မကောင်းဖြစ်နေကြပါမူ မိမိအတွက်လည်း မကောင်းဖြစ်တတ်ပါသည်။

ဓာတ်ဆိုသည်မှာ လိုက်သည့်အမျိုး၊ ကူးစက်တတ်သည့်အမျိုး ဖြစ်ပါသည်။ ယင်းသို့ ကူးစက်ပြီး ဓာတ်လိုက်လာခြင်း၊ ဓာတ်ဝင်လာခြင်းကို ပဋ္ဌာန်းဒေသနာတော်အရ ပကတူပနိဿယစ္စည်းနှင့် ကျေးဇူးပြုသည်ဟု ခေါ်ပါသည်။

ဆရာကောင်း သမားကောင်း၊ မိကောင်း ဖကောင်း၊ မိတ်ကောင်း ဆွေကောင်းဖြစ်ကြသည့် ပုဂ္ဂိုလ်များသည် ကုသိုလ်တရားဘက်မှာ အလွန်တရာ ကျေးဇူးပြုကြပါသည်။

ဆရာသမား၏ဝီရိယ ရှိမှုကြောင့် မိမိ၏ဝီရိယလည်း ကောင်းလာနိုင်ပါသည်။ သို့ဖြစ်၍ ဆရာကောင်း သမားကောင်းနှင့် တွေ့ဆုံရန် အလွန်တရာ အရေးကြီးပါသည်။ ယင်းသို့ ဆရာကောင်း သမားကောင်းနှင့် တွေ့ရမှလည်း ဝီရိယကောင်းလာမည် ဖြစ်ပါသည်။

မည်သည့်အလုပ်မဆို အလုပ်တစ်ခုခုကို လုပ်သည့်အခါ စွဲစွဲမြဲမြဲလုပ်ရန် လိုအပ်ပါသည်။ ယင်းသို့ စွဲစွဲမြဲမြဲ လုပ်ပါမှလည်း အရာထင်ပါမည်။

မည်သို့ပဲ ဖြစ်စေ၊ ပုဂ္ဂိုလ်ကောင်းတစ်ယောက်၏အကောင်းသည် ပုဂ္ဂိုလ်ကောင်းတစ်ယောက်မှ ကူးစက် ကျေးဇူးပြုသည်ကိုတော့ အဖိုးမဖြတ်နိုင်သည့် ပတ္တမြားရတနာနှင့် တူပါသည်။

## ကူးခြင်း စက်ခြင်း

ကူးခြင်း၊ စက်ခြင်း၊ ကူးစက်ခြင်းကို စာလိုခေါ်သော် "ဒိဋ္ဌာနုဂတိ" ခေါ်ပါသည်။ အလွယ်ပြောသော် အတုလိုက်သည်၊ အတုယူသည်၊ အတတ်သင်သည်ဟု ပြောနိုင်ပါသည်။

မည်သို့ဆိုစေ လူများသည်အတုယူလွယ်သည်၊ အတတ်သင်လွယ်သည်၊ ယင်းသို့အတုယူလွယ် အတတ်သင်လွယ်သည် ဖြစ်ရကား မိမိရှေ့က အတုကောင်း ယူရမည့် အတတ်ကောင်း ယူရမည့် မိကောင်း ဘကောင်း၊ မိတ်ကောင်း ဆွေကောင်း၊ ဆရာကောင်း သမားကောင်း ရဖို့အရေးမှာ အရေးတကာ့အရေးတွင် အကြီးဆုံးသော အရေးဖြစ်သည်။

ယင်းသို့ အရေးကြီးသော အကြီးဆုံးသောအရေးကို အလေးမထားသူ ရှိသလို အလေးထားသူလည်း ရှိပါသည်။

မိမိအနေနှင့်မူ လူရှင်ရဟန်းများစွာနှင့် ဆက်ဆံနေရသူ ဖြစ်ရကား ယင်းတို့ကို နေ့စဉ်နှင့်အမျှ မြင်တွေ့သိရှိနေရပါသည်။

ယင်းသို့မြင်တွေ့သိရှိနေရသူများတွင် အမှတ်မထင်သူများကို မှတ်တမ်းမတင်လိုပါ၊ တင်စရာလည်း မလိုပါ၊ အမှတ်ထင်သူများကိုမူ မှတ်တမ်းတင်လိုပါသည်၊ မှတ်တမ်းတင်စရာလည်း လိုပါသည်။

ယင်းသို့ မှတ်တမ်းတင်ပေးရန် မိမိထံသို့ အမှတ်ထင်ထင် စာတစ်စောင် ရောက်လာပါသည်၊ မိမိသည် ယင်းစာကို ဖော်ပြ၍ အမှတ်ထင်ထင် မှတ်တမ်းတင်ကာ ယင်းကို အတုယူ၍ အတတ်သင်မည့်သူများ ပေါ်ထွက်ရေးကို မျှော်လင့်ပါသည်။

၁-၁-၈၁

ဘုန်းဘုန်းဘုရား

တပည့်တော် ရှိသေစွာ ရှိခိုးဦးတင်လိုက်ပါတယ်ဘုရား၊ ဘုန်းဘုန်းလည်း ကျန်းမာပျော်ရွှင်စွာနဲ့ တရားအားထုတ်နိုင်ပါစေလို့ တပည့်တော် ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

တပည့်တော်လည်း ဘုန်းဘုန်းပြောတဲ့အတိုင်း အားထုတ်ပါတယ်ဘုရား၊ ဒါပေမဲ့ သတိလက်လွတ်သွားတဲ့အချိန်မှာ ကိလေသာများ ဝင်လာပါတယ်ဘုရား။

ကိလေသာ ဝင်တယ်၊ မဝင်ဘူးဆိုတာလည်း သိလာပါတယ်ဘုရား၊ အရင်ကဆိုရင် လောဘဖြစ်ရင်လည်း မသိပါဘုရား၊ မောဟဆိုရင် ပိုဆိုးပါတယ်ဘုရား၊ သတိမထားမိတော့ ကိလေသာတွေဟာ ဝင်ချင်တိုင်း ဝင်.နေတာပေါ့ဘုရား။

တပည့်တော်တော့ ဘာကိုပဲ ရှုရှု အနိစ္စ. ဒုက္ခ. အနတ္တ လက္ခဏာရေးသုံးချက် တင်ပြီး အရှုခံနဲ့ ရှုဉာဏ်နဲ့ တိုက်အောင်၊ တည့်အောင် ရှုပါတယ်ဘုရား၊ ဘုန်းဘုန်း အမိန့်ရှိတဲ့အတိုင်း အတ္တမဟုတ်၊ အနတ္တတရားမှန်း သေသေချာချာ သဘောပေါက် နားလည်ပါပြီဘုရား။

တပည့်တော်လည်း အိမ်မှာ အားလပ်သည့်အချိန်တိုင်း အားထုတ်ပါတယ်ဘုရား၊ ဒါပေမဲ့ စခန်းဝင်တာလောက်တော့ အကျိုးသိပ်မရှိပါဘုရား။

အိမ်ဆိုတဲ့ ကိလေသာတောမှာ နေရတာ စိတ်ပျက်စရာပါဘုရား၊ တကယ်တော့ တပည့်တော်တို့ လူသားတွေဟာ ဒုက္ခကို သုခ.ထင်နေကြတာပါဘုရား။

ကိစ္စတိုင်းမှာလိုပင် မသိမှုကသာ နေရာအယူများနေပါတယ်ဘုရား၊ တရားသဘော အဖြစ်နည်းပြီး ငါသဘော အဖြစ်များနေပါတယ်ဘုရား။

တပည့်တော်တော့ နေ့ည မရပ် စက္ကန့် မလပ် အမြဲထာဝစဉ် နှိပ်စက်နေကြတဲ့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကြီးကို နေ့ည မလပ် မပြတ်ဘဲ အမြဲမရှိ အနိစ္စလို့ နှလုံးသွင်းထားပါတယ်ဘုရား။

လူ့ဘဝကြီးဟာ ခဏကလေးပါဘုရား။ ဘယ်နေ့ ဘယ်အချိန် သေရမှန်း မသိတော့ အချိန်ကို အကျိုးရှိစွာ အသုံးချနေပါတယ်ဘုရား။ တရားအလုပ် အားထုတ်နေတော့လည်း တစ်နေ့တစ်နေ့နဲ့ အချိန်တွေ ကုန်လွယ်ပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့ ပုထုဇဉ်တွေဟာ တရားရေးနှင့်ကျတော့ မအားတာကို အကြောင်းပြလေ့ ရှိကြပါတယ်ဘုရား။

တကယ်တော့ ကိုယ့်အတွက်ကိုယ် အသေမနာအောင် အားထုတ်ကြိုးစားဖို့ရာမှာ မအားတာကို အကြောင်းမပြသင့်ကြပါဘုရား။

အဲဒီ မအားတာ အကြောင်းပြနေတဲ့ လူတွေဟာ သေမင်းလာခေါ်ရင်တော့ မအားလည်း လိုက်ကြရမှာပါဘုရား။ တပည့်တော်တော့ အပါယ်ကျမှာကို တွေးပြီး ကြောက်ပါတယ်ဘုရား။ ဘုန်းဘုန်းဟောတဲ့ ရုပ်ပြစ်ရှစ်ပါး တရားနာပြီးတော့ ပိုကြောက်ရွံ့မိပါတယ်ဘုရား။

ဒါကြောင့် တပည့်တော် တရားကို ကြိုးစားအားထုတ်ပါတယ်ဘုရား၊ တပည့်တော် တရားအားထုတ်တိုင်း ဘုန်းဘုန်း အမှူးထားပြီး သတ္တဝါတွေ အားလုံးကို မေတ္တာပို့သပါတယ်ဘုရား။

ဘုန်းဘုန်းရေးတဲ့ စာအုပ်တွေလည်း ဖတ်ရလို့ ပိုပြီးတော့ အားကျမိပါတယ်ဘုရား။

တပည့်တော် တစ်နေ့ တရားအားထုတ်တော့ ဘုန်းဘုန်းပြောတဲ့အတိုင်းပဲ ဝင်လေ ထွက်လေရဲ့ဝင်တိုင်း ထွက်တိုင်း တိုးဝင် - တိုးထွက်တဲ့ တိုးသဘောရုပ်ကို တိုးတိုင်းတိုးတိုင်း "ရုပ်.ရုပ်" လို့ ရှုပါတယ်ဘုရား။

အဲဒီလို ရှုပွားအားထုတ်တော့ မျက်စိထဲမှာ တိမ်ခိုးရုပ်၊ မီးခိုးရုပ်တွေ လေငွေ့ပြီး ပရမ်းပတာ လွင့် ပျက်နေတာကို မြင်တွေ့နေရပါတယ်ဘုရား။

တပည့်တော်ရဲ့ခန္ဓာကိုယ်ကြီးကိုလည်း အဲဒီလိုပဲ ပရမ်းပတာ ဖြစ်ပျက်နေတယ်လို့ သိမြင်လာပါတယ်ဘုရား။ ဒီရုပ်နာမ်ကြီးရဲ့ စေခိုင်းတဲ့အတိုင်း အားလုံးကို ဘာမှ မသိမှုနှင့် လုပ်နေရတာပါဘုရား။

တပည့်တော်တော့ ရေ့ကထက် ပိုမိုပြီး ကံကိုယုံကြည်ပြီး ကောင်းတဲ့ကံတွေ ဖြစ်အောင်ပဲ သီလ.သမာဓိ. ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ သတိမလစ်အောင် ပြုလုပ်အားထုတ်ပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ အဲဒီလို ပြုလုပ်အားထုတ်နေပေမဲ့ တပည့်တော်တို့ လူ့ဝတ်ကြောင်တွေဟာ အန္တရာယ် များလှပါတယ်ဘုရား။ ကိုယ်က ကောင်းတာလုပ်နေပေမဲ့ အနှောင့်အယှက်တွေ များလှပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား။ တပည့်တော် ယခုလို စာရေးတာဟာ ဘုန်းဘုန်းကို သတိရလို့လည်း တစ်ကြောင်း၊ တပည့်တော် အလုပ်အကြောင်းကို လျှောက်လို၍လည်း တစ်ကြောင်း၊ တပည့်တော် မသိ. နားမလည်တာကို မေးလျှောက်ချင်လို့လည်း တစ်ကြောင်းဆိုတဲ့ အကြောင်းကြောင်းတွေကြောင့်ပါ ဘုရား။

မေးချင်တာကတော့ ဘုန်းဘုန်း တပည့်တော်တို့ဆီကြွပြီး တရားပြကတည်းကပါ ဘုရား။ ဒါပေမဲ့ ဘုန်းဘုန်း ဟောရ၊ ပြောရ၊ စစ်ရတဲ့အလုပ်များ မအားမလပ် ဖြစ်နေလို့ အားနာပါ၍ မေးသင့် မမေးသင့် စဉ်းစားနေရင်းနဲ့ အချိန်သာ ကုန်သွားတယ်၊ မမေးဖြစ်ခဲ့ပါ ဘုရား။

တပည့်တော် လူ့ဘဝနဲ့ ငါးပါးသီလကို လုံခြုံအောင် အမြဲတမ်း စောင့်ထိန်းပါတယ်ဘုရား။ မနှစ်ကပေ့ါ ဘုရား၊ စခန်းဝင်ပြီး တပည့်တော် စိတ်တွေဟာ သီလရှင်ဝတ်ချင်တဲ့ စိတ်တွေသာ ဖြစ်ပေါ်နေပါတယ်ဘုရား။ သီလရှင်ဝတ်ချင်တဲ့ ဆန္ဒကလည်း ပြင်းထန်လှပါတယ်ဘုရား။

ဒါပေမဲ့ အကြောင်းအကျိုး မညီညွတ်လို့ သီလရှင် မဝတ်ဖြစ်ခဲ့ပါဘုရား။ ဆွေမျိုးတွေကလည်း သီလရှင် မဝတ်ရန် ဗိတ်ပင်ကြပါတယ်ဘုရား။ သီလရှင်ဝတ်မှ တရားရတာ မဟုတ်ဘူးတဲ့၊ လူဝတ်ကြောင်နဲ့လည်း တရားအားထုတ်နိုင်ပါတယ်လို့ ပြောကြတယ်ဘုရား။

အဲဒီလို ပြောကြတာနဲ့ပဲ တပည့်တော်လည်း သီလရှင် မဝတ်ချင်တော့ပါဘုရား။ ဒီလိုနဲ့ပဲ နေလိုက်ပါတယ်ဘုရား၊ တပည့်တော် မေးချင်တဲ့ အမေးက "သီလရှင် ဝတ်မှ တရားရနိုင်ပါသလား ဘုရား"၊ သီလရှင် မဝတ်ဘဲလည်း တရားရနိုင်ပါသလား ဘုရား။

တပည့်တော်အထင်ကတော့ သီလရှင်ဝတ်ပြီး တရားအားထုတ်တာတောင်မှ တရားမရနိုင်ရင် သီလရှင် မဝတ်ဘဲ လူဝတ်ကြောင်နဲ့ဆိုရင် ပိုပြီးဆိုးမယ်လို့ ထင်ပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်တို့ လူဝတ်ကြောင်ဘဝဟာ လောဘ. ဒေါသ. မောဟ ဆိုတဲ့ ကိလေသာတွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရားတွေက အလိုလိုနေရင်း သတိလက်လွတ်တိုင်း ဝင်နေပါတယ်ဘုရား။

သီလရှင်ဝတ်နဲ့ဆိုတော့ ကိုယ့်သီလကို ကိုယ် အမြဲတမ်းထိန်းသိမ်းစောင့်ရှောက်နေရလို့ တရားရကိုရမယ်လို့ တပည့်တော် ထင်မြင်ပါတယ်ဘုရား။

တပည့်တော် သီလရှင် ဝတ်တဲ့အခါမှာလည်း ကိုယ့်မြို့နဲ့နီးတဲ့ နေရာမှာ မဝတ်ချင် မနေချင်ပါဘုရား။ ကိုယ့်မြို့နဲ့ ဝေးတဲ့နေရာမှာပဲ နေချင်ပါတယ်ဘုရား။ အချိန်သည် လူကို မစောင့်ဆိုတဲ့အတိုင်း အချိန်ကို တန်ဖိုးရှိစွာ အသုံးချပါတယ်ဘုရား။

ဘုရားရှင်ရဲ့တရားတော်တွေဟာ အေးငြိမ်းချမ်းသာလှပါတယ်ဘုရား။ အေးငြိမ်းချမ်းသာမှုကို နှစ်သက်တဲ့အတွက် အမြဲတမ်း အေးငြိမ်းချမ်းသာအောင်လည်း ကျင့်ကြံအားထုတ်ပါတယ်ဘုရား။အားထုတ်တဲ့အတိုင်းလည်း လွယ်ကူစွာနဲ့ပဲ နိဗ္ဗာန်ကို ဘဝမခြားဘဲ ဒီဘဝမှာပဲ ရပါစေလို့ ဆုတောင်းပါတယ်ဘုရား။

ဘုန်းဘုန်းဘုရားလည်း ကျန်းမာရွှင်လန်းစွာနှင့် သာသနာပြုနိုင်ပါစေ...။

တပည့်တော်မ

(........)

သို့

(.......)

၇-၁၁-၈၂

ပြန်ကြားသိစေသည်။

စခန်းပြီးသည့် နောက်ပိုင်းမှာလည်း တရားဆက်လက်ပြီးတော့ အားထုတ်နေကြောင်း သိရ၍ အလွန်ဝမ်းသာသည်။ တရားဆိုတာ ရက်ပိုင်းသာ အားထုတ်ရတာမျိုး မဟုတ်ပါ။ လောကီ စီးပွားဥစ္စာကို တစ်သက်လုံး ရှာဖွေသလို တရားကိုလည်း တစ်သက်လုံး ဆည်းပူးရှာဖွေ အားထုတ်ရမှာပေါ့။

သတိလက်လွတ်တဲ့အချိန်မှာ ကိလေသာများ ဝင်လာတာကို သိရင် သိပ်ကောင်းပါတယ်။ ဘာဖြစ်လို့ ကောင်းတာလဲဆိုတော့ ကိလေသာ ဝင်မှန်းသိရင် မဝင်အောင် သတိထားပြီး သတိတရား အစောင့်ချထားပြီး သတိမလစ်အောင် ကြိုးစားရင် ကိလေသာ မဝင်တော့ အကျိုးရှိတာပေါ့။

ကိလေသာ ဝင်တာကို မဝင်ဘူးလို့ ထင်နေရင် ဘယ်လိုလုပ်ပြီး အဲဒီကိလေသာကို ပယ်ရှား၊ တားမြစ်စောင့်စည်းနိုင်မလဲ၊ အဲဒါကြောင့် သတိလက်လွတ်သွားတဲ့ အချိန်မှာ ကိလေသာ ဝင်မှန်း သိနေတယ်ဆိုတာ အသိတိုးတက်၊ သတိတိုးတက်လို့ ကောင်းတယ်လို့ ပြောတာပါ။

အမှန်ကတော့ တရားအားထုတ်တယ် ဆိုတာဟာ သတိ.အစောင့်ချထားတာပဲ မဟုတ်လား။သတိမရှိဘူးဆိုတော့ တရားအားထုတ်တာလည်း ဘယ်ဟုတ်တော့မလဲ၊ တရားမှ အားမထုတ်တော့ ကိလေသာတွေ ဝင်ချင်တိုင်း ဝင်တာပေါ့။

အဲဒီလို ကိလေသာတွေ ဝင်ချင်တိုင်း ဝင်နေတာကို လက်ခံပြီး ကိလေသာအကြိုက် အလိုလိုက်သူတို့ အကြိုက်ဆောင်လာခဲ့တာဟာ ဘဝတွေ၊ ကမ္ဘာတွေ ရေတွက်မရ များပြားခဲ့ပြီ မဟုတ်လား။

အနိစ္စ. ဒုက္ခ. အနတ္တ လက္ခဏာသုံးချက်တင် ရှုတာလည်း ကောင်းပါတယ်။ အရှုခံအာရုံနဲ့ ရှုတဲ့ ဉာဏ်နဲ့ တည့်အောင်လည်း ရှုပါ။ အဲဒီလိုရှုလို့ ဉာဏ်ရင့်ကျက်လာကြတဲ့အခါ နိစ္စမဟုတ် အနိစ္စ၊ သုခ မဟုတ် ဒုက္ခ၊ အတ္တ မဟုတ် အနတ္တ၊ သုဘမဟုတ် အသုဘလို့ ထင်မြင်လာရင် အကျိုးရှိပါတယ်။

"တရားအားထုတ်တာလည်း အဲဒီလို ထင်မြင်အောင် အားထုတ်ပါ။ ယခု ( .... )မှာ အတ္တမဟုတ်၊ အနတ္တတရားမှန်း သေသေချာချာ သဘောပေါက်နားလည်လာတယ်ဆိုတော့ သိပ်ကောင်းပါတယ်။

"အိမ်"ဆိုတာ ကိလေသာတောလို့ သိလာတာ အသိကောင်းပါတယ်၊ ကိလေသာတောထဲမှာ ကိလေသာ မဖြစ်အောင် နေတတ်ထိုင်တတ်အောင် ကြိုးစားပေါ့။

ဒုက္ခကို သုခထင်နေကြလို့ လူတွေ ဒီလောက်တောင် မေ့မျောပျော်နေကြတာပေါ့။ ဒုက္ခကို ဒုက္ခမှန်းသိရင် ကျွတ်အောင် လွတ်အောင် ကြိုးစားကြမှာပေါ့။

ပြီးတော့ ကိစ္စတိုင်းမှာ မသိမှု အဝိဇ္ဇာကသာ နေရာအယူများနေလို့ မဟုတ်တာတွေလုပ်၊ မဟုတ်တာတွေ ပြော၊ မဟုတ်တာတွေကြံဖြစ်ကုန်ပြီး ကမောက်ကမဖြစ်နေကြတာပေါ့။

တကယ်တော့ တရားအားထုတ်တယ်ဆိုတာ မသိမှု အဝိဇ္ဇာနေရာမှာ သိမှု ဝိဇ္ဇာဉာဏ် အစားဝင်သွားရင် ငါသဘောပေါက်သွားပြီး အနတ္တသဘော ဝင်လာမှာပါ။

မိမိတို့ ရထားတဲ့ ရုပ်နာမ်ခန္ဓာကြီးက ရုပ်နာမ်ခန္ဓာကို ငါ လုပ်နေသူကို အမြဲမပြတ် တရစပ်နှိပ်စက်နေမှန်းသိပြီး နေ့ညလည်း အမြဲမရှိ အနိစ္စလို့ ရှုနိုင်ရင် အနိစ္စရုပ်နာမ် နယ်ပယ်က ထွက်မြောက်နိုင်တဲ့ အကျိုးကျေးဇူးတွေ များစွာရမယ်၊ ကြိုးစားပြီး နလုံးသွင်းပါ။

ယခု(...)ဟာ အငယ်လေး ရှိသေးတာပဲ။ အဲဒီလို အငယ်ကလေးနဲ့ လူ့ဘဝဟာ ခဏကလေးသာ သိရှိပြီး အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရင် ဘဝတစ်လျှောက်လုံး ချမ်းသာသုခ ပြည့်ဝစွာနဲ့ နေနိုင်ပါလိမ့်မယ်။

တရားအလုပ်နဲ့ အချိန်ကုန်လွယ်တယ်ဆိုရင် တရားတိုးတက်လာလို့ တရားနဲ့ ပျော်လာလို့ပေါ့။

တရားရေးနဲ့ကျတော့ မအားတာကို အကြောင်းပြလေ့ရှိသူဟာ တရားကျေးဇူးမသိလို့ ကိလေသာထူထပ်လို့သာ မှတ်ပါ။

လောကထဲမှာ အလုပ်ကိုယ်စီနဲ့ လူချည်းပဲဟာ အားလပ်တဲ့လူရယ်လို့ ဘယ်ရှိမလဲ၊ မအားတဲ့ကြားထဲက ကိုယ်ရေးကိုယ်ရာအစစ်ဖြစ်တဲ့ တရားရှာရတာပေါ့။

အဲဒီလိုမှ တရားမရရင် သေမင်းလာခေါ်တဲ့အခါ မအားလည်းပဲ လိုက်ရတော့ တရားမပါဘဲ အပါယ်ရွာ ရောက်မှာပေါ့။ အမှန်က ရုပ်ပြစ်ရှစ်ပါး သင့်တာဟာ အလွန်တရာမှပဲ ကြောက်စရာကောင်းပါတယ်။ ကြောက်လည်း ကြောက်ကြလို့ ရုပ်ပြစ်ရှစ်ပါးမှ လွတ်မြောက်အောင် ဆုတောင်းနေကြတာပေါ့။ တရားအလုပ်လုပ်ဖို့ အရေးကြီးပါတယ်။

ဟုတ်တယ်၊ ညက်မျက်စိထဲမှာ တိမ်နိုးရုပ်၊ မီးနိုးရုပ်တွေ လေငွေ့ပြီး ဇရမ်းဇတာ လှုင့်ပျက်နေသလို ခန္ဓာကိုယ်ထဲက ရုပ်နာမ်တွေလည်း တိမ်နိုးတိမ်ရုပ်မီးနိုးပမာ ဇရမ်းဇတာ ဖြစ်ပျက်နေတယ်လို့ သိတာမြင်တာ အမြင်မှန်ပါ။ အဲဒီသဘောကို မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ ဒီလိုလင်္ကာသီခဲ့ပါတယ်။

"ခန္ဓာမီးနိုး တိမ်ရုပ်မျိုးလည်း၊ တစိုးတစိ၊ မြဲမရှိဘူး၊ ဖြစ်မိဖြစ်ရာ၊ ဖြစ်တတ်စွာ၏၊ ကြမ္မာအလိုက် ခါနိုက်တန့်မျှ၊ အခွန့်မကြာ၊ မနည်းကွာ၏၊ လိုရာမရ၊ တစ်ခဏဖြင့်၊ ဘဝမျက်မြင်၊ မိုးကောင်းကင်၌၊ ခုဆင်ခုမြင်း၊ ရွှေရွှေယွင်းလျက်၊ ကြည့်တွင်းမမှန်၊ ရုပ်သဏ္ဍာန်တို့၊ ဖောက်ပြန်တုံဘိ၊ လေလိုက်အိသို့၊ မိမိအမူ၊ စိမ့်ပြုသည်၊ ငါဟုမမှုစသာတည်း"

"အေး ...၊ တရားမြင်လာလေ ကံ.ကံ၏ အကျိုးတရားတွေ မြင်လာလေပေါ့၊ အဲဒါဟာ သဘာဝပါပဲ။ အဲဒီလိုကံ.ကံ၏အကျိုးတရားတွေမြင်လာလေပိုပြီးတော့တရားမြဲလေပေါ့။ တရားမြဲလေအကျိုးရှိလေပေါ့။ အကျိုးရှိလေပိုပြီးတော့ကြိုးစားလေပေါ့"

လူဝတ်ကြောင်တွေဟာ အန္တရာယ်များလို့ ဝတ်ကြောင်ပုဆိုး ကောင်းကျိုးမပေးလို့ စကားပုံတောင် ရှိတယ်မဟုတ်လား။

ကိလေသာ တောထနေတဲ့ လူဝတ်ကြောင်တွေဆိုတော့ တစ်ယောက်ကိုတစ်ယောက် အန္တရာယ်လုပ် အနှောင့်အယှက်လုပ်နေကြတာမို့ အန္တရာယ်တွေ၊ အနှောင့်အယှက်တွေ များလှပါတယ်။

အဲဒီလို များပြားလှတဲ့ အန္တရာယ်တွေ၊ အနှောင့်အယှက်တွေကို အာရုံယူပြီးတော့ အဲဒီလို အန္တရာယ်တွေ၊ အနှောင့်အယှက်တွေ တွေ့နေရတဲ့ လူ့ဘဝက လွတ်ကင်းအောင် တရားကြိုးစားအားထုတ်မှ တရားရမှာပေါ့၊ တရားရမှ အနှောင့်အယှက် အန္တရာယ်တွေ ကင်းလွတ်ရာ နိဗ္ဗာန်ရမှာပေါ့။

တကယ်တော့ သီလရှင်ဝတ်ချင်စိတ် မပြင်းထန်သေးလို့ သီလရှင် မဝတ်ဖြစ်သေးတာလို့ပဲ ဆိုရမှာပေါ့။ ဆန္ဒပြင်းထန်ရင် မဖြစ်တာမရှိပါဘူး၊ ဖြစ်ပါတယ်။

လူတွေဟာအများအားဖြင့် ကိုယ့်ဘက်ကိုသာ ကိုယ်ဆွဲတဲ့သဘာဝ ရှိပါတယ်။ လူဝတ်နဲ့လည်းတရားအားထုတ်နိုင်ပါတယ်လို့ ဆိုပေမဲ့ တကယ်တော့ မလွယ်ဘူးဆိုတာကို ( ....) အသိပဲမဟုတ်လား၊

ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်. ဖြစ်သလို လုပ်ရမှာပေါ့။ တရားကို သီလရှင်ဝတ်မှ ရမယ်၊ သီလရှင်မဝတ်ရင် မရနိုင်ဘူးလို့ သတ်မှတ်ချက် မရှိပါဘူး။

သီလရှင်ဝတ်လည်း တရားရအောင် အားမထုတ်နိုင်ရင် ဘယ်ကလာပြီး တရားရတော့မလဲ။ တရားရအောင် အားထုတ်မှ တရားရမှာပေါ့။ လူဝတ်နဲ့လည်း အားမထုတ်ရင် မရပါဘူး။ အားထုတ်ရင်ရနိုင်ပါတယ်။

ဒါပေမယ့် လူ့ဘဝမှာတော့ သားသမီး၊ သားမယား၊ လင်သား စသည့် အချည်အနှောင်အဖွဲ့တွေက ရှိနေလို့ တကယ်တော့ မလွယ်ပါဘူး၊ အဲဒီအချည်နှောင်အဖွဲ့တွေ မရှိဘူး။ အချိန်လည်းရ အားလည်း ထုတ်မယ်ဆိုရင် လူဝတ်နဲ့လည်း တရားရနိုင်ပါတယ်၊ ရှေးက လူဝတ်နဲ့ တရားရသွားတာတွေ များစွာရှိပါတယ်၊

တစ်ခုတော့ ရှိပါတယ်။ လူနဲ့ သီလရှင်ဟာ ကုသိုလ်ရတာခြင်း၊ စိတ်ချမ်းသာခြင်း၊ သားသမီးစသည့် ကျွန်မခံရခြင်း စသည်ဖြင့် များစွာ ကွာခြားချက် ရှိပါတယ်။ ကွာခြားကြောင်းလည်း (....)ရဲ့စာထဲမှာ ပါနေသားပဲ။

"သီလရှင်ဝတ်တာ၊ မဝတ်တာ အသာထား၊ အချိန်သည် လူကို မစောင့်တဲ့အတိုင်း အချိန်ကို မစောင့်ဆိုင်းဘဲ ရသမျှအချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်ရင် (....)မျှော်မှန်းထားတဲ့ အေးငြိမ်းရာ နိဗ္ဗာန်ကို ရောက်ပါလိမ့်မယ်၊ ရောက်ပါစေလို့လည်း ဘုန်းဘုန်းဆုတောင်းပေးလိုက်ပါတယ်"

- ✦ တရားဆိုတာ မှန်ကန်စွာ ရှုတာ ပွားတာ ပဓာန၊
- ✦ မရှုပွားလျှင် သီလရှင် ဉာဏ်မြင်မရ သာမည၊
- ✦ ရှုပွားများလျှင် သီလရှင် ဉာဏ်မြင်ထူးရ ဝိသေသ၊
- ✦ လူသူများလည်း ထို့တူပဲ ရှုမြဲလေမှ တရားရ။

# နတ် "မ" ပြဿနာ

## ဦးရှင်ကြီးဟာ ရေငန်ပိုင် ဟုတ်ပါသလားဘုရား

(၁၈၈)

### ရှိခိုးထိုက်. မထိုက်

နတ်ရှိသည်ဟု ယုံကြည်သူများအဖို့ နတ်များက သတ္တဝါတစ်မျိုးပင် ဖြစ်တယ်လို့ သိမှတ်ထားပါ။ လူတို့၌ ရှိခိုးထိုက်သူ၊ ရှိခိုးမထိုက်သူဟု နှစ်မျိုးရှိသကဲ့သို့ နတ်များ၌လည်း ရှိခိုးထိုက်သောနတ်၊ ရှိမခိုးထိုက်သောနတ်ဟု နှစ်မျိုး ရှိပါသည်။

၎င်းနတ်တို့ကို သတိရစ္စာ အစာအာဟာရ စသည် ပေးကမ်းပသခြင်း၊ အမျှအတန်း ဝေခြင်း စသည်ကို ပြုအပ်ပါသည်။ လူများအချင်းချင်း ထမင်းကျွေး၊ ဟင်းခွက်ကမ်းသကဲ့သို့ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လူလူချင်း ပြုသလို နတ်များအားလည်း ပြုနိုင်ပါသည်။

လူများအချင်းချင်း ပေးကမ်းထောက်ပံ့လျှင် အခါခပ်သိမ်း ပြန်လည်ပြီး မကူညီနိုင်စေကာမူ ၎င်းတို့ တတ်နိုင်သောအခါ အကူအညီရသကဲ့သို့ နတ်များလည်း အရာခပ်သိမ်း မကူညီနိုင်၊ မမ.စနိုင်၊ မပေးကမ်းနိုင်ပါ။

### ကိုယ်က မ.မှ သူက မ.မည်

ပညာရှိသည့် ပုဂ္ဂိုလ်သည် အကြင်အရပ်၌ နေခြင်းကို ပြု၏။ ဤမိမိနေရာအရပ်၌ မြတ်သောအကျင့်ကို ကျင့်ကြကုန်သော ဗြဟ္မစိုရ်တို့ကို အရှိန်သေအောင် သတိစောင့်စည်းအပ်ကုန်ပြီးသော သီလရှိသူ အရှင်ကောင်း၊ အရှင်မြတ်အပေါင်းတို့ကို ဆွမ်းကျွေး၍ ထိုအရပ်၌ ရှိနေကုန်သော နတ်တို့အား အလှူကို ရည်ညွှန်းဖော်ကာ အမျှဝေရာ၏။

ပညာရှိတို့ အမျှဝေကာ အပူဇော်ခံကြကုန်သော ထိုနတ်တို့သည် ထိုမိမိကို အမျှဝေသောအားဖြင့် ပူဇော်သူတို့ တုံ့လှည့်တစ်ဖန် ပူဇော်ကြကုန်၏။ အမျှဝေသောအားဖြင့် မြတ်နိုးခံရကုန်သော ထိုမိမိတို့အား အမျှဝေသောအားဖြင့် မြတ်နိုးသူကို ပြန်လည်မြတ်နိုးကြကုန်၏။

ထို့ကြောင့် ထိုမိမိကို ပူဇော်မြတ်နိုးသူကို မိခင်သည် ရင်၌မွေးဖွား သားအရင်းကို အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဒ႔စဉ်စောင့်ရှောက်ကြလေကုန်၏။ နတ်တို့ အစောင့်အရှောက်ကို ခံရသော လူသားသည် အခါခပ်သိမ်း ကောင်းသောအာရုံကို ကြုံတွေ့ရပေ၏။

(ဝိနည်းမဟာဝါပါဠိတော်)

## ပုံ၍ မယုံရာ

ဘာမဆို ကံကိုယုံပြီး ပုံထားသူများကဲ့သို့ နတ်ကို ယုံပြီး ပုံထားမှုမျိုးကိုကား မပြုအပ်ပါ။ ရတနာသုံးပါးအပေါ်၌ ယုံကြည်လွန်းလေ၊ အာရုံပြုလွန်းလေ၊ ကောင်းလေဖြစ်သော်လည်း နတ်များအပေါ်၌ အလွန်အကျွံ ပုံ၍ ယုံခြင်းမျိုး၊ နတ်ရူး ရူးသည်ဟု ဆိုရလောက်အောင် အဖြစ်မျိုးကား မလိုလားအပ်သော ယုံကြည်မှုမျိုး ဖြစ်ပါသည်။

အချို့ကား ဘုရားကို ဆွမ်းတော်တင်ရန်၊ ရေချမ်းကပ်ရန်၊ ဆီမီးကပ်ရန်၊ ပန်းကပ်ရန်ကား သတိမရပါ။ နတ်ပွဲကိုမူကား ငှက်ပျောသီး၊ အုန်းသီး မနွမ်းရအောင် တရိုတသေ တယုတယပြုစု ပသကြ၏။

ဘုရားထက် ပို၍ နတ်ကို ရိုသေလေးစား ပူဇော်ပသမှုမျိုးကား မိမိ၏ ဗုဒ္ဓဘာသာ မပီသမှုကို ဖော်ပြခြင်းဖြစ်ရာ ထိုအမှုမျိုးကို ရှောင်ရှားရန် အထူးပင် သတိပြုဖို့ လိုအပ်ပါသည်။

## နတ် မ "မ" ပါ - မတယ်ယုံ

ရှင်တော်ဘုရား ထင်ရှားပွင့်ပေါ် လက်ထက်တော်အခါက ဖြစ်၏။ နတ်ကို ယုံကြည်ကိုးစား ကုန်သည်များတို့သည် ကုန်ကူးသွားသောအခါ အရောင်းအဝယ် သွားသောအခါတို့၌ မသွားခင် ကြိုတင်၍ သတ္တဝါအများကို သတ်ဖြတ်ကာ နတ်များကို ပူဇော်ပသကာ -

"အရှင်နတ်များတို့ အကျွန်ုပ်သည် အန္တရာယ်ရှင်း ဘေးရန်ကင်းသဖြင့် လိုအပ်သော အကျိုးစီးပွား ပြီးဆုံးခြင်းသို့ရောက်၍ပြန်လာနိုင်သည်ရှိသော် အရှင်နတ်များအား နောက်ထပ်တစ်ဖန် ပူဇော်မှုကို ပြုပါကုန်အံ့"

ဟု ဆုတောင်းတိုင်တည်၍ ကုန်ကူးသွားကြကုန်၏။ အရောင်းအဝယ်အမှုကို ပြုကြကုန်၏။ ထိုကုန်သည်တို့သည် သူတို့၏ အတိတ်ဘဝက ဒါနကုသိုလ် အဟုန်နှင့် ပစ္စုပ္ပန်ဉာဏ် ဝီရိယရှိမှုတို့ကြောင့် အန္တရာယ်ရှင်း ဘေးရန်ကင်းသဖြင့် လိုအပ်သော အကျိုးစီးပွားများကို ရ၍ ပြန်လာကြကုန်၏။

ထိုသို့ မိမိတို့၏ အတိတ်ကံ ပစ္စုပ္ပန်ဉာဏ် ဝီရိယတို့ကြောင့် အန္တရာယ်ရှင်း ဘေးရန်ကင်းစွာ အကျိုးအမြတ်များ ရလာကာ ပြန်လာကြသော နတ်ယုံကြည်သူ ကုန်သည်တို့က -

"ငါတို့ ယခုကဲ့သို့ ဘေးရန်ကင်းရှင်း ချမ်းသာခြင်းဖြင့် အကျိုးအမြတ်များ ရရှိလာကြသည်မှာ ကုန်ကူး မသွားခင်ကနတ်များကို ပူဇော်ပသ ဆုတောင်းမှုပြု၍ သွားကြသောကြောင့် ဖြစ်သည်"

ဟု ယုံကြည်ကြကာ သတ္တဝါအများကို သတ်ဖြတ်ကာ တောင်းပန်မှုမှ လွတ်မြောက်ရန် နတ်များအား ပူဇော်ပသမှု ပြုကြကုန်၏။ ထိုအခြင်းအရာကို မြင်ကြ၍ ရဟန်းတော်တို့က ဘုရားရှင်အား -

"မြတ်စွာဘုရား - လူများအပေါင်းသည် သတ္တဝါအများအား သတ်ဖြတ်၍ နတ်များကို ပူဇော်ပသမှု ပြုရာ၌ အကျိုးအမြတ် ရှိပါသလားဘုရား"

ဟုလျှောက်ထားကြကုန်၏။ ထိုအခါ ဘုရားရှင်က ရဟန်းတို့၊ အတိတ်အခါက ကာသိတိုင်းရွာငယ်တစ်ခု၌ သူကြွယ်တစ်ယောက်သည် ရွာတံခါးရှိ ညောင်ပင်စောင့်နတ်အား အဲဒီကုန်သည် ပူဇော်သလို ပူဇော်ပသ၍ ကုန်ရောင်းကုန်ဝယ် သွားကြသည်။

အဲဒီသူကြွယ်ဟာ အဲဒီကုန်သည်များအတူပဲ အကျိုးအမြတ်ရရှိလာတော့ နတ်မလို့ပဲဟု ယုံကြည်ကာ သတ္တဝါအများကို သတ်ဖြတ်ကာ "တောင်းပန်မှုမှ လွတ်စေပါအံ့" ဟု နလုံးသွင်းကာ ညောင်ပင်ရင်းသို့သွားတယ်။ အဲဒီအခါ ညောင်ပင်စောင့်နတ်က သစ်ပင်ခွကြားမှ -

"အို - ကုန်သည်ယောက်ျား၊ အကယ်၍ သင်သည် တောင်းပန်မှုကိုးစားမှုမှ လွတ်လိုသည်ဖြစ်အံ့၊ တမလွန်ဘဝနောက်ကာလ၌ မကောင်းမှုဖြင့် မဖွဲ့မိအောင်ပြုပါ"

"အို - ကုန်သည်ယောက်ျား၊ အကယ်၍ သင်သည် သတ္တဝါများကို သတ်ဖြတ်၍ ကိုးစားမှုမှ လွတ်လိုသည်ဖြစ်အံ့၊ ဤသို့ လွတ်လိုသည်ရှိသော် သင့်ကို မကောင်းမှုဖြင့် ဖွဲ့မိတော့အံ့"

"အကြင်ပညာရှိ ယောက်ျားတို့သည် သင်ကဲ့သို့ မကောင်းမှုပြု၍ ကိုးစားမှုမှလွတ်ရန် မပြုကြကုန်"

"မှန်တယ်၊ အို - ကုန်သည်ယောက်ျား၊ သင်လိုသူ့အသက်သတ်ပြီး ကိုးစားမှုလွတ်မြောက်စေခြင်းဟာ လူမိုက်အတွက် အနှောင်အဖွဲ့သာ ဖြစ်ပါတယ်"

လို့ ဤစကားတို့ဖြင့် ကုန်သည်ယောက်ျားအား တရားဟောပါတယ်၊ ထိုအခါမှစ၍ လူတို့သည် သူ့အသက်ကို သတ်၍ နတ်များအား မပူဇော် မပသ၊ မကိုးစားကြတော့ပါ။

(အာယာစိတဘတ္တဇာတ်)

## နတ်အကြောင်း

အို - စာရှုသူ၊ ဤမျှလောက် ဖတ်ရှုမိပါလျှင် နတ်အကြောင်း၊ နတ်၏သဘာဝ၊ နတ်မသည် မမသည်၊ နတ်များကို အားကိုးတစ်ခု ပြုသင့်သည်၊ မပြုသင့်သည်ကို သိလောက်ပါပြီ။ မိမိအဘယ်ကြောင့် ဤသို့ ရေးသားဖော်ပြရသည်ကိုလည်း ရိပ်မိလောက်ပါပြီ။

သာသနာထွန်းကားပါသည်။ ဗုဒ္ဓဘာသာ ဦးရေများပါသည်ဆိုသော မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာအမည်ခံ နတ်ကို အစွဲအလမ်း အားကိုးတစ်ခု ယုံကြည်သူအများအပြား ရှိပါသည်။ မယုံကြည်သူများမှာ အနည်းငယ်မျှသာ ရှိသည်။

ယင်းနတ်အများတွင် ဦးရှင်ကြီးနတ်ကို ကိုးကွယ်ပသ ပူဇော်မှုမှာ တစ်မျိုးဆန်းနေပါသည်။ မြို့လုံးကျွတ် ဦးရှင်ကြီး ပူဇော်ပွဲလုပ်သည်အထိ ရှိပါသည်။ ယင်းမျှ ယုံကြည်ကိုးကွယ်သူနှင့် မယုံကြည် မကိုးစားသူ ခြားနားကာ မိမိထံသို့ ပြဿနာ ရောက်လာပါသည်။

"အရှင်ဘုရား၊ ဦးရှင်ကြီးက ရေနန်ပိုင် ဟုတ်ပါသလားဘုရား"

"ဦးရှင်ကြီးဟာ ရေနန်ပိုင် မဟုတ်ဘူး"

"အရှင်ဘုရားအဖြေကလည်း တိုလိုက်တာ ဘုရား"

"ဒကာကြီးအမေးက ဒါလောက်နဲ့ပဲ အဖြေက ပြည့်စုံနေတော့ ဒါလောက်ပဲ ဖြေရတာပေါ့"

"ဦးရှင်ကြီးက ရေနန်ပိုင်မဟုတ်ရင် ဘယ်သူ ရေနန်ပိုင်ပါလဲ ဘုရား"

"ရေနန်ပိုင်က မဏိမေခလာနတ်သမီးပဲ"

"အရှင်ဘုရား၊ လာမေးကာမှ ပြဿနာတွေ ရှုပ်ကုန်ပါပြီဘုရား၊ တပည့်တော်တို့ သိနေတာက ဦးရှင်ကြီးပဲ ရေနန်ပိုင်လို့ သိပါတယ်။ မဏိမေခလာ နတ်သမီးကို ရေနန်ပိုင်လို့ မသိပါဘုရား"

"အလောင်းတော် မဟာဇနကမင်း သင်္ဘောပျက်စဉ်က ကယ်တင်ကာ ဦးရှင်ကြီးလား၊ မဏိမေခလာနတ်သမီးလား"

"မဏိမေခလာ နတ်သမီးပါဘုရား"

"အင်း - ပင်လယ်ထဲမှာကျ သင်္ဘောပျက်လို့ ကယ်တင်နေတာ မဏိမေခလာ နတ်သမီးပါ။ ဦးရှင်ကြီး မဟုတ်ပါဘူး။ အဘယ်မလိမ္မာတဲ့ လူမိုက်တွေက ဦးရှင်ကြီးကိုရေနန်ပိုင်ဆိုပြီး ထိုးထည့်လိုက်တာနဲ့ ရေနန်ပိုင်နာမည်ခံ ဖြစ်သွားလဲမသိပါဘူး"

"ဒီလိုဆို ဦးရှင်ကြီးက ဘာနတ်လဲဘုရား"

"ဦးရှင်ကြီးက နတ်မဟုတ်ပါဘူး။ ပြိတ္တာပါ"

"အရှင်ဘုရား၊ ပြဿနာတွေ ရှုပ်သည်ထက် ရှုပ်လာပါပြီ၊ ဦးရှင်ကြီးဟာ ဘယ်လိုပြိတ္တာလည်း ရှင်းပါဦး ဘုရား"

## စောင်းသမား မောင်ရှင်

ကဲ - ကဲ နားထောင်၊ ရှင်းပြမယ်၊ ရှင်းပြမယ်။ အဲဒီဒကာကြီးတို့ ပြောဆိုယုံကြည်နေကြတဲ့ ရေနန်ပိုင် ဦးရှင်ကြီးနဲ့ ပတ်သက်ပြီးတော့ မိန်းမလှကျွန်းဆိုတာ ဟိုမြစ်ဝကျွန်းပေါ်ဒေသတွင် ထင်ရှားတဲ့ ကျွန်းတစ်ကျွန်း ရှိပါတယ်။

အဲဒီမိန်းမလှကျွန်းကို မွန်စာပေမှာတော့ "မိန္နမ္ဓဲ" လို့ ရေးသားပါတယ်။ အဓိပ္ပာယ်ကတော့ မြရာပင်ပေါက်တဲ့ကျွန်းလို့ သိရပါတယ်။ အဲဒီမိန်းမလှကျွန်းရဲ့တောင်ဘက်မှာတော့ "ကျွန်းညိုကြီး" ဆိုတဲ့ ကျွန်းတစ်ကျွန်းလည်း ရှိပါတယ်။

အဲဒီကျွန်းညိုကြီးမှာတော့ ယခုအခါ လူနေအိမ်ခြေတွေ စည်ကားစွာနဲ့ ဖြစ်နေတော့ ကျွန်းညိုကြီးဆိုတဲ့အမည် ပျောက်ပြီး "ကျွန်းညိုရွာ" လို့ အမည်တွင်နေပါပြီ။

အဲဒီသမိုင်းဖြစ်စဉ်တွေ ပြန်ကြည့်ရင် ဘယ်ဘုရင်လက်ထက်က၊ ဘယ်သက္ကရာဇ်ကဆိုတာ အတိအကျ မပြောပြနိုင်ပါ။ ရာမညတိုင်း မွန်လူမျိုးများ ကောင်းစားစဉ်အခါကလို့ပဲ ပြောနိုင်ပါတယ်။

အဲဒီအခါက ယခု ပဲခူးနယ်မှာ "ကစင်ရွာ" ဆိုတာ ရှိပါတယ်။ တချို့က "စည်တီးရွာ" လို့လည်း ခေါ်ပါတယ်။ အဲဒီရွာမှာ မောင်ရှင်ဆိုတာ ရှိပါတယ်။ သူ့ဖခင်က သူကြီးပါ။ သူငယ်စဉ်ကပဲ သေဆုံးသွားပါတယ်။

ဖခင် သေဆုံးသွားတော့ ဆင်းရဲနွမ်းပါးနေတာနဲ့ သူထူးချွန်စွာ တတ်မြောက်တဲ့ စောင်းပညာနဲ့ ငွေကြေးရှာပြီး မိခင်မုဆိုးမကြီးကို လုပ်ကျွေးနေရပါတယ်။

## လှေထိုးသား မောင်ရှင်

မောင်ရှင်မှာ အသက်ကြီးပြီဖြစ်သော်ငြားလည်း ရှင်မပြုရသေးပါ။ ရှင်ပြုရန်အတွက် မိခင်က သူ့ရဲ့ခင်ပွန်း သူကြီးမကွယ်လွန်မီ ကောင်းစားစဉ်က အစ်မဖြစ်သူကို ငွေ(၃)ပိဿာ ချေးငှားထားခဲ့ဖူးတာကို သတိရပါတယ်။ အဲဒီအချိန်မှာ မောင်ရှင့်အဒေါ်က ကြွယ်ဝချမ်းသာနေချိန် ဖြစ်ပါတယ်။

မောင်ရှင့်အမေက သားမောင်ရှင်ကို ရှင်ပြုလို၍ ကြွေးသွားတောင်းရာ အစ်မဖြစ်သူက ကြွေးမပေးတဲ့အပြင် ဆဲဆိုကြိမ်းမောင်းပြီး လွှတ်လိုက်ပါတယ်။

အဲဒီလိုအရှက်ရလာတော့ ရှက်လည်းရှက်၊ စိတ်လည်းဆိုး၊ စကားလည်းများ၍ သားအမိ နှစ်ယောက် ရောက်တတ်ရာရာ သွားရာမှ ဒလမြို့သို့ ရောက်လာပါတယ်။

ဒလမြို့သို့ရောက်တော့ မောင်ရှင်က ရှင်သာမဏေပြုလုပ်ရန် ငွေကြေးပိုက်ဆံရအောင် မျောခုတ်သမား၊ လှေထိုးသားအဖြစ်နှင့် အလုပ်ရပြီး လှေနှင့် လိုက်သွားရာ မိန်းမလှကျွန်းသို့ ရောက်သွားပါတယ်။

## ပြိတ္တာမောင်ရှင်

အဲဒီမိန်းမလှကျွန်းမှာ ကရင်မှဆိုးမကြီးရဲ့သမီးလေးယောက် ကျားကိုက်သေရပြီး အစိမ်းသရဲမတွေဖြစ်ကာ စောင့်နေရပါတယ်။ အဲဒီအစိမ်းသရဲတွေကို ယခုခေတ် လူညံ့တွေက နတ်ဆိုပြီး ကိုးကွယ်နေကြတာပေါ့။ နတ်စိမ်းတွေပေါ့။ အမှန်စင်စစ် နတ်စိမ်းဆိုတာ နတ်မဟုတ်ပါ။ ပြိတ္တာတွေပါ။ အသူရကာယ်ဘုံသားတွေပါ။

မောင်ရှင်တို့လှေ မိန်းမလှကျွန်းသို့ ရောက်တဲ့အခါ မောင်ရှင်ကို လှေစောင့်ထားပြီး ကျန်တဲ့လူများ မျှောခုတ်သွားကြပါတယ်။ မောင်ရှင်ဟာ လှေပေါ်မှာ တစ်ယောက်တည်း နေရတော့ ပျင်းတာနဲ့ စောင်းတီးပါတယ်။

အဲဒီ မိန်းမလှကျွန်းကို စောင့်နေရတဲ့ ခုနက ပြောခဲ့တဲ့ ကရင်မှဆိုးမကြီး သမီးလေးယောက် ကျားကိုက်လို့ သေရတဲ့ ပြိတ္တာမများက သဘောကျပြီး မျှောခုတ်ပြီး လှေထွက်မည်ပြုတဲ့အခါ လှေမထွက်နိုင်အောင် ပြိတ္တာတို့ အာနုဘော်နဲ့ တားထားတယ်။

အဲဒီလို လှေမသွားတဲ့အခါ လှေမထွက်နိုင်အောင် အပြစ်ရှိတဲ့လူ ဒီလှေပေါ်မှာ ရှိရမယ်ဆိုပြီး သူယုတ်မဲချကြပါတယ်။ ပြိတ္တာမတွေရဲ့အာနုဘော်ကြောင့် မောင်ရှင်ကိုပဲ ထပ်ခါထပ်ခါ မဲသုံးကြိမ် ကျပါတယ်။

အဲဒီတော့ လှေသူကြီးက မောင်ရှင်ကို အရှင်လတ်လတ် ရေထဲသို့ ပစ်ချပါတယ်။ မောင်ရှင်မှာ ရေထဲသို့ မရောက်ခင် အရှင်လတ်လတ် ပျောက်သွားပါတယ်။

အဲဒီအဖြစ်အပျက်ကို သိကြတဲ့ လှေသူကြီး လှေထိုးသားမှစ၍ လူအများက မောင်ရှင်ဟာ အရှင်လတ်လတ် နတ်ဖြစ်သွားတယ်လို့ ယူဆကြပါတယ်။ အဲဒီလိုယူဆပြီး အဲဒီမောင်ရှင်ကိုပဲ လူအများက ဘာမသိ ညာမသိနဲ့ ရေငန်ပိုင် ဦးရှင်ကြီးဆိုပြီး ဆိုင်းဘုတ်တင်လိုက်သည့်အပြင် ကျွန်းညိုရှင်လို့လည်း ဆိုင်းဘုတ်တင်လိုက်ပါသေးတယ်။

အဲဒီလို ဆိုင်းဘုတ်တင်ရာမှ ဘာမှမသိသူ၊ တစ်ဆင့်စကားနဲ့ လမ်းဆုံးနေသူ လူပြိန်း လူအ အများစုက မောင်ရှင်ကို ရေငန်ပိုင်ဦးရှင်ကြီးလို့ မောင်ရှင်ဘဝမှ ဦးရှင်ကြီးဘဝသို့ မြှင့်တင်ကာ အထူးယုံကြည် တင်မြှောက်ပသ ကိုးကွယ်ကြတာပေါ့။

ယုတ္တိမရှိတာက အဲဒီဦးရှင်ကြီးဟာ (၃၇)မင်း နတ်စာရင်းတွင်လည်း မပါဝင်ပါ။ (၃၇)မင်းနတ်တွေကလည်း နတ်စစ်တွေ မဟုတ်ပါ။ ဦးရှင်ကြီးလို ပြိတ္တာတွေ၊ အသူရကာယ်ဘုံသားတွေပါပဲ။

အဲဒါ ဦးရှင်ကြီးဇာတ်လမ်း အကျဉ်းချုပ်ပဲ။ ဒကာကြီးရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်စမ်း၊ မောင်ရှင်ဟာ ဘယ်လိုလုပ်ပြီး ရေငန်ပိုင်ရှင်ကြီး ဖြစ်သွားတာလဲ။ ဘယ်သူက အပိုင်စား ပေးလိုက်တာလဲ။

"ယုတ္တိမရှိပါဘုရား၊ ဦးရှင်ကြီးကို ရေငန်ပိုင်အဖြစ် တပည့်တော် ဒီကနေ့ကစပြီး မကိုးကွယ်၊ မယုံကြည်တော့ပါဘုရား"

"သာဓု - သာဓု - သာဓု ဒကာကြီးကို ရှင်းပြရတာဟာ အကျိုးရှိပါတယ်"

## ကုန်သည်ပြိတ္တာ

အရှင်ဘုရား ရှင်းပြလို့ ဦးရှင်ကြီးနဲ့ ပတ်သက်တဲ့ အယူအဆ တပည့်တော်မှာ ယနေ့ကစ၍ အသက်ဆုံးသည်တိုင်အောင် မရှိတော့ပါဘုရား၊ တပည့်တော်နှင့်တကွ အများပြည်သူတွေ ရှင်းသွားအောင် အဲဒီလိုအဖြစ်မျိုး ပိဋကတ်တော်မှာရှိရင် ရှင်ပြပါလားဘုရား။

"အင်း - ဟုတ်ပြီ၊ ဒကာကြီးမေးမှ သတိရတယ်။ ပြောရဦးမယ်၊ အဲဒီအဖြစ်မျိုးတွေဟာ ဘုန်းကြီးတို့ ပိဋကတ်တော်မှာ ပြိတ္တာတွေအကြောင်း ဖော်ပြတဲ့ ပေတဝတ္ထုပါဠိတော် အဋ္ဌကထာမှာ ရှိပါတယ်"

တစ်ချိန်ကပေါ့၊ သာဝတ္ထိပြည်သား ကုန်သည်များဟာ လှေသင်္ဘောများဖြင့် သုဝဏ္ဏဘုမ္မိခေါ်တဲ့ သထုံပြည်ကို ကုန်ကူးသန်း ရောင်းဝယ်ရန် သွားကြပါတယ်။ အဲဒီကုန်သည်တွေထဲမှာ သူ့မိန်းမအပေါ်အစွဲအလမ်းကြီးတဲ့ ကုန်သည်တစ်ယောက်ပါတယ်။

အဲဒီကုန်သည်ဟာ လမ်းမှာ ရောဂါဖြစ်၍ သေပါတယ်။ သူ့မှာ ကောင်းမှုများစွာ ရှိသော်လည်း မိန်းမကို စွဲလမ်းပြီး သေတဲ့အတွက် နတ်ရွာသုဂတိသို့ မရောက်ဘဲ သူတို့လှေသင်္ဘောသွားတဲ့ သမုဒ္ဒရာအလယ်မှာ ပြိတ္တာဖြစ်ပါတယ်။

တစ်ချိန်မှာ အဲဒီမိန်းမသည် သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်သို့ လှေသင်္ဘောဖြင့် စီးနင်းလိုက်ပါလာတဲ့အခါ အဲဒီပြိတ္တာက သူစွဲလမ်းနေတဲ့ မိန်းမကို ရယူလိုတဲ့အတွက် လှေကို မသွားနိုင်အောင် ပြိတ္တာတို့ အာနုဘော်နဲ့ နှောင့်ယှက်ထားပါတယ်။

အကြောင်းမရှိဘဲ လှေရပ်နေတဲ့အတွက် ဒီလှေဟာ ဘယ်လိုအကြောင်းကြောင့် မသွားဘဲ ရပ်နေတာလဲလို့ စုံစမ်းတိုင်ပင်ဆင်ခြင်လိုက်တော့ အကြောင်းမတွေ့ဘူး။ ဒီတော့မှ လှေမသွားနိုင်အောင် သူ့ယုတ်မာ ရှိရမယ်ဆိုပြီး လူယုတ်မာရွေး မဲချစနစ်ဖြင့် ရွေးချယ်ကြပါတယ်။

ပြိတ္တာရဲ့အာနုဘော်ကြောင့် ချသမျှသော စာရေးတံမဲဟာ အဲဒီမိန်းမပဲ သုံးကြိမ်သုံးခါစလုံး ထပ်ကျပါတယ်။ အဲဒီအခါမှာ အဲဒီမိန်းမကို ဝါးဖောင်ပြုလုပ်ကာ ဝါးဖောင်ထက်သို့ တင်ပြီး သမုဒ္ဒရာထဲသို့ မျှောလိုက်ပါတယ်။

အဲဒီမိန်းမ သမုဒ္ဒရာထဲသို့ ကျသည်နှင့်တစ်ပြိုင်နက် လှေလည်း ထွက်ခွာသွားပါတယ်။ လှေထွက်သွားတော့ ပြိတ္တာက အဲဒီမိန်းမကို သူ့ရဲ့ဗိမာန်သို့ ခေါ်ယူပြီး အဲဒီမိန်းမနှင့်အတူ ပျော်မွေ့နေပါတယ်။ တစ်နှစ်ကြာမျှ မွေ့လျော်ပျော်ပါးပြီးနောက် မိန်းမက ပြိတ္တာဘုံမှာ ငြီးငွေ့လာလို့ ပြိတ္တာကို -

"အရှင် - ကျွန်မသည် သင့်အထံမှာ ပျော်ရွှင်စွာ နေထိုင်ရပါသော်လည်း နောင်သံသရာ ကောင်းစားချမ်းသာရေး အတွက် ဘာအကျိုးကျေးဇူးမှ မပြုလုပ်ရပါအရှင်၊ တောင်းပန်ပါတယ်၊ ကျွန်မကို ပါဠလိပုတ်ပြည်သို့သာ ပြန်ပို့ပါ"

လို့ တောင်းပန်ပါတယ်။ အဲဒီအခါမှာ ပြိတ္တာက သနားလို့ အဲဒီမိန်းမကို ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်ကာ ပါဠလိပုတ်ပြည်ရဲ့ အလယ်မှာ ချထားခဲ့ပြီး ပြန်သွားပါတယ်။

"အရှင်ဘုရား၊ ဒီမိန်းမကတော့ တယ်တော်ပါလားဘုရား၊ ကောင်းမှုပြုခွင့်မရတဲ့ ပြိတ္တာဘုံမှ လူ့ပြည်ပြန်လာတယ်၊ တပည့်တော်တို့ မောင်ရှင်ခေါ် ဦးရှင်ကြီးကတော့ ပြိတ္တာစည်းစိမ်နဲ့ လူအလှနတွေ ပေးကျွေးတာလေးနဲ့ ကျေနပ်နေတာနဲ့ ခုထက်ထိ ပြန်မလာပါလား ဘုရား"

"အင်း - မောင်ရှင်ခေါ် ဦးရှင်ကြီးကတော့ ကုသိုလ်ကောင်းမှုရဲ့တန်ဖိုးကို မသိတော့ ဘာမဟုတ်တဲ့ ပူဇော်မှုလေးနဲ့ မေ့နေတာပေါ့"

"အရှင်ဘုရား၊ ကုန်သည်ပြိတ္တာအပြင် မောင်ရှင်အဖြစ်နဲ့ တူတဲ့ တခြားအကြောင်းအရာ ရှိပါသေးလားဘုရား"

"ရှိသေးတယ် ဒကာကြီး"

"အမိန့်ရှိပါဦး ဘုရား"

## လင်လွန်ကျူး ပြိတ္တာမ

ကဿပ ဘုရားရှင်လက်ထက်တော်အခါက ကိမိလမြို့မှာ သောတာပန် ဥပါသကာတစ်ယောက် ရှိတယ်၊ သူ့မှာ အဖော်ဥပါသကာ ငါးရာရှိတယ်။ တစ်ဦးနဲ့တစ်ဦး ညီမျှတဲ့ စိတ်ဆန္ဒ ရှိသည်ဖြစ်၍ စိတ်ပါဝင်စားစွာနဲ့ ဒါန၊ သီလ စသော ကုသိုလ်များကို အတူပြုကြပါတယ်။

သူတို့ရဲ့ဇနီးမယားများလည်း ဥပါသိကာမများဖြစ်၍ အချင်းချင်း စိတ်အလိုဆန္ဒတူညီမှုကြောင့် ဒါန၊ သီလ စသော ကုသိုလ်များ ပြုကြပါတယ်။

တစ်နေ့သ၌ အရက်သမားများသည် အမျိုးသမီးများရဲ့ ရုပ်အဆင်း လှပခြင်းကို တွေ့မြင်နှစ်သက်၍ အမျိုးသမီးများ အကျင့်ပျက်ကြောင်း၊ ညို့(၇)ချောင်း ရှိတဲ့ စောင်းကို အသံသာယာအောင် တီးခတ်၍ သာယာနာပျော်ဖွယ်သောအားဖြင့်သာ လျှင် ကာမနှင့် စပ်ယှဉ်သော တေးဂီတများဖြင့် သီဆိုဖြားယောင်း ဖျက်ဆီးတဲ့အခါ အမျိုးသမီးတစ်ယောက် ပျက်စီးသွားပါ တယ်။ အဲဒီအကြောင်းကို အဲဒီအမျိုးသမီးရဲ့လင်ယောကျ်ား ကြားတဲ့အခါ မေးကြည့်တော့ အမျိုးသမီးက -

"ကျွန်မ ဒီအကြောင်း ဘာမှမသိရပါ။ ကျွန်မဟာ အဲဒီကဲ့သို့သော ဖောက်ပြန်မှားယွင်းမှုများကို ပြုမိခဲ့သည်ဖြစ်ပါအံ့၊ ဒီနားရွက်ပြတ်သည့် ခွေးနက်ကြီးသည် ထိုသို့ ဖြစ်လေရာဘဝတိုင်း၌ ကျွန်မကို ကိုက်စားပါစေသား"

လို့ ကျိန်စာဆိုပြပါတယ်။အခြားမိန်းမတွေကလည်း အဲဒီလို ကျူးလွန်တာကို မသိမမြင်ကြပါ။ ကျွန်မတို့ အကယ်၍ သိခဲ့မြင် ခဲ့သည်ဖြစ်အံ့၊ ဘဝတိုင်း၌ သူမရဲ့ ကျွန်မများသာ ဖြစ်ကြပါစေသားလို့ ကျိန်စာဆိုပါတယ်။ အဲဒီနောက် ဖောက်ပြားတဲ့ မိန်းမ ဟာ ကျူးလွန်သော အပူမီးဖြင့် တောက်လောင်ခဲ့ရသော စိတ်ရှိရကား ခြောက်သွေ့ပိန်ချုံးကာ သေလွန်၍ ဟိမဝန္တာအနီး ကဏ္ဍမုဏ္ဍအိုင်အနီးမှာ ဗိမာန်ပိုင်ရှင် ပြိတ္တာမ သွားဖြစ်ပါတယ်။

ကျန်တဲ့ မိန်းမငါးရာတို့သည် သေလွန်တဲ့အခါ မြင်ပါ သိပါရက်နဲ့ မမြင်ပါ မသိပါလို့ မုသားပြောတဲ့ကံ ကျိန်စာဆိုခဲ့ တဲ့ အကုသိုလ်ကံတို့ရဲ့အစွမ်းဖြင့် အဲဒီပြိတ္တာမရဲ့ကျွန်မများသာ ဖြစ်ရရှာပါတယ်။

အဲဒီပြိတ္တာမဟာ ကုသိုလ်ကံကြောင့် နေ့အခါမှာ စည်းစိမ်ခံစားရ၍ ညဉ့်အခါမှာ မကောင်းမှုကံ နှိုးဆော်၍ အိပ်ရာမှထ ကာ ရေကန်နား သွားရပါတယ်။

ရေကန်နားရောက်သော် ဆင်ပေါက်ပမာဏရှိတဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နားရွက်ပြတ်နေတဲ့ ခွေးနက်ကြီး က ရေကန်ထဲမှ တက်လာကာ အဲဒီပြိတ္တာမကို မြေကြီး၌ လဲကျစေကာ အလွန်ဆာလောင်ခြင်း နှိပ်စက်ခံနေရသည့်ပမာ ကိုက် စားလျက် အရိုးမျှကျန်အောင်ပြု၍ ကိုက်ချီကာ ရေကန်ထဲ ပစ်ချပြီး ကွယ်ပျောက်သွားပါတယ်။

အဲဒီပြိတ္တာမသည် ရေကန်ထဲပစ်ချပြီး မကြာမီ ပကတိ အဆင်းပြန်ဆောင်၍ ဗိမာန်သို့ တက်လာကာ အိပ်ရာ၌ အိပ် ရပါတယ်။ တခြားမိန်းမများကား အဲဒီပြိတ္တာမရဲ့ကျွန်မများသာ ဖြစ်ရတယ်။ အဲဒီပြိတ္တာမလို ခွေးနက်ကြီး အကိုက်မခံရဘူး။

ထိုပြိတ္တာမတွေဟာ နှစ်ရှည်လများ ယောကျ်ားများနှင့် ကင်းကွာနေရလို့ မပျော်ဘူး၊ ပျင်းရိငြီးငွေ့နေကြပါတယ်။ လိုတာမရ ဒုက္ခဆိုတာ အဲဒါလည်း ပါတာပေါ့။

"မှန်ပါဘုရား"

"အဲဒီပြိတ္တာမရဲ့အနီး၌ နတ်သြဇာနှင့်တူသော အရသာရှိသည့် သရက်သီးများ၊ ပိန္နဲသီးများ ရှိပါတယ်၊ ပြိတ္တာမများ သည် သရက်သီးများကို မြစ်ထဲသို့ ပစ်ချကြပါတယ်၊

ရည်ရွယ်ချက်က သရက်သီးမြင်သူသည် ဆယ်ယူ စားသောက်ပါက အရသာ၌ တပ်မက်သော လောဘဇောကြောင့် သူတို့နေရာ ရောက်လာပါက အဲဒီယောကျ်ားနှင့် ပျော်မွေ့မယ်ဆိုတဲ့ သဘောနဲ့ကြံပြီး ကြံတဲ့အတိုင်း ပြုကြပါတယ်၊

ဗာရာဏသီပြည်သို့ရောက်၍ ဗာရာဏသီမင်းရဲ့ သံကွန်ယက်၌ ငြိကပ်တော့ မင်းချင်းများက ဆယ်ယူကာ မင်းကြီး အား ဆက်သပါတယ်။

မင်းကြီးက စားကောင်း၊ မစားကောင်း သိအောင် အချုပ်ထဲ၌ သေမိန့်ကျသည့် ရာဇဝတ်သားကို စားခိုင်းပါတယ်။ ရာဇဝတ်သား စားလိုက်တော့ အရေတွန့်မှု၊ ဆံပင်ဖြူမှုများ ပျောက်ကင်းသွားပြီး လူငယ်လို ဖြစ်သွားပါတယ်။

အဲဒီအခြင်းအရာကို မြင်ရတဲ့ မင်းကြီးဟာ အံ့ဩ၍ သရက်သီးများအရာထွက်တယ်။ ပထမဦးစွာ မုဆိုးရောက်သွားပါတယ်။ ပြိတ္တာမများမြင်၍ "ငါပိုင်တဲ့ယောကျ်ား" လို့ အော်ဟစ်ကြကာ အလုအယက် မုဆိုးအနီးသို့ ချဉ်းကပ်လာပါတယ်။

သို့သော်လည်း မုဆိုးမှာ အဲဒီပြိတ္တာမများနှင့် အတူတကွ အဲဒီအရပ်မှာ စည်းစိမ်ခံစားနိုင်တဲ့ ကုသိုလ်ကောင်းမှုကံ မရှိတဲ့အတွက် ပြိတ္တာမများမြင်လျှင် ကြောက်ရွံ့ကာ ထွက်ပြေးပါတယ်။

မုဆိုးသည် မင်းကြီးအား အဲဒီအကြောင်းကို ပြောကြားပါတယ်။ မင်းကြီးသည် သရက်သီးများကိုလည်း စားလို့၊ ပြိတ္တာမများကိုလည်း လိုချင်၍ တိုင်းပြည်လွှဲကာ မှူးမတ်နှစ်ယောက် သုံးယောက်နှင့် မုဆိုးကို လမ်းညွှန်စေကာ သွားပါတယ်။

ပြိတ္တာမများအနီးသို့ တော်တော်ရောက်သော် မုဆိုးကိုလည်း ပြန်လွှတ်ပြီ တစ်ယောက်တည်းသာ သွားပါတယ်။

ပြိတ္တာမများသည် မင်းကို အသစ်ရောက်လာသော နတ်သားပမာ တွေ့မြင်၍ ခရီးဦး ကြိုဆိုကြပါတယ်။ ဘုရင်မင်းမြတ်ဟု သိကာ အလွန်တရာ ချစ်ခင်ကြပါတယ်။

ကောင်းစွာ ရေချိုးပေးပြီး အဝတ်တန်ဆာ ပန်းနံ့သာတို့ဖြင့် ကောင်းမွန်စွာ တန်ဆာဆင်ပြီး နေရာဗိမာန်ပေါ်သို့ တင်ကြကာ အရသာအမျိုးမျိုးတို့ဖြင့် ကျွေးမွေးကာ ပျော်ပါးခံစားကြပါတယ်။

နှစ်တော်တော်ကြာတော့ ဘုရင်မင်းမြတ်ဟာ ပြိတ္တာမတို့ရဲ့ နေ့စံ ညခံရတဲ့ အဖြစ်သနစ်ကိုသိကာ ငြီးငွေ့ပြီး ပြန်ဖို့ ပြောပါတယ်။ ပြိတ္တာမများကလည်း မပြန်ဖို့ရာ တားတယ်။

ပြိတ္တာမများ တားသော်လည်း တား၍မရသဖြင့် ငိုကြွေးကာ သူပိုင်ဆိုင်သော ရွှေငွေကျောက်သံပတ္တမြားတို့နှင့်အတူ ဘုရင်မင်းမြတ်အား ဗာရာဏသီသို့ ပြန်ပို့လေ၏။

ဘုရင်မင်းမြတ်သည် အဲဒီပြိတ္တာမများကို မြင်တွေ့ရသဖြင့် ထိတ်လန့်ကြောက်ရွံ့ငြီးငွေ့ကား ဒါနစသော ကောင်းမှုများကို ပြုလုပ်လျက် အထက်နတ်ပြည်သို့ လားရောက်ရလေ၏။

ကဲ - အဲဒီပြိတ္တာမတွေနှင့် ဘုရင်ဇာတ်လမ်းလည်း ဒကာကြီးတို့ရဲ့ဦးရှင်ကြီးဇာတ်လမ်းနဲ့ မတူဘူးလား"

"တူပါတယ်ဘုရား"

"ဒါဖြင့် ဦးရှင်ကြီးဟာ ရေစန်ပိုင်လား၊ ပြိတ္တာလား"

"ပြိတ္တာပါဘုရား"

"ကဲ - ဒီလောက်သိရင်တော်ပြီ"

✦ ဦးရှင်ကြီးကြောင်း၊ သိစကောင်း၊ စုပေါင်းရေးခဲ့ပြီ။

✦ ဦးရှင်ကြီးဟာ၊ ပြိတ္တာသာ၊ ဘယ်မှာ ရေစန်မပိုင်ပြီ။

✦ မဏိမေခလာ၊ နတ်သမီးသာ၊ သေချာ ရေစန်ပိုင်ဖြစ်သည်။

✦ ရေစန်မပိုင်၊ ရေစန်ပိုင်၊ စွဲကိုင်မှားတော့သည်။

✦ စွဲကိုင်မှားကာ၊ ကိုးကွယ်တာ၊ မှားသာဖြစ်တော့သည်။

✦ အမှားကိုးကွယ်၊ ဒိဋ္ဌိဆွယ်၊ အပါယ်ဆင်းတော့မည်။

# ရဟန္တာများ ပရိနိဗ္ဗာန်စံသောအခါ ဓာတ်တော်များ ကြွင်းကျန်ပါသလား

(၁၈၉)

## ဓာတ်တော် မွေတော်

ဓာတု ဟူသော ပါဠိကို "ဓာတ်" ဟု အလွယ်ပင် ဘာသာပြန်လိုက်သည်။ အရိုးဓာတ်၊ သွေးဓာတ်၊ အသားဓာတ်တို့သည် ဘုရားရှင်၏အမွေအနှစ်များဖြစ်ရာ လူနတ်ပြဟ္မာသတ္တဝါတို့ ရှိခိုးဦးခိုက် ပူဇော်ထိုက်၍ ယင်းအသားဓာတ်၊ အသွေးဓာတ်၊ အရိုးဓာတ်တို့ကို "ဓာတ်တော်" ဟူ၍ ခေါ်ပါသည်။

ဓာတ်တော် မွေတော်ဟူ၍ နှစ်မျိုးခွဲ၍ ခေါ်ဝေါ်ကြပါသေးသည်။ ဓာတ်တော်နှင့် မွေတော်မှာ ဝေါဟာရသာ ကွဲပြားသော်လည်း အဓိပ္ပာယ်သဘောမှာ အတူတူပင် ဖြစ်ပါသည်။

မှန်ပါသည်၊ ဘုရားရှင်၏ဓာတ်တော်တို့သည် နောင်လာနောက်သား လူနတ်ပြဟ္မာသတ္တဝါအများတို့ ကိုးကွယ်ဆည်းကပ်ပါက အကျိုးတရားများစွာ ဖြစ်ထွန်းရန် ရည်ရွယ်၍ အဓိဋ္ဌာန်ကာ ထားတော်မူပေးတော်မူခဲ့သော အမွေအနှစ်များဖြစ်၍ ဓာတ်တော်ကိုပင် မွေတော် "အမွေတော်" ဟုခေါ်ကာ "ဓာတ်တော် မွေတော်" ဟု သုံးနှုန်းခြင်း ဖြစ်ပါသည်။

"ဓာတ်တော် မွေတော်" ဟူသည် "မိမွေ ဖမွေ" ဟူသကဲ့သို့ အမှန်စင်စစ် ကိုးကွယ်ဆက်ခံအပ်သော ဝတ္ထု၏အမည် ဖြစ်ပါသည်။

ယင်းကို အချို့က ဘုရားရှင်၏ကိုယ်တော်မှ ဖြစ်သည်ကို "မွေတော်" ဟု ဆိုလို၍ ရဟန္တာ အရှင်မြတ်တို့မှ ဖြစ်သည်ကိုကား "ဓာတ်တော်" ဟု ဆိုလိုကြပါသည်။

အမှန်စင်စစ် ယင်းသို့ခွဲ၍ ဆိုရန်မသင့်ပါ၊ ဓာတု သဒ္ဒါမှာ ဓာတ်ဟောဖြစ်ရကား "ဓာတ်တော်" ဟု ခေါ်သင့်ပါသည်။ ယင်းဓာတ်တော်ကိုပင် နောင်လာနောက်သား လူနတ် ပြဟ္မာ သတ္တဝါအများတို့ ကိုးကွယ်ဆက်ခံအပ်သော အမွေအနှစ်ဖြစ်၍ "မွေတော်" ဟု ဆိုရကား "ဓာတ်တော်" နှင့် "မွေတော်" မှာ အတူတူပင် ဖြစ်ပါသည်။

## ဓာတ်တော်များ ကွန့်မြူးခြင်း

တစ်ခါက မိလိန္ဒမင်းကြီးသည် ရှင်နာဂသေန ရဟန္တာအရှင်မြတ်အား စေတီတော်များ တန်ခိုးပြာဋိဟာပြခြင်းနှင့် ပတ်သက်၍ ဤသို့ မေးမြန်းလျှောက်ထားပါတယ်။

"အရှင်ဘုရား၊ နာဂသေန - ပရိနိဗ္ဗာန် ဝင်စံကြွသွားကြသော ဘုရား ရဟန္တာအများတို့၏ စေတီတော်တိုင်း၌ တန်ခိုးပြာဋိဟာ ပြပါသလော၊သို့မဟုတ် အချို့သော စေတီတော်တို့သာလျှင် တန်ခိုးပြာဋိဟာ ပြပါသလော"

"ဒကာတော်မင်းမြတ်၊ အချို့သော စေတီတော်တို့သာလျှင် တန်ခိုးပြာဋိဟာ ပြကြပါသည်။ အချို့သော စေတီတော်တို့ကား တန်ခိုးပြာဋိဟာ မပြကြပေ"

"အရှင်ဘုရား၊ အဘယ်စေတီတော်တို့က တန်ခိုးပြာဋိဟာပြ၍ အဘယ်စေတီတော်တို့က တန်ခိုးပြာဋိဟာ မပြပါသလဲ"

"ဒကာတော်မင်းမြတ်၊ ဘုရား. ရဟန္တာ. နတ်. သဒ္ဓါ ပသန္န ပညာရှိတို့၏ အဓိဋ္ဌာန်ချက်ကြောင့် စေတီတော်တို့သည် တန်ခိုးပြာဋိဟာ ပြကြပါသည်"

"ဒကာတော်မင်းမြတ်၊ ဘုရား. ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့သည် လူနတ်ပြဟ္မာ သတ္တဝါတို့ကို အစဉ်သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် သက်တော်ထင်ရှား ရှိစဉ်ကပင် "ငါ၏ ဓာတ်တော်မွေတော်များ စံပယ်ကိန်းဝပ်ရာ စေတီတော်၌ ဤသို့သော တန်ခိုးပြာဋိဟာများ ပြပါစေသတည်း" ဟု အဓိဋ္ဌာန်ချက်ကြောင့် စေတီတော်များ. ဓာတ်တော်များ တန်ခိုးပြာဋိဟာ ပြပါသည်"

"ဒကာတော်မင်းမြတ်၊ နောက်တစ်မျိုးကား နတ်ပြဟ္မာတို့သည် လူသားတို့အား အစဉ်သနားစောင့်ရှောက်ချီးမြှောက်ခြင်းငှာ ပရိနိဗ္ဗာန် စံလွန်တော်မူကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ စေတီတော်၌ ဤ တန်ခိုးပြာဋိဟာကြောင့် သူတော်ကောင်းတရား အမြဲတမ်း အချီးအမြှောက်ခံ ဖြစ်လတ္တံ့၊ လူတို့သည်လည်း ကြည်ညိုကြ၍ ကုသိုလ်တရား တိုးပွားကြကုန်လတ္တံ့ဟု နှလုံးသွင်း၍ တန်ခိုးပြာဋိဟာ ပြကုန်၏။ ဤသို့ နတ်ပြဟ္မာတို့ အဓိဋ္ဌာန်ချက်ကြောင့် စေတီတော်များ၊ ဓာတ်တော်များ တန်ခိုးပြပါသည်"

"ဒကာတော်မင်းမြတ်၊ နောက်တစ်မျိုးကား သာသနာတော် ကြည်ညိုသော ပညာရှိသော၊ လိမ္မာသော၊ ကျွမ်းကျင်သော အသိအမြင်ရှိသော ယောကျ်ား.မိန်းမ တစ်ဦးဦးသည်လည်း ကောင်းသော နှလုံးသွင်း ကြံစည်ရင်းဖြင့် နံ့သာပန်း၊ သင်္ကန်း စသည် အမှတ်မထား၊ တစ်ပါးပါးသော လှူဖွယ်ပစ္စည်းကို ရှိသေစွာ လှူဒါန်း၍ "ဤသို့သော တန်ခိုးပြာဋိဟာများ ပြပါစေသတည်း" ဟု သစ္စာနှုတ်မြွက် အဓိဋ္ဌာန်ချက်ကြောင့် စေတီတော် ဓာတ်တော်များ တန်ခိုးပြာဋိဟာ ပြပါသည်။ ဤသို့ လူတို့၏ အဓိဋ္ဌာန်ချက်ကြောင့် စေတီတော် ဓာတ်တော်တို့သည် တန်ခိုးပြာဋိဟာ ပြကုန်၏"

"ဒကာတော်မင်းမြတ်၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များ၊ နတ်ပြဟ္မာများ၊ လူပညာရှိများအားဖြင့် သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် တစ်မျိုးမျိုးကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များ တည်ရာ စံပယ်တော်မူရာ စေတီတော်မြတ်၌ တန်ခိုးပြာဋိဟာ ပြကြပါသည်။ ဓာတ်တော်များ ကွန့်မြူးတော်မူကြပါသည်"

## ဓာတ်တော်များအကြောင်း

သက်တော်ရှည်မြတ်စွာဘုရား၏ သရီရဓာတ်တော်သည် ဖရိုဖရဲ တစ်ဆူစီ မကွဲဘဲ ရွှေခဲ ရွှေတုံးကြီးပမာ တစ်ခုတည်းသာ ကြွင်းကျန်ရစ်ကုန်၏။ ယခု အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားသည်ကား သက်တော်တိုတောင်းသော မြတ်စွာဘုရား ဖြစ်တော်မူသည့်အတွက် ပရိနိဗ္ဗာန် စံတော်မမူမီကပင် -

"ငါဘုရားသည် မကြာမြင့်မီပင် ပရိနိဗ္ဗာန် စံရမည်ဖြစ်သည်။ ငါဘုရား၏ သာသနာသည် အလုံးစုံသော အရပ်မျက်နှာသို့ မပျံ့နှံ့သေးချေ။ သို့ဖြစ်၍ ငါဘုရားပင် ပရိနိဗ္ဗာန် စံယူလင့်ကစား ငါဘုရား၏ မုံညင်းစေ့ခန့်မျှသော ဓာတ်တော်ကိုပင်လည်း ပင့်ဆောင်ကြကာ မိမိတို့၏ နေရာ၌ စေတီတော် တည်ထား၍ လူများအပေါင်းသည် နတ်ရွာသုဂတိသို့ လားရောက်ကြစေသတည်း"

ဟု ရည်ရွယ်တော်မူကာ သရီရဓာတ်တော်များ အဆူဆူ ကွဲပြားရန် အဓိဋ္ဌာန်တော်မူခဲ့ပါသည်။ ဤ၌ -

၁။ အစိတ်စိတ် မကွဲပြားသော အဝိပ္ပကိဏ္ဏဓာတ်တော်

၂။ အစိတ်စိတ် အဆူဆူ ကွဲပြားသော ဝိပ္ပကိဏ္ဏဓာတ်တော်

ဟူ၍ ဓာတ်တော်နှစ်မျိုးပြားလေသည်။ ထိုဓာတ်တော်နှစ်မျိုးတို့တွင် -

၁။ စွယ်တော် လေးဆူ

၂။ ညှပ်ရိုးတော် နှစ်ဆူ

၃။ နဖူးသင့်ကျစ်တော်ဓာတ် တစ်ဆူ

အားဖြင့် ဤခုနစ်ဆူသော ဓာတ်တော်တို့မှာ သက်တော်ရှိစဉ် မူလပုံသွင်အတိုင်း အစိတ်စိတ် မကွဲပြားဘဲ တည်ရှိရစ်သည့် "အဝိပ္ပကိဏ္ဏဓာတ်တော်" များဖြစ်ပေသည်။

ထိုမှကြွင်းသော အရိုးတော် စသည်မှ ဖြစ်ပွားသော ဓာတ်တော်များမှာ အစိတ်စိတ် အဆူဆူ ကွဲပြားသည့် "ဝိပ္ပကိဏ္ဏဓာတ်တော်" များဖြစ်လေသည်။ ထိုဓာတ်တော်တို့အနက် -

"အငယ်ဆုံး ဓာတ်တော်မှာ မုံညင်းစေ့ခန့် ပမာဏရှိ၍ မြတ်လေးပန်းငုံအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ခြောက်ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

"အလတ်စား ဓာတ်တော်များမှာ ဆန်ကျိုးခန့် ပမာဏရှိ၍ ပုလဲအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅ - ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

"အကြီးစား ဓာတ်တော်များမှာ ပဲနောက်စေ့ခန့် ပမာဏရှိ၍ ရွှေအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅ - ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

## မင်းများ ငိုကြွေး

အဇာတသတ်မင်း အမှူးရှိသည့် ရှစ်ပြည်ထောင်သော မင်းတို့သည် ဓာတ်တော်များတည်ရှိရာ ရွှေတံတင်းအနီးသို့ လာရောက်ကြ၍ ရွှေတံတင်း၌သာ မလှုပ်မယှက် ပကတိ တည်နေသော ရွှေရောင်အဆင်းရှိသည့် ဓာတ်တော်များကို ဖူးမျှော်ကြလေလျှင် -

"သဗ္ဗညုထွတ်တင် ရှင်ပင်မြတ်ဘုရား၊ ရှေးအခါက ဆိုလျှင် တပည့်တော်များသည် ရှင်ပင်မြတ်ဘုရားတို့၏ မဟာပုရိသ လက္ခဏာတော်ကြီး ၃၂ - ပါးတို့ဖြင့် တန်ဆာဆင်အပ်လျက် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်တောက်ပသော ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ်တော်မြတ်ကို ဖူးမြော်ကြရပါသည်၊

ယခုသော်ကား ရွှေရောင်အဆင်း ဝါဝင်းသော သရီရဓာတ်တော်များသာ ကြွင်းကျန်ပါတော့သည်၊ မြတ်စွာဘုရား ဤသို့ဖြစ်ရခြင်းသည် အရှင်ဘုရားတို့အဖို့ရာ မသင့်လျော်လှပါဘုရား"

ဟု ပြောဆို ငိုကြွေးကြလေကုန်၏။

## အဓိဋ္ဌာန်အကြောင်း

မြတ်စွာဘုရားသခင်တို့၏ဓာတ်တော်များ တစ်ဆူတည်းဖြစ်ရခြင်း၊ အစိတ်စိတ်ဖြစ်ရခြင်းတို့မှာ အသက်တော် အတိုအရှည်နှင့် အဓိဋ္ဌာန်ချက်တို့ကြောင့် ဖြစ်ရပါသည်၊

ယင်းသို့ဖြင့် ဘုရားရှင်တို့၏ ဓာတ်တော်တို့ကို အမျိုးအစား အရွယ်ပမာဏ အရောင်အဆင်း စသည်ဖြင့် အလုံးစုံ ပြောပြဖော်ပြထားပါသည်၊

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ဓာတ်တော်တို့ မည်သို့မည်ပုံ အတိအကျဖော်ပြထားချက် မရှိပါ။ သုတ္တနိပါတ် အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ် အဖွင့်၌ "ရာဂဥ္စ ဒေသဥ္စ ပဟာယ" အစသော ဂါထာဖွင့်၌ကား -

ထို ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် နိရောဓသမာပတ်မှ ထ.သည်ရှိသော် ထို နတ်ပြဟ္မာတို့ ပြောဆိုသောအသံကို ကြား၍ မိမိလည်း အသက်ကုန်ခြင်းကို တွေ့ မြင်၍ ဟိမဝန္တာတောဝယ် မဟာပပါတမည်သော တောင်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပရိနိဗ္ဗာန်စံရာ အရပ်သည် ရှိ၏။

ထိုအရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွသွား၍ မိမိတို့ ရောက်ရာမှ ရှေး၌ ပရိနိဗ္ဗာန် ပြုတော်မူသွားသော ပစ္စေကဗုဒ္ဓါအရိုးပုံကိုကမ်းပါးပြတ်၌ပစ်ချထားတော်မူပြီး၍ကျောက်ပြားအပြင်၌ထိုင်၍ဤ "ရာဂဥ္စဒေါသဥ္စပဟာယ" အစရှိသော ဥဒါန်းဂါထာကို ရွတ်ဆိုတော်မူ၏။

ဟူ၍ဖွင့်ပြတော်မူခဲ့ပါသည်၊ ယင်းအဖွင့်ကို ထောက်သော် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ပရိနိဗ္ဗာန် စံတော်မူသောအခါ ဓာတ်တော်အကြွင်းမဲ့ အရိုးစုသာ ကြွင်းကျန်သည်ဟု သိသာပါသည်၊

ယင်းသို့ အရိုးစုသာကြွင်းကျန်ခြင်းမှာလည်း ဓာတ်တော်ကြွင်းကျန်အောင် အဓိဋ္ဌာန်မှု မပြုသောကြောင့်ဟု မှန်းဆ၍ သိသာနိုင်ပါသည်၊

အဘယ့်ကြောင့် ဓာတ်တော်ကြွင်းကျန်အောင် အဓိဋ္ဌာန်ချက် မပြုပါသနည်း။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ပွင့်တော်မူသည့် အချိန်အခါ၌ တစ်ဆူတည်းသာ မဟုတ်ပါ၊ အဆူများစွာ ပွင့်ပါသည်။ ယင်းသည် အကြောင်းတစ်ချက် ဖြစ်ပါသည်။

" ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပွင့်ထွန်းပြီးသော် ဘုရားရှင်တို့ ပွင့်ရိုးစဉ်လာ ဓမ္မတာဖြစ်ရကား ပစ္စေကဗုဒ္ဓါခေတ် ကုန်ပြီဖြစ်၍ ဓာတ်တော်များ အံ့ဖွယ်အနေ ကြွင်းကျန်ရန် မလိုတော့ပေဟု မှန်းဆနိုင်ပါသည်"

ဤသို့ဆိုသော် အများဖြစ်၍ အံ့ဖွယ်မဟုတ်ရကား ဓာတ်တော် မကြွင်းစေ၊ ခေတ်ကုန်၍ ဗုဒ္ဓခေတ် ရောက်တော့မှာမို့ အံ့ဖွယ်မဟုတ်ရကား ဓာတော်မကြွင်းစေ၊ အရိုးစုသာ ကြွင်းစေသည်ဟု မှန်းဆနိုင်ပါသည်၊ အကယ်၍ ဓာတ်တော်ကြွင်းအောင် အဓိဋ္ဌာန်လျှင်လည်း ကြွင်းနိုင်မည် ထင်ပါသည်၊

## ရဟန္တာ ဓာတ်တော်

ယင်းသို့ဖြင့် ဓာတ်တော်အကြောင်းမှာ သိကောင်းစရာတစ်ခု ဖြစ်ပါသည်။ မိမိတို့ ကိုးကွယ်နေသော အမြတ်တစ်ခု ဖြစ်၍လည်း သိရန် အထူးလိုပါသည်။ အထူးသဖြင့် ရဟန္တာအတုတွေ ပေါ်သော ယခုလိုခေတ်တွင် ဓာတ်တော်အကြောင်း ပို၍ သိသင့်ပါသည်။

"အရှင်ဘုရား၊ ရဟန္တာဓာတ်တော်ဟာ ဘုရားဓာတ်တော်လိုပါပဲလား ဘုရား"

"ဒကာကြီးက ဘုရားရှင်ဓာတ်တော်တော့ အတိအကျ သိထားပြီးပေါ့နော်"

"မှန်ပါ ဘုရား"

" ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဓာတ်တော်ကို ဘယ်လိုပုံသဏ္ဍာန် ရှိသည်၊ ဘယ်လို အရွယ်ပမာဏ ရှိသည်၊ ဘယ်လို အဆင်းရှိသည်ဟု အတိအကျ ဖော်ပြချက် မရှိသလို ရဟန္တာအရှင်မြတ်များ၏ ဓာတ်တော်များလည်း ထိုနည်းတူလိုပင် ဖြစ်ပါသည် ဒကာကြီး"

"မှန်ပါ ဘုရား"

"ရဟန္တာအရှင်မြတ်တို့တွင် အဂ္ဂသာဝက၊ မဟာသာဝက အရှင်မြတ်တို့၏ ဓာတ်တော်ကိုလည်းကောင်း၊ ပကတိသာဝက ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်ကိုလည်းကောင်း ဘယ်လို ပုံသဏ္ဍာန် ရှိသည်၊ ဘယ်အရွယ်ပမာဏ ရှိသည်ဟု အတိအကျ ဖွင့်ဆိုဖော်ပြချက် မရှိပါဘူး ဒကာကြီး"

## အရှင်အညာသိကောဏ္ဍည

ရဟန္တာအရှင်မြတ်တို့တွင် အရှင်အညာသိကောဏ္ဍညထေရ်သည် ဟိမဝန္တာတော ဆဒ္ဒန္တအိုင်အနီး ပရိနိဗ္ဗာန် ပြုတော်မူပါတယ်။ အရှင်အနုရုဒ္ဓါ အမှူးပြုသော ရဟန္တာအရှင်မြတ်ငါးရာနှင့် နတ်ဗြဟ္မာတို့က မီးသင်္ဂြိုဟ်ပါတယ်။

"မီးသင်္ဂြိုဟ်ပြီးနောက် မြတ်လေးပန်းငုံ အဆင်းရှိသော ဓာတ်တော်တို့ကို ရေစစ်ပုဝါဖြင့် ထည့်ယူခဲ့ပြီးနောက် ဘုရားရှင်လက်တော်သို့ အပ်ကြပါတယ်"

"ဘုရားရှင် ဝေဠုဝန်ကျောင်းတော် တံခါးမှန်ဝ၌ ရေစစ်ပုဝါဖြင့် ထည့်ထားသော အရှင်အညာသိကောဏ္ဍညထေရ်၏ ဓာတ်တော်တို့ကို ကိုင်၍ လက်ကို ဆန့်တန်းတော်မူသောအခါ မြေကြီးမှ ငွေရေပူးတောင်းနှင့်တူသော စေတီတော် ပေါ်ထွက်လာပါတယ်"

ဘုရားရှင်သည် အရှင်အညာသိကောဏ္ဍညထေရ်၏ဓာတ်တော်တို့ကို အဲဒီစေတီတော်၌ ကိုယ်တော်တိုင် ထည့်သွင်း ဌာပနာတော်မူပါတယ်။

အဲဒီအခြင်းအရာကို ထောက်ရှုကြည့်ရင် ရဟန္တာအရှင်မြတ်တို့ရဲ့ဓာတ်တော်သည် မြတ်လေးပန်းငုံအဆင်းနှင့်တူတယ်လို့ ဆိုနိုင်ပါတယ် ဒကာကြီး"

"ဒီလိုဆိုရင် ရဟန္တာများရဲ့ဓာတ်တော်ဟာ အရောင်အဆင်းအားဖြင့် ဘုရားရှင်ရဲ့မုံညင်းစေ့ခန့် ပမာဏရှိတဲ့ မြတ်လေးပန်းငုံအဆင်းနှင့် တူတာပေါ့ဘုရား"

"အင်း - အဆင်းတော့ တူတယ်၊ အရွယ်တော့ ဘယ်လိုလို့ မပါဘူး ဒကာကြီး"

"အရှင်ဘုရား၊ ရဟန္တာများ ပရိနိဗ္ဗာန်စံသောအခါ အဲဒီ ပရိနိဗ္ဗာန်စံတဲ့ ရဟန္တာတိုင်း ဓာတ်တော် ကျန်ပါသလားဘုရား"

"ရဟန္တာတိုင်း ဓာတ်တော် မကြွင်းကျန်ဘူး ဒကာကြီးရဲ့"

""ဘယ်လိုရဟန္တာများ ဓာတ်တော်ကြွင်းကျန်ပါသလဲဘုရား၊ ဘယ်လိုရဟန္တာများ ဓာတ်တော် မကြွင်းကျန်ပါသလဲ ဘုရား"

## အဘိညာဉ်ရမှု

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံသောအခါ အရိုးတော် အသားတော် စသည်တို့သည် အားလုံး ဓာတ်တော်များ ဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကား ပရိနိဗ္ဗာန် ဝင်စံကာနီးတွင် ဓာတ်တော် ကြွင်းကျန်စေချင်လျှင် ပထမ အဘိညာဉ် ဝင်စားရ၏။ အဘိညာဉ် ဝင်စားပြီးနောက် အဓိဋ္ဌာန်ပြုရပါသည်။

အဲဒီလို အဓိဋ္ဌာန်ပြုမှသာ ဓာတ်တော်များ ကြွင်းကျန်နိုင်ပါသည်။ အဘိညာဉ်ရမှလည်း အဘိညာဉ် ဝင်စားနိုင်ပါသည်။ အဘိညာဉ်ဝင်စားမှလည်း အဓိဋ္ဌာန်ပြုမှု အောင်မြင်ပါတယ်။

## အဓိဋ္ဌာန်အောင်မြင်မှု

ရဟန္တာပုဂ္ဂိုလ်ကြီးများမှာလည်း သုက္ခဝိပဿကခေါ် ရဟန္တာရိုးရိုးသာ ဖြစ်လျှင် ပုထုဇဉ်ရဟန်း သာမန်များကဲ့သို့ ပကတိအရိုးသာ ကြွင်းကျန်ရစ်ပါတယ်။

အဘိညာဉ်လည်း ရမှ၊ ဓာတ်တော်များ ကျပါစေဟု အဓိဋ္ဌာန်လည်း ပြုမှ အဓိဋ္ဌာန်သည့်အတိုင်း အောင်မြင်စွာ ဓာတ်တော် ကျနိုင်ပါတယ် ဒကာကြီး။

"အရှင်ဘုရား ဒီလိုဆိုရင် ယခုခေတ် ရဟန္တာဖြစ်ရင် ဓာတ်တော် ကျနိုင်ပါသေးသလား"

"အင်း - ဒါတော့ ယခုပြောခဲ့တဲ့ စကားတွေနဲ့ပဲ စဉ်းစားကြည့်ပါတော့ ဒကာကြီး"

"အရှင်ဘုရားကလည်း ဖြေပါဘုရား"

"ဓာတ်တော် ကျလား၊ မကျလား မီးသင်္ဂြိုဟ်ပြီးတာနဲ့ တစ်ပြိုင်နက် ပရိသတ်အများရှေ့မှာ မီးပုံကို ဝိုင်းကြည့်ပြီး ကောက်ယူကြည့်ရင် အရှင်းဆုံးပါပဲ ဒကာကြီး"

"ရှင်းပါပြီဘုရား"

"ဘယ်လိုရှင်းတာလဲ ဒကာကြီး"

"ခုခေတ် ရဟန္တာအမည်ခံတွေ ဓာတ်တော်လုပ်တာက မီးသင်္ဂြိုဟ်တဲ့ဆီ ဘယ်သူမှ မသွားရ၊ မီးပုံနား ဘယ်သူမှ မသွားရ၊ နောက်မှ သူတို့အတွင်းသားချင်း သွားပြီး ကောက်၊ ကွင်းဆက်လုပ်လို လုပ်၊ ဓာတ်တော်လုပ်လို လုပ်ကြတာပါဘုရား"

"အဲဒါ သိပ်ကြောက်စရာကောင်းတာပေါ့၊ ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာလုပ် ကိုးကွယ်ရင် နတ်ရွာနိဗ္ဗာန် မရောက်တော့ဘူးတဲ့ ဒကာကြီးရဲ့"

"ကြောက်စရာပါလား ဘုရား"

"ဘုန်းကြီးကိုယ်တိုင် တွေ့ဖူးတယ်၊ နာမည်ကြီးဆရာတော်တစ်ပါး ပျံလွန်တော်မူတော့ အရိုးကို နောက်မှ ကောက်ပြီး အရိုးတွေ အမှုန့်ထောင်းပြီး ကော်.ကောင်းကောင်းနဲ့ လုံးပြီး ရွှေချကာ ဓာတ်တော်လုပ်ကြတယ်"

"တယ်ဆိုးပါလား ဘုရား"

"အဲဒါ ဆိုးတာမဟုတ်ဘူး၊ ညာတာ ဒကာကြီးရဲ့"

"သူတို့က ညာတာ ကိစ္စမရှိပါဘူး၊ မသိတဲ့လူတွေက ရဟန္တာလုပ် ကိုးကွယ် နတ်ရွာနိဗ္ဗာန်နဲ့ လွဲမှာ ကြောက်ရပါတယ် ဘုရား"

"ဒါကြောင့် ပြောတိုင်း မယုံဖို့၊ အသိုင်းအဝိုင်းကောင်းတိုင်း အထင်မကြီးဖို့ အရေးကြီးတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ...တော်ရောပေါ့"

✦ ဓာတ်တော်ဆိုတာ ကိုးကွယ်ရာ သေချာကိုးကွယ်ပါ။

✦ ဘုရားဓာတ်တော် သုံးစားနော် ရွေးဖော်နိုင်းယှဉ်ပါ။

✦ ရဟန္တာမှာ ဓာတ်တော်ဟာ ကျတာမကျ ရှိလေပါ၊

✦ ခုခေတ်ရဟန္တာ ဓာတ်တော်ဟာ သေချမကျ များလှပါ၊

✦ ကျတယ်ဆိုက စုံစမ်းကြ ကျနသေသေချာ၊

✦ မစုံစမ်းဘဲ ကိုးကွယ်လွဲ ငရဲကျလိမ့်မှာ။

## ဆရာတော် ဓမ္မဒူတ အရှင်ပညာဇောတ၏
## ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ ဒါနဝတ္ထု
၂။ သီလဝတ္ထု
၃။ ဘာဝနာဝတ္ထု
၄။ ဒေါသဖြေဖျောက်နည်း
၅။ ဗုဒ္ဓ၏ သက်သတ်လွတ်
၆။ ရှင်လောင်းသင် ရှင်ကျင့်ဝတ်
၇။ အယူဝါဒ ရှင်းတမ်း
၈။ ငြင်းခုံပွဲမှ အမြတ်
၉။ မွေးမေ့မေတ္တာ
၁၀။ အလှူခံတစ်ကျိပ်လေး
၁၁။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှုပွားနည်း အချုပ်
၁၂။ ဝေဒနာရှုပွားနည်း
၁၃။ မီးကျီးတွင်းမှ ပွင့်သောကြာ
၁၄။ ဓမ္မန္တရာယ် ကာကွယ်ရေး
၁၅။ သာသနာ့လမ်းစဉ်
၁၆။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်
၁၇။ အလှူသင်တန်း
၁၈။ အမှောင်နှင့် အလင်း
၁၉။ မျှတမှ တရားရ
၂၀။ အနေကဇာတင်နည်း(၇)နည်း
၂၁။ ဓာရဏာပရိတ်နှင့် ဘုရားရှိခိုးများ
၂၂။ သက်ရှင် ဆွမ်းကျွေးတရားတော်
၂၃။ ဓာရဏာပရိတ်နှင့် ပါဠိဖတ်နည်း ပုံသေနည်း
၂၄။ ဝိဇ္ဇာနှင့် စရဏ
၂၅။ မဲ့သေ ပြုံးသေ
၂၆။ သောကငြိမ်းသတ် တရားမြတ်
၂၇။ သက်သက်လွတ်ဆောင်းပါးများ
၂၈။ ဒဏ်ဆယ်ပါး
၂၉။ ကိုယ်သာနာစေ စိတ်မနာစေနဲ့
၃၀။ မဟာဒုဂ် ရဟန္တာဖြစ်ခန်း
၃၁။ အာဠဝက ချွတ်ခန်း
၃၂။ မျောလေးမျောဝင် ကျုံပျော်မြတ်ချမ်းသာဘုရားသမိုင်း
၃၃။ သခ်ါရနှင့် လက္ခဏာ
၃၄။ ကိုယ်စောင့်တရားလေးပါး
၃၅။ နလုံးသွင်းမှန်မှ နိဗ္ဗာန်ရ ရုပ်နာမ်သံကြားရကျိုးဖလ
၃၆။ ရှိတိုင်းသိတာ ဝိပဿနာ
၃၇။ ဝိပဿနာဆိုတာ ဘာလဲ
၃၈။ ဝိပဿနာ အလုပ်သင်
၃၉။ လက်ရွေးစင် ဆောင်းပါးပေါင်းချုပ်
၄၀။ ဗုဒ္ဓဓမ္မပြဿနာများပေါင်းချုပ်(ပ)
၄၁။ ဗုဒ္ဓဓမ္မပြဿနာများပေါင်းချုပ်(ဒု)
၄၂။ ဗုဒ္ဓဓမ္မပြဿနာများပေါင်းချုပ်(တ)

## ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ၏
## ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ တရားမရခြင်းအကြောင်းရင်း
၂။ မငိုကြသောမိသားစု
၃။ လိုရင်းတိုရှင်းဝိပဿနာ
၄။ တရားဘယ်လိုကျင့်ရမလဲ
၅။ လိုအင်ဆန္ဒတွေပြည့်ပါစေ
၆။ တစ်နေ့ကုန်သွားရင်
၇။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင်
၈။ တရားကျောင်းက ခေါင်းလောင်းသံ
၉။ နီးလျက်နှင့်ဝေး
၁၀။ အရှုံးထဲကအမြတ်
၁၁။ အမှတ်တမဲ့အမှား
၁၂။ ဘာဝနာဆိုသည်မှာ
၁၃။ တရားကပေးတဲ့ချမ်းသာ
၁၄။ ဉပုသ်စောင့်တဲ့ရည်ရွယ်ချက်
၁၅။ နောင်ဖွဲ့မမြင်သံယောဇဉ်
၁၆။ Main and concise
၁၇။ သေဘေးဆင်ခြင်ကြိုကာပြင်
၁၈။ တရားကျင့်သူနှင့် မကျင့်သူ
၁၉။ အပါယ်တံခါး ပိတ်ထားကြစို့
၂၀။ ဘဝစစ်တမ်း
၂၁။ အဆုံးအမတရားတော်များ
၂၂။ ဘာသာမဲ့သူလေး
၂၃။ ကျေးဇူးသိတတ် ကျေးဇူးဆပ်
၂၄။ ဘာအရေးကြီးဆုံးလဲ
၂၅။ ကြည့်ရင်းကြည့်ရင်း ပျက်ယိုယွင်း
၂၆။ ဆုံးမလွယ်သူဖြစ်ပါစေ
၂၇။ ကိုယ့်ရဲ့ကယ်တင်ရှင်
၂၈။ မနက်ဖြန်ဆိုတာ မသေချာ
၂၉။ ဘဝထဲမှာ ဓမ္မရှာ
၃၀။ ပေးဆပ်ရမယ့်အကြွေး
၃၁။ မကျန်းမမာဖြစ်လာရင်
၃၂။ တရားနဲ့ နေပါ
၃၃။ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်
၃၄။ တရားကျင့်ဖို့ကောင်းတဲ့အချိန်
၃၅။ တရားရနိုင် မရနိုင်
၃၆။ တရားဘာကြောင့် ကျင့်ရလဲ
၃၇။ ဓမ္မလမ်းပေါ်မှာ



# ကြေးကြော်သံ

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ

ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ

ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ

ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ